
www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၁၆ ၂၀၁၄-ခုနှစ်၊ဇန်နဝါရီလ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## သစ္စသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တူနုရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုက္ခိကန္တရာယော၊ ဂစ္ဆအမုမ္ဟိ ဩကာသော တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ့နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

15 DEC 2013

ကုမုဒြာကြာပန်းသည်
လရောင်ဆာမ်းမှ ပွင့်လန်းရာဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

ရှုမဝ မဂ္ဂဇင်း

အမှတ် (၂၁၆)၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | စက်တော်ရာအစ စန္ဒကူးနံ့သာကျောင်းတော်ရာက .... | မင်းဂုဏ် | ၅ |
| ၂။ | ကုန်းဘောင်ခေတ် ပန်းပု အနုပညာလက်ရာများ စုဝေးရာ ရွှေနန်းတော် ကျောင်းမဟာ .............. | တက္ကသိုလ်မျိုး | ၁၇ |
| ၃။ | ဇမ္ဗူပတိမင်းချွတ်ခန်း ဗုဒ္ဓဆင်းတုတော် ........... | မြတ်ဦး | ၂၉ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မသန တရားတော်......................... | ဓမ္မဒိန် | ၃၅ |
| ၅။ | ဘုရားစေတီကို ခြင်္သေ့စောင့်တယ်၊ ခြင်္သေ့ကို ဘယ်သူစောင့်မယ်...... | ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ရှေး/သု) | ၄၁ |
| ၆။ | ဂဏာဝိမုတ်ကူးတို့ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး | ဓာတ်ပုံမောင်မောင်အေး | ၅၁ |
| ၇။ | သမထနှင့် ဝိပဿနာ ...... | ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D) | ၅၄ |
| ၈။ | ထူးခြားအံ့ဖွယ် ဆန်းကြယ်စွ အလောင်းတော်ကဿပ ................ | ဂန္ဓာရီကြာအုံ | ၆၀ |
| ၉။ | အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ် ....... | အရှင်ဆန္ဒာဓိက | ၆၇ |
| ၁၀။ | ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ .... | ဦးကျော်နိုင်(B.A, H.G.P) | ၆၈ |
| ၁၁။ | အလိုတော်ပြည့် ပဌာန်းစေတီတော်၏ အံ့မခန်းတန်ခိုး.................. | ဆန်းညွန့်(ဓမ္မာစရိယ) | ၇၂ |
| ၁၂။ | ကံတရားကို စံထားကာ.................. | မုံရွာနေဇာ | ၇၆ |
| ၁၃။ | တိပိဋကဓရအရှင်နှင့် မဟာဗုဒ္ဓဝင်........... | လင်းယဉ်ဉာဏ် | ၇၈ |
| ၁၄။ | မိုးထက်မြင့်သော မေတ္တာ ............. | မရည်မွန်(ကျုံပျော်) | ၈၈ |
| ၁၅။ | မယားနှင့် လင်လေးမျိုး............. | ဆင်ဖြူကျွန်းအောင်သိန်း | ၉၄ |
| ၁၆။ | တုတ္ထ...................... | တင်မောင်မောင်(ပေါက်ကုန်း) | ၉၈ |
| ၁၇။ | အယောင်ယောင်အမှားမှား .............. | လူလူအောင် | ၁၀၁ |
| ၁၈။ | ထမင်းဖြုန်းတဲ့ငါး .................... | ကြည်တင့်နိုင် | ၁၀၄ |
| ၁၉။ | မိဘမေတ္တာဆိုတာ...................... | အဂ္ဂမျိုး | ၁၀၆ |
| ၂၀။ | ရွှာလည်တတ်သော ဖူးစာ ............. | ဘနင်း(မြန်မာပြန်) | ၁၀၉ |
| ၂၁။ | လျှောက်ထားခြင်း...................... | ရဲမြတ်တင် | ၁၁၈ |
| ၂၂။ | ကိုရင်လေးနှင့် ရုက္ခစိုးနတ် ............ | ဆန်းဝင်း(အောင်မြေ) | ၁၂၃ |
| ၂၃။ | ကျွန်တော်တို့ဇာတ်လိုက်ကျော် ညိုကြီး .......... | ခိုင်ဇော်လတ် | ၁၂၆ |
| ၂၄။ | နေရာ ..................... | သစ္စာဦး(ဧယျာမြေ) | ၁၃၂ |
| ၂၅။ | အမေသို့တမ်းချင်း..................... | နေဝန်းနီ | ၁၃၉ |
| ၂၆။ | ပုံဆောင်ခဲလေးပျော်ဝင်ရာ ............ | မောင်သာမန်(ဇီးကုန်း) | ၁၄၂ |
| ၂၇။ | လပြည့်ည ထိုတစ်နေ့................... | မှုံ့သုမွန် | ၁၄၆ |



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | နတ်သမီးတောင်ခြေရင်းက နတ်မြွေစိမ်း | ချစ်ဆိုင် | ၁၅၀ |
| ၂၉။ | အပြစ်စာပေ လွတ်ပါစေ | ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) | ၁၅၄ |
| ၃၀။ | ဆာ့ဗ်ကားဒရိုင်ဘာများ တစ်ကိုယ်ကောင်းဆန်သည် | လုတိုး(စိတ်ပညာ) | ၁၅၈ |
| ၃၁။ | မညီမျှသော ညီမျှခြင်း | မာန်ငြိမ်းအေး(ဒလ) | ၁၆၀ |
| ၃၂။ | အဘ ကံကြီး | ဗိုးကျော့ | ၁၆၆ |
| ၃၃။ | အရိုးသားဆုံးအပြုံးပီတိနှင့် ဒေါက်တာထီလာစစ်သူ | မင်းရဲကျော် | ၁၇၄ |
| ၃၄။ | ချစ်စရာခရီးစဉ် (၄) | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၁၇၆ |
| ၃၅။ | အယူတော်မင်္ဂလာ | စံကောတု | ၁၈၂ |
| ၃၆။ | နောင်တော်ကြီးမင်းသိခ် ပေးသွားဖူးသော မနောမယ သမ္ဘုဒ္ဓေ | ယောနကဘိုးထောင် | ၁၉၄ |
| ၃၇။ | ဆရာသခင်နှင့် ဖော်ဂျီဖိုဝင်သား | ပိုရိုငွေ | ၁၉၆ |
| ၃၈။ | ငွေနှင်းဝေစို လပြာသို | အောင်ရဲဝင်း(ဟံသာမြေ) | ၂၀၂ |
| ၃၉။ | မိုးစက်ကြားမှ ဖလတန်ရွာ စာပေဟောပြောပွဲ | ရေကျော်စိုးအောင် | ၂၀၄ |
| ၄၀။ | အချစ်၏အနက်အဓိပ္ပာယ် | ဇလွန်ကျော်ဦး | ၂၀၇ |
| ၄၁။ | မှတ်ကြီးနှင့် တစ္ဆေမီးဖုတ်အမြည်း | မောင်လူသစ် | ၂၁၂ |
| ၄၂။ | ရွက်ခြောက်ကိုနင်းမိတော့ ပြင်းသည့်အသံ | ကိုချမ်း(ဆေး-၂) | ၂၁၈ |
| ၄၃။ | (၃၈)ကြိမ်မြောက် ဆရာမြတ်ကြီးပူဇော်ပွဲတော် | မင်းဂုဏ် | ၂၂၃ |
| ၄၄။ | နွေကဗျာ အိပ်မက်တမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ | ကိုကြီးစော(သာပေါင်း) | ၂၄၀ |
| ၄၅။ | ငှက်တို့၏ အန္တရာယ် | လုမိုး(ပညာရေး) | ၂၄၇ |
| ၄၆။ | လင်းပိုင်တို့နှင့် ကခုန်ခြင်း | ခိုင်ဇော်(ဒဿန) | ၂၅၁ |
| ၄၇။ | ကျီးငှက်၏အော်မြည်သံ နိမိတ်အကြောင်း | ဆရာမင်းသုန္ဒ(ပန်းတက္ကသိုလ်) | ၂၅၅ |
| ၄၈။ | သုတစုံဖြာ ဤကမ္ဘာ | ဗိုးရွှေလမင်း | ၂၅၆ |
| ၄၉။ | လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ | သုတေသီဆရာငြိမ်း | ၂၆၂ |
| ၅၀။ | သက်ရှည်ဆေးနည်းများ | ဆန်းဝင်း(အောင်မြေ) | ၂၆၄ |
| ၅၁။ | နှစ္စင်းနက်ပြာနှင့် အထွေထွေရောဂါကုသနည်း | ဦးမင်းဇင်(ရွှေနဝင်း) | ၂၆၆ |
| ၅၂။ | သတ္တိခဲသမားတော်ကြီး ဦးပို | မောင်မြင့်နွယ်(မြေလတ်) | ၂၆၉ |
| ၅၃။ | ငှက်ဖျားရောဂါနှင့် လွဲမှားသောအယူအဆများ | တော်မြင့်(ငှက်ဖျား) | ၂၇၂ |
| ၅၄။ | အမျိုးသားနှင့် အမျိုးသမီးအတွက် အလိုအပ်ဆုံး အစားအစာ ငါးမျိုး | လုတိုး(စိတ်ပညာ) | ၂၇၆ |
| ၅၅။ | အမျိုးသမီးများနှင့် မီးတွင်းကာလရောဂါများ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၇၉ |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၆။ | ရပ်ကွက်ထဲက ဂမ္ဘီရ | ရွှေဒုံးဒေါင်းဖါ | ၂၈၂ |
| ၅၇။ | ထူးလည်းထူးတဲ့ ဆုပေးပွဲ | သဲသိမ့်သိမ့် | ၂၈၆ |
| ၅၈။ | ချိန်းမိလေတဲ့ ည | ကိုရွှေတောသား | ၂၈၈ |
| ၅၉။ | မီးသတ်ထရိန်နင် | ဝင်းသီဟ(သန်လျင်) | ၂၉၃ |
| ၆၀။ | ကြုံဖူးတဲ့အဖြစ်တွေရယ် | မောင်မြင့်မား(ဗိုလ်ကလေး) | ၂၉၈ |
| ၆၁။ | အလှူနဲ့ ဒေါင်သွယ်တော်ကြီး | မင်းတိုင်ပင်(မြရောင်မြေ) | ၃၀၂ |
| ၆၂။ | ရန်ပြုသူတွေ များနေသလား | ဆရာဇီဝအောင်ထွန်း | ၃၀၄ |
| ၆၃။ | ချစ်တဲ့သူ လင်မယားနှစ်ဦး ဘဝဆက်တိုင်း ဆုံတွေ့ ပေါင်းဖက်လိုသော် | ဦးတင်အောင်(ဘော်ဆိုင်း) | ၃၀၅ |
| ၆၄။ | ကာတွန်းကဏ္ဍ | ကလောင်စုံ | ၃၀၆ |
| ၆၅။ | ပြုံးရယ်ရယ်ဟား ဟာသများ | ကလောင်စုံ | ၃၁၀ |
| ၆၆။ | ရှင်အရဟံ ချီးမြှင့်ခဲ့သည့် ပုတီးစိပ်နည်း | မောင်မောင်မိုးအောင် | ၃၁၄ |
| ၆၇။ | အခုတော့ အခွင့်အလမ်းတွေရပြီ မဟုတ်လား | နတ်မျက်စိဆရာအောင်စိုး | ၃၁၆ |
| ၆၈။ | အိပ်မွေ့ချပညာဖြင့် တန်ခိုးသိဒ္ဓိရရှိခြင်း | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၁၈ |
| ၆၉။ | သုံးကြွင်း သားဦးနှင့် ဝိဇ္ဇာနည်းကျ မြန်မာမဟာဘုတ် ဗေဒင်ပညာအကြောင်း | ဆရာကြည်မင်းစံ(အောင်မြေသာယာ) | ၃၂၀ |
| ၇၀။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z | ဆရာဦးခန့်ကျော် | ၃၂၄ |
| ၇၁။ | ရှားပါးသော စကားလုံးဗေဒင်ဟောကိန်း | ညွန့်လွင်(စက်မှု) | ၃၃၀ |
| ၇၂။ | အလှမွေးငါးနှင့် ဂမ္ဘီရရှုထောင့်၊ အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲမလား | ဆရာကြီးဦးအောင်မြိုင် | ၃၃၄ |
| ၇၃။ | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၇၄။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဇန်နဝါရီလ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၃၄၀ |


○


နာယက

ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး

ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

စီစဉ်သူ

ညက်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ

မောင်သာယာ

အယ်ဒီတာအဖွဲ့

မောင်မောင်မြတ်၊ ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း

ကျော်မင်းမောင်

ကွန်ပျူတာ

လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ

ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

အတွင်းဖလင်

တိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၃၃၃၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး

တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆

ကြော်ငြာနှင့်ဖြန့်ချိရေး

နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အထွေထွေ

အောင်ဝင်းသန့်၊ အောင်အောင်

မန္တလေး

ထွန်းဦးစာပေ

အုပ်ရေ

၁၀၀၀

စျေးနှုန်း

၂၂၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com





# ရန်ကုန်မှာ ကင်ဆာ ဘန်ကောက်မှာ အပူနာ

ဥာဏ်ပွင့်(စက်မှု)

"မင်္ဂလာပါ ညီလေး"

"မင်္ဂလာပါ အစ်ကို"

"ညီလေးတို့ ပြန်ရောက်တာ သတင်းကြားကြားချင်း သာချင်တာ ခုမှပဲလာဖြစ်တော့တယ်၊ မကြီးကော ကျန်းမာရေးအခြေအနေ ကောင်းရဲ့လား"

"ကောင်းတာမှ ဒေါင်ဒေါင်မြည်ပဲ၊ ကျွန်တော်တို့ကတောင် ပင်ပန်းနေတာ၊ သူကတော့ ခရီးလဲထွက်ရ၊ စားချင်တာတွေစားရ ဆိုတော့ ပိုတောင်ဝလာတယ်၊ ဘန်ကောက်မှာက တော်တော်များများ ဟင်းတွေက အစပ်ပါတယ်၊ သူကတော့ အကြိုက်ပဲ၊ ရှူးရှူးရှဲရှဲ ဖြစ်နေတာတောင် တော်တော့ဆိုလဲ မရဘူး၊ ခရီးမထွက်ရတာလဲ နှစ် ၂၀ နီးပါး ဆိုတော့ စိတ်လဲလန်းသွားပုံပဲ"

"ဘယ်ကနေ ဘယ်လို စဖြစ်တာလဲ"

"ဖြစ်တာကတော့ အမေ့ရဲ့လည်ပင်းမှာ အကျိတ်ကြီး ဖြစ်လာတာပဲ၊ သူကလဲ သူပဲ၊ စိန်တစ်လုံးသရက်သီး တစ်လုံး ငါးရာ ဝယ်စားပါလို့ပြောတာ ငါးရာဖိုး သုံးလုံး ရင်ကွဲသီးတွေ စားတယ်၊ မစားနဲ့လို့ပြောတော့ ဝှက်ပြီး စားတယ်၊ သူ့ကိုယ်သူ ဆရာမကြီးလေ"

"မကြီးကတော့ ၁၆ နှစ်လောက် လေဖြတ်ထားလို့ပဲ၊ စိတ်ဓာတ်လဲမကျဘူး၊ ကိုယ့်ကိုယ်ကိုယ်လဲ ဂရုစိုက်တယ်၊ ဆေးသောက်လဲ မပျင်းဘူး၊ လေ့ကျင့်ခန်းလဲ မှန်မှန်လုပ်တယ်၊ သတ္တိလဲ အာဂပဲ၊ ကျန်းကျန်းမာမာဆိုရင် အမတ်လောင်းတောင် ဝင်ရွေးခံမယ့်သဘောရှိတယ်"

"အဲဒါနဲ့ သူငယ်ချင်းဆရာဝန် ဒေါက်တာသန်းမင်းထွဋ်ကို ပြောပြတော့ သူငယ်ချင်းက ချက်ချင်းလာတယ်၊ လည်ပင်း အကျိတ်က နည်းနည်းကြီးတဲ့အတွက် နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်နဲ့ ပြသင့်ကြောင်း ပြောတယ်၊ သူ စိုးရိမ်မယ် ဆိုလဲ စိုးရိမ်စရာပဲ၊ အကျိတ်ကြီးက လည်ပင်းမှာ တော်တော်ကြီး စူထွက်နေတာ"

"အဲဒါနဲ့ သွားပြဖြစ်လား"




www.burmeseclassic.com

www.burmeseclassic.com

"ပြဖြစ်တယ်၊ အသက် ၇၀ ရှိပြီး လေဖြတ်ထားတာလဲ ၁၆ နှစ်ရှိပြီဆိုတော့ တစ်ကိုယ်လုံး ဆေးစစ်သင့်ကြောင်း ပြောတယ်၊ ဒါနဲ့ သွေးစစ်၊ ဆီးစစ်၊ Ultrasound ရိုက်၊ X-Ray ရိုက် တော်တော်များများ လုပ်ဖြစ်တယ်၊ Result ကလဲ ကောင်းတယ်၊ ဆရာဝန်ကြီးက လည်ပင်းအကျိတ်ကို Biopsy လုပ်သင့်ကြောင်း ပြောတယ်၊ အဲဒီ Biopsy အဖြေက စပြီး ဇာတ်လမ်းစတာပဲ၊ အဖြေရဖို့ တစ်ပတ်လောက် ကြာမယ်တဲ့၊ ဒီကြားထဲ ပိုးသတ်ဆေးသောက်ဖို့ ပေးတယ်၊ တစ်ပတ်ကြာတော့ အဖြေသွားယူတာ မရသေးဘူး၊ နောက်သုံးရက်လောက်ကြာပြီးမှ သွားယူတော့လဲ မရသေးဘူး၊ Biopsy အဖြေတွေက အဲဒီလိုပဲ ကြာတယ်လို့ ဆေးခန်းကပြောတယ်၊ ဒါပေမဲ့ ဆယ်ရက်လောက်ကြာတော့ လည်ပင်းအကျိတ်က သေးသေးပဲကျန်တော့တယ်၊ သူငယ်ချင်း ဆရာဝန်ကလဲ စိတ်မပူနဲ့လို့ပြောတယ်၊ ကင်ဆာကျိတ်ဆိုရင် ပြန်မပိန်သွားနိုင်ဘူး၊ ထပ်ပဲထွက်လာတယ်လို့ ပြောတယ်၊ အဲဒါနဲ့ ကျွန်တော်လဲ အဖြေကို သွားမယူဖြစ်တော့ဘူး"

"ဒါဆို ကင်ဆာဆိုတာ ဘယ်လိုကြားတာလဲ"

"အဲဒါလဲ သူငယ်ချင်းဆရာဝန်က ဓာတ်ခွဲခန်းတွေက အဖြေကို တစ်လလောက်ပဲ သိမ်းထားတယ်၊ သွားယူသင့်ကြောင်း ပြောတာ၊ ကျွန်တော်လဲ စဉ်းစားပြီး သုံးပတ်လောက်မှ သွားယူဖြစ်တယ်၊ အဖြေကတော့ **ကင်ဆာ**တဲ့၊ အဖြေသိသိချင်းနေ့ပဲ ဆရာဝန်ကြီးဆီ ပြန်ပြေးရတယ်၊ ဆရာဝန်ကြီးကလဲ ချက်ချင်းပဲ နှာခေါင်းရော လည်ချောင်းပါ မှန်ပြောင်းကြည့်တယ်၊ လည်ချောင်းက အိုကေပဲ၊ ညာဘက်နှာခေါင်းလမ်းကြောင်းကလဲ ရှင်းနေတာပဲ၊ ဒါပေမဲ့ ဘယ်ဘက်နှာခေါင်းလမ်းကြောင်းမှာ အကျိတ်တစ်လုံး တွေ့တယ်၊ တီဗွီထဲမှာ ပေါ်နေတာဆိုတော့ ကျွန်တော်လဲ တွေ့ရတယ်၊ အရည်ကြည်အကျိတ်တစ်လုံးပဲ၊ ဆရာဝန်ကြီးက အဲဒီမှန်ပြောင်းကြည့်တဲ့ အခွေကို သူ့ကို ပေးထားပါ၊ သူ့သူငယ်ချင်း ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ ပြန်ပြောမယ်လို့ ပြောတယ်၊ ကျွန်တော်တို့လဲ စိတ်ညစ်တာတော့ ဘယ်လိုပြောရမယ်မှန်းတောင်မသိပါဘူး၊ အစ်ကိုလဲ ဒါတော့ ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်"



စူထွက်နေသော လည်ပင်းမှ အကျိတ်ကြီး

"အစ်ကိုလဲ ကိုယ်ချင်းစာမိပါတယ်၊ နောက်နေ့သွားပြတော့ ဆရာဝန်ကြီးက ဘာပြောလဲ"

"ဆရာဝန်ကြီးက အထဲက အကျိတ်ကိုလဲ Biopsy ယူကြည့်မယ် ပြောတယ်၊ ဒီတော့ ကျွန်တော်က မေးတယ်၊ 'ဆရာ အဖြေက ကင်ဆာဆိုရင် ဘာလုပ်မလဲ' မေးတော့၊ ဆရာဝန်ကြီးက 'ကင်ဆာဆိုရင် အဲဒီအကျိတ်နေရာကို ဓာတ်ကင်မယ်' ပြောတယ်၊ အဲဒီတော့ ကျွန်တော်က 'တကယ်လို့ ကင်ဆာ မဟုတ်ဘူး အဖြေထွက်ရင်ကော' လို့ ထပ်မေးတယ်၊ ဒီတော့ ဆရာဝန်ကြီးက ဆေးပညာရှုထောင့်တစ်ခု ရှင်းပြတယ်၊ အပြင်ကမြင်ရတဲ့ အကျိတ်က မူလဇာစ်မြစ် မဟုတ်ဘူး၊ မူလဇာစ်မြစ်က တခြားနေရာက ဖြစ်မယ်၊ တချို့ကင်ဆာတွေဆိုရင် မူလဇာစ်မြစ်နေရာကို ရှာလို့ မရဘူး၊ ဒါကြောင့် အတွေ့အကြုံနဲ့ မှန်းကုရတာ ရှိတယ်' လို့ပြောတယ်။

'ဆရာ့ရဲ့ နှစ်ပေါင်းများစွာ အတွေ့အကြုံနဲ့ ပြောရရင် အဲဒီနှာခေါင်းထဲက အကျိတ်က ဇာစ်မြစ်ပဲ၊ ဒီတော့ လည်ပင်း

MICROSCOPIC : The fine needle aspirate smear shows normal resident lymphocytes among which there are scattered large pleomorphic neoplastic cells with hyperchromatic nuclei and scanty cytoplasm. Some of the cells are seen as bare nuclei. A few polymorphs also seen.

INTERPRETATION / REMARKS : **Malignant cells seen in fine needle aspirate of left level II lymph node suggestive of metastasis**

ကင်ဆာဟုဆိုသော ဓာတ်ခွဲခန်းအဖြေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခြမ်းလုံးကို ခွာတ်ကင်မယ်' လို့ပြောတယ်၊ ကျွန်တော်လဲ ကြားတာနဲ့တင် တော်တော်လေးကြောက်သွားတယ်၊ အသက် ၇၀ အရွယ်၊လေဖြတ်တာ ၁၆ နှစ်ရှိပြီး ဦးနှောက် နှစ်ခါဖောက်ပြီး ခွဲစိတ်ထားရတဲ့ ကျွန်တော့်အမေအတွက်လဲ တော်တော်လေး ယူကျုံးမရ ဖြစ်မိတယ်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတဲ့ စကားပုံလို ဖြစ်နေပြီပေါ့၊ ကျွန်တော်လဲ ဟိုလူ့မေး ဒီလူ့မေးနဲ့ မေးရတာလဲ အမောပဲ၊ အဓိကကတော့ ဦးတင်ဝင်း (စာရေးဆရာကြီး မင်းဂုဏ်)၊ သူငယ်ချင်းဆရာဝန် ဒေါက်တာ သန်းမင်းထွဋ်၊ အမေရိကားက ငယ်သူငယ်ချင်း ဆရာဝန် ဒေါက်တာ အောင်မျိုးနဲ့ ကျွန်တော့်အဖေရဲ့မိတ်ဆွေ စည်ပင်ဆရာဝန်ကြီး ဒေါက်တာတင်ရှိန်တို့နဲ့ တိုင်ပင်ဖြစ်တယ်"

"သူတို့က ဘယ်လိုအကြံပေးလဲ"


"အားလုံးက အကြံတွေကို ဘုံထုတ်လိုက်ရင် ဒီမှာ အသားစ ထပ်စစ်မယ်၊ ခွာတ်ကင်ဖို့ရက် စောင့်နေတာနဲ့ဆိုရင် ဘန်ကောက်မှာပဲ အစအဆုံး ထပ်စစ်မယ်၊ ကင်ဆာအဖြေထွက်ရင်လဲ အဲဒီမှာပဲ မြန်မြန်ဆန်ဆန် ခွာတ်ကင်စေချင်တယ်၊ ခွာတ်ကင်တဲ့စက်ကလဲ ဘန်ကောက်မှာက ပိုပြီးအဆင့်မြင့်တယ်၊ ကင်ချင်တဲ့နေရာကို စူးစိုက်ပြီး ကင်နိုင်တယ်တဲ့"

"အဲဒီစက်မျိုး ဒီမှာမရှိဘူးလား"


"အရင်ကတော့ ဝယ်ဖူးတယ်လို့ ကြားတယ်၊ စစ်ဆေးရုံအတွက်ဝယ်တာ၊ ဝယ်ပြီး သိပ်မကြာဘူး၊ ခဏခဏ ပျက်တာနဲ့ ထပ်မဝယ်ရဲတော့ဘူး၊ အဲဒီစက်တွေက ထိန်းသိမ်းရခက်တဲ့သဘောပဲ၊ ဒေါ်လာလဲ သိန်းသန်းချီပေးရတယ်၊ ခုတော့ ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးမှာ ရှိတယ်၊ ခွာတ်ကင်မယ့်လူနာတွေက များလွန်းလို့ လနဲ့ချီစောင့်ရတယ်"

"ဒါတွေကတော့ . . ."

"ဒါတွေက နိုင်ငံတော်က လုပ်ရမယ့်အလုပ်တွေပဲ၊ ကုန်စျေးနှုန်း ကျဆင်းအောင်၊ ကျန်းမာရေး၊ ပညာရေး စတဲ့ အရေးကြီးတဲ့ အခြေခံလုပ်ငန်းတွေကို အာရုံစိုက်လုပ်ရမယ်၊ ကုန်စျေးနှုန်းတွေကျမှ အခြေခံလူတန်းစားတွေ အခြေခိုင်မယ်၊



စာရေးသူတို့ တည်းခိုသည့် i-house Apartment





ဆေးရုံအား လှမ်းမြင်နိုင်သည့် စာရေးသူတို့ တည်းခိုသည့်အခန်း



www.burmeseclassic.com

www.burmeseclassic.com




ဘန်ကောက်ဆေးရုံမှ W ကင်ဆာအထူးကုဆောင်

ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်ကအစ ဈေးတက်နေတော့ နိုင်ငံ့ဝန်ထမ်းပဲဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်ဖြစ် သူ့လစာနဲ့မလောက်တော့ ခိုးမယ်၊ ဝှက်မယ်၊ လာဘ်စားမယ်၊ ဒါတွေ ဖြစ်မယ်၊ ပဲဆီ မစားနိုင်တော့ စားအုန်းဆီ စားမယ်၊ အစားအသောက်တွေက အဆိပ်အတောက်တွေများတော့ ကင်ဆာတွေ ဖြစ်မယ်။

လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကဆိုရင် ကင်ဆာဖြစ်တဲ့လူ ခပ်ရှားရှားပဲ၊ ခုဆိုရင် ကင်ဆာကို နေရာတကာမှာ ကြားနေရတယ်၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ စုံနေတာပဲ၊ မြန်မာနိုင်ငံက ကင်ဆာဖြစ်နှုန်းဟာ ကမ္ဘာမှာ Top Ten ဝင်နေပြီ၊ ပညာရေးအပိုင်းကို ကြည့်မယ်ဆိုရင် ကျောင်းပညာရေးညံ့တော့ ကိုယ့်ကလေးကို ပညာရေးမနိမ့်ကျအောင်



ပိုက်ဆံရှင်း ဆေးထုတ်ပေးသည့်နေရာ



ဆေးရုံရှိဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com




W ကင်ဆာအထူးကုဆောင်




ဘန်ကောက်ဆေးရုံကြီးအား ကြည့်မြင်ရပုံ

အင်္ဂလိပ်စကားကအစ ကျွမ်းကျင်အောင် ပုဂ္ဂလိက ကျောင်းတွေမှာ ထားရတယ်၊ ကျောင်းစရိတ်က မနည်းဘူး၊ ကျောင်းစရိတ်ကများတော့ ပိုက်ဆံပိုရှာရတယ်၊ မသမာတဲ့နည်းတွေ၊ ညစ်ပတ်တဲ့နည်းတွေကို မသုံးချင်တဲ့သူတောင် သုံးဖြစ်သွားတယ်၊ ဒီလို ပတ်လည်ရိုက်နေတဲ့ အခြေခံပြဿနာတွေကို အရင်ဖြေရှင်းသင့်တယ်၊ ဒါက ကျွန်တော့် ပုဂ္ဂလိက ခံစားချက်ပါ"

"ဟုတ်တယ်၊ အရင်တုန်းက ကင်ဆာရောဂါသည်ဆိုရင် တော်တော်ရှားတယ်၊ ကိုယ်တောင် တစ်ကိုယ်လုံး ဆေးစစ်ကြည့်ရဦးမယ်၊ အဲဒီအချိန်တုန်းက ညီလေးလဲ တော်တော်စိတ်ညစ်နေမှာပဲ"

"ဟုတ်တယ်၊ ကျွန်တော့်ကို အဓိက စိတ်သက်သာစေတဲ့ လူနှစ်ယောက်ကတော့ ဦးတင်ဝင်း (စာရေးဆရာကြီးမင်းကုက်)နဲ့ အမေရိကားရောက်နေတဲ့ သူငယ်ချင်းဆရာဝန်အောင်မျိုးပဲ၊ အောင်မျိုးကတော့ အဲဒီဆေးစစ်ချက် မှားနေပြီ၊ အကျိတ်က ပိန်သွားတဲ့အတွက် လုံးဝ ကင်ဆာမဖြစ်နိုင်ဘူးတဲ့၊ ဦးတင်ဝင်းကလဲ ဒါ ကင်ဆာ လုံးဝမဖြစ်နိုင်ဘူးတဲ့၊ ရေနစ်တဲ့အချိန်မှာ ကောက်ရိုးတစ်မျှင်ဟာ မျှော်လင့်ချက်ရောင်ခြည်ဖြစ်သလို၊ အဲဒီလို အခြေအနေမျိုးမှာတော့ အဲဒီစကားဟာ ကျွန်တော့်ကို အားတစ်ခု ဖြစ်စေခဲ့တယ်၊ အသက် ၇၀ လဲရှိပြီ၊ လေဖြတ်တာကလဲ ၁၆ နှစ်ရှိပြီ၊ နေပျော်နေပါပြီလို့ ဖြေသာအောင် ပြောတဲ့လူတွေကိုတော့ ဟုတ်ပါတယ်လို့သာ ပြောနိုင်တယ်၊ ရင်ထဲကတော့ မကောင်းဘူးလေ။

ဒီလိုနဲ့ပဲ ဘန်ကောက်မှာပဲ ဆေးစစ်မယ်၊ ဆေးစစ်ချက်ရမှပဲ ဘယ်လိုဆက်လုပ်မယ်ဆိုတာ ဆက်စဉ်းစားမယ်လို့ ဆုံးဖြတ်တယ်၊ ဒါနဲ့ အလုပ်တွေကို တာဝန်ခွဲပေး အမေအတွက်ရယ်၊ ညီမနဲ့ သူ့ယောကျ်ားအတွက် Passport လုပ်၊ ဆေးရုံနဲ့ချိတ်၊ အလုပ်ကို ရှုပ်နေတာပဲ၊ ဒီလိုနဲ့ ဘန်ကောက်ကို စနေနေ့မှာ ထွက်ဖြစ်တယ်"

"ဘာလို့ TG နဲ့ သွားတာလဲ၊ TG လေယာဉ်လိုင်းက ဈေးကြီးတယ် မဟုတ်လား"

"ဒါပေမဲ့ ကျွန်တော်တို့က Wheel Chair ပါ ယူမယ်ဆိုတော့ TG ရွေးတာပေါ့၊ ဒီကြားထဲ အမေက ကျိုက်ထီးရိုးတောင်ဝှေးကြီး သယ်ချင်တာဆိုလို့ လေကြောင်းလိုင်းမှာရှင်းပြရသေးတယ်၊ သူက ကျိုက်ထီးရိုးတောင်ဝှေးနဲ့ လမ်းလျှောက်တာ အကျင့်ဖြစ်နေတာကိုး၊ လေယာဉ်ပေါ်မှာ ကျွေး






အလှဆင်ထားသော ဘန်ကောက်ဆေးရုံအတွင်း မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်ဆေးရုံရှိ နလုံးအထူးကုဆောင်

တာက ဝက်သားအစပ်ဟင်း၊ ကျွန်တော်တောင် စပ်လို့ ငရုတ်သီးဖတ်တွေ ဖယ်စားရတယ်၊ အမေကတော့ ရှူးရှူးရှဲရှဲနဲ့ စားတာပဲ၊ အစပ်မစားရတာ နှစ်ချီနေတော့ စားကောင်းပုံပဲ၊ အခြားသူတွေကလဲ သူ့ကိုကြည့်ပြီး သဘောကျနေကြတယ်၊ သူကလဲ အသံကျယ်ကျယ်နဲ့ ပြောတတ်တော့ လေယာဉ်မှာ ဆူညံနေတာပဲ။

ဘန်ကောက်လေဆိပ် ရောက်တော့ ဘန်ကောက်ဆေးရုံက ဝန်ထမ်းတစ်ယောက် လာကြိုတယ်၊ ကားရော အခန်းရော မှာထားတော့ အားလုံးအဆင်သင့်ပါပဲ၊ ရန်ကုန်ရုံးခွဲကနေ အကုန်လုံး ကြိုမှာထားလို့ရတယ်၊ Apartment သာဆိုတယ် 1 Star, 2 Star ဟိုတယ် အဆင့်လောက်ရှိတယ်၊ နေရထိုင်ရတာ အဆင်ပြေတယ်၊ အဲဒီဝင်းထဲမှာ အခန်း ရာနဲ့ချီရှိတယ်၊ မြန်မာလူမျိုး တစ်ယောက်က အခန်းသုံးဆယ်လောက် လပေးငှားထားပြီး လာတဲ့သူတွေကို ပြန်ငှားစားတာ၊ အမြတ်တင် ပြန်ငှားတယ်ဆိုတာတောင် တစ်ခန်းကို တစ်နေ့ ဘတ် ၈၀၀ ပဲ ပေးရတယ်၊ မြန်မာငွေနဲ့ဆိုရင် နှစ်သောင်းခွဲဝန်းကျင်ပေါ့၊ ရန်ကုန် ဈေးလောက်ပဲ၊ သုံးယောက် နေလို့ရတယ်၊ ကျွန်တော်တို့က လေးယောက်ဆိုတော့ နှစ်ခန်း မှာလိုက်တယ်၊ ရာသီဥတုကအစ ရန်ကုန်နဲ့ သိပ်မကွာတော့ နိုင်ငံခြား ရောက်နေတယ်လို့တောင် မခံစားရဘူး၊ ကားရပ်ဖို့ဝင်းလဲ ရှိတော့ အမေ့အတွက် ညနေကျရင် Wheel Chairနဲ့ လျှောက်သွားဖို့ နေရာကောင်းပါပဲ၊ i-House Apartment တွေလို့ပြောရင် လူတော်တော်များများ သိကြတယ်"

"ဟိုရောက်တော့ မေကြီး ပင်ပန်းသေးလား"

"ရောက်ရောက်ချင်းနေ့က နည်းနည်းပင်ပန်းတယ်၊ ဒါတောင် TG လေယာဉ်လိုင်းက Wheel Chair သမား လေးယောက်ကို သပ်သပ်လာကြိုပြီး စီစဉ်ပေးလို့၊ အဲဒီနေ့တော့ ကျွန်တော်တို့လဲ သက်သောင့်သက်သာဖြစ်အောင် နားလိုက်တယ်၊ နောက်နေ့ တနင်္ဂနွေနေ့ မြဘုရားကို လိုက်ပို့ဖြစ်တယ်၊ ဆေးရုံမပြမီ ဘုရား အရင်ဖူးချင်လို့တဲ့၊ နေပူတော့ အမြန်ပဲ ဖူးဖြစ်ခဲ့တယ်၊ နောက်မှ ကျွန်တော် သပ်သပ်သွားတယ်၊ တစ်ယောက်ကို ဘတ် ၅၀၀ ပေးရတယ်၊ နောက်နေ့ တနင်္လာနေ့ကစပြီး ဆေးရုံပြဖြစ်တယ်။

ဦးတင်ဝင်း (စာရေးဆရာကြီး မင်းဂုဏ်) မှာလိုက်တဲ့အတိုင်း ဆရာဝန်ကို တိုက်ရိုက် အင်္ဂလိပ်လိုပြောတယ်၊ စကားပြန်က တစ်ဆင့်ပြောရင် ကိုယ်ပြောချင်တာ မရောက်မှာစိုးလို့၊ ရန်ကုန်က ဆေးစစ်ချက်တွေ သေချာကြည့်တယ်၊ ပြီးတော့ နှာခေါင်း၊ လည်ချောင်း မှန်ပြောင်းကြည့်တယ်၊ ရန်ကုန်မှာက အရည်ကြည်ဖု အကျိတ်လေးပဲ တွေ့ရတာ၊ ဘန်ကောက်မှာက အဲဒီအရည်ကြည်ဖုလေးကို ရောင်ခြည်အပြာထိုးလိုက်တာနဲ့ အထဲက သွေးကြောတွေပါ ထင်းခနဲမြင်ရတယ်၊ နှစ်ခါလောက် သေချာကြည့်ပြီး ဒီအကျိတ်ကတော့ ကင်ဆာ မဖြစ်နိုင်ဘူးလို့ ပြောတယ်၊ အခြားနေရာမှာ ကင်ဆာ ရှိ၊ မရှိ တစ်ကိုယ်လုံးကို PET SCAN ရိုက်ခိုင်းတယ်"

"PET SCAN ဆိုတာ ဘာလဲ"

"PET SCAN ဆိုတာ တစ်ကိုယ်လုံးကို J-DONUT လို အဝိုင်းကြီးနှစ်ဝိုင်းထဲ ဝင်နေရတာ၊ အဲဒီစက်က ကင်ဆာရှိတဲ့နေရာမှာ မီးလင်းတယ်၊ အသည်းနေရာမှာ မီးလင်းရင် အသည်းကင်ဆာ၊ အဆုတ်နေရာမှာ မီးလင်းရင် အဆုတ်ကင်ဆာ၊ နေရာတော်တော်များများမှာ မီးလင်းရင် တစ်ကိုယ်လုံးမှာ ကင်ဆာပျံ့နှံ့နေပြီဆိုတဲ့ သဘောပဲ၊ ကင်ဆာရဲ့ အရင်းအမြစ် နေရာကို ရှာတဲ့အခါ အရမ်းအသုံးဝင်တယ်"

"အဲဒီစက် အစ်ကိုတို့ မြန်မာနိုင်ငံမှာရှိရင် သိပ်ကောင်းမှာပဲ"

"ပြောရင်းနဲ့ ဒီအကြောင်းပဲ ပြန်ရောက်လာတာပဲ၊ ကျွန်တော် ဘန်ကောက်ဆေးရုံမှာ ရန်ကုန်က နာမည်ကြီးဆရာဝန်ကြီး မိသားစုနဲ့တောင် ဆုံခဲ့တယ်၊ ကင်ဆာကို ရန်ကုန်မှာခွဲပြီးပြီ၊ ကျန်၊ မကျန် အဲဒီစက်ကြီးနဲ့ လာစစ်တာ၊ အဲဒီလောက်ဆို သဘောပေါက်ပေါ့"


"ဆေးရုံကြီးက တော်တော်ကောင်းလား"

"တော်တော်ကောင်းတယ်၊ တော်တော်လဲကြီးတယ်၊ ဘန်ကောက်ဆေးရုံက ကင်ဆာကုသရာမှာရာခိုင်နှုန်းကောင်းလို့ ဆိုရထားတယ်၊ ဘန်ကောက်က ဘာရွန်ကရက်ဆေးရုံနဲ့ သူ့ဌေးအတူတူပဲလို့ ပြောတယ်၊ ဘာရွန်ကရက် ဆေးရုံက အသည်းကုသရေးမှာတော့ နာမည်ကြီးပဲ၊ ဘန်ကောက်ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



Pet Scan အတွင်း စစ်ဆေးခံနေသော လူနာ

ကြီးက ကြီးမားလွန်းလို့ အဆောင်တွေခွဲထားရတယ်၊ နား၊ နှာခေါင်း၊ လည်ချောင်းပြချင်ရင် ဒီအထပ်၊ အစာအိမ်နဲ့ အူလမ်းကြောင်း ပြချင်ရင် ဒီအထပ်၊ အားလုံး ကျယ်ကျယ်ဝန်းဝန်းပဲ။ ချက်ချင်းလာတဲ့လူနာတွေအတွက်လဲ Section တိုင်းမှာ ဆရာဝန်ကြီးတွေ ၁၀ ယောက်လောက် ရှိတယ်၊ ပြချင်တဲ့ ဆရာဝန် ရွေးပြရုံပဲ၊ ဆရာဝန်ကြီးတွေရဲ့ ကိုယ်ရေးအကျဉ်းကို ဘုတ်ကြီးနဲ့ထောင်ပြီး ပြထားတယ်၊ ကျွန်တော် ကြိုက်တာက Section တိုင်းမှာ မြန်မာစကားပြန် Nurse နာ့စ်မတွေထားတယ်၊ ကျွန်တော်တို့ ခေါ်သွားတဲ့ ဂကားပြန်ကို မသုံးဘူး။

သူတို့ရဲ့မြန်မာစကားပြန် နာ့စ်မကိုပဲ သုံးတယ်၊ မြန်မာစကားပြန် နာ့စ်မတွေက အနက်ရောင်ဝမ်းဆက် ဝတ်ရတယ်၊ တခြားနာ့စ်မတွေက နုံ့သာရောင်တွေ ဝတ်တယ်၊ ဒါကို ကြည့်တာနဲ့ မြန်မာတွေ ဘယ်လောက်တောင် ဘန်ကောက် ဆေးရုံမှာ လာပြတယ်ဆိုတာ သိနိုင်တယ်"

"မေကြီးကိုကော PET SCAN ချက်ချင်းကြည့်လား"

"မကြည့်ဘူး၊ နောက်နေ့မှကြည့်တာ၊ မကြည့်ခင် ညနေစာ စားပြီးတာနဲ့ ညစာ မစားခိုင်းတော့ဘူး၊ နောက်နေ့ မနက်လဲ မစားရဘူး၊ နောက်နေ့ မနက်စောစောသွားတော့လဲ ၁၀ နာရီလောက်မှ သွေးဖောက်တဲ့ဆရာမ လာလို့ အမေတောင် တော်တော်လေး အီသွားတယ်၊ နာ့စ်မတွေကတော့ ညံ့တယ်၊ အရည်အချင်း ရှိတဲ့လူရော မရှိတဲ့လူရော၊ အပျင်းကြီးတဲ့နာ့စ်မ၊ အတင်းပြောနေတဲ့ နာ့စ်မတွေနဲ့ အစုံပဲ။

ဆရာဝန်တွေကတော့ ကမ္ဘာ့အဆင့်မီပဲ၊ အရည်အချင်းရှိတယ်၊ ရိုရိုသေသေ နှိမ့်နှိမ့်ချချ ပြောတယ်၊ ချိုချိုသာသာ ပြောတယ်၊ အချိန်ပေးတယ်၊ နားလည်အောင် ပြောတယ်။

ဆေးစစ်ပြီးတော့ အမေ့ကို အိပ်ဆေးထိုးပြီး အမှောင်ခန်းထဲမှာ နာရီဝက်လောက်ထားတယ်၊ ကြွက်သားတွေ လျော့အောင်၊ ကြောက်နေတာတွေ လျော့သွားအောင်တဲ့၊ အမေက ဒိုင်ရာစီပန်အိပ်ဆေး နေ့တိုင်းသောက်နေကျ ဆိုတော့ ဆယ်မိနစ်နဲ့ နိုးနေပြီ၊ ကျွန်တော်ကပြောလဲ နာ့စ်မက လက်မခံဘူး။

နာရီဝက်လောက်ကြာတော့ အမေ့ကို သွားနှိုးတော့ အမေက နိုးနေပြီ၊ အမှောင်ခန်းထဲမှာ ဆိုတော့ သူ့ကို PET SCAN ရိုက်နေတယ်ထင်ပြီး မလှုပ်ရဲဘူး၊ ညောင်းလိုက်တာလို့ ပြောတယ်၊ အားလုံးက ရယ်ကြပေမယ့် သူက မရယ်နိုင်ဘူး၊ PET SCAN စစ်တော့လဲ နောက်နာရီဝက်လောက် မလှုပ်ရဘူး၊ တောင့်တောင့်ကြီးနေရတယ်၊ အခန်းထဲမှာလဲ လူနာတစ်ယောက်တည်း အဝိုင်းကြီးနှစ်ဝိုင်းထဲ ဝင်နေရတာ၊ အဝိုင်း



ဘန်ကောက်ဆေးရုံအတွင်း မြင်ကွင်းများ



www.burmeseclassic.com

www.burmeseclassic.com

ကြီးက တပိုးပိုးနဲ့လည်နေတာ၊ ကြောက်တတ်တဲ့သူဆိုရင် မလွယ်ဘူး၊ ပြန်ထွက်လာတော့ သူ့ကို သွေးပူအောင် လုပ်ရသေးတယ်၊ အဖြေက နောက်နေ့မှရမယ်ဆိုတော့ ထမင်းဟင်း ဝယ်ပြီး ပြန်ခဲ့တာ"

"ဆေးရုံမှာ ထမင်းဆိုင်ရှိလား"

"ရှိတယ် ရှယ်ပဲ၊ မြန်မာထမင်းဆိုင်လဲ ရှိတယ်၊ လက်ရာကောင်းတယ်၊ ငါးကြော်ဆိုရင် ကြွပ်ရွနေတာပဲ၊ ဒီက နာမည်ကြီးထမင်းဆိုင်တွေရဲ့ လက်ရာကိုမီတယ်၊ ထမင်းဆိုင်၊ အအေးဆိုင်၊ တရုတ်စားသောက်ဆိုင်တွေနဲ့ အစုံပဲ၊ ဆိုင် ၂၀ လောက်ရှိတယ်၊ ဝင်တာနဲ့ ကတ်ပြားပေးလိုက်တယ်၊ ကြိုက်တဲ့ ဆိုင်မှာ ဝယ်၊ အဲဒီကတ်ပြားထဲမှာ ငွေဘယ်လောက်ကျလဲ ကွန်ပျူတာနဲ့ ပေါင်းပေးသွားတယ်၊ အထွက်မှ ငွေရှင်းလိုက်ရုံပဲ၊ စနစ်ကောင်းတယ်၊ ကျွန်တော်တို့က အဲဒီမှာပဲ စားချင်တာ၊ အခင်းအကျင်းတွေလဲသန့်တယ်၊ အညှော်လဲ မရှိဘူး၊ ပန်းကန်ဆေးစရာလဲ မလိုဘူး၊ ဒါပေမဲ့ အမေက အခန်းမှာပဲ စားချင်တယ်ဆိုလို့ ပါဆယ်ဝယ်လာကြတယ်၊ အဲဒီနေ့ကတော့ ဆေးရုံနဲ့တင် ဖလက်ပြတာပဲ"

"နောက်နေ့ အဖြေရလား"




Pet Scan အတွင်း စစ်ဆေးရန် စာရေးသူမိခင်အား ထည့်နေပုံ



ဆေးစစ်ချက်ရပြီး ပြုံးပျော်နေသော စာရေးသူတို့သားအမိ

"အဖြေကရပေမယ့် ဆရာဝန်ကြီးက အဲဒီနေ့ နားလို့ နောက်တစ်နေ့မှ ဆရာကြီးပြရင်း အဖြေယူပါလို့ ပြောတယ်၊ ကျွန်တော်လဲ ဘန်ကောက်ရောက်တုန်း အစာအိမ် မှန်ပြောင်း ကြည့်ချင်တယ်ပြောတော့ ချက်ချင်း ဖောင်ဖြည့် ကတ်လုပ်ပြီး ဆေးတွေပေးလိုက်တယ်၊ ကျွန်တော်လဲ မထူးတော့ဘူးဆိုပြီး ပြလိုက်တယ်၊ ကျွန်တော့်ပြဿနာက ငရုတ်သီးစားရင် ဝမ်းသွားတယ်၊ ရန်ကုန်မှာ အစာအိမ် အူလမ်းကြောင်း အထူးကု ဆရာဝန်ကြီး သုံးဦးနဲ့ ပြဖူးတယ်၊ တစ်ဦးက နာတာရှည် ဝမ်းလျှော ဝမ်းပျက်တဲ့၊ နောက်တစ်ဦးက Irritable Bowel Syndrome အူလမ်းကြောင်း လှုပ်ရှားမှု မမှန်သော ရောဂါတဲ့၊ နောက်တစ်ဦးကတော့ ဝလို့တဲ့။



Pet Scan အတွင်း စစ်ဆေးခံနေသော လူနာတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်မှာ မှန်ပြောင်း ကြည့်ဖို့ကျတော့လဲ အချို့လူနာတွေ ပြောတာနဲ့တင် ကြောက်နေရတယ်၊ ပါးစပ်ကမျိုတဲ့မှန်ပြောင်းဆို မနည်းမျိုရတယ်တဲ့၊ စအိုက ကြည့်တဲ့မှန်ပြောင်းဆိုရင် စအိုနာတယ်တဲ့၊ ဘန်ကောက်နဲ့ စာရင် ဈေးတော်တော်လေးကို သက်သာပေမယ့် ကြောက်နေတာနဲ့တင် မကြည့်ဖြစ်ခဲ့ဘူး၊ ဆရာဝန်ကြီးတွေကလဲ မကြည့်ခိုင်းတော့ မကြည့်ဘူးပေါ့၊ နိုင်ငံခြားမှာဆို အသက် ၄၀ ကနေ တစ်နှစ်တစ်ခေါက် သို့မဟုတ် သုံးနှစ်တစ်ခေါက်လောက် ကြည့်ကြတယ်။

ဘန်ကောက်မှာက အိပ်ဆေး ထိုးပေးလိုက်တယ်၊ နိုးလာတာနဲ့ အပေါ်ရောအောက်ပါ ကြည့်ပြီးပြီ၊ ကော်ဖီနဲ့မုန့်က အဆင်သင့်ပဲ၊ ဆိုးတာက ညစာစားပြီးတာနဲ့ နှစ်နာရီအတွင်း ရေသန့်ဘူးသုံးဘူးစာလောက် ဓာတ်ဆားရည်သောက်ခိုင်းတယ်၊ အဲဒီထဲမှာ ဝမ်းနုတ်ဆေးထည့်ထားတယ်၊ သောက်ပြီးတာနဲ့ ဝမ်းသွားတာပဲ၊ ၅ နာရီ ထမင်းစား၊ ၆ နာရီ ကနေ ၈ နာရီအထိ ဆေးသောက်၊ ၈ နာရီကနေ ၁၁ နာရီအထိ ဝမ်းခြောက်ခေါက် ခုနစ်ခေါက် သွားမယ်၊ ညွှန်ကြားလိုက်တာကတော့ အိုကေပဲ။

မ,အိုကေ တာက အဲဒီနေ့ ဘန်ကောက်မှာနေတဲ့ မိတ်ဆွေတ ကျွန်တော့်ဆီလာတယ်၊ သူက ၆ နာရီမှ ပြန်တယ်၊ ပြီးတာနဲ့ ထမင်းဟင်း ပြေးဝယ်ရသေးတယ်၊ ထမင်းစားပြီးတော့ ၇ နာရီ ထိုးနေပြီ၊ ပြီးတာနဲ့ ရေသုံးဘူးစာလောက် သောက်ရတယ် ဆိုတော့ မဝင်ဘူး၊ လမ်းလျှောက်လိုက်၊ ရေသောက်လိုက်နဲ့ ခြေထောက်ကို တောင့်နေတာပဲ၊ ၈ နာရီခွဲမှာ သောက်ပြီးတယ်၊ သောက်ပြီးတာနဲ့ သွားလိုက်တဲ့ဝမ်း၊ ၁၂ ခေါက်တောင်၊ ကောင်းကောင်းတောင် မအိပ်လိုက်ရဘူး"

"ဟာ. . . ညီလေးက မလွယ်ဘူးဘဲ"

"ဒီ့ထက်မလွယ်တာက ဆေးရုံရောက်တော့ ဝမ်းချုတယ်၊ နှာစ်မက ခပ်ရင့်ရင့်ပဲ၊ ဒါတောင် ခပ်ငယ်ငယ် ခပ်ချောချောပဲ၊ ခုတင်ပေါ် တက်ခိုင်းတယ်၊ တစ်ဖက်စောင်းခိုင်းလိုက်တယ်၊ ပြီးတော့ ဘောင်းဘီကြိုးကို သူ့ဘာသာဖြုတ်တယ်၊



ဘစနစ်ဖြင့် ဈေးဝယ်နိုင်သည့် ကတ်ပြား


စအိုထဲကို ပိုက်ထည့်လိုက်တယ်၊ ရေသန့်ဘူး တစ်ဘူးစာလောက်ကို ပိုက်ကတစ်ဆင့် ညှစ်ထည့်လိုက်တယ်၊ ပိုက်ကိုသူကပဲ ပွတ်ပေးသေးတယ်၊ ဗိုက်ထဲကို ဝင်သွားတာ ဂလုံဂလုံလို့ ခံစားနေရတယ်၊ ပြီးတော့ ဝမ်းသွားပြီးရင် ရေဆင်းခလုတ် မဆွဲချပါနဲ့လို့ ပြောတယ်၊ သူ လာကြည့်ပြီးမှ ဆွဲချပါပြောပြီး ထွက်သွားတယ်"

"ဒီလိုဆိုတော့လဲ ကိုယ်တောင် စစ်ချင်လာပြီ"


"အစ်ကိုကသာ စစ်ချင်နေတာ၊ ဝမ်းသွားပြီး မစင်သေးလို့ဆိုပြီး ရေသန့်ဘူး တစ်ဘူးစာတောင် ထပ်ပြီးသောက်ရသေးတယ်၊ နောက်ထပ် ဝမ်းငါးခါ သွားခိုင်းတယ်၊ မြန်မြန်သွားချင်ရင် ဗိုက်ပွတ်ပြီး လမ်းလျှောက်ပါဆိုလို့ ဗိုက်ပွတ်ပြီး လမ်းလျှောက်နေရသေးတယ်၊ ကျွန်တော့်လိုပဲ အဖော်သုံးလေးယောက်ရှိတယ်၊ ကုလားတစ်ယောက်ဆို အရမ်းညည်းတာပဲ၊ သူက အဲဒီတစ်ဘူးသောက်ထားပြီးလို့ ဝမ်းငါးခေါက်သွားပြီးတာတောင် မစင်သေးလို့ နောက်ထပ်တစ်ဘူး ထပ်သောက်ရတယ်"

"အဲဒါတွေက ဘာကြောင့်လဲ"

"ကျွန်တော်တို့က မနေ့က အသားတွေ စားထားလို့တဲ့၊ အသီးအရွက်ပဲ စားထားရင် ဒီလိုမဖြစ်ဘူးတဲ့၊ စကားပြန်က ကျွန်တော့်ကို အသားရော အသီးအရွက်ပါ မစားရဘူး၊




ဘန်ကောက်ဆေးရုံရှိ မြန်မာထမင်းဆိုင်



ဘန်ကောက်ဆေးရုံရှိ စားသောက်ဆိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ပြရန် စောင့်ဆိုင်းနေသူအချို့

ဆန်ပြုတ်ပဲ သောက်ပါလို့ မှားပြောတယ်၊ ကျွန်တော်လဲ ဘန်ကောက်မှာ ဆန်ပြုတ်ကို ဘယ်ရှာသောက်ရမှန်းမသိတော့ အသားဟင်းပဲ စားလိုက်မိတယ်၊ စကားပြန်က မှန်မှန်ကန်ကန် ပြောရင် အသီးအရွက်ဟင်းပဲ စားမှာပေါ့၊ ဒါကြောင့် စကားပြန်တွေ စကားတိုင်းက အကုန်မမှန်ဘူး၊ သူတို့က ဘန်ကောက်မှာ အလုပ်လုပ်တာကြာလာတော့ စကားကျွမ်းသွားလို့ စကားပြန်လုပ်တဲ့ သဘောပဲ၊ ကျွန်တော်တို့ သုံးလေးယောက်လဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငိုအားထက် ရယ်အားသန်ပေါ့၊ အဲဒီအခန်းက အိမ်သာအဝင်အထွက် ပင်မတံခါးကြီးတောင် မရှိဘူး၊ တစ်ယောက်ဝင်လိုက် တစ်ယောက်ထွက်လိုက်နဲ့ ရယ်နေရတယ်။

ကျွန်တော်က တစ်ဘူးတည်းနဲ့ ဝမ်းသန့်သွားလို့ ထပ်မသောက်ရတော့ဘူး၊ ဝမ်းသန့်တယ်ဆိုတာ ရေအတိုင်းဖြစ်သွားတာ၊ ဒါတောင် တစ်နာရီ ထပ်စောင့်ရသေးတယ်၊ ပြီးမှ အိပ်ဆေးထိုးတာ၊ ကျွန်တော်ကတော့ ညက ကောင်းကောင်းမအိပ်ရသေးတာရယ်၊ မနက်က ပင်ပန်းတာရယ် ပေါင်းတော့ တော်တော်နဲ့ မနိုးတော့ဘူး၊ ကျွန်တော်နိုးတော့ ဘယ်လူနာမှတောင် မရှိတော့ဘူး၊ ကော်ဖီနဲ့ မုန့်ကျွေးတယ်၊ စားပြီးတာနဲ့ ဆရာဝန်ကြီးဆီသွားတော့ အားလုံး အိုကေပဲ၊ နောက် ငါးနှစ်မှလာစစ်ပါတဲ့၊ သူက ငရုတ်သီးကို တစ်ပတ်လောက် ရှောင်လိုက်၊ တစ်ရက်လောက်စားလိုက် အဲဒီလို ကျင့်စားခိုင်းတယ်၊ ကျွန်တော်က လုံးဝမစားတော့ တစ်ခါတလေ စားတာနဲ့ ဝမ်းသွားတာပဲ"

"ဒါကြောင့် . . အသုပ်၊ မုန့်ဟင်းခါတွေ စားနေကျလူတွေက ဘာမှမဖြစ်ဘဲ အရမ်းသန့်တဲ့ လူတွေပဲ ဝမ်းလွယ်တဲ့ သဘောကိုး၊ ဒါဆိုရင်တော့ တော်ပါပြီ၊ မစစ်ချင်တော့ဘူး၊ ဘန်ကောက်မှာ ဆေးစစ်ရင် ကုန်ကျစရိတ် ဘယ်လောက်ထိရှိလဲ"

"The Whole Body Checkup ဆေးစစ်ရင် မြန်မာငွေ ငါးသိန်းဝန်းကျင်လောက်ပဲ ကုန်ကျတယ်၊ ကင်ဆာအတွက် Pet Scan စစ်မယ်ဆိုရင် ၁၇ သိန်းလောက် ကုန်ကျတယ်၊ စုစုပေါင်းဆိုရင် နှစ်ဆယ်အစိတ်ကြားပေါ့၊ Pet Scan စစ်တာက နိုင်ငံတကာနဲ့ယှဉ်ရင် ဈေးပေါပါတယ်၊ ဒါပေမဲ့ အစာအိမ်နဲ့ အူလမ်းကြောင်း ကြည့်တာက ဈေးကြီးတယ်၊ အဲဒီအတွက်က ဆယ်သိန်းဝန်းကျင်လောက် ရှိတယ်"

"ဘန်ကောက်သွားဖို့ အသွားအပြန် ခရီးစရိတ် တော်တော်ကုန်မှာပဲနော်"

"အပြန်ရက် အတိအကျ ပြောနိုင်ရင် လေယာဉ်ခ နှစ်သိန်းလောက်ပဲ ကျတယ်၊ သုံးလအတွင်း ပြန်မယ့် လက်မှတ်ဆိုရင် သုံးသိန်းလောက်ကျတယ်၊ အခန်းခက တစ်နေ့ကို နှစ်သောင်းခွဲဝန်းကျင်၊ စားသောက်ကုန်ကျစရိတ်ကတော့ ရန်ကုန် အတိုင်းပဲ၊ TAXI တစ်နေကုန် ငှားရင် ဘတ်ငွေ သုံးထောင်၊ မြန်မာငွေနဲ့ဆိုရင် ကိုးသောင်းပေါ့၊ တစ်ဖြုတ်တစ်ဖြုတ် သွားချင်ရင်တော့ TAXI မီတာအတိုင်း ပေးရုံပဲ၊ အဲဒါက သိပ်မကုန်ဘူး၊ ဆောင်ရန် ရှောင်ရန်တွေပြောရရင် အဲဒီကလူတွေက အင်္ဂလိပ်ဘာသာစကား လုံးဝနားမလည်ဘူး၊ ဒီတော့ လက်ဖက်ခြောက်ဝယ်မယ်၊ သကြားဝယ်မယ်၊ ကတ်ကြေး ဝယ်မယ်ဆိုရင်လဲ မေးလို့မရဘူး၊ ကိုယ့်ဘာသာကိုယ် လိုက်ရှာရတယ်၊ ပြီးတော့ အစားအသောက်တွေကလဲ အစပ်များတယ်၊ ကျွန်တော်ဆိုရင် တော်တော်လေးကို ရွေးစားရတယ်"

"မေကြီး အဖြေကကော ဘယ်တော့မှရလဲ"

"အမေ့အဖြေက နောက်နေ့ ကြာသပတေးမှ သွားယူရတာ၊ မသွားခင် တော်တော်လေးကို ပြင်ဆင်သွားရတယ်၊ ဘာအဖြေရမလဲဆိုတာ မသိဘူးလေ၊ ***ကင်ဆာဆိုရင် ခွဲထုတ်မလား၊ ဓာတ်ကင်မလား၊ ဆေးသွင်းမလား*** သုံးနည်းရှိတယ်တဲ့၊ တချို့က နှစ်နည်း၊ တချို့က သုံးနည်းလုံး သုံးရတယ်တဲ့၊ အဆိုးဆုံးက ဆေးသွင်းတာပဲ၊ ပြင်းလွန်းလို့ ဆံပင်တွေကျွတ်၊ မျက်ခုံးမွေးတွေကျွတ်၊ ပိန်ခြောက်သွားတာပဲတဲ့။

ဆေးသွင်းတာဆိုရင်တော့ ကျွန်တော့်အမေ ခံနိုင်မယ် မထင်ဘူး၊ ဓာတ်ကင်မယ်ဆိုရင်လဲ တစ်လခွဲလောက် ကင်ရမှာ၊ သိန်း ၁၀၀ လောက်ကျမယ်၊ ကျွန်တော်က ဘန်ကောက်ရန်ကုန် အသွားအပြန်ပေါ့၊ ညီမနဲ့ သူ့ယောက်ျားကတော့ နေခဲ့ပေါ့၊ ခွဲမယ်ဆိုလဲ သေချာမေးရမယ်၊ စုံနေတာပဲ၊ ကြိုပြီး စိတ်ထဲက ပြင်ဆင်သွားတာ။

ဆရာဝန်ကြီး အခန်းထဲ အမေ့ကို ခေါ်မသွားဘူး၊ အဖြေနားထောင်ရတာလဲ ကမ္ဘာ့ဖလားဘောလုံးပွဲ ပင်နတီကန်တာ ကြည့်ရသလိုပဲ၊ ဘယ်လိုအဖြေ ဖြစ်မလဲဆိုတာ မသိဘူး၊ ဒီကြားထဲ ဆရာဝန်ကြီးက နှစ်မျိုးရှိတယ် ဆိုတော့ ရင်ထိတ်နေရသေးတယ်၊ ပြီးမှ ကင်ဆာမဟုတ်ဘူး၊ နောက် သုံးလလောက်ကျရင်တော့ Follow up လာပြပါဆိုတော့မှ ရင်ထဲ အလုံးကြီးကျသွားတယ်၊ ပျော်လိုက်ကြတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်လေဆိပ်အတွင်း



စာရေးသူတို့ မြို့တွင်းလှည့်လည်သည့် အငှားယာဉ်ကား

အဲတော့မှပဲ ကျွန်တော်တို့လဲ ဆေးရုံမှာ ဓာတ်ပုံတွေ ရိုက်ကြ၊ ရန်ကုန်က သတင်းနားထောင်နေတဲ့ အဖွဲ့တွေကို အကြောင်းကြား၊ Facebook တင်၊ message ပို့၊ နိုင်ငံခြားကို ဖုန်းဆက် အလုပ်တွေရှုပ်လိုက်တာ၊ အရင်နေ့တွေဆို ဓာတ်ပုံ ရိုက်ဖို့ သတိတောင်မရဘူး၊ ဆေးရုံကအပြန် လူက ပေါ့ပါး နေပြီး လေထဲရောက်နေသလိုပဲ၊ နောက်နေ့ ဟိုသွားမယ် ဒီသွားမယ်၊ သူက ဟိုမသွားချင်ဘူး၊ ဒီမသွားချင်ဘူး၊ စုံနေ တာပဲ၊ဒါနဲ့ မြဘုရား ထပ်ဖူးဖြစ်တယ်၊ Safari world သွားမယ် လို့ သဘောတူလိုက်ကြတယ်"

"အပျော်ဆုံးနေ့တွေပေါ့"

"ဟုတ်တယ်၊ အပျော်ဆုံးနေ့တွေထဲက တစ်ရက်ပေါ့၊ ပျော်တာထက် ကံကောင်းသွားတယ်လို့ ခံစားလိုက်ရတယ်၊ နောက်သုံးရက်ကတော့ လည်တဲ့ရက်တွေပေါ့၊ မနက်ပိုင်း၊ နေ့လယ်ပိုင်းလည်၊ ညနေပိုင်းကျရင် အမေက Wheel Chair နဲ့ ဘန်ကောက် Super Market တွေ၊ ဈေးတန်းတွေ လိုက် ကြည့်တယ်၊ အပြန် ထမင်းဟင်းဝယ်ပြီး အခန်းမှာ စားတယ်၊ သူက အခန်းမှာပဲ ထမင်းဟင်း စားချင်တာကိုး။

အမေ့ရဲ့ အပျော်ရက်တွေ ဖြစ်မှာပါ၊ ၁၆ နှစ်လောက် အိမ်ထဲမှာပဲ အောင်းနေရတာ၊ ရန်ကုန်မှာက ပထမထပ် ဆိုတော့ အောက်ဆင်းဖို့လဲ မလွယ်ဘူး၊ လေးငါးလလောက် ရွှေတိဂုံဘုရား တစ်ခေါက်လောက် သွားရတာ၊ ခရီးမထွက် တာကလဲ နှစ်ပေါင်းတော်တော်ကြာပြီလေ၊ သူပျော်နေတာကို ကြည့်ရတာနဲ့တင် ပိုပျော်စေတယ်၊ ကျွန်တော်တို့လဲ အမေ့ အရွယ်မှာ အမေ့လောက် ပျော်နိုင်ပါ့မလား၊ အမေလဲ ဘန် ကောက်ကို လာပြီဆိုကတည်းက ရိပ်မိနေပါပြီ၊ ကျွန်တော်တို့ စိတ်မကောင်းမှာစိုးလို့ ပြုံးပြနေတာပါ၊ မိခင်မေတ္တာဟာ သားသမီးရဲ့ မေတ္တာထက် ပိုတယ်ဆိုတာ ပေါ်လွင်ပါတယ်၊ ကျွန်တော်သာ သူ့နေရာမှာဆိုရင် ကိုယ့်သားသမီးကို ပြုံးပြ နိုင်မှာ မဟုတ်ဘူး၊ ကိုယ့်သားသမီး စိတ်မကောင်းမှာစိုးလို့ ဟန်ဆောင်ပြီး မနည်းပြုံးပြဖြစ်မှာပဲ"

"ငါ့ညီက လူပျိုကြီးလေ၊ ဒါမျိုးဖြစ်မှာ မဟုတ်ပါဘူး"

"ကျွန်တော်က ဥပမာပြောပြတာပါ၊ ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန) ပြောတဲ့ 'ဘဝဆိုတာ မျက်ရည်နဲ့ အပြုံး နှစ်ဖက်ကို ဟိုဘက်သွားလိုက် ဒီဘက်သွားလိုက် သွား နေတဲ့ ချိန်သီးလေးလိုပဲ' ဆိုတဲ့စကားကို ပြန်သတိရမိတယ်၊ ဒီလိုနဲ့ ဘန်ကောက်မှာ သုံးရက်လည်ပြီး ပြန်လာခဲ့ကြတယ်"

"နိုင်ငံခြားတစ်ခေါက်သွားလေ ဗဟုသုတတွေ တိုးလေ လေပေါ့"

"ဗဟုသုတလဲ တိုးပါတယ်၊ ကျွန်တော်, ကျွန်မတို့ကို စိတ်ချပါလို့ ဘယ်လိုပဲပြောပြော၊ ဘယ်သူတွေက ကိုယ်အား နည်းတုန်း အကွက်ချောင်းတတ်တယ်၊ ဘယ်သူက စိတ်ချရတယ်၊ စိတ်မချရဘူး၊ ဘယ်သူကကူညီတတ်တယ်၊ ဘယ်သူက ဖာသိ ဖာသာ နေတတ်တယ်ဆိုတာတော့ ကွက်ကွက်ကွင်းကွင်း ပေါ်လာတာပေါ့၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့ အပျော်ခရီး ဆိုတော့ အားလုံးကိုဗွေမယူတော့ပါဘူး၊ အချင်းချင်းလဲ သိကြ မှာပါ။ ကျွန်တော့်အပျော် နောက်တစ်ခုတိုးတာက အမေ ဝိပဿနာတရားကို စိတ်ဝင်စားလာတယ်၊ တရားရှုတတ်သွား တာပါပဲ။ အရင်ကတော့ ဂုဏ်တော်ပွား ပုတီးစိပ်အဆင့် လောက်ပဲ ရှိတယ်လေ၊ သူလဲ ဝိပဿနာတရားကို စိတ်ဝင်စား လာသလို ကျွန်တော်လဲ ဒီကိစ္စဟာ ဘုရားတရား ဂုဏ်ကျေးဇူး ကြောင့် အားလုံး ကံကောင်းသွားတယ်လို့ စိတ်ထဲမှာ ယုံ ကြည်ပြီး အပျော်တွေ အမြတ်တွေနဲ့ ရန်ကုန် ပြန်ခဲ့တယ်"

"ဒီတော့ အစ်ကို့ကို မြဘုရားအကြောင်း ပြောဦးလေ"

"တကယ်တော့ နာမည်ကြီး ဘန်ကောက်မြဘုရားက ကျောက်စိမ်းဘုရားပါ၊ အစိမ်းရောင်ကျောက်စိမ်းနဲ့ ထုထား တာ၊ အဲဒီအကြောင်း နောက်လမှ ပြောပြမယ်"


"အိုကေ ငါ့ညီ"

"အိုကေပါ ခင်ဗျာ"

(ဆက်ရန်)


❒ ဉာဏ်ပွင့်(ကော့မှူး)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စေတီတော်တွင် လက်ရာမြောက်စွာ ပုံဖော်ထားသည့် ဘီလူးပန်းဆွဲ

(ယခင်လမှအဆက်)


ထိုသို့ ကြံစည်သည့်အတိုင်းပင် သမုဒ္ဒရာရေလယ်သို့ ထိုလှေသင်္ဘော ရောက်သည်နှင့် နတ်ဘီလူးတို့သည် ကြက္ခဋ္ဌပါဒ် တန်ခိုးဖြင့် လှိုင်းတံပိုးတို့ကို ဖြစ်စေလျက် ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်တို့ဖြင့် ဖန်ဆင်းခြောက်လှန့်ကြလေသည်။

ထိုအခါ လှေသင်္ဘောပေါ်တွင် လိုက်ပါလာကြသော ကုန်သည်တို့သည် လွန်စွာကြောက်ရွံ့ထိတ်လန့်ကြသဖြင့် မိမိတို့ ကိုးကွယ်အားထားရာ နတ်မိစ္ဆာတို့အား တိုင်တည်၍ ကယ်မတော်မူကြရန် ဟစ်ကြွေးတောင်းပန်ကြလေသည်။

စူဠပုဏ္ဏသူကြွယ်သည်ကား မိမိ၏ နောင်တော် မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်ကို အာရုံပြုလျက် "ငါ၏ နောင်တော်သည် ငါ၏ ကိုးကွယ်အားထားရာ ဖြစ်ပါစေသတည်း"ဟုအဓိဋ္ဌာန်ပြုကာ တောင်းပန်ရှိခိုး၍နေလေသည်။

မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်သည် ညီတော်စူဠပုဏ္ဏ၏ ဖြစ်အင်ကို အဘိညာဉ်တန်ခိုးဖြင့် သိမြင်တော်မူသဖြင့် တစ်ခဏအတွင်းပင် သင်္ဘောဦးသို့ကြွရောက်တော်မူရာ နတ်ဘီလူးတို့သည် ရဟန္တာအရှင်မြတ်၏ တန်ခိုးတေဇော် အာနုဘော်ကို သိရှိကြသဖြင့် ယင်းတို့၏ ခြောက်လှန့်မှုတို့ကို ရပ်တန့်လိုက်ကြသည်။

ဤတွင် မဟာပုဏ္ဏ ရဟန္တာ အရှင်မြတ်က နတ်ဘီလူးတို့အား ဤစန္ဒကူးနံ့သာသစ်များကို ခုတ်ယူခြင်း အကြောင်းကြောင့် တစ်ချိန်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူမည့် စန္ဒကူးနံ့သာ ကျောင်းတော်ကြီးဖြစ်ပေါ်လာမည့်အကျိုးကို မိန့်ကြားတော်မူရာ နတ်ဘီလူးတို့လည်း အကြောင်းအကျိုး ဆင်ခြင်မိကြကာ ကျေနပ်စွာဖြင့် ပြန်လည်ထွက်ခွာသွားကြလေသည်။



သိကြားမင်းဆက်ကပ်သည့် ပု၊ည၊ခေ၊တွဲ ဘွဲ့တံဆိပ်တော်ရ လယ်ကိုင်းကျောင်းတော်ရာ ဘုရားရှိခိုးဂါထာ ကမ္ပည်းကျောက်စာ



ရင်ပြင်တော်ပေါ်ရှိ စန္ဒကူးနံ့သာ ရဟန္တာသိမ်တော်



www.burmeseclassic.com

www.burmeseclassic.com

ရှုဋ္ဌပုဏ္ဏနှင့်တကွ ကုန်သည် အပေါင်းတို့သည်လည်း မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ စောင့်ရှောက်မှုဖြင့် ဝါဏိဇ္ဇဂါမသို့ ဘေးရန်ကင်းစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်တွင်မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ကျေးဇူးကြောင့်သာ မိမိတို့ အသက်ရှင်သန်ခွင့်ရခဲ့ကြသည်ကို နားလည်သဘောပေါက်ကြသဖြင့်အရှင်မြတ်ထံတော်ပါးသို့ သွားရောက် ဖူးမြော်ကြပြီး သရဏဂုံသုံးပါးကို ဆောက်တည်ကြကာ ဥပါသကာအဖြစ် ခံယူခဲ့ကြရာမှ ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြလေသည်။

ကုန်သည်တို့သည် မိမိတို့ သယ်ယူလာကြသည့် စန္ဒကူးနံ့သာသစ်များကို ခွဲဝေယူကြရာတွင် မဟာပုဏ္ဏမထေရ်မြတ်အားလည်း ဝေစုတစ်စုခွဲဝေလှူဒါန်းခဲ့ကြသည်။ ထိုအခါ အရှင်မြတ်သည် ဥပါသကာများအား . . .

"စန္ဒကူးနံ့သာသစ်သည် . . ငါ့အတွက် တစ်စုံတစ်ရာ ပြုဖွယ်ကိစ္စမရှိ၊ သင်တို့သည် ငါ၏ဆရာ မြတ်စွာဘုရားကို မြင်ဖူးကြသလော" ဟုမေးလျှင် ကုန်သည်တို့က "မမြင်ဖူးပါ" ဟု လျှောက်တင်ကြလေသည်။


ဤတွင် မထေရ်မြတ်က . . .

"ဥပါသကာတို့၊ ယခု ငါ၏အဖို့အစုရသော စန္ဒကူးနံ့သာသစ်များဖြင့် မြတ်စွာဘုရားကို ရည်မှတ်လျက် တန်ဆောင်းဝန်းကျောင်းတော်ကို ဆောက်လုပ်လျှင် သင်တို့ မြတ်စွာဘုရားရှင်ကို မြင်ကြရလတ္တံ့" ဟု မိန့်တော်မူလေသည်။

မထေရ်မြတ်၏ မိန့်ကြားချက်ကို ကြားသိလိုက်သည်တွင် ကုန်သည်တို့သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား ဖူးမြင်လိုကြသဖြင့် မိမိတို့၏သစ်များကိုလည်း ကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် လှူဒါန်းမည်ဖြစ်ကြောင်း ဝမ်းမြောက်စွာ ဝန်ခံစကားပြောကြားကြပြီးနောက် တောင်းမြတ်သန့်ရှင်းသော မြေအဖို့ရှိသည့် မကုလာရာအရပ်၌ သုတ်သင်ညီညွတ်စေပြီးလျှင် စန္ဒကူးနံ့သာနှစ်ဖြင့်ပြီးသော တန်ဆောင်းဝန်း ကျောင်းတော်ကြီးကို စီမံဆောက်လုပ်ကြလေသည်။

ကျောင်းတော်ရာ ဘုရားရှိခိုးတွင် "ဂန္ဓရုံကြိုင်လှောင်း၊ ဆောက်သည့်ကျောင်း၌၊ ဆောင်ပေါင်းတစ်ရာ၊ ရှစ်ဆောင်သာလျက်၊ တင့်စွာစီမံ၊ ကိုးမြတ်လှံ့ကို၊ လှူခံအံ့ငှာ" စသည်ဖြင့် စပ်ဆိုထားသဖြင့် စန္ဒကူးနံ့သာ ကျောင်းတော်ကြီးတွင် အဆောင်ပေါင်း ၁၀၈ ဆောင်ရှိသည်ဟု ဆိုစမှတ်ရှိသည်။ လက်လေးသစ်မျှသော စန္ဒကူးနံ့သာနှစ်သည်ပင် အဖိုးတစ်သိန်းထိုက်သည်ဆိုသဖြင့် ထိုကျောင်းတော်ကြီး၏ တန်ဖိုးမှာ အဖိုးအနဂ္ဃ ထိုက်တန်သည်ဟု ဆိုသည်။

စန္ဒကူးနံ့သာကျောင်းတော်ကြီး ဆောက်လုပ်နေစဉ်တွင် ဝိသေသဖြစ်စဉ်အနေဖြင့် "မင်္ဂလဦးစွန်း၊ တန်ဆောင်ထွန်းသော၊ တန်ဆောင်းဝန်း ကျောင်းတော်မြတ်ကို ပြုလုပ်သည့်နေ့မှစ၍၊ သုံးလောကဖျား၊ တရားဓမ္မရာဇ်၊ ထွဋ်သင်းကျစ်သည့်၊ ပစ္စန္တရာဇ်၊ ခေတ်အပရန္တ၊ ယောနကဟု၊ ရဋ္ဌတိုင်းဆောင်၊ မြန်တို့ဘောင်၌၊ နှောင်သောအခါ၊ သာသနာသည်၊ ရှည်ကြာငါးထောင်၊ တိုင်အောင်ဖြင့်သည် မြင့်စွာတည်၍၊ လူ့ပြည်နတ်ထံ၊ နိဗ္ဗာန်လမ်းကြီး၊ ခရီးထင်ထင်၊ သက်ဝင်ဆိုက်ရောက်ကြလတ္တံ့သည်ကို ဖြန့်တော်မူသော ဉာဏ်ကွန်ရက်တွင်၊ ငြီးလျက်ဝင်ဘိ၊ ဖုံးအုပ်မိသည်နှင့်၊ သာဝတ္ထိပြည်တော်၊ ဇေတဝန်ကျောင်းတော်မှ၊ စကြာတော်ကြွလှမ်းလျက်၊ညချမ်းကာလ၊ သထလတိုင်း၊ မွှေးလှအထူး၊ရနံ့မြူးသော၊ စန္ဒကူးနံ့သာကောင်း၊ တန်ဆောင်းဝန်းကျောင်းတော်ဆောက်ရာ၊ ကြွတော်မူပါသဖြင့်၊ ဖလသမာပတ်၊ မြတ်သောချမ်းသာဖြင့် ဝင်စားကာ သီတင်းသုံးတော်မူ၏။



ကောဇာ ၁၁၄၈ ခုနှစ် (ခရစ်နှစ် ၁၇၈၇ ခုနှစ်) နောက်ပိုင်း
စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ပရိဝုဏ်မြင်ကွင်း ပန်းချီကားချပ်



ကောဇာ ၁၁၃၆ ခုနှစ် (ခရစ်နှစ် ၁၇၇၄ ခုနှစ်) မတိုင်မီ
စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ပရိဝုဏ်မြင်ကွင်း ပန်းချီကားချပ်

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာကျောင်းတော်သို့ ကြွတော်မူပါရန် ဘုရားရှင်အား
မဟာပုဏ္ဏရဟန္တာ ပင့်လျှောက်နေပုံ ပန်းချီလက်ရာ



သစ္စပဗ္ဗရသေ့အား ဘုရားရှင်
ကယ်ချွတ်တော်မူနေပုံ ပန်းချီလက်ရာ

ဤသို့ သမ္မာသမ္ဗုဒ္ဓ၊ အတုလ ဖြစ်တော်မူသော၊ မကုဋ္ဌသင်းကျစ် ဓမ္မရာဇ်သခင်၊ ဘုရားရှင်သည်၊ နေလုလင် ဥက္ကာ၊ သောက်သျှူးတာရာ၊ ပမာမမျှ၊ ဗျာမပ္ပဘာ၊ ရောင်ခြောက်ဖြာတို့ဖြင့်၊ လောင်တောက်အံ့သို့သာ၊ ဝိဟာရ ကျောင်းတော်ရာအလုံး၊ဝင်းထိန်စေကာ၊ သီတင်းသုံးသည်ကို၊ အလုံးစုံသော လက်သမားတို့၊ မျက်ဝါးထင်ထင်၊ မြင်ကြသည်နှင့်၊ ဤဒေသအရပ်ဝယ်၊စိုးကွပ်အပြီး၊ အုပ်ခါစီးသော၊ တန်ခိုးကြီးသော နတ်မြတ် ရှိသတတ်ဟု မှတ်ထင်ကြ၏" ဟူ၍ မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ် နတ်တော်လတွင် ထုတ်ဝေသည့် ယင်းခဲမောင်မောင်၏ မန်းစက်တော်သမိုင်းတွင် ရေးဖွဲ့ထားသည်ကို ဖတ်ရှုမှတ်သားရသည်။

ထိုရေးဖွဲ့ချက်အရ ဘုရားရှင်ကိုယ်တော်မြတ်သည် သတ္တဝါဝေနေယျတို့၏ ချမ်းသာစေကြောင်း ကောင်းမြတ်သော အကျိုးစီးပွားကို ဖြစ်ပေါ်စေမည့် စန္ဒကူးနံ့သာကျောင်းတော်ကြီး ဆောက်လုပ်နေမှုကိုသိမြင်တော်မူသဖြင့်ကျောင်းတော်ဆောက်လုပ်ရာအရပ်သို့ ညအခါ ကြွရောက်လျက် ဖလသမာပတ် ဝင်စားတော်မူကာ မြတ်သောချမ်းသာခြင်းဖြင့် သီတင်းသုံးတော်မူခဲ့ကြောင်း၊ ထူးခြားချက်တစ်ရပ်အနေဖြင့် သိခွင့်ရခဲ့သည်။

ထိုကဲ့သို့ သီတင်းသုံးတော်မူရာတွင် ရောင်ခြည်တော်ခြောက်သွယ်တို့အံ့ဖွယ်ကွန့်မြူး ထူးဆန်းလှစွာ ထွက်ပေါ်ကာနေသည်ကို ကျောင်းတော်တည်ဆောက်နေကြသူများ တွေ့မြင်ကြရာ ကျောင်းတော်အတွင်း၌ တန်ခိုးကြီးနတ်တစ်ပါးရောက်ရှိနေကြောင်းသတင်းစကား ပြန့်ပွားခဲ့သည်။

ထိုသူများမှာ ရတနာ မြတ်သုံးပါးအား သက်ဝင် ယုံကြည်ကြသူများ မဟုတ်ကြသဖြင့် ယင်းတို့ကိုးကွယ်သည့် နတ်ကြီးအဖြစ်သာလျှင် ဘုရားရှင်အား ထင်မှတ်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

ကျောင်းတော်ကြီးတည်ဆောက်ပြီးသည့်တွင် ဥပါသကာများက ကျောင်းတော်ကြီး တည်ဆောက်ပြီးပြီဖြစ်၍ မြတ်စွာဘုရားအား ပင့်လျှောက်ပေးတော်မူပါရန် မဟာပုဏ္ဏ မထေရ်မြတ်အား လျှောက်တင်ကြလေသည်။

ထိုအခါ မဟာပုဏ္ဏမထေရ်မြတ်လည်း ဘုရားရှင်ကိုယ်တော်မြတ်ထံတော်ပါးသို့ ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကြွရောက်ကာ . . .


"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သုနာပရန္တတိုင်းသား လူအများတို့သည် ဘုရားရှင်အား ဖူးမြော်လိုသော ဆန္ဒဖြင့် စန္ဒကူးနံ့သာ ကျောင်းတော်ကြီး တည်ဆောက်ပြီးစီးခဲ့ပါပြီ ဘုရား။

ထိုဝေနေယျတို့အား အနုဂ္ဂ သနားတော်မူသဖြင့် ထိုကျောင်းတော်ကြီးသို့ ကြွရောက်တော်မူကာ အလှူခံ



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာတန်ဆောင်းဝန်း ကျောင်းတော်၌ ဘုရားရှင်တရားဟောတော်မူနေပုံ ပန်းချီလက်ရာ

တော်မူပါ ဘုရား" ဟု ခြေတော်ဦးခိုက် လျှောက်ထားတောင်းပန်ရာ ဘုရားရှင်လည်း ဆိတ်ဆိတ်နေကာ သည်းခံတော်မူလိုက်လေသည်။

မဟာပုဏ္ဏ မထေရ်မြတ်လည်း ဘုရားရှင် သည်းခံတော်မူသည်ကို သိတော်မူသဖြင့် ဝါဏိဇ္ဇဂါမသို့ ဝမ်းမြောက်စွာ ပြန်ကြွတော်မူပြီး ရွာသားကုန်သည်များအား "နက်ဖြန်မိုးသောက်သတ်သောအခါ မြတ်စွာဘုရားကို သင်တို့ ဖူးမြင်ရအံ့" ဟု မိန့်ကြားလေရာ ရွာသားကုန်သည်တို့လည်း ဘုရားရှင်အား လှူဒါန်းပူဇော် ဖူးမြော်ကြရန် ပြင်ဆင် စီစဉ်ကြလေသည်။

နံနက်မိုးသောက်ရောက်သည်တွင် မြတ်စွာဘုရားရှင်သည် သိကြားမင်း ဖန်ဆင်းလှူဒါန်းသည့် ပြာသာဒ်ယာဉ်ပျံများအနက် တစ်စင်းကို အလွတ်ထားကာ အဂ္ဂသာဝက၊ မဟာသာဝကများအပါအဝင် ရဟန္တာမထေရ် ၄၉၉ ပါး လိုက်ပါလျက် သစ္စဗန္ဓတောင်သို့ ကြွမြန်းတော်မူခဲ့သည်။

သစ္စဗန္ဓတောင်သို့ ရောက်သည်တွင် ထိုတောင်တွင် နေထိုင်သည့် သစ္စဗန္ဓရသေ့အား မှားယွင်းသော မိစ္ဆာဝါဒတို့ကို ပယ်စေလျက် သစ္စာတရားများဟောကြားညွှန်ပြ ဆုံးမတော်မူရာ သစ္စဗန္ဓရသေ့သည် အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ် ရောက်တော်မူသဖြင့် ဧဟိဘိက္ခုခေါ်ကာ ရဟန်းပြုစေခဲ့သည်။ ထို့နောက် အလွတ်ပါလာသည့် ပြာသာဒ်ယာဉ်ပျံ၌ သစ္စဗန္ဓရဟန္တာအား စီးစေလျက် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသို့ ဆက်လက်ကြွမြန်းတော်မူခဲ့သည်။

ထိုသို့ ကြွမြန်းတော်မူရာတွင် ဘုရားရှင်သည် ပြာသာဒ်ယာဉ်ပျံတို့အား တန်ခိုးဖြင့် ကွယ်စေပြီးမှ ဝါဏိဇ္ဇဂါမရွာတွင်းသို့ ဝင်တော်မူသည်ဟု ဆိုသည်။

ဤကဲ့သို့ မြတ်စွာဘုရားနှင့်တကွ နောက်ပါရဟန္တာ အရှင်မြတ်များ ဝါဏိဇ္ဇဂါမရွာအတွင်းသို့ ကြွမြန်းတော်မူလာသည်ကို ဖူးမြင်လိုက်ကြရသော ကုန်သည် ဥပါသကာများနှင့်တကွ ရွာသားအပေါင်းတို့သည် ဝမ်းမြောက်ရွှင်လန်း ပီတိလွှမ်းလျက် သောင်းသောင်းဖြဖြ ဦးခိုက်ကြိုဆိုကြကာ စန္ဒကူးနံ့သာကျောင်းတော်ကြီးသို့ ပင့်ဆောင်ခဲ့ကြလေသည်။

စန္ဒကူးနံ့သာ ကျောင်းတော်ကြီးသို့ ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ ရောက်ရှိသီတင်းသုံးတော်မူပြီးသည်တွင် ကုန်သည်ဥပါသကာများနှင့်တကွ ဝါဏိဇ္ဇဂါမရွာသား အပေါင်းတို့သည် သရဏဂုံနှင့်တကွ သီလခံယူဆောက်တည်ခဲ့ကြပြီး မဟာဂန္ဓာရုံ စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို လှူဒါန်းကြလေသည်။ ဤသို့ဖြင့် မြတ်စွာဘုရားရှင်နှင့် ရဟန္တာ ၅၀၀ တို့အား စန္ဒကူးနံ့သာကျောင်းတော်ကြီးတွင် ခုနစ်ရက်တိုင်တိုင် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကာ ပင့်ဆောင်ထားကြရာ ဘုရားရှင်နှင့်တကွနောက်ပါသံဃာတော်အရှင်မြတ်တို့သည်သင့်တင့်လျောက်ပတ်သောနေရာဌာနအဆောင်ပေါင်း ၁၀၈ ဆောင်တို့၌ ဈာနသုခ၊ ဖလသုခတို့ဖြင့် မျှတစွာ သီတင်းသုံးတော်မူကြလေသည်။

ထိုခုနစ်ရက်တာ ကာလအတွင်း စန္ဒကူးနံ့သာ ကျောင်းတော်ကြီးတွင် ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားချီးမြှင့်တော်မူသည့် သစ္စာတရားတို့ကို နာကြားကြရသဖြင့် နေ့စဉ် ပရိသတ်ပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တမ်းဝင်ခဲ့ကြသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဂန္ဓာရုံစန္ဒကူးနံ့သာကျောင်းတော်ကြီးတွင် ခုနစ်ရက် သီတင်းသုံးတော်မူပြီးနောက် မဟာပုဏ္ဏမထေရ်မြတ်ကို ခေါ်တော်မူကာ . . .

"သင်သည် ဤသုနာပရန္တတိုင်းရှိ သတ္တဝါဝေနေယျတို့၏ အကျိုးစီးပွားအလို့ငှာ နေရစ်လော့"ဟု မိန့်တော်မူပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူလေသည်။

ဤသည်ကား. . . မဟာပုဏ္ဏရဟန္တာ မထေရ်မြတ်၏ ဘဝဇာတ်ကြောင်း တစေ့တစောင်းနှင့် ဂန္ဓာရုံစန္ဒကူးနံ့သာကျောင်းတော်ကြီး တည်ဆောက်ဖြစ်ခဲ့ပုံ၊ ဘုရားရှင်ကိုယ်တော်မြတ် ကြွရောက်တော်မူကာ သီတင်းသုံးတော်မူခဲ့ပုံတို့ကို အကျဉ်းချုပ်၍ရေးသားဖော်ပြလိုက်ခြင်းပင်တည်း။


နောက်ပိုင်းတွင် မဟာပုဏ္ဏရဟန္တာမထေရ်မြတ် ကြီးတင်ဆင်ခြင်တော်မူမိခဲ့သည့်အတိုင်းပင် ဤဒေသ၌ သာသနာတော် ညီးမှိန်ခဲ့ပြီး မထေရ်မြတ် အဓိဋ္ဌာန်ပြုကာ ထားရှိခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com





သေလာမယ ကျောက်စေတီအား အလောင်းစည်သူမင်း ဖူးတွေ့ရပုံ သရုပ်ဖော်ပြကွက်

သေလာမယကျောက်စေတီနှင့် မှတ်တိုင် လေးတိုင်တို့မှာလည်း ချုံနွယ်ပိတ်ပေါင်းများဖုံးအုပ်ကာ တိမ်ကောပျောက်ကွယ်၍ နေခဲ့သည်။

သို့ရာတွင် . . .

"နောင်အခါ ငါ၏ ဤကျောင်းတော်နေရာတွင် အရိမဒ္ဒနပေါက္ခာရာမ မည်သော ပုဂံပြည်ကို အစိုးရသည့် အလောင်းစည်သူမင်းသည် စေတီတည်၍ ကြီးစွာသော ပူဇော်ခြင်းကို ပြုလတ္တံ့" ဟူသော ဘုရားရှင်၏ ဗျာဒိတ်တော်အရ သာသနာသက္ကရာဇ် ၁၆၃၇ ခုနှစ် ကောဇာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် ပုဂံပြည်၌ ကျန်စစ်မင်းကြီး၏ မြေးတော် ဇေယျသူရအမည်ရှိ အလောင်းစည်သူမင်း နန်းတက်တော်မူခဲ့သည်။

အလောင်းစည်သူမင်းသည် လက်ရုံးရည် နှလုံးရည် ပြည့်ဝပြီး ဘုန်းကံကြီးမားသူဖြစ်သဖြင့် ဖောင်စကြာကို ပိုင်ဆိုင်ထားပြီး ထိုဖောင်စကြာဖြင့် ပင်လယ်ခရီးကိုပင် လှည့်လည်တော်မူခဲ့သည်ဟု ဆိုသည်။

ထိုဖောင်စကြာဖြင့်ပင် တိုင်းခွင်လှည့်လည်ကာ နိုင်ငံတော်တစ်ဝန်းလုံးရှိ ကန်၊ ချောင်း၊ ဆည်၊ မြောင်းအသစ်အဟောင်းတို့ကို ကောင်းအောင်ပြုပြင်စေတော်မူခဲ့သည်။ ဤသို့ဖြင့် မင်းကြီးသည် သုနာပရန္တတိုင်းသို့ ရောက်သည်တွင် နယ်စားပယ်စားများ တည်ထားခဲ့သည့် **မပင်စယ** ခေါ် မအောင်ဖြူဆည် (အိုးပြင်မဲမန်းဆည်တော်ဟုလည်း ခေါ်ပြီး ယခု ရွှေစက်တော်ကားလမ်းအနီးတွင် ရှိသည်) ကိုလည်း ပြုပြင်မွမ်းမံတည်ဆောက်စေခဲ့သည်။

ထို့နောက် လယ်ယာမြေများဖော်ထုတ်စေခဲ့ရာမှသိကြားမင်း၏ကူညီဖေးမမှုအရ မဟာပုဏ္ဏမထေရ်မြတ် ပရိက်ပြုကာ စီမံထားခဲ့သော သေလာမယကျောက်စေတီနှင့်တကွ နယ်နိမိတ်တိုင်လေးတိုင်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် ကျောက်စေတီအတွင်းရှိ ဘုရားရှင်၏ ဗျာဒိတ်တော်နှင့် မထေရ်မြတ်၏ အမိဋ္ဌာန်တော်ပါရှိသော ကြေးပုရပိုက်ကိုပါ အလောင်းစည်သူမင်း မြင်



အထက်ပစ္စယာ ဝင်ပေါက်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

တွေ့သိရှိလိုက်သဖြင့် သက်တော်ထင်ရှား ဘုရားသခင်ကိုယ်တော်မြတ်ကို ဖူးတွေ့လိုက်ရသကဲ့သို့ လွန်စွာပင် ဝမ်းသာပီတိ ဖြစ်တော်မူခဲ့သည်။

သို့ဖြစ်၍ အလောင်းစည်သူမင်းသည် မဟာပုဏ္ဏ ရဟန္တာအရှင်မြတ် အဓိဋ္ဌာန် လေးချက်ဖြင့် ထားရှိတော်မူခဲ့သော နေရာအသီးသီးတို့တွင် လည်းကောင်း၊ အမှတ်တရ ဖြစ်စေမည့် ဝိသေသနေရာများတွင်လည်းကောင်း စေတီတော်များ တည်ထားပူဇော်တော်မူခဲ့ပြီး သာသနာနှစ် ၁၆၄၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၄၅၈ ခုနှစ် တပေါင်းလဆန်း ၉ ရက်၊ ခရစ်နှစ် ၁၀၉၇ ခုနှစ်တွင် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သည်။


ထိုစဉ်အတွင်း စေတီတော်ကြီးမှ ရောင်ခြည်တော် ကွန့်မြူးကာ တန်ခိုးတော်ပြသည်ကို မင်းကြီးကိုယ်တိုင် ဖူးတွေ့ရသဖြင့် သဒ္ဓါတရား ပိုမိုပွားများသဖြင့် ကျောင်းတော်ရာစေတီတော်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စည်ပင်စေရန် ဝတ္တုကံမြေတော်များ၊ အပူဇော်ခံ ကံရွာများ၊ ကျွန်သီးတော်များ စသည်တို့ကို လှူဒါန်းတော်မူကာ ကြီးစွာသော ပူဇော်ခြင်းကို ပြုခဲ့လေသည်။ စေတီတော်ကြီးနှင့် ဝတ္တုကံမြေတော်များကို ထိန်းသိမ်းစောင့်ရှောက်ရန် သံဃရာဇာ ဆရာတော်တစ်ပါးကို ခန့်အပ်တော်မူခဲ့ပြီး သံဃရာဇာ အခွင့်အာဏာ၊ အခွန်စည်းကြပ်မှု အခွင့်အာဏာ၊ တရားစီရင်မှု အခွင့်အာဏာ ဟူသော အာဏာသုံးရပ် ပြဋ္ဌာန်းပေးကာ အုပ်ချုပ်စီမံစေခဲ့သည်။

ပထမဦးဆုံး သော သံဃရာဇာမှာ ဆရာတော်အရှင် ဉာဏဂမ္ဘီ ဖြစ်ကြောင်း ဖတ်ရှုမှတ်သားရဖူးသည်။

သို့ဖြစ်၍ ယနေ့ထက်တိုင် ဝတ္တုကံမြေပေါင်း ၂၃၅၀၉ ဧကနှင့်တကွ အပူဇော်ခံရွာပေါင်း ၉၉ ရွာတို့ဖြင့်လည်းကောင်း၊ အရပ်ရှစ်မျက်နှာ၌ ဘုရားဝတ္တုကံနယ်နိမိတ်ပြ ကျောက်စာတိုင် ရှစ်တိုင်တို့ဖြင့်လည်းကောင်း နေရာအသီးသီးတို့တွင် အထင်အရှား တည်ရှိနေသည်ဟု ဆိုသည်။


ကျောင်းတော်ရာ
ဘုရားသမိုင်းကောက်နုတ်ချက်
ကမ္ပည်းကျောက်စာ

ထို့နောက် ပုဂံခေတ်မှသည် နှောင်းခေတ်မင်းအဆက်ဆက်တို့သည်




စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းတော
ဓမ္မာရုံအတွင်း မြင်ကွင်း

သုံးဆင့်ရှိသော စေတီတော်မြတ်ကို တည်ဆောက်ပြီးစီး အောင်မြင်တော်မူခဲ့သည်။

ထီးတော် သုံးဆင့် အနက် အထက်ဆုံးအဆင့် ထီးတော်အား ငွေသားအစစ်ဖြင့် ပြုလုပ်လှူဒါန်းထားသည်မှာ ထူးခြားချက်တစ်ရပ်ဟု ဆိုသည်။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်အစိုးရက ဘုရားပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလတွင် ကျင်းပခွင့်ပေးခဲ့သည်။

ထို့နောက် ဘုရားဂေါပကအဖွဲ့၏ ပွဲတော်ချိန် တိုးမြှင့်ပေးရန် တောင်းလည်း ကျောင်းတော်ရာစေတီတော်မြတ်အား ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မင်းတုန်းမင်းကြီးက ကင်းဝန်မင်းကြီးဦးကောင်းကို ကြပ်မတ်စေကာ စေတီတော်ကြီးအား အသစ်ပြုပြင် တည်ဆောက်စေခဲ့သည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် ကျောင်းတော်ရာ ဆရာတော်ဦးသုမနနှင့် ညှိနှိုင်းတိုင်ပင်ကာ စေတီတော်မြတ်အား ပြုပြင်တည်ဆောက်နေစဉ် ဖောင်းရစ်တော် ၁၈ လုံးသာ တည်ဆောက်နိုင်ခဲ့ပြီး ထီးတော်မတင်ရသေးမီ ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်းကြီး ကံတော်ကုန်ခဲ့လေသည်။

မင်းတုန်းမင်းကြီး၏ သားတော် သီပေါမင်း နန်းတက်ခဲ့ပြီးနောက် သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် သီပေါမင်းသည် ခမည်းတော်လက်ထက်တွင်အပြီးမသတ်ခဲ့သည့် ကျောင်းတော်ရာစေတီတော်မြတ်အား ပြုပြင်တည်ဆောက်ရန် ကင်းဝန်မင်းကြီးဦးကောင်းကိုပင် ဆက်လက်တာဝန်ပေးအပ်ခဲ့ရာ ဉာဏ်တော်အမြင့် ၉၂ တောင် တစ်ထွာ၊ ဖောင်းရစ် ၂၇ လုံး၊ စေတီရံ ၁၀၄ ဆူ၊ မုခ်ဘုရား ၄ ဆူ (စုစုပေါင်း ၁၀၈ ဆူ) ထီးတော်



၁၃၅၂ ခုနှစ် (၁၉၉၀ ခုနှစ်)မှစ၍ နိုင်ငံတော်မှအရ ဘက်စုံလုပ်ငန်းများ
ဆောင်ရွက်အပြီး စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား
ပရိဝုဏ်မြင်ကွင်း ပန်းချီကားချပ်



ဘုရားဖူးများအဆာပြေစားနိုင်စေရန်
မုန့်ပဲသရေစာများ ရောင်းချပေးနေကြသည့် ဈေးသည်များ



www.burmeseclassic.com

www.burmeseclassic.com



ထီးတော်နှင့် ငှက်မြတ်နားတော်အား ဖူးတွေ့ရပုံ

ဆိုချက်အရ တပေါင်းလတွင် ကျင်းပရန် အင်္ဂလိပ်အစိုးရက ထပ်မံခွင့်ပြုခဲ့သည်။

သို့ဖြစ်၍ ဘုရားပွဲတော်ကို နှစ်ဦး တန်ဆောင်မုန်းလတွင် တစ်ကြိမ်၊ တပေါင်းလတွင် တစ်ကြိမ် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပွဲတော်နှစ်ကြိမ် ကျင်းပသည့် ထူးခြားသော စေတီတော်မြတ်ပင် ဖြစ်ပေသည်။

နောက်ပိုင်းတွင်မူ တပေါင်းလပြည့်နေ့မှစ၍ တပေါင်းလပြည့်ကျော် ၈ ရက်အထိ တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပတော့သည်ဟု သိရသည်။ စေတီတော်မြတ်အားလည်း အကျိုးတော်ဆောင်ဆရာတော် အစဉ်အဆက်နှင့် ဂေါပကအဖွဲ့များက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

သာသနာနှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ခရစ်နှစ် ၁၉၅၈ ခုနှစ်တွင် သာသနာပြု ဆေးဝက်ပါဆရာတော် ဦးသူရိယသည် ကျောင်းတော်ရာ စေတီတော်မြတ်အား လာရောက်ဖူးမြော်ခဲ့ရာ ထူးခြားအံ့ဖွယ်ဖြစ်ရပ်များကို တွေ့မြင်တော်မူကာ စေတီတော်မြတ်အား ပိုမိုတင့်တယ် ကြည်ညိုဖွယ်ဖြစ်စေရန် ပြုပြင်လိုသဖြင့် ကျောင်းတော်ရာ ဆရာတော်များနှင့် ဂေါပကအဖွဲ့တို့ထံမှ ခွင့်ပြုချက်ရယူခဲ့ပြီး ဆေးဝက်ပါဆရာတော် ဦးဆောင်လျက် တရားပွဲများ ကျင်းပခဲ့သည်။

ထို့နောက် စေတီတော် ဩဝါဒစရိယအဖွဲ့၊ ဂေါပကအဖွဲ့တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သဒ္ဓါတရား ထက်သန်စွာ ကုသိုလ် ပါဝင်ကြသည့် ဆေးဝက်ပါဆရာတော်ဦးဆောင်သော အလှူရှင်များ၏ လှူဒါန်းမှုများအရ အောက်ခြေကား၍ အဖျားသွယ်နေသော စေတီတော်အား လုံးပတ်တော်တိုးချဲ့ခြင်း၊ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ်များ တင်လှူပူဇော်ခြင်းစသည့် လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ လှူဒါန်းမှု အစုစုတို့သည် ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် ပြီးမြောက်အောင်မြင် ခဲ့သဖြင့် "အောင်၊ ဇေ၊ ကျွန်း၊ ကြီး" ထီးတင်ပြီး ဟူသော ဥဒါန်းတွင်စေခဲ့သည်။

ဤသို့လျှင် အကျိုးဆောင်ဆရာတော်များ၊ ဂေါပကအဖွဲ့များ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအဆက်ဆက်ပြောင်းကာ ကုသိုလ်ရှင်များ၏ လှူဒါန်းမှုအစုစုတို့ ပူးပေါင်းပါဝင်၍ ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် ဘက်စုံတိုးတက်ဖွံ့ဖြိုးကာ တင့်တယ်သပ္ပာယ်စွာစံပယ်တော်မူလျက်ရှိသော ကျောင်းတော်ရာစေတီတော်မြတ်အား ကြည်ညိုဖွယ်ရာ စာရေးသူတို့ ဖူးတွေ့နေရခြင်းပင် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်နေရာတွင် အဓိဋ္ဌာန်တန်ခိုး ထက်မြက်တော်မူသည့် မဟာပုဏ္ဏရဟန္တာမထေရ်မြတ်၏ အဓိဋ္ဌာန်ပြုချက်အရ ပေါ်ထွန်းလာကာ ဘုရားရှင်၏ ဗျာဒိတ်တော်အရ အလောင်းစည်သူမင်းကြီး၏ ကုသိုလ်တော်ဖြင့် တည်ထားသည်ဖြစ်၍ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ် ထံတော်ပါးမှ တန်ခိုးတော်ပြသည့် အနေနှင့် ရောင်ခြည်တော်မကြာခဏ လွှတ်သကဲ့သို့ ရံဖန်ရခါ



www.burmeseclassic.com

www.burmeseclassic.com

စန္ဒကူးနံ့သာရနံ့ မွှေးပျံ့လေ့ရှိသည်ကို ဖူးတွေ့ ခံစားကြရသည်ဟု ဆိုသည်။ ဘုရားဒါယကာ အလောင်းစည်သူမင်းသည်လည်းကောင်း၊ တောင်တွင်းမင်းကြီး သီဟပတေ့သည်လည်းကောင်း စေတီတော်မြတ်၏ ရောင်ခြည်တော်နှင့် စန္ဒကူးနံ့သာ ရနံ့တို့ကို ဖူးတွေ့ခံစားကြရသည်ဟု ဆိုသည်။


စေတီတော်မြတ်နှင့် မနီးမဝေးတွင်ရှိသော မုန်းချောင်းအတွင်းသို့ ငါးထွေအမျိုးအစား ငါးကြီးများ နှစ်စဉ်ပုံမှန် ရောက်ရှိလာကြသည်မှာလည်း ထူးခြားချက်တစ်ရပ်ပင်။ ထိုငါးကြီးများသည် အလွန် ကြီးမားကြပြီး အရေအတွက်အားဖြင့်လည်း များပြားသည်။ ဝါဆပ်ရက်ကို သိနေကြသကဲ့သို့ ဝါမဆပ်လျှင် ငါးဆိုလပြည့်နေ့တွင် လာရောက်ကြပြီး ဝါဆပ်လျှင် ဒုတိယဝါဆိုလပြည့်နေ့တွင်မှ လာရောက်လေ့ရှိကြသည်။

ထိုငါးကြီးများသည် မုန်းချောင်းအတွင်း၌ ရေရှိနေလျှင် ဝါကျွတ်သည်အထိ နေထိုင်ကြပြီး ရေမရှိလျှင် စောစီးပြန်လေ့ရှိသည်။

ဝါတွင်းသုံးလပတ်လုံး ကျောင်းတော်ရာ စေတီတော်မြတ်အနီး မုန်းချောင်းအတွင်း၌သာ နေကြပြီး ဘုရားဖူးများ ကျွေးသည့် ဖွဲနုဆုပ်၊ ထန်းသီးမုန့်၊ ပေါင်မုန့်၊ မုန့်ကြွပ်၊ ထမင်းဆုပ် စသည့် သက်သတ်လွတ် အစာများကိုသာ စားကြသည်။

အစာကျွေးကြသူများနှင့် နီးကပ်စွာ လာရောက်စားသကဲ့သို့ ငါးကြီးများအချင်းချင်းသော်လည်းကောင်း၊ အစာကျွေးသူများအားလည်းကောင်း ရန်မူခြင်း လုံးဝမရှိကြပေ။ ပါးစပ်ထဲသို့ လက်ထည့်ကျွေးလျှင်ပင် လက်နှုတ်မှ အစာကို ဝါးစားသည်ဟုဆိုသည်။ ထိုငါးထွေကြီးများမှာ အခြားငါးထွေများနှင့် လုံးဝမတူဘဲ ပါးစပ်ဝိုင်းလွန်းပြီး ဦးခေါင်းအနည်းငယ်ရှည်ကာ အဖြူရောင်ဘက်သန်းသည်။ အညီအဟောက်ကင်းကာ ညီစော်နံခြင်း လုံးဝ မရှိဟုဆိုသည်။

စေတီတော် တည်ရှိရာဘက်ကမ်းတွင် အစာကျွေးမှသာ စားကြပြီး အခြားဘက်ကမ်းတွင် ကျွေးလျှင် လုံးဝသွားရောက်၍ မစားကြပေ။ ဝါတွင်းကာလတွင် ငါးကျွေးခရီးစဉ်ဖြင့် ဘုရားဖူးများ လာရောက်လေ့ ရှိကြသည်။ ဝါခေါင်လ တောင်ပြုန်းပွဲချိန်၊ ရတနာဂူ





ငါးစာကျွေးမှတ်ဦးနှင့် ငါးစာကျွေးသည့်နေရာ



ဘုရားဖူးငါးကြီးများ ရုပ်လုံးရုပ်ကြွခန်း



www.burmeseclassic.com

www.burmeseclassic.com

နတ်ပွဲချိန်များတွင် ကားကြီး ကားငယ် အသွယ်သွယ်တို့ဖြင့် ပြည့်ကျပ်၍နေကာ ဘုရားဖူးများ လာရောက်ကြသည်မှာ ကျောင်းတော်ရာစေတီတော်မြတ်အနီး ရှိ ခရပ်၊ တန်ဆောင်းများ ပြည့်လုနီးပါး အထိပင် ဖြစ်သည်။

ထိုနေရာဒေသတွင် ဘုရားဖူး ငါးများ လှုပ်ရှားလာတိုင်း ဘုရားဖူးခရီး သည်များလည်း များသည်ထက် ပိုမိုများ လာကာ ကျောင်းတော်ရာ စေတီတော် သို့ အလှူငွေများ လှူဒါန်းကြသဖြင့် "ငါးလှုပ် ငွေလာ ကျောင်းတော်ရာ"ဟု နယ်ခံများက ဆိုစမှတ် ပြုကြသည်ဟု သိရသည်။

ထိုငါးကြီးများကို ဖမ်းဆီးစား သောက်မိသူများသည် သွေးအန်ခြင်း၊ ဝမ်းလျှောခြင်း စသည့် ဘေးဆိုးများ တွေ့ကြုံ ခံစားကြရသည်ဟု ဆိုသည်။ တစ်နှစ်သောအခါက ထိုငါးကြီးများ ပြန်မည့်အချိန်တွင် အနီးအနား ရွာတစ်ရွာမှ ရွာသားအချို့က ဧရာဝတီမြစ် အတွင်းသို့ စီးဝင်မည့် မုန်းမြစ်ဝ၌ ပိုက် တန်းချကာ ဖမ်းဆီးရန် စောင့်ဆိုင်းနေ ကြသည်။

ထိုအချိန်တွင် ငါးကြီးများသည် မိမိတို့ ပြန်လေ့ရှိသည့် သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့ရောက်သည့် တိုင်မပြန်ကြသေးဘဲ မိမိတို့တွင်ဘေးရန် အန္တရာယ်များရှိနေသဖြင့် စောင့်ရှောက် ကာ လိုက်ပို့ပါရန် အကျိုးဆောင် ဆရာ တော်အား အိပ်မက်ပေးခဲ့သည်။

သို့ဖြစ်၍ ဆရာတော်လည်း ဒါယကာအပေါင်းနှင့်တကွ လှေလောင်း များခြံရံကာ အိုးစည်ဗုံမောင်းများတီးပြီး ညဉ်ကားသိုက်မြိုက်စွာ ငါးကြီးများအား လိုက်လံပို့ဆောင်ပေးလိုက်ရကြောင်းနှင့် ငါးကြီးများလည်း ပိုက်ချထားသူများ၏ အန္တရာယ်မှ ကင်းလွတ်ကာ ဘေးရန် ကင်းစွာ လိုရာခရီးသို့ အပြီးနှင်နိုင်ခဲ့ကြ သည်ဟု ဆိုသည်။

အဟိတ်တိရစ္ဆာန်တို့ထက် ပိုလွန် ကာ အသိဉာဏ်ရှိပုံရပြီး ထူးခြားသည့်



တောင်ဘက်မုခ် မြင်ကွင်း



စေတီတော်တွင် လက်ရာမြောက်စွာ ပုံဖော်ထားသည့် ဘီလူးပန်းဆွဲ


ထိုငါးကြီးများကို စန္ဒကူးနံ့သာသစ်များ အား အစွဲအလမ်းကြီးမားခဲ့သည့် နတ် ဘီလူးများ စုတေပြီးနောက် ယခုကဲ့သို့ နတ်ငါးကြီးများအဖြစ် ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ခဲ့ကြကာ ကျောင်း တော်ရာ စေတီတော်မြတ်သို့ နှစ်စဉ်ပုံမှန် လာရောက်ဖူးမြော်နေကြခြင်း ဖြစ်သည် ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့ကြောင်း သိရသည်။

ထိုနတ်ငါးကြီးများအား အစာ ကျွေးသော ကုသိုလ်ကောင်းမှုကြောင့် အလုပ်အကိုင် အကြံအစည်များ တိုး တက်အောင်မြင်ကြသဖြင့် နှစ်စဉ်လာ ရောက် ကုသိုလ်ပြုနေကြသူများ ရှိ ကြောင်းလည်း သိရသည်။


မည်သို့ပင်ဖြစ်စေ စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ် တည်ရာဌာနသည် ပိဋကတ်တော်လာ သာသနာတော် သမိုင်းဝင်ဖြစ်သော အဓိဋ္ဌာန်တန်ခိုး ကြီးမားတော်မူသည့် မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ ပင့် လျှောက်ချက်အရ ဘုရားရှင်ကိုယ်တော် မြတ်နှင့်တကွ ရဟန္တာငါးရာ သီတင်းသုံး တော်မူခဲ့ကာ ဝေနေယျသတ္တဝါများရှာ တို့ ကျွတ်တမ်းဝင်ခဲ့ရာ နေရာထူး မြ[illegible]ရာ မြတ် ဖြစ်သဖြင့် စာရှုသူများလည်း

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ




စန္ဒကူးနံ့သာ စိုက်ခင်း

တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်နိုင်ကြစေရန် ရေးသားလိုက်ရပေသည်။

❒ မဝိုးဂုဏ်

**စာကိုး**

(၁) ကြိုပါဒစေတီယ ရွှေစက်တော်သမိုင်းကြီး၊ ၁၉၈၃ ခုနှစ်၊ နို့ဝင်ဘာလ၊ ဆရာဦးတင်ရှိန်။

(၂) မန်းစက်တော်သမိုင်း၊ ၁၃၀၂ ခုနှစ်တော်လ၊ယင်းခဲမောင်မောင်။


(၃) စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်မြတ်၏ သမိုင်းကောက်နုတ်ချက်များ (မြန်မာ + အင်္ဂလိပ် နှစ်ဘာသာ)၊ အရှင်ဓမ္မစာရ (သာသနဓဇ ဓမ္မာစရိယ)၊ ၁၃၂၆ ခုနှစ်။

(၄) ရွှေစက်တော်သမိုင်းစုံ၊ ရွှေစက်တော်လမ်းညွှန်၊ ဒွေးမြင့်သိန်း (ဒဿနိက)၊

၂၀၀၉ ခုနှစ် မတ်လ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးအတွင်းရှိ ကြေးဆင်းတုရုပ်ပွားတော်အား အနီးကပ်ဖူးရပုံ

## ကုန်းဘောင်ခေတ် ပန်းပု အနုပညာလက်ရာများ စုဝေးရာ

# ရွှေနန်းတော် ကျောင်းမဟာ

တက္ကသိုလ်မျိုး

(...လမှအဆက်)

မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ...ည် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်များအနက် ...ယ်ခမ်းနားလှသော ကျောင်းကြီးဖြစ်သည်။ ထိုကျောင်း ...ကြီးနှင့် ပတ်သက်၍ မန္တလေးသို့ ရောက်ဖူးသူရော၊ ...တ်ဖူးသူများပါ သကြန်မိုးရုပ်ရှင် ကြည့်ဖူးသူတိုင်း သိကြ ...။ မြင်ဖူးကြသည်။

သကြန်မိုးရုပ်ရှင်၌ အနုပညာသမား နေအောင်က ...သမီး ခင်သန်းနုကို ခိုးယူရန် အတုမရှိကျောင်းသို့ ...ဆိုခဲ့သည်။ ခင်သန်းနုကလည်း နေအောင်နောက်သို့ ...လိုက်ရန် ချိန်းဆိုထားသည့်အတိုင်း အတုမရှိကျောင်း ...ကြီး၏ လှေကားထစ်၌ စိတ်မောလူမော ရုပ်သဏ္ဌာန်ကို ... နေအောင်အလာကို ထိုင်စောင့်နေခဲ့သည်။

နေအောင်က ချိန်းဆိုထားသည့် နာရီအချိန်ကျော် ...တိုင် ... ...လာခဲ့ပေ။ ခင်သန်းနုသည် ဝမ်းနည်းကြေကွဲ ... နေအောင်အလာကို စောင့်နေရင်း နေအောင် ချိန်းဆိုထားသည့် စာရွက်လေးကို အစိတ်စိတ်အမြွာမြွာ ဆုတ်ဖြဲပြီး အတုမရှိကျောင်းတော်ကြီး၏ အုတ်လှေကားပေါ် ကြဲချလိုက်လေသည်။ စက္ကူစလေးများသည် လှေကားထစ်များပေါ်မှ လေတိုက်ရာသို့ လွင့်စင်သွားပုံနှင့် ခင်သန်းနု ဝမ်းနည်းကြေကွဲဖွယ် သရုပ်ဆောင်ပုံသည် ရုပ်ရှင်ကြည့်ပရိသတ်တို့၏ စိတ်အာရုံကိုပါ ခင်သန်းနုကိုယ်စား ခံပြင်းဒေါသစိတ်ကို ဖြစ်ပေါ်စေခဲ့လေသည်။

သကြန်မိုးရုပ်ရှင်သည် နှစ်စဉ်နှစ်တိုင်း သကြန်ရာသီ၊ သကြန်ရက်၌ ရုပ်မြင်သံကြား အစီအစဉ်မှ ပြသလေ့ရှိသောကြောင့် စာရှုသူအများစု အကြိမ်ကြိမ် ကြည့်ဖူးသော ရုပ်ရှင်ဇာတ်ကားဖြစ်၍ အတုမရှိကျောင်းကြီးကို မြင်ဖူးကြ၊ တွေ့ဖူးကြပေမည်။ သကြန်မိုးရုပ်ရှင်၌ စာရှုသူတို့ တွေ့ဖူးသော အတုမရှိကျောင်းကြီးသည် အုတ်လှေကားနှင့် အုတ်ဖိနပ်၊ အုတ်တံတိုင်းသာ ကျန်ရှိသော ကျောင်းပျက်ကြီးအဖြစ်သာ တွေ့မြင်ရပေမည်။




www.burmeseclassic.com

www.burmeseclassic.com



အတုမရှိကျောင်းတော်ကြီးအား အနီးကပ်
ခမ်းနားစွာ တွေ့ရပုံ




အတုမရှိကျောင်းတော်ကြီးအား အဝေးမှ တွေ့ရပုံ



အတုမရှိကျောင်းတော်အဝင်၌ တွေ့ရသော ကမ္ပည်းတိုင်

အတွင်း၌ မင်းတုန်းမင်းကြီး တည်ဆောက်ကုသိုလ်ပြု ခဲ့သော အတုမရှိကျောင်းကြီးကား မီးလောင်၍ ပျက်စီးခဲ့ပေပြီ။ ကြီးမားသော အုတ်လှေကားကြီးနှင့် အုတ်ဖိနပ်၊ အုတ်တံတိုင်းသာ ကျန်ရှိသော အတုမရှိကျောင်းတော်ကြီးကို နောက်ခံထား၍ ရိုက်ကူးခဲ့သော သကြ္ဂန်မိုးရုပ်ရှင်ကားကို ကြည့်ဖူးကြသော ရုပ်ရှင်ကြည့်ပရိသတ်ကြီးအနေနှင့် ထိုကျောင်းကြီးနှင့် သက်ဆိုင်သော သမိုင်းကြောင်းကို သိလိုကြပေမည်။ စာရှုသူတို့ အတုမရှိကျောင်းတော်ကြီးအကြောင်း ပြည့်ပြည့်စုံစုံ လေ့လာသိရှိနိုင်ရန် စာရေးသူအနေနှင့် ကြိုးစား၍ တင်ပြလိုက်ရပေသည်။

❖ ❖ ❖



အတုမရှိကျောင်းတော်၌ ရိုက်ကူးဖော်ပြထားသော
ကြေးဆင်းတုအား ဖူးတွေ့ရပုံ

စာရေးသူသည် မနှစ်က တစ်ကြိမ် မန္တလေးသို့ရောက် ခဲ့သည်။ ရွှေထီး၊ ဥဒေါင်း၊ စလွယ် ဝယ်ယူရေးအတွက် အမြ သွား အမြန်ပြန်ရ၍ အေးအေးဆေးဆေး ဘုရားဖူးခွင့် မကြ ခဲ့။ မဟာမြတ်မုနိ ဆုတောင်းပြည့်ဘုရားကြီးနှင့် မန္တလေ တောင်ကိုသာ ရောက်ခဲ့သည်။

ယခုနှစ်အစပိုင်း၌လည်း အလောင်းတော်ကဿ ဘုရားဖူးထွက်ခဲ့သည်။ နာမည်တစ်လုံးတည်းနှင့် ဘုရား ပို့ဆောင်ရေး ကုမ္ပဏီနှင့် ဆက်သွယ်၍ လိုက်ပါခဲ့သည် အခြားသော ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းများ အနေနှ အလောင်းတော်ကဿပနှင့် စစ်ကိုင်း-မုံရွာ-မန္တလေးဘုရား ပို့ပေးမည့်ခရီးစဉ်၌ ဘုရားဖူးတစ်ယောက် ငါးသောင်း၊ ေ သောင်းကျပ်သာယူပြီး စားစရိတ်ငြိမ်းပို့ပေးရန် ကြော်ငြာ သည်။ စာရေးသူတို့ ဇနီးမောင်နှံသည် အသက်အရွယ် ကြ ရင့်သူများဖြစ်၍ အမည်တစ်လုံးတည်းနှင့် ကြော်ငြာခဲ့သေ ကုမ္ပဏီနှင့် ဆက်သွယ်လိုက်သည်။ ထိုကုမ္ပဏီက ဘုရား တစ်ယောက် ကိုးသောင်းတောင်းသည်။ ပို့ဆောင်ပေးမ မော်တော်ယာဉ်မှာ နောက်ဆုံးပေါ် မော်တော်ယာဉ်ဖြ အိမ်သာပါ ယာဉ်ပေါ်၌ပါသည်ဆို၍ ထိုနာမည်တစ်လုံး နှင့် ကုမ္ပဏီနှင့် ငွေကျပ် တစ်ဦးလျှင် ကိုးသောင်းပေ သားအဖ၊ သားအမိ သုံးဦးလိုက်ပါခဲ့သည်။

www.burmeseclassic.com



ကြေးဆင်းတုရုပ်ပွားတော်အား ပလက်ဖွင့်နှင့်တကွ အနီးကပ်ဖူးတွေ့ရပုံ

ထိုကုမ္ပဏီ၏ ဘုရားဖူးခရီးစဉ်သည် အလောင်းတော်သပ၊ မုံရွာနှင့် စစ်ကိုင်းဘုရားများအပြင် မန္တလေး ဦးပိန်တံတား၊ မန္တလေးတောင်၊ ငါးရံ့မင်းတောင်၊ မဟာမြတ်မုနိဘုရား စသည့် မန္တလေးဘုရားများလည်း ပါဝင်သည်။ ...ယတမ်း ပို့ဆောင်သောအခါ မန္တလေးဘုရား တစ်ဆူမှ ...ခွင့်မရတော့ပေ။ မုံရွာရှိ သမ္ဗုဒ္ဓေဘုရား၊ ဗောဓိတစ်ထောင်ဘုရားများကိုပင် ညနေစောင်းမှ အပြေးအလွှား ဖူးကြရသည်။

မန္တလေးသို့ ရောက်သောအခါ ည ၉ နာရီပင် ထိုးနေပြီ။ မဟာမြတ်မုနိဘုရားကြီး၏ သံတံခါးပိတ်ထားသော ...ပေါက်ဝမှ မဟာမြတ်မုနိဘုရားကြီးအား စိတ်ဝယ်ရည်မှန်း၍ ဦးချကန်တော့ခဲ့ရသည်။ ကျန်ဘုရားများကိုကား ဖူးရဖို့ ...အနားသို့ပင် မရောက်ခဲ့ပေ။ ညစာကိုလည်း မိမိစရိတ်...မိ စားခဲ့ရတော့သည်။ ငွေကိုးသောင်းပေး၍ အေးအေး...ဆေး ဘုရားဖူးခွင့်ရမလား အထင်နှင့် နောက်ဆုံးပေါ်...အိတ်ယာဉ်နှင့် လိုက်ပါလာခဲ့သော စာရေးသူ သက်ကြီး...အိုသည် မော်တော်ယာဉ်ပေါ်၌ ပါလာသော အိမ်သာ...လည်း သုံးခွင့်မရခဲ့။ မစင်အညစ်အကြေးများနှင့် ပိတ်ဆို့...၍ ဒုက္ခတွေ့ရလေသည်။

စားစရိတ်ငြိမ်းဆိုပြီး ခေါ်လာသော်လည်း စစ်ကိုင်း၌...စောစော နံနက်စာတစ်ကြိမ်၊ မန္တလေး၌ ညစာတစ်ကြိမ်



ရောင်စုံမီးများဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရသော ကြေးဆင်းတုရုပ်ပွားတော်




မှခ်ပေါက်၌ အင်္ဂတေပန်းချီများ၊ အမွှမ်းပန်းများ၊ မြန်မာ့ဒေါင်းရုပ်နှင့် အင်္ဂတေကနုတ်ပန်းလက်ရာများကို တွေ့ရပုံ

ကို မိမိအစီအစဉ်နှင့် စားခဲ့ရလေတော့သည်။ ထို့ကြောင့် ယခုနှစ် ဖေဖော်ဝါရီ ဘုရားဖူးခရီးစဉ်၌ မန္တလေးသို့ ညဉ့်နက်သန်းခေါင်မှရောက်၍ မည်သည့်ဘုရား၊ မည်သည့်နေရာမှ မရောက်ခဲ့ပေ။

ယခုလည်း စာရေးသူမိသားစု ဖွင့်လှစ်ထားသော ဟိုင်းမင်းသက်န်းဆိုင်အတွက် ကထိန်ရာသီ၌ ရောင်းချရန် ရွှေထီးနှင့်တခြားနိဗ္ဗာန်ကုန်များ ဝယ်ယူရန် နေ့ချင်းပြန်ခရီး ထွက်ရာမှ လပြည့်ဝန်းအယ်ဒီတာချုပ် ဆရာညဏ်ပွင့် (စက်မှုတက္ကသိုလ်)အား ပေးထားသော ကတိအရ ရွှေနန်းတော်

www.burmeseclassic.com



အတုမရှိကျောင်းတော်ကြီးသို့ တက်ရာလှေကားနှင့် ရွှေရောင်များဝင်းလဲ့နေသော လှေကားခွင်အားတွေ့ရပုံ

ကျောင်းနှင့် အတုမရှိကျောင်းတော်သို့ ရသည့်အချိန်တို အတွင်း သွားရောက်လေ့လာ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

ရွှေနန်းတော်ကျောင်းကို လေ့လာပြီးနောက် အတုမရှိ ကျောင်းသို့ ရောက်ရှိခဲ့သည်။ ထိုကျောင်းကြီး နှစ်ကျောင်း သည် ဝေးကွာခြင်းမရှိ၍ အလွယ်တကူပင် ကူးပြောင်းနိုင်ခဲ့ သည်။

ကားဖြင့်လိုက်ပို့သော ဦးခင်မောင်အား တောင်းပန်၍ အတုမရှိကျောင်းကို ဝင်ခဲ့သည်။ သား၏မိတ်ဆွေ နန်းအွမ် ခမ်း ရိုက်ကူးပေးပို့ထားသော ဓာတ်ပုံအယ်လ်ဘန်ကြောင့် ဓာတ်ပုံမှတ်တမ်း မရိုက်ရ၍ အတော်ပင် အဆင်ပြေလှသည်။ လိုအပ်သည်ဟု ထင်ရသော ပုံတချို့ကိုသာ ထပ်မံရိုက်ယူရ၍ အချိန်ကုန်သက်သာလှသည်။

❖ ❖ ❖

မင်းတုန်းမင်းကြီးသည် မန္တလေးနေပြည်တော်အား တည်ဆောက်ရာတွင် မြို့တော်၌ သတ္တဋ္ဌာနများကို တစ်ပြိုင် တည်း တည်ဆောက်ခဲ့သည်။ သတ္တဋ္ဌာနတို့မှာ (၁)မြို့ (၂)ကျုံး (၃)စေတီယာ (၄)သိမ် (၅)ကျောင်း (၆)သုဓမ္မာ (၇)ရွှေစာ ပိဋကတ် ဟူ၍ အတိုကောက် မှတ်သားထားလေသည်။

ထိုခုနစ်ဌာနတို့မှာ . . .

(၁) မြို့တော် ဆိုသည်မှာ ရွှေနန်းတော်ကြီးနှင့်တကွ မြို့ တော်အတွင်း အဆောက်အအုံများ၊

(၂) ကျုံး ဆိုသည်မှာ ကျုံးတော်ကြီး မြို့ပတ်ပတ်လည်၊


(၃) စေတီယာ ဆိုသည်မှာ မဟာလောကမာရဇိန်စေတီ တော်မြတ်ကြီး၊

(၄) သိမ် ဆိုသည်မှာ ပဋ္ဌာန်းသိမ်တော်ကြီး၊

(၅) ကျောင်း ဆိုသည်မှာ အတုမရှိတိုက်တော်ကြီး၊


(၆) သုဓမ္မာ ဆိုသည်မှာ သုဓမ္မာဇရပ်တော်ကြီး၊ သာသနာ ရေး သာသနာ့မှုဆိုင်ရာ သံဃလွှတ်တော်၊

(၇) ရွှေစာပိဋကတ် ဆိုသည်မှာ ရွှေရေး၊ မင်ရေး၊ ကညစ် ရေး၊ ပုရပိုက်၊ ကန့်ကူရေး စသည့်ပိဋကတ်သုံးပုံ ပါဠိ တော်မူများ (၎င်းတို့ကို အခြေပြု၍ သင်္ဂါယနာတင် တွင် အသုံးပြုရသော စာတော်မူများအတိုင်း ကျောက်ထက်အက္ခရာတင်ရသည့် စာပေမူများထား ရာ ပိဋကတ်တိုက်တော်။




အတုမရှိ ကျောင်းတော်ကြီးတည်ရှိရာ မဟာဝိဇယာရာမတိုက် အဝင်သစ်သားတံခါး


www.burmeseclassic.com



အတုမရှိကျောင်းတော်ကြီး၏ ကျယ်ပြန့်လှသောအခန်းကြီးအား ရွှေရောင်ဝင်းနေသည့် အုတ်တိုင်များနှင့် ခမ်းနားစွာတွေ့ရပုံ




အတုမရှိကျောင်းတော်ကြီး၏ အနီရောင်နှင့် ရွှေရောင်များ တောက်ပနေသော မျက်နှာကြက်အားတွေ့ရပုံ



အတုမရှိကျောင်းတော်မှ မန္တလေးတောင်အား ဝိုးတဝါး မြင်တွေ့ရပုံ

မင်းတုန်းမင်း မန္တလေးမြို့တော်တည်စဉ် တည်ထားသော သတ္တဌာန ခုနစ်ဌာနတွင် အတုမရှိကျောင်းတော်ကြီးလည်း ပါဝင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အတုမရှိကျောင်းတော်ကြီးသည် လွန်စွာပင် အရေးပါလှသောကျောင်းတော်ကြီးဖြစ်၍ စာရေးသူသည် ရွှေနန်းတော်ကျောင်းတော်မှ တစ်ဆင့် အတုမရှိကျောင်းသို့ ဝင်ရောက်လေ့လာ မှတ်တမ်းယူရန် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

စာရေးသူသည် အဝေးမှလှမ်း၍ မြင်နေရသော မဟာအတုလဝေယံ ကျောင်းတော်ကြီးအား ငေးကြည့်နေရင်း



အတုမရှိကျောင်းတော်ကြီး၏အုတ်တိုင်များ အုတ်တံတိုင်းတို့၌ အင်္ဂတေပန်းလက်ရာများ တွေ့ရပုံ

အသစ်ပြန်လည် တည်ဆောက်ထားသော ကျောင်းတော်ကြီးသည် မူလမင်းတုန်းမင်းကြီး၏ ကောင်းမှုတော်နှင့် ပုံစံတူလှပါပေသည်ဟု မှတ်ချက်ချမိသည်။ စာရေးသူသည် မင်းတုန်းမင်း၏ ကောင်းမှုတော်ကြီး မီးမလောင်ခင် ၁၈၇၈ ခုနှစ်က ဓာတ်ပုံကို မြင်ဖူးထား၍ ယခု အတုမရှိကျောင်းတော်နှင့် ရှေးယခင် ကျောင်းတော်ကြီးကို နှိုင်းယှဉ်နိုင်ခြင်း ဖြစ်ပေသည်။

အတုမရှိကျောင်းတော်အနီးသို့ ရောက်သောအခါ သံတိုင်များနှင့် ကာရံထားသော ခြံစည်းရိုးသို့ ရောက်လေသည်။ ကျောင်းတော်ရှေ့ သံတိုင်စည်းရိုးအနီးတွင် "မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး ဟူသော သစ်ထွင်းကမ္ပည်းမှတ်တိုင်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနှင့် တွေ့ရသည်။ အတုမရှိကျောင်းတော် ဝင်ပေါက်ဂိတ်၌ ဝင်ကြေးပေးဆောင်ပြီးနောက် သကြိုန်မိုးရုပ်ရှင်၌ ခင်သန်းနုနေအောင်အားအား လာနိုးငယ်မျှော် သရုပ်ဆောင်ရာ အုတ်လှေကားကြီးထံ လျှောက်လှမ်းခဲ့သည်။ မနုသီဟရုပ်ခံ အုတ်လှေကားကြီး၏ လက်ရန်းနှစ်ဖက်ကြားရှိ ကြွေပြားခင်းထားသော လှေကားထစ်များကို တစ်ထစ်ချင်းနင်း၍ အတုမရှိကျောင်းတော်ကြီးသို့ တက်ရောက်ခဲ့သည်။

အတုမရှိ ကျောင်းတော်ကြီးအား အသစ်ပြန်လည် တည်ဆောက်ရာတွင် ကုန်းဘောင်ခေတ် ဗိသုကာလက်ရာအတိုင်း ပုံစံတူ ပြန်လည်တည်ဆောက်ထားခြင်း ဖြစ်သည်။ ကျောင်းတော်ကြီးအတွင်း၌ မှန်စီရွှေချတိုင်ကြီးများဖြင့် ခံ့ညားထည်ဝါလှသည်။ ဟင်္သာပြဒါးရောင်ရဲရဲနှင့် ရွှေပိန်းချအကွက်ဖော်ထားသော မျက်နှာကြက်မှာလည်း အမြင်ဆန်းလှသည်။ ကျယ်ပြန့်လှသော ကျောင်းတော်ခန်းမကြီး၏ ကြမ်းပြင်သည် ကြွေပြားရောင်စုံဖြင့် တောက်ပြောင်နေသည်။


ကျောင်းတော်ကြီး၏ အတွင်းနံရံ၌ ဉာဏ်တော် သုံးတောင်ခန့်ရှိသော ကြေးဆင်းတုတော်တစ်ဆူကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ခြင်္သေ့ရုပ်တုများခံ၍ ထွင်းထုထားသော ပလ္လင်ထက်ဝယ် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကြေးဆင်းတုမှာ လွန်စွာသပ္ပာယ်ပြီး ကြည်ညိုဖွယ် ဖူးမြော်ရလေသည်။





www.burmeseclassic.com

www.burmeseclassic.com



အတုမရှိကျောင်းတော်ကြီး၏ ကမ္ပည်းကျောက်စာ



မကာန်းလှေကားကြီးတစ်စင်း၏ မိကျောင်းခေါင်း လက်ရမ်းအား တွေ့ရပုံ



လက်ရန်းအောက်၌ မနုသီဟ ခြသေ့ရုပ်အားတွေ့ရပုံ

ရောင်စုံမီးသီးများဖြင့် ဗုဒ္ဓဆင်းတုတော်မှာ ဖူးမြော်ရသူတို့ အနေနှင့် ကြည်ညိုသဒ္ဓါ ပွားများရာ ပိုမိုထက်သန်စေလေသည်။ ပလ္လင်တော်၏ လက်ရာမှာ အနုစိတ်လှပြီး ယိုးဒယားပလ္လင်ပုံစံနှင့် ခပ်ဆင်ဆင်တူလေသည်။ အတုမရှိ ကျောင်းတော်ကြီးကို မင်းတုန်းမင်းကြီး တည်ဆောက်ပြီးနောက် ထိုကျောင်းတော်ကြီးတွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်နှစ်ဆူ ပူဇော်ထားခဲ့သည်။

ပထမအဆူမှာ သီဟိုဠ်ကျွန်းမှ ဆက်သလာသော မဟာဗောဓိသား ရုပ်ပွားတော်ကြီးဖြစ်သည်။ မင်းတုန်းမင်းသည် မိမိ၏ကောင်းမှုတော် အတုမရှိ ကျောင်းတော်ကြီး၌ သီတင်းသုံးစံပယ်တော်မူစေပြီး အများပူဇော်နိုင်ရန် ထားရှိလေသည်။

ထိုသီဟိုဠ်မဟာဗောဓိ ရုပ်ပွားတော်ကြီးနှင့်အတူ အတုမရှိကျောင်းတော်ကြီး၌ မံဆင်းတုတော်တစ်ဆူကိုလည်း ထားရှိပူဇော်ခဲ့သည်။ ထိုမံရုပ်ပွားတော်မြတ်မှာ မင်းတုန်းမင်းကြီး၏ ဝတ်လဲတော်များကို ပြာချ၍ သစ်စေးသရိုးဖြင့် ပြုလုပ်တည်ထားသော ဉာဏ်တော် (၁၈)တောင်ရှိ မံဆင်းတုတော်ကြီးဖြစ်သည်။ မံဆင်းတုတော်ကြီး၏ ဥဏ္ဏာလုံမွေ့ရှင်တော်နေရာတွင် ၃၂ ရတီရှိ စိန်ကြီးတစ်လုံး တပ်ဆင်ပူဇော်လှူဒါန်းထားလေသည်။

အတုမရှိ ကျောင်းတော်ကြီးသည် ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက် ဗြိတိသျှနယ်ချဲ့ စစ်တပ်၏ စစ်တန်းလျားအဖြစ် ရောက်ခဲ့ရသည်။ ထို့အပြင် ၁၈၉၂ ခုနှစ်၌ အတုမရှိကျောင်းတော်ကြီးသည် မီးလောင်ပျက်စီးခဲ့ရာ မံဆင်းတုတော်ကြီး၌ မင်းတုန်းမင်းလှူဒါန်း ပူဇော်ထားသော ၃၂ ရတီရှိ စိန်ကြီးမှာလည်း ပျောက်ဆုံးခဲ့ရသည်။ ထိုစိန်ကြီးနှင့်အတူ ယောအတွင်းဝန် ဦးဘိုးလှိုင် တည်ဆောက်ခဲ့သော အတုမရှိကျောင်းတော်ကြီးနှင့် မြန်မာတို့၏ ယဉ်ကျေးမှု ဗိသုကာလက်ရာ အမွေအနှစ်များလည်း ပျက်စီးခဲ့ရလေသည်။

စာရေးသူသည် အသစ်တစ်ဖန် တည်ဆောက်ထားသော အတုမရှိကျောင်းတော်ကြီးရှိ ကြေးဆင်းတုကြီးအား ဖူးမြော်ရင်း ဤကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူခဲ့သော သီဟိုဠ်မဟာဗောဓိ မြတ်စွာဘုရား ရုပ်ပွားတော်နှင့်





www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းကြီး၏ ဝတ်လဲတော်များ ပြာချပြီး စစ်စေးသရိုးတို့ဖြင့် မံ၍ ပြုလုပ်ထားသော ၁၈ တောင်အမြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလည်း စိတ်မှန်းဖြင့် ပူဇော်နေမိသည်။

မံဆင်းတုတော်ကြီး၌ တပ်ဆင်ပူဇော်ထားသော ၃၂ ရတီရှိ စိန်တော်ကြီးကိုလည်း ပြန်လည်မြင်ယောင်ရင်း မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်ခဲ့ပုံကို အတွေးနယ်ချဲ့ရင်း ကုန်းဘောင်ခေတ်နှောင်းပိုင်း အာဏာရရေးအတွက် စည်းလုံးညီညွတ်မှုကို ပြိုကွဲစေခဲ့ကြသော ပဒေသရာဇ်တို့ မှူးမတ်လက်ပါးစေတို့အား သမိုင်းတရားခံများအဖြစ် မှတ်တမ်းတင်ပြီး ရှုတ်ချရန် ဆန္ဒများ ဖြစ်ပေါ်လာခဲ့ပေသည်။



အဝင်မုခ်ဝ၌ အစောင့်ဘီလူးရုပ်



က်ရာမြောက်လှသော ဒေါင်းရုပ်



တောင်ဘက်လှေကားမှ စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် အစောင့်ဘီလူး



အတုမရှိကျောင်းကြီးအောက်ခြေ တိုင်လုံးများ

အသစ်ပြန်လည် တည်ဆောက်ထားသော ကျောင်းတော်ကြီးသည် ကျယ်ဝန်းသစ်လွင်နေသည်။ မှန်စီရွှေချတိုင်ကြီးများ၏ ဝင်းလက်တောက်ပြောင်မှု၊ ကြမ်းခင်းကြွေပြားတို့၏ အရောင်တောက်ပမှု၊ နီရဲသောအသွင်နှင့် ရွှေပြားတို့ဖြင့် ရွှေပိန်းချထားမှုတို့သည် အတုမရှိ ကျောင်းတော်ကြီး၏ ခမ်းနားကြီးကျယ်မှုကို ပေါ်လွင်စေလေသည်။ အတုမရှိ ကျောင်းတော်ကြီး၏ ခမ်းနားကြီးကျယ်မှုကို ပေါ်လွင်စေလေသည်။ အတုမရှိ ကျောင်းတော်ကြီး၏ မူလ တည်ဆောက်ပြီးစလက်ရာအတိုင်း ပြန်လည် တည်ဆောက်ထားခြင်းဖြစ်၍ အတုမရှိကျောင်းတော်ကြီး၏ မူလလက်ရာ အနေအထားကို ခန့်မှန်းကြည့်နိုင်ပေသည်။


ကျောင်းတော်ကြီးအား ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အုတ်မြစ်ချ၍ ပြန်လည်တည်ဆောက်ခဲ့

www.burmeseclassic.com


www.burmeseclassic.com

ကြောင်း တွေ့ရသည်။ တည်ဆောက်ရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ "ကျောင်းတော်ကြီးအား မူလ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရန်" ဟူသော ညွှန်ကြားမှုကို အခြေခံကာ ပြန်လည်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်· တိုင်းမှူးကိုယ်တိုင် ကြီးကြပ်ကွပ်ကဲပြီး တာဝန်ယူတည်ဆောက်ခဲ့သည်။

၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ တည်ဆောက်ရေးလုပ်ငန်းများ အဆုံးသတ်နိုင်ခဲ့သည်။ အတုမရှိ ကျောင်းတော်ကြီးသည် မီးလောင်မပျက်စီးခင် အခြေအနေအတိုင်း ပြန်လည်တည်ဆောက် ပြီးစီးခဲ့ရာ ယနေ့ တွေ့မြင်



အင်္ဂတေ ကနုတ်ပန်းလက်ရာများနှင့် ပုံဖော်ထားသော မုခ်အဝင်



ကျောင်းကြီးအောက်ခြေ၌ ပြုပြင်လက်စ လုပ်ငန်းများ



မြေအောက်မှ တူးဖော်ရရှိသော မူလမီးလောင်ထားသည့် ကျွန်းတိုင်ငုတ်



အရှေ့ဘက်လှေကားမှ အင်္ဂတေဖြင့် ပြုလုပ်ထားသော မူလလက်ရာ မနုသီဟရုပ်တု

နေရသည့် ပုံစံအတိုင်းပင် ဖြစ်ပေသည်။

မဟာအတုလဝေယန်ကျောင်း (အတုမရှိကျောင်း) တော်ကြီးသည် မန္တလေးတောင်ခြေ "မဟာအတုလ ဝိဇယာရာမကျောင်းတိုက်တော်" အတွင်း၌ တည်ရှိသည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်အတွင်း၌ တည်ရှိပြီး ရွှေနန်းတော်ကျောင်းနှင့် ကပ်လျက်တည်ရှိသည်။ အတုမရှိကျောင်းထက်မှ လှမ်းမျှော်ကြည့်ပါက မန္တလေးတောင်တော်အား အထင်အရှား တွေ့မြင်နိုင်လေသည်။ တောင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများကိုပင် ဝိုးတဝါး မြင်တွေ့နိုင်သည်။

အတုမရှိကျောင်းတော်ကြီးသည် အထက်၌ဆိုခဲ့သည့်အတိုင်း မင်းတုန်းမင်းကြီး ရတနာပုံ မန္တလေးမြို့တော် စတင်တည်ထားခြင်း တစ်ပြိုင်နက် အုတ်မြစ်ချ၍ တည်ဆောက်ခဲ့သည့် ကျောင်းမှူတော် သတ္တဌာန ခုနစ်ဌာန၌ တစ်ခုအပါအဝင်ဖြစ်သည်။

မင်းတုန်းမင်းကြီးသည် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့ ညဉ့်နှစ်ချက်တီးကျော် ၁၄ ရက် တနင်္ဂနွေနေ့ သို့အဝင်တွင် အုတ်မြစ်ချ တည်ဆောက်စေခဲ့သည်။

ကျောင်းတော်ကြီး တည်ဆောက်မှုကို ယောအတွင်းဝန် ဦးဘိုးလှိုင်က ဦးစီးခဲ့သည်။ ကျောင်းတော်ကြီးအား ၁၂၂၁ မှ စတင်တည်ဆောက်ခဲ့ရာ ၁၈ နှစ်ကျော်ကာလ ကြာမြင့်ခဲ့သည်။ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် ကဆုန်လတွင် ရေစက်ချ လှူဒါန်းတော်မူလေသည်။

www.burmeseclassic.com



ကျောင်းကြီးအောက်၌ မူလရှေးလက်ရာများကို ပြန်လည်တူးဖော်ထားပုံ

အတုမရှိကျောင်းတော်ကြီး တည်ဆောက်ရာတွင် ငွေဒင်္ဂါး ငါးသိန်းခန့် ကုန်ကျခဲ့သည်။ မင်းတုန်းမင်းကြီးလက်ထက် မြို့တော် လေးပြင်လေးရပ်ရှိ ကျောင်းတိုက်ကြီးပေါင်း ၁၁၄ ကိုက်တို့ထက် သာလွန်မြင့်မြတ် ခံ့ညားထည်ဝါသော တုနှိုင်းယှဉ်မရှိသည့် ကျောင်းတော်ကြီးဖြစ်၍ အတုမရှိကျောင်းဟူ၍ [illegible]ခေါ်ဝေါ်ကြရာမှ ကျောင်းတော်ကြီး၏ ဂုဏ်ဒြပ်နှင့်အညီ လူသိများ ထင်ရှားလာခဲ့လေသည်။


အတုမရှိ ကျောင်းတော်ကြီးကို အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့သည်။ ဘုံသုံးဆင့် အဆောက်အအုံဖြစ်သည်။ [illegible]အစဉ်အလာ ဘုန်းကြီးကျောင်းများနှင့် တည်ဆောက်ပုံ[illegible]ပေ။ ဇေတဝန်တစ်ဆောင်တည်းဖြင့် တည်ဆောက်ထားသော ကျောင်းကြီးဖြစ်သည်။ အတုမရှိ ကျောင်းတော်ကြီး၏ အတိုင်းအတာမှာ အရှေ့ အနောက် လှေကားအဆုံးထိ ၃၃၉ [illegible] တောင်မြောက် ၂၈၁ ပေ ကျယ်ဝန်းလေသည်။ အမြင့် [illegible] ၁၀၀ ရှိသည်။ အုတ်အင်္ဂတေတို့ဖြင့် ရံထားသော ကျွန်း[illegible]ပေါင်း ၂၄၆ တိုင်ဖြင့် တည်ဆောက်ခဲ့သည်။ ကွန်းစင်[illegible] အမြင့် ၆၇ တောင် မြင့်သည်။

မြန်မာမှုပန်းတော့ အုတ်အင်္ဂတေလက်ရာ၊ မကန်း[illegible]ကြီး ခြောက်စင်းဖြင့် တည်ဆောက်ထားသည်။ နံရံမှ[illegible]များတွင် ဖရုံမြောင့်ခံ စုလစ်မွမ်းချွန်များ၊ အမွမ်းပန်းများ၊ မြန်မာဥဒေါင်းရုပ်နှင့် အင်္ဂတေကနုတ်ပန်း လက်ရာများ၊ ရတနာပုံခေတ် သစ်သားတံခါးမကြီးများမှာလည်း ဂုဏ်ယူဝင့်ကြွားဖွယ်ရာ လက်ရာများဖြစ်သည်။


အတုမရှိကျောင်းတော်ကြီး အနီး၌ရှိသော ရွှေနန်းတော်ကျောင်းကြီးသည် သစ်ထွင်းပန်းပုလက်ရာများဖြင့် ကုန်းဘောင်ခေတ် (ရတနာပုံခေတ်) ကာလ၏ မြန်မာမှုပန်းပုပညာကို ဖော်ညွှန်းနေသလို အတုမရှိကျောင်းတော်ကြီးကား ထိုခေတ်ကာလ၏ အုတ်အင်္ဂတေ ဗိသုကာလက်ရာများကို အပြိုင်ဖော်ညွှန်းလျက်ရှိပေသည်။

အတုမရှိကျောင်းတော်ကြီး၏ မူလအင်္ဂတေ ဗိသုကာလက်ရာများကား မီးလောင်၍ အတွင်းပိုင်း၌ ပျက်စီးခဲ့ရလေသည်။ ယခုအခါ၌ကား နိုင်ငံတော်အနေနှင့် ရှေးမူဗိသုကာလက်ရာများအတိုင်း အသစ်ပြန်လည် တည်ဆောက်ပြုပြင်ထား၍ ရှေးမူမပျက် လေ့လာနိုင်ပေသည်။

အတုမရှိကျောင်းတော်ကြီးအား ယောအတွင်းဝန် တည်ဆောက်စဉ်က ငွေဒင်္ဂါးငါးသိန်းခန့် ကုန်ကျခဲ့သော်လည်း မီးလောင်ပျက်စီး၍ ယခုအခါ ပြန်လည်တည်ဆောက် ပြုပြင်ရာတွင် ငွေကျပ် ၁၆၇၈. ၂ သိန်းဖြစ်လေသည်။ ၁၉၉၆ ခုနှစ်က ကုန်ကျစရိတ်ဖြစ်လေရာ ယခု ၂၀၁၃ ခုနှစ်၌ ပြုပြင်တည်ဆောက်ပါက ဆယ်ဆမက ကုန်ကျလေမည်လားဟု စာရေးသူ တွေးနေမိသည်။



အတုမရှိကျောင်းကြီး နောက်ခံသမိုင်းနှင့် မှတ်တမ်းဓာတ်ပုံများ


BRIEF BACKGROUND HISTORY
OF
ATUMASHI (INCOMPARABLE) MONASTERY

This monastery is formelly named Maha-Atula-Waiyan, it is commonly known as Atumashi Kyaung (Incomparable monastery ). It is situated near the Golden PalaceMonastery.

This monastery is one of the SEVEN SPECIFIC EDUIFICES, the foundation stones of which were laid down simultaneously on 22nd May 1859. The construction of this monestery, supervised by U Pho Hlaing, the Atwin-Wun of Yaw District, (Secretary of Minist ) lasted for about 18 years. When the monstery was completed on 29th November 1877, dedicated to the religion.

It is the most largest one of the religious monumets in Mandalay, than the other 141 monuments built by King Mindon (AD.1853-1878) at a cost of circa Kyats 500,000.

Although rectangular is shape, its upper structure consisted of five graduated flat-rooffed terraces, instead of the customary seven roofed called Pyathats or spires.

အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော သမိုင်းအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းကြီးသည် အတုမရှိကျောင်းတော်ကြီးအား မြန်မာသက္ကရာဇ် ၁၂၄၀ ခုနှစ် ကဆုန်လတွင် ရေစက်သွန်းချခဲ့ရာ ထို ၁၂၄၀ ပြည့်နှစ်၌ပင် မင်းတုန်းမင်းကြီး နတ်ရွာစံ ကံကုန်၍ ကျောင်းတော်ကြီးအား ကိုယ်တိုင်ရေစက်သွန်းချနိုင်ခဲ့ခြင်းသည် မင်းတုန်းမင်းကြီးအဖို့ ထူးမြတ်သော ကုသိုလ်တော်ပင်ဖြစ်သည်။

အတိအကျ ဖော်ပြရသော် ၁၂၄၀ ပြည့်နှစ် ကဆုန်လ၌ အတုမရှိကျောင်းတော်ကြီး ၁၈ နှစ်ကျော်ကြာ တည်ဆောက်ခဲ့ရာမှ ပြီးစီးခဲ့သောကြောင့် မင်းတုန်းမင်းကြီး ရေစက်ချအလှူတော်ကို ခမ်းနားစွာ ကျင်းပခဲ့သည်။ ထိုနှစ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့၌ပင် မင်းတုန်းမင်းကြီး နတ်ရွာစံတော်မူခဲ့သည်။ ရေစက်ချအပြီး ငါးလအကြာ၌ မင်းကြီး နတ်ရွာစံလေသည်။ မင်းကြီးသည် အတုမရှိကျောင်းတော်ကြီး၏ ကောင်းမှုအဖို့ဘာဂကို ကိုယ်တော်တိုင် ရေစက်ချ အမျှအတန်း ဝေနိုင်ခဲ့သည်။

မင်းကြီး၏ အတုမရှိ ကျောင်းတော်ကြီးသည် သားတော် သီပေါမင်းလက်ထက်၌ ကောင်းစွာစောင့်ရှောက်တော်မူ၍ မင်းတရားကြီးလက်ထက်တော်အတိုင်း တည်ရှိခဲ့သော်လည်း ၁၈၈၅ ခု သီပေါမင်း ပါတော်မူပြီးနောက် နယ်ချဲ့အင်္ဂလိပ် စစ်တပ်များ မန္တလေး ရတနာပုံမြို့ကို သိမ်းယူပြီးနောက် အတုမရှိကျောင်းတော်ကြီးသည် နယ်ချဲ့အင်္ဂလိပ်စစ်တပ်၏ စစ်တန်းလျား စစ်စခန်းချရာ အဆောက်အအုံဖြစ်ခဲ့သည်။


အင်္ဂလိပ်တို့ မန္တလေးမြို့ကို သိမ်းယူပြီးနောက် သီပေါမင်းနှင့် မိဖုရား၊ သမီးတော်တို့ကို အင်္ဂလိပ်ကိုလိုနီနယ် အိန္ဒိယသို့ ဖမ်းဆီးပို့ဆောင်ခဲ့ရာမှစ၍ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်နောက်ပိုင်း အင်္ဂလိပ် ကိုလိုနီဘဝသို့ ရောက်ခဲ့ရလေသည်။ စာရေးသူသည် ရွှေနန်းတော်ကျောင်း ဆောင်းပါးရေးစဉ်ကပင် ရတနာပုံနန်းတွင်း၌ သီပေါမင်း အာဏာရရေးအတွက် ဆင်ဖြူမရှင် မိဖုရားကြီးနှင့် မှူးမတ်အပေါင်း၊ လက်သုံးတော်အပေါင်းတို့က မင်းတုန်းမင်းကြီး၏ ထီးနန်းဆက်ခံရန် အရည်အချင်း ပြည့်မီသော မင်းသားကြီးများ အပါအဝင် သားတော်၊ သမီးတော်၊ မြေးတော်များကို လုပ်ကြံသတ်ဖြတ်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

ထိုသို့ အာဏာရရေးအတွက် မသမာသော အကြမ်းဖက်နည်း ကျင့်သုံးခဲ့သောကြောင့် မြန်မာတို့၏ အမျိုးသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရလေသည်။ ထိုသို့ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့၍လည်း နယ်ချဲ့အင်္ဂလိပ်တို့က အလွယ်တကူ သိမ်းပိုက်နယ်ချဲ့နိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့၍လည်း မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရိုးရာအစဉ်အလာများ ပျက်ပြားခဲ့ရသလို ကြီးမားလှသော ယဉ်ကျေးမှု အမွေအနှစ်များလည်း ပျက်စီးဆုံးရှုံးခဲ့ရလေသည်။ ထိုသို့ ဆုံးရှုံးမှုများထဲတွင် အတုမရှိကျောင်းတော်ကြီးလည်း ပါဝင်ခဲ့ပေသည်။

အတုမရှိ ကျောင်းတော်ကြီးသည် သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်စစ်တပ်၏ စစ်တန်းလျားဖြစ်ခဲ့ရာမှ ၁၈၉၂ ခုနှစ်တွင် မီးခပျက်စီးခဲ့ရသည်။ (သီပေါမင်း ပါတော်မူပြီး ခုနစ်နှစ်အကြာ) ကျောင်းတော်ကြီး၏ အရှေ့လှေကားနှင့် အုတ်တံတိုင်းသာကျန်ရှိပြီး အတွင်း၌ တည်ဆောက်ထားသော ကျောင်းကြီးကား ပုံ၌တွေ့မြင်ရသည့်အတိုင်း မြေခပျက်စီးခဲ့ရလေသည်။

စာရေးသူ ဖော်ပြထားသည့် ရှေးဟောင်းဓာတ်ပုံသုံးပုံကို လေ့လာကြည့်ပါက ၁၈၇၈ ခုနှစ် တည်ဆောက်ပြီးစ ကျောင်းတော်ကြီး၏ပုံမှာ မြန်မာတို့ အင်္ဂတေ ဗိသုကာလက်ရာကို အံ့ဩဖွယ် မြင်တွေ့နိုင်လေသည်။ ဘုံအဆင့်ဆင့်နှင့် ကြီးမားသော အုတ်အင်္ဂတေ အဆောက်အအုံကြီးမှာ လက်ရာအလွန်မြောက်လှပေသည်။ ယခုအခါ၌ ထိုလက်ရာမပျက် ပြန်လည်တည်ဆောက်နိုင်ခဲ့သော်လည်း ရှေးလက်ရာကို စာရေးသူ မှီ၍တမ်းတ မှန်းဆပြီး ချီးမွမ်းမိသည်က အမှန်ပင်ဖြစ်သည်။

ဒုတိယပုံသည် မီးလောင်ပျက်စီးနေသော ကျောင်းတော်ကြီး၏ အတွင်းပိုင်းပုံပင်ဖြစ်သည်။ ဘေးအုတ်တံတိုင်းများပတ်လည်၏ အလယ်၌ အုတ်တိုင် ငုတ်တိုင်များ၊ မီးကျွမ်းထားသော ကျွန်းတိုင်ငုတ်များဖြင့် မြင်တွေ့ရသော ရှုခင်းသည်



၁၈၇၈ ခုနှစ်၌ ဆောက်လုပ်ပြီးစ အတုမရှိကျောင်းတော်ကြီး



၁၈၉၂ ခုနှစ်၌ မီးလောင်ပျက်စီးသွားသည့် အတုမရှိကျောင်းတော်ကြီး၏ မီးလောင်ပြင်မြင်ကွင်း၊ မန္တလေးတောင်ပုံ



www.burmeseclassic.com

www.burmeseclassic.com

စိတ်မကောင်းစရာ ရှုခင်းပင်[illegible] သော အတုမရှိကျောင်းတော်ကြီးနှင့် မလှမ်းမကမ်း၌ မန္တလေးတောင်တော်ကို တွေ့မြင်နေရရာ ထိုတောင်တော်သည်လည်း သီပေါမင်းပါတော်မူပြီးနောက် စောင်းတန်းပြာသာဒ်တို့ မီးလောင်ခြင်းခံရ၍ ပျက်စီးခဲ့လေသည်။

တတိယပုံမှာ အတုမရှိကျောင်းတည်ရှိရာ မဟာဝိဇယရာမကျောင်းတိုက်ဝင် သစ်သားတံခါးကြီးဖြစ်ရာ ကုန်းဘောင်ခေတ် သစ်သားဗိသုကာ ပညာရပ်ကို လေ့လာနိုင်သည်။ ကြီးမားသော တိုင်ကြီးများဖြင့် တံခါးရွက်ကြီးနှစ်ရွက်အား ခိုင်ခံ့မားစွာ ပြုလုပ်ထားသည်မှာ ထိုခေတ်လက်သမားပညာရပ် မြင့်မားလှကြောင်း အကဲခတ်နိုင်သည်။ ယခုခေတ်ကာလလို သံကိုအသုံးမပြုဘဲ သစ်သားချင်း သပ်လျှိုသွင်းသည့် လက်ရာဖြင့် တည်ဆောက်ထားရာ အံ့ဖွယ်ပင်ဖြစ်သည်။ ပုဂံ အာနန္ဒာဘုရားရှိ သစ်သားတံခါးကြီးများက ပို၍ပင် အံ့ဖွယ်ဖြစ်လေသည်။

အတုမရှိကျောင်းတော်ကြီး၏ မူလလက်ရာ၌ အုတ်အင်္ဂတေပညာအပြင် သစ်သားတံခါးကြီးများကိုပါ ထည့်ဆောက်ထားလေရာ ရတနာပုံခေတ်၏ ကြီးမားသော သစ်သားတံခါးတည်ဆောက်မှု ပညာကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရလေသည်။

အတုမရှိကျောင်းတော်ကြီး၏ သမိုင်းအကျဉ်းအရ ကျွန်းတိုင်ပေါင်း ၂၄၆ တိုင် တည်ဆောက်ထားသည်ကို တွေ့ရသည်။ အတုမရှိကျောင်းအနီး၌ သီပေါမင်းလက်ထက် မင်းတုန်းမင်းနေထိုင်တော်မူရာ နန်းတော်ဆောင်နှင့် ခနဆောင်တို့ကိုဖျက်၍ ဆောက်လုပ်ခဲ့သော ရွှေကျောင်းတော်ခေါ် ရွှေနန်းတော်ကျောင်းမှာ ကျွန်းတိုင် ၁၅၀ ကို အသုံးပြုတည်ဆောက်ထား၍ အတုမရှိကျောင်းတော်သည် ရွှေနန်းတော်ကျောင်းထက်ကြီးမားကြောင်း တွေ့ရသည်။

ယောအတွင်းဝန်ဦးဖိုးလှိုင်သည် အတုမရှိကျောင်းတော်အား ၁၈ နှစ်ကျော်ကြာအောင် တည်ဆောက်ခဲ့ရာ ကျောင်းတော်ကြီးမှာ မြန်မာမှုအနုပညာလက်ရာများမှာ မြင်ရသူများအနေနှင့် ဂုဏ်ယူဝင့်ကြွားစရာများဖြစ်ကြောင်း တွေ့ရသည်။ ပင်မကျောင်းကြီးမှ မီးခပျက်စီးခဲ့၍ ကျောင်းတော်ကြီး၌ ကုန်းဘောင်ခေတ်နှောင်း ရတနာပုံခေတ်၏ ဗိသုကာလက်ရာများဆုံးရှုံးခဲ့ရ၍ အလွန်ပင်နစ်နာလှပေသည်။

မီးမလောင်ဘဲ ကျန်ရစ်သော မြန်မာမှုပန်းတော့အုတ်အင်္ဂတေလက်ရာ မကန်းလှေကားကြီး ခြောက်စင်းကို လေ့လာခြင်းအားဖြင့် ရတနာပုံခေတ် ဗိသုကာ၊ ပန်းပညာကို ဂုဏ်ယူစွာမြင်တွေ့ရသည်။

စာရေးသူ ဆောင်းပါးအစပိုင်း၌ ဖော်ပြခဲ့သော ဓာတ်ပုံမှ မိုးရုပ်ရှင်၌ ခင်သန်းနု ခိုးရာလိုက်ရန် နေအောင်ကို မျှော်ရင်း ထိုင်စောင့်နေသော အုတ်လှေကားကြီးပင်ဖြစ်သည်။

[illegible] ကျောင်းတော်ကြီးမှာ ပြန်လည် မပြုပြင်ရသေး၍ နောက်ဘက်၌ မီးမလောင်ဘဲ ကျန်ရစ်လေသော အုတ်တံတိုင်းသာ မြင်ရခြင်းဖြစ်သည်။

ကျောင်းတော်ကြီး၌ အုတ်အင်္ဂတေဖြင့် တည်ဆောက်ထားသည့် အရှေ့ဘက်အုတ်လှေကား လက်ရန်းမိကျောင်းခေါင်းပုံမှာ လက်ရာမြောက်လှသည်။ လှေကားလက်ရန်းမိကျောင်းခေါင်း၏ အောက်ခံအဖြစ် မနုဿီဟရုပ်တု၏လက်ရာကိုလည်း တွေ့နိုင်သည်။ တောင်ဘက်လှေကား၌ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော အစောင့်ဘီလူးရုပ်ကို လက်ရာမြောက်စွာ ထွင်းထုထားသည်။ မြန်မာဥဒေါင်းရုပ်ကိုလည်း အနုစိတ်ထုလုပ်ထားသည်ကို တွေ့ရသည်။

အတုမရှိကျောင်းတော်ကြီး၌ ရတနာပုံခေတ် ဗိသုကာလက်ရာ အတော်များများကို မီးလောင်ရာမှ လွတ်ကင်း၍ ကျန်ရှိနေသည်ကို တွေ့ရလေရာ ရတနာပုံခေတ် မြန်မာတို့၏ အင်္ဂတေပညာရပ် ကိုးတက်မြင့်မားနေသည်ကို လေ့လာသူတို့ တွေ့မြင်ကြရသည်။

ထို့ကြောင့်လည်း မြန်မာပညာရှင်များသာမက ကမ္ဘာလှည့်ခရီးသွား ရှေးဟောင်းဗိသုကာပညာ လေ့လာသော ပညာရှင်များပါ ရွှေကျောင်းတော်နှင့် အတုမရှိကျောင်းတို့အား စိတ်ပါဝင်စားစွာ လေ့လာခြင်း၊ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်းများ ပြုလုပ်ကြသည်။

အတုမရှိကျောင်းတော်ကြီးအား အသစ်ပြန်လည်တည်ဆောက်ရာတွင် မူလပုံစံ ကျွန်းတိုင်များကို မသုံးဘဲ အင်္ဂတေ၊ ကွန်ကရစ်တိုင်များကို သုံးထားကြောင်းကိုလည်း တွေ့ရသည်။ အတုမရှိကျောင်း ပြန်လည်တည်ဆောက်ရာ၌ မီးလောင်ပြီး ကျန်ရစ်သော ကျွန်းတိုင်ငုတ်ကိုလည်း တူးဖော်ထား၍ တွေ့ခဲ့ရသည်။

အတုမရှိကျောင်းတော်ကြီးအတွင်း၌ လာရောက်လေ့လာသူတို့ သိရှိရန် "မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၏ နောက်ခံသမိုင်းအကျဉ်း (အင်္ဂလိပ်-မြန်မာ) နှစ်ဘာသာနှင့် ရေးသားထားသည့် သမိုင်းအကျဉ်းနှင့် မှတ်တမ်းဓာတ်ပုံများကိုလည်း တွေ့ရသည်။

အတုမရှိကျောင်းတော်ကြီးသည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သီပေါမင်းပါတော်မူပြီး ခုနစ်နှစ်အကြာ ၁၈၉၂ ခုနှစ်၌ မီးလောင်ပျက်စီးခဲ့သည်။ ပြင်ဆင်တည်ဆောက်မည့်သူမရှိဘဲ အုတ်လှေကားကြီး ခြောက်စင်းနှင့် အုတ်တံတိုင်းနံရံသာ ကျန်ရစ်သော ကျောင်းပျက်ကြီးအဖြစ် နှစ်ပေါင်းတစ်ရာကျော် တည်ရှိခဲ့သည်။ အတုမရှိကျောင်းတော်ကြီးဟု သိရှိထားကြသော်လည်း အုတ်တံတိုင်းအတွင်း၌ ကျောင်းကြီးရှိခဲ့ဖူးသည်ကို မသိရှိခဲ့ကြပေ။ အုတ်လှေကားကြီးနှင့် နောက်ခံအုတ်တံတိုင်းကြီးကိုသာ အတုမရှိကျောင်းကြီးဟု မှတ်ထင်ကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့သူ မြို့သားများနှင့် အထက်မြန်မာနိုင်ငံသို့ ဘုရားဖူးသွားရောက်ရင်း အတုမရှိကျောင်းကြီးကို ဝင်ရောက်ကြည့်ရှုကြသူများသာ အတွင်း၌ ကျောင်းကြီးမရှိဘဲ ကွက်လပ်ကြီးအဖြစ်သာ ရှိနေကြောင်း သိကြပေမည်။

ထိုသို့ အတုမရှိကျောင်းတော်ကြီး မီးလောင်ပျက်စီးနေမှုကို ၁၉၉၄ ခု အောက်တိုဘာလ (၂၄) ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲဖြစ်သူ၏ လမ်းညွှန်မှုအရ အလယ်ပိုင်းတိုင်း တိုင်းမှူးဦးဆောင်ကာ ကျောင်းတော်ကြီးကို ရှေးဟောင်းမူလပုံစံ လက်ရာမပျက် ပြန်လည်တည်ဆောက်ရန် ကော်မတီများဖွဲ့စည်း၍ စတင်ကြိုးပမ်းခဲ့သည်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အုတ်မြစ်ချ၍ တည်ဆောက်ခဲ့သည်။ ၁၉၉၆ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် အတုမရှိကျောင်းကြီးအား ရှေးဟောင်းပုံစံ မူလလက်ရာမပျက် အောင်မြင်စွာ တည်ဆောက်ပြီး ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းတော်ကြီး အသစ်ပြန်လည် တည်ဆောက်ရာ၌ ကုန်ကျငွေစုစုပေါင်းမှာ ကျပ် ၁၆၇၈. ၂ သိန်း ဖြစ်လေသည်။

❦ ❦ ❦

မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသည် မူလလက်ရာမပျက် ရှေးဟောင်း (ရတနာပုံခေတ်) လက်ရာများအတိုင်း ပြန်လည်တည်ဆောက်ပြုပြင်ထား၍ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ လေ့လာစရာအဆောက်အအုံတစ်ခု ဖြစ်ခဲ့သည်။ အတွင်းရှိကျောင်းကြီးသာ မီးလောင်ပျက်စီးခဲ့သော်လည်း မကန်းလှေကားကြီး ခြောက်စင်းနှင့် ပြန်ပအုတ်တံတိုင်း၊ အုတ်လက်ရန်း၊ ဝင်ပေါက်မုခ်ဦး၊ မနုဿီဟရုပ်တု၊ ဒေါင်းရုပ်၊ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဘီလူးရုပ်၊ မုခ်ပေါက်အင်္ဂတေပန်းလက်ရာများ၊ အုတ်တိုင်များက မူလရတနာပုံခေတ်လက်ရာအတိုင်း မြင်တွေ့နိုင်လေသည်။

စာရေးသူ အထက်၌ဆိုခဲ့သည့်အတိုင်း ရွှေနန်းတော်ကျောင်းကြီးသည် ရတနာပုံခေတ် ပန်းပုပညာ မှန်စီရွှေချပညာရပ်များကို ဖော်ကျူးနေသလို အတုမရှိကျောင်းကြီးသည် ရတနာပုံခေတ် အုတ်အင်္ဂတေ ကနုတ်ပန်းလက်ရာများနှင့် မြန်မာတို့၏ ဗိသုကာပညာရပ် တိုးတက်မြင့်မားနေသည်ကို ဖော်ဆောင်နေပေသည်။

ထို့ကြောင့်လည်း မန္တလေးမြို့သို့ ဘုရားဖူးရောက်သည့်အခါ ရွှေနန်းတော်ကျောင်းနှင့် အတုမရှိကျောင်းတော်ကြီးတို့အား ဝင်ရောက်လေ့လာခြင်းဖြင့် ရှေးခေတ်မြန်မာတို့၏ အနုပညာ ဗိသုကာပညာရပ်များ၏ မြင့်မားပုံကိုကြည့်မြင်၍ ဂုဏ်ယူဝင့်ကြွားလိုစိတ်များ ပေါ်ပေါက်စေမည်မှာ အမှန်ပင်ဖြစ်သည်။

ရွှေနန်းတော်ကျောင်းနှင့် အတုမရှိကျောင်းတော်ကြီးတို့မှာ တစ်နေရာတည်း၌ တည်ရှိပြီး အုတ်တံတိုင်းသာ ခြားသောကြောင့် ဝေးဝေးလံလံ သွားစရာမလိုဘဲ တစ်ချိန်တည်း တစ်ပြိုင်တည်း လေ့လာနိုင်မည် ဖြစ်ပေသည်။

(ပြီး)

❒ **တက္ကသိုလ်မျိုး**

<u>ကျမ်းကိုး</u>

၁။ မန္တလေး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားစေတီတော်၊ မိုးပြခင်မောင်ကြီး
၂။ မြန်မာ့ရက်စွဲစဉ်သမိုင်း ပထမတွဲ၊ ၂၀၀၉၊ သမိုင်းသုတေသနဦးစီး
၃။ မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းဌာနတော်ကြီး ကမ္ပည်းကျောက်စာ
၄။ မဟာအတုလဝေယံ (အတုမရှိကျောင်း) နောက်ခံသမိုင်းအကျဉ်း။
၅။ ကိုယ်တိုင်သွားရောက် လေ့လာတွေ့ရှိချက်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com



# ဇမ္ဗူပတိမင်းချွတ်ခန်း ဗုဒ္ဓဆင်းတုတော်

မြတ်ဦး

မြတ်စွာဘုရားရှင် ရာဇဂြိုဟ် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အချိန်ကာလက ရာဇဂြိုဟ်ပြည်ကို ဗိမ္ဗိသာရမင်းကြီး အုပ်စိုးလျက် ရှိ၏။

တစ်ချိန်တည်းမှာပင် တစ်ရာ့တစ်ပါးသော မင်းတို့ ဝပ်စင်းဦးခိုက်မှုပြုရသော ဇမ္ဗူပတိမင်းသည်လည်း ပဥ္စာလပြည်ကို အုပ်ချုပ်မင်းလုပ်လျက် ရှိပါသည်။(ပဥ္စာလပြည်သည် ယခုအခါ အိန္ဒိယပြည် ပန်ဂျပ်ပြည်နယ် ဖြစ်သည်ဟု သမိုင်းသုတေသီတို့က ယူဆထားပါသည်။) ဇမ္ဗူပတိမင်းသည် တန်ခိုး ဣဒ္ဓိပါဒ်အရာ၌ ပတ္တမြားခြေနင်းကို စီး၍ ကောင်းကင်တွင် ပျံသန်းနိုင်ရုံမျှမက နဂါးအဆိပ်ပါရှိသော မြားနှင့်လေးတို့လည်း ပိုင်ဆိုင်ထားသူဖြစ်သဖြင့် အန်တုပြိုင်ဆိုင်လာသူတို့အပေါ် လေးဖြင့်ပစ်ခွင်းလျက် အနိုင်ယူစွမ်းရှိ၏။

ထို့ကြောင့် ဇမ္ဗူတစ်လွှား ပြိုင်စံရှားသော မင်းတရားကြီးအဖြစ် မာနတံခွန်ထူလျက် ရှိပါသည်။

တစ်နေ့သော် ဇမ္ဗူပတိမင်းသည် ကောင်းကင်ခရီး သွားလာနေစဉ် ဗိမ္ဗိသာရမင်းကြီး၏ နန်းပြာသာဒ်ကို တွေ့ရှိ၍ ခြေဖြင့် ကန်ကျောက်ရာ နန်း ပြာသာဒ်တစ်ခုလုံး သိမ့်သိမ့်တုန် အသံမြည်ဟည်းကာ နန်းတွင်းသားတို့ ဖိမ့်ဖိမ့်တုန် ထိတ်လန့်ကြ၏။

ထိုအခါ ဇမ္ဗူပတိမင်း၏ ကြမ်းတမ်းခက်ထန်သည့် အပြုအမူကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြတ်စွာဘုရားရှင် သိနှင့်ထားပြီးဖြစ်ရာ နတ်အပေါင်းတို့က သံဖြင့်ပြီးသော ပြာသာဒ်အထွတ်ကို ဖန်ဆင်းထားသဖြင့် ဇမ္ဗူပတိမင်း၏ ခြေတွင် ထိခိုက်မိသော ဒဏ်ရာကြောင့် သွေးထွက်သံယို ဖြစ်ခဲ့ရသည်။ ထို့ပြင် ဒေါသမထိန်းနိုင်၍ ရွှေသန်လျက်လည်း ပျက်စီးခဲ့ရ၏။

ဗိမ္ဗိသာရမင်းကြီးလည်း အဆိပ်လူးမြားဒဏ်ခံရမည်ကို စိုးရွံ့ကာ နံနက်စောစောတွင် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်၍ အဖြစ်အပျက်အစုံကို မြတ်စွာဘုရားရှင်အား လျှောက်ထားလေသည်။ မင်းကြီး၏ အသက်ဘေးကို ဘုရားရှင်က အကာအကွယ်ပေးထားပါသည်။

### အဘယပူရပြည် ဖန်ဆင်းခြင်း

အတိတ်ကံအရ ဇမ္ဗူပတိမင်းသည် ပါရမီဉာဏ်ရင့်သန်သူ ဖြစ်သဖြင့် အရဟတ္တမဂ် ဖိုလ်ဉာဏ် ရလိမ့်မည်ကို မြတ်စွာဘုရားရှင် သိမြင်တော်မူသည်။ သို့ဖြင့် ဇမ္ဗူပတိမင်းနှင့်တကွ အခြွေအရံများအပြင် နတ်လူသတ္တဝါများ အကျွတ်တရား ရစေလိုသော မဟာကရုဏာတော်ဖြင့် ရာဇဂြိုဟ်ပြည်ကို ယာယီကွယ်စေပြီး အဘယပူရပြည် အဖြစ် ဖန်ဆင်းတော်မူ၏။

မြတ်စွာဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဇမ္ဗူပတိမင်း ပဥ္စာလပြည်မှ ရာဇဂြိုဟ်ပြည်သို့ လာမည့်လမ်းတစ်လျှောက် ပကတိလူ၏ရုပ်သွင်ဆောင်နေသော နတ်သား၊ နတ်သမီးများ၊



www.burmeseclassic.com

www.burmeseclassic.com

ဂဠုန်၊ နဂါး၊ တန်ခိုးကြီး[illegible] မင်းများအဖြစ် စစ်သည်ဗိုလ်ပါ ဆင်မြင်းများပါမကျန် ကြိုတင်စီမံထားသည်။

ထို့နောက် မြတ်စွာဘုရားရှင်က သိကြားမင်းကို တမန်ပြု၍ ဇမ္ဗုပတိမင်း ရှိရာ ပဉ္စာလပြည်သို့ အခေါ်စေလွှတ်လိုက်၏။ စေတမန် သိကြားမင်းက ဇမ္ဗုပတိမင်းထံသွားပြီး "အဘယပူရပြည်တွင် စိုးစံလျက်ရှိသော ရာဇာဓိရာဇာထံ ပဏ္ဏာဆက်သရန် ယခုပင် လာခဲ့လော့" ဟုပြောကြားလေသည်။

ဇမ္ဗုပတိမင်းလည်း စေတမန် အသွင်ဆောင်လာသော သိကြားမင်းမှန်းအဖြစ် မသိသဖြင့် အညှံ့မခံလို၍ သွေးတိုးစမ်းကာ တန်ခိုးပြိုင်ခဲ့ရာ သူအရေးနိမ့်သွားပါသည်။ စေတမန်က "ယခုချက်ချင်း ရာဇာဓိရာဇာထံ လာခဲ့တော့"ဟု မှာကြားကာ ပြန်သွားခဲ့၏။

ထိုအခါ၌ဇမ္ဗုပတိမင်းသည် စိတ်ချောက်ချားလျက် ရှိသည်။ ရာဇာဓိရာဇာသည် မည်သို့သောတန်ခိုးရှိသည့်မင်း ဖြစ်လေမည်နည်းဟု သိလိုစိတ်ကလည်း ရှိနေသဖြင့် ဇမ္ဗုပတိမင်းသည် တစ်ရာ့တစ်ပါးသော မင်းအပေါင်းခြံရံလျက် စစ်သည်ဗိုလ်ပါအလုံးအရင်းဖြင့် ဆင်တော်ကိုစီးမြန်းကာ မြေပြင်ခရီးမှ အဘယပူရမြို့သို့ သွားလေသည်။

ပဉ္စာလပြည်မှ ဇမ္ဗုပတိမင်းထွက်ခွာလာပြီကို မြတ်စွာဘုရားရှင် သိမြင်တော်မူ၍ မာဃသာမဏေကို ခေါ်တော်မူလာပြီး လမ်းခရီးတွင် ကြိုတင်တွေ့ဆုံနိုင်ရန် စေလွှတ်လိုက်လေ၏။ တန်ခိုးရှင် မာဃသာမဏေငယ်သည် လမ်းခရီး၌ ဇမ္ဗုပတိမင်းနှင့်ဆုံလေသော် ဆင်စီး၍ မလာရန်နှင့် ခြေကျင်ခရီးဖြင့်သာ လာရန် ညွှန်ကြားလေသည်။

ဇမ္ဗုပတိမင်းက ထိုကဲ့သို့ မလေးမခန့် ပြောရကောင်းလားဟု အမျက်ထွက်ကာ သာမဏေကို ဖမ်းဆီးသတ်ဖြတ်ရန် မင်းချင်းတို့အားအမိန့်ပေးလိုက်၏။ သာမဏေကလည်း မိမိတန်ခိုးဖြင့် မြေထုကိုလှုပ်ခါစေရာ စစ်သည်ဗိုလ်ပါ [illegible] ရန်ပြုလိုသူတို့ ကြောက်လန့်စေရန် ချပ်ဆင်းသဏ္ဌာန်တစ်မျိုးလည်း ဖန်ဆင်းပြ၏။ ဤအခါတွင်မှ ဇမ္ဗုပတိမင်းနှင့် အခြွေအရံတို့သည် မြေပြင်မှ ခြေကျင်ခရီး ဆက်ကြပါတော့သည်။

## ဗြဟ္မာမင်းရုပ်သွင် ဖန်ဆင်းတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ရတနာခုနစ်ပါး စီခြယ်ထားသော ရာဇပလ္လင်၏ ထီးဖြူရိပ်အောက်၌ တောက်ပလှသော အရောင်အဆင်းတို့ဖြင့် ဗြဟ္မာမင်းရုပ်သွင်ကဲ့သို့ ဖန်ဆင်းကာနေတော်မူ၏။

လမ်းခရီးတစ်လျှောက် ရာဇာဓိရာဇာကို တွေ့ရလိမ့်နိုး မျှော်တလင့်လင့်ဖြင့် ဇမ္ဗုပတိမင်း ခြေကျင်သွားလေသော် ပွဲတော်တမျှ စည်ကားလှသော တစ်နေရာ၌ သုနန္ဒာ၊ သုစိတ္တာ၊ သုမာလာ၊ သုဇာတာ ဟူသော သိကြားမင်း၏ မိဖုရားလေးပါးကို တွေ့မြင်ရလေသည်။ ဇမ္ဗုပတိမင်းသည် မိမိ၏ မိဖုရားကဥ္စနဒေဝီသည် အချောအလှတွင် ပြိုင်စံမမီဟု ယခင်က ထင်ထားခဲ့သော်လည်း ယခုမြင်ရသူတို့နှင့် နှိုင်းယှဉ်လျှင် ကဥ္စနဒေဝီသည် ကျွန်မ,သဖွယ် အကျည်းတန်ရုပ်ဆိုးလှပေစွ။ နှစ်လိုဖွယ်အဆင်းတွင်လည်း သူမတို့နှင့်နှိုင်းယှဉ်မရပါတကားဟု အံ့ဩခြင်းနှင့်အတူ စိတ်ပျက်မိ၏။ ကာမဂုဏ်စိတ်တို့သည်လည်း တစ်မုဟုတ်ချင်း ခန္ဓာကိုယ်အနှံ့ ဖြစ်ပေါ်နေလေသည်။

ခရီးဆက်ခဲ့ရာ ဖန်မြေကိုပင် ရေပြင်ထင်မှတ်၍ မနင်းဝံ့အောင်ဖြစ်ရလေ၏။ မြို့ရိုး ပြအိုး ပစ္စင်ရင်တားတို့၌ တွေ့ရသော နန်းတော်စောင့် ပုဂ္ဂိုလ်များအတွင်း ရာဇာဓိရာဇာ ပါဝင်လေမလားဟု ထင်ယောင်ထင်မှားဖြစ်လေသည်။

ဆက်လက်သွားလေသော် ဦးသျှောင်တော်ထိပ်၌ အစုအပုံအဖြစ်ရှိသော ကေတုမာလာတွင် မှန်ကင်းငယ် [illegible]န်ဆာဆင်ထားအပ်သည်ဖြစ်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ပြိုးပြိုးပြက်ပြက် တစ်ခဲနက်ပေါ်ထွက်ကာ ငမောက်ပတ္တမြား အရောင်များ ခြုံထားဘိသကဲ့သို့ ရှိနေသည့် မြတ်စွာဘုရားရှင်ကို ရာဇပလ္လင်ထက်၌ ဇမ္ဗုပတိမင်း စတင်တွေ့မြင်ရလေပြီ။

"လာခဲ့လော့၊ လာခဲ့လော့" ဟူသော မြတ်စွာဘုရားရှင်၏ တုနှိုင်းမရနိုင်သည့် အသံတော် ထွက်ပေါ်လာသောအခါ ဇမ္ဗုပတိမင်းသည် ရုတ်တရက် အကြောက်ကြီးကြောက်ကာ ဆောက်တည်ရာမရ ဖြစ်၍ ရာဇာဓိရာဇာသည် အံ့ဖွယ်ရာကောင်းပေစွဟု ဘုရားရှင်၏ရှေ့တော်တွင် ပုဆစ်ဒူးတုပ်နေလေ၏။ သို့ရာတွင် ဇမ္ဗုပတိမင်းသည် ရှိခိုးခြင်းတော့ မပြုပါ။

ထိုအချိန်အထိ ဇမ္ဗုပတိမင်းသည် မာန်မာန ဘဝင်ခိုက်နေဆဲဖြစ်၍ သူကပင် စတင်၍ "ရာဇာဓိရာဇာသည် ကျွန်ုပ်ထက်သာလွန်သော ဂုဏ်ဟိတ်တို့ကိုပြုနိုင်ပေမည်လော၊ ထိုသို့ပြုနိုင်လျှင် နိုင်သူကို ရှုံးသူက ရှိခိုးစတမ်း" ကတိသစ္စာ စကားဆိုပါသည်။

"ကတိစကား တည်စေလော့"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူ၏။

ဇမ္ဗုပတိမင်းသည် မိမိ၏ပတ္တမြားခြေနင်းအစွမ်းဖြင့်၊ လေသာ ပြတင်းတံခါးဆီသို့ ပျံတက်ပြသည်။ ဘုရားရှင်ကမူ တန်ခိုးတော်အားဖြင့် စကြဝဠာကိုပင် လောင်မြိုက်စေနိုင်သော မီးလျှံကို ဖြစ်ပေါ်စေပြီး ဇမ္ဗုပတိမင်း၏ ပတ္တမြားခြေနင်းကို ပြာအတိကျစေ၏။

အရှုံးမပေးလိုသေးသော ဇမ္ဗုပတိမင်းသည် ဘုရားရှင်ကို ရှိမခိုးဘဲ နေပြန်သည်။ ထိုအခါတွင်မူ မြတ်စွာဘုရားရှင်က . . .

"ကတိသစ္စာ မတည်သော သူသည် ငရဲသို့လားရလတ္တံ့၊ ကတိသစ္စာ တည်သောသူသည်သာ နတ်ပြည်သို့ သွားရောက်ရလိမ့်မည်" ဟု မြွက်ကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်အခါတွင်လည်း ဇမ္ဗုပတိမင်းသည် အလျှော့မပေးသေးပေ။ လက်ရှိ အခြေအနေကို သုံးသပ်ပြီး ဇမ္ဗုပတိမင်းသည် ရာဇာဓိရာဇာကား မြတ်စွာဘုရား ဖြစ်သည်ဟုပင် မထင်မိချေ။ ဤတွင် မြတ်စွာဘုရားရှင်သည် တေဇောကသိုဏ်းဝင်စားပြီး တန်ခိုးတော်ဖြင့် ပိုမိုပြင်းထန်သောမီးလျှံကို ဖြစ်ပေါ်စေလေသည်။

ငရဲမီးလျှံသည် ဇမ္ဗုပတိမင်း၏ မျက်နှာကို လောင်ကျွမ်းလုမတတ် ပူလောင်စေသဖြင့် မခံနိုင်ဖြစ်ကာ ကြောက်လန့်ခြင်းပြင်းစွာ ဖြစ်လေ၏။

ဤအခါတွင်မှ မင်းတကာတို့ထက် တန်ခိုးအရာသာလွန်သော ရာဇာဓိရာဇာကို ဇမ္ဗုပတိမင်းနှင့်တကွ အခြွေအရံအားလုံးတို့က ရှိခိုးကုန်ကြသည်။

မြတ်စွာဘုရားရှင်က အောက်တွင် ဖော်ပြလတ္တံ့သော တရားရေအေးအမြိုက်တေးကို တိုက်ကျွေးတော်မူ၏။

**ဇမ္ဗုပတိမင်း ကျွတ်တမ်းဝင်ခြင်း**

"မင်းကြီး. . ဤငရဲမီးလျှံသည် မကောင်းမှု ပြုလုပ်သူတို့၏ လားရာအရပ်ပေတည်း၊ သူတစ်ပါး၏အသက်ကိုသတ်ခြင်း၊ မိဘတို့ကို ပြစ်မှားခြင်းသည် ငရဲသို့လားရာအကြောင်း ဖြစ်၏။ ဘုရား ကိုးကွယ်ဆည်းကပ်ခြင်း၊ တရားတော်ကို နာယူခြင်း၊ တရားတော်တို့ပူဇော်သောအားဖြင့် ဓမ္မဒါနပြုခြင်း၊ ရေအလှူပေးခြင်း၊ ကျောင်း၊ ဇရပ်၊ တံတားဆောက်လုပ်လှူဒါန်းခြင်း၊ ပန်း ဆီမီးကပ်လှူခြင်း၊ သံဃာတော်တို့ကို ပံ့သကူသင်္ကန်း၊ ကထိန်သင်္ကန်း စသည်လှူဒါန်းခြင်းဖြင့် ရွှေငွေဗိမာန်တို့ ဖြစ်ပေါ်စေနိုင်၏။ အခြံအရံ ပေါများ၏။ မင်းစည်းစိမ် နတ်စည်းစိမ် ခံစားရ၏။

ထိုကဲ့သို့ စည်းစိမ်အမျိုးမျိုးတို့ကို ခံစားရမည်ဆိုသော်လည်း စည်းစိမ်ချမ်းသာဟူသည် ရေပွက်ပမာ အနိစ္စ-မမြဲခြင်းသဘောကိုဆောင်၏။ ဒုက္ခ-ဆင်းရဲခြင်းအမျိုးမျိုးတို့နှင့်လည်း ကြုံတွေ့ရ၏။ အနတ္တ - အစိုးမရခြင်း၊ မိမိအလိုသို့ မလိုက်၊ သူ့သဘောနှင့်သူဖြစ်၍ သူ့သဘောနှင့်ပျက်၏။အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးတို့ကို ဉာဏ်မျက်စိဖြင့် ပိုင်းခြားသိမြင်မှသာ ကိလေသာကာမဂုဏ်တို့အပေါ် တပ်မက်ခြင်းကို ပယ်သတ်နိုင်မည်ဖြစ်သည်။

ကိလေသာ ကုန်စင်မှသာလျှင် သေခြင်းကင်းသော မြတ်နိဗ္ဗာန်အမတသို့ ဝင်ရပေအံ့။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကိုသာ မွေ့လျော်အပ်၏။ အမြင့်မြိမ်းပြီး အနေအေးသော အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကိုသာ နှစ်သက်အပ်၏။ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ် ကင်းဆိတ်သော အဖြစ်သို့ ရောက်လိုသော်သတိကိုတည်ငြိမ်စေပြီး ကမ္မဋ္ဌာန်း ဘာဝနာ ရှုပွားလော့။

ဝိပဿနာ ဘာဝနာ၏ အကျိုးကား ကြောင့်ကြမှု၊ စိုးရိမ်ပူပန်မှု၊ တပ်မက်မှုတို့ကို ပယ်သတ်စေနိုင်ပြီး ကိလေသာ အမှောင်တိုက်ကို ဖောက်ထွင်းနိုင်ပေအံ့၊ ထိုအခါတွင်မှ အမြတ်ဆုံးသော နိဗ္ဗာန်ကို အသင်မင်းကြီး ရလတ္တံ့." ဟု မိန့်တော်မူ၏။

ထို့နောက် ဇမ္ဗုပတိမင်း ရဟန်းပြုရန်အလို့ငှာ အလုံးစုံသော အဘယပူရပြည်၏ အခြင်းအရာ အားလုံးကို ကွယ်ပျောက်စေပြီး ပကတိသော ဝေဠုဝန်ကျောင်းတော်ကို ဖြစ်စေသည်။ မြတ်စွာဘုရားရှင်သည် မင်းမြောက်တန်ဆာ ငါးပါးဖြင့် ပြဟ္မာမင်း၊ ရာဇာဓိရာဇာ၏ ရုပ်အသွင်ကို ကွယ်ပျောက်စေ၍ မြတ်ဗုဒ္ဓစစ်၏ လက္ခဏာတော် ၃၂ ပါးဖြင့် ပြည့်စုံသော မူလအဆင်းသဏ္ဍာန်တော် ပြန်လည်ဖြစ်ပေါ်စေသည်။

ရာဇာဓိရာဇာဟူသည် ဇမ္ဗုပတိမင်းကို အကျွတ်တရား ရစေလိုသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်အားထားရာဖြစ်သည့် မြတ်စွာဘုရားရှင်ကို ဆိုလိုသတည်း။

မင်းကြီးက ရဟန်းပြုပေးတော်မူရန် မြတ်စွာဘုရားရှင်အား လျှောက်ထားတောင်းပန်ရာ အနိစ္စ ကမ္မဋ္ဌာန်းကို ဆက်လက်ကာ ဟောကြားတော်မူပြီး "ဖန်ရည်စွန်းသော သင်္ကန်းကိုဝတ်လော့၊ လောကုတ္တရာခရီးခဲကို သွားလှည့်လော့၊ သေခြင်းကင်းသော နိဗ္ဗာန်၌ စွဲမြဲစွာ နေပေတော့" မိန့်မြွက်ပြီး ရဟန်းပြုစေ၏။

ရဟန်းအဖြစ်သို့ ရောက်ရှိပြီးနောက် မြတ်စွာဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်ကြံသဖြင့် ပါရမီဉာဏ်ရင့်သန်သူဖြစ်သည်နှင့်အညီ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိပါသည်။

**အတိတ်ကိုဆောင်ရသော်**

ဤမင်းကြီးသည် ကဿပဘုရားရှင့် လက်ထက်တော်အခါက ကုန်သည်တစ်ဦး ဖြစ်ခဲ့၏။

ကမ္ဗလာ အထည်သည်အဖြစ် အရပ်တစ်ပါးသို့ ခရီးသွားခိုက် ဆွမ်းခံကြွတော်မူသော ကဿပဘုရားရှင်ကို ဖူးတွေ့ရ၍ ကမ္ဗလာထည် နေရာထိုင်ခင်းပြုပြီး ဆွမ်းကပ်လှူခဲ့၏။ ပဲခွပ်တစ်မျိုးနှင့် အပ်တစ်စင်း တို့ကိုလည်း လှူခဲ့ပြန်၏။ ထို့နောက် ဤကောင်းမှုအစုစုတို့၏ကုသိုလ်အရှိန်အဟုန်ကြောင့် ဘဝဆက်တိုင်း၌ ဆင်းရဲခြင်းမှ ကင်းလိုကြောင်း ဆုတောင်းလေသည်။

ဘဒ္ဒကမ္ဘာ ဂေါတမဘုရားရှင် လက်ထက်တော်တွင် တောင်းဆုပြည့်ဝမည့် ဥပနိဿယ ထိုကဿပဘုရားရှင် သိမြင်တော်မူ၍ ဘုရားနှင့်ကြုံတွေ့ရခြင်း၊ လူအဖြစ်ရခဲခြင်း စသည့် ဒုလ္လဘတရားတော်ကို ဟောကြားတော်မူလေသည်။

(ပဲခွပ်=ရှေးအခါက မဇ္ဈိမတိုင်းသားတို့ စားသုံးသော ပဲတစ်မျိုး၏ ခေါ်ရာ အမည်။)

**ဇမ္ဗုပတိမင်းချွတ်ခန်း**
**မဟာမုနိရုပ်ရှင်တော်**

ခရစ်နှစ် ၁၇၈၅ ခုနှစ်တွင် ဘိုးတော်ဘုရား ရခိုင်ပြည်ကို သိမ်းယူခဲ့

www.burmeseclassic.com

www.burmeseclassic.com

စဉ်က ရခိုင်ဘုရင်အဆက်ဆက် ကိုးကွယ်သော (ဇမ္ဗူပတိမင်းချွတ်ခန်း ပုံတော်) မဟာမုနိရုပ်ပွားတော်ကြီးကို တောင်ကုတ်၊ ပန်းတောင်း၊ ထို့အပြင် ဧရာဝတီ ရေလမ်းခရီးစဉ်ဖြင့် ကိုးကွယ်ရန် ပင့်ဆောင်ခဲ့ပြီး အမရပူရ မင်းနေပြည် မြောက်အရပ်၌ တည်ထားခဲ့၏။

ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ မင်းတုန်းမင်းကြီး နန်းတက်တော်မူပြီးနောက် ငါးနှစ်ခန့်အကြာတွင် "အုတ်ကျစ်ကျော်ဇမန္တလေး" မြို့သစ် နန်းသစ်တည်ကာ၊ ပြောင်းရွှေ့စံမြန်းပါသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုလည်း အမရပူရမှ မန္တလေးမြို့ တောင်ပြင်အရပ်သို့ ရွှေ့ပြောင်းပင့်ဆောင်ပူဇော်ခဲ့၏။ ယခုအခါ မြို့မန္တလာသည် မြို့သက်နှစ်ပေါင်း ၁၅၀ ကျော်ပါပြီ။ ထိုကာလမှစ၍ ဇမ္ဗူပတိမင်းချွတ်ခန်း ရုပ်ပွားတော်ကြီးသည် မဟာမုနိရုပ်ရှင်တော်ဟူ၍ မြန်မာပြည် တစ်နံတစ်လျား ထင်ရှား ကျော်ကြားခဲ့လေသည်။

## သမိုင်းသက်သေ

ခရစ်နှစ် ၁၉၇၅ခုနှစ် ဇူလိုင်လ၌ ပုဂံဒေသတွင် အင်အားကြီးမားသော ငလျင်ကြီးလှုပ်ခဲ့ရာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးရသော စေတီပုထိုးတော်များအနက် သေလည်ဂူဘုရားသည်လည်း တစ်ဆူအပါဝင်ဖြစ်၏။

ယင်းစေတီ၏ အပျက်အစီးအတွင်းမှရသော ဌာပနာ ရွှေဟောင်းပစ္စည်းများတွင်၊ ဇမ္ဗူပတိမင်းချွတ်ခန်းပုံကြေးဆင်းတုတော်တစ်ဆူပါဝင်ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ၎င်းအထောက်အထားအရ ၁၁ ရာစု ခုနှစ်ကတည်းက ပုဂံသားတို့၊ ဇမ္ဗူပတိမင်းချွတ်ခန်း ပုံတူ ဆင်းတုတော်များကို ကိုးကွယ်နေကြပြီဖြစ်ကြောင်း ယူဆနိုင်ပါသည်။

ယခုအခါ မြန်မာပြည်အရပ်ရပ်တွင် ဇမ္ဗူပတိမင်းချွတ်ခန်း ပုံတော်ဆင်းတုများ ထုလုပ်ကိုးကွယ်နေကြကြောင်း တွေ့ရှိနေရ၏။ မြတ်စွာဘုရားရှင်၏ ပကတိရုပ်သွင်သည် လက္ခဏာတော် ၃၂ ပါးနှင့်အညီ မွေးရှင်တော်၊ သင်းကျစ်တော်၊ သင်္ကန်းတော်တို့ဖြင့် တင့်တယ်စွာ ဆင်မြန်းထားလျက် ရှိပါသည်။

သို့ရာတွင် ဇမ္ဗူပတိမင်းချွတ်ခန်းဆင်းတုတော်တွင်မူ မင်းမြောက်တန်ဆာ ငါးပါးအစုံအလင်ဖြင့် ပြဟ္မာမင်းရုပ်သွင်ကဲ့သို့ တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသည့် ပုံတော်ဖြစ်၏။ ၎င်းနည်းအားဖြင့်သာလျှင် မာန အဆိပ် ထိပ်တက်နေသော ဇမ္ဗူပတိမင်းကို အကျွတ်တရားရရန် ချေချွတ်စွမ်းဆောင်တော်မူနိုင်မည် ဖြစ်သည်။

## ပုဂံသို့ ဘုရားဖူးရောက်ပြီး ကံဆုံစည်းခြင်း

စာရေးသူ၏ဆရာရင်း ဦးမောင်မောင်လင်းသည် ၁၉၇၀ ပြည့်နှစ်တွင် မကွေးတိုင်းဒေသကြီး စာတိုက်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ်က ပုဂံ-ညောင်ဦးမြို့သို့ ဘုရားဖူးရောက်ရှိခဲ့ပြီး အာနန္ဒာစေတီတော်သို့ အမှတ်မထင် ရောက်ရှိခဲ့ပါသည်။

ထို့နောက် စေတီတော်ကြီးဝင်းအနောက်ဘက်ခြမ်း၊ ကားလမ်းတစ်ဖက်ရှိ ဆရာတော်ဦးကေသရ၏ ရွှေဟောင်းကျောင်းတော်ကြီးသို့ ဆရာကို ဖူးမြော်ရင်း ရောက်ရှိခဲ့ပါသည်။ ကျောင်းမှာ ကျွန်းလုံးတိုင်ကြီးများဖြင့် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဆောက်လုပ်ခဲ့သော ရွှေဟောင်းကျောင်းကြီးဖြစ်ပါသည်။

သက်တော် ခုနစ်ဆယ် ခန့်ရှိ ဆရာတော်က ပဋိသန္ထာရ စကားပြောကြားပြီးနောက် ဂန္ဓကုဋိတိုက်ခန်းကို လိုက်ပြပါသည်။ ဆရာတော်သည် ထူးဆန်းအံ့သြဖွယ်ရာ ရွှေဟောင်းဆင်းတုတော် တစ်ရာကျော်ကို ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ခွင့်ရခဲ့သည်။

သို့ရာတွင် အထွဋ်အမြတ်ထားဆင်းတုတော်များသည် ဖုန်မှုန့်အလိမ်းလိမ်းဖြင့် လိမ်းကျံလျက် စံပယ်တော်မူနေကြရပါသည်။ သစ်သားကြမ်းခင်းများမှာလည်း မညီမညာ၊ ပုံပျက်စွာ ဟောင်းနွမ်းဆွေးမြည့်နေသဖြင့် ဂန္ဓကုဋိတိုက်ခန်း၏ ပုံရိပ်မှာ ကြည်နူးဖွယ်အလှနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။တစ်နည်းအားဖြင့်ဆိုရသော် နှစ်ကာလအတော်ကြာ ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့နေ၍ ယခုလို ဖုန်အလိမ်းလိမ်းဖြင့် ကြည်ညိုဖွယ်ရာ ကင်းမဲ့နေခြင်း ဖြစ်သည်။

အရင်းစစ်ရလျှင် ၎င်းဖြစ်စဉ်သည် ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလများတုန်းက စတင်သည်ဟု ယိုးစွပ်ရပေလိမ့်မည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးမီးကလည်း ပုဂံ၏အလှကို အကျည်းတန်စေပြန်သည်။

ထိုစဉ်ကာလက ပုဂံ ညောင်ဦးရှိ ယွန်းထည်လုပ်ငန်းဖြင့် စီးပွားရှာစားကြသောမိသားစုများမှာလည်း စစ်မက်ဘေးကြောင့် အိုးအိမ်ပစ် ထွက်ပြေးကြရရှာသည်။ နှစ်အတန်ကြာသည့်တိုင် စီးပွားရေးနာလံထူနိုင်ခြင်း မရှိတော့ချေ။

## စေတနာသည် အခါမလင့် အကျိုးပေးပုံ

ဆရာတော် ဦးကေသရသည် ဗုဒ္ဓဆင်းတုတော်များကို အကျအန ရေသပ္ပာယ်၍ ရောင်တော်ဖွင့်လိုသော်လည်း အားမတန်သဖြင့် မာန်လျှော့နေရကြောင်း ဆက်လက်မိန့်ကြား၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဆရာဖြစ်သူ၏မနောအာရုံသည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို မမှိတ်မသုန် သတိချပ်၍ ဂန္ဓကုဋိတိုက်ခန်း ပြုပြင်မွမ်းမံရေးသည် ကြုံတောင့်ကြုံခဲ ရသည့်အခွင့်အရေးဟု ခံယူပြီးနောက် ဆရာဦးမောင်မောင်လင်းသည် ဆရာတော်အားပြုပြင်ပါမည့်အကြောင်း လျှောက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မကွေးမြို့သို့ ပြန်ရောက်ပြီးနောက် ရက်သတ္တတစ်ပတ်အတွင်းမှာပင် ထူးခြားမှု ကြုံရ၏။ ၁၉၅၃ ခုနှစ်၊ အသက် ၂၃ နှစ်အရွယ် အထက်တန်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့စဉ်က ပြုလုပ်ထားသည့် အသက်အာမခံ စာချုပ်သင်တန်း နှစ် ၂၀ ပြည့်ပြီဖြစ်၍ အာမခံကျပ် ၅၀၀၀ နှင့် ဆုကြေးငွေ ကျပ် ၁၅၀၀ စုစုပေါင်း ၆၅၀၀/- ထုတ်ယူရန် အကြောင်းကြားစာရောက်လာပါသည်။

ကြိုတင်တွက်ချက် မျှော်လင့်ထားချက် မရှိဘဲနှင့် တိုက်ဆိုင်မှုတစ်ရပ်သာဖြစ်၏။ ကံတရားသည် ဆန်းကြယ်လှပေစွ၊ စေတနာနှင့် သဒ္ဓါတရားသည် အခါမလင့် အကျိုးပေးလတ္တံ့ ဟူသော ဘုရားရှင်၏ ဇာက ဝစ်နံသည် ဘယ်မှာလွဲနိုင်ပါအံ့နည်း။

## ဇမ္ဗူပတိမင်းချွတ်ခန်း ဆင်းတုတော် ပူဇော်ခွင့်ရခြင်း

မြန်မာသက္ကရာဇ် ၁၃၃၁ ခုနှစ်၌ ဟောသကြိန် ရုံးပိတ်ရက်အတွင်း ဆရာဦးမောင်မောင်လင်းသည် ပုဂံသို့တစ်ဖန်ရောက်ရှိပြီး ဂန္ဓကုဋိတိုက်ခန်း သန့်ရှင်းမှုမံရေးကိစ္စ ဆောင်ရွက်ရန် တာစူနေပါတော့သည်။

ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး ဒေသရှိ ဆက်သွယ်ရေး ဝန်ထမ်း မိသားစု ၁၅ ဦးတို့သည် မိမိတို့ သဘောဆန္ဒအလျောက် လုပ်အားဒါနပြုရန် ရောက်ရှိလာကြ၏။ ကံထရိုက်တစ်ဦးကလည်း ရေဝါလန် ၁၅၀၀ ဆံ့ ဘောက်ဆာကားကြီးဖြင့် ရေအလှူကုသိုလ်ပါဝင်ခွင့် တောင်းခံလာပါသည်။

သင်္ကြန်အကျနေ့တွင် ဂန္ဓကုဋိတိုက်ခန်း အတွင်းအပြင်အားလုံး ပွတ်တိုက်ဆေးကြောခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း စသည်တို့ကို တပျော်တပါးကြီး ညီညီလက်ညီ ပြုလုပ်ကြ၏။

နှစ်ပေါင်းများစွာ ကြာမြင့်နေသော ဗုဒ္ဓဆင်းတုတော်များသည် မူလမြင်းပွဲအရောင်နှင့် ရွှေရောင်များ ပြန်လည် သစ်လွင်တောက်ပလာပါသည်။ ဆရာတော်ဦးကေသရ၏ အပြုံးမျက်နှာမှာ ဖရဏာပီတိ ဝွမ်းဆီထိသကဲ့သို့။

ထိုအချိန်တွင် အလှူရှင်များက လှူဖွယ်ဝတ္ထုများ လှူဒါန်းကြ၍ ရေစက်သွန်းချ စုပေါင်း အမျှဝေပြီးကာလ၌ ဦးဆောင်ဒါနပြုသူ၏ မနွမ်းသော စေတနာပန်းကို အသိအမှတ်ပြုသောအားဖြင့် ဆရာတော်က ဆရာဦးမောင်မောင်လင်း၏ လက်ဝယ်သို့ ဉာဏ်တော် ခုနစ်လက်မခန့်ရှိ ဇမ္ဗူပတိမင်းချွတ်ခန်း ဗုဒ္ဓဆင်းတုတော်တစ်ဆူ ပေးအပ်ပါသည်။

ဤဆင်းတုတော်သည် အချိုးအစား ပြေပြစ်ကျနမှုတို့ကြောင့်သပ္ပာယ်လှပေ၏။ မျက်နှာတော်မှာပြုံးသယောင်ထင်ရပါသည်။ ကိုယ်လုံးတော် သွယ်လျလျ မင်းမြောက်တန်ဆာ ငါးပါး၊ မကိုဋ်တော်၊ စလွယ်တော် အစုံအလင်ဖြင့် ဖြူပ္ပာမင်းရုပ်သွင်ကို ဆောင်ကာ ဖူးမြော်ရသူများ ရင်သပ်ရှုမော အံ့သြဖွယ်ရာ ဖြစ်ကြရ၏။

ဆင်းတုတော်၏ ထူးခြားချက်မှာ ထုဆစ်သူ ပန်းတဉ်းပညာရှင် ကြေးသွန်းစဉ်ကပင် မင်းမြောက်တန်ဆာငါးပါးတို့ကို ကိုယ်လုံးတော်နှင့် တွယ်ကပ်မထားဘဲ အနုစိပ်ထုဆစ်ပြီး ရှေးဟောင်းအနုပညာလက်ရာမွန်ဖြင့် ခြယ်မှုန်းထားခြင်းကြောင့် သပ္ပာယ်တော်မူပုံမှာစာဖွဲ့သီကုံးနိုင်အံ့ မထင်ပါ။

## ရုပ်ရှင်တော်ကို ပတ္တမြားပလ္လင်ဖြင့် ပူဇော်ခြင်း

အတိတ်နှင့် ပစ္စုပ္ပန် အကြောင်းကံနှစ်ရပ် ပေါင်းစပ် အကျိုးပေးကောင်း၍သာ ရတောင့်ရခဲသော ဤဇမ္ဗူပတိမင်းချွတ်ခန်း ဆင်းတုတော်ကို ပူဇော်ရခြင်းဖြစ်ကြောင်း ဆရာက အခိုင်အမာယုံကြသည်။

တစ်ချိန်တည်းပင် ဤဗုဒ္ဓဆင်းတုတော်ကို ပတ္တမြားပလ္လင်ဖြင့် ပူဇော်ရန် သဒ္ဓါထက်သန်လာသည်။ သို့ဖြင့် ရွှေမန်းပန်းပုပညာရှင်တို့က အနုပညာလက်ရာမြောက် ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်ပန်းအသွယ်သွယ်ဖြင့် အလှတွင်အယဉ်ဆင့်ကာ မိုးကုတ်ပတ္တမြားလုံးချော ငါးဆယ့်ငါးလုံးကိုလည်း ငွေခွက်ငယ် တစ်ခုစီတွင် ထည့်သွင်းလျက် မြတ်စွာဘုရားရှင် ဇမ္ဗူပတိမင်းကို ဗြဟ္မာမင်းရုပ်သွင်ဖြင့် တရားဓမ္မ ဟောပြဆုံးမခဲ့စဉ် ထိုင်တော်မူရာ ပတ္တမြားရောင်စဉ်ရာဇပလ္လင်ကဲ့သို့ ယခု ပူဇော်ထားသည့်ပလ္လင်သည်လည်း ပတ္တမြားပလ္လင် ဖြစ်သည်။ ထို့ပြင် ပိုမိုကြည်ညို သဒ္ဓါပွားစေရန် မှန်စီရွှေပိန်းချ ကျောင်းဆောင်သစ်ကို လှပတင့်တယ် စီမံစေကာ ဝယ်ယူ လှူဒါန်းပြန်ပါသည်။

ဒီနောက် ကွယ်လွန်လေပြီးသော ဆရာ၏ကျေးဇူးရှင် မိဘနှစ်ပါးတို့ကိုယ်တိုင် ခရစ်နှစ် ၁၉၆၉ ခုနှစ်တွင် သာသနာ့အမွေအနှစ်အဖြစ် မုံညင်းဇေ့ပမာဏရှိ ဗုဒ္ဓဓာတ်တော်စစ်ကို ပူဇော်ရန် ပေးအပ်ခဲ့သဖြင့် အဆိုပါ ဆင်းတုတော်၌ပင် ဌာပနာထားရှိပူဇော်ခံစေ၏။

ယင်းဓာတ်တော်စစ်ကို ဝိသုဒ္ဓိမဂ်ကျမ်းပြုဆရာတော်ကြီး ဦးနန္ဒမာလာထံမှ ဆရာ့မိခင်ဖြစ်သူက ရရှိခဲ့ခြင်းဖြစ်ရာ လယ်တီဆရာတော်ကြီး၏ တပည့်ရင်းများပင် ဖြစ်သည်။

## ဆင်းတုတော်၏သမိုင်းကြောင်း

ဆရာဦးမောင်မောင်လင်း လက်ရှိပူဇော်ခွင့် ရရှိထားသည့် ဇမ္ဗူပတိမင်းချွတ်ခန်း ဆင်းတုတော်ကို ဘုန်းသမ္ဘာအရှိန် ကြီးမားလှသော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်း၊ကျန်စစ်မင်း၊အလောင်းစည်သူမင်း စသည့် ပုဂံခေတ် ရှင်ဘုရင်အဆက်ဆက် နန်းဦး၌စံထား၍ကိုးကွယ်ပူဇော်ခဲ့ကြပါသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ခရစ်နှစ် ၁၈၅၂ ခုနှစ်နှောင်းတွင် နိုင်ငံတော်အောက်ပိုင်းကို လက်လွှတ်ခဲ့ရ၏။ ထို့နောက် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ





www.burmeseclassic.com

www.burmeseclassic.com

ဆင်နွှဲလာပြန်သဖြင့် အခြေအနေမှာ မတည်မငြိမ် ဆိုးရွားလာခဲ့သည်။

နှစ်အတန်ကြာတွင် ရပ်ရွာအေးချမ်းတည်ငြိမ်လာသဖြင့် ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးဇာဂရက စစ်ပြေး ယွန်းပညာသည် တပည့်ဟောင်းများကို ပုဂံညောင်ဦးသို့ ပြန်လည်စုစည်း ခေါ်ယူခဲ့သည်။ ထို့နောက် ယွန်းပညာအတတ်သင်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။

ယွန်းကျောင်းဖွင့်ပွဲတွင် အင်္ဂလိပ်လူမျိုး မဟာဝန်ရှင်တော်မင်းကြီးက ဤဇမ္ဗူပတိမင်းချွတ်ခန်း ဆင်းတုတော်ကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးဇာဂရထံ ပြန်လည် အပ်နှင်းခဲ့သည်။

ဤဆင်းတုတော်ကို မြန်မာဘုရင်၏ နန်းဦးမှ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးက သိမ်းယူသွားခြင်းမှာ အမှန်ပင်ဖြစ်သည်။ ဆင်းတုတော် မကိုဋ်၏ နောက်ဘက်တွင် ရေးထိုးထားသည့် အင်္ဂလိပ်စာလုံး M.S အမှတ်အသားတစ်ခုသာ အထောက်အထားအဖြစ် ကျန်ရစ်ခဲ့ပါသည်။

**အပြေရှာရန် ဆန်းစစ်ကြည့်ခြင်း**

ခရစ်နှစ် ၁၇၉၅ ခုနှစ်တွင် အောက်မြန်မာနိုင်ငံသို့ အိန္ဒိယဘုရင်ခံချုပ်၏ကိုယ်စားလှယ်အဖြစ် Captain Michael Symes ကပ္ပတိန် မိုက်ကယ်ဆိုင်းဆိုသူ ပထမအကြိမ် လာရောက်ဖူးသည်။ ထိုပုဂ္ဂိုလ်သည် မြန်မာ့ထီးမှုနန်းမှုလက်ရာတို့ကို လေ့လာကာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး နယ်ပယ်တို့တွင် နှံ့စပ်သူတစ်ဦးဖြစ်၍ ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်တွင် ဗိုလ်မှူးရာထူးသို့ တိုးမြှင့်ခြင်း ခံရသည်။

သူ၏အတွေ့အကြုံပေါ် မူတည်ရေးသားကာ ဗြိတိန်၌ ထုတ်ဝေခဲ့သော သမိုင်းအမြင် စာအုပ်မှာ ထင်ရှားပါသည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလအတွင်း ဤဇမ္ဗူပတိမင်းချွတ်ခန်း ဆင်းတုတော်ကို တစ်နည်းနည်းဖြင့် ရရှိပြီး ပြန်တော်ပြန်ခရီးတွင် အိန္ဒိယဘုရင်ခံချုပ် သို့မဟုတ် မဟာဝန်ရှင်တော်မင်းကြီးထံ ပေးအပ်ခဲ့ပုံရသည်။

၁၉ ရာစုနှစ်ဦးပိုင်း ကာလများတွင် အင်္ဂလန်နှင့် စပိန်နိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ပြိုင်တိုက်နေကြပါသည်။ ယင်းစစ်ပွဲသို့ စစ်ဆင်ရေးကျွမ်းကျင်သူ တစ်ဦးဖြစ်သည့် Col. Michael Symes အား တာဝန်ပေးအပ်စေလွှတ်ခဲ့ကြောင်း British History တွင် ဖော်ပြပါရှိပါသည်။

ခရစ်နှစ် ၁၈၀၉ ခုနှစ်တွင် စစ်မြေပြင်ရောက် ဗိုလ်မှူးကြီး မိုက်ကယ်လ်ဆိုင်း၏ကျန်းမာရေး အခြေအနေ ချွတ်ယွင်းလာခဲ့ပါသည်။ တစ်စတစ်စဖြင့် ဆိုးရွားလာသဖြင့် အင်္ဂလန်သို့ ပြန်ပို့ရာတွင် သမုဒ္ဒရာအတွင်းဝယ် သင်္ဘောပေါ်၌ပင် ကွယ်လွန်ခဲ့ရရှာ၏။

ဆိုခဲ့သည့် ဖြစ်ရပ်အလုံးစုံကို ဆန်းစစ်ကြည့်မည်ဆိုပါက ဤဇမ္ဗူပတိမင်းချွတ်ခန်းဆင်းတုတော်၏ မကိုဋ်တွင် ရေးခြစ်မှတ်သားထားသော အင်္ဂလိပ်စာလုံး M.S မှာ Michael Symes မှလွဲ၍ တခြားသူ မဖြစ်နိုင်ကြောင်း ကောက်ချက်ဆွဲရမည် ဖြစ်ပေသည်။

❒ မြတ်ဦး

**မှတ်ချက်**

ဤဆင်းတုတော်ကြီးကို နှစ်ပေါင်း လေးဆယ်ကျော် ဆည်းကပ်ကိုးကွယ်ခဲ့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာ (ငြိမ်း) ဆရာဦးမောင်မောင်လင်းသည် အသက် ၈၅ နှစ်ရွယ်၊ ခရစ်နှစ် ၂၀၁၁ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ဆရာကောင်းရာသုဂတိ ရောက်ရှိစေကြောင်း ဆုတောင်းအပ်ပါသည်။

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။


စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။



အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။




**ဆက် သွယ် ရန်**
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မလောဒိုက်ကျောင်း မန္တလေးမြို့
ဦးချစ်ခွေ့ဓမ္မာရုံ၌ ဟောကြားခဲ့အပ်တော်မူသော

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသနတရားတော်

(ယခင်လမှအဆက်)

အဲဒီ သွားဖြစ်လို့ရှိရင်ဖြင့် ဒီကဖြစ်ပျက်ရှုလာတဲ့ ပုဂ္ဂိုလ်ဟာ ဒကာ၊ ဒကာမတို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာ လာတယ်နော် (မှန်ပါ့)။ သူ နတ်ပြည်ရောက်နေလည်း နတ်သမီးရင်ခွင်ထဲ ငါရောက်နေပြီလို့ မသိသေးဘူးတဲ့။ သူ့ခန္ဓာ သူကြည့်ပြီးသကာလ ဖြစ်ပျက်မြင်ပြီး ဒီထဲတွင် သောတာပန်တည်တယ်၊ ရောက်ရောက်ချင်း တည်တယ်၊ ဒီက ဖြစ်ပျက် ရှုလျက်နဲ့သာ သေသွားလို့ရှိရင် (မှန်ပါ့ဘုရား)။ပူစရာ ရှိသေးရဲ့လား (မရှိပါဘုရား)။ ပို့လိုက်ကတည်းက ဖြစ်ပျက်ဉာဏ်က သူ့ဆီ ပို့လိုက်ပြီ (မှန်ပါ့)။ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း သောတာပန်တည်ပြီ။

အတည်မြန်လှချေလား ဘုရားဆို အို. . . ဒီက အာစိဏ္ဏကံပါသွားတယ် (မှန်ပါ့)။ ဘာပါသွားပါလိမ့် (အာစိဏ္ဏကံ ပါသွားပါတယ်)။ အာစိဏ္ဏကံဆိုတာ မပြတ်လေ့ကျင့်တဲ့ အလုပ်ပါသွားတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

မပြတ်လေ့ကျင့်တဲ့အလုပ် ပါသွားတာဟာ ဘုရား မြန်လိုက်တာ၊ အို. . . မြန်တာတော့ မပြောနဲ့ ဒကာ၊ ဒကာမတို့ နတ်ဉာဏ်က ကျုပ်တို့ဉာဏ်မျိုးနဲ့ မတူဘူး။ ကျုပ်တို့ကတော့ ဉာဏ်က ဒီဟဒယဝတ္ထုပေါ်မှာ တည်တယ်နော် (မှန်ပါ့)။ ဉာဏ်ပေါ်မှ သလိပ်က ကျုပ်တို့ ခဏခဏထွေးရတဲ့ ချောင်းဆိုးတဲ့ပုဂ္ဂိုလ်များ ထွေးရတဲ့ သလိပ်မရှိဘူးလား (ရှိပါတယ်)။ ချောင်းမဆိုးတဲ့ပုဂ္ဂိုလ် သလိပ်

www.burmeseclassic.com

ရှိတာပဲ (မှန်ပါ့ဘုရား)။ အဲဒီ သလိပ်က ဒကာ၊ ဒကာမတို့ တစ်ပြည်သားလောက် ရှိတယ်။ ဒဲဒါ ဉာဏ်ပေါ် အုပ်နေတယ် (မှန်ပါ့)။ နတ်ကတော့ အဲဒါကို မရှိဘူး၊ အဲဒါလည်း မရှိဘူး။ ဒီ့ပြင် သွေးတွေကလည်းမရှိဘူး (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဉာဏ်ဟာ နှလုံးသွင်းလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဉာဏ်ဟာ ဒါတွေဟာ ဖြစ်ပျက်ဟာ၊ ဖြစ်ပျက်မုန်းတယ်။ ဖြစ်ပျက်ဆုံးတာနဲ့ တစ်ခါတည်း မဂ္ဂင်ရှစ်ပါး သွားသွားဖြစ်တယ် (မှန်ပါ့ ဘုရား)။ သူက အဖုံးမရှိလို့၊ သဘောကျပလား (ကျပါပြီ)။ သလိပ်၊ သွေး၊ ပြည်ဖုံးသေးသလား (မဖုံးပါ ဘုရား)။

နတ်မှာ သလိပ်၊ သွေး၊ ပြည် မရှိဘူး ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ သုံးဆယ့်နှစ်ကောဋ္ဌာသ မစုံဘူး၊ လူမှာသာ သုံးဆယ့်နှစ်ပါး ရှိတာကိုး (မှန်ပါ့)။ ကေသာ လောမာ နခါ ဒန္တာ တစော ဆိုတာ ဒကာ၊ ဒကာမတို့ ရပြီးသားပေါ့ဗျာ (မှန်ပါ့)။

လူတော့ ဘယ်နှကောဋ္ဌာသရှိတယ် (သုံးဆယ့်နှစ်ကောဋ္ဌာနသပါ ဘုရား)။ နတ်ကျတော့ အဲဒါ သလိပ်လည်း မရှိဘူး၊ သွေးလည်း မရှိဘူး၊ ပြည်လည်း မရှိဘူးဆိုတော့ ဒကာ၊ ဒကာမတို့ စုံသေးရဲ့လား (မစုံပါ ဘုရား)။

မစုံတော့ ဉာဏ်ပေါ် ဖုံးတဲ့တရားတွေက အဖုံးတွေက ပွင့်ပြီးသား ဖြစ်နေတယ်။ ကျုပ်တို့မှာတော့ ဉာဏ်က ဒီကနေ တိုးထွက်ပြီးမှ ပါးစပ်က ထွက်နိုင်တာကိုး (မှန်ပါ့)။ ပါးစပ်က နေပြီး ကောင်းတာလည်း ပြောနိုင်တယ်၊ ဆိုးတာလည်း ပြောနိုင်တယ် (မှန်ပါ့)။ ဉာဏ်ပေါ်မှာ ဖုံးနေတာတွေက နည်းတာတော့ မဟုတ်ဘူး (မှန်ပါ့)။

သည်းခြေက ဖုံးလိုက်၊ သွေးက ဖုံးလိုက်၊ သလိပ်က ဖုံးလိုက်ဆိုတော့ ဘယ်တော့ ဉာဏ်ကလေးဟာ ဒကာ၊ ဒကာမတို့ ထိုးထွင်းနိုင်သေးရဲ့လား (မထိုးထွင်းနိုင်ပါ ဘုရား)။

အဲ . . . နတ်ဉာဏ်ကျတော့ ဒီလိုမဟုတ်ဘူးတဲ့။ ဒါတွေဖယ်ပြီး ဖျတ်ခနဲ သူ့ခန္ဓာလှည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒါတွေ အနိစ္စပဲ၊ ဒါတွေဟာ ဒုက္ခပဲ၊ ဒါတွေဟာ အနတ္တအစစ်ပဲ၊ ဒါတွေဟာ ရောဂါအစစ်ပဲ၊ ဒါတွေဟာ သေသင့်နေတာ အစစ်ပဲဆိုပြီး ချက်ချင်းမြင်ပြီးသကာလ မလိုချင်တဲ့ ဝိပဿနာမဂ်ဉာဏ် တစ်ခါတည်းလာတယ် (မှန်ပါ့)။ ရင်ခွင်ထဲမှာပဲ တစ်ခါတည်း သောတာပန်တည်ရတယ် (မှန်ပါ့ ဘုရား)။ မမြန်ဘူးလား (မြန်ပါတယ် ဘုရား)။

အဲဒီတော့ ဝိပဿနာမဂ်နဲ့ သေလည်း ဘုန်းကြီးတို့ တရားတစ်ပွဲလုံး ဒကာ၊ ဒကာမတွေက မပူပါနဲ့တဲ့ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

မဂ်ငါးပါးနဲ့ ဖြစ်ပျက်မြင်ပြီး သေရင်လည်း မပူပါနဲ့တဲ့။ သုဂတိရောက်၊ ရောက်သည်နှင့်တစ်ပြိုင်နက်တည်း သောတာပန်ဖြစ်မှာပဲ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဘာ. . . အဲဒါက နှေးလှတယ်ဘုရား ဆိုလို့ရှိရင်လည်း အခု ကြိုးစား၊ အခု ကြိုးစားတော့။ ခုနက ပါဠိကို မှတ်လိုက်။ ဒီဥစ္စာ ရင့်ကျက်လာလို့ရှိရင်တဲ့ ရှေ့က ဝေဒနာဖြစ်ပျက်၊ စိတ်တွဖြစ်ပျက် တစ်ခုခု ရှုနေလိုက်တယ်။ ဖြစ်ပျက်တွေကို ပရိပက္ကာကမေနေဝံ တဲ့၊ ရင့်ကျက်တဲ့အစဉ်အတိုင်း ဖြစ်လာလို့ရှိရင်ဖြင့်တဲ့ ပရိတာဝိတဘာဝနာတဲ့။ မင်းတို့က ပွားသာပွားတဲ့၊ ပွားရင် ရင့်ကျက်မှာပဲတဲ့ (မှန်ပါ့)။

ဖြစ်ပျက်တွေချည်းပွား၊ ပွားရင် ဘာဖြစ်မယ်(ရင့်ကျက်ပါမယ်)။ အဲဒီတော့ ရင့်ကျက်ရင် မင်းတို့က မသိရပါဘူးတဲ့။ သူ့ဟာသူ ရင့်ကျက်လာတာ၊ သူ့ဟာသူ ပြောင်းပါလိမ့်မယ်တဲ့ (မှန်ပါ့)။ ဒကာ၊ ဒကာမတို့ ထမင်းကို နပ်ပါစေ နပ်ပါစေ ဆုတောင်းရတာလားတဲ့၊ သူ့ဟာသူ အချိန်ရောက်လို့ နပ်သွားတာလား (သူ့ဟာသူ နပ်တာပါ ဘုရား)။ ကိုယ့်တာဝန်က မီးထိုးရုံပဲနော် (မှန်ပါ့)။

ကိုယ့်တာဝန်ကဖြင့် ဒီဥစ္စာ မတူးမခြစ်ရအောင် ကြည့်ရုံပဲ ရှိပါတယ်တဲ့။ နပ်ပါစေတော့ဆိုလို့ နပ်တာလား၊ နပ်ချိန်ရောက်လို့ နပ်တာလား (နပ်ချိန်ရောက်လို့ နပ်တာပါ ဘုရား)။ ဒီမှာလည်း ခင်ဗျားတို့ ဝိပဿနာလောက်နဲ့သာ ရှုရှုပေးပါတဲ့။ ရှုပေးတော့ ဖြစ်ပျက်ပဲ မြင်ပါလိမ့်မယ် (မှန်ပါ့)။

နောက် သူ ရင့်လာတဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါးဖြစ်ပြီး ဒီဖြစ်ပျက်တွေမရှိတဲ့ နိဗ္ဗာန်ကို သူ့ဟာသူ ကူးပါလိမ့်မယ် (မှန်လှပါ ဘုရား)။ သူ့ဟာသူ ကူးပါလိမ့်မယ်။ ဖြစ်ပျက်တွေ မရှိတာက နိရောဓသစ္စာပေါ့ဗျာ (မှန်ပါ့)။ ဖြစ်ပျက်တွေက ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ)။ ဖြစ်ပျက်တွေ မရှိတာက (နိရောဓသစ္စာပါ ဘုရား)။

အဲ. . . သူ့ဟာသူ ကူးလိမ့်မယ်တဲ့၊ ရင့်ရင် သူ့ဟာသူ ကူးလိမ့်မယ်၊ ခင်ဗျားတို့က ကူးပါစေဆိုလို့ မရဘူး (မှန်ပါ့ ဘုရား)။ အဲဒီတော့ သူ့ နာမရူပကျမ်းကလည်း ဒကာ၊ ဒကာမတို့ ပရိပက္ကာ (ပ) သင်္ခါရေ ဒီသင်္ခါရတရားဆိုတဲ့ ဖြစ်ပျက်တွေကို အကုန်စွန့်ပစ်တယ် (မှန်ပါ့)။

သင်္ခါရတရားတွေ ဘာတဲ့တုံး (အကုန်စွန့်ပါတယ်)။ စွန့်ပြီးတော့ ပက္ခန္ဒတိ အသင်္ခတေတဲ့။ အသင်္ခတ ဆိုတဲ့ နိဗ္ဗာန်ဘက် ပြေးဝင်သွားတယ် (မှန်ပါ့)။ ရင့်တာနဲ့ ပြေးဝင်သွားတယ် (မှန်ပါ့)။

ရင့်တာနဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ်၊ မရင့်ကျက်ခင်တုန်းကတော့ ဖြစ်ပျက်ဆီပဲ ဉာဏ်တွေပါနေတယ် (မှန်ပါ့)။ ရင့်တော့ ဘာတဲ့ (နိဗ္ဗာန်ဘက် ပြေးပါတယ်ဘုရား)။

ဖြစ်ပျက်တွေရှိတဲ့ဘက် မပြေးဘဲနဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ်တဲ့ (မှန်ပါ့)။ ဒါ ခင်ဗျားတို့က လုပ်ရတာလား၊ သူရင့်လို့ သူ့ဟာသူ ပြေးသွားတာလား (သူရင့်လို့ ပြေးသွားတာပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့က ဘာပူစရာရှိသလဲ၊ ခင်ဗျားတို့က လုပ်နေဖို့ပဲရှိတယ် (မှန်ပါ့)။



www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် ဝေဒနာကြိုက်တဲ့သူက ဝေဒနာဖြစ်ပျက်ရှု၊ စိတ်ကြိုက်တဲ့သူက (စိတ်ရှုရပါမယ်)။ သဘောကျပလား (ကျပါပြီ)။ သူ့ဟာသူ ကူးလိမ့်မယ်ဆိုတာကော သေချာပလား (သေချာပါတယ်)။

ဒါကြောင့် ပရိပက္ကာ(ပ)သနီရေ၊ ဦးခင်မောင်၊ ရင့်လာလို့ရှိရင် သနီရတရားတွေ အကုန်စွန့်လိမ့်မယ်တဲ့ (မှန်ပါ့)။

ရှုလို့ ဉာဏ်ရင့်လာရင် (သနီရတရားတွေ စွန့်ပါလိမ့်မယ်)။ သနီရတရားဆိုတာ တခြားမှတ်မနေနဲ့၊ ဖြစ်ပျက်တွေကို စွန့်လိမ့်မယ် (မှန်ပါ့)။ ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်ဟာ ဝင်သွားလိမ့်မယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဖြစ်ပျက် ကိုယ့်ရှေ့တွင် ချုပ်လိမ့်မယ်။ ချုပ်ပြီး သကာလ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကြီး ဒီနေရာတွင် ပေါ်လာလိမ့်မယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ပက္ခန္ဒတိ အသခ်တေ၊ အသခ်တေ = အသခ်တဘက်သို့ ပါ ဖြစ်ပျက်မရှိတဲ့ဘက်သို့၊ ပက္ခန္ဒတိ = ပြေးဝင်သွားပါလိမ့်မယ်တဲ့ ဦးခင်မောင် ဒီမဂ်တွေက (မှန်ပါ့ ဘုရား)။ ရှစ်ပါး မဂ်ပြီး ပြေးဝင်လိမ့်မယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ အင်မတန် အဖိုးတန်တယ်ဆိုတာ ပေါ်ကြပလား (ပေါ်လာပါပြီ)။ ခင်ဗျားတို့အလုပ်က ဖြစ်ပျက်ရှုဖို့ပဲ (မှန်ပါ့ ဘုရား)။ နိဗ္ဗာန်ဘက် ပြေးဖို့ရာကတော့ မဂ်အလုပ် (မှန်ပါ့)။ ခင်ဗျားတို့က ရှုရမှာက (ဖြစ်ပျက်ပါ ဘုရား)။

ဖြစ်ပျက်မြင်အောင်ရှုဖို့ပဲ၊ ရင့်လာရင် ဒီဉာဏ်သည် ဘယ်ဘက်ပြေးမတုံး (နိဗ္ဗာန်ဘက်ပါ)။ ဖြစ်ပျက်ဘက် မနေတော့ဘူး။ နိဗ္ဗာန်ဘက် သူ့ဟာသူပြေးသွားမယ် (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ ပူစရာရှိသေးသလား (မရှိပါ ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ဝင်မယ် (မှန်ပါ့)။ ဖြစ်ပျက် မမြင်သေးရင် (နိဗ္ဗာန်မဝင်ပါ)။ သဘောပါပလား (ပါပါပြီ ဘုရား)။

ကိုင်း. . . ဒီနေ့ နာရီတောင်ပိုသွားပြီ။ တော်ကြဦးစို့။

သာဓု . . . သာဓု. . . သာဓု။

## ကိုယ့်ခန္ဓာကိုယ်
## သုံးသပ်ပုံ တရားတော်

သုံးဆယ့်တစ်ဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ တွေ့ရမှာ မဟုတ်ပါဘူး ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်သားပါကြ (မှန်ပါ့ ဘုရား)။ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်တဲ့နေရာ ရှိပါ့မလား (မရှိပါ ဘုရား)။ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်တဲ့နေရာ (မရှိပါ ဘုရား)။

ဒီထဲမှာသာ ရှာနေတဲ့ပုဂ္ဂိုလ်ဟာဖြင့် မရှိရာရှာသောကြောင့် မရမှာက သေချာတယ် (မှန်လှပါ ဘုရား)။ မရှိရာရှာသောကြောင့် (မရမှာက သေချာပါတယ် ဘုရား)။

အဲဒီ မျက်စိလည်ပြီး သကာလ နေပြီဆိုမှဖြင့်လည်း သုံးဆယ့်တစ်ဘုံထဲမှာဖြင့် နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မပြည်ကောင်းနိုးနိုး၊ စကြဝတေး မန္ဓာတ်ဖြစ်ရလို့ လူ့ပြည်လာပြီး နေလို့ရှိရင် ကောင်းနိုးနိုးဆိုပြီး သကာလ ဒီလိုရှာကြမယ်ဆိုလို့ ရှိရင်ဖြင့် အသေလွတ်ရာ ရှာငြားသော်လည်း သေရာသာ တွေ့မယ်ဆိုတာ မှတ်ကြစမ်းပါ (မှန်ပါ့ ဘုရား)။

အသေလွတ်ရာ ရှာကြငြားသော်လည်း (သေရာသာ တွေ့ပါမယ်)။ သေရာသာ တွေ့မယ်ဆိုတာဖြင့် ငြင်းဆန်ဖို့ လိုသေးသလား (မလိုပါ ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတို့ သတိပေးရတယ်။ ဒီခန္ဓာကိုယ်ကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီခန္ဓာမှတစ်ပါး ဘယ်ခန္ဓာပဲရရ သူ့အလုပ်က သေရာသွားတဲ့အလုပ် (မှန်ပါ့ ဘုရား)။ ခန္ဓာအလုပ်က ဘာပါလိမ့် (သေရာသွားတဲ့ အလုပ်ပါ ဘုရား)။ ခန္ဓာအလုပ်ကဖြင့် သေရာသွားတဲ့အလုပ်ကိုသာ သူလုပ်ပြတာ အမြဲတမ်းအလုပ်နော် (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးများက သတိပေးရတယ်။ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ဥစ္စာကလည်း သုံးဆယ့်တစ်ဘုံထဲမှာဖြင့် မသေရာရှာလို့ရှိရင်ဖြင့် မရှိပါဘူးဆိုတာ ခင်ဗျားတို့ကလည်း သစ္စာဉာဏ်မပိုင်တော့ မသိဘူးပေါ့ ဦးခင်မောင်ကြီးရာ (မှန်ပါ့ ဘုရား)။

သစ္စာဉာဏ်တွေ ပြန်စဉ်းစားလိုက်တဲ့အခါကျတော့ အဇာတိ ဇာတိမရှိတဲ့ နေရာမှာလည်း၊ ပဋိသန္ဓေမနေတဲ့ နေရာမှာလည်း ဦးခင်မောင် မသေမှာပေါ့ဗျာ (မှန်လှပါ ဘုရား)။ ဦးဝ ဘယ်နေရာမှာပါလိမ့် (ပဋိသန္ဓေ မနေတဲ့နေရာမှာပါ ဘုရား)။ ပဋိသန္ဓေ မနေရတဲ့နေရာဖြင့် မသေရတော့ဘူး ဒကာ၊ ဒကာမတို့ (မှန်ပါ့)။

ပဋိသန္ဓေ မနေရတဲ့နေရာမှာဖြင့် ဒကာသစ်တို့ (မသေရပါ ဘုရား)။ ပဋိသန္ဓေမှ မဖြစ်လို့ရှိရင် အိုစရာကော ဖြစ်ပါဦးမလား (မဖြစ်ပါ ဘုရား)။ နာစရာကော (မဖြစ်ပါ ဘုရား)။ သေစရာကော (မဖြစ်ပါ ဘုရား)။

ဩော်. . . ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ယုန်ရှာ ရှာနေတဲ့ အဓိပ္ပာယ်မျိုးတော့ မကောင်းပါဘူး (မှန်ပါ့)။ တောထဲက ယုန်ကလေးသည်ကားလို့ ဆိုရင်ဖြင့် နေ့လယ်ကျလို့ရှိရင် ချုံထဲမှာသာ အောင်းနေရတယ်။ သူက ဘယ်သတ္တဝါလာလာ ကြောက်ရမည့် သတ္တဝါကလေး ဖြစ်နေတော့ ဦးခင်မောင်ရေ ဒီနေရာ ဒီချုံပုတ်ကလေးထဲမှာပဲ ကျင်ကြီးစွန့်ရတယ်နော် (မှန်ပါ့)။ ဒီနေရာမှာပဲ ကျင်ငယ်စွန့်ရတယ်ဆိုတော့ ဩော်. . . ဒီမြေပေါ်မှာဖြင့် ကြောက်ရတာ များလှချည်ရဲ့ဆိုပြီး သကာလ ခုန်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခုန်ပေမယ့်လည်း ဒကာ၊ ဒကာမတို့ ယုန်ခုန်တာက တစ်တောင် နှစ်တောင် မြင့်တော့မပေါ့ ဦးခင်မောင်ရေ (မှန်ပါ့ ဘုရား)။ နောက် ဘယ်ပြန်ကျမယ် ထင်သလဲ (မြေကြီးပေါ် ပြန်ကျမှာပါ ဘုရား)။ မြေကြီးပေါ် ပြန်ကျမယ်ဆိုတာ မသေ ချာဘူးလား (သေချာပါတယ် ဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ ဒီကံမကောင်းလို့ ဟိုဘုံပြောင်း လို့ရှိရင်လည်း ဟိုသချိုင်းကျမှာပါပဲ (မှန်ပါ့ ဘုရား)။ ဒီသချိုင်း မှာ မသေချင်ပါဘူးဆိုတာနဲ့ ဘာထူးသေးသတုံး (မထူးပါ ဘုရား)။ ယုန်သည် မြေပေါ်မှာမုန်း၍ မြေကိုခုန်ငြားသော် လည်း ခုန်ရာရောက်ပါရဲ့လား (မရောက်ပါ)။ မြေပေါ်ပဲ ပြန် မကျဘူးလား (ကျပါတယ် ဘုရား)။

ဒီမှာလည်း ဒကာ၊ ဒကာမတို့ သစ္စာမသိဘဲနဲ့ သုံးဆယ့် တစ်ဘုံထဲ အသေလွတ်ရာ ရှာနေကြမယ်ဆိုလို့ရှိရင်ဖြင့် အသေပဲ ပြန်တွေ့ကြမယ် (မှန်ပါ့)။

ကဲ. . .ဘာပဲ တွေ့ကြမလဲ (အသေပဲ တွေ့ကြပါမယ် ဘုရား)။ ဩော်. . . အသေလွတ်ရာ ရှာကြငြားသော်လည်း ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘာပဲ တွေ့နေကြပါလိမ့် (အသေပဲ တွေ့နေကြပါတယ် ဘုရား)။

အသေပဲ တွေ့နေလို့ ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဘုရားပွဲ့တုန်း အခုလို ဆရာကောင်း၊ သမားကောင်းတွေနဲ့ ကြုံတုန်း ဆုံတုန်း အသေလွတ်ရာ ပြနေတဲ့အချိန်မှာဖြင့် အရေးတကြီး ငါတို့သိမ်းပိုက်ပြီး အရယူမယ်ဆိုတဲ့စိတ် မွေး ဖြစ်အောင် မွေးကြပါဆိုတာ ပြောရတယ်နော် (မှန်လှပါ ဘုရား)။

ဒါမှ မမွေးလို့ရှိရင်လည်း ခင်ဗျားတို့ မဂ်ဉာဏ် ဖိုလ် ဉာဏ် မရနိုင်ဘူးဆိုတဲ့ဥစ္စာလည်း သိကြပြီမဟုတ်လား (မှန်ပါ ဘုရား)။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ မရကြလို့ရှိရင်လည်း မသေရာ မြင်ကြပါ့မလား (မမြင်ပါ ဘုရား)။ မမြင်လို့ရှိရင်လည်း သွား တတ်ပါ့မလား (မသွားတတ်ပါ ဘုရား)။

မသွားတတ်လို့ရှိရင်ဖြင့် သုံးဆယ့်တစ်ဘုံထဲ လိုက်ရှာ တော့ သချိုင်းပဲ ပြန်ရောက်မှာပဲ (မှန်ပါ့ ဘုရား)။ သုံးဆယ့် တစ်ဘုံထဲသာ ရှာကြမယ်ဆိုရင် ဘာလာရကြမလဲ (သချိုင်း သာ ရကြပါမယ် ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ သချိုင်း ရတဲ့အလုပ်ကို ရှောင်ပြီးသကာလ ဇာတိမရှိတဲ့အရပ်၊ ဇရာ မရှိတဲ့အရပ်၊ ဗျာဓိမရှိတဲ့အရပ်၊ မရဏမရှိတဲ့အရပ်ကိုသာ ကျုပ်တို့ မဂ္ဂင်လမ်းနဲ့၊ မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးနဲ့ မဂ္ဂင် ငါးပါး လမ်းမြောင်ကလေး၊ မဂ္ဂရှစ်ပါး လမ်းမတော်ကြီးကို ကျုပ်တို့လိုက်ရလို့ရှိရင်ဖြင့် မသေရာအမှန် ပြည်နိဗ္ဗာန်သို့ ဧကန်ရောက်ပါလိမ့်မယ်ဆိုတာ ဦးခင်မောင်တို့ သေသေချာ ချာ မှတ်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။

မဂ္ဂင်ရှစ်ပါးတည်း ဟူသော လမ်းမတော်ကြီးက နိဗ္ဗာန် အဖြောင့်သွားတယ်။ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ဧကန်သွား ပါတယ် (မှန်ပါ့ ဘုရား)။ သို့သော် မဂ္ဂင်ငါးပါးဆိုတဲ့ လမ်းမ ကလေးမှ လမ်းမကြီးပေါ်ရောက်အောင် ဆွယ်ပြီးသကာလ မတက်လိုက်လို့ရှိရင်လည်း လမ်းမတော်ပေါ် ရောက်နိုင်ပါ့ မလား (မရောက်နိုင်ပါ ဘုရား)။

လမ်းမတော်ပေါ်မှ မရောက်နိုင်လို့ရှိရင်လည်း မသေ ရာမှန် ပြည်နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကြီးဟာလည်း လမ်းမ တော်ပေါ် ရောက်မှသာလျှင် မြင်ရ ကြုံရ တွေ့ရ ရောက်ရ မယ်ဆိုသလို ဖြစ်ပြီးသကာလနေတော့ ဒကာ၊ ဒကာမတို့ လမ်းမြောင်ကလေးလိုက်ပြီး လမ်းမတော်ပေါ် ရောက်အောင် လျှောက်ပါ (မှန်ပါ့)။

လမ်းမတော်ပေါ် လျှောက်ပြီးမှ မြို့တော်အဆိုက် သွားကြပါဆိုတဲ့ဥစ္စာကိုလည်း ဆရာသမားများက ပြနေတယ် ဆိုတဲ့ဥစ္စာကိုလည်း သဘောကျကြပါပြီ (မှန်ပါ့ ဘုရား)။

ဒါကြောင့် အဲဒီလမ်းကို ရောက်ချင်ကြတယ် ရချင်ကြ တယ်ဆိုလို့ရှိရင်လည်း ကိုယ့်မျက်လုံးကတော့ဖြင့် မတတ်နိုင် ပါဘူး။ သူတော်ကောင်း ဆည်းကပ်မှ ရတော့မှာပဲ (မှန်ပါ့ ဘုရား)။ သူတော်ကောင်း မဆည်းကပ်ရင်ဖြင့် (မရပါ ဘုရား)။

သူတော်ကောင်း ဆည်းကပ်ပြီး သူတော်ကောင်း လုပ် နေငြားသော်လည်း၊ သူတော်ကောင်းပြောတဲ့တရား မနာပြန် လို့ရှိရင်လည်း ဒီလမ်းမတော်ကြီး တက်နိုင်ကြပါ့မလား (မတက် နိုင်ပါ ဘုရား)။

အဲဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန် စွာအားထုတ်၊ ဘယ်အပေါ် အားထုတ်ရမှာတုံးလို့ မေးစရာ ရှိနေမှာစိုးလို့ မာဂဏ္ဍီပုဏ္ဏားကြီးအား ဘုရားရှင်က ဟော လိုက်တယ်၊ နာမ်နဲ့ရုပ်လို့တဲ့။

နာမ်နဲ့ရုပ်ကို ဘယ်လိုရှုရမှာတုံးဆိုတော့ အို. . . နာမ် ကို နာမ်လို့ သိနေရုံနဲ့ မပြီးသေးဘူး။ ရုပ်ကို ရုပ်လို့ သိရုံနဲ့ မပြီးသေးဘူး။ ဖြစ်ချုပ်ဉာဏ်မြင်၊ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ချုပ် ကိုလည်း မြင်ရဦးမယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။ ဤငါးအင် မှန်ပင်မဂ်ရကြောင်း ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတွေ ဒါကို မှတ်မိကြပြီနော် (မှန်ပါ့ ဘုရား)။

"သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအား ထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း"

သဘောကျပလား (ကျပါပြီ ဘုရား)။ ကဲ. . . သုံး ခေါက်လိုက်ပါဦး (သုံးခေါက် ချပေးသည်)။ ကဲ. . . သုံးခေါက် လောက် ဆိုကြည့်ကြစမ်း အားလုံး (သုံးခေါက် ဆိုကြသည်)။

အို. . . ဒီလို သုံးလေးရက် ဒကာ၊ ဒကာမတွေ ဆွေ ပွန်သွားလို့ရှိရင်ဖြင့် အလုပ်စဉ်ကြီး သိသွားတဲ့အတွက် အင် မတန်မှ ဝမ်းမြောက်စရာ ကောင်းတယ်နော် (မှန်ပါ့ ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာ သမ္မသနသုတ် ဆိုပြီး ဟောပါတယ်။ ဒကာ၊ ဒကာမတို့



www.burmeseclassic.com

www.burmeseclassic.com

> “အဲဒီတော့ မင်းတို့ခန္ဓာကိုယ်ကို
> မင်းတို့ရှုလိုက်စမ်းပါ ကွာတဲ့။
> အို နာ သေဟာ ဘယ်ကလာပါလိမ့်မလဲလို့
> မင်းတို့ သုံးသပ်လို့ရှိရင်
> အရင်းအမြစ်ပေါ် လာပြီး သကာလ
> အရင်း အမြစ် ပြတ်တတ်တဲ့ဉာဏ်
> လာပါလိမ့်မယ်ကွ၊
> ဒါကြောင့် စပြီးသုံးသပ်စမ်းပါ”

သမ္မသနသုတ်ဆိုတာ သူများ မသုံးသပ်ပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် သုံးသပ်စမ်းပါ ဆိုတာကို ကုရုတိုင်းမှာပဲ ဟောတော်မူတယ်နော် (မှန်ပါ့ ဘုရား)။ ဘယ်ဟာ သုံးသပ်ရမှာပါလိမ့် (ကိုယ့်ကိုယ်ကိုယ် သုံးသပ်ရမှာပါ ဘုရား)။

ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်ပါတဲ့ ဒကာ၊ ဒကာမတို့နော် (မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်တဲ့အခါကျလို့ရှိရင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတို့၊ မင်းတို့ ကိုယ့်ကိုယ်ကိုယ်များ သုံးသပ်ကြရဲ့လားလို့ ကုရုတိုင်းမှာ ရဟန်းတွေမေးလိုက်တဲ့အခါ ရဟန်းတစ်ပါးက တပည့်တော်တို့ (သုံးသပ်ပါတယ် ဘုရား)။

ဩော်. . . မင်းတို့သုံးသပ်တာ ပြောစမ်းပါဦးကွာ၊ တပည့်တော်ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ သုံးသပ်ပါတယ်ဘုရား ဆိုတော့ ဘုရား အလိုမကျဘူး (မှန်ပါ့ ဘုရား)။

ဘာကြောင့် အလိုမကျသတုံးလို့ မေးတဲ့အခါကျတော့ ဒိုက အသုဘကမ္မဋ္ဌာန်းဖြစ်နေတယ် (မှန်ပါ့)။ ဒီက သစ္စကမ္မဋ္ဌာန်းကို ဘုရားက လိုချင်တယ် (မှန်လှပါ ဘုရား)။ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာကမ္မဋ္ဌာန်းတဲ့တုံး (အသုဘကမ္မဋ္ဌာန်းပါ)။ ဘုရားလိုချင်တာက (သစ္စကမ္မဋ္ဌာန်းပါ ဘုရား)။

သစ္စကမ္မဋ္ဌာန်းကို လိုချင်တဲ့အတွက် ဘုရားက အလိုကျတော့ အရှင်အာနန္ဒာက အနားမှာရှိတယ်။

“အရှင်ဘုရား အရှင်ဘုရားပြောမှ သိရမယ့်ပုဂ္ဂိုလ်၊ နာရမယ့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ် ဘုရား၊ အရှင်ဘုရားသာ ဟောတော်မူပါ၊ အရှင်ဘုရားသာ ဆုံးမတော်မူပါ” ဆိုတော့ “အေး ကောင်းစွာနာကြ၊ ကောင်းစွာနာကြကွ” ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ခန္ဓာထဲမှာ သုံးသပ်စမ်းပါကွဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုံးသပ်ခိုင်းတဲ့ဥစ္စာ ဒကာ၊ ဒကာမတို့ အို၊ နာ၊ သေ (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့တရားလည်းရှိတယ်၊ နာတတ်တဲ့တရား၊ သေတတ်တဲ့တရားကော (ရှိပါတယ် ဘုရား)။ ခန္ဓာငါးပါးသည် ဒကာ၊ ဒကာမတို့ ဇရာပိဒုက္ခသစ္စ ဆိုတာလည်း ခန္ဓာငါးပါး၊ ဗျာဓိပိဒုက္ခသစ္စံ ဆိုတာလည်း ခန္ဓာငါးပါး၊ မရဏမ္ပိဒုက္ခသစ္စံ ဆိုတာကော (ခန္ဓာငါးပါးပါ ဘုရား)။

ခန္ဓာငါးပါးပဲ ဆိုတာ မှတ်ကြပါ ဒကာ၊ ဒကာမတို့။

အဲဒီတော့ မင်းတို့ခန္ဓာကိုယ်ကို မင်းတို့ရှုလိုက်စမ်းပါ ကွာတဲ့။ အို နာ သေဟာ ဘယ်ကလာပါလိမ့်မလဲလို့ မင်းတို့ သုံးသပ်လို့ရှိရင် အရင်းအမြစ်ပေါ်လာပြီး သကာလ အရင်း အမြစ် ပြတ်တတ်တဲ့ဉာဏ် လာပါလိမ့်မယ်ကွ၊ ဒါကြောင့် စပြီးသုံးသပ်စမ်းပါ ဆိုပြီးသကာလ အို၊ နာ၊ သေ ဘယ်က လာပါလိမ့်မလဲလို့ ဆင်ခြင်ကြစမ်းပါ (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ အို နာ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။ အေး. . . ခန္ဓာငါးပါးက လာတယ်၊ ဒကာ၊ ဒကာမတို့ ရိပ်မိပြီ။ အို၊ နာ၊ သေ ဆိုတာ ခန္ဓာငါးပါးက လာတယ်နော် (မှန်ပါ့)။ အို၊ နာ၊ သေ ဘယ်က လာပါလိမ့် ဒကာ၊ ဒကာမတို့ (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။ အေး. . . ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာငါးပါးက လာတယ်နော် (မှန်ပါ့)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်ခန္ဓာရရင် အရတော်လေစွလို့ ဆိုကြမလဲ (ဘယ်ခန္ဓာမှ အရမတော်ပါ ဘုရား)။ ဦးခင်မောင် ဆိုချင်သေးသလား (မဆိုချင်ပါ ဘုရား)။ အားလုံး ဒကာ၊ ဒကာမတွေ ခန္ဓာကိုယ် ရတယ်လို့ဆိုရင်ဖြင့် ဘာတွေ အညွန့် အညောက် ပေါက်မယ်ဆိုတာလည်း သိပြီးသားဖြစ်နေကြတဲ့အတွက် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့်မလဲ (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

ဩော်. . . ဒီလိုသုံးသပ်စမ်းပါကွာ၊ ဒီလိုသုံးသပ်စမ်းပါကွ၊ ဒီလိုဆိုရင်ဖြင့် အမြစ် အရင်းတွေပေါ်ပြီး မင်းတို့ဖြစ်တတ်တဲ့ဉာဏ် ငါဟောလို့ ဖြစ်ပါလိမ့်မယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပာဒ်ကြီးကို လေးမျိုးနဲ့ အပြတ်ထားပြီး သကာလ သစ္စာဆိုက်အောင် ဟောနေတယ်လို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ခင်ဗျားတို့သိအောင် အို နာ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ အင်း. . . စာကတော့ ဥပမိ နိဒါန် လို့ဆိုတယ်။ ခန္ဓုပမိက လာတယ်လို့ ဆိုတာပါပဲ။ သို့သော် ဒကာ၊ ဒကာမတွေ နားလည်မှု တန်ဆာဆင်လိုက်တဲ့ အခါကျတော့ ခန္ဓာငါးပါးက လာတဲ့ အို၊ နာ၊ သေ ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်ခန္ဓာရလို့ရှိရင် အို၊ နာ၊ သေ လွတ်ပါ့မလဲ (ဘယ်ခန္ဓာမှ မလွတ်ပါဘုရား)။ ဒါဖြင့် ဘယ်ခန္ဓာ ဆုတောင်းသင့်သလဲလို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောကြမလဲ (ဘယ်ခန္ဓာမှ ဆုမတောင်းသင့်ပါ ဘုရား)။ ဘယ်ခန္ဓာမှ ဆုမတောင်းကြပါနဲ့၊ သူက ထွက်လာတဲ့ အညွန့်





www.burmeseclassic.com

www.burmeseclassic.com

အညောက်တွေဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ခန္ဓာက ထွက်လာတာ အိုညွန့်၊ နာညွန့်၊ သေညွန့်မှ တစ်ပါး ဘာများထွက်သေးသတုံး (ဘာမှ မထွက်ပါ ဘုရား)။ ဒါကြောင့် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် (ခန္ဓာက လာပါတယ် ဘုရား)။ ဩော်. . . ဒကာ၊ ဒကာမတွေ သိသွားတော့ ဒကာ၊ ဒကာမတို့ ခန္ဓာကအကြောင်း၊ အို၊ နာ၊ သေက (အကျိုးပါ ဘုရား)။

ဤအကြောင်းအကျိုးဆုံးအောင် ကျင့်နိုင်တဲ့အကျင့်သည်ကား ခန္ဓာအကြောင်း သမုဒယ၊ အို နာ သေက အကျိုးဒုက္ခ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။ ခန္ဓာက (အကြောင်းသမုဒယပါ)။ အို နာ သေက (အကျိုးဒုက္ခပါ ဘုရား)။ ရှင်းပြီနော်။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ သိသွားပြီနော် (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့သည် အို နာ သေကို လွတ်အောင်ကျင့်နိုင်တဲ့ အကျင့်ကိုတော့ ဘာဆိုကြမလဲ (မဂ္ဂသစ္စာပါ ဘုရား)။ ကျင့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာရော၊ အို နာ သေရော လွတ်သွားမယ်ဆိုရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါ ဘုရား)။

အေး. . . ဒီလို သစ္စာလေးပါး သိတဲ့ဉာဏ်ကို ဘုရားက ဟောချင်လို့ ကိုယ့်ခန္ဓာကိုယ် သုံးသပ်ကြစမ်းပါကွလို့ သေသေချာချာ ဟောတော်မူပါတယ် (မှန်ပါ့)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

တစ်ခါ တွေးကြဦးစို့ ဒကာ၊ ဒကာမတို့။ ဩော်. . . တပည့်တော်တို့ဖြင့် (ယနေ့ ထူးထူးခြားခြားပဲ သိပါပြီ ဘုရား)။ ခန္ဓာရှိရင် အို နာ သေတည်းဟူသော အညွန့်အညောက်တွေ ပေါက်ရတော့မယ်။ မပေါက်ပါနဲ့ဆိုလို့ (မရပါ ဘုရား)။ ကျွေးရင်း မွေးရင်းနဲ့လည်း (ပေါက်ပါတယ် ဘုရား)။

အိုညွန့်၊ နာညွန့်၊ သေညွန့်တွေ ဘယ့်နှယ်တုံး (ပေါက်ပါတယ် ဘုရား)။ ဆင်ရင်း ပြင်ရင်းနဲ့ကော (ပေါက်ပါတယ် ဘုရား)။ အိုညွန့်၊ နာညွန့်၊ သေညွန့်တွေက ပေါက်လာတာပဲ ဒကာ၊ ဒကာမတို့ သဘောကျပလား (ကျပါပြီ)။ ဆေးတွေဝါးတွေ ကုရင်းမတ္တနဲ့ကော (ပေါက်ပါတယ် ဘုရား)။ အို၊ နာ၊ သေပဲ ပြန်ပေါက်ပွားလာတယ်ဆိုတာ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါ ဒကာ၊ ဒကာမတို့ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်လိုတားလို့မှမရတဲ့ ခန္ဓာကြီးဆိုတာ သေချာကြပလား (သေချာပါပြီ)။

ဒါကြောင့် ဒီခန္ဓာ ဘာသစ္စာ (သမုဒယသစ္စာပါ ဘုရား)။ အို နာ သေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာ၊ ဒီခန္ဓာကြီးက သမုဒယသစ္စာ၊ အို နာ သေက (ဒုက္ခသစ္စာပါ ဘုရား)။

သူတို့ကို လွတ်အောင်၊ ကျွတ်အောင် ကျင့်နိုင်တဲ့အကျင့်က (မဂ္ဂသစ္စာပါ ဘုရား)။ ကျင့်လိုက်လို့ လွတ်သွားလို့ရှိရင် (နိရောဓသစ္စာပါ ဘုရား)။

အဲ. . . ဒီနှစ်ခု လွတ်သွားရင် နိရောဓသစ္စာဆိုတာ ဒကာ၊ ဒကာမတို့ ခန္ဓာနဲ့တကွ အို၊ နာ၊ သေ ချုပ်တာကို ဆိုပါတယ် (မှန်ပါ့ ဘုရား)။ ခန္ဓာနဲ့တကွ အို၊ နာ၊ သေ ချုပ်တာကို ဘာဆိုကြမလဲ (နိရောဓသစ္စာပါ ဘုရား)။ နိရောဓသစ္စာ၊ ဒါအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ ရကြမှာပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ တွေးသာအောင် ဆက်ပြီးသကာလ ဘုရားက သမ္မသနသုတ်ဆိုတာ တွေးကြကွတဲ့။ ဒီခန္ဓာကြီးကလည်း ဘယ်ကများ လာပါလိမ့်မလဲဆိုတဲ့ အမေးကို ပြန်မေးပါ (မှန်ပါ့)။ ဘယ်က လာပါလိမ့် (တဏှာက လာပါတယ် ဘုရား)။

ဟုတ်ပြီ ဒကာ၊ ဒကာမတို့ သုံးရက်တောင်ရှိသွားတော့ ဒကာ၊ ဒကာမတွေ နားပါးလာပြီ။ ခန္ဓာငါးပါး ရုပ်နာမ်တရားသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်ကများ လာပါလိမ့် (တဏှာက လာပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် တဏှာက ဘာသစ္စာ (သမုဒယသစ္စာပါ ဘုရား)။ ခန္ဓာက (ဒုက္ခသစ္စာပါ ဘုရား)။ သူတို့နှစ်ခု ချုပ်အောင် ကျင့်တဲ့အကျင့်က (မဂ္ဂသစ္စာပါ ဘုရား)။ နှစ်ခုစလုံး ချုပ်သွားရင် (နိရောဓသစ္စာပါ ဘုရား)။

ဒါကြောင့် တဏှာ နိရောဓော နိဗ္ဗာနံ၊ ခန္ဓ နိရောဓော နိဗ္ဗာနံ လို့ ဘုရားက ဟောလိုက်ပြန်တယ် (မှန်ပါ့ ဘုရား)။ ဒီသစ္စာကို အများကြီးသိချင်လို့ ဦးဇံရင်တို့၊ ဦးမြရွှေတို့နော် (မှန်ပါ့ ဘုရား)။ ဘယ့်နှကောဋ္ဌာသကို သူ အလိုမရှိဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရဟန်းတစ်ပါးက ထဖြေတော့ ကျေနပ်ကဲ့လား ဘုရားက (မကျေနပ်ပါ ဘုရား)။

မကျေနပ်ဘူးတဲ့၊ သစ္စာမဆိုက်သေးတဲ့အတွက် မကျေနပ်ဘဲဖြစ်ပြီး သကာလနေတော့ ဘုရားရှင်က သစ္စာဟောချင်တာ၊ ဟိုဟာလည်း ဟောတာပါပဲ။ သို့သော် ဒီအတွက်မှာ သစ္စာကို မြင်မြင်ထင်ထင်ကြီး ပြချင်တာနဲ့ ဒကာ၊ ဒကာမတို့ ဟိုရဟန်းကျင့်စဉ်က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မကျေနပ်ဘဲဖြစ်နေတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

(ဆက်ရန်)

❐ ဓမ္မဒါန



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားစေတီကို ခြသေ့်စောင့်တယ် ခြသေ့်ကို ဘယ်သူစောင့်မယ်

**ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး/သု)**

သတင်းစာတွေ ဆေးရောင်စုံ ရိုက်ထုတ်လာတဲ့အခါ မှတ်တမ်းဓာတ်ပုံတွေဟာ ပိုလို့ စိုပြည်ပြီး စိတ်ဝင်စားဖွယ် ကောင်းလာတယ်။ အထူးသဖြင့် ရှုခင်းရှုကွက်တွေ၊ ဘုရားစေတီတွေနဲ့ မြို့တွေ၊ ရွာတွေအကြောင်းကို သတင်းဓာတ်ပုံအဖြစ် တွေ့လိုက်ရတဲ့အခါပေါ့။ အရောင်အသွေးကိုပါ မြင်ရတော့ သတင်းဟာ ပိုပြီး ပီပြင်ထင်ရှားလာသလိုပါပဲ။


တစ်နေ့မှာတော့ ကြေးမုံ သတင်းစာမှာ မန္တလေး မဟာမြတ်မုနိဘုရားကြီး ဝင်းထဲက ခမာကြေးရုပ်တွေအကြောင်း ပါလာတယ်။

"သတင်းဓာတ်ပုံ-နိုင်ငြိမ်း(အညာတက္ကသိုလ်)"ရဲ့ ပေးပို့ချက်ပါ။

***မဟာမြတ်မုနိဘုရားကြီးအတွင်းမှ အစောင့်ကြေးရုပ်များ ထိန်းသိမ်းရေး***

"မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးကို မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့လှုံ၍ ရခိုင်ဘုရင် သူရိယစန္ဒာအား ကိုးကွယ်ရန် ပေးအပ်ထားခဲ့သည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့ဥပရာဇာသည် ရခိုင်ပြည်ကို ချီတက်တိုက်ခိုက်ပြီး ဤဘုရားကြီးကို မြို့ဟောင်းတောင်ကုတ်လမ်းမှတစ်ဆင့် အမရပူရသို့ ပင့်ဆောင်ခဲ့ရာ လေးငါးရက်အကြာတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ဘုရားကြီးကို အမရပူရမြို့၌ ထားရှိကိုးကွယ်ပြီး နောင်တွင် မန္တလေးတောင်ပြင်သို့ ပို့ဆောင်လျက် ကိန်းဝပ်တော်




မဟာမုနိဘုရားဘောဓတန်ဆောင်းတော်မှ ကြေးရုပ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com





မဟာမုနိဘုရားဘေးတန်ဆောင်းတော်မှ ကြေးရုပ်ကြီးများမှတ်တမ်း


မှုစေခဲ့သည်။ ဘုရားကြီး၏ ဉာဏ်တော်မှာ ၁၂ ပေ ၇ လက်မ မြင့်ပြီး ရွှေသားအလေးချိန် ၅၄၅၀ ခွက်ရှိကြောင်း ဘုရားသမိုင်းတွင် ဖတ်ခဲ့ရသည်။

ထိုဘုရားကြီးအနီး မဟာရာမ်တံတိုင်းအတွင်း အစောင့်အရှောက်အဖြစ် ယိုးဒယားကြေးရုပ်၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်နှင့် ဧရာဝဏ်ဆင်ရုပ်ကြီးများကို တောင်ငူ ဘုရင့်နောင်ခေတ်ကပင် ထားရှိခဲ့သည်။

မဟာမုနိဘုရားကြီးမှာ ရင်ငွေ့လှုံ ကိုယ်တော်ကြ
ဖြစ်ရာ လွန်စွာတန်ခိုးကြီးလှပေသည်။ ယိုးဒယားမှ တောင်ငူ
တောင်ငူမှ ရခိုင်သို့ ရောက်ရှိစဉ် ကြေးရုပ်ပေါင်း ၃၀ ခန့်ရှိ
အရုပ်အချို့မှာ ဒေါင်းဒင်္ဂါးပြုလုပ်ရန် အရည်ကျိုခံလိုက်
သည်။ ယခုကျန်နေသော ကြေးရုပ်များတို့ ကလေးများ
ချက်နှိုက်ခြင်း၊ ခြေနှင့်လက်များကို ပွတ်သပ်ဆော့ကစားခြ
ပြုကြသဖြင့် အစောင့်ကြေးရုပ်အချို့မှာ ပျက်စီးစပြုနေ



မဟာမြတ်မုနိဘုရားဘေးတန်ဆောင်းတော်မှ ကြေးရုပ်ကြီးများ







www.burmeseclassic.com

www.burmeseclassic.com









မဟာမုနိဘုရားဘေးတန်ဆောင်းတော်မှ ကြေးရုပ်ကြီးများ

သည်။ ဘုရားကြီး လုံခြုံရေးနှင့် အစောင့်ကြေးရုပ်များ ရေးကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း တင်ပြ ရပါသည်" တဲ့။

သတင်းစာထဲက ခြသေ့်ကြေးရုပ်ကြီးမြင်တော့ မနှစ် ဆောင်းမနက်ခင်းတစ်ခုကို သွားသတိရလိုက်တယ်။ ဆောင်းပေါ့။ ဆောင်းရဲ့အစ၊ တန်ဆောင်မုန်း လပြည့် နေက်မှာ ကိုယ်ဟာ မန္တလေးရဲ့ မနက်ခင်းကို ထိတွေ့ စမ်းသပ်နေမိတယ်။ လမ်းလျှောက်သန့်တဲ့ကိုယ်ဟာ တည်းခို ရာ အိမ်က စောစောထွက်ခဲ့ပြီး ဖြောင့်တန်းကျယ်ဝန်းတဲ့ လမ်းမကြီးတွေကို အလျားလိုက်စီးမျော လျှောက်သွားနေ လိုက်တယ်။

"ဘုရားကြီး၊ ဘုရားကြီး"လို့ အော်နေတဲ့ လိုင်းကား တွေ တွေ့တော့ မဟာမုနိဘုရားကြီးကို ဆိုလိုတာပဲလို့ သိသွား တယ်။ ဒီကားတွေကို မြင်နေသမျှ နောက်က ဆက်လိုက် သွားရင် ဘုရားကြီးရောက်မယ်ပေါ့။ မဟာမုနိဆိုမှ ထူးခြား ချက်တွေ များစွာနဲ့ ဘုရားကြီးပေပဲလို့ တန်းမြင်လိုက်တယ်။ ဘုရားကြီးရဲ့ မူရင်းဒေသ၊ ရိုးမကိုကျော်ပြီး ဘုရားကြီးကို ပင့်ဆောင်လာပုံ၊ ဘုရားကြီးစံမြန်းဖို့ ဂန္ဓကုဋိတိုက်ကြီးကို မြင်သစ်က ဗာဆေးနန်းတော်ကြီး ပန္နက်ပုံလို တည်ဆောက် ခဲ့ပုံ၊ ဘုရားတန်ဆောင်းက နံရံဆေးရေးပန်းချီတွေ၊ အဲဒီ ဆေးရေးပန်းချီတွေနဲ့ ပတ်သက်လို့ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာ တွေ၊ ဘုရားရင်ပြင်တစ်နေရာက ခမာယဉ်ကျေးမှု အနုလက် ရာ ကြေးရုပ်ကြီးတွေ၊ အင်း. . . စိတ်ဝင်စားမှု အပြည့်နဲ့ ကိုယ်ကတော့ ဆောင်းမနက်ခင်းမှာ ချွေးလေးစိုစိုဖြစ်ပြီး ခြေလှမ်းသွက်သွက် ဆက်လက် ချီတက်လာခဲ့တယ်။

လမ်း ၃၀ ကနေ တစ်ပြ၊ တစ်ပြနဲ့ လာလိုက်တာ မဟာမုနိမုခ်ဦးကြီးနား ရောက်လာပါရော။ လမ်းမှာ ဦးတို





www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိဘုရားမှ ကြေးရုပ်ကြီးများနဲ့ တောင်ပေါ်သူများ

အရိုးအိုးစေတီကိုလည်း ဝင်ခဲ့သေးတယ်။ ဘုရားကြီးဈေးနား လမ်းဘေးတစ်နေရာက မန်ကျည်းပင်ကြီးအရင်းက စာအုပ် အဟောင်းဆိုင်လေးလည်း ဝင်မွှေခဲ့တယ်။

လမ်းလယ်ကောင်မှာ ဆောက်ထားတဲ့မဏ္ဍပ်ကို အငြိမ့်စင်အောက်မေ့လို့ ဆိုင်းဘုတ်ကြည့်လိုက်မှ ကထိန်ပွဲတဲ့။ အငြိမ့်ဆိုရင် ကောင်းမှာ။ မန္တလေးညများမှာ အငြိမ့်စင်ထောင့်မှာ မတ်တတ်ရပ်ပြီး အငြိမ့်ကြည့်တဲ့ အရသာ မခံစားဖူးသေးဘူး။

'ဆေး-မန်း'က သူငယ်ချင်းပြောပြတဲ့ လမင်းတစ်ရာ ငွေးငွေးမြင့်တို့ ခေတ်ကိုတောင် အပြောနဲ့ လွမ်းခဲ့ရတာ။ ဒီလိုနဲ့ ဟိုငေးဒီငေး၊ ဟိုတွေးဒီတွေးနဲ့ ဘုရားကြီးဝင်းထဲ ရောက်ခဲ့တယ်။

အဝင်လမ်းဘယ်ဘက်ခြမ်းမှာ ရေကန်တော်နဲ့ ဇရပ်သစ်တစ်ဆောင် တွေ့ရတယ်။ နံနက်နေရောင်ခြည်မှာ ခိုတွေ တန်းစီနားနေပုံက ကဗျာဆန်လိုက်တာ။ ရေစက်တွေဖြာထွက်ပြီး တဖွားဖွားနဲ့ ထပျံနေကြတာလည်း ကြည်နူးစရာ။

ပန်းဈေးတန်းလေးမှာတော့ ပဒုမ္မာကြာတွေကို ဝါးတောင်းလေးတွေနဲ့ထည့်ပြီး ရောင်းနေကြတယ်။ ကြာမျိုးစုံတဲ့ သီရိလက်ာခရီးစဉ်ကို သတိရလိုက်တာ။ ဘုရားကြီးကို လူတွေနောက်ကပဲ လှမ်းကန်တော့လိုက်ပြီး လက်ယာဘက်ကနေ တစ်ပတ် ပတ်လိုက်တယ်။ ဟိုတစ်ခါလာတုန်းက လက်ယာဘက် တန်ဆောင်း တစ်ခုမှာ ကြေးရုပ်ကြီးတွေ တွေ့မိလို့။ ကိုယ့်အာရုံတွေ မချို့ယွင်းသေးဘူး။ တကယ်ပဲ ကြေးရုပ်ကြီး



မဟာမြတ်မုနိဘုရားမှ ကြေးရုပ်ကြီးများနဲ့သားအမိ



တွေဆီ ရောက်သွားတယ်။ ထူထောင်ဖြစ်ထွန်းစ အိမ်ထောင်သည် ငယ်ငယ်လေးတစ်စုံက သူတို့ရဲ့မတ်တတ်ရပ်တတ်စ သမီးငယ်လေးကို ခေါင်းသုံးလုံးနဲ့ ဆင်ကြီးရဲ့နှာမောင်းရင်းမှာ ရပ်ခိုင်းနေတယ်။

ရှမ်းလွယ်အိတ်ကို တစောင်းလွယ်ထားတဲ့ တောင်ပေါ်သူတစ်အုပ်စုကတော့ ကြေးရုပ်တွေကို ပွတ်သပ်ပြီး ဆုတွေ အသီးသီး တောင်းနေကြရဲ့။ အဘွားကြီးတစ်ယောက်ကတော့ မတ်တတ်ရပ်နေတဲ့ နတ်ရုပ်ကြီးရဲ့ လက်မောင်းကို လှမ်းကိုင်ပြီး ဆုပ်နယ်ပေးနေရဲ့။ ဘာတဲ့ သူ့လက်မောင်းအောင့်တာ ပျောက်ပါစေဆိုလား။ ဇရာရဲ့ အထုအထောင်းကြောင့် အကြောအခြင်တွေ တင်းတောင့်ကိုက်ခဲနေတာကို နတ်မင်းကြီးက ကယ်မရမယ်ပေါ့။ အဘိုးကြီးကတော့ ဒူးနာနေရာ ကို ပွတ်သပ်ရင်း နှုတ်က တဖွဖွ။


www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာ မျက်စိရောဂါ၊ ဝမ်းဗိုက်နဲ့ဆိုင်တဲ့ ရောဂါတွေ၊ ဆီးနဲ့ပတ်သက်တဲ့ရောဂါတွေ အဖြစ်များပုံ ရတယ်။ နတ်ရုပ်ကြီးရဲ့ မျက်လုံး၊ ချက်နဲ့ ဆီးခုံနေရာဟာ ပွတ်ထားလွန်းလို့ ပေါက်များတောင်ထွက်နေပြီ။ ရောဂါဘယ ကင်းအောင် သက်ဆိုင်ရာရောဂါဖြစ်တဲ့ နတ်ရုပ်ကြီးရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို ပွတ်သပ်ပေးရင်း ဆုတောင်းရင် ပျောက်တယ်ဆိုကိုး။ ပွတ်ကြသပ်ကြပြီပေါ့။ ပွတ်သပ်ဖန်များတဲ့ နေရာတွေဟာ ပြောင်လက် ပွန်းရှ ပါးလျားပြီး ပေါက်ထွက်နေကြတယ်လေ။ ဘယ်နေရာ အပွတ်များသလဲဆိုတာ နတ်ရုပ်မှာ မြင်နိုင်တာမို့ မြန်မာပြည်တစ်ဝန်းမှာ ဘာရောဂါ အဖြစ်များတယ်ဆိုတာ ဆေးပညာအရ ဒေတာ(Data)တွေ ပင်ပင်ပန်းပန်း ကောက်ယူနေမယ့်အစား ကြေးရုပ်ကြီးမှာသာ လာကြည့်လိုက်ရင် လွယ်လွယ်လေးနဲ့ သိနိုင်တာပေါ့။ ဗိုက်နာ၊ ဒူးနာ၊ ခါးနာ၊ ဆီးကျဉ်ဆီးအောင့်၊ ရင်ဘတ်အောင့်၊ အကြောတက်။





သူတို့တွေရဲ့ ယုံကြည်မှုကို ပံ့ပိုးရင်း အလုပ်ဖြစ်နေသူကတော့ တန်ဆောင်းရဲ့ထိပ်မှာ ခုံတစ်လုံးနဲ့ အကျအနထိုင်ပြီး နေရာယူနေတဲ့ အသက်(၅၀)ကျော် လူကြီးတစ်ယောက်ပေါ့။ မျက်မှန်ကိုင်းအနက်နဲ့ စာတတ်ပေတတ်ရုပ်လည်းပေါက်တဲ့ အသားဖြူဖြူ အဲဒီလူကြီးက . . .

"ဗိုက်နာ၊ ခါးနာ ပျောက်တယ်၊ ကိုယ်ရောဂါဖြစ်တဲ့ အစိတ်အပိုင်းကို နတ်ရုပ်ကြီးမှာပွတ်သပ်ပြီး ယုံယုံကြည်ကြည် ဆုတောင်းပါ။ ဒိဋ္ဌပျောက်ပါတယ်"ဆိုလား၊ သူ့တစ်ယောက်တည်း ပြောနေသလိုလို၊ လာတဲ့ဧည့်သည်တွေကိုပဲ လမ်းညွှန်သတိပေး ပြောကြားနေသလိုလို ရွတ်ဆိုနေပါတယ်။


သူ့ဘေးကခုံမှာလည်း အမွှေးတိုင်တွေနဲ့ သပြေညွန့်တွေ အပုံလိုက်၊ မြသပိတ်အသေးစားလေးလို ဖန်ခွက်စိမ်းစိမ်းထဲမှာတော့ အမွှေးနံ့သာရည်ထည့်ပြီး သပြေခက်လည်း နှစ်ထားသေးရဲ့။ တောင်ပေါ် သူတွေ အုပ်စုလိုက် ရောက်လာ






www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိဘုရားတန်ဆောင်းတော်မှ ဒေဝ နတ်ကြေးရုပ်ကြီး



တော့ ထတဲ့ပြီး နို့သာရည်လူးနေတဲ့ သပြေခက်တွေနဲ့ နတ်ရုပ်ကြီးကို တဖတ်ဖတ်ထရိုက်လိုက်ပြီး ဆုတွေ တောင်းပေးနေလိုက်သေး။

ရိုးအတဲ့ တိုင်းရင်းသူကြီးတွေကလည်း လက်နဲ့ပွတ်ရုံသာမက နတ်ရုပ်ကို ခေါင်းတိုက်ပြီးလည်း ဆုတောင်းလိုက်ကြသေးရဲ့။ အံမယ်၊ မျက်မှန်ကိုင်းနက်နဲ့လူကြီးက သပြေခက်နဲ့ သူတို့ခေါင်းကို ရိုက်လိုက်၊ နတ်ရုပ်ကြီးကို ရိုက်လိုက်နဲ့ ဓာတ်ဆက်ပေးနေလေရဲ့။ ဆုတောင်းခြင်းရဲ့ အဆုံးမှာတော့ ဆုယူခြင်းကို လုပ်ကြပါရော။ 'ဆုတောင်း-ဆုယူ' လို့ စကားက တွဲရက်ရှိနေသကိုး။

တောင်ပေါ်သူတွေ ရှမ်းလွယ်အိတ်ကြီးထဲ နှိုက်ပြီး ထွက်လာတဲ့ လက်ဆုပ်ထဲမှာတော့ ငွေစက္ကူတွေ။ တစ်မူးရလို့ တစ်ပဲလှူတဲ့ တို့ရှမ်းတောင်သူတွေ မဟုတ်လား၊ တူနိုင်ပါရိုးလား။ သူတို့ကို အရှုံးမပေးပါဘူးတဲ့၊ ရွှေညာသူ ရွှေညာသား အဘိုး အဘွား စုံတွဲကလည်း ရိုးသားကြသမို့လား၊ အားကျမခံ ချွေးခံအိတ်ထဲ လက်လျှိုပြီး မျက်မှန်ကိုင်းနက်နဲ့ လူကြီးရှေ့မှာ ငွေစက္ကူတွေ ထပ်လိုက်ကြတာပေါ့။

အင်း . . . ခုလိုမနက်စောစော နေမပွင့်တပွင့်မှာကို ပလတ်စတစ်ပန်းကန်ပြား အနီပေါ်မှာ ပုံနေတဲ့ အလှူငွေတွေ မနည်းပါလား။ လူကြီးရဲ့ပေါင်ပေါ်မှာလည်း ကျောပိုးအိတ်လေးတစ်လုံး ရှိနေတော့ ပန်းကန်ပြားပေါ်မှာပြည့်ရင် အဲဒီထဲ အသင့် ပြောင်းထည့်နိုင်တာပဲလေ။

ငယ်ရွယ်သူ အိမ်ထောင်သည်စုံတွဲကလည်း သဒ္ဓါ မချို့ပါဘူး။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေကပဲ။ စေတနာ သဒ္ဓါတရားနဲ့ အလှူဒါနတွေကို မွေးကတည်းက နားရည်ဝပြီးသား။ မိန်းကလေးက ပိုက်ဆံအိတ်လေး ဇစ်ဖွင့်ပြီး ငွေစက္ကူပြာပြာလေးတစ်ရွက် ထုတ်လိုက်ပါတယ်။ ပြီးတော့ သမီးငယ်လေးလက်ထဲကို ထည့်လိုက်တော့ ဖောင်းဖောင်းကစ်ကစ် လက်ကလေးက ဖပ်ဆို လှမ်းဆုပ်လိုက်တယ်။

"မီးလေး၊ ဘိုးဘိုးကြီးကို သွားကန်တော့လိုက်"တဲ့ လင်ဖြစ်သူက ပြောရှာတယ်။ မြန်မာ ဗုဒ္ဓဘာသာမိသားစုက ဆင်းသက်လာတော့ မိဘဘိုးဘွားအစဉ်အလာ လူကြီးတွေ၊ စောင့်ရှောက်တဲ့ နတ်ဒေဝတာတွေကို ရိုသေကိုင်းရှိုင်းဖို့ သားသမီးကို လက်ဆင့်ကမ်း သွန်သင်ပေးရမှာက ကြီးသော ငယ်သော မိဘတိုင်းရဲ့ တာဝန်ဝတ္တရား မဟုတ်ပါလား။ ကလေးက ဘာလုပ်ရမှန်းမသိဘဲ ပိုက်ဆံကို ဆုပ်ကိုင်ပြီး မျက်လုံးပြူးလေးနဲ့ ကြည့်နေပေမယ့် ဘာလုပ်ရမှန်းသိတဲ့ မျက်မှန်ကိုင်းနက်ကြီးက ဆတ်ခနဲ လှမ်းယူလိုက်တယ်။ ပြီးတော့ . . .

"သမီးငယ်လေး ကျန်းမာ ချမ်းသာ ပါစေ"တဲ့။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပြောလေသမီး" လို့ စကားမပြောတတ်သေးတဲ့ ကလေးကိုယ်စား မိခင်ငယ်လေးက ပြောပြီး ရယ်ရယ်မောမောနဲ့ ထွက်သွားကြပါတယ်။

ရှေတန်ဆောင်းမှာ အလွန်ကြီးမားတဲ့ ကြေးစည်ကြီး ရှိသေးတယ်လေ။ သမီးလေးကို ပြကြရဦးမှာပေါ့။

လူအနည်းငယ် ရှင်းသွားပေမယ့် ကိုယ်က မသွားနိုင်သေးဘဲ အဲဒီလူကြီးနောက်က နံရံပေါ်မှာ ကနုတ်ပန်းကျွန်းသားဘောင်ကြီးနဲ့ အကျအန အခံ့အညား ချိတ်ဆွဲထားတဲ့ မှတ်တမ်းစာတွေကို ဖတ်နေလိုက်ပါတယ်။ မှတ်တမ်းတွေက မြန်မာပရိသတ်အတွက်သာမက နိုင်ငံခြားသားတွေ အတွက်ပါ ရည်ရွယ်ပြီး အင်္ဂလိပ်လိုလည်းရှိရဲ့။

မျက်မှန်ကိုင်းနက်ကြီးကတော့ ပန်းကန်ပြားပေါ်က ငွေစက္ကူတွေကို ပြန်လည်စီထပ်ပြီး သူ့ကျောပိုးအိတ်ထဲ ထိုးထည့်လိုက်ပါတယ်။ ဩော် . . . လာဘ်ခေါ်ဖို့အတွက်လည်း တစ်ရွက်၊ နှစ်ရွက် ပန်းကန်ပြားထဲမှာ ထည့်ထားခဲ့ပါသေး

www.burmeseclassic.com



မဟာမုနိဘုရားရင်ပြင်မှ ရှေးတန်ဆောင်းတွေ

တယ်။ ဒါမြင်မှလည်း ဒီထဲကို လာထည့်ရတယ်ဆိုတာ လွယ်လွယ်သိမှာပေါ့။ မဟုတ်လား။

ပြန်မထွက်သွားသေးဘဲ မှတ်တမ်းတွေကို အကြာကြီးမော့ဖတ်နေတဲ့ ကိုယ့်ကို သူက ရှုတည်တည်နဲ့ တစ်ချက်တော့ စိုက်ကြည့်တယ်။ ပြီးတော့ အရိပ်ခိုခို အခက်ချိုးချိုး မလုပ်ကြောင်း ပြတဲ့အနေနဲ့ ခုံနောက်မှာတင်ထားတဲ့ မျက်နှာသုတ်ပဝါ နီညိုကြီးကို လှမ်းဆွဲပြီး ကြေးရုပ်တွေကို ပွတ်သုတ်ပေးနေလေရဲ့။ သူပက်ဖျန်းထားတဲ့ နံ့သာရည်စက်တွေ ရှိနေတယ်လေ။

ကြေးရုပ်ကြီးများ မှတ်တမ်းမှာတော့ မြန်မာလို . . .

"ကောဇာသက္ကရာဇ် ၉၂၅ ခုနှစ်၊ ဟံသာဝတီဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းသည် ယိုးဒယားပြည်အား စစ်အောင်နိုင်သောအခါ ဤကြေးရုပ်ကြီးများကို ဟံသာဝတီပြည်သို့ ယူဆောင်ခဲ့ပါသည်။

ကမ္ဘာ့သုတေသီများ၏ သမိုင်းမှတ်တမ်းအရ ဤကြေးရုပ်ကြီးများသည် ကမ္ဘောဒီးယားပြည်၊ အန်ကောဝပ်ကျောင်းတော်မှ ယိုးဒယား(ထိုင်း)တို့က ယူဆောင်ခဲ့ကြောင်း သိရှိရပါသည်။

ကောဇာသက္ကရာဇ် ၉၆၀ နှစ်၌ ဟံသာဝတီပြည် ပျက်၍ ၉၆၀ နှစ်တွင် ယိုးဒယားဘုရင် ဗြနရာဇ်သည် တောင်ငူကို ဝင်ရောက်တိုက်ခိုက်သောအခါ မြန်မာဘက်မှ ရခိုင်ဘုရင်မင်းရာဇာက စစ်ကူသဖြင့် ယိုးဒယားဘုရင် စစ်ရှုံး၍ ဤကြေးရုပ်ကြီးများ ပြန်လည်ရရှိခဲ့သည်။ တောင်ငူဘုရင်သည် ရခိုင်ဘုရင်၏ ကျေးဇူးကို သိတတ်မှုသောကြောင့် အမျိုးမျိုးသော ဘဏ္ဍာတော်များနှင့် ကြေးရုပ်ကြီးများကို လက်ဆောင်ပေးအပ်ခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ် ဘိုးတော် ဗဒုံမင်းလက်ထက်တွင် သားတော်အိမ်ရှေ့မင်းသားသည် ဓညဝတီ ရခိုင်ပြည်မှ မဟာမုနိဘုရားကြီးအား ပင့်ဆောင်ရာတွင် ထိုကြေးရုပ်ကြီးများပါ တစ်ပါတည်း ယူဆောင်ခဲ့၍ ယခုကဲ့သို့ တွေ့မြင်ရခြင်း ဖြစ်ပါသည်။

ဤကြေးရုပ်ကြီးများမှာ . . .

(က) ခေါင်းသုံးလုံးရှိသော ဆင်ရုပ်ကို ဧရာဝဏ်ခေါ်၍ ယိုးဒယား (ထိုင်း)အခေါ် "ချမ်စမ်စင်" စာဖြင့်ရေးသော် --- ဖြစ်သည်။


(ခ) ခြင်္သေ့ရုပ်ကို ယိုးဒယား(ထိုင်း)အခေါ် "ရာဂျာစီဟ" စာဖြင့်ရေးသော် --- ဖြစ်သည်။

(ဂ) လူပုံ ကြေးရုပ်တစ်ရုပ်မှာ ၈ ပေဖြစ်၍၊ ကျန်တစ်ရုပ်မှာ ၇ ပေရှိပြီး၊ မြန်မာအခေါ် ဒေဝနတ်ရုပ်များ ဖြစ်ပါသည်။ ယိုးဒယား(ထိုင်း)အခေါ် 'ထေပ'၊ စာဖြင့်ရေးသော် ------ ဖြစ်သည်။

ယင်းနတ်ရုပ်များအား ရောဂါရှိသူများက သက်ဆိုင်ရာ ဝေဒနာခံစားရသည့် အစိတ်အပိုင်းအား ပွတ်တိုက်ဆုတောင်းလျှင် ရောဂါပျောက်ကင်းကြောင်း ယုံကြည်ကြပါသည်" လို့ အသေအချာ ရေးထားပါတယ်။

ကမ္ဘာလှည့်ခရီးသည်တွေအတွက်လည်း အင်္ဂလိပ်လို "(The Large Bronze Figures)(A brief historical account) — The large bronze figures were brought to Myanmar from Thailand by king Bayinaung Kyaw Htin Nawrahta in 1563 A.D when he gained a victory over the enemy in Thailand. From the historical records of world's researchers, we learn that these bronze figures were originally the great Angkor Wat Buddhist Temple in Cambodia. After the downfal and destruction of Hanthawa-dy(Myanmar) in 1598 when the Thai king Byanarit attacked Toungoo 1599, the Rakhine fought from the Myanmar side. In that war, the Thai king was defeated. As a result of this, these large bronze figures were regained. As he owed a debt of gratitude to the Rakhine king, the king of Toungoo presented the Rakhine king with various treasures including the large bronze figures. In 1784, during the reign of king Bodawphaya, the Crown Prince brought back the great Maha Muni image on his victorious march from Dinyawady in Rakhine. Along with the Maha Muni Image the price

www.burmeseclassic.com



also brought back to Myanmar kingdom those bronze figures as spoil of war. That is why we see them here today. The large bronze are ---- .

(a) The elephant statue which has three heads named "Ayeyarwan"in Myanmar, "Chan Sum Sin"in Thai writing this words in Thai Language, it is (---------),

(b) Lion statue which is called "Rargasiha"in Thai. Writting this word in Thai language, it is (------),

(c) The Man bronze statue which has eight feet high and the other man statue seven feet high. These figures are called "Devanat" statues in Myanmar and Htaywa in Thai. Writting this word in Thai language, it is (----). People believes when anyone who suffers from the pain and disease and if the one prays and brushes the figures with the related parts, the pain and disease relieve."

လို့ ရေးထားပါသေးရဲ့။

ခမာကြေးရုပ်ကြီးတွေကတော့ လူရုပ် နှစ်ရုပ်၊ ခြင်္သေ့ကိုယ် နှစ်ခု၊ ခြင်္သေ့ခေါင်း တစ်လုံး၊ ခြင်္သေ့တစ်ကောင်နဲ့ ခေါင်းသုံးလုံးပါ ဆင်တစ်ကောင်တို့ ဖြစ်ကြပါတယ်။ လူရုပ်၊ တိရစ္ဆာန်ရုပ် အားလုံးဟာ အချိုးအစားကျနပြီး လက်ရာတွေကလည်း အလွန်ပဲ သေသပ်ကောင်းမွန်နေတယ်။ သူတို့ရဲ့ သီးခြားလက်ရာ ခမာဟန်(Khmer Style)လည်း ရှိတယ်။ ဒါကြောင့်လည်း နိုင်ငံလေးသေးသေးနဲ့ ကမ္ဘာကျော်တဲ့ အနုလက်ရာပစ္စည်းတွေကို ဖန်တီးနိုင်တာပေါ့လေ။



မဟာမုနိစောင်းတန်းမှ နံရံဆေးရေးပန်းချီများ



ခမာ(ကမ္ဘောဇ)၊ မြန်မာနဲ့ ယိုးဒယားတို့ဟာ အိန္ဒိယနိုင်ငံရဲ့ အနုပညာအရိပ်ထိုးမှု(Indianization)ကို ခံခဲ့ရပေမယ့် ပြုလုပ်ဖန်တီးကြရင်းနဲ့ပဲ ကိုယ်ပိုင်ဟန်တွေကို ရောက်ရှိတီထွင်သွားနိုင်ကြတာပါ။ ဒါပေမယ့် အရုပ်တွေကို ခေါ်ဝေါ် နာမည်ပေးပုံမှာတော့ ပါဠိအာသာအခေါ်အဝေါ်တွေ ရှိနေကြဆဲဖြစ်ပါတယ်။ ဒီမှာရှိနေတဲ့ ကြေးရုပ်တွေထဲက လူရုပ်တွေကို နတ်-ဒေဝတာ-ဒေဝ (Deva)လို့ပဲ ပါဠိကို အသံလှယ်ခေါ်တာ ကြည့်လေ။


နတ်ရုပ်ကြီးတွေမှာ ခေါင်းဆောင်းအဆင်တန်ဆာ၊ လည်ဆွဲ၊ ဘယက်၊ လက်စည်း၊ လက်ကျပ်၊ ခါးစည်းကြိုးနဲ့ ခြေဝတ်တန်ဆာတွေလည်း ကမ္ဘောဇသားတို့ဟန်အတိုင်း အပြည့်အစုံနဲ့ပါ။ ၉ ရာစုမှ ၁၃ ရာစုအတွင်း ခမာ အနုလက်ရာများမှ နတ်ဘုရားရုပ်တုများဟာ လှပတဲ့ခါးပတ်ခေါင်းများ တပ်ဆင်ထားတဲ့ ခါးပတ်များကို ဆင်မြန်းထားတတ်ကြတယ်။ ခါးဝတ်ကို ခါးပိုက်ထောင်များထုတ်ပြီး ဝတ်ဆင်ကြတယ်။ ခါးပုံစတွေကို ငါးအမြီးပုံ၊ ကျောက်ဆူး နှစ်ထပ်ပုံတွေ လုပ်တတ်ကြတယ်။ မတ်တတ်စင်းတွေ၊ ပန်းဒီဇိုင်းတွေနဲ့လည်း ထွင်းထု တန်ဆာဆင်ကြတယ်။

ရေးသားချိတ်ဆွဲပြထားတဲ့ ဒီမှတ်တမ်းတွေမှာ အရှေ့တောင်အာရှတစ်လွှားမှာ အိမ်နီးနားချင်း နိုင်ငံတွေဟာ သူတစ်ပြန် ကိုယ်တစ်လှည့် တိုက်ခိုက်အနိုင်ယူကြ ပိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိဘုရားကြီး
စံမြန်းရာ
ကျောင်းဆောင်တော်ကြီး

ကိုလည်း သတိထားမိစေပါတယ်၊ ဒါဟာ သမိုင်းပဲလေ။ ထိလည်း ခမာနဲ့ယိုးဒယား၊ ကမ္ဘောဒီးယားနဲ့ ထိုင်းတို့ နယ်မြေကိစ္စ၊ ယဉ်ကျေးမှုအမွေအနှစ် ဘုရားကျောင်းတွေ ိုင်လို့မှု အငြင်းပွားနေတဲ့ ပြဿနာများနဲ့ မျက်စောင်း ကြတုန်းပဲ မဟုတ်လား။

မှတ်တမ်းရေးသားတဲ့ တာဝန်ရှိသူတွေကလည်း တာဝန်ကျေပြီး မှန်ကန်မှုရှိပါတယ်။

"ယင်းနတ်ရုပ်များအား ရောဂါရှိသူများက သက် ရာ ဝေဒနာခံစားရသည့် အစိတ်အပိုင်းအား ပွတ်တိုက် ကောင်းလျှင် ရောဂါပျောက်ကင်းကြောင်း ယုံကြည်ကြပါ " လို့သာ ရေးထားတာပါ။ ပွတ်တိုက်ကြပါ၊ ရောဂါ ကင်းရမယ်လို့တော့ မဆိုထားပါဘူး။ ဝိနည်းလည်း မှတ်တမ်းမှတ်ရာလုပ်တဲ့အလေ့ နည်းတယ်လို့ ကိုယ် ပြည်ကို အနောက်နိုင်ငံပညာရှင်တွေ ဝေဖန်တာ မှာခုန်လို့လဲ။ မှတ်တမ်းကို အတိအကျကို လုပ်ထား

သမိုင်းပညာရှင်တွေ၊ သုတေသီတွေကိုမေးမြန်းပြီးကို အတိအကျ၊ အုပ်ချုပ်သူမင်းအမည် အမှန်အကန်နဲ့ပါ။

တမ္ဘောဒီးယားပြည်၊ အန်ကောဝပ်ကျောင်းတော်၊ ဝတီဘုရင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်း၊ ပြည်၊ ယိုးဒယား(ထိုင်း) ဘုရင်ဖြူနရာဇ်၊ တောင်ငူ ဘုရင်မင်းရာဇာ၊ ဘိုးတော်ဗဒုံမင်း၊ သားတော်အိမ်ရှေ့ ဓညဝတီရခိုင်ပြည်မှသည် မဟာမုနိဘုရားကြီးအထိ အချောကို ရေးပြထားတာပါ။

*မ"အ"အောင် သမိုင်းသင်ပေးခဲ့ပေမယ့်*

ကိုယ်တို့ဆရာ ဆရာကြီးဒေါက်တာသန်းထွန်းကတော့ သမိုင်းသင်ရတာ မ"အ"အောင်လို့တဲ့။ လူတွေမအအောင် သမိုင်းသုတေသီတွေက ရက်စွဲအမှန်အကန်နဲ့ကို မှတ်တမ်း မှာ ရေးပြထားတာပါ ဆရာ။ အခေါ်အဝေါ်တွေ သေချာ အောင် ယိုးဒယား(ထိုင်း)စာ အရေးအသားနဲ့တောင် ရေးပြ ထားလိုက်ပါသေးရဲ့။

ပြီးတော့ ရှာဖွေဖတ်ရှုမနေရအောင် ဖတ်ဖို့လည်း လွယ်ကူအောင်လည်း အရုပ်ကြီးတွေဘေးမှာကို အထက်နံ့ရံ မှာ အထင်အရှား ရေးသားချိတ်ဆွဲပြထားတာပါ။

သို့သော်လည်းတဲ့ ---- အဲတဲ့ ---- ဘယ်သူမှ အချိန်ကုန်ခံပြီး ခေါင်းမော့ပြီး ဖတ်မနေကြတော့ပါဘူး။ ဘေးမှာထိုင်ပြီး ချက်နှိုက်ကြပါ၊ ဒူးပွတ်ကြပါ၊ မျက်လုံးပွတ် ကြပါ ဆိုင်ရာဆိုင်ရာ ရောဂါတွေပျောက်ပါ့မယ်လို့ အော်ပြီး အလှူငွေကောက်တာကိုသာ ယုံကြည်ပြီး နှမြောတွန့်တိုခြင်း မရှိဘဲ သဒ္ဓါတရား ထက်သန်စွာနဲ့ ထည့်သွားကြပါတယ်။

ဒါတင်မက ကိုယ့်မျိုးဆက်၊ ကိုယ့်သွေးသားတွေကိုပါ ဒီလို ဒီလို လုပ်ကြပါလို့ လက်ဆင့်ကမ်း သင်ကြားသွားသေးရဲ့။ မိရိုးဖလာ ဗုဒ္ဓဘာသာဆိုတာ ဒါမျိုးပဲလေ။

ဆရာရေ၊ သမိုင်းပညာကို အိုကြီးအိုမ အသက် (၈၀)ကျော်တဲ့အထိ မမောနိုင်မပန်းနိုင် သင်ပေးခဲ့ရင်း မြန်မာ တွေ မ"အ"အောင် ကြိုးပမ်းခဲ့ပေမယ့် အဲ - စာဖတ်စိတ် ရှိဖို့ကိုလည်း သင်ပေးခဲ့ဖို့ လိုသဗျလို့သာ ဆရာသန်းထွန်းကို အော်ပြောလိုက်ချင်ပါတော့တယ်။ ပြီးတော့ သမိုင်းစာအုပ် တွေမှာ ဖတ်မိခဲ့သမျှကိုလည်း ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊



www.burmeseclassic.com

www.burmeseclassic.com

မမှန်၍ကို ပြန်လည်စဉ်းစား ချင့်ချိန်တတ်ဖို့ အတွေးအခေါ်ကိုလည်း သင်ပေးခဲ့သင့်တာပေါ့။

(နံရံမှာ မှတ်တမ်းစာတွေကို ရေးသားချိတ်ဆွဲပြထားမယ့်အစား အသံသွင်းပြီး အင်္ဂလိပ်လိုတစ်လှည့် မြန်မာလိုတစ်လှည့် ဖွင့်ပြထားဖို့များ လိုမလားလို့လည်း တာဝန်ရှိသူတွေကို သတိပေးခဲ့ချင်စိတ်လည်း ဝင်မိပါသေးရဲ့)။

ကြေးရုပ်ကြီးတွေကိုကြည့်ရင်း ဒီနှစ်အတွင်းပဲ ခမာတို့တိုင်းပြည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင် (Phenon Penh) မြို့တော်နဲ့ ဆီရမ်ရိ(Siem Reap) ရှေးဟောင်းမြို့တွေကို သွားရောက်လေ့လာခဲ့သေးလို့ ခမာ-ခမဲ(Khmer) လက်ရာတွေနဲ့ ရင်းနှီးနေတဲ့ကိုယ်က ပညာရှင်တွေ တင်ပြထားတဲ့အချက်တွေ မှန်လေစွလို့ ထောက်ခံမိပါသေးရဲ့။

ခမာ(ကမ္ဘောဒီးယား)တွေရဲ့ မူရင်းလက်ရာအစစ်ဖြစ်တဲ့ အဲဒီကြေးရုပ်ကြီးတွေကို အဲဒီတန်ဆောင်းမှာ ပြသထားပုံကတော့ ကိုယ်တို့ ဘွဲ့လွန်ပြတိုက်ပညာ (Museology) မှာ သင်ခဲ့သလို တင်ခုံတွေနဲ့ အကျအနတင်ပြီး၊ ဖဲစတွေတင်ခုံအနားမှာကွပ် (Skirting)ပြီး အခွံအသန့် ပြထားတာပါ။ ပြတိုက်တစ်ခုရဲ့ ပြသပစ္စည်း (Museum Object)ပေါ့။ ဒါပေမယ့် လွတ်လပ်စွာ ကိုင်တွယ်ပွတ်သပ်ခွင့်ကိုလည်း တရားဝင် ပေးထားပါသေးတယ်။ သဘောကောင်းလေစွ။ အဲဒီလို ပွတ်သပ်၊ ကိုင်တွယ်လို့ ပြသပစ္စည်း ပွန်းပဲ့ပျက်စီးသွားမှာလည်း စိတ်ပူကြပုံမရပါဘူး။ အမွှေးနံ့သာရည်တွေမှာပါတဲ့ ဓာတုပစ္စည်း (Chemical)တွေကြောင့် ကြေးသားတွေစားကုန်မှာလည်း စိုးရိမ်ပုံမရဘူး။

ဒီလိုပုံနဲ့ မိုးကြီးချုပ်လျှင် ရှေးဟောင်းအမွေအနှစ်ဂဏ္ဍဝင်မြောက် ခမာကြေးသွန်းလက်ရာရုပ်တုတွေဟာ လုံးပါးပါးကုန်တော့မှာမပါလေ။ နှမြောလိုက်တာ။ မျက်ကန်းတစ္ဆေမကြောက်တဲ့ အနုပညာပစ္စည်းတွေ ပျက်စီးမယ့်အန္တရာယ်ကို မသိနားမလည်ကြတော့လည်း။

မြန်မာတွေ မ"အ"အောင် အပင်ပန်းခံပြီး နား၊ မျက်စိဖွင့်ပေးခဲ့ရှာတဲ့ ဆရာ့ကိုတော့ အားနာပါတယ်။ ဒါပေမယ့် ကိုယ်ကိုယ်တိုင်ကလည်း ဘုရားဖူးတွေ ရိုးသားစွာ ယုံကြည်နေတာကို အားနာမိပြန်ပြီး သူတို့ ဗိုက်ပွတ်၊ ချက်နှိုက် လုပ်နေတာကို မသိကျိုးကျွန် ပြုလိုက်ပါတယ်။ ပြတိုက်ပညာသဘောတရားတွေ၊ သမိုင်းအချက်အလက်တွေကို ရှင်းပြမနေမိတော့ပါဘူး။

ဒီလိုနဲ့ပဲ လှည့်ဖြားတတ်သူတွေအတွက်တော့ လုပ်စားစရာ အကွက်တွေ၊ လုပ်စားစရာ နေရာတွေ ရှိနေတာပေါ့လေ။ အားနာတယ်ဆိုတာ ဗမာစကားမှာပဲ ရှိထင်ပါရဲ့။ ဗမာပီပီ ကိုယ်ကလည်း အားနာစွာနဲ့ပဲ ကြေးရုပ်ကြီးများနဲ့လုပ်စားနေသူတွေကို မသိချင်ယောင် ဆောင်ပေးလိုက်မိရဲ့။

ကြေးမှုသတင်းစာပါ *'မဟာမုနိဘုရားကြီး အတွင်းမှ အစောင့်ကြေးရုပ်များ ထိန်းသိမ်းရေး'* ဆိုတဲ့ သတိပေးလှုံ့ဆော်ချက်ကိုတွေ့မှ မသိကျိုးကျွန် မလုပ်သင့်ဘူးလို့လည်း သတိရလာပြန်တယ်။

'အလှမ်းမဝေးပေါင် မန္တလေးတောင်' လို့ဆိုကြပေမယ့် ကိုယ်တို့ကတော့ မန္တလေးနဲ့အလှမ်းဝေးနေဆဲပါ။ ခမာကြေးရုပ်တွေကို ထိန်းသိမ်းရေးကတော့ ရွှေမန်းသားတွေက ပိုလုပ်နိုင်မယ်ထင်ရဲ့။ အထူးသဖြင့်တော့ ဘုရားကြီးဝင်းထဲက တာဝန်ရှိသူများပေါ့။

တာဝန်ရှိသူတွေက တာဝန်သိစွာနဲ့ သမိုင်းအထောက်အထား အပြည့်အစုံကို ကြေးရုပ်ကြီးတွေ ဘေးမှာ ရေးထိုးဖော်ပြထားပြီးသားပါ။ ဒါပေမယ့် အဲဒီလို အဖြစ်မှန်အတိုင်း ရေးသားပြထားတဲ့ စာတန်းရဲ့အောက်မှာပဲ ကြေးရုပ်ကြီးတွေမှာ အစွမ်းသတ္တိ တစ်စုံတစ်ရာ ရှိလေဟန် ပြောဆိုရင်း၊ ချက်နှိုက် မျက်လုံးနှိုက်လုပ်ဖို့ လမ်းညွှန်ပေးရင်း ငွေယူနေသူကိုလည်း တာဝန်ရှိသူများက ဖယ်ရှားပေးသင့်ပါရဲ့။

"ဘုရားစေတီကို ခြင်္သေ့စောင့်တယ်၊ ခြင်္သေ့ကို ဘယ်သူ စောင့်မယ်" ဆိုတဲ့ အမေးအတွက် အဖြေတစ်ခုကိုစဉ်းစားရင်း ကိုယ်ကတော့ မဟာမုနိဘုရားရင်ပြင်ကို ဆက်လက်ပတ်ပါတယ်။

ခမာကြေးရုပ်ကြီးတွေရဲ့ မလှမ်းမကမ်းမှာတော့ ကြီးမားတဲ့ ကြေးစည်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။ ဒီကြေးစည်ကြီးကို ထုပြီး မြန်မာတစ်ပြည်လုံးကြားအောင်သာ ခမာကြေးရုပ်ကြီးများနဲ့ပတ်သက်လို့ ရှင်းချက်ထုတ်လိုက်ချင်ပါရဲ့။

ဒါတွေဟာ အနုပညာမြောက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေသာ ဖြစ်ပါတယ်။ မြန်မာ့သမိုင်း၊ အရှေ့တောင်အာရှနိုင်ငံများရဲ့သမိုင်း၊ ခမာတို့ရဲ့ယဉ်ကျေးမှုသမိုင်းတွေကို ပြနေတဲ့ ပြယုဂ်တွေပါ။ ပျောက်စေဆရာကြီးတွေ မဟုတ်ပါဘူးလို့။

**❒ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)**


**စာကိုး**

(အေးမောင်၊ ဗိုလ်၊ အရှေ့တောင်အာရှ မည့်ပြီးပန်းများ၊ စာပေဗိမာန်၊ ၁၉၇၉၊ ရန်ကုန်)

( E.Fisher, Robert - Buddhist Art and Architecture, Thames and Hudson, Singapore, 1996)

(Rawson,Philip - The Art of Southeast Asia, Cambodia-Vietnam-Thailand-Laos-Burma-Java-Bali, Thames and Hudson, London,1995)

(Siem Reap Anghor -Visitors Guide)

(Marilia Albanese-Angkor, National Geographic Art Guide)




www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်ခရိုင်၊ ဂဏာဝိမုတ်ကူးတို့ဂိုဏ်းကြီး၏ ဦးစီးနာယကဂိုဏ်းချုပ်
ပိဋကတ်တိုက်အုပ် ဆရာတော်ဘုရားကြီး၏ပုံတော်
(၁၁၉၃ ခုနှစ် – ၁၂၇၉ ခုနှစ်)

# ဂဏာဝိမုတ်ကူးတို့ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး

**ဓာတ်ပုံမောင်မောင်အေး**

မြန်မာနိုင်ငံတွင် သာသနာတော်သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားစေရန်အတွက် သာသနာတော်မြတ်ကြီးကို သံဃာတော်အရှင်မြတ်များက ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြသလို နိုင်ငံတော်အစိုးရမင်းများက အာဏာစက်ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြစေရန် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းခဲ့ပါသည်။ ထိုဂိုဏ်းပေါင်းစုံအဖွဲ့အစည်းကြီးတွင် (၁) သုဓမ္မာ (၂) ရွှေကျင် (၃)မဟာဒွါရ (၄) အနောက်ချောင်း (၅) မူလဒွါရ (၆)ဝေဠုဝန် (၇) စတုဘုမ္မိက (၈)ဂဏာဝိမုတ် (၉) ဓမ္မယုတ္တိ(မဟာရင်) တို့ ဖြစ်ကြပါသည်။

ဂိုဏ်းတည် ဆရာတော်ဘုရားကြီးများကို ဦးထိပ်ထား၍ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသည်ဖြင့် ကွဲပြားခြားနားနေသော်လည်း မြတ်စွာဘုရားဟောကြားတော်မူသော ဝိနည်းဒေသနာတော်များကို ဂိုဏ်းကြီး (၉)ဂိုဏ်းစလုံး လိုက်နာတော်မူကြပါသည်။

ယခုလ ဂဏာဝိမုတ်ကူးတို့ ဂိုဏ်းကြီး၏ ဦးစီးနာယကဂိုဏ်းချုပ် ဆရာတော် အရှင်ကန္တဝံသ မထေရ်မြတ်အကြောင်း ရေးသားပူဇော်ပါမည်။

ဂဏာဝိမုတ်ကူးတို့ဂိုဏ်းတည် ဆရာတော်ဘုရားကြီး အရှင်ကန္တဝံသ လောင်းလျာကို ၁၁၉၃ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၉ ရက်နေ့တွင် ခမည်းတော်ဦးခွေးဖြူ မယ်တော်ဒေါ်မြအေးတို့မှ တနင်္သာရီတိုင်း ထားဝယ်မြို့ ကညံ့ရပ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၂၀၈ ပြည့်နှစ်တွင် ကညံ့မြေတိုင်ကျောင်း ဆရာတော် ဦးသာရမဋ္ဌသာထံ အပ်နှံ၍ အခြေခံစာပေများ သင်ကြားစေခဲ့ပါသည်။ သက္ကရာဇ် ၁၂၀၂ ခုနှစ်တွင် ဆရာတော်က အမရပူရမင်းနေပြည်တော်ရှိ မဟာဝိဇိတာရာမကျောင်းတိုက် သာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ ဉေယျထံ အပ်နှံ၍ ပိဋကတ်တော်များ သင်ကြားဆည်းပူးမှတ်သားစေတော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၂၀၅ခုနှစ်၊ အသက် (၁၂)နှစ်သားတွင် သာသနာပိုင် ဆရာတော်ကြီး အမိန့်ဖြင့် သုဓမ္မာဇရပ်ပရိသတ်များအလယ်တွင် ပိဋကတ်တော်များကို ရဲရဲဝံ့ဝံ့ နှုတ်တိုက် အာဂုံပြန်ဆိုခဲ့ပါသည်။ ဘုရင်နှင့် မိဖုရားတို့က သတင်းကြား၍ နန်းတွင်း၌ ရွတ်ဆိုခိုင်းပြီး နှစ်သက်တော်မူလှသောကြောင့် ဆုလာဘ်မျိုးစုံ ချီးမြှင့်တော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် မာရာဝိကသိမ်တော်ကြီး၌ သာသနာပိုင် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုတော်မူ၍ ကာရကသံဃာတစ်ကျိပ်နှစ်ပါးတို့နှင့် မိဖုရားကြီး၏ ပရိက္ခရာ ရှစ်ပါး ပူဇော်ချီးမြှောက်မှုကို ခံယူတော်မူပြီး မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဘွဲ့အမည်ကား အရှင်ကန္တဝံသ မည်တွင်ပါသည်။

စာပေကျမ်းဂန် တတ်မြောက်သော အမြို့မြို့ရှိ ဆရာတော်ကြီးများထံ နည်းနာသင်ကြားတော်မူပြီး သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် ဇာတိမြေကျောင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ကြွကာ စာပေသင်ကြားမှုနှင့် ... ၍ ကျေးဇူးဆပ်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၈၈ခု တွင် ရဟန်းတော်များနှင့် ပတ်သက်သော ရွှေငွေအလှူခံကိစ္စနှင့် ပတ်သက်သည့် အဓိကရုဏ်းအား ရှင်းလင်း၍ သာသနာ့အညစ်အကြေးများကို သုတ်သင်တော်မူခဲ့ပါသည်။ ဝိနည်းတော်မြတ်နှင့်အညီ တစ်ပါးတည်း ဧကစာရီကျင့်၍ မြင်ကြားယုံမှားကင်းအောင် နေတော်မူပါသည်။ များမကြာမီ ထားဝယ်မြို့နှင့် နှစ်မိုင်ကွာရှိ ကူးတို့ကျေးရွာသို့ပြောင်း၍ ပိဋကတ်ကျောင်းတည်ထောင်ပြီး ကူးတို့ဂိုဏ်းပေါ်လာခဲ့ပါသည်။

တစ်နိုင်ငံလုံးရှိ ရဟန်းသံဃာတော်များသည် သာသနာပိုင်နှင့်သုဓမ္မာဆရာတော်များ၏စီမံအုပ်ချုပ်မှုအောက်တွင် နေထိုင်ကြရပါသည်။ ထို ဆရာတော်များ၏ အုပ်ချုပ်စီရင်မှု လွတ်ကင်းသည်ကို ဂဏဝိမုတ် (ဂိုဏ်းလွတ်) ဟု ခေါ်ဆိုပါသည်။

ဂဏဝိမုတ် စာချွန်တော် ရရှိသော ဆရာတော်များမှာ သီးလုံး ဆရာတော် (ရွှေဘိုမင်းလက်ထက်)၊ ရွှေကျင်ဆရာတော်နှင့် ရှမ်းကလေးကျွန်း ဆရာတော်(မင်းတုန်းမင်းလက်ထက်)၊ ခင်မွန်(၃)ဂိုဏ်းချုပ်ဆရာတော် (သီပေါမင်းလက်ထက်)၊ ကောလင်းမြို့နယ် ဖလဲ (ဘရဲ)ကွင်းရှိ ပဒုမ္မာဂိုဏ်းထောက်ဆရာတော် အရှင်အရိန္ဒမ (ပါတော်မူကြီး)တို့ ဖြစ်ကြပါသည်။

၁၂၈၅ ခုတွင် ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ ပိဋကတ်တိုက်၏ ပဓာနနာယကဆရာတော်အား သာသနာပိုင် ပုခန်းဆရာတော်ဘုရားကြီးက ဂဏဝိမုတ်စာချွန်လွှာကို ချီးမြှင့်တော်မူခဲ့ပါသည်။ ဆရာတော်အရှင်ဣန္ဒဝံသက ဂိုဏ်းဝင်သံဃာအားလုံးကို ချီးမြှင့်ပေးပါရန် လျှောက်ထားသဖြင့် ၁၂၈၅ ခု၊ နတ်တော်လပြည့်ကျော် (၁၃) ရက်တွင် အရှင်ဣန္ဒဝံသနှင့် ဂိုဏ်းဝင်သံဃာတို့အား ဂဏဝိမုတ္တိအဖြစ် ဒုတိယအကြိမ်ထုတ်ပြန် မိန့်ကြားတော်မူခဲ့ပါသည်။



စတုဘုမ္မိက မဂ္ဂင် မဟာသတိပဋ္ဌာန်ဂိုဏ်းကြီးကို ဦးစွာပထမတည်ထောင်တော်မူသော ရွှေမင်းဝံ ငှက်တွင်းဆရာတော်ဘုရားကြီး၏ပုံတော်
(၁၁၉၃ ခုနှစ် – ၁၂၇၂ ခုနှစ်)

# စတုဘုမ္မိက ဂိုဏ်းတည်ဆရာတော်ဘုရားကြီး

ထိုအချိန်မှစ၍ ဂဏဝိမုတ်ကူးတို့ဂိုဏ်းကို ပထမမဟာနာယကဂိုဏ်းချုပ်အဖြစ် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာဓုရတို့ကို စွမ်းသမျှထမ်းဆောင်တော်မူလျက် သက္ကရာဇ် ၁၂၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ သက်တော်(၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါတွင် ဂိုဏ်းတည်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

❖

တစ်ခုတည်းသော သံဃာ့ဂိုဏ်းပေါင်းစုံအဖွဲ့အစည်းကြီးတွင်ပါဝင်သော ဂိုဏ်းကြီး (၉)ဂိုဏ်းမှ ဂိုဏ်းတည်ဆရာတော်ကြီးများအကြောင်းရေးသားပူဇော်ခဲ့ရာ ယခုလတွင် စတုဘုမ္မိကမဂ္ဂင်ဂိုဏ်းကြီးတည်ထောင်ခဲ့သော ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီး အရှင်ပဏ္ဍဝမထေရ်အား ရေးသားပူဇော်ပါမည်။

စတုဘုမ္မိက မဂ္ဂင်ငှက်တွင်းဂိုဏ်းတည် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍဝမထေရ်လောင်းလျာကို သက္ကရာဇ် ၁၁၉၃ ခုနှစ်၊ ပထမဝါဆိုလဆန်း

www.burmeseclassic.com

www.burmeseclassic.com

၇ ရက် ကြာသပတေးနေ့ ၃ နာရီတွင် ဖခမည်းတော် မင်္ဂလာဥယျာဉ်တော်အုပ် ဦးမောင်မောင်လေး၊ မယ်တော် ဒေါ်ခင်ငြိမ်းတို့မှ တတိယမြောက် အထွေးဆုံးသားထူး ရတနာတစ်ပါးအဖြစ် မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။

ဖခမည်းတော် ဦးမောင်မောင်လေးသည် မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားသော စွယ်စုံရအနုပညာရှင် မြဝတီဝန်ကြီး ဦးစ၏သား ဖြစ်သည်။

ဆရာတော် လောင်းလျာသည် ခြောက်လသားအရွယ်အထိ ငိုခြင်း၊ ရယ်ခြင်းကင်း၍ ခုနစ်လသားတွင် မူးမြစ်ရေထဲမျောပါသွားသော်လည်း ရေမနစ်ခြင်းဟူသော ထူးခြားချက်များ ရှိသည်။

ခြောက်နှစ်သားတွင် လောကီလောကုတ္တရာ စာပေများ တတ်ကျွမ်းတော်မူသော စရစ်ကျောင်း ဆရာတော်အရှင် ကောဏ္ဍညဘိဓဇထံ အပ်နှံခဲ့ကြသည်။

အသက်(၁၃)နှစ်သားတွင် ထိုဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်တော်မူပါသည်။ ၁၂၁၄ ခု၊ ဝါဆိုလဆန်း ၁၄ ရက်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် စရစ်ကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုကာ အရှင်ပဏ္ဍဝဘွဲ့အမည်ရလျက် မြင့်မြတ်သော ရဟန်းဘဝကို ရရှိတော်မူခဲ့ပါသည်။

၁၂၁၅ ခုနှစ် အရှင်ပဏ္ဍဝရဟန်းတစ်ဝါအရတွင် မင်းရှစ်ဆက်တိုင် အမှုထမ်းခဲ့သော အဘိုးတော်သူ မြဝတီမင်းကြီးဦးစသည် ဘဝတစ်ပါးသို့ ပြောင်းခဲ့ပါသည်။ တစ်နိုင်ငံလုံးရှိ သာသနာရေးရာကိစ္စအဝဝကို စိစစ်ဆုံးဖြတ်ပေးတော်မူသော သုဓမ္မာဆရာတော်ရှစ်ပါးတွင် ပါဝင်သည့် သင်္ဂဇာဆရာတော်ဦးအဂ္ဂဓမ္မထံတွင် ပညာဆက်လက်သင်ကြားပါသည်။ သိက္ခာ (၅)ဝါရသောအခါ ပိဋကတ်စာပေကျမ်းဂန်အရာတွင် စာပေပို့ချနိုင်လောက်သည်အထိ အားကိုးရ၍ သင်္ဂဇာဆရာတော်က ပထမစာချအဖြစ် ချီးမြှောက်တော်မူပါသည်။

မင်းတုန်းမင်း၏ သားတော်နှစ်ပါးဖြစ်သော မြင်ကွန်း၊ မြင်းခုန်တိုင်တို့ ပုန်ကန်ထကြွ၍ နန်းတွင်းရေး မငြိမ်းအေးဖြစ်ခဲ့ရသည်။ မင်းတုန်းမင်းသည် ပရိဒေဝသောကမီးငြိမ်းစေရန် ဘွဲ့တံဆိပ်တော်ရမရ ထင်ရှားသော ဆရာတော်များအား ပင့်ကာ အေးယပ်ဆက်ကပ်၍ အေးတရား နာခဲ့ကြပါသည်။ လေးပြင်လေးရပ်မှ ဆရာတော်များနှင့် မင်းပရိသတ်အလယ်တွင်. .

လောကီအပါဒါန်တရား ဟူသမျှ ဆင်းရဲတတ်၍ အပူသောကအေးငြိမ်းနိုင်သော တရားမှာ ပါရမီမင်္ဂလာ စတုဘုမ္မိက မဂ္ဂင်တရားသာဖြစ်ကြောင်း ဟောကြားရာ မင်းပရိသတ်များ အပူငြိမ်းခဲ့ကြပြီး မင်းတုန်းမင်းနှင့် သမီးတော် ထိပ်စုကြီးတို့က ပစ္စည်းလေးပါး ဒကာခံယူ၍ နန်းတွင်းသို့ ပင့်ကာ တရားနာခဲ့ကြပါသည်။ ပညာဒီပကဝိဓဇဒိသာပါမောက္ခတိပိဋကာလင်္ကာရဘွဲ့တံဆိပ်ကို ဆက်ကပ်တော်မူပါသည်။

၁၂၃၀၊ ရဟန်းသိက္ခာ (၁၆)ဝါတွင် သပိတ်တစ်လုံးသင်္ကန်း သုံးထည်ဖြင့် မင်းဝံတောင် ပဇင်းငှက်များ၏ တွင်းဟောင်းတွင် ဂူပြု၍ သုံးနှစ်တိုင် သတိပဋ္ဌာန်တရား ကျင့်ကြံအားထုတ်တော်မူပါသည်။ သို့အတွက် ငှက်တွင်းဆရာတော်ဟု ထင်ရှားလာပါသည်။

မင်းတုန်းမင်း မိဖုရားနှင့် သမီးတော် ထိပ်စုကြီးတို့မှ ကျောင်းလှူသောကြောင့် ငှက်တွင်းချောင်ဟု အမည်ပါရလာသည်။ ငှက်တွင်းချောင်တွင် (၁၅)နှစ်ခန့် နေတော်မူပြီးမှ စစ်ကိုင်းချောင်တွင် အဘယာရာမ ပြန့်ကြီးချောင် တည်ထောင်တော်မူခဲ့ပါသည်။

၁၂၄၈ ခု၊ သိက္ခာတော် (၃၄)ဝါအရတွင် ကွမ်းခြံကုန်းရှိ ဦးဥက္ကဋ္ဌလယ်ပေါ်ကျောင်း၌ စာပေကျမ်းဂန်များ ပို့ချတော်မူပြီး ၁၂၄၉ ခုနှစ်တွင် လယ်ပေါ်ဂိုဏ်း၏ ဦးစီးနာယက ဖြစ်တော်မူပါသည်။

ဆရာတော်ဘုရားသည် လောကုတ္တရာ စတုဘုမ္မိကမဂ္ဂင် သတိပဋ္ဌာန်ကျင့်စဉ်ကို အသစ်ထွင်၍ ဟောတော်မူရာမှ အယူအဆ မတူမျှဖြစ်ကာ စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်းကို တည်ထောင်တော်မူခဲ့ပါသည်။

၁၂၅၁ ခုနှစ်တွင် ကွမ်းခြံကုန်းနှင့် ချောင်းခြားနေသော ဒေါ်ကြီးကြီးလှူသည့် ပါရမီစံကျောင်းသို့ ပြောင်းရွှေ့တော်မူပါသည်။ တူတော် ဦးဇောတိကာဘိဓဇအား ကျောင်းကို လွှဲအပ်ကာ အနယ်နယ်အရပ်ရပ်သို့ကြွ၍ စတုဘုမ္မိကကျင့်စဉ်တရားကို ဟောကြားတော်မူခဲ့ပါသည်။ ၁၂၅၂ ခုနှစ်တွင် သာသနာလင်္ကာရပဋိပတ္တိကျမ်းကို ရေးသားစီရင်တော်မူခဲ့ပါသည်။

ထိုသို့ တရားဟောကြား၍ ကြွတော်မူနေရာမှ သိက္ခာတော် (၅၉)ဝါအရတွင် အဦးဆုံး ဗုဒ္ဓသာသနာပွင့်ထွန်းခဲ့သော သထုံမြို့သို့ ကြွတော်မူလိုသော ဆန္ဒတော်ပေါ်လာပါသည်။ ၁၂၇၂ ခုနှစ် ဝါဆိုလဆန်း ၈ ရက်တွင် သထုံမြို့မှ ဒေါ်သက်၊ ဒေါ်ကြီးတို့က ထန်းနှစ်ပင်အုတ်တိုက်ကျောင်းကို လှူဒါန်းတော်မူကြသောကြောင့် ဆန္ဒတော်ပြည့်ဝစွာဖြင့် တစ်ဝါတွင်းလုံး တရားဓမ္မများ ချီးမြှင့်ဟောကြားတော်မူခဲ့ပါသည်။


၁၂၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် ဆရာတော်၏ ကျောင်းထဲမှ သပိတ်လုံးပမာဏခန့် ရောင်ခြည်တော်တစ်ခုသည် ရွှေစာရံဘုရားအား သုံးကြိမ်တိတိ လက်ယာရစ်ပူဇော်နေသည်ကို အရှက်ဆွမ်းလာကပ်ကြသူများ ဖူးတွေ့ကြရပါသည်။ ထိုနေ့သည်ကား စတုဘုမ္မိကမဂ္ဂင်မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်းတည် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍဝမထေရ်မြတ် ခန္ဓာဝန်ချသောနေ့ပင် ဖြစ်ပေတော့သတည်း။

❒ ဓာတ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com




(ယခင်လမှအဆက်)

အဲဒီလို မဖြစ်တော့ဘဲ ဘာတွေဖြစ်နေသလဲဆိုရင် ဝိဝေကဇံ - ကာမဂုဏ်အာရုံတွေက လွတ်သွားပြီးတော့ ဖြစ်ပေါ်လာတဲ့ ပီတိသုခံ - နှစ်ခြိုက်နေတာနှင့် ချမ်းမြေ့နေတာဆိုတဲ့ ဒီသဘာဝလေး နှစ်ခု လက်တွေ့ခံစားရတယ်တဲ့။ ဒါကို ဝိဝေကဇပီတိသုခ လို့ခေါ်တယ်။ ကာမဂုဏ်အာရုံတွေက ကင်းကွာလွတ်လပ်သွားပြီးတော့ ချမ်းမြေ့ကြည်နူးနေတဲ့ ကြည်နူးမှုပဲ။

လောကလူတွေရဲ့ ကြည်နူးမှုက ဘာနဲ့ကြည်နူးတာလဲဆိုရင် ကိုယ်မြင်ချင်တဲ့ အာရုံလေးကို ကြည့်ပြီး ကြည်နူးကြတာ၊ နားက ကိုယ်ကြိုက်တဲ့သီချင်းလေး နားထောင်ပြီး ကြည်နူးကြတယ်။ နှာခေါင်းက ကိုယ်ကြိုက်တဲ့ အမွှေးနံ့သာလေး ရှူပြီး ကြည်နူးကြတယ်။ လျှာက ကိုယ်ကြိုက်တဲ့ အစာလေး စားပြီး ကြည်နူးကြတယ်။ ခန္ဓာကိုယ်ကလည်း ကိုယ်ထိတွေ့ချင်တာလေး ထိတွေ့ပြီး ကြည်နူးကြတယ်။ ဒါက ကာမကြည်နူးမှုလို့ ခေါ်တယ်။

အဲဒီ ကြည်နူးမှုနဲ့ မတူတဲ့ ကာမအာရုံတွေကို ကျော်လွှားသွားပြီး ဒါတွေကို စွန့်လွှတ်ထားပြီးတဲ့နောက် ခုန... ပြောတဲ့ အလင်းတန်းလေး သို့မဟုတ် မီးခိုးတန်းလေးလို့ဆို... နိမိတ်အာရုံလေးနဲ့ ကြည်နူးနေတဲ့ ကြည်နူးမှုမျိုးတဲ့။ ဒါ... ပထမဈာန်အဆင့်ကို အဲဒီလို ရသွားတယ်။

### ဈာန်ဆိုတာ

တချို့က ဈာန်ရတာနဲ့ ဈာန်ပျံတယ်လို့ ထင်ကြတယ်... ဈာန်ပျံတယ်ဆိုတာ ဈာန်က ပျံတာမဟုတ်ဘူး။ ဈာန် ဆိုတာ... အဓိပ္ပာယ်နှစ်မျိုး ရတယ်။ လောင်ကျွမ်းတယ်ဆိုတဲ့ အဓိပ္ပာယ်... က တစ်ခု၊ အာရုံပေါ်မှာ စူးစိုက်ပြီး ကပ်ပြီးရှုနေတယ်ဆိုတာ... က တစ်ခု၊ အဓိပ္ပာယ်နှစ်မျိုး ရတယ်။ ပထမဈာန် ရလာ... ဆိုတာနှင့်တစ်ပြိုင်နက် စိတ်ရဲ့ အညစ်အကြေးဖြစ်တဲ့ နီဝရ... တရားတွေကို လောင်ပစ်လိုက်တာ မရှိတော့ဘူး။ မီး... တစ်စုံတစ်ခုကို လောင်ပစ်လိုက်သလိုပေါ့။ ဥပမာအား...

www.burmeseclassic.com

ကို မီးရှို့လိုက်ရင် စက္ကူကို လောင်ပစ်လိုက်တာမျိုးကို ပြောတာ။ ဒီသဘာဝတရားတွေက ကာမ တဏှာတွေကို လောင်ပစ်လိုက်တယ်ဆိုတာ ဖျက်ဆီးပစ်လိုက်တာ။ ဒါကို ပြောတာ။ နောက်တစ်ခုက နိမိတ်အာရုံလေးပေါ်မှာ စိတ်လေး စူးစိုက်ပြီးတော့ ကြည့်နေတာ ရှုနေတာကို ဈာန်လို့ ခေါ်တာတဲ့။

အဲဒီ ဈာန်ဆိုတာကို ဘာနဲ့ဖွဲ့စည်းထားသလဲဆိုရင် ခုနပြောတဲ့ အာရုံပေါ်မှာ စိတ်ကူးနေတာရယ်၊ ကြံစည်နေတာရယ်၊ နှစ်ခြိုက်နေတာရယ်၊ ချမ်းမြေ့နေတာရယ်၊ တည်ငြိမ်နေတာရယ် ဆိုတဲ့ စိတ်ရဲ့ စွမ်းအားငါးမျိုးနဲ့ ဖွဲ့စည်းထားတာကို ဈာန်လို့ခေါ်တယ်တဲ့။

အဲဒီနောက် ဒုတိယဈာန်ကျတော့ ဘာကိုကျော်လွှားလိုက်သလဲဆိုရင် ဝိတက်ဆိုတာကို ကျော်လွှားလိုက်တယ်။ စိတ်ကူးနေစရာ မလိုတော့ဘူး။ သမာဓိစွမ်းအားကို မြှင့်လိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ကူးနေတာ ကြံစည်နေတာ မပါတော့ဘဲနဲ့ နှစ်ခြိုက်နေတာ၊ ချမ်းမြေ့နေတာ၊ တည်ငြိမ်နေတာ သုံးမျိုးတည်းနဲ့ နေတာကို ဒုတိယဈာန်လို့ ခေါ်တယ်။ တစ်ခါ တတိယက နှစ်ခြိုက်နေသည့် သဘောသည် စိတ်၏ လှုပ်ရှားမှု သဘောဖြစ်သည့် အတွက်ကြောင့် အပြစ်မြင်လာလို့ နှစ်ခြိုက်မှုကို ဖယ်ရှားလိုက်တဲ့အခါ ကိုယ်ရောစိတ်ပါ ချမ်းမြေ့နေတာရယ် တည်ငြိမ်နေတာရယ် ဒီနှစ်ခုတည်းနဲ့ ရှုနေတယ်။ အဲဒါကို တတိယဈာန်လို့ ခေါ်တယ်။

အဲဒီကနေ တစ်ခါ ကိုယ်ရောစိတ်ရော သိမ့်သိမ့် သိမ့်မွေ့ ချမ်းမြေ့နေတဲ့ သဘာဝကို မလိုချင်ဘူး၊ စိတ်လှုပ်ရှားမှုတွေ ဘာမှမလိုချင်ဘူးဆိုပြီး သုခကို ဖယ်ရှားလိုက်တဲ့အခါ ဘာမှလှုပ်ရှားမှုမရှိဘဲ တည်ငြိမ်နေတဲ့ ဥပေက္ခာနှင့် သမာဓိစွမ်းအား ဒီနှစ်ခုတည်းနဲ့ ရှုနေတာကို စတုတ္ထဈာန်လို့ ခေါ်တယ်။

အဲဒီ စတုတ္ထဈာန်ရောက်သွားရင် လူရဲ့စိတ်စွမ်းအားသည် အဆင့်အမြင့်ကို ရောက်သွားပြီ။ အဲဒီအမြင့်ရောက်ရင် ဘာတွေစွမ်းဆောင်နိုင်သလဲဆိုရင် အဘိညာဉ်တန်ခိုးတွေ ရှာနေတာတွေ စွမ်းဆောင်နိုင်တယ်။ ဒီအဆင့်ရောက်မှ အဲဒါတွေလုပ်လို့ရတယ်။ ဒီလိုအဆင့်မျိုး ဆိုတာလည်း လွယ်လွယ်ကူကူနဲ့ ရောက်တာမဟုတ်ဘူး။ စွမ်းရည်သတ္တိတွေ မြင့်အောင် အကြိမ်ကြိမ် အထပ်ထပ် လုပ်ဖို့လိုတယ်တဲ့။ အဲလို ကြိုးစားလိုက်ရင် ဟောဒီ ဈာန်ရထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အဘိညာဉ်အထိ ပေါက်မြောက်သွားရင် မြေလျှိုးတာတို့ ငုပ်တာတို့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းတာတို့ လုပ်နိုင်သွား စွမ်းနိုင်သွားတယ်။

သို့သော် အဲဒီလို ဖန်ဆင်းတဲ့အခါမှာ သဘာဝကို ဆန့်ကျင်ပြီး ဖန်ဆင်းလို့ မရဘူး။ သဘာဝအတိုင်း ဖန်ဆင်းရတယ်၊ ဆိုပါစို့၊ ရေပေါ် လမ်းလျှောက်ပြချင်ရင် ရေကို မြေကျောသွားအောင် ဖန်ဆင်းရမယ်။ ပြီးတော့မှ လမ်းလျှောက်လို့ရတယ်။ နို့မဟုတ်ဘူးဆိုရင် ရေပေါ် ဒီအတိုင်း လမ်းလျှောက်ရင် မြုပ်သွားမှာပေါ့။ ဒါသဘာဝပဲ။ မြေလျှိုးချင်တယ်ဆိုရင် သူလျှိုးမယ့်နေရာကို ဟာလာဟင်းလင်းဖြစ်သွားအောင်၊ တွင်းကြီးလိုဖြစ်သွားအောင် စိတ်နဲ့ဖန်ဆင်းရမယ်။ ပြီးမှ အဲဒီလဟာပြင်ထဲ ဝင်သွားတာမျိုး ဖြစ်ရမယ်။

ကောင်းကင်ကို လမ်းလျှောက်သွားချင်တယ်ဆိုရင်လည်း သွားချင်တဲ့နေရာ လမ်းကြောင်းကို ဖန်ဆင်းရမယ်။ ပြီးမှ အဲဒီလမ်းပေါ်မှာ လျှောက်ရမယ်။ သဘာဝကို ဆန့်ကျင်ပြီးတော့ လုပ်လို့မရဘူး။

ဒါကြောင့်မို့ super normal power လို့သာ ခေါ်ရတယ်။ super natural power မဟုတ်ဘူး။ nature ရဲ့အပေါ်မှာ ကျော်လို့မရဘူးလို့ ဆိုလိုတယ်။ တန်ခိုးရှင် ဖန်ဆင်းတယ်ဆိုပေမယ့် သဘာဝအတိုင်း လုပ်ရတာ။

သမထကျင့်စဉ်တစ်ခုဟာ ပေါက်ပေါက်ရောက်ရောက် အောင်မြင်သွားပြီဆိုရင် အခုလိုအဆင့်တွေ အဆင့်တွေ တက်လာတယ်။ ဟောဒီ သမထကျင့်စဉ်နဲ့ စိတ်ကိုငြိမ်နေအောင် လုပ်တာ။

ပြီးတော့ တစ်နေကုန် နေလို့ရတယ်။ နှစ်ရက် နေလို့ရတယ်။ သုံးရက် နေလို့ရတယ်။ ဒီစိတ်စွမ်းအားတွေနဲ့ ရုပ်ကို ဖြည့်တင်းထားသည့်အတွက်ကြောင့် ရုပ်မှာ နာတာ ကျင်တာ မရှိဘူး။ ကိုက်တာ ခဲတာ ဆိုတာမရှိဘူး။ ရုပ်ခန္ဓာကြီးက ပေါ့ပြီး အကုန်လုံး ငြိမ်းချမ်းနေတယ်။

## ချမ်းသာစွာ နေဖို့

ဒါကြောင့် ဘုရား၊ ရဟန္တာတွေဟာ ဈာန်ဝင်စားတယ်ဆိုတာ ဒိဋ္ဌဓမ္မသုခဝိဟာရ မျက်မှောက်ဘဝမှာ ချမ်းသာစွာ နေဖို့အတွက် ဈာန်ဝင်စားကြတာ ဖြစ်တယ်။ အဲဒါမျိုးကိုမှ အစစ်အမှန် သမထကျင့်စဉ်လို့ ခေါ်တယ်။

အဲဒီ သမထကျင့်စဉ်မျိုးကို အပြစ်မပြောရဘူး။ ဘုရားသာသနာနှင့် ကြုံနေစဉ်မှာ သမထကို မကျင့်ရဘူးလို့ မပြောရဘူး။ ဘုရားကိုယ်တိုင်လည်း ကျင့်တယ်။ ရဟန္တာတွေလည်း ကျင့်တယ်။ အကြိမ်ကြိမ်ပဲ ဈာန်ဝင်စားကြတယ်။ သမထကျင့်စဉ်ဆိုတာ ကျင့်ရတယ်။

ကဲ. . . သမထကျင့်စဉ်ရဲ့ လမ်းဆုံးက ဘာလဲဆိုရင် သူ့ရဲ့လမ်းဆုံးကတော့ အဘိညာဉ်ပဲ။ ဒီဘဝမှာ ခံစားရတဲ့ လမ်းဆုံးက အဘိညာဉ်ပဲ။ နောက်ဘဝကျတော့ ဘယ်ရောက်သလဲဆိုရင် ဈာန်မလျှောဘူးဆိုရင် ဗြဟ္မာပြည်ရောက်တယ်။ ပထမဈာန်ရရင် ပထမဈာန် ဗြဟ္မာဘုံရောက်မယ်။ ဒုတိယဈာန်ရရင် ဒုတိယဈာန် ဗြဟ္မာဘုံရောက်မယ်။ တတိယဈာန်၊ စတုတ္ထဈာန်ရရင် တတိယဈာန်ဗြဟ္မာဘုံ၊ စတုတ္ထဈာန်ဗြဟ္မာဘုံ ရောက်မယ်။ သူ့အဆင့်အတိုင်း သွားမယ်။ ဒါက သူ့ရဲ့ အဆင့်အမြင့်ဆုံးလမ်း။



www.burmeseclassic.com

www.burmeseclassic.com

## ဝိပဿနာကျင့်စဉ်

အဲဒီတော့ သမထကျင့်စဉ် အောင်မြင်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရချင်ပါတယ်ဆိုရင် technique ပြောင်းရမယ်တဲ့။ ရှေ့ကပြောတဲ့ မီးခိုးတန်းလေးလို၊ အလင်းတန်းလေးလို အာရုံနိမိတ်ပေါ်မှာ ဆက်ပြီးတော့ မနေဘဲနဲ့ ဝိပဿနာကျင့်စဉ်ကို ပြောင်းရမယ်။ ဈာန်မှ ဝိပဿနာကျင့်စဉ်ကို ပြောင်းချင်ရင် ဘယ်လို ပြောင်းရမလဲ။

သမထအာရုံနိမိတ်ကလေးပေါ်မှာ ဈာန်ဝင်စားလိုက်တယ်။ ဈာန်ဝင်စားပြီး ဈာန်ကနေ ပြန်ထလိုက်တဲ့အခါ (ပြန်ထတယ်ဆိုတာ ဈာန်ဝင်စားနေတာကို ပြန်ပြီးတော့ နောက်ဆုတ်လိုက်တာပါ။) အဲလို နောက်ဆုတ်ပြီးတဲ့အခါ သူ့ရဲ့ စိတ်အခြေအနေတွေ ဆက်လက်ပြီးတော့ ဖြစ်နေတယ်ပေါ့။ လူက နောက်ဆုတ်လိုက်ပြီ၊ နောက်ဆုတ်လိုက်ပေမယ့်လို့ ခုနက ဖြစ်သွားတဲ့ စိတ်တွေရဲ့ အခြေအနေတွေ ဆက်ဖြစ်နေတယ်။

ဥပမာ - လူတစ်ယောက် စိတ်ဆိုးပြီးသွားပြီဆိုရင် အဲဒီ စိတ်ဆိုးတာကို ပြန်ပြီးတွေးလို့ မရဘူးလား၊ ရတယ်၊ ကိုယ့်စိတ်ထဲမှာ ဘာဖြစ်သွားတယ်ဆိုတာ ပြန်စဉ်းစားလို့ရတယ်။ အဲဒါမျိုးလိုပဲ ဈာန်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်က ဈာန်ကနေ ပြန်ထလိုက်တဲ့အခါ အဲဒီဈာန်စိတ်တွေကို အာရုံအဖြစ် အသုံးချပြီး ဝိပဿနာရှုရတယ်တဲ့။ ဝိပဿနာကျတော့ ခုနက အလင်းတန်းလိုမျိုး ပညတ်ကို ရှုလို့မရဘူး။ အလင်းတန်းကို အာရုံပြုပြီး ဖြစ်ပေါ်နေတဲ့ ကြံစည်တာတွေ၊ စိတ်ကူးတာတွေ၊ စိတ်ကြည်နူးတာတွေ၊ ချမ်းမြေ့တာတွေ ဆိုတဲ့ ဈာန်အင်္ဂါတွေကို ပြန်ပြီးတော့ ရှုလိုက်တယ်။

ရှုတယ်ဆိုတဲ့ အချိန်မှာ ဝိပဿနာကို သွားတဲ့အခါ အဆင့် နှစ်ဆင့်ရှိတယ်။ နံပါတ်(၁)က သဘာဝလက္ခဏာ "individual characteristic" လို့ ခေါ်တယ်။ သူ့ရဲ့ nature ကို ရှုရမယ်လို့ ပြောတာ။ အဲဒါ ဘာလဲဆိုရင် ကြံစည်တယ်ဆိုတဲ့ "ဝိတက်" ရဲ့ သဘာဝကိုကြည့်ရင် ဝိတက်ဆိုတာ စိတ်ကလေးကို အာရုံပေါ်သို့ ပို့ပေးနေပါလားဆိုတဲ့ သူ့ရဲ့ nature ကို သိရတယ်။

ဝိစာရကို ကြည့်လိုက်ရင် အာရုံကလေးနှင့် စိတ်ကို ချည်နှောင်ထားပါလား။ တွဲထားပါလားဆိုတဲ့ သူ့ရဲ့သဘာဝကို တွေ့မယ်။ ပီတိကိုကြည့်ရင် အာရုံပေါ်မှာ နှစ်ခြိုက်နေတဲ့ သဘောပါလားဆိုတဲ့ သူ့ရဲ့သဘာဝကို တွေ့မယ်။ သုခကို ကြည့်မယ်ဆိုရင် ကိုယ်ချမ်းမြေ့မှု၊ စိတ်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေတဲ့ သဘောပါလားလို့ သူ့ရဲ့သဘောကို တွေ့လိမ့်မယ်။

သမာဓိကိုကြည့်လိုက်ရင် အာရုံနှင့်စိတ်ပေါ်မှာ ငြိမ်နေအောင်လုပ်တဲ့ သဘောပါလားလို့ သူ့ရဲ့သဘောကို တွေ့ရမယ်။ ဒါလေးတွေကို သူတို့ရဲ့ သဘာဝလက္ခဏာလို့ ခေါ်တယ်။ ဝိပဿနာလမ်းကြောင်း ပြောင်းတာနှင့်တစ်ပြိုင်နက် အဲဒီအစစ်အမှန်ဖြစ်တဲ့ သဘာဝလက္ခဏာတွေကို သိရမယ်။ ဥပမာအားဖြင့် စိတ်ဆိုးပြီးတဲ့ လူတစ်ယောက်ဟာ ဒြော်. . ဒေါသဆိုတာ စိတ်ကိုယောက်ယက်ခတ်ပြီး စိတ်ကို ပူစေတတ်တဲ့သဘောပါလား။ တည်ငြိမ်နေတဲ့စိတ်ကို ဖျက်ဆီးတတ်တဲ့ သဘောပါလားလို့ မတွေ့နိုင်ဘူးလား။

'ဒုဿတီတိ ဒေါသော' တည်ငြိမ်နေတယ်ဆိုတဲ့ အနေအထားလေးတစ်ခု ပျက်သွားအောင် ဖျက်ဆီးတတ်တယ်တဲ့။ စိတ်ဆိုးတယ် ဆိုကတည်းက တည်ငြိမ်နေတဲ့ ငြိမ်းချမ်းနေတဲ့ သဘာဝလေးတစ်ခု ပျက်သွားတာလေ။ အဲဒီလို ဖျက်ဆီးတတ်တဲ့ သဘာဝကိုသိတာ ဒေါသရဲ့ သဘာဝကို သိတာပဲ။ လောဘ ဆိုရင်လည်း အာရုံပေါ်မှာ တွယ်ကပ်နေတဲ့ သဘောလေးပါလားလို့ လောဘရဲ့ သဘောကို ဒီလိုမြင်တယ်။ အဲဒီလို သဘာဝလေးတွေမှာလည်း ကိုယ်ပိုင်သဘာဝတွေ ရှိတယ်။ အဲဒီကိုယ်ပိုင် သဘာဝလေးတွေကို သဘာဝလက္ခဏာလို့ ခေါ်တယ်။

နံပါတ် ၂ က သဘာဝလက္ခဏာကို ကြည့်ရင်း ကြည့်ရင်းကနေ သာမညလက္ခဏာလို့ခေါ်တဲ့ အများဆိုင်တဲ့ လက္ခဏာကို တိုးချဲ့ပြီးတော့မြင်လာတယ်။ သာမညလက္ခဏာဆိုတာ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ စိုးမပိုင်တဲ့သဘော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သဘာဝတွေကို သာမညလက္ခဏာလို့ ခေါ်တယ်။ "universal characteristic" ဒီလို universal characteristic ကို မြင်လာပြီဆိုရင် ဝိပဿနာဖြစ်ပြီး ထူးထူးခြားခြား မြင်လာတယ်လို့ ပြောတာ။

အဲဒီလို သမထကျင့်စဉ်ကနေ ဝိပဿနာကျင့်စဉ်ကို ပြောင်းတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အခုလိုပဲ ပြောင်းတယ်။ အဲဒီကနေဆက်ပြီး ဘာတွေ တွေ့သလဲဆိုရင် ဒီသဘာဝတရားလေးတွေဟာ ဘယ်မှာမှီပြီး ဖြစ်တာလဲလို့ စဉ်းစားလိုက်ရင် စိတ်ရဲ့ဖြစ်ပေါ်ရာဖြစ်တဲ့ နှလုံးသားကိုမှီပြီး ဖြစ်တာပါလားလို့ မှီရာရုပ်တရားကအစ ရုပ်တရားတွေကို စဉ်ဆက်မပြတ်မြင်လာတတ်တယ်။ စိတ်ရော ရုပ်ရော ဒီနှစ်ခုစလုံး မြင်လာတယ်။ ပြီးတော့ စိတ်နဲ့ရုပ် မတူညီတဲ့ သဘောထားလေးတွေ မြင်လာတယ်။ မြင်လာပြီး စိတ်ရော ရုပ်ရော ဒီနှစ်ခုစလုံးဟာ ထာဝရတည်မြဲနေတဲ့အရာ မဟုတ်ဘူး။ ဖြစ်လာပြီးတဲ့နောက် ပျောက်သွားတယ်။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်လိုက်တယ်။ ပေါ်ပြီးရင် ပျောက်သွားတယ်။

ပျောက်တယ်ဆိုတာ နောက်ထပ် ပေါ်မလာဘဲ ပျောက်တာ၊ နောက်ထပ်ဖြစ်တာက နောက်ထပ်အကြောင်းတစ်ခုကြောင့် ဖြစ်တာ။ အဲဒီလို စဉ်ဆက်မပြတ်ဖြစ်ပြီး ပျက်သွားတဲ့သဘောတွေကို မြင်လာတာ အနိစ္စ။ အဲဒီဖြစ်ပျက်မှုကြီးဟာ စိတ်ပျက်စရာကောင်းလောက်အောင် ဖြစ်နေတာ ဒုက္ခ၊ အဲဒီအပေါ်မှာ ကိုယ်က ဘာမှချုပ်ကိုင်နိုင်စွမ်း မရှိတာက အနတ္တတဲ့။ ဒီသဘောတွေကို မြင်လာတာက ဝိပဿနာလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ဝိပဿနာဉာဏ် အဆင့်ဆင့်က ပထမဆုံး ရုပ်နဲ့ နာမ်နဲ့ခွဲတဲ့ "နာမရူပပရိစ္ဆေဒဉာဏ် (ခွဲခြားပြီး သိမြင်တဲ့ဉာဏ်)" အဲဒီနောက် ထိုရုပ်နာမ်တွေရဲ့ ဖြစ်ပေါ်လာခြင်း အကြောင်း တရားကိုပါ တွဲဖက်ပြီး သိလာတဲ့ "ပစ္စယပရိဂ္ဂဟဉာဏ်" ထို့နောက် ထိုရုပ်နာမ်တို့ရဲ့ မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ ဒုက္ခသဘော (ဒီနေရာမှာ ဆင်းရဲတယ်ဆိုတာ ပိုက်ဆံမရှိလို့ ဆင်းရဲတာကို ပြောတာမဟုတ်ဘူး။ ဖြစ်ပြီး ပျက်နေတာကိုက စိတ်ပျက်စရာကြီးလို့ ပြောတာနော်။)

ဖြစ်ပျက်မှုတွေရဲ့ နှိပ်စက်မှုကို ခံနေရတဲ့ စိတ်ပျက်စရာကောင်းတာက ဒုက္ခ၊ အဲဒီလိုဖြစ်ပြီး ပျက်နေတာကို ဆုံးတန့်ပစ်လို့မရဘဲ ကိုယ်မပိုင်တာက "အနတ္တ"။

ဒီဖြစ်မှု ပျက်မှု သဘောတွေကို အထပ်ထပ် စဉ်းစားတယ် (သမ္မသနဉာဏ)၊ ဖြစ်မှု ပျက်မှု သဘောတွေကို ရှင်းရှင်းကြီး မြင်လာတယ် (ဥဒယဗ္ဗယဉာဏ်)၊ တဖြည်းဖြည်းနဲ့ မြင်လာတဲ့အခါ သင်္ခါရတွေအပေါ်မှာ စိတ်ပျက်လာတယ် (ဘင်ဉာဏ)၊ ကြောက်စရာလို့ မြင်လာတယ် (ဘယဉာဏ)၊ ငြီးငွေ့လာတယ် (နိဗ္ဗိဒါဉာဏ)၊ ဒီလိုမြင်လာတော့ စွန့်လွှတ်ချင်လာတယ် (မုဉ္စိတုကမျတာဉာဏ)၊ ထို့နောက် လွတ်ရာလွတ်ကြောင်း ထွက်ပေါက်ရှာလာတယ် (ပဋိသင်္ခါဉာဏ)။

ဒီလို ထွက်ပေါက်ရှာလာတော့ သင်္ခါရသဘာဝတရားတွေအပေါ်မှာ စိတ်ကလေး တည်ငြိမ်မှုကို ပြန်ရလာတယ် (သင်္ခါရုပေက္ခာဉာဏ)။ အဲဒါကို ဝိပဿနာမှာ အဆင့်အမြင့်ဆုံး "သင်္ခါရုပေက္ခာဉာဏ်" လို့ခေါ်တယ်။ အဲဒီအဆင့်ကို တဖြည်းဖြည်းနှင့် ရောက်သွားတယ်။

သမထနှင့် ဝိပဿနာမှာ ဝိပဿနာက ဘယ်ထိအောင် သွားသလဲဆိုရင် မဂ်ဖိုလ်ထိအောင် သွားတယ်။ အဲဒီအဆင့် နိဗ္ဗာန်၊ ဒါ ဝိပဿနာရဲ့လမ်းကြောင်း၊ သမထလမ်းကြောင်းရဲ့ လမ်းဆုံးက အဘိညာဉ်၊ သေရင် ဗြဟ္မာဘုံ။ သမထကျင့်ပြီးတော့ ဝိပဿနာကို ကူးတဲ့လမ်း ရှိတယ်တဲ့။ သမထကိုမကျင့်ဘဲ ဝိပဿနာ တိုက်ရိုက်သွားတဲ့ နည်းလမ်းလည်းရှိတယ်။ ဒါကြောင့်မို့ ယာန နှစ်မျိုးဆိုပြီး ပြထားတယ်။ ယာနဆိုတာ vehical စီးစရာယာဉ်ကလေး၊ သမထယာဉ်ကိုပဲ စီးမလား၊ သို့မဟုတ် ဝိပဿနာယာဉ်ကိုပဲ စီးမလား၊ ဘယ်ယာဉ်နဲ့ပဲ သွားသွားပေါ့။ သမထကို အရင်ကျင့်ပြီးမှ ဝိပဿနာကျင့်တဲ့နည်းရှိတယ်။ ဝိပဿနာကို တိုက်ရိုက်ကျင့်တဲ့နည်းရှိတယ်တဲ့။

ဒီနည်း နှစ်နည်းစလုံးဟာ မှန်ကန်တဲ့နည်းတွေချည်းပဲ။ ကြိုက်နှစ်သက်တဲ့ လမ်းကြောင်းက သွားလို့ရတယ်။ ဥပမာ ရွှေတိဂုံဘုရားကြီးကို ဖူးချင်ရင် တောင်ဘက်မုခ်က တက်မလား အနောက်မုခ်က တက်မလား၊ အရှေ့မုခ်၊ မြောက်ဘက်မုခ်က တက်မလား၊ ဘုရား မရောက်ဘူးလား၊ ရောက်တာချည်းပဲ။

ဒီအတိုင်းပဲ ကိုယ်ကြိုက်တဲ့လမ်းနဲ့သွား၊ ကိုယ်ကြိုက်တဲ့ယာဉ်ကို စီးသွားလို့ရတယ်။

သမထကျင့်စဉ်ဆိုတာ စိတ်ကိုတည်ငြိမ်အောင် လုပ်ပြီးမှ ဉာဏ်စွမ်းကို ထူထောင်တာ၊ သဘာဝတရားများရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောကို မြင်အောင် လေ့ကျင့်တာကို ဝိပဿနာကျင့်စဉ် ခေါ်တာပေါ့။ အေး. . . ဒီနှစ်ခုစလုံးကို ဗုဒ္ဓမြတ်စွာက 'ဒွေမေ ဘိက္ခဝေ ဓမ္မာ ဝိဇ္ဇာ ဘာဂိယာ' မဂ်ဉာဏ်ကို ဆိုက်ထိသွားစေနိုင်တဲ့ ကျင့်စဉ်လို့ ဟောတော်မူတာ။

ဝိဇ္ဇာဆိုတာ မဂ်ဉာဏ်ကို ပြောတာ။ (ဝိဇ္ဇာဆိုတာ ယခုခေတ် ပြောနေကြတဲ့ ဝိဇ္ဇာတွေ ဇော်ဂျီတွေ ပြောတာ မဟုတ်ဘူးနော်)။ ဝိဇ္ဇာဆိုတာ ကိလေသာတွေကို ကုန်သွားအောင် ဖယ်ရှားပေးနိုင်တဲ့ စွမ်းရည်သတ္တိရှိနိုင်တဲ့ အသိဉာဏ် တစ်မျိုးကို ခေါ်တယ်။

အဲဒီကိလေသာတွေ ကုန်သွားစေတတ်တဲ့၊ ဝိဇ္ဇာဉာဏ်မျိုးကို ပေါက်မြောက်သွားစေတတ်တဲ့ အကျင့်နှစ်မျိုးက ဘာလဲဆိုရင် "သမထနှင့် ဝိပဿနာ" တဲ့။ သမထကျင့်ရင် ဘာဖြစ်လဲဆိုတော့ အတွယ်အတာ တဏှာရာဂ အာရုံတွေအပေါ်မှာ မက်မောတဲ့လောဘကို ဖယ်ရှားပစ်နိုင်တယ်။ အဲဒါ အကျိုးပဲပေါ့။ အင်မတန်ကြီးမားတဲ့ အကျိုးတစ်ခုပဲပေါ့။

ဒါဖြင့် ဝိပဿနာကျင့်စဉ်က ဘာပေးလဲဆိုတော့ ဝိပဿနာကျင့်စဉ်ကို ကျင့်ရင် ပညာဉာဏ်တိုးတက်တယ်တဲ့။ သဘာဝကိုသိတဲ့ အသိဉာဏ်တွေ ရသွားတယ်။ ကိုယ်တိုင်ကျင့်ကြံလိုက်တဲ့အခါကျတော့ မမြဲတဲ့၊ ဆင်းရဲတဲ့၊ မပိုင်တဲ့ သဘောလေးတွေ ထင်ထင်ရှားရှား သိလာတယ်။ ကိုယ်တိုင်တွေ့သိရှိလာတဲ့ အသိဉာဏ်တွေ ရလာတယ်။ အဲဒါကြောင့် ဝိပဿနာကျင့်စဉ်ဟာ အသိပညာ တိုးတက်စေတယ်တဲ့။ အသိပညာ တိုးတက်တော့ ဘာဖြစ်သလဲဆိုရင် အဝိဇ္ဇာဆိုတဲ့ အမှန်မသိတဲ့ အမှောင်ကို ဖယ်ရှားပစ်နိုင်တယ်ဆိုတဲ့ အကျိုးရတယ်။

ဆိုလိုတာက သမထကျင့်စဉ်က ရာဂကို ဖယ်ရှားနိုင်တယ်။ အဲဒီရာဂက ဒုက္ခပေးနေတာလေ။ အဲဒီရာဂဆိုတာ နှစ်သက်စရာ အာရုံလေးတွေ့ရင် စိတ်ကို အရောင်အမြဲတမ်း ဆိုးနေတာ။ ဒါမျိုး တစ်ခါမြင်ပြီးရင် နောက်ထပ်တွေ့ချင်တယ်။ နောက်ထပ် လိုချင်အောင်၊ စွဲမက်အောင် သူက အရောင်ခြယ်ပေးလိုက်တာ။ အဲဒီတော့ သမထကျင့်စဉ် ကျင့်လိုက်လို့ရှိရင် အာရုံပေါ်မှာ အရောင်ဆိုးပေးတဲ့ ရာဂ၊ စွဲမက်သွားတယ်ဆိုတဲ့ ရာဂ မလာဘူး။ မလာသည့်အတွက်ကြောင့် နောက်ထပ်ဖြစ်စရာမရှိဘူးလို့ ဆိုလိုတယ်။

သမထကျင့်စဉ် ကျင့်လိုက်တဲ့အခါကျတော့ စိတ်တွေ တည်ငြိမ်လာတယ်။ သမာဓိစွမ်းအားတွေ တက်လာတယ်။ စိတ်တွေ တိုးတက်လာတယ်။ အဲဒီအခါကျတော့ တွယ်တာမှု ဆိုတဲ့ ပျော့ညံ့တဲ့ သဘောတရားကို ဖယ်ရှားပစ်နိုင်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာကျင့်စဉ်ကို ကျင့်တဲ့အခါကျတော့ အသိပညာတွေ တိုးတက်လာတယ်။ အသိပညာဆိုတာ အမှန်တရားကို နားလည်တာ၊ သဘာဝကို သိတာ၊ သဘာဝကို သိဖို့ဆိုတာ အလွန်ခဲယဉ်းတယ်။ အာရုံရဲ့ သဘာဝအမှန်ကို မသိဘူး။ အဲဒီသဘာဝအမှန်ကိုသိတဲ့ အသိပညာ တိုးတက်လာတယ်တဲ့။ ဒါကြောင့် အမှန်ကိုမသိတဲ့ မောဟဆိုတဲ့ အဝိဇ္ဇာကို ဖယ်ရှားပစ်နိုင်တယ်တဲ့။

ရာဂက စိတ်ကို ညစ်နွမ်းအောင်လုပ်ထားမယ်ဆိုရင် အဲဒီစိတ်ကလေးဟာ လွတ်မြောက်မှုကို ရနိုင်ပါ့မလား။ မရနိုင်ဘူး။ တွယ်တာမှုက ဆုပ်ကိုင်ထားသည့် အတွက်ကြောင့် အဲဒီစိတ်ကလေးက အကျဉ်းမိနေတယ်။ ထွက်ပေါက်မရှိဘူး။ ဒါကြောင့်မို့ လူတွေမှာ အကျဉ်းအကျပ် မိနေတယ်ဆိုတာ အဲဒါပေါ့။ တဏှာရာဂရဲ့ ဆို့ပိတ်ထားမှု ဘောင်ကိုကျော်ပြီး ထွက်မသွားနိုင်ဘူး။

လောကကြီးတစ်ခုလုံးကို ခြုံကြည့်၊ သတ္တဝါတွေ အားလုံး ရာဂရဲ့ သားကောင်တွေချည်းပဲ။ အားလုံး ရာဂရဲ့ ကျေးကျွန်တွေချည်းပဲ။ ကိုယ့်ကိုယ်ကိုယ် freedom ပိုင်တယ်လို့ ပြောနေပေမယ့်လို့ ဘယ်သူက ချုပ်ကိုင်စိုးမိုးထားလဲဆိုရင် ရာဂက ကိုယ့်ကို စိုးမိုးထားတာပဲ။ သူ့အလိုကျပဲ ဖြစ်နေရတယ်။ ဟုတ်ရဲ့လား။ အတွယ်အတာရှိရာ စိတ်က သွားမနေဘူးလား။ မတော်လှန်နိုင်ဘူး။ ဒါကြောင့်မို့ ရာဂရဲ့ ချုပ်ကိုင်မှုအောက်မှာ နေရရင် မလွတ်လပ်ဘူးတဲ့။ ဒါ တစ်ခုပေါ့။ ဒါကြောင့် သမထကျင့်စဉ်နဲ့ ရာဂကို ဖယ်ရှားပစ်တယ်။

အဝိဇ္ဇာက လွှမ်းမိုးထားရင် ဘာဖြစ်သလဲဆိုရင် ပညာရဲ့ လွတ်လွတ်လပ်လပ် စွမ်းဆောင်ချက်တွေ မပေါ်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အဝိဇ္ဇာက ပညာကို အားနည်းအောင် လုပ်ထားတယ်။ အဝိဇ္ဇာကို ဖယ်ရှားလိုက်တာနဲ့ တစ်ပြိုင်နက် ပညာရဲ့စွမ်းရည်သတ္တိတွေ အကုန်လုံး ထက်မြက်လာတယ်။ ဒီကျင့်စဉ် နှစ်ခုကို မြတ်စွာဘုရားက ဒီလိုဟောထားတယ်။

အေး . . . ဒါကြောင့် အာနာပါနကနေ သမထကျင့်စဉ်ကို တိုက်ရိုက်ကျင့်မယ်ဆိုရင် 'အာရုံနိမိတ်'ပေါ်မှာ အလုပ်လုပ်ရတယ်။ အာနာပါနကနေ သမထ မသွားတော့ဘဲ ဝိပဿနာ တိုက်ရိုက်သွားချင်ပါတယ်ဆိုရင် မရဘူးလားဆိုတော့ ရတယ်။ အဲဒါကျတော့ အလုပ်လုပ်ပုံချင်း ကွာသွားတယ်။

ပထမ ထွက်လေ ဝင်လေလေးကို အာရုံပြုရင်းကနေ ဝိပဿနာအလုပ် လုပ်တော့မယ်ဆိုရင် အာရုံပြုရမှာက တစ်ခုမကဘူး။ အဲဒါ ဘာလဲဆိုရင် ရှူလိုက်တဲ့ လေလေးရယ်၊ ထိုလေလေး ထိသွားတဲ့ နှာသီးဖျားက ကာယပသာဒရုပ်လေးရယ်၊ ထိတဲ့အခါ ထိမှန်းသိလိုက်တဲ့ စိတ်ကလေးရယ်၊ ဘယ်နှခုတုံး၊ သုံးခုနော်။ ဟုတ်ရဲ့လား။ ထွက်လေ ဝင်လေရယ်၊ ထွက်လေဝင်လေ ထိတဲ့နေရာရယ်၊ ထိမှန်းသိလိုက်တာရယ်။ အဲဒီသုံးခုကို အာရုံပြုပြီး ရှုမှတ်ရမယ်။ အဲဒါက ဝိပဿနာ လမ်းကြောင်းကို တိုက်ရိုက်သွားတာတဲ့။

ကိုယ့်ဘာသာကိုယ် စမ်းကြည့်၊ ရှူလိုက်ရင် ရှူလိုက်တဲ့ လေကလေး ထိသွားတယ်။ ရှူလိုက်တဲ့ လေကလေးကို 'ဝါယောဖောဋ္ဌဗ္ဗရုပ်' လို့ခေါ်တယ်။ စာပေအသုံးနဲ့ မခေါ်တတ်ချင် နေပါစေ။ ဒီဝါယောဖောဋ္ဌဗ္ဗက ရုပ်တစ်ခု၊ အဲဒီရုပ်ကလေး တိုးထိသွားတဲ့ နေရာက 'ကာယပသာဒရုပ်' တစ်ခု၊ ဟော ရုပ်နှစ်ခု ပေါင်းဆုံလိုက်တဲ့ အခါကျတော့ ထိသိစိတ် ပေါ်လာတယ်။ သုံးခု ဖြစ်မသွားဘူးလား။

ဥပမာ မျက်စိက မြင်တာကြည့်၊ မျက်စိရယ်၊ အဆင်းရယ်၊ အာရုံရယ် ဒီနှစ်ခု ဆုံလိုက်တဲ့အခါကျတော့ မြင်သိစိတ် မပေါ်လာဘူးလား။ အသံက နားကို လာတိုက်တဲ့အခါ 'ကြားသိစိတ်' မပေါ်လာဘူးလား။ အနံ့က နှာခေါင်းလာထိလိုက်တဲ့အခါ 'နံ့သိစိတ်' မပေါ်ဘူးလား။ အရသာက လျှာပေါ်မှာ ရောက်လာတဲ့အခါ 'လျက်သိစိတ်' မပေါ်လာဘူးလား။ အာရုံက ခန္ဓာကိုယ်နဲ့ လာထိတဲ့အခါကျတော့ 'ထိသိစိတ်' ပေါ်။ ဟော လေလေးက ဖောဋ္ဌဗ္ဗာရုံ၊ လေလေးထိတဲ့ နေရာက ကာယပသာဒ၊ အဲဒီနှစ်ခု ပေါင်းစပ်လိုက်လို့ ပေါ်လာတာက 'ကာယဝိညာဉ်စိတ်' တဲ့။

မြတ်စွာဘုရားက ပါဠိလိုဟောတော့လည်း ဒီအတိုင်းဟောတာပါ။ ကာယံ စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ၊ ကာယဝိညာဏံ- ကာယပသာဒရုပ်ကလေးရယ်၊ ဖောဋ္ဌဗ္ဗာရုံရယ် ဒီနှစ်ခုကို မှီပြီးတော့ ထိသိစိတ်ကလေး ပေါ်တာပါတဲ့။ အာနာပါနအလုပ်ကို ဝိပဿနာ တိုက်ရိုက်လုပ်ချင်ပြီဆိုရင် လေကလေးရယ်၊ ထိုလေကလေးထိတဲ့ ကာယပသာဒရုပ်ရယ်၊ အဲဒီ ရုပ်နှစ်ခု ပေါင်းဆုံလိုက်တဲ့အခါကျမှ ထိသိစိတ် နာမ်တရားပေါ်လာတယ်လို့ သတိထား။ အဲဒီလို သတိထားရင် ကိုယ့်စိတ်မှာ လေကလေးက သဘာဝတစ်ခု၊ လေကလေး ထိတဲ့နေရာလေးက သဘာဝတစ်ခု။ အဲဒီသဘာဝနှစ်ခုသည် သိတတ်ခြင်းသဘော မရှိဘူး။ အာရုံကို သိခြင်းသဘော မရှိဘူး။ အဲဒီနှစ်ခု ထိလိုက်တဲ့အခါ ပေါ်လာတာလေးကမှ နာမ်တရား အာရုံကို သိတတ်တဲ့ သဘောပဲ။

ဂက်စ်မီးခြစ်ကလေး ဥပမာကြည့်ရအောင်။ ဂက်စ်မီးခြစ် ခြစ်ကြည့်ရင် ဘယ်နှခုလဲ၊ လူရဲ့လက်ကလေးနဲ့ ခြစ်မိတာရယ်၊ ဂက်စ်မီးခြစ် ဘီးလုံးရယ်၊ လက်ရယ် ဟုတ်ရဲ့လား။ အနည်းဆုံးအကြမ်းဖျင်း သုံးခု၊ ဘီးလုံးပေါ် လက်တင်ပြီး ဖိခြစ်လိုက်တယ်။ တွက်ကြည့်၊ ဘီးလုံးက တစ်ခု၊ လက်က တစ်ခု၊ ဖိခြစ်မှုက တစ်ခု။ ဒီသုံးခုဆုံတော့ ဘာပေါ်လာလဲဆိုရင် "မီးတောက်ကလေး" ပေါ်လာတယ်။ ဒါ တစ်ခုစီပဲ မဟုတ်လား။ အဲဒီသဘောပဲ၊ စိတ်ကလေးက မီးတောက်ကလေး ပေါ်လာသလို ပေါ်လာတာ။ အဲဒီတော့ ဒီစိတ်ကလေးက သူ့ဟာ သူဖြစ်တာ မဟုတ်ဘူး။ ဒီမီးကလေးရော သူ့ဟာသူ ဖြစ်နေတာ

www.burmeseclassic.com

ဘာ်ရဲ့လား။ ခုနက ဖိခြစ်တာရယ်၊ လက်ရယ်၊ ဘီးလုံးရယ် သုံးခု ပေါင်းဆုံလိုက်တဲ့အခါ ပေါ်လာတာ။

ကဲ. . ဒီထက်ထင်ရှားတဲ့ ဥပမာတစ်ခုကို ပြောမယ်။ စောင်းတီးတယ် ဆိုပါစို့။ စောင်းကြိုးပေါ် လက်ကလေးတင် ပြီး တီးလိုက်တယ်။ စောင်းကြိုးရယ်၊ လက်ရယ်၊ တီးလိုက်တာရယ် ထွက်ပေါ်လာတဲ့အသံရယ် ဘယ်နှခုလဲ။ လေးခု၊ အနေရာမှာ အကြောင်းသုံးခု ပေါင်းဆုံမှုကြောင့် အသံဆိုတဲ့ အကျိုး ဖြစ်လာတယ်ဆိုတာ မထင်ရှားဘူးလား။ အဲဒါကို ရှင်းလင်းလင်း သိပြီဆိုရင် ထွက်ပေါ်လာတဲ့ အသံကလေး နဲ့ အခု အသိစိတ်ပေါ်လာတာလေးဟာ တူတူပဲတဲ့။

အဲဒီတော့ လေလေးက ရုပ်တရား၊ ထိုလေလေး ထိခိုက်သွားတဲ့ ကာယပသာဒက ရုပ်တရား၊ ထိုရုပ်တရားနှစ်ခု ထိခတ်ခြင်းကြောင့် အသိစိတ်ကလေး ပေါ်လာတာ။ ဒါက နာမ်တရားတဲ့။ အသိဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒီမိနစ်ပိုင်းကလေး၊ ဒီစက္ကန့်ပိုင်းကလေးမှာ ရုပ်နဲ့နာမ် နှစ်ခုပဲ ရှိတာပါလားလို့ မြင်လာတယ်။ အဲဒီလို မြင်လာရင် "နာမရူပ ပရိစ္ဆေဒ" ဉာဏ် ရုပ်နဲ့နာမ် ခွဲခြားသိနိုင်သွားတယ် လို့ ပြောတာ။ နောက်တစ်ဆင့်တက်ပြီး စဉ်းစားလာတော့ အသိဉာဏ်က တိုးတိုးလာတယ်။

လေကလေးနဲ့ နှာသီးဖျား မထိခင်က အသိစိတ်မပေါ် ဘူး ထိမှ အသိစိတ်ကလေး ပေါ်တယ်ဆိုတော့ လေကလေး ရယ် နှာသီးဖျားက ကာယပသာဒရယ် ဒီနှစ်ခုက အကြောင်း တရား သူတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အသိစိတ်ကလေးက အကျိုးတရား။

ခုနကလို စောင်းကြိုးနဲ့ လက်ကလေးနဲ့ တီးခတ်လိုက် လို့ ပေါ်တဲ့အသံမှာ အသံက အကျိုးတရား၊ စောင်းကြိုးရယ်၊ တီးခတ်တဲ့ လက်ကလေးရယ်က အကြောင်းတရားတဲ့။ ဟော အကြောင်းအကျိုးကို သိလာပြီး ဒါကို "ပစ္စယပရိဂ္ဂဟဉာဏ်" လို့ ခေါ်တယ်။ အခြေခံ ပထမနာမ်ရုပ် ကွဲသွားပြီး ရုပ်နာမ်နဲ့ အကြောင်းတရားကို သိလာပြီဆိုလို့ရှိရင် ဒီဉာဏ်နှစ်ခုဟာ ဝိပဿနာဉာဏ်ရဲ့ အခြေခံနှစ်ခုပဲတဲ့။

စာလိုပြောရင် ရုပ်နဲ့နာမ်ကို ကွဲပြားသိတဲ့ နာမ-ရူပ ပရိစ္ဆေဒဉာဏ်၊ ထိုရုပ်နာမ်နှစ်ခုရဲ့ ဆိုင်ရာအကြောင်းကိုသိတဲ့ "ပစ္စယပရိဂ္ဂဟဉာဏ်" တဲ့။ အဲဒီဉာဏ်နှစ်ခု ရထားပြီဆိုရင် အားငယ်နဲ့၊ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတာက ဘုရားသာသနာ နဲ့ကြုံတဲ့အခါ အဲဒီဉာဏ်လေးနှစ်ခု ရအောင်ကြိုးစား၊ ဒီဉာဏ် နှစ်ခု ရထားပြီဆိုရင် "စူဠသောတာပန်" သောတာပန်အငယ် လေးလို့ ခေါ်တယ်တဲ့။

သောတာပန်အငယ်စားလို့ ဘာလို့ခေါ်သလဲဆိုရင် ရုပ်နဲ့နာမ် ကွဲသွားတာနဲ့ တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိဆိုတဲ့ အတွေး မရှိတော့ဘူး။ အမြင်မှန်သွားပြီ။ အကြောင်းကို မြင်သည့် အတွက်ကြောင့် အကြောင်းအကျိုးနဲ့ ဝတ်သက်ပြီး သံသယ ကင်းသွားတယ်။ သောတာပန်ဖြစ်တယ်ဆိုတာ "အမြင်မှန် တာနဲ့ သံသယကင်းတာ"ပဲ။ အမြင်မှန်တာနဲ့ သံသယကင်း တာဟာ သောတာပန်တို့ရဲ့ အရည်အသွေးပဲ။ ဒါကြောင့် စူဠသောတာပန်လို့ ဒီလိုပြောတာ။

ဘုရားသာသနာနဲ့ ကြုံတဲ့အခါမှာ အဲဒီအဆင့်လေး အနည်းဆုံးရအောင် ကြိုးစား။ အဲဒီကတစ်ဆင့်တက်ပြီး ရှုမှတ် လိုက်တဲ့အခါ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်နဲ့ နောက်ဆုံး သင်္ခါရတွေအပေါ်မှာ တည်ငြိမ်နေတဲ့ စိတ်နဲ့ ရှုမှတ်နိုင်တဲ့ "သင်္ခါရုပေက္ခာဉာဏ်" အဆင့် ရောက်သွားရင် ဒီဉာဏ်ဟာ ဝိပဿနာ အဆင့်အမြင့်ဆုံးပဲ။

အဲဒီ "သင်္ခါရုပေက္ခာဉာဏ်" ရင့်သန်သွားပြီဆိုရင် မကြာမီ သင်္ခါရအာရုံတွေ အားလုံး ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန် ကို တွေ့မှာပါတဲ့။ "လမ်းဆုံးရင် ရွာရောက်တယ်" လို့ ပြော ကြတယ် မဟုတ်လား။ အေး ဝိပဿနာကျင့်စဉ်မှာလည်း သင်္ခါရအာရုံ ဆုံးသွားရင် နိဗ္ဗာန်တွေ့မှာပဲ။ အဲဒီထိအောင် လိုက်ရမယ်တဲ့။

သမထကျင့်စဉ်၊ ဝိပဿနာကျင့်စဉ် ဒီကျင့်စဉ် နှစ်ခု စလုံးဟာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာမှာ လိုအပ်တဲ့ ကျင့်စဉ် နှစ်မျိုးဖြစ်တယ်။ အဲဒီကျင့်စဉ် နှစ်မျိုးစလုံးကို မှန်ကန်တဲ့ နည်းလမ်းနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့လိုတယ်။ ဗုဒ္ဓမြတ် စွာ သာသနာနဲ့ ကြုံတွေ့ခိုက် ကိုယ့်အိမ်မှာလည်း ကျင့်နိုင် တယ်။ ဘယ်နေရာမှာဖြစ်ဖြစ် ကျင့်နိုင်တယ်။ ဘယ်သူဖြစ်ဖြစ် ကျင့်နိုင်တယ်။ လူဝတ်နဲ့လည်း ကျင့်နိုင်တယ်။ ဘုန်းကြီးဝတ် နဲ့လည်း ကျင့်နိုင်တယ်။ ဒီကျင့်စဉ်ဟာ ကိုယ်ကျင့်ရင် ကျင့် သလောက် အကျိုးကိုဖြစ်ထွန်းစေတယ်။ နောင်ဘဝအတွက် မျှော်လင့်နေစရာ မလိုဘူး။ ဒီဘဝကျင့်ရင် ဒီဘဝမှာ အကျိုး ခံစားရမှာပဲ။ ကိုယ်လုပ်နိုင်တဲ့ စွမ်းအားအလျောက် အကျိုး တရားရလာမယ်။ ဗုဒ္ဓမြတ်စွာဟောတဲ့ "သန္ဒိဋ္ဌိကော အကာ လိ-ကော" ဆိုတဲ့အတိုင်း ဒီကနေ့လုပ် ဒီကနေ့ အကျိုးကို အတိုင်းအတာ တစ်ခုအထိတော့ ရလာမှာပဲတဲ့။

အေး. . . ဒါကြောင့်မို့ သမထကျင့်စဉ်သည် နီဝရဏ တရား၊ ဆန့်ကျင်ဘက်တရားတွေကို ဖယ်ရှားပစ်တယ်။ ငြိမ်း အေးစေတယ်။ ဝိပဿနာကျင့်စဉ်သည် ထူးခြားတဲ့ အမြင် တွေနဲ့ သဘာဝတရားကို မြင်သိစေတယ်။ ဒါကြောင့်မို့ ဗုဒ္ဓ မြတ်စွာ ပွင့်ပေါ်လာတဲ့အခါ ဘုရားဟောထားတဲ့ ဒီအသိ ဉာဏ် နှစ်ခုစလုံး သာသနာနဲ့ကြုံခိုက် တို့တစ်တွေရအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမယ်လို့ ကိုယ်စီ ကိုယ်စီ ယုံကြည်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ သတည်း။

သာဓု . . . သာဓု . . . သာဓု။

❒ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (Ph.d)



www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓာကူကြောဒ်

ထူးခြားအံ့ဖွယ် ဆန်းကြယ်စွ

## အလောင်းတော်ကဿပ

*အလောင်းတော်ကဿပခရီး*

ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက် လေသည့် ဟေမန္တသမယဆိုလျှင် ပွင့်လင်းခြောက်သွေ့သည့် ဥတုသမယ ဖြစ်လေရကား မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအဖို့ နိုင်ငံ အတွင်းရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော် ကြည်ညိုကြခြင်း၊ အပန်းဖြေစခန်းများသို့ သွားရောက်ကြခြင်းတို့ ရှိတတ်ကြသည်။ စာရေးသူတို့နိုင်ငံကား ရေမြေတောတောင် ဥတုသဘာဝလည်းကောင်းမွန်၏။ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံ ဖြစ်၍လည်း နယ်မြေဒေသအသီးသီး၌ သမိုင်းဝင် တန်ခိုးကြီး ရုပ်ပွားတော်များ၊ သာသနိက အဆောက်အအုံများ၊ ယဉ်ကျေးမှုလက်ရာများ ရှိကြလေရာ ဖူးမြင်မဝ၊ ကြည်ညိုမဝ၊ လေ့လာမဝ ဖွယ်ပါပေ။

သည်အထဲမှာမှ ပြာသိုလဆန်းသို့ ရောက်ပြီဆိုလျှင် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများသည် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီး ဘုရားများအား သွားရောက်ဖူးမြော် ကြည်ညိုလေ့ ရှိကြ၏။ ထိုအထဲ၌ အလောင်းတော်ကဿပ ဘုရားဖူးဧည့်သည်တွေမှာလည်း ပြောစမှတ်တွင်ရလောက်အောင် များပြားလှပါဘိ။ ပခုက္ကူ မုံရွာ ဒေသခံများဆိုလျှင် အများတကာထက် ထူးကဲလှစွာ ကြိုတင်၍ ဘုရားဖူးရောက်ကြသည်။

ဘုရားပွဲတော်အား တပို့တွဲလလောက်ကပင် စတင်၍ တန်ခူးလတိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း မှတ်သားခဲ့ရသည်။ ရှေးယခင်က လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မှု သိပ်မရှိသဖြင့် ခြေကျင်ခရီးပဲ ဆက်ခဲ့ကြရ၏။ ယခုတော့ များစွာလွယ်ကူချောမွေ့သွားလေပြီ။

www.burmeseclassic.com

ဦးစွာ ပခုက္ကူမှ ကပိုင်ရွာကြီးဆီ
သို့ စောစီးစွာရောက်အောင်သွားကြရ
သည်။ ကပိုင်ရွာကြီးနှင့် အလောင်း
တော်ကဿပကားရပ်နားစခန်းသည်
မိုင်(၂၀)မျှ ကွာဝေးသည်။ ကားရပ်နား
စခန်းသို့ရောက်လျှင် အလောင်းတော်
ကဿပဂူရှိရာသို့ တစ်မိုင်ခန့် ခြေကျင်
ခရီးဆက်ရသည်။ ခြေကျင်မလျှောက်
နိုင်သူတို့အတွက်လည်း စီးစရာ ဆင်တွေ
က အဆင်သင့်။

## အလောင်းတော်ကဿပဖြစ်စဉ်

သုံးလောကထွတ်ထား ရှင်တော်
မြတ်ဂုဏ်ရည်မြတ်စွာဘုရားသည် ကုသိနာရုံ
ပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်
မင်္ဂလာဥယျာဉ်အတွင်း ပရိနိဗ္ဗာန်စံတော်
မူခဲ့သည်။ ထိုကာလကား သက္ကရာဇ်
၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်
တက်ခါနီး လင်းအားကြီးအချိန် ဖြစ်
လေသည်။

ထိုသို့ ဘုရားရှင် ပရိနိဗ္ဗာန်စံ
တော်မူပြီးသည့်နောက် လေးလမြောက်
သော ကာလဝယ် ရဟန္တာ အရှင်သူ
မြတ် မဟာကဿပထေရ် အမှူးရှိသော
ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်ပြည့်ရှင်
အဇာတသတ်မင်းကြီး၏ အားဖြင့်
ပထမသင်္ဂါယနာကို တင်တော်မူခဲ့သည်။
မဟာကဿပထေရ်အရှင်သည် မြတ်စွာ
ဘုရားရှင် ချီးမြှင့်တော်မူခဲ့သည့် ဓုတင်
ဆောင်သည့်အရာ၌ အမြတ်ဆုံး အသာ
ဆုံးဆိုသော ဧတဒဂ်ဘွဲ့ထူးရှင် ပုဂ္ဂိုလ်
မြတ်ကြီး ဖြစ်ပါသည်။

ဧတဒဂ်ဘွဲ့ထူးရှင် မဟာကဿ
ပမထေရ်ကြီး ပရိနိဗ္ဗာန်စံဝင်ရန် ကာလ
နီးလာသောအခါ ရှေးက ဆုတောင်း
ပြုခဲ့ချက် ရှိဖူးသည်နှင့်အညီ မြန်မာ
ပြည်အလယ်ပိုင်း၊ သလ္လာဝတီ ချင်း
တွင်းမြစ် အနောက်ဘက် ဝေဘူလ၊ ဝေ
ဘာရ သုနန္ဒရ ခေါ် တောင်သုံးလုံး
ညွှတ်တွင် ပရိနိဗ္ဗာန်စံတော်မူမည်ဟု
ဆုံးဖြတ်သန်လျက် ရာဇဂြိုဟ်ပြည်မှ
ကောင်းကင်ခရီးကြွမြန်းခဲ့လေသည်။

ရှင်မဟာကဿပ မထေရ်ကြီး
သည် မဏိပူရ၊ အာသံ၊ စစ်တကောင်း၊
ပန်းဝါ၊ ကသဲမြစ် ဇရက်ချောင်ချောင်း၊
နှင်းကြီးရွာ (ခြေတော်ရာရွာ)၊ ဂူလဲရွာ
(တောင်အောက်ရွာ)၊ ဘုရားထွက်
ချောင်း၊ လင်းလုရွာ၊ လင်းလုကြီး၊ သစ်
ခေါက်ရွာ၊ ဖက်ထုပ်ရွာ၊ ဖက်ကပ်ရွာ
စသည့် အရပ်ဒေသများမှ တစ်ဆင့်
ပထိုးလုံးချောင်းအတိုင်း ဆက်လက်ကြွ
လာတော်မူခဲ့ရာ ယခု ပရိနိဗ္ဗာန်ပြုသည့်
လိုဏ်ဂူတော်နှင့် သုံးတိုင် အကွာ၌
သင်္ကန်းတော်ချွေးစွန်းသဖြင့် ဖြန့်လှန်း
တော်မူခဲ့သည် ဆို၏။

သည့်အတွက်ကြောင့်ပင် ယနေ့
တိုင် ထိုနေရာ၌ သင်္ကန်းကြီး ဖြန့်
လှန်းထားသည့်ပမာ ရှိနေလေသည်။

ထိုမှ ဆက်လက်ကြွလှမ်းခဲ့ရာ
ပထိုးလုံးချောင်းနှင့် ဖွဲ့ထုံးချောင်း ဆုံရာ
ဘုရားဝချောင်းသို့ ရောက်ရှိလာခဲ့သည်။
ဝေဘူလ၊ ဝေဘာရ တောင်ထိပ်သို့
ရောက်လျှင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ
တို့ အကျိုးရှိစိမ့်ငှာ မေတ္တာဘာဝနာများ
လွှမ်းခြုံပြီးမေတ္တာရေတွင်းအား အဓိဋ္ဌာန်
ပြု၍ ထားတော်မူခဲ့သည်။

ထို့နောက် ရှင်မဟာကဿပ
မထေရ်ကြီးသည် ဣစ္ဆာယတောင် ခြေ
ရင်း၌ ဆွမ်းဘုဉ်းပေးတော်မူပြီး သပိတ်
တော်အား ဆေးခဲ့၏။ ထိုသပိတ်တော်
ဆေးသည့် ချောင်းမှာ သပိတ်ဆေး
ချောင်းဟု တွင်လေသည်။

အဆိုပါ သပိတ်ဆေးချောင်း
အတိုင်းဆန်တက်၍ ဝေဘူလ၊ဝေဘာရ
သုနန္ဒရမည်သော တောင်သုံးလုံးညွှတ်
ရုံးရာ လိုဏ်ဂူတော်သို့ ရောက်ရှိခဲ့ပြီး
လိုဏ်ဂူအဝင်ဝ၌ အရှင်မြတ်ကြီး၏
ခြေတော်ရာ နှစ်ဆူကို ချထားခဲ့လေ
သည်။

ရှင်မဟာကဿပ မထေရ်ကြီး
သည် လိုဏ်ဂူအတွင်းသို့ ရောက်လေ
လျှင် ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းရာ
အနောက်မြောက်ထောင့် အရပ်သို့
ဦးခေါင်းပြု၍ ညာလက်တော်ကို ခေါင်း
အုံးတော်မူကာ လက်ယာနံတောင်းဖြင့်
လျောင်းစက်ပြီး ပရိနိဗ္ဗာန်ပြုခဲ့လေသည်။

"ရှင်မဟာကဿပ မထေရ်ကြီး
ပရိနိဗ္ဗာန်ပြုလေပြီ" ဆိုသည့်သတင်းက
ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီး
၏ စိတ်နှလုံးကို ထိခိုက်စေခဲ့၏။

မင်းကြီးသည် ရှင်မဟာကဿပ
မထေရ်ကြီးအား လွန်စွာမှ ကြည်ညို
သည့်အလျောက် အဆိုပါသတင်းကို
ရရှိလျှင်ရရှိချင်း အရှင်မြတ်ကြီး ပရိ
နိဗ္ဗာန်ပြုရာ ဒေသသို့ နောက်တော်ပါ
များနှင့်အတူ လိုက်ပါခဲ့လေသည်။ ထိုသို့
ခရီးဆက်ကြသည့်အခါ၌ နှင်းကြီးရွာ
အနီးရောက်လေလျှင် ပြည်တန်သော
လက်စွပ်ကျောက်ကျခဲ့သော နေရာဌာန
အား ပြည်တန်၊ လက်စွပ်ကျောက်မပါ
မှန်းသိ၍ ကျောက်အိုးသာလျှင်ပါသော
ဌာနနေရာအား ကျောက်အိုး၊ မုဆိုးပုန်း
အောင်းနေသောနေရာအား ပုန်းတောင်၊
(ထိုမှ ပုံတောင်)၊ အစဉ်အတိုင်း ခရီး
ဆက်ခဲ့ရာ စီးတော်မြင်း မောပန်း၍ ခွာ
ယက်ခွာပေါက်သောနေရာအား မြင်း
ခွာတောင်ဟု အမည်နာမများ ဖြစ်တည်
ခဲ့လေသည်။ စီးတော်မြင်းလည်း ဖွဲ့ထုံး
ချောင်းသို့ ရောက်လေလျှင် အမောဆို့
၍ ကျောက်ဖျာအထက်၌ ခန္ဓာစကာ
သေပွဲဝင်လေတော့၏။

ထိုအခါ အဇာတသတ်မင်းကြီး
လည်း မြင်းကုန်းနှီး၊ ဇက်ကြိုးတို့ကို စုပုံ၍
အဓိဋ္ဌာန်ပြုလေ၏။ ဤတွင် မြင်းဝတ်
တန်ဆာ အားလုံးမှာ ကျောက်သား
ပကတိ ဖြစ်ကုန်ကြသည်။ ထိုချောင်း
အား မြင်းဇက်ပုံချောင်းဟု အမည်တွင်
လေသည်။

ထို့နောက် မင်းကြီးက "အရှင်
မဟာကဿပမထေရ်ကြီး၏ရုပ်ကလာပ်
တော်အား ဖူးတွေ့ရမည်မှန်ပါက ဤ
နေရာမှ ရေထွက်ပါစေသား" ဟု သစ္စာ
ဆိုပြီး လက်စွဲတော်သန်လျက်ဖြင့် မြေ
ကြီးအား ရစ်ဝိုက် ထိုးစိုက်လိုက်သည်။
ဤတွင် ကြည်လင်သန့်ရှင်းသော ရေ
များသည် သန်လျက်တော်ဖြင့် ထိုးစိုက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သောနေရာမှ တဖွားဖွား ပေါ်ထွက်လာခဲ့၏။ ထိုရေတွင်းအား ယခုအခါ သစ္စာရေတွင်းဟု ခေါ်ကြသည်။ အဆိုပါ သစ္စာရေတွင်းမှ ရေများသည် အလောင်းတော်ကဿပ ပရိနိဗ္ဗာန်စံရာ လိုဏ်ဂူအတွင်းသို့ စီးဝင်သွားကြလေသည်။

ထိုရေစီးကြောင်းအတိုင်း လိုက်ပါကြသောအခါ မင်းကြီးနှင့်တကွ နောက်တော်ပါ မှူးမတ် သေနာပတိ အပေါင်းတို့သည် အလောင်းတော်ကဿပမထေရ်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြင်ပူဇော်ခွင့် ရကြလေတော့၏။ ထို့နောက် ရာဇဂြိုဟ်ပြည်မှ ရဟန္တာငါးရာတို့ကို ပင့်ဖိတ်၍ အလောင်းတော် မြတ်ကြီး စံပျော်ရာနေရာဌာနအား ကြီးကျယ်ခမ်းနားစွာ ပူဇော်သက္ကာရပြုသည့်အပြင် အမြဲစောင့်ရှောက်ရန်အတွက် သံဗိန္ဒအမတ်ကြီးနှင့် လူဦးရေ (၁၀၀၀) တို့အား ခရီးလေးသောင်း အကွာ၌ နေထိုင်လုပ်ကိုင် စားသောက်စေလျက် အလောင်းတော်အား ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်ပူဇော်ရန် တာဝန်ချထားခဲ့လေသည်။

ဤ၌ ခရီးလေးသောင်းဟူ သည်ကား အရှေ့ကိုလားသော် ကပိုင် (၁၀) တိုင်ကွာ၊ တောင်သို့လားသော် စစ်ရင်၊ အနောက်သို့လားသော် ကွမ်းဆွဲ၊ မြောက်သို့လားသော် စိုင်တဲ၊ တစ်တိုင်လျှင် တာ ၁၀၀၀နှုန်းဖြင့် ၁၀ တိုင်ကို တာ ၁၀၀၀၀ ယူလျက် ခရီးလေးသောင်းရှိခြင်းကြောင့် လေးသောင်းဗဟို၌ အလောင်းတော်ကြီး ကျိန်းဝပ်တော်မူခြင်း ဖြစ်လေသည်။

## ခရီးလမ်းကြောင်းအသွယ်သွယ်

ကပိုင်ကား ရွာကြီးတစ်ရွာဖြစ်၏။ အိမ်ခြေ တစ်ထောင်ခန့်ရှိပြီး ဂျုံ ကုလားပဲ စသောသီးနှံတို့ကို အဓိကထား စိုက်ပျိုးကြ၏။

တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ စာသင်ကျောင်းများ၊ စားသောက်ဆိုင်များနှင့် စည်ကားလှစွာသော ရွာကြီး တစ်ရွာ ဖြစ်လေသည်။

ယင်းမာပင်မှ ကပိုင်ရွာသို့ မြေသားလမ်းအတိုင်း မိုင်(၂၀)၊ ကပိုင်ရွာမှ အလောင်းတော်ကဿပ ကားရပ်နားစခန်းသို့ တောင်ပေါ်လမ်းအတိုင်း မိုင်(၂၀)၊ ထိုစခန်းမှ တစ်မိုင်ခရီးအား ခြေလျင်တက်ကြရသည်။ ဆင်စီးတက်၍လည်းရသည်။ မဟာမြိုင်တောနက်ကြီးထဲမှ ဖြတ်သွားရသည်။ မဟူတောင်၏ အမြင့်ဆုံး (၂၂၇၆)ပေ နေရာမှ ၁၂၉၃ ပေအထိ ဆင်း၍ တောင်ဆင်းတောင်တက် လျှိုမြောင်ခရီး နှင်ကြရသည်။ ကပိုင်မှထွက်ပြီး တောင်ပေါ်မြေ လမ်းကြောမအတိုင်းသွားသော် နောက်ဆုံး အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်ကို တွေ့မြင်ရလေသည်။

အဆိုပါ ဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီးမုံရွာခရိုင်၊ ကနီမြို့နယ်နှင့် ကလေးခရိုင်၊ မင်းကင်းမြို့နယ်အတွင်း တည်ရှိသည်။ ညောင်ပင်ကြီးဒေသမှ (၄၅)မိုင်အကွာ၌ တည်ရှိသည်။

ကမ္ဘာ့အဆင့်မီ သစ်တော ဥယျာဉ်ကြီး ဖြစ်ပြီး ယနေ့ စုစုပေါင်း ဧရိယာစတုရန်းမိုင် ၆၂၀. ၃၅ ရှိ၏။ ဘေးမဲ့တောအဖြစ်လည်း သတ်မှတ်ထားရှိ၏။

ရန်ကုန်မြို့မှ ၉၈၁ မိုင်၊ မန္တလေး *မြို့မှ ၁၄၈ မိုင် ကွာဝေးလေသည်။ လမ်း*ခရီးစဉ်တစ်လျှောက်၌ သစ္စာရေတွင်း၊ ကိုးနဝင်းစေတီ၊ ကျောက်ဂူတံခါး၊ သစ္စာစေတီ၊ လွှမ်းစေတီ၊ ရန်ငြိမ်းအောင်စေတီ၊ ကျွန်းပင်မောင်နှမစေတီ၊ ဆုတောင်းပြည့်စေတီ၊ ရှစ်မျက်နှာစေတီ၊ နဂါးရုံဘုရား၊ ၁၀၈ ဆူ ဘုရားများကို ကြည့်ရှု ဖူးမြော်ပူဇော်နိုင်ကြသည်။

## ထူးခြားဆန်းကြယ် အံ့ဩဖွယ်

အလောင်းတော် ကဿပ စံကျောင်း သဘာဝလိုဏ်ဂူ ကျောက်တံခါးသည် တပို့တွဲလပြည့်နေ့ (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ တနင်္လာနေ့) မွန်းလွဲ ၁နာရီခွဲ ဝန်းကျင်တွင် ထူးခြားစွာ ကျောက်တံခါးပွင့်လာခဲ့၏။

အချိန်ကြာကြာတော့ မဟုတ်။ ၁၅ မိနစ်ခန့်ပွင့်ပြီး ပြန်လည်ပိတ်သွားခဲ့၏။ ဆီမီးပူဇော်ပွဲကျင်းပနေသည့်ကာလမို့ ဘုရားဖူးပရိသတ် (၂၀၀)ဝန်းကျင်ခန့်ရှိကာ ကံထူးစွာဖြင့် ဖူးမြင်ကြရ၏။

တချို့ ရွှေငွေများကို ကွဲဟနေသောအပေါက်မှ ဂူအတွင်းသို့ ပစ်လှူကြ၏။ လိုဏ်ဂူအတွင်း၌ ရွှေ၊ ငွေ ကျောက် သံပတ္တမြားတို့ကို မြင်တွေ့ရသည်ဟု ဆိုသူက ဆိုကြ၏။

အဆိုပါ အဖြစ်အပျက်ကား ကြုံတောင့်ကြုံခဲ အဖြစ်အပျက်ပင်။

အလောင်းတော်ကဿပ သဘာဝလိုဏ်ဂူတော်အတွင်းရှိ အလောင်းတော်ကဿပခန္ဓာကိုယ်သည် တေဇောဓာတ်မလောင်ကျွမ်းသေးဘဲ ဇမ္ဗူရာဇ်ရွှေသားရွှေတုံးကဲ့သို့ လဲလျောင်းလျက်ရှိရာ အဆိုပါ အလောင်းတော်ကဿပ ခန္ဓာကိုယ်သည် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ကိုယ်တော်တိုင် မီးသင်္ဂြိုဟ်ခြင်းပြုမှသာ တေဇောဓာတ်လောင်ကျွမ်းလိမ့်မည်ဟု သမိုင်းကျမ်းဂန်အထောက်အထားများအရ သိရှိရပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာ နိုင်ငံတော်၌ မိမိတို့ လူလာဖြစ်*ရခြင်းကား* များစွာမှ လူဖြစ်ကျိုးနပ်လေဝဲ့ဟု ကောက်ချက်ချရမည် ဖြစ်ပါတော့သတည်း။

❐ ဂန္ဓာရီဆြာအုံ



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်

## အရှင်ဆန္ဒာဓိကာ

(ရွှေပါရမီတောရ)

## အိမ်စောင့်နတ်နှင့် ပဋ္ဌာန်းရွတ်ခြင်း

အရှင်ဘုရား . . .

တပည့်တော်က ပဋ္ဌာန်းတရားတော်ကြီးကို သိပ်ကြည်ညိုတဲ့အတွက် အိမ်မှာ နေ့စဉ်ရွတ်ဖတ်ပါတယ် ဘုရား၊ ဒါပေမယ့် လူကြီးတချို့က "အိမ်မှာ ပဋ္ဌာန်းမရွတ်ကောင်းဘူး၊ ရွတ်ရင် အိမ်စောင့်နတ် မနေနိုင်ဘဲ ထွက်ပြေးတတ်တယ်၊ ရွတ်တဲ့သူ ဒုက္ခရောက်တတ်တယ်" လို့ ပြောကြပါတယ် ဘုရား၊ အိမ်မှာ ပဋ္ဌာန်းရွတ်သင့် မရွတ်သင့်၊ ရွတ်ရင် ဒုက္ခရောက် မရောက် ဖြေကြားပေးတော်မူပါဘုရား။

*မောင်ဇော်မျိုးအောင်၊ စမ်းချောင်းမြို့နယ်။*

ဒကာ ဇော်မျိုးအောင်ရဲ့ မေးခွန်းကို ဖတ်ရတော့ ဦးပဉ္စင်းနဲ့ ခင်မင်ရင်းနှီးတဲ့ ဒကာတစ်ယောက်ကို ချက်ချင်း သတိရလိုက်မိပါတယ်။ လူငယ်တစ်ယောက်ပါပဲ။ အိမ်မှာ ပဋ္ဌာန်းရွတ်ရင် ခိုက်တတ်တယ်ဆိုလို့ သူက ရွှေတိဂုံဘုရားပေါ် တက်ပြီး ပဋ္ဌာန်းရွတ်တယ်တဲ့။ နေ့တိုင်းလည်း ဘုရားမတက်နိုင်တော့ တစ်ပတ်တစ်ခါ မွေးနေ့တိုင်းလောက်ပဲ တက်ပြီး ရွတ်ဖြစ်တယ်တဲ့။ တစ်ပတ်မှာ တစ်ရက်ပဲ ဘုရားပေါ် တက်ဖြစ်တော့ တစ်ပတ်မှာ တစ်ကြိမ်ပဲ ပဋ္ဌာန်းရွတ်တဲ့ ကုသိုလ် ရတော့တာပေါ့။ ကျန်တဲ့ ခြောက်ရက်မှာတော့ ဘုရားပေါ် မတက်ဖြစ်တဲ့ အတွက် ပဋ္ဌာန်းရွတ်တဲ့ကုသိုလ် ခြောက်ရက်လုံး လက်လွတ်ဆုံးရှုံးရတော့တာပေါ့။ ဘုရားပေါ် မှာမှ မဟုတ်ဘဲ အိမ်မှာလည်း ပဋ္ဌာန်းရွတ်မယ်ဆိုရင် နေ့စဉ်နဲ့အမျှ ပဋ္ဌာန်းရွတ်တဲ့ ကုသိုလ် တိုးပွားနေမှာ အမှန်ပါပဲ။ အခုတော့ အယူအဆအမှားကို လက်ခံယုံကြည်ပြီး လိုက်နာကျင့်သုံးမိတဲ့အတွက် ရသင့်ရထိုက်တဲ့ ကုသိုလ်တရားတွေ အများကြီး လက်လွတ် ဆုံးရှုံးခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ပဋ္ဌာန်းတရားဟာ နတ်ပရိသတ်တွေအတွက် အဓိကထားပြီး မြတ်စွာဘုရား ဟောကြားခဲ့တာပါ။ ဟောတာကိုက နတ်ပြည်မှာလေ။ နတ်ပြည်မှာ နတ်ပရိသတ်အတွက် ဟောထားတဲ့ တရားကို နတ်တွေက မနှစ်သက်ဘဲ ရှိပါ့မလား။ သူတော်ကောင်းနတ်မှန်ရင် ပဋ္ဌာန်းတရားကို ဘယ်သူ ဘယ်နေရာမှာရွတ်ရွတ် နှစ်သက်မြတ်နိုးစွာ လာရောက်နာယူမှာ သေချာပါတယ်။

ပဋ္ဌာန်းရွတ်လို့ အိမ်စောင့်နတ် မနေနိုင်ဘဲ ထွက်ပြေးရတယ်ဆိုတာ သဘာဝမကျပါဘူး။ တကယ်ဆို ကိုယ်ရွတ်ပေးလို့ သူနာရပေတယ်ဆိုပြီး ကိုယ့်အိမ်ကတောင် မခွာနိုင်အောင် ဖြစ်နေမှာပါ။ သူနာချင်တဲ့ပဋ္ဌာန်း ရွတ်ပေးတဲ့အတွက် ကိုယ့်ကို ကျေးဇူးတွေတင်ပြီး ခါတိုင်းထက်တောင် ကူညီစောင့်ရှောက်ဦးမှာပါ။

တကယ်လို့ ပဋ္ဌာန်းသံကြားတာနဲ့ ထွက်ပြေးတဲ့ အိမ်စောင့်နတ် ရှိခဲ့တယ်ဆိုရင်လည်း အဲဒီအိမ်စောင့်နတ်ဟာ ဘုန်းကံမရှိတဲ့နတ်၊ သူတော်ကောင်းစိတ်မရှိတဲ့နတ်၊ သူယုတ်မာနတ်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုနတ်မျိုး ကိုယ့်အိမ်မှာ လာစောင့်နေလို့လည်း ကိုယ့်အတွက် ဘာမကျိုးမှ ရှိမှာမဟုတ်ပါဘူး။ မနေနိုင်လို့ ထွက်ပြေးသွားလည်း ဘာမှ လွမ်းနေစရာမလိုပါဘူး။ အဲဒီလိုနတ်မျိုး 'အိမ်ပြင်'မှာနေလည်း အလကား၊ 'အိမ်တွင်း'မှာနေလည်း အလကားပါပဲ။

ပဋ္ဌာန်းတရား အပါအဝင် အဘိဓမ္မာတရားတော်တွေကို တာဝတိံသာနတ်ပြည်မှာ မြတ်စွာဘုရား ဟောကြားတော်မူစဉ်တုန်းက တရားနာပရိသတ်ထဲမှာ အင်္ကုရ ဆိုတဲ့ နတ်သားတစ်ယောက်လည်း ပါဝင်ခဲ့ပါတယ်။

အင်္ကုရနတ်သားဟာ တရားပွဲကို အစောဆုံးရောက်လာပြီး ရှေ့ဆုံးက နေရာဦးထားတာပါ။ မြတ်စွာဘုရားရှင်ရဲ့ လက်ဝဲဘက်နေရာမှာ အနားကပ်ပြီး နေရာဦးထားပါတယ်။ ဒါပေမယ့် သူ့ထက် ဘုန်းတန်ခိုးကြီးတဲ့နတ်တွေ၊ ဗြဟ္မာတွေ ရောက်လာတိုင်း ရောက်လာတိုင်း နောက်ဆုတ် နောက်ဆုတ်ပြီး နေရာဖယ်ဖယ်ပေးနေရတဲ့အတွက် နောက်ဆုံး မြတ်စွာဘုရားရှင်နဲ့ ဆယ့်နှစ်ယူဇနာ ကွာဝေးတဲ့ နေရာကပဲ တရားနာခွင့် ရပါတော့တယ်။ နတ်ကြီးလာတော့ နတ်ငယ် နေရာဖယ်ပေးရတာပေါ့။ လူ့လောကမှာလည်း ဒီလိုပါပဲ။ ပွဲလမ်းသဘင်တစ်ခု၊ အခမ်းအနားတစ်ခု ကျင်းပပြီဆိုရင် ဂုဏ်ကြီးတဲ့လူ၊ မျက်နှာကြီးတဲ့လူတွေက ရှေ့ဆုံးက နေရာယူပြီး ဂုဏ်ငယ်တဲ့လူ၊ မျက်နှာငယ်တဲ့လူတွေက နောက်ကနေ နေရာယူရပါတယ်။ ဂုဏ်ငယ်လေ နောက်ရောက်လေပါပဲ။

အိမ်မှာပဲဖြစ်ဖြစ်၊ ဘုရားမှာပဲဖြစ်ဖြစ်၊ နေရာဌာနတစ်ခုခုမှာ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ပဋ္ဌာန်းတရား ရွတ်ပွားပြီဆိုရင် ဘုန်းတန်ခိုးကြီးမားတဲ့ နတ်တွေ၊ ဗြဟ္မာတွေ တရားနာကြွရောက်လာကြပါတယ်။ အိမ်စောင့်နတ် အပါအဝင် နဂိုက ရှိနေနှင့်ပြီးသား နတ်တွေက ဘုန်းတန်ခိုးနည်းပါးတယ်ဆိုရင် ဘုန်းတန်ခိုးကြီးမားတဲ့ နတ်ဗြဟ္မာတွေအတွက် (အင်္ကုရနတ်သားလိုပဲ) နေရာဖယ် နောက်ဆုတ်ပေးရတဲ့အတွက် အဝေးရောက်သွားနိုင်ပါတယ်။

အင်္ကုရနတ်သားဟာ အဝေးရောက်သွားပေမယ့် မြတ်စွာဘုရားရှင်ကို စိတ်မဆိုးဘဲ အဝေးကနေ တရားနာယူသလို အဝေးရောက်သွားတဲ့ အိမ်စောင့်နတ်ဟာလည်း ပဋ္ဌာန်းရွတ်ပွားသူကို စိတ်မဆိုးဘဲ ကိုယ့်ကံကိုယ် နားလည်စွာနဲ့ အဝေးတစ်နေရာကနေ ပဋ္ဌာန်းတရား နာကြားနေမှာပါ။

လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ကိုယ်နဲ့ထိုက်တန်တဲ့ နေရာကို ကိုယ်ရစမြဲ မဟုတ်ပါလား။ ကိုယ့်ကံက ပေးတဲ့ နေရာမှာ ကိုယ်ကျေနပ်စွာ နေရမှာပဲလေ။

ပဋ္ဌာန်းတရား နာကြားပြီး ကိုယ့်ထက် ဘုန်းတန်ခိုးကြီးတဲ့နတ်တွေ၊ ဗြဟ္မာတွေ ကိုယ့်နေရာကိုယ် ပြန်သွားတဲ့အခါ အိမ်စောင့်နတ်လည်း အိမ်မှာ နေမြဲတိုင်း ပြန်နေခွင့်ရသွားပြီ ပေါ့။ ပဋ္ဌာန်းတန်ခိုးကြောင့် သူ့ရဲ့ဘုံဗိမာန် စည်းစိမ်ချမ်းသာ တွေတောင် နဂိုကထက် ကြီးကျယ်ခမ်းနားလာမှာ သေချာ ပါတယ်။

ဒါဆိုရင် ပဋ္ဌာန်းရွတ်လို့ အိမ်စောင့်နတ်မှာ အကျိုး မယုတ်တဲ့အတွက် ပဋ္ဌာန်းရွတ်သူကိုလည်း အိမ်စောင့်နတ်က ဘာမှ ဒုက္ခပေးမှာ မဟုတ်ပါဘူး။ ဒုက္ခမပေးတဲ့အပြင် ကောင်း ကျိုးချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံအောင်တောင် အကူအညီ ပေးပါလိမ့်ဦးမယ်။

တကယ်လို့ ကိုယ့်အိမ်မှာရှိတဲ့ အိမ်တွင်းနတ်တွေ၊ အိမ်ပြင်နတ်တွေက နတ်လို့ နာမည်ခံထားတဲ့ မကောင်းဆိုး ဝါးတွေ၊ အစိမ်းသရဲတွေ၊ ဖုတ်ပြိတ္တာတွေ၊ နတ်မိစ္ဆာတွေ ဖြစ် နေခဲ့မယ်ဆိုရင်တော့ ပဋ္ဌာန်းတရားကို နားခါးပြီး ထွက်ပြေး ချင် ပြေးပါလိမ့်မယ်။ သူယုတ်မာနဲ့ သူတော်ကောင်းတရား မအပ်စပ်လို့ ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ပြေးသွားကြတဲ့ 'တရားမကြိုက် နတ်ငမိုက်' တွေ ကိုယ့်အိမ်မှာ မရှိတော့တာ ပိုတောင်ကောင်းပါသေးတယ်။ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ ဝမ်းသာစရာပါ။

ဝေသာလီပြည်မှာ ကပ်ဘေးကြီးတွေ ဆိုက်ရောက် ခဲ့စဉ်တုန်းက မြတ်စွာဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေ ရတနသုတ် လှည့်လည်ရွတ်ဆိုကြတော့ ဘုန်းတန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေ တရားလာနာကြတဲ့အတွက် မကောင်းဆိုးဝါး တွေ၊ နတ်မိစ္ဆာတွေ မြို့တွင်းမှာ မနေနိုင်တော့ဘဲ အိုးနင်း ခွက်နင်း ထွက်ပြေးသွားကြပါတယ်။ ဝေသာလီပြည်လည်း ကပ်ဘေးကြီးတွေက လွတ်မြောက်ပြီး ချမ်းသာရာရခဲ့ပါတယ်။

ပဋ္ဌာန်းတရားပဲရွတ်ရွတ်၊ တခြားတရားပဲရွတ်ရွတ် ကိုယ့်ဘက်ကတော့ မကောင်းဆိုးဝါးတွေ၊ နတ်မိစ္ဆာတွေ၊ တန်ခိုးနည်းတဲ့ နတ်တွေ ကိုယ့်ပတ်ဝန်းကျင်မှာ မနေနိုင်ဘဲ





www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြေးသွားစေချင်တဲ့ ရည်ရွယ်ချက်ဆိုးမျိုး မထားနဲ့ပေါ့။ အယုတ်၊ အလတ်၊ အမြတ်မရွေး ဘယ်သတ္တဝါမဆို တရားနာယူပြီး ကောင်းကျိုးရစေချင်တဲ့ ရည်ရွယ်ချက်ကောင်းပဲထားပြီး ရွတ်ပါ။

ကိုယ့်ဘက်က ရည်ရွယ်ချက်ဆိုးပြီး မေတ္တာတရား ခေါင်းပါးနေရင်တော့ အဝေးထွက်ပြေးရတဲ့ နတ်တွေက "နေနှင့်ဦးပေါ့ကွာ၊ အလှည့်ကျရင် မခွဲ့စတမ်း"ဆိုပြီး ကိုယ်ကံနိမ့်တဲ့အခါ ရွတ်ဖတ်မှု ပြတ်သွားတဲ့အခါမျိုးတွေမှာ တုံ့ပြန်ကလဲ့စားချေတတ်ပါတယ်။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတာပါ၊ အကောင်းဆုံးကတော့ ပဋ္ဌာန်းတရားပဲဖြစ်ဖြစ်၊ အခြားတရားပဲဖြစ်ဖြစ် တရားတော်တစ်ခုခု ရွတ်ဖတ်ပူဇော်မှု ပြုတော့မယ်ဆိုရင် ပထမဦးဆုံး မေတ္တာဘာဝနာပွားများ၊ မေတ္တာသုတ်ရွတ်ဆိုပြီးမှ ပြုတာ အကောင်းဆုံးပါပဲ။ မေတ္တာတရား ပေးဝေမှုကို သတ္တဝါတိုင်း နှစ်သက်လိုလားကြတာမို့ ဘာတရားတော်ရွတ်ရွတ် မေတ္တာသုတ်ကို အရင်ရွတ်ပါ။ မေတ္တာဘာဝနာအရင်ပွားပါလို့ ဒကာဇော်မျိုးအောင်ကို မေတ္တာနဲ့ အကြံပေးလိုက်ပါတယ်။

ပဋ္ဌာန်းတရားကို အိမ်မှာလည်း ရွတ်သင့်ပါတယ်။ ရွတ်ခြင်းကြောင့် ဒုက္ခမရောက်တဲ့အပြင် ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံနိုင်ပါတယ်လို့။

## ဝင်လေထွက်လေလား
## ထွက်လေဝင်လေလား

*အရှင်ဘုရား . . .*

*'အာနာပါန' ကို တချို့က 'ဝင်လေ ထွက်လေ' လို့ ပြောကြပြီး တချို့က 'ထွက်လေ ဝင်လေ' လို့ ပြောကြပါတယ် ဘယ်ဟာ ဝင်လေ ထွက်လေက အမှန်လား၊ ထွက်လေ ဝင်လေက အမှန်လား ကွဲပြားစွာ သိအောင် ဖြေကြားပေးတော်မူပါဘုရား*

*မောင်ငြိမ်းအေး၊ မြစ်ခြေမြို့။*

ဒကာမောင်ငြိမ်းအေးရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ် ... ဦးပဥ္စင်း ဖားအောက်တောရမှာ တရားအားထုတ်ခဲ့တုန်းက ယောဂီတချို့ကို ဆရာတော်ဘုရားကြီး အခွင့်ကြုံမိန့်ကြားတော်မူလေ့ရှိတဲ့ စကားတစ်ခွန်းကို ချက်ချင်းသတိရလိုက်မိပါတယ်။

ယောဂီတချို့က တရားလျှောက်တဲ့အခါ "တပည့်တော်တို့ ဒီနေ့ ထွက်လေ၊ ဝင်လေ ရှုမှတ်ပါတယ်ဘုရား"လို့ လျှောက်လိုက်တာနဲ့ တစ်ပြိုင်နက် ဆရာတော်ဘုရားကြီးက "ကျောင်းမှာ (ဖားအောက်တောရမှာ) ထွက်လေ၊ ဝင်လေ မရှိဘူး ဝင်လေ၊ ထွက်လေပဲရှိတယ်" လို့ မိန့်ကြားတော်မူလေ့ရှိပါတယ်။

'အာနာပါန' ဆိုတာ 'အာန' နဲ့ 'အပါန' ပုဒ်နှစ်ခုကို ပေါင်းစပ်ထားတာပါ။ (အာန + အပါန = အာနာပါန) အာနကို ဝင်လေ၊ အပါနကို ထွက်လေလို့ ဘာသာပြန်ရင် အာနာပါန ဆိုတာ 'ဝင်လေ၊ ထွက်လေ' ပေါ့။ အာနကို ထွက်လေ၊ အပါနကို ဝင်လေလို့ ဘာသာပြန်ရင်တော့ အာနာပါန ဆိုတာ 'ထွက်လေ၊ ဝင်လေ' ပေါ့။

အာနဆိုတာ အစဆုံးဖြစ်တဲ့လေ၊ အပါနဆိုတာ နောက်မှဖြစ်တဲ့လေလို့ အဓိပ္ပာယ်ရပါတယ်။ လူသားတစ်ဦးရဲ့ ဘဝအစဦးဖြစ်စဉ် (ဥပ္ပတ္တိက္ကမ) အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အစဆုံးဖြစ်တဲ့လေဟာ ထွက်လေပါ။ နောက်မှဖြစ်တဲ့လေဟာ ဝင်လေပါ။ လက်တွေ့ဘဝဖြစ်စဉ် (ပဝတ္တိက္ကမ) အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အစဆုံးဖြစ်တဲ့လေက ဝင်လေဖြစ်ပြီး နောက်မှဖြစ်တဲ့လေဟာ ထွက်လေဖြစ်ပါတယ်။

လူသားတစ်ဦးဟာ သန္ဓေသားဘဝ အမိဝမ်းထဲမှာ နေ့စဉ် အသက်မရှူရတဲ့အတွက် အမိဝမ်းမှ ကျွတ်လွတ်ဖွားမြင်တာနဲ့ တစ်ပြိုင်နက် သူ့ရဲ့ဝမ်းတွင်းက လေတွေ အပြင်ဘက်ကို အရင်ဆုံး ထွက်လာပါတယ်။ နောက်မှ အပြင်ဘက်က လေကို ရှူသွင်းလိုက်တဲ့အတွက် အပြင်လေတွေ ဝမ်းတွင်းကို ဝင်လာတာပါ။ ဒါကြောင့် လူသားတစ်ဦးရဲ့ မွေးဖွားခါစ ဘဝအစဦးဖြစ်စဉ်ကို ကြည့်ပြီးပြောရင် အာနာပါနဆိုတာ ထွက်လေ၊ ဝင်လေပါလို့ ပြောရမှာပါ။

မွေးဖွားပြီးတဲ့နောက် လက်တွေ့ဘဝထဲမှာ လူသားတစ်ဦးအဖြစ်နဲ့ ဆက်လက်ရှင်သန် နေထိုင်ဖို့အတွက်တော့ ဝင်လေကို အရင်ဆုံး ရှူသွင်းရပြီး ထွက်လေကို နောက်မှ ရှိုက်ထုတ်ရပါတယ်။ 'ရှူ' ပြီးမှ 'ရှိုက်' ရလို့လည်း 'ရှူရှိုက်' လို့ ခေါ်ကြတာပေါ့။ 'ရှိုက်ရှူ' လို့ ဘယ်သူမှ မသုံးနှုန်းကြတာကို ကြည့်ရင် လက်တွေ့ဘဝမှာ ထွက်လေ ရှိုက်တာက အရင်မဟုတ်ဘူး၊ ဝင်လေ ရှူတာက အရင်ဆိုတာ သိသာထင်ရှားပါတယ်။

ပုံမှန်နေတဲ့အခါမှာလည်း ဝင်လေကို စရှူကြသလို အသက်ရှူလေ့ကျင့်ခန်း လုပ်ကြတဲ့အခါ၊ တရားဘာဝနာအလုပ် အားထုတ်ကြတဲ့အခါတွေမှာလည်း ဝင်လေကို စရှူကြပါတယ်။

နောက်ဆုံး စိတ်လှုပ်ရှားလို့ အသက်ပြင်းပြင်း ရှူကြတဲ့အခါမျိုးမှာတောင် ဝင်လေကိုပဲ စရှူကြရပါတယ်။ ဒါကြောင့် လက်တွေ့ဘဝဖြစ်စဉ်ကို ကြည့်ပြီးပြောရင် အာနာပါနဆိုတာ ဝင်လေ၊ ထွက်လေပါလို့ ပြောရမှာပါ။

အာနာပါနကို ကမ္မဋ္ဌာန်းတစ်ခုအဖြစ် ကျင့်ကြံအားထုတ်ဖို့ မြတ်စွာဘုရား ဟောတာဟာ မွေးဖွားခါစ လူသားတွေအတွက် ဟောတာမဟုတ်ပါဘူး။ လက်တွေ့ဘဝထဲမှာ ရှင်သန်လှုပ်ရှားနေတဲ့ လူသားတွေအတွက် ဟောတာပါ။ ဒါကြောင့် အာနာပါနကို ဝင်လေ၊ ထွက်လေလို့ သုံးနှုန်းတာ





www.burmeseclassic.com

www.burmeseclassic.com

ဟာ လက်တွေ့ဘဝနဲ့ တစ်ထပ်တည်းကျတဲ့အတွက် အသင့်လျော်ဆုံးပါပဲ။

ဒါပေမယ့် ပညတ်ဆိုတာ အမြဲထာဝရ မှန်တဲ့အရာမဟုတ်ဘဲ သူ့နေရာ၊ သူ့အချိန်အခါနဲ့သူ၊ သူ့ဒေသ၊ သူ့ပုဂ္ဂိုလ်နဲ့သူ အခြေအနေအားလျော်စွာ မှန်ကန်ကြတာမို့ 'ထွက်လေ၊ ဝင်လေ'လို့ သုံးနှုန်းမယ်ဆိုရင်လည်း မမှားပါဘူး။ ကိုယ်ဆန္ဒရှိသလို သုံးနှုန်းတာမို့ ကိုယ့်ဘဝ ကိုယ့်စိတ်ထဲမှာတော့ မှန်နေမှာပါပဲ။

ဒီနေ့ဆိုတာ ထွက်လေ၊ အပါနဆိုတာ ဝင်လေ ဟုတ်တယ်ပဲထားဦး၊ 'ထွက်လေ၊ ဝင်လေ' ကို 'ဝင်လေ၊ ထွက်လေ' လို့ ပြောင်းပြန် ပြန်လှည့်သုံးမယ်ဆိုရင်လည်း ရပါတယ်။ "Eyes and Ears" ကို မျက်စိနဲ့နားလို့ တိုက်ရိုက်ဘာသာမပြန်ဘဲ 'နားနဲ့မျက်စိ' လို့ ပြောင်းပြန်ဘာသာပြန်ပြီး 'သတင်းစာတွေဟာ တိုင်းပြည်ရဲ့ နားနဲ့မျက်စိ ဖြစ်တယ်' လို့တောင် ဆိုကြသေးတာပဲ မဟုတ်လား။ ပါဠိစာပေမှာတော့ အဲဒီနည်းကို ဝဏ္ဏဝိပရိယာယနည်း = အက္ခရာရှေ့နောက်ပြန်တဲ့နည်းလို့ ခေါ်ပါတယ်။

ဝင်လေ၊ ထွက်လေလို့ပဲ သုံးသုံး၊ ထွက်လေ၊ ဝင်လေလို့ပဲသုံးသုံး လက်တွေ့ဘဝနာ အလုပ်ခွင်မှာတော့ နှာသီးဝလေထိရာအရပ်မှာ စိတ်ကို၊ သတိကို စွဲမြဲစွာကပ်ထားပြီး တစ်ထိတည်း ထိနေတာကို၊ တစ်သိတည်း သိနေအောင် အဆက်မပြတ် ရှုမှတ်ပွားများနေဖို့ လိုရင်းပါပဲ။ 'ထိမှု သိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု' ဆိုတဲ့အတိုင်း ဝင်လေ၊ ထွက်လေနဲ့ ဆက်စပ်နေတဲ့ ထိမှု ရုပ်တရား၊ သိမှု နာမ်တရားတွေရဲ့ သဘောသဘာဝကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုပြီးသိလာအောင် ကျင့်ကြံအားထုတ်နေမယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်း ပြည့်စုံ အောင်မြင်သွားနိုင်ပါတယ်။

အားထုတ်ခါစ ပထမပိုင်းမှာသာ ဒါက ဝင်လေ၊ ဒါက ထွက်လေလို့ ကွဲပြားနေပေမယ့် အားထုတ်မှု ရင့်ကျင်သွားတဲ့ အခါမှာတော့ ဒါက ဝင်လေ၊ ဒါက ထွက်လေဆိုတဲ့ အသိမရှိတော့ဘဲ ထိမှုသဘောသက်သက်၊ လှုပ်ရှားမှုသဘောသက်သက်ကိုပဲ တစ်ဆက်တည်း တွေ့မြင်သွားပါလိမ့်မယ်။

လူတစ်ယောက်ဟာ ဝင်လေပြန်မထွက်ရင် သို့မဟုတ် ထွက်လေပြန်မဝင်ရင် သေဆုံးတာမို့ ဝင်လေ၊ ထွက်လေကို 'ဝင်သက်၊ ထွက်သက်'လို့လည်း သုံးနှုန်းကြပါတယ်။ လူ့အသက်တစ်ချောင်းဟာ ဝင်လေနဲ့ထွက်လေကြား သို့မဟုတ် ထွက်လေနဲ့ ဝင်လေကြားမှာပဲ ရှိတာမို့ ဝင်လေ၊ ထွက်လေသည်ပင်လျှင် လူတစ်ယောက်ရဲ့ ဘဝပါပဲ။ ဝင်လေ၊ ထွက်လေကို မေ့နေတဲ့သူဟာ ဘဝမေ့နေတဲ့သူဖြစ်ပြီး ဝင်လေ၊ ထွက်လေကို မမေ့တဲ့သူဟာ ဘဝမမေ့တဲ့သူပါ။ ဘဝမမေ့တဲ့သူဖြစ်ချင်ရင် ဝင်လေ၊ ထွက်လေမှာ အမြဲမပြတ် သို့မဟုတ် မကြာခဏ သတိကပ်ထားပြီး သိနေပါလို့။

# ရည်စူးကုသိုလ်

အရှင်ဘုရား . . .

*သေဆုံးသူကို ရည်စူး၍ အလှူဒါန ပြုလုပ်လျှင် ရည်စူးခံရသူ၌ မည်သို့သော အကျိုးကျေးဇူးများ ရနိုင်သည်ကို သိလိုပါသည် ဘုရား။*

**ဦးမောင်လှ၊ အလုံမြို့နယ်။**

ဒကာကြီး ဦးမောင်လှရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ လအတော်ကြာလောက်က ဖတ်လိုက်ရတဲ့ သတင်းတစ်ပုဒ်ကို ချက်ချင်းသတိရလိုက်မိပါတယ်။ မတော်တဆမှု တစ်ခုနဲ့ ရုတ်တရက် သေဆုံးသွားခဲ့ရတဲ့ နာမည်ကျော် အနုပညာရှင် တစ်ဦးအကြောင်းပါ။ သေပြီးနောက် သူ့အစ်မရင်း တစ်ယောက်ရဲ့ဝမ်းမှာ ယောက်ျားလေးတစ်ယောက်အဖြစ်နဲ့ပဲ ပြန်ဝင်စားလို့ အရွယ်တောင် အတော်လေး ရောက်နေပါပြီ။

သူ့မိခင်က သေသွားတဲ့သူ့သား သူ့မြေးအဖြစ် သူတို့ ဘဝထဲ ပြန်ဝင်ရောက်လာတာကို အထောက်အထား ခိုင်လုံစွာ သိပါလျက် ခုချိန်အထိ သူ့သားအတွက် ရည်စူးပြီး ကုသိုလ်ပြု အမျှပေးဝေနေတုန်းပါပဲတဲ့။ တကယ်တော့ သေ သွားသူက လူသားတစ်ဦး ပြန်ဖြစ်နေပြီဆိုတာ အတိအကျ သိနေမှတော့ သူ့အတွက်ရည်စူးပြီး ကုသိုလ်ပြု အမျှပေးဝေ နေစရာ မလိုတော့ပါဘူး။ ပြုပေးလည်း သူ့အတွက် ဘာမှ အကျိုးမပြီး အချည်းနှီးပါပဲ။

ကုသိုလ်မပြုရဘူးလို့ မဆိုလိုပါဘူး။ ကုသိုလ်ဆိုတာ ကတော့ ဘာအကြောင်းကြောင့်မဆို ပြုရမှာပေါ့။ သေသူ ကိုပဲ ရည်စူး ရည်စူး၊ ရှင်သူကိုပဲ ရည်စူး ရည်စူး ကုသိုလ်ဆို တာ ပြုသင့်ပါတယ်။ ဒါပေမယ့် သေသွားတဲ့သူက လူပြန်ဖြစ် နေပြီဆိုရင် သူ့အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့အကျိုး သူခံစားခွင့် မရှိတော့ဘူးလို့ ဆိုလိုပါတယ်။ လူဝင်စားက သူ့ အတွက် ကုသိုလ်ပြုပေးမှန်းသိပြီး သာဓုခေါ်ရင် ကုသိုလ် တော့ရမှာပေါ့။ ကုသိုလ်အကျိုးတော့ ချက်ချင်းလက်ငင်း ခံစားခွင့်မရှိပါဘူး။

ရဟန္တာပုဂ္ဂိုလ်များမှတစ်ပါး သတ္တဝါတစ်ဦး တစ် ယောက် သေဆုံးသွားရင် လားရောက်ရမယ့်ဘဝ ငါးမျိုးရှိ တယ်။ ဂတိငါးပါးပေါ့၊ လူ့ဘဝ၊ နတ်ဘဝ၊ ငရဲဘဝ၊ တိရစ္ဆာန် ဘဝ၊ ပြိတ္တာဘဝ ဆိုပြီးတော့ ဘဝငါးမျိုး တစ်မျိုးမျိုးကို လား ရောက်ရပါတယ်။ ဗြဟ္မာဘဝက နတ်ဘဝထဲမှာ၊ အသု ရကာယ်ဘဝက ပြိတ္တာဘဝထဲမှာ အကျုံးဝင်ပါတယ်။

ကုသိုလ်နဲ့ သေတဲ့သူက ကုသိုလ်သတ္တိအားလျော်စွာ လူ့ဘဝ နတ်ဘဝဆိုတဲ့ ကောင်းရာသုဂတိဘဝတွေကို လား ရောက်ရပြီး အကုသိုလ်နဲ့ သေတဲ့သူက အကုသိုလ်သတ္တိ အား လျော်စွာ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝဆိုတဲ့ မကောင်း ရာ ဒုဂ္ဂတိဘဝတွေကို လားရောက်ရပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇန်နဝါရီလ၊ ၂၀



www.burmeseclassic.com

www.burmeseclassic.com

သေလွန်ပြီးတဲ့နောက် ကုသိုလ်အကျိုးပေးကြောင့် လူဖြစ်သွားတယ်၊ နတ်ဖြစ်သွားတယ်ဆိုရင်၊ ဒါမှမဟုတ် အကုသိုလ်အကျိုးပေးကြောင့် ငရဲကျသွားတယ်၊ တိရစ္ဆာန်ဖြစ်သွားတယ်ဆိုရင် ကျန်ရစ်သူတွေက သူ့အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့ အကျိုးကို သူလုံးဝခံစားခွင့် မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက်ရည်စူးပြီး ကုသိုလ်ပြုနေတာကို သူ လုံးဝ မသိနိုင်တော့လို့ပါပဲ။

တကယ်လို့ အကုသိုလ်အကျိုးပေး တစ်ခုခုကြောင့် ပြိတ္တာဘုံဘဝ ရောက်သွားမယ်ဆိုရင်တော့ ကျန်ရစ်သူတွေက သူ့အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့အကျိုးကို အကြောင်းညီညွတ်မယ်ဆိုရင် သူ အပြည့်အဝ ခံစားခွင့်ရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက်ရည်စူးပြီး ကုသိုလ်ပြုနေတာကို အကြောင်းညီညွတ်ရင် သူ သိနိုင်လို့ပါပဲ။ ပြိတ္တာဘုံဘဝ ရောက်တိုင်းလည်း ရည်စူးကုသိုလ်ရဲ့ အကျိုးကို ခံစားခွင့်ရှိတာ မဟုတ်ပါဘူး။

ထမင်းဆာလောင်ခြင်း၊ ရေမွတ်သိပ်ခြင်းတို့ရဲ့ နှိပ်စက်မှုဒဏ်ကို အမြဲမပြတ် ခံနေရတဲ့ 'အငတ်ခံပြိတ္တာ' (ခုပ္ပိပါသိကပြိတ္တာ)၊ ပူပြင်းတဲ့ မီးတောက်မီးလျှံတွေရဲ့ လောင်ကျွမ်းဝါးမြိုက်မှုဒဏ်ကို အကြားမလပ် ခံနေရတဲ့ 'အလောင်ခံပြိတ္တာ' (နိဇ္ဈာမတဏှိကပြိတ္တာ)၊

အသူရကာယ်လို့ သီးခြားခေါ်တဲ့ 'အကြီးစားပြိတ္တာ' (ကာလကဥ္စိကပြိတ္တာ) တွေဟာ ပြိတ္တာဖြစ်ပေမယ့် ရည်စူးကုသိုလ်ကို သာဓုခေါ်နိုင်စွမ်း မရှိကြတဲ့အတွက် ရည်စူးကုသိုလ်ရဲ့ အကျိုးကို ဘာမှခံစားခွင့် မရှိပါဘူး။

သူတစ်ပါးတို့ပေးတဲ့ အစားအစာကို အမှီပြုပြီး အသက်ရှင်နေရတဲ့ 'အပေးခံပြိတ္တာ' (ပရဒတ္တူပဇီဝိကပြိတ္တာ) တစ်မျိုးတည်းသာ ရည်စူးကုသိုလ်ကို သာဓုခေါ်နိုင်စွမ်း ရှိတဲ့အတွက် ရည်စူးကုသိုလ်ရဲ့ အကျိုးကို ခံစားခွင့်ရှိပါတယ်။ ဒီအပေးခံပြိတ္တာမျိုးကို 'ဝေမာနိကပြိတ္တာ' (ဗိမာန်ရှင်ပြိတ္တာ) လို့ အများက သိကြပါတယ်။

ရည်စူးကုသိုလ်တစ်ခုက အရည်စူးခံပုဂ္ဂိုလ်ကို ကောင်းကျိုးပေးနိုင်ဖို့အတွက် အင်္ဂါရပ်ငါးချက်နဲ့ပြည့်စုံဖို့ လိုအပ်ပါတယ်။

(၁) အလှူခံပုဂ္ဂိုလ်ဟာ ကိုယ်ကျင့်သီလ စတဲ့ သူတော်ကောင်းဂုဏ်နဲ့ ပြည့်စုံသူဖြစ်ရမယ်။
(၂) အလှူပေးပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ 'ဒီကုသိုလ်ဟာ တမလွန်ဘဝ ပြောင်းသွားတဲ့ ဘယ်သူ့အတွက် ရည်စူးပါတယ်' လို့ ရည်စူးစိတ်ထား အတိအကျ ရှိရမယ်။
(၃) လှူဖွယ်ပစ္စည်း အမျိုးအစား စုံလင်ရမယ်။
(၄) အလှူပေးပုဂ္ဂိုလ်က မိမိရည်စူးတဲ့ပုဂ္ဂိုလ်ကို ကုသိုလ်အမျှအတန်း ပေးဝေရမယ်။
(၅) တမလွန်ဘဝမှ အရည်စူးခံပုဂ္ဂိုလ်က ရည်စူးကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမယ်။

အင်္ဂါရပ် ငါးချက် ပြည့်စုံပြီဆိုရင်တော့ သာဓုခေါ်လိုက်တာနဲ့တစ်ပြိုင်နက် အလှူပွဲမှာ ပါဝင်လှူဒါန်းထားတဲ့ ပစ္စည်းတွေနဲ့ နာမည်သာတူပြီး အမျိုးအစား အလွန်ကောင်းမွန်၊ အရေအတွက် အဆများစွာ သာလွန်တဲ့ ပစ္စည်းပေါင်းများစွာကို တမလွန်ဘဝက အရည်စူးခံပုဂ္ဂိုလ် သေချာပေါက် ရရှိခံစားရပါတော့တယ်။ 'အမည်တူ' 'အမျိုးကောင်း' ပစ္စည်းတွေကို 'အဆတိုး' ခံစားရတယ်ဆိုပါတော့။

'အမည်တူ' လို့ ဆိုထားတဲ့အတွက် ဒီက အစားအစာ ပေးလှူပြီး အမျှဝေရင် ဟိုမှာ အစားအစာ ပြည့်စုံသွားပါတယ်။ ဒီက အဝတ်အထည်ပေးလှူပြီး အမျှဝေရင် ဟိုမှာ အဝတ်အထည် ပြည့်စုံသွားပါတယ်။

အစားအစာ ပေးလှူရုံနဲ့ အဝတ်အထည်ပါ မပြည့်စုံနိုင်သလို အဝတ်အထည် ပေးလှူရုံနဲ့လည်း အစားအစာပါ မပြည့်စုံနိုင်ပါဘူး။ ဆွမ်းသာ လှူပြီး ရေမလှူရင်တောင် အစားသာရှိပြီး ရေငတ်နေတတ်ပါတယ်။ ဒါလှူပေးမှ ဒါရသွားတဲ့ သဘောရှိတာမို့ လှူဖွယ်ပစ္စည်း အမျိုးအစား စုံလင်ဖို့ သိပ်အရေးကြီးပါတယ်။

သေလွန်သူကို ရည်စူးတဲ့ အလှူပွဲတစ်ခုမှာ အောက်ထစ်ဆုံးအားဖြင့် စားစရာအတွက် ဆွမ်းတစ်ပန်းကန် သို့မဟုတ် မုန့်တစ်ခု၊ သောက်စရာအတွက် ရေတစ်ဖန်ခွက်၊ ဝတ်ရုံစရာ အဝတ်အထည်အတွက် လက်သုတ်ပဝါတစ်ထည် သို့မဟုတ် လက်ကိုင်ပဝါတစ်ထည်၊ ခိုစရာ ဆောင်းစရာ အဆောက်အအုံအတွက် ထီးတစ်လက် သို့မဟုတ် ယပ်တစ်ချောင်း၊ စီးနင်းသွားစရာ ယာဉ်အတွက် ဖိနပ်တစ်ရန် အနည်းဆုံး လှူဖွယ်ပစ္စည်း ငါးမျိုး ပါဝင်ရပါမယ်။ ဒါမှ စားရေး သောက်ရေး ဝတ်ရေး နေရေး သွားလာရေး အဆင်ပြေသွားမှာပါ။ ကျန်းမာရေးပါ ပြည့်စုံသွားအောင် လျက်ဆားတစ်ထုပ်လောက် ထည့်ချင် ထည့်လိုက်ပါဦး။

မိမိကို ရည်စူးပြီးပြုတဲ့ အလှူဒါန အမျှအတန်းကို သာဓုခေါ်တဲ့ ပြိတ္တာတစ်ဦးဟာ ပြိတ္တာဘဝက ကျွတ်လွတ်ထိုက်တဲ့ ကံပါရင် သာဓုခေါ်ပြီးတာနဲ့ တစ်ပြိုင်နက် ပြိတ္တာဘဝက ကျွတ်လွတ်ပြီး ကံအားလျော်စွာ နတ်ပြည်၊ လူ့ပြည် ရောက်သွားနိုင်ပါတယ်။ ကျွတ်လွတ်ထိုက်တဲ့ကံ မပါသေးဘူးဆိုရင်တော့ ပြိတ္တာဘဝမှာပဲ ကျန်ရစ်သူလူတွေ လှူဒါန်းပေးတဲ့ပစ္စည်းတွေနဲ့ အလားတူ၊ အမည်တူ၊ အမျိုးကောင်း၊ အဆတိုးပစ္စည်းတွေကို သုံးဆောင်ခံစားခွင့် ရသွားပါတယ်။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

ဤ ငါ၊ သူတစ်ပါး ယောက်ျား မိန်းမ ဟူသော အပြောအဆိုသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ နှုတ်ဖျား၌ အပြောအဆိုများ၍ အလွန်ရေပန်းစားသော စကားရပ် ဖြစ်ပါသည်။

ဤစကားရပ် ခေါင်းစီးဖြင့်ပင် ရုပ်ရှင်ရိုက်ထားကြောင်း သိရှိရပါသည်။

ထိုရုပ်ရှင်ကိုကြည့်တော့ မကြည့်ဖူးပါ။ ဤ "ငါ သူတစ်ပါး ယောက်ျား မိန်းမ" ဟူသော အမြင်သည် မှားယွင်းသော ဝိပလ္လာသအမြင်ဖြစ်ကြောင်းကား ထင်ရှားပါသည်။

[illegible] အမှား ဟုတ်၊ မဟုတ်ကိုမူ စိစစ်ဝေဖန်သုံးသပ်သင့်သည်ဟု ထင်ပါသည်။ ဝိပလ္လာသ တရား (၁၂)ပါး ရှိပါသည်။ ဝိပလ္လာသကို ဖောက်ပြန် မှားယွင်းမှုဟု ဘာသာပြန်ပါသည်။ မှားယွင်းမှုဟု ဆိုလျှင်ပင် လုံလောက်မည် ဖြစ်ပါသည်။ ၎င်းတို့မှာ အမှတ်မှားယွင်းမှု (သညာဝိပလ္လာသ)၊အသိအကြံမှားယွင်းမှု (စိတ္တဝိပလ္လာသ)၊ အယူမှားယွင်းမှု (ဒိဋ္ဌိဝိပလ္လာသ)တို့ဖြစ်ပါသည်။ အယူမှားယွင်းမှု (ဒိဋ္ဌိဝိပလ္လာသ)သည် (၄)ပါးရှိသည်။ ၎င်းတို့မှာ. . .

(၁) အနိစ္စကို နိစ္စဟု အယူအမြင် မှားယွင်းမှု။

(၂) အနတ္တကို အတ္တဟု အယူအမြင် မှားယွင်းမှု။

(၃) ဒုက္ခကို သုခဟု အယူအမြင် မှားယွင်းမှု။

(၄) အသုဘကို သုဘဟု အယူအမြင် မှားယွင်းမှု တို့ဖြစ်ပါသည်။

သညာဝိပလ္လာသ အမှတ်မှားယွင်းမှုသည်လည်း ထို့အတူပင် (၄)ပါး ရှိပါသည်။ ၎င်းတို့မှာ . . .

# ငါ သူတစ်ပါး ယောက်ျား မိန်းမ

ဦးကျော်နိုင် (B.A,H.G.P)





www.burmeseclassic.com

www.burmeseclassic.com

(၁) အနိစ္စကို နိစ္စဟု အမှတ်မှား ယွင်းမှု။

(၂) အနတ္တကို အတ္တဟု အမှတ် မှားယွင်းမှု။

(၃) ဒုက္ခကို သုခဟု အမှတ် မှား ယွင်းမှု။

(၄) အသုဘကို သုဘဟု အမှတ် မှားယွင်းမှု တို့ဖြစ်ပါသည်။

ထို့အတူ အသိအကြံမှားယွင်းမှု (စိတ္တဝိပလ္လာသ)သည်လည်း (၄)ပါးပင် ရှိပါသည်။ ၎င်းတို့မှာ. . .

(၁) အနိစ္စကို နိစ္စဟု အသိ အကြံ မှားယွင်းမှု။

(၂) အနတ္တကို အတ္တဟု အသိအကြံ မှားယွင်းမှု။

(၃) ဒုက္ခကို သုခဟု အသိအကြံ မှားယွင်းမှု။

(၄) အသုဘကို သုဘဟုအသိအကြံ မှားယွင်းမှု တို့ဖြစ်ပါသည်။

ဤနေရာတွင် တစ်ဆက်တည်း အစွဲ (ဂါဟ)သုံးပါးကိုလည်း သိထားရန် သင့်ပါသည်။

ထိုအစွဲ (ဂါဟ)သုံးပါးကို ဘုရားရှင်၏ ဒုတိယမြောက်ဟောကြားအပ်သော အနတ္တလက္ခဏသုတ်၌ ဟောကြားခဲ့ပါသည်။ ၎င်းတို့မှာ. . .

(၁) ဧတံမမ၊ ဤဟာသည် ငါ့ဟာ ဖြစ်သည်၊ တဏှာစွဲ (တဏှာဂါဟ) ဖြစ်ပါသည်။

(၂) ဧသော ဟမသ္မိ၊ ဤဟာသည် ငါဖြစ်သည်၊ မာနစွဲ (မာနဂါဟ) ဖြစ်ပါသည်။

(၃) ဧသောမေအတ္တာ၊ ဤဟာသည် ငါ၏ အတ္တဖြစ်သည်၊ ဒိဋ္ဌိစွဲ (ဒိဋ္ဌိဂါဟ) ဖြစ်သည်။

ဤအစွဲ(၃)ပါးကို သံသရာကို ရှည်စေတတ်သော တရားများဖြစ်၍ ပပဉ္စတရား (၃)ပါးဟုလည်း ခေါ်ဆိုပါသည်။ ဤတရား(၃)ပါးကိုပင် မညနာတရား (၃)ပါးဟုလည်း ခေါ်ဆိုပြန်ပါသည်။ မညနာဆိုသည်မှာ အထင်မှားခြင်း ဖြစ်ပါသည်။ ၎င်းတို့မှာ တဏှာ [illegible]

(၁) တဏှာမညနာ ဆိုသည်မှာ အဇ္ဈတ္တဝတ္ထု၊ ဗဟိဒ္ဓဝတ္ထုတို့၌ ဤသည်ကား ငါ၏ဆိုင်ရာ ပိုင်ရာတည်း၊ ဤသည်ကား ငါ၏ ဆိုင်ရာ၊ ပိုင်ရာ မဟုတ်ဟု စိတ်ထဲ၌ ကွက်ခြားမှု၊ အထင် အစွဲ ရှိနေမှု ဖြစ်၏။

(၂) မာနမညနာဆိုသည်မှာ အဇ္ဈတ္တဝတ္ထုတို့ကို ငါ ငါဟူ၍ အထင်ကြီးနေမှု၊ အထင်အစွဲ ရှိနေမှု ဖြစ်၏။

(၃) ဒိဋ္ဌိမညနာဆိုသည်မှာ အဇ္ဈတ္တဝတ္ထုတို့ကို ငါ၏ အမာခံ၊ အထည်ခံ အနှစ်အသား အတ္တသာရ ပေတည်းဟု စိတ်ထဲတွင် အထင်ကြီးမှု အထင်စွဲမှု အထင်လွဲမှု ဖြစ်၏။ ဤနေရာတွင် ဒိဋ္ဌိနှင့် မာနကို အနည်းငယ် ရှင်းလင်းတင်ပြရန်လိုမည် ဖြစ်ပါသည်။

ဒိဋ္ဌိသည် လောကီခန္ဓာငါးပါးကို ဤဟာသည် ငါ၏ အတ္တဟု စွဲလမ်း၏၊ မာနကား ထိုလောကီခန္ဓာ ငါးဝကိုပင် ငါ ငါဟု စွဲလမ်း၏။

ဒိဋ္ဌိနှင့် မာနသည် စွဲလမ်းပုံ၊ မှတ်ထင်ပုံ ကွဲပြား ခြားနားကြသော်လည်း စွဲလမ်းမှတ်ထင်ရာ တရားမှာ လောကီခန္ဓာတရား ငါးပါးချည်းသာ ဖြစ်ပါသည်။

ထို့ကြောင့် မာနနှင့် ဒိဋ္ဌိတို့ စွဲပုံကို ဘုရားရှင်ဟောကြားသည့် အတိုင်း ကွဲပြားမှတ်သားထားသင့်ပါသည်။ သို့မဟုတ်ပါက လုံးထွေးသွားနိုင်ပါသည်။

သောတာပန်သည် သောတာပတ္တိမဂ်ရသည်နှင့် တစ်ပြိုင်နက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်ပြီး ဖြစ်ပါသည်။ ဒိဋ္ဌိဆိုသည်မှာ အတ္တဒိဋ္ဌိဖြစ်ပါသည်။ သက္ကာယဒိဋ္ဌိဆိုသည်မှာလည်း အတ္တဒိဋ္ဌိပင် ဖြစ်ပါသည်။

ဝိစိကိစ္ဆာ ဆိုသည်မှာ ရတနာ (၃)ပါး၊ သိက္ခာပုဒ်နှင့် ခန္ဓာ အာယတန စသော တရားတို့၌ ယုံမှားသံသယ ဖြစ်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သောတာပန်သည် ဝိပလ္လာသ(မှားယွင်းမှု) (၁၂)ပါးတွင် ဒိဋ္ဌိတုံး အပြီးအပြတ် ပယ်သတ်ထားပြီး ဖြစ်သောကြောင့် အထက်တွင် ဖော်ပြခဲ့သည့် ဒိဋ္ဌိဝိပလ္လာသ (၄)ပါးလုံး ပယ်သတ်ပြီးဖြစ်ကြောင်း ထင်ရှားပါသည်။

ထို့ပြင် အနိစ္စကို နိစ္စဟု အမှတ်မှားယွင်းမှုနှင့် အသိမှားယွင်းမှု၊ အနတ္တကို အတ္တဟု အမှတ်မှားယွင်းမှုနှင့် အသိမှားယွင်းမှုတို့ကိုလည်း ပယ်သတ်ပြီးဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့် သောတာပန်သည် ဒိဋ္ဌိဝိပလ္လာသ (၄)ပါး၊ သညာဝိပလ္လာသ (၂)ပါးပေါင်း ဝိပလ္လာသ (၆)ပါးကို ပယ်သတ်ပြီးဖြစ်ပါသည်။

သို့သော် သောတာပန်သည် ဒုက္ခကို သုခဟု အမှတ်မှားယွင်းမှုနှင့် အသိမှားယွင်းမှု၊ အသုဘကို သုဘဟု အမှတ်မှားယွင်းမှုနှင့် အသိမှားယွင်းမှု ဟူသော မှားယွင်းမှု ဝိပလ္လာသ(၄)ပါးကို မပယ်သတ်နိုင်သေးကြောင်း သိရပါသည်။

တစ်ဖန် ဂါဟခေါ် အစွဲ(၃)ပါးနှင့်ပတ်သက်၍ ခန္ဓာငါးပါး အဇ္ဈတ္တတရားတို့ကို ငါ၏ အတ္တဟုစွဲလမ်းသော ဒိဋ္ဌိဂါဟကို ပယ်သတ်ပြီးဖြစ်၏။

သို့သော် ခန္ဓာငါးပါးကို ငါ ငါဟု စွဲသော မာနဂါဟ မာနစွဲကို မပယ်သတ်နိုင်သေးပေ။ မာနစွဲကို ရဟန္တာကသာ ပယ်သတ်နိုင်ပါသည်။ ထို့အတူ ဒါဟာ ငါ့ဟာဟု စွဲသော တဏှာစွဲကိုလည်း အားလုံး မပယ်သတ်နိုင်သေးပေ။

တဏှာစွဲသည် ဒိဋ္ဌိနှင့်ယှဉ်သော တဏှာစွဲ၊ မယှဉ်သော တဏှာစွဲ ဟုရှိရာ ဒိဋ္ဌိနှင့်ယှဉ်သော တဏှာစွဲကိုသာ ပယ်သတ်နိုင်ပါသည်။

ထို့ကြောင့် သောတာပန်သည် ခန္ဓာငါးပါး၌ ငါဟုစွဲသော မာနစွဲကို မပယ်သတ်နိုင်သေးကြောင့် မာန ငါစွဲ ရှိနေသေးသည်ကို သတိပြုမှတ်သားရမည် ဖြစ်ပါသည်။

ငါ၊ သူတစ်ပါး၊ ယောကျ်ားမိန်းမ ဟူသော အမြင်သည် ဒိဋ္ဌိအမြင် ဟုတ်၊ မဟုတ်ကို သာသနာတော်တွင် အလွန်





www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသော ဝိသာခါကျောင်းအမကြီးနှင့် ယှဉ်တွဲဖက်စပ်၍ လေ့လာအပ်ပါသည်။

ကျောင်းအမကြီး ဝိသာခါသည် (၇)နှစ်သမီးအရွယ်ကပင် သောတာပန်ဖြစ်ခဲ့သူ ဖြစ်ပါသည်။ အရွယ်ရောက်လာသည့်အခါ မိဂါရသူဌေး၏ သားဖြစ်သူ ပုဏ္ဏဝဒ္ဓနနှင့် လက်ထပ်ခဲ့ပါသည်။

ထိုအခါ ဝိသာခါသည် သောတာပန်သာဖြစ်၍ မာနကို မပယ်ရသေးသဖြင့် မိမိကိုယ်ကိုယ် ငါဟူ၍ မှတ်ယူမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မိမိ၏ခင်ပွန်းဖြစ်သူ ပုဏ္ဏဝဒ္ဓနကိုလည်း သူဟူ၍ မှတ်ယူထင်မြင်မည်သာဖြစ်ပါသည်။

ဂျာနယ်ကျော်မမလေးသည် သူမ၏ ခင်ပွန်းဖြစ်သူ ဂျာနယ်ကျော်ဦးချစ်မောင်အား သူလိုလူ ဟု သူဟူ၍ မှတ်ယူရေးသားသကဲ့သို့ ဖြစ်ပါသည်။

ထို့အတူ မိမိကိုယ်ကိုယ် မိန်းမဟု မှတ်ယူထင်မြင်မည်ဖြစ်၍ ခင်ပွန်းသည်ကို ယောကျ်ားဟု မှတ်ယူထင်မြင်မည်မှာ မလွဲဖြစ်ပါသည်။ မိမိကိုယ်ကိုယ်လည်းကောင်း၊ ခင်ပွန်းသည်ကိုလည်းကောင်း၊ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်း မဟုတ်ဟု ထင်လိမ့်မည် မဟုတ်ပါ။

သောတာပန်သည် ဒုက္ခကို သုခဟု အမှတ်မှားခြင်း၊ အသိမှားခြင်းဟူသော ဝိပလ္လာသတရား (၂)ပါးလည်း မပယ်သတ်နိုင်သေးသဖြင့် ရှိနေပါသေးသည်။ ထို့ကြောင့် သောတာပန်အရိယာဖြစ်သည့် ဝိသာခါသည် ပုဏ္ဏဝဒ္ဓနနှင့် အိမ်ထောင်ပြုရခြင်းကိုလည်း ဒုက္ခဟု မထင်ဘဲ သုခဟု ထင်မြင်မည် ဖြစ်ပါသည်။

သုခဟုဆိုသည်မှာ အိမ်ထောင်ပြုရခြင်းသည် ချမ်းသာသည်၊ ချမ်းမြေ့သည်၊ ပျော်ရွှင်ဖွယ်ရာဖြစ်သည်ဟု ထင်မှတ်ယူဆခြင်း ဖြစ်ပါသည်။

"တစ်ကိုင်းတည်းနားတဲ့ ငှက်ကလေးတွေ သိပ်ပျော်မှာပဲလေ၊ ပျော်မှာပေါ့ ပျော်တာပေါ့ ချစ်သူနဲ့ပလေ" ဟု စုံတွဲသီချင်းပါ ဒသနကဲ့သို့ အတူနေရတာ ပျော်မှာဖြစ်ပါသည်။

ထို့ပြင် သောတာပန်သည် အသုဘကို သုဘဟု အမှတ်မှားခြင်း၊ အသိမှားခြင်းဟူသော ဝိပလ္လာသအမှား (၂)ပါးကိုလည်း မပယ်သတ်နိုင်သေးပေ။ ထို့ကြောင့် သောတာပန် အရိယာဖြစ်သည့် ဝိသာခါသည် ၎င်း၏ ခင်ပွန်းဖြစ်သည့် ပုဏ္ဏဝဒ္ဓနကို အသုဘကောင်ကြီးဟု မြင်လိမ့်မည်မဟုတ်။ အသုဘကောင်ဆိုသည်မှာ ရွံစရာ၊ စက်ဆုပ်ဖွယ်ရာ၊ မတင့်တယ်သော အရာဟု ဆိုလိုပါသည်။ ထိုသို့ အသုဘကောင်ဟုသာ ထင်မြင်ပါက မည်သည့်နည်းနှင့်မျှ လက်ထပ်ပေါင်းသင်းလိမ့်မည် မဟုတ်။ ပုဏ္ဏဝဒ္ဓနကို တင့်တယ်သူ၊ ချောမောခံ့ညားသူ စသည်ဖြင့်သာ ထင်မြင်ယူဆမည် ဖြစ်ပါသည်။

ထိုသို့ ရှုမြင်သောကြောင့်သာ အတူတကွ ယှဉ်တွဲအိပ်စက်၍ နေနိုင်ခြင်း ဖြစ်ပါသည်။ အသုဘကောင်၊ စက်ဆုပ်ဖွယ်ရာကောင်၊ ရွံစရာကောင်၊ မသတီစရာအကောင်ဟုသာ ထင်မြင်ပါက မေထုနရာဂ ကာယသံသဂ္ဂရာဂတို့ဖြင့် ကိုယ်လက်နှီးနှောနိုင်မည် မဟုတ်ပါ။

ဝိသာခါသည် ပုဏ္ဏဝဒ္ဓန နှင့် သား(၁၀)ယောက် ရရှိခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့၏ ပေါင်းသင်းဆက်ဆံမှု ကာလကိုကြည့်လျှင် တစ်နှစ်ခွဲတွင် တစ်ယောက် မွေးသည်ဆိုပါက နှစ်ပေါင်း (၁၀)ဖြစ်၍ (၂)နှစ်တွင် တစ်ယောက်နှုန်းနှင့် တွက်ပါက နှစ်ပေါင်း (၄၀)ကြာမြင့်မည် ဖြစ်ပါသည်။

ဓမ္မပဒဣ ယခုကဲ့ သို့ မှတ်တမ်းတင်ခဲ့ပါသည်။

"သိသာခါဝိသတိပုတ္တာ နတ္တာစ၊ စတုရောသတာ၊ ပနတ္တာအဋ္ဌသဟဿာ၊ ဇမ္ဗူဒိပေသုပါပဋာ" ဝိသာခါ၌ သားသမီးက (၂၀)၊ မြေးက (၄၀၀)၊ မြစ်က (၈၀၀၀) ရှိသဖြင့် ဇမ္ဗူဒိပ်၌ ထင်ရှားကျော်ကြားခဲ့ပေသည်ဟူ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ရေးသားတင်ပြရခြင်းသည် ဝိသာခါ ကျောင်းအမကြီးကို တစ်စုံတစ်ရာ အပြစ်တင်နေခြင်းလည်း မဟုတ်ပါ။

သောတာပန် အရိယာများကိုလည်း စွပ်စွဲနေခြင်းလည်း မဟုတ်ပါ။ သောတာပန်၌ ဒိဋ္ဌိကို ပယ်သတ်ပြီးသော်လည်း ကာမရာဂကို မပယ်နိုင်သေးခြင်း၊ ငါစွဲမာနကိုလည်း မပယ်နိုင်သေးခြင်း၊ အမှတ်မှား အသိအတွေးမှားများကိုလည်း မပယ်နိုင်သေးခြင်းတို့ကြောင့် "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ" အမြင်အမှတ်များ ရှိနေသေးကြောင်း ပေါ်လွင်ထင်ရှားစေလို၍သာ ရေးသားတင်ပြရခြင်းဖြစ်ကြောင်း မှတ်ယူစေလိုပါသည်။

ကျောင်းအမကြီး ဝိသာခါသည် အရိယာ သောတာပန် ဖြစ်ရုံမျှမက ဘုရားရှင်ကိုယ်တော်မြတ်ကပင် ရွှေနှုတ်တော်မှ ဖွင့်ဟ၍ "ဧတဒဂ်"အရာ အထားခံရသော အမျိုးသမီးကြီး ဖြစ်ပါသည်။

"ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံဝိသာခါ မိဂါရမာတာ"

အဓိပ္ပာယ်မှာ . . .

"ရဟန်းတို့ အလှူဒါန ပေး ... ခြင်း၌ မွေ့လျော်ကြသည့် ငါ၏ တ ...





www.burmeseclassic.com

www.burmeseclassic.com

သာဝိကာမတို့တွင်မိဂါရမာတာအမည်ခံ ဝိသာခါသည် အမြတ်ဆုံး ဖြစ်ပေသည်" ဟူ၍ဖြစ်၏။

ထို့ကြောင့် ဝိသာခါ ကျောင်းအမကြီးသည် ဗုဒ္ဓသာသနာ့သမိုင်းတွင် လေးစားစွာ ဂုဏ်ပြု မှတ်တမ်းတင် အမွှမ်းထိုးရသည့် စံနမူနာပြ အမျိုးသမီးကြီး ဖြစ်ပါသည်။

အခြားသော သောတာပန် အမျိုးသမီးတစ်ဦးလည်း ရှိသေး၏။ ၎င်းမှာ နာမည်အားဖြင့် မထင်ရှားသော အညတရအမျိုးသမီးတစ်ဦးဖြစ်ပါသည်။ အညတရဆိုသော်လည်း ၎င်းမှာ ဗာရာဏသီ သူဌေးတစ်ဦး၏ သမီးဖြစ်၍ အမျိုးဘဝကပင် သောတာပန်အရိယာ ဖြစ်ပါသည်။

အမျိုးသမီး အစေခံများဖြင့် ဘုံခုနစ်ဆင့်မှာ ချမ်းသာစွာနေထိုင်ရသူဖြစ်ပါသည်။ ဗာရာဏသီမြို့နယ် တောအုပ်ကြီးတစ်ခုတွင် မုဆိုးကြီးတစ်ဦးရှိရာ ၎င်းသည် မုဆိုးလုပ်ငန်းကို အကြီးအကျယ် လုပ်သူဖြစ်ပါသည်။

တစ်နေ့တွင် မုဆိုးကြီးသည် သားသမင် ငါးရာတို့၏ အသားများကို လှည်းအပြည့်တင်၍ ရောင်းချရန် ဗာရာဏသီမြို့တွင် ဝင်ခဲ့၏။



သူဌေးသမီး၏ အိမ်ရှေ့လမ်းမှ ဖြတ်သွားရရာ သူဌေးသမီးသည် ထိုမုဆိုးကြီးအား မြင်လျှင်မြင်ချင်း ကြိုက်သွား၏။

ထို့ကြောင့် မုဆိုးကြီး ပြန်မည့်အချိန်၊ ပြန်မည့်လမ်းကို စုံစမ်းခိုင်း၍ ထိုမုဆိုးကြီးလှည်းနောက်မှ လိုက်သွားခဲ့လေသည်။

မုဆိုးကြီးက မလိုက်ရန် အတန်တန်တား၏။ သို့သော် သူဌေးသမီးက "သင် ခေါ်ဆောင်လာခြင်းမဟုတ်၊ မိမိသဘောဖြင့် လိုက်လာခြင်းဖြစ်၏၊ ကိုယ့်လှည်းကိုသာ ကိုယ်မောင်းပါ" ဟု ပြောခဲ့၏။

မုဆိုးကြီးကလည်း အဖန်တလဲလဲ တားမြစ်သည်သာ ဖြစ်၏။

ထိုအခါ သူဌေးသမီးက . . .

"အရှင့်သား ကျက်သရေမင်္ဂလာ မည်သည် မိမိထံသို့ ရောက်လာသည်ရှိသော် တားမြစ်ခြင်းငှာ မသင့်" ဟု ပြောဆိုခဲ့၏။ မုဆိုးကြီးလည်း သဘောပေါက်သွား၍ လှည်းပေါ်သို့ တင်ခေါ်သွားပြီး အတူတကွ ပေါင်းသင်းနေထိုင်ရာ သားခုနစ်ယောက် မွေးဖွားကြောင်း ဓမ္မပဒက မှတ်တမ်းပြုခဲ့ပါသည်။

ဤအဖြစ်အပျက်မှာ အလွန်ထူးခြားသော အဖြစ်အပျက်ပင် ဖြစ်၏။ အမှန်လည်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဖြစ်၏။

ထူးခြား ထူးဆန်းမှုက အဓိက မဟုတ်။ ထိုသောတာပန် အမျိုးသမီး၌ "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ" ဟူသော အသိအမှတ် ရှိ မရှိ စဉ်းစား ဆင်ခြင် သုံးသပ်ရန်သာ ဖြစ်ပါသည်။

သူဌေးသမီးသည် မုဆိုးကြီးကို ယောကျ်ားကြီးဟု မှတ်ထင်သကဲ့သို့ မိမိကိုယ်ကိုယ်လည်း မိန်းမဟု မှတ်ထင်မည် ဖြစ်ပါသည်။ ထိုသို့ မှတ်ထင်ပါက ငါ၊ သူ ဟူ၍လည်း မှတ်ထင်မည်မှာ မလွဲပင် ဖြစ်ပါသည်။

ထို့ကြောင့် သောတာပန်၌ "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ" ဟူသော အမှတ်အသိများရှိကြောင်း ထင်ရှားပါသည်။ ထိုအသိအမှတ်များသည်လည်း သောတာပန်၌ ဒိဋ္ဌိကိုပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိမြင်မဟုတ်ကြောင်းလည်း ထင်ရှားပါသည်။

ထိုအသိသည် သမုတိသစ္စာ အသိမျှဖြစ်သည်မဟုတ်၊ အမှန်တကယ်ပင် ထိုသို့မှတ်သိခြင်းဖြစ်သည်ဟု တင်ပြလိုပါသည်။ သမုတိသစ္စာအရ ပြောဆို ဟောပြောခြင်းမှာ ဘုရားရဟန္တာများ၌လည်း ရှိပါသည်။

ဥပမာအားဖြင့် ဘုရားရှင်သည် ဓမ္မစကြာတရား ဟောကြားရန် မိဂဒါဝုန်သို့ အသွားလမ်းခရီး၌ ဥပကနှင့် ဆုံရာတွင် . . .

"အဟံဟိ အရဟာ လောကေ အဟံ သတ္ထာ အနုတ္တရော" ဟူ၍ မိန့်ဆိုခဲ့ပါသည်။

အဓိပ္ပာယ်မှာ "ဤလောက၌ ငါသည်သာ ရဟန္တာအစစ် ဖြစ်၏၊ ငါသည်သာလျှင် ဆရာအစစ် ဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်ရာ သောတာပန်၌ ဒိဋ္ဌိပယ်ပြီး ဖြစ်၏။ သောတာပန်၌ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူသော အမြင်သည် ဒိဋ္ဌိအမြင်မဟုတ်ကြောင်း ရေးသားတင်ပြရပါသည်။

ဤတင်ပြချက်သည် မိမိအသိတွင် ထင်မြင်နေသော အသိအမြင် ဖြစ်ပါသည်။ မှန်လျှင်လည်း မုဒိတာဖြင့် ဝမ်းမြောက်တော်မူကြ၍ မှားလျှင်လည်း ကရုဏာရှေ့ထား၍ မေတ္တာတရားဖြင့် ရေးသား ဖြေရှင်းပေးကြပါရန် ရိုသေလေးစားစွာ တင်ပြပါသည်။

❐ **ဦးကျော်နိုင်**(B.A, H.G.P)




www.burmeseclassic.com

www.burmeseclassic.com

# အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်၏ အံ့မခန်းတန်ခိုး

ဆန်းညွန့်(ဓမ္မာစရိယ)



ထီးတော်မတင်မီ အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် နှောလင်းကျေးရွာတွင် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး သီတင်းသုံးတော်မူလျက် တည်ရှိနေပါသည်။ စေတီတော်မြတ်ကြီး အောက်ခြေ မုခ်လိုဏ်အဝအကျယ် ၂၂ တောင်ရှိပြီး စေတီတော်၏ ဉာဏ်တော်အမြင့်မှာ အတောင် ၃၀၊ ပေအားဖြင့် ၄၅ ပေ အမြင့်ဆောင်လျက်ရှိသည်။

တည်ရှိနေသည့် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး ဖြစ်တည်လာခဲ့ရသည့် သမိုင်းတွင်ကား ထူးခြားဆန်းကြယ်မှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့သည်များ ရှိနေသည်ကို အထင်အရှားတွေ့ရသည်။ ပဋ္ဌာန်းတော်မြတ်၏ တန်ခိုး၊ သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ ထက်မြက်လှသော စွမ်းပကားများက စေတီတော်မြတ်ကြီး တည်ထားနေစဉ် အတွင်း အထင်အရှားပင် လူအများ အံ့ချီးမကုန် ဖြစ်ရလောက်အောင် ပေါ်ထွက်ပြသခဲ့သည်။

ဆရာတော် ဘဒ္ဒန္တ ပညာဝံသ (ဓမ္မာစရိယ) လယ်တီကမ္မဋ္ဌာနစရိယသည် မဟာပဋ္ဌာန်းတော်မြတ်ကြီးနှင့် သမ္ဗုဒ္ဓေ ဂါထာတော်တို့ကို စဉ်ဆက်မပြတ် နှုတ်မှ တဖွဖွရွတ်ဆိုပူဇော်နေလေ့ရှိခဲ့သည်။ ဆရာတော်သည် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီး တည်ထားမည့်နေရာကို ရွေးချယ်မိပြီးသည်နှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများနှင့် နယ်မှ သံဃာတော်များပင့်ကာ သံဃာ (၂၇)ပါးဖြင့် မြေသန့်စေရန် ကမ္မဝါများ ကိုင်ဆောင်ကာ ရွတ်ဖတ်သမှုပြုခဲ့သည်။ ၁၃၆၈ ခု၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့ နံနက် ၈ နာရီ ၁၀ မိနစ်အချိန်တွင် ပန္နက်တင်မင်္ဂလာပွဲကို ကျင်းပခဲ့သည်။ မြေသန့်ရာတွင် ပဋ္ဌာန်းပရိတ်နှင့် ကမ္မဝါများ ဖတ်ကြားထားခဲ့သည်ဖြစ်ရာ ပန္နက်တင်မင်္ဂလာသည် ချောမွေ့အဆင်ပြေကာ အောင်မြင်မှုရှိခဲ့သည်။

အုတ်မြစ်တော်စီ မင်္ဂလာအခါတော်ကို ထိုနေ့ နေ့လယ် ၁ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ စေတီတော်တည်စဉ်တွင် ရွာသူရွာသားများ နယ်သူနယ်သားများ စုဝေးရောက်ရှိလာကြကာ လုပ်အားဒါနကုသိုလ်ပါဝင်ခဲ့ကြသည်။ ၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်နေ့ နံနက် ၉ နာရီအချိန်တွင် စေတိယပကာသနီကျမ်း ဌာပနာတည်ပုံကျမ်းတို့၌လာရှိသည့် အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထီးတော်တင်စဉ် စေတီတော်မြတ်ကြီး မြောက်ဘက်မှပုံ



အလိုတော်ပြည့် စေတီတော်မြတ်ကြီး ထီးတော်တင်နေစဉ်

အတိုင်း ဌာပနာ ထည့်ပူဇော်ခဲ့သည်။ ဌာပနာပူဇော်ရာတွင် ရတနာယရသတ္တာ ...၌ ရှေးဟောင်းရတနာယရသတ္တာဟာ ...နာစံကျောင်း(အိမ်)နှင့် ရုပ်ပွားတော် ...ို မြို့သစ်ချောင်းရွာ ဆရာတော်ဦး ...နှက ပူဇော်၍ ငွေသားပဋ္ဌာန်းစက် ...ကို မန္တလေးမြို့ ရွှေဟင်္သာရွှေဆိုင် ...ရှင် ဦးစီ + ဒေါ်တင်တင်ဝင်းတို့က ...သားဘုရားဇာတာတော် သုံးဆူ၊ ...သား မဟာမြတ်မုနိတစ်ဆူတို့နှင့် ...နာတော်အဖြစ် ထည့်သွင်းပူဇော်ခဲ့ ...ည်။ ဖားကန့်မှ ဦးရွှေခ+ဒေါ်မိုး ...းစုက ကျောက်စိမ်းဆင်းတုတော် ...ဆူတို့အပြင် ဌာပနာသွင်းပူဇော်ပွဲ ...ရောက်လာကြသည့် ဒကာ၊ ဒကာမ ...လည်း ရွှေ၊ ငွေ၊ ကျောက်သံပတ္တ ...တို့ကို ထည့်သွင်းပူဇော်ခဲ့ကြသည်။

ထိုသို့ အလိုတော်ပြည့်ပဋ္ဌာန်း ...တော်မြတ်ကို တည်ထားခဲ့ရာ ...ထူသော မင်္ဂလာအချိန်အခါတွင် ... ထူးခြားမှု စတင်ခဲ့တော့သည်။ နိမိတ်ထူးတစ်ခု ပေါ်ပေါက်ခဲ့ခြင်းဟု ဆိုရမည်ပင်ဖြစ်သည်။ စေတီအနီး အလျင်အမြန် ပြေးလွှားလှုပ်ရှားနေသည့် မြွေတစ်ကောင်ကို မြင်တွေ့လိုက်ကြရသဖြင့် ပရိသတ်များ အလန့်တကြား နောက်သို့ ဆုတ်လိုက်ဖြစ်ကြရင်း အာရုံက မြွေဆီသို့ ရောက်သွားဖြစ်ကြသည်။ ထိုစဉ်မှာပင် ပုတ်သင်ညိုတစ်ကောင် စေတီတော်ပေါ်သို့ တက်သွားကာ မြွေလိုက်သည့်အန္တရာယ်မှ ကင်းလွတ်သွားသည်ကို မြင်တွေ့လိုက်ကြရသည်။ ပုတ်သင်ညိုတွင် ဥများစွာ ပါသည်ဟု ဆိုသည်။ ထိုဖြစ်ရပ်ကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင် အုန်းပင်လမ်းနေ ရှေ့နေကြီး ဦးအေးသိန်းနှင့် ပိန္နဲတိုင်ထူ မင်္ဂလာပွဲသို့ လာရောက် ကြည်ညိုကြသည့် လူအပေါင်း မြင်တွေ့လိုက်ကြရသည်။ လူအများနှုတ်ဖျားမှ နိမိတ်ထူးအောင်မြေဟု တညီတညွတ်တည်း ထွက်ဆိုဖြစ်ကြသည်။

ထူးခြားသည်မှာ ပိန္နဲတိုင်ထူပြီး၍ စေတီတော်အောက်ဘက်ဆီမှ ပြန်၍ဆင်းလာသော ဆရာတော်ဘဒ္ဒန္တပညာဝံသ(လယ်တီကမ္မဋ္ဌာနစရိယ)နှင့်ပန်းရန်ဆရာသုံးဦးတို့သည် စေတီတော်ပေါ်၌ ပုတ်သင်ညိုကို လုံးဝ မမြင်မတွေ့ခဲ့ခြင်းပင်ဖြစ်သည်။ ပိန္နဲတိုင် လှူဒါန်းသော ဘုတလင်မြို့မှ ဦးစံရင်+ ဒေါ်သန်းရွှေတို့ အောင်ဘာလေသိန်းထီပေါက်သဖြင့် သိန်း(၄၀၀)ကျပ် ရရှိခဲ့သည်။

ဤသို့ဖြင့် ထီးတော်လှူရန် ဆရာတော်အား လျှောက်ထားရာ ဘုတလင်မြို့နေ ဦးကျော်ဆွေ၊ ဒေါ်ကြည်မာဆွေတို့က ထီးတော် လှူဒါန်းပြီးဖြစ်နေသဖြင့် စေတီတော်တောင်ဘက်မုခ်တွင် ဉာဏ်တော် ငါးပေ အမြင့်ဆောင်သည့် ရုပ်တော်မူ ကျောက်ဆင်းတုတော်တစ်ဆူကိုသာ လှူဒါန်းပူဇော်ခဲ့ရသည်။

စေတီတော် အရှေ့ဘက်မုခ်တွင် ဉာဏ်တော်အမြင့် ၃ ပေ ၅ လက်မရှိ ဘူမိဖဿကျောက်ဆင်းတု ရုပ်ပွားတော်မြတ်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေပြီး စေတီတော်၏ မြောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com

မုခ်တွင် ရုပ်တော်မူ ကျောက်ဆင်းတုတော်တစ်ဆူ သီတင်းသုံးနေတော်မူကာ အနောက်ဘက်မုခ်တွင်ကား ၃ ပေ ၅ လက်မခန့်ရှိ ဓမ္မစကြာဟောတော်မူနေဟန် ကျောက်ဆင်းတုတစ်ဆူတို့သီတင်းသုံးနေတော်မူလျက် ရှိနေပါသည်။

အတောင် ၃၀၊ အမြင့်ပေ ၄၅ ပေ ဉာဏ်တော် အမြင့်ဆောင်သည့် အလိုတော်ပြည့်ပဋ္ဌာန်းစေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲသည် အံ့ဖွယ်ထူးခြား ရှိလှပါသည်။ ဆရာတော်သည် ကဆုန်လဆန်း ၁၀ ရက်မှစ၍ ငါးရက်တိုင်တိုင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ရန် အဓိဋ္ဌာန်တင်ထားဖြစ်ခဲ့သဖြင့် ကဆုန်လဆန်း ၁၀ ရက်နေ့မှစ၍ မဟာပဋ္ဌာန်းတော်မြတ်ကို စတင် ရွတ်ဖတ်ပူဇော်တော့သည်။

ကဆုန်လဆန်း ၁၁ ရက်နေ့ ည ၁ နာရီအချိန်ခန့်တွင် ဆရာတော် ဦးပညာဝံသ ပျာယီးပျာယာဖြင့် အိပ်ရာမှ ထဖြစ်သည်။ အကြောင်းမှာ ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခု မြင်မက်လိုက်ရသောကြောင့်ပင် ဖြစ်သည်။ အိပ်မက်အတွင်းတွင် ဆရာတော်သည် ကျောင်းတစ်ကျောင်း ရောက်သွားခဲ့ရသည်။ ကျောင်းရှေ့ရှိ သစ်ပင်အောက်တွင် ထိုင်နေမိစဉ် လေပြည်လေညင်း အသွင်မှ လေတဖြူးဖြူး အသွင်သို့ ပြောင်းလဲတိုက်ခတ်လာသည်။ တဖြည်းဖြည်းနှင့်တိုက်ခတ်နေသည့်လေကြောင်း အကြားတွင် ကြောက်မက်ဖွယ် ကောင်းသည့် မျက်နှာဝိုင်းကြီးတစ်ဝိုင်း အထင်အရှားပေါ်လာသည်။

ဆရာတော်လည်း သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်နေဖြစ်သည်။ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုနေစဉ်မှာပင် ကြောက်မက်ဖွယ်ကောင်းလှသည့် မျက်နှာဝိုင်းကြီး ပျောက်သွားသည်။ ဆရာတော်လည်း ရလိုက်သည့်အောင်မြင်မှုအတွက် ပေါ့ပါးလန်းဆန်းသွားသည်။ ထိုသို့ ဖြစ်နေစဉ်မှာပင် သံဃာတော်တို့ အလှည့်ကျ ရွတ်ဖတ် ပူဇော်နေသည့် မဟာပဋ္ဌာန်းရွတ်ဆိုသံ ပေါ်ထွက်လာသည်။ ဆရာတော်လည်း သံဃာတော်တို့ ရွတ်ဆိုပူဇော်နေသည့် ပဋ္ဌာန်းရွတ်ဆိုသံကို အလေးထား ကြည်ညိုနေမိရင်း မှေးခနဲ ပြန်လည် အိပ်ပျော်သွားတော့သည်။

၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့ ညနေ ၅ နာရီခန့်တွင် အနောက်အရပ်နှင့် အနောက်မြောက်ထောင့်အရပ်တို့တွင် အမည်းရောင်သန်းနေသည့် တိမ်လိပ်နှင့် အဝါရောင်သန်းနေသော တိမ်လိပ်တို့ တဖြည်းဖြည်း တက်လာနေသည်။ ပဋ္ဌာန်းရွတ်ဖတ်နေသည်မှာ စေတီအနီးထိုးထားသော ယာယီတဲမဏ္ဍပ်ကလေးထဲတွင် ဖြစ်သည်။

ပတ်ဝန်းကျင် ကောင်းကင် တစ်ခွင်လုံး မည်းမှောင်တက်လာသည်တွင် ဆရာတော် ဦးပညာဝံသ (လယ်တီကမ္မဋ္ဌာနာစရိယ)က သိမ်ထဲမှ တစ်ပါး ရွတ်ဖတ်ပေးရန် မိန့်တော်မူသည်။



ထီးတော်တင်စဉ် အနောက်ဘက်မုခ်



စေတီတော်မြတ်ကြီး တည်စဉ်က ရွာသူရွာသားများ လုပ်အားဒါနပြုနေကြစဉ်



စေတီတော်မြတ်ကြီးတည်ရန် လိုင်းကျင်းတူးကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များ စေတီတော်မြတ်ကြီးတည်မည့်နေရာ မြေသန့်တော်မူစဉ်

ယာယီမဏ္ဍပ်လေးကား မိုးသည်း ...ါက ဆက်၍ရွတ်ဖတ်သမှုပြုရန် ...တ်အခဲတွေ့မည် စိုးရိမ်သဖြင့် မိန့် ...မူခြင်းပင် ဖြစ်သည်။ သိပ်မကြာ ...ရပါ။ မိုးသည်းထန်လာသည်သာ ... ပြင်းထန်လွန်းသော လေမုန်တိုင်း ...ခု ဖြတ်သန်းတိုက်ခတ်လာသည်နှင့် ...ရတော့သည်။ တရကြမ်းတိုက်၍ ...ကြမ်းရှာချနေသော လေနှင့် မိုးတို့ ...ည် မိနစ် (၃၀)သာသာ ကြမ်းရမ်းစွာ ...ခတ်ပြီးမှ ငြိမ်သက်သွားသည်။

ငြိမ်သက်သွားချိန်ရောက်မှ ရွာ ... ရွာသူ၊ ရွာသားများက ကျောင်းနှင့် ...ည်လက်စ စေတီကို စိတ်မချသဖြင့် ...ပြေးအလွှား ရောက်ရှိလာကြသည်။ ...ာင်းနှင့် တည်လက်စ စေတီတော် ... ကာဟိအကောင်းအတိုင်း မြင်တွေ့ ...ကြရာ အံ့အားတသင့်ဖြစ်ကုန်ကြ ...ည်။ ဘိလပ်မြေပင် မခြောက်သေး ... စေတီတော် ပြိုခြင်း၊ အက်ခြင်း ...သလို စေတီအနီးထိုးထားသော လေ ...င်းအကာနောက်လွင့်ပါပျက်စီးနိုင်သော ...ယီတဲမဏ္ဍပ်လေးကလည်း ယိုင်လဲ ...း လွင့်ပါခြင်း မရှိဘဲ အကောင်း ...တိ ကျန်ရှိနေခြင်းမှာ သံဃာတော် ... ရွတ်ဆိုနေသည့် ပဋ္ဌာန်းတန်ခိုး၊ ...ဓမ္မတန်ခိုးကြောင့်ပင် ရွာသူရွာသား ... လက်ခံ ယုံကြည်ထားဖြစ်သွားကြ ...ည်။

ထိုမုန်တိုင်းကြောင့်ပင် ရွာထဲရှိ အိမ်အချို့ အထက်ဘုံဆောင် အမိုးရော အသားပါ အချပ်လိုက်ပြုတ်ထွက်ကာ လွင့်စဉ်ထွက်သွားခြင်း၊ ရွာအနောက်ဘက်တွင် တည်ရှိသည့် နှစ်ရှည် မန်ကျည်းပင်အိုကြီး ဓားဖြင့် ခြမ်းလိုက်သကဲ့သို့ တစ်ခြမ်းပြတ်ထွက်သွားခြင်းများရှိခဲ့သည်။ ဘုတလင်မြို့နယ်အတွင်းရှိ ဘုရားစေတီအတော်များများ ပျက်စီးခဲ့သည်။ အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ကြီးနှင့် တစ်ရက်တည်း တစ်ချိန်တည်း ထီးတော်တင်မည့် စေတီတော်ကြီး ကြာမှောက်ကြာလှန်မှ ပြုတ်ကျသွားခဲ့သည်။ ထိုမျှ ပြင်းထန်ခဲ့သည့် မုန်တိုင်းကြီးနှင့် ကြုံတွေ့ခဲ့သော်လည်း အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်နှင့် တင်မည့် ထီးတော်များထားရှိသည့် ယာယီတဲမဏ္ဍပ်တို့မှာ မည်သို့မျှ ထိခိုက်ပျက်စီးခြင်း မရှိဘဲ ဆက်လက်တည်နေနိုင်သည်မှာ အံ့မခန်းစရာ တန်ခိုးတော်တို့ အမှန်တကယ်တည်ရှိသောကြောင့်ပင် ဖြစ်ပါသည်။

ထီးတော်တင်သည့် ကဆုန်လပြည့်နေ့တွင်လည်း ထူးခြားဆန်းကြယ်သည့် အနေအထားတစ်ရပ် ရှိနေခဲ့သည်။ ကဆုန်လပြည့်နေ့သည် အုံ့ဆိုင်းလျက်ရှိနေပြီး မိုးနှင်းလေးများက တဖွဲဖွဲကျလို့နေသည်။ မိုးလေး သည်းသည်းကျမည်ဆိုပါက ထီးတင်ပွဲလာပရိသတ်တို့ အုန်းအုန်းကျွက်ကျွက်ဖြစ်ကြမည်မှာ သေချာသည်။ ထီးတော်တင်ပြီးသည်အထိ မိုးစက် မိုးပေါက်တို့ ကျမလာသော်လည်း ကောင်းကင် တစ်ခွင်တစ်ပြင်သည် ပြိုတော့မလိုလိုနှင့် အုံ့ဆိုင်း အုံ့မှိုင်းလျက် ရှိနေသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်နေသည့် အချိန်အထိ မိုးတိမ်တို့က ထီးတစ်စင်း ကာမိုးထားသကဲ့သို့ ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံး မှောင်ရီသန်းလို့နေခဲ့သည်။ ဆွမ်းကြီးလောင်းပွဲနှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းပြီးသွားသော်လည်း ကောင်းကင်ပြင်က တိမ်ညို တိမ်မည်း တွဲယှက်ကာထားဆဲပင် ဖြစ်နေသည်။ သို့သော် ပြုပြုသမျှကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို ရေစက်သွန်းချ အမျှပေးဝေလိုက်ချိန်တွင်ကား ကောင်းကင်တစ်ပြင်လုံးသည် မိုးကာထားသော ထီးကို ရုပ်လိုက်သည့်အလား မိုးသားတိမ်လိပ်တို့ ပျောက်ကွယ်ကုန်ကာ ကောင်းကင်တစ်ပြင်လုံးသည် ကြည်လင်ဝင်းပလျက် အလင်းရောင်များ တောက်သွားတော့သည်။

ထီးတော်တင်ပွဲသို့ ရောက်လာကြကုန်သော ရပ်ဝေးရပ်နီးမှ ပရိသတ်တို့ နှုတ်မှ . . .

"အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်၏ တန်ခိုးတော်ကား ကြီးမားလှပါပေတကား" ဟု ရွတ်ဆိုနေမိဖြစ်ကြပါတော့သည်။

ထူးခြားဆန်းကြယ် တန်ခိုးကြွယ်လှသည့် အလိုတော်ပြည့် ပဋ္ဌာန်းစေတီတော်မြတ်ထံပါး အရောက်သွားကြည်ညိုလိုပါလျှင် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် နှောယင်းရွာ အောင်သုခကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) လယ်တီကမ္မဋ္ဌာနစရိယထံ ဦးတိုက်ကာ သွားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

❒ ဆန်းညွန့်(ဓမ္မာစရိယ)



www.burmeseclassic.com

www.burmeseclassic.com




# မုံရွာနေရာ
# ကံတရားကို စံထားကာ

(က)

လောကကြီးမှာ ကံဟာ အဆန်းကြယ်ဆုံးပါ။ ကံတရားကို စံထားပြောဆိုရပေမယ့် ကံတရားကို လှည့်စားလို့တော့ဖြင့် မရနိုင်ပေဘူး။ ကံ၏ ဆန်းကြယ်ပုံ လေးနက်ပုံ အစုံစုံကို ကုန်စင်အောင် မသိမြင်နိုင်တဲ့အတွက် ကမ္မဝိပါကော အစိန္တေယျော ကံရဲ့ အကျိုးဆက်ကို မကြံစည်နိုင် လို့ ဟောကြားထားတော်မူတာပါ။

ကံဆိုတာ မိုးပေါ်က ကျလာတဲ့ မိုးကျရွှေကိုယ်တော့ မဟုတ်ပါဘူး။ ကံကို သက်ရှိ သတ္တဝါတွေက ပြုတာပါ။ ကံ= ကမ္မ= ကမ်=ကံ ဆိုပြီးတော့ ဝေါဟာရ ဆင်းသက်မှုမှာ ကမ္မ ဆိုတာ ပါဠိဝေါဟာရပါ။ မြန်မာလို ပြုလုပ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ပြုလုပ်ခြင်းလို့သာ တိုက်ရိုက်အနက်ထွက်သော်လည်း ပြောဆိုခြင်း၊ ကြံစည်စိတ်ကူးခြင်းတွေလည်း ပါပါတယ်။ ပြောဆိုခြင်း၊ ကြံစည် တွေးခေါ်ခြင်းတို့ဟာလည်း ကံပါပဲ။ ပြောဆိုခြင်းက ဝစီကံဖြစ်ပြီး ကြံစည်ခြင်းကတော့ မနောကံ ဖြစ်ပါတယ်။



လပြည့်ဝန်းမဂ္ဂဇင်း (ဇန်နဝါရီလ၊ ၂၀၁၄)

www.burmeseclassic.com

ဒီတော့ မိမိတို့ဟာ နေ့စဉ်နဲ့ အမျှ ပြုလုပ်နေကြတယ်။ ပြောဆိုနေကြတယ်။ ကြံစည်စိတ်ကူးနေကြတယ်လေ။ ပြုလုပ်တာ ကာယကံ၊ ပြောဆိုတာ ဝစီကံ၊ ကြံစည်တာ မနောကံ ဖြစ်တယ်။ ဒါကြောင့် ကံဆိုတာ အလိုလိုဖြစ်လာတာမဟုတ်။ မိုးပေါ်ကကျ မဟုတ်။ မိမိတို့ ပြုလုပ် ပြောဆို ကြံစည်နေတာတွေဟာ ကံတွေပါပဲ။ ဒါကြောင့်မို့ ကံဆိုတာ ကိုယ်က လုပ်တာလို့ ပြောနိုင်ပေတာပေါ့။

ပွင့်ပေါ်တော်မူပြီးတဲ့ ဗုဒ္ဓဘုရားရှင်အားလုံးကလည်း ကမ္မဝါဒ ခေါ် ကံကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီကံကို ကောင်းတဲ့ မှန်တဲ့ဘက်မှာ အသုံးချသလား၊ မကောင်းတဲ့ မမှန်တဲ့ဘက်မှာ အသုံးချသလားဆိုတာက အဆုံးအဖြတ် ပေးပါတယ်။ ကောင်းကျိုး ဆိုးကျိုးဆိုတာဟာ မိမိပြုလုပ်တဲ့ ကောင်းမှု၊ မကောင်းမှု အပေါ်မှာ မူတည်နေပါတယ်။ ဘာပဲဖြစ်ဖြစ် မိမိဟာ အဓိကကျပါတယ်။ ကံဆိုးတယ်၊ ကံကောင်းတယ် ဆိုတဲ့ မိမိရဲ့ စီမံဖန်တီးချက်တွေပါပဲ၊ တခြား ဘယ်သူကမှ ဝင်ရောက်နှောင့်ယှက် ဖန်တီးပေးတာ မဟုတ်ပါဘူး၊ အဘယ်တန်ခိုးရှင်ကမှလည်း ဖန်တီးပေးတာ မဟုတ်ပါဘူး၊ ဘယ်သူမပြု မိမိမှုတွေပါ။

(ခ)

သတ္တဝါတွေကို အထူးသဖြင့် လူတွေကို လူသားတွေကို ကောင်းစေ ဆိုးစေတာဟာ ကံတရားပါပဲ။ အဲဒီ ကံဟာလည်း ကိုယ်ပြုတာပါပဲ။

ဒါပေမယ့် လူတွေဟာ လူမတန်ကံချ ဆိုတာလို ကံကိုပဲ အပြစ်ဖို့ ပြောဆိုနေကြသေးရဲ့။ ကံ စီမံတဲ့အတိုင်းပဲ ဆိုပြီးတော့လည်း ကိုယ်နဲ့ မဆိုင်သလို ပြောကြသေးရဲ့။ ကံကိုချည်းပဲ ရိုးမယ်ဖွဲ့ကာ ပြောဆိုရမှာ မဟုတ်ပါ။ ကံကို ယုံပြီး ဆူးပုံကိုလည်း မနင်းသင့်ပါ။ ဆူးစူးမှာ သေချာပါတယ်။ ကံ မရှိရင် ဉာဏ်ရှိတိုင်း မွဲသတဲ့ အဆိုကို စွဲယူထားပြီး ဝီရိယ မစိုက်ထုတ်၊ ဉာဏ်ချွန်း မအုပ်ဘဲ အလုပ်မလုပ်ရင်တော့လည်း ဘာမှ ဖြစ်လာမှာ မဟုတ်ပါ။

ကံကို ကြမ္မာနဲ့ တွဲစပ်ပြီး ကံကြမ္မာလို့ ပြောကြတယ်။

ကံဟာ ဆန်းကြယ်နက်ရှိုင်းလေတာမို့ ကံမာယာလို့လည်း ဆိုကြတယ်။ ကံကို ဇာတ်ဆရာ (ဒါရိုက်တာ)နဲ့ တင်စားပြီး ကံဇာတ်ဆရာလို့လည်း ခေါ်ဝေါ်ကြသေးတယ်။

ဇာတ်ဆရာ၊ ဒါရိုက်တာက ဇာတ်ဆောင်မင်းသား မင်းသမီး စသူတွေကို သူလိုချင်တဲ့ သရုပ်ပေါ်အောင် အဖော်ခိုင်းသလို ကပြခိုင်းသလို ကံတရားဆိုတာကြီးကလည်း သတ္တဝါတွေကို လူတွေကို ငိုစေ၊ ရယ်စေ၊ မဲ့စေ ပြုံးစေ စေခိုင်းနေတာပဲ မဟုတ်လား။

ရုပ်သေးသဘင် ဝေါဟာရနဲ့ နှိုင်းယှဉ်ပြီးတော့လည်း ကံကို ကြိုးဆွဲဆရာကြီးလို့ သုံးနှုန်း ပုံခိုင်းကြပေသေးရဲ့။ ရုပ်သေးရုပ်များကို သူ့ရဲ့ ဇာတ်ရုပ်အတိုင်း လှုပ်ရှားကပြ ကြိုးဆွဲပေးရသလို ရုပ်သေးရုပ်နဲ့တူတဲ့ လူသားတွေကို ကံဆိုတဲ့ ကြိုးဆွဲဆရာကြီးက ကြိုးဆွဲပေးနေပါသတဲ့။

လက်ကြိုးဆွဲရင် လက်လှုပ်။
ဇက်ကြိုးဆွဲရင် ဇက်လှုပ်။

ဇာတ်လမ်းအရ တဲကုပ်ထဲဆင်းဆို ဆင်းရ၊ နန်းရင်ပြင်ပေါ် တက်ခိုင်းရင် တက်ရ၊ သပွက်အူ ဇာတ်လမ်း အလွမ်းအသော အပြော အငို အဆို အက သရုပ်ပီအောင် တင်ဆက်ကပြနေရပေတယ်လေ။

မောလို့လည်း မနားရ၊ ဒေါပွလို့လည်း မနေရ၊ သောကကို ရင်မှာပိုက် ကြိုးဆွဲဆရာအကြိုက် လိုက်နေရတယ်လေ။ ကံ ကြိုးဆွဲဆရာရဲ့ အမိန့်ကို မနာခံဘဲ တော်လှန်ငြင်းဆန်လို့လည်းမရ၊ ဘုမတောရဲပါ။ သူ့သဘောအတိုင်းသာ အသုံးတော်ခံနေရတယ်လေ။

ဘုမတောရဲပါ။ သူ့သဘောအထာကိုသာ ကြည့်နေရတယ်။ တုမပြောသာဘဲ သူ့ရဲ့ အဆွဲအလှုပ် အစီအစဉ်အရ အမြဲသရုပ်ပီပြင်အောင် ဘဝဇာတ်ခုံပေါ်မှာ ကပြ အသုံးတော်ခံနေရပုံကို ကဗျာဆရာ၊ စာရေးဆရာ မောင်သုဆွေ(သပြေရုံ)က ကြိုးဆွဲဆရာ ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ဖော်ထုတ်ဖွဲ့ဆိုထားပေရဲ့။ မြတ်ပန်းရဂုံမဂ္ဂဇင်း (အမှတ် ၂၂၃)မှာ ဖတ်ရှုခံစားမှတ်သားလိုက်မိပါတယ်။ ယခု စာဖတ်သူများလည်း ကဗျာ ရသ ခံစားနိုင်ရန် ဖော်ပြတင်ဆက်လိုက်ပါတယ်။

**ကြိုးဆွဲဆရာ**

* သူဟာ ကြမ္မာ
လူတကာမညှာ
မှု(ယာ)မာယာအချိုးတလွဲပြောင်း
ကြိုးဆွဲကောင်းတဲ့သူ။
* လက်ကြိုးဆွဲ လက်ပဲလှုပ်
ဇက်ကြိုးဆွဲ ဇက်လဲလှုပ်ရင်း
တဲကုပ်ထဲ လှမ်းဝင်လိုဝင်
နန်းရင်ပြင်အထက် ရောက်လို
ရောက်
ပွက်ပေါက်သပွတ်အူ။
* မဆွဲနဲ့ ပြောမရ
မကဲနဲ့ ဒေါထလည်း
မောလှလို့ မနားသာ
သောကတို့ တစ်ဖဝါးမခွာ
အားမနာ လျှာမကျိုးဘဲ
သာသာထိုးထိုး ပုံမှန်မှု
ပုန်ကန်သူတစ်ယောက်မှ မရှိ။
* ဘုမတောပါ
သူ့သဘော (သူ့)အထာရယ်လို့
တုမပြောသာ အဆွဲအလှုပ် အစီ
အစဉ်အရ
အမြဲသရုပ် ပီပြင်ရ၏။

ကံတရားကို ခံစား လက်ခံပြီး စံထားနိုင်တဲ့ ဘဝများဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။


မေတ္တာဖြင့်...

ဩမ္မာနေဇာ

www.burmeseclassic.com

# လင်းယဉ်ညတ်

## တိပိဋကဓရအရှင်နှင့် မဟာဗုဒ္ဓဝင်





www.burmeseclassic.com

www.burmeseclassic.com

မြန်မာ ကောဇာသက္ကရာဇ် ...၅ ခုနှစ်တွင် မြန်မာနိုင်ငံ ဗုဒ္ဓသာ...သမိုင်းအတွက် အားရနှစ်သက် ...မြောက်ဂုဏ်ယူဖွယ် မှတ်တိုင်ကြီး ...ကို ရေးထိုးနိုင်ခဲ့ပါသည်။ ခြောက် ...မြောက် တိပိဋကဓရ စာမေးပွဲကြီးမှ ...ဆုံးသော တိပိဋကဓရ အရှင်မြတ် ...း အောင်မြင်ဖြစ်ထွန်း ပေါ်ပေါက် ...ခြင်း ဖြစ်ပါသည်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် ...တ်ကတည်းကပင် ဗုဒ္ဓဘာသာ ...ဏာယုဝ အသင်းကြီးသည် ယဉ် ...ကို ဖြစ်စေသော ဗုဒ္ဓပိဋကတ် ...များကို ဦးစွာ မူကောင်း မူသန့် ...ရန် ထိုပိဋကတ်တော်တို့ကို မြန်မာ ...သို့ ပြန်ဆိုရန် ကိုယ်ကျင့်စာရိတ္တ ...ကျင့်မှုဆိုင်ရာ အချက်တို့ကို ပိဋ ...တော်များမှ ရွေးထုတ်၍ ကျမ်းစာ ...ဖြန့်ချိရန်ဟူသော ဦးတည်ရည် ...ားသည် တို့ကို အောင်မြင်စွာ ...ာင်အထည် ဖော်နိုင်ရန်အတွက် ...နိုင်ငံ တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်း ...ဦးစီးနာယက ဆရာတော်ကြီးများ၊ ...တ် ဆရာတော်ကြီးများအား ...လျှောက်ထားကြပြီး ဩဝါဒခံယူ ...နွေးတိုင်ပင်လျက် ဆရာဒကာ ...း စည်းလုံးညီညွတ်စွာ ပူးပေါင်း ...း ဆောင်ရွက်ခဲ့ကြပါသည်။

ပဉ္စမသင်္ဂါယနာတင် ကျောက် ...များနှင့် တိုက်ဆိုင်ညှိနှိုင်းတည်းဖြတ် ...အစဉ်အဆက်မှစ၍ ပေါ်ထွန်း ... အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် ...ကောင်း၊ သီဟိုဠ်၊ ယိုးဒယား ပိဋ ...များနှင့် လည်းကောင်း၊ ပေါ် ...ခဲ့သမျှသော သဒ္ဒါကျမ်းအစောင် ...နှင့်လည်းကောင်း၊ အကြိမ်ကြိမ် ... တိုက်ဆိုင်... ...ား တည်းဖြတ်ကြကာ ယခုအခါတွင် သင်ရိုးပိဋကတ်ဟု ခေါ်ဆိုတွင် သမုတ်ထားသည့်ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ အုပ်ရေအားဖြင့် နှစ်ဆယ်ရှိသော မူကောင်း၊ မူသန့်၊ မူချော ပိဋကတ်တော်များကို ရရှိပိုင်ဆိုင်နိုင်ခဲ့ကြပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် အသုံးပြုနိုင်ရန် ယင်းအုပ်ရေနှစ်ဆယ်ရှိသော မူကောင်း မူသန့် မူချော ပိဋကတ်တော်များကို ၁၃၁၃ ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လှူဒါန်းပေးအပ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရ ဂိုဏ်းပေါင်းစုံမှ ဦးစီးနာယကဆရာတော်ကြီးများ ကျမ်းတတ်ဆရာတော်ကြီးများ အမှူးပြုသော သံဃာထုနှင့် ပြည်သူလူထုတို့၏ အထောက်အပံ့ဖြင့် အလွှာပေါင်းစုံတို့၏ စည်းလုံးညီညွတ်စွာ အားတက်သရော ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြမှုကြောင့် ၁၃၁၆ ခုနှစ်က ကဆုန်လပြည့်နေ့မှ စတင်ကာ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို အစပြုနိုင်ခဲ့ကြပါသည်။ ဤဆဋ္ဌသင်္ဂါယနာတင်ခြင်း၏ ထူးခြားသော အမှတ်လက္ခဏာမှာ တိပိဋကဓရအရှင်မြတ်တစ်ပါးသည် ပထမသင်္ဂါယနာတင်စဉ်က အရှင်ဥပါလိထေရ်နှင့် အရှင်အာနန္ဒာထေရ်မြတ် နှစ်ပါးတို့ကဲ့သို့ သင်္ဂါယနာတင်ရာတွင် ဝိသဇ္ဇက ပုဂ္ဂိုလ်အဖြစ် ဖြေကြားတော်မူခဲ့ခြင်းပင်ဖြစ်သည်။

ဤသို့ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ထူးခြားပေါ်လွင်အောင် အမွှမ်းတင်ပေးခဲ့သော အရှင်မြတ်ကား မင်းကွန်းဓမ္မဒါနကျောင်းတိုက်မှ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ကြီးပင် ဖြစ်ပါသည်။

အရှင်မြတ်သည် ဆဋ္ဌသင်္ဂါယနာတင်ခြင်း အရေး၌ အားကြိုးမာန်တက် ကိုယ်စိတ်နှစ်ပါးကို နှစ်၍ အားထုတ်ဆောင်ရွက်ခဲ့ပြီးနောက် သက္ကရာဇ် ၁၃၁၈ ခုနှစ် သံဂါယနာအောင်ပွဲကြီးနှင့် သာသနာ (၂၅၀၀) ပွဲကြီး ကျင်းပပြီးစီးသွားသောအခါ မြန်မာလူမျိုးတို့နှင့် မြန်မာ ဗုဒ္ဓသာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော ဆဋ္ဌသင်္ဂါယနာဖွားဖက်တော် အပါအဝင်တစ်ခုဖြစ်သော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အားသွန်ခွန်စိုက် အားထုတ်ဦးစီး ရေးသားခဲ့ရာ ၁၃၂၂ ခုနှစ်တွင် အတွဲ(၆)တွဲ၊ အုပ်ရေ ရှစ်အုပ်ရှိသော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့မှ တာဝန်ခံပုဂ္ဂိုလ်တို့သည် ဤကျမ်းကြီးကို ဦးစီး၍ ပြုစုရေးသားချီးမြှင့်ပေးပါရန် အရှင်မြတ်အား အကြိမ်ကြိမ် ချဉ်းကပ်လျှောက်ထားတောင်းပန်ခဲ့ကြရပါသည်။ ၁၃၁၃ ခုနှစ်က ဝန်ကြီးချုပ် ဦးနုသည် နေအိမ်သို့ပင့်၍ ဆွမ်းကပ်လှူကာ ဗုဒ္ဓဝင် ကျမ်းကြီးတစ်ဆူ ရေးသားချီးမြှင့်ပေးသနားတော်မူရန် လျှောက်ထားတောင်းပန်ခဲ့ပါသည်။

ထိုအချိန်တွင် အရှင်မြတ်သည် ဝိနည်းပိဋကကိုသာ ပြန်ဆိုရေးဖြေပြီး အောင်မြင်သေး၍ ဆဋ္ဌသင်္ဂါယနာ မဟာသဘင်၌ တိပိဋကဓရပုဂ္ဂိုလ်အဖြစ် ပါဝင်ထမ်းဆောင်ရန် သင်္ဂါယနာတင်ရာတွင် တိပိဋကဓရအဖြစ် ပေါက်ရောက်အောင်မြင်ပြီး အချိန်ကိုက်ဖြစ်ရန် အားထုတ်ရန်အရေး ရှိနေသဖြင့် အရှင်မြတ်က ငြင်းပယ်ခဲ့ပါသည်။

ဝန်ကြီးချုပ်သည် ထပ်မံ၍အရှင်မြတ်၏ရဟန်းဒါယကာဦးသွင်မှတစ်ဆင့် ဗုဒ္ဓဝင်ကျမ်း ပြုစုရေးသားပေးပါရန် တိုက်တွန်း တောင်းပန်ထားပါသည်။ ၁၃၁၆ ခုနှစ် ပြာသိုလပြည့်နေ့တွင် အရှင်မြတ်သီတင်းသုံးရာ ဓမ္မရိပ်သာဇရပ်သို့ ဝန်ကြီးချုပ် ဦးနုသည် လာရောက်ပြန်ကာ ကိုယ်ပိုင်ထပ်မံ လျှောက်ထားပြန်သည်။ ထိုအခါ အရှင်မြတ်က ဆဋ္ဌသင်္ဂါယနာတင်ခြင်း ကိစ္စပြီးလျှင် ဦးစီးရေးသားပေးမည်ဟု ဝန်ခံပြောဆိုခဲ့ပါသည်။ တစ်ချိန်တည်းလိုပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ တာဝန်ခံ





www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်တို့သည်လည်း ရောက်လာကြပြီး ဗုဒ္ဓဝင်ဦးစီးနာယကအဖြစ် ရွက်ဆောင်ပေးပါရန် တောင်းပန် လျှောက်ထားလာကြပါသည်။

ထိုအခါ အရှင်မြတ်က ထိုပုဂ္ဂိုလ်တို့ကို (က) စေတနာ့ဝန်ထမ်းအဖြစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရလျှင်လည်းကောင်း (ခ) ရုံးကိစ္စအဝဝနှင့် မပတ်သက်စေလျှင်လည်းကောင်း (ဂ) စာပေကိစ္စသက်သက်တွင်သာ ဦးစီးခွင့်ရလျှင်လည်းကောင်း၊ ထိုအချက်သုံးချက်ကို သဘောတူလျှင် လက်ခံပြီးဟူ၍ ဖြစ်သည်ဟု မိန့်ကြားတော်မူရာ ထိုပုဂ္ဂိုလ်တို့မှာ ဝမ်းသာအားရ လက်ခံသဘောတူကြောင်း ပြန်ကြားလျှောက်ထားကြသဖြင့် နာယကတာဝန်ကို လက်ခံတော်မူခဲ့ပါသည်။

တစ်ဖန် ၁၃၁၇ခုနှစ် နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ်သည် တောင်းပန်လျှောက်ထားလွှာတစ်စောင်ကို ထပ်မံ တင်သွင်းခဲ့ပြန်သည်။ လျှောက်ကြားလွှာတွင် ဂေါတမဗုဒ္ဓဘုရားရှင်နှင့် ပတ်သက်သော ဖြစ်ရပ်များကို အပြည့်စုံဆုံး၊ စေ့စပ်သေချာမှုအရှိဆုံး ဖြစ်သော တိပိဋကတ်ဓရအရှင်မြတ်တစ်ပါးက ရေးသားချီးမြှင့်ပေးသော ဗုဒ္ဓဝင်ကျမ်းကြီးတစ်ဆူအဖြစ် ဖတ်ရှုပူဇော်ခွင့်ရရန် ဦးစီးရေးသားပေးပါရန် လျှောက်ထားရေးသား ပန်ကြားခဲ့ပါသည်။

ထိုအချိန်တွင် သင်္ဂါယနာကိစ္စ၊ သာသနာ (၂၅၀၀)ပွဲ ကိစ္စတို့ အားလုံးပြီးစီးပြီးဖြစ်ရာ အရှင်မြတ်သည် မဟာဗုဒ္ဓဝင်ကျမ်းကြီးပြုစုရေးတွင် စိတ်ရောကိုယ်ပါနှစ်၍ အားသွန်ကြိုးပမ်း ရေးသားခဲ့ရာ "ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာစသည်တို့နှင့် ဘာသာစကားပါဠိနှင့် မြန်မာမျှသာ ကွဲပြား၍ အဓိပ္ပာယ်အနက်သွားမှာ တစ်သားတည်း ဖြစ်သော" မဟာဗုဒ္ဓဝင်ကျမ်းကြီး တစ်ဆူပေါ်ပေါက်ခဲ့ရပါတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၆၀၀) ကျော်ခန့်က ပွင့်တော်မူခဲ့သည့် အတူမရှိအတုမရှိတော်မူသော ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်များမှ ဂုဏ်တော်တစ်ပါးကိုပင် ထုတ်နုတ်ကာ ဖွင့်ဆိုဖော်ပြရေးသားကြည်ညိုပူဇော်ကြမည်ဆိုလျှင် မိမိတို့စွမ်းရည်ရှိသလောက် ကြည်ညိုကြသလောက် ဖွင့်ဆို ကြည်ညိုရေးသားကြသော လူ၊ နတ်၊ ဗြဟ္မာတို့သည် ဂုဏ်တော်၏ဂုဏ်ရည်ကို ပြည့်စုံကုံလုံအောင် စွမ်းနိုင်ဖွယ် မရှိနိုင်ပါ။

သို့ဖြစ်ရာ ဗုဒ္ဓဘုရားရှင်နှင့် စပ်လျဉ်းသော (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဗုဒ္ဓ၏တရားတော်နှင့် စပ်လျဉ်းသော ဗုဒ္ဓ၏ သာဝက သံဃာတော်တို့နှင့်စပ်လျဉ်းသော အကြောင်းအရာ အချက်အလက်တို့ကို အပြည့်စုံဆုံး၊ အစေ့စပ်ဆုံး၊ အနီးစပ်ဆုံး၊ အမှန်ကန်ဆုံးဖြစ်အောင် မူရင်း ပိဋက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ကျမ်းများစွာတို့မှလည်းကောင်း၊ မြန်မာနိုင်ငံ သာသနာ့ သမိုင်းတစ်လျှောက်ပေါ်ပေါက်ခဲ့ကြသော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူကြသည့် သံဃာတော်အရှင်မြတ်ကြီးတို့ ပြုစုရေးသားတော်မူခဲ့သည့် ကျမ်းပေါင်းများစွာတို့မှလည်းကောင်း ထုတ်နုတ်ကိုးကားလျှက် ကျယ်ကျယ်ပြန့်ပြန့်၊ နံ့နံ့စပ်စပ် ရှင်းလင်း ပြေပြစ်စွာ ရေးသားစီရင်တော်မူနိုင်ခဲ့သော တိပိဋကဓရ အရှင်မြတ်၏ ပရိယတ္တိ စွမ်းရည်၊ ဉာဏ်ပညာစွမ်းရည်တို့ကို မဟာဗုဒ္ဓဝင်ကျမ်းကြီးအား ဖတ်ရှုလေ့လာ ကြည်ညိုရင်း အံ့သြချီးမွမ်းမကုန်နိုင်အောင် ကြည်ညိုအားရ ဖြစ်ကြရပါမည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီးအား ဖတ်ရှုလေ့လာမှတ်သားလိုက်နာခြင်းဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းအကျိုး၊ သောကငြိမ်းအေးခြင်းအကျိုး၊ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော သမ္ပတ္တိအကျိုးတို့ကို ဧကန်အမှန်ပင် ပေးစွမ်းနိုင်သည်ဖြစ်ကြောင်း ကျမ်း၏ နိဒါန်းပိုင်းတွင် အရှင်မြတ်က မိန့်တော်မူခဲ့ပါသည်။ ဤကျမ်းကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုလေ့လာမှတ်သားကြမည်ဆိုလျှင် အရှင်မြတ်မိန့်ကြားခဲ့သည့်အတိုင်း တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍အသိပွားလေ အကျိုးများ ခံစားရလေဆိုသည်ကို မလွဲမသွေသိရှိခံစားကြရမည် ဖြစ်ပါသည်။

အရှင်မြတ်၏ အဓိက စာပေမှတ်တိုင်ကြီးဖြစ်သော မဟာဗုဒ္ဓဝင်ကျမ်းကြီးမှ အနည်းငယ်စီ အနည်းငယ်စီ ထုတ်နုတ်ရယူဖော်ပြရင်း ၁၃၇၃ ခုနှစ်တွင် သက်တော်ရာပြည့်ရှိခဲ့သည့် တိပိဋကဓရ အရှင်မြတ်ကြီးအား တတ်စွမ်းနိုင်သမျှအားဖြင့် ကြည်ညိုပူဇော်အင်ပါသည်။

နုစဉ် စာသင်သားဘဝကတည်းကပင် အခြား အခြားသော စာသင်သားတို့ထက် ပိုမို၍ နေ့စဉ် စာဝါများကို ကျက်မှတ်နိုင်စွမ်းရှိပုံ၊ တိပိဋကဓရ စာမေးပွဲကြီး၌ ရေးဖြေနှင့် အာဂုံပြန်ဆိုဖြေကြားရာတွင် ဆိုင်ရာဆိုင်ရာ အပိုင်းကဏ္ဍအလိုက် အထောက်အမလွတ် အာဂုံဆောင်ခဲ့သလို ကွဲလွဲချက်များတွေ့ရှိပါက ဆိုင်ရာမူရင်း ပိဋကတော်များ၊ အဋ္ဌကထာဋီကာများ၊ သီဟိုဠ်မူ မြန်မာမူတို့ဖြင့် ရှိသော ကျမ်းအစောင်စောင်တို့နှင့် ညှိနှိုင်းတိုက်ဆိုင်ကာ မည်သည့်ကျမ်းက မည်သို့ဆိုသည်၊ မည်သည့်အဆိုက အသင့်လျော်ဆုံး အနီးစပ်ဆုံး အမှန်ကန်ဆုံးဖြစ်မည်ဟု သုံးသပ်ရှင်းပြ ဆုံးဖြတ်ပေးရင်း ပြန်ဆိုဖြေကြားခဲ့ရာ အထောက်အမ ဆရာတော်ကြီးများနှင့် စာစစ်ဆရာတော်ကြီးများမှာ အံ့သြချီးကျူးမဆုံးဖြစ်ကြရကာ ဂုဏ်ထူးဝိသိဋ္ဌပြုခဲ့ကြ ပူဇော်ခဲ့ကြပါသည်။

ရေးဖြေ ဖြေဆိုတော်မူရာတွင်လည်း ကဏ္ဍတိုင်းအတွက် ဂုဏ်ထူးမှတ်ကျော်ရုံမက အမှတ်ပေါင်း (၉၅)ကျော်ရရှိသည်အထိ ပရိယတ္တိစွမ်းရည်ပြတော်မူခဲ့ပါသည်။ ထိုသို့ စွမ်းရည်ကို နောင်အနှစ်နှစ်ဆယ်ခန့် ၁၉၇၄ ခုနှစ်တွင် အပြည့်အဝ ရှိနေသေးကြောင်း ပြ
သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်တွင် တိပိဋကဓရအရှင်မြတ် လေးပါးအထိ ပေါ်ထွန်းလာခဲ့ပြီးဖြစ်ရာ ထိုအရှင်မြတ်တို့အား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂုဏ်ပြု ပူဇော်ကြရာပွဲသဘင်၌ အရှင်မြတ်သည်ပိဋကတော်တို့ကို အမှားအယွင်း အပိုအလိုမရှိ ဆောင်နိုင်ဆဲဖြစ်ကြောင်း ပြသခဲ့ပါသည်။

သို့ဖြစ်ရာ အရှင်မြတ်၏ ထက်မြက်ထူးခြားလှသည့် ပင်ကိုစွမ်းရည်ဉာဏ်ပညာတော်အား တိုင်းသူပြည်သား ရှင်လူအများ ကြည်ညိုရင်းထက်၍ကြည်ညိုမဆုံး ပီတိဖုံးခဲ့ကြရပါသည်။

ဤမဟာဗုဒ္ဓဝင်ကျမ်းကြီးသည် ...တို့နှင့်အတူတကွ အမြဲကပ်ဆောင်...ပြီး အထပ်ထပ်အခါခါ ဖတ်ရှု လေ့...မှတ်သားကာ နားလည်သမျှကို ...တွေ့လိုက်နာ ကျင့်သုံးရမည့် လမ်း...ညွှန်ကျမ်းကြီးမျိုး ဖြစ်ပါသည်။ တစ်...ကြိမ်တို့၍ ဖတ်မိတိုင်း ယူစရာ မှတ်စရာ ...တ်နာစရာတို့ ထပ်၍ တွေ့ရမြဲဖြစ်...သည့် ကျမ်းမျိုးဖြစ်ပါသည်။

မည်သည့်အခါမျှ ဖတ်၍ ရိုး...သွားသည်ဟူ၍ မရှိနိုင်သော ကျမ်းမျိုး...ဖြစ်သည်။ တိုး၍ တိုး၍ ဖတ်ရှုလေလေ ...ကျမ်းစာသားမှတစ်ဆင့် ကျမ်းပြု အရှင်...မြတ်၏ဂုဏ်ကျေးဇူးစွမ်းရည်တို့ကို အံ့သြ...မဆုံး ကြည်ညိုမဆုံးဖြစ်ကာ နှစ်သက်...လန်းခြင်း၊ အားရခြင်း ဖြစ်စေမည့် ...ကျမ်းမျိုးလည်း ဖြစ်ပါသည်။

ထုတ်နုတ်ကိုးကားသည့် ကျမ်း...ညွှန်းပေါင်း တစ်ရာခန့်ကိုလည်း အရှင်...မြတ်က ကျမ်းစာသားများနှင့် တွဲလျက်...ညွှန်းပေးကာ အကျယ်တဝင့် လေ့...လာ ဖတ်ရှုနိုင်အောင် လမ်းညွှန်ပေး...ထားပါသည်။ မူရင်း ပိဋကပါဠိတော်၊ ...အဋ္ဌကထာဋီကာ စသည်တို့ကိုသာမက ...မြန်မာနိုင်ငံသာသနာသမိုင်းတစ်လျှောက်...ပေါ်ပေါက်ခဲ့သော အားကိုး အားထား...ပြုခဲ့ကြရသော ဆရာတော်ကြီးများ၏ ...ကျမ်းပေါင်းများစွာ၏ အမည်တို့ကို တွေ့ရှိနိုင်သည့် ဗုဒ္ဓပိဋက စာပေလမ်းညွှန် ကျမ်းကြီးတစ်ဆူအဖြစ်လည်း အားထားနိုင်မည် ဖြစ်ပါသည်။

အရှင်မြတ်ကြီးသည် ဗုဒ္ဓဘုရားရှင်နှင့် ပတ်သက်စပ်ဆိုင်သော အရေးအမှုကိစ္စတို့တွင် မည်မျှ ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် သိရှိလေ့လာ တတ်ကျွမ်းထားကြောင်း ပြသထားသည့် ကျမ်းလည်း ဖြစ်ပါသည်။

ဤကျမ်းတွင် ဝေါဟာရတစ်လုံး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြချက်မှသည် ဗုဒ္ဓဘာသာဝင်တို့အတွက် နားလည်သင့် သိသင့်သော တရားသဘောအကြောင်းအရာတို့ကို ဆိုင်ရာဆိုင်ရာအလိုက် မူရင်းပိဋက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ၊ သီဟိုဠ်မူ မြန်မာမူ စသည်တို့ဖြင့် ရှိနေကြသော ကျမ်းပေါင်းများစွာတို့နှင့် တိုက်ဆိုင် ညှိနှိုင်းထုတ်နုတ်ကာ ရှင်းလင်းရေးသားပြုစုပေးခဲ့ပါသည်။

ထို့ပြင် စောဒကတက်ဖွယ် အချက်များ၊ ကွဲလွဲချက်များကိုလည်း ကျေနပ်လက်ခံသဘောကျသည့် အဖြေများရသည်အထိ ကျမ်းအမျိုးမျိုးမှ ထုတ်နုတ်ဖြေဆို ရှင်းလင်းဆုံးဖြတ်ပေးတော်မူထားပါသည်။

ပင်ကိုစွမ်းရည် ဉာဏ်ပညာထက်မြက်ပြီး ကျမ်းစာတို့၌ နှံ့စပ်ကျယ်ပြန့်စွာ သိရှိနားလည် တတ်ကျွမ်းထားသော တိပိဋကဓရ အရှင်မြတ်တစ်ပါး၏ ဗုဒ္ဓဘာသာဝင်နိုင်ငံသူ နိုင်ငံသားတို့အတွက် ကြီးမြတ်သော ကရုဏာ စေတနာထားကာ ကြိုးပမ်းပြုစုခဲ့သော ဤကျမ်းကြီးမှ အရှင်မြတ်၏ သွန်သင်ညွှန်ပြချက်များကို ဆိုင်ရာ ဆိုင်ရာ ကဏ္ဍအလိုက် အနည်းငယ်စီ အနည်းငယ်စီ ထုတ်နုတ်ဖော်ပြရင်း အရှင်မြတ်အား ကြည်ညိုပူဇော်ကြပါစို့။

❖

ဗုဒ္ဓဘာသာဝင် တစ်ဦးအဖို့ သရဏဂုံတည်ခြင်းသည် အရေးအကြီးဆုံးသော မူလ အစရင်းပင် ဖြစ်သည်။ သရဏဂုံနှင့်စပ်၍ အရှင်မြတ်၏ မိန့်ကြားထားမှုကို အနည်းငယ်ထုတ်နှုတ်ဖော်ပြပါမည်။ သတ္တဝါတို့၏ ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန် (ရတနာသုံးပါး)သည် ကိုးကွယ်ရာ (သရဏ) မည်ပါသည်။ ထိုရတနာသုံးပါး၌ ကြည်ညိုခြင်း၊ အလေးအမြတ်ပြုခြင်းတို့ဖြင့် ညစ်ညူးကြောင်း အကုသိုလ်တရားတို့ကို ဖယ်ရှားလျက် ထိုရတနာသုံးပါး၌ ညွတ်ကိုင်းရှိုင်းသော အခြင်းအရာဖြင့် ဖြစ်သော မဟာကုသိုလ် စိတ်၊ စေတသိက်၊ (ရဟန္တာတို့အဖို့ရာ)မဟာကြိယာ စိတ်၊ စေတသိက်၊ (မဂ္ဂဋ္ဌအရိယာတို့အဖို့ရာ) မဂ် စိတ်၊ စေတသိက်၊ ဤတရားစုတို့သည် သရဏဂုံ မည်ပါသည်။

ထို စိတ်၊ စေတသိက်တရားစုနှင့် ပြည့်စုံသောသူသည် သရဏဂုံတည်သူ မည်ပါသည်။ လောကုတ္တရာသရဏဂုံနှင့် လောကီသရဏဂုံဟူ၍ နှစ်မျိုးရှိ၏။ လောကုတ္တရာသရဏဂုံဟူသည် မဂ်စိတ် စေတသိက် တို့ကို ခေါ်သည်။ ယင်း မဂ်စိတ်၊ စေတသိက်တို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကြရာ သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့ကို အကြွင်းမထား၊ အမြစ်ပြတ်ပယ်သတ်လျက် ဖြစ်ကြလေသည်။

ရတနာသုံးပါး၏ ဝတ္ထုမှန်အဖြစ်ကို သိခြင်းကိစ္စ ပြီးပြီးသားဖြစ်သကဲ့သို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာတည်းဟူသော သစ္စာသုံးပါးတို့ကိုလည်း သိခြင်းကိစ္စ ပြီးပြီးဖြစ်ရကား နိဗ္ဗာန်ကိုသာ အာရုံပြုခြင်းရှိသည်။ ညစ်နွမ်းမှုမရှိ အမြဲတစေ သန့်ရှင်းစင်ကြယ်၏။

လောကီသရဏဂုံသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို အာရုံပြု၍ ဖြစ်ရှိ ပြည့်စုံသည်။





www.burmeseclassic.com

www.burmeseclassic.com

ရတနာသုံး [illegible] လျှင် အရင်းခံရှိသော သမ္မာဒိဋ္ဌိ (ပညာစေတသိက်)ပင်ဖြစ်သည်။ ဒိဋ္ဌိဇုကမ္မဟုလည်း ခေါ်ဆိုအပ်၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိရှိ၍ နှုတ်မြွက်ဆောက်တည်ခံယူအပ်သော သရဏဂုံသည် ဉာဏသမ္ပယုတ်သရဏဂုံ ဖြစ်သည်။ မိဘ အစရှိသူတို့က တိုက်တွန်းသဖြင့် ကလေးသူငယ် အစရှိသောသူတို့၏ နှုတ်မြွက်ခံယူ ဆောက်တည်အပ်သော သရဏဂုံသည် ဉာဏဝိပ္ပယုတ်သရဏဂုံ ဖြစ်သည်။ သို့ဖြစ်ရာ ရတနာသုံးပါးတို့၌ ဂုဏ်ကျေးဇူးကို မသိခြင်း၊ ယုံမှားခြင်း၊ အလွဲလွဲအမှားမှား စွဲယူမှတ်ထင်ခြင်း စသည်တို့ကြောင့် လောကီ သရဏဂုံသည် ညစ်နွမ်း၏။အရောင်မလက် မပြန့်ပြူး မကြီးကျယ်ချေ။

လောကုတ္တရာ သရဏဂုံတည်ပြီး အရိယာပုဂ္ဂိုလ်တို့သည် တမလွန်လောက ဟိုဘဝ၌သော်လည်း ရတနာသုံးပါးမှ တစ်ပါး အခြားသူကို ဆရာဟူ၍ မညွှန်ပြတော့သည့်အတွက် ဘယ်သော အခါမှာမှ ပျက်စီးသောဟူ၍ မရှိတော့ချေ။ လောကီ သရဏဂုံတွင် ခန္ဓာကိုယ်စုတေ ပြတ်ကြွေသေသဖြင့် သရဏဂုံပျက်ခြင်းကား တဏှာဒိဋ္ဌိ အစရှိသော အကုသိုလ် အပြစ်တရားများ မပါရှိ၍ အပြစ်မရှိသော ပျက်စီးခြင်း ဖြစ်၏။

သို့သော် ရတနာသုံးပါးမှတစ်ပါး အခြား တိတ္ထိဆရာ၊ အခြား မစစ်မမှန်သည့် ဘုရားအမည်ခံ၊ ဆရာအမည်ခံ သံဃာအမည်ခံများကို စစ်မှန်သော ရတနာများအနေဖြင့် မှတ်ယူပြီး . . . (က) မိမိကိုယ်ကို အပ်နှင်းသော အခြင်းအရာအားဖြင့်လည်းကောင်း၊ (ခ) လဲလျောင်း ညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့်လည်းကောင်း (ဂ)တပည့်အဖြစ်သို့ကပ်ရောက်သော အခြင်းအရာအားဖြင့်လည်းကောင်း (ဃ) အလွန်အမင်း အရှိအသေပြုသော အခြင်းအရာအားဖြင့်လည်းကောင်း၊ ဤသို့ [illegible] အခြင်းအရာဖြင့် ဆည်းကပ် ကိုးကွယ်လျှင် သရဏဂုံပျက်ရုံသာမက တဏှာဒိဋ္ဌိ အစရှိသော အကုသိုလ် အဖြစ်တို့နှင့်လည်းတကွ ဖြစ်သောကြောင့် မကောင်းသော ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ရကြမည်ဖြစ်သည်။ သို့ဖြစ်ရာ သရဏဂုံမပျက်ယွင်းကြရအောင် ဗုဒ္ဓဘာသာဝင်တို့သည် အရှင်မြတ်ညွှန်ပြတော်မူသည့်အတိုင်း ဆည်းကပ်မှုပြုကြရာတွင် သတိရှိရှိ အသိမှန်မှန်ဖြင့် ကြိုးစားကြရမည် ဖြစ်ပါသည်။

အရိယာ ပုဂ္ဂိုလ်များကို မဆိုထားနှင့် အရိယာမဟုတ်သော်လည်း ဗုဒ္ဓဘုရားရှင်၏ တရားတော်တို့ကို နှံ့စပ်စွာ လေ့လာဆည်းပူး တတ်သိကျွမ်းကျင်တော်မူသော သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများသည် ဘုရားရှင်အား ဘုရားဖြစ်မှသာမဟုတ်၊ ဘုရားမဖြစ်မီ ပါရမီဖြည့်ကျင့်ဆဲ ကာလ ဗုဒ္ဓအလောင်းအလျာ အဖြစ်ဖြင့်ပင် အလွန်ကြည်ညိုလေးစားမြတ်နိုးတော်မူကြပါသည်။

ဗုဒ္ဓပူဇ ဒုလ္လဘ အခန်းတွင် အရှင်မြတ် ရေးသားရှင်းပြထားသည်ကို ဖတ်ရှုကြည့်လျှင် ထိုပုဂ္ဂိုလ်ကြီးများ နည်းတူဖြစ်ကြရပါလိမ့်မည်။ ဤအခန်းတွင် ဘုရားအလောင်းအလျာပုဂ္ဂိုလ်ကြီးများ၏ဖြစ်စဉ် ထိုပုဂ္ဂိုလ်တို့၏ လုပ်ငန်းစဉ် ကိစ္စပြီးမြောက်၍ ဗုဒ္ဓအဖြစ်သို့ရောက်ပြီး ဗုဒ္ဓ၏ နေ့စဉ်လုပ်ငန်းရပ်များကို အားရကြည်ညိုစွာ ဖတ်ရှုပူဇော်နိုင်ပါသည်။

"ဃောသောပိခေါ ဧသော ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ" မြတ်စွာဘုရား မြတ်စွာဘုရား ဟူသောအသံကိုမျှပင်သော်လည်းလောက၌ ကြားရခဲကြောင်း သိလာပါမည်။ ဘုရား တစ်ဆူဆူထံ၌ ဘုရားဆုပန် ဗျာဒိတ်ခံယူခွင့်ရသော အလောင်းအလျာအဖြစ် ရရန်ကား ပို၍ခဲယဉ်းပေသည်။ ဗုဒ္ဓဘုရားတစ်ဆူ ပွင့်ချိန်နှင့်ကြုံကြိုက်ရန်လည်း အလွန်ခဲယဉ်း [illegible]ကြောင်း သိလာကြပါလိမ့်မည်။ သို့ဖြ[...]ရာ ဗုဒ္ဓဘုရား တစ်ဆူ တစ်ဆူပွင့်[...] အရေးသည် မည်မျှခက်ခဲလိမ့်မည်[...] မှန်းဆကြည်ညိုမဆုံးနိုင် ဖြစ်ကြပါလိ[...] မည်။

ဘုရားဆုပန် ဗျာဒိတ်ခံရပြီး ဖြ[...] သော အလောင်းတော်ကြီးများ၏ နှလုံ[...] ရည်ကိုလည်း ပူဇော်ကြည်ညိုတတ်[...] အရှင်မြတ်က ရေးသားပေးထားပါသေ[...] သည်။

ဗျာဒိတ်ခံပြီး အလောင်းတော[...] တို့သည် ဘဝတည်းဟူသော ခရီး[...] ခရီးခက်၌ ကျရောက်၍ ဇာတိ၊ ဇရာ[...] ဗျာဓိ၊ မရဏ စသော ဒုက္ခများ၊ လူ့ပြည်[...] လောက၌ တွေ့ကြုံခံစားနေကြရသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ဖြင့် ကိုးကွယ်ရာ[...] မဲ့ ဆင်းရဲဒုက္ခရောက်မှန်းမသိ ရောက်[...] နေကြသော သတ္တဝါတို့ကို မြင်တော်မူ[...] ကြသောအခါ ထိုသတ္တဝါတို့အတွက် မဟာကရုဏာစိတ်ဖြစ်ကာ ပြင်းထန်စွာ[...] နှလုံးတုန်လှုပ်တော်မူကြသည်။

ယင်း မဟာကရုဏာတော်၏ စေ့ဆော်တိုက် တွန်းချက်ကြောင့် ထိုလူ[...] အပေါင်းနှင့် ထိတွေ့ရပြီး ထိုသူတို့က[...] မိမိတို့အပေါ် လွှမ်းမိုးနှိပ်စက်ပြစ်မှား[...] မှုများ ပေါ်ပေါက် တွေ့ကြုံရသောအခါ[...] ရရှိလာမည့် ဆင်း ရဲဒုက္ခတို့ကို သည်း[...] ခံကာ သနားကရုဏာစိတ်သာ ပွား[...] တော် မူတတ်ကြပါသည်။

ပွားတော်မူကြပုံမှာ ငါ၏အပေါ်[...] ဝယ် ပြစ်မှားခြင်းပြုကြသော ဤသူတို့[...] ဖြင့် အဘယ်မမှုအံ့နည်း၊ ငါကား ဤသူ[...] တို့ကိုပင် ဝဋ်ဆင်းရဲမှ လွတ်စေအံ့ဟု[...] ကြံ၍ ပါရမီတို့ကို အားထုတ်ဖြည့်ကျင့်[...] သူ စင်စစ်အမှန် ဖြစ်သည်။ မောဟ၏ အာနုဘော်ကားကြီးလှ၏တကား၊တဏှာ၏အားအစွမ်းကား ကြီးလှ၏တကား။ ငါသို့စင် ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာဆင်းရဲမှလွတ်စေရန် အားထုတ်သောသူအားပင်သော်လည်း ဤသူတို့[...] သည် လောဘ၊ မောဟ ဖိစီးသ[...] ထိုသို့ ကြီးမားသောပြစ်မှားမှု[...] ပြုရာ

www.burmeseclassic.com

ကြမိ၏။ ထိုအပြစ်ကြောင့် ထိုသူတို့အား ကြီးစွာသော ဆင်းရဲဒုက္ခ ဖြစ်ပေလိမ့်မည်။ ဤသို့ လောဘ၊ မောဟ ဖိစီးခံနေရသဖြင့် အနိစ္စကိုပင် နိစ္စ၊ ဒုက္ခကိုပင် သုခ၊ အနတ္တကိုပင် အတ္တ၊ အသုဘကိုပင် သုဘဟု အထင်အမြင် မှားနေကြသော ဤသတ္တဝါတို့ကို ဘယ်ပုံ ဘယ်နည်းဖြင့် အကြောင်းနှင့်တကွသော ဆင်းရဲဒုက္ခမှ ထုတ်ဆယ် ကယ်တင်ရပါမည်နည်းဟု ကယ်တင်နိုင်ကြောင်း ဥပါယ်ကောင်းသော ရှာဖွေစဉ်းစားတော်မူကြသည်။

ထိုအခါ သည်းခံခြင်း ခန္တီတရားသည်သာလျှင် ထိုသတ္တဝါတို့အား အနှောင်အဖွဲ့မှ ငါလွတ်စေနိုင်၊ ကယ်ချွတ်နိုင်မည့်နည်းဟု အမှန်ကို သိကြပြီး မိမိအပေါ် မလျော်ပြစ်မှားမှု အပေါ် အနည်းငယ်မျှ အမျက်မထွက်ဘဲ ရှေးကပြုမှားခဲ့သော အကုသိုလ် မကောင်းမှုကံ အစွမ်းကြောင့် ဤယခု ဆင်းရဲကို ငါခံရအပ်ပေသည်။ ငါကိုယ်တိုင်ကပင် ရှေး အခါက အကုသိုလ်အမှု ပြုမှားခဲ့သောကြောင့် ဤဆင်းရဲဒုက္ခသည် ငါ့အား လျော်လှပေ၏။ ငါသည်ပင် အပြစ်ရှိအောင် ပြုခဲ့သောသူဖြစ်ချေ၏ဟု ထိုသူတို့၏ အပြစ်ကို မိမိတို့၏ အပေါ်၌သာ အပြစ်ဖို့တော်မူကြပြီးလျှင် သည်းခံမှ ထိုသူတို့ကို ငါ ကယ်ချွတ်နိုင်မည်။

အကယ်၍ ငါကား ပြစ်မှားသူကို တစ်ဖန် ပြစ်မှားပြန်ငြားအံ့၊ ငါသည် လည်း ထိုသူတို့ကဲ့သို့ပင် ဖြစ်ချေတော့မည်၊ ထိုသို့ဖြစ်လျှင် ငါသည် ထိုသူတို့ကို ဘယ်ပုံဘယ်နည်းဖြင့် သံသရာဆင်းရဲမှ လွတ်စေနိုင်တော့မည်နည်း။ လွတ်စေနိုင်တော့မည် မဟုတ်။

သို့ရကား ငါသည် ခပ်သိမ်းသော အားအစွမ်းတို့၏ အခြေခံမူလဖြစ်သော သည်းခံခြင်း ခန္တီအား အစွမ်း၌ တည်ပြီးလျှင် ထိုသူတို့၏အပြစ်ကို မိမိ အပေါ်၌သာတင်၍ သည်းခံပြီးလျှင် ဉာဏ်၊ ကရုဏာတရားတို့ ရှေ့သွားပြုလျက် ပါရမီတို့ကို ဖြည့်ကျင့်ပေအံ့။ ထိုသို့ ပါရမီတို့ကို ဖြည့်ကျင့်မှသာလျှင် သဗ္ဗညုဘုရားဖြစ်ချေမည်။ ဘုရားဖြစ်မှသာလျှင် ခပ်သိမ်းသော သတ္တဝါတို့ကို အကြောင်းနှင့်တကွသော ဆင်းရဲဒုက္ခမှ ထုတ်ဖော်ကယ်တင်ခြင်းငှာ ငါစွမ်းနိုင်ချေမည်ဟု နှလုံးသွင်းတော်မူကြသည်။ ကြည်ညိုဖွယ် ကောင်းလိုက်ပါဘိ။

မဟာဗုဒ္ဓဝင်ကျမ်းတွင် အရှင်မြတ်သည် ဗုဒ္ဓဘုရားရှင်နှင့်ပတ်သက်၍ အသေးအဖွဲ့ အရေးမကြီးဟု ယူဆထားရသော အကြောင်းအရာမျိုးကိုပင် မကျန်ရအောင် စေ့စပ်ပြည့်စုံစွာ ရှင်းလင်းရေးသားပေးခဲ့ပါသည်။ အနည်းငယ် ထုတ်နုတ်ဖော်ပြပါမည်။

အက္ခဏ (ရပ်ပြစ်) ရှစ်ပါးတွင် စတုတ္ထအက္ခဏအရကို အင္ဂုတ္တိုရ်ဝါတ၊ အင်္ဂုတ္တရအဋ္ဌကထာ၌ အသညသတ်ဘုံသာ ဖွင့်ပြသည်။ ဇိနာလင်္ကာရဋီကာ၌ကား အရူပဘုံ၌ ဖြစ်ခြင်းကို ပူးတွဲထည့်သွင်း ရေတွက်ပြထားသည်။ ဤကွဲလွဲချက်ကို အရှင်မြတ်က အောက်ပါအတိုင်း ရှင်းပြထားပါသည်။

အရူပဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်စသော အထက်အရိယာပုဂ္ဂိုလ်ခုနစ်ပါး၊ ပုဂ္ဂိုလ်ရှစ်ပါး ရရှိသည့်အနက် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည်သာ ပရတောဃောသ (သူတစ်ပါးထံမှ တရားသံကို ကြားနာရခြင်း) အကြောင်းချို့တဲ့၍ မဂ်ဖိုလ်ရနိုင်ခွင့် အလျှင်းမရှိ။

သို့သော် အရူပဘုံသို့ ရောက်ကြသော အထက်ဖလဋ္ဌပုဂ္ဂိုလ်တို့သည်ကား အရူပဘုံသို့မရောက်ခင် ရှေးဘဝကာမဘုံ ရူပဘုံတို့၌ ဖြစ်ခဲ့စဉ်က ကျင့်ကြံပွားများခဲ့သော ဝိပဿနာနည်းလမ်းများဖြင့် ဆက်လက်ပွားများ အားထုတ်ကြ၍ အထက်မဂ်ဖိုလ်တို့ကို ရရှိနိုင်ကြမြဲဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာတို့၌ အရူပဘုံကို အက္ခဏစာရင်းမသွင်းခြင်း ဖြစ်သည်ဟု ရှင်းပြတော်မူခဲ့သည်။

တစ်ဖန် ဗျာဒိတ်ခန်းမှ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ရှင်ရသေ့ကို လက်ယာဘက်မှထားကာ ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်ခဲ့ပြီးမှ ကြွသွားသည် ဟူသောအချက်ကို စောဒကတက်ကြသည်။ ဘုရားစင်စစ်ဖြစ်တော်မူသော ဒီပင်္ကရာ အရှင်မြတ်က အလောင်းအလျာမျှသာ ရှိသေးသော သုမေဓာရှင်ရသေ့အား ပန်းဖြင့်ပူဇော်သည်ဟု ဆိုခြင်းမှာ မသင့်လျော်ဟု ဆိုကြသည်။

မြတ်စွာဘုရားရှင်သည် ရှင်ရသေ့ကို ရည်ရွယ်သည်မဟုတ်၊ နောင်ဂေါတမဘုရားဖြစ်သောအခါ ရရှိမည့် သဗ္ဗညုတ ဉာဏ်တော်ကိုသာ ရည်ရွယ်၍ ပူဇော်သည်ဟူသော ဖြေကြားပေးမှုကိုလည်း အချို့က မကျေလည်ကြပေ။ အရှင်မြတ်က အားလုံး လက်ခံသဘောတူလာအောင် အောက်ပါအတိုင်း ဖြေရှင်းပေးခဲ့ပါသည်။

ပူဇော်သည်ဟူသော စကား၏ အဓိပ္ပာယ်ကို လူနတ်တို့က ဘုရားရှင်တို့အား ရှိခိုးပူဇော်သည် ဟူသောစကား၌ ပါသည့် ပူဇော်ဟူသော စကားနှင့် အဓိပ္ပာယ်တူယူဆထားကြသောကြောင့် ဤသို့ဖြစ်ရသည်။ အများသိသည်ကား ပူဇော်ဟူသော စကားရပ်မှာ အလွန်ရိုသေ မြတ်နိုးရှိခိုးပါသည်ဟု မှတ်ယူခြင်းဖြစ်သည်။ ယခု ပြဿနာတွင် ပါသော ပူဇော်၏အဓိပ္ပာယ်ကို စဉ်းစားရန် လိုသည်။

ပူဇာ ဟူသော ပါဠိမှ ပူဇော် ဟူသော မြန်မာဝေါဟာရ ဖြစ်လာခဲ့ရာ ခုဒ္ဒကပါဌအဋ္ဌကထာ၌ ပူဇော်ဟူသော ပါဠိကို ပူဇာတိ သက္ကာရ မာနန ဝန္ဒနာဟူ၍ ကောင်းစွာပြုခြင်း၊ အမြတ်တနိုးပြုခြင်း၊ ရှိခိုးခြင်း တို့ကို ပူဇာ ခေါ်ကြောင်း ဖွင့်ပြထားပါသည်။

ဒီပင်္ကရာဘုရားရှင်က သုမေဓာရှင်ရသေ့အား ပန်းရှစ်ဆုပ်ဖြင့် ကောင်းစွာပြုပေသည်။ အမြတ်တနိုး ပြုလုပ်သည်ဟု ယူလိုက်ရပါမည်။ သို့မှသာ ဘုရားရှင်က ရသေ့အားရှိခိုးခြင်းသဘော



www.burmeseclassic.com

www.burmeseclassic.com

မရတော့ဘဲ ကောင်းစွာ အမြတ်တနိုး ပြုသည်ဟူသော သဘောရသွားကာ တစ်စုံတစ်ရာ ဆန့်ကျင်ဖွယ် မရှိနိုင်တော့ပါ။

အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်း၌ ဘုရားသည် ပူဇော်အပ်သော တရားတော်ကို ရှိခိုးပါ၏ဟု ပြဆိုထားရာ ဘုရားရှင်က တရားတော်အား ပူဇော်ခြင်းဟူသည် ကောင်းစွာ နှလုံးသွင်း မှီဝဲခြင်း၊ ကောင်းစွာ စိတ်ထဲ၌ ပွားများခြင်း၊ အကြိမ်ကြိမ် နှလုံးသွင်းခြင်း၊ ကောင်းစွာ ဆင်ခြင်ခြင်း၊ ဝေနေယျတို့အား တရိုတသေ တရားဟောခြင်း၊ တရားတော်ကို ချီးမွမ်းခြင်း စသည့် အနက်ဆောင်ပါသည်။

ပစ္စည်းတစ်စုံတစ်ခုကို လှူဒါန်းခြင်း မဟုတ်ဟူ၍ မဏိသာရမဉ္ဇူသာ အမည်ရှိ ဋီကာကျော် အဖွင့်ကျမ်း၌လည်း ပြသထားကြောင်း အရှင်မြတ်က ဖြေကြားတော်မူခဲ့ပါသည်။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူခဲ့ကြပြီးကုန်သော ဘုရားရှင်တို့သည် ဗျာဒိတ်ခံယူပြီး ဘုရားအလောင်းအလျာဘဝ၌ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့ကြရပါသည်။

ထိုသို့သော အလောင်းတော်ကြီးများ၏ထုံး နှလုံးမူကာ လိုက်နာကျင့်ကြံ ကြိုးစားအားထုတ်ကြပြီး သံသရာခရီးဆက်ကြရာတွင် တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့် ဉာဏ်လည်း ရင့်သထက်ရင့်ကာ မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြရန်အတွက် အရှင်မြတ်သည် ပါရမီဆယ်ပါးနှင့် ပတ်သက်သော အကြောင်းအရာများကို မဟာဗုဒ္ဓဝင်ကျမ်း (ပ)တွဲ (ပ)ပိုင်း၌ တစ်အုပ်လုံး၏ သုံးပုံ နှစ်ပုံသို့ နေရာပေးကာ အကျယ်တဝင့် ရှင်းလင်းဖော်ပြထားပါသည်။

ပါရမီတော်ခန်းပါ သိမှတ်ဖွယ်ရာများမှ အနည်းငယ်စီ ကောက်နုတ်ဖော်ပြပေးပါမည်။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်တရား နာမ်တရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဤလေးချက်ဖြင့် ပိုင်နိုင်စွာသိရှိမှ ဒိဋ္ဌိဝိသုဒ္ဓိ (စင်ကြယ်သန့်ရှင်းသောအသိဉာဏ်)သို့ ရောက်သကဲ့သို့ ပါရမီတော်တို့နှင့်စပ်၍လည်း လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဤလေးချက်ဖြင့် ပိုင်နိုင်စွာ သိရှိမှ အသိဉာဏ်ရှင်းသန့်မည် ဖြစ်သည်။

ပါရမီ ဆယ်ပါးလုံးတို့သည်ပင် သူတစ်ပါးတို့အား ချီးမြှောက်ခြင်း လက္ခဏာရှိကုန်၏။ သူတစ်ပါးတို့အားကျေးဇူးပြုခြင်း ကိစ္စရသ ရှိကုန်၏။

မတုန်လှုပ်ခြင်းတည်း ဟူသော (ပြည့်စုံခြင်း)ရသရှိကုန်၏။ သတ္တဝါတို့၏ အကျိုးဖြစ်ကြောင်း စီးပွားကောင်းကို ရှာမှီးခြင်းလျှင် ထင်သော အခြင်းအရာ (ပစ္စုပဋ္ဌာန်) ရှိ၏။ ဘုရားဖြစ်ကြောင်း တရားကောင်း ဟူ၍ ဆင်ခြင်သော သူတို့၏ ဉာဏ်ဝယ်ထင်သော အခြင်းအရာ (ပစ္စုပဋ္ဌာန်) ရှိကုန်၏။

မဟာကရုဏာလျှင် နီးစွာသော အကြောင်း (ပဒဋ္ဌာန်)ရှိကုန်၏။ မဟာကရုဏာနှင့် ဥပါယ်၌ လိမ္မာသော ပညာ ဤတရားတို့လျှင် နီးစွာသောကြောင့် (ပဒဋ္ဌာန်)ရှိကုန်၏ ဟူ၍ အရှင်မြတ်က ရှင်းပြထားပါသည်။

မဟာဗုဒ္ဓဝင်ကျမ်း ပထမတွဲ ပထမပိုင်းတွင် အကျယ်တဝင့် လေ့လာဖတ်ရှုကြည်ညိုနိုင်ပါသည်။ ပါရမီတော်ဆယ်ပါးတို့ကိုလည်း အသေးစိတ်ရှင်းလင်း ဖွင့်ဆိုရေးသားထားရာ ပါရမီတစ်ခုစီ တစ်ခုစီအတွက် သိမှတ်ဖွယ်ရာအချက်များမှ အနည်းငယ်စီ ထုတ်နုတ်ဖော်ပြကာ ကြည်ညို ပူဇော်ကြည့်ကြပါစို့။

❖

ဒါနပါရမီအတွက် ပုညဝိသယ ဒါနဟု ခေါ်အပ်သော ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်းဟူသမျှသည်သာ ဒါနပါရမီနှင့် သက်ဆိုင်ပေသည်။ ဒါနပါရမီအရာ၌ အထူးထူးအပြားပြား လိမ္မာကျွမ်းကျင် သိမြင်နိုင်ရန် အောက်ပါ စိစစ်ချက် ခြောက်ချက်ကို အခြေခံထား၍ ကြည့်ရသည်။

(၁) အဘယ်တရားကို ဒါန ဟု ခေါ်သနည်း၊ (၂) အဘယ့်ကြောင့် ဒါနဟု ခေါ်သနည်း၊ (၃) ဒါန၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ကား အဘယ်အရာများဖြစ်ကြသနည်း၊ (၄) ထိုဒါနသည် အဘယ်မျှအပြားရှိသနည်း၊ (၅) ထိုဒါန၏ အာနုဘော် ကြီးမြင့်ကြောင်းကား အဘယ်နည်း၊ (၆) ထိုဒါန၏ အာနုဘော် ဆုတ်ယုတ်ကြောင်းကား အဘယ်နည်းဟူသော အချက်များ ဖြစ်ပါသည်။ အကျယ်ကိုမူ မဟာဗုဒ္ဓဝင်ကျမ်းကြီး၌ ကြည့်ရှု ကြည်ညိုကြပါလေ။

ပုထုဇဉ်တို့ကား မိမိကိုယ်တိုင်မှာမူ ပြည့်စုံအောင်၊ အပ်စပ်အောင် ဉာဏ်ဖြင့် ကြိုတင်ပြင်ဆင်ထားခြင်း မပြုလုပ်နိုင်ကြသော်လည်း အလှူခံပုဂ္ဂိုလ်တို့ကိုမူ သီလရှိမှ အရိယာဖြစ်မှ မည်သို့နေမှ ထိုင်မှ ကြည်ညိုချင်သည်၊ ဒါနပြုချင်သည်၊ သို့မဟုတ်လျှင် မလှူချင် မကိုးကွယ်ချင်ဟု အထွန့်တက်လေ့ရှိပါသည်။ ထိုသူတို့အတွက် စိတ်ထားတတ်ရန် ဥဂ္ဂသူကြွယ် လှူဒါန်းရာဝယ် စိတ်ထားပုံကို အရှင်မြတ်က နမူနာပြပြီး သင်ပေးထားပါသည်။

အံ့ဖွယ်ရှစ်ခုပိုင်ရှင် ဥဂ္ဂသူကြွယ်၏ ဆဋ္ဌမမြောက် အံ့ဖွယ်ကား သံဃာအား လှူမည်၊ ဤပုဂ္ဂိုလ်အား ဒုဿီလဟူ၍ မခွဲမခြား မစိစစ်ဘဲ တူမျှသော စိတ်ရှိ၍သာ လှူဒါန်းခြင်းကို ဖြစ်စေသည်။ ဥဂ္ဂသူကြွယ်ကို အတုယူကာ မြင့်မြတ်သော သံဃိက ဒါနဖြစ်ရန် အတွက် ပုဂ္ဂိုလ်မျက်နှာကို ကြည့်ခြင်း ပုဂ္ဂိုလ်စွဲစွဲခြင်းကို လုံးဝပယ်ဖျောက်ပြီးလျှင် သံဃာ့အာရုံသို့ စိတ်ဖြောင့်မတ်စွာသက်ရောက်အောင် အားထုတ်ကြရမည်။ သက်နီးလည်းရောက် အမည်ခံလောက်သာဖြစ်သည့် ဒုဿီလပုဂ္ဂိုလ်





www.burmeseclassic.com

www.burmeseclassic.com

ဖွင့်သော်လည်း သံဃာကိုသာ အာရုံပြု၍ သံဃိကဒါနမြောက်အောင် လှူဒါန်းနိုင်ပါမူ အသင်္ချေယျ အပ္ပမေယျ အကျိုးရကြောင်း ဒက္ခိဏာဝိဘင်္ဂသုတ်၌ မြတ်စွာဘုရား တိုက်ရိုက်ဟောထားပေသည်။

သံဃာ၌ အရိုအသေပြုခြင်းငှာ နှမ်းနိုင်လျှင် သံဃိကဒါနမြောက်သည် သာဖြစ်သည်။ ထိုသို့ သံဃာ၌ အရိုအသေပြုရန်ကား လွယ်သောအရာ မဟုတ်ပေ။ အကြင်သူသည် သံဃိကအလှူကို ပြုအံ့ဟုကြံ၍ လှူရန်ဝတ္ထုများယူပြီး ကျောင်းတိုက်သို့ရောက်သော် သံဃိကအလှူ လှူလိုပါသည်။

သံဃာတော်အား ညွှန်ကြားတော်မူပါဟု လျှောက်ထားတောင်းပန် သဖြင့် သံဃာမှ အလှည့်ကျသဖြင့် သာမဏေကို ညွှန်ကြား၍ ရခဲ့လျှင် နှလုံးသောမယာ မဖြစ်မိအောင် စိတ်ထားထားရပါမည်။ မထေရ်ကြီးကို ရလျှင်လည်း အလွန်အမင်း ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ပုဂ္ဂိုလ်စွဲဖြင့် နှလုံးမသွင်းမိအောင် ကြိုးစားနိုင်ပါမှ သံဃိကမြောက်ပေမည်။ သာမဏေကိုဖြစ်စေ၊ ရဟန်းငယ်ကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ၊ မထေရ်ကြီးကိုဖြစ်စေ၊ ပညာမရှိသော ရဟန်းကိုဖြစ်စေ၊ ပညာရှိသော ရဟန်းကိုဖြစ်စေ တစ်ပါးပါးကို သံဃာက သံဃာ့ကိုယ်စား အလှည့်ကျသဖြင့် ညွှန်ကြား၍ရလာလျှင် ထွေရာစဉ်းစား မှုများခြင်းမရှိဘဲ သံဃာတော်အား ငါ လှူရသည်ဟု နှလုံးသွင်း၍ သံဃာ၌ ရိုသေခြင်းကို ပြုနိုင်မှသာ သံဃိကဒါန မြောက်ပေမည်။

တစ်ဖန် တချို့က အလှူခံ၏ အကျင့်ကောင်းခြင်း၊ မကောင်းခြင်းမှာ သူနှင့်သာဆိုင်သည်၊ ကိုယ်နှင့်မဆိုင်။ ဖြစ်၍ သူ၏ အကျင့်ကောင်းခြင်း မကောင်းခြင်းကို ဂရုမထားဘဲ ဤ ပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်၊ ရဟန္တာ ဖြစ်သည်ဟု စိတ်က အောက်မေ့၍ လှူရာ၏။ ဤသို့ လှူဒါန်းခြင်းမှာ အပြစ်မရှိ ... ပင် အကျိုးရှိသည်ဟု ပြောဆိုတတ်ကြသည်။

အရှင်မြတ် ထိုသို့ သဘောမှာ မရှိအပ်ကြောင်း ရှင်းပြတော်မူထားပါသည်။ အရိယာဟုတ်၊ မဟုတ်၊ ရဟန္တာဟုတ်၊ မဟုတ် မသိကြသော တိတ္ထိတို့၏ တပည့်များက မိမိတို့၏ တိတ္ထိဆရာကြီးများအား အရိယာ ရဟန္တာဟု အောက်မေ့မှတ်ထင်နေမှုသည်ပင် မိစ္ဆာဝိမောက္ခ (အလွဲလွဲ အမှားမှား ဆုံးဖြတ်ခြင်း) အကုသိုလ်သဘော ဖြစ်နေသေးသည်။

အရိယာရဟန္တာ မဟုတ်မှန်းသိလျက် အရိယာရဟန္တာဟု စိတ်က အောက်မေ့လျှင် အဘယ်မှာ မိစ္ဆာဝိမောက္ခ အကုသိုလ်သဘော မဖြစ်ဘဲရှိအံ့နည်း။ ထို့ကြောင့် ထိုသို့ မှတ်ထင်အောက်မေ့ခြင်းငှာ မသင့်လျော်ပေ။ စင်စစ်သော်ကား ဤအလှူခံမျိုးကို တွေ့ခဲ့သော် ဘုရားအလောင်းတော်ကြီးများ ပါရမီဖြည့်ရာမှာ အယုတ်အလတ် အမြတ်မရွေး လှူဒါန်းတော်မူကြသည်။ ငါသည်လည်း အလှူခံပုဂ္ဂိုလ် မစိစစ် မရွေးချယ် ဟူ၍ ရောက်လာသော အလှူခံအားပင် ဘုရားအလောင်းတော်ကြီးများနည်းတူ စိတ်သွင်း လှူဒါန်းမည်ဟု စိတ်ထားကာ လှူဒါန်းရာတည်း။

ဤသို့ လှူဒါန်းခြင်းဖြင့် သူ၏ မကောင်းသော အကျင့်ကိုလည်း အားပေးရာ မရောက်၊ မဟုတ်မမှန်ကြံစည် ဆုံးဖြတ်ခြင်း မိစ္ဆာဝိမောက္ခလည်း မဖြစ်၊ အပြစ်ကင်းလွတ်နိုင်သည်ကို သတိပြုရာ၏။

မိမိရှေ့မှောက်ရောက်နေသော အလှူခံမှာ သံဃာ့ကိုယ်စားမျှသာ ဖြစ်သည်ဟု နှလုံးသွင်းကာ လှူဒါန်းရမည်ဟုဆိုသော်လည်း ဒုဿီလပုဂ္ဂိုလ်ကိုယ်တိုင်က မိမိရှေ့မှောက်ရောက်နေပြီဖြစ်၍ မိမိစိတ်ကို ပုဂ္ဂိုလ်၌သာမထားဘဲ သံဃာထံ ရောက်အောင် နှလုံးသွင်းသိရန်ခဲယဉ်းပါသည်ဟု ဆိုတတ်ကြပြန်၏။ ထိုသို့ ခဲယဉ်းနေကြခြင်းမှာ အလေ့ ... မရှိသေးသောကြောင့်သာ ဖြစ်သည်။

ဆင်းတုတော်များကိုပင် ဘုရားရှင်ကိုယ်စားထား၍ ရှိခိုးပူဇော်မှု အလေ့အထပင် ရှိနေသည်ဖြစ်ရာ ဥဂ္ဂသူကြွယ်ကဲ့သို့ နှလုံးသွင်းနိုင်ရန် ဗုဒ္ဓဘာသာဝင်တို့သည် အလေ့အကျင့် ပြုကြပါလျှင် တစ်စ တစ်စ တိုးတက်လာကာ နောက်ဆုံးပြုလုပ်လာနိုင်ကြမည်ဟု အရှင်မြတ်က မိန့်တော်မူထားပါသည်။

ဒါနမှုတွင် မွေ့လျော်ကြသည်။ ဗုဒ္ဓဘာသာဝင်များ အဖို့ ဒါနပါရမီအတွက် အရှင်မြတ်သည် အကျယ်တဝင့် ရေးသား ညွှန်ပြထားသည်ကို မဟာဗုဒ္ဓဝင်ကျမ်းတွင် လေ့လာမှတ်သားနိုင်မည် ဖြစ်ပါသည်။

❖

သီလပါရမီနှင့် ပတ်သက်၍လည်း အရှင်မြတ် ရှင်းပြသွန်သင်သည်ကို အနည်းငယ်မျှစီ ထုတ်နုတ်ဖော်ပြလိုပါသည်။ (၁) အဘယ်တရားကို သီလဟု ခေါ်သနည်း (၂) အဘယ့်ကြောင့် သီလမည်သနည်း (၃) သီလ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကား အဘယ်နည်း (၄) သီလ၏အကျိုးကားအဘယ်နည်း (၅) သီလအပြားမည်မျှရှိသနည်း (၆) သီလ၏ ညစ်ညူးကြောင်းတရားကား အဘယ်နည်း (၇) သီလဖြူစင်ကြောင်းကား အဘယ်နည်းဟူသော အချက် ခုနစ်ချက်ကို အခြေခံ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း အရှင်မြတ်သည် ရှင်းလင်း ရေးသားခဲ့ပါသည်။

အရှင်မြတ် ညွှန်ပြထားသည့် သီလစောင့်သူတို့ နှလုံးသွင်းရမည့် အချက်ကို နာယူကြည့်စေလိုပါသည်။ သီလဆောက်တည်ရာတွင် ယခုဘဝ ဂုဏ်ပကာသန၊ အရှိန်အဝါ အကျော်အစော အခြံအရံလိုလားမှုကို တောင့်တ၍ စေတနာ သဒ္ဓါတရားမပါရှိဘဲ ဟန်ဆောင်ပြုကြသော အောက်တန်းစား



www.burmeseclassic.com

www.burmeseclassic.com

သီလမျိုး မပြုသင့်၊ နောင်အခါ မြင့်မြတ်သော ဘဝချမ်းသာကို ရလိုသည့် လောဘဇောနှင့် တွဲဖက်နေသော သီလဆောက်တည်မှုမျိုးကား ကောင်းမှုအကျိုးကို လိုလားခြင်းသည် စေတနာ သဒ္ဓါတရား ပါမှသာ ဖြစ်နိုင်သဖြင့် အမြတ်စားမဟုတ်သည့်တိုင် အလတ်စားသီလမျိုးဟု ယူဆနိုင်သည်။

ဂုဏ်ပကာသနကိုလည်း မလိုလား၊ နောင်အခါ ခံစားရမည့် အကျိုးကိုလည်း မလိုလားဘဲ ဤသီလတရားဟူသည် မြတ်သောအကျင့်များ ဖြစ်သည်။ ဤမြတ်သောအကျင့်ကို ငါကျင့်အပ်သည်တည်းဟု တရား၏ မြင့်မြတ်မှုကိုသာ နှလုံးသွင်းကာ ဆောက်တည်ကျင့်သုံးအပ်သော သီလသည်သာ အမြတ်စားဖြစ်ပေသည်။

လောဘနှင့် မတွဲဖက် သက်သက် စင်ကြယ်သော ကုသိုလ်စိတ်ဖြင့် ဆောက်တည်ကျင့်သုံးသည့် သီလမျိုးကိုသာ သီလပါရမီအစစ်ဟု မှတ်ရမည်ဟု ဆုံးမထားပါသည်။

❖

ပညာပါရမီ အခန်းမှလည်း အနည်းငယ် ထုတ်နုတ်ပြလိုပါသည်။ ဣန္ဒြေငါးပါးတို့ကို ညီမျှစေသော အရာ၌ အထူးအားဖြင့် သဒ္ဓါနှင့် ပညာကို၏ ညီမျှခြင်းကိုလည်းကောင်း၊ သမာဓိနှင့် ဝီရိယတို့၏ ညီမျှခြင်းကိုလည်းကောင်း၊ ပညာရှိသူတော်ကောင်းတို့သည် ချီးမွမ်းကြကုန်၏။

သဒ္ဓါတရား အားကြီး၍ ပညာတရားနည်းသူသည် အချည်းနှီးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုနေတတ်၏။ ဘုရား တရား သံဃာအစစ် မဟုတ်သည့်အရာတို့ကို ဘုရားစစ် တရားစစ် သံဃာစစ်ဟူ၍ ယုံကြည်နေခြင်းသည် ယုံကြည်သည့် အတိုင်း မမှန်သည့်အတွက် အကျိုးမပြီး အချည်းနှီးသော ယုံကြည်ခြင်းသာ ဖြစ်သည်။

မိစ္ဆာအယူရှိသူတို့သည် မိမိတို့ အယူမှားအတိုင်း ဘုရား၊ တရားဟူ၍ ထင်မြင်သောအရာကို ကြည်ညိုကြခြင်းသည် သဒ္ဓါတရားအစစ်မဟုတ်၊ မိစ္ဆာဝိမောက္ခသာ ဖြစ်သည်။

ပညာအားကြီး၍ သဒ္ဓါအားနည်းသူသည် လမ်းရိုးလမ်းမှန်ကို မရောက်တတ်ဘဲ ကောက်ကျစ်စဉ်းလဲသော လမ်းဘက်သို့ လိုက်မှားကပ်ရောက်သွားတတ်သည်။

ဆေးစားမှား၍ဖြစ်သော ရောဂါကို ကုရန်ခက်သကဲ့သို့ ထိုကဲ့သို့သော လူမျိုးကို ပြုပြင်ကုစားရန် ခဲယဉ်းလှသည်။ ထိုသူမျိုးတို့သည် ဒါန ဟူသည့် စေတနာဒါန၊ ဝတ္ထုဒါနဟူ၍ နှစ်မျိုးရှိရာ စင်စစ်မူချအားဖြင့် စေတနာသာ နောင်ဘဝ၌ အကျိုးပေးနိုင်၏။ [illegible] တစ်ရာ ကောင်းကျိုးမပေး[illegible]

သို့ဖြစ်၍ ဝတ္ထုကို [illegible] စေတနာကောင်း [illegible] အပ်သော ကောင်းကျိုးရနိုင်သည်ဟူ၍ ကောက်ကျစ်စဉ်းလဲကာ ဒါန စသည့် ကုသိုလ်တို့ကို မပြုဘဲနေသဖြင့် ငရဲကျတတ်၏။

သဒ္ဓါနှင့် ပညာနှစ်ပါးစုံညီညွတ်မှ သာလျှင် ကြည်ညိုအပ်သောအရာ၌ ကြည်ညိုခြင်း၊ ကောက်ကျစ်စဉ်းလဲမှု မရှိခြင်းတည်းဟူသော ကောင်းကျိုးများ ဖြစ်ပွားနိုင်၏။

ဝီရိယနှင့် သမာဓိတို့သည်လည်း ညီမျှရမည်။ ဝီရိယနည်းပါး၍ သမာဓိ အားကြီးသောသူသည် ထကြွအားထုတ်မှုမရှိဘဲ သမာဓိရအောင် ငြိမ်သက်စွာ နေသည့် အယောင်ဖြင့် ကောသဇ္ဇခေါ်သော အပျင်းမာတ် လွှမ်းမိုးဖိစီးခြင်းခံရတတ်၏။

ဝီရိယအားကြီး၍ သမာဓိအားနည်းနေလျှင်လည်း တည်ကြည်မှုမရှိတော့ဘဲ အမြဲလှုပ်ရှားတက်ကြွနေကာ ရည်ရွယ်သည့်အတိုင်း အကျိုးမဖြစ်ခဲ့သော် ဤအလုပ်သည် အကျိုးဖြစ်စေသည့် အလုပ်မဟုတ်၊ သို့ဖြစ်၍ ဤအလုပ်ကို စွန့်ပစ်ကာ အခြားအလုပ်တစ်ခုခုကို ပြုလုပ်မှ သင့်မည် စသဖြင့် စိတ်၏ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတရား လွှမ်းမိုးဖိစီးခြင်းကို ခံရတတ်၏။ ဝီရိယနှင့် သမာဓိ ညီမျှအောင် အားထုတ်လျှင် ပျင်းရိခြင်း ကောသဇ္ဇတရားလည်း ဝင်ခွင့်မရ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတရားလည်း ဝင်ခွင့်မရ၊ နှစ်ပါးစုံညီမျှသည့် အတွက် အပ္ပနာ ဟုခေါ်သော ဈာန်သ[illegible]တရားကို လျင်မြန်စွာရနိုင်သည်။

သတိန္ဒြေမှုကား ပိုလွန်သောဟူ၍မရှိ၊ လိုလျှင်သာ လိုမည်။ ထို့ကြောင့် သတိသည် စားဖွယ်ဟင်းလျာ ဟူသမျှတို့၌ ပါဝင်ရသော ဆားနှင့်တူ၏ ဟူ၍လည်းကောင်း၊ မင်း၏ အလုံးစုံသော ကိစ္စတို့၌ ပါဝင်ရသော အမတ်ချုပ်ကြီးနှင့်တူ၏ ဟူ၍လည်းကောင်း ကျမ်းဂန်တို့၌ ပြဆိုထားသည်။ သို့ဖြစ်၍ သတိကို အစွမ်းကုန်ထား၍ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိတို့ကို အညီအမျှပွားများအားထုတ်ရာ၏။ တစ်ခုခုက လိုနေလျှင် အပြစ်ရှိ၏။

ဤအကြောင်းကို ဆရာတော် ဦးဇဗ်က 'သဒ္ဓါလွန်လျှင် ကွန့်၏၊ ပညာလွန်လျှင် ဆွံ့၏၊ ဝီရိယလွန်လျှင် ပြန့်၏၊ သမာဓိကုန်လျှင် တွန့်၏၊ သတိဟူကား လွန်သည်မရှိ' ဟူ၍ မဟာသတိပဋ္ဌာန် သုတ်နိဿယ၌ ရေးသားထားခဲ့သည်။

လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန် သံသရာ အရေးအမှုကိစ္စတို့ကို ပြုလုပ်ကြရာဝယ် လိုက်နာ ကျင့်သုံးကြရမည့် အရှင်မြတ်၏ အဆုံးအမများပင်။

(ဆက်ရန်)

❒ လင်းယဉ်ဉာဏ်





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

# (မြိတ်) တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိုး

## သမားမှတ်ပုံတင်အမှတ် ခ/၆၀၃၂

## ကင်ဆာ မြစ်ပွားနာအထူးကု (ပါရဂူဘွဲ့ရ)

## (အပွားမေတ္တာ)တိုင်းရင်းဆေးကုခန်း



ဘိုးစဉ်ဘောင်ဆက်မှ ဆင်းသက်လာသော ဆေးပညာအမွေကို ဆက်ခံပြီး ရောဂါဝေဒနာခံစား နေရသည့် ခုနစ်ရက်သားသမီးများအား စေတနာမေတ္တာအရင်းခံပြီး ကယ်တင်ကုသပေးလျက်ရှိပါသည်။ ကီမိုသွင်းသည့်လူနာနှင့် ဓါတ်ရောင်ခြည်ပေးထားသည့်လူနာများလည်း ကုသနိုင်ပါသည်။ လူနာရှင်များ အနေဖြင့် ဆေးကုသရာတွင် ဆရာနှင့်ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**သက်သာပျောက်ကင်းနိုင်သော ရောဂါများ**

သားအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ ကျောက်ကပ်နှလုံး၊ အူမကြီးကင်ဆာ၊ ဆီးကျောက်တည်၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာ၊ စီပိုး၊ ဘီပိုး၊ လေးဘက်နာ၊ သားအိမ်နှင့်ပါတ်သက်၍ အဖြူဆင်းခြင်း၊ သွေးပုပ်ကျခြင်း၊ သားအိမ်ခေါင်းတွင်ဖြစ်တတ်သော ဂေါ်ဘီပန်းပွင့်ကဲ့သို့ဖြစ်ခြင်း၊ ကြွက်နို့ကဲ့သို့ဖြစ်ခြင်းများကို သက်သာ ပျောက်ကင်းအောင် ကုသပေးနေပါသည်။

ဆေးခန်းဖွင့်ချိန် - နေ့စဉ်နံနက်(၇း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ (ပိတ်ရက်မရှိ)

ဆေးခန်းလိပ်စာ - အမှတ်(ခ) ၉/၄ ၊ ညောင်ပင်သာလမ်း၊ ဆိုရှည်ကုန်းကျေးရွာ ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လမ်းညွှန် - ၁၂၄၊ ၂၀၂၊ ၄၈(အထူး)၊ ၁၀၁၊ ၈၅၊ ၇၉၊ ၈၆ လော်ကား ကားများစီး၍ သံဖြူဆိုင်မှတ်တိုင် ဆင်းပါ။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၉၃၁၉၃၆၈ ၊ ၀၉-၇၃၂၄၅၉၇၂၊ ၀၉-၃၁၀၈၂၆၀၇



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လောကတွင် အဖေတွေအများကြီးရှိပါသည်။ အဖေတိုင်း အဖေတိုင်း သားသမီးများကို ချစ်ကြပါလိမ့်မည်။ သို့ရာတွင် ကျွန်မဖေဖေ၏ နှလုံးသားမျိုးတော့ ရှိကြမည်ဟု ကျွန်မ မထင်ပါ။ အဖေသည် လူထဲကလူတစ်ယောက်ဖြစ်သင့်ကစား လူတိုင်းနှင့် မတူပါ။ လူက အနုပညာသမားပီပီ ပျော့ပျောင်း နွဲ့နှောင်းလှသော်လည်း ဖေဖေ့နှလုံးသားက မာသယောင်ရှိပါသည်။ ဖေဖေသည် အမြဲပြုံးရွှင်နေတတ်သော်လည်း ဒေါသဖြစ်လာသည့်အခါတွင် အလွန်စိတ်ကြီးတတ်သည်။

သို့သော် ဖေဖေ့ကို လူချစ်လူခင်များကြသည်။ ဖေဖေက စန္ဒရားဆရာတစ်ယောက်မို့ အပေါင်းအသင်းဆုံ့ကာ ပျော်ပွင့်သည်။ ကျွန်မ ဘွဲ့ဒီဂရီရသည်ထိ ဖေဖေစန္ဒရားသင်သည့် လုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်၍ ကျွန်မဘဝကို မြှင့်တင်ပေးခဲ့ခြင်းဖြစ်သည်။ ယခု ကျွန်မကျောင်းဆရာမတစ်ယောက် ဖြစ်၍နေပေပြီ။ ကျွန်မ ကျောင်းဆရာမတစ်ယောက်ဖြစ်၍ ဖေဖေက ဂုဏ်ယူကြောင်း အမြဲတမ်းပြောသည်။

"ဖေဖေရယ်၊ အရက်သောက်တာလျှော့ပါတော့၊ ဖြစ်နိုင်ရင် လုံးဝကို အရက်မသောက်စေချင်ဘူး၊ သူရာမေရယ်ဆိုတဲ့ အရက်ကို မြတ်စွာဘုရားက တားမြစ်ထားတယ်မဟုတ်လား"

"ဟား. . . ဟား. . . ဟား. . ငါ့သမီးက ကျောင်းဆရာမ တကယ်ဖြစ်သွားပါပေတယ်၊ အဖေ့ကို တပည့်တစ်ယောက်ကိုဆုံးမနေသလို ဆုံးမပေးတာ ဖေဖေက ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေမဲ့ သမီးရယ် တကယ်တော့ ဖေဖေ့အတွက်အရက်ဟာအဖော်ကောင်းပါကွယ်၊ ဒီအကောင်တော့ ဖေဖေ့ကို သမီးခွင့်လွှတ်ပေးပါ၊ ဘယ်တော့မှ ဖေဖေ အရက်ကို အလွန်အကျွံ မသောက်ပါဘူး၊ ဒါကိုတော့ သမီးစိတ်ချ"

ဖေဖေ အရက်သောက်ခြင်းကို ကျွန်မတားမြစ်မိတိုင်း ဖေဖေနှင့်ကျွန်မသည် စကားများခြင်းနှင့်ပင် အဆုံးသတ်ရသည်ချည်း ဖြစ်သည်။ တကယ်တော့လည်း ဖေဖေ့ဘဝကို ကျွန်မအသိဆုံးမို့ နားလည်ဆုံးမှာလည်း ကျွန်မပင် ဖြစ်သည်။

ဒီကနေ့ ကျွန်မကျောင်းပိတ်ရက်ဖြစ်၍ အိမ်မှာတစ်နေကုန် အိမ်အလုပ်များနှင့် နပန်းလုံးရသည်။ ဖေဖေကမူ မိုးအေးအေးနှင့် နေ့လယ်လောက်ကစ၍ အရက်သောက်လိုက် စန္ဒရား ထတီးလိုက်နှင့် နပန်းလုံးခဲ့ရာ မိုးစုံးစုံးချုပ်သွားသည်။ ကျွန်မအခန်းထဲမှာ အတော်ကြာအောင် စာဖတ်နေပြီး အဖေ့ကို အကဲခတ်စောင့်ကြည့်နေသည်။

အတန်ကြာသည်ထိ စန္ဒရားသံပျောက်သွား၍ ကျွန်မအခန်းထဲမှ ထွက်လာပြီး ကြည့်လိုက်ရာ ဖေဖေတစ်ယောက် စန္ဒရားခုံပေါ်မှာ ခေါင်းငိုက်စိုက်ချ အိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဖေဖေ့ကိုဆွဲမထူပြီး သူ့အခန်းထဲသို့ပို့ကာ စောင်ခြုံပေး၍ ခြင်ထောင်ချကာသိပ်ပေးပြီး ဧည့်ခန်းသို့ ကျွန်မ ပြန်ထွက်လာခဲ့သည်။ ပြီးလျှင် ဖေဖေသောက်ထားသော တိုလီမိုလီပစ္စည်းများကို သိမ်းဆည်းရင်း ဖေဖေ့အကြောင်းကို တစ်ကစ၍ ပြန်တွေးကြည့်မိသည်။

တကယ်တမ်းတော့ ဖေဖေ့အကြောင်းကို ကောင်းကောင်းမှတ်မိသည့် အချိန်က ကျွန်မအသက် (၅) နှစ်သမီးသာ ရှိသေးသည်။ ထိုစဉ်က ဖေဖေနှင့်မေမေတို့နှစ်ယောက် ကျွန်မအပေါ်တွင် ချစ်သောအချစ်များကို ပြိုင်ခဲ့ကြဟန်တူသည်။ ကျွန်မ သူငယ်တန်းစာသင်ဖို့ ကျောင်းစတက်သည့်နေ့က ဖေဖေရော မေမေပါ ကျောင်းသို့နှစ်ယောက်အတူ လိုက်ခဲ့ကြသည်။

အိမ်မှကျောင်းသို့ သွားရာလမ်းတစ်လျှောက် ဖေဖေက ကျွန်မကို သူ့ကျောကုန်းပေါ်မှာ ကုန်းပိုးချီကာ ပို့ပေးခဲ့သည်။

မေမေက ကျောင်းဝရောက်တော့ ကျွန်မကြိုက်သည့် ငှက်ပျောသီးမုန့်နှင့် အခြားမုန့်ထုပ်များ ဝယ်ကျွေးပြီး ကျွန်မပါးပြင်လေးကို နမ်းရှုပ်ပေးသွားသည်။ ကျောင်းဆင်းချိန်မှာတော့ မေမေ တစ်ယောက်တည်း လာကြိုသည်။ ဖေဖေက အလုပ်သွားပြီဟုသိရသည်။

ကျွန်မ ကျောင်းတက်ကျောင်းဆင်း အကြိုအပို့ကိစ္စကို နိစ္စဓူဝ မေမေဆောင်ရွက်ပေးခဲ့သော်လည်း တစ်ခါတလေတွင် ဖေဖေပါ လိုက်လာလေ့ရှိသည်။ ဖေဖေလိုက်လာလျှင် ကျွန်မ လမ်းမလျှောက်ရ၊ ဖေဖေ့ကျောကုန်းပေါ်မှာ ကုန်းပိုးစီး၍ လိုက်လာခဲ့ရသည်သာ။ ကျွန်မ ထိုသို့ကုန်းပိုးစီးရခြင်းကို အလွန်နှစ်ခြိုက်သည်။ ထို့ကြောင့် ပျော်ရွှင်ကြည်နူးမိခဲ့ရသည်။ သို့သော်ဖေဖေက ကျွန်မကို နေ့တိုင်းကျောင်းမပို့နိုင်သကဲ့သို့ ကျောင်းဆင်းချိန်မှာလည်း လာရောက် မကြိုနိုင်ခဲ့ပေ။

သည်လိုနှင့် ကျွန်မ သုံးတန်းကျောင်းသူဘဝရောက်ခဲ့သည်။ သည်မှာတင် ကျွန်မတို့မိသားစု ဘဝလေးထဲသို့ မုန်တိုင်းတစ်ခုက ဝင်ရောက်တိုက်ခိုက်လာသည်။ ဖေဖေက ရုံးကိစ္စများကြောင့် အိမ်သို့မပြန်ဖြစ်ဘဲ ရုံးမှာအနေများလာသည်။ ဖေဖေပြန်လာသည့်အခါ မေမေက ဗျစ်တောက်ဗျစ်တောက်နှင့် မကျေမနပ် ပြောလေ့ရှိရာ နှစ်ယောက်သား အမြဲစကားများ ကြရသည်။

"ကိုမောင်နေ၊ ဒီကကောင်မက အိမ်ထဲမှာ နေနေရတာဆိုပြီး ဘာမှမသိဘူးလို့တော့ မထင်လိုက်နဲ့၊ အားလုံးသိတယ်မှတ်ပါ၊ ရှင့်အကြောင်းကို ပိုတောင်သိသေးတယ်၊ ခုတစ်လော ရုံးကဟိုဟာမနဲ့ ဘယ်သွားသွား အတူတူရှိနေတယ်ဆိုတာ ရှင်ငြင်းချင်သေးလား၊ ဟင် . . ပြောစမ်းပါဦး"

www.burmeseclassic.com

“ဒီမှာ၊ ငါ[illegible] အလုပ်လုပ်နေရတာကွ၊ အလေလိုက်နေတာမဟုတ်ဘူး၊ ရုံးသူရုံးသားအချင်းချင်းကတော့ သွားအတူ စားအတူတူရှိမှာပဲ၊ အဲဒါကို မယုံရင်လည်း မတတ်နိုင်ဘူး”

“ဩော်၊ ရှင်တို့က ရုံးသူရုံးသားအချင်းချင်းမို့ ရုံးအလုပ်ကိစ္စကြောင့် အတူတူ သွားလာရတယ်ဆိုရင်လည်း ထားတော့၊ အခုဟာက သီချင်းသွားတိုက်လည်းအတူတူ၊ စတူဒီယိုသွားလည်းအတူတူ၊ ဒီကြားထဲ ရုပ်ရှင်ကြည့်တာတောင်ပါသေး၊ ရှင့်ကျွန်မကို ငတုံးလို့ မထင်ပါနဲ့၊ ကျွန်မ ရှင့်အကြောင်းကို အားလုံးစုံစမ်းပြီးမှပြောတာ၊ ရှင် ဘာငြင်းမလဲ”

“အေး၊ ဘာမှမငြင်းဘူး၊ မင်းထင်ချင်သလိုထင်နိုင်တယ်၊ ကြိုက်တာလုပ်”

ဒီလိုစကားများပြီးတိုင်း ဖေဖေအိမ်က ထွက်သွားလျှင် လချီ၍ကြာတတ်သည်။ မေမေက ဖေဖေကိုအရွဲ့တိုက်သည့်သဘောဖြင့် အချိန်ဖြုန်းရင်းမိတ်ဆွေများနှင့် အိမ်တွင်အပျင်းပြေဖဲရိုက်လာသည်။ ဖေဖေပြန်လာလျှင်လည်း ဂရုမစိုက်တော့။ သည်တုံးထဲက ဖေဖေနှင့်မေမေ၏ ဆက်ဆံရေးမှာ နှစ်ယောက်သား ကျောခိုင်းလျှောက်နေခဲ့ပြီဖြစ်သည်။

ကျွန်မကမူ ဘာကိုမှနားမလည်၊ သို့သော် ဖေဖေ အိမ်မှာမနေသည့်အတွက် ကျွန်မ စိတ်ထဲမှာ ဝမ်းနည်းသလိုခံစားခဲ့ရသည်။ မေမေ ဖဲရိုက်နေသည်ကို မြင်ရပြန်လျှင်လည်း စိတ်ထဲမှာ ဘဝင်မကျသလိုဖြစ်မိသည်။ သို့ရာတွင် အမှား အမှန် မခွဲခြားတတ်သေးသော ကလေးအရွယ်ဖြစ်နေ၍ ဘာကိုမျှ ရေရေရာရာ မဆုံးဖြတ်နိုင်ခဲ့ပါချေ။

သည်လိုနှင့် တစ်နေ့ ဖေဖေအိမ်သို့ပြန်လာပြီး အဝတ်အစားထုပ်ပြင်သည်။ ထိုအချိန်က အိမ်တွင် မေမေမရှိသောအချိန် ဖြစ်သည်။ ထိုနေ့က ကျောင်းအဆင်းတွင် မေမေ ကျွန်မကို လာ[illegible] အိမ်သို့ပြန်ခဲ့ရသည်။ ကျွန်မ အိမ်သို့ပြန်ရောက်ပြီးမကြာခင်မှာပင် ဖေဖေရောက်လာခြင်း ဖြစ်သည်။

ဖေဖေက အိမ်ရောက်သည်နှင့် သူ့အဝတ်အစားများကိုယူကာ ပြင်ဆင်ထုတ်ပိုးပြီးနောက် ကျွန်မ၏အဝတ်အစားများကိုပါ ထပ်ဆင့်ထုပ်ပိုးပြန်သည်။ ကျွန်မစိတ်ထဲ တစ်ခုခု သိနေသလို ရှိခဲ့သော်လည်း ဖေဖေ့ကို ပြန်မမေးရဲပါ၊ ပြန်မပြောရဲပါ။ ထို့ကြောင့် ဖေဖေပြုမူသမျှသာ ငေးကြည့်နေခဲ့ရသည်။ အဝတ်အစားထုပ်ပြင်ပြီး ယူစရာတိုလီမိုလီကို ယူပြီးနောက်. . .

“လာ. . . သမီး၊ ဖေဖေတို့သားအဖ သွားကြမယ်”

ကျွန်မလက်ကိုဆွဲကာ အိမ်မှ ထွက်လာခဲ့ကြသည်။ ပြီးနောက်ဖေဖေ၏အမေအိမ်သို့ ကျွန်မတို့ သားအဖရောက်သွားချိန်တွင် အလင်းရောင်ပျောက်ကာ ညအချိန်ရောက်နေလေပြီ။ အဘွားက ဖေဖေနှင့်ကျွန်မကို ဆီးကြိုပြီး ထမင်းစားရန် ပြင်ဆင်ပေးသည်။ ဖေဖေကို ဘာမျှမမေး၊ အကြောင်းစုံသိထားပြီးသား ဖြစ်နေပုံရသည်၊ ညဥ့်နက်တော့ ဖေဖေနှင့်ကျွန်မတို့နှစ်ယောက် အိပ်ရန်အိပ်ရာခင်းပေးသည်။ ထိုညက ဖေဖေနှင့်ကျွန်မ အတူတူအိပ်ခဲ့ရသောညလေး တစ်ညဖြစ်သည်။

“သမီး ခုချိန်ကစပြီး ဖေဖေနဲ့ သမီး ဒီအိမ်မှာနေကြမယ်၊ သမီးဘာမှ အားမငယ်နဲ့ ကြားလား၊ သမီးလိုချင်တာရှိရင် ဖေဖေ့ကိုပြော၊ ဖေဖေ အားလုံးလုပ်ပေးမယ်၊ အေး၊သမီးမေမေကိုတော့ ခုချိန်ကစပြီး မေ့လိုက်တော့၊ ကဲ သမီးလေးအိပ်, အိပ်တော့”

ထိုညက မေမေ့ကို မေ့ခိုင်းပြီး ကျွန်မကိုအိပ်ခိုင်းနေစဥ်မှာ ကျွန်မရင်ထဲကြေကွဲဝမ်းနည်းစွာ မခံစားခဲ့ရသော်လည်း ဘဝင်မကျမှု တစ်ခုကိုတော့ နောက်ပိုင်းအတော်ကြာသည်ထိ ကျွန်မခံစားခဲ့ဖူးပါသည်။ သို့သော် ထိုညက [illegible]ချင်း အိပ်မပျော်သော်လည်း ခဏကြာသည်နှင့် ကလေးပီပီ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားခဲ့ပါသည်။

ကျွန်မ လေးတန်းအောင်သည့်အချိန်တွင် ဖေဖေအလုပ်မှ မြို့သစ်တစ်ခုတွင် မြေကွက်ရရှိသောကြောင့် ဖေဖေက ရုံးမှငွေချေးကာ ထိုမြေကွက်မှာအိမ်ဆောက်ပြီး သားအဖနှစ်ယောက်အတူနေရန် ဆုံးဖြတ်သည်။ အဖွားကလည်း သဘောတူသဖြင့် အဘွားအိမ်မှ ပြောင်းခဲ့ကာ မြို့သစ်လေးမှာ နေကြသည်။ ကျွန်မလည်း ငါးတန်းကို မြို့သစ်ရှိကျောင်းမှာ စတက်ရသည်။

“အင်း၊ ခုမှပဲ သမီးမေမေရန်က အေးတော့တယ်၊ သမီးမေမေက သမီးကို ဖေဖေ့လောက် မချစ်ပါဘူး၊ အခုသူ ချစ်ရမယ့်သူကို သူယူသွားပြီလေ၊ သမီးကို မေ့နေပြီ၊ အဲဒါကြောင့် သမီးကလည်း သမီးမေမေကို မေ့ထားလိုက်တော့၊ ကြားလား”

ဘာရယ်မသိ၊ ဖေဖေက မေမေ့အကြောင်းကိုဖွင့်ပြောရင်းမှ ကျွန်မကိုပါ ဆုံးမသည်။ မေမေနောက်ယောကျ်ားယူသွားမှန်းသိလိုက်ရ၍ ကျွန်မရင်မှာ ဟာလာဟင်းလင်း ဖြစ်သွားသည်ကိုတော့ ကျွန်မကောင်းကောင်းသတိထားလိုက်မိသည်။ အရွယ်နှင့်အံသိက ဆက်ခြင်တုံတရားကို ဖော်ပေးလာနေသည်ဖြစ်ရာ အမေကို ဆုံးရှုံးလိုက်ရသည့်ဝေဒနာကကျွန်မရင်မှာ မသိမသာခံစားခဲ့ရသည်။

သို့ရာတွင် ဖေဖေက ကျွန်မကို အမေလိုရော အဖေလိုပါ လိုလေသေးမရှိ ဆောင်ရွက်လုပ်ကိုင်ပေးနေသည်မို့ တစ်ခါမျှ စိတ်ဓာတ်မကျခဲ့။ ဖေဖေနှင့် နှစ်ယောက်တည်းနေရင်း ပျော်ခဲ့ရသည်ချည်းဖြစ်သည်။ တစ်ခါတစ်ရံ အဘွားက အိမ်မှာလာကူနေပေးကာ ကျွန်မ၏ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးသည်။

သည်လိုနှင့်ပင် ကျွန်မဆယ်တန်းအောင်ခဲ့သည်။ ကျွန်မ ဆယ်တန်းအောင်တော့ ဖေဖေက ရုံးမှအငြိမ်းစား[illegible]





www.burmeseclassic.com

www.burmeseclassic.com

ကာ သူတတ်မြောက်ထားသော အနု ညာဖြင့် ဆက်လက်၍ အသက်မွေး မ်းကျောင်းပြုသည်။

ဖေဖေက စန္ဒရားတီးတတ်သူ ဖြစ်ရာ စန္ဒရားလိုက်သင်ရင်း၊ တီးဝိုင်း လိုက်တီးရင်းဖြင့် ကျွန်မကို ပြုစုစောင့် ရှောက်ခဲ့သည်။ ထို့ပြင် အရွယ်ရောက် ပြီဖြစ်သည့် ကျွန်မအတွက် ဖေဖေ ညီမ ဒေါ်လေးနွဲ့ကိုပါ အိမ်မှာခေါ် ထားပြီး ကျွန်မကို စောင့်ရှောက်စေခဲ့ သည်။ ဒေါ်လေးနွဲ့မှာ အပျိုကြီးဖြစ် သည့်အပြင် ကျွန်မနှင့် မိန်းမချင်းဖြစ်၍ အဆင်ပြေသည်။

တချို့ ဖေဖေ မသိသင့်သော ကိစ္စများအတွက် ကျွန်မမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်ရလာ၍ ဝမ်းသာခဲ့ရသည်။ ဖေဖေကား ဒီအခြေအနေထိ နောက် ထပ်အိမ်ထောင်မပြုတော့။ သို့ရာတွင် ဖေဖေ အရက်အနည်းငယ် သောက် သောက်လာသည်။ အရမ်းကာရော သောက်ခြင်းမျိုး မဟုတ်။ တစ်ခါတစ်ရံ တစ်ယောက်တည်းသောက်ရင်း တွေး ကာနေခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ် စေ ဖေဖေ့ကို ကျွန်မ အရက်မသောက် စေချင်ပါ၊ သို့ရာတွင် ဖေဖေ့ကိုမပြောရဲ၊ ဖေဖေစိတ်မကောင်းဖြစ်မှာစိုးမိပါသည်။ ထို့ကြောင့် အသာပင်ကြည့်နေခဲ့ရသည်။

သည်လိုနှင့် ကျွန်မ ဘွဲ့ရပညာ တတ်တစ်ယောက်ဖြစ်ကာ ကျောင်းဆ ရာမအလုပ်ဝင်လုပ်ရန် ရွေးချယ်ဆုံးဖြတ် ခဲ့သည်။ ဖေဖေကလည်း သဘောတူ သောကြောင့် ပို၍အဆင်ပြေသည်။ သင် တန်းတက်ပြီး လုပ်ငန်းခွင်ဝင်ရသည့် အခါမှာလည်း ကျွန်မနေထိုင်ရာ ဒေသ ကျောင်းမှာ တာဝန်ကျသောကြောင့် ပို၍ အဆင်ပြေရသည်။ ဒီကာလဝယ် ဖေဖေတစ်ယောက် နေ့စဉ် အရက် သောက်လာသည်။ တစ်နေ့ ကျွန်မ အလုပ်မှအပြန် အိမ်ပေါ်အတက်တွင် ဖေဖေနှင့် ဒေါ်လေးနွဲ့တို့နှစ်ဦး ပြောဆို နေသည့် စကားတို့ကို ကြားလိုက်ရ သည်။

"ငါ့ညီမ မသိပါဘူး၊ သမီးက အရွယ်ရောက်လာပြီ၊ သူ့ကိုယ်သူ ဆုံး ဖြတ်တတ်နေပြီ၊ ငါက နေရာတကာ လိုက်ပြောလို့မဖြစ်တော့ဘူး၊ အခု သူ့ အမေက သူ့ဆီသွားသွားပြီးတွေ့တယ်၊ သူ့အမေကို မတွေ့ရဘူးလို့ သွားပြော လို့ မဖြစ်သလို သမီးကိုလည်း နင့်အမေ နဲ့မတွေ့ရဘူးလို့ ပြောလို့ဘယ်ရမလဲ၊ ငါစိတ်ညစ်တာ အဲဒါပဲ၊ အမေနဲ့ သမီး တွေ့တာ ကလေးဘဝတုန်းကတော့ မတွေ့ရအောင် ငါ တားလို့ရတယ်၊ သမီးကြီးလာတော့ ငါပြောမထွက်ဘူး၊ သူ့ခမျာလည်း အမေတော်ခဲ့ရတဲ့သူလေ၊ ငါ ဘယ်လိုလုပ်မလဲ၊ ဒီကြားထဲ သမီး က တစ်နေ့နေ့မှာ အိမ်ထောင်ပြုသွား ဦးမှာ၊ အင်း. . . ငါတော့ ငါ့ဟာငါ တစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့ရမှာပါ စိတ်ညစ်ပါတယ်ဟာ"

"အစ်ကိုက အဲဒီစိတ်ညစ်တာကို အကြောင်းပြုပြီး နေ့တိုင်းအရက်ချည်း သောက်နေရင် စိတ်ညစ်တာ မပျောက် ဘဲ အစ်ကိုပျောက်သွားလိမ့်မယ်၊ ကြည့် လည်းလုပ်ဦး"

ဖေဖေနှင့်ဒေါ်လေးနွဲ့တို့ စကား စပြတ်သွားမှ ကျွန်မအိမ်ပေါ်တက်ခဲ့ကာ မကြားချင်ဟန် နေခဲ့ရသည်။ သို့သော် ဖေဖေ့ခံစားချက်ကိုသိခဲ့ရ၍ ကျွန်မစိတ် မကောင်းဖြစ်ခဲ့ရသည်။ အမှန်က ဖေဖေ ပြောသည့်အတိုင်း ကျွန်မ မေမေက ကျွန်မတာဝန်ကျရာကျောင်းသို့ လိုက် လာပြီး ကျွန်မကိုတွေ့သည်။

ကျွန်မ အမေ့ကိုမတွေ့ရန်ရှောင် လွှဲ၍မရ၊ အမေသည် ဘယ်ဘဝရောက် သည်ဖြစ်စေ အမေဟာ အမေပါပဲဟု ကျွန်မ ခံယူထားပြီးသားမို့ဖြစ်သည်။

မေမေနှင့် ဖေဖေတို့ လက်တွဲမှု ရုပ်သိမ်းခဲ့ခြင်းသည် မည်သည့်အတွက် ဖြစ်စေ မည်သူကမှန်၍ မည်သူကမှား သည်ဖြစ်စေ ထိုကိစ္စသည် ကျွန်မနှင့် မသက်ဆိုင်။ သက်ဆိုင်မှုတစ်ခုကို ခံစား ခဲ့ရသည်။ ထိုခံစားမှုကား အမေနှင့် ခွဲခွာနေခဲ့ရခြင်းပင် ဖြစ်သည်။

"သမီး၊ မေမေ သမီးကိုချစ်ပါ တယ်၊ အကြောင်းကြောင်းကြောင့် မေ မေနဲ့သမီး ခွဲနေရပေမယ့် မေမေသမီးကို ဘယ်တော့မှမမေ့ပါဘူးကွယ်၊ ဒါကြောင့် လည်း သမီးဆီကို လာတွေ့တာပေါ့၊ သမီးနေရထိုင်ရတာ အဆင်ပြေရဲ့လား၊ အဆင်မပြေရင် မေမေနဲ့ လာနေနော်၊ မေမေကတော့ ဆင်းရဲတယ် သမီး"

မေမေ့စကားကြောင့် ကျွန်မရင် ထဲမှာ ဝမ်းနည်းသွားမိသည်။ အမှန်က မေမေသာ နောက်အိမ်ထောင်မရှိခဲ့လျှင် ဖေဖေနှင့် မေမေကို ပြန်လည်အောင် သွယ်၍ ပျော်ရွှင်ဖွယ်မိသားစုလေးကို ကျွန်မ ဖန်တီးမိမည်မှာကျိန်းသေသည်။ ယခုတော့ အတွေးများနှင့်သာ ရင်မောခဲ့ရသည်။ ဤသို့ ကျွန်မထံ မေမေလာ တွေ့သည်ကို ဖေဖေမည်သို့မည်ပုံ သိ သွားသည်မသိ။ မေမေ့ထံသို့ ကျွန်မ မေတ္တာစောင်းသွားမှာကို ဖေဖေစိုးရိမ် နေပုံရသည်။ ထို့ကြောင့် သည်ရက်ထဲ ဖေဖေအရက်ကို အလွန်အကျွံသောက် လာသည်။ သည်လိုသာ နေ့စဉ်ရက် ဆက် ဖေဖေ အရက်သောက်နေပါက ကျန်းမာရေးအတွက် စိုးရိမ်စရာဖြစ် သည်။

"ဟင်း"

ကျွန်မသက်ပြင်းချရင်း ဖေဖေ့ အကြောင်း အတွေးဆုံးခိုက် ဒေါ်လေးနွဲ့ အပြင်ကပြန်ရောက်လာသည်ကို မြင်ရ သည်။ ဒေါ်လေးနွဲ့ကို ဖေဖေ့အကြောင်း ပြောပြလိုက်ရာ ဒေါ်လေးနွဲ့ကလည်း ရင်လေးကြောင်းပြောသည်။ မည်သို့ပင် ဖြစ်စေ ဖေဖေ့ကိုသနားလျှင် ဖေဖေဖြစ် စေချင်သလို နေထိုင်ရန် ကျွန်မဆုံးဖြတ် မိသည်။ ထိုဆုံးဖြတ်ချက်ကား ကျွန်မရင် ထဲသို့ အချစ်မရောက်ရှိရေးပင်ဖြစ်သည်။

တစ်ထောင့်ငါးရာ မေတ္တာဖြင့် ချစ်ကြသည့် အချစ်မဝင်ရောက်လာစေ ရန်အတွက် ဖေဖေ့အပေါ် ထားရှိသည့် ကျွန်မ၏ မေတ္တာနှလုံးသား တံတိုင်းဖြင့် အခိုင်အမာ ကာရံထားရန်ကိုလည်း ကျွန်မကိုယ်ကျွန်မ အမိန့်ပေးထားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သို့ရာတွင် အချစ်သည် ရင်ထဲသို့ မည်သို့မည်ပုံ ဝင်ရောက်လာတတ်မှန်း မသိသော်လည်း ကိုကိုထွေးအချစ်က ကျွန်မရင်ထဲမှာ ဝင်ရောက်နေရာယူပြီးဖြစ်သည်။ အံ့သြမှုမှလွဲ၍ ကျွန်မ ဘာမျှမတတ်နိုင်။

ကိုကိုထွေးမှာ ကျွန်မအလုပ်တာဝန်ထမ်းဆောင်သည့် အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဖြစ်သည်။

ကျွန်မနှင့် အသက်သုံးလေးနှစ်ခန့်ကြီးပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်ပြောဆိုတတ်သူဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်၍ မိဘများက နယ်တွင် နေထိုင်ကြကြောင်း သိရသည်။ ကျွန်မနှင့်ကိုကိုထွေးတို့ နှစ်ဦးသဘောတူ ချစ်ခင်နှစ်သက်ခဲ့သည့် တစ်နှစ်ပြည့်ချိန်တွင် ကိုကိုထွေးထံမှ တောင်းဆိုမှုတစ်ခု ရှိလာသည်။

"အေးကို ကိုယ်လက်ထပ်ချင်ပါတယ်၊ အေးရဲ့ မိဘတွေဆီမှာ ကိုယ်နဲ့ ကိုယ့်မိဘတွေ ကိုယ်တိုင်လာရောက်တောင်းရမ်းယူပါ့မယ်၊ အေးရဲ့ဆန္ဒကို ပြောပါ၊ ကိုယ်တို့ ဘယ်ရက်မှာလာရမလဲ သိချင်တယ်"

ကိုကိုထွေး၏စကားကို ကျွန်မ ပြန်မဖြေနိုင်ပါ။ သည်ကိစ္စကို ဖေဖေ့ကို ဖွင့်မပြောရဲ၊ ဖွင့်မပြောရက်ပါ။ ဒေါ်လေးနွဲ့နှင့် တိုင်ပင်ပြီးမှ အကြောင်းပြန်ရန် ပြောထားခဲ့ရသည်။

အိမ်တွင် ဒေါ်လေးနွဲ့နှင့် ခေါင်းချင်းဆိုင်၍ တိုင်ပင်ရသည်။ ဒေါ်လေးနွဲ့ ရှိ၍သာ တော်တော့သည်။

"ကဲပါအေး. . . ညည်းကငါလို အပျိုကြီးမလုပ်နိုင်မှတော့ ညည်းအဖေကို ဖွင့်မပြောလို့ဖြစ်မလား၊ ဖွင့်ပြောပြီးတိုင်ပင်ရမှာပဲ၊ ညည်းမပြောရဲလည်း ငါကပဲ ပြောပေးရမှာပေါ့၊ ဒါက တစ်နေ့နေ့ ဖြစ်လာမယ့်ကိစ္စပဲလေ၊ စိတ်အေးအေးသာထား၊ အဆင်ပြေစေရမယ်"

စိတ်အေးအေးထား ဟု ဒေါ်လေးနွဲ့ပြောသော်လည်း ကျွန်မမှာ စိတ်မအေးနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အဖေ၏ခံစားချက်ကို ကြားသိထားရသောကြောင့်ဖြစ်သည်။ ဖေဖေဘယ်လို ဒေါသတွေဖြစ်မလဲ၊ ဘယ်လိုခံစားချက်တွေနဲ့ပေါက်ကွဲလာမလဲဆိုသည့်အတွေးက ကျွန်မ ရင်တစ်ခုလုံးကို တုန်လှုပ်ချောက်ချားစေခဲ့ပါသည်။ သို့ရာတွင် ကံကောင်းထောက်မစွာဖြင့် အေးချမ်းစွာ ပြီးမြောက်ခဲ့ပါသည်။

"ဟဲ့. . . တူမ၊ ညည်းအဖေက ညည်းတို့သတ်မှတ်တဲ့ရက်အတိုင်း လုပ်ကြတဲ့၊ ဘာလုပ်လုပ် သဘောတူတယ်လို့ပြောတယ်၊ အဲဒီတော့ ညည်းလူကို သံချောင်းခေါက်လိုက်တော့၊ ဒါပေမယ့် သေသေချာချာ တိတိကျကျလုပ်နော်၊ ညည်းအဖေဒေါသကုမ္ဘာရ အကြောင်း သိတယ်မဟုတ်လား"

ကျွန်မဝမ်းသာအားရစွာနဲ့ ကိုကိုထွေးကို ပြန်ပြောပြီး စီစဉ်စရာများကို စနစ်တကျစီစဉ်ရပါတော့သည်။

ကျွန်မ စီစဉ်သည့်အတိုင်းပင် နယ်မှ ကိုကိုထွေး မိဘများ လိုက်လာကြပြီး ဖေဖေ့ရှေ့မှောက်တွင် ကျွန်မကို တလေးတစား တောင်းရမ်းကြပါသည်။ မိရိုးဖလာထုံးစံအတိုင်း ကန်တော့ပွဲပင် ပါလိုက်သေးသည်။

ကျွန်မက ဖေဖေ့ကိုကြည့်၍ အတော်ပင်အံ့သြနေမိသည်။ ဖေဖေသည်စိတ်ကောင်းရှိသော်လည်း အလွန် စိတ်တိုကာ ဒေါသကြီးသူ ဖြစ်သည်။ ဒေါသအဖြစ်မြန်ကာ အပျောက်လည်း မြန်သူ ဖြစ်သည်။ ဖေဖေသည် ကျွန်မကို အမေလိုတစ်သွယ် အဖလိုတစ်မျိုး ချစ်ခင်စွာ ကျွန်မ ယခုလို ပညာတတ်ဖြစ်လာသည်ထိ ကျွေးမွေးစောင့်ရှောက်လာခဲ့သူ ဖြစ်သည်နှင့်အညီ ကျွန်မအပေါ်တွင် မည်သူကမျှ မျက်စောင်းထိုး မခံခဲ့ပေ၊ မည်သူ့မှလည်း အချစ်မခံစေလိုပေ။ မေမေ့မေတ္တာ တိမ်းစောင်းလာသည်ကိုပင် မကြိုက်ချေ။

တစ်နည်းအားဖြင့် ဖေဖေ့ရင်ခွင်မှ ကျွန်မ ပြေးထွက်သွားမှာကို ဖေဖေ စိုးရိမ်နေမိသူဖြစ်သည်။ ဖေဖေ့ကို တစ်ယောက်တည်း ထားရစ်ခဲ့မှာကိုလည်း စိုးရိမ်မိကြောင်းပြောဖူးသည့် ခံစားချက်ကို ကျွန်မ ကြားခဲ့ပြီးဖြစ်သည်။ သို့သော် ဖေဖေ့ကို ကြည့်ရသည်မှာ ဘာခံစားချက်မျှ မရှိသလိုဖြစ်သည်။ တည်ငြိမ်အေးစက်နေသည်။ စိတ်မကောင်းဖြစ်ပုံ မပေါ်ရုံမျှမက ဒေါသအရိပ်အယောင်ကိုလည်း တစ်စက်မျှမမြင်ရချေ။

တကယ်ပင် ဖေဖေ့ကို ကြည့်ရသည်မှာ အရုပ်တစ်ရုပ်နှင့် တူနေသည်၊ ယခင်နှင့်လည်းမတူသည်ကတော့အမှန်။

ကျွန်မကို တောင်းရမ်းသည့်နေ့မှာပင် မင်္ဂလာဆောင်မည့်ရက်ကို တစ်ပါတည်း ရွေးချယ်လိုက်ကြသည်။ ဖေဖေကား ဘာမျှဝင်မပြော၊ ကိုကိုထွေးတို့ မိဘများဘက်မှ ပြောသည့်အတိုင်း ခေါင်းညိတ်လက်ခံသည်။ သည်လိုနှင့် ကျွန်မနှင့် ကိုကိုထွေး မင်္ဂလာဆောင်သည့်နေ့ ရောက်လာသည်။ ဖေဖေကား တည်ငြိမ်အေးစက်သော ရုပ်လွှာနှင့်ပင် ပုံစံမပျက်နေသည်။

မင်္ဂလာဆောင်ခန်းမမှ အိမ်သို့ ပြန်ရောက်ပြီးနောက် ကိုကိုထွေးနှင့် လိုက်ပါသွားရန် ဖေဖေ့ကို နှုတ်ဆက်ကန်တော့စဉ်က ကျွန်မရင်ထဲမှာ ဝမ်းနည်းလှိုင်းတစ်ခု လှုပ်ခတ်သွားသည်ကို ကျွန်မကိုယ်ကျွန်မ သတိထားလိုက်မိသည်။ ဝမ်းနည်းမှုလှိုင်းအရှိန်ကြောင့် မျက်လုံးအိမ်တွင် မျက်ရည်ဥတို့ရစ်ဝဲသွား၍ ကျွန်မကိုယ်ကျွန်မပြန်ထိန်းကာ ဣန္ဒြေမပျက်နေပြီး ဖေဖေ့အနားမှ ကိုကိုထွေးနှင့်ကျွန်မ ထွက်လာခဲ့ကြသည်။

ကိုကိုထွေးတို့အိမ် ရောက်ခဲ့သည်မှာ တစ်ပတ်ကျော်သွားလေပြီ။ ကိုကိုထွေးမိဘများက ကျွန်မတို့ဇနီးမောင်နှံအား အိမ်တစ်လုံးလက်ဖွဲ့သည်။ အိမ်နှင့်ခြံနှင့် အဆင်သင့်နေရ၍ အဆင်ပြေသည်။ အဆင်မပြေသည်က ဖေဖေပင် ဖြစ်သည်။

ဒေါ်လေးနွဲ့ဖုန်းဆက်၍ ကျွန်မကိုခေါ်ချိန်တွင် ကျွန်မနှင့်ကိုကိုထွေး နှစ်ယောက် အိမ်မှာမရှိ၊ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

…ချွန်မသိရသည့်အချိန်တွင် ကျွန်မ …တွက် နောက်ကျသွားပြီမှန်း အဖြစ် …ကို ကြည့်၍ သိလိုက်ရသည်။

ဖေဖေ့အိမ်တွင်ဖေဖေကား ငြိမ် …ရှာ ခုတင်ပေါ်၌ လဲလျောင်းနေ … ဒေါ်လေးနွဲ့က ဘေးမှာထိုင်ရင်း …တမ်းတနေသည်။ ကျွန်မကို တွေ့ … ဒေါ်လေးနွဲ့ပို၍ငိုသည်။ ဖေဖေ့ကို …၍အော်ငိုသည်။ ဖေဖေကား …ယှက်၊ ခုတင်ပေါ်တွင် အသက် …ကင်းမဲ့နေလေပြီ။

ကျွန်မ အားပါးတရ ငိုလိုက်မိ …။ မျက်ရည်ချောင်းစီးလောက် … ငိုမိသည်ဟုထင်ပါသည်။ ဒေါ် …နွဲ့က ကျွန်မကိုပြန်ထွေးပွေ့ကာ နှစ် …ချော့မော့ရှာသည်။ အတန်ကြာမှ …နေရာသို့ ကျွန်မကို ခေါ်သွားပြီး …မှာခဲ့ ပေးခဲ့သည်များကို ပေးကာ …ရှာသည်။ ကျွန်မအတွက်ကား …မှာခဲ့သည်များကို နားထောင်ရုံမှ … ဖေဖေနှင့် စကားထိုင်ပြောခွင့် …လေတော့။

"ဟောဒါ ဒီအိမ်ရဲ့အိမ်ဂရန်နဲ့ သူ …တဲ့ငွေစုစာအုပ်၊ အဲဒါတွေအားလုံး … သမီးအတွက်တဲ့၊ သမီးဖေဖေက …ကိုစံပြုလောက်တဲ့ ဖေဖေ တစ် …ပါ၊ တကယ်တော့ သမီးခုလို …ထောင်ပြုသွားတာကို သူလုံးဝ …ဖြူပါဘူး၊ ဒါပေမယ့် ငါ့သမီး … စိတ်ဆင်းရဲရမှာစိုးလို့ သူမျိုသိပ်ပြီး … ခံစားခဲ့ရတာ၊ သမီးက သူ့ကို ထား …ဆိုပြီး သူ့အရမ်း စိတ်မကောင်း … ပြီးတက်သွားလိုက်တာ အသက် …သွားတော့တာပါပဲ သမီးရယ်"

"အဟင့်ဟင့် . . . ဖေဖေဟာ …ဘဝအတွက် မရှိမဖြစ်ပါ ဖေဖေ၊ …ဟာ သမီးဘဝရဲ့မိုးကောင်းကင် … ဖေဖေဘယ်ဘဝရောက်ရောက် …ကို စောင့်ရှောက်နေမယ်ဆိုတာ … ယုံကြည်ပါတယ်ဖေဖေ၊ ဖေဖေ …ကောင်းရာသုဂတိ ရောက်ပါစေ . . ."

❒ မရည်မွန်(ကျုံပျော်)

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူ ကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပို့မိုတိုးတက် အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၀) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၀



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဇေယျပူရပြည်တွင် ရာဇိန္ဒရာဇာမင်း နန်းစံတော်မူ၏။ မိဖုရားခေါင်ကြီးမှာ နရိန္ဒာဒေဝီဖြစ်ပေ၏။ မိဖုရားကြီးမှ သားတော်တစ်ယောက် ဖွားမြင်၏။ အရွယ်တော်ရောက်သောအခါ ထိုသားတော်အား အိမ်ရှေ့အရာ ပေးအပ်ကာ ပြည့်စည်းစိမ်ကို ထက်ဝက်ခွဲ၍ ပေးတော်မူ၏။

ထိုပြည်သား မုဆိုးတစ်ယောက်သည် မဓုဇလရေကန်မှ ဒီပစိတ္တနဂါးမင်းကို ကူညီခဲ့ရာမှ ခိုင်မာသော မိတ်ဆွေအဖြစ်ကို ရရှိခဲ့ပေသည်။ တစ်နေ့သ၌ ထိုမုဆိုးသည် သီတုဒကရေကန်သို့ လာရောက်ရေချိုးနေကြသော အလွန်လှပသည့် နတ်သမီးညီအစ်မ ခုနစ်ဖော်ကို တွေ့မြင်သည်တွင် လိုချင်သောစိတ် ပြင်းပြစွာ ဖြစ်ပေါ်တော့သည်။

သို့ဖြစ်သောကြောင့် မုဆိုးသည် ရှင်ရသေ့ထံ အပူကပ်၏။ ရှင်ရသေ့ ညွှန်ပြသော ဒီပစိတ္တနဂါးမင်းထံမှ ရရှိလာသည့် "နာဂပါသ"ဖြင့်ပစ်ရာ အငယ်ဆုံး နတ်သမီး သူဇာကို မိလေ၏။ သို့ရာတွင် နတ်သမီးမှာ အလွန်လှသည်။ မုဆိုးမှာ ထိုမျှလှပသူမှာ သူနှင့်မထိုက်တန်ဟု သူဆပြီး ဇေယျာပူရ အိမ်ရှေ့မင်းထံ ဆက်သလိုက်လေ၏။

အိမ်ရှေ့မင်းလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံ၏။ ထိုအိမ်ရှေ့မင်းနှင့် သူဇာတို့ ပေါင်းသင်းနေထိုင်ကြ၍ သားတစ်ယောက် ထွန်းကားချိန်တွင် အိမ်ရှေ့မင်းမှ နယ်စွန်နယ်ဖျား မငြိမ်သက်သဖြင့် စစ်ထွက်ရ၏။ ထိုအချိန်တွင် အိမ်ရှေ့မင်း၏ ရန်ငြိုးဖွဲ့ထားသော ပုရောဟိတ်ဆရာကြီးက အကောက်ကြံသဖြင့် သူဇာမှာ ထွက်ပြေးရရှာ၏။

သူဇာမှာ ဟေမာဝန်ရှိ ရွှေတောင်ကြီးအရှင် ဒေဝိန္ဒရာဇ်နှင့် မိဖုရားကြီး အတုလဒေဝတာတို့၏ အငယ်ဆုံးသမီးတော် ဖြစ်ပေ၏။

ယောက္ခမ ဖြစ်သော မိဖုရားကြီးက သိမ်းဆည်းထားသော သူဇာ၏ ဝတ်ဆင်ရင်းစွဲ ဘယက်တန်ဆာများကို ထုတ်ပေးသည်။ ယင်းတို့ကို ဝတ်ဆင်ကာ သူဇာသည် ကောင်းကင်ခရီးဖြင့် ဇာတိ ရွှေတောင်ပြည်သို့ ချောမောစွာ ပျံသန်းရောက်ရှိသွားတော့သည်။

အိမ်ရှေ့မင်းသည် စစ်ထွက်ရာမှ အောင်တပ်ခင်းလျက် ပြန်လာ၏။ ချစ်ဇနီး သူဇာ မရှိတော့ကြောင်းသိလျှင် ရွှေတောင်ပြည်သို့ လိုက်မည်ဆိုကာ ထွက်လာခဲ့၏။

ရသေ့ကျောင်းသို့ အိမ်ရှေ့မင်းဝင်သည်။ မလိုက်ခဲ့ရန် တားမြစ်သော စကားနှင့် ပုတီးဆေးကိုရသည်။သို့သော် မနေ၊ မရောက်ရောက်အောင် လာသည်။ လူသားတို့ မရောက်နိုင်သော ရွှေတောင်ပြည်သို့ ရောက်လာသည့် အိမ်ရှေ့မင်းကို ဒေဝိန္ဒရာဇ်ဘုရင်ကြီး အံ့သြသည်။ အထင်ကြီးသည်။

သို့ကြောင့် လက်ရုံးစွမ်းရည် အမျိုးမျိုးကို စမ်းသပ်သည်။ အိမ်ရှေ့မင်းသည်အလွယ်တကူဆောင်ရွက်နိုင်သဖြင့် ရွှေတောင်ပြည်၏ အိမ်ရှေ့ဥပရာဇာ ဖြစ်လာတော့သည်။

အိမ်ရှေ့မိဖုရား သူဇာသည် ဇေယျာပူရ၌ ကလေးတစ်ယောက် မွေးခဲ့သည့်နည်းတူ ရွှေတောင်ပြည်တွင်လည်း တစ်ယောက် ဖွားမြင်သည်။

ထိုတစ်ယောက်မှာ သမီးတော်လေး ဖြစ်သည်။ သမီးတော်ကလေး မတ်တတ်သွားခါစ အရွယ်သို့ရောက်လျှင် အိမ်ရှေ့မင်းသည် လူ့ပြည်ဇေယျာပူရကို လွမ်းဆွတ်သောစိတ် ဖြစ်ပေါ်လာတော့သည်။

သို့ဖြစ်သည့်အတွက် မယားကို တိုင်ပင်သည်။ မယားသူဇာက လူ့ပြည်သို့သွားရန် သဘောတူသည်။

ထို့ကြောင့် ဖခင်ထံ ခွင့်ပန်သည်။ သူဇာ၏ခမည်းတော် မတားမြစ်နိုင်ပေ။ ခွင့်ပြုလိုက်လျောတော်မူသည်။ ထိုမှ တစ်ဆက်တည်း ဆုံးမစကား မြွက်ကြားတော်မူသည်။

နတ်ဘုရင် ဒေဝိန္ဒရာဇ် မှာကြားသော ဆုံးမစကား၏ အဦးအစမှာ ဤသို့ ဖြစ်ပေ၏။

"လိုက်လေ၍လျှင် သူ့ရပ်ခွင်သို့ အရှင်မျက်ဖျော် ရောက်လေသော်မူ ထင်ပေါ်အထွတ် မိန်းမမြတ်တို့ ကျင့်ဝတ်ကျေးဇူး အထူးထူးကို ကြည်နူးစိုက်စိုက် ဘမှာလိုက်မည်၊ မှတ်ပိုက်ရွက်ဆောင် မယ်နားထောင်လော့၊ တောက်လောင်တတ်သည် မီးသုံးမည်ကို ရှေရည်ရှေ့ဥ မယ်ပုပေါ့စား မမှတ်သားနှင့်၊ ခံ့ညားလှစေ ရွံ့ကြောက်ထွေဖြင့် ရိုသေညွှတ်တုပ် ကွလေလော့"

ထိုသို့ အစချီပြီးမှ မယားကောင်းတို့၏ ဝတ္တရား ခြောက်ပါးကို အောက်ပါအတိုင်း ဆက်လက်မြွက်ကြား၏။

"မင်းမောင်မင်းလှ မထမီခင် အလျှင်ရှေးရိုး စောစောနိုး၍ ကွမ်းရိုးဒန်ပူ မွှေးကြူထုံစစ် မျက်သစ်ရေကြည် ဖြူသည်ချောညို့ မွှေးပျံ့မျက်သုတ် သင်ပုတ်တော်ရေ ကွမ်းရွှေဝါရွက် လက်ဖက်ဆန်းကြယ် စားဖွယ်အသင့် စီရင်နှင့်ခြင်း။ မောင်လှဘုန်းတောက် အိပ်ချိန်ရောက်လျှင် ကြိုင်ပေါက်မွှေးစွာ မွေ့ရာအသင့် ခင်းနှင့်ကောင်းစွာ စက်သောခါလည်း သာယာစုံမက် ခြေလက်ဆုပ်သပ် ရွှေယပ်ခပ်နေ ရိုသေကော်ရော် သူအိပ်ပျော်မှ နောက်ကျအိပ်ခြင်း။

ထိုပြီးတစ်စု နှုတ်ယဉ်နုနှင့် ယခုကိစ္စ မည်မျှမရှိ နေမိအရာ ချမ်းသာရယ်ဟ လွတ်လပ်လှသည် ကျွန်မဘယ်ဘယ် မှုကြီးငယ်ကို မဆွယ်မင့် ဆောင်ရအံ့ဟု သာညဲ့ပျံ့မွှေး တောင်းပန်ပေး၏၊ မနေ့လုံ့လ ထကြွပေါ့ပါး နေနားမဲ့လျှင်း မယွင်းမတည် ဆောင်ကြဉ်းမည်သာ ဆောက်တည်မှတ်မိ ပဋိသာဝိ ခေါ်ညီမည်မှတ်"



www.burmeseclassic.com

www.burmeseclassic.com

ဟူသည်တို့အပြင် အပိုဒ် ၂၄၁ ဖြင့် လင်၏အကြိုက်ကို လိုက်၍ ဝတ်စားဆင်ယင် နေထိုင်ခြင်း၊ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ တစ်ပါးယောက်ျားတို့၌ ကြည်ဖြူရွှင်လန်း တပ်စွန်းမည်ကို မဆိုထားဘိ မျက်စိစောင်းလှည့်မျှ မကြည့်ခြင်း တို့ကို ဖော်ပြထားပေသည်။

ထိုမှတစ်ဖန် အပိုဒ် ၂၄၂ တွင် သူဇာ၏ ခမည်းတော် ဆက်လက်မိန့်မှာသော အိမ်ထောင်လေးမျိုးကို "သည်မှတုံမူ သည်လူတို့ဝယ် လေးသွယ်သားသား အိမ်ထောင်ပြား၏" အစချီလျက် သူသေလင်မယားအကြောင်းကို ဖော်ပြထား၏။

"လေးပါးသည်မူ ဘယ်နည်းဟူသော် မြဲယူစေ့ရေ မယ်မှတ်လေလော့၊ သူသေယောက်ျား တစ်ယောက်သားသည် မပြားမကွေ့ သူသေမိန်းမ သွမ်းမူလနှင့် တကွမြဲနှော၊ အိမ်ရာထောင်၏"

အိမ်ထောင် လေးမျိုးအနက် အမှတ်တစ် အိမ်ထောင်အမျိုးအစားမှ သူသေနှင့်တူသော ယောက်ျားနှင့် သူသေနှင့်တူသော မိန်းမတို့ တည်ဆောက်ထားသော "သေနှစ်သေ" အိမ်ထောင်ကို ဖော်ပြပြီးနောက် ဒုတိယနှင့် တတိယ အိမ်ထောင်မျိုးများကို ဆက်လက်ဖော်ပြထား၏။

"မိုက်ခေါင်သူသေ ယောက်ျားလေသည် သရေရောင်ညီး နတ်သမီးနှင့် ယှဉ်မှီးတကွ အိမ်ထောင်ကျ၏၊ ထွန်းပထင်ရှား နတ်ယောက်ျားသည် ပြစ်သားယုတ်လှ သူသေမနှင့် တကွမသွေ အိမ်ထောင်နေ၏၊ ကောင်းထွေကျင့်ဝတ် နတ်သားမြတ်သည် လျောက်ပတ်မူလ နတ်မိန်းမနှင့် တကွချစ်ကြည် အိမ်ထောင်ချည်၏"

ဒုတိယအိမ်ထောင် အမျိုးအစားမှာအသေကောင်နှင့်တူသောယောက်ျားနှင့် နတ်သမီးနှင့်တူသော မိန်းမတို့ ဖွဲ့နှောင်ထားသော "သူသေနတ်မ" အိမ်ထောင်ရေး ဖြစ်၏။

တတိယအိမ်ထောင် အမျိုးအစားမှာမူ နတ်သားနှင့်တူသော ယောက်ျားနှင့် အသေကောင်နှင့်တူသော မိန်းမတို့၏ "နက်သားသူသေ" အိမ်ထောင်ရေး ဖြစ်၏။

စတုတ္ထအိမ်ထောင်သော်ကား နတ်သားနှင့်တူသော ယောက်ျားနှင့် နတ်သမီးနှင့်တူသော မိန်းမတို့ထူထောင်ထားသည့် "နတ်သား နတ်သမီး" အိမ်ထောင် ဖြစ်လေ၏။

မည်ကဲ့သို့သော မိန်းမမျိုးသည် သူသေနည်း။

မည်ကဲ့သို့သော ယောက်ျားမျိုးသည် သူသေနည်း။

အဘယ်သို့သော အိမ်ထောင်မျိုးသည် နတ်သမီး၊ နတ်သားတို့ ထူထောင်ထားသည့် အိမ်ထောင်နှင့် တူပါသနည်း။

ဤသည်ကို စာဆိုက အောက်ပါအတိုင်း ဆက်လက်ဖွင့်ဆိုထားပေ၏။

*"ဘယ်သည်မြဲနေ သူသေယောက်ျား မည်ငြားသနည်း၊ သာဖြည်းဖွေဖော် ဆိုသော်အမူ သည်သူ့နိုက်တွင် အကြင်လင်သည် မကြင်ရက်စက် သူ့သက်သတ်ခြင်း ချွတ်ယွင်းယုတ်မာ သူ့ဥစ္စာကို ညာတာမမူ ခိုးယူတတ်စွာ သူ့အိမ်ရာကို သာယာပျော်ပါး ပြစ်မှားတပ်မော ချောပစ်သွေလှန် မမှန်စကား မုသားသုံးသည် သေရည်သေရက် နှစ်သက်သောက်စား သို့ငါးပါးဖြင့် ပျော်ပါးလေ့လာ ကျင်လည်စွာ၏၊ မြတ်ရာမှန်လ သီလမရှိ ညစ်ကျိုလေလွင့် မကောင်းကျင့်၏၊ မသင့်ဆဲဆို ဝန်တိုညစ်ကြေး ထိုးကျင့်မြေးလျက် ရှည်ဝေးမြင့်ခေါင် လူတို့ဘောင်ဝယ် မြဲနှောင်မကွေ အိမ်ထောင်နေသည် မြတ်ဆွေပုဏ္ဏား ရဟန်းများကို ပြစ်မှားရေရွတ် ဆင်းရဲတတ်သည်၊ မပြတ်ကျင့်ဖွယ် ယုတ်မာတည်း"*

ငါးပါးသီလ မလုံခြုံသည့်အပြင် ဝန်တိုစိတ်ကြီးမားသည်။ ရဟန်းအစရှိသည့် အလှူခံပုဂ္ဂိုလ်များကိုဆဲရေးသည်။ ထိုကဲ့သို့သော သီလကင်းမဲ့သည့် မိန်းမနှင့် ယောက်ျားသည် သူသေများ ဖြစ်ချေ၏။

အပိုဒ် ၂၄၃ တွင် "ဘယ်သည် သူသေ ယောက်ျားလေနှင့် သရေထွန်းပ နတ်မိန်းမသည် ပျော်ကြမြဲနှော၊ အိမ်ထောင်ရစ်ချည် မည်သည်နည်းဟူ ဆိုသော်မူကား" စသည်ဖြင့် အစချီလျက် ဆက်လက် ရှင်းပြရာတွင် သူသေယောက်ျားမှာ ဖော်ပြခဲ့ပြီးသော ကျင့်မူစရိုက်များ ရှိသူဖြစ်၏။

နတ်မိန်းမနှင့် တူသူကိုလည်း ရှင်းပြသည်မှာ ဤသို့ ဖြစ်၏။

*"ချင်းနင်းမကွာ မယားမှာကား ပါဏာတိပါတ် သတ်ခတ်ရှောင်ခွာ သူ့ဥစ္စာကို လိုရာမပြု ကာမေသုနိုက် မှားမှုရှောင်ဖည် မမှန်သည်ကို ဆိုမြည်မမြွက် သေရည်ရက်ကို လျှာထက်မတင် သန့်စင်သီလ မြဲမြံလှ၏၊ ကလျာယဉ်မြေ ကောင်းကျင့်လေ့ဖြင့် ညစ်ငွေ့ဝန်တို ဆဲဆိုမရှိ မြေးငြိပျောက်ကွာ လူတို့ရွာ၌ ခန္ဓာမယွန်း ရှည်ပြေထွန်း၏၊ ရဟန်းအရိယာ ပုဏ္ဏားမှာကို သဒ္ဓါလန်းပွင့် ရှိသေကျင့်၏၊ သတင့်သည်မူ ထိုသူကို အထူးမကင်း အိမ်ထောင်ခြင်းကား မယွင်းမသွေ သူသေယောက်ျား ထူးရားထူးရီး နတ်သမီးနှင့် ဇနီးချစ်ကြည် အိမ်ထောင်မည်သည် ဖြစ်ရည်မဖွယ်မရာတည်း"*

ငါးပါးသီလ လုံခြုံသည်။ ဝန်တိုမိစ္ဆာမရှိ။ ရဟန်းတော် စသည့် အလှူခံပုဂ္ဂိုလ်တို့အား ကြည်ညိုသဒ္ဓါရှိ၏။ ထိုမိန်းမမျိုးကား နတ်သမီးနှင့်တူသော မိန်းမမျိုးပေတည်း။ ထိုမိန်းမ၏ ကောင်းမြတ်သောအကျင့်နှင့် ဖီလာဆန့်ကျင်သော ယောက်ျားကို အိမ်ရာထူထောင်မိလျှင် သူသေနှင့်နတ်သမီး အိမ်ထောင်ဖြစ်ပေတော့သည်။

သူသေမသည် မည်သို့၊ သူသေယောက်ျားသည် မည်ပုံ၊ နတ်မိန်းမသည် မည်သည်နည်း စသည်တို့ ရှင်းလင်းသွားပြီ ဖြစ်သည်။ သို့ကြောင့် ကျန်သော





www.burmeseclassic.com

www.burmeseclassic.com

နှင့်အိမ်ထောင်ကို အပိုဒ် ၂၄၄ တစ်ပိုဒ်တည်းဖြင့် အကျဉ်းချုံး ရှင်းပြထားပုံမှာ ဤနှယ်ဖြစ်ပေ၏။

"ဘယ်သည့်နတ်သား မူထားလတ်လှ သူသေမနှင့် တကွချစ်နှောင် အိမ်ထောင်သနည်း သာဖြည်းထွေပေါ် ဆိုသော်မူကား လင်ယောကျ်ားသည် မြောင့်သားမြဲချက် သူ့အသက်ကို ရက်စက်ကြည် သတ်ညှစ်သည်မှ ကြဉ်ခြင်းသည် ပါပညစ်ကျူ မကောင်းမှုကို ရှောင်ပြုသာပျော် ကျင့်မွေ့လျော်၏၊ မည်ခေါ်တန္တု မရှုဝေးစွာ ညစ်ကြေးစွာ၏၊ ဒုတ်မာဖြစ်သား မယားသည်မှာ ပါဏာတိပါတ စသည်ဆိုးကောင်း ကျင့်ကောင်းကို ယှဉ်ပေါင်းသာပျော် ကျင့်မွေ့လျော်၏၊ မည်ခေါ်တထူး ထိုနှစ်ဦးအား နတ်သားဒေဝ မာဏဝနှင့် မိန်းမ သူသေ နေသည်မည်၏"

စာဆိုသည် နတ်သားနှင့် သူသေမိန်းမ ဖော်ပြပြီးနောက် နတ်သားနှင့် နတ်သမီးကို ဤသို့ ဆက်လက်ဖော်ပြ၏။

"မည်မှည့် ဘယ်လျှင် နတ်သူလင်နှင့် ရုပ်သွင်ထွန်းညီး နတ်သမီးသည် ယှဉ်မှီးအိမ်ထောင် နှောင်သည်ဖြစ်မည် ဆိုသည်ရှိသော် ထင်ပေါ်သူသွင် လင်လည်းမှန်စွာ ပါဏာတိပါတ်သတ်သတ်ခြင်းမှ ကျင့်ယွင်းစသား ပါပညစ်ကျူ မကောင်းမှုကို လွတ်မူဝေးစွာ ရှောင်ကြဉ်ခွာ၏၊ မေတ္တာရစ်ချည် မယားသည်လည်း စင်ကြည်သီလ ငါးပါးစသည် များလှထူးမြတ် ကောင်းကျင့်ဝတ်ကို မချွတ်ဖြောင့်ဖြောင့် မြဲစွာစောင့်၏၊ ထို့ကြောင့်ထင်ရှား ထိုနှစ်ပါးကို နတ်သားယှဉ်မှီး နတ်သမီးတို့ ဇနီးမောင်း အိမ်ထောင်ခြင်းဟု ကျော်ထင်ညွှန်းပါ မည်အပ်စွာသည်၊ မှတ်ရာလေးပါး သွယ်ဖြာတည်း"

စာပေနယ်ပယ်တွင် လင်ဝတ်ငါးပါး မယားဝတ်ငါးပါး စသည်ဖြင့် ကျင့်ဝတ်ငါးပါးတွေချည်း လူပြောများနေသီများသည့်အတွက် ဇာတ်လမ်းပါ အချက်အလက်နှင့် အလျဉ်းသင့်ရာ မယားဝတ် ခြောက်ပါးကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

သူသေယောကျ်ားနှင့် သူသေမိန်းမ၊ သူသေယောကျ်ားနှင့် နတ်မိန်းမ၊ နတ်ယောကျ်ားနှင့် သူသေမ၊ နတ်ယောကျ်ားနှင့် နတ်မိန်းမ ဟူသည့် အိမ်ထောင်လေးမျိုးမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မှတ်သားဖွယ်လည်း များစွာ ကောင်းပါသည်။

ထိုဇာတ်လမ်းကို သူဇာပျို့ဟူ၍ ပျို့ပုံစံဖြင့် ဖွဲ့ဆိုဖော်ပြခဲ့သော စာဆိုတော်ကြီးမှာ ဝန်ကြီးပဒေသရာဇာဖြစ်ပါသည်။ ဝန်ကြီးသည် မြန်မာသက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက်တော်မူသော အင်းဝမဟာဓမ္မရာဇာဓိပတိ မင်းလက်ထက်တော်တွင် ထွန်းကားသောစာဆိုတော်များအနက် စာဆိုတော်ကြီး ပဒေသရာဇာမှာ မင်း၏မြှောက်စားမှုကို လွန်စွာခံယူရသည်။

စာဆိုတော်ကြီးသည် တနင်္ဂနွေမင်း လက်ထက်တော်တွင် "လက်ယာရွှေတောင်" ဘွဲ့ကို ရရှိသည်။ မန်ကျည်းတုံရွာစားအဖြစ်လည်း ပူးတွဲရရှိသည်။ ဟံသာဝတီရောက် မင်းမဟာဓမ္မရာဇာဓိပတိ လက်ထက်တော်တွင် ပုဂံမြို့ကို စားရပြီး "ဘယကျော်သူ" ဘွဲ့၊ "မင်းရဲကျော်ထင်" ဘွဲ့၊ "မင်းရဲမင်းလှမင်းကျော်ထင်" ဘွဲ့များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ချီးမြှင့်ခံရသည်။

အသည်ဝန်၊ အတွင်းဝန်၊ လွှတ်တော်ဝန် ရာထူးများကိုလည်း အဆင့်ဆင့် တိုးတက်ရရှိသည့်အပြင် ဇတွဲမြို့ကိုပါ စားရပြန်သည်။ ဘုရင်မင်းမြတ်မှာ ကဗျာလင်္ကာ သီကုံးနှုန်းဖွဲ့မှု၌ လေ့ကျွမ်းတော်မူသည့်အတွက် စာဆိုတော်ကြီး ပဒေသရာဇာကို အထူးပင် မြတ်နိုးတော်မူသည်။

ထို့အတွက် "ပဒေသရာဇာ" ဘွဲ့ဖြင့် ချီးမြှောက်တော်မူသည်။

သို့သော်လည်း ဤမျှဖြင့် အားရတော်မမူသေးသဖြင့် တောင်ငူမင်း ရတုဘုရင် နတ်သျှင်နောင်ဘွဲ့နှင့်ယှဉ်ကာ နတ်သျှင်နောင်ဘွဲ့ကို ပေးတော်မူခဲ့ပြန်သည်။

သို့တစေ မဟာဓမ္မရာဇာမင်းသည် သူလေးစားမြတ်နိုးတော်မူသော စာဆိုတော်ကြီးအား "ဘုန်းတော်မြတ်" ဘွဲ့ဖြင့် ထပ်ဆင့်မြှောက်စားပြန်သည်။

ထိုစာဆိုတော်ကြီး ဆိုခဲ့ သီကုံးဖွဲ့နွဲ့ခဲ့သော စာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မနော်ပျို့သစ် (၂) ကုမ္မာဘယပျို့ (၃) ဒန္တာသီရိပျို့ (၄) နုအုံပျို့ (၅) ကြာနတ်ကေသာပျို့ (၆) မဟာပတိပျို့ (၇) သူဇာပျို့ (၈) မဏိကက်ပျို့ (၉) ကျေးဇူးတော်ပျို့ (၁၀) တောထွက်ခန်းပျို့ (၁၁) ယိုးဒယားသံရောက်ပျို့ (၁၂) နမောလင်္ကာပျို့ (၁၃) ဟိတကာရီပျို့ (၁၄) သမုဒ္ဒဃောသပျို့ (၁၅) ယသော်တမ်းချင်းပျို့ (၁၆) ငဆန်ပြန်ပျို့ (၁၇) ပြည်တော်ဝင်ပျို့ (၁၈) မင်းထိပ်ပန်းဧချင်း (၁၉) မင်းရတနာဧချင်း (၂၀) မင်းထိပ်ဦးနေဧချင်း (၂၁) တနင်္ဂနွေမင်း၏ နန်းတော်ဖွဲ့မော်ကွန်း (၂၂) မဏိကက် နန်းတွင်းပြဇာတ်ကြီးနှင့် တျာချင်းများ၊ ဘုန်းတော်ဖွဲ့သီချင်းခံကြီးများ၊ ၃၇ မင်း နတ်သံများကိုလည်း ရေးဖွဲ့သီကုံးခဲ့၏။

စာဆိုတော်ကြီး၏ ပျို့ ၁၇စောင်အနက် "သူဇာပျို့" မှာ အလွန် ထင်ရှား၏။

"သူဇာကိုလည်း မပစ်နှင့်၊ စာနုကိုလည်း မချစ်နှင့်"ဟု သတိပေးရသည်အထိ ကောင်းမွန်၏။

❒ ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com



# ကုဋ္ဌ

တင်မောင်မောင် (ပေါက်ကုန်း)

ထိုနေ့က ကျွန်တော်နှင့်ကျောင်းနေဖက် သူငယ်ချင်းတစ်စု ဆုံမိကြသည်။ အားလုံးက ဌာနဆိုင်ရာဝန်ထမ်းတွေ ဖြစ်ကြသည်။ သူငယ်ချင်းတွေ ဆုံဖြစ်ကြတော့လည်း ထွေရာလေးပါးတွေ ပြောကြ၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြနှင့် စကားဝိုင်းက စည်ကားသည်။

"အေးကွာ. . . တို့အဖွဲ့တွေ ဆုံကြတော့ ဟိုကောင်ကြီး မျိုးမြင့်ဆွေကို သတိရတယ်ကွာ၊ ဒီကောင်ကြီးက ကျောင်းမှာဆိုလည်း စာတော်တယ်၊ စက်မှုတက္ကသိုလ် ရောက်တော့လည်း ခရက်ဒစ် ဖြစ်ပြီး နိုင်ငံခြားမှာတောင် ဘွဲ့သွားယူသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်ကြီး စာတော်တာ ... ဟုတ်ပါတယ်၊ ဒါပေမယ့်ကွာ ...ကောင်ကြီး နိုင်ငံခြားက ဘွဲ့တွေ ဘာ ...ယူပြီးတယ် ခုချိန်ထိ ဘာအလုပ် ...လည်း လုပ်တာမတွေ့ဘူး၊ သူသာ ...ခြားက ပြန်ရောက်လာကတည်းက ...တစ်ခုခုမှာသာ ဝင်လုပ်နေရင် ...လောက်ဆို တော်တော်အရာရောက် ... ဖြစ်နေလောက်ပြီ"

"အေးကွာ၊ မင်းတို့နှစ်ယောက် ...တာကို နားထောင်ပြီး ငါ တစ်ခုကို ...သတိရတယ်၊ငါ့ဦးလေးတစ်ယောက် ... ပြောဖူးတယ်၊ သူတို့ ငယ်ငယ်က ...ကြီးတွေက သူတို့ ရှာဖွေစုဆောင်း ...သမျှ ဥစ္စာပစ္စည်းတွေကို မြေမြှုပ် ...လေ့ ရှိကြတယ်၊ သူတို့ခေတ်က ...ည်း ခေတ်ဆိုး ခေတ်ပျက်ဖြစ်တော့ ...အောင် သိမ်းဆည်းထားတာဟာ ...ဘဝတစ်လျှောက်လုံး ဖြစ်သွား ...ကြတယ်၊ အဲဒီတော့ ငါ့ဦးလေး ...တာက အဲဒီဥစ္စာပစ္စည်းတွေဟာ ...အတွက် အသုံးမဝင်တော့တဲ့ ...ည်းတွေဖြစ်သလို ပိုင်ရှင်အတွက် ...ည်း ဘာမှအကျိုးမရှိ၊ အသုံးမဝင်တဲ့ ...ည်း ဖြစ်တယ်တဲ့"

သူငယ်ချင်းတစ်စု၏ စကားတို့ ... နားထောင်ရင်း ကျွန်တော့်စိတ်ထဲ ...တွေးတစ်ခု ရလိုက်သည်။

'တုစ္ဆ' ဆိုသည့် ပါဠိစကား၏ ...ဖြစ်သော "အချည်းအနှီး" ဆို ... စကားပင်ဖြစ်သည်။ "အချည်း ...နှီး" ဆိုသောစကားကို ကျွန်တော် ...လည်ထားသည်မှာ အသုံးမဝင်ခြင်း၊ ...ဖိုးထားရန်မရှိခြင်း၊ အသုံးချ၍ မရ ...ခြင်း စသော အကျိုးမဲ့သော ရလဒ်ကို ...ဆိုသည်ဟု နားလည်ထားသည်။

အသုံးဝင်ခြင်း ဆိုသည်ကို လူ ...င်း နားလည်လက်ခံထားသည်က ...ည်းဆိုး လူတစ်ဦးအတွက် (သို့) ...ကြောင်းအရာတစ်ခုအတွက် အကျိုး ...စုံတစ်ရာ ဖြစ်ပေါ်မှုကို အသုံးဝင် ...ဟု သတ်မှတ်ကြသည်။

အကြောင်းအရာ တစ်ခုအတွက် အသုံးဝင်သော ဝတ္ထုပစ္စည်းတစ်ခုကိုပင် မှတ်မှတ်ရရ တလေးတစား သိမ်းဆည်းထားတတ်ကြသည်။ ထိုသည်ကပင် ဝတ္ထုပစ္စည်းကို နောင်တစ်ချိန် လိုအပ်လျှင် လိုအပ်သလို အသုံးချနိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းခြင်းဖြစ်သည်။ ထိုဝတ္ထုပစ္စည်းအပေါ် တန်ဖိုးထားသည်ဟုဆိုနိုင်သည်။သို့သော်လည်း ဝတ္ထုပစ္စည်း၏ အသုံးဝင်မှုပေါ် မူတည်၍ တန်ဖိုးအနိမ့်အမြင့် ကွာခြားနေပေသည်။

ဝတ္ထုပစ္စည်း တစ်ခုအပေါ် လူတစ်ဦးစီအတွက် အသုံးဝင်ပုံခြင်း မတူသလို တန်ဖိုးထားပုံခြင်းလည်း မတူကြပေ။ အရူးတစ်ယောက်အား ငွေစက္ကူတချို့ကိုပေးလျှင် အရူးက တန်ဖိုးထားလက်ခံမည် မဟုတ်ပေ။ အရူးတစ်ယောက်အတွက် စားစရာတစ်စုံတစ်ခုက ထိုငွေစက္ကူထက် မက်မောလိုချင်စရာကောင်းသည်။ ဘာကြောင့်လဲဟု ဆိုလျှင် အသုံးချနိုင်သည့်အသိ၊ အသုံးဝင်မှုကို နားလည်တတ်သော အသိ မရှိသောကြောင့်ပင် ဖြစ်သည်။

တစ်ခါတစ်ရံလည်း ဝတ္ထုပစ္စည်းက အရာမဟုတ်သောနေရာ၌ အသုံးဝင်နေတတ်တာမျိုးလည်း ရှိသည်။ တစ်ခါက ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသ၌ မြစ်ချောင်းတို့ ပေါများသဖြင့် လှေ၊ သမ္ဗန်တို့ဖြင့် သွားလာလေ့ရှိကြသည်။ တစ်နေ့ ကျွန်တော်အပါအဝင် လူတစ်ချို့မြစ်တစ်ဖက်ကမ်းသို့ လှေဖြင့် ကူးရန်ပြင်ဆင်ကြသည်။ ထိုတွင် လှေပိုင်ရှင်က သံပန်းကန်ပြား တစ်ချပ်ကို လက်ကကိုင်၍ ဆင်းလာသည်။ ထို့နောက် ပန်းကန်ပြားဖြင့် လှေဝမ်းထဲမှ ရေကို ပက်ထုတ်နေသည်။ စားသောက်မှု၌ အသုံးပြုသော ပန်းကန်ပြားသည်လည်း လှေပက်ခွက်အဖြစ် အသုံးဝင်နေသည်ကို တွေ့ရသည်။ လူတွေ၏ ဖြတ်ထိုးဉာဏ်ကြောင့်ပဲလား (သို့) ဖြစ်သလို လုပ်တတ်သည့် ဉာဏ်ကြောင့်ပဲလား မပြောတတ်။ ပန်းကန်ပြားက လှေထဲမှာ ရေပက်ခွက်အဖြစ် အရာမဟုတ်သော နေရာ၌ အသုံးဝင်နေသည်။

သို့သော်လည်း အကြောင်းတစ်စုံတစ်ရာအတွက်ပင် အသုံးပြုနိုင်ခြင်းမရှိ၊ အသုံးမဝင်သော ပစ္စည်းအား လူတိုင်းက တန်ဖိုးမထားတတ်ကြပေ။ အသုံးမဝင်၊ အသုံးချ၍မရသော ပစ္စည်းက အကျိုးတစ်စုံတစ်ရာ မဖြစ်ပေါ်နိုင်ပေ။ အကျိုးတစ်စုံတစ်ရာမဖြစ်သော ပစ္စည်းကို မည်သူမျှ မခင်တွယ်တတ်ကြ။ အလေးမထား၊ တန်ဖိုးမထားချင်ကြပေ။ အလွယ်တကူ စွန့်ပစ်တတ်ကြသည်။

လူ့လောကတွင်လည်း အသုံးမဝင်သူတွေရှိနေသည်။ ရှေးလူကြီးသူမတို့၏ ဆုံးမစကားဖြင့်ဆိုရလျှင် လူတစ်ယောက်သည် နေ့တစ်နေ့ အချိန်အတိုင်းအတာအတွင်း မိမိအတွက် (သို့) မိမိပတ်ဝန်းကျင်အတွက်(သို့) လောကအတွက်အကျိုးတစ်ခုဖြစ်အောင်အနည်းဆုံး လုပ်ဆောင်နိုင်ရမည်။ ထိုသို့မှ မလုပ်ဆောင်နိုင်လျှင် ထိုနေရာအတွက် ကမ္ဘာမြေကြီးက ကိုယ့်အတွက် ဝန်ပိုတစ်ခုကို ပိုထမ်းထားရသည်ဟုဆိုသည်။ တစ်နည်းအားဖြင့် "ဆန်ကုန် မြေလေး" ဟု ဆိုခြင်း ဖြစ်သည်။

တချို့ကလည်း ကိုယ့်ကိုယ်ကိုယ် အသုံးဝင်ချင်လွန်း၍ ကိုယ့်အရာမဟုတ်သော နေရာတို့၌ ဝင်၍ နေရာယူနေတတ်သည်။ ထို့ကြောင့်ပင် ဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်ရတော့သည်။ တချို့လည်း ထိုနှင့်ဆန့်ကျင်ဘက် အနိမ့်စားအလုပ်ကို လုပ်နေသော်လည်း အတွေးအခေါ် အယူအဆတို့က မြင့်မြင့်မားမား ရှိကြသည်။ လူကနိမ့်ကျသော်လည်း စိတ်ဓာတ်က မြင့်မားကြသည်။

ဆရာဖေမြင့်၏ စာအုပ်တစ်အုပ်၌ ဖတ်လိုက်ရသည်။ အမေရိကန်ပြည် ဆန်ဒီးရိုးမြို့ရှိ အယ်(လ)တော်တက်(ခ)ဟိုတယ်တွင် ဓာတ်လှေကားတပ်ဆင်ရေးအတွက် ဗိသုကာပညာရှင်



www.burmeseclassic.com

www.burmeseclassic.com

များနှင့် အင်ဂျင်နီယာများကို ခေါ်၍ တိုင်ပင်ကြသည်။ ပညာရှင်သုံးဦးတို့ ခာတ်လှေကားတပ်ဆင်ရန် တိုင်ပင်ညှိနှိုင်းကြသည်။ သူတို့၏ ခာတ်လှေကားတပ်ဆင်ရေး အစီအစဉ်ကို ပိုင်ရှင်က သဘောမကျပေ။

ပညာရှင်တို့ အစီအစဉ် ခာတ်လှေကားကို ဟိုတယ်တွင် တစ်နေရာ၌ တပ်ဆင်ကြမည်။ ထို့အတွက် ဟိုတယ်တွင် ပျက်စီးမှုအနည်းငယ်တော့ရှိမည်။

သို့သော်လည်း ဟိုတယ်ပိုင်ရှင်က ပျက်စီးမှုကိုမလိုလားပေ။ ထို့ကြောင့် ပညာရှင်တို့ အခြားနည်းလမ်းကိုစဉ်းစားကြပြန်သည်။ အချိန်တို့သာ ကုန်လာသည် အခြားနည်းလမ်းစဉ်းစားမရကြ။

တစ်နေ့ ဟိုတယ်၌ ပညာရှင်တို့ ဆွေးနွေးနေကြသည်ကို အနီးအပါး၌ အလုပ်လုပ်နေသော သန့်ရှင်းရေးအလုပ်သမား တစ်ဦးကကြားသည်။ ထို့နောက် သန့်ရှင်းရေး အလုပ်သမားက ဝင်၍. .

"ကျွန်တော်သာ ခင်ဗျားတို့နေရာမှာဆိုရင် ဘာလုပ်မလဲ သိလား၊ ခာတ်လှေကားကို အပြင်မှာဆပ်မှာပေ့ါဗျာ" ဟုဆိုလိုက်သည်။

ပညာရှင်တို့ သန့်ရှင်းရေးအလုပ်သမား၏ စကားကို စိတ်ဝင်စားသွားကြသည်။ ထို့နောက် ခာတ်လှေကားကို ဟိုတယ်၏အပြင်၌ ဆောက်လုပ်ဖြစ်ကြသည်။ ထိုသို့ဖြင့် အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင် ပထမဆုံးသော တပ်ဆင်သည့် ခာတ်လှေကားအဖြစ် ဗိသုကာသမိုင်းတွင် မှတ်တမ်းတင်သွားခဲ့သည်။

တစ်ခါတစ်ရံလည်း လူကတလွဲနေရာတို့၌ကျင်လည်နေတတ်ကြသည်။ တချို့က များများတတ်ထားသော်လည်း အသေးအမွှားတာဝန်လေးဖြင့် ကျေနပ်ရသူတို့ကို အသုံးမဝင်ဟု ဆို၍မရသော်လည်း အသုံးဝင်မှုလွဲနေပေသည်။ ထို့အတွက်လည်း မှန်ကန်သော တန်ဖိုးတစ်ခု ဖြစ်မလာနိုင်ပေ။ တချို့ကလည်း နည်းနည်းလောက်တတ်ပြီး ကြီးမားသော တာဝန်ကြီးကို မသင့်မှန်းသိသော်လည်း ထမ်းကြရသည်။ ရလဒ်က အရှုံးသာဖြစ်သည်။ ထိုအမှားက လွဲချော်ရုံမက အရှုံးကိုရင်ဆိုင်ရသည်။ ထိုပုဂ္ဂိုလ်၏ တန်ဖိုးသည်လည်း 'သုည'၌ ရပ်မနေ။ အနုတ်ပင် ပြနေပေသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ဘုရားရှင်ထံ၌ ရဟန်းတရားတို့ကို သင်ယူပြီးနောက် တောရပ်ကိုမှီ၍ သီတင်းသုံးနေထိုင်တော်မူသည်။ ထိုရဟန်းသည် ဘုရားရှင်သင်ကြားပေးသော တရားတို့ကို တစ်ဆင့်ပြန်ဟောပြောရာ၌ အလွန်ကျော်ကြားသည်။ ထို့ကြောင့် ရဟန်းအား ဓမ္မကထိက ဟုခေါ်ကြသည်။ ရဟန်း၏ ဟောပြောမှု ကောင်းသောအကြောင်းကြောင့် နောက်ပါတပည့်ရဟန်းငါးရာထိပင် တိုးပွားလာသည်။ ဒကာ၊ ဒကာမ တပည့်တို့လည်း အလွန်ပေါများ၏။

တစ်နေ့ သီတင်းဝါလကျွတ်၍ ခြေခင်းလက်ခင်းသာသောအခါ ရဟန်းသည် နောက်ပါတပည့်ရဟန်းတို့အား ခေါ်ဆောင်ကာ ဘုရားရှင်ထံမှောက် ဘုရားဖူးရောက်ရှိလာခဲ့သည်။ ထိုရဟန်းသည် ဘုရားရှင်အား ဖူးမြော်လိုသည်က တစ်ကြောင်း၊ မိမိ၌ တပည့်တပန်းပေါများသည်ကို သိစေလိုသည့်အကြောင်းတို့ကြောင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က ဘုရားရှင်သည် ရဟန်းပရိသတ်၊ လူပရိသတ်တို့အား တရား ဟောပြောနေချိန် ဖြစ်သည်။

ဘုရားရှင်သည် ရဟန်းပရိသတ်၊ လူပရိသတ်တို့အား ထိုရဟန်းကို အကြောင်းပြု၍ ဆုံးမလိုသောကြောင့် ပရိသတ်တို့အလယ်တွင် ထိုရဟန်းအား "တုစ္ဆ" ရဟန်းကြီးဟု ခေါ်ဝေါ်သုံးစွဲလိုက်လေသည်။ "တုစ္ဆ" ဆိုသည်မှာ "အချည်းအနှီး"ဟု အဓိပ္ပာယ်ရသည်။ ဘုရားရှင်က ရဟန်းတရားကို သင်ယူပြီးသော်လည်း အားထုတ်ခြင်း မရှိ၊ ရဟန်းကိစ္စပြီးမြောက်ခြင်းမရှိဘဲ တရားဟောခြင်း၌သာ ပျော်မွေ့နေသော ကြောင့် ထိုရဟန်းကို အချည်းအ[...] သော ရဟန်းဟု ခေါ်ဝေါ်လိုက်ခြ[...] ဖြစ်သည်။

ပညာရေး လောက၌လည်[...] ပညာသင်ယူမှုကို အဆင့် လေး[...] သတ်မှတ်ထားသည်။ သိမှု၊ တွေးခေါ်[...] ကျွမ်းကျင်မှုနှင့် ခံစားမှု တို့ဖြစ်သ[...] သင်ယူသူသည် ဦးစွာသိမှတ်ခြင်း[...] စတင်လုပ်ဆောင်ရသည်။ ထိုမှ [...] သားထားသည့် အကြောင်းအရာတို့[...] ဆက်စပ်တွေးခေါ်နိုင်ရသည်။

ထို့နောက် သိမှတ်ထားသော[...] အကြောင်းအရာတို့ကို လေ့ကျင့်ခြင်း[...] ကျွမ်းကျင်မှုကိုရရှိသည်။ မိမိကျွမ်းကျ[...] စွာ တတ်သိထားသော အကြော[...] အရာကို လက်တွေ့ဘဝတွင် အသုံး[...] ခြင်းဖြင့် အကျိုးတရားဖြစ်ပေါ်စေ[...] ပညာသင်ယူခြင်း၏ တန်ဖိုးကို ထင်[...] စေပေသည်။

ထိုနေ့စကားဝိုင်းဆီမှ ကျွန်တော်[...] အတွေးထဲ ပါလာခဲ့သည်။ "တုစ္ဆ" [...] သော စကားပေတံက လူတွေ့တို[...] "တိုင်းတာ"စရာတစ်ခုအဖြစ် ရှင်သ[...] သည်။ အသုံးဝင်ခြင်း၊ တန်ဖိုးသတ်[...] ပေးခြင်း အလုပ်ကိုလည်း မည်သူ့မှ[...] ဘဲ ကိုယ့်ဘာသာ တာဝန်ကျေ[...] လုပ်ဆောင်ဖြစ်ခဲ့သည်။

သို့သော်လည်း ထိုပေတံ[...] ကျွန်တော့်ကိုယ်ကျွန်တော် တိုင်း[...] ကြည့်ရန်ကိုကား စိတ်ပင် မကူး[...] ကျွန်တော်သည် လူသားတစ်ယော[...] ဖြစ်ပြီး ပုထုဇဉ်တစ်ဦးမို့ ကျွန်တော်[...] စကားပေတံသည်လည်း ကျွန်တော်[...] အား တိုင်းတာစရာမလိုဟု တွေး[...] ပြုံးလိုက်မိပေတော့သည်။

ကျေးဇူးတင်လျက်.

❒ တင်မောင်မောင်(ပေါက်ကူ[...]





www.burmeseclassic.com

www.burmeseclassic.com

အချိန်သည်ကား တောင်ဥက္ကလာပ၊ ...ဥက္ကလာပ၊ သာကေတစသည် ... မြို့သစ်များ တည်ဆောက်ပြီးခါစ ...၏။

ထိုစဉ်က အဖေ၊ အမေနှင့် ...တော် မိသားစုသုံးဦး တောင်ဥက္က ... နန္ဒဝန်စျေးကြီး၏ အနောက် ...ခြမ်းရှိ သွပ်မိုး၊ ပျဉ်ထောင်၊ နှစ်ထပ် ...ည်းမည်းကြီးကို ခြံဝင်းနှင့်တကွ ...ချောင်ချောင်ဖြင့် ဝယ်ယူနေထိုင်ခဲ့ ...၏။

ယင်းအိမ်ကြီး၌ နွားမွေးမြူ၍ နွားနို့ရောင်းသော မိသားစု နေထိုင်ခဲ့ဖူး၏။

ခြံအတွင်း အိမ်၏ အနောက်ဘက်မှာ အတော်ကျယ်ဝန်းသည်။ သီးပင်၊ စားပင်၊ ဝါးပင်များဖြင့် အုပ်ဆိုင်းခြံသိုင်းလျက်ရှိ၏။ အိမ်ရှေ့ ခြံဝင်းထဲ၌ အုန်း၊ သရက်၊ မာလကာနှင့် သဘော်၊ ပိန္နဲပင်များ ရှင်သန်ကြီးထွားလျက်ရှိသဖြင့် ကျွန်တော် အလွန်သဘောကျသည်။

အိမ်ကြီးကြီး ခြံကျယ်ကျယ်နှင့် နေချင်လှသော ကျွန်တော်၏ အကြိုက်ပင်ဖြစ်၏။

အိမ်တက်မင်္ဂလာအဖြစ် သံဃာတော် ငါးပါးအား ပင့်ဖိတ်၍ ဆွမ်းကျွေးကပ်လှူ တရားနာသည်။ အိမ်နီးချင်းများကိုလည်း ဖိတ်ကြားကျွေးမွေးခဲ့၏။ သူတို့ "စားသောက်ပြီးအပြန်၌ လူတော်တော်များများက ဤအိမ်တွင် သရဲရှိကြောင်း၊ သရဲခြောက်ကြောင်း သတင်းပြောကြားသွား၏။

ကျွန်တော်က မိခင်ဖြစ်သူအား မျက်လုံးလှန်ကြည့်ရင်း . . .

"အမေ . . . ဒီအိမ်က သရဲခြောက်တယ်တဲ့"

"တော်စမ်း၊ တောင်ပြောမြောက်ပြောနဲ့ ငါ ခေါက်လိုက်ရ" ဟု ဆိုကာ ကျွန်တော့်ခေါင်းကို တစ်ချက် အခေါက်ခံရ၍ ကျွန်တော်ဆက်မပြောဝံ့ဘဲ ဇက်ကလေး ပုသွားရ၏။ ကျွန်တော့်စိတ်က ကြောက်နေသဖြင့် ညဘက်၌ အိမ်သာကိုတစ်ယောက်တည်းမသွားရဲပါ။



အိမ်သာမှာလည်း အိမ်နှင့်နည်းနည်းလှမ်း၏။ အိမ်မှာ ညပိုင်းလေထိုးမှန် အိမ်အလင်းရောင်ကြောင့်သာ လင်းနေသည်။ ရေနံဆီ မီးခွက်လည်း သုံးသည်။

မိသားစု ဝမ်းရေးအတွက် အဖေက ကားဘော်ဒီအလုပ်ရုံ၌လုပ်၏။ အမေက နံနက်ပိုင်း အိမ်ရှေ့တွင် မုန့်ဟင်းခါးဆိုင် ဖွင့်ရောင်း၏။

ကျွန်တော်က အမေ့အား ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရင်း ကျောင်းတက်နေသည့် (၆)တန်းကျောင်းသားဖြစ်၏။ ညတွင် ဖြစ်၏။

"အမေ သား ညက နောက်ဖေးကို လှမ်းကြည့်လိုက်တော့ ဝါးရုံပင်အနားမှာ မည်းမည်းအကောင်ကြီး မြင်တယ်"ဟု ပြောရာ . . .

"ပေါက်ကရ လျှောက်မပြောနဲ့ လရောင်ကြောင့် သစ်ပင်အရိပ်ကျတာဖြစ်မှာပေါ့" ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ အမေကလဲ မည်းမည်းကြီးက မတ်တတ်ရပ်နေတဲ့ လူကြီးတစ်ယောက်ရဲ့ပုံဗျ၊ သစ်ပင်အရိပ်က မြေကြီးပေါ်မှာ ပြားပြားကြီးပဲ ဥစ္စာ"

"တော် တိတ်၊ ငါလုပ်မိလိမ့်မယ်" ဆိုလိုက်သဖြင့် ကျွန်တော် ပါးစပ်ပိတ်ထားလိုက်ရ၏။ ကျွန်တော့်ကိုသာ အမေက အဲသလိုပြောတာ။

တစ်နေ့ နေ့လယ်ခင်း၌ အမေသည် ကျွန်တော် နောက်ဖေးခန်းထဲမှာ အိပ်ပျော်နေသည်အထင်နှင့် အိမ်ကို လာလည်သည့် ခြေရင်းအိမ်မှ အဒေါ်ကြီးအား အိမ်ရှေ့ခန်း၌ ဧည့်ခံရင်း. . .

"အစ်မကြီး ပြောတာ ဟုတ်ပါ့တော်၊ အဲဒီကောင်ကြီးကို ကျွန်တော် ခြံထဲမှာတွေ့တာ လေး ငါး ခြောက်ခါရှိပြီ၊ အိမ်က ကြောက်မှာစိုးလို့သာ မပြောတာ"

ဘာညာနှင့် ပြောနေကြသည်ကို ကျွန်တော် အိပ်ခန်းထဲမှ အတိုင်းသား ကြားနေရ၏။ ထားလိုက်ပါတော့။ တကယ် လက်တွေ့ကျကျ ကြုံရသူ တစ်ဦး မကြာခင် ပေါ်လာသည်။

တစ်နေ့ ညနေစောင်း ကျွန်တော် အိမ်ရှေ့စားပွဲ၌ထိုင်ကာ ကျောင်းစာများ ကျက်မှတ်နေစဉ် ခြံဝသို့ လှမ်းကြည့်လိုက်မိ၏။ ထိုအခါ လူတစ်ယောက် အထုပ်အပိုးများနှင့် ယောင်ပေပေ လုပ်နေသည်ကို တွေ့ရ၏။ ဘယ်သူများပါလိမ့်ဟု သဲကွဲစေရန် ထသွားလိုက်၏။

"ဟာ ဦးလေး . . . လာ လာ"

"အမေရေ. . . ဦးလေး မြဝင်း ရောက်လာပါတယ်"

ဟု အော်ပြောရင်း အမေ့မောင် ကျွန်တော့်ဦးလေး၏ အထုပ်အပိုးများကို ဝိုင်းသယ်ကာ အိမ်ထဲသို့ ခေါ်လာခဲ့၏။

"ဟဲ့ . . . မြဝင်း ငါတို့ ပြောင်းလာတဲ့ အိမ်ကို ဘယ်လိုသိပြီး ရောက်လာတာလဲ"ဟု မေးလိုက်ရာ. . .

"အရင် အစ်မတို့ ငှားနေတဲ့ အိမ်ရှင်မိန်းမကြီး ပြောလိုက်တာလေ"

"ဩော် အေး အေး အရောင်းအဝယ်နဲ့ပဲလား"

"ဟုတ်ကဲ့၊ ငါးရံ့ခြောက်တွေ ပါလာတယ်လေ၊ ဖောက်သည်ပေးပြီး ပြန်မှာ"ဟု ဦးလေးကိုမြဝင်းကပြော၏။

"သားရေ မင်းဦးလေး ပစ္စည်းတွေဝိုင်းသယ်ပြီး အပေါ်ထပ်မှာ နေရာလုပ်ပေးလိုက်၊ ပြီးရင်ရေမိုးချိုးကြ ထမင်းစားမယ်" ဟု ပြောရင်း အမေက မီးဖိုချောင်ထဲသို့ ဝင်သွား၏။

"လာ၊ ဦးလေး ကျွန်တော် ဝိုင်းသယ်ပေးမယ်၊ အပေါ်ထပ်ကိုသွားရအောင် ဒီမှာ အကျယ်ကြီးပဲ၊ ဦးတစ်ယောက်တည်း ဇိမ်ယူပေတော့" ဟု ကျွန်တော် ပြောလိုက်ရာ . . .

"အိုကေကွာ၊ ငါတော့ သဘောကျသွားပြီ၊ လေးငါးရက်လောက်တော့ ဒီမှာပဲ အနားယူလိုက်ဦးမယ်"

ဦးလေး ရောက်လာတာ ကျွန်တော့်အတွက် အဖော်ရပြီဖြစ်၍ တအားပျော်သွား၏။

ဤသို့ဖြင့် အိမ်အပေါ်ထပ်၌ နေရာထိုင်ခင်း ချပေးပြီး နှစ်ယောက်သား ရေချိုးကြလေ၏။

ညစာစားသောက်၍ အတန်ကြာအောင် စကားစမြည် ပြောကြပြီး ဦးလေးအတွက် ဖယောင်းတိုင်၊ မီးခြစ်၊ ဆေးလိပ်၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ ဖျာ စီစဉ်ပေးလိုက်၏။ အောက်ထပ်တွင် အမေနှင့်ကျွန်တော် ထုံးစံအတိုင်း အိပ်၏။ အဖေက အလုပ်ရုံ၌ အိပ်နေကျဖြစ်၏။ သို့ဖြင့် နံနက်မုန့်ဟင်းခါးဆိုင်အတွက် စောစောထ၍ ချက်ပြုတ်ရမည် ဖြစ်သောကြောင့် အမေနှင့် ကျွန်တော် အိပ်ရာဝင်ခဲ့ကြ၏။

မှန်အိမ်မီးလျှော့ကာ ပိတ်လိုက်သဖြင့် တစ်အိမ်လုံး မှောင်မည်းသွားလေ၏။ အိပ်ရာဘေး စားပွဲပေါ်တွင် ညရေးညတာအတွက် သုံးရန် ရေနံဆီမီးခွက်နှင့်မီးခြစ် အသင့်ချထား၏။

ညဉ့်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အရာအားလုံးသည် အမှောင် ထုအောက်၌ အိပ်မောကျနေ၏။

"အမယ်လေး လုပ်ကြပါဦးဗျာ"

"ဝုန်း . . . ဒိုင်း . . . ဒုန်း" ဟု သောအသံများကြောင့် ကျွန်တော် ဖျတ် ခနဲ နိုးသွားသလို အအိပ်ဆတ်သော အမေက မီးခွက်တွင် မီးထွန်းပြီးနေပြီ

အမေသည် မီးခွက်ကိုကိုင်လျက် အသံကြားရာ အိမ်အပေါ်ထပ် တက် သည့် လှေကားရင်းသို့ ထသွားသည်၊

ကျွန်တော့်မှာ သရဲကြောက် သဖြင့် အမေ့နောက်သို့ ကသောကမျော ထလိုက်သွားမိ၏။

လှေကားရင်းမှာ ဦးလေးကို တွေ့ရသည်။ ပုဆိုးကျွတ်လျက် ဘော ဘီတိုဖြင့် မှောက်ရက် လဲနေသည် မီးခွက်မီးရောင်နှင့် မြင်ရ၍ သားအမိ နှစ်ယောက် ဝိုင်းထူလိုက်ကြ၏။

ဦးလေးကိုမြဝင်း၏ မျက်နှာ ချွေးများပြန်နေပြီး မောနေဟန်ရှိ၏။

"ဘယ်လိုဖြစ်တာလဲ မြဝင်းရ ငါ ပြောစမ်းပါဦး"ဟု အမေက ဆိုလို ၏။

"ဟို . . ဟို ဟို" ဟုပြော ဦးလေးမှာ ကြောင်စီစီ ဖြစ်နေ၏။

"ကဲ လာ. . . လာ. . . လာ" ဟု အမေက ပြောရင်း လှေကားမှ ကျ၍ ဒူးနာနေသော ဦးလေးကို အိမ် ရှေ့ခန်းစားပွဲဆီသို့ တွဲခေါ်ခဲ့ကြ၏။

အမေသည် မီးခွက်ကို စား ပေါ် တင်လိုက်သည်။

ဦးလေးကို ကုလားထိုင်၌ ခိုင်းလိုက်သည်။ ထို့နောက် သော ရေအိုးမှ ရေတစ်ခွက်ခပ်ယူပြီး လိုက်၏။

ဦးလေးသည် ရေခွက်ကို ချာစွာ ဆုပ်ကိုင်လျက် လေးငါးကျိ လောက် သောက်လိုက်၏။

ပြီးမှ . . .

"တော်ပြီ၊ ကျွန်တော် တအားကြောက်သွားပြီ အစ်မ ဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . ဘာကြောက်တာလဲ … ရှင်းရှင်းပြောစမ်းပါ"ဟု အမေက …ရာ . . .

"အကောင်မည်းမည်းကြီးဗျ . . …တဲ့ခန္ဓာကိုယ်ကြီး မဟုတ်ဘူး၊ …တော်ကခြင်ထောင်ထဲမှာပက်လက် …ပျော်နေတာ၊ ဗိုက်တအား အစ်နေ … အသက်ရှူကျပ်လာတာနဲ့ နိုးသွား …ချက်လုံးဖွင့်ကြည့်လိုက်တော့ ကတုံး …ပြောင် ဗိုက်ရွဲရွဲ လူမည်းမည်း …ကြီးက ကျွန်တော့်ဗိုက်ပေါ် ခွထိုင် …တာ တွေ့ရတော့ တအားကြောက် …တာပေါ့။ သူ့ခန္ဓာကိုယ်ကြီးနဲ့ …တာ ကြာရင် ကျွန်တော် အသက် …ောင်ထွက်သွားမှာ၊ လူလည်းကြောက် …နဲ့ ချွေးတွေပြန်နေပြီ"

ကျွန်တော်သည် ဦးလေး ကိုမြ… ပြောနေသည်ကို နားထောင်ရင်း …ထဲတွင် စိမ့်လာသည်။ ထို့ကြောင့် …နားသို့ တိုးကပ်ထိုင်လိုက်မိသည်။

အမေက ကျွန်တော့်အား ထိပ် တစ်ချက် ခေါက်လိုက်၏။

"ဒါနဲ့ . . . နေပါဦး၊ မင်း လိမ့်မကျခင် စောစောပိုင်းက ငါ့နားထဲမှာ သံပုံးတွေ သံပုံးတွေလို့ အသံအကျယ်ကြီး ကြားလိုက်ရတယ်၊ အဲဒါ မင်း အော်တာလား"ဟု အမေက မေး၏။

ကိုမြဝင်းသည် အမေ့ဖြေရင်းမှ

"ဟုတ်ပါတယ်၊ ကျွန်တော် ပြောပြပါ့မယ်၊ အဲဒီအကောင်မည်းမည်းကြီးကိုကြည့်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ သမ္ဗုဒ္ဓေဂါထာကိုရွတ်တာ သမ္ဗုဒ္ဓေ မဖြစ်ဘဲ သံပုံးတွေ . . . သံပုံးတွေလို့ အယောင်ယောင် အမှားမှား အော်မိပြီး အစပိုင်းမှာတင် ထစ်ပြီး မှားနေတော့တယ်။ ကြောက်စိတ်ကြောင့် နောက်ပိုင်းလည်း မေ့နေပါပြီဗျာ၊ အဲဒါကို အကောင်ကြီးက၊ သဘောကျလွန်းလို့ တဟားဟားရယ်မောရင်း သမ္ဗုဒ္ဓေပါကွာလို့ပြောပြီး ဖျတ်ခနဲ ပျောက်သွားတယ်။ ဒီမှာတင် ကျွန်တော်လည်း ကမန်းကတန်းထလို့ အောက်ထပ်ကို ပြေးဆင်းတာ ပုဆိုးစ တက်နင်းမိပြီး လှေကားပေါ်ကနေ တလိမ့်ခေါက်ကွေး ကျတော့တာပဲ အစ်မရယ်။

ကျွန်တော် မနေတော့ဘူး၊ မိုးလင်းတာနဲ့ သွားတော့မယ်၊ အစ်မအိမ်မှာ သရဲရှိတယ်"

ဟု ပြောရင်း ဦးလေးသည် လက်မှနာရီကို ကြည့်လိုက်သည်။

"၃ နာရီ ထိုးပြီ၊ ဒီမှာပဲ ငုတ်တုတ်ထိုင်နေတော့မယ်"ဟု ဆိုလေ၏။

ဤကား ကျွန်တော့်ဦးလေး၏ ကိုယ်တွေ့ဖြစ်၏။ ဦးလေးက ကိုယ်တွေ့ကြုံတော့ ယုံတယ်ပေါ့။ မယုံတာက ကျွန်တော့် အမေပါ။ ခုထိလည်း၊ သရဲတစ္ဆေအကြောင်း ပြောလျှင် . . .

"မရှိပါဘူး"လို့ "ဘူး"ကွယ်နေတုန်း။

❐ လှလှအောင်


**ဆရာဦးစင်းထွန်း** D.B.B.W - C.T (Med)

**ချမ်းသျှင်** တိုင်းရင်းဆေးကုခန်း

**အထူးကုသသောရောဂါများ**

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➽ အမှတ် (၆၁၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



# ထမင်းဖြုန်းတဲ့ငါး

ကြည်တင်နိုင်

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ် ဒေသတွင် ငါးတစ်မျိုးရှိသည်။ ထမင်းဖြုန်းငါးဟုခေါ် သည်။ ကျွန်တော် ငယ်စဉ်ကလေးဘဝက မိခင်ဖြစ်သူမှ ထိုငါးကို ချက်ကျွေးလျှင် ကျွန်တော် ထမင်းမစားတော့ချေ။ ထမင်းဖြုန်းငါးမှာ စားရသူတိုင်း မကြိုက်ကြချေ။

အရသာမှာ ပေါ့ရွှတ်ရွှတ်နိုင်ပြီး မည်မျှဆားခပ်ထည့်စေကာမူ ဆားမပါသော ဟင်းကဲ့သို့ အရသာ မရှိလှချေ။ ထို့ကြောင့် ထမင်းကို ဖြုန်းတီးပစ်ရာ ရောက်သောကြောင့် အဆိုပါ အမည်ကို ရဟန်တူသည်။

ထမင်းဖြုန်းငါးကို လူသိများသော နာမည်မှာ ငါးပုတ်သင် ဖြစ်၏။ ငါးပုတ်သင်ငါးမှာ အညှီအဟောက်နည်းသဖြင့် သွေးနုသားနု မီးဖွားသော မိခင်များနှင့် အထူးသင့်လျော်သည်။ အာဟာရ ဖြစ်သည်၊ ရှိစေဦး။

ငါးပုတ်သင်ဖြစ်စေ၊ ထမင်းဖြုန်းငါးဖြစ်စေ ကျွန်တော် ဦးနှောက်အတွင်းသို့ ဝင်ရောက်လာသည့် အတွေးသစ်တစ်ရပ်မှာ ငါး၏အမည်နှင့်သက်ဆိုင်နေသော်လည်း ဖြစ်ရပ်မှာ ငါးနှင့် မည်သို့မျှ မသက်ဆိုင်ချေ။

ပင်စင် အနားယူပြီးချိန်မှစ၍ စာပေလောကအတွင်းသို့ဝင်ရောက်လာခဲ့သော ကျွန်တော်၌ အဓိကတာဝန်ကြီးသုံးရပ်ကို လုပ်ဆောင်နေသည်။

စာပေအနုပညာလုပ်ငန်း၊ ဘာသာရေး၊ လူမှုရေး၊ ပရဟိတအကျိုးဆောင်ရွက်သည့် ကောင်းမွန်သောလုပ်ငန်းစဉ်ကြီး သုံးရပ် ဖြစ်သည်။

ထို့ကြောင့်ပင် မိမိဝါသနာပါရှိရာ စာပေဖြင့် ဓမ္မစာပေ၊ဘာသာရေးစာပေနှင့် ကဗျာများရေးသားခြင်း၊ နှစ်စဉ်ဒုလ္လဘရဟန်းဝတ်ခြင်း စသော ကုသိုလ်ပြုလုပ်ငန်းများ၌ အချိန်ကို အကျိုးရှိစွာ အသုံးပြုခြင်းများ ပြုလုပ်လျက် ... သည်။

လူမှုရေးတွင် မိဘမဲ့က... သူငယ်များ စောင့်ရှောက်မွေးမြူ... သင်ကြားပေးနေသည့် သာကေ... နယ်ရှိ ရွှေမဥ္ဇူပရဟိတ ကျော... ကျောင်းအကျိုးဆောင် တစ်ဦးအ... စေတနာထားကာ ပါဝင်ကူညီ ဆော... ရွက်ခဲ့ပါသည်။

တစ်နေ့တွင် ရွှေမဥ္ဇူကျော... ဆရာမတစ်ဦးဖြစ်သူ မဝါဝါလွင်၏ ... ကြားချက်အရ သူမနေအိမ်သို့ ... ရောက်မိခဲ့သည်။

ဆရာမ၏ အိမ်အရောက်... ကား ဆရာမ၏ဘွားအေဖြစ်သူအ... ၈၆ နှစ်ရှိပြီဖြစ်သည့် အဘွားအိုမှာ ... ဖြတ်၍အိပ်ရာထက်၌ လဲလျောင်း... ရှိသည်ကို တွေ့ရပါသည်။ ထို... အိုအား အစစအရာရာ ကြ...





www.burmeseclassic.com

www.burmeseclassic.com

...ကာ ပြုစုယုယနေသည့် ဆရာမကို ...တော်လေးစားမိပါသည်။ တစ်ဖက် ...ည်း ပင်စင်ယူပြီးသော မိခင်နှင့် ...တို့ကို ဆရာမ ဝင်ငွေဖြင့် မိဘ၊ ...တို့အား မငြိုမငြင် စောင့်ရှောက် ...ရှိသည်ကို သာဓုအကြိမ်ကြိမ်ခေါ် ...သည်။

ဤမြင်ကွင်းနှင့် ဤအဖြစ် ...ကို တွေ့မြင်ပြီးနောက် ကျောင်း ...ဆောင် ကော်မတီဝင် တစ်ဦး ... ညီငယ်ဦးတိုးမြင့်နှင့်အတူ အိမ် ...ပြန်လာခဲ့ကြသည်။

ဦးတိုးမြင့်၊ ဒေါ်မြင့်မြင့်ဦးတို့ ဇနီး ...နှမှာ နှစ်ဖက်လှစတိုး အမည်ဖြင့် ...လှဲ့ ဓမ္မစာပေကို မြောက်ဒဂုံတွင် ...ကာ စေတနာဒါန စာပေနှင့်ဘဝ ...အလှူဆင်နေကြသူများ ဖြစ်သည်။

ဓမ္မတရားခွေများ အခမဲ့ကူးယူ ... ဗုဒ္ဓစာပေ၊ စာအုပ်များကိုအခမဲ့ ...ခြင်းများကို သဒ္ဓါတရားပြည့်ဝစွာ ...ဆောင်ရွက်လုပ်ကိုင်နေကြသည်။

သူတို့မိသားစုတွင် အသက် ၈၆ ... ဖြစ်သော ဦးတိုးမြင့်၏ဖခင် ...အုန်းကို ထပ်မံတွေ့ရှိပြန်သည်။

အသက်အရွယ် ၈၆ နှစ် ရှိပြီ ...သော ဖခင်ကို သမီး၊ သားဖြစ်သူမှ ...မြေးဖြစ်သူ မနီလာဝင်းအထိ ဘိုး ...ဖြစ်သူကို လေးစားသည်။ အစား ...တ်အနေအထိုင်၊ အဝတ်အစား ...များနှင့် ပြုစုယုယကြသည်။ ...မြင်ကွင်းကို ကြည့်၍ ကျွန်တော် ...မိပါသည်။ စိတ်ချမ်းသာမိသည်။

ကျွန်တော် နေအိမ်သို့ ပြန် ...တွင်ကား ကျွန်တော့်မိသားစု ... အစ်မကြီးဖြစ်သော ဒေါ်သန်းနှစ် ... အသက် ၇၄ နှစ် ရှိပြီဖြစ်သည်။ ...သုံးယောက်၊ သား တစ်ယောက်၊ ... သုံးယောက်တို့နှင့် ကျွန်တော် ...ဝင် မိသားစု ကိုးဦးရှိသည်။ သမီး ...ကျက်မှာ ဝန်ထမ်းများ ဖြစ်ကြ ... ကျန်ရှိသည့်သူများမှာ ဝင်ငွေ ...ရရ မရှိကြလှချေ။

သို့သော် ကျွန်တော်၏ တူ၊ တူမ လေးများသည် မိခင်ဖြစ်သူကို လွန်စွာ ဂရုစိုက်ကြသည်။

မြေးဖြစ်သူ သမီးငယ်လေးများ မှာလည်း ဘွားအေအပေါ်မှာ လွန်စွာ ဂရုစိုက်၍ အစစအရာရာ လိုက်လံ စောင့်ရှောက်တတ်သည်။ သွေးတိုး၊ ဆီး ချို၊ နှလုံးရောဂါများအတွက် ဆေးဝါးကို အချိန်မှန်တိုက်သည်။ မီးဖိုချောင်၊ ဗာ ဟီရလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင် ခြင်းကို ခွင့်မပြုချေ။

ရေကို အချိန်မှန်မှန်ချိုးရန်သတိ ပေးသည်။သို့သော် ကျွန်တော့်အစ်မက မြေးဖြစ်သူ၏ ဤသို့ နေရာတကာပြော ဆို သတိပေးမှုတွေကို သဘောမတွေ့ ချေ။ မောင်ဖြစ်သူ ကျွန်တော့်အား ဤ သို့ ပြောခဲ့သည်။

"မောင်လေး စဉ်းစားကြည့်စမ်း၊ တို့တစ်တွေ အသက်ကြီးပြီဆိုပြီး ဘာဆို ဘာမှ တို့မှာ လွတ်လပ်စွာ လုပ်ပိုင်ခွင့် မရှိတော့ဘူး၊ နေရာတကာ မျက်စိ ဒေါက်ထောက်ပြီး အကြည့်ခံနေရသလို ပဲ၊ မလွတ်လပ်တော့ဘူး မောင်လေး ရာတဲ့"

အစ်မကြီး၏စကားကို ကြားမိ တော့ ကျွန်တော် များစွာစိတ်မကောင်း ဖြစ်မိသည်။ စေတနာနှင့် အရာရာကို တစ်စုံတစ်ခုဖြစ်မှာ စိုးရိမ်၍ သတိပေး စကား ပြောကြားခြင်းကို ကျွန်တော့် အစ်မကြီး သဘောမကျပေ။

ငယ်စဉ်ကလို မီးဖိုချောင်တွင်း ဝင်၍ သားသမီးများ စားသောက်ရေးကို တာဝန်ယူ ချက်ပြုတ်ကျွေးမွေးချင်သေး သည်။ မိမိစိတ်သွားတိုင်း ကိုယ်မပါ တော့သော အရွယ်နှင့် ဇရာကို မိဘတို့ ၏မေတ္တာဖြင့် ဟန့်တားချင်သေးသည်။

သို့ဖြစ်၍ မြေးဖြစ်သူ သမီးငယ် လေးအား ဘွားဘွားအား နေရာတိုင်း မှာ လိုက်လံပြောဆိုမှုမပြုရန် သတိပေး စကား ပြောပေးရသည်။

ကုသိုလ်ကြောင့် အကုသိုလ် ဖြစ် သည်။

အကုသိုလ်ကြောင့်လည်း ကုသိုလ် ဖြစ်ရသည်ဟု ပဋ္ဌာန်းဒေသနာတော်မှာ ပါရှိသကဲ့သို့ ကျွန်တော်တို့သည် ခင်ပွန်း ကြီး ၁၀ ပါး အပါအဝင် မိဘ ဘိုးဘွား များနှင့် ဆက်ဆံပြောဆိုရာတွင် အပြစ် မဖြစ်ရန် လွန်စွာ ဂရုပြုထားကြရန် လိုအပ်ပါသည်။

သို့မဟုတ်ပါလျှင် ဆရာတော် ကြီးတစ်ပါး အမိန့်ရှိထားသကဲ့သို့ ကျွေး မွေးစောင့်ရှောက်နေပါလျက် စေတနာ စိတ်ထား မထားတတ်ပါက၊ ပြောမှား ဆိုမှား ဖြစ်ပါက ဆန်တွေကုန်ပြီး ထမင်း ဖြုန်းသူများ အဖြစ်သို့ ကျရောက်သွား တတ်ပါသည်။

သို့ဖြစ်၍ သက်ကြီး၊ ဝါကြီး၊ မိဘ ဘိုးဘွား၊ ဦးရီး၊ ဒွေးလေး၊ ဘိုးအေ၊ ဘွား အေ စသော ဂါဝရတရားထားရသည့် ဆွေမျိုး ညီအစ်ကို မောင်နှမများအပေါ် စိတ်ထား ကောင်းမွန်စွာ ကူညီစောင့် ရှောက်ပါ။ ယင်းတို့၏ စိတ်အနှောင့် အယှက် ဖြစ်စေမည့် ပြောဆိုမှုများကို ရှောင်ကြဉ်ပါ။

အိမ်မှာရှိသော သက်ရှိထင်ရှား မိဘ၊ ဘိုးဘွားများအား ပြုစုတတ်လျှင် နေ့စဉ် ကုသိုလ်အကျိုးများ တိုးပွားနိုင် သကဲ့သို့ ပြုစုယုယမှု၊ ပြောဆိုမှု တစ်စုံ တစ်ရာ မှားသွားခဲ့လျှင်ကား ထမင်း ဖြုန်းတဲ့ငါးတွေဖြစ်ပြီး အပါယ်လေးပါး သို့ ကျရောက်သွားစေနိုင်ကြောင်း ဤ ဆောင်းပါးဖြင့် သတိပေး ရေးသားလိုက် ရပါသည်။

ခင်ပွန်းကြီးဆယ်ပါး မပြစ်မှားမိ စေပါနှင့်။


❒ ကြည်တင်နိုင်





www.burmeseclassic.com

www.burmeseclassic.com




# မိဘမေတ္တာဆိုတာ

အဂ္ဂစိုး

ရာသီဥတု ကောင်းမွန်သော နေ့တစ်နေ့၏ ညနေစောင်းဖြစ်သည်။

ဦးသက်လင်းနှင့် ဒေါ်ခင်ကျော်ဦးတို့ ဇနီးမောင်နှံသည် ရွှေပေါက်ကံမြို့ ပတ္တမြားစေတီတော်ကြီးအား ဖူးမြော်ကြည်ညို ရောက်ရှိနေကြခြင်း ဖြစ်လေ၏။ ဘုရားစေတီဝင်းအတွင်းလှည့်လည် ရှိခိုးကန်တော့ကြကာ စေတီရင်ပြင်တွင် ခေတ္တအနားယူထိုင်ကြ၏။ ညနေခင်းစ အချိန်ဖြစ်သည်နှင့်အညီ ငမိုးရိပ်ချောင်းဘက်ဆီမှ လယ်ကွင်းတို့ကိုဖြတ်၍ တိုက်ခတ်လာသော လေပြည်လေညင်း၏ အေးမြသော အတွေ့အထိကို ခံစားကြရလေ၏။

စေတီတော်ထက်ဆီမှ ဆည်းလည်းသံ လွင်လွင်ကိုလည်း စိတ်ကြည်နူးဖွယ်ရာ ခံစားကြရလေ၏။ ရဟန်းရှင်လူ လူငယ်လူကြီး ယောက်ျားမိန်းမအရွယ်စုံမျှ ဘုရားဖူး လာရောက်သူတို့နှင့် စည်ကားလျက် ရှိကြလေ၏။

ဒေါ်ခင်ကျော်ဦးက အချိုရည်ဘူးကို ဖောက်ကာ ဦးသက်လင်းသို့ ပေး၏။ သူကိုယ်တိုင်သည်လည်း တစ်ဘူးကို ဖောက်၍သောက်လေ၏။

ဦးသက်လင်းသည် ဘုရား... လာကြသူ တို့အနက်မှ မြေး... ကလေး တချို့ကို ငေးစိုက်ကြ... နေ၏။

သောက်အံ့ဆဲဆဲ အချိုရည်... ကိုပင် မေ့လျော့နေဟန်ရှိ၏။

ဒေါ်ခင်ကျော်ဦးက . .

"ဟော့ အဘိုးကြီး၊ ဘာတွေ... တွေးနေငေးနေရတာတုံး" ဟု... သောက်လက်စကို ဆက်၍... ရင်းမှပင် ခင်ပွန်းဖြစ်သူ... အ... နေ၏။

www.burmeseclassic.com

"ငါ့မြေးမလေးတွေကို သတိရနေလို့ပါ၊ ဟောဟိုလူစုကို ကြည့်စမ်းပါဦး၊ အဘိုးအဘွားက မြေးကလေးတွေရဲ့လက် တွဲလို့၊ ကလေးတွေကလဲ ခိုလို့ ခိုလို့ တွဲလို့ ဘယ်လောက်များ ပျော်စရာ ကောင်းသလဲဟင်"

ဤတွင် ဒေါ်ခင်ကျော်ဦးမှ . .

"ရှင်က ခုမှဖွင့်ပြောတာ၊ ကျွန်မ အဖြင့် စေတီတော်ဝင်းထဲကို ဝင်လာကတည်းက အဲဒီမြေးအဘိုးတွေကို ကြည့်ပြီး မြေးတွေကို သတိရနေခဲ့တာပါရှင်၊ တော်ရာမှာနေရ ပျော်ရာမှာနေရဆိုသလိုပဲ၊ သူတို့အိုး သူတို့အိမ် ကိုယ်စီနဲ့မို့ လွမ်းစရာရှိရင် နာစရာနဲ့ ဖျောက်ရတာပေါ့ အဘိုးကြီးရယ်"

လွန်ခဲ့သော ခုနစ်နှစ် ရှစ်နှစ်ခန့် အငြိမ်းစား ယူခါစကာလ၌ သူတို့၏ သားသုံးယောက်တို့မှာ ကျောင်းမပြီးကြသေးပေ။ သူတို့လေးတွေ ဘဝရှေ့ရေးမှာ လူတစ်လုံးသူတစ်လုံးဖြစ်ရေး မိဘတို့ ကျင့်ဆောင်ရာ ဝတ္တရားမပျက် အားထုတ်ပံ့ပိုးခဲ့ရသည်။

ဝန်ထမ်းအငြိမ်းစား၏ လစာနှင့် ရှာဖွေစု စောင်းထားသမျှက ရင်း၍ ထောက်ပံ့ခဲ့ရသည်။ သူတို့၏ ပညာရေး၊ သူမှုရေး၊ ကျန်းမာရေး အဘက်ဘက်က တစ်ပင်းမှု မရှိစေရ။

ကြီးမားလှသော မိဘတို့၏ မေတ္တာဖြင့် မြေတောင်မြှောက်ပေးခဲ့ရသည်။ မည်သည့်မိဘမဆို ကိုယ့်သားသမီးဖြစ်ထွန်း အောင်မြင်လျက် ဆင်စီးမြင်းရံသည်ကို မြင်တွေ့ချင်ကြသည်မို့ မိဘဖြစ်သည့် ယင်းတို့ဇနီးမောင်နှံသည်လည်း ကိုယ်အား၊ ဉာဏ်အား၊ ငွေအား ရှိသမျှနှင့် ရင်းခဲ့ရသည်ပင်။

သားသုံးယောက်စလုံးကလည်း မိကောင်းဖခင် သားသမီး ပီသသည်။ လောဘ၊ ဒေါသ၊ မောဟ မလွန်ကဲကြ။ မိမိကျင့် မြင့်မြင့်ကြဲသူတို့သာ ဖြစ်ကြလေသည်။

ကိုယ်စီ ဘွဲ့တစ်ခုစီရလာတော့လည်း သားနှစ်ယောက်တို့က ပြည်ပသို့ ထွက်ခွာကာ အလုပ်ကို ကြိုးစားခဲ့ကြသည်။ ရသမျှလုပ်အားခကို မိဘထံ ပို့ပေးကြသည်။

ပြည်တွင်း၌ ကျန်သည့် သားအငယ်ဆုံးကလည်း မိဘနှစ်ပါးတို့၏ မျက်ရိပ်အောက်က မခွာ၊ မိဘကိုကူညီ စောင့်ရှောက်ရင်း ရုပ်ရှင်ကုမ္ပဏီတစ်ခုတွင် သူ့ပင်ကိုဝါသနာပါရာ ဓာတ်ပုံရိုက်ကူးရေးနှင့် ကားကူး ကားဆက် လုပ်ငန်းခွင်တွင် လုပ်ကိုင်ခဲ့သည်။

ထိုအချိန်အခါ ကာလများသည် မိသားစု၏ ပြန်လည်ထူထောင်စ အခြေအနေ ဖြစ်လေ၏။ ရုန်းကန်ခဲ့ရသည့် ပင်ပန်းဆင်းရဲမှုများ ပျောက်ကင်းစ အခါလည်း ဖြစ်လေ၏။

နောက်နှစ် အနည်းငယ် ကြာသော် သားနှစ်ယောက် မိဘရင်ခွင်သို့ ပြန်လာကြလေ၏။

သားကြီးနှင့် သားအငယ်ဆုံးတို့က အိမ်ထောင်ပြုလိုသည်ဟုခွင့်တောင်းကြ၏။ မိသား ဖသားပီပီ တောင်းရမ်းကာ ခမ်းနားစွာ မင်္ဂလာဆောင်နှင်းပေးခဲ့၏။

သားအလတ်ကမူ လွန်ခဲ့သော နှစ်ကမှ နှစ်ဖက်သော မိဘတို့ ခွင့်ပြုချက်ဖြင့် တောင်းရမ်းကာ မင်္ဂလာကို ခမ်းနားစွာ ဆောင်ခဲ့လေ၏။

ယခုအခါတွင် သားကြီး ထက်မြက်က သမီးဦးကလေး ကျော်စံပယ်သင်းကို မွေးခဲ့ကာ အငယ်ဆုံးသား ကျော်ရဲကလည်း သမီးဦးကလေး နန်းအဥ္စလီကို မွေးခဲ့ပြန်၏။

အလတ်ကောင် ဇော်ဦးကမူ ယခုထိတိုင်အောင် သားသမီးထွန်းကားမှု မရှိသေးပေ။

ဤသည်တို့မှာ ဦးသက်လင်း ဒေါ်ခင်ကျော်ဦးတို့၏ ဘဝဖြစ်စဉ်ထဲမှ ဘဝတစ်စိတ်တစ်ပိုင်း ပင်ဖြစ်၏။

ယခုမူ သားတို့သည် ကိုယ်ပိုင်လုပ်ငန်းခွင်အလိုက် ကိုယ်တိုင်ဦးစီး လုပ်ကိုင်လျက် အိမ်ထောင်သည်တာဝန်ဝတ္တရား. တို့ကိုပါ ထမ်းဆောင်လျက်ရှိကြလေသည်။ ရှေ့သွားနောက်လိုက် ညီလှသည်ဟု ဆိုသော်မမှားနိုင်သည့် အိမ်ထောင်ဖက်ကောင်းတို့နှင့် ဖူးစာဆုံခွင့်ရကြလေပြီ။

သမီးကောင်းရတနာများလည်း ထွန်းကားခဲ့လေပြီ။ သူတို့မိဘတို့ကိုလည်း သတိတရ တရိုတသေထောက်ပံ့မှု ပြုခဲ့ကြလေပြီ။

သူတို့မိသားစုအလိုက် မအားလပ်သည့်ကြားမှပင် ရံဖန်ရံခါဆိုသလို မိဘတို့ထံသို့ အချိန်ယူကာ လာရောက်လေ့ရှိပြီး မာကြောင်း သာကြောင်း သတင်းမေးကြသည်။

လိုအပ်သည်ကို ဖြည့်ဆည်းပေးကြသည်။ အသက်(၇)နှစ်အရွယ် မြေးမသည် အဘိုးအဘွား တွေအိမ်သို့ရောက်လျှင် သူက ကျောင်းဆရာမ လုပ်၏။ သင်ပုန်းနက်တွင် သူ ရေးလိုသည်ကို မြေဖြူဖြင့် ရေးကာ သူတိုင်သောစာကို အဘိုး၊ အဘွားဖြစ်သူတို့က လက်ပိုက်မတ်တတ်ရပ် လိုက်ဆိုကြရ၏။ ပြီးလျှင် စာကို အလွတ်ပြန်ပြရ၏။ သူ့စိတ်တိုင်းမကျလေသော် ပေတံဖြင့် တင်ပါးကို ရိုက်၏။ နားရွက် ဆွဲ၏။ ခေါင်းကို ခေါက်၏။

ကလေးငယ်၏ သာမန်အားပေမယ့် အတိုင်းအဆမရှိလေသောကြောင့် တချို့ရိုက်ချက်များ အတော်နာ၏။ သို့သော် မြေးအချစ် အနှစ်မဟုတ်ပါလား။ မြေးမငယ်ကမူ နှစ်ခါလည်ကျော်စသာရှိသော်လည်း အရွယ်နှင့် မမျှအောင်လည်၏။ လျှာထုတ်ပြတတ်၏။ မျက်စိမှိတ်ပြတတ်၏။ အဝတ်အစားဗီရိုသော့၊ သေတ္တာသော့၊ အိမ်သော့ ခွဲခြားတတ်၏။

အထူးသဖြင့် ငွေထည့်အံဆွဲ၊ ငွေသိမ်းခုံသော့ကိုမူ လုံးဝ မှတ်မိ၏။ ဖွင့်တတ်၏။ အတော်လည်၏။ အများချစ်အောင် နေတတ်၏။ သီးချင်းလည်း ဆိုပြတတ်၏။ အကလည်း တတ်၏။ ဤမြေးကလေးတို့၏ အပြောအဆို အဆိုးအနွဲ့တို့သည် ဦးသက်လင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ဇနီးမောင်နှံ အမြဲတစေ ကြားလိုသည့် အသံလွင်သော ဆည်းလည်းသံလေး များပင် ဖြစ်ချေ၏။ သူတို့ကလေးများကို အိမ်တွင် အမြဲတစေ ရှိနေစေချင်သော် လည်း၊ မျက်ရိပ်အောက်တွင် ထာဝစဉ် ရှိစေချင်ပါသော်လည်း ရေကြည်ရာ မြက်နုရာအရပ် ချောမွေ့ရာလမ်း အေး ချမ်းရာအရိပ်ကို သူတို့အသီးသီးရှာ၍ သွားကြလေပြီ။ သူတို့ကိုယ်တိုင်အတွက် ကိုသော် လည်းကောင်း၊ သူတို့၏ သား သမီးမြေးမြစ်တို့ရေ့ရေး မျှော်တွေးကြ သော်လည်းကောင်း ဘဝတိုက်ပွဲတွင် ပါဝင်နေကြရချေပြီ။

သူတို့၏ လက်ငင်းဘဝအတွေ့ အကြုံနှင့် ထင်ဟပ်လျက် မိဘတို့၏ စေတနာမေတ္တာကိုလည်း တစ်နှစ်ထက် တစ်နှစ် ပို၍သိလာကြ၏။ နားလည်လာ ကြ၏။ လက်ခံလာကြ၏။ ထို့ကြောင့် လည်း မြင်သာထင်ရှားသော တုံ့ပြန်မှု များ ရှိလာကြ၏။

ယခင့် ယခင်ကထက် မိဘထံ ဝင်ထွက်မှု များလာကြသည်။ ထောက်ပံ့ ကူညီမှုများလည်း ပို၍ဂရုတစိုက်ရှိလာ ကြ၏။ ထိုအခါ မိဘနှစ်ပါးကို ပတ်ဝန်း ကျင်က အားကျကြသည်။ သားတို့ကို အကြောင်းပြု၍ အားတို့ကို ပြုစုပျိုး ထောင်ခဲ့သည်။

ဦးသက်လင်းနှင့် ဒေါ်ခင်ကျော် ဦးတို့ကို များစွာချီးကျူးကြလေ၏။ ထို့ ကြောင့်တစ်ဖန် မိဘနှစ်ပါးတို့ကလည်း သားတို့အပေါ် များစွာကျေးဇူးတင်ရ ပြန်လေ၏။ စင်စစ်တွင် သီရိဂေဟာ မိသားစုဟုဆိုသော် ငြင်းနိုင်ဖွယ်ရာမရှိ။

ဒေါ်ခင်ကျော်ဦးက သောက် လက်စ အချိုရည်ကို အပြီးသတ် မော့ သောက်ချလိုက်ပြီး . . .

“ကဲပါ အဘိုးကြီးရယ်၊ ရှင်သတိ ရနေသလို ကျွန်မလဲ သတိရတာပါပဲ၊ ကလေးတွေလဲ မကြာမကြာ လာနေကျ တာကို၊ ကဲ . . လာ မဟာမြတ်မုနိ ကိုယ်တော်ကြီး သွားဖူးကြစို့”

ဦးသက်လင်းကငိုင်၍ ကိုင်ထား သော အချိုရည်ကို တစ်ဆက်တည်းဖြင့် ကုန်အောင် မော့၍သောက်လိုက်၏။

ပထမ ဒေါ်ခင်ကျော်ဦးက ထိုင် ရာမှ ထ၏။ ယောဂီရောင်ပဝါကို ပခုံး တစ်ဖက်တွင် အသာအယာ တင်လိုက် ၏။ ထို့နောက် ဦးသက်လင်းကို လက် ကမ်း၍ပေး၏။ ကမ်းသောလက်ကို အား ပြု၍ ဦးသက်လင်းက ထိုင်ရာမှထ၏။

ထို့နောက် ပတ္တမြားစေတီဝင်း အတွင်း စံပယ်တော်မူသည့် မဟာမြတ် မုနိကိုယ်တော်မြတ်ကြီးအား ပန်း ဆီမီး ရေချမ်း နံ့သာတိုင်တို့ဖြင့် ပူဇော်ကာ ကန်တော့ကြလေ၏။

ထို့နောက် စပါးကြီးမြွေကြီးများ ထားရှိရာ သံစကာလှောင်အိမ်သို့ သွား ရောက်ကြည့်ရှုကြပြန်၏။

ထို့နောက် မှောင်ရီပျိုးစအချိန် ရောက်လေ၏။ ဘုရားဂေါပကရုံးတွင် အလှူတော်ငွေ ထည့်ဝင်ကြကာ ရွှေ ပေါက်ကံမြို့ (၂၀)ရပ်ကွက်ရှိ နေအိမ်သို့ ပြန်ခဲ့ကြလေ၏။

❒ အဂ္ဂမျိုး




အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

အရှိန်ပြင်းစွာ ခုတ်နေသော မီးရထား၏ ပြတင်းပေါက်မှ အပြင်သို့ ကျွန်မ ငေးကြည့်နေမိသည်။ ယခုအချိန်တွင် ကျွန်မလောက် ပျော်ရွှင်သည့်သူ ရှိမည် မဟုတ်ပါ။

မကြာခင် ကျွန်မသည် နယ်လ်ဆင်နှင့် တွေ့ရပေတော့မည်။ ကျွန်မတို့ နှစ်ယောက် လက်ထပ်ကြမည်။ ထိုင်ခုံကို ကျောပြန်မှီပြီးနောက် မျက်စိမှိတ်၍ သက်သာစွာ အနားယူလိုက်ပါသည်။ စိတ်သည် အတိတ်ကာလဆီသို့ ပြန်ရောက်သွားပါသည်။

ပြိုကျလုနီးပါး ပျက်စီးနေသော အခန်း အငှားအိမ်ကြီး တစ်လုံးတွင် ကျွန်မသည် အိမ်သားဆယ့်နှစ်ယောက်ရှိသော မိသားစုဖြင့် နေရပါသည်။ အဖေ၊ အမေနှင့် ကလေးဆယ်ယောက် ရှိပါသည်။ ကလေးများအပြင် ကစားစရာများ၊ ခွေးများ၊ ကြောင်များလည်း ရှိပါသေးသည်။ အခန်းကျဉ်းပြီး လူများလွန်းသဖြင့် ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ရပါသည်။

ကျွန်မ ကြီးပြင်းလာသောအခါ ထိုဘဝမှ ရုန်းထွက်ဖို့ ကြိုးစားပါသည်။ ဖခင်မှာ တောက်တိုမည်ရ အလုပ်လုပ်သူဖြစ်ပြီး ဝင်ငွေ မကောင်းလှပါ။ မိခင်မှာ အလုပ်ကို အချိန်ဆွဲတတ်ပါသည်။ ကျွန်မအထက် အစ်ကိုများမှာ ပုံမှန်အလုပ်မရှိကြပါ။ ညီမများသည် သင့်ရာလူနှင့် အိမ်ထောင်ပြုကြပါသည်။ ကျွန်မတို့ မိသားစုတွင် ကလေးတွေ တိုးပွားသထက် တိုးပွားလာနေပါသည်။

ကျွန်မသည် သူတို့ကဲ့သို့ မဖြစ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်မနှင့် ခင်ပွန်းသည် တစ်ယောက်ကို တစ်ယောက် ချစ်ရမည့်အပြင် သန့်ရှင်းသပ်ရပ်သော အိမ်တစ်လုံးနှင့် သားသမီး အနည်းငယ် ရှိရပါမည်။ ကျွန်မသည် ထိုစီမံကိန်းကို အစောကြီးကတည်းက ချထားခဲ့သည်။ ဟိုက်စ်ကူးကျောင်း တက်နေချိန်ကပင် သကြားလုံး ရောင်းသောစတိုးဆိုင်တွင် အချိန်ပိုင်းအလုပ် ဝင်လုပ်ခဲ့ပါသည်။ ဘွဲ့ရလာသောအခါတွင် လက်နှိပ်စက်စာရေးမအလုပ် ရပါသည်။ ကျွန်မက ငွေကို စနစ်တကျ သုံးသဖြင့် မေမေက ကပ်စေးနှဲသည်ဟု ပြောပါသည်။

# ဂျာလည်တတ်သော ပူးတ

## ဘနှင်း (မြန်မာပြန်)





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလစာကို သုံးပုံ ပုံပါသည်။ လစာ သုံးပုံတစ်ပုံကို မေမေ့ကို ပေးပါသည်။ တစ်ပုံကို စုဆောင်းပါသည်။ တစ်ပုံကို ကျွန်မသုံးရန် ထားပါသည်။ ကျွန်မ သုံးရန်ငွေဖြင့် အဝတ်အစားကောင်းများ ဝယ်နိုင်လာပါသည်။ ဆံပင်ပုံစံ ပြောင်းပါသည်။ ဖက်ရှင်မဂ္ဂဇင်းများကိုဝယ်ဖတ်ပြီး အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ် မိန်းကလေးများ မည်ကဲ့သို့ ဝတ်ဆင်ရမည်ကို လေ့လာပါသည်။ ဤသို့ဖြင့် ကျွန်မ၏ရုပ်ရည်မှာ ကြည့်ကောင်းလာရပါသည်။

ကျွန်မ ယောကျ်ားမိတ်ဆွေများစွာနှင့် တွေ့ခဲ့ပါသည်။ ကပွဲတစ်ခုတွင် နယ်လ်ဆင်ကရေးဖို့ဒ်နှင့် တွေ့သည့်နောက်တွင် ကိုယ်ရှိန်သတ်လိုက်ပါသည်။ နယ်လ်ဆင်မှာ တခြားယောကျ်ားများနှင့်မတူပေ။ ပျော်ရွှင်တက်ကြွသူဖြစ်သည်။ တင်နက်ဆီပြည်နယ်၊ ဟန့်စ်ဗီးလ်မြို့မှ ကွန်ရိုးသို့ ရောက်လာသူဖြစ်သည်။ အမေရိကန်တောင်ပိုင်းပြည်နယ်သားတို့ထုံးစံအတိုင်း လူကြီးလူကောင်းဆန်၍ စိတ်ထား မြင့်မြတ်လှသည်။

ကျွန်မနှင့်စေ့စပ်ပြီးသည့် အချိန်မှစ၍ နယ်လ်ဆင်သည် အပတ်တိုင်းပင် ကျွန်မ၏ဘဏ်စာရင်းတွင် ငွေများထည့်ပေးတတ်သည်။ လက်ထပ်ပြီးနောက် တောင်ပိုင်းသို့လိုက်၍ နေနိုင်မည်လားဟု ကျွန်မကို မေးပါသည်။ ကျွန်မက မဆိုင်းမတွပင် နေမည်ဟု ဖြေလိုက်ပါသည်။ သူ ဘယ်ကိုသွားသွား ကျွန်မ လိုက်မည်ဖြစ်ပါသည်။ ကျွန်မမိသားစု၏ နေထိုင်ပုံအတိုင်း ကျွန်မ မနေချင်ပါ။

အယ်သားမားပြည်နယ် ဒက်ကာတာမြို့တွင် နယ်လ်ဆင်၏ မိတ်ဆွေ တစ်ယောက်ရှိသည်။ သူ့တွင် အမွေရထားသော အိမ်တစ်လုံးရှိပြီး ထိုအိမ်ကို သူ ရောင်းချင်နေသည်။ ကျွန်မ၏ အိပ်မက်များ အကောင်အထည်ပေါ်လာပေတော့မည်။ နယ်လ်ဆင်သည် အိမ်ဝယ်ရန်နှင့် လိုအပ်သောကိစ္စများ ကြိုတင် [illegible]ချက်ရန် ဒက်တာတာမြို့သို့ ကြိုတင်သွားခဲ့သည်။ တစ်လခန့်အကြာတွင် ကျွန်မ လိုက်သွားရမည် ဖြစ်လေသည်။ ရက်သတ္တနှစ်ပတ်ကြာအောင် ကျွန်မတို့ အတူနေကြပါသည်။ တစ်လမျှ ကြာအောင် ခွဲနေရမည့်အဖြစ်မှာ စိတ်ဆင်းရဲစရာကောင်းလှပါသည်။ ကျွန်မတို့သည် စိတ်အလို မလိုက်ဘဲ ထိန်းချုပ်ကြပါသည်။ နောက်ဆုံးတွင် မထိန်းနိုင်အောင် ဖြစ်သွားပါသည်။ ထို့အတွက် အနည်းငယ် စိတ်မကောင်း ဖြစ်မိကြပါသေးသည်။ သို့သော် သဘာဝမှုနှင့် မကြာခင် လက်ထပ်ကြတော့မှာပါ ဟူသော အသိဖြင့် ထိုအပြစ်ကို ဖုံးကွယ်ထားခဲ့ပါသည်။ ရက်သတ္တနှစ်ပတ်သည် ဘာမှ ကြာမည် မဟုတ်ပါ။

❑

ယခု ကျွန်မသည် သူနှင့်တရားဝင် လက်ထပ်ရန် သူရှိရာသို့ သွားနေလေပြီ။ ကျွန်မတွင် ကိုယ်ဝန်ရှိကြောင်း ပြောပြပါက သူ မည်မျှအံ့အားသင့်မည်ကို တွေးနေပါသည်။ လက်မှနာရီကို ကြည့်လိုက်ပါသည်။ ညနေ ၈ နာရီ ၄၅ မိနစ်၊ နောက်ထပ် သုံးနာရီကြာလျှင် ဟန့်စ်ဗီးလ်မြို့သို့ ရောက်ပြီး နယ်လ်ဆင်၏ ရင်ခွင်တွင် မေးစက်အနားယူရပေတော့မည်။

ဟန့်စ်ဗီးလ်။ ကျွန်မသည် နယ်လ်ဆင် နေခဲ့သောမြို့နှင့် သူ့မိခင်ကို တွေ့ရန် စိတ်စောနေမိပါသည်။ ဟန့်စ်ဗီးလ်မြို့ကို ရထားဖြတ်လာချိန်တွင် ထိုမြို့ကို အရင်သွားသင့်သည်ဟု ကျွန်မ တွေးမိပါသေးသည်။

နယ်လ်ဆင် အနေဖြင့် ထိုမြို့တွင် လက်ထပ်လိုမည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မရောက်မည့်နေ့နှင့် အချိန်ကို သူ့ထံ စာထည့်လိုက်သော်လည်း သူ စာမပြန်ခဲ့ပေ။

သူ့ မိတ်ဆွေဟောင်းများနှင့် အလုပ်များနေမည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မသည် ထိုင်ခုံတွင် လှဲပြီး တစ်မှေးအိပ်ရန် ကြိုးစားပါသည်။

ဟန့်စ်ဗီးလ်သို့ ရထားဆိုက်ချိန်တွင် ကျွန်မ အိပ်မပျော်ပါ။ ထိုမြို့တွင် လူသုံးယောက် ဆင်းမည်ဖြစ်သဖြင့် ပေါ်တာက တံခါးကိုဖွင့်၍ လှေကားလုပ်ပေးနေလေသည်။ ကျွန်မသည် သူ့ပခုံးကိုကျော်၍ ဘူတာရုံအတွင်းမှ လူများကို ကြည့်လိုက်ပါသည်။ နယ်လ်ဆင်ကို မတွေ့ရပါ။

နောက်ဆုံးတွင် ရထား ဆက်ထွက်သွားပါသည်။ ကျွန်မသည် ပြေးဖက်လာမည့် နယ်လ်ဆင်ကို ရပ်စောင့်နေမိပါသည်။ သို့သော် သူ ရောက်မလာပါ။ လူတိုင်းပင် မိမိတို့ကား ရပ်ထားသောနေရာသို့ သွားနေကြ၏။ မီးရထားလည်း မရှိတော့ပါ။

ကျွန်မ ကြောက်လာပါသည်။ ကျွန်မကို ပစ်မထားကြပါနဲ့။ စိတ်ထဲမှ တောင်းပန်နေမိပါသည်။ "နယ်လ်ဆင်ရှင်ဘယ်မှာလဲ" ကားပျက်သောကြောင့် သူ နောက်ကျနေမည်ဟု ထင်ပါသည်။

ဒါလည်း မဖြစ်နိုင်ပါ။ ဘာပဲဖြစ်ဖြစ် မကြာခင် သူရောက်လာပြီး နောက်ကျရခြင်းအတွက် ခွင့်လွှတ်ဖို့တောင်းပန်မည်ဟု ထင်ပါသည်။ ကျွန်မသည် ထိုင်ခုံပေါ်တွင် ထိုင်၍စောင့်ရန် ဆုံးဖြတ်လိုက်ပါသည်။

ထိုင်ခုံသို့ လျှောက်လာချိန်တွင် သူတို့ကို မြင်ရပါသည်။ စောစောက သတိမပြုမိသည်မှာ ထူးဆန်းလှသည်။ သူတို့သုံးယောက် ဖြစ်ပါသည်။ ငယ်ရွယ်သူနှစ်ယောက်နှင့် အသက်ကြီးသော အမျိုးသမီးကြီးတစ်ယောက်တို့ ဖြစ်ကြသည်။ အသက်ငယ်သူ နှစ်ယောက်မှာ ရုပ်ရည်ချင်းတူလှသည်။ အသက်အရွယ်ချင်းတော့ မတူကြပါ။ နှစ်ယောက်လုံး ရွှေရောင်ဆံပင်များရှိပြီး ရုပ်ရည်ချောမောကြသည်။ ကျွန်မကို သူတို့ကြည့်နေကြလေသည်။ အမျိုးသမီးကြီးက မျက်မှောင်ကြုတ်ပြီး စကားပြောရန် ဟန်ပြင်လေသည်။ မိန်းကလေးက သူမ ကုတ်အင်္ကျီကို ဆွဲထားလေသည်။

"နေပါဦး မေမေ"

လပြည့်ဝန်းမဂ္ဂဇင်း (ဇန်နဝါရီလ၊ ၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com

လူငယ်က ဒေါသထွက်နေဟန်ဖြင့် အဝေးသို့ လျှောက်သွားလေသည်။ သူတို့နှင့် ကျွန်မ ဘာမျှ မပတ်သက်ပါချေ။ ထို့ကြောင့် ထိုင်ခုံသို့ ဆက်လျှောက်လာခဲ့ပါသည်။

"ခဏရပ်ပါဦး မိန်းကလေး"

အမျိုးသမီးကြီးက လှမ်းပြောသည်။ ကျွန်မ လှည့်ကြည့်သောအခါ မိန်းကလေးက သူမ လက်မောင်းကို ဆွဲနေပါသည်။

"မပြောပါနဲ့ မေမေ၊ ကျွန်မကို ကတိပေးပါ"

အမျိုးသမီးကြီးက မိန်းကလေးကို ဂရုမစိုက်ဘဲ ဒေါသဖြစ်နေသောအမူအရာဖြင့် ကျွန်မထံလျှောက်လာလေသည်။

"ညည်းဘာသာ ပြန်ပေတော့ မိန်းကလေး"

သူမက ရုတ်တရက် ပြောလာသည်။

"သူ ဒီကို လာမှာ မဟုတ်ဘူး၊ ညည်း နောက်လာမယ့်ရထားနဲ့ လာတဲ့နေရာကို ပြန်သွားပေတော့"

"ရှင် ဘာပြောတာလဲ"

ကျွန်မ မေးလိုက်ပါသည်။

"နယ်လ်ဆင်ကို သိလို့လား၊ သူ တစ်ခုခုဖြစ်နေလို့လား ရှင်"

"မင်းတွေးတာ မှန်သကွဲ့"

အမျိုးသမီးကြီးက ပြောပြီး ရယ်နေလေသည်။

"သူ ထောင်ထဲ ရောက်နေပြီ၊ အဲဒါ သူ ရောက်သင့်တဲ့နေရာပဲပေါ့ကွဲ့"

"ထောင်ထဲမှာ နယ်လ်ဆင်ကရောဖို့"

ကျွန်မ မယုံနိုင်လောက်အောင် ဖြစ်သွားရပါသည်။ မိန်းကလေးက သူမမိခင်၏လက်မောင်းကို ကိုင်ထားသည်။

"မေမေ သမီးကို ကတိပေးထားတယ်လေ၊ ဒီလောက် အောက်တန်းကျကျ မပြောသင့်ပါဘူး"

"ငါက အောက်တန်းကျတယ်၊ ဒီမိန်းကလေးရှေ့မှာ ငါ့ကို အောက်တန်းကျတယ်လို့မပြောသင့်ဘူး၊အောက်တန်းကျတာက သူမပဲ၊ ငါ မဟုတ်ဘူး"

ထိုအခိုက်တွင် အမျိုးသား ပြန်ရောက်လာပြီး မိန်းကလေး၏ မိခင်ကို ပြောတော့သည်။

"မေမေဟာ ကတိပေးထားပြီး ရက်နဲ့ ဒီလိုမလုပ်သင့်ဘူး"

ထို့နောက် မိန်းကလေးဘက်သို့ လှည့်ပြီးပြောလေသည်။

"ရိုးစ်. . ဒီလို မလုပ်သင့်ဘူးလို့ နင့်ကို ငါ ပြောပြီးပြီနော်"

"ဒါဟာ မင်းနဲ့မဆိုင်ဘူး ဟာဖေး"

အမျိုးသမီးကြီးက ပြောနေသည်။

"နေကြပါဦးရှင်"

ကျွန်မ အော်ပြောလိုက်မိပါသည်။

"ရှင်တို့က ဘယ်သူတွေလဲ၊ ဒီကို ဘာလာလုပ်ကြတာလဲ"

"အေး. . ပြောပြရတာပေါ့"

အမျိုးသမီးကြီးက အော်ပြောသည်။ ထို့နောက်မိန်းကလေး၏ လက်ကိုဆွဲပြီး ကျွန်မဆီသို့ တွန်းပို့သည်။

"ဒါဟာ ရိုးစ်ကရောဖို့၊ မစ္စက်နယ်လ်ဆင်ကရောဖို့ပဲ၊ ငါ့သမီးကို ရိုက်မယ်နှက်မယ် မကြံနဲ့၊ ကဲ နောက်ရထားစီးပြီး လာခဲ့တဲ့လမ်းအတိုင်း ပြန်ပါတော့"

"မဟုတ်သေးပါဘူး"

ကျွန်မ ပြောမိပါသည်။ သို့သော် အသံထွက်မလာ။ ကျွန်မ နားကြားလွဲပြီဟု ထင်မိပါသည်။ သူမသည် မစ္စက်နယ်လ်ဆင်ကရောဖို့ မဖြစ်နိုင်ပါ။ ထိုနာမည်သည် မကြာခင် ကျွန်မ ပိုင်ဆိုင်ရမည့် နာမည်ဖြစ်ပါသည်။

ကျွန်မ မူးမိုက်သလို ဖြစ်သွားသဖြင့် ဟာဖေးက ထိုင်ခုံတွင် အထိုင်ခိုင်းပါသည်။ ရိုးစ်၏ စကားသံကိုလည်း ခပ်သဲ့သဲ့ကြားရပါသည်။

"ကျွန်မ ပြောတယ်မဟုတ်လား မေမေ၊ ဒီအကြောင်းကို သူမသိရှာဘူးလို့"

ကျွန်မသည် ဟာဖေး၏နံဘေးတွင် အတန်ကြာအောင် ထိုင်နေခဲ့ပါသည်။ ထို့နောက် မေးလိုက်ပါသည်။

"သူတို့ပြောတာ အမှန်ပဲလားလို့"

"ဟုတ်ပါတယ်"

သူက ဖြေပါသည်။

"စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒါဟာ အမှန်ပါပဲ၊ ဒီမှာ ခဏနေပါ၊ ကျွန်တော် ချက်ချင်း ပြန်လာခဲ့မယ်"

လူငယ်သည် အမျိုးသမီးနှစ်ယောက်ထံသို့ ပြန်သွားသည်။ သူတို့ ဘာတွေပြောသည်ကို ကျွန်မ မသိပါ။ ဂရုလည်း မစိုက်ပါ။ ယခုအခါ သန်းခေါင်အချိန်ကျော်ပြီ ဖြစ်ပါသည်။ ဟန့်စ်ဗီးလ်မြို့တွင်သာမက တင်နက်ဆီ ပြည်နယ်တစ်ခုလုံးမှာပင် ကျွန်မ အသိမရှိပါ။ သို့သော် ကျွန်မသည် သူတို့နှင့် ဆက်နေပြီး ပြောစကားများကို နားမထောင်လိုတော့ပါ။

ဘူတာရုံမှ ကျွန်မ ထွက်လာချိန်တွင် မှောင်မည်း တိတ်ဆိတ်နေလေသည်။ ပလက်ဖောင်းပေါ်တွင် လျှောက်နေသော ကျွန်မ၏ခြေသံများမှာ သေနတ်မောင်းတင်သံနှင့် တူနေပါသည်။ ကျွန်မ လျှောက်လာသည်မှာ မည်မျှကြာသည် မသိပါ။ ကျွန်မနံဘေးတွင် ကားတစ်စီးရပ်ပြီး ဟာဖေး ထွက်လာပါသည်။

"ဘာကြောင့် မစောင့်တာလဲ၊ မစ္စဆီမွန်၊ ကဲ, ကားထဲဝင်ပါ၊ ခင်ဗျားကို ဟိုတယ်ကို လိုက်ပို့ပေးမယ်၊ ခင်ဗျား ပစ္စည်းတွေလဲ ယူလာခဲ့ပါတယ်"

သူက ကျွန်မ လက်မောင်းကို ဆွဲရင်းပြောပါသည်။

ကျွန်မ သူ့ကို ငေးကြောင်ကြည့်နေမိပါသည်။ မလှုပ်ရှားနိုင်ပါ။

ထို့နောက် ငိုချလိုက်မိပါသည်။ ကျွန်မမှာ ဆို့နင့်နေသောကြောင့် ဟာဖေးက ကျွန်မအား ကားထဲသို့ဆွဲခေါ်သည်ကို မငြင်းနိုင်ခဲ့ပါ။

ဟာဖေးက ဒေါသကြီးစွာဖြင့် နောက်ခန်းတွင် ထိုင်နေသော အမျိုး

www.burmeseclassic.com

သမီးနှစ်ယောက်အား နောက်ထပ် ဘာစကားမှ မ-ပြောသင့်ကြောင်း ပြောပါသည်။ ကျွန်မအား နေရာတစ်ခုသို့ ခေါ်သွားပါသည်။ ရိုးစ်က ကျွန်မအား ဆေးတစ်လုံးတိုက်ပြီး အိမ်ရာသို့ လိုက်ပို့ပေးကြသည်။ ဟာဗေးမှာ မျက်နှာတင်းမာနေလေသည်။ ထို့နောက် ခဏအကြာတွင် ကျွန်မ အိပ်ပျော်သွားပါတော့သည်။

❑

ကျွန်မ အိပ်ရာမှ နိုးလာသောအခါ ခုတင်ခြေရင်းတွင် ပက်လက်ကုလားထိုင်ဖြင့်ထိုင်နေသော ရိုးစ်ကို တွေ့ရပါသည်။

"မောနင်း"

သူမ နှုတ်ဆက်သံမှာ သာယာနေပါသည်။

"၁၀ နာရီထိုးတော့မယ်၊ ရှင့်ဘယ်ဘက်မှာ ရေချိုးခန်းရှိတယ်၊ ကျွန်မ ကော်ဖီပူပူဖျော်ပြီး ယူလာခဲ့မယ်"

သူမ အခန်းထဲမှ ထွက်သွားသည်။ ကျွန်မမှာ အံ့အားသင့်ပြီး ကျန်ခဲ့ပါသည်။ မကြာခင် ကော်ဖီပန်းကန်ဖြင့် ရိုးစ် ပြန်ရောက်လာလေသည်။ ကော်ဖီမှာ ပူပြီးအနံ့သင်းနေသည်။

"နေလို့သက်သာရဲ့လား"

သူမက မေးပါသည်။

"သိပ် မခံစားရတော့ပါဘူး ရိုးစ်"

ကျွန်မက ဖြေပါသည်။

"အခု ကျွန်မတို့ ဘယ်ကိုရောက်နေသလဲဟင်"

"ကျွန်မ နေရာပါ၊ ဟာဗေးက ဟိုတယ်ကို သွားဖို့ အချိန်မရှိဘူးလို့ ပြောတဲ့အတွက် ကျွန်မအခန်းကိုပဲ ခေါ်လာကြတယ်၊ မေမေကတော့ သဘောမကျဘူးပေါ့၊ ဒါပေမဲ့ ဟာဗေးက မေမေ့ကို ပြောတာ ရှင်ကြားမှာပါ၊ မေမေက သိပ်ဒေါသကြီးတယ်၊ တစ်ညလုံး တံခါးတွေကိုရော အိုးခွက်ပန်းကန်တွေကိုပါ ထုရိုက်နေတယ်လေ"

"သူ အခုဘယ်မှာလဲ"

"ဟိုဘက်အခန်းမှာ၊ ဒါဟာ နှစ်ခန်းတွဲအိမ် ဖြစ်ပါတယ်၊ မေမေက ကျောချင်းကပ်အခန်းမှာ နေတယ်၊ စိတ်မပူပါနဲ့၊ ဟာဗေးက သူပြန်မလာမချင်း ဒီမှာထားရမယ်လို့ မေမေ့ကို ပြောသွားတယ်၊ ဟာဗေးက ကျွန်မ အစ်ကိုပါ၊ ဒီမှာ မနေဘူး၊ မေမေနဲ့ အတူမနေဘူးလို့ သူက ပြောတယ်"

"မေမေ . . . မေမေ"

ဆံပင်ညိုညို မျက်လုံးနက်နက် ယောကျ်ားလေး တစ်ယောက် ပြေးဝင်လာလေသည်။

"သား. . တော်မီတို့ သားအဖနဲ့ အတူ ကစားကွင်းကို လိုက်သွားရမလား မေမေ"

"အိုကေ"

ရိုးစ်က ပြောလေသည်။

"ဒါပေမဲ့ လက်တွေကို အရင်ဆေးဦး"

ကလေးသည် ပျော်ရွှင်စွာ ပြေးသွားလေသည်။ ကျွန်မ ရိုးစ်ကို အံ့အားသင့်စွာ ကြည့်မိသည်။

"ဝမ်းနည်းပါတယ်"

သူမက တောင်းပန်လေသည်။

"ကျွန်မ ရှင့်ကိုဖွင့်ပြောဖို့ ကြံရွယ်ထားပါတယ်၊ ဒီနည်းနဲ့တော့ မဟုတ်ဘူးပေါ့"

"ဒီကလေးဟာ နယ်လ်ဆင်ရဲ့ သားလား"

ကျွန်မ မေးလိုက်ပါသည်။

"ဖြစ်နိုင်ပါတယ်"

ဒီကလေးဟာ သူနဲ့ အတော်တူတယ်"

"ဟုတ်ပါတယ်၊ သူဟာ သူ့အဖေကို သိပ်ချစ်တယ်၊ ကျွန်မမှာ သမီးတစ်ယောက်လဲ ရှိပါသေးတယ်၊ နီတာဟာ အသက်နှစ်နှစ် ရှိပါပြီ၊ ကျွန်မနဲ့ ပိုပြီးတူတယ်၊ လီယွန်က အသက်လေးနှစ်ရှိပြီ၊ ကျွန်မ နောက်ထပ် ကော်ဖီတစ်ခွက်သွားဖျော်ဦးမယ်၊ ရှင်သဘောကျတယ် မဟုတ်လား၊ နောက်မှ စကားပြောကြတာပေါ့"

ရိုးစ်ထွက်သွားသောအခါ ကျွန်မသည် ထူးဆန်းသော အခြေအနေကို စဉ်းစားနေမိပါတော့သည်။

ဤလှပသော မိန်းကလေးသည် သူမ မိခင်ကို အလွန်ကြောက်နေရှာသည်။ သို့သော် ကျွန်မအား သူမအိမ်သို့ ခေါ်ပြီး ကြင်နာစွာပြုစုရှာသည်။ ကျွန်မ သတို့သားလောင်း၏ ဇနီးကို ကျွန်မ အလွန် ကျေးဇူးတင်မိပါသည်။

ဘာမှ နောက်ထပ် ရှင်းပြရန် မလိုတော့ပါ။ ရိုးစ် ကော်ဖီခွက်ဖြင့် ပြန်ရောက်လာချိန်တွင် အဖြစ်အပျက်ကို ကျွန်မ အံ့စအဆုံး သိရပါတော့သည်။

ရိုးစ်ဂျွန်ဆင်သည် အိမ်သားလေးယောက် ရှိသော မိသားစုတွင် အငယ်ဆုံးနှင့် တစ်ဦးတည်းသော မိန်းကလေး ဖြစ်နေသည်။ ဟာဗေး (၁၀) နှစ်သားတွင် သူမကို မွေးခဲ့သည်။ မိဘများ၏ အလိုလိုက်ခြင်းကို အမြဲခံရလေသည်။

❑

သူမအသက်(၁၇)နှစ်တွင် နယ်လ်ဆင်နှင့် ချိန်းတွေ့ကြသည်။ မစ္စဂျွန်ဆင်က အပြင်းအထန် ကန့်ကွက်သည်။ နယ်လ်ဆင်သည် ပျက်စီးနေသူ ဖြစ်သည်ဟု ပြောပြသည်။

မစ္စက် ဂျွန်ဆင်က နယ်လ်ဆင်သည် သူ့ကိုယ်သူနှင့် သူ့မိခင်မှလွဲပြီး မည်သူ့ကိုမျှ ပိုမချစ်ဟုပြောတတ်သည်။ ရိုးစ်သည် ပထမဆုံးအကြိမ်အဖြစ် သူမ မိခင်စကားကို မနာခံဘဲ နေခဲ့သည်။ နယ်လ်ဆင်နှင့် ခိုးဝှက်တွေ့ဆုံပြီး တစ်ယောက်နှင့် တစ်ယောက် ပိုချစ်လာခဲ့ကြသည်။ ရိုးစ်က သူမတွင် ကိုယ်ဝန်ရှိကြောင်း ပြောပြသောအခါ နယ်လ်ဆင်က တဖြည်းဖြည်း ရှောင်လာသည်။

ထိုအကြောင်းကိုသိသောအခါ မစ္စက်ဂျွန်ဆင် အလွန်ဒေါသထွက်လာသည်။ နယ်လ်ဆင်အား အတင်းအကျပ် လက်ထပ်ခိုင်းဖို့ သူမခင်ပွန်းကို တိုက်



www.burmeseclassic.com

www.burmeseclassic.com

နှုန်းသည်။ သို့သော် ရိုးစ်က သေနတ်ပြီး လက်ထပ်ခိုင်းသော အလုပ်ကို လုပ်ပါနှင့်ဟု ကန့်ကွက်ခဲ့သည်။

နောက်ဆုံး သူမ မိဘများသည် မိန်းအား နယ်လ်ဆင်၏ မိဘများနှင့် သွားတွေ့ဖို့ ပြောခဲ့သည်။ ထို့နောက် သူတို့ပါလိုက်ရန် သဘောတူကြသည်။

အခြေအနေကို ရိပ်မိသော နယ်လ်ဆင်က ထိုအကြောင်းကို သူ့မိခင်ကို ပြောပြသောအခါ သူ့မိခင်က မြို့မှ ရှောင်သွားရန် အကြံပေးခဲ့သည်။

နယ်လ်ဆင် အထုပ်အပိုးများ ပြင်ဆင်နေခိုက် ဂျွန်ဆင်မိသားစုရောက်လာကြသည်။ မိခင်က နယ်လ်ဆင်အား နောက်ဖေးပေါက်မှထွက်ပြေးရန် ပြောစဉ် မစ္စက်ဂျွန်ဆင် မြင်သဖြင့် အတင်းဝင်ဆွဲလိုက်သည်။ မစ္စတာဂျွန်ဆင်က သူ့ဇနီးကို တားမြစ်လေသည်။

သူတို့သုံးယောက် လုံးထွေးနေသည်ကို ရိုးစ်က ကြောက်လန့်စွာ ရပ်ကြည့်နေလေသည်။ နောက်ဆုံးတွင် မစ္စတာဂျွန်ဆင်သည် သတိမေ့ပြီး လဲကျသွားတော့သည်။

ဆေးရုံသို့ ရောက်သောအခါ နှလုံးထိခိုက်ပြီး သေဆုံးသွားကြောင်း သိကြရလေသည်။ ဝမ်းနည်းပူဆွေးနေသော ရိုးစ်မှာ သူမမိခင်၏ နယ်လ်ဆင်အပေါ် အပြုအမူကို လုံးဝမသိရှာပေ။ မစ္စက်ဂျွန်ဆင်သည် နယ်လ်ဆင်အား အရွယ်မရောက်သောမိန်းကလေးအား ပြားယောင်းပေါင်းသင်းမှု၊ မစ္စတာဂျွန်ဆင်သေဆုံးမှုတွင် တာဝန်ရှိမှုဖြင့် ရုံးတွင်တရားစွဲမည်ဟု ခြိမ်းခြောက်ခဲ့သည်။

နယ်လ်ဆင်နှင့် သူ့မိခင်တို့မှာ ကြောက်လန့်ပြီး လက်ထပ်ဖို့ သဘောတူခဲ့ကြသည်။ ဤသို့ဖြင့် ကြောက်ရွံ့ပြီး ကျေမနပ်ဖြစ်နေသော လူငယ်ကလေးနှင့် ပူဆွေးသောကရောက်နေပြီး ဘာမှန်းမသိအောင် ဖြစ်နေသော မိန်းကလေးတို့သည် ဘုရားကျောင်းတွင် တိတ်ဆိတ်စွာ လက်ထပ်ဖြစ်ခဲ့ကြလေတော့သည်။

မစ္စက်ဂျွန်ဆင်သည် နှစ်ခန်းတွဲ အိမ်တစ်လုံးကိုဝယ်၍ တစ်ခန်းတွင် သမီးနှင့် သမက်ကို နေခိုင်းလေသည်။ ဤသို့ လက်ထပ်ခဲ့သည့်တိုင်အောင် မစ္စက်ဂျွန်ဆင်မှာ တပူပူတဆူဆူ ဆက်လုပ်နေခဲ့လေသည်။ နယ်လ်ဆင် အလုပ်မလုပ်သဖြင့် အခြေအနေ ပိုဆိုးလာလေသည်။

နယ်လ်ဆင်က ရိုးစ်အား အရှက်ကိုကာကွယ်ရန်နှင့် ကလေးအတွက် တရားဝင် အမည်ပေးနိုင်အောင် လက်ထပ်ခြင်းသာ ဖြစ်ကြောင်း ပြောပြလေသည်။

ရိုးစ်သည် အိမ်ထောင်ရေး သာယာစေရန်အတွက် သူမအတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည်။ နောက်တစ်ကြိမ် ကိုယ်ဝန်ရှိလာချိန်တွင် မစ္စက်ဂျွန်ဆင်က နယ်လ်ဆင်အား အလုပ်မလုပ်ပါက အိမ်မှဆင်းရန် ရာဇသံပေးတော့သည်။ ရိုးစ်မှာ ဘာမှမပြောနိုင်ဘဲ ခင်ပွန်းနှင့် မိခင်တို့၏ အဆုံးအဖြတ်ကို ရပ်ကြည့်နေခဲ့ရသည်။ နယ်လ်ဆင်သည် သူ့ပိုင်ပစ္စည်း အနည်းငယ်ကို ယူဆောင်၍ တစ်ချက်မှ လှည့်မကြည့်ဘဲ အိမ်မှဆင်းသွားလေသည်။ အဘွားကြီးကလည်း ထိုအဖြစ်မျိုးကိုပင် မျှော်လင့်ခဲ့ပြီး ဖြစ်သည်။

နယ်လ်ဆင်အား ပြည်နယ်မှ ထွက်သွားရန် ငွေထုတ်ပေးသေးသည်။ နယ်လ်ဆင်က မတုံ့ဆိုင်းဘဲ မိုးမချုပ်ခင်ပင် ပြည်နယ်မှ ထွက်သွားလေတော့သည်။

ရိုးစ်ထံမှ ထွက်လာပြီး တစ်နှစ်အကြာတွင် နယ်လ်ဆင်သည် ကျွန်မနေသော မြို့သို့ ရောက်လာလေသည်။ သူသည် ထိုမြို့တွင် နေထိုင်စဉ် တစ်နှစ်အတွင်း ကျွန်မကို ချစ်ရေးဆိုခဲ့သည်။ သူသည် ကျွန်မအား ကွန်ရိုးမြို့တွင် ထားရစ်ခဲ့ပြီး ဒက်ကတာမြို့တွင် နေထိုင်ရန် ထွက်သွားခဲ့သည်။ သူ့မိတ်ဆွေနှင့် အိမ်ဝယ်ရန် ပြောဆိုပြီးနောက် သူ့မိခင်နှင့် တွေ့ဆုံရန် ဟန့်စ်ဗီးလ်မြို့သို့သွားခြင်းဖြစ်သည်။ ထိုမြို့သို့ရောက်သောအခါ ကလေးနှစ်ယောက်အား ထောက်ပံ့ခြင်း မရှိသဖြင့် ပုလိပ် အဖမ်းခံရခြင်း ဖြစ်သည်။

နယ်လ်ဆင်သည် ကလေးနှစ်ယောက်အတွက် ထောက်ပံ့ကြေး အားလုံးအပြင် ရှေ့နေခကိုပါ ချက်ချင်းပေးဆောင်နိုင်သဖြင့် လူတိုင်း အံ့အားသင့်သွားခဲ့သည်။

ကျွန်မကတော့ မအံ့ဩပါ။

သူသည် အိမ်ဝယ်ဖို့ စရန်ငွေပေးရန် ဒေါ်လာ(၂၅၀၀)ယူသွားခဲ့သည်။ အများစုမှာ ကျွန်မငွေများ ဖြစ်သည်။ ရိုးစ်ကမူ သူသည် နှစ်နှစ်အတွင်း ဤမျှငွေကို စုဆောင်းနိုင်ခဲ့သဖြင့် အံ့ဩနေ၏။ သူမမိခင်အား သူမတို့အတွက် ကုန်ကျငွေအချို့တဝက်ကို ပြန်ပေးနိုင်သဖြင့်လည်း အတော်စိတ်ချမ်းသာနေရှာသည်။

ကျွန်မအပေါ် ကြင်နာစွာ ဆက်ဆံသူအား ဤငွေများသည် ကျွန်မ ငွေဖြစ်ကြောင်း မပြောရက်တော့ပါ။

နယ်လ်ဆင်သည် ရဲအားခုခံသဖြင့် ထောင်ကျနေခြင်းဖြစ်ကြောင်းကိုလည်း ရိုးစ်က ရှင်းပြမှ သိရပါသည်။

ကျွန်မက သူမသည်ဘာကြောင့် နယ်လ်ဆင်ကို ကွာရှင်းခြင်းမပြုပါသလဲဟု မေးသောအခါ ရိုးစ်က ငွေကြေးကိစ္စနှင့် တရားဥပဒေအရ အချိန်လိုသေးကြောင်းပြောပြသည်။နောက်ခြောက်လတွင် ကွာရှင်းမည်ဟုလည်း ပြောသည်။

❑

ထို့နောက် ကျွန်မအကြောင်းကို ဘယ်ကဲ့သို့သိပါသလဲဟု မေးကြည့်ပါသည်။ ပထမအကြိမ် ဟန့်စ်ဗီးလ်သို့ နယ်လ်ဆင်လာချိန်က သူမနှင့်လာတွေ့ကြောင်း ရိုးစ်က ပြောပြပါသည်။ နယ်လ်ဆင်က သူမနှင့် ကလေးများအပေါ် ပြုလုပ်ခဲ့သည်များအတွက် နောင်တရကြောင်း သူ့ကို ပြန်ပေါင်းရန်လည်း တောင်းပန်ကြောင်း ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှိုးစ်က ကလေးများနှင့် သူမ မိခင်နှင့်ကြာမြင့်စွာမနေလိုသည့်အတွက် အချိန်ယူ စဉ်းစားပါရစေဟု ပြောလိုက်သည်။ ကလေးများနှင့်အတူ နေလိုသော နယ်လ်ဆင်က အမှုရင်ဆိုင်ရသည့် အချိန်အတွင်း ရှိုးစ်နှင့် အတူနေလိုကြောင်း ပြောခဲ့သည်။ ထို့ကြောင့် ရှိုးစ်သည် သူမမိခင်အခန်းသို့ ပြောင်းနေပြီး သူမအခန်းတွင် နယ်လ်ဆင်တစ်ယောက်တည်း နေခွင့်ပြုခဲ့သည်။

ဤနည်းဖြင့် သူစိတ်ပြောင်းလဲခြင်း ရှိ၊ မရှိကို လေ့လာနိုင်မည်ဟု သူမ ယူဆခဲ့သည်။ မစ္စက်ဂွန်ဆင်သည် နယ်လ်ဆင်၏ ပစ္စည်းများကို တိတ်ဆိတ်စွာ ရှာဖွေပြီး ကျွန်မ၏စာများကို တွေ့သွားသည်။ အဘွားကြီးသည် နယ်လ်ဆင်အား မယားငယ် ယူသည်ဟု စွပ်စွဲပြီး သေတ္တာနှင့်ပစ္စည်းများကို အိမ်ပြင်သို့ လွှင့်ပစ်လိုက်သည်။

ရှိုးစ် ဆက်လက် ပြောပြသောအခါ အဖြစ်အပျက်အရဆိုပါက ကျွန်မတို့နှစ်ယောက်အနက် မည်သူ့အတွက် ပိုမိုစိတ်ဆင်းရဲစရာ ဖြစ်သည်ကို မဆုံးဖြတ်နိုင်ပါ။

နယ်လ်ဆင်က ရှိုးစ်အား သူ့ကို ပြန်ပေါင်းရန် ပြောနေချိန်တွင် ကျွန်မသည် တောင်ပိုင်းသို့လိုက်သွားပြီး သူနှင့်လက်ထပ်ရန်ပြင်ဆင်နေခဲ့သည်။ ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်စွာ ထိုင်နေကြပါသည်။

ကိုယ့်အတွေးဖြင့်ကိုယ် လုံးထွေးရစ်ပတ်နေကြပါသည်။ ကျွန်မ သူ့ကို ကိုယ်ချင်းစာနာမိပါသည်။ ကျွန်မ ဤနေရာတွင် ဆက်မနေချင်တော့ပါ။

သို့သော် အိမ်ပြန်ရန် မီးရထားလက်မှတ်ဝယ်ဖို့ပင် ငွေမရှိတော့ပါ။ စိတ်မချမ်းသာစရာကောင်းသော အိမ်ဌားနေသည့် ဘော်ဒါဆောင်သို့ ပြန်သွားရပေတော့မည်။

ကျွန်မမှာ အမှန်တကယ် ကိုယ်ဝန်ရှိနေပြီဟုလည်း ထင်သည်။ ကျွန်မ ဘာလုပ်မလဲ။

ဟာဗေးသည် ကျွန်မတို့နှင့်အတူ နေ့လယ်စာ လာစားသည်။ သူက မီးရထားလက်မှတ် ဝယ်ပေးမည်ဟု ပြောပါသည်။

ကျွန်မက ငွေမရှိကြောင်း ပြောသောအခါ သူကငွေချေးမည်ဟု ပြောပါသည်။

"ကျွန်မ အိမ်မပြန်ချင်ဘူး"

ကျွန်မ ပြောပြလိုက်ရပါသည်။

"ဒါဆို ဘာလုပ်မလဲ"

သူက မေးတော့သည်။

"မသိဘူး အခြားမြို့ကိုသွားပြီး အလုပ်ရှာမယ်၊ ဘဝကို အသစ်ပြန်စမယ်"

"မီးရထားလက်မှတ် ဝယ်ဖို့တောင် ငွေမရှိဘဲ နောက်ထပ်အလုပ်တစ်ခုရတဲ့အချိန်အထိ ဘယ်လိုရပ်တည်နိုင်မလဲ"

"နည်းလမ်းတစ်ခုတော့ ရှိပါတယ်"

ကျွန်မက မရေမရာဖြေပါသည်။

"အမျိုးသမီးတွေရဲ့ အကြောင်းကို ကျွန်တော် နားမလည်ဘူး"

သူက လေးနက်စွာ ပြောလေသည်။

"ခင်ဗျားဟာ ကိုယ်က ဘာမှမသိတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ တိုင်းပြည်ရဲ့ တစ်ဝက်ကို ခရီးထွက်လာခဲ့တယ်၊ ပြီးတော့ အရေးကိစ္စကြုံရင် သုံးစွဲရအောင်ငွေကြေးအလုံအလောက် ယူခဲ့ဖို့ စိတ်ကူးလဲ မရှိခဲ့ဘူး"

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ ဒီကိစ္စဟာ ဒီနည်းနဲ့ အဆုံးသတ်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ ဒီနေ့ပဲ ဒီနေရာက ထွက်သွားပါ့မယ်၊ ဒီအတွက်မပူပါနဲ့"

"စိတ်မပူပါနဲ့"

သူက အော်မေးလေသည်။

"ကျွန်တော် စိတ်မပူရင် ဘယ်သူပူမှာလဲ၊ ကျွန်တော်ဟာ အသက်တစ်ဝက်လုံးလုံး ရှိုးစ်အတွက် အကူအညီပေးခဲ့ပြီးပြီ၊ အခု ခင်ဗျားကို ကူညီဖို့ ကြုံလာပြီ"

ရှိုးစ်မှာ အံ့ဩနေပြီး ကျွန်မမှာ မငိုမိအောင် စိတ်ထိန်းထားရပါသည်။ သူက ကျွန်မတို့နှစ်ယောက်ကို စိုက်ကြည့်ရင်း ခေါင်းကုတ်နေလေသည်။

"မငိုပါနဲ့ ခဏနေဦး၊ အခုလို ပြောမိတဲ့အတွက် ဝမ်းနည်းပါတယ်၊ ကရုဏာ ဒေါသနဲ့ ပြောမိတာပါ၊ အိုဒါတွေပြောဖို့ မလိုတော့ပါဘူး၊ ဒီမှာ ကြည့်ပါဦး၊ ခင်ဗျားလို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ဟာ တစ်ခါမှ မရောက်ဖူးတဲ့ မြို့ကို သွားမလို့လား၊ အရာရာဟာ ချောမောအဆင်ပြေလိမ့်မယ်လို့ မျှော်လင့်သလား၊ အသိအကျွမ်းရှိတာတောင် အခက်အခဲရှိတယ်၊ ဘာကြောင့် ကျွန်တော်ပေးတဲ့ ငွေကို ယူပြီး အိမ်ကို မပြန်ချင်တာလဲ၊ မငိုပါနဲ့၊ ကျွန်တော်ပြောတာ အကောင်းဆုံး အကြံအစည်ပါ"

"ဟင့်အင်း ပြန်သွားလို့ မဖြစ်ဘူး"

ကျွန်မ မျက်ရည်လည်ရွဲဖြင့် ရှင်းပြလေသည်။

"ကျွန်မ အိမ်ပြန်လို့ မဖြစ်ဘူး၊ ဘယ်မှသွားလို့လဲ မဖြစ်ဘူး၊ ကျွန်မဟာ လိမ္မာတဲ့မိန်းကလေး မဟုတ်ဘူး၊ ကျွန်မ လက်မထပ်ဘဲ ကိုယ်ဝန်ရှိနေပြီ၊ ကျွန်မ သွားရမယ့်နေရာဟာ ဖအေ မရှိဘဲ ကလေးမွေးရမယ့် ဆေးရုံပဲ"

"အို . . . ဘုရားသခင်"

ဟာဗေးမှာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ကျသွားတော့သည်။ ရှိုးစ်မှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားရှာသည်။

"သေချာသလား"

ရှိုးစ်က မေးပြန်သည်။

"ဆရာဝန်ကို ပြပြီးပြီလား"

"မပြရသေးဘူး၊ ဒါပေမဲ့ သေချာပါတယ်"

ဟာဗေးသည် ကုလားထိုင်မှထပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

"ကျွန်တော် အော်ဟစ်ပြောမိတဲ့အတွက်တောင်းပန်ပါတယ်၊ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မပြန်တာချင်သလဲ ဆိုတာ ကျွန်တော် နားမလည်ခဲ့ဘူး၊ ...တော် အချိန်ယူ စဉ်းစားပါ့မယ်၊ ...မသွားပါနဲ့၊ ကျွန်တော် အလုပ် ... ပြန်လာခဲ့မယ်”

ဟာဗေးကသာ မတားခဲ့ပါက ... ဘာဆက်လုပ်မိမည်ကိုမသိတော့ ... သူသည် ဒေါက်တာတစ်ယောက် ...ခေါ်သွားပြီး ကျွန်မကို စမ်းသပ်စေ ...သည်၊ ဒေါက်တာက ကိုယ်ဝန်ရှိ ...ကြောင်း ပြောပြသည်။

သူသည် ကျွန်မနေရန် အိမ်ခန်း ...ခန်း ငှားပေးသည်။ သူအလုပ်လုပ် ...ဌာနတွင် ကျွန်မအတွက် အလုပ် ...အောင် စီစဉ်ပေးပြန်သည်။

သူသည် ထိုအလုပ်ဌာနတွင် ...ကြီးအကဲလည်း ဖြစ်သည်။ ထိုအချိန် ... အစီအစဉ်တစ်ခု ရေးဆွဲရမည်ဟု ... ပြောထားသည်။

ဟာဗေးမှာ အလွန် သနားစရာ ...ကောင်းလှသည်။ သူ့ခမျာမှာ ကျွန်မနှင့် ... အတွက် ဒုက္ခရောက်နေရှာလေ ...သည်။ သူသည် ရိုးစ်ကို အလွန်ချစ်ရှာ ...သည်။ သူ့ညီမ ဖြစ်သဖြင့် သူ့အကာ ...ကွယ်ပေးရမည်ဟု ယူဆထားသည်။

သူသည် သူစိမ်းတစ်ဦးကိုပင် ...ကြီး၏ ဝန်မလေးသူပါတကား။

❑

မကြာခင် ကျွန်မ၏ ပြဿနာ ...ဖြေရှင်းရမယ့်အချိန် နီးကပ်လာပါပြီ။ ...နှင့် မွေးဖွားလာမည့် ကလေး၏ ...ရေးကို တွေးပြီး ညညတွင် ကျွန်မ ...မပျော်ခဲ့ပါ။ ဒါသည် ကျွန်မ အိမ် ...လိုခြင်း၏ အကြောင်းတစ်ခုသာ ...သည်၊ ကျွန်မ၏မိတ်ဆွေများထံသို့ ...ထပ်ဖို့ ကိစ္စကို ရွှေ့ဆိုင်းကြောင်း ...ရေးခဲ့ရ၏။

ထိုလိမ်လည်မှုကို သူတို့က ယုံ ...ကြသည်။ သို့သော် ရေရှည်ဆက် ...ရန် မဖြစ်နိုင်ပေ။ ကျွန်မတွင် ...ဝန်မရှိပါက ပြဿနာမှာ အလွယ် ကလေး ဖြစ်သည်။ ယခု ကျွန်မတွင် ကိုယ်ဝန်ရှိသဖြင့် ပြဿနာက ဖြစ်ရလေပြီ။ ခရစ္စမတ်ကာလသည် လျင်မြန်စွာ ချဉ်းကပ်လာလေသည်။ ကျွန်မ စိတ်ချမ်းသာရမည့် အချက်တစ်ခုရှိပါသည်။ ကျွန်မတွင် ဆက်လက်အလုပ်ရှိနေသဖြင့် ငွေစုနိုင်ခြင်း ဖြစ်ပါသည်။

ဟာဗေးသည် ခရစ္စမတ်ညစာ ပြင်ဆင်ရန် ပစ္စည်းအစုံအလင်ပါသည့် ခရစ္စမတ်သစ်ပင်ကို ခရစ္စမတ် အကြိုညတွင် ကျွန်မအခန်းသို့ ယူလာသည်။ ခရစ္စမတ်နေ့တွင် ရိုးစ်၊ လီယွန်နှင့် နီတာတို့ကို ကျွန်မအခန်းသို့ ခေါ်လာသည်။ နှစ်နာရီကြာအောင် သူတို့နေကြသည်။

ကျွန်မ စိတ်ဆင်းရဲမှုများကို မေ့ပျောက်ပြီး ဟန့်စ်ဗီးလ်ဘူတာသို့ ဆင်းသည့်အချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ပျော်ရွှင်စွာ နေထိုင်လိုက်ကြပါသည်။ နောက်တစ်ကြိမ် ဟာဗေးနှင့်တွေ့ချိန်တွင် အခြေအနေ ထူးခြားခဲ့ပါသည်။

တစ်နေ့တွင် သူသည် ကျွန်မ၏ အခန်းသို့ ပေါက်ချလာပြီး ကျွန်မ၏ ပြဿနာကို ဆွေးနွေးပါသည်။

“ခင်ဗျားအတွက်အကောင်းဆုံးကတော့ လက်မထပ်ဘဲ ကလေးမွေးဖွားမယ့် အမျိုးသမီးတွေကို လက်ခံတဲ့ ဆေးရုံတစ်ရုံကို သွားဖို့ပဲ”

“အဲဒီကို မသွားဘဲ ကျွန်မဘာသာ ကျွန်မ နေနိုင်ပါတယ်၊ ကျွန်မမှာ ငွေစုထားတာ ရှိပါတယ်၊ အခုလဲ အလုပ်လုပ်တုန်းပါပဲ”

“စိတ်မကောင်းတော့ မဖြစ်ပါနဲ့ တီလီ၊ မင်း သိပ်ပြီး ငွေစုလို့ရမှာမဟုတ်ပါဘူး၊ နောက်ထပ်နှစ်ပတ်ပဲ အလုပ်လုပ်ခွင့်ရတော့မယ်”

“အဲဒါကို ကျွန်မ မသိဘူး”

ကျွန်မက စိတ်မကောင်းစွာ ပြောပါသည်။

“နောက်ထပ် အလုပ်မရခင်မှာ အလွန် ခက်ခက်ခဲခဲ နေရလိမ့်မယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ်၊ ပြီးတော့ မင်းရဲ့ အခြေအနေဟာ သိသာလာပြီ၊ သိပ်ကြာကြာ အလုပ်မလုပ်နိုင်မှန်း သိရင် ဘယ်သူကမှ မင်းကို အလုပ်ခန့်ချင်မှာ မဟုတ်ဘူး”

“ရှင်ပြောတာ မှန်ပါတယ်၊ ရှင်ပြောတဲ့ နေရာကိုသွားရင် အဆင်ပြေပါ့မလား”

“ခင်ဗျား တွေးထားသလောက် ဆိုးမှာမဟုတ်ပါဘူး”

သူက ပြောပါသည်။

“ကျွန်တော် နေရာနှစ်ခုတွေ့ထားတယ်၊ နေရာနှစ်ခုစလုံး ကောင်းပုံရပါတယ်၊ ဆေးရုံတက်ပြီး မီးဖွားတာ ကောင်းပါတယ်၊ ကလေးနဲ့ ခင်ဗျားကို ကောင်းကောင်းပြုစုပါလိမ့်မယ်”

“ငွေဘယ်လောက်ပေးရမှာလဲ”

“ခင်ဗျား ပေးနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်”

“ကျွန်မ ငွေကို အပြည့်အဝပေးချင်တယ်”

ကျွန်မက ပြောပါတယ်။

“ကျွန်မမှာရှိတဲ့ ငွေကို အခုပေးထားမယ်၊ လှူတာကို ကျွန်မ လက်မခံချင်ဘူး”

“လှူတဲ့ငွေကို လက်ခံသင့်တာပေါ့ တီလီ၊ အဲဒီငွေကို မှန်မှန်ကန်ကန် သုံးစွဲဖို့ပဲ လိုပါတယ်၊ အဲဒီဆေးရုံနှစ်ခုလုံးဟာ နိုင်ငံပိုင်ဖြစ်ပြီး ခင်ဗျားကိုယ်တိုင်လဲ အဲဒီဆေးရုံတွေကို လှူခဲ့ဖူးလိမ့်မယ်”

“အဲဒီလို မိန်းကလေးတွေ ဘယ်လောက်ရှိသလဲ၊ သူတို့ကို ဂရုစိုက်လို့ မဟုတ်ပါဘူး၊ ဒါပေမယ့် သိထားသင့်တယ်”

“ဘဝအမျိုးမျိုးက လာတဲ့ မိန်းကလေးတွေပါပဲ၊ အချို့ကတော့ မင်းလို အမှားမျိုး ကျူးလွန်မိကြတာပါ၊ တချို့က ဒီဆေးရုံတွေမှာ မကောင်းတဲ့ မိန်းကလေးတွေပဲ စုနေတယ်လို့ထင်ကြတယ်၊ အားလုံးဟာ သူတို့ထင်သလို မဟုတ်ပါဘူး၊ အဲဒီနေရာဟာ ကြောက်စရာလဲ မဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com

"ကလေး ကိစ္စကို ဘယ်လို ဆောင်ရွက်ပေးသလဲဟင်"

"ကလေးမွေးစားတဲ့ ကိစ္စကို ဆောင်ရွက်ပေးတဲ့ အေဂျင်စီတွေ ရှိပါတယ်၊ ကလေးမွေးစားမယ့် မိဘတွေကို သေချာစွာ စိစစ်ကြပါတယ်"

"ကျွန်မကလေးကို ဘယ်သူ့ကိုမှ မပေးဘူး"

ကျွန်မ ယတိပြတ် ပြောလိုက်သည်။

❑

သူက အထစ်ထစ်အငေါ့ငေါ့ ပြောပြသည်။

"ကျွန်တော်လဲ အဲ့ဒီလိုပဲထင်ပါတယ်၊ အမိကတော့ ခင်ဗျားရဲ့ဆုံးဖြတ်ချက်ပါပဲ၊ ဘယ်လိုမှ တိုက်တွန်းကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး"

သူသည် ပြတင်းပေါက်သို့ ထသွားပြီးနောက် တစ်မိနစ်ခန့် ငြိမ်သက်နေလေသည်။ ထို့နောက် ပြန်လာပြီး ကျွန်မလက်ကိုဆွဲ၍ မေးလေသည်။

"မင်းရဲ့ကလေးကို မင်းကိုယ်တိုင် မွေးချင်သလား တီလီ၊ တကယ်ပဲလား"

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒီကိစ္စဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာကို မင်းသိလား"

သူက မေးပြန်သည်။

"မင်းမှာ လူနှစ်ယောက်စားဖို့ ငွေအလုံအလောက်ရှိဖို့လိုတယ်၊ မင်း အလုပ်သွားလုပ်နေချိန်မှာ ကလေး ထိန်းခ ပေးရမယ်၊ ဒါဟာ အတော် ခက်ခဲလိမ့်မယ်"

"ကျွန်မ သိပါတယ်"

"အဲ့ဒီအတိုင်း မင်း တကယ်ဖြစ်ချင်သလား"

"ကျွန်မ မသိဘူး၊အဲ့ဒီအကြောင်းကို အမြဲစဉ်းစားနေခဲ့တယ်၊ ကလေးကို လူများကိုမပေးချင်ဘူး၊သူ့အရွယ်ရောက်လို့ နားလည်လာတဲ့အခါမှာ ညှိုးငယ်နေမှာကို မကြည့်ရက်ဘူး၊ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ပါဘူးရှင်၊ ဘယ်လို ဆုံးဖြတ်ရမလဲဟင်"

"တီလီ . . . တီလီ"

သူ သက်ပြင်းချနေလေသည်။

"ကိုယ်ဘယ်လို ပြောရမလဲ၊ မင်းရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်စေချင်တယ်"

"သူ့ကို ကောင်းကောင်းမွန်မွန် နေစေချင်ပါတယ်၊ လူတိုင်းက သူ့ကိုချစ်စေချင်တယ်၊ ဒါပေမယ့် သူများကိုမပေးချင်ဘူး၊ ကျွန်မ သူ့ကို ချစ်တယ်ရှင်"

နောက်ထပ် ရက်သတ္တပတ်ကြာအောင် ကျွန်မ စိတ်ဆင်းရဲခဲ့ရပါသည်။ ကျွန်မ အဘက်ဘက်မှ စဉ်းစားခဲ့ပါသည်။ ငိုကြွေးခြင်း၊ ဆုတောင်းခြင်းဖြင့် အချိန်ကုန်ခဲ့ပါသည်။

နောက်ဆုံးတော့ ကလေးကို တကယ်ချစ်လျှင် သူ့ကိုလက်လွှတ်ရမည်ဖြစ်ကြောင်း သိလာပါသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် သူ့အတွက် ပိုကောင်းပေလိမ့်မည်။ အို ဘုရားသခင် ကျွန်မအား ထိုသို့ ပြုလုပ်နိုင်အောင် ခွန်အားပေးသနားတော်မူပါ။

ထိုသို့ ပြုလုပ်ရန် မလွယ်ကူပါ။ ကျွန်မသည် ဆေးရုံနှစ်ခုစလုံးကို စာရေးခဲ့သည်။ သူတို့ထံမှ အားပေးသော စာများနှင့် ပုံစံများပေးပို့ကြသည်။ နောက်တစ်ပတ်အကြာတွင် ဆေးရုံတစ်ရုံမှ ကျွန်မအား သုံးပတ်အတွင်း လာခေါ်မည့်အကြောင်းကြားစာ ရောက်လာပါသည်။ ယခုအခါ ကျွန်မသည် ကလေးအား စွန့်ပစ်နိုင်အောင် အားတင်းရပေတော့မည်။ ဆေးရုံသို့သွားရန် ရက်သတ္တနှစ်ပတ် အလိုတွင် တံခါးဘဲလ် အသံမြည်လာသဖြင့် ဖွင့်ပေးလိုက်ပါသည်။ နယ်လ်ဆင်ကိုမြင်ရသဖြင့် စကားမပြောနိုင်အောင် အံ့အားသင့်သွားပါသည်။

"ကိုယ့်ကို ဝင်ခွင့်ပြုပါ"

သူက ပြောသည်။

ကျွန်မမှာ ဘာမှ မဖြေနိုင်ဘဲ သူ့ကို စိုက်ကြည့်နေမိသည်။

"တီလီ"

ကျွန်မ တစ်ကိုယ်လုံးကို သူ သိမ်းကျုံးကြည့်ပါသည်။ စူနေသော ဝမ်းဗိုက်ကိုမြင်သောအခါ အကြည့်[...] သွားလေသည်။ အထဲကိုဝင်ပြီး ကျွ[...] ပခုံးကို ကိုင်ပါသည်။

"တီလီ ကိုယ်ဝန်ရှိတဲ့အကြော[...] ဘာကြောင့် ကိုယ့်ကိုမပြောတာလဲ"

"ကျွန်မကို မကိုင်ပါနဲ့၊ ရှင် ဒီ[...] လာရဲတာ ကျွန်မ အံ့သြမိတယ်"

ကျွန်မ အော်ပြောမိပါတယ်။

"ဘာကြောင့် ကိုယ်လာတယ်[...] တာ မင်းသိပါတယ်၊ မင်းကို ရှင်းပြ[...] အကြောင်းတွေ ရှိလို့ပါ"

သူက တံခါးပိတ်ပြီး ကျွန်မ[...] တိုးလာပါသည်။

"တီလီ ကျေးဇူးပြုပြီး ကိုယ်ပြေ[...] တာကို နားထောင်စမ်းပါ"

"နားမထောင်ချင်ဘူး နယ်[...] ဆင်၊ အရင်က နားထောင်ခဲ့ပြီးပြီ၊ ရှ[...] အတူ အစီအစဉ်လုပ်ခဲ့တယ်၊ ကျွန်မဘ[...] တစ်ခုလုံးဟာ ရှင့်ကြောင့် ပြောင်းလ[...] ရပြီ၊ ရှင့်ကြောင့် ကျွန်မ ကိုယ်ဝန်[...] တယ်၊ အထီးကျန် ဖြစ်ခဲ့ရတယ်၊ [...] ဘာထပ်ပြီး ဒုက္ခ ပေးချင်သေးသလဲ [...] ကြောင့် ကျွန်မ ကလေးကို ဒီပြင်လူ[...] ပေးရတော့မယ်၊ အခု ထွက်သွား[...] ကျွန်မဘာသာ နေပါရစေ"

ကျွန်မ တအားကုန် အော်[...] သူ့ကို တံခါးဝသို့ တွန်းထုတ်ပါသည်[...]

"ဒီမှာ ကိုယ်ပြောတာကို န[...] ထောင်စမ်း"

ကျွန်မအော်နေစဉ် သူက ကျွ[...] မျက်နှာကို ဖြတ်ရိုက်ပါသည်။ ကျွ[...] အံ့အားသင့်သွားပါသည်။ မျက်စိမှိတ်[...] အသက်ရှူနေမိပါသည်။

"ကိုယ်ဝမ်းနည်းပါတယ်"

သူက ပြောပါသည်။

(ဆက်ရန်)

❐ ဘနှင်း(မြန်မာ[...]

Ref: Engaged to My best Fire[...] Husband By Geraldine Kitay





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း





ကင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

ကင်ဆာအထူးကုသမားတော်ကြီး
ဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ် ခ/၇၀၀၈

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်နှင့် သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခြင်း၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အရှုကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင်အကြိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စိပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ခရီးညွှန်** – ၄၀ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်တင်

# လျှောက်ထားခြင်း

စီရင်ပါ အရှင် . . .

အရှင့်စိတ်တိုင်းကျသာ စီရင်လိုက်ပါ။ ကျွန်တော်ကား အရှင်စီရင်သမျှကို ကျေကျေနပ်နပ်ခံယူရန်အတွက် ဆုံးဖြတ်မျှော်လင့်ပြီးသားဖြစ်နေသူပါ။ အရှင့်ရှေ့မှောက်သို့ မရောက်မီကပင် အရှင့်တိုင်းပြည်သို့ ကြိုတင်ကိုင်းညွတ်ပြီးသား ဖြစ်နေသူပါ။

ထို့ကြောင့် ကျွန်တော့်တွင် အရှင်ပေးအပ်လာမည့် ပြစ်ဒဏ်အပေါ် တစ်စုံတစ်ရာ တုန်လှုပ် ချောက်ချားနေခြင်း မရှိတော့သလို တစိုးတစိမျှသော ဈေးဆစ်ပန်ကြားခြင်းကိုလည်း ပြုစရာမရှိတော့ပါ အရှင်။ အရှင့်သဘောအတိုင်းသာ စီရင်ပါတော့။

ထို့ပြင် ကျွန်တော် တိုက်တွန်းလိုပါသေးသည်။ ၎င်းမှာ ကျွန်တော်သည် အရှင့်တိုင်းပြည်နှင့် အမုန်တကယ် ထိုက်တန်မှု မရှိကြောင်းကို မည်သို့မျှ သံသယ မဖြစ်လိုက်ပါနှင့် အရှင်။

ကျွန်တော့်အား ပြစ်ဒဏ်တစ်စုံတစ်ရာပေးရခြင်းအတွက်လည်း မည်သို့မျှ မှားယွင်းမှုရှိမည် မဟုတ်ကြောင်းကို စိတ်ချလက်ချ ယုံကြည်လိုက်ပါအရှင်။

ထို့နောက် ကျွန်တော့်အား ပေးမည့် ပြစ်ဒဏ် အစုစုအပေါ်မှာလည်း ရွေးတစ်စေ့စာမျှကိုပင် အရှင့်ကရုဏာဖြင့် ပယ်နုတ်လျှော့ပါးခြင်း လုံးဝ မပြုလုပ်စေလိုပါ။ အပြည့်အဝသာလျှင် တင်းပြည့်ကျပ်ပြည့်သာလျှင် ပေးအပ်တော်မူပါ။ ချမှတ်တော်မူပါအရှင်။ သို့သော် အရှင့်အနေဖြင့် ဝတ္ထုရားအတိုင်း တရားသူကြီးတစ်ဦးက တရားခံတစ်ယောက်အပေါ် မေးမြန်း စစ်ဆေးရခြင်းကဲ့သို့သော အမှုမျိုးကို ပြုလုပ်လိုသေးပါကမူ ပြုလုပ်နိုင်ပါသည် အရှင်။

ထိုအခါတွင်လည်း 'မောင်မင်းသင် မည်သည့် အပြစ်ကို ကျူးလွန်ခဲ့သနည်း'ဟု မေးခွန်းတစ်ခုတည်းကိုသာ မေးလိုက်တော်မူပါ။ ထိုထက်ပို၍ မေးမြန်းခြင်း ပြုတော်မမူပါနှင့်။

အဘယ်ကြောင့်ဆိုသော် အလုံးစုံသော ကျွန်တော်၏အပြစ်တို့ကို ဖြစ်ကြောင်းကုန်စင်၊ အိတ်သွန်ဖာမှောက် ဆိုသကဲ့သို့ ကျွန်တော်ကသာ အရှင့်ရွှေနားတော်အရောက် ကြားလျှောက်ထွက်ဆို ဖွင့်ဟဝန်ခံလိုက်မည် ဖြစ်သောကြောင့်ပါတည်း။

ကျွန်တော်ကား မိုက်မဲလှသူ တစ်ဦးပါ။ လွန်စွာ မိုက်မဲလှသူ တစ်ဦး ပါ။ ထိုသို့ မိုက်မဲခြင်းအကြောင်းကို အ မှ အဆုံးတိုင် ဇာတ်စုံခင်းပြရမည်ဆို ပါက ကျွန်တော်၏ ငယ်ရွယ်စဉ်ကာလ သားသတ်သမားတစ်ဦးအဖြစ် အသ မွေးရပ်တည်ခဲ့ခြင်းမှ အစပြုကာ ပြော ရမည် ထင်ပါသည်။

ကျွန်တော်ကား ဆိုခဲ့သည့် အတိုင်း သားသတ်သမား တစ်ဦးပါ ပုဆိန်ကိုင် တစ်ဦးပါ။ သတ္တဝါတို့ အသက်ကို သစ်ရွက်တစ်ရွက်ခြွေသ

သို့ အလွယ်တကူဖြုတ်ခြွေပစ်ရန် မလေးသော လက်မရွံ့တစ်ဦးပါ။

ကျွန်တော်၏ အမည်မှာ စက်ရှိန် ဟူ၍ဖြစ်သော်လည်း အ ကမူ ကျွန်တော်၏ကွယ်ရာတွင် ကွက်စက်ရှိန်'ဟူသော ပြောင်ချော် နာမည်ဖြင့် ကျွန်တော့်အား ခေါ် သမုတ်ခြင်း ပြုထားကြပါလေသည်

ထိုနာမည်မှာ ပညတ်သွ ဓာတ်သက်ပါဆိုသော စကားအတိုင် ကျွန်တော်လုပ်ကိုင်နေသော အ လွန်စွာမှ လိုက်ဖက်လှပါတော့သည်

www.burmeseclassic.com

ကျွန်တော်သည် အားခွန်ဗလ ညှဉ့်စုံသူတစ်ဦးလည်းဖြစ်ပါသည်။ ထိုသို့ ကျွန်တော်၏ ခွန်အား ည့်ဖြိုးခြင်းမှာ ဆိုခဲ့သည့်အတိုင်း တို့အတွက် ကံမကောင်းခြင်း ဖြစ်ခဲ့ရပါသည်။

ကျွန်တော်၏ အားကောင်းလှ ပုဆိန်ချက်အောက်၌မရေမတွက် သော သတ္တဝါများ မရှုမလှ အသက် ခဲ့ရ၏၊ သေပွဲဝင်ခဲ့ရ၏။

ည်မျှပင် ဆိုးသွမ်းပြီး ရုန့်ရင်း မ်းသော သတ္တဝါ ဖြစ်ပါစေ တော်၏ ရှေ့မှောက်၌ ဒူးတုပ်ခဲ့ရမြဲ ညွှဲခဲ့ရမြဲ၊ ပုံပုံလဲခဲ့ရမြဲသာ ဖြစ်ပါ၏။ တော်၏ သားသတ်ရုံ အတွင်းသို့ က်လေပြီးသော သတ္တဝါမှန်သမျှ သည် လွတ်မြောက်သွားသည်၊ ပြန် အသက်ဆက်ခွင့်ရသွားသည်ဟူ၍ သောအခါကမျှ မရှိခဲ့ပါဘူး။

မည်သည့် တစ်ကောင်တလေ သော်မျှ ကျွန်တော် ချမ်းသာမပေးခဲ့ သော။

သားသတ်ခြင်းသည် ကျွန်တော် အသက်မွေးမှုပင် ဖြစ်၏။ ထို့ကြောင့် အလုပ်၌ ကျွန်တော် ပျော်ပိုက်၏။ လာသည်နှင့်အမျှ ထိုအလုပ်ကို စားရေသောက်ပမာဖြစ်လာခဲ့၏။

မည်မျှပင် ခန္ဓာကိုယ်ကြီးမား သော သတ္တဝါဖြစ်ပါစေ သူ၏ အသက် အမြန်ဆုံးနည်းဖြင့် မည်သို့ ဇီဝိန်ခြွေ ည်ကို ကျွန်တော် ကောင်းစွာသိပါ သိသည့်အတိုင်းလည်း လုပ်နိုင်ခဲ့

ထို့ပြင် ကျွမ်းကျင်သော လက် သည် အိမ်တစ်ဆောင်ကို အမြန် ၍ အမိုးတခြား၊ အကာတခြား၊ င်းတခြား ပုံနိုင်သကဲ့သို့ ကျွန်တော် ည်လည်း သတ္တဝါကြီးတစ်ကောင် လျှပ်တစ်ပြက် အတွင်းမှာပင် သားတခြား၊ အရိုးတခြား၊ အရေခွံ ဝမ်းတွင်းသားတခြား ပုံနိုင်၊ ဖျက် ပင် ဖြစ်ပါလေ၏။

ကျွန်တော်၏ စွမ်းပကားကို မြင် သူတိုင်းက အံ့သြကြ၏။ ချီးမွမ်းကြ၏။ မြှောက်ပင့်ပြောဆိုကြပါ၏။

ထိုသို့ မြှောက်ပင့်ပြောဆိုကြ သည်ကိုပင် မိမိကိုယ်ကို အဟုတ်ကြီး ထင်ကာ ကျွန်တော်က ပို၍တက်ကြွ ခဲ့၏။ ပို၍ လက်စွမ်းပြခဲ့၏။ ပို၍ ပုဆိန် သွားထက်ခဲ့ပါလေ၏။

ကျွန်တော်၏ သားသတ်သမား ဘဝတစ်လျှောက်၌ အမှားအယွင်းဟူ၍ မှတ်မှတ်ရရ တစ်ကြိမ်သာ ရှိခဲ့ဖူးပါ၏။ ထိုမှားယွင်းမှုမှာလည်း အကယ်စင်စစ် ကျွန်တော့်ကြောင့်ဖြစ်ရသည်မဟုတ်ပါ။

ကျွန်တော့်အား ကူညီလုပ်ကိုင် ပေးရသူ ကျွန်တော်၏ လက်ထောက် တပည့်တစ်ဦးကြောင့်သာ မှားယွင်းခဲ့ ရခြင်း ဖြစ်၏။

ဖြစ်ပုံမှာ အလွန်ခွန်အားကြီး သော ကျွဲကြီးတစ်ကောင်အား သုတ် သင်စဉ်က ဖြစ်ပါ၏။ ထိုကျွဲသတ္တဝါကြီး အား အမဲပေါ်ရန်အတွက် ထုံးစံအတိုင်း ခွတိုင်၌ ဦးခေါင်းအား ညှပ်ထားစဉ် ထို တပည့်၏ ပေါ့လျော့မှုကြောင့် ချည် နှောင်ထားသောကြိုးများက ပြေလျော့ သွားပါလေသည်။

ဤ၌ ကျွန်တော်က ပုဆိန်ကို မြှောက်၍ ထိုကျွဲကြီး၏ထိပ်ဝ တည့် တည့်သို့ အားကုန်ထုချလိုက်ရာ ကြိုး ပြေနေသော ထိုကျွဲကြီးက သူ့ခေါင်းကို ရှောင်တိမ်းလိုက်သည်မို့ ပုဆိန်ချက်က လွဲသွားရပါတော့သည်။

လွဲသွားရုံမျှ မက ကျွန်တော်၏ ခြေသလုံး ညို့သကျည်းပေါ်သို့သာ ပြင်း ထန်စွာကျ ရောက်သွားပါတော့သည်။ ရုန်းထွက် လွတ်မြောက်တော့မလို ဖြစ် သွားသော ထိုကျွဲကြီးအား ကျွန်တော်၏ တပည့်က ချွန်မြသော လှံသွားဖြင့် နှလုံး သားတည့်တည့်သို့ စိုက်သွင်းကာ အဆုံး စီရင်လိုက်ရပါလေသည်။

ကျွန်တော်ကား မိမိကိုယ်ကိုယ် ထုနှက်မိသော ဒဏ်ရာကြောင့် ရက် ပေါင်းများစွာ အနားယူခဲ့ရပါ၏။

ဆေးဝါး ကုသခဲ့ရပါ၏။ သို့သော် ဝေဒနာမှ သက်သာလျှင်သက်သာချင်း ပင် မူလလုပ်ငန်းခွင်သို့ ပြန်လည်ဝင် ရောက်ခဲ့ပါလေသည်။ သားသတ်အလုပ် ကိုသာ လုပ်မြဲတိုင်း လုပ်နေခဲ့ပါလေ သည်။

ခုတစ်ခါတွင်မူ ယခင်က အမှား အယွင်းမျိုး လုံးဝ မဖြစ်ပေါ်ရအောင် ကျွန်တော်က နည်းသစ် တစ်မျိုးကို ပြောင်းလဲ အသုံးပြုလိုက်ပါသည်။

ထိုနည်းလမ်းမှာ နောက်တစ်နေ့ မနက်အတွက် အမဲပေါ်ရန် လျာထား သည့် သတ္တဝါကြီးများအား ယနေ့ည ဦးကတည်းကပင် ၎င်းတို့၏ ခြေလက် တို့ကို ကြိုတင်ပြီး ခုတ်ချိုးထားလိုက် ခြင်းပင် ဖြစ်ပါတော့သည်။

ထိုသို့ ပြုလုပ်ထားခြင်းဖြင့် အနှီ သတ္တဝါကြီးမှာ တစ်ညလုံးပင် သွေးစက် လက်ဖြင့် ဝေဒနာဒဏ်ကို တမြည့်မြည့် ခံစားနေရပြီးသကာလ နံနက်မိုးသောက် သည်နှင့် အားအင်ချည့်နဲ့ကာ ဦးခေါင်း က ငိုက်ညိုးပြီးသား ဖြစ်နေလေပြီ။

ထိုအခါ မည်သို့မျှ အန်တုရုန်း ဖယ်ခြင်း မပြုနိုင်တော့သော ထိုသတ္တဝါ အား ပုဆိန်တစ်ချက်စာမျှနှင့်ပင် အဆုံး စီရင်ခြင်း ပြုနိုင်ပေပြီ။ ဤသည်မှာ ကျွန်တော်၏ ပြောင်မြောက်သော လုပ် ဆောင်ချက် တစ်ခုပင် ဖြစ်ပါလေသည်။

သို့သော် ကျွန်တော်ကား ထို လုပ်ငန်းဖြင့်သာ မြိန်ရေရှက်ရေအသက် မွေးခဲ့လေသော်လည်း ချမ်းသာခြင်းသို့မူ မရောက်ခဲ့ပါ။ ဘဝဖူလုံရုံ သားမယား ကျွေးနိုင်မွေးနိုင်ရုံမျှသာ ဖြစ်ပါသည်။ ထို့ပြင် အသက်အရွယ် ရလာသည်နှင့် အမျှ ကျွန်တော်၏ လက်ရည်သည် လည်း တဖြည်းဖြည်း ကျလာခဲ့ပါလေ သည်။ ယခင်ကကဲ့သို့ စွမ်းဆောင်နိုင် ခြင်းမျိုး မရှိတော့ပါ။

များမကြာမီ ထိုလုပ်ငန်းမှ လုံးဝ အနားယူရတော့မည့် အခြေအနေက ဖြစ်လာပါတော့သည်။ တခြားမဟုတ်ပါ။ ကျွန်တော့် ညို့သကျည်းပေါ်မှ ဒဏ်ရာ





www.burmeseclassic.com

www.burmeseclassic.com

ဟောင်းက ပြန်ပေါ်လာခြင်းကြောင့်ပင် ဖြစ်ပါလေသည်။ ထိုဒဏ်ရာ၏ နှိပ်စက်မှုကြောင့်ပင် ကျွန်တော် မည်သို့မျှ ထိုအလုပ်ကို လုပ်နိုင်စွမ်းမရှိတော့ပါ။ သားမသတ်နိုင်တော့ပါ။ ဆေးပြန်ကုရင်း အိပ်ရာထဲတွင်သာ လဲနေရပါလေတော့သည်။

ကျွန်တော်သည် အလုပ်လက်မဲ့ ဖြစ်ရခြင်းနှင့်အတူ ကျွန်တော်၏ မိသားစုသည်လည်း ကျပ်တည်းဆင်းရဲသွားရပါတော့သည်။ ဆိုးရွားစွာပင် အခြေယိုင်သွားရတော့သည်။ အရွယ်ရောက်ပြီးသော ကျွန်တော့် သားသမီးများက ကြုံရာ ရရာအလုပ်ကို ထွက်၍လုပ်ကြပါသော်လည်း မိသားစု စားဝတ်နေရေးကိုကား ဖူလုံလောက်ငအောင် မစွမ်းဆောင်နိုင်ကြပါပေ။

မိသားစုမှာ ဆင်းရဲမြဲ ဆင်းရဲလျက်သာ ရှိနေတော့သည်။ကျွန်တော်ကား အနာသည်းလှသော ဝေဒနာကို ခံစားရသည်ကတစ်ဖက်၊ ဥမမည် စာမမြောက်သေးသော ရင်သွေးငယ်များ၏ ငိုယိုပူဆာသံများကြောင့် စိတ်ညစ်ညူးရသည်က တစ်ဖက်ဖြင့် လွန်စွာမှ စိတ်ဆင်းရဲရပါလေတော့၏။

ဤအချိန်တွင် ကျွန်တော်တို့ မိသားစုအား ကယ်တင်မ,စမည့် ပုဂ္ဂိုလ်များက အချိန်ကိုက်ဆိုသလိုပင် ပေါ်ထွန်းလာပါတော့သည်။

သူတို့ကား မေတ္တာရှင် အပျိုကြီး ညီအစ်မနှစ်ယောက်ပင် ဖြစ်ပါသည်။ ထိုညီအစ်မနှစ်ယောက်မှာ လှူဒါန်းပေးကမ်းရာတွင် ရက်ရောသူများအဖြစ်ဖြင့် လည်းကောင်း၊ တရားဘာဝနာ လိုက်စားသူများအဖြစ်ဖြင့် လည်းကောင်း ရပ်ကွက်အတွင်း၌ နာမည်ကျော်သူများပင် ဖြစ်ပါသည်။


ထိုညီအစ်မနှစ်ယောက်က ဒုက္ခပင်လယ်ဝေနေသော ကျွန်တော်တို့ မိသားစုအား မမြင်ရက်ရှာကြပေ။ အစွမ်းကုန်ပင် ဖေးမ ကူညီခဲ့ကြပါပေသည်။ ဦးစွာ ကျွန်တော်၏ ဝေဒနာကို ဆေးဖိုးဝါးခ အကုန်အကျခံကာ ကုသပေးပါလေ၏။ ထို့နောက် ကျွန်တော်၏ သားနှစ်ယောက်ကိုလည်း သူတို့၏ သီးနှံပွဲရုံ၌ အလုပ်ခန့်ထားပေးလေ၏။ ထို့ပြင် ကျန်သောကလေးများအတွက်ပါ စားစရာ၊ ဝတ်စရာတို့မှအစ ဘာမျှမလွတ်ရလေအောင် ပံ့ပိုးပေးကမ်းပြန်လေ၏။

နောက်ဆုံး ကျွန်တော့်ကိုပင် ဝေဒနာမှပျောက်ကင်းသည်နှင့် သူတို့၏ သီးနှံဂိုဒေါင်တွင် ညစောင့်အဖြစ် အလုပ်ခန့်ထားပေးပြန်သေးလေရာ ဘာဆိုဘာမျှ အငြင်းပွားဖွယ်မရှိသော တကယ့်ကျေးဇူးရှင်စစ်စစ်ကြီးများပင် ဖြစ်ပါလေတော့သည်။

ဤသို့ဖြင့် မိသားစုမှာ ပြန်လည်၍ ချောင်လည်လာ၊ စိုပြည်လာခဲ့ပါလေသည်။ လူတန်းစေ့နေထိုင်စားသောက်လာနိုင်ခဲ့ပါလေသည်။ ထိုညီအစ်မ၏ ကောင်းမှုဖြင့် မဟာအကျပ်အတည်းကြီးမှ ရုန်းထွက်လွတ်မြောက်နိုင်ခဲ့ပါလေ၏။

သို့သော် ထိုကဲ့သို့ အခြေအနေ ပြန်ကောင်းလာပြန်တော့လည်း တစ်ဖန်ဗွေဖောက်လာပြန်သူကား ကျွန်တော်ပင် ဖြစ်ပါလေသည်။ တခြားမဟုတ်ပါ။ လောင်းကစားဘက်သို့ ကျွန်တော် ဝါသနာထုံသွားခြင်းပင် ဖြစ်ပါသည်။

ပိုလျှံလာသော ငွေစကြေးစ



ကလေးများနှင့် ဂျင်ဝိုင်း၊ ဖဲဝိုင်းများ... ကစားဝိုင်းများပါမကျန် မရမက ... ဖွေပြီး မပြတ်တမ်းပင် ကစားလာသ...

သည်လိုနှင့်ပင် ရသမျှက... ကစားသမျှရှုံးရင်း မကြာမီ မိသား... ဒုံရင်းဘ၀သို့ ပြန် ရောက်သွားပါ... သည်။ ထိုသို့ ဖြစ်ရခြင်း၏ အဓိက... သည်ဖြစ်သော ကျွန်တော့်အား ... နှင့်သားသမီးများက ဝိုင်းဝန်းပြစ်... ငြူစူကြပါငလသည်။

သို့သော် ကျွန်တော်ကား ... ဝါသနာကို လုံးဝဖြတ်၍ မရတော့... ဖဲရိုက်ခြင်းနှင့် လေးကောင်ဂျင်ထိုး... တို့ကို မကစားဘဲ၊ မထိုးဘဲ မ... တော့ပါ။ ထို့ကြောင့် မည်သူက မ... ပင်ပြောပြော ဆက်လက်၍သာက... ကစားနေခဲ့ပါတော့သည်။ က... ငွေကိုလည်း မဖြစ်ဖြစ်အောင် ... ၍သာ ဆက်လက်၍ စခန်းသွားနေ... တော့သည်။

ဤတွင် ကျွန်တော်၏ ... ခတ်များ ယိုယွင်းဖောက်ပြန်လာ... မလုပ်သင့် မလုပ်ထိုက်သည်တို့ကို ... ကိုင်လာပုံ၊ ကျေးဇူးရှင်တို့အပေါ် ... စွပ်တတ်လာပုံတို့အား ဤနေရာ... စတင်၍ ဖော်ပြလိုက်ရပါတော့မည်...

ကျွန်တော်ကား အထက်... နေရာ၌ ဆိုခဲ့သလို ဂိုဒေါင်ည... အလုပ်ကို လုပ်ကိုင်ရသူပါ။ သို့... ယခုအခါတွင်မူ ညစောင့်အဖြစ်နှင့် ... သူဌက်တို့၏ ရန်မှ စောင့်ရှောက်... ကွယ်ပေးရမည့်အစား ကိုယ်တိုင်က... ဂိုဒေါင်အတွင်းရှိ ပစ္စည်းများအ...





www.burmeseclassic.com

www.burmeseclassic.com

...ထွင်းခိုးဝှက်နေသူတစ်ဦး ဖြစ်နေ ...သော်။ ပိုင်ရှင်ညီအစ်မက ယုံကြည် ... အပ်နှံလျက် စိတ်ချလက်ချ အိပ်မော ...ကြချိန်တွင် ကျွန်တော်က စိမ်ပြေ ... ခိုးဝှက်သယ်ဆောင်၍နေလေပြီ။

ထိုခိုးဝှက်ပြီးသော ပစ္စည်းများ ...ည်း သေသေသပ်သပ် ထုခွဲရောင်း ... လောင်းကစားခြင်း အမှုကိုမှန်မှန် ... ပြုလုပ်နေပါလေပြီ။ ဤသည်မှာ ... မနေနိုင်အောင် ထကြွသောင်း ...ခဲ့လေသော ဝါသနာဆိုး၏ တိုက် ...စေခိုင်းမှုဟုသာ ဆိုရပါတော့မည်။

သို့သော် မကောင်းမှုကား ဆိတ် ...ရာ မရှိပါပေ။ တစ်စနှင့်တစ်စ ...ကြီးညီအစ်မက ကျွန်တော့်လုပ်ရပ် ...အား ရိပ်မိလာသည်။ သိရှိလာ ...ည်။ ထို့ကြောင့် ပထမအကြိမ် ကျွန် ...တော့်အားခေါ်ယူကာ ထိုသို့ မလုပ်ရန် ...တွက် ဖျောင်းဖျ ပြောဆိုကြလေ ...ည်။ ကျွန်တော်က ထိုမျှနှင့် မရပ်လေ ...အခါ ဒုတိယအကြိမ်အဖြစ် ပြင်း ...စွာ သတိပေးကြပြန်လေသည်။

နောက်ဆုံးတွင် ကျွန်တော်၏ ...ကျင့်စာရိတ္တကို မည်သို့မျှ ပြုပြင်၍ ...မန်း သတိပေး ဆုံးမ၍ မရမှန်း ...ကြသည့်အလျောက် ကျွန်တော့် ...က်မှ ဂိုဒေါင်သော့ကို သိမ်းယူပြီး ...လ အလုပ်မှလည်း ထာဝရရပ်စဲ ...ပါလေတော့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ရပ်ကွက် ...ကျင်းမှ ကျွန်တော့်အကြောင်း သိသူ ... ကျွန်တော့်အား လွန်စွာအော့ ...ကြသကဲ့သို့ ကျွန်တော့်မိသားစု ...ည်း ကျွန်တော့်အပေါ် များစွာ ...သွားခဲ့ကြပါလေသည်။

"မိုက်ပါပေ့ကိုစက်ရှိန်ရယ်၊ ရှင် ...တို့ တစ်မိသားစုလုံးကို သက် ... ခွေးမဖြစ်ဖြစ်အောင် လုပ်နေတာ"

"ဟုတ်ပါတယ်အဖေရာ၊ အဖေ့ ...တ်နဲ့ ကျွန်တော်တို့ပါ အားလုံး ...ဆက်ကြရတော့မယ်"

"ကိုယ့်ကျေးဇူးရှင်ရဲ့ မျက်နှာကို လဲမထောက်၊ ကိုယ့်သားသမီးတွေရဲ့ မျက်နှာကိုလဲ မထောက် အဖေမို့လို့ လုပ်ရက်တယ်ဗျာ"

ကျွန်တော့်အပေါ် သို့ နာကြည်းစွာဝေဖန်ပြစ်တင်လိုက်ကြသောမိသားစု အတွင်းမှ စကားစုများပင်ဖြစ်ပါသည်။

သို့သော် ကျွန်တော်ကားအလွန် ပေကတ်ကတ်နိုင်လှပါသူတည်း။ ရပ်ကွက်ထဲမှလည်းကောင်း၊ ကျွန်တော့်မိသားစုမှလည်းကောင်း ထိုသို့ ပြစ်တင်ရှုတ်ချကြသည်ကို ကျွန်တော် မည်သို့မျှ မခံစားရပါ၊ မဖြုံပါ၊ မတုန်လှုပ်ပါ။

ကျွန်တော့်အား နေမထိ ထိုင်မသာ မရိုးမရွ ကျိုးတိုးကြွတဖြစ်အောင် ဖန်တီးပြုစားနေလေသော ဝါသနာပိုးများ၏ အရေးကသာကျွန်တော့်အတွက် ဖြေရှင်းစရာ၊ အာရုံစိုက်စရာ၊ အလေးပြုစရာဖြစ်၍နေလေသည်။

အကြောင်းမှာ ယခုအခါ၌ မည်သည့်နေရာကမျှ ကျွန်တော် ငွေမရနိုင်တော့သည်မို့ ကစားဝိုင်းများသို့ မသွားနိုင်တော့ရုံမျှမက အနားသို့ပင် မသီနိုင်တော့ပါလေ။

ထိုအခါ မကစားရလေ ကစားချင်လေဆိုသည့်အတိုင်း ကျွန်တော့်မှာ အရူးတစ်ပိုင်းမျှ ဖြစ်နေရပါတော့သည်။ ဤမှာပင် အမှောင်တကာ့ အမှောင်ဆုံးသို့ တိုးဝင်ရန် ကျွန်တော် ကြံစည်မိလေပြီ။ အနက်တကာ့ အနက်ဆုံးသို့ ခုန်ချရန် ကျွန်တော် ရည်သန်မိလေပြီ။

မည်သို့မျှ ချေဖျက်၍ မရနိုင်သော အပြစ်ကြီးတစ်ခုကို ကျူးလွန်ရန် ကျွန်တော် အားထုတ်မိလေပြီ။

မှောင်မိုက်သော ညတစ်ည။

သို့မဟုတ် လဆုတ်ရက်များ၏ တစ်ခုသော ညတစ်ည။

အပြင်ဘက်၌ မှောင်မည်းနေသော်လည်း သူတို့၏ အခန်းတွင်း၌မူ အပြာရောင် မီးအုပ်ဆောင်းကလေးက ခပ်မှိန်မှိန်မျှ ထွန်းလင်းလျက်ရှိနေပါလေ

> မိမိ၏ ကျေးဇူးရှင်ကြီးနှစ်ဦးကို
> ယခုကဲ့သို့
> ပြန်လည် သတိဖြတ်ရခြင်းအတွက်
> မည်သို့မျှ မဖော်ပြနိုင်သော၊
> မည်သို့မျှ အတိုင်းအဆ မရှိသော
> ဗလောင်ဆူခြင်းမျိုးဖြင့် ...

သည်။ သူတို့ညီအစ်မမှာ အခန်းတစ်ခန်းထဲတွင် ခုတင်တစ်လုံးစီဖြင့် အိပ်စက်ကြလေရာ အကြီးဖြစ်သူက သူ၏ ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်ပျော်လျက်ရှိပါသည်။

သူမ၏ ရင်ဘတ်ပေါ်တွင် စိပ်ပုတီးတစ်ကုံးကို တင်လျက်သားတွေ့ရပါသည်။ အငယ်ဖြစ်သူကမူ နံရံဘက်ကို မျက်နှာမူလျက် တစောင်းအနေအထားဖြင့် အိပ်ပျော်လျက်ရှိနေပါလေသည်။

ထိုအချိန်တွင် သံသေတ္တာတစ်လုံးမှ ကြီးမားလှသော သော့ခလောက်ကြီးက ပွင့်သွားပါသည်။ သော့ပွင့်သွားသည်နှင့် သေတ္တာအဖုံးကို အသာမ၍ ဖွင့်ကြည့်လိုက်ရာ ကျွန်တော့်မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်သွားရပါတော့သည်။ အတွင်း၌ ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း မြောက်မြားလှစွာသော ငွေစက္ကူအုပ်များနှင့်အတူ စိန် ရွှေ လက်ဝတ်ရတနာများကိုပါ မီးရောင်ခပ်မှိန်မှိန်အောက်၌ အားရစဖွယ် တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။

ကျွန်တော် အချိန်ဆိုင်းမနေတော့ပါ။ ပါလာသော လွယ်အိတ်ထဲသို့ ရင်းရွှေငွေတို့ကို ကျုံး၍ကျုံး၍ ထည့်နေမိလိုက်ပါသည်။ ထိုသို့ ထည့်နေစဉ်အတောအတွင်း လောဘဇောကပ်နေမှုကြောင့် ကျွန်တော့် မျက်လုံးများက ပြူးကျယ်လျက်ရှိသလို လက်များကလည်း တုန်ခါလျက် ရှိနေပါလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် 'ဂျောက်' ခနဲ ထွက်ပေါ်လာသော အသံတစ်ခုကို ကြားလိုက်ရသည့်ခဏ ကျွန်တော်လန့်ဖျပ်သွားမိပါသည်။ အသံလာရာသို့လည်း ရုတ်ခြည်းဆိုသလို လှည့်ကြည့်လိုက်မိပါသည်။

ဤတွင် ကျွန်တော့် မျက်လုံးများက အဆမတန် ပြူးကျယ်သွားရပါတော့သည်။ အကြောင်းမှာ အကြီးမဖြစ်သူက အိပ်ရာမှ လန့်နိုးလာကာ ငုတ်တုတ်ထထိုင်လိုက်ပြီး ကျွန်တော့်အား ပါးစပ်အဟောင်းသားဖြင့်ကြည့်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

စောစောက ဂျောက်ခနဲအသံမှာလည်း သူမ၏ ရင်ဘတ်ပေါ်မှ စိပ်ပုတီးက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခြင်းပင် ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံမိကြသည်။ သူမက ကျွန်တော့်မျက်နှာကို သဲကွဲစွာမြင်လိုက်ရပြီးနောက် အံ့အားသင့်နေဟန်တူသည်။ ကြောင်တောင်တောင်ဖြစ်လျက် ကြက်သေသေနေသည်။ သို့သော် ကျွန်တော်ကမူ သူဖြစ်သလို ဖြစ်မနေပါ။

ယခုလိုအချိန်မျိုး၌ တခြားရွေးခြယ်စရာလမ်း မရှိတော့ပြီမို့ လုပ်စရာရှိသည်ကိုသာ လျင်မြန်စွာ လှုပ်ရှားလိုက်ပါတော့သည်။ တခြား မဟုတ်ပါ၊ ထိုအမျိုးသမီးနားသို့ လျင်မြန်စွာတိုးကပ်သွားလိုက်ပြီး သူမ၏ နှလုံးသားဆီသို့ အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုးသွင်းလိုက်ခြင်း ဖြစ်ပါသည်။

သားသတ်သမားပီပီ လက်ဆမှန်လသည်မို့ ဓားဦးက ရည်မှန်းရာသို့ တန်းခနဲ စိုက်ဝင်သွားပါတော့သည်။

သူမမှာ အင့်ခနဲ အသံတစ်ချက်မျှသာ ထွက်လိုက်နိုင်ပါသည်။ သူမ၏ ပြူးကျယ်သောမျက်လုံးများက တဖြည်းဖြည်း အရောင်အဝါ မှေးမှိန်လာပြီးနောက် လုံးဝမျက်ကြောသေသွားလေတော့သည်။ ခန္ဓာကိုယ်ကြီးကလည်း ခုတင်ပေါ်သို့ ဝုန်းခနဲ ယိုင်လဲသွားတော့သည်။

ထို ရုတ်ရုတ်သဲသဲ အသံများကြောင့် နောက်တစ်ဦးကပါ အိပ်နေရာမှ လန့်နိုးလာပြန်သည်။ သူမက အစ်မဖြစ်သူ၏ ဖြစ်ပျက်ပုံအလုံးစုံအား မြင်တွေ့လိုက်ရသည့်ခဏ ကြောက်လန့်တကြားဖြင့် ပါးစပ်မှအော်ဟစ်ရန် ပြင်လိုက်ပါသည်။

သို့သော် သူမ မည်သို့မျှ အသံမထွက်လိုက်နိုင်ပါ။ ကျွန်တော်က သူမကိုပါ မပြန်လမ်းသို့ ဆက်ပို့ပေးလိုက်ရပါသည်။ သူမ၏ ရင်ဝသို့ဓားမြှောင်ဖြင့် နှစ်ချက်၊ သုံးချက်မျှ ဆင့်ကာဆင့်ကာ ဆောင့်သွင်းပေးလိုက်တော့သည်။

သူမက ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားကာ တုတ်တုတ်မလှုပ် ငြိမ်သက်သွားပါတော့သည်။

သွေးစွန်းသောဓားကို ကိုင်လျက်ကြီးစွာသော တုန်လှုပ်ချောက်ချားခြင်းဖြင့် ကျွန်တော် မှင်တက်နေမိသည်။ သွေးပွက်ပွက်ဆူလျက် အသီးသီးသေပွဲဝင်နေကြလေသော ညီအစ်မနှစ်ဦးအား တစ်လှည့်စီကြည့်၍ အံ့အားကြီးသင့်နေမိသည်။

ထိုအမှုကို မိမိကျူးလွန်ခဲ့သည်မှာ တကယ်မှ ဟုတ်ပါလေစဟု မယုံနိုင်အောင်ပင် ဖြစ်နေမိသည်။

ကျွန်တော်ကား မရေတွက်နိုင်သောသတ္တဝါတို့၏ အသက်ကိုအလွယ်တကူ သတ်ဖြတ်နိုင်ခဲ့ပါသည်။ ထိုသို့ သတ်ဖြတ်ရသည့်အတွက်လည်း မည်သို့မျှစိုးထိတ်ခြင်း၊ ဝန်လေးခြင်းမျိုး မဖြစ်ပေါ်ခဲ့ပေ။

ယခု ဤလူသားနှစ်ဦးကို သတ်ဖြတ်ရခြင်းမှာမူ ကျွန်တော့်အတွက် လွန်စွာမှ စိတ်နှလုံးလှုပ်ရှားခြင်း ဖြစ်ရပါလေသည်။

အထူးသဖြင့် မိမိ၏ ကျေးဇူးရှင်ကြီးနှစ်ဦးကို ယခုကဲ့သို့ ပြန်လည်သတ်ဖြတ်ရခြင်းအတွက် မည်သို့ မျှမဖော်ပြနိုင်သော၊ မည်သို့မျှ အတိုင်းအဆမရှိသော ဗလောင်ဆူခြင်းမျိုးဖြင့် ကျွန်တော့်အား ကိုယ်ရောစိတ်ပါ ယောက်ယက်ခတ်စေခဲ့ပါပြီတည်း။

ဤမှာပင် ကျွန်တော်၏ ဘ
တစ်လျှောက်လုံး တစ်စက်မျှ ကောင်
ကွက်မရှိခဲ့ပါလေသော အဖြစ်သနစ်
အလုံးစုံကို တင်ပြ၍ပြီးပါလေပြီ။

တစ်နည်းအားဖြင့် မိုက်စ၊ မိုက်
လယ်၊ မိုက်ဆုံးတည်းဟူသောကျွန်တော်
၏ အမိုက်သုံးပါး အကြောင်းတို့ကို
ပြည့်စုံကုံလုံစွာ ဖော်ပြ၍ပြီးစီးပါလေပြီ

စီရင်ပါတော့ အရှင်။

ကျွန်တော့်အား အချိန်မဆိုင်း
အမြန်ဆုံးစီရင်ပါတော့။

ကျွန်တော်ကား ကြိုးစင်မှ
ဆင့် နောင်တနှင့်အတူ ရှေ့မှောက်
အရောက်လာခဲ့ပါသည်။ ထိုနောင်
အတွက် တန်ဖိုးကြီးကြီးပေးဆပ်ရ
ကိုလည်း ကျွန်တော် သိပြီးသား
အရှင်။ ထိုနောင်တအတွက် အဖိုး
နားကိုသာ ပြောတော်မူပါ။

အရှင် သတ်မှတ်သည့်အတိုင်း
ကျေနပ်စွာ အလဲအလှယ် ပြုခံယူ
အတွက် ကျွန်တော် ဆုံးဖြတ်ပြီးသား
အရှင်။ အမိန့်ချပါလော့၊ စေညွှန်
လော့။ ကျွန်တော့်အား အမြန်ဆုံး
ပို့လွှတ်ပါလော့။အရှင်အာဏာပိုင်
အရှင့်တိုင်းပြည်အတွင်းရှိ ရှစ်ထပ်
ငရဲကြီးများအနက် အထက်မြတ်
စွမ်းပကား အကြီးဆုံးဖြစ်သည့်
အဝီစိငရဲကြီးသို့ပင် ကျွန်တော့်အား
ပို့လွှတ်စေကာမူ ကျွန်တော့်အနေ
ကျိုးကျိုးနွံနွံခံယူလျက် ဝံ့ဝံ့စားစား
ရောက်လိုက်မည်သာ ဖြစ်ပါတော့သည်
အရှင်။

❒ ရဲမြတ်





www.burmeseclassic.com

www.burmeseclassic.com



ဆန်းဝင်း(အောင်မြေ)

# ကိုရင်လေးနှင့်ရုက္ခစိုးနတ်

မနုဖြူမြို့ (ဒေါင်းဖြူမြို့) ဟု ခေါ်တွင်သော မြို့၏ သမိုင်းအဆက်ဆက် မပျောက်ပျက်နိုင်သော မြို့။

ရှေးက ဖြစ်စဉ်များအား ယနေ့တိုင် လာရောက်လေ့လာသော မြို့။

ပထမ ကျိုက်ကလွန်ပွန်း စေတီတော်၊ ထို့နောက် ကျောက်စာတိုက်ကြီး။ ပြီးလျှင် သံတန်ဆောင်းကြီးတို့အား လှည့်လည် လေ့လာပြီးပါက မြို့ရိုးဟောင်းပေါ်မှ "စစ်သူကြီးမဟာဗန္ဓုလ၏ သချိုင်းအုတ်ဂူနှင့် မဟာဗန္ဓုလပန်းခြံပင် ဖြစ်လေသည်။

ထိုမဟာဗန္ဓုလ အုတ်ဂူအား လေ့လာလိုလျှင် ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်အတွင်းသို့ ရောက်ရှိလေ့လာပြီးပင် ဖြစ်လေတော့သည်။ နှစ်ထပ်ကျောင်းပေါင်း (၁၉) ကျောင်းမှ ဝိုင်းပတ်၍ မြို့ရိုးဟောင်းအား မျက်နှာပြု တည်ဆောက်ထားပုံမှာ စနစ်ကျလှသည်။

မြို့ရိုးကျောင်း အဝင်မှသည် ဗန္ဓုလအုတ်ဂူရှေ့ အလယ်တိုက် မဟာဗန္ဓုလတိုက်ကြီးအထိ နတ်လမ်း အမိုးများရှိသည်။ လက်ယာဘက် သုခဝတီကျောင်း၊စိန်ကျောင်း၊ဘယ်ဘက်တွင် မှန်ကင်းကျောင်း၊ သုဒဿနကျောင်း၊ မြကျောင်း၊ သီရိမင်္ဂလာကျောင်း၊ စံကားဝါကျောင်း၊ ဆွမ်းစားကျောင်း၊ မှန်ကျောင်း၊ ဝေဇယန္တာတိုက်၊ ရွှေကျောင်း၊ အသောကာရုံကျောင်း၊ပုပ္ဖာရုံကျောင်း၊ အလယ်ကျောင်း၊ ဘုရားကျောင်း စသည်ဖြင့် စည်ကားစွာ ဖွဲ့စည်းထားသည်။

စာချဆရာတော် တိုက်အုပ်နာယက ၁၂ ပါးခန့်ရှိ၍ စာသင်သား

www.burmeseclassic.com

ရဟန်းသာမဏေ (၁၆၀)ကျော်ရှိသည်။ နံနက် ၈ နာရီ ပုံမှန် မြို့တွင်းသို့တန်းဆွမ်းခံထွက်ရသည်။ မဟာဒွါရနိကာယဂိုဏ်း ဖြစ်သောကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ သင်္ကန်းမရုံဘဲ မြို့ထဲကြွခြင်း၊ ခွင့်မပန်ဘဲ အပြင်ထွက်ခြင်း ခွင့်မပြု။ စည်းကမ်းမလိုက်နာဖောက်ဖျက်လျှင် ချက်ချင်းနှင်ထုတ်သည်။ စည်းကမ်း လွန်စွာကြီးသော၊ အစဉ်အလာကောင်းသော ဓမ္မာစရိယ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းများ အောင်ချက်ကောင်းသော စာသင်တိုက်ကြီး တစ်တိုက်အဖြစ် မြန်မာပြည်အောက်ပိုင်းတွင် နာမည်ကြီးလှသည်။

စာရေးသူ စာသင်သားဘဝ ၁၉၇၅-၇၆ တွင် ထိုဓနုဖြူတောင်ပေါ်ကျောင်းတိုက်တွင် ပထမငယ်တန်း ဖြေဆိုမည့် စာပေများသင်ယူနေချိန်ကာလ ဒုတိယမြောက်နှစ်တွင် ထူးဆန်းသောဖြစ်ရပ်အား ရေးပြလိုခြင်း ဖြစ်ပါသည်။

ဤဇာတ်လမ်းအား ဖတ်ရှုပါက စာရှုသူအား တစ်ခုခု အကျိုးရပေလိမ့်မည်ဟု ရည်ရွယ်၍ရေးသားရပါသည်။

❖

ထိုစဉ်အခါက ဆရာတော်ကား ဦးစန္ဒရံသီဖြစ်၍ တိုက်အုပ်ဘုန်းတော်ကြီးကား ဦးပုညိန္ဒဖြစ်ကာ တိုက်ကြပ်ဆရာတော်ကားရွှေကျောင်းဆရာတော်ဖြစ်သည်။

စာရေးသူ တစ်ရက်လျှင် နံနက်ဆွမ်းခံအပြန် စာတစ်ဝါတက်၍ ရေချိုး၊ ၁၀ နာရီခွဲ ဆွမ်းစားရသည်။ ကိုယ့်ဆွမ်းစားပန်းကန်နှင့် ဇွန်းတစ်ချောင်း၊ ရေနွေးပန်းကန် တစ်လုံးပါ ရသည်။

ငါးပါးတစ်ဝိုင်းထိုင်ပြီး ချဉ်ရည်ဟင်း၊ ငါးပိရည်၊ အရက်ဆွမ်း ပဲဟင်းတို့ကိုသာ ဘုဉ်းပေးရပြီး ဟင်းရှားပါးလှ၏၊ ဆွမ်းမရှား။ ရံခါ ဆွမ်းကျွေးအလှူများ ကျောင်းတွင် လာလှူမှ ကြက်သား၊ဝက်သားများ ဘုဉ်းပေးကြရ၏။

ရွာမှ ပို့ထားသော ငါးပိကြော်သည် တစ်နေ့ နှစ်ဇွန်း ခပ်သွားပြီး တစ်ဝိုင်းတည်း ကိုယ်တော်များအား ဝေငှစားရသောအခါ ရက်များမကြာမီ ကုန်လေတော့၏။ ဒုံရင်း ချဉ်ရည်ဟင်းနှင့်သာ နှစ်ပါးသွားရသည်။

တစ်နေ့တွင် ဆရာတော်က ခေါ်သည်ဟု ကိုယ်ရင်တစ်ပါးက လာအကြောင်းကြား ပင့်လျှောက်သောကြောင့် ဆရာတော် သီတင်းသုံးရာ မြကျောင်းသို့ ညဘုရားဝတ်တက်ပြီးသွားရလေသည်။

[ထို မြကျောင်းနေရာမှာကား ယခင်က ကြက်တိုက်ကုန်းဟု အမည်တွင်သော နေရာဖြစ်၍ မဟာဗန္ဓုလ စစ်သူကြီးအမြောက်ဆန်မှန်၍ ကျဆုံးရာ နေရာဟု သမိုင်းဆရာတို့က ရေးထားသည်] (ဤကား စကားချပ်)

စာရေးသူ ရောက်သွားသောအခါ (၉)ပါးမြောက် တန်းစီထိုင်ရပြီး ခဏအကြာ နောက်တစ်ပါး ကြွလာသဖြင့် (၁၀)ပါး ပြည့်လေသည်။ ဆရာတော်ကြီးက ကုလားထိုင်ပေါ်မှထိုင်၍-

"အရှင်ဘုရားတို့ကို ခေါ်ရတဲ့အကြောင်းရင်းက စာချနာယကတွေ မအားလပ်လို့ ဘုရားဝတ်တက်အပြီးမှာ လုပ်နေကျ သာမဏေများကို သီလပေးရမယ့် တာဝန်ပါ၊ ဒါကြောင့်မို့ ဒီဘက်နံပါတ်တစ် ကိုယ်တော်ကနေ စပြီး သီလပေးပြပါ၊ နိဂ္ဂဟိတ်နဲ့ မကာရန္တ နှစ်မျိုး အဆင်ပြေအောင်ရွတ်ဖတ်ပြပါ၊ ကဲ. . စပါ"

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဟူ၍မပြောရ၊ စကားပြောအဆို အလိုမရှိ တိကျ၏။ ကိုယ်တော်များသီလပေး၍ ဆိုပြရာ ဆရာတော် သဘောမကျသေး၍ တစ်ပါးပြီးတစ်ပါး လက်ညှိုးထိုး၍သာ ရွတ်ဆိုခိုင်းလေရာ မကြာမီ မိမိအလှည့်သို့ ရောက်ပေတော့မည်။

မိမိ အလှည့်သို့ ရောက်ပါက ကျိန်းသေ ဆရာတော်၏ တာဝန်ပေးခြင်းအား ခံရပေတော့မည်ဟု ဝမ်းသာမိလေသည်။ ထင်သည့်အတိုင်း မိမိ ဆိုပြပြီးသောအခါ . . .

"ဦးဉာဏဗလ၊ နောက်နေ့ကစပြီး ဘုရားကျောင်းလဲ မပျက်ပါနဲ့၊ ကိုရင်တွေကို သီလပေး(သီလထပ်)တဲ့ကိစ္စကို တာဝန်ပေးပါတယ်၊ ဆောင်ရွက်ပေးပါဟုတ်ပြီလား"

"မှန်ပါ့. . အရှင်ဘုရား၊ ဆောင်ရွက်ပါ့မယ် အရှင်ဘုရား"

❖

သာမဏေများမှာ (၆၅)ပါးခန့်ရှိရာ တိုက်အုပ်ဆရာတော်ကျောင်းတွင် (၅)ပါးခန့်၊ ဆရာတော်ကြီးကျောင်းတွင် (၃)ပါး၊ ရွှေကျောင်းမှန်ကျောင်းစသည့် ဆရာတပည့်အလိုက် သီတင်းသုံးကြရာ တိုက်အုပ်ဆရာတော်ကျောင်းမှ ကိုရင်များကား အလွန် အဆော့အနောက်သန်လေသည်။

နဂိုဘွဲ့ပါပျောက်၍ မျောက်လောင်းဟု တိုက်အုပ်ဆရာတော်က ခေါ်သောကိုရင်ကားအဆော့အနောက်သန်လှသည်။ အားလပ်ရက် တိုက်အုပ်ကျောင်းနှင့် ခြံစည်းရိုးသာ ခြားသော ဗန္ဓုလပန်းခြံထဲ ဝင်ကစားသည်။ ဗန္ဓုလခမောက်အား ချွတ်လျှင်ချွတ်၊ မချွတ်လျှင် လက်ကဓားကို ချွတ်၍ ဆော့၏။ တစ်ခါတစ်ရံ ဗန္ဓုလမြင်းစီး၍ ခမောက်မပါ၊ ဓားမပါ၊ လက်ချည်း မြောက်ထားသည်ကို တွေ့ကြသောအခါ တရားခံရှာပါက မျောက်လောင်း ကိုရင်သာတည်း။

ဥယျာဉ်မှူးလစားအလုပ်သမားရှိသောကြောင့် ပန်းပင်များ စနစ်တကျဝေဝေဆာဆာနှင့် ဆေးအရောင်များ သုတ်ထားသောစည်းရိုးနှင့် တံခါးနှင့် အုတ်ခုံနှင့် ရောင်စုံစက္ကူပန်းပွင့်တူ ရွက်တူများ ၊ စံကားဝါပင်များ လှပစွာ ဝေဆာလျက် ရှိလေသည်။

ရံခါတွင်လည်း ထိုပန်းခြံထဲတွင် စုံတွဲများချိန်းတွေ့ကြသောအခါ မျောက်လောင်းကိုရင်နှင့် တွေ့ပါက လေးခွနှင့် ပစ်လေ◌တော့၏။ ထို့ကြောင့်ပင် ဆရာတော် တော်တော် အုပ်ချုပ်ရသော ကိုရင်သာ ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဗန္ဓုလပန်းခြံတွင်ကား အမြဲမဆော့ဘဲ ရံခါ ဘုရားကျောင်းနောက်တွင်ရှိသော ဇရာမညောင်ပင်ကြီးအောက်သို့လည်းသွား၍ ကိုရင်ကလေးများ အဖွဲ့လိုက် ညောင်ပင်ရိပ်တွင် ဆော့ကစားကြ၏။

ဘုရားကျောင်းအဝင် ညာဘက် မြို့ရိုးအောက်ခြေ မှန်ကျောင်းရှေ့တွင် မြေကြီးထဲမှသီးသော ပိန္နဲပင်ကြီးတစ်ပင်ရှိလေသည်။ ပိန္နဲသီးအမှည့် အနံ့လှိုင်[illegible]ပါက အက်ကွဲနေသော မြေကြီးကို အသာအယာတူးပါက ကြီးမားသော ပိန္နဲသီးမှည့်အား တွေ့ရပေမည်။ စာရေးသူ နှစ်ကြိမ်ခန့် ကြုံဖူးသည်။

တစ်နေ့ ဝါခေါင်လ၏လမိုက်တစ်ည၊ ဘုရားရှိခိုးအပြီး သာမဏေများအား သီလပေးပြီးနောက် တစ်ပါးတည်းသာ နောက်ဆုံးကျန်ခဲ့သော စာရေးသူ ပြန်ထွက်လာရာ ဘုရားကျောင်း၏ဘယ်ဘက် နတ်လမ်းတံစက်မြိတ်အနီး ရွှံ့ဗွက်ချိုင့်တွင်းမှ လှုပ်ရှားနေသော မြင်ကွင်းကြောင့် ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်ရာ ကိုရင်ငယ်လေးတစ်ပါး ရွှံ့ဗွက်အလိမ်းလိမ်းနှင့် ထလိုက်[illegible]လဲလိုက်နှင့် ဖြစ်နေရာ သတိလည်းကောင်းပုံမရသောကြောင့် ရဟန်းတော်များအား အကူအညီခေါ်၍ တိုက်အုပ်ဘုန်းတော်ကြီးကျောင်းသို့ သယ်ကာ ရေအမြန်ချိုးပြီး ကျောင်းပေါ်တွင် သိပ်ထားလိုက်သည်။ တိုက်အုပ်ဆရာတော်ကား ထိုကိုရင်ကလေး၏ ဦးခေါင်းကို ကိုင်၍ ပရိတ်တော်ကိုသာ တွင်တွင်ရွတ်ပေတော့၏။ထိုကိုရင်ကား ဇာတ်လိုက် မျောက်လောင်းပင် ဖြစ်ပေတော့၏။

❦

ဘုရားဝတ်တက်အပြီး ပရိတ်တော်များ ရွတ်ဖတ်နေချိန် အငယ်ဆုံး (အသက် ၉ နှစ်) ကိုရင်မျောက်လောင်းကား နောက်ဆုံးအတန်း၏ နောက်ဆုံး[illegible]တွင် ဘုရားရှိခိုးနေဆဲ၊ ၎င်း၏ပခုံးအား ပုတ်သဖြင့် နောက်သို့ လှည့်ကြည့်သောအခါ လူကြီးကြီး ခေါင်းပေါင်းကြီးနှင့် မျက်နှာမရှင်းနိုးသူဖြစ်၏။ ၎င်းအား လက်ယပ်ခေါ်သောကြောင့် ထလိုက်သွားလေသည်။ဘုရားကျောင်းလှေကားအဆင်းတွင် အဆိုပါလူကြီးနှစ်ဦးက လက်ဟိုဘက်ဒီဘက် နှစ်ယောက်ကိုင်၍မြှောက်လိုက်ရာ မျောက်လောင်း မေ့ခနဲဖြစ်သွားလေတော့၏။

သတိရသောအခါ နေလယ်က ဆော့ကစားထားသော ညောင်ပင်ကြီးအောက်သို့ ရောက်နေပေပြီ။ လူကြီးနှစ်ဦးက သူ့လက်နှစ်ဖက်အား ဆုပ်ကိုင်ချုပ်ထားဆဲပင်။

ထိုစဉ် ညောင်ပင်ကြီး အပေါ်ခွဆုံမှ ဖြူဖြူအရာတစ်ခု ဇွေ့ခနဲ ကိုရင်မျောက်လောင်းရှေ့ ရောက်လာပြီး ခက်ထန်သော ဒေါသ ထွက်နေသော မျက်နှာဖြင့် . . .

"ကိုရင် တော်တော်လက်သရမ်းတယ်၊ ပါးစပ် သရမ်းတယ်၊ တောက်. . ပေးစမ်း ညောင်ကိုင်း"

လူကြီး တစ်ယောက်က ထိုအဝတ်ဖြူ ခေါင်းပေါင်းဖြူ ဝတ်ထားသူအား ညောင်ကိုင်းအဖျားတစ်ခုအား ချိုး၍ပေးရာ. . .

"ကိုရင် ဟိုဘက်လှည့်"

"ဖုန်း. . ဖုန်း. . ဖုန်း"

"အ. . ဟ. . အား. . အီး"

"စိတ်ရှိတိုင်း လုပ်ရင်တော့ သေမယ်၊ ကိုရင် ဖြစ်နေလို့ပေါ့ကွာ၊ လူသာဆို သေအောင်သတ်ပစ်တယ်၊ သွားပြန်ပို့လိုက်တော့"

လူကြီးနှစ်ယောက်က ကိုရင်မျောက်လောင်းလေးအား လက်တစ်ယောက်တစ်ဖက် မလိုက်စဉ် သတိလစ်သွားပြီးနောက် စာရေးသူက မြင်တွေ့ပြီး ယခုလို တိုက်အုပ်ဘုန်းတော်ကြီးကျောင်းရောက်သည်အထိ ဇာတ်လမ်းက အရှင်းသား၊ မရှင်းသေးသော မြုပ်ကွက်ကျန်နေသေးသော်လည်း စာဝါကျက်ရန် ကြည့်ရန် ရှိသောကြောင့် မိမိနေထိုင်ရာ ဗန္ဓုလတိုက်ကြီးအောက်ထပ်အခန်းသို့ ပြန်ခဲ့လေတော့၏။

နောက်နေ့ နေလယ် စာကျက်အပြီး တိုက်အုပ်ကျောင်းအောက်ထပ်မှ ကိုရင်များကို အုပ်ချုပ်ရသော ဦးပဥ္စင်း ဦးစန္ဒောဘာသနှင့်တွေ့ဆုံသောအခါ-

"ဦးစန္ဒော"

"အေး. . . ဉာဏ ပြော"

"မနေ့က ကိုရင်လေး ဇာတ်လမ်း လုပ်စမ်းပါဦး၊ ကောင်းခန်းကျမှ ပြတ်နေတယ်"

"ဩော်. . . အေး၊ ကိုရင်ကို မောင်ရင် သီလပေးနေချိန် ပခုံးပုတ်ခေါ်သွားတာဗျာ"

"အင်း. . ဒါကြောင့်အနားရှိတဲ့ ကိုရင်လေးတွေလဲ မမြင်လိုက်ရတာကိုး"

"တပည့်တော်တွေ့တော့ ဘယ်လိုဖြစ်လို့ ဗွက်အိုင်ထဲ ရောက်နေတာလဲ မရှင်းဘူး"

"အို၊ ဟိုညောင်ပင်စောင့် ရုက္ခစိုးက ညောင်ကိုင်းနဲ့ ဆော်လိုက်တာ အရှိုးရာတွေနဲ့၊ ပြန်ပို့ဆိုတော့ ဗွက်ထဲ အမြင်ကတ်ကတ်နဲ့ ပစ်ချခဲ့တာဖြစ်မယ်ကွ"

"ဒါလဲ သဘာဝကျတယ်၊ ကိုရင်က ဘာလုပ်ခဲ့လို့ ရုက္ခစိုးက စိတ်တွေဆိုးပြီး ခေါ်ရိုက်ရလောက်အောင်"

"အဲ. . . အေး အဲ့ဒါမင်းသိချင်တဲ့ ပွိုင့်ဖြစ်မယ်ထင်တယ်"

"အမှန်ပေါ့ ဦးစန္ဒောရယ်၊ ရှင်းပါ မြန်မြန်"

"မနေ့က ရှစ်ရက် ဥပုသ်လေ ဝါခေါင်လဆုတ် မဟုတ်လား"

"ဟုတ်တယ်"

"ငနဲတွေ စာဝါပိတ်တော့ အဲ့ဒီမယ် ညောင်ပင်အောက် သွားဆော့ကြသတဲ့၊ ဒီပြင်ကိုရင်တွေက သစ်ပင်တက် တူတူပုန်း ဘာညာပေါ့၊

မျောက်လောင်း ကိုရင်ကတော့ မင်းသိတဲ့အတိုင်း ခပ်ဆိုးဆိုးလေ၊ လေးခွပါသွားတယ်၊ လောက်စလုံး ပါသွားတယ်၊ ဟိုပစ်ဒီပစ်ဆိုတော်သေး၊ ညောင်ပင်ခွကြားက 'ဟို. . ရုက္ခစိုး လစေ့ကို ကြည့်ကွ လာဟေ့' ဆိုပြီး ပစ်သတဲ့ကွာ၊

www.burmeseclassic.com

ပါးစပ် ပါးစပ် မြင်တာလဲမဟုတ်၊ ရမ်းသန်း တောင်လုပ် မြောက်လုပ် မျောက်လောင်း"

"အား အာဂမျောက်လောင်းကိုရင် ရုက္ခစိုးတောင် သွားလေးခွစာကျွေးတယ်၊ အဲ, ညလဲကျ သူ့ခေါ်ပြီးညောင်ကိုင်းစာကျွေးတာပေါ့"

"ဒီလိုလား"

"အေးလေ"

ထိုစဉ်က အဖြစ်အပျက် တစ်ခုကား ယနေ့ဆိုလျှင် ကြာခဲ့ပေပြီ။ စာရေးသူ ထိုတောင်ပေါ်ကျောင်းတိုက်၌ ခုနစ်နှစ် စာသင်ခဲ့ပြီး ကြည့်မြင်တိုင် လင်းလွန်းပင် ဆရာတော်ကြီးအား ပြန်လည်၍ နှစ်နှစ်မျှပြုစုရလေ၏။

ကိုရင် မျောက်လောင်းကားသာသနာတော်တွင် မပျော်ပိုက်၍ လူထွက်ပြီး မိဘများနှင့် တောသို့ ပြန်သွားသည်ဟု သိရ၏။

ဤဇာတ်လမ်းတွင် သတိထားမိသည်မှာ ရုက္ခစိုးနတ်များသည် စိတ်ကောင်းရှိ သီလရှိသူများ ရှိသကဲ့သို့ ဒေါသစရိုက်နှင့် ၎င်းတို့နေထိုင်ရာဗိမာန်အနီး မချေမငံ မရိုမသေ ပြုလုပ်နေထိုင်ခြင်း၊ အပေါ့စွန့်မိခြင်း၊ အလေးစွန့်မိခြင်းတို့အား သည်းမခံတတ်ကြောင်း လေ့လာမိပြန်သည်။

မဂ္ဂဇင်းများ၌ လည်းကောင်း၊ ငါးရာ့ငါးဆယ့်ဇာတ်နိပါတ်များ၌လည်းကောင်း ရုက္ခစိုးနတ်များ အကြောင်း စာရေးသူအပါအဝင် အများသူငါ ဖတ်ဖူးကြပေလိမ့်မည်။

စိတ်ကောင်း စေတနာကောင်းနှင့် ကူညီသောရုက္ခစိုးများလည်းရှိသည်။

နောက်လများတွင် ထူးဆန်းသောဖြစ်ရပ်များနှင့် ရုက္ခစိုးနတ်တို့ ပါဝင်ဆောင်ရွက် ကူညီကြပုံအား စိတ်ဝင်စားစရာ ဆက်လက် တင်ပြသွားပါဦးမည်။

❐ ဆန်းဝင်း(အောင်မြေ)

မုန့်စားလွှတ်ချိန် ကျောင်းခေါင်းလောင်းထိုးသံနှင့်အတူ ကျောင်းသားအသီးသီး စာသင်ခန်းဆီမှသည် မုန့်စားတန်းနှင့် ကျောင်းပတ်ဝန်းကျင် နေရာအနှံ့အပြားသို့ ရောက်ရှိကြရာတွင် အချို့က မုန့်စားတန်းရှိ ဆိုင်အသီးသီး၌ မုန့်ဝယ်ယူ စားသောက်နေကြသည်။

အချို့လည်း ခရစ်ယာန်ဘာသာဘုရားရှိခိုးကျောင်းကြီး ပရဝဏ်အနီးအနားရှိ ခရေပင်အောက်တွင် ကစားနေကြသည်။

ကုံ့ကော်ပင်တန်းများ စီတန်းပေါက်ရောက်နေရာ ဘုရားရှိခိုးကျောင်းကြီးရှေ့ရှိ ပန်းခြံတွင်းမှ မြက်ခင်းနုနုထက်တွင်မူ ကျွမ်းထိုးသူထိုး၊ နပန်းလုံးသူလုံးနှင့် သာယောင့်သာယာ ရှိနေကြ၏။

ကျောင်းကြီး နောက်ဘက်ရှိဦးထွန်းမြတ်လမ်းပေါ်တွင်လည်း ဘောလုံးကန်သူ ပြေးတမ်းလိုက်တမ်း ဆော့ကစားနေကြသော ကျောင်းသားအများစုမှာ မူလတန်းကျောင်းသားလေးများသာတည်း။ တင်မောင်ဦး၊ ညို၀င်း၊ စောလွင်၊ နန်းညွှန့်နှင့် ကျွန်တော်တို့သူငယ်ချင်းငါးယောက်မှာလည်းကျောင်းနောက်ဘက်တံခါးမှ ထွက်ကာ ဦးထွန်းမြတ်လမ်းပေါ် လျှောက်လာခဲ့ကြသည်။

ထိုစဉ် ရုတ်တရက်ဆိုသလိုပင် မိုးပြာနုရောင်.ဗောက်(စ်)ဝက်ဂွန် လိပ်ခုံးကားလေးတစ်စီး လမ်းအနောက်ဘက်ဆီမှ ကျောင်းသားလေးများရှိရာ အရှေ့ဘက်သို့ အရှိန်ဖြင့် တစ်ဟုန်ထိုး မောင်းနှင်လာရာ ကားဘရိတ်ဆွဲသံ စူးစူးရှရှထွက်ပေါ်လာမှုနှင့် တစ်ပြိုင်တည်းပင် ကျောင်းသားငယ်လေး တစ်ယောက်အော်ဟစ်ငိုကြွေးသံကိုပါ ကြားလိုက်ရပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

"မင်းတို့အဖေ လမ်းမှို့ သောက်ရမ်း မောင်းရသလား"

ကျယ်ကျယ် လောင်လောင်လှမ်းအော်သံကိုပါ ကြားလိုက်ရာ အသံလာရာဆီသို့ သူငယ်ချင်းတစ်သိုက်ကြည့်လိုက်ချိန်တွင် တစ်တန်းတည်းသား သူငယ်ချင်း ညိုကြီး(ခေါ်) ခင်မောင်ညိုပင်ဖြစ်နေတော့သည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ညိုကြီး အနီးသို့ ရောက်ရှိသွားရာ ပွန်းပဲ့ သွေးစို့နေသော ကျောင်းသားငယ်ခြေထောက်ကို အမျိုးအမည်မသိသည့် သစ်ရွက်တို့ဖြင့် ခြေမွ သုတ်လိမ်းပေးနေသော ညိုကြီးအား တွေ့လိုက်ရသည်။

"တော်သေးတယ်၊ ကလေးက ကြောက်လန့်တကြား လမ်းအနောက်ကို ခုန်လိုက်လို့ ချော်လဲ ပွန်းပဲ့ကုန်တာ"

"ဟုတ်သားပဲကွာ၊ ကျောင်းလွှတ်ချိန်ကိုတော့ ကားမောင်းတဲ့သူတွေ ဂရုစိုက်သင့်ပါတယ်"

နောင်သောအခါ ဗဟိုတရားရုံး ရှေ့နေတစ်ယောက် ဖြစ်လာမည့် အလောင်းအလျာ ညို၀င်းက ထောက်ခံချက်ပြုလိုက်သည်။

ထိုစဉ်တွင် . . .

လိပ်ခုံးကားကို တဖြည်းဖြည်းနောက်ပြန် မောင်းလာသည့် ကားသမားမှာ ကားတံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်ကာ ဆင်းလာပြီးနောက် တလောကလုံးအား ထမင်းကျွေးထားသောမျက်နှာပေးဖြင့် ပြတ်ပြတ်တောင်းတောင်း ဆိုလိုက်သည်။

"စောစောက ငါ့ကို လှမ်းအော်တာ ဘယ်အကောင်လဲ"

ကလေးငယ်ကို ပြုစုလုပ်ကိုင်ပေးနေသော ညိုကြီး ရုတ်ခြည်းထရပ်လိုက်ကာ အသံခပ်မာမာဖြင့် တုံ့ပြန်လိုက်သည်။

"ငါပဲကွ"

ပြောရင်းဆိုရင်း ကားအနီးသို့ ကပ်သွားရာ မည်သူကမျှပင် မထော်ဩ





www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်တို့ဇာတ်လိုက်ကျော် ညီကြီး

ခိုင်ဇော်လတ်



...ကျောင်းသားတို့ လိပ်ခုံးကားလေး ...ရှေ့ ရှေးရောက်ရှိလာကြသည်။

"...နာမည် ညီကြီး၊ ခင်မောင်ညို ...ပါတယ်"

...ကားပေါ်မှ ဆင်းလာသော ...လူငယ်မှာ တရုတ်ကပြားသွေး ...ပုံရပြီး အသက်နှစ်ဆယ်ကျော် ... မြင့်မားသော အရပ်အမောင်း ...ဖတ်သော ကိုယ်ခန္ဓာ ရှိနေ ... ချိုင်းပြတ်စွပ်ကျယ်အင်္ကျီ ဝတ် ... ပြသနေ၏။

ထိုလူငယ်နှင့် လက်တစ်ကမ်း ...တွင် ခါးထောက် ရပ်နေသော ကျွန်တော်တို့ဇာတ်လိုက်ကျော် ညီကြီး မှာမူ နာမည်နှင့်လိုက်ဖက်စွာ ညိုမောင်း သော အသားအရေရှိပြီး တရုတ်ကပြား လူငယ်လိုပင် သူလည်း မြင့်မားသော အရပ်အမောင်းနှင့် ကြံ့ခိုင်သောကိုယ် ရှိသူသာပင် ဖြစ်၏။

သို့သော် ထိုစဉ်က ညီကြီးမှာ အလယ်တန်းကျောင်းသား တစ်ဦးသာ ဖြစ်ပြီး အသက် ၁၅,၁၆ နှစ်ခန့် ရှိသည်။

"ငါဘယ်သူလဲဆိုတာ မင်းမသိ ဘူးလား"

ဒေါသ၊ မာနတရားတို့ ငယ်ထိပ် ရောက်နေပုံရသော တရုတ်ကပြားလူ ငယ်က လေသံပြင်းပြင်းဖြင့် ကြီးစွာ သော စကားကို ဆိုလိုက်ရာ ဘာကိုမှ အလေးမထားတတ်သူ ညီကြီးကလည်း အသံမှန်ဖြင့် တုံ့ပြန်ရင်ဆိုင်လိုက်သည်။

"မင်း ဘယ်သူဖြစ်ဖြစ် ငါစိတ် မဝင်စားဘူး၊ ကားကို စည်းမဲ့ ကမ်းမဲ့ အရမ်းမောင်းသွားလို့ ငါတို့ကျောင်းသား လေးတစ်ယောက် ကံကောင်းလို့ မသေ တယ်၊ ဒါပေမဲ့ ကလေးပွန်းပဲ့ စုတ်ပြတ် သွားတယ်ကွ"

"ဟုတ်တယ် ငါ့အဖေလမ်းပဲ ငါ့ အဖေလမ်းပေါ်မှာ ငါတို့ မောင်းချင် သလိုမောင်းမယ်၊ အဲဒါ မင်းအပူလား"

"အဲဒါတွေ ငါ မသိဘူး၊ ငါ့ အလုပ်က ငါတို့ ကျောင်းသားလေးကို





www.burmeseclassic.com

www.burmeseclassic.com

ထိခိုက် နာကျင်စေတာမို့ ပြောတာကွ"

"မင်းက ဘယ်လို ဖြစ်ချင်လို့လဲ"

"သတ္တိရှိရင် တစ်ယောက်ချင်း ချမယ်"

"စိန်လိုက်လေ"

တကယ်တော့ သူငယ်ချင်း ခင်မောင်ညိုခေါ် ညိုကြီးမှာ ကျွန်တော်တို့ ကျောင်းကြီး ပြည်သူပိုင် သိမ်းခံရပြီး ချိန်ရောက်မှသာ အလွတ်ပညာသင် ကျောင်းတစ်ကျောင်းမှ ပြောင်းရွှေ့လာသူပင်တည်း။

သူ့တွင် အစ်ကိုတစ်ယောက်သာရှိရာ သူ့နာမည်ရင်း ခင်မောင်ချိုပျောက်ကာ သူလည်း ညိုကြီးလိုပင် ချိုကြီးဟု အမည်တွင်လေသည်။

ချိုကြီးကလည်း အလုံးအရပ်ကောင်းသူတစ်ယောက်ဖြစ်ကာ ညိုကြီးထက် ရင်အုပ်ပိုထွားသလိုပင် အရပ်အမောင်းမှာ အနည်းငယ်ပုသည်။

သူတို့အိမ်မှာ ကျောက်မြောင်းလမ်းပေါ်တွင် ရှိကာ မော်တော်ဆိုင်ကယ်ပြင်ဆိုင်ကိုပါ ဖွင့်ထားသည်။

အဆိုပါ ဆိုင်ကယ်ပြင်သည့်ရုံတွင်ပင် ညိုကြီးနှင့် ချိုကြီးတို့ ညီအစ်ကိုနှစ်ယောက်၏ အပေါင်းအသင်း သူငယ်ချင်းများ စုဝေးတတ်ကြပြီး လက်ဝှေ့ထိုးလေ့ကျင့်ခြင်းနှင့် သိုင်းကစားခြင်းများလေ့ကျင့်ရာ ဘူမိနက်သန် နေရာမှန်လည်း ဖြစ်သည်။

စင်စစ် ညိုကြီးလည်း ကျွန်တော်တို့နှယ်ပင် စာသင်ခန်းထဲတွင် နောက်ဆုံးခုံတန်း၌ ထိုင်ကာ ဆရာ၊ ဆရာမတို့မျက်စိနောက်သည့် အုပ်စုအတွင်းပါဝင်လေသည်။

သို့သော်လည်း ကျွန်တော်တို့ ထိုင်ခုံများ အနီးတွင် စာတော်ပြီး နောင်ကာလတွင် ဆရာဝန် အသီးသီး ဖြစ်သွားသည့် ငစွမ်ခေါ် တင်ထွန်း၊ ဆန်နီဘသန်းခေါ် စိုးနောင်နှင့် နေမျိုးအောင်တို့လို လူလိမ္မာလေးများလည်း ရှိရာ သူတို့အားကိုးဖြင့် လပတ်စာမေးပွဲများတွင် နောက်တန်းမှ ကျွန်တော်တို့ တစ်စုအမှတ်ကောင်းရခဲ့ဖူးသည်။ အထူးသဖြင့် ကျွန်တော်နှင့် တင်မောင်ဦး။

နောက်ဆုံးတန်းတွင် ကျွန်တော်တို့နှင့် အတူထိုင်ကာ ဗရုတ်သုတ်ခကျတတ်သော်လည်း ညိုကြီးသည် နဂိုစိတ်ရင်းဖြူသောသူတစ်ဦးမို့ သူတစ်ပါးအပေါ်တွင် ကူညီယိုင်းပင်းတတ်သလို စကားကို တဲ့တိုးပြောတတ်သည်။

သူငယ်ချင်း အပေါင်းအသင်းများနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းပေမယ့် သူ့မျက်မှောက်တွင် မတော်မတည့်တွေနှင့် ကြုံရလေတိုင်း ဝင်ရောက် ပတ်သက်ကာ ဖြေရှင်းတတ်သည်။

ကျွန်တော်နှင့် ခင်မင်ဖြစ်ပုံကလည်း တစ်မျိုးတစ်ဖုံ ပြောရမည်သာပင်။ ပွင့်လင်းစွာ ဝန်ခံရသည်ရှိသော် ကျွန်တော် ငယ်ငယ်က မြတ်နိုးတန်ဖိုးထားခဲ့ရသူ နီနီတင်မှာ ကျွန်တော်တို့အိမ်အနီးရှိ ထွန်းထွန်း အလွတ်ပညာသင်ကျောင်းမှ စတုတ္ထတန်းအောင်သွားသည့်အခါ ညိုကြီးတို့ တက်ရောက်သင်ကြားနေကြသည့် အလွတ်ပညာသင်ကျောင်းသို့ ပြောင်းရွှေ့သွားသည်။

ထို့ကြောင့်ပင် နီနီတင် ဆိုသောမိန်းကလေးမှာလည်း ညိုကြီးသဘောကျနှစ်သက်သူတစ်ယောက် ဖြစ်လာကာ အကြိုက်ချင်းတူသော ကျွန်တော်နှင့် နီနီတင့်အကြောင်း စကားစပ်မိရာမှ ခင်မင်သွားကြခြင်း ဖြစ်သည်။

သို့သော်လည်း ညိုကြီးနှင့် နီနီတင်တို့ တွေ့ဆုံမှုကား လပိုင်းအတွင်းမှာပင် ကင်းဝေးခဲ့ရလေသည်။ ညိုကြီးတစ်ယောက် ကျွန်တော်တို့ ကျောင်းသို့ ပြောင်းရွှေ့လာရသောကြောင့်တည်း။

ဆရာမ ဒေါ်မေကျော် အတန်းပိုင်ဖြစ်သည့် အဋ္ဌမတန်း (ခ)သို့ ညိုကြီးရောက်ရှိလာပြီး မကြာမီမှာပင် ကျွန်တော်တို့ အုပ်စုနှင့် အဖွဲ့ကျသွားကာ တကယ့်ညီရင်းအစ်ကိုပမာ ခင်မင်သွားကြသည်။ ကျွန်တော်နှင့် ညိုကြီးမှာ နီနီတင်ကို အကြောင်းပြု၍ ခင်မင်ခဲ့ကြသော်လည်း နီနီတင်နှင့် ပတ်သက်၍ ငြင်းခုံခြင်း အလျှင်းမရှိပါချေ။

ညိုကြီး တစ်ယောက် ကျွန်တော့် အပေါ် အထင်အမြင်သေးမှာစိုးသဖြင့် ကျွန်တော်ကပင် ငြင်းခုံမှုကို ရှောင်ရှားခဲ့ခြင်းဖြစ်၏။

ကျွန်တော်ကလည်း ကိုယ်တတ်နိုင်သည့်ဘက်က ကူညီရသည်။ အခြား မဟုတ်ပါ။ ပထဝီဘာသာရပ်သင်သည့် အချိန်တွင် မြေပုံရေးဆွဲရာ၌ သင်ကြားသည့် ဆရာမပင် ကျွန်တော့်ရေးဆွဲမှု အကူအညီ တောင်းရတတ်သည်။

"ကဲ . . သက်ဆွေ ထုံးစံအတိုင်း ရှေ့ထွက်လာပြီး ဟောဒီမြေပုံဆွဲပေးဦး"

ထိုသို့သောအခါများတွင် ရောင်စုံမြေဖြူများဖြင့် ကျောက်သင်ပုန်းပေါ် ရေးဆွဲရသလို ညိုကြီး၏ ပထဝီစာအုပ် ထဲ၌လည်း မြေပုံရေးပေးရခြင်းပင်။

တစ်ခါတလေ ညိုဝင်းတို့၊ တင်မောင်ဦးတို့ကလည်း ပုံဆွဲခိုင်းတတ်ကြသည်။ တစ်ခါတုန်းက ကျွန်တော်တို့ အတန်းသို့ ဆရာအတတ်သင်ကျောင်းမှ လက်တွေ့ကွင်းဆင်းလာသောဆရာများ လာရောက်သင်ကြားရာ သင်ကြားရက်ပြည့်ခါနီးတွင် ဆရာတစ်ဦးက အပြန်အလှန်နှုတ်ဆက်သည့် သဘောဖြင့် သူ့ကို သီချင်းဆိုပြရန် တောင်းဆိုလေသည်။

ထိုအခါ ညိုကြီး ဦးဆောင်ကာ သူငယ်ချင်းတွေအားလုံးက ကျွန်တော့်ကို ဝိုင်းဝန်းလက်ညှိုးထိုးကြတော့သည်။

"ဆရာ သက်ဆွေ သီချင်းဆိုတတ်တယ်"

"ဟုတ်တယ် ဆရာ၊ ဒီကောင် ဆိုတတ်တယ်"

"ကဲ တပည့် . . . အားလုံးက ထောက်ခံနေပြီ၊ အတန်းရှေ့ထွက်ပြီး သီချင်းဆိုပြကွာ"

"တတ်သည့်ပညာ မနေသာ သလိုပေါ့ကွာ၊ ဆိုပြလိုက် ဆိုပြလိုက်"

www.burmeseclassic.com

သူငယ်ချင်းများ အားလုံးကပါ ကောင်းဆိုနေသဖြင့် ကျွန်တော့်မှာ မနေသာတော့ဘဲ အတန်းရှေ့ထွက်ကာ အဆိုတော် ကိုရဲဝင်း၏ "ကြိုနှင့်တော့ ရွှေညာသူ"ကို အတီးမပါ အဆိုသက်သက်ဖြင့် ဆရာနှင့် သူငယ်ချင်းများ ဆန္ဒကို ဖြည့်စွမ်းလိုက်သည်။

လက်ခုပ် ပြိဘာသံတို့နှင့်အတူ ဆရာ့ ချီးမွမ်းသံကိုပါ ဝမ်းသာဖွယ် ကြားလိုက်ရသည်။

"ငါ့တပည့်တော်တယ်ကွာ၊ မင်း ကြိုးစားရင် အဆိုတော်ကောင်း တစ်ယောက်ဖြစ်နိုင်တယ်"

ကျောင်းမုန့်စားလွှတ်ချိန်တွင် သူငယ်ချင်းတွေအားလုံး ကျွန်တော့်ကို အကြပြုသည့်အနေဖြင့် မုန့်စားတန်းသို့ ခေါ်သွားကြလေသည်။

ထိုကဲ့သို့ပင် ညိုကြီးအပါအဝင် သူငယ်ချင်းများ ချစ်ချစ်ခင်ခင် ညီရင်းအစ်ကိုပမာ နေသွားကြစဉ် တစ်ခုသော နေ့ရက်တွင် ကားကိစ္စနှင့် ကြုံတွေ့ကြ ရခြင်း မဟုတ်ပါလား။

ထိုနေ့က ကျောင်းအပြီးဆင်းချိန်တွင် ညိုကြီးဦးဆောင်သော ကျောင်းသားအုပ်ကြီးမှာကျောင်းအနောက်ဘက် တံခါးမှတစ်ဆင့် ဦးထွန်းမြတ်လမ်းအတိုင်း ကန်တော်ကြီးထိပ်ဘက်သို့ ခြီတက်လာကြရာ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်လည်း ညိုကြီးကို အားပေးရန် လိုက်ပါလာကြသည်။

လမ်းထိပ်ဘက်သို့ ရောက်ခါနီး ခြံဝင်း တစ်ခုအတွင်းမှ ရုတ်ရုတ်သဲသဲ လှုပ်ရှားသံ ကြားလိုက်ရသောကြောင့် ကျောင်းသား အုပ်စုမှာ ရပ်တန့်လိုက်ကြသည်။

ထိုစဉ် ခြံပြင်ပသို့ ဓားကိုင်ထွက်လာသော လူငယ်တစ်ဦးကို အသက်အရွယ်ကြီးသော ဦးလေးဖြစ်ဟန်တူသူက လိုက်လံဆွဲခေါ်နေသည့် မြင်ကွင်းကြောင့်ပင် ကျောင်းသားတစ်ဦး ဖြစ်သူ သန်းဌေးက လှမ်းအော်လိုက်သည်။

"ဟေ့ ဓားတွေ တုတ်တွေ မပါဘူးကွ"

"မင်း မြက်ခုတ်တဲ့ဓားကြီး သွားထားလိုက်"

"လက်သီးချင်းထိုးမှာကွ၊ မင်းတို့ယောကျ်ားတွေ မဟုတ်လား"

သန်းဌေး အော်သံနောက်မှ ကျောင်းသားတို့ အသံဗလံတွေထွက်ကုန်တော့သည်။

"ကဲ လာကြဟေ့ သူငယ်ချင်းတို့"

လေးဆယ့်ငါး ငါးဆယ်ခန့်ရှိသော ကျောင်းသားအုပ်ကြီးမှာ စည်းဝိုင်းသဏ္ဌာန် ဝိုင်းပတ်လိုက်ကြပြီး လက်ဝှေ့ထိုးပွဲဆင်နွှဲမည့် တရုတ်ကပြားလူငယ်နှင့် ညိုကြီးတို့ ဘောင်းဘီတိုကိုယ်စီဝတ်ကာ ကိုယ်ဗလာဖြင့် စည်းဝိုင်းအတွင်း ဝင်ရောက်လာကြသည်။ သန်းဌေးက အသံကိုမြှင့်ကာ ဆိုလိုက်သည်။

"ရယ်ဒီ ဝမ်း တူး သရီး ထိုးတော့"

နှစ်ဦးစလုံးမှာ ကြံ့ခိုင်သော ကိုယ်ခန္ဓာ အချိုးအစားကိုယ်စီရှိကြသဖြင့် ညိုမောင်းမောင်းနှင့် တစ်မျိုးကြည့်ကောင်းနေသော ညိုကြီးကို ကျောင်းသားထုက လက်ခုပ်ပြိဘာပေးကြလေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

"ညိုကြီးကွ"

"ငါတို့ ကျောင်းသားကွ"

"ဗုန်း"

"ဗိုင်း"

စသော ထိတွေ့ တိုက်ခိုက်သံများနှင့်အတူ ညိုကြီးနှင့် တရုတ်ကပြားတို့ ထိုးသတ်ပွဲမှာ ဝိုက်လက်သီး၊ထောက်လက်သီး၊ ပင့်လက်သီးများနှင့် အတူ ခြေဖြင့် လှမ်းခတ်ခြင်း၊ ဒူးဖြင့် ခုန်တိုက်ခြင်းစသည်ဖြင့် အဆက်မပြတ်ခြေလက်လှုပ်ရှားမှုများကြောင့် သူတို့နှစ်ဦး၏ ခြေလက် မျက်နှာနှင့် ကိုယ်ခန္ဓာ အနှံ့အပြားတွင် ချွေးတို့ဖြင့် ရွှဲနစ်နေသလိုပင် ထိုးချက် ကန်ချက် ထိမိရာ နေရာတို့တွင်လည်း နီမြန်း ညိုမည်းကုန်လေပြီတည်း။

ဆရာကြီး ရွှေဥဒေါင်း ဝတ္ထုထဲမှ ဇော်ဟိတ်နှင့် တိုင်းလုံးကျော် တို့ကို ပြန်လည် အမှတ်ရမိတော့သည်။

သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ်ရာတွင် သွေးထွက်သံယို မရှိကြသလို အလဲထိုးသတ်နိုင်မှုလည်း မရှိသလောက်ပင်။ အဘယ်ကြောင့်ဆိုသော် တစ်ယောက်နှင့် တစ်ယောက် ကိုယ်ခန္ဓာ အလုံးအရပ်မကွာသလို လက်ရည်လည်း တူမျှသည်ဟု ဆိုရမည်သာပင်။

နာရီဝက်နီးပါးခန့် ကြာသော လက်ဝှေ့ထိုးပွဲသို့ ကျောင်းသားများ သာမက အနီးအပါးမှ ဖြတ်သန်းသွားလာကြသူများနှင့် အမှတ် (၁၀)လိုင်း ဘတ်စ်ကားကြီးများပင် ရပ်တန့်ကာ အားပေးကြည့်ရှုကြသည်။ လက်ဝှေ့ပွဲကြီးမို့ စည်ကားနေတော့သည်။

လက်ဝှေ့ထိုးပွဲ ပြီးဆုံးသည်နှင့် ကျောင်းသားအုပ်စုကို ဦးဆောင်လာသူ သန်းဌေးက ထိုးသတ်သူ နှစ်ဦးကို မေးခွန်းထုတ်ရပြန်သည်။

"ကဲ ကဲ၊ ကိုယ့်လူတို့ ကျေနပ်ပြီလား"

"ကျေနပ်ပါတယ်"

နှစ်ဦးစလုံးပင် ပြိုင်တူဖြေကြားတုံ့ပြန်လိုက်ကြသည်။

"သူငယ်ချင်းတို့ရေ ပြန်ကြမယ်ဟေ့"

နှစ်တွေ ကြာညောင်းခဲ့လေပြီ။ ၁၉၆၈ ခုနှစ်တွင် ကျောင်းတော်ကြီးမှ ထွက်ခွာသွားသူတွေအနက် ကျွန်တော်နှင့် နန်းညွန့် နှစ်ဦးသာရှိရာ သုဝဏ္ဏဘက် အိမ်ပြောင်းလာသူ ကျွန်တော်က သုဝဏ္ဏအစိုးရအထက်တန်းကျောင်းတွင် ပညာ ဆက်လက်သင်ကြားရသလိုပင် နန်းညွန့်ကလည်း အ. ထ. က(၂) တာမွေသို့ ပြောင်းရွှေ့သွားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ညိုကြီးနှင့် ကျွန်သူငယ်ချင်းတွေ ဖြစ်ကြသည့် ညိုဝင်း၊ တင်မောင်ဦးနှင့် စောလွင်တို့ ကျောင်းတော်ကြီး၌ပင် ကျန်ရစ်ခဲ့ကြသည်။ညိုဝင်းတစ်ယောက် ဥပဒေဘွဲ့ရပြီး ရှေ့နေတစ်ဦးအဖြစ် ဘဝတွင် လှုပ်ရှားတိုက်ပွဲဝင်နေရသလိုပင် တင်မောင်ဦးလည်း သူ့အိမ်က ဝယ်ပေးထားသော ကားတစ်စီးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြောင်း သူတို့နှင့် အမြဲလိုလိုတွေ့ဆုံနေတတ်သူကျွန်တော့်အနေဖြင့် ကြားသိနေရသည်။

စောလွင် တစ်ယောက်လည်း သူတို့အိမ် စီးပွားရေးဖြစ်သည့် ဆေးပြင်းလိပ်လုပ်ငန်းကို သူ့အစ်ကို သိန်းလွင်နှင့်အတူ ဦးဆောင် လုပ်ကိုင်နေသည်။

ကျွန်တော်တို့ ဇာတ်လိုက်ကျော်ကိုခင်မောင်ညို ခေါ် ညိုကြီးနှင့် ကျွန်တော်တို့ အဆက်အသွယ်ပြတ်တောက်ကာ သူလည်း အိမ်ထောင်ကျသွားပြီး ကြယ်ငါးပွင့်သင်္ဘောသားဖြစ်နေကြောင်း ကျောင်းနေဖက် သူငယ်ချင်းတွေဆီက တစ်ဆင့်ကြားခဲ့ရသည်။

ကျွန်တော်လည်း ဆယ်တန်းအောင်သည့်နှစ်တွင် ဆပ်ပြာစက်ရုံတစ်ခု၌ အလုပ်ရကာ လုပ်သားများကောလိပ်တွင် ဒဿနိကဗေဒ ဘာသာရပ်များ ဆက်လက်သင်ကြားနေခဲ့သည်။

တစ်နေ့တွင် မမျှော်လင့်ပါဘဲ ညိုကြီးနှင့် သုဝဏ္ဏ ပန်းခြံအနီး ဆုံဖြစ်ကြသည်။

"ဟော. . ညိုကြီး မင်း ဘယ်ရောက်နေလဲ"

"ဟာ သက်ဆွေ မင်းရော ဘယ်မှာနေလဲ"

"ငါ ဒီသုဝဏ္ဏထဲမှာပဲ နေတယ်၊ မင်းလဲ ပျောက်လှချေလား၊ လာကွာ ဒီနားကဆိုင်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့"

ကျွန်တော်တို့နှစ်ယောက် စံရှိန်လက်ဖက်ရည်ဆိုင်ထဲဝင်ခဲ့ကြပြီး ချောင်ကျကျ ထိုင်ခုံတစ်ခုတွင် နေရာယူကာ ပုံမှန်နှစ်ခွက်မှာလိုက်သည်။

"မင်း ဖိုက်(ဖ်)စတားမှာ လုပ်သေးတယ်ဆို"

"အေး ဟုတ်တယ်၊ ဗွန်အောင်၊ ဘွင့်လုပ်ပေးလို့ ပုဂံသင်္ဘောမှာ သင်္ဘောသားလုပ်ခဲ့သေးတယ်"

"ခုရော အဲဒီမှာပဲလား"

"နိုး ငါအခု ဘာမှ မလုပ်တော့ဘူး၊ အခု မင်းမြင်တဲ့အတိုင်းပဲ၊ ငါ ဒီလိုဝတ်စားပြီး အမိဋ္ဌာန်တွေဝင်နေတယ်"

"ငါ အဲဒါကြောင့် မင်းကို အံ့သြနေတာ"

စင်စစ် ကျွန်တော်သိခဲ့သော ညိုကြီးမှ ဟုတ်ပါလေစဟု စိတ်တွင် မယုံမရဲဖြစ်နေရသည်။ ကျောင်းတုန်းက သွက်လက်ထက်မြက်သော ညိုကြီး၊ အပေါင်းအသင်းစိတ်ဓာတ် ပြည့်ဝသော ညိုကြီး၊ မတရားမှု မှန်သမျှ ခေါင်းငုံ့မခံတတ်သော ညိုကြီး၊ နီနီတင် ဆိုသည့် စံပယ်တင်မှဲ့ပိုင်ရှင် အမျိုးသမီးကို နှစ်သက်မြတ်နိုးခဲ့သူ ညိုကြီး။

ခုတော့ ဘယ်နှယ့် ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်။ ယခင်ကနှယ် တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာမှာ ယခုအခါ ကိုင်းကန်နေသော အရိုးအဆစ်ဖြင့် ပိန်ကိုင်းကိုင်း ကိုယ်ခန္ဓာအပေါ်အထက်အောက်ယောဂီရောင် ဆင်မြန်းထားသူ ညိုကြီးကို မစဉ်းစားတတ်အောင်ပင် ဖြစ်နေမိလေသည်။

တစ်ခါတုန်းဆီက သိန်းစာပေမှ ငှားဖတ်ခဲ့ဖူးသော ပန်းချီမိုက်မိုက်(ပြည်)ရေးဆွဲသော ရုပ်ပြစာအုပ်မျက်နှာဖုံးမှ ငှက်ကြီးတောင်ဓား ကိုင်ထားသော ညိုကြီး ပုံသဏ္ဌာန်ကို တရေးရေးမြင်ယောင်နေမိချိန်၌ နှုတ်ဆက်ထွက်ခွာသွားသော ညိုကြီးနှင့် ကျွန်တော်တို့ဆုံစည်းမှုမှာ နောက်ဆုံး ဖြစ်ကြောင်း ကျွန်တော် ထိုစဉ်က မရိပ်စားမိခဲ့ပါချေ။

"သူငယ်ချင်း. . ငါ ကျိုက်ကဆံစေတီမှာ အမိဋ္ဌာန်ဝင်ရဦးမှာမို့ သွားပြီကွာ"

တကယ်တော့ ကျောင်းတုန်းက လက်ဖွဲ့တွင် ညိုကြီးနှင့် ထိပ်တိုက်ဆင်နွှဲခဲ့သူ တရုတ်ကပြားလူငယ်မှာလည်း တခြားသူ မဟုတ်။

ထိုခေတ် ထိုကာလ ၁၉၆၅-၆ ခုလောက်က အကြီးတကာ့ အကြီးဆုံး ကြီးကြီးမာစတာ၏သားကြီး တစ်ဦး သာပင်။ ထိုစဉ် ထိုကာလက ထိုတရုတ် ကပြားလူငယ်အဖို့ လက်ညှိုးညွှန်ရာ 'ရေ' ဖြစ်နေချိန်တွင် သူ့နာမည် ရွှေ ဆိုသည့် အသံကြားသည်နှင့်ပင် တော တန်ရုံလူသား ရှောင်ရှားသွားမည်သာ မဟုတ်ပါလား။

သို့သော် ထိုလူသိုက်ထဲတွင် ကျွန်တော်တို့ဇာတ်လိုက်ကျော် ညိုကြီး တစ်ယောက်တော့ ပါဝင်ခြင်း မရှိသည် က အမှန်ပင်။

မည်သို့ပင်ဆိုစေကာမူ ငွေကြေး စည်းစိမ်ဥစ္စာ ဂုဏ်သိက္ခာနှင့် တန် ဩဇာအာဏာဖြင့် လူလူချင်းအပေါ် မေတ္တာကင်းပျက် မတရား အနိုင် တတ်သော လူ့သဘော လူ့မနော လည်း အဆုံးတွင် ကျဆုံးရသည်သာပင်

ကျောင်းတုန်းက ကျွန်တော် ဇာတ်လိုက်ကျော် ညိုကြီးတစ်ယော ကမူ ရွှေမိုးနှင့် ထိပ်တိုက်ရင်ဆိုင် ထိုသို့သော သဘောမနောတို့ကို တို ခိုက်ချေဖျက်ခဲ့သည်သာ မဟုတ်ပါလား

တစ်လောက သတင်းစာထဲတွင် တရုတ်ကပြား ရွှေမိုး၏ နာရေးကြော် တစ်ခု ဖတ်ရှုရလိုက်ရသည်။ သူ အနိ ရောက်ချိန်တွင် အသက်(၇၁)နှစ် ရှိ ပြီတည်း။

ကျွန်တော်တို့ ဇာတ်လိုက်ကျော် ညိုကြီးတစ်ယောက်ကဖြင့် ဤလော ကြီးမှ ထွက်ခွာသွားသည်မှာ နှစ်ပရိစ္ဆေ ကြာလှပြီ မဟုတ်ပါလား။

(အထက(၅) တာမွေကျောင်း တော်ကြီးမှ ကြွေလွင့်သွားကြသော တင်မောင်ဦး၊ စောလွင်၊ ခင်မောင်ညို ညိုဝင်းနှင့် သူငယ်ချင်းအပေါင်းအ အောက်မေ့သတိရလျက်)

❒ နိုင်ဇော်လင်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်းလောကထဲ ရောက်နေပြီး နှင် အဲဒီလို ပျော့ညံ့လုပ်နေ၊ ဘယ်တော့မှ နေရာရမှာ မဟုတ်ဘူး၊ နေရာတကာ နောက်ကောက်ကျ ကျန်ရစ်ခဲ့လိမ့်မယ်၊ ဘာမှတ်နေလဲ"

"နှင့်စကားက ဘယ်လိုကြီးလဲ မြတ်မြတ်ရဲ့၊ ငါလဲ ငါ့ပညာအရည်အချင်းနဲ့ ထိုက်တန်တဲ့ ရာထူးတစ်ခု၊ သင့်တော်တဲ့ လုပ်ငန်းတစ်နေရာ ရထားတယ်လေ၊ ဘာနေရာ မရမှာလဲဟ"

"သေလိုက်ပါလား ငတုံးရဲ့၊ လုပ်ငန်းခွင်ဝင်မှတော့ လုပ်ငန်းတစ်ခုရတာ ဆန်းသလား၊ ဒီရာထူးတစ်ခုရတာနဲ့ ဘဝကပြည့်စုံပြီလား၊ ဒါနဲ့ ကျေနပ်လို့ ဖြစ်မလားဟဲ့"


www.burmeseclassic.com

www.burmeseclassic.com

"ဪ၊အဲဒီလိုတော့ ဘယ်ဟုတ် ...တုံး တဖြည်းဖြည်း တက်လိမ့်မပေါ့၊ ...ခုတောင် ငါတစ်ဆင့်တိုးပြီးနေပြီလေ"

"ဘာမက်စရာရှိလို့ စကားလုပ် ...ပြောနေတာလဲ၊ ဘယ်လောက်တိုးလဲ ...ဆင့်လစာ၊ ရာထူးတိုးပေးထားတယ်ဆိုပြီး ...လူအောင်ခိုင်းခံရတာပဲ အဖတ်တင် ...ဘယ် မဟုတ်လား၊ ငါပြောတဲ့ နေရာဆို ...တာ လုပ်ပိုင်ခွင့်ရှိတဲ့နေရာကို ပြောတာ၊ ...နင်အလုပ်ဝင်တာ ကြာလှပြီ အခုဆို ...တောင် ဖြစ်တော့မယ်၊ ပြောစမ်း ...ဦး ဘာတွေများ လုပ်ပိုင်ခွင့်ရှိသလဲလို့ ...နင်မပါရင် ဒီအလုပ်တစ်ခု မပြီးဘူးဆို ...တဲ့ အနေအထားရှိလား၊ နင့်ရဲ့ အထက် ...လူကြီးတွေကို ဖြစ်ချင်တာမှန်သမျှ ပြော ...နိုင် ဆိုနိုင် အခွင့်ရေးတောင်းနိုင်သလား၊ ...တဲ့. . ."

"ပြောနိုင်သလားဆိုတော့ လုပ် ...ငန်းနဲ့ပတ်သက်ပြီး အသင့်အတင့် ပြော ...ခွင့် ဆိုခွင့်ရှိပါတယ်၊ ငါမပါရင် မပြီးဘူး ...ဆိုတဲ့အနေအထားတော့ ရှိပဲ့မလားဟဲ့၊ ...ငါက ဘယ်လောက်ကြီးကျယ်တဲ့အဆင့် ...ရှိလဲ၊ နောက်ပြီး ကိုယ့်ကိုယ်ရေးကိုယ် ...တာကိစ္စနဲ့ ပတ်သက်လို့ လူကြီးတွေ ...တစ်ခါမှ အခွင့်အရေးမတောင်းဖူးပေါင်၊ ...တောင်းလဲရမှာမှမဟုတ်တာ၊ အလကား ...လကုန်ခံလို့"

"အဲဒါကြောင့် ပြောတာပေါ့၊ ...ည့်ပါတယ်လို့၊ မင်းထိုက်နဲ့ နင်နဲ့ ဘာမှ ...ထူးဘူး၊ နေရာတကာ ကြောက်သလို ...လို ရွံ့သလိုလို၊ အားနာသလိုလိုနဲ့၊ ...ကယ် ငနုံ့ ဇအတွေပဲ၊ ဒီလောက် ...အကြာကြီး အလုပ်လုပ်လာတာတောင် ...နင်ဘာမှ အခွင့်အရေးမှမရဘူးရယ်လို့၊ ...လုပ်လိုက်ရတာကဖြင့် ခေါင်းကိုက်တဲ့ ...ဆေးပါခွဲတဲ့အထိ၊ မျက်မှန်ကိုလဲ ကြည့် ...ပြီး ပုလင်းဖင် ဖြစ်နေပြီ၊ ဒီအချိန် ...ကာလလောက်ဆို အရေးပါ အရာ ...ရောက်တဲ့ နေရာတစ်ခု ရှိသင့်ပြီဟဲ့၊

အခုတော့ ကြည့်စမ်းပါဦး၊ လူ ...တာ ခိုင်းသမျှလုပ်၊ အချိန်တန် လစာ ...ထုတ်၊ တော်တော်အဖြစ်မရှိတာပဲ မိခိုင်ရယ်၊ နင်တို့ မင်းထိုက်တို့ကတော့ ဘယ်လောက် အမောဆို့အောင် ပြော ပြော၊ ပြောရကျိုး မနပ်ပါဘူးဟယ်"

"နင်ပြောလိုက်မှဖြင့် ရစရာ တောင်မရှိဘူး ငါ့မှာ၊ ကိုမင်းထိုက်ဆို တော်ရှာပါတယ်ဟယ်၊ သူ့လိုလူမျိုး တောင် အပြစ်ရှာကြတင်နေသေးတယ်၊ ကဲ. . ပြောစမ်းပါဦး၊ လုပ်ပိုင်ခွင့် ရှိတဲ့ နေရာတစ်ခုရအောင် ဘယ်လိုလုပ်ရမှာ တုံးဟ"

"အံ့ပါ့၊ နင်မပေါင်းတတ် မသင်း တတ်ဘူးလား၊ နင့်အထက်လူကြီးတွေ ထဲမှာ အရေးပါအရာရောက်တဲ့လူကြီး တွေ မရှိဘူးလား၊ အပိုင်ကပ်ထားပေါ့ဟဲ့၊ ဘာခက်သလဲ၊နောက်တဖြည်းဖြည်းချင်း အလုပ်အကိုင် အကွက်အကွင်းကောင်း တဲ့နေရာမျိုးယူ၊ နင်မှမရှိရင် ဒီလုပ်ငန်း တစ်ခု ပြီးပြတ်မှာမဟုတ်တဲ့နေရာမျိုး၊ နင်လုပ်ပေးမှဖြစ်မယ့်နေရာမျိုး၊ လုပ်ငန်း နဲ့ ပတ်သက်ပြီး စာရွက်စာတမ်းတွေက အစ နင့်နောက်မှာ အရေးပါ အရာ ရောက်တဲ့နေရာမျိုး။

အဲဒီလို နေရာသာ ရလိုက်လို့ ကတော့ ပွဲပြတ်ပြီ၊ နင့်နောက်မှာ အရေး ပါ အရာရောက်တဲ့ လူကြီးရှိနေတော့ နင့်ကို ဘယ်သူမှ မလှန်ရဲဘူး၊ သူတို့ လုပ်ငန်း အဆင်ပြေဖို့ နင့်ကို ကပ်ကြ မှာ၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး နင့်ကို ပံ့ပိုးပေးကြမှာ၊ နင်လုပ်ပေးမှ သူတို့ အလုပ် အဆင်ပြေမှာကိုးဟဲ့၊ လုပ်ငန်း အနေထား ကြည့်ပြီး လည်သလိုသာ လုပ်စားပေတော့"

မြတ်မြတ်စုံနဲ့ ကျွန်မနဲ့က တစ် ကျောင်းတည်း အတူတက်လာခဲ့ကြ သော သူငယ်ချင်းများ ဖြစ်၏။

ကျောင်းပြီးတော့ အလုပ်ဝင်ရာ ဌာနချင်းကွဲသွားသည်၊ မအားသည့် ကြားက မကြာခဏဆိုသလိုတွေ့ဖြစ်၏။ ပေါင်းလို့သာ ပေါင်းနေကြသော်လည်း အမှန်အတိုင်း ပြောရလျှင် စရိုက်ချင်း အနည်းငယ်မျှမတူ၊ သူကသွက်သွက် လက်လက် လည်လည်ဝယ်ဝယ်၊ ကျွန်မ ကတော့ သူ စီစဉ်ညွှန်ကြားသမျှ အမြဲ နာယူခံရသူ။

ယခုလည်း လုပ်ငန်းနှင့် ပတ် သက်၍ ကျွန်မ လုပ်ပုံကိုင်ပုံကို အတော် အားမလို အားမရ ဖြစ်နေပုံရ၏။ ထုံးစံ အတိုင်း ဆူလိုက်ငေါက်လိုက်၊ သူ့လမ်း စဉ်အတိုင်း လျှောက်နိုင်အောင်လည်း အချိန်အတော်ကြာသည့် တိုင်အောင် နည်းပေးလမ်းညွှန်ပြုပြီးမှ ပြန်သွား၏။

ပြောရရင်တော့ သူနှင့်ကျွန်မ စိတ်သဘောတိုက်ဆိုင်မှု မရှိခြင်း၏ အဓိကအကြောင်းအရင်းက ထိုအချက် ပင်။ သူကအကျိုးရှိမည်ဆိုလျှင် မည် သည့်ကိစ္စမျိုးပင်ဖြစ်စေ မဖြစ်မနေ လုပ် မည့် လူစားမျိုး။

ကျောင်းသူဘဝတည်းက သူ့ စရိုက်ကို ကျွန်မ ကောင်းကောင်းကြီး သိထားပြီးသားဖြစ်၏။ အားလပ်ပြီဆို လျှင် ကျွန်မတို့က လူငယ်တို့သဘာဝ ဈေးဝယ်ထွက်ချင်ထွက်သည်။ တစ်ခါ တလေ ရုပ်ရှင်ကြည့်၏။ ပိုက်ဆံပြတ်၍ ဘယ်ကိုမှမသွားနိုင်ရင်တော့ အဆောင် မှာပင် ခေါင်းပြားအောင်အိပ်သည်။

မြတ်မြတ်စုံက ထိုသို့မဟုတ်။ ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင် သွားလာနေ သည့်အချိန်မျိုးတွင် သူက ဆရာ၊ဆရာမ များအိမ် အကြောင်းမရှိ အကြောင်းရှာ ကာ သွား၏။ လုပ်စရာကိုင်စရာ မှန် သမျှ ရှာဖွေပြီး မညည်းမညူလုပ်သည်။ ကိုယ့်ဆရာ၊ ဆရာမများ၏ လုပ်ငန်း ဆောင်တာများကို မည်သည့် မျှော်လင့် ချက်မှ မထားဘဲ စေတနာသန့်သန့်နှင့် လုပ်ကိုင်မည်ဆိုလျှင် အတော်အကျိုး များမည်မှာ အမှန်ပင်။

သို့သော် သူက ထိုသို့မဟုတ်။ သူ့ရည်ရွယ်ချက်နှင့်သူ၊ အခွင့်အရေး ရစရာရှိပြီဆိုလျှင် ရှေ့ဆုံးမှ မရအရယူ သည်။ ကျောင်းသားကျောင်းသူ အချင်း ချင်းတောင် အားလုံးထက် ရှေ့မှအမြဲ နေရာရအောင် ယူတတ်သူ ဖြစ်၏။ ငယ်စဉ်ကတည်းက သူ့ဇီဇာက ထိုသို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်ကျတော့ ဌာနချင်း မတူ၍ အတိအကျ မသိရသော်လည်း မြင်ရုံနှင့်ပင် သူ့အတော်အဆင်ပြေမည် ဖြစ်ကြောင်း ခန့်မှန်းနိုင်၏။ ရာထူးချင်း အတူတူ၊ လုပ်သက်ချင်းအတူတူဖြစ်စေကာမူ သူ့လက်ရှိအခြေအနေက ကျွန်မနှင့် အတော်ကွာခြား၏။

ဘောက်ထော်လို နေရာမျိုးတွင် နှစ်ထပ်တိုက်ကြီးနှင့် နေနိုင်သည်။ အဆင့်က တော်ရုံတန်ရုံအဆင့်မဟုတ်။ တိုက်ခန်းတွေလည်း ဝယ်ထားလိုက်သေးသည်။

ရုံးတက်တာတောင် ကျွန်မလို ရုံးကားမစီး၊ ကိုယ်ပိုင်ကားနှင့် ရုံးတက်သူဖြစ်၏၊ မိဘဆွေမျိုးတွေကို အိမ်ခေါ်ပြီး လိုလေသေးမရှိ ကျွေးမွေး ပြုစုထားသည်ကတော့ အားကျစရာ ကောင်းသည်မှာ အမှန်ပင်။

ကျွန်မမှာမူ အလုပ်အကိုင် အတည်တကျ ရှိသည်ဆိုသော်လည်း သူနှင့်နှိုင်းယှဉ်လိုက်လျှင် မိုးနှင့်မြေလို ကွာခြားလှ၏။ ပညာအရည်အချင်းအရ ရာထူးတစ်ခု ထိုက်ထိုက်တန်တန် ရခဲ့သည်။ လုပ်သက်ဖြင့် ရာထူးလည်း တစ်ဆင့်တိုးပြီး ဖြစ်သည်။ အကပ်ကောင်း၍ ရသည်မဟုတ်၊ လုပ်သက်အရ အများနှင့် တန်းတူရခဲ့ခြင်းသာ ဖြစ်၏။

သက်ဆိုင်ရာလူကြီးများကလည်း ဆွေမျိုးရင်းချာပမာ အထူးတလည် ရင်းနှီးခင်မင်သူ ဟူ၍ တစ်ယောက်တောင်မရှိ အားလုံးက လုပ်ငန်းသဘောအရ ပြောဆိုဆက်ဆံ နေသူများသာ ဖြစ်လေသည်။

စားဝတ်နေရေး အဆင်ပြေရေး အတွက် အပိုဆုကြေးငွေမျိုးကိုတော့ ပုထုဇဉ် လူသားတစ်ဦးပီပီ မျှော်လင့်မိသည်မှာ အမှန်ပင်။

သို့သော်လည်း မတော်လောဘဖြင့် ရယူလိုသည့် ဆန္ဒတော့မရှိ။ ကိုယ့်အလုပ်အားနှင့် ထိုက်တန်သမျှလောက်ကိုသာ စိတ်သန့်သန့်နှင့်သာ လက်ခံသည်။

သို့ဖြစ်၍ မပူမပင် နေနိုင် စားနိုင်ရုံအပြင် ကျွန်မတွင် ငွေပိုငွေလျှံ သိပ်မရှိ။ လက်ရှိနေထိုင်သော တိုက်ခန်းကျဉ်းလေးတစ်ခန်း ရဖို့အတွက်တောင် နှစ်တော်ကြာအောင် စုရဆောင်းရ၏။

ကိုယ့်မိခင်ကလွဲပြီး အခြားသော ဆွေမျိုးသားချင်းများကို အိမ်အမြဲခေါ်၍ ကျွေးမထားနိုင်။ ဝင်ငွေထွက်ငွေ မျှတအောင် မနည်းကြိုးစားသုံးနေရ၏။

ကျွန်မ လက်ရှိ အနေအထားကို အားလုံးလိုလို သိနေသူ မြတ်မြတ်စံကတော့ အားမလိုအားမရ ဖြစ်ကာ ပြောမဆုံးနိုင်အောင် ဖြစ်နေလေသည်။

"အဲဒါပဲ အသက်ကဖြင့်ကြီးလှပြီ၊ စုမိဆောင်းမိတာ ဘာရှိလဲ၊ အသက်ကြီးလာရင် နင်ဘယ်လိုလုပ် နေထိုင် စားသောက်မလဲ၊ဒီကြားထဲနေထိုင်မကောင်းဖြစ်ပါပြီတဲ့၊ ဘယ်မှာလဲပိုက်ဆံ၊ ဆေးဖိုးဝါးခ သောက်သောက်လဲ အကုန်မခံနိုင်ရင် ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်းမှ တတ်ဖို့ မစဉ်းစားနဲ့၊ အသေသာခံ၊ ရှေ့ရေးနောင်ရေးလဲ ဘာမှကြိုမတွေးဘူး၊ အလကား စာအုပ်ကြီးထဲကအတိုင်း လုပ်နေ"

ကိုယ့်အခြေအနေကလည်း သူပြောဆိုချင်စရာ။ အမှန်အတိုင်းပြောရလျှင်တော့ သူနှင့်တွေ့ပြီးဝေဖန်ခံရတိုင်း ကိုယ်အခြေအနေကို ကောင်းကောင်းကြီး သတိပြုမိသွားတတ်စမြဲ ဖြစ်၏၊

သူပြောသည့်အတိုင်း အသက်ကြီးလာလျှင် မပူမပင် နေထိုင် စားသောက်နိုင်ရန် စုထားဆောင်းထားသော ငွေကြေးပမာဏ ကျွန်မတွင် မရှိ၊ ရောဂါဘယများဖြစ်လျှင် သူပြောသလို လက်ထဲ ငွေအတော်အတန်မရှိ၊ ဘာနဲ့သွားကုမည်နည်း။

တွေးကြည့်လိုက်ပြန်တော့ ငွေဆိုသည်မှာ မရှိလျှင်လည်း မဖြစ်သည့်အရာ။ သို့သော် ရသင့်ရထိုက်သော ငွေကြေးထက်ပို၍ ရဖို့ဆိုသည်က သမ္မာအာဇီဝကျသော နည်းဖြင့်တော့ ဖြစ်နိုင်သည့်ကိစ္စတစ်ခု မဟုတ်။ မြတ်မြတ်စံ ကျင့်သုံးနေသော လမ်းစဉ်ကလည်း ကိုယ်နှင့်ဘယ်လိုမှ အံမဝင်ခွင်မကျသည့် လမ်းစဉ် ဖြစ်နေပြန်သည်။

ကိုယ့်ဘက်မှ အတတ်နိုင်ဆုံး မှန်ကန်အောင် ကြိုးစားမည်။ ထိုသို့ မှန်မှန်ကန်ကန်နေပါလျက် တရားနည်းလမ်း မကျတာမျိုး ကြုံလာလျှင် လူကြီး လူလတ် လူငယ် မည်သူမဆို ခေါင်းငုံ့ သည်းခံမနေ၊ စိတ်ထဲရှိသလို ပြောပစ်တတ်သည်က ကျွန်မအကျင့် ဖြစ်၏၊

နေရာကောင်းရဖို့၊ ဦးစားပေးခံရဖို့အသာထား၊ အငြိုးနှင့် အလုပ်ဖြုတ်ပစ်ခြင်း မခံရတာတောင် ကံကောင်းနေသေး၏ဟု ဆိုရမည်ပင်။

"ကြားသားပဲ၊ မြတ်မြတ် အဆင်ပြေနေတယ်ဆိုတာ၊ နင်က သူ့အစုလိုက် အပုံလိုက် ရတာကိုသာ မြင်တာကိုး မိခိုင်ရဲ့၊ ယူထားတာနဲ့ညီမျှအောင် ပေးဆပ်ရတာကိုကော မြင်ရဲ့လား၊ သူ့ဝင်ငွေကောင်းကောင်းနဲ့ အဆင်ပြေနေတာကို မနာလိုလို့ ပြောတယ်မထင်နဲ့နော်၊

မြတ်မြတ် ဆိုတာကလဲ တစ်ကျောင်းတည်း အတူတက်လာတာ နင့်လိုပဲ ငါ့ရဲ့ညီမလေးတစ်ယောက်လို သဘောထားတယ်၊ ကိုယ့်ညီမလေး တစ်ယောက်လို သဘောထားလို့လဲ သူ လမ်းမှားနေတာကို သတိပေးခဲ့ပါသေးတယ်၊ ဒါပေမယ့် နားဝင်မယ့်ပုံ မပေါ်ဘူး၊ မောတာပဲ အဖတ်တင်တယ်"

"ကျောင်းမှာကတည်းက မြတ်မြတ်က မိခိုင်တို့လို မဟုတ်ဘူး၊ လည်လည်ဝယ်ဝယ် ရှိတယ်၊ နောက်ပြီး သူတို့င်းနဲ့ အဆင်ပြေအောင် ပေါင်းသင်းတတ်တာတော့ အမှန်ပဲ၊ သူ့အဆင်ပြေနေတယ်ဆိုတာ လုပ်တတ် ကိုင်တတ် ပြောတတ် ဆိုတတ်တာတွေကြောင့် မဟုတ်လား၊ လမ်းမှားရောက်တဲ့အထိတော့ သူ အသိတရား ကင်းမဲ့ပါ့မလား မမျိုးရယ်"

"မိခိုင်က မြတ်မြတ်ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

တ်က တွေးပြီးပြောတာကိုး၊ လူတွေ လေ လောဘနောက် လိုက်မိပြီဆိုရင် ိုးစားဆင်ခြင်မှု ကင်းမဲ့တတ်ကြတယ် တဲ့၊ ညီမ စဉ်းစားကြည့်လေ။

တို့တွေ ဌာနချင်းမတူတာတော့ သာထားလိုက်ပါ၊ မမမျိုးက ညီမတို့ တ်ကျောင်းစောပြီးတယ်၊ အလုပ်ကံ းကလဲကောင်းတော့ ညီမတို့ထက် ထူးတစ်ဆင့် ပိုမြင့်နေပေမယ့် မြတ် မြတ်နဲ့ ညီမက ရာထူးတူ အဆင့်တူနော်၊ ယ်လိုမှ ဖြစ်လာနိုင်စရာ အကြောင်း ရှိဘူး။

တရားနည်းလမ်း မကျတဲ့ လုပ် ်တွေကြောင့်သာ ဖြစ်လာတာ၊ မနာ ိုတဲ့စိတ်နဲ့ ပြောတာမဟုတ်ဘူးနော်၊ ူ အခုလုပ်နေတဲ့နေရာက လူအတော် းများ ငမ်းငမ်းတက် လိုချင်နေကြတဲ့ နေရာ၊ ပိုက်ဆံတွေ လှိမ့်ရတာကိုး၊ နယ် ်းတွေက တင်တဲ့ လုပ်ငန်းမှန်သမျှ ူဆီက တစ်ဆင့် အပေါ်တက်ရတာ၊ ူ မတင်ပေးရင် ညွှန်ချုပ်ဆီမရောက် တော့ဘူး၊ ညွှန်ချုပ် ခွင့်ပြုမိန့်မရမှတော့ လုပ်က ဘယ်လို လုပ်မလဲ။

အချိန်မီ မပြီးပြန်ရင်လဲ ဝန်ကြီး ို ဖြေရှင်းရဦးမယ်၊ အဲဒီတော့ ကိုယ့် ုပ်ငန်း ညွှန်ချုပ် လက်မှတ်ထိုးပြီး ခွင့်ပြု ိန့်ကျဖို့ မြတ်မြတ်ကို အရအမိ ကပ်ကြ ာတာပဲလေ၊ ဒါမှ မြတ်မြတ်က သူ ို့ တင်ထားတဲ့လုပ်ငန်းကို ချောင်ထိုး ထားမှာကိုး၊ လုပ်ငန်းတွေက သိန်း ုံးလေးရာအောက် တစ်ခုမှမရှိဘူး၊ ချို့ဆို နင်သိတဲ့အတိုင်း သိန်းထောင် ိတဲ့ အလုပ်တွေ၊ ဒီလုပ်ငန်းတွေ ဖြစ် ြောက်အောင် မြတ်မြတ်ကို လေးငါး ိန်းလောက် ပေးရလဲ ဘာအရေးလဲ၊ ွက်ကြည့်လေ လုပ်ငန်းတစ်ခု လေးငါး ိန်း၊ ပြည်နယ်၊ တိုင်းအားလုံးဆိုတော့ စ်လကို ဒီလိုလုပ်ငန်းမျိုး ဆယ်ခုထက် ည်းဘူး”

“အမယ်လေး. . တယ်ဟုတ်ပါ ား၊ မြတ်မြတ် အရမ်းအဆင်ပြေနေ ယ် ဆိုတာ သူကိုယ်တိုင်ပြောလို့ သိပါတယ်၊ သမားရိုးကျ လုပ်ကိုင်နေရုံနဲ့ ဒီလောက် အဆင်ပြေနိုင်စရာ မရှိဘူး ဆိုတာလဲ တွေးမိပါရဲ့၊ ဒါပေမယ့် သူက အထက်လူကြီးတွေကိုရော အောက်က ဝန်ထမ်းတွေကိုရော ပီပီပြင်ပြင် ပေါင်း တတ်သင်းတတ်တဲ့သူလေ၊ သူကဘက်စုံ တော်တော့ အထက်လူကြီးတွေကလဲ သူ့ကို အရေးပေးကြတာပေါ့။

ညီမကိုတောင် သူက နည်းပေး လမ်းညွှန် လုပ်နေသေးတယ်၊ ညီမက စကားတောင် အပေါက်အလမ်း တည့် အောင် မပြောတတ်တော့ မဖြစ်လို့သာ၊ ဒါပေမယ့် မမမျိုးရဲ့ သူ့ကို ပေးကမ်းနေ ကြတာ ကြည်ကြည်ဖြူဖြူ ပေးကြကမ်း ကြတာပေါ့နော်၊ တချို့ဆို အိမ်တောင် လာပေးကြသတဲ့လေ”

“ဟဲ့ . . . ဘယ်သူက အမှန် အတိုင်း သူ့ရှေ့မှာ ဖွင့်ပြောပြီးပေးမှာလဲ၊ သူတို့အလုပ် ချောင်ထိုးထားမှာစိုးလို့ ပေးပါတယ်ဆို၊ ပြောလဲမပြောရဲဘူးလေ၊ သူ့နောက်မှာ အရေးပါတဲ့ လူကြီးတွေရှိ နေတာ၊ အဲဒီလို မချေမငံ ပြောလိုက်လို့ မြတ်မြတ်က မကျေမနပ်ဖြစ်ပြီး အထက် တိုင်လိုက်ရင် ပြောတဲ့သူ ဘာဖြစ်သွား မလဲ၊ အဝေး လွင့်သွားမှာပေါ့၊ ဒီလို အကြောင်းတွေက ရှိသေးတယ်။

မြတ်မြတ်က အပိုင်ကိုကပ်ထား တာလေ၊ ရှုံးလောကဟဲ့၊ သူ့ကိုတိုက်ရိုက် ဖွင့်မပြောရဲကြတော့ မြတ်မြတ်က စဉ်း စားဉာဏ် နည်းတာပေါ့၊ ဒီလိုနေရာ လေးရဖို့ သူ မရမက ကြိုးစားတယ်၊ အဲဒီအတွက် သူ ဘာတွေ ပေးဆပ်လိုက် ရတယ်မှတ်သလဲ၊ သူ့ရဲ့ ဂုဏ်သိက္ခာ လေ၊ သူ့အထက်လူကြီးနဲ့ ဟိုလိုဒီလို သတင်းတွေ ထွက်နေတာတောင် ဖြုံပုံ မရဘူး၊ ဘယ်လောတ် ရင်နာစရာ ကောင်းသလဲ။

အဲဒါအပြင် မနိုင်လို့သာ ကြည့် နေကြတာ၊ သူ့ကို မနာလိုတဲ့သူတွေ များနေပြီ၊ တစ်နေ့ သူ့ကို နိုင်ကွက်တွေ့ သွားပြီဆိုရင် မြတ်မြတ် ကောင်းကောင်း ဒုက္ခရောက်သွားနိုင်တယ်၊ ဒါတွေမြင်လို့ ညီမလို ချစ်ခင်နေတဲ့ မမမျိုးတို့တွေဝိုင်း သတိပေးတယ်၊ သူ မပြင်ဘူး၊ မတတ်နိုင် ဘူးလေ၊ မမမျိုးတို့က မေတ္တာစေတနာနဲ့ ပြောကြဆိုကြတာ။

သူ့အနေနဲ့ကတော့ သူအဆင် ပြေနေတာ မနာလိုလို့ပြောတယ် ထင် နေမလား မသိတော့ဘူး၊ မိခိုင် ငါ့ညီမ မှတ်ထား၊ မိန်းကလေး တစ်ယောက် အတွက် ဝင်ငွေသောက်သောက်လဲရှာ နိုင်ဖို့ထက် ဂုဏ်သိက္ခာရှိပြီး လူအမြင် တင့်တင့်တယ်တယ် နေနိုင်ဖို့က ပိုအရေး ကြီးပါတယ်၊ အဲဒီလို မိန်းကလေးဟာ ဘယ်နေရာပဲရောက်ရောက် လူအများ လေးလေးစားစား ဆက်ဆံတာ ခံရ တယ်၊ လူချစ်လူခင်များတယ် ညီမရဲ့၊ မနေနိုင်လို့သာ ပြောနေတာပါလေ၊ မြတ်မြတ်စံကိုတော့ သူ့ရည်းစားက တောင် လက်လျှော့ထားတာပါ”

မမမျိုး ပြန်သွားတော့ စိတ်ထဲ အတော်လေး မကြည်မသာ ဖြစ်ကာ ကျန်ခဲ့၏။သူငယ်ချင်းဖြစ်သူ မြတ်မြတ်စံ အဆင်ပြေနေသည်ကိုသိ၍ ဝမ်းသာမိ သည်ကတော့ အမှန်ပင်။

သို့သော်လည်း ကျွန်မအထင်က လုပ်ငန်းပိုင်း အနေအားဖြင့် ကျွမ်းကျင် သည်။ ပေါင်းသင်းဆက်ဆံရေး အနေ နှင့်လည်း အားလုံးအပေါ် လိုက်လျော ညီစွာ ဆက်ဆံတတ်သူဖြစ်၍ အပေး အယူမျှတကာ အဆင်ပြေနေခြင်းဖြစ်၏ ဟုသာ။

ယခုကဲ့သို့ နေရာတစ်နေရာရဖို့ အတွက် လူအများ ပြောဆိုချင်စရာ၊ မျက်စိ ဒေါက်ထောက်ကြည့်ချင်စရာ ဖြစ်အောင်လုပ်ရုံသာမက၊ ကိုယ်အဆင် ပြေဖို့အတွက် လုပ်ဖော်ကိုင်ဖက် ဝန် ထမ်းများအပေါ် ငွေညှစ်သလိုလုပ်ရပ်၊ ခေါင်းပုံဖြတ်သလိုလုပ်ရပ်မျိုး လုပ်နေ သည်ကိုတော့ ကျွန်မ အတော်လေး ဘဝင်မကျ ဖြစ်မိ၏။

ဘာသာရေးအရ ကြည့်မည်ဆို လျှင်လည်း စဉ်းတောင် မစဉ်းစားရဲ မစဉ်းစားသင့်သည့် လုပ်ရပ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်အဆင်ပြေဖို့အတွက် သူ တစ်ပါး ဒုက္ခမရောက်ပါစေနဲ့"

"ကိုယ်ကိုယ်တိုင် အစစအရာရာ ကောင်းမွန်ကျနစွာ နေထိုင်စားသောက် သွားချင်သလို သူတစ်ပါးလဲ ထို့အတူ ပင်ဖြစ်ပေလိမ့်မည်၊ ကိုယ်ချင်းစာတရား အစဉ်ထားပါ"ဟု ဆရာတော်ဘုရားကြီး တစ်ပါး မိန့်ဆိုဆုံးမတော်မူခဲ့ဖူး၏။

ဤလောကကြီးတွင် ကျင်လည် ကြရဦးမည့်ကာလတစ်လျှောက် တစ်ဦး တစ်ယောက်တည်း ရပ်တည်နေထိုင်ဖို့ ဆိုသည်က ဖြစ်နိုင်သည့် ကိစ္စမဟုတ်၊ အများနှင့် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသလိုအပြန်အလှန် ဖေးမကူညီပြီး နေကြရမည်သာဖြစ်၏။

ယင်းသို့ နေနိုင်ဖို့ ဆိုသည်က အချင်းချင်း ကိုယ်ချင်းစာ တရား လက် ကိုင်ထားကာ ညီညွတ်စွာနေမှ ဖြစ်ပေ မည်။

ထိုသို့ မဟုတ်ဘဲ ကိုယ်ကောင်း စားရေးအတွက်သာကြည့်ပြီး တစ်ကိုယ် ကောင်းဆံစွာ ပြုမူနေထိုင်မည်ဆိုလျှင် တော့ ရေရှည်တွင် ပတ်ဝန်းကျင်နှင့် ဘယ်လိုနည်းနှင့်မှ လိုက်လျောညီထွေ ဖြစ်လာစရာ အကြောင်းရှိမည် မဟုတ် သည်မှာ မမှန်ပင်။

"ဘယ်သူနဲ့မှကို အတွေ့မခံဘူး ဟုတ်လား"

"ဟုတ်တယ် မခိုင်၊ ကျွန်တော် သွားတာ လေးခါတောင်ရှိပြီ၊သူ့အမေက နယ်ဘက် ခရီးထွက်သွားတယ်ပဲ ပြော တယ်၊ မမေသော်တို့ မမမျိုးတို့ သွား တော့လဲ အဲဒီအတိုင်းပဲ ပြောလွှတ်လိုက် တာတဲ့"

"မခိုင် ဖုန်းဆက်တယ် အကြိမ် မနည်းတော့ဘူး၊အမြဲဖုန်းပိတ်ထားတယ်၊ ရုံးပိတ်တဲ့ရက်မှ အိမ်သွားမလား၊ စဉ်းစား နေတာ"

"ကျွန်တော် ထင်ပါတယ်၊ သွား လဲ တွေ့ရမှာမဟုတ်ပါဘူးဗျာ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့အတော်ရှက်သွားပုံ ရတယ်၊ ဒီလို မဖြစ်ရအောင် ကျွန်တော် သူ့ကို သူငယ်ချင်းတစ်ယောက် အနေနဲ့ ရော ချစ်သူတစ်ယောက်အနေနဲ့ရော သတိပေးတယ်။

မိန်းကလေးတစ်ယောက် အနေ နဲ့ အားလုံးကို ဥပေက္ခာပြုပြီး ငွေနောက် ဒီလောက် အလောတကြီး လိုက်နေဖို့ မသင့်ဘူးလို့ ထင်တယ်လေ၊ ကြွေခြေရရ၊ ဂုဏ်ရှိရှိ အလုပ်လုပ်နေရင်ရပြီ၊ ဝင်ငွေ များများမရလဲ ကိစ္စမရှိဘူး၊ ကျွန်တော် ရှာကျွေးနိုင်ပါတယ် ပြောပေမယ့် ဂရု မစိုက်ဘူးလေ။

ဒီခေတ်ကြီးမှာ ရိုးရိုးအေးအေး လုပ်နေရင် လူတကာနောက်ကျသွားမှာ ပေါ့ဆိုပြီး ကျွန်တော့်ကိုတောင် လူနုံ လူအ တစ်ယောက်လို့ သတ်မှတ်သွား သေးတယ်။

မခိုင်တို့ သိပါတယ်၊ သူနဲ့ ကျွန် တော် ချစ်သူတွေ ဆိုပေမယ့် ကျွန်တော့် ကို သိပ်အလေးမထားဘူး၊ နေ့နေ့ညည အချိန်ရှိသရွေ့ သူ့အလုပ်သူပဲ၊ နောက် ဂုဏ်သိက္ခာကျ စရာစကားတွေ ပြောခံ ရတဲ့အထိပဲလေ၊ ဒါတွေသတိပေးတော့ သူ့အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဝင်စွက် ဖက်တာ မကြိုက်ဘူးတဲ့၊ နားလည်မှု မရှိရင် လမ်းခွဲရုံပေါ့တဲ့၊ ကျွန်တော် အတော်လေးကို စိတ်မကောင်းဖြစ်သွား တယ်၊

ဒါပေမယ့် သူ့ကို ခွင့်လွှတ်ပေး ပါတယ်၊ လူတွေဟာတစ်ခါတလေတော့ လဲ အမိုက်အမှောင် ဖုံးပြီး အမှားကို အမှန်ထင်တတ်ကြတာပဲလေ။

ကျွန်တော် သူ့ကို စိတ်ရှည်ရှည်နဲ့ ဆက်သွယ်ပေမယ့် ခပ်ရှောင်ရှောင် လုပ်လာတယ်လေ၊ အခုသူ့ပြဿနာတွေ ဖြစ်တဲ့အချိန်မှာ ကျွန်တော် သူ့ကို ပိုပြီး ဂရုစိုက်ချင်တယ်၊ ဖေးမ စောင့်ရှောက် ချင်တယ်၊ ဒါပေမယ့် ဘယ်လိုမှမတွေ့ ခဲ့ဘူး၊ ဖြစ်ပြီးတာတွေ ဘာမှပြန်ပြင်လို့ ရတာမှ မဟုတ်တာ၊ မေ့ထားပြီး ရှေ့ခရီး လမ်း ဖြောင့်ဖြောင့်တန်းတန်း ဆက် လျှောက်ရုံပေါ့၊ အခုလို အပေါင်းအသင်း တွေ အထူးသဖြင့် ကျွန်တော့်ကို ရှောင် နေစရာတော့ မလိုပါဘူးဗျာ"

"ဟုတ်တယ် မခိုင်၊ အဲဒီလိုပဲ ထင်တယ်"

ကိုမင်းထိုက် နှုတ်ဆက်ပြန်သွား သည့်တိုင် ကျွန်မ ထိုင်ရာမှ မထနိုင် သေး။ သူငယ်ချင်းဖြစ်သူ မြတ်မြတ်စံ နှင့်ပတ်သက်သမျှ ကြားသိလိုက်ရသည် တို့က စိတ်ချမ်းသာစရာ၊ ဝမ်းမြောက် ဝမ်းသာဖြစ်လောက်စရာ အကြောင်း တစ်ခုတောင် မပါ။

ဝန်ထမ်းတစ်ယောက် အနေဖြင့် မလုပ်သင့် မလုပ်အပ်သော ပြစ်မှုမျိုးကို ကျူးလွန်ခဲ့ပေသည်။ သူ့လုပ်ထုံးလုပ် နည်းအတိုင်း လာဘ်သတ္တာရ ရသည့် လုပ်ငန်းဆိုလျှင် အမြန်ဆုံး လုပ်ပိုင်ခွင့် ရအောင် တစ်ဆင့်ပြီးတစ်ဆင့် ရှောရှော ရှုရှု ဆောင်ရွက်ပေး၏၊ ထိုသို့ မဟုတ် လျှင်တော့ သူ့လိုအင်ဆန္ဒ မပြည့်မချင်း ချောင်ထိုးထားသည်။

လုပ်ငန်း မြန်မြန်ဆန်ဆန် ပြီး ခြင်း၊ မပြီးခြင်း၊ တစ်ဖက်သား အဆင်ပြေ ခြင်း၊ မပြေခြင်း ဘာတစ်ခုမှ ဂရုမစိုက် သူကတော့ သူ့လုပ်ရပ်ကို အမှန်ဟုပင် ထင်မြင်ကာ ပြုပြင်ပြောင်းလဲပစ်ဖို့ လုံးဝ မစဉ်းစား။ ဆန္ဒရှိသလို မှန်မှန်လုပ်နေ သည့် လာဘ်သပ်ကာတို့နှင့် အဆင့်မြင့် မြင့် နေထိုင်စားသောက်ကာ ဘဝကို ပျော်ပျော်ကြီး နေလေသည်။

လွန်ခဲ့သည့် နှစ်ပတ် သုံးပတ် လောက်က မြတ်မြတ်စံနှင့် ဆိုင်သော ပြဿနာတစ်ခု ဖြစ်နေသည်ဟူ၍ပင်၊ သူကိုယ်တိုင် ပြော၍ သိရခြင်းတော့ မဟုတ်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရခြင်းသာ။ ပြဿနာက တော်ရုံ ကိစ္စလောက် မဖြစ်နိုင်။ ဝန်ကြီးရုံးအထိ တိုင်စာများ ရောက်သည့်အကြောင်းနှင့် နောက်ဆုံးသတင်းအရ မြတ်မြတ်စံ တစ်ယောက် အလုပ်မှ ထုတ်ပယ်ခြင်း ခံလိုက်ရသည့်အကြောင်း ကြားလိုက် ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသူကျောင်းသား ဘဝ ...ည်းက ချစ်သူအဖြစ် လက်တွဲခဲ့ ... ကိုမင်းထိုက်နှင့် မောင်ရင်းနှမ ... ဖြစ်နေကြသော သူငယ်ချင်း ...င်းအသင်းများ စိတ်ရောကိုယ်ပါ ...လောက် ဖေးမကူညီရန် အချို့ ... တချို့ လူကိုယ်တိုင် ဆက်သွယ် ...ကြသည်။

မြတ်မြတ်စံက အတွေ့မခံ။ ဖုန်း ... ပိတ်ထား၏။ မိခင်ဖြစ်သူထံမှ ...မြတ်စံ နယ်ဘက်သို့ ခရီးထွက်သွား ...သော အဖြေရခဲ့၏။

သတင်းဆိုသည်ကလည်း ပတ် ...ကျောင်းမသိအောင် လျှို့ဝှက်ထားရန် ...ခက်၏။

လူပြောသူပြောနှင့်ပင် မြတ် ...စံ အလုပ်မှ ထုတ်ပယ်ခံရသည် ... ဖြစ်ခဲ့ရသည်။ ကိစ္စအား ရှင်းရှင်း ...င်း သိလိုက်ရလေသည်။

တစ်ကျောင်းတည်း အတူတက် ...တက်ထားသည့်ပညာဖြင့်လုပ်ငန်းခွင် ...ာချင်းအတူတူ အားလုံးထက် ...င့်အတန်း မြင့်မားစွာ နေနိုင်သော ... ပိုင်ဆိုင်ရသည့်အတွက် မြတ် ...စံ အတော်လေးကျေနပ်အားရပုံ ...

သို့သော်လည်း သူရရှိပိုင်ဆိုင်နေ ...သော်လည်း ငွေကြေးလာဘ်သပ်ပကာ ... သမာသမတ်ကျကျ ရသည်ဟု ...ဆိုသာ၊ မေတ္တာစေတနာ သန့် ...ဖြင့် ပေးကမ်းသည့် အရာများ ... သက်ဆိုင်ရာလုပ်ငန်းအဆင်ပြေ ...တွက် လာဘ်ထိုးသည့်သဘောနှင့် ...မ်းခြင်းသာ။ ကြည်ဖြူခြင်းတော့ ...င်းမရှိ။

ထိုသို့ မလုပ်ပြန်လျှင်လည်း ...လုပ်ငန်း မြန်မြန်ဆန်ဆန်လုပ်ပိုင် ...ရန် မြတ်မြတ်စံက ဘယ်လိုနည်း ... လုပ်ကိုင်ပေးမည် မဟုတ်ကြောင်း ... ကောင်းကောင်းကြီး သိနေလေ ... သို့ဖြစ်၍ ခေါင်းပုံဖြတ် အမြတ် ...တ်နေသည်ကို သိသိကြီးနှင့်ပင် အောင့်အည်းသည်းခံကာ ဆက်ဆံနေကြသည်။ စေတနာ မပါသော်လည်း ပေးကမ်းနေကြသည်။

ညဏ်နီညဏ်နက် မျိုးစုံသုံးကာ ဝန်ထမ်းအချင်းချင်းအပေါ် ဖြတ်စား လှီးစားလုပ်ပြီး လူရည်လည် ဖြစ်လှပါသည်ဆိုသည့် မြတ်မြတ်စံတစ်ယောက်သည်လည်း တစ်ချိန်တစ်ခါမှာတော့ သတိလက်လွတ်ဖြစ်ကာ ပြဿနာနှင့် ကြုံတွေ့လိုက်ရလေသည်။

တော်ရုံတန်ရုံ ပြဿနာတော့ မဟုတ်၊ သူ့ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေသော ပြဿနာ ဖြစ်လေသည်။ ကောင်းသော ပြောင်းလဲခြင်းတော့မဟုတ်၊ ဝန်ထမ်းလောကကို မျက်နှာမပြရဲလောက်သည်အထိ ရှက်စရာ အထင်အမြင်သေးစရာ လုပ်ရပ်မျိုးကို ကျူးလွန်သည့်အတွက် အလုပ်မှ ထုတ်ပယ်ခြင်း ခံလိုက်ရသည့်တိုင် အောင် ပြဿနာ၏အကြောင်းရင်းက တခြားတော့ မဟုတ်။ သူမျှော်လင့်ထားသည့်အတိုင်း လာဘ်သပ်ပကာရသော လုပ်ငန်းမျိုးဆိုလျှင် မြတ်မြတ်စံက လုံးဝ ဆိုင်းငံ့ခြင်း မရှိ၊ အမြန်ဆောင်ရွက်ပေး၏။

ထိုသို့မဟုတ်လျှင်တော့ မည်သူ့မျှ ဂရုမစိုက်၊ သူ မျှော်လင့်ထားသလို ဖြစ်မလာသေးသမျှကာလတစ်လျှောက် ချောင်ထိုးထားတတ်၏။

ကံဆိုးချင်တော့ သူချောင်ထိုးထားသည့် လုပ်ငန်းတစ်ခုက ဝန်ကြီးစီမံချက်ဖြင့် ဆောင်ရွက်ရမည့် အရေးတကြီး လုပ်ငန်းမျိုး ဖြစ်လေသည်။

ဒါကို လူလည် လူတတ် မြတ်မြတ်စံတစ်ယောက် သတိလက်လွတ် ဖြစ်သွားပုံရ၏။

ဝန်ကြီးညွှန်ကြားချက်နှင့် လုပ်သော လုပ်ပုံမျိုးဆိုလျှင် အတတ်နိုင်ဆုံး အမြန်ပြီးအောင် လုပ်ပေးမည် ဖြစ်ကြောင်း အားလုံးတို့ကို သိပြီးဖြစ်လေသည် မည်သူမျှလာ၍ သတိပေးနေစရာ မလို လာဘ်ထိုးနေစရာ မလို။

ထိုကိစ္စကြီးကိုမှ မြတ်မြတ်စံက ချောင်ထိုးထား၏။ ခဏတစ်ဖြုတ်လည်း မဟုတ်။ တစ်လ၊ နှစ်လ၊ ခြောက်လ လောက် ကြာသည်အထိ။

နောက် အထက်မှ လုပ်ငန်း အခြေအနေကို မေးမြန်းစုံစမ်းလေသည်။ လုပ်ငန်းက စတောင်မစရသေး၊ မစရုံသာမက လုပ်ငန်း လုပ်ပိုင်ခွင့် အတွက် တင်ရမည့် စာရွက်စာတန်းပါ ပျောက်နေ၏။

ရုံးကိစ္စဆိုသည်က ရက်၊ လ၊ နှစ် အတိအကျဖြင့် မှတ် တမ်းတင်ထားရ စမြဲဖြစ်၍ မြတ်မြတ်စံထံတွင် လပေါင်းများစွာ အောင်းနေကြောင်း သိသွားကြလေသည်။

ထိုကိစ္စပတ်သက်ပြီး အထက်လူကြီးများက မြတ်မြတ်စံကို ခေါ်ကာ ဖြေရှင်းခိုင်း၏။ မြတ်မြတ်စံထံမှ ကျေနပ်လောက်စရာ စကားမျိုး ဘာတစ်ခွန်းမှ ထွက်မလာ။

အစပိုင်းကတော့ ဝန်ထမ်းစည်းမျဉ်းနှင့်မညီသည့်ပြစ်မှုဖြင့် တစ်ဆင့်နိမ့်ရာထူးပေးကာ ပြည်နယ်တစ်နေရာ ပို့ရန် စီစဉ်ထား၏။

သို့သော်. . ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည့် အတိုင်းပင်။ သူ မတရားသဖြင့် အမြတ်ထုတ်ထား၍ သူ့အပေါ် ရန်ငြိုးဖွဲ့ထားသော ဝန်ထမ်းတချို့မှ တိုင်စာတွေက တစ်စောင်ပြီး တစ်စောင် ရောက်လာလေသည်။

ယခု ပြဿနာဖြစ်သည့် ကိစ္စတိုင်း ညွှန်ချုပ်ရုံးသို့ လုပ်ငန်းလုပ်ပိုင်ခွင့် တစ်ခုတင်လျှင် ငွေတွေ အမြောက်အမြား ပေးရသည့်အကြောင်း၊ မပေးလျှင် လုပ်ငန်းလုပ်ပိုင်ခွင့် မကျအောင် တင်မပေးဘဲ ချောင်ထိုးထားသည့် အကြောင်း၊ ရုံးလုပ်ထုံးလုပ်နည်းအတိုင်း မှန်မှန်ကန်ကန် မလုပ်သည့် အကျင့်ပျက် ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း မြတ်မြတ်စံ၏ အပြစ်ထောက်ပြစရာ မှန်သမျှတို့ကို အခွင့်သာသည်နှင့် တိုင်စာများ ပို့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ကြည့်သည့် အခါမှာတော့ တိုင်စာများတွင် ပါသော အကြောင်းအရာအတိုင်း မြတ်မြတ်စံ၏တရားနည်းလမ်းမကျသော လုပ်ရပ်တို့ကို အထက်လူကြီးများ ရှင်းရှင်းလင်းလင်းသိမြင်သွားကြလေသည်။

ထို့အတွက် တစ်ဆင့်နိမ့်ရာထူးနှင့် ပြည်နယ်ပို့ရန် စီစဉ်ထားရာမှ အပြီးထုတ်ပယ်ပစ်လိုက်၏။ ထိုသို့ အပြစ်ပေးခြင်းကိုပင် အဆင်းတွန်းချလိုသူများက မကျေနပ်ကြ။

သူတို့တွေ ဖြစ်စေချင်သည်က ထောင်တန်းကျသည်အထိအငြိုးအတေးကြီးစွာဖြင့် မျှော်လင့်ထားကြသည်။

အထက်လူကြီးများကတော့ မြတ်မြတ်စံနှင့် ဝန်းထမ်းများအကြား ရှိနေသော အငြိုးအတေး ကောင်းစွာသိသည်မဟုတ်။ ကိုယ့်ဌာနမှာဝန်ထမ်းဖြစ်သည့်အပြင် မိန်းကလေးတစ်ယောက်လည်း ဖြစ်နေသည့်အတွက် ထောင်တန်းကျသည်အထိတော့ သူတို့မလုပ်ရက်ကြ။ သို့သော်လည်း ဝန်ထမ်းတစ်ယောက်အနေနှင့် ဌာနမှ နာမည်ပျက်စာရင်းဖြင့် ထွက်လိုက်ရခြင်းသာ။

ဌာနတစ်ခုမှာ နာမည်ပျက်စာရင်းဖြင့် ထွက်ထားသော ဝန်ထမ်းတစ်ယောက်အနေနှင့် တခြားသော ဌာနတစ်ခုသို့ ဝင်ရောက်လုပ်ကိုင်ဖို့ ဆိုသည်မှာ အတော်မလွယ်သည့် ကိစ္စတစ်ခု ဖြစ်လေသည်။ ဤအချက်ကို မြတ်မြတ်စံ ကောင်းစွာ သိမည်မှာ အမှန်ပင်။

ကျွန်မတို့ သူငယ်ချင်းအပေါင်းအသင်းများတောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေမိကြသည်ဆိုလျှင် ကာယကံရှင် မည်သို့ဖြစ်မည်ကို တွေးကြည့်ရုံဖြင့် သိနိုင်၏။

သို့သော်. . .

ဘယ်သူမပြု မိမိအမှု
ကိုယ်ပြုသမျှကံ ကိုယ်သာခံ
ဆိုသည့် စကားအတိုင်းပင်။

သူတစ်ပါးအပေါ် ပြုခဲ့သော မကောင်းမှု အကုသိုလ်၏ အကျိုးက ဘဝတောင်မခြားဘဲ ပြန်၍ ခံစားရခြ
ဖြစ်လေသည်။

ဤလောကကြီးတွင် မည်
မဆို အကောင်းဆုံး အနေအထာ
ပိုင်ဆိုင်လိုကြသည်သာ ဖြစ်၏။

သို့သော် အတိတ်ကံအကြော
တရား ရှိခဲ့သည်နှင့်အညီ အကျိုးတ
ခံစားကြရမည်မှာ သဘာဝတစ်ခုပင်

ထိုအချက်ကို ကောင်းစွ
နားလည်သဘောပေါက်ပြီး အရာရာ
ကိုယ်ချင်းစာတရား လက်ကိုင်ထား
ပြောဆိုလုပ်ကိုင်နေထိုင် သွားကြ
ဆိုလျှင်အကောင်းဆုံးအခြေအနေတ
မလွဲမသွေ ဖြစ်လာမည်ဟု တပ်
သေချာစွာ ပြောနိုင်မည် မဟုတ်သေ
လည်း အဆိုးဆုံးအခြေအနေ ဖြစ်
လိမ့်မည် မဟုတ်သည်ကတော့ အမှ
ပင်ဖြစ်၏။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအား
အစဉ်ဂါဝရပြုလျက်. . .

❒ သစ္စာဦး(ဧယျာ




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ့၍ (မြန်မာပြည်)

- ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစီးဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ း ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱 း ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com



## နေဝန်းနီ

# အမေသို့တမ်းချင်း

အမေရယ်. . .

သားဟာ အောင်မြင်ကျော်ကြား စာရေးဆရာ တစ်ယောက် မဟုတ်ပေမယ့် ကျေးဇူးကြီးမားလှတဲ့ အမေ့အကြောင်းတွေကိုတော့ စာမျက်နှာ ...တော်များများမှာ ရေးနေတဲ့သူပါ။

တကယ်တော့ အမေဟာ ရင်မှ... သားကို မြတ်နိုးတတ်လို့ "အမေ" ... ဂုဏ်ထူးဝိသေသတွေနဲ့ တကယ် ...ခဲ့တဲ့ တကယ့် အမေပါ အမေ။

အမေဟာ သားအတွက် ဗြဟ္မာ့ ... ဝိသုဒ္ဓိနတ်ဂုဏ်၊ ဒက္ခိဏေယျ ... အာဟုနေယျဂုဏ်၊ ပါဟုဏေယျ ... ပုဗ္ဗာစရိယဂုဏ် ဆိုတဲ့ ဂုဏ် ...ပါးနဲ့ ပြည့်စုံခဲ့သူပါ အမေရယ်။ ...ဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ အမေ ...င်းတွေကို အောက်မေ့တသစွာနဲ့ အခုမှရေးနေရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရစွာလည်း ဖြစ်မိပါတယ်။

စာမျက်နှာတွေပေါ်မှာ အမေ့အကြောင်းတွေကိုရေးပြီး သားကျေးဇူးဆပ်နေပါတယ်။ ကျွန်တော်တို့ အမေတို့တူနိုင်းမရ မိနှင့်ဖတို့၊ အမေ့ရင်ခွင်တို့၊ အမေတို့၊ အမေ့အကြောင်း တစေ့တစောင်းတို့ ဆိုတာတွေက အမေရဲ့ ကြီးမားလှတဲ့ဂုဏ်ကျေးဇူးတွေကို ရည်ညွှန်းရေးခဲ့တာတွေပါ အမေ၊ မကြာခင်ကမှ ရေးခဲ့တဲ့ ထင်ဟပ်မေတ္တာ တုံ့ပြန်ဖြာသော်ဆိုတဲ့ ဝတ္ထုလေးဟာလည်း အမေ့အကြောင်းရဲ့ တစ်စိတ်တစ်ဒေသပါ။

အမေ့အကြောင်းတွေ ရေးဖြစ်ဖို့ "အမေဆိုတဲ့ ပုံပြင်လေးကို ပြောပြသွားတဲ့ မျောက်မကြီး"ကိုလည်း ကျေးဇူးတင်မဆုံးပါဘူး။ တကယ်တော့ အဲဒီမျောက်မကြီးဟာ သားရဲ့ မဟာကျေးဇူးရှင်ကြီးပါ။

အမှောင်တိုက်မှာ အယောင်ယောင်အမှားမှားနဲ့ မိုက်နေမိတဲ့သားကို အလင်းရောင်ပေးပြီး အမိုက်တိုက်ကဆွဲထုတ်ခဲ့တာ အဲဒီမျောက်မကြီးပါ။

မကောင်းမြစ်တာ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဆိုတဲ့ မိဘကျင့်ဝတ် ငါးပါးနှင့်အညီ ဝတ္တရားမပျက် အမေဟာ သားအပေါ်မှာ မလစ်မဟင်း ပြုစုမြတ်နိုးခဲ့ပေမယ့် သားဘက်က ပြန်လည်ပြုပြင်ရမယ့် ဝတ်ငါးပါးကိုတော့ သား မကျေပွန်ခဲ့ပါဘူး အမေရယ်။ အမေဟာ သားငယ်ငယ်ကတည်းက အဖေဆုံးပါးသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် ငါ့သားလေး နောက်ပထွေးကို အဖေမခေါ်စေရဘူးဆိုပြီး သားရှေ့ရေးတွေးလို့ သားကလွဲပြီး ဘာကိုမှ အာရုံမရောက်ခဲ့တာကိုတောင် သား မသိခဲ့တာပါ။

သားစိတ်ထဲမှာရှိတာက ပျော်ချင်သလိုပျော်ရဖို့၊ နေချင်သလိုနေရဖို့၊ သားဖြစ်ချင်သလိုဖြစ်ဖို့ တစ်ခုပါ။

ဒါကြောင့်ပဲ "အမေဆိုတာကို မေ့လျော့သလို ဖြစ်ပြီး အမေဆိုတာ ဦးနှောက်ထဲမှာ လုံးဝမရှိခဲ့တာပါ"

ဒါပေမယ့် အမေရယ် . . .

အဲဒီလောက်မိုက်တဲ့ သားကို လွယ်ဂျယ်တောင်တန်းပေါ်က မျောက်မကြီးက ဆုံးမခဲ့ပါတယ်လေ။

အဲဒီနေ့က သား စိုင်းနော်ကို ခေါ်ပြီး တောလည်(အမဲပစ်)ထွက်လာခဲ့တယ်။ သားက တောလည်ရတာ အမဲပစ်ရတာ သိပ်ဝါသနာပါတယ်။ အားရင်အားသလို တောပစ်ထွက်တယ်။ နောက်ပြီး သားက တောကောင်တွေရဲ့အသားဟင်းလျာကိုလည်း ကြိုက်တယ် အမေ။ တောလည်တိုင်းလည်း သားကောင်တစ်ကောင်တော့ ရနေကျ။ အနည်းဆုံး ချေ(ဂျီ)တစ်ကောင်လောက်တော့ မလွဲပါဘူး။

အဲဒီနေ့ကတော့ မနက်ကတည်းက ထွက်လာလိုက်တာ။ ခု နေမှောင်ရီသန်းလာတဲ့အထိ ဘာသားကောင်မှ မပစ်ခဲ့ရဘူး။ မှောင်ကလည်း မှောင်တော့မယ်ဆိုတော့ ဒီအတိုင်းပဲ ပြန်လှည့်ခဲ့ရတယ်။

တောင်ကြောအတိုင်း လျှောက်လာပြီး စခန်းဘက်အဆင်း လမ်းဘေးက ယူကလစ်တောနားရောက်တော့ တခွီခွီ အော်ရင်းဆော့ကစားနေကြတဲ့ မျောက်အုပ်တစ်အုပ်ကို တွေ့လိုက်ရတယ်။

"ဟော့ဟော့လိန်း၊ မျောက်တွေပါလား၊ ပစ်ကွာ . . . မျောက်ချေးခါးဟင်းလဲ စားကောင်းတယ်ကွ"

စိုင်းနော်က ယူကလစ်ပင်ပေါ်က မျောက်တွေကိုကြည့်ပြီး သားကို တိုက်တွန်းလိုက်ပါတယ်။ သားလည်း ဘာမှရမလာတဲ့အတူတူတော့ မျောက်ရလည်း ကောင်းတာပါပဲလေလို့တွေးပြီး မောင်းပြန်ရိုင်ဖယ်ကို မောင်းတင်ပြီး လုံခြုံရေးခလုတ်ပိတ်၊ ယူကလစ်ပင်ခြေကို ပြေးကပ်လိုက်တယ် အမေ။

အဲဒီအချိန်မှာပဲ တချို့ မျောက်တွေဟာ သားတို့ကိုမြင်ပြီး တခွီခွီ အော်ထွက်ပြေးကြတယ်။

ဒါပေမယ့် ယူကလစ်ပင်ကြီးရဲ့ အမြင့်ဆုံးအကိုင်း 'ခွဆုံ' တစ်နေရာဆီမှာတော့ မျောက်မကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်ပြီး သားတို့ကို ငုံ့ကြည့်ကျန်ရစ်ခဲ့တယ်။ သူ့ဘေးမှာလည်း မျောက်လေးတစ်ကောင်က ဆော့လို့။

သားလည်း မျောက်ကြီး ထွက်ပြေးသွားမှာဆိုးတဲ့အတွက် လုံခြုံရေးခလုတ်ကိုဖွင့် တစ်ခါတည်းချိန်ပြီး တန်းပစ်ချလိုက်ပါတယ်။

တန်းချိန် တန်းပစ်တာပါ။

"ဒိုင်း"

ကော်နိုက်ယမ်းအား ပေါက်ကွဲသံနဲ့အတူ မျောက်မကြီး ယိမ်းယိုင်သွားတာ မြင်လိုက်ရတယ်။ တစ်ချိန့်တည်းမှာပဲ မျောက်မကြီးရဲ့ခန္ဓာကိုယ်က သွေးတွေ 'ရဲ'ခနဲထွက်လာကြတယ်။

မျောက်မကြီးဟာ လက်တစ်ဖက်က သစ်ကိုင်းကိုဆွဲပြီး ကျန်လက်တစ်ဖက်က ပြေးလွှား ဆော့နေတဲ့ မျောက်ကလေးကို လှမ်းဆွဲလိုက်တယ် ကိုင်မိတာနဲ့ ရင်ခွင်ထဲ အတင်းဆွဲသွင်းတော့တာပါပဲ။

မျောက်မကြီး ဘာလုပ်တယ် အောက်မေ့သလဲ အမေ၊ မျောက်မကြီးဟာ မျောက်ကလေးကို နို့တိုက်တော့တာပါပဲ၊ အံ့ဩစရာပါ အမေရယ်။ မျောက်မကြီးဟာ ဒဏ်ရာ ရထားလို့ သူ့ခန္ဓာကိုယ်ကို ထိန်းထားပေမယ့် ခန္ဓာကိုယ်ထိန်းမရဘဲ ဒယိမ်းဒယိုင် ဖြစ်နေတယ်။

သူ့ဘဝရဲ့ နေဝင်ချိန်ဆိုတာကိုလည်း သူသိပုံရရှာတယ်။ ဒါကြောင့်ပဲ ဒယိမ်းဒယိုင်ကြားက မျောက်ပေါက်လေးကို အတင်း နို့တိုက်နေတာပါ။

ဒါပေမယ့် မကြာပါဘူး၊ သား... ကြည့်နေစဉ်မှာပဲ မျောက်မကြီးဟာ... "ဘုန်း"ခနဲဆို အောက်ပြုတ်ကျလာ... တယ်။ သားလေးကိုလည်း ကျစ်... ပါအောင် ဖက်ထားရက်ပါ အမေရယ်... သားလေး ဘာမှမဖြစ်အောင်လည်း... ခန္ဓာကိုယ်ကြီးနှင့် ကွယ်ထားပါတယ်...

စိုင်းနော် မျောက်မကြီးကို ဆွဲ... လိုက်တော့ မျောက်မကြီးက အသ... မရှိတော့ပါဘူး။ အသက်ဝိညာဉ်က... နေပါပြီ။ မျောက်ကလေးကတော့... အမေရဲ့အဖြစ်ကို သိပုံမရပါဘူး၊... လျက်ပါဘဲ။ ထို့အတူ အသက်ဝိညာ... ကင်းမဲ့နေတဲ့ မျောက်မကြီးကလ... ဖက်ထားဆဲ၊ နို့ချိုတိုက်ကျွေးနေဆဲ...

အမေရယ် . . .

သားလေ အဲဒီမျောက်မ... အဖြစ်ကိုကြည့်ပြီး ရင်ထဲမှာ ပူလော... ပြင်းပြတဲ့ ဝေဒနာတွေခံစားရင်း နာ... လာပါတယ်။

အမေ့ကိုလည်း ဖျတ်ခနဲ ... ယောင်လိုက်မိပါတယ်။

တိရစ္ဆာန်ဖြစ်တဲ့ မျောက်မ... တောင် မိမိရင်၌လွယ်ပြီးမွေးခဲ့ရတဲ့ ... အပေါ်မှာ ချစ်တတ် ကြင်နာ... မြတ်နိုးတတ်တယ်ဆိုရင် အသိ... ကြွယ်ဝတဲ့ "လူသားအမေ"ဆို ... ဖွယ်ရာ ရှိပါတော့မလားလို့လည်း ... လိုက်မိပါတယ်အမေ။

သား အမေ့ကို တအား... သွားတယ်၊ လွမ်းလွမ်းမောမော... ဖြစ်သွားတယ်။

ဒါကြောင့်ပဲ သား စိုင်းနော်... ထဲကနေ မျောက်ကလေးကိုလွှ... မျောက်မကြီးကို ယူပြီး အမေ့... မေ့မေ့လျော့လျော့ ဖြစ်နေမိ... "အမေဆိုတာပုံပြင်လေး" လက်... ပြသွားခဲ့တဲ့၊ သားကို ပညာ... သွားခဲ့တဲ့ ကျေးဇူးရှင်ကြီးဖြစ်တဲ့... ဦးသုံးကြိမ်ချပြီး ကျေးဇူးရှင်...





www.burmeseclassic.com

www.burmeseclassic.com

တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပြီး မီးသဂြိုဟ်လိုက်ပါတယ်။ အမေ သားမျောက်မကြီးကို မီးသဂြိုဟ်ပေးလိုက်ပါတယ်။

စိုင်းနော်က သား အဖြစ်ကို နားလည်ပုံမရပါဘူး။

သားပြုလုပ်သမျှကို အံ့ဩစွာကြောင်ငေး ကြည့်နေပါတယ်။ သားလည်း စိုင်းနော်ကို နောက်မှပဲ ရှင်းပြလိုက်ရပါတော့တယ် အမေရယ်။

လောလောဆယ်တော့ မျောက်မကြီးရဲ့ ခန္ဓာကိုယ် အရိုးအကြောအသွေးအသားတွေကို လောင်ကျွမ်းပြီးထွက်လာတဲ့ မီးခိုးတန်းကိုပဲ ငေးကြည့်နေမိပါတယ်။

မီးခိုးတန်းထဲမှာ အမေ့မျက်နှာကြီးက သားကို အကြင်နာမျက်ဝန်းနှင့်အတူ ကြည့်ရင်း ပေါ်နေပါတယ်။

အမေဟာ သားအတွက် ဘဝတစ်လျှောက်လုံး အလင်းရောင်ပေးခဲ့ပေမယ့် အမေနဲ့ပတ်သက်သမျှ အမြင်တွေကွယ်ခဲ့တဲ့သားဟာ မီးခိုးတန်းထဲမှာမြင်နေရတဲ့ အမေ့ကိုကြည့်ပြီး ယူကျုံးမရဖြစ်မိပါတယ်။

နောက်ပြီး . . .

သားငယ်ငယ်က အမေ သင်ကြားပေးခဲ့တဲ့ ပုတ္တောဝါဒလာ မိဘဂုဏ်ကျေးဇူးလင်္ကာလေးကိုလည်း သတိရလာပါတယ် အမေရယ်။

"မိနှင့်ဘ၏ ကြီးမားလှကျေးဇူး၊ တင်လေဖူးကို အထူးပြလိမ့်၊ နားနားစိမ့်လော့၊ နှစ်သိန်းတစ်သောင်း၊ ပေါင်းသည့်ဤမြေ၊ ထုထုထွေလည်း၊ စိမ်းရွှေထွားထွား၊ ဝါးရွက်လားသို့၊ ကျယ်ဖြားစကြဝဠာ၊ ကြီးဧရာလည်း၊ အပ်မှာနဖား၊ ထွင်း၍လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျယ်၊ နတ်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဘောင်ဘောင်နှင့်၊ သဲချောင်းသမုဒ္ဒရာများစွာလည်း၊ ပမာမလောက် ·ိုးရေပေါက်သို့၊ အံ့ဩလောက်အ[illegible]ပမာတည်း"တဲ့။

အဲဒီလင်္ကာလေးကို သားတိုးတိုးလေးရွတ်နေမိပါတယ်။

လင်္ကာလေးရွတ်ရင်း တုနှိုင်းမရနိုင်တဲ့ အမေ့ဂုဏ်ကျေးဇူးတွေကိုလည်း တရိပ်ရိပ်နှင့် တွေးနေပါတယ်။ အမေ အမေဟာ သားနဲ့ပတ်သက်သမျှ မိဘတို့မှာ ရှိအပ်တဲ့ တာဝန်တွေအားလုံး ကျေပွန်ခဲ့ပါတယ်။

မိဘဘက်က သားသမီးအပေါ်မှာ ပြုစုကျွေးမွေး စောင့်ရှောက်ပြီး မကောင်းမှုတွေ ကောင်းရာညွှန်လတ် အတတ်သင်စေ စတဲ့ ကျင့်ဝတ်တွေဟာ တာဝန်တွေပါ အမေ။ အဲဒီ တာဝန်တွေ အားလုံး အမေ ကျေခဲ့ပါတယ်။

"ရင်မှ ဖြစ်တဲ့သားကို မြတ်နိုးတတ်လို့ "အမေ"ဆိုတဲ့ "အမေ့ဂုဏ်" နဲ့လည်း ပြည့်စုံတဲ့အမေပါ။ သားအပေါ်မှာ "အမေ"ပီပီ တာဝန်ကျေခဲ့ပေမယ့် သားဘက်က "ကျွေးမွေးမပျက် ဆောင်ရွက်စီမံ"လို့ဆိုတဲ့ ပြန်လည်ပေးဆပ်ရမယ့် ကျေးဇူးတွေကတော့ သားရဲ့ မိုက်မဲမှုတွေနဲ့အတူ လစ်ဟင်းခဲ့ပါတယ်။

အမေ မကျန်းမာကြောင်း၊ အသက်မီရန် အမြန်လာခဲ့ဖို့အကြောင်း ဖုန်းဆက်တော့ ဒီမှာလည်း သားရဲ့ တစ်ဦးတည်းသောသားလေးကအသည်းအသန်ဖြစ် ဆေးရုံတင်ထားရတဲ့အတွက် အမေနဲ့ သားဖြစ်သူရဲ့ကြားမှာ အမေ့ကို ဦးစားမပေးနိုင်ခဲ့ဘူး။

ဒါကြောင့် သားလည်း ဒီမှာ ကလေးဆေးရုံတင်ထားရလို့ မလာနိုင်ကြောင်း ချက်ချင်းပြန်အကြောင်းကြားလိုက်တယ်။

မကြာခင်မှာတော့ အမေ့ထံက ဖုန်းပြန်လာတယ်။ ကလေးကို ဂရုစိုက်ပါတဲ့။ သူ့ရောဂါက ဘာမှမဖြစ်လောက်ပါဘူးတဲ့။ အဖျားရှိုးရှိုးပါ၊ ခုတော့ ကောင်းသွားပါပြီတဲ့လေ။

ဖုန်းဆိုလို့ အမေကိုယ်တိုင် ဆက်နေတာတော့ မဟုတ်ပါဘူး။ အမေက ဆက်ခိုင်းလို့ အမေ့ကိုယ်စား တစ်ဆင့်ဖုန်းဆက်ပေးတဲ့သူက ပြောတာပါ။

ဒါပေမယ့် အမေရယ် ကလေးဆေးရုံက ဆင်းချိန်မှာတော့ ဖုန်းဆက်လာတယ်။

အမေ ဆုံးပြီတဲ့၊ အမေ ဆုံးပြီ၊ ခုတော့ သားနားလည်လိုက်ပါပြီ အမေရယ်။ သားရဲ့ သားလေးဆေးရုံတင်ထားရတယ်ဆိုလို့သာ စိတ်ညစ်မှာစိုးလို့ မြေးလေးကို ဂရုစိုက်စေချင်လို့ အမေ့ရောဂါက ဘာမှ မဖြစ်လောက်ပါဘူး ပြောခဲ့တယ် ဆိုတာကိုး။

တကယ်ဆို တာဝန်နဲ့ကျေးဇူးမှာ တာဝန်ဆိုတာ ရှောင်လွှဲလို့ ရနိုင်တာပါ။ ကျေးဇူးဆိုတာကတော့ မဖြစ်မနေ ဆပ်ကိုဆပ်ရမှာ မဟုတ်လား။ ရှောင်လွှဲမရနိုင်တာဟာ ကျေးဇူးတရားပဲလေ။

သား တအားကို မှားခဲ့ပါတယ် အမေရယ်။

ဒါကြောင့်ပဲ "အမေပုံပြင်လေး" ပြောပြသွားခဲ့ရှာတဲ့ မျောက်မကြီး မီးသဂြိုဟ်ရင်း အမေ့အကြောင်းတွေ တွေးပြီး သား ငိုခဲ့ရပါတယ်။

အမေရယ် ခုတော့ သား ဂုဏ်ကျေးဇူးကြီးမားလှတဲ့ အမေနဲ့ ပတ်သက်သမျှ "အမေ"အကြောင်းလေးတွေကို အမေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ မကျေနိုင်မှန်းသိပေမယ့် ကျေနိုင်သလောက်တော့ ကျေတန်ကောင်းပါရဲ့လို့ တွေးရင်း ရသမျှ မျက်နှာတွေပေါ်မှာ ရေးပြီး ကျေးဇူးဆပ်နေပါတယ်လို့။

တမလွန်သို့ ပြောင်းသွားပြီဖြစ်သော အမေသို့ . . .။


အမေများနေ့သို့ အမှတ်တရ။

❐ နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းတန်သည် ဆယ်တန်း အောင်မြင်သည့်နောက် ရန်ကုန်သို့ဆင်း ၍ ဗဟိဒ္ဓအလုပ်များ ရှာဖွေလုပ်ကိုင် ချက် ပြင်ပစာပေးစာယူသင်တန်းဖြင့် အေ (မြန်မာစာ) ဘွဲ့အား ရရှိခဲ့ပါ သည်။

ထိုသို့ ဘွဲ့ရရှိအောင် မိမိသည် ယ်ထူကိုယ်ထစနစ်ဖြင့် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရခြင်းဖြစ်ပေရာ မိမိ၏အကျိုး အောင် လုပ်ဆောင်ရမည်ကို စဉ်းစား တောနေခဲ့သည်။

ကိုသောင်းတန်အဖို့ စာပေးစာ ဖြင့် ဝိဇ္ဇာဘွဲ့ရရှိစေရန် မည်မျှကြိုးပမ်း ခဲ့ရသည်ကို ကိုသောင်းတန်ကိုယ်တိုင် ပါသည်။

အမှန်စစ်စစ် ကိုသောင်းတန် သည် ဇီးကုန်းမြို့နယ်၊ သရက်ပင် အုပ်စု ကုန်းရွာမှ ဖြစ်သည်။ကိုသောင်း န်၏မိဘများသည် ကျေးလက်ဒေသ ၌ နေစေကာမူ လယ်သမားများ တ်ပါပေ။ သူ၏မိဘများအနေဖြင့် ယ်ပိုင် ယာပိုင် လုပ်ကိုင်နိုင်ခြင်း မရှိ သော်လည်း ဧကဝက်ခန့် ကျယ်ဝန်း သော အိမ်ခြံဝင်းတစ်ခုရှိပေရာ ထိုခြံဝင်း ၌ ရာသီပေါ် သီးနှံဖြစ်သော ဘူး၊ ဖရုံ ခွား၊ ပုံလုံသီး၊ ရုံးပတီ၊ ချဉ်ပေါင် သည်များ စိုက်ပျိုး ရောင်းချသကဲ့သို့ စ်ရှည်ပင်များမှ ရှောက်၊ သံပရာ၊ ကောများ ဆွတ်ခူး ရောင်းချခြင်းဖြင့် ဘများမှ ကိုသောင်းတန်အား ဆယ် န်း အောင်စေရန် ကျောင်းထားပေး ခြင်း ဖြစ်သည်။

ထိုအချိန် ထိုအခါကာလများ၌ သောင်းတန်သည် ကျောင်းသားဖြစ် ၍ ကျောင်းစာများဖြင့်သော အချိန်ကုန် နေရသည်မို့ မိမိတို့အား ထမင်းကျွေး လေသော ခြံထဲရှိ စိုက်ခင်းများအား လှည့်မကြည့်နိုင်ခဲ့ပါပေ။ ကိုသောင်းတန် ၏ ဖခင် ဦးမောင်အုန်းသည်လည်း နှစ် ရှည်လများ ခြံထဲ၌ လှုပ်ရှားရုန်းကန်ခဲ့ သည်မို့ ပင်ပန်းသည်ကတစ်ကြောင်း နဂိုရှိရင်းစွဲ ပန်းနာရင်ကျပ်ရောဂါများ ကြောင့် ခြံထဲသို့ အချိန်ပြည့် လှည့် မကြည့်နိုင် ဖြစ်ခဲ့ရသည်။

မိခင်ဒေါ်ပုလေးမှာ နေ့စဉ်နှင့် အမျှ ခြံထဲမှရသမျှသော သစ်သီး၊ သစ် ရွက်တို့အား ခူးဆွတ်၍ ရသမျှသော ကုန်စိမ်းများအား မြို့ဈေးသို့သွားရောက် ရောင်းချခြင်း၊ အိမ်ပြန်ရောက်၍ ထမင်း ဟင်း ချက်ပြုတ်ခြင်းဖြင့် သူမသည် လည်း ခြံထဲသို့ မြက်နုတ် ပေါင်းသင် လေးကိုပင် မလုပ်နိုင် ဖြစ်နေရတော့ သည်။ ခြံဟူသည်ကား နေ့စဉ်ရက်ဆက် ဆိုသလို ပြုစုနေရသည်။ ပေါင်းသင် နေရသည်။ ရေလောင်းနေရသည်။ ထိုသို့မှ မလုပ်နိုင်ပါလျှင် ခြံထဲရှိ သီးနှံ ထွက်ပစ္စည်းများ ထွက်ရှိမှုသည် မသိ မသာမှ သိသိသာသာ ဝင်ငွေကျဆင်း သွားတတ်ပေသည်။

ထိုကဲ့သို့ မိသားစု၏ တစ်ဦးချင်း ကိုယ်ရေးကိုယ်တာ အဆင်မပြေမှုများ ကြောင့် ကိုသောင်းတန်တို့၏ ဝင်ငွေ ကျဆင်းသကဲ့သို့ ထွက်ငွေကလည်း ရုပ် ပျက် ဆင်းပျက် များပြားခဲ့ရသည်။

ထို့ကြောင့် ဦးမောင်အုန်းမှ ဇနီး နှင့် သားအား ခေါ်၍ ပြောကြားခဲ့ရ သည်။

"ဒီနှစ်တော့ ငါတို့မိသားစု ကံ မကောင်းတာလား၊ ဒါမှမဟုတ် အကု သိုလ် ဆိုက်တာလားဆိုတာ သေသေ ချာချာမသိပေမယ့် တကယ့်ကိုမကောင်း တာတော့ အမှန်ပဲ၊ ငါလဲ အချိန်ပြည့် ခြံထဲမဆင်းနိုင်သလို မင်းအမေကလဲ ဈေးသွားဈေးပြန် ထမင်းချက် ဟင်းချက် နဲ့ ညနေပိုင်းကျမှ ခြံထဲကို တစ်ချိန်ပဲ ဆင်းနိုင်ခဲ့တယ်၊ ဒါကလဲ မဖြစ်လောက် ပါဘူး၊ မင်းကျတော့လဲ ဆယ်တန်း အောင်ဖို့ ကြိုးစားရတာဆိုတော့ ခြံထဲ ဘယ်ဆင်းနိုင်ပါ့မလဲ၊ အင်း၊ ဘာပဲပြော ပြော ဒီနှစ်တော့ ခြံထဲက သီးနှံထွက်ကုန် ပစ္စည်း အထွက်နှုန်း ကျဆင်းခဲ့ရပြီပေါ့ ကွာ၊ ဟိုတုန်းကလို အဖေ အင်တိုက် အားတိုက် မလုပ်နိုင်တော့ဘူး၊ မင်း ဆယ်တန်းအောင်ရင် ကျောင်းဆက် ထားဖို့ အခက်အခဲအများကြီး ရှိလာနိုင် တယ်၊ အဲဒီအတွက်လဲ စဉ်းစားပြီး စိတ် ဆင်းရဲရတယ်"

အဖေဖြစ်သူ ဦးမောင်အုန်း၏ ခြောက်ကပ်ကပ်ပြောစကားများကြောင့် ကိုသောင်းတန်မှာ လေထဲတွင်ဆောက် နေသော တိုက်အိမ်လေး ပြိုကျသွားရ သည်ဟု ထင်လိုက်ရသည်။

"အဖေရယ် . . . ဘာမှတွေးပြီး စိတ်ဆင်းရဲမနေပါနဲ့၊ စာမေးပွဲပြီးတာနဲ့ လာမယ့်မိုးတွင်းကာလ အသင့်စိုက်ပျိုး နိုင်ဖို့ သားကိုယ်တိုင်ခြံထဲ ဆင်းပြီးမြေပြု ပြင်မှုတွေ လုပ်ပါ့မယ်၊ အနီးအနားက မြေဆွေးတွေ စုဆောင်းပြီး ခြံထဲကို ကြိုးစားပြီးထည့်ပါ့မယ် အဖေ"

ဦးမောင်အုန်းမှာ မချိပြုံးဖြင့်သာ သားဖြစ်သူအား စိုက်ကြည့်နေပေသည်။ ထိုနှစ် ကိုသောင်းတန် စာမေးပွဲ အောင် ပါသည်။ ကိုသောင်းတန် အနေဖြင့် ကျောင်းဆက်တက်လိုသောဆန္ဒများ ရှိသော်လည်း ယိမ်းယိုင်နေသော မိဘ များ၏ ကျန်းမာရေးနှင့်စီးပွားရေးအခြေ အနေများကြောင့်ပညာရေးကို မစဉ်းစား နိုင်တော့ပေ။

ဖခင်ဖြစ်သူ၏ ကျန်းမာရေးကို ကုသနိုင်ရန် အချိန်ပြည့်ခြံထဲသို့ ဆင်းနေ ရတော့သည်။

ကိုသောင်းတန် ထိုနှစ်တစ်နှစ် လုံး ဖခင်၏ ညွှန်ကြားမှုနှင့် ရာသီပေါ် သီးနှံပင်များ စိုက်ပျိုးခဲ့ပါ၏။ ကိုသောင်း တန်၏ စိုက်ပျိုးသော သီးနှံများမှာ ဖြစ် ထွန်းအောင်မြင်သည်ဟု ဆိုရပါလိမ့် မည်။

သီးနှံစိုက်ပျိုးရာ၌ ထုံးစံအတိုင်း စိုက်ပျိုးမြေများအား ငှားရမ်းထွန်ရက်

www.burmeseclassic.com

နိုင်ခြင်း မရှိသည်ကြောင့် ကိုသောင်းတန်ကိုယ်တိုင် ပင်ပန်းတကြီး လုပ်အားကို အသုံးပြု၍ မြေဆွရပါသည်။

သဘာဝမြေဆွေးများ ရသမျှ စုဆောင်း၍ စိုက်မြေနှင့် ရောနှောရပါသည်။ မျိုးစေ့ချ စိုက်ပျိုးသည့်အခါတွင် မိခင်သာမက ပတ်ဝန်းကျင် ရပ်ဆွေရပ်မျိုး သူငယ်ချင်းများ အကူအညီဖြင့် မျိုးစေ့ချခဲ့ရပေသည်။

သို့သာမက သိပ္ပံနည်းကျ စိုက်ပျိုးစနစ်များအား အတွေ့အကြုံရှိသော စိုက်ပျိုးရေးသမားများ၊ လူကြီးသူမများအား မေးမြန်းခဲ့သည်။

ထိုသို့ဖြင့် ကိုသောင်းတန်၏ စိုက်ခင်းသည် အောင်မြင်ဖြစ်ထွန်းခဲ့၏။ ထွက်ရှိလေသမျှ အသီးအနှံများအား မြို့ပေါ်သို့ မိခင်သာမက ကိုသောင်းတန်ပါ သွားရောက် ရောင်းချခဲ့ပေသည်။

စိတ်ကြည်နူး၍ ပျော်ရွှင်စရာကောင်းလောက်အောင် သီးနှံထွက်ရှိရောင်းချရသော်ငြား ကိုသောင်းတန်ရော မိခင်ဒေါ်ပုလေးပါ မပျော်ရွှင်နိုင်ခဲ့ပေ။ ခြံထဲမှ ရရှိသမျှ ငွေကြေးများအား ဖခင်ဦးမောင်အုန်းအား ဆေးကုသနေရသော်လည်း သူ၏ ရောဂါအခြေအနေအရ အရာမထင် အကြောင်းမထူးဖြစ်လျက် တစ်နေ့သော သန်းခေါင်အချိန်၌ ဦးမောင်အုန်းမှာ ရောဂါဝေဒနာ များစွာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားလေတော့သည်။

ကိုသောင်းတန်သည် ဖခင်ဖြစ်သူအား မိမိလုပ်အားနှင့် ဆေးကုသလိုက်ရသဖြင့် ကျေနပ်မှု ဖြစ်မိသော်လည်း ဖခင်ဆုံးပါးသွားသဖြင့် အတော်ပင် ယူကျုံးမရ စိတ်မကောင်းများစွာဖြင့် ငိုကြွေးမိရသည်။

မိမိနှင့်အတူ ပင်ပန်းလွန်းသော မိခင်အားလည်း သနားမဆုံး ဖြစ်လျက် လောကကြီးအလယ်တွင် အမေတစ်ခု သားတစ်ခုဖြစ်ရခြင်းအပေါ် မွန်းကျပ်လွန်းစွာ ဝမ်းနည်းအားငယ် ဖြစ်ခဲ့ရတော့သည်။

မိခင်ဖြစ်သူ ဒေါ်ပုလေးမှာလည်း သားဖြစ်သူ၏ ခံစားချက်အား ရိပ်မိလေသည်လား မသိ၊ သားဖြစ်သူအား . . .

"လူလေးရယ် စိတ်အားမငယ်ပါနဲ့၊ အမေ ကျန်းမာပါသေးတယ်၊ ဒီခြံအလုပ်ကို အမေ လုပ်နိုင် ကိုင်နိုင် ရောင်းဝယ်နိုင်ပါသေးတယ်၊ လူလေးရဲ့ တစ်ပိုင်းတစ်စပြတ်နေတဲ့ ပညာရေးကို ဆုံးခန်းတိုင် ဆက်ပြီးကြိုးစားပါ၊ လူလေးရဲ့အဖေလဲ ဆုံးပါးခဲ့ပြီပဲလေ၊ မင်းအဖေလေ မင်းကို ဘွဲ့ရတဲ့အထိ ထားချင်ပေမယ့် သူ့ဘဝအခြေအနေအရ မထားခဲ့ရနိုင်တာ သူတွေးပြီး စိတ်မကောင်းဖြစ်ခဲ့တာ အမေအသိဆုံးပါ၊ ဒါကြောင့် လူလေးအနေနဲ့ မင်းအဖေဖြစ်ချင်တဲ့ ဆန္ဒကို မဖြစ်ဖြစ်အောင် ကြိုးစားစေချင်တယ်၊ မင်းအဖေ ထားခဲ့တဲ့ ခြံကို အမေ ဆက်စိုက်ပြီး မင်းကိုကျောင်းထားမယ် လူလေး"

မိခင်ဒေါ်ပုလေးသည် မိန်းမဖြစ်သော်ငြား စိတ်ဓာတ်ခိုင်မာလွန်းလှ၏။ ဇွဲရှိပါ၏။ ပြောတိုင်းလည်း မဖြစ်ဖြစ်အောင် လုပ်နိုင်သော အမျိုးသမီးကြီးဖြစ်ပါသည်။

သို့သော် ကိုသောင်းတန်အနေဖြင့် မိခင်၏ စိတ်ဓာတ်ကို သိရှိသော်လည်း သူ၏ဘဝ တက်လမ်းအတွက်



မိခင်အား တုံးမခုလိုပေ။ ငြမ်းအဖြစ်လည်း မပြုလုပ်ရက်ပါပေ။

သို့ဖြစ်ခြင်းကြောင့် . . .

"အမေရယ် . . . အမေ့ရဲ့ သားအပေါ်ထားရှိတဲ့ မေတ္တာ စေတနာကို ကျွန်တော် သိပါတယ် အမေ၊ ဒါပေမဲ့ အမေ့ကို ကျွန်တော့်ဘဝအတွက် ပင်ပင်ပန်းပန်း မလုပ်စေချင်ပါဘူး အမေ၊ သားအတွက်ဆိုတဲ့ အမေ့ရဲ့စေတနာ သိပေမယ့် အမေ ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင်တာကို ကျွန်တော် မကြည့်ရက်ပါဘူး အမေ၊ ကျွန်တော့် ဘာသာ ကျွန်တော် ကြိုးစားမယ်အမေ၊ အမေ စိတ်ချမ်းချမ်းသာသာနဲ့နေပါနော်"

မိခင်ဖြစ်သူအား ကိုသောင်းတန်သည် နားဝင်အောင် ပြောဆိုပြီးသည့်နောက် ဒေါ်ပုလေးမှာ သားဖြစ်သူ၏ ဆန္ဒအရ ခွင့်ပြုပေးလိုက်ရသည်။

ဤသို့ဖြင့် ကိုသောင်းတန်သည် သူငယ်ချင်းများရှိရာ ရန်ကုန်သို့ဆင်း၍ ရရာအလုပ်များ လုပ်ကိုင်လျက် စာ... စာယူ တက်ရောက်ပြီး တက္ကသိုလ်ပညာ... များအား ဆည်းပူးသင်ယူခဲ့ရခြင်း ဖြစ်သည်။

ကိုသောင်းတန်သည် ရွှေပြည်သာမြို့နယ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေထိုင်လျက် ပညာသင်ကြားခွင့်ရခဲ့သည်။

အလုပ် အားသည့်အခါတွင် ဘုန်းကြီးကျောင်း ဝေယျာဝစ္စများကို လုပ်ကိုင်ပေးသကဲ့သို့ တစ်ခါတစ်... တွန်းလှည်းလေးဖြင့် ငှက်ပျောသီး၊ ရှောက်ချိုသီး၊ နာနတ်သီးများအား ခွဲစိတ်... ရောင်းချရ၏။

ထို့အပြင် ဆောက်လုပ်ရေး... ပစ္စည်းဆိုင်များတွင်လည်း အုတ်၊ ... ကျောက် ကားပေါ် သို့ တင်ခြင်း၊ ချခြင်း... များလည်း ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုသို့ဖြင့်ပင် ကိုသောင်းတန်... မိဘများ လိုလားသည့် ကိုသောင်းတန်၏ အိပ်မက်ဖြစ်သော ပညာရေး... အောင်မြင်မှုအထွတ်အထိပ်၊ ရှင်...



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် ထိုက်တန်သည့် ဘွဲ့ဒီဂရီတစ်ခု ရခဲ့လေတော့သည်။

ခက်သည်က ကိုသောင်းတန်သည် ပညာရေးနှင့်ပတ်သက်၍ ဝိဇ္ဇာဘွဲ့ ရခဲ့သော်ငြား လုပ်ငန်းဌာနများတွင် ဝင်ရောက်ဖြေဆိုလုပ်ကိုင်ရန် အဆင်မပြေဖြစ်ခဲ့ရပြန်၏။ သတင်းစာများ၊ ဂျာနယ်များတွင်လည်းကောင်း အလုပ်ကြော်ငြာကြေငြာချက်များတွင် ဘွဲ့ရရှိရုံသာမက ကွန်ပျူတာတတ်ကျွမ်းရမည်။ နိုင်ငံခြားဘာသာစကား တစ်ခုမဟုတ်တစ်ခု တတ်ကျွမ်းရမည်။ စာရင်းကိုင်ဘွဲ့ရများအား ဦးစားပေးမည်။ ယာဉ်မောင်းတတ်ရမည်။ အနည်းဆုံး အတွေ့အကြုံ လုပ်သက် (၂) နှစ် (သို့) (၃) နှစ် စသည်ဖြင့် ရှိရမည်ဟူသော အရည်အချင်းများ ပါရှိသည်ကြောင့် ကိုသောင်းတန်အဖို့ ကြုံရသော အခက်အခဲ တွေ့ရမြဲ ဖြစ်ပေသည်။

ထိုသို့ ခက်ခဲမှုပေါင်း များစွာကြောင့် ကိုသောင်းတန်တစ်ယောက် ရည်သည့် အလုပ်ကိုမျှ ရရှိရန်မရှိ။ ရန်ကုန်တွင် အလုပ်ပေါများသော်လည်း ကိုသောင်းတန်အဖို့ အလုပ်ရဖို့ရန် မလွယ်သည်ကြောင့် လက်မှိုင်ချနေရတော့သည်။

ထိုစဉ် ရွာရှိ အမေ့ထံမှ စာတစ်စောင် ကိုသောင်းတန်ထံသို့ ရောက်ရှိလာသည်။

*လူလေး. . .*

*အမေ စာရေးလိုက်တယ်။ လူလေးလိုချင်၍ အမေတို့မျှော်မှန်းထားတဲ့ ဘွဲ့ရပြီပဲ၊ ရန်ကုန်မှာ အလုပ်မရလည်း ရွာကိုပြန်ခဲ့ပါကွယ်။ ရွာမှာလည်း ကိုယ်ပိုင်အလုပ် ရှိနေပြီးသားပဲ။ အဲ, လုပ်အားနဲ့တော့ ရင်းရတဲ့ အလုပ်ပေါ့၊ လူလေးလည်း အတွေ့အကြုံရှိပြီးသားပဲကွယ်။ မည်သူတစ်ဦးတစ်ယောက်မှ ခိုင်းစေခြင်းမရှိဘဲ လွတ်လပ်စွာ ကိုယ့်အတွေးအခေါ်တွေနဲ့ စဉ်းစားပြီး လုပ်ကိုင်ရသားပဲ၊ လူလေးရဲ့ အတွေးအခေါ်တွေ ကောင်းအောင် နည်းမှန်လမ်းမှန် စဉ်းစားနိုင်အောင် ပညာတွေသင်ကြားခဲ့ပြီပဲလေ။*

*အဲဒီပညာတွေနဲ့ အသုံးချပြီး တကယ်စိုက်ပျိုးရေးနယ်ပယ်မှာ လက်တွေ့ လုပ်ကြမယ်ဆိုရင် လူလေးအောင်မြင်နိုင်တာပေါ့။ အမေတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ရှေးရိုးအစဉ်အလာတွေနဲ့ လုပ်ကိုင်နေရတဲ့ခြံလုပ်ငန်းဟာ သားသိနားလည်ထားတဲ့ စဉ်းစားမှုတွေ၊ နည်းပညာတွေနဲ့ လေ့လာလုပ်ကိုင်မယ်ဆိုရင် စိုက်ပျိုးရေးဟာ ခုခေတ်အနေအထားနဲ့ အံဝင်ခွင်ကျနိုင်တာပေါ့ လူလေး။*

*ဒါကြောင့် ရွာကိုသာ ဆက်ဆက်ပြန်ခဲ့ပါ လူလေး။*

ဟုတ်ပေသည်။ အမေပြောမှပင် ကိုသောင်းတန် သတိရလိုက်မိသည်။

ယခုအခါ နိုင်ငံတော်သည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ စပါးသာမက အခြားသော သီးနှံများကိုပါ နေရာပေးလာသည်ကို တွေ့မြင်ရပါ၏။

ယနေ့ မြန်မာနိုင်ငံ၏ သန်း (၆၀)ဟူသော လူဦးရေအတွက် စားနပ်ရိက္ခာသည် အဓိကအရေးတကြီးပစ္စည်းဖြစ်နေသည်ကို ကိုသောင်းတန် သိနေပါသည်။

မည်မျှပင်နည်းပညာနှင့် စက်မှုဖွံ့ဖြိုးမှုများ တိုးတက်နေသည်ဆိုသော်လည်း ကမ္ဘာပေါ်ရှိ လူတစ်ဦး တစ်ယောက်တိုင်းအတွက် အသက်ရှင် ရပ်တည်နိုင်ရန် စားနပ်ရိက္ခာ လိုအပ်နေမည်ဖြစ်သည်။

သို့ဖြစ်ခြင်းကြောင့် ကိုသောင်းတန်အနေဖြင့် ပွင့်လင်းမြင်သာသော စီးပွားရေးစနစ်၌ မိမိတို့၏ ခြံထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းများသည်လည်း လူအများအတွက် စားနပ်ရိက္ခာဖြည့်ဆည်းပေးရာရောက်သကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးအဖြစ် မည်သည့်ခေတ်စနစ်များနှင့်မတူ အောင်မြင်ပေါက်ရောက်နိုင်သည်ဟူသော အမြင်တစ်ခုသည် ကိုသောင်းတန်၏ အတွေးထဲသို့ ရောက်လာခဲ့တော့သည်။

တစ်ချိန်သော အခါက ကိုသောင်းတန် မျှော်မှန်းသည်မှာ ဘွဲ့ရပြီး ဌာနဆိုင်ရာ (သို့) ကုမ္ပဏီတစ်ခုခုတွင် အရာရှိတစ်ဦးအနေဖြင့် ဩဇာအာဏာသက်ရောက်ရန် ဖြစ်ပေ၏။

သို့သော် ခေတ်စနစ်တို့သည် ကိုသောင်းတန် မျှော်မှန်းသကဲ့သို့ မဟုတ်ပါလေတော့။

လူတိုင်းလူတိုင်း အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဟူသော စကားနှင့်အညီ ဥပဒေနှင့်လွတ်ကင်းပြီး လူသားများနှင့် နိုင်ငံအတွက် အကျိုးဖြစ်စေသော လုပ်ဆောင်မှုမှန်သမျှအား တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းထိန်းကျောင်းလျက် လျှောက်ရမည့်လမ်းများဖြစ်နေသည်ကို ကိုသောင်းတန် နားလည်သဘောပေါက်ခဲ့ရသည်။

သို့ဖြင့်ပင် မိမိ၏ ဇာတိမြေသို့ ပြန်၍ ခြံလုပ်ငန်းများအား သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရန် ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။

မိမိတို့ကျေးရွာသည် အများအားဖြင့် စိုက်ပျိုးရေးနည်းပညာများ နောက်ကျကောင်းနောက်ကျနိုင်သကဲ့သို့ တိုးတက်ကောင်း တိုးတက်နိုင်ပါ၏။

မိမိတို့ ရွာသူ ရွာသားများ နောက်ကျသည်ဖြစ်စေ၊ တိုးတက်သည်ဖြစ်စေ ပိုမို၍ တိုးတက်ဖွံ့ဖြိုးစေရန် မိမိအနေဖြင့် ပညာတတ် ဖြစ်သည်ကြောင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသအား အကျိုးပြုနိုင်တော့မည်ဟု ကိုသောင်းတန်တစ်ယောက် ဆုံးဖြတ်ခြင်းနှင့်အတူ။

❒ **မောင်သာမန်(ဇီးကုန်း)**





www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

(၁)

ထိန်ထိန်မြူးမြူးနဲ့ သာသည့်လ... အထက်ကောင်းကင်ကို မော့ကြည့်... ရင်ထဲမှ ရေရွတ်လိုက်မိပါတော့သည်။ တကယ်လည်း ငွေလမင်းသည် ...တ္တိကာနက္ခတ်နှင့် ယှဉ်ပြီး လင်းနေ...ခြင်းကြောင့် တန်ဆောင်မုန်းလပြည့်ည...သစွာဖြင့် ထွန်းလင်းနေရခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၅၅၀) ...ကျော်ကလည်း ဤသို့ပင်။ အပြစ်ကင်း...စင်စွာနှင့်ပင် ထွန်းလင်းခဲ့သည်ဖြစ်ပါသည်။ ထိုသို့ ထွန်းလင်းသည်ကို ကြည့်...၍ အဇာတသတ်မင်းကြီးသည် ကျူး...လွန်ခဲ့သော ပြစ်မှုများအတွက် နောင်တ...ရားတွေ ရနေပါသည်။

ထိုနောင်တတရားတွေနှင့်အတူ ...င်းကြီးသည် စက်တော်ခေါ်၍ လည်း ...ပျော်။ ပွဲတော်တည်၍လည်း မရဘဲ ...ဖြစ်နေသည်။ အထူးသဖြင့် ရှည်လျား...သော ညတာကို ကျော်ဖြတ်ရခြင်း...ဖြစ်သည်။ ထိုညတာများတွင် မကောင်း...သော အိပ်မက်ဆိုးအမျိုးမျိုးကို မြင်မက်...တတ်၏။ မကြာ မကြာ လန့်နိုးရပြီး ...အကြောက်တရားများနှင့် ရင်ဆိုင်နေရ...လေ့ရှိသည်။

အိပ်မက်ဆိုးကြောင့် လန့်နိုးပြီး ...အကြောက်တရားနှင့် တုန်လှုပ်နေစဉ် ...အထက်ကောင်းကင်သို့ မော်ကြည့်...လိုက်ရာ ထိန်ထိန်မြူးနေသည့် တန်...ဆောင်မုန်းလပြည့်ညကို တွေ့ရပါ၏။

ယခု ကျွန်တော်သည်လည်း ...အိပ်ရာထက်မှထထိုင်ကာ လမင်းကြီးကို ...ကြည့်မျှော်နေမိပါ၏။ အဇာတသတ်...မင်းကြီးသည် နောင်တတရားနှင့် ဖခင်ဗိမ္ဗိသာရမင်းကြီးအား တမ်းတနေသလို ကျွန်တော်သည်လည်း ကွယ်လွန်လေပြီးသော အမေ့ကိုသတိရနေပါတော့၏။

အဇာတသတ် ဘုရင်ကြီးနှင့် ကျွန်တော်သည် အိပ်ရာထက်မှ နိုးထလာခြင်းလည်း တူညီသည်။ ကောင်းကင်တွင် ထွန်းလင်းနေသော လမင်းကြီးကို မြင်တွေ့နေရခြင်းလည်းတူသည်။ နှစ်ဦးစလုံးက လွန်လေကုန်ပြီးဖြစ်သော မိဘများကို တမ်းတနေတာခြင်းလည်း တူသည်။

သို့သော် အဇာတသတ်မင်းကြီးက အဖကို သတ်မိသော ပိတုဃာတကကံကြောင့် နှလုံးစိတ်ဝမ်းမချမ်းသာခြင်းကြီးစွာဖြင့် တမ်းတနေခြင်းဖြစ်၏။ ကျွန်တော်ကမူ တန်ဖိုး မဆုံးဖြတ်နိုင်သော အရာဝတ္ထုတစ်ခု ဆုံးရှုံးသွားတာကို ယူကြုံးမရ ဖြစ်ကာ တမ်းတနေပါ၏။

ကျွန်တော်သည် လွန်ခဲ့သော သုံးလကျော်ကျော်ကတည်းက အသက်ရှူရကျပ်သော နှာခေါင်းပိတ်ရောဂါကို ခံစားနေရပါသည်။ ထိုရောဂါမှာ နေ့အခါဆို အကောင်းပကတိဟု ဆိုရမည်ဖြစ်သည်။ ညအိပ်ရာဝင်ပြီး ခဏကြာတော့မှ ထိုရောဂါကို စတင်ခံစားရပါတော့သည်။

ထိုအခါ လှဲနေ၍ မရတော့ပါ။ ငုတ်တုတ်ထထိုင်ပြီး ငြိမ်သက်စွာ နေရပါတော့သည်။ နာရီဝက် တစ်နာရီလောက်ထိုင်နေပြီးမှ သက်သာသွားပါသည်။ နိုင်ငံခြားဆေး၊ တိုင်းရင်းဆေး၊ ကတိုးနှာပွင့်ဆေးတောင့်မကျန်ပါ။ ဆေးပေါင်းစုံနှင့် ကုပါသည်။ မပျောက်ပါ။ (အထူးကုနှင့်တော့ ငွေရေးကြေးရေး အခြေအနေကြောင့် မကုသရသေးပါ)

ကျွန်တော့်စိတ်ထင် ဤရောဂါကလည်း အကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည်ဟု မထင်မိပါ။ ဖြစ်ရခြင်းအကြောင်းကလည်း ကျွန်တော်သည် နံနက်တိုင်း ၅နာရီပတ်ဝန်းကျင်လောက်တွင် နိုးပြီး မျက်နှာသစ် ဘုရားရှိခိုးလေ့ရှိပါသည်။ လွန်ခဲ့သော တန်ခူးလမှာ ကျွန်တော် တောင်စွန်း ကျွန်းကလေးတောင် တရားစခန်းတွင် ဒုလ္လဘရဟန်းဝတ်သည်။

ထိုစခန်းမှအပြန်တွင် တရားရိပ်သာမှ ဝတ်ရွတ်စဉ် တရားစာအုပ်ကို ဓမ္မဒါနအဖြစ်ရခဲ့သည်။ ထိုစာအုပ်တွင်း ပစ္စယနိဒ္ဒေသပါဠိဟုခေါ်သော ပဋ္ဌာန်းပါဠိတော်(၂၄)ပစ္စည်းပဋ္ဌာန်းကျမ်း ပါရှိခဲ့သည်။ အိမ်ပြန်ရောက်တော့လည်း ရက်အတော်ကြာ မလေ့လာဖြစ်ခဲ့ပါ။

တစ်နေ့မှာတော့ ထိုပဋ္ဌာန်းကျမ်းကို နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်ပြုပါက အကျိုးများကြောင်း ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်စေလိုကြောင်း မရွတ်ဖတ်မီ ခြေလက်ဆေးကြောပြီး အချိန်မှန်မှန်ရွတ်စေကြောင်းကို ကျွန်တော် လက်ဆောင်ရရှိသော မြတ်ပန်းရဂုံ ဓမ္မစာစောင်တွင် ဖတ်ရှုရပါသည်။

ထိုအခါမှစပြီး မရွတ်ဖတ်မီ မျက်နှာသစ် လက်ဆေး ခြေရေလောင်းပါတော့သည်။ နေ့စဉ် ဤသို့ပြုလာရာ တစ်လလောက်အကြာတွင် ထိုသို့သော နှာပိတ်ရောဂါ ရလာပါတော့သည်။ ကနေ့တိုင် ထိရောက်မှုမရှိသော ဆေးမြီးတိုများကြောင့် တစ်ရေးနိုး ထထိုင်နေရပါ၏။

ထိုသို့ထထိုင်ရင်း တန်ဆောင်မုန်းလပြည့်ညနှင့် ကြုံခဲ့သည်။ ထိုညနှင့်ကြုံဖူး ဆုံဖူးသော အဇာတသတ်မင်းကြီးကိုအမှတ်ရလာသည်။ ထို့မှတစ်ဆင့် အကြောင်းတိုက်ဆိုင်၍ အမေ့ကို သတိရလာခြင်း ဖြစ်သည်။

အကြောင်း တိုက်ဆိုင်လာ၍ ခလုတ်ထိမှ အမိတ ရသည်ဆိုသော စကားသည် ကျွန်တော့်အတွက် တမင်တကာ ရည်ညွှန်းထားလေရော့သလားဟု ထင်မိပါသည်။ ကျွန်တော်သည် ခုလိုအသက်အရွယ်ကကြီး၊ ငွေကြေးအကြပ်အတည်းကလည်း ရှိလာသည့် အချိန်မှာတော့ တကယ်ပါ အားကိုးအားထားရာအဖြစ် အမေ့ကို တမ်းတမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ငယ်စဉ်တုန်းက ကျွန်တော်တို့မြို့မှာ ဆေးရုံမရှိသေးပါ။ ဆေးပေးခန်းတော့ ရှိပါသည်။ သို့သော် ထိုဆေးပေးခန်းကို မြို့လူထုလည်း မသိပါ။ သိသည့်တိုင်အောင်လည်း အားကိုးရမှန်း မသိပါ။ ထားဝယ် ဦးဘိုးသင် မွန်တိုင်းရင်းဆေးဆရာကြီး ဖြစ်သော ဘကြီး ကွန်ဟလယ် စသော ဓာတ်ဗိန္ဒောဆရာများကိုသာ သိကြပါသည်။

ထိုဆရာကြီးများက တစ်နယ်လုံးအတွက် ကျန်းမာရေးကို တာဝန်ယူထားသလိုဆိုတော့ သူတို့နှင့်တွေ့ရန် မလွယ်ကူနိုင်လောက်အောင်ကိုပင် လူနာများကို ရွာစဉ်အလိုက်သွားကုနေရသည်။ သည်တော့ အရေးပေါ် ဖျားနာလာလျှင် ပရဆေးဆိုင်သို့သာ ပြေးရပါတော့သည်။

"အိမ်မှာ အငယ်ကောင်ကလေး ဖျားနေတယ်"

များများစားစား ရှင်းပြမနေရပါ။ ထိုသို့ရောဂါဖြစ်စဉ်ကို သံခိပ်နည်းဖြင့် ပြောလိုက်ရုံနှင့် ဒိဗ္ဗစက္ခုနတ်မျက်စိနှင့် ကြည့်လိုက်သည့်အလား လူနာ အခြေအနေကို သိပါတော့၏။ ဤအခါ ဗျတ်ဗျတ်နှင့် ဆေးတွေကို စက္ကူကလေးထဲ ထည့်ပေးပါတော့၏။

ငန်းဆေး၊ အစာများဆေး၊ ဝမ်းနုတ်ဆေးတို့မှာ ပင်တိုင်ဆေးပင်ဖြစ်၏။ ဒါတွေက ကမ္ဘာသုံးဆေးဟု ထင်ပါသည်။ လူမမာ အဖျားဝင်ပြီး ငန်းမဖမ်းရလေအောင် ငန်းဆေးတိုက်ကျွေး၏။ လူမမာ ဓာတ်ကြီးလေးပါးနှင့် မတည့်သော အစားအစာများ စားမိပါက ပြေပျောက်ရန် အစာများဆေးတိုက်ကျွေး၏။ ဖျားပြီး နောက်တစ်နေ့မှာ ဝမ်းတွင်းရှိအပူအပုပ်များကြောင့် အဖျားဖြစ်ရသည်ကို ရည်ရွယ်ပြီး ဝမ်းနုတ်ဆေးကျွေး၏။

ဤဆေးကြောင့်ပင်လျှင် ကျွန်တော့်အသက်တမ်းသည် (၇၀)နီးပါးသို့ ဆွဲဆန့်နိုင်ရခြင်း ဖြစ်၏။ မုဒ့်မှာ ပရ

> ကျွန်တော်သည်
> အသက်ကြီး၍ ဒုက္ခပေါင်းစုံနှင့်
> ကြုံတွေ့ရလေလေ
> အမေ့ကျေးဇူးကို တော့
> သတိရလေလေဖြစ်၏။

ဆေးဆိုင် လေးငါးဆိုင်ရှိပါသော်လည်း ဒေါ်ငွေတင်နှင့် ကြီးမဒင့်ဆိုသော ဆိုင်ကိုသာ မှတ်မိပါတော့၏။

ကျွန်တော် မှတ်မိပါသေးသည်။ ကျွန်တော် နေမကောင်းဖြစ်ပြီဆိုလျှင် အမေသည် ဦးစွာ "အပူထုတ်" ပေးလေ့ရှိပါသည်။ ဖျားနာခြင်းသည် အပုပ်များ အပူများ၍ ဖြစ်သည်ဟု မြန်မာ မွန် ဗိန္ဒောဆရာများ ယူဆထားဟန်တူပါသည်။

ထို့ကြောင့် ဝမ်းနုတ်ဆေးကျွေးကာ အပုပ်များကင်းစင်အောင် လုပ်သည်။ ပြီးတော့ အပူများကင်းစင်အောင် အပူများ ထုတ်ပေးပြန်သည်။

အမေသည် ဖျားနာနေသော ကျွန်တော့်အား အပူထုတ်ပေးလေ့ရှိပါသည်။ အိပ်ရာထဲမှာ လဲလျောင်းနေသည့် ကျွန်တော့်၏ ပေါင်ခြံနှစ်ဖက်တွင် အမေ့လက်ဖဝါးနှင့် ဖိကာ ငြိမ်သက်စွာတင်ထား၏။ အမေသည် စိတ်ရှည်လက်ရှည်ဖြင့် ဖိထောက်ကာ လက်ဖဝါးကို အကြာကြီးတင်ထား၏။ ကျွန်တော်ကတော့ ဇိမ်ကျကျ မှိန်းနေ၏။ အမေ့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်မှု အလျှင်းမရှိပါ။

"ဟာ ပူလိုက်တာ အမေရယ်"

"အပူတွေ ထွက်သွားတာကိုး ကွယ့်"

အမေ ပြောသလို အပူတွေ အလုံးလိုက် အခဲလိုက်ထွက်သွားသည် ဖြစ်၏။ ကျွန်တော့် ပေါင်ခြံနှစ်ဖက်မှ အမေ့လက်ဖဝါးကို ရုပ်လိုက်သည်နှင့် ရေနွေးအိုးအဖုံးကို ဖွင့်လိုက်သလို အပူ

တွေ လိုက်ထွက်လာပါတော့သည်။ အချိန်အတော်ကြာကြာ ဖိထားခြင်း ကြောင့် အပူများ ဆောင့်ထွက်လာ သလို ဖြစ်နေပါတော့၏။

အပူထုတ်ပြီးသော အမေသည် ကျွန်တော့်အား ချွေးထုတ်ပေးပြန်သည်။ ဓာတ်ကြီးလေးပါးညီညွတ်မျှတသွားစေ ရန် ဖြစ်သည်။ ဤအခါတွင်လည်း အမေသည် ကမ္ဘာဆေးကိုပင် သုံး သည်။

ထွေထွေထူးထူး ဆေးစွမ်း ကောင်းတွေ မရှိသေးသည့်ကာလ ဖြ ၍ ဤဆေးနည်းကိုပင် သုံးကြ ကမ္ဘာဆေးဟု တွင်နေပါ၏။

ရှေးဦးစွာ အမေသည် ရေနွေး တစ်အိုး တည်ပါသည်။ တစ်ပြိုင်တည်း မှာပင် အမေသည် အုတ်ခဲပိုင်း ခါ မဟုတ် သံတုံးတစ်တုံးကို မီးဖိုထဲတွင် မီးဖုတ်ပါတော့သည်။

ရေနွေး ကျိုက်ကျိုက်ဆူသော အခါ ဖုတ်ထားသော အုတ်ခဲပိုင်း၊ သံတုံး တို့သည်လည်း အပူကြောင့် နီရဲလာ ဖြစ်သည်။

ထိုအခြေအနေသို့ မရောက်မီ ကတည်းက အမေသည် ကျွန်တော် ချွေးအောင်း ချွေးထုတ်ရမည့် နေရာ ပြင်ထားပြီး ဖြစ်သည်။

ကျွမ်းပြီးသားမို့ အမေသည် နွားစာထည့်သည့် မြက်ခြင်းတောင်း ကောက်ရိုးခြင်းတောင်း အလွတ်တစ် ကို ကြမ်းပြင်ပေါ်တွင် မှောက်ချထား လိုက်သည်။

ပြီးတော့ စောင်ထူ စောင်ကြ တွေနှင့် လေဝင်လေထွက် မရှိအောင် ဖုံးအုပ်လိုက်သည်။ လေဝင်လေထွက် အတွက် သံသယ ဖြစ်ပါက ဂုံနီအိတ် တွေတောင် ထပ်ဆောင်းပါသေးသည် လုံလေ ကောင်းလေဟု ဆို၏။

ဤသို့ပြင်ပြီးပါက အမေသည် မြေအင်တုံတစ်ခုထဲသို့ ကျပ်ခိုးမှိုင်း ဆန်လွတ် နနွင်းမှုန့်တွေ ရှာတတ ဓာတ်ရသာကို ထုတ်ပေးသည့်



www.burmeseclassic.com

www.burmeseclassic.com

အခေါက်တွေ၊ အရွက်တွေ (အမည်တွေ မေ့နေသည်) ထည့်သည်။ သီးတောင့်တောင်ပါသေးသည်။

ပြီးတော့ မီးဖုတ်ပြီးသား မီးကျီးနှင့် တောက်နေသော သံတုံးကို ထိုအင်တုံထဲ ထည့်လိုက်သည်။ နောက်တော့ တပွက်ပွက်နှင့် ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကို လောင်းထည့်လိုက်သည်။

ဤအခါတွင် သံတုံးအပူပေါ်သို့ ရေနွေးပူလောင်းထည့်လိုက်ခြင်းကြောင့် တက်တွဲသံလို ရှဲခနဲ မြည်သွားရုံမက ဟောဇောချင်း တွေ့ထိလိုက်ည်ဖြစ်၍ ထိုအင်တုံပတ်ဝန်းကျင်တွင် လုံး မှိုင်းလုံးတို့ဖြင့် ဖုံးလွှမ်းသွား၏။

ထိုသို့ အပူရှိန်တလှိုင်လှိုင် ထွက်သော အင်တုံအပေါ်သို့ လေဝင်ထွက် အလျှင်းမရှိသော ခြင်းကျားကို အုပ်လိုက်ပါသည်။

ချွေးထုတ်မည့် ကျွန်တော့်အားည်း အကျီလက်ရှည်ထူထူ၊ ပုဆိုးထူထူဝတ်ပြီး ဝင်ထိုင်စေပါသည်။ ဝင်တ်နေရာယူလိုက်သည်နှင့် ချွေးတွေဖြိုင် ထွက်လာသည်။

ထိုသို့ ချွေးတွေ ဖြိုင်ဖြိုင်ထွက်ရုံနှင့် မပြီးသေး။ ရေနွေးပူ သံတုံးပူ၊ ဓာတ်ပေါင်းစုံ ထုတ်လွှတ်ပေးသော သီးအခေါက် အမြစ်တို့ဖြင့် ထုံမွှမ်းသည့် ရေနွေးပူပူ တစ်အင်တုံကိုည်း ခွက်ဖြင့် ခပ်သောက်ရပါသေး၏။

ရေပူ တစ်အင်တုံလည်းကုန်၊ တစ်ကိုယ်လုံးမှာလည်း ချွေးတွေကစ်နေပါတော့၏။ ဤလိုနည်းဖြင့် ဆေးဝါးကအစ အစစ အရာရာ ရှားသော ကာလတွင် အမေသည် ပိုးသလို ကျွန်တော့်အား မွေးခဲ့ပါ၏။

(၃)

ပြန်လည် ဆန်းစစ်ကြည့်လိုက်တော့ ကျွန်တော်သည် အရွယ်ရောက် အသက်တွေသာ ကြီးလာသည်။

တစ်ခါဖူးမျှ အမေ့ကို ကြင်နာယုယစွာဖြင့် မပြုစုခဲ့ဖူးပါ။

အမေက မုဒုံမှာနေသည်။ ကျွန်တော်ကတော့ မိသားစုနှင့် ရန်ကုန်မှာနေသည်။ တစ်ခါတစ်ခါတော့ အလည်ပြန်ဖြစ်သည်။

ပြန်ရောက်ခိုက်မှာ အမေကဆိုဆုံးမလေ့ရှိသည်။

အကြောင်းကတော့ ကျွန်တော်မလိမ္မာ၍ ဖြစ်သည်။ ကျွန်တော်ကကျွန်တော့်မိသားစုအတွက်သာ အလေးပေးသည်ဟု အမေဆိုသည်။

ကျွန်တော်က ဤသို့ မိသားစုအရေးကို ဦးစားပေးရသည်မှာ အိမ်ထောင်ရှင်ဦးစီးတစ်ယောက်၏ တာဝန်ဟု ခံယူထား၏။

ရှင်းရှင်းပြောရလျှင် ကျွန်တော်သည် အမေ့ကျေးဇူးကို ထိမ်မြှုထားရာကျပါသည်။

ခုတော့ အမေလည်း မရှိတော့ပါ။ ကျွန်တော်လည်း ပင်စင်နာဘဝသို့ရောက်ကာ စီးပွားရေးလည်း ကျလာသည်မက ကြုံတွေ့နေရသော သွေးတိုး၊ ဆီးချိုရောဂါအတွက် ဆေးဖိုးငွေကို မနည်းရှာကြံနေရသည်။

နောက်ဆုံးမှာ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာသကာဟု သဘောထားလိုက်ပါ၏။ ဆေးဖိုးရှာရလျှင် သက်ဆိုးရှည်မည်။

ရှာမရလျှင် နောက်ခန္ဓာဖြင့် နောက်ဘဝတွင် ပျော်ပျော်နေတော့မည်ဟု တိတ္တိဆန်ဆန် ယူဆမိပါတော့၏။

ထိုသို့ လောက ဘဝကြီးကို လက်လျှော့ဥပေက္ခာစကားဖြင့် လက်ခံထားကာမှ ဝဋ္ဋ်အစပိုင်းမှာ အစပျိုးထားသလို နှာပိတ်ရောဂါ ခံစားရပြန်သည်။

ရှင်မရှိသည့်အထဲ အဂ္ဂလူထွက်သလို မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိသလို ဖြစ်နေပါတော့၏။ ငွေရေး ကျပ်တည်းရသည့်အထဲ နှာပိတ်ရောဂါက ဝင်ရသေး။

ကျွန်တော်သည် အိပ်နေရာမှ ထထိုင်ကာ တန်ဆောင်မုန်းလပြည့်ညကြီးအား ကြည့်ပြီး အတွေးတွေ ကြွယ်နေပါတော့၏။

၁၉၉၀ ပြည့်နှစ် မရောက်မီ တစ်ရက် အလိုမှာ ဖြစ်၏။ ထိုစဉ်က အမေ့အနားမှာ ကျွန်တော် ရှိနေပါ၏။ အမေလေဖြတ်သည့် အကြောင်း ညီမငယ်က ဖုန်းဆက်လာ၍ ရောက်နေခြင်း ဖြစ်၏။

လေဖြတ်ပြီးကတည်းက အမေသည် သတိလက်လွတ်ဖြစ်ပြီး စကားမပြောနိုင်ခဲ့ပါ။

အမေသည် ခက်ခက်ခဲခဲ ဖုတ်လှိုက် ဖုတ်လှိုက် အသက်ရှူနေရင်း လောကကြီးအား နှုတ်ဆက်နေသည်မှာ ငါးရက်မြောက်သည်နှင့် ကွယ်လွန်သွားသည်။

ကျွန်တော်သည် ဆေးဝါးရှားပါးသည့်ခေတ်ကာလတွင် ခဲခဲယဉ်းယဉ်း အသက်ရှင်ခွင့်ပေးထားသော အမေ့အား သိပ္ပံအတတ်ပညာထွန်းကားသော ကျွန်တော့်တို့ ခေတ်ကာလရောက်မှ မည်သည့်ဆေးဝါး တစ်ဖွန်းတစ်စကိုမျှ မတိုက်ကျွေးလိုက်ရတာကိုတော့ ဝမ်းနည်းနေမိပါ၏။

ဘာပဲပြောပြော ကျွန်တော်သည် အသက်ကြီး၍ ဒုက္ခပေါင်းစုံနှင့် ကြုံတွေ့ရလေလေ အမေ့ကျေးဇူးကိုတော့ သတိရလေလေဖြစ်၏။

အမေ့အပေါ်၊ အမေ့ကျေးဇူးအားကလန်ကဆန်လုပ်သောကျွန်တော့်အား ပြောစကားကိုလည်း မေ့မည်မဟုတ်တော့ပါ။

"တစ်နေ့တော့ နောင်တရမှာပါ" တဲ့။

❐ မုဒုံသုမှန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်

# နတ်သမီးတောင်ခြေရင်းက နတ်ပြေစိမ်း

နတ်သမီးတောင် (သို့မဟုတ်) မင်းသမီးတောင်တန်းကြီးသည် မြစ်ကြောင်းအတိုင်း အရှေ့မှ အနောက်သို့ ခပ်ဝိုက်ဝိုက်ကလေး သွယ်တန်းလျက်ရှိပါသည်။

ပင်လယ်ရေမျက်နှာပြင်ထက် ပေသုံးထောင်နီးပါး မြင့်လျက်ရှိသော အဆိုပါတောင်တန်းကြီးမှာ အင်တိုင်းတောထိုဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ အခြားသော ကျွန်း၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး များမှာလည်း ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည့်အပြင် ထိုအပင်များ၏ အောက်ခြေ၌ ကြိမ်ပင်၊ ဓနိပင်၊ တောငှက်ပျော၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ဖာလာ၊ သင်အူ၊ ဝါးနွယ်၊ နဘူးနွယ် အစရှိသော ချုံယောင်ပုပ်ယောင်အပင်တို့ကြောင့် အောက်ခြေ ရှုပ်လျက် ရှိပြန်သည်။

လူသူ အရောက်အပေါက်ကလည်း နည်းသဖြင့် သားရဲတိရစ္ဆာန်တို့ ခိုအောင်းရာ နေရာကြီးတစ်ခုအဖြစ် တည်ရှိနေပါတော့သည်။ တောင်ခြေရင်း၏ မြစ်ကမ်းဘေးတွင် ဒေသခံလူများက ငှက်ပျော၊ ပိန္နဲ၊ သရက်၊ တညင်း၊ ရှောက်၊ သံပရာ အစရှိသော နှစ်ရှည်ပင်များကို သူ့ခြံ ကိုယ့်ခြံ သတ်မှတ်ထားကာ လာရောက်စိုက်ပျိုးကြသည်။

ထိုခြံများတွင် မိသားစုများပါ လာရောက်နေထိုင်နိုင်သည့် တဲအိမ်ကလေးများကိုလည်း တည်ဆောက်ထားကြသည်။ မိသားစုများအနေဖြင့် အမြဲတမ်းလာပြီး မနေကြပါ။ သီးနှံပေါ်ခါစလောက်တွင်မှ လာရောက်ပြီး အသီးအနှံများကို ဆွတ်ခူးရင်း လာနေတတ်ကြသည်။

ယခုနှစ် မိုးဦးကျကာလတွင် ကိုထိန်လင်းက သူ၏ မိသားစုများကို ခေါ်မလာသေးဘဲ သူရင်းငှားမောင်ပုနှင့်အတူ ဦးစွာရောက်ရှိလာကြပြီး ခြံအတွင်းရှိ ပေါင်းမြက်များကို ညအိပ်ညနေ နေ၍ ခုတ်ထွင်ရှင်းလင်းနေပါသည်။ ထို့အတူ ခြံချင်းကပ်နေသော ကိုမြမောင်ကလည်း မိသားစုများကို ခေါ်မလာသေး၍ ကိုထိန်လင်း၏ တဲအိမ်ကလေးမှာပင် အတူပေါင်းပြီး လာရောက်နေထိုင်ကာ ပေါင်းမြက်များကို ရှင်းလင်းနေပါသည်။

တစ်နေ့တွင် ကိုထိန်လင်းနှင့် ကိုမြမောင်တို့နှစ်ယောက် တူမီးသေနတ်ကိုယ်စီဖြင့် တောပစ်ရန် မင်းသမီးတောင်ပေါ်သို့ တက်ခဲ့ကြသည်။

သူတို့ နှစ်ယောက်စလုံးသည် အမဲလိုက် အတွေ့အကြုံ အသင့်အတင့်မျှသာရှိပြီး ဝါရင့်မုဆိုးများ မဟုတ်ကြပါ။ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများလည်း မဟုတ်ကြပါ။

တစ်ခါတစ်ရံဆိုသလို အားလပ်သည့်အခါများမှာသာ တောပစ်ထွက်တတ်ကြခြင်းသာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျစ ကာလဖြစ်၍ စိမ်းစို သော သစ်ရွက် သစ်ခက် ချုံတော ကို အကာအကွယ်ယူရင်း မင်းသမီး ောင်ပေါ်သို့ တောင်စွယ်အတိုင်း ဖြည်းချင်း တက်လာခဲ့ကြသည်။

တောကြက်အုပ်နှင့် မျောက်များ ော့ မပစ်ချင်အံဆုံး တွေ့တွေ့နေရ ည်။

သို့သော် သူတို့က ချေ၊ ဆတ်၊ တက်များကိုသာ ပစ်လိုကြသည်။ ၍တောကြက်အုပ်နှင့်မျောက်အုပ် ကို ဒီအတိုင်း ဘေးမဲ့ထားကာ သတ် ချီတက်ခဲ့ကြသည်။

နတ်သမီးတောင်၏ ဘယ်ဘက် ကို ကျော်သွားလျှင်တော့ လျှို ယ်အသွယ်သွယ်တို့ရှိကြသည်။ ဆားငန်အိုင်များ၊ ချောင်းများတို့လည်း ရှိကြသည်။

ထိုနေရာကိုလည်း သူတို့ နှစ်ယောက်က မသွားလိုကြပါ။ အကြောင်းမှု အဆိုပါဘက်အခြမ်းတွင် သားကောင်ကြီးများဖြစ်ပြီး လူကိုပင်ပြန်၍ အန္တရာယ်ပေးနိုင်သော ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ပြောင်များအပြင် ဆင်အုပ်တို့ကိုပါ တွေ့ရနိုင်ပါသည်။

ထို့ကြောင့် မုဆိုးအတွေ့အကြုံ နုနယ်သေးသော သူတို့အနေဖြင့် မသွားလိုကြ။

တောင်၏ ညာဘက်အခြမ်း မြစ်ကမ်းဘေးတွင်လည်း တောဝက်၊ ချေ ဆတ်များကို တွေ့ရနိုင်သဖြင့် တောင်၏ ခါးလယ်လောက်ကနေပြီး ညာဘက် အခြမ်းတစ်လျှောက်ကိုသာ အမဲလိုက်ရန် ဆုံးဖြတ်ထားကြသည်။

မင်းသမီးတောင်ပေါ်သို့ တက်လာပြီး တစ်ဝက်လောက် မရှိတရှိတွင် တောင်၏ ညာဘက်အခြမ်းကို စ၍ ပတ်လာခဲ့ကြသည်။ တောကောင်တို့ အုပ်စုဖြင့် သွားထားသော လမ်းကြောင်းများ၊ ဆင်လမ်းများကို အမှီပြုပြီး ရှေ့ဆက်ခဲ့ကြသည်။ မင်းသမီးတောင်၏ တောင်ကြောပေါ်တွင် ချေဟောက်သံများ၊ ဆတ်တစ်သံများ၊ မျောက်တို့၏ အော်မြည်သံများက မကြာခဏ ကြားနေရသော်လည်း သူတို့နှစ်ယောက်က တောင်ပေါ်အထိ မတက်လိုကြတော့။

သို့ဖြင့် တောင်၏ ညာဘက် အခြမ်းခါးလယ်လောက်ကနေပြီး ပတ်လာခဲ့ရာ တောင်ပေါ်မှ စီးဆင်းလာသော စမ်းနံဘေးတွင် ဖွတ်တစ်ကောင်ကို တွေ့ရတော့သည်။ သေနတ်နှင့် မပစ်ဘဲ ပါလာသောဓားများဖြင့် လိုက်ပြီး ခုတ်ကြရာ အလေးချိန် ငါးပိဿာလောက်ရှိနိုင်သော ဖွတ်တစ်ကောင်ကို စတင်ရရှိလေတော့သည်။

ဒီနေ့အဖို့ တော့ ဘာပဲပြောပြော ဟင်းစားလေးတော့ ရလေပြီ။ နာရီကို ကြည့်လိုက်သောအခါ ညနေ ၃ နာရီ ထိုးပြီဖြစ်ကြောင်း တွေ့ရလေသည်။

သို့ဖြစ်၍ ရသမျှနှင့် တင်းတိမ် ရောင့်ရဲကာ အပြန်ခရီးအတွက်ကလည်း ရှိနေသေးသည်မို့ မြစ်ကြောင်းရှိရာဘက်ဆီသို့ ဦးတည်ပြီး တောင်စွယ်အတိုင်း တဖြည်းဖြည်းချင်း ဆင်းလာခဲ့ကြတော့သည်။

ဤကဲ့သို့ ဆင်းလာရင်း တောင်ပိန္နဲပင်အောက်သို့ အရောက်တွင်မူ နှစ်ယောက်သား ခဏထိုင်ပြီး နားလိုက်ကြသည်။

မိုးဦးကျစ ကာလဖြစ်သော်လည်း ရာသီဥတုက ကိုယ့်ဘက်ပါနေသည်။ သာသာယာယာရှိလှပါသည်။ မြစ်ကြောင်းဘေး တစ်လျှောက်ဘက်တွင် ဒေါင်းတွန်သံနှင့် မျောက်တစ်အုပ်





www.burmeseclassic.com

www.burmeseclassic.com

တို့၏ အော်မြည်သံကို ခပ်သဲ့သဲ့ကလေး ကြားနေရသည်။

ထိုစဉ် သူတို့နှင့် ကိုက်တစ်ရာ ကျော်ကျော်အကွာလောက်တွင် . .

"ဝေါင် . . ဝေါင် . . ဝေါင်"

ချေဟောက်သံကို သူတို့ဆက်ပြီးဆင်းရမည့် တောင်စွယ်ပေါ်တွင် ကြားလိုက်ရခြင်းဖြစ်သည်။ နှစ်ယောက်သား ဝိုင်းကြည့်လေသော် ဒူးဆစ်သာသာလောက်သာ မြင့်သော သက်ငယ်တော၏ အလယ်တွင် ချေတစ်ကောင်က ကဆုန်ပေါက်ပြီး ဟောက်နေခြင်း ဖြစ်လေသည်။ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရပြီး ကြောက်အားလန့်အားနှင့် ဟောက်နေပုံရသည်။

အရှေ့ဘက်လှည့်ပြီး ဟောက်လိုက်၊ အနောက်ဘက်ကို ကဆုန်ပေါက်လှည့်ပြီး ဟောက်လိုက်၊ တောင်ဘက်၊ မြောက်ဘက်ဆီသို့ ကဆုန်ပေါက်လှည့်ပြီး ဟောက်လိုက်နဲ့ ဖြစ်နေသည်။

ကြည့်ရသည်မှာ လက်ရှိနေရာကနေပြီး တခြားတစ်နေရာဆီသို့ ထွက်ပြေးရန် ကြိုးစားနေပုံရသည်။ ကဆုန်ပေါက်ပြီး အားနဲ့ရုန်းထွက်ပါသော်လည်း မြေပြင်သို့ ပြန်အကျတွင်မူ လက်ရှိနေရာမှာပဲ ပြန်ပြန်၍ ကျနေရသည် ထင်ရ၏။

သို့ဖြစ်၍ ထွက်ပြေးရန်ကြိုးစားနေသော်လည်း ထွက်ပြေး၍ကား မရ။ သုတ်ကိုင်းမိထားသည့် ပုံစံမျိုးလည်း မဟုတ်ပါပေ။

သို့ဆိုပါလျှင် အဘယ်ကြောင့် ဤကဲ့သို့ သွေးရူးသွေးတန်းဖြင့်ကြောက်လန့်တကြား လှည့်ပတ်ပြီး ကဆုန်ပေါက်ကာ ဟောက်နေရပါသနည်း။

အကြောင်းတစ်ခုခုတော့ ရှိရပေမည်။ ထိုလျှို့ဝှက်ချက် အကြောင်းအရာကို သိရှိနိုင်ရန် ကိုထိန်လင်းနဲ့ ကိုမြမောင်တို့နှစ်ယောက်က ပါလာသော တူမီးသေနတ်ဖြင့် မပစ်သေးဘဲ ခေတ္တစောင့်ဆိုင်းပြီး အကဲခတ်ကြည့်နေကြစဉ် သက်ကယ်ပင်များက လေတိုက်ခြင်းမရှိပါဘဲနဲ့ သားကောင်ရှိရာဆီသို့ တဖြည်းဖြည်းချင်း ယိမ်းညွတ်လာနေကြောင်း တွေ့ရလေတော့သည်။

ထူးဆန်းအံ့ဩဖွယ် ကောင်းလေစွ။ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားနေသော ချေမှာလည်း လက်ရှိနေရာက တစ်ဖဝါးမှထွက်ခွာခြင်း မပြုနိုင်။

သို့ဖြင့် ကိုထိန်လင်းနဲ့ ကိုမြမောင်တို့ နှစ်ယောက်မှာ အဆိုပါ ထူးဆန်းလှသော အဖြစ်အပျက်ကို စူးစမ်းလိုကြသဖြင့် ချေအား မပစ်သေးဘဲ နှစ်ယောက်သား တိုင်ပင်ကာ ကိုမြမောင်အား လက်ရှိနေရာတွင် ထားရစ်ခဲ့ကာ ကိုထိန်လင်းတစ်ယောက်တည်း ချေရှိရာဆီသို့ တဖြည်းဖြည်းချင်း တိုးကပ်သွားလေသည်။

ချေမှာ အရပ်လေးမျက်နှာစလုံးသို့ လှည့်ပတ်ကာ ဟောက်နေသဖြင့် ဒူးဆစ်လောက်သာ မြင့်သော သက်ကယ်တောကို ကုန်းကုန်းကွကွဖြင့် တိုးကပ်လာနေသော ကိုထိန်လင်းအား မမြင်တွေ့ရလောက်နိုင်စရာ မရှိပါ။

သို့သော်လည်း ချေက တခြားနေရာသို့ ထွက်ပြေးသွားခြင်း မရှိ၍ ကိုထိန်လင်းအား မမြင်တွေ့ရသည်လား၊ သို့မဟုတ် မြင်တွေ့နေရသည့်တိုင် ထွက်ပြေး၍ မရနိုင်လောက်အောင် ရှိနေသော အနှောင်အဖွဲ့ တစ်ခုခုကြောင့် ထွက်မပြေးနိုင်ဘဲ ရှိနေရခြင်းပေပဲလား။

ကိုထိန်လင်းသည် ချေနှင့် ဝါးတစ်ပြန်ကျော် အကွာအဝေးသို့ ရောက်ရှိသွားသည့်တိုင် ချေက သူ့ကို ဂရုမစိုက်ပါ။ ပတ်ချာလှည့်ပြီး ကဆုန်ပေါက်ကာ သွေးရူးသွေးတန်းပုံဖြင့် ဟောက်နေဆဲ။

ဒီထက်ဆက်ပြီး တိုးသွားရပါက ချေအား အရှင်ဖမ်းရန်သာ ရှိတော့သည်။

သို့သော်လည်း ကိုထိန်လင်းက ရှေ့ဆက်ပြီး မတိုးရဲတော့ပါ။ အကြောင်းမူ အဆိုပါချေ၏ အောက်ခြေတွင် မည်ကဲ့သို့သော အန္တရာယ်စက်ကွင်းက ရှိနေမှန်းမသိ၍ ဖြစ်သည်။ ထိုအန္တရာယ် စက်ကွင်းက လူကိုပါ ဒုက္ခမပေးဘူး မဆိုနိုင်ပါ။

သို့ဖြစ်၍ ထိုနေရာမှ နေ... သားကောင်အား ချိန်ရွယ်ကာ ပစ်ထ... လိုက်တော့သည်။

"ဒိုင်း"

သေနတ်သံ၏ မြည်ဟီးပေါ်... ကွဲသံနဲ့အတူ ချေမှာ ခြေဦးတည့်... အောက်ဘက်သို့ ဒရောသောပါး ထွ... ပြေးသွားပါလေတော့သည်။ ဒဏ်... တော့ ရသွားနိုင်ပါသည်။ သို့သေ... လည်းသေလောက်သည့်ဒဏ်ရာမဟု... ၍ ထွက်ပြေးသွားနိုင်ခြင်းဖြစ်နိုင်သ...

ကိုထိန်လင်းမှာ ထွက်ပြေးလွ... မြောက်သွားသော ချေကို စိတ်ဝင်... ခြင်း သိပ်မရှိ။ သူစိတ်ဝင်စားသည်... ချေ၏အောက်က အန္တရာယ်စက်ကွ... ကိုသာ ပို၍စိတ်ဝင်စားသည်။

သို့ဖြစ်၍ ချေထွက်ပြေးသွ... သောနေရာအား ရှေ့ကိုတိုးပြီး ကြ... သောအခါ အားပါးပါး ကွမ်းသီးပင်... လောက်ရှိပြီး အရှည်အားဖြင့် ဝါး... ပြန်ကျော်ကျော်လောက်ရှိမည်ဟု ... မှန်းရသော သတ္တဝါကြီးတစ်ကော... သူ၏ တစ်ကိုယ်လုံးတွင် လင်းလက်... သော အစိမ်းရောင် အလင်းတန်း... ဖြာထွက်လျက် တွန့်တွန့်ခွေခွေက... ရှိနေကြောင်း တွေ့လိုက်ရလေ... သည်။

ကိုထိန်လင်းမှာ သံပန်းထည်... ဝရိန်ဆော်သောနေရာသို့ အနီးက... သွားကြည့်မိလိုက်သကဲ့သို့ စက္ကန့်... အတွင်းကလေးမှာပင် ဘာကိုမှမမြ... တော့သလို ဖြစ်သွားပါတော့သည်။

အမြင်အာရုံများမှာ အ... ဖုံးသွားခြင်းမဟုတ်ဘဲ မည်သည့် ... ကို ကြည့်ကြည့် အစိမ်းရောင် အ... တန်းများကိုသာ တွေ့နေရ၍ ... သည်။

သဘာဝ တောတော... စသည့် အရာအားလုံးကို မမြင်...

www.burmeseclassic.com

...တော့ပဲ ဘယ်နေရာကို ကြည့်ကြည့် ...သော အစိမ်းရောင် ဟင်းလင်းပြင် ...စ်ပါး အခြားအရာဝတ္ထုများ ဟူ၍ ...တွေ့ရတော့ပါ။

နောက်ဆုံး မိမိခန္ဓာကိုယ်ကို ...ကြည့်သောအခါတွင်လည်း ခန္ဓာ ...ကိုယ်တစ်ခုလုံး ပျောက်ဆုံးနေကာ ...လင်းရောင်သက်သက်ကိုသာ တွေ့ ...ရလေတော့သည်။

ထူထဲသော မြူနှင်းအကြားထဲ ...၌ ရောက်ရှိနေပြီး ပတ်ဝန်းကျင်သို့ ...ရသည့် အမြင်အာရုံမျိုးနဲ့ ခပ်ဆင် ...တူသည်ဟု ပြောရလောက်နိုင်သော် ...လည်း မတူပြန်ပါ။

အဘယ်ကြောင့်ဆိုသော် မြင်နေ ...သော စူးရှလှသည့် အလင်းတန်း ...တာ မိမိ၏မျက်စိအား ပြန်လည် ...ခတ်လာနေသကဲ့သို့ ခံစားနေရ ...သည်။

စူးရှမှုဒဏ်တို့ကြောင့် မျက်စိ ...မှာလည်း ကျိန်းစပ်စပ် ဖြစ်လာ၍ ...သည်။

တစ်ချိန်တည်း တစ်ပြိုင်တည်း ...သလို မိမိ၏ ခန္ဓာကိုယ်တွင် လှည့် ...လည်ဆင်းနေသော သွေးများမှာလည်း ...နေသွားသည်လား မဆိုနိုင်။ ခန္ဓာ ...ကိုယ် တစ်ခုလုံးမှာ လှုပ်ရှားမှု နှေးကွေး ...တော့သည်။

ခန္ဓာကိုယ်အား ထမ်းထားရ ...သော ခြေနှစ်ဖက်တို့မှာလည်း ကွေးညွတ် ...ချင်သလို ခံစားလာရတော့သည်။ ...ဖြတ်လတ် သွက်လက်နေသော ...ကိုယ်၏အားအင်တို့သည် တဖြည်း ...ယုတ်လျော့လာသည်။

အမြင်အာရုံတွေ ဝေဝါးပြီး အင် ...ပါ ချည့်နဲ့လာခြင်းနဲ့အတူ အသိ ...များမှာလည်း မှုမှန်ခြင်းမရှိတော့။ ...ရှိနေရာအား မည်သည့် ကိစ္စ ...ကြောင့်ရောက်ရှိလာပြီး ဘာတွေလုပ် ...သည်ဆိုခြင်းတို့ကိုပါ ပြန်စဉ်းစား၍ ...နိုင်တော့သလို ခံစားလာရတော့ ...သည်။ အတိတ်ကိုပါ မေ့နေခြင်း မဟုတ်

တော့ဘဲ ဝစ္စုပ္ပန်ကိုပါ သတိမေ့သလို ဖြစ်နေတော့သည်။

လူတစ်ကိုယ်လုံး ခွေယိုင်သလို မျိုး ဖြစ်နေသည်ကို တောင်ပိန္နဲပင် အောက်တွင် ကျန်ခဲ့သော ကိုမြမောင် က လှမ်းပြီးတွေ့လိုက်ရသဖြင့် ကိုထိန် လင်း ရှိရာဆီသို့ အမြန်ဆုံးပြေးလိုက် သွားသည်။

ရောက်သောအခါ ကိုထိန်လင်း ရှေ့တွင် ရှိနေသော စူးရှသည့် အလင်း တန်းများ ဖြာထွက်နေသည့် သတ္တုဝါ ကြီးကို မြင်မြင်ချင်း တူမီးမချိန်တော့ဘဲ ပစ်ထုတ်လိုက်သည်။

"ဒိုင်း"

သေနတ်သံနဲ့အတူ လုံးလုံးရှည် ရှည်ရှိသော သတ္တဝါကြီးမှာ အပေါ်သို့ ဝါးတစ်ပြန်ခန့်အမြင့်ထိ ခုန်တက်သွား ပြီး မြေပေါ်သို့ ပြန်အကျတွင်မူ နတ် သမီးတောင်ပေါ်သို့ ဒရောသောပါး ပြေးတက်သွားပါလေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ. . ဝေါ"

"ရှီ. . ရှီ. . ရှီ. . ရှီ"

ထိုအခါမှပင် မြွေကြီးတစ် ကောင် ဖြစ်နေကြောင်း သတိထားမိ တော့သည်။

ကိုထိန်လင်းမှာလည်း သေနတ် သံ၏ ပေါက်ကွဲမှုကို နားကွဲအောင် ကြားလိုက်ရလေမှ သတိတွေ ပြန်ရ လာပြီး ခေါင်းခါခါ လည်ခါခါနဲ့ မျက်စိ မျက်နှာများကို လက်ဖြင့် ပွတ်ကာသပ် ကာဖြင့် ဟိုကြည့် ဒီကြည့်လုပ်လာလေ တော့သည်။

အိပ်မက်ဆိုးမှ နိုးထလာသူ ကဲ့သို့ ကြောက်စိတ်များ ရောပြွမ်းကာ ဟိုကြည့် ဒီကြည့် ဖြစ်နေသည်။

ထိုအခါ ကိုမြမောင်က. . .

"ဟေ့ကောင် ထိန်လင်း၊ သတိ ရပြီလား၊ ငါ မြမောင်လေ မှတ်မိတယ် နော်"

ကိုထိန်လင်းမှာ သူ၏ ခန္ဓာ ကိုယ်အား ဟိုစမ်း ဒီစမ်းလုပ်ကာ တုန် ချည့်နေသော လေသံတို့ဖြင့်. . .

"အေး. . သတိရလာပြီ၊ ငါ ဘာ တွေ ဖြစ်သွားတာလဲ၊ ခုနင်က ငါ ချေ တစ်ကောင်ကိုတော့ မိမိရရ ပစ်လိုက် ပါတယ်နော်၊ အင်း အင်း ငါ အားလုံး ကို မှတ်မိလာပါပြီ၊ ဟို ငါ့ရှေ့က စူးရှ တဲ့ အလင်းရောင်တွေ ဖြာထွက်နေတဲ့ အကောင်ကြီးကကော"

"ငါသေနတ်နဲ့ ပစ်ထည့်လိုက်လို့ အဲဒီနတ်သမီးတောင်ပေါ် ဘက်ကို ပြေး တက်သွားပါပြီ၊ ချေကို ညှိုပြီး ဖမ်းစား ဖို့ လုပ်နေတဲ့ မြွေကြီးတစ်ကောင်ပါပဲ၊ ဒီအကြောင်းအရာတွေကို ငါတို့ တဲဆီ ရောက်မှပဲ ပြောကြတာပေါ့၊ လော လောဆယ် တဲကို အမြန်ဆုံးပြန်ကြရ အောင်ပါ" ဟု ပြောလိုက်သောအခါ ကိုထိန်လင်းက. . .

"အေးပါ ပြန်တာပေါ့၊ ဒါနဲ့ ခုန က ချေက ဒီဘက်ကိုပဲ ပြေးဆင်းသွား တာကွ၊ ဒီမှာလေ သွေးကွက်တွေ၊ ဒဏ် ရာနဲ့ ထွက်ပြေးသွားတာဆိုတော့ ဒီရှေ့ နားလေးတင် သေနေနိုင်တယ်၊ ခဏ လေး သွားရှာပြီး ပြန်ကြတာပေါ့"

ဟုဆိုကာ နှစ်ယောက်သား သွေးစက်နောက်ကို ခြေရာခံပြီး လိုက် သွားကြရာ မကြာမီ သေနေပြီဖြစ်သော ချေကို တွေ့လိုက်ရလေတော့သည်။

ထိုအခါ ချေနှင့် ဖွတ်ကို တစ် ယောက်တစ်လှည့်စီ အလဲအလှယ်လုပ် ကာ ထမ်းပြီး ပြန်ခဲ့ကြလေတော့သည်။

❒ ချစ်ဆိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# အပြစ်တယေလွှတ်ပါစေ

"ဗိုလ်စံရေ"

အိမ်ရှေ့က ခေါ်သံကြားလိုက်ကတည်းက. . .

"ဟော့ ကြိုင်ကြီးလား၊ လာ. . လာ"

ဦးဝင်းကြိုင်ရဲ့ အသံမှန်းသိပါတယ်။

ဗိုလ်တွေခေတ်စားနေတဲ့အချိန်မှာ ကြိုင်ကြီးက ကျွန်တော့်ကို 'ဗိုလ်စံ' လို့ ကင်ပွန်းတပ်ခေါ်ပါတယ်။ တကယ်တော့ ကျွန်တော်က စစ်ထဲက မဟုတ်ပါ။ စစ်တပ်နဲ့လည်း မပတ်သက်ခဲ့ပါ။ 'ဗိုလ်ချုပ်ရွာ' မှာနေလို့ တင်စားပြီး ခေါ်ခြင်းသာ ဖြစ်ပါတယ်။

'ကြိုင်ကြီး'ဆိုတာကလည်း တခြားသူ မဟုတ်ပါ။ 'သန်လျင်မောင်လှမျိုး' ဆိုတဲ့ ကလောင်နာမည်နဲ့ စာတွေ၊ ကဗျာတွေရေးနေတဲ့သူပါ။ မြန်မာစာမှာလည်း နှံ့စပ်တဲ့ သူဖြစ်တဲ့ အပြင် အင်္ဂလိပ်စာကို နှံ့နှံ့စပ်စပ် အဖတ်များ၊ အရေးများတဲ့သူပါ။ စာကြမ်းပိုး တစ်ယောက်ပါ။

သူနဲ့ ကျွန်တော်နဲ့က သူငယ်

ချင်းတွေဆိုလည်း ဟုတ်တယ်။ စာ

မိတ်ဆွေဆိုလည်းဟုတ်တယ်။ ညီအစ်

လို့ ခင်မင်ကြ၊ သံယောဇဉ် ရှိကြတ

ဆိုလည်း ဟုတ်တယ်။ အိမ်ထဲမှာ

လက်ကုလားထိုင် တစ်ယောက်တစ်

ထိုင်မိကြတော့ သူက စပြောတယ်။

"ဗိုလ်စံ ဟိုတလောတုန်းက

လွှတ်လိုက်တဲ့ ကောင်မလေးနဲ့ ကော

လေးတွေ နင့်ဆီလာတယ် မဟုတ်လား

"သြော် မရီတို့နဲ့တူတယ်၊

လာတယ်ဟာ နင် ရှိလိုက်တဲ့မီး

လာလာလောင်တယ်. . .ဟဲ ဟဲ"





www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသူချင်းတွေမို့ ပြောမနာ ဆိုမနာတွေလေ။

"မီးရှို့တာ မဟုတ်ဘူးဟ၊ ငါ့ မိတ်ဆွေတစ်ယောက်ရဲ့ ညီတွေ ညီမ တွေပါဟာ၊ ငါနဲ့လဲ ခင်နေကြတော့ သူ တို့က ဥပဒေအကြောင်းတွေ လာမေး နေတော့ ငါလဲ မသိဘူး၊ နင်တို့ ရှေ့နေ တွေမှ လိမ်တတ် ကောက်တတ်တာ မဟုတ်လား"

"ဟ ဟ ပေါ်တင်ကြီးပါလား၊ လိမ်တာ ကောက်တာကို ဖြောင့်ပေးနေ တဲ့လူတွေလို့လဲ ပြောလို့ ရပါတယ်ဟာ"

"မသိပါဘူးကွာ၊ မောင်ရင်တို့ ဥပဒေတွေက"

"ဥပဒေတွေက ဘာဖြစ်လဲ"

"ခုတစ်မျိုး တော်တော်ကြာ တစ်မျိုးနဲ့"

"အေးလေ တစ်မျိုးတည်းပဲလေ"

"အေး အေး ဟုတ်ပါပြီ၊ ဟုတ် ပါပြီ၊ ငါမှားပါတယ်ကွာ ထားပါတော့၊ ခုတစ်မျိုး ၊တော်ကြာတစ်မျိုးဆိုတော့ တစ်မျိုးတော့ တစ်မျိုးတည်းဟနော်၊ နင်တို့ တော်တော် တတ်လဲတတ်နိုင် တယ် . . . ဟဲ ဟဲ"

သူက ကျွန်တော် ဧည့်ခံတဲ့ လက်ဖက်နဲ့ ရေနွေးကြမ်းကိုသောက်ပြီး သူ့အိတ်ထဲက ပါလာတဲ့ ဆေးပေါ့လိပ် ကို ထုတ်ပြီး မီးညှိနေပါတယ်။

ကျွန်တော်က. . .

"သူငယ်ချင်း ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူး"

"အေးလေ"

"အောက်မှာလဲ ဘယ်သူမှ မရှိ ဘူး သူငယ်ချင်းရ"

"ဟဲ ဟဲ . . နင့်ဟာတော်တော့"



www.burmeseclassic.com

www.burmeseclassic.com

"တော်ဆို တော်ပါ့မယ်ဗျာ၊ နင်က မေးလို့ ပြောရတာ"

"နေဦး မတော်နဲ့ဦး"

"နင့်ဟာကလဲ အမျိုးမျိုး ဘာလဲပြော"

"ငါ နင့်သီလာတာက အဲဒီ ကောင်မလေးနဲ့ ကောင်လေးတွေ အမွေ ရနိုင်ပါ့မလားလို့ သိချင်လို့"

"ဩော် . . . ဒါလား"

"အေး. . ငါလဲ ငါ့လာမေးတော့ မပြောတတ်ဘူး၊ နင့်ဆီပဲသွားပြီး အကူအညီတောင်းဆိုပြီး လွှတ်လိုက်တာ၊ ဒါပေမယ့် ငါကိုယ်တိုင်သိချင်တာနဲ့ နင့်ကို မေးမလို့ ထွက်လာခဲ့တာ"

"စောစောက ပြောရောပေါ့"

သူငယ်ချင်းတွေ မတွေ့တာ ကြာတော့ ရောက်တတ်ရာရာ ပြောနေကြတာပါ။

သူလာတဲ့ အကြောင်းရင်းက အခုမှ စတယ်။

"နင် လွှတ်လိုက်တဲ့ မောင်နှမ သုံးယောက်က ပထမသမီးအကြီး မရီက ဦးအုံးသင်နဲ့ ဒေါ်ငွေခင်တို့က မွေးတဲ့ သမီး"

"အေး . . . ဟုတ်တယ်"

"ဒေါ်ငွေခင် သေသွားတော့ ဦးအုံးသင်က ဒေါ်သိန်းတင်နဲ့ ဒုတိယ အိမ်ထောင်ပြုတယ်၊ ဒုတိယအိမ်ထောင်နဲ့က မရီနဲ့ပါလာတဲ့ မောင်တင်သန်းနဲ့ မောင်တင်ဆန်းဆိုတဲ့ သားနှစ်ယောက် မွေးတယ်"

"အေး အေး . . . ဟုတ်တယ်"

"ဒုတိယဇနီး ဒေါ်သိန်းတင်က ဦးအုံးသင်နဲ့ ပေါင်းသင်းနေတုန်း သူ့ညီမ ဒေါ်သိန်းခင်ရဲ့ ယောကျ်ားက ဆုံးတယ်၊ ဒေါ်သိန်းခင်က ကလေးသုံးယောက်နဲ့ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဒုက္ခတွေ ရောက်နေတော့ ဒေါ်သိန်းတင်က အစ်မ တစ်ယောက် အနေနဲ့ မနေသာတော့ဘူး၊ သူ့ယောကျ်ား ဦးအုံးသင်ကို ပြောပြီးတော့ သူ့အိမ်ပေါ် သူ့ညီမရော ကလေးသုံးယောက်ရော ခေါ်တင်လာတယ်"

"အေးဟုတ်တယ် ဒေါ်သိန်းခင် အိမ်ပေါ်ရောက်လာပြီး ဦးအုံးသင်နဲ့ ငြိကရော၊ အစ်မ ဒေါ်သိန်းတင်က စိတ်ဆင်းရဲပြီး အိမ်ပေါ်က ဆင်းသွားတယ်၊ ဦးအုံးသင်က ဒေါ်သိန်းခင်နဲ့ ဆက်ပေါင်းတယ်၊ ကလေး လေးယောက်ရတယ်၊ ဒေါ်သိန်းတင်က သေသွားပြီ"

"အေးလေကွာ"

"အခု ဦးအုံးသင်က အသက်ကြီးလာတော့ ဒေါ်သိန်းတင်ကပါလာတဲ့ ကလေးသုံးယောက်နဲ့ သူနဲ့ ဒေါ်သိန်းခင်တို့ မွေးထားတဲ့ ကလေးလေးယောက် အားလုံး ကလေးခုနစ်ယောက်ကို မြေတွေ အိမ်တွေ ခြံတွေ လယ်တွေ ပေးတယ်၊ ဒါကို မကျေနပ်လို့ ပထမအိမ်ထောင်နဲ့ မွေးထားတဲ့ မရီရယ် ဒုတိယ အိမ်ထောင်နဲ့ မွေးထားတဲ့ သားနှစ်ယောက်ဖြစ်တဲ့ မောင်တင်သန်းနဲ့ မောင်တင်ဆန်းတို့က မကျေနပ်ကြဘူး၊ သူတို့ကော အမွေမရထိုက်ဘူးလားဆိုပြီး နင့်ဆီလာတာ မဟုတ်ဘူးလား"

ဆေးပေါ့လိပ်ကို တအားဖွာရင်း

"အေးဟ ငါလဲမသိဘူး၊ နင့်ဆီ လွှတ်လိုက်တာ၊ ကိုအုံးသင်နဲ့ ငါနဲ့ကလဲ ဆွေနီးမျိုးစပ်တော်တယ်လေဟာ၊ ငါလဲ အဲဒီကလေးတွေ ရထိုက်ခွင့်ရှိလား မရှိလား သိချင်လို့ နင့်ဆီလာခဲ့တာ"

"အင်း ဒီကိစ္စမှာ ခင်ဗျားလူ ဦးအုံးသင်က မန်လည်ဆရာတော်ဘုရားကြီး ရေးထားတဲ့ မဃဒေဝလင်္ကာထဲကလို ဖုန်တောင်းထောင်း၍ မိကျောင်းကြည်းတင် ဆိုတာမျိုး ဖြစ်နေတာပေါ့ဟ"

"ဟ နင်စကားလုံးကလဲ ကောင်းလှချေလား"

"ဟုတ်တယ်လေဟာ၊ ခယ်မ မုဆိုးမကို အိမ်ပေါ် ခေါ်တင်လာကတည်းက ဒေါ်သိန်းတင် သတိထားဖို့ကောင်းတယ်"

"ဘာလဲ"

"ဆားနဲ့ ချဉ်သီးအတူနီး ချဉ်သီးဆားကြောင့် ပျက်တတ်တယ်၊ မတ်နဲ့ မရီးအတူနီး မရီး မတ်ကြောင့်ပျက်တ[...] တယ်ဆိုတဲ့ ဆုံးမစကားလေးလေ"

"အေး နင့်စကားလုံးတွေ[...] တော့ အတော်လှတယ်ဟ၊ မန်လ[...] ဆရာတော်ဘုရားကြီးရဲ့ ဖုန်ထော[...] ထောင်း၍ မိကျောင်းကြည်းတင် ဆို[...] စကားကို အကြိုက်ဆုံးပဲ"

သူ ဆေးလိပ်ကို အားရအော[...] ဖွာလိုက်တယ်။ နောက် သူက စတ[...]

"မန်လည် ဆရာတော်ဘု[...] ကြီးရဲ့ မဃဒေဝဟာ စံတင်လော[...] တယ်ဟ၊ အလင်္ကာတွေ ရသတွေ [...] ပုံကြီးပဲ"

"ဆိုပါဦး"

ကျွန်တော်က သူ့အကြော[...] သိတယ်၊ သူက စာပေမှာ ကျွမ်းတ[...] လေ။ သူက သောက်လက်စ ဆေး[...] လိပ်ကို အသာချပြီး လက်အုပ်ခ[...] နဖူးမှာ ဦးတိုက်ပြီး ပြောတယ်။

"မန်လည် ဆရာတော်ဘု[...] ကြီးကို ဦးတိုက်ပါတယ်ဘုရား"

သူ လက်အုပ်ချီတဲ့လက်က[...] ကို ပြန်ချပြီး. . .

"မန်လည် ဆရာတော်ဘု[...] ကြီးရေးတဲ့ မဃဒေဝမှာဆိုရင် ဘာ[...] အပြစ်ပြောစရာမရှိဘူး၊ ဂုဏ်လဲမြော[...] တယ်၊ ရသတွေလဲ အပြည့်ပါတယ်[...]"

သူ့အကြောင်းကို ကျွန်တော[...] သိတယ်။ သူ စကားအစတစ်ခု[...] ပြောလို့မဆုံးတော့ဘူး။ ဒါ့ကြောင့် သူ[...] ဆွပေးလိုက်တယ်။

"ဘာဖြစ်လို့လဲ ကြိုင်ကြီးရ"

"ဟ မန်လည်ဆရာတော်ဘု[...] ကြီးရဲ့ မဃဒေဝမှာ ဒေါ်သတွေလဲ [...] တယ်၊ အလင်္ကာတွေလဲ အပြည့်ပါ[...] ရသတွေလဲ တစ်ပုံကြီးပဲ"

သူက စကားစလာတယ်။ ကျွ[...] တော်က ရေလာမြောင်းပေး. . .

"အကျယ်လေး နည်းန[...] လောက် ပြောပါဦး ကြိုင်ကြီးရ"

"ဟ နင်ကလဲ စာရေးဆ[...] ဘူးလား၊ တို့ မြန်မာစာမှာ ရသ[...]





www.burmeseclassic.com

www.burmeseclassic.com

…က်ာတွေ ဂုဏ်တွေ ဒေါသတွေ ရှိ…ယ်ဟ"

"မသိဘူး"

"အေး နင်မသိဘဲ ရမ်းတုတ်နေ…"

"ထားပါတော့ သိအောင် နည်း…လောက် အကျယ်လေးချဲ့ပါအုံး"

လူရင်းတွေမို့ ပြောမနာ ဆိုမနာ …ရင်းနှီးနှီး။

"တို့မြန်မာစာမှာ ဒေါသရှပ် …ပါးရှိတယ်ကွာ၊ ပဒဒေါသက (၈) … ဝါကျဒေါသက (၉)ပါး၊ ဝါကျတ္ထ…ဒေါသက (၆)ပါး ဒါတွေရှိတယ်၊ နင် …လား"

"မသိဘူး"

"ကောင်းကွာ၊ ဥပမာ ဝါကျတ္ထ…သထဲက ဂါမ္မဒေါသ အကြောင်း …ပြမယ်"

BURMESE CLASSIC .com

"အေးပြော"

"စကားအသုံးအနှုန်း ယဉ်ကျေး…မွေ့သည်ဖြစ်စေ၊ ရိုင်းပျသည်ဖြစ် … တစ်ဝါကျလုံး စကားတစ်ခွန်း၏ …နက်အဓိပ္ပာယ်ကို ယူလိုက်ရင် တစ်မျိုး…ဖြင့် ကောင်းမြတ်တဲ့ အနက်ထွက်…ကာမှု တစ်မျိုးအားဖြင့် လှည့်၍ယူ…လိုက်ရင် သူတော်ကောင်းတို့ နားမချမ်း…ဖွယ်ရာ လွန်စွာ ရိုင်းပျနေသော …နက်ရှိနေရင် ဝါကျတ္ထဂါမ္မဒေါသ သင့်…တယ်လေဟ"

"ဥပမာလေးနဲ့ ရှင်းပါဦး"

"ဥပမာဟာ စာလေးတစ်ခုမှာ …လို့ရေးထားတယ်"

"ယောကျ်ားတို့အား၊ စွမ်းပကား…မယားအတွက်၊ လုပ်နိုင်လျက်သား၊ …သက်ညှာထား၊ သမီးသားတို့မွေးဖွား…ကြွယ်၊ အလွယ်တကူ၊ အားယူဖြည့်…ချစ်ခင်ခြင်းဟု၊ မယ်မင်းအလို …ဖြည့်စိမ့်မည်တဲ့။

ဒီလိုရေးတော့ ယောကျ်ားတို့ …စွမ်းပကားနှင့်ဆိုတဲ့ စကားအရ …ကတွေ့သော အားအင်ကိုယူရင် သင့်…တ်တယ်ဟာ၊ ကာမဂုဏ်မှာစွမ်းဆောင် နိုင်တယ်လို့ အားအင်ကိုယူရင် ရိုင်းပျတဲ့ အတွက်ကြောင့် ဂါမ္မဒေါသ သင့်မနေဘူးလား"

"အေး ဟုတ်သား"

"နောက် မယားအတွက် လုပ်နိုင်လျက်ဆိုတဲ့ အရေးအသားမှာလဲ မယားဖြစ်သူအတွက် စီးပွားရှာရေးကို လုပ်ကိုင်နိုင်တယ်လို့ယူရင်တော့ သင့်လျော်တာပေါ့၊ မယားဖြစ်သူအတွက် ကာမဂုဏ်မှုကို ပြုစွမ်းနိုင်တယ်လို့ ယူရင်တော့ ဂါမ္မဒေါသသင့်မနေဘူးလား"

"အေး ဒါလဲ ဟုတ်တာပဲ"

"အဲဒီလို စာမျိုးတွေ နင်တို့သာ ရေးတာ ငါတော့ မရေးဘူး"

"ဟ. . ဆော်လှချည်လား ကြိုင်ကြီးရ"

"ဟုတ်တယ်လေကွာ၊ ဂုဏ်တို့ ဒေါသတို့ ရသတို့ အလင်္ကာတို့ မသိဘဲနဲ့၊ ရေးရင်ပြီးရော လူကြိုက်များရင် ပြီးရောဆိုပြီး ရေးနေကြတော့ စာပေအပြစ်တွေ သင့်နေတာတွေ အများကြီးပဲ၊ ငါတော့လက်ရှောင်တယ်"

"ကြိုင်ကြီး ပြောတာ ဟုတ်ပါတယ်ဗျာ၊ စိတ်ဝင်စားဖို့လဲ ကောင်းတယ်၊ ဗဟုသုတလဲရတယ်၊ နင်ပြောမှ ငါတို့စာပေရဲ့ ဂုဏ်သိက္ခာ၊ အဆင့်အတန်းတွေ ပေါ်လာတယ်၊ ကဲ ကဲ ဆက်ပါဦး၊ ဂုဏ်တို့ ရသတို့ အလင်္ကာတို့ဆိုတာ"

သူ့အရှိန်ကို ကုန်းဆင်းမှာ ဘီးကို လှိမ့်ပေးသလို ပြောလိုက်ပါတယ်။

"ငါအကျယ်တော့ သိပ်မပြောချင်ဘူးဟာ၊ နင့်ကို အားနာလို့"

"ဟဲ . . . ဟဲ"

"တို့မြန်မာစာပေမှာ စာပေဂုဏ် (၁၀)ပါးရှိတယ်ဟ"

"အေး . . . ပြော"

သူက ဆေးလိပ်မီးငြိမ်းနေပြီဖြစ်တဲ့အတွက် ဆေးလိပ်ကို မီးညှိလိုက်သေးတယ်။ ရေနွေးကြမ်း အေးအေးလေး တစ်ခွက် အမြန်ကောက်မော့လိုက်ပြီး ဆေးလိပ်ကို ဖွာတယ်။

"ဂုဏ်ဆယ်ပါးက ဘာတဲ့ဟာ

တစ်- ပသာဒဂုဏ် - ကြည်လင်ဖွယ်ရှိဂုဏ်

နှစ်- ဩဇာဂုဏ် - ချဉ်၊ စပ်၊ ချို၊ ချဲ့၊ ဆီနှစ်ပြည့်တဲ့ ဂုဏ်

သုံး- မဓုရတာဂုဏ် - သာယာနာပျော်ဖွယ် နားဝင်ချိုတဲ့ဂုဏ်

လေး- သမတဂုဏ် - အသံတူအချီအချ ညီမျှတဲ့ဂုဏ်

ငါး- သုခုမာလတာဂုဏ် - အဖတ်အလွယ်စကားယဉ်တဲ့ဂုဏ်

ခြောက်- သိလေသဂုဏ် - စသပ်ဖက်တွဲကပ်ဂုဏ်

ခုနစ်- ဥဒါရတာဂုဏ် - ဂုဏ်ထူးပြုဂုဏ်

ရှစ်- ကန္တိဂုဏ် - နှစ်သက်ဖွယ်ရှိဂုဏ်

ကိုး- အတ္တဗျတ္တိဂုဏ် - စကားရှင်အနက်လွယ်ဂုဏ်

တစ်ဆယ်- သမာဓိဂုဏ် - တင်စားဂုဏ်

စတဲ့ ဂုဏ်ဆယ်ပါးရှိတယ်ဟ"

"ဟာ ကောင်းလိုက်ထာဗျာ"

"အေး. . အဲဒါသာကြည့်တော့ ဒါတင်မကသေးဘူး၊ အလင်္ကာတွေလဲ ရှိသေးတယ်"

"ဟ . . . ဆိုပါဦးဟ"

"အလင်္ကာတွေကတော့ များတယ်ဟ၊ သုံးဆယ့်ငါးမျိုးလောက် ရှိတယ်"

"ဟ . . . များလှချေလား"

"အေး, များတယ်၊ ဥပမာဟာ-

အတိသယဝုတ္တိအလင်္ကာ- လွန်စွာပြဆိုဆင်ယင်နည်း

ဥပမာအလင်္ကာ- နှိုင်းခိုင်းဆင်ယင်နည်း

ရူပကအလင်္ကာ- အတူပြုဆင်ယင်နည်း

ဒီပကအလင်္ကာ- ထွန်းပြဆင်ယင်နည်း

ဟေတုအလင်္ကာ- အကြောင်းမြင် ဆင်ယင်နည်း

ပရိယာသဝုတ္တအလင်္ကာ- နည်းပရိယာယ်ဆို ဆင်ယင်နည်း

ဝိသေဝုတ္တိအလင်္ကာ- အထူးပြောဆို ဆင်ယင်နည်း

စသဖြင့်ပေါ့ဟာ ငါလဲ အလွတ်တော့ အကုန်မရဘူး"





www.burmeseclassic.com

www.burmeseclassic.com

"အေး အေး၊ အဲဒီလောက်လေးတောင် တော်တော်ကောင်းနေပါပြီ၊ ခင်ဗျားပြောတဲ့ ရသဆိုတာကို ဆက်ပါဦး"

"ဟ လောဘကြီးလှချည်လား"

"အေး ပြောပါ ကိစ္စမရှိဘူး၊ ရသလေးကိုသာဆက်ပါ"

"အေး. . ရသကျတော့ ပိုကျယ်တယ်ဟ ရသမှာကျတော့ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတွေကို သိရတယ်၊ ဒါမှ သိင်္ဂါရသ- ပညာရှိတို့၏ စိတ်နှလုံးကို ပျံ့နှံ့စေတတ်၊ ရသအရာ၌ ပညာရှိတို့၏ ဉာဏ်ကို ပြီးစေတတ်တဲ့ ရသ၊ ရတိရသ- အကျိုး၌ စိတ်မွေ့ပျော်ခြင်း၊ဟာသရသ- စိတ်၏ပွင့်လင်းရယ်ရွှင်ခြင်း၊သောကရသ- စိုးရိမ်ကြောင့်ကြခြင်း၊ ကောဓရသ- စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ ဥဿာဟရသ- ထက်သန်စွာ အားထုတ်ခြင်း၊ ဘယရသ - ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ဇိဂုစ္ဆာရသ - ရွံရှာစက်ဆုတ်ခြင်း၊ ဝိမှယရသ- အံ့ဩခြင်း၊ သမရသ- ငြိမ်းအေးခြင်း အဲဒါတွေပေါ့ဟ၊ ဒါတောင် မကုန်သေးဘူး"

"ခင်ဗျားပြောမှပဲ ကျွန်တော်တို့ မြန်မာစာ အဆင့်အတန်းဟာ အတော်မြင့်မားပါလားလို့ ပိုသိလာရတယ်"

"အေးပေါ့ဟာ၊ ဒါကြောင့် စာတစ်ပုဒ်ဟာ ကမ္ဘာပျက်တာတောင် မပျက်တာပေါ့၊ ဥပမာ သူတည်း တစ်ယောက် ကောင်းဖို့ရောက်မူဆိုတဲ့ကဗျာက သေခါနီးဆဲဆဲမှာ ကဗျာဉာဏ် ကွန့်မြူးခဲ့လို့ ခေတ်အဆက်ဆက် မေ့မှိန်ခြင်းမရှိဘဲ ထွန်းလင်းခဲ့တာပေါ့"

"မှန်လိုက်လေ ကြိုင်ကြီးရာ၊ ဓားသွားထက် ကလောင်သွားထက်တယ် ဆိုတာမျိုးပေါ့၊ကောင်းတယ်ဗျာ၊ ခင်ဗျားဆီက ဗဟုသုတတွေ တစ်ပုံကြီးရလိုက်တယ်"

"ဟ ဗိုလ်စံရ ငါက မသိလို့ နင့်ဆီက မေးမလို့လာတာဟ၊ နင် ဖောက်နေတာနဲ့ ငါလာရင်းကိစ္စ ပျောက်နေတယ်"

"အေး . . . ပြော"

"ဟို. . ကိုအုံးသင် ပထမအိမ်ထောင်နဲ့ ဒုတိယအိမ်ထောင်က သားသမီးတွေ အမွေရပါဦးမလား"

"ဩော်. . ဒါလား မပူပါနဲ့ ကြိုင်ကြီးရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာက အမွေဆက်ခံခွင့်လမ်းကြောင်း ဘယ်လိုဆက်ခံရမယ်ဆိုတာ အတိအကျပြဋ္ဌာန်းထားပြီးသားပါ၊ ဒီလမ်းကြောင်းထဲ ဝင်ရင်တော့ ရမှာပေါ့"

"အေး အေး၊ နင် အဲဒီကိစ္စ ဘယ်လိုလုပ်ထားလဲ"

"အခုတော့ ကိုအုံးသင်က တတိယ မယားကပါတဲ့ သားသမီးတွေနဲ့ သူနဲ့ မွေးထားတဲ့ သားသမီးတွေကို အိမ်တွေ ခြံတွေ လယ်တွေ အမွေခွဲဝေပေးတဲ့စာချုပ် ချုပ်ထားတာ ဥပဒေနဲ့ မညီဘူးလေ၊ အဲဒီ စာချုပ်တရားဝင်ပယ်ဖျက်ပေးဖို့ တရားစွဲထားတယ်"

"အေး . . . ကောင်းတယ်"

"ဒါပြီးမှ အမွေကိစ္စ ဆက်လုပ်မယ်ပေါ့"

"ဟုတ်တယ်လေ၊ ဥပဒေအတိုင်းပဲ"

"ဩော် ဒါကြောင့် နင်တို့ ရှေ့နေတွေ တစ်မှုထဲနဲ့ သားသမီးကို ဘွဲ့ရအောင် ထားခဲ့တယ်လို့ ဆိုနေကြတာကို"

"ဟာ ဆော်ပြန်ပြီ၊ ကြိုင်ကြီးကလဲ"

"ဆော်တာ မဟုတ်ဘူး၊ နင့်ကို ပြောတာမဟုတ်ဘူး၊ ငါကြားဖူးတာပြောတာ"

"ဟဲ ဟဲ ဟဲ. . ."

နှစ်ယောက်လုံး ပွဲကျရပါတယ်။

ညနေစောင်းတော့ ကြိုင်ကြီးပြန်သွားပါတယ်။ သူ့ဆီက မြန်မာစာရဲ့ ဂုဏ်ကြီးမြတ်ပုံ အနှစ်သာရရှိပုံကို ကြားသိလိုက်ရတဲ့အတွက် ရှေးကစာဆိုပညာရှင်ကြီးများ ယခုလက်ရှိ စာဆိုပညာရှင်များကို ဦးတိုက်လိုက်ရပါတယ်။

❒ **ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)**

ကိုယ်ထည်ကြီးမားပြီး မြိုင်ကား
များအသွင်ဆန်သော မော်တော်ယာဉ်
ပိုင်ရှင်များ ယခုတစ်လော ဝေဖန်ပုတ်
ခတ်ခံနေရသည်ဟု ဆိုရမည်။ သို့သော်
SUV ဆာ့ဗ်ကားယာဉ်မောင်းများ SU
ဆာ့ဗ်ကားပိုင်ရှင်များကို SUVဆာ့ဗ်
ကား ထုတ်လုပ်သည့် ကုမ္ပဏီများ
ပုတ်ခတ်မှုမျိုးထက် ပြင်းထန်သည့် ပုတ်
ခတ်မှု မရှိချေ။

ဒေါ်လာထပ်ဆင့် ဘီလီယံသန်
ပေါင်းများစွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်
သော မော်တော်ယာဉ်လုပ်ငန်းသည်
ယင်း၏ မော်တော်ကားများကို ဝယ်
နေသော ဖောက်သည်များကို နှိုက်နှိုက်
ချွတ်ချွတ် လေ့လာ သုတေသနပြု
တွင် SUV ဆာ့ဗ်ကား ဝယ်ယူသူများ
အဓိကထားခဲ့ကြသည်။

New York Times ၏ သတင်း
ထောက်တစ်ဦးဖြစ်သူ ကိတ်ဘရက်
ရှာသည်လည်း SUVဆာ့ဗ်၏ ထူးခြား
သဘာဝကို နှစ်ပေါင်းများစွာ လေ့လာ
သည်။ သူသည် မော်တော်ကား ထုတ်
လုပ်ရေးလုပ်ငန်းတွင် အတွင်းလူများ
ကြည့်ရှုခွင့်ရသော ဈေးကွက်အင်
ခံစာများကို ဖတ်ရှုခဲ့ရသည်။ မော်တော်
ကား ကုမ္ပဏီများမှ ဈေးကွက်ဆိုင်
အမှုဆောင်အရာရှိကြီးများကို အင်
ဗျူးလုပ်ခဲ့သည်။ ဆာ့ဗ်ကားဝယ်
များနှင့် ပတ်သက်၍ အောက်ပါအ
ရှုမြင်ကြကြောင်းတွေ့ရှိခဲ့သည်။

ဆာ့ဗ်ကား ပိုင်ရှင်များသည်
ကိုယ့်ကိုယ်ကိုယ် စိတ်မချသူများ အ
မြင့်သူများ ဖြစ်လေ့ရှိကြသည်။ သူ
အိမ်ထောင်ရေးနှင့်ပတ်သက်၍
စိတ် ကဲလေ့ရှိကြပြီး မိဘ ဘဝနှင့်
သက်၍ စိတ်မသက်မသာ ဖြစ်
သူများဖြစ်သည်။ သူတို့ကားမောင်း
ကို သူတို့ယုံကြည်မှု ကင်းမဲ့သည်
အပြင် သူတို့သည် အတ္တကြီးကြ
ငါ့ဖို့သမားများသာ ဖြစ်ကြပြီး
ပတ်ဝန်းကျင် အိမ်နီးချင်းများ ရပ်





www.burmeseclassic.com

www.burmeseclassic.com



# SUV ဆာ့ဗ်ကား

# ဒရိုင်ဘာများ တစ်ကိုယ်ကောင်းဆန်သည်

**လှတိုး(စိတ်ပညာ)**

များ အရေးကို စိတ်ဝင်စားမှု နည်းပါးသည်။

သူတို့သည် အမေရိကန်အများစုထက်ပို၍ ဂနာမငြိမ်သူများ၊ ပို၍ဖိမ်ခံသော လူစားများနှင့် လူမှုရေးစိတ်ဓာတ်ပို၍ ခေါင်းပါးသူများ ဖြစ်ကြသည်။

ခရိုင်စလာကုမ္ပဏီ၏ ဈေးကွက်သုတေသန ညွှန်ကြားရေးမှူးဖြစ်သူ ဒေးဗစ်ဘော့စ်ဝိစ်က ဘရက်ဒ်ရှာကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လူမှု အသိုက်အမြုံမှာ ကိုယ့်ကိုယ်ကိုယ် မိဘလို့ ဝန်မခံချင်တဲ့စိတ်က သန္ဓေပါဖြစ်ပုံရတယ်၊ အပြင်ထွက်လို့မရ၊ မိတ်ဖက် ရှာလို့မရတာကို မကျေမနပ်ဖြစ်ကြတယ်၊ ခင်ပွန်းမှာ မှိုင်းခံ ပြတင်းပေါက်တွေနဲ့ SUV ဆာ့ဗ်ကားလို ပြိုင်ကားမျိုးကြီး ရှိရင် ကလေးတွေကို နောက်ခန်းထဲထည့်ပြီး ကိုယ့်ကိုယ်ကိုယ် လူပျို အပျိုဟန် ဆောင်နိုင်တယ်"

အလားတူ မီနီဗင် ကားများ ဝယ်ယူသူများနှင့်စာလျှင် ဆာ့ဗ်ယာဉ်မောင်းများသည် တစ်ကိုယ်ကောင်းသမားများ ဖြစ်ကြသည်ဟု ဘော့စ်ဝိစ်က ဆိုသည်။ ပြိုင်ကားကြီးများ ပိုင်ဆိုင်သူများသည် "ငါ့မှာ ကလေးနှစ်ယောက်ရှိနေပြီ၊ အယောက် (၂၀)မလိုအပ်ဘူး" ဟု ပြောဆိုကြသည်။ သို့သော် မီနီဗင်ကားပိုင်ရှင်များကမူ "ငါ့မှာ ကလေးနှစ်ယောက်မရှိဘူး၊ အယောက် (၂၀)ရှိတယ်၊ ရပ်ကွက်က ကလေးတွေ အကုန်ပဲ" ဟု ဆိုလေ့ရှိသည်။

ဂျင်နရယ် မော်တော်၏ ထိပ်တန်းအင်ဂျင်နီယာတစ်ဦးကလည်း မီနီဗင်ကားများနှင့် ဆာ့ဗ်ကားများ မတူညီမှုများအကြောင်း ပြောကြားခဲ့သည်။

"ဆာ့ဗ်ပိုင်ရှင်တွေက ငါ့နားက လူတွေကို ငါနိုင်တယ်ဆိုတဲ့ ပုံစံမျိုး ပိုရှိတယ်"

စက်အားကောင်းသော ဆာ့ဗ်များကို ဝယ်ယူသူများကမူ ပုံရိပ်ကိုပို၍ ပဓာနထားသည်။ သူတို့သည် "လူတွေ ငါ့ကို ဘယ်လိုမြင်လဲ" ကို အလေးထားပြီး ထိုအထင်ကြီးမှုအတွက် အခြားကောင်းကွက်များ အချို့တဲ့ခံတတ်ကြသည်။

ဟွန်ဒါကုမ္ပဏီ၏ မြောက်အမေရိကား မော်တော်ကားလုပ်ငန်းဌာနစု၏ အမှုဆောင် ဒုဥက္ကဋ္ဌကမူ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ဆာ့ဗ်ဝယ်တဲ့သူတွေ အများစုကတော့ ပထမ အပြင်ပန်းကိုဝယ်ပြီး နောက်အတွင်းကို ကြည့်တယ်၊ ဆာ့ဗ်ရဲ့ ပုံရိပ်ကို အရင်ဝယ်ပြီးမှ လက်တွေ့အသုံးတည့်မှုကို ကြည့်တယ်"

ကိုယ်ပိုင်ဈေးကွက် ကုမ္ပဏီတစ်ခု တည်ထားသော ဖို့ဒ်ကုမ္ပဏီ၏ မဟာဗျူဟာ ပညာရှင်ဟောင်းတစ်ဦးဖြစ်သူ ဂျင်းဘူလင်းကမူ ဘရက်ဒ်ရှာကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကိစ္စကတော့ ကိုယ့်ရှေ့က ဘယ်သူမှ ကန့်လန့်ကန့်လန့် လာမလုပ်ရေးပဲ၊ တစ်ဖက်စွန်းစကား ပြောရရင်တော့ တစ်ဖက်လူတွ ရှိန်သွားပြီး လမ်းဖယ်ပေးရေးပဲ"

ယခင်က ဖို့ဒ်ကုမ္ပဏီအတွက် ကားရောင်းပေးခဲ့ပြီး ယခု ကိုယ်ပိုင်ကုမ္ပဏီရှိသော ဒန်နရယ်အေဂိုရလ်က ဆာ့ဗ်ယာဉ်မောင်းများသည် "လိုက်လျောပေးကမ်းမှုနည်းပြီး တခြားသူတို့အပေါ် သဘောထားကြီးသူတွေမဟုတ်ဘူး" ဟု ရိုးရိုးလေး ဆိုသည်။

ဆာ့ဗ်ဘက်တော်သားများကမူ ဤကဲ့သို့ သိက္ခာချသည့်ကိစ္စများ ရေးရကောင်းလားဟု ဘရက်ဒ်ရှာကို တိုက်ခိုက်ကြပါသော်လည်း သူတို့သည် အဓိကအချက်ကို မေ့လျော့နေသည်ဟုပင် ဆိုရမည်။

ယင်းကား ဆာ့ဗ်ပိုင်ရှင်တို့ကို နှက်နေသူမှာ ဘရက်ဒ်ရှာ မဟုတ်၊ မော်တော်ကားလုပ်ငန်းကြီး တစ်ခုလုံးပင် ဖြစ်သည်ဆိုသော အချက်ပင်။

❐ လှတိုး(စိတ်ပညာ)

Ref: THE AUTO INDUSTRY SAYS THAT SUV DRIVERS ARE SELFISH AND INSECURE



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# မညို့မှုသော ညို့မှုခြင်း

## တာနိုဦးမင်းအေး (ဒလ)

ကျွန်မ မောင့်ကို ချစ်သည်။

မောင်သည် ကျွန်မ၏ အချစ်ဆုံး ဖြစ်သည်။

ယခုတော့ ကျွန်မ အချစ်တို့သည် ဆုံးပါးကွယ်လွန်သွားကြပေပြီ။

●

မောင့် မျက်ဝန်းအကြည့်တွေကို စတွေ့ကတည်းက မောင့်စိတ်ထဲကို ထိုးဖောက်မြင်ခဲ့တာ မောင် ယုံမလား။

တကယ်တော့ မောင်ရယ်-

မိန်းမသား တစ်ယောက်ဟာ

ပညာတတ်ဖြစ်ချင်မှ ဖြစ်မယ်

ဒါပေမယ့်. .

ဆန့်ကျင်ဘက် ပုရိသယောက်ျားတွေရဲ့ မျက်ဝန်းအကြည့်ကိုတော့ ဘယ်လို ဖတ်ရမယ်ဆိုတာ အရွယ်ရောက်မိန်းကလေးတွေ မသင်ဘဲနဲ့ တတ်ရတဲ့ ပညာပါ။

အဲဒီလိုမှ မဖတ်တတ်ရင်တော့ မျက်ရည်နဲ့ဒူး သုတ်ရမယ့်ကိန်း ဆိုက်တော့မှာပေါ့။

ပုရိသယောက်ျားများရဲ့ မျက်ဝန်းထဲက စာကို အဓိပ္ပာယ်နားမလည်ခဲ့လို့ ရေတိမ်နစ်ခဲ့ရတဲ့ မိန်းကလေးတွေ၊ ဖျာလိပ်ချခင်း နင်းခြေခံရတဲ့ မိန်းကလေးတွေ၊ လမ်းဘေးရေအိုင်လို သဘောထားခြေဆေးသွားတဲ့ ပုရိသတွေရဲ့ အတ္တရာဂတွေကြား အသက်မသေရုံ စုံးစုံးမြုပ်သွားရတာတွေက ဒုနဲ့ဒေးပါပဲနော်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလို အပြောခံရမယ်ဆိုတာ သိ သိလျက်နဲ့ကို ဝိပါက်ကြမ္မာငင်တဲ့သူက ကျွန်မပါ။ မောင့် အမေနဲ့အတူ ကုန်စိမ်းတက်ရောင်းရင်း မောင့်ရဲ့ ကူညီဖေးမမှုအပေါ် သာယာခဲ့တာ ကျွန်မပါ။

အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာ၊ တိုက်နယ်ဆေးရုံသာမက တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် ... ဌာနပါ ရထားတဲ့ရွာ။

ရွာအမည်က ကဗျာမဆ... မယ့် ခေတ်အဆက်ဆက် ရွာလူကြီး... ရဲ့ စီမံခန့်ခွဲမှု ကောင်းခဲ့လို့ ခေ... အမီမလိုက်နိုင်တောင် မြို့ငယ်... လောက်နီးပါး တိုးတက်နေတဲ့ရွာ...

ဒီလိုရွာမှာ မောင်က (၁၀)... ကို နှစ်ချင်းပေါက်အောင်ခဲ့တယ်... တော့ မောင် စာပေးစာယူနဲ့ ... သင်တက်တယ် ရွာရဲ့ သာရေး ... လူမှုရေးမှာ တက်တက်ကြွကြွပါဝင်... ရှားတယ်။ ဒါတွေက မောင့်ကို ... တွေအကြား ချစ်ခင်ရင်းနှီး နွေး... သဘောဆောင်တာဖြစ်လို့ . . .

ကျွန်မတို့သားအမိ ... ထုပ်တွေနဲ့ ရောက်လာရင် ... မောင်မောင်းတဲ့ဂျစ်ကားပေါ်ကို ... ယာလေးနဲ့အတူ ...





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပေးတာတွေက သာမန် စေတနာထက် ပိုနေတာကို ကျွန်မ သိနေတယ်လေ။

ဒါပေမဲ့ မောင်

မောင် သိစေချင်တာက

မောင် ကျွန်မကို ချဉ်းကပ်ဖို့ ကြိုးစားမှု ပထမခြေလှမ်းဆိုတာ ကျွန်မ သိနေတာပါပဲ။

ကျွန်မ တကယ်ပြောတာပါ။

မောင့် မျက်ဝန်းထဲက စာက ကျွန်မကို နှစ်နှစ်ကာကာ ချစ်မြတ်နိုးတာမဟုတ်ဘဲ ကြုံကြိုက်တုန်း ခြေဆေးလိုက်ဦးမယ် ဆိုတဲ့ ရည်ရွယ်ချက်လောက်ပဲ ရှိနေတာကို ကျွန်မ သိနေတယ်။ ကျွန်မ စာ ဖြစ်ဖြစ်မြောက်မြောက် မတတ်တာ မောင်သိပါတယ်။ ဒါပေမဲ့ ကျွန်မ ကျေးရွာစာကြည့်တိုက်က ကောင်းနိုးရာရာ စာလေးတွေ နေ့စဉ် ငှားဖတ်မိတယ်။

အလိမ္မာ စာမှာရှိ

စာအုပ်စာပေ လူ့မိတ်ဆွေ

ဆိုတဲ့ စကားဟာ ကျွန်မရဲ့ အဖော်မွန်ပါပဲ။ ကျွန်မ ပြောချင်တာက ဒီလိုပါ မောင်။

မောင့်စိတ်ထဲမှာ ငါ ပညာတတ်၊ ငါ့မိဘအသိုင်းအဝိုင်းက ချို့ချို့တဲ့တဲ့ မဟုတ်ဘူး။ ငါ့ရုပ်ရည်ကလဲ အချောထဲက မဟုတ်ပေမယ့် ကြည့်ပျော်ရှုပျော်ထက်တော့ အများကြီးသာတယ် ဆိုတာ မောင့်ကိုယ်မောင် သိမှာပါ။

ဒီတော့ တော်ရုံတန်ရုံ မိန်းကလေး ငါ လက်တည့်စမ်းရင် ရလောက်တယ်၊ ရေအိုင်တွေ့လို့ ခြေမဆေးရင် စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲတာ မောင်းထုတ်တဲ့ ငမိုက်သား ဒီခေတ်မှာ မရှိဘူးလို့ မောင် ယူဆထားတာ မဟုတ်လား။

ဘာကြောင့်လဲဆိုတော့ မောင့်ရဲ့ ကျွန်မကို ကြည့်တဲ့ အကြည့်ထဲမှာ အကြင်နာမျက်ဝန်းကို ရှာမတွေ့သလို ကရုဏာရောပြွမ်းနေတဲ့ အပြုံးလဲ မရှိပါဘူး။

နှုတ်ခမ်းပါးလေး နှစ်ခု လှုပ်ရှလေးနဲ့ မထိတထိ အရိလေးတွေ ပြောအပေါ်ယံကြောက သကာရည်ဖုံး ပါးချိုင့်လေးပေါ်အောင် ပြုံးရုံနဲ့ မိန်းကလေးတွေ စွဲမက်သွားမယ်ထင်ရင် မှားမှာပေါ့ မောင်ရယ်။

ကျွန်မလေ မောင့်ဆီက အကြင်နာ ကရုဏာ မေတ္တာတွေ မပါတဲ့ အချစ်တွေသာ ရမယ်ဆိုတာ သိပါလျက်နဲ့ ဘယ်ရွေးရေစက် ပြောရမလဲ မောင်ရယ် မောင့်ကို ကျွန်မ သိပ် သိပ် ချစ်ခဲ့ရပါတယ်။

ရေ . . .

ကြည်လင်သန့်စင်တဲ့ရေ

နောက်ကျိညစ်ပတ်နေတဲ့ရေ

ဟုတ်တယ်နော် မောင်

တကယ်ဆို ရေက နှစ်မျိုးပဲရှိတာ။

ကြည်လင်သန့်ရှင်းတဲ့ ရေကို ဘုရားကျောင်းဆောင်မှာ သောက်တော်ရေကပ်ဖို့၊ ဘုရားပန်းလဲဖို့၊ နိစ္စဓူဝ သောက်သုံးဖို့၊ ကိုယ်လက် သန့်ရှင်းစင်ကြယ်ဖို့ အသုံးပြုကြရင်းကပဲ ဒီရေတွေဟာ မသန့်ရှင်း မစင်ကြယ်တဲ့ ရေဘဝ ရောက်သွားကြရတာနော်။ အဲဒီအသုံးပြုပြီး ရေကိုတော့ ညစ်ပတ်နောက်ကျိတဲ့ ရေအဖြစ် သတ်မှတ်ပြီး စွန့်ပစ်လိုက်ကြတယ်။

ဒါပေမဲ့ . . .

ကျွန်မ ဖတ်ဖူးတဲ့ မဂ္ဂဇင်းဆောင်းပါး တစ်ပုဒ်မှာ အဲဒီနောက်ကျိညစ်ပတ်ပြီး အမှုန်အမွှားတွေ ပါနေတဲ့ ရေကိုပဲ စနစ်တကျ သိပ္ပံနည်းကျ ဓာတုဗေဒနည်းတွေနဲ့ ပြုပြင်တဲ့အခါ လူတွေ သိတ်တန်ဖိုးထားတဲ့ ရေသန့်တွေ ပြန်ဖြစ်သွားတယ်တဲ့။

ဒီလိုဆိုတော့. . .

ရေသန့်ဟာ တစ်ချိန်မှာ ရေဆိုး ရေညစ် ဖြစ်သွားပေမယ့် အဲဒီရေဆိုး ရေညစ်ဟာလဲ စနစ်တကျ ပြုပြင်ရင် ရေသန့် ပြန်ဖြစ်သွားတာပဲပေါ့နော်။

ကျွန်မကတော့လေ

မောင့်ရင်ထဲမှာရှိတဲ့

အတုအယောင်မေတ္တာ

အပေါ်ယံမေတ္တာ

နှုတ်ဖျားက စေတနာတွေ

ရောထွေးနောက်ကျိနေတဲ့ ရေ
ဆိုးကို ကျွန်မရဲ့ နှလုံးသား သန့်စ
စက်ကို ဖြတ်သန်းပြီး ရေသန့် ထုတ်
ချင်တာ။

ထမင်း ဆီဆမ်း ရွှေလင်ပန်း
လမင်းကြီးဆီက တောင်းယူရနိုး ထ
ယောင်ပျိုးမိတဲ့ ကလေးဆိုးလေး ဖြ
နေမလားပဲ။

ဒါပေမယ့် မောင်ရယ်

မောင်ကလေ

ကျွန်မကို မပန်ချင်ဘဲနဲ့ ခူး
ဖျက်ဆီးခဲ့တယ်။ မသောက်ချင်ဘဲ
ခပ်ယူ သွန်ပစ်ခဲ့တယ်။ မလိုချင်ဘဲ
ကိုင်တွယ် ဆုတ်ဖြဲခဲ့တယ်။

သမုဒယကြောင့်ဖြစ်ရတဲ့ ဒု
မသိမဟုတ် သိလျက်နဲ့သာ ကျူးလွန်
တာဆိုတော့ ဘယ်သူမပြု မိမိအမှု
မောင်။

အိုင်တွေ့တိုင်း ခြေဆေးချင်
အကောင် အခုတော့ ပုလင်းကွဲ
တဲ့။

ဒါ မောင့်အသိုင်းအဝိုင်း က
တဲ့စကား။

တကယ်တော့ ကျွန်မက
အလိုကျ မောင်စိတ်ချမ်းသာမှု
တည်းကိုပဲ ဦးစားပေးပြီး ချစ်ခဲ့
တော့ မဖုံးနိုင် မဖိနိုင် ဖြစ်လာ
ဆိုတော့ ရပ်ရွာကလည်း တစ်ခို
ဒီလိုဖြစ်လာမယ်ဆိုတာကြိုသိနေ

ဟုတ်တာပေ့ါ မောင်. .

လူသိရှင်ကြား မိကောင်
သားသမီး ပီပီသသ မောင်
ယူခဲ့ရတာ"ငုံးဆူ လူမသိ
ဖြစ်နေမှာ ကျွန်မ သိနေခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com

မကျေမနပ်နဲ့ ခိုးစားတာလူမိမှ ကျွန်တော် ခိုးစားတာမဟုတ်ပါဘူး၊ အစ ကတည်းက မြတ်မြတ်နိုးနိုး နှစ်ကိုယ်တူ ဖက် ရာသက်ပန် ရိုးမြေကျ ပေါင်းကြ ရည်ရွယ်ထားတာပါဆိုပြီး အပေါ်ယံ အချိုရည်ဖုံးပြီး အတုအယောင် အပြုံး တွေနဲ့ ကျွန်မတို့ လက်ထပ်ပွဲ ပြီးမြောက် ခဲ့ရတာနော်။

ဘာပဲ ဖြစ်ဖြစ်ပါ မောင်ရယ်။

ကျွန်မ မောင့်ကို သိပ်ချစ်ခဲ့တာ ပါ။

ဒါကြောင့်လည်း အင်မတန် အန္တရာယ်များလှတဲ့ ကားမောင်းတဲ့ အလုပ်ကို မောင့်ကို မလုပ်စေချင်ဘူး။

မောင့်အလိုကျ သူငယ်ချင်းတွေ နဲ့ မနက်ပိုင်း လက်ဖက်ရည်ဆိုင်ထိုင် အချိန်တန် အိမ်ပြန်လာ။

မောင် စားချင်တာလေးတွေ ရွေးဝယ်ချက်ထားတာနဲ့ လင်မယား နှစ်ယောက် ထမင်းလက်ဆုံစား။

နေ့ခင်း တစ်ရေးတစ်မောအိပ်၊ ညနေ အိမ်ခြံထဲ လုပ်စရာရှိတာ လုပ်၊

တကယ်ပါမောင် မောင် အလုပ် မလုပ်ပါနဲ့၊ ကျွန်မ ဈေးရောင်း ကျွေး ပါ့မယ် ဆိုပြီး နံနက်ပိုင်း ဈေးထဲမှာ ကုန် စိမ်းရောင်း။

ညနေနဲ့ ညမှာ အိမ်ခြံထဲမှာပဲ အအေးချိန် အအေး၊ နွားနို့၊ ဆန္ဒွင်း မကင်း၊ အာလူးပူတင်း ထိုးမုန့်တွေ လုပ် ပြီး ရောင်းကျွေးခဲ့တာ။

အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလ မမီ ပေမယ့် သူတို့ထက်တော့ လျော့တောင် နည်းနည်းပေါ့ မောင်ရယ်။

မောင့်ကို အချိန်တန် မီးပူကျ လေးဝတ်ပြီး သူငယ်ချင်းတွေကြား ရယ် ရယ်မောမော ပျော်ရွှင်နေတာ မြင်ရင် ကျွန်မက ကျေနပ်နေတာပါ မောင်။

ဒါပေမဲ့ မောင်ရယ်

ကျွန်မတို့ မိသားစုက နှစ် ယောက်ကနေ သုံးယောက်ဖြစ်မယ်မှ မကြီးသေးဘူး၊ ရွာထိပ်က ရေကန်မှာ သောက်ရေသွားခပ်ရင်း ကန်ပေါ်က ချော်ကျခဲ့တဲ့ ဝမ်းဗိုက်ထဲက ကလေး ပျက်စီးသွားခဲ့ရတယ်လေ။

ကျွန်မ တိုက်နယ်ဆေးရုံမှာ ရှိ စဉ်ကာလ မောင်ရောက်ခဲ့တာ သုံး ခေါက်တည်း။

မောင် အကြောင်းပြတာက. .

"မိန်းမ ဆေးရုံမှာ မျက်နှာမငယ် ရအောင် မောင် ငွေရှာမယ် ကားပြန် မောင်းမယ်" တဲ့။

မောင်ရယ်

ကျွန်မ ရင့်ထဲက သားလေးလား သမီးလေးလား မသိခင်ကတည်းက သူ့ အတွက် ငွေစုထားခဲ့တာ။

အခု ကျွန်မလက်ထဲမှာ (၅) သိန်းလောက် ရှိတယ်လို့ ပြောတာ တောင်. . .

"ဟိုက္ကာ ကိုယ်က ဒီမှာလဲ ဘာမှ လုပ်မပေးတတ်တော့ အမေတို့ကပဲ ပြုစုပေးနေတာ မျက်နှာပူတယ်" ဆိုပြီး ကား ပြန်မောင်းခဲ့တာ မဟုတ်လား။

ခေတ်တွေ ပြောင်းလာသလို စနစ်တွေကလဲ ပြောင်းလဲစ ပြုလာပါ ပြီ။

အရင်ကလို တိုက်နယ်ဆေးရုံ ဆက်ဆံရေးကျဲတာ၊ ဘာလုပ်လုပ် ငွေ မပေးရင် ဘာမှ ဖြစ်မလာတာ၊ ပတ်တီး ဂွမ်းကအစ ဝယ်သုံးရတာကနေ အခု တော့ ဆရာဝန်ကြီးရဲ့ တာဝန်သိတတ် မှု၊ လက်ထောက်ဆရာဝန်မလေးရဲ့ နှလုံးသားကလာတဲ့ အပြုံးနဲ့ ကူညီပြုစု ကုသပေးခဲ့တာ ကျန်တဲ့ ဝန်ထမ်းတွေ ကလည်း ခေတ်စနစ်နဲ့အတူ ပြောင်းလဲ လာလိုက်တာ ကျွန်မတော့ မိသားစု အိမ်မှာ ဆေးတက်ကုရသလို ခံစားရ တယ်။

မောင်ကတော့ ကျွန်မ မေမေ့ဆီ တစ်နေ့ (၅၀၀၀)လာပေးတယ်လို့ မေ မေက ပြောတယ်၊ ကောင်းပါတယ်။

မေမေက တစ်ချိန်က သူ့သမက် ကို အမြင်ကြည်တာ မဟုတ်ဘူး။

လက်ကြောမတင်းဘူး၊ လတ် လျားလတ်လျားရွာရိုးကိုးပေါက်လျှောက် သွားနေတယ်လို့ မြင်နေတာ။

ကျွန်မကတော့ တစ်မျိုး။

မောင်က ကားမောင်းတဲ့အလုပ် ပဲ လုပ်တတ်တာလေ။ ပြီးတော့ သည် ကားလမ်းက အခုလိုမိုးတွင်းဆိုရင် ကား စလစ်ဖြစ် ချောက်ထဲထိုးကျတာ တစ်လ (၃)ကြိမ်လောက် ဖြစ်တတ်တာ။

ကျွန်မ မြိုးမြိုးမြက်မြက် မစားရ ရင် နေပါစေ၊ ဒုက္ခိတ မိန်းမ ထောင် ဝင်စာတွေ့ရတဲ့ မိန်းမ။

အို နောက်ဆုံး မုဆိုးမတော့ အဖြစ်မခံနိုင်ဘူး။

မောင့်ကို တဖြည်းဖြည်းနဲ့ ပွင့် လင်းရာသီရောက်မှ ကွန်ပျူတာ သင် တန်းတက် ပြီးတော့ ရွာမှာပဲ ကွန်ပျူ တာ စာစီ၊ မိတ္တူကူးစက်လေး၊ မောင့် တယ်လီဖုန်းလေး တစ်လုံးလည်း ဆိုင် မှာ ချထား။

မောင်နေချင်တဲ့ ခေါက်ရိုးမကျိုး မကြေ လတ်အစားလေးနဲ့ ဘော်ကျော့ လုပ်နိုင်တဲ့ အလုပ်ကိုပဲ လုပ်ခိုင်းရမယ် လေ။

တကယ်ပါ။

ဒီစိတ်ကူးက အိမ်ထောင်မကျ ခင်ကတည်းက ကျွန်မ စိတ်ကူး။

ဒါကြောင့်လည်း ကျွန်မ စီးပွား ရေးကို ဉာဏ်နဲ့ ဝီရိယ အပြည့်အဝ သုံးပြီး ရှာတာပေါ့။

ရလာတဲ့ ငွေကတော့ ကိုယ်ပြု ခဲ့တဲ့ ရှေးကံ ယခုကံအရ ခံစားထိုက် သလောက်တော့ ရမှာပေါ့လေ။

အင်း ဒီနွေဆိုရင် ကြံရည်ကြိတ် စက်လေးဝယ်ပြီး ကြံရည်ပါ တင်ရောင်း ဦးမှ။

တကယ်ပါ။

ဒီနှစ်ကတော့ ရွှေဖြစ်တဲ့ နှစ်ပေ့ါ။

မောင်ကလည်း အခုတော့ မောင်တစ်ထမ်း မယ်တစ်ရွက် ...



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အအေးဆိုင်လေးမှာ ဝိုင်းကူလုပ်ပေးနေပါပြီ။

ဆိုင်အရောင်းပါးတဲ့ အချိန်ဆိုရင်တော့ မော်တော်ဆိုင်ကယ်လေးစီးပြီး စပါးအဝယ်ထွက်၊ မြို့က ပွဲရုံသွားရင်လည်း ဆိုင်အတွက် လိုတာကလေး ပြန်ဝယ်လာ တကယ်ပါ။

ဒီနှစ်တော့ ရွှေဖြစ်တဲ့ နှစ်လို့ဆိုရမှာပါ။

ကျွန်မ ပျော်လို့ မဆုံးခင်ဘဲ ကံကြမ္မာမုန်တိုင်းက ရက်ရက်စက်စက် ချေမှုန်းလိုက်တာ ခံလိုက်ရပြန်ပါရော။

အကောင်းလောကခံ လေးပါး ရင်ဆိုင်စဉ်က အပျော်ကြီးပျော်၊ အမော်ကြီးမော်ခဲ့ရသလောက် အဆိုးလောကခံ လေးပါးနဲ့ ထိပ်တိုက်တွေ့ပြီဆိုတော့ .

တုန်လှုပ် ချောက်ချားရတော့တာပါပဲ။

တစ်နေ့။

မမေ့နိုင်တဲ့ အဲဒီနေ့။

တပေါင်း လဆန်း ၁၄ ရက်နေ့ ည ၈ နာရီလောက်မှာ လျှပ်စစ်မီးနဲ့ လည်နေတဲ့ကြံရည်ကြိတ်စက်ထဲ ကျွန်မ လက်ချောင်းလေးတွေ အရှိန်လွန်ပြီး ဝင်သွားခဲ့တာလေ။

ကြံဖတ်ကို စုပြီး တင်းတင်းရင်းရင်းကိုင်ထားရာက စက်ရဲ့ဆွဲအား ရုတ်တရက် မြင့်သွားတော့ အရှိန်မထိန်းနိုင်ဘဲ ညာဘက်လက်က အလယ် သုံးချောင်း စက်ထဲ ဝင်သွားခဲ့တယ်။

ဒလိမ့်လုံး နှစ်ခုကြား ညှပ်မိတာဆိုတော့ အရိုးတွေပါ ကြေမွသွားပါတော့တယ်။

လက်သန်းနဲ့ လက်မ အကောင်းပကတိရှိပေမယ့် ဆေးရုံကြီးက ဆင်း



လာချိန်မှာတော့ ညာဘက်လက်ချောင်းလေးတွေ ငုံးတိတိ ဖြစ်နေတာကြည့်ရင်း ရင်ထဲက မချိအောင် ခံစားရတာပါ။

ဒီထက်ပိုပြီး နှလုံးသားတွေ တစ်စစီ ဖြစ်အောင် ကွဲကြေရတာကတော့ မကြင်လိုပါပဲလျက် ပင့်သက်ရှူပြီး အောင့်ကာနမ်းခဲ့တဲ့ ကျွန်မရဲ့ မောင် ကျွန်မနဲ့ ဝေးရာကို ထွက်ခွာသွားတော့တာပါ။

အင်္ဂါမစုံတဲ့လက်ကို စနစ်တကျ ပြန်လေ့ကျင့်ရင်း အကောင်းပကတိလို မလုပ်နိုင်သည်ထား သင့်တင့်အောင်တော့ စွမ်းဆောင်နိုင်ဦးမှာပါ။

ကြင်ရာမစုံတဲ့ ဒီဘဝ ဘယ်လို လေ့ကျင့် လေ့ကျင့် နဂိုနေပုံအသွင်ကတော့ ယုံချင်ယုံ မယုံရင် ပုံပြင်လို့သာ မှတ်ယူရတော့မယ့် အနေအထားပဲလေ။

"အစက ငါမပြောလား၊ နင့်ယောကျ်ားက အိုင်တွေ့ရင် ခြေဆေးချင်တာ" တဲ့။

မောင့်ရဲ့ သတင်းက သတင်းကောင်းတော့ မဟုတ်ဘူး။

နေပြည်တော်မှာ ဟိုက်ဝေးကားမောင်းနေတယ်၊ မိန်းကလေးတွေနဲ့ ပလူးပလဲနေတာကို မျက်မြင် ယုံကြည်ရမယ့်သူတစ်ဦးက သတင်းပြန်ကြားပေးပါတယ်။

ကျွန်မ စဉ်းစားတာက တစ်မျိုး။

မိန်းမသားတွေ ကိုယ့်ကိုယ်ကိုယ် ရေလို့သတ်မှတ်ရင် လူတကာ ဖြတ်သွားဖြတ်လာ လမ်းဘေးက ရေအိုင်ဘဝ ဘယ်သူမှ ရောက်ချင်မှာတော့ မဟုတ်ပါဘူး။

ရေဘဝဆိုရင် လူတွေ အထင်ကြီးတဲ့ Ph 7 လို ရေသန့်ဘဝ နေချင်ကြမှာပါပဲ။

အမြတ်တနိုး အမြင့်စံ ဘုရားသောက်တော်ရေဘဝ ရောက်ချင်ကြမှာပါ။ သောက်တော်ရေဘဝ မရောက်ရလည်း အနည်းဆုံးတော့ လူတွေ သောက်သုံးတဲ့ ရေသန့်ဘဝ သောက်ရေအိုးထဲက ရေလောက်တော့ ဖြစ်ချင်ကြတာပါ။

စဉ်းစားကြည့်ပါဦး။

မိုးရေရွာသွန်းစဉ်အခါက ခံစရာအိုးခွက်၊ ကန်တွေနဲ့ ခံယူထားတဲ့သူရှိလို့သာ ရေသန့်အဖြစ် အသုံးခံကြရတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ လမ်းဘေးက ရေအိုင်ဆိုတော့လည်း မိုးရွာသွန်းစဉ်က ကျခဲ့တဲ့ရေ ခံစရာခွက် မရှိလို့ ရေသန့်အဖြစ် အမြင့်မခံရဘဲ လမ်းဘေးက ချိုင့်ခွက် အိုင်ထဲမှာ စုဝေးခဲ့ရတာလေ။

ပြီးပြည့်စုံတဲ့ဘဝ မဟုတ်လို့ မိုးရေချင်းအတူတူ နိမ့်ကျသွားရတာ နားလည် ခံစားတတ်မယ်ဆိုရင် လူတွေရဲ့ ဆားသောက်မှုကို တစ်ဖက် တစ်လမ်းက ဖြည့်ဆည်းပေးနိုင်တဲ့ သစ်ပင်လောင်းတဲ့ ရေတော့ ဖြစ်နိုင်သေးတာပါနော်။

ဒါပေမယ့် လူသားတွေကတော့ လမ်းဘေးက ရေအိုင်တွေ့ရင် ခြေဆေးဖို့လောက်သာ သတိပြုတတ်ကြတာ မဟုတ်လား။

ကျွန်မကတော့ ရှင်းရှင်းပဲ ပြောချင်တယ်။

ညစ်ပတ်ပေကျံနေတဲ့ခြေထောက် တစ်ချောင်း သန့်ရှင်းသွားဖို့ (လုံးလုံးသန့်ရှင်းတောင် အညစ်အကြေးလျော့ပါးသွားဖို့)လမ်းဘေးက ရေအိုင်ကတော့ အသုံးဝင်ဆဲပါ။

ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းတယ်ဆို့ ယုံကြည်ထားသူတိုင်း လမ်းဘေး ရေအိုင်ထဲ ခြေချော်မကျအောင်တော့ ရှောင်ကြမှာပဲလေ။

ကျွန်မ ဆိုလိုတာက မသန့်ရှင်းတဲ့သူတွေ အသုံးပြုတာ လမ်းဘေးရေအိုင်။ ကိုယ်ကျင့်သီလ မခိုင်မာသူတွေသာ အိုင်တွေ့တိုင်း ခြေဆေးတတ်တာနော်။

ကျွန်မကို ကျွန်မ ဘယ်တော့မှ လမ်းဘေးရေအိုင်ဘဝ အရောက်မခံဘူး။ မတော်တဆ အခြေအနေအရ လမ်းဘေးရေအိုင် ဖြစ်ရရင်လည်း ဆူးခက်တွေ ပြွမ်းတဲ့ ပုလင်းကွဲတွေရှိနေတဲ့ ရေအိုင်မျိုးပဲ ဖြစ်ချင်တယ်။

ကျွန်မရဲ့ ရေအိုင်မှာ ဘယ် ပုဂ္ဂိုလ်မှ အပျော်ခြေဆေးဖို့ ခွင့်မပြုနိုင်ဘူး။ တန်ဖိုးရှိရှိ အသုံးချချင်ရင် ရေသွယ်မြောင်းလေးလုပ်ပြီး သုံးရင် ရနိုင်တာပဲ။ အဲဒီလို ဘဝ အဲဒီလို အဖြစ်မျိုးနဲ့ပဲ ကျွန်မဘဝကို ရပ်တည်ချင်တယ်။

မောင်က ကျွန်မကို လမ်းဘေးမှာတွေ့တဲ့ ရေအိုင်လို သဘောထားသလား။ ရပါတယ် မောင်။

ကျွန်မစိတ်က ခိုင်မာပြီးသားပါ။ ကျွန်မဘဝကို ကျွန်မ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ရုန်းကန်နိုင်ပါတယ်။

အမေတစ်ခု သမီးတစ်ခုဘဝ။

ညာလက်ကို အပြည့်အဝအသုံးချ မရပေမယ့် ဘယ်လက်က ရှိပါသေးတယ်။

ကျွန်မ ကုန်စိမ်း ပြန်ရောင်းတယ်။ အအေးဆိုင် ပြန်ဖွင့်တယ်။

အခုတော့ ကုန်စုံဆိုင်လေးပါ တွဲဖွင့်ထားတယ်။

ကျွန်မ ရန်ကုန် ဈေးဝယ်ဆင်းရင် မေမေက ဆိုင်ထိုင်ပေါ့။

အခု အလုပ်သမ နှစ်ယောက် ငှားထားရပြီ။

🍎

"နင့်ဆီ ငွေမပို့ဘူးလား"

"ဘယ်သူကလဲ"

"နင့်ယောကျ်ားဆီကလေ"

"ကျွန်မယောကျ်ား ဟုတ်လား"

"မိန်းမတစ်ယောက်ကို ဟင်းရွက်ကန်စွန်းရွက်လို ခူးလိုခူး ချိုးလိုချိုး၊ ပြီးတော့ ပိုးထိုးလို့ အနာပါလို့ဆိုပြီး နေရာမှာပဲ ပစ်ချသွား၊ ဖုတ်ဖက်ခါ ထသွားတာကို ကျွန်မက အိမ်ဦးနတ်သခင်လင်သားရယ်လို့ သတ်မှတ်ရမှာလား"

"အေးဟာ နင့်ခံယူချက်ကိုတော့ ငါ သဘောကျတယ်၊ ဒါဆို နင် သူ့ပေါ်ထားတဲ့ အချစ်က"

"ဪ. . . ခက်ပါလား သူငယ်ချင်းရယ်"

"ငါတို့ငယ်ငယ်တုန်းက အရှိန်အကြောင်း သင်ရတယ် မဟုတ်လား၊ ကျောက်ခဲတစ်လုံးကို အမြင့်ကို ပစ်မြှောက်လိုက်ရင် တဖြည်းဖြည်း အရှိန်မြင့်တက်လာပြီး နောက်ဆုံး အမြင့်ဆုံးရောက်သွားချိန်မှာ သူ့ အရှိန်နှုန်းက သုညဖြစ်သွားပြီး ပြန်ကျလာရတာ မဟုတ်လား"

"အေး. . . အဲဒါနဲ့ ဘာဆိုင်လဲ"

"ငါ သူ့အပေါ် အမြင့်ဆုံး အချစ်နဲ့ ချစ်ခဲ့ပြီးပြီ၊ အခု ငါ့အချစ်က သူ့အပေါ်မှာ သုည၊ တစ်နည်း ပြောရရင်တော့ အချစ် ဆုံးပါးသွားပြီ"

🍎

ဒီတစ်ခါ သတင်းက မကောင်း၊ သူ ကားတိုက်မှုဖြစ်သည်။

သူ မောင်းသည့်ကားက ဟိုက်ဝေး အိပ်စ်ပရက် နေပြည်တော်-ရန်ကုန်။

တစ်ဖက်ကားက ၁၆ ဘီး ကုန်တင်ယာဉ်။

🍎

ရွာကို သူပြန်ရောက်လာတော့ ညာဘက်ခြေကို ဒူးအထက်မှ ဖြတ်ထားသည်။ ချိုင်းထောက်ကို အားပြု၍ သွားရသည်။

🍎

ဤအဖြစ်အပျက်သည် ရန်ကုန်တိုင်း၏ မြို့နယ်တစ်ခု၊ တိုက်နယ်ကျေးရွာတွင် အမှန်တကယ် ဖြစ်ခဲ့ပါ၏။

🍎

တစ်ခါတစ်ရံ လောကကြီးသည် မညီမျှဟု ထင်ရ၏။ တကယ်တော့ လောကကြီးသည် ညီမျှပါ၏။


❒ မာန်ငြိမ်းအေး(ဒလ)





www.burmeseclassic.com

www.burmeseclassic.com




တံငါစုမှ လာခဲ့သော အဘကံကြီးသည် သပေါ့ကုန်းရွာ၏ ရေဆင်းတံတားတစ်ခုတွင် လှေကို ဆိုက်ကပ်လိုက်သည်။

လှေဝမ်းထဲဆီသို့ မျက်လုံးကရောက်သွားပြန်သည်။ တကြည့်ကြည့်ရှိလွန်းခဲ့သည်မို့ သူ့ကိုယ်သူတောင် ရှက်ချင်နေ၏။

သို့တစေ မကြည့်ဘဲ မနေနိုင်။ လှေဝမ်းထဲတွင်ရှိနေသည်က ပိဿာချိန်သုံးဆယ်ကျော်ကျော်လောက်ရှိမည် ဖြစ်သော ငါးမြင်းကြီး။ ဖွေးဖွေးထင်းထင်းကြီးရှိနေသည်။ အဖိုးတန် ငါးကြီး ငါးကောင်းကြီး။ ငွေတုံးငွေခဲကြီး။

စင်စစ်တွင် ငွေကြေးတန်ဖိုးဆိုတာထက် တံငါသည် တစ်ယောက်အတွက် အောင်မြင် ဂုဏ်ဆောင်ရာ အထင်ကရကြီး ပစ္စည်းအဖြစ် မြင်သာထင်သာ ရှိလွန်းနေ၏။

ဘကံကြီးသည် ခေါင်းတညိတ်ညိတ်ပြုံးရင်း ကွမ်းတံတွေးကို ညင်သာစွာ ထွေးလိုက်သည်။

ချောင်းရေမှာ ကမ်းကုန်အောင် စစ်နေသည်။ လတာပြင်တို့အပြန့်ကျယ် လျက်ရှိသည်။ တိမ်ညိုညစ်တို့ ကြား ခိုးကြောင်ခိုးဝှက် မရဲတရဲထွက်လာသော နေဝန်း၏ အလင်းရောင်သည် ရွှံ့လတာ ပြင်ကို ဖိတ်လက်စေသည်။

ဒီအလင်းရောင်ကလေး ထ ဟပ်နေသော အဘကံကြီး၏ မျက် များမှာလည်း တောက်ပရွှန်းလဲ့လ ရှိသည်။ ကွမ်းလေး တမြုံ့မြုံ့ဝါးနေသော အဘကံကြီး၏ မျက်နှာသည် ကျေန





www.burmeseclassic.com

www.burmeseclassic.com

တစိမ့်စိမ့်နှင့်သာ။ တကယ်တော့
ဘက်ကြီးသည် အသက်(၇၀)ကျော်
ပြီ။

ငါးကျည်းခြောက်ရောင် အသား
လျှော့ရဲ မွဲပြာလျက် ပိန်ပါးလှ
သည်။ ကတုံးဖြစ်သော ခေါင်းမှ လက်
ဆစ်လောက် ရှည်နေပြီဖြစ်သော
င်တို့ ဖြူကြောင်ကျား ကျဲနေ၏။
ခွဲပြောင်ကြီးနှင့် ပုဆိုးစုတ်ကို ဝတ်
သည်။ ဆင်းရဲနွမ်းပါးလှသော တံငါ
အို တစ်ယောက်ပင်။

အခုလို ဂုဏ်ယူပြောဆိုရလောက်
င် ငါးကြီးငါးကောင်း မရတာ နှစ်
အတော်ကြာခဲ့ပြီ။

တံငါ အဘိုးအို တစ်ယောက်
တ် ဝင့်ကြွားနိုင်လောက်အောင်
ဆောင်ထားသည့် ဒီငါးကြီး ရခဲ့
အကြောင်း ချောင်းတစ်လျှောက်
တွေ့သူအပေါင်း၏ မေးမြန်းသမျှကို
ခဲ့ရတာလည်း မနည်းတော့ပြီ။

ထပ်ပြီးမေးကြသူတွေ ရှိလျှင်
တမ်း ပြောပြမိဦးမည်သာ။

"ဟာ. . နည်းတဲ့ငါးကြီး မဟုတ်
"

"အမယ်လေး . . . ဒီလောက်
တဲ့ငါးမျိုး အခုမှပဲ မြင်ဖူးတော့တယ်၊
ငါးကြီးများပါလိမ့်တော်"

"ငါးမြင်းဟ. . . ငါးမြင်းကြီး၊ အခု
ဆို နည်းတဲ့ပိုက်ဆံ ရမှာ ဟုတ်
တကယ့်အဖိုးတန်ကြီး"

စတင်တွေ့ရှိသွားသော လူတချို့
သူတို့အချင်းချင်း ပြောဆိုနေကြ
။

မကြာလိုက်ပါ။ တစ်စတစ်စနှင့်
ကို ကြည့်သူတွေ ကမ်းပေတွင်
အုံတစ်မကြီး ဖြစ်လာသည်။ တစ်
က်တစ်ပေါက်နှင့်အမျိုးမျိုး ပြော
တွေလည်း ညံစီလာသည်။

အဘက်ကြီးကတော့ ကွမ်းယာ
ဣန္ဒြေလုပ်နေသည်။ ဘဝတစ်
တ်လုံးတံငါအလုပ်နှင့်သာအသက်
ခဲ့၏။ အဘက်ကြီးအတွက် ဂုဏ်ယူ
စရာဆို၍လည်း ဒီအကြောင်းအရာမျိုး
မှလွဲပြီး တခြားမရှိပါ။

"ဟာ. . . အဘက်ကြီးတော့
ပွတာပဲ"

"အဘက်ကြီးတော့ ကော်ပြီဗျို့"

အဘက်ကြီးကို အားရဝမ်းသာ
လှမ်းပြောသူတွေအား အဘက်ကြီးက
တဟဲဟဲသော ရယ်သံနှင့်သာ တုံ့ပြန်နေ
သည်။

အဘက်ကြီး၏မြေးတွေ၊ ချွေးမ
တွေကလည်း အပြေးအလွှားရောက်ရှိ
လာကြပါသည်။

အုန်းတုံးကို လှဲခင်းထားသော
ရေဆင်းတံတားသည် တစ်ယောက်
အပြင် အဆင်းအတက် ပိုလုပ်၍မရပါ။
မြေးအကြီးဖြစ်သူတွေမှာ လတာပြင်ကို
ပြေးဆင်းကာ လှေထဲက ငါးကြီးကို
အနီးကပ် ကြည့်သူကြည့်၊ ကိုင်တွယ်
ကြည့်သူကြည့်နှင့် ကလေးတွေဖြစ်သည့်
အလျောက် ထင်ရာမြင်ရာ အမျိုးမျိုး
ပြောလျက် ဆူညံနေတော့သည်။

"တို့အဘ ရတာကွ၊ ဒီလိုအကြီး
ကြီးကို တို့အဘ ရအောင်ဖမ်းနိုင်တာ
ဘာမှတ်လဲ"

သူတို့ကလေးအချင်းချင်း ကြွား
လိုက်ကြွား။

"တို့အဘက တော်တော်အား
သန်တယ်၊ ဧရာမ အကောင်ကြီးကို
ရအောင်ဖမ်းနိုင်တယ်ကွ"

မြေးတွေ၏ အထင်ကြီးစကား
ကိုလည်း ကြားရသည်။

"တို့အဘကွ. . တို့အဘဟေ့"

ဆိုသည့် မြေးငယ်တွေ၏ အား
ရဝမ်းသာ ဂုဏ်ယူအော်ဟစ်သံတွေက
တော့ အကြားရဆုံး။ ကြားရတာ အဘ
က်ကြီးအဖို့ အရသာ နားမှာရှိလွန်းလှ
သည်။

ကမ်းပေါ်မှာလည်း ကြည့်ရှုသူ
တွေ အုံခဲလို့နေပါ၏။ ဒီငါးကြီးကို ဖမ်း
နိုင်ခဲ့သူမှာ မိမိ မဟုတ်လား။

အဘက်ကြီး၏ သားကြီးဖြစ်သူ
ကိုရွှေလူမှာ တစ်ယောက်ယောက်ဆီက
သတင်းကြားခဲ့သည် ထင်သည်။ အင်္ကျီ
ချွတ်ကြီးနှင့် ပုဆိုးကို ဖိုသီဖတ်သီဝတ်
ရင်း အူယားဖားယား ပြေးချလာသည်။

"ဟာ၊ တကယ်ပဲဟေ့၊ အဖေ
တော့ ထောပြီ"

အားရဝမ်းသာ အော်ဟစ်သည်။

"အဖေ၊ ဒိုင်ပို့မှာမဟုတ်လား"

"အေးကွ၊ မင်းတို့ကို လာခေါ်
တာ၊ လှော်တက်ကောင်းကောင်းယူခဲ့၊
အငယ်ကောင်လဲ ရှာခေါ်ခဲ့ဦး"

အဘက်ကြီး၏ စကား ဆုံး
အောင်တောင် မစောင့်တော့ဘဲ. . .

"စားကြောပဲကွ" ဟု ကြုံးဝါး
လိုက်ပြီး လှော်တက်ယူရန် ပြေးထွက်
သွားပြန်သည်။

သားကြီး ပြန်မရောက် ခင်မှာပင်
သားငယ်ဖြစ်သူ ချွေးညိုမှာ လည်း ကြား
ပြီးခဲ့ပြီ ထင်သည်။ လှော်တက်တစ်
ချောင်းကိုင်ကာ ပြေးဆင်းလာသည်။
ငါးကြီးကို တစ်ချက်ကြည့်လိုက်ကာ . .

"ဒါမှ တို့အဖေကွ"

ကြွေးကြော်ပစ်လိုက်ကာ လှေ
ပေါ်ကို ခုန်တက်နေရာယူလိုက်တော့
သည်။

မြေးဖြစ်သူလေးတွေမှာ သူတို့
အဘိုး ပိုက်ဆံတွေ အများကြီးရတော့
မည်ဟု နားလည်ကာ . . .

"အဘ ကျွန်တော့်ဖို့ မုန့်တွေ
အများကြီးဝယ်ခဲ့နော်"

"ကျွန်တော့်ဖို့ ဘောလုံးဝယ်ပေး
ရမယ်နော် အဘ"

"အဘ ကျွန်မဖို့ နှုတ်ခမ်းနီရယ်၊
ရွှေလက်ကောက်ရယ် ဝယ်ပေးနော်
အဘ"

"ကျွန်မဖို့ အဘ ချာလီထီးဝယ်
ပေးရမှာပဲ"

စသည်မျိုးတွေနှင့် ကလေးတွေ
ပီပီ သူတို့လိုချင်ရာ စိတ်ကူးရှိရာ သူ့
ထက်ငါ အလုအယက် ပူဆာသံတွေ
မှာ ပွက်လောညံနေ၏။

"ဟာ. . . ဒီကလေးတွေကလဲ
ဘာမှန်းမသိဘူး၊ ဆူညံနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သားငယ်ဖြစ်သူ ခွေးညိုက နားငြီးစွာအော်ဟစ်ပစ်လိုက်သည်။ ကလေးတွေကတော့ တိတ်မသွား။ သူတို့ လိုချင်တာ မရလိုက်မှာသာ စိုးရိမ်နေကြသည်။

အဘကံကြီးကတော့ နားမငြီးနိုင်။ နားမှာ ချိုဆိမ့်၍ပင် နေသည်။ သူ့ထက် ငါအလုအယက် ပြောနေသည်မို့ ပဲ့စပ်က စေ့ငစွာ ပြန်မပြောနိုင်သော်လည်း ပြုံးပြုံးကြီးသော မျက်နှာနှင့် စိတ်ရှည် စိတ်ပါစွာ ခေါင်းတညိတ်ညိတ်လှုပ်နေသည်။

မြေးလေးတွေမှာလည်း အဖေလသ်သူရင်းငှားတွေ၏ နွမ်းပါးဆင်းရဲရှာသော သားသမီးလေးတွေ။ အဘိုးတစ်ယောက်၏ စေတနာ မေတ္တာနှင့် ဒီမြေးတွေကို ပေးချင်၊ ကျွေးချင်၊ ဖြည့်ဆည်းပေးချင်လိုသည်မှာ ပြောစရာမလိုတော့။ မပေးနိုင်၊ မကျွေးနိုင်၊ မဖြည့်ဆည်းနိုင်ခဲ့သော တံငါအဘိုးအိုဆီမှ မရနိုင်မှန်းသိ၍ တောင်းခံပူဆာဖူးကြခြင်းလည်းမရှိခဲ့ဘူး။

အဘိုးတစ်ယောက်၏ စေတနာ မေတ္တာနှင့် ထိခိုက်ကြေကွဲ ဝမ်းနည်းခဲ့ရပါသည်။ ရတောင့်ရခဲ့သော ငွေကြေးလေးရခိုက် မြေးလေးတွေအား အထိုက်အလျောက်တော့ ဝယ်ခြမ်းပေးမည်ဟု ရည်စူးထား၏။ ပြီးတော့လည်း အထင်တကြီးနှင့် ရမည်ထင်၍ ပူဆာခံရခြင်းသည်ပင် လူတစ်ယောက်ပီပီ အဘကံကြီး ကျေနပ်နေသည်။

"အဖေ ကျွန်မကို လုံချည်တစ်ထည်လောက် ဝယ်ပေးနော်"

"ကျွန်မလဲ အင်္ကျီဝတ်စရာ မရှိဘူး အဖေရဲ့"

ချွေးမ နှစ်ယောက်ကလည်း အားကိုးတကြီးဖြင့် မှာကြားကြသည်။ အဘကံကြီး မငြင်း။

"အေး. . အေး" နှင့်သာ ခေါင်းညိတ်သည်။ စိတ်ထဲတွင် ပျော်လို့နေသည်။ သားတွေ ချွေးမတွေ မြေးတွေ မှီခို အားထားလောက်သော လူချမ်းသာကြီး ဖြစ်ချင်နေတော့၏။ ဆင်းရဲနွမ်းပါးလွန်းသော ဘဝသည် ကြေကွဲဝမ်းနည်းစရာ ကောင်းလောက်အောင် သိမ်ငယ်မှေးမှိန်လွန်းလှ၏။

သားကြီး ကိုရွှေလူ လှေပေါ်ရောက်ပြီး ကမ်းကခွာစပြုသည့်အထိ မြေးတွေက အော်ဟစ်မှာကြားပူဆာကြတုန်း လတာပြင်ရေစပ်မှာ စုပြုံအုံခဲကာ ပူဆာမှာကြားနေကြသော သူ့သားသမီးတွေ၊ သူတူမကလေးတွေအား ကိုရွှေလူသည် နောက်ပြောင်ကျီစယ်ပြီး လှော်တက်နှင့် ရေတွေခပ်ကာ ပက်ပစ်လိုက်သည်။

ကလေးတွေမှာ ရေတွေရွှဲကုန်ကြသော်လည်း ပိုပြီးပျော်ရွှင်ကာ အော်ဟစ်ဆူညံသွားကြပြန်သည်။ လှေ ကမ်းက ခွာထွက်ခဲ့၍ ကျန်ခဲ့သော မြေးတစ်သိုက်၏ . . .

"ငါးအကြီးကြီးရတဲ့ တို့အဘကွ"

အောင်ဟစ်ဂုဏ်ပြုလိုက်သော အသံကြီးက ဘာရယ်လို့မဟုတ်သော်လည်း အဘကံကြီး စိတ်ထဲတွင် မြူးကြွသွားပြီး တက်ကို သုံးလေးချက်မျှ အားကုန်ကျုံး၍ ဆွဲလှော်မိလိုက်လေ၏။

*

ခဏတာလေးမျှ မပြုံမရဲ ပြုံးမရဲနှင့် ထွက်ခဲ့ရသော နေဝန်းကို အရိပ်အရောင်လေးတောင် မတွေ့နိုင်သော မိုးအခါသမယ တိမ်မည်းညိုကြီးတွေ စိုးမိုးနေသည့်ကာလ။

သူတို့ချောင်းဝမှ မြစ်ထဲသို့ထွက်လာပြီး မကြာခင်မှာပင် မိုးမှောင်တြီးကျလာသည်။ မိုးက သဲသဲမဲမဲရွာတော့မည်။ ရှေ့ပြေးမိုးပေါက်တွေ စတင်နေပါပြီ။ မြစ်ရေပြင်ကို လှိုင်းဆင်တော့မည့် လေပြင်းကလည်း စတင်ပုတ်ခတ် လှုပ်ခါချက်ရှိနေပါပြီ။ ရေလည်း တက်စပြုနေပြီ။ မိုးထဲရေထဲ လှိုင်းလေထဲ သွားရတော့မည့်ခရီး ဖြစ်သည်။

အသက်ကြီးသည့် ငါးမြင်းကြီးဆီသို့ လှမ်းကြည့်လိုက်လေသည်။ ငါးမြင်းကြီး ဗိုက်ခွဲထားသည်။ အူထုတ်ထားသည်။ တံငါထုံးစံအရ အူအသည်းတို့ကိုချက်၍ အဘိုးမြှောက်ရဖို့ဖြစ်သည် ပြီးတော့လည်း ငါးဗိုင်မှာ ရေခဲရိုက်ပါ . . . မပုပ်အောင် ဗိုက်ခွဲ အူအသည်းတို့ထု . . . ပစ်ရသည်သာ။

"ဟော့ကောင်တွေ ခရီးတွင်မှ . . . မယ်နော်၊ အပြန် သိပ်မိုးချုပ်နေလို့မ . . . ဘူး"

အဘကံကြီး သတိပေးလို . . . သောအခါ သားနှစ်ယောက်လုံးက . . .

"မပူစမ်းပါနဲ့ အဖေရာ၊ စင် . . . မနဲ့ပဲဥစ္စာ" ဟု ပြောကြသည်။ အဘ . . . ကြီး၏ လှေကလေးအမည်မှာ စင်ရော် . . . ဖြစ်သည်။

ဒီလှေနှင့် ရင်းနှီးကျွမ်းဝင် . . . သော သူတို့မိသားစုတစ်ခုလုံးက . . . ဆိုတာထက် မိသားစုဝင်တစ်ဦးလို . . . ရော်မဟုသာ ခေါ်ကြသည်။

စင်ရော်မသည် နှစ်ခြမ်းစပ် . . . လုံးလောင်းမလေး ဖြစ်သည်။ လျှပ် . . . မြူးထူးလှသော လှေသွားလှေပြေး . . . ကြာခဲ့ပြီမို့ ဦးသျှောင်နှင့် ပဲ့ထော . . . တော့ မရှိတော့ပါ။ ကျိုးပဲ့ခဲ့ပြီဖြစ်သ . . . ဟန်ကတော့ ရေပေါ်မှာ ကြွားရွှား . . . ကြွလျက် ရှိနေတုန်း။ အဖိုးတန်က . . . သားမို့ အိုနိုင်ခဲ့သော ယိုနိုင်ခဲ့သော . . . ဖြစ်သည်။

သို့တစေ တံငါလှေတ . . . တစ်စင်းအဖြစ် နှစ်ပေါင်းများစွာ . . . ထမ်းခဲ့ရသည်။ တံငါလှေပီပီ . . . လက်သန့်စင်ခြင်း မရှိနိုင်ပါ။ စင် . . . ၏အနံ့သည် ငါးညှီနံ့ပင်ဖြစ်သည် . . . လတာတွေ လိမ်းထိုးပေရေလျက် . . . တွေနဲ့ ကပ်ညစ်နွမ်းလျက်။

မည်သို့ရှိ သော်လည်း လှေ . . . လှေသွားတစ်စင်း အဖြစ်က . . . မယုတ်လျော့။ ပြောလို့သာ ပြော . . . စင်ရော်မ၏ အပြေးအလွှား . . . အထက်ကိုလည်း အဘကံကြီး ယုံ . . . သည်။ သားတို့၏ အလှော်အ . . . ကိုလည်း ယုံကြည်သည်။ သ . . . လျှင် ဟို တစ်ချိန်တုန်းက . . .





www.burmeseclassic.com

www.burmeseclassic.com

...ကြောင်း ကြီးအဖြစ် နာမည်ကြီး ...သော ကြေးစားလှေလှော် သမား ... သားငယ်ဆိုလည်း တံငါအလုပ် ...မ်းကျင်ဖူးခဲ့သည့် လှေလှော်သမား ...ကောင်း တစ်ယောက်ပင်။

စင်ရော်မမှာ သားနှစ်ယောက် ... တက်သံများနှင့် မြူလွင်ပေါ့ပါးစွာ ...လွှားနေ၏။ ကင်းကွာခဲ့ရတာ ကြာ ...သော မောင်ငယ်တွေနှင့် ပြန်လည် ...ခွင့်ရနေသည့်နှယ်။

ခရီးတွင်မှတော့ ဖြစ်မည်။ ငါး ...ရှိရာ မြို့လေးကို အသွား အပြန် ...နာရီလောက်ကြာသည်။ ဒိုင်ကို ငါး ...ပြီးနောက် စားကြ သောက်ကြ ...ခြမ်းကြဦးမှာက တစ်နာရီလောက် ...ကြဦးမည်။

အခု မွန်းလွဲ ၁ နာရီ လောက် ...ရှိနေပြီ။ ညနေ ၆ နာရီ လောက် ...ရောက်မှ ကောင်းမည်။ ငွေနှင့် ကြေး ... မဟုတ်လား။ သိပ်မှောင်နေ၍ ...ကောင်း။

"အဖေ ဒိုင်ကို ငါးသွားသွင်းပြီး ...တော့ ဒါပဲနော်"

သားနှစ်ယောက်က စပ်ဖြဲဖြဲနှင့် ...ကြသည်။ ကြုံတောင့်ကြုံခဲမို့ တစ်ချီ ...မောင် တဝတပြ စားသောက်ပစ် ...မည်ဟု အားခဲချက်တွေနှင့် သွက် ...ပြုံးရွှင်နေကြောင်း အဘကြီး ...သည်။

"ဒွေးမသားတွေ အပြန်မှာ မူးရူး ...ရင်တော့ ငါက လှေပေါ်က ကန်ချ ..."

အဘကြီး ကြိုတင်ကာကွယ် ...မောင်းလိုက်သော်လည်း သားနှစ် ...ယောက်မှာ ရယ်မော၍ တဟဲဟဲသာရှိ ...ကြသည်။

ဒီအဖေက သားတွေကို ချစ်မှန်း ...လိုက်မှန်း သိကြ၏။

တစ်ခါတလေလေး ကျွေးနိုင် ... စားချင်သလောက် စားသောက် ...စေဆိုသည့် ဖခင်တစ်ယောက်၏ ...တရားတွေ ရှိနှင့်ပြီးသားပင်။

အိမ်က ဇနီးဖြစ်သူ အဘွားမှုံ ကတော့ ဒီသားဖတစ်တွေ တွဲသွားသည်ကို သိပ်ပြီး စိတ်ချချင်သည်မဟုတ်။ တတွတ်တွတ် မှာလိုက်၏။

"ရှင်သားတွေနဲ့ ဟိုမှာသုံးဖြုန်း သောက်စားပစ်မနေနဲ့ဦးနော်၊ သူတို့ သားမယားတွေအတွက် ဝယ်ခြမ်းဖို့လဲ လျှောက်ပေးမနေနဲ့ဦး၊ ကျုပ်တို့က အသဖွံ့ကြီးပြီ၊ အိုမင်းမစွမ်းတွေ၊ သူတို့က မိအိုဖအိုတွေရယ်လို့ တစ်ပြားတစ်ချပ်တောင် ပေးကမ်းဖော်ရတာမဟုတ်ဘူး၊ အေးလေ သူတို့လဲ သူတို့ကိုယ်တောင် အနိုင်နိုင်ကိုး၊ ဘာပဲဖြစ်ဖြစ် ကုသိုလ်ကံပေးလို့ရတာလေးကို မလေလွင့်စေနဲ့ ကိုကံကြီး၊ ကျန်းမာရေးတွေက သိပ်ကောင်းကြတာ မဟုတ်ဘူး၊ ကျုပ်တို့မှာ ရစရာ အခြားအမြော်အမြင်လဲ ရှိတာမဟုတ်ဘူး"

ဇနီးသည်ကတော့ သားတွေ ချွေးမတွေ မြေးတွေအပေါ်မှာ စေတနာရှိသော်လည်း မိန်းမသားပီပီ ရှေ့ရေးနောက်ရေးတွေ ချိန်ဆစွာနှင့်။ အဘကံကြီးကတော့ သားတွေနှင့် တွဲမိပြီး ဇနီးသည် အဘွားမှုံစကားကိုတောင် မေ့ချင်ချင်ဖြစ်နေသည်။

သားတွေနှင့်တွဲပြီး ရေလမ်းခရီး မသွားရတာ ကြာပြီ။ သားတွေက အဖေ့လို တံငါမလုပ်ကြတော့။ အိမ်ထောင်တွေကျပြီး မိဘနှင့်ခွဲကာ တခြားတစ်ရွာမှာ လယ်သူရင်းငှားသာ လုပ်ကြသည်။ အနေလည်း လှမ်းသွားသည်။ မပြေလည်ကြတော့လည်း မိဘကို သားသမီးတွေက မပံ့ပိုးနိုင်၊ မိဘကလည်း သားသမီးတွေကို မထောက်ပံ့နိုင်။

*

နာမည်ကြီးလှသော လွှမ်းစေတီ သုံးခွဆိုင်ကို ရောက်ခဲ့ကြသည်။ မြစ်ကြီးသုံးစင်း၏ အကျယ်အဝန်းနှင့် ဖြစ်မြောက်နေသော လွှမ်းစေတီ သုံးခွဆိုင်သည် ဟင်းလင်းပြန့် ရေပြင်ကျယ်ကြီးက ပင်လယ်ဝေနေသည်။ မိုးကာလ၏ ရာသီဆိုးတို့က မောက်မာခက်ထန်ချင်တိုင်း မောက်မာခက်ထန်လျက်ရှိသည်။ စင်ရော်မကတော့ တံ့ဆိုင်းတွေဝေမနေ။ လှေရှိန်မပျက် ပြေးလျက်၊ သုံးခွဆိုင်ကို ဦးတည်ရှေးရှုထား၏။

မိုးတွေက သည်းထန်စွာရွာနေသည်။ လေတွေကလည်း ပြင်းထန်စွာ တိုက်ခတ်နေ၏။ သုံးခွဆိုင်၏ ကြီးမား မြင့်ထနေသော လှိုင်းလုံးကြီးတွေက အော်မြည်ဟည်းထနေသည်။ လှေတွေ၊ သင်္ဘောတွေ၊ လူတွေကို ဒုက္ခပေးပေါင်းများလှပြီ။

ကြောက်ခမန်းလိလိရှိနေသော ဒီလှိုင်းလုံးကြီးတွေရှိ ရေပြင်ကျယ်ကြီးကို လှေလေးနှင့် ကူးသန်းဖို့ဆိုသည်မှာ သာမန်လူတွေအတွက် စိတ်ကူးလေး ရဲဖို့တောင်မဝံ့။

သို့စေ သူတို့မှာ သာမန် လူတွေ မဟုတ်ဘူးသာ ဆိုရမည်။ တံငါသားအဖတွေ ရာသီဥတုဒဏ်ကို သံမဏိ သားကျအောင် ခံနိုင်ရည်ရှိထားသူတွေ။ ပူမလား အေးမလား ချစ်ချစ်တောက် အောင်ပဲ နေကြီးပူပူအေးစိမ့်နေလောက်အောင်ပဲ မိုးကြီးသည်းသည်း ထူးထွေသော အကြောင်းရပ် မဟုတ်။

မိုးကြီးကြီးမပစ်ဘူးဆိုလျှင် မှုလောက်စရာ မရှိ။ လေတိုက်ချင်သလောက်တိုက်၊ မုန်တိုင်းကြီးပဲကျကျ၊ လှိုင်းကြီးချင်သလောက်ကြီး၊ လှေပဲမြုပ်မြုပ်၊ မိကျောင်း မကိုက်ဘူးဆိုလျှင် သေမှာကို စိတ်ကူးထဲတောင် မထည့်။

မြစ်လယ်ကောင်တွင် မြုပ်သွားသောလှေကို ပြန်ဖော်လို့တောင် စီးနိုင်သည်။ လှေဖော်ရမှာ ပင်ပန်းခက်ခဲနေလျှင်လည်း လှေနံကိုကိုင်ကာ မျှောလိုက်သွားဖို့ပင်။ နောက်ပြီး ပုဆိုးပုဖောင်းကြီးလုပ်ကာ ရေပေါ်မှာ ပေါ်နိုင်သေးသည်။ လွှမ်းစေတီ သုံးခွဆိုင်ကို တိုးဝင်တော့မည့်အချိန်မှာ . . .

"ဒီကောင်ကြီးက အရေးကြီးတယ်" ဟု သားငယ်ဖြစ်သူ ခွေးညိုက ဆိုလိုက်ပြီး လှေဦးမှာ ချည်ထားသည့် အုန်းဆံကြိုးကြီးကိုဖြုတ်ပေးဖို့ သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြီးဆီ တောင်းသည်။ ကြိုးရသည်နှင့် ငါးမြင်းကြီး ပါးဟက်ထဲသို့ ထုတ်ချင်းပေါက် ထိုးသွင်းလိုက်ကာ လှေထောက်တံနှင့် အခိုင်အခံ့ ချည်နှောင်ပစ်လိုက်သည်။

လှေမြုပ်ခဲ့သော် ငါးကြီး ရေထဲတွင် ဆုံးပါးသွားမည်ကို စိုးရသည်။ ဒီငါးကြီးကို အကြောင်းပြုပြီး လာရသည့်ခရီး။

ဒီလောက်ကလေး ပြင်ဆင်ပြီးရုံနှင့်ပင် သုံးခွဆိုင်လှိုင်းလုံးကြီးတွေကို ရင်ဆိုင်ဖို့ လုံလောက်ပြီ။

တံငါသည် လှေမြုပ်ပြီး ရေနစ်သေရသည်ဆိုလျှင် ရာဇဝင်ရိုင်းပေတော့မည်ပေါ့။

မြစ်လယ်အရောက်တွင် မိုးကကျဲပါးသွားသော်လည်း လေပြင်းတွေက ပိုပြီးကျလာသည်။ လှိုင်းဆိုတာက မိုးရွာလို့ ကြီးခြင်းမဟုတ်။ လေတိုက်လို့ကြီးခြင်း။ လွမ်းစေတီသုံးခွဆိုင်၏ ဒေါမာန်ပြရာ လှိုင်းလုံးကြီးတွေကြားမှာ စင်ရော်မသည် မြုပ်ချည်ပေါ်လှည့်နှင့် ဝရုန်းသုန်းကား ဖြစ်နေသည်။ တောင်မြင့်ကြီးပေါ် မြောက်တက်သွားလိုက်ရ ချောက်ကြီးထဲ ပြုတ်ကျသွားလိုက်ရသလိုသာ ရှိနေသည်။

အကြောက်မဲ့သော သူတို့တစ်တွေမှာ ကလေးတွေ ချားရဟတ်ကြီး စီးနေရသလို သည်းအေးရင်ဖိုနှင့် တစ်မျိုးတောင် ပျော်စရာကောင်းနေသေးတော့သည်။

လူပေါင်းများစွာကို ချောက်ချားထိတ်လန့်စေသော၊ ဒုက္ခပေးလှသော၊ သတ်ဖြတ်နစ်မြုပ် ဝါးမျိုခဲ့သော လွမ်းစေတီ သုံးခွဆိုင်၏ လှိုင်းလုံးကြီးတွေက စင်ရော်မကို နစ်မြုပ်ဖို့မစွမ်းနိုင်။

သူတို့တစ်တွေအား သောကတစ်စုံတစ်ရာ ရောက်အောင်ပင် မစေစားနိုင်။ လှေနှင့်ရေမှာ ကျွမ်းလှသော တံငါသားအဖ သုံးယောက်ကို လွမ်းစေတီသုံးခွဆိုင်၏ လှိုင်းလုံးကြီးများ လက်မှိုင်ချပြီး ကျန်ခဲ့ရသည်။

လှိုင်းကြီး လှေအောက်သာဖြစ်ခဲ့ရသည်။ လှိုင်းကြီး စင်ရော်မအောက်ဖြစ်ခဲ့၏။ လှိုင်းလုံးကြီးတွေ၏ ရိုက်ခတ်တွန်းဆောင်မှုကြောင့် သူတို့မှာ ပိုလို့ပင် ခရီးတွင်ခဲ့သေး၏။ တစ်ဖက်ကမ်း အရောက်တွင် မိုးကကျဲပါးပါးလေးသာ ရွာတော့သည်။ မြစ်ကမ်းဘေးကပ်ကာ လေခိုရင်း ရေစုန် နှင့်လိုက်ခဲ့ကြသည်။

လွမ်းစေတီသုံးခွဆိုင်၏ လှိုင်းတွေအကြောင်း စကားလုပ်ပြီး ပြောမနေကြသော်လည်း သူတို့သားအဖတစ်တွေမှာ စကားဖောင်ဖောင်နှင့်သာ ရှိနေကြသည်။

အဘကြီးကိုယ်တိုင် သူ့ဘဝတစ်လျှောက်လုံးဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ တံငါအတွေ့အကြုံများ ပြောမကုန်အောင် ဖြစ်နေသည်။ သားတွေနှင့် ဒီလိုမပြောခဲ့ရတာလည်း ကြာပြီ။ ပြောစရာဆိုလို့ သူ့မှာ ဒီအကြောင်းပဲရှိသည်။

သားတွေကလည်း သဘောကောင်းပြီးအလွန်အလိုက်သိတတ်သော ဖခင်ကို မိခင်ဖြစ်သူထက်ပင် သဘောကျကြသည်။ တံငါအလုပ်နှင့် ပတ်သက်လို့များကတော့ သူတို့အဖေကို မီသူမရှိဟုအထင်ကြီးကြသူတွေလည်းဖြစ်သည်။

ဖော့မျောစဉ်က ဒီငါးမြင်းကြီ တော့ မလွတ်အောင် ဘယ်လို လု ဆောင်ခဲ့ရကြောင်း အားပါးတရပြ လျက်ရှိသည်။ သားတွေကလည်း စိ ဝင်စားစွာနှင့် အဖေ့ဘက် လှည့် တကြည့်ကြည့်။ စင်စစ်တွင် ငါ အို မယ့် စွမ်းပါသေးတယ်ကွယ်ဟု သဘော မျိုးက ပိုကဲနေသည်။

သားတွေကလည်း သူတို့အ နှင့်အတူ ငါးဖားရှာစဉ်က အဖြစ်အပျ တွေကို စားမြုံ့ပြန် အပြောတွေန အတောမသတ်။ ရယ်စရာ မောစ တွေနှင့်လည်း တဟားဟား။

သို့ကြောင့်လည်း သူတို့ရှေ့တွ ရှိနေသည်က ကျူခုနစ်ပင် တံတော ဆစ်ချိုးကွေ့၊ ဒါကို သူတို့ သတိမ သွားကြရသည်။

ဆင်သေမြစ်၏ နာမည် ကြီး သော ကျူခုနစ်ပင် တံတောင် ဆစ်ချိုး ကွေ့ကိုအမှတ်မထင်ဘဲ စင်ရော်မ လွှားခနဲ ဖြတ်သန်း တိုးဝင်လိုက်သ နှင့် . . .

"အဖေ အဖေ. . . ခွေးဘီလူး စုပ်ဝဲကြီး၊ ခွေးဘီလူးစုပ်ဝဲကြီးဗျ"

သားနှစ်ယောက်က ထိတ် တကြား အော်ဟစ်လိုက်ကြတော့သ





www.burmeseclassic.com

www.burmeseclassic.com

ခွေးဘီလူးစုပ်ဝဲကြီးနှင့် [illegible] ရင်ဆိုင်တိုးမိလေပြီ။

လှေနှင့်ရေမှာ ကျွမ်းလှသော အဘ ကံကြီးသည် မျက်လုံးတို့ ပြာဝေလို့တောင် သွားသည်။ စိတ်အာရုံကို ဖမ်းချုပ်ဖို့ တဒင်္ဂ သတိလွတ်ထွက်သွားရသည်။

ဝါရင့်တံငါ သည်ကြီးမို့ ဒီစုပ်ဝဲကြီးအကြောင်း ပိုပြီး သိနေသည်။ ပြင်ဆင်ချိန် မရလိုက်ဘဲ တကယ့်အန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင်အတွေ့တွင် ရုတ်တရက် ကယောင်ချောက်ချားနှင့် ဘာလုပ်ရမှန်း မသိ ဖြစ်သွားရသေးသည်။

ပွဲစီးနေသော အဘကံကြီးသည် ဝါရင့်တံငါသည် ရေမုဆိုးကြီးသာ ဖြစ်ပါ၏။ တစ်ခဏချင်းမှာပင် သတိကို ချုပ်တည်း ဖမ်းယူနိုင်သည်။

သို့စေ ခွေးဘီလူးစုပ်ဝဲကြီး၏ သေမင်းစက်ကွင်းမှာ ငြိနေလေပြီ။ ဆိုးသတင်းဂုဏ်တို့ မောက်လှသော ခွေးဘီလူးစုပ်ဝဲကြီး၏ သေကျဉ်း၊ သေမင်းအာခံတွင်းက လွဲဖယ်ရှောင်မှ ရနိုင်ပါဦးမည်လား။ စုပ်ဝဲကြီး၏ ညှို့ခါးပတ်စက်ကွင်းမှာ ရစ်လည်နစ်ချင်နေသော စင်ရော်မ လှေဦးသည် ငုံ့ယိုင်လာ၏။

သားနှစ်ယောက်သည် ကြောက်လန့်တကြားနှင့် တအားကျုံးလှော်နေကြသည်။

"အဖေ. . . အဖေ"

အားကိုးတကြီး ရေရွတ်အော်ခေါ်နေသော သားငယ်၏အသံမှာ ကျပ်ပြာလောင်နေ၏။

ခွေးဘီလူးစုပ် ဝဲကြီး
အခုလို
မကောင်းဆိုဝါးအသံကြီး
အော်မြည်လာပြီဆိုလျှင်
ခွေးဖြစ်စေ၊ ဆိတ်ဖြစ်စေ၊
နွားဖြစ်စေ၊
ရေစာ တွေ့လေ့တွေ့ထ ရှိသည်။

[illegible] ပေါင်းများစွာ မြစ်ချောင်းတို့၌ ကျင်လည်ကျက်စားခဲ့သော အတွေ့အကြုံ အထိ သတိတို့နှင့် ရင်ဆိုင်ကြံ့ခိုင်သည်။ ကိုယ်ကို လှေနံမှာ ဖိကပ်၍ အဖြစ်နိုင်ဆုံး ရေစူးကိုနက်စေကာ ရေထဲကျလုမတတ် တစ်ဖက်သို့ ကိုယ်ကိုညွတ်ယိမ်းချလိုက်ပြီး အင်ကုန် အားကုန် တော်လှန်ခြင်းဖြင့် စင်ရော်မဦးခေါင်းကို တည့်ယူလိုက်လိုက်၏။

သို့သော် နောက်ကျခဲ့ချေပြီ။

ခါးဆစ် ရိုက်ချိုးခံထားရသော ခွေးတစ်ကောင်လို စင်ရော်မသည် ဖင်ထိပြီးနောက် တရွတ်ဆွဲနေသည်။ လူသားသုံးဦး၏ အားမာန်နှင့် သဘာဝအားမာန်တို့ လွန်ဆွဲပွဲတွင် စင်ရော်မ၏ ဦးခေါင်းသည် ထောင်မော့၍ ယမ်းခါနေတော့သည်။

လှေနှင့် အလံ ၂၀ လောက်သာ ဝေးတော့သည့် ဗဟိုဝဲကတော့ကြီးကို ယောင်မှား၍ပင်တောင် မကြည့်ရဲကြ။ သေတွင်းကြီးမို့ သူတို့တစ်တွေသည် သေမင်းနှုတ်ခမ်းကြီးပေါ်မှာ ရောက်ရှိနေကြပြီကို မသိဘဲနေ၍မရ။ သိနေကြရပြီ။

*

ခွေးဘီလူးစုပ်ဝဲကြီး၏ ကြောက်မက်ဖွယ်ရာ အော်ဟိန်းမြည်နေသော အသံဆိုးကြီးက သူတို့ရင်ခေါင်းထဲကို လှိုက်တက်ဆူပွက်စေသည်။ သေမင်းခေါ်သံကြီး။

ကြေးစား လှေလှော်သမားကြီး ဖြစ်ခဲ့ဖူးသော ကိုရွှေလူ၏ဘဝတစ်သက်တာတွင် မရှိခဲ့ဖူးသေးသည့် အကောင်းဆုံးသော လှော်ချက်များသာဖြစ်သည်။ လှော်ချက်များမှာ ကြောက်မက်ဖွယ်ရာကောင်းလှသည်။ ကျုံးနစ်ဖိကြိတ်ပြီး ဆွဲငင်နေသော တက်သံများမှာ ဝီခေါ်နေသည်။

ရေစူးနက်ပြီး ပြင်းထန်လှသော လှော်ယက်အားကြောင့် တက်ရိုးသည် လေးကိုင်းလို ညွတ်ကွေးနေ၏။ ဖျောင်း[illegible] ရှူသွက်သွားမည်လား ထင်ရသည်။ သူတက်၏ လှုပ်ရှားရာ ဝန်းကျင်သည် ဂယက်လိုင်လျက် ဆူပွက်နေသည်။ ဒီပွဲ သေမင်းနှင့် ပြိုင်ရသည့်ပွဲ၊ အသက်ကို လောင်းကြေးထည့်ထားရသည့်ပွဲ။

ဒီနယ်ကမို့ ဒီနယ်က ခွေးဘီလူးစုပ်ဝဲကြီးအကြောင်းကို သိထားပြီးဖြစ်သော ခွေးညိုသည် အခြေအနေကို မတွေးရဲ မကြည့်ရဲ မျက်လုံးစုံမှိတ်ပြီး သွေးရူးသွေးတန်းသာ ကျုံးလှော်နေလေသည်။

အသက်ကြီးသည်အထိ သတိတစ်ချက် အချို့အယွင်း မခံဝံ့။ အနှေးအကွေး တစ်ချက်မခံဝံ့။ ပါးစပ်ကလည်း ယုံကြည်နားလည်ထားသော ဆိုင်ရာပိုင်ရာတို့ကို တောင်းပန်တိုးလျှိုးနေသေးသည်။

မိုးရေတွေ ရွှဲလျက်ရှိနေခဲ့သော သားအဖသုံးယောက်လုံး၏ ကိုယ်ခန္ဓာများမှာ ဇောချွေးတွေဖြိုင်ဖြိုင်ကျနေ၏။ သေရေး မဟုတ်ပါလား။ သေဘေး မဟုတ်ပါလား။

ခွေးဘီလူးစုပ်ဝဲကြီး၏ ဖြန့်ကြက်ထားသော မရဏစက်ဝိုင်းသည် ဆင်သေမြစ်ပြင်မှာ အပြန့်ကျယ်လှသည်။ သေတွင်းကြီး၏ စက်ကွင်းစပ်မှာ ရေပေါ်မျော အရာဟူသမျှသည် ရှူးနောက်မူးချာပြီး လှည့်လည်တန်းစီနေကြသည်။ ဝဲကတော့ကြီးက ဓာတ်ပြားအပ်သွားရစ်ဆွဲငင်လျက်ရှိသည်။ သေတွင်းချောက်ကြီးနှင့် နီးလာလေလေ ပြေးလွှားလှည့်ပတ်ရလေလေ။

နောက်ဆုံးတွင် ညှို့မိထားသော ရေပေါ်မျောအရာဟူသမျှတို့ကို ဗေဒါတစ်ပင် မြက်တစ်စကိုပင် ချန်မထား။ ကြီးမားကျယ်ပြန့်လှသော ဗေဒါဖောင်ကြီးများ၊ ဒိုက်ဖောင်ကြီးများသည်ပင် ဝဲကတော့ကျင်းကြီးထဲသို့ လှစ်ခနဲ လှစ်ခနဲ ပြေးဝင်သွားကြရ၏။

ဝဲကတော့ကြီးက ဝါးခြေစုပ်မျိုပစ်လိုက်သည်မှာ စုံးစုံး နစ်နစ်ကြီးမှ လုံးလုံးလျားလျား စုံးစုံး နစ်နစ်ကြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်နိုင်စရာပင် မရှိ။ ပျောက်ကွယ်သွားကြရတော့သည်။

မကောင်းဆိုဝါးကြီး၏ ဒေါသဆူပွက်နေသော လိပ်ပြာလွင့်စဉ်စရာ အသံနက်ကြီးနှင့် သံက်ရှိသော၊ သက်မဲ့သော၊ သေးသော၊ ကြီးသော၊ အားလုံးသော အရာဟူသမျှတို့ကို စွဲနစ်စုပ်မျိုပစ်ဖို့ တောင်းဆို၍သာ နေ၏။

ခွေးဘီလူးစုပ်ဝဲကြီးသည် နှစ်စဉ်လူသားစားနေကျ။ လှေ၊ သင်္ဘော၊ သမ္ဗန် စသည့် ခရီးသွားအပေါင်းတို့သူ့အစာဖြစ်ခဲ့ပေါင်း များလွန်းနေပြီ။ နီးနားဝန်းကျင်မှလူများ ကြောက်ရွံ့ကြီးစွာ အယူသီးကြသည်။ ခွေးဘီလူးစုပ်ဝဲကြီး အခုလို မကောင်းဆိုဝါးအသံကြီးအော်မြည်လာပြီဆိုလျှင် ခွေးဖြစ်စေ၊ ဆိတ်ဖြစ်စေ၊ နွားဖြစ်စေ၊ ရေစာကျွေးလေ့ ကျွေးထ ရှိသည်။ လူသားတို့၏ အသက်ကို ရန်မရှာစေဖို့ပင်။

ကျူခုနစ်ပင်တံတောင်ဆစ်ချိုးကွေ့၏ကမူစွန်းမှာ နတ်စင်ဆောက်လုပ်ပြီး ပူဇော်ပသထားကြသည်။ ယုံကြည်သူ ရေလမ်းသွားတို့သည် နတ်စင်ကို လှေဦးတိုက်ပြီး ရေဘေးအန္တရာယ်ကင်းရှင်းစေကြောင်း တောင်းပန်တိုးလျှိုးကြ၏။

ဒီနှစ်မိုးတွင်းမှာ ပွဲဦးထွက်အဖြစ် ခွေးဘီလူးစုပ်ဝဲကြီးက သူတို့တစ်တွေအား ရေစာအဖြစ် ဝါးမျိုသတ်ဖြတ်တော့မည်လား။ သူတို့ရင်မှာ ယောက်ယက်ခတ်ကာ ဗလောင်ဆူနေကြသည်။ နှုတ်ခမ်းများပေါ်မှာတင်ပြီး ခွေးဘီလူးစုပ်ဝဲကြီးကတော့ စုပ်ယူနေလေပြီ။

သေမင်းကြီး နှုတ်ခမ်းဝမှာ အသက်တင်ထားရသော တံငါးသားဖသုံးယောက်သည် ဝပ်ငုံ့အားစိုက်ပြီး အကျောက်အကန် လှော်ယက်နေကြသည်။ တက်ယက်သောရေတို့မှာ ဖွားဖွားဝေပြီး ဝုန်းဒိုင်းကြနေသည်။ သူတို့တစ်တွေ၏ လက်များသည်လည်း ကြွက်သားများ ဖုထစ်ရုန်းကြွ၍ အကြောပြိုင်းပြိုင်းထနေသည်။

ပွဲစီးနေသော အဘက်ကြီးသည် ဝဲကတော့ကြီးဘက် လှေဦးလှည့်မသွားရအောင် ခက်ခဲစွာ အားထုတ်နေရသည့်ကြားမှ တက်ပေါက်ချလျက် ရုန်းအားရှိအောင် ကျုံး၍လှော်နေသေးသည်။

ဝဲကတော့ကြီး၏ ညို့ချက်နှင့်မူးနောက်ချာ လှည့်လည်နေသောဗေဒါဖောင်၊ ဒိုက်ဖောင်ကြီးငယ်အချို့သည် လှေဦးအနီးမှ ပတ်ထွက်လှည့်လည်သွားသည်လည်းရှိသည်။ လှေပဲ့နောက်မှရစ်လည်ပြီး ဝဲကြီးထဲ ဝင်ရောက်သွားသည်လည်း ရှိသည်။

စင်စစ်တွင် လှေဦးမလည်စေဦး လှေပဲ့ကို ဝဲကတော့ကြီးက လှည့်ယူဆွဲချနေသည်သာ။ အခုပုံဆိုလျှင် လေပဲ့နှင့်ပင် ဝဲကြီးထဲ ဝင်ရဖို့သာရှိနေသည်။ ဗေဒါဖောင်ကြီး တစ်ခုခု၊ ဒိုက်ဖောင်ကြီးတစ်ခုခု လှေကိုလာရောက်ကပ်ငြိခြင်းခံရပြီဆိုလျှင်တော့ တွေးရဲစရာ လုံးလုံးမကျန်တော့။ ကြာလျှင် လက်မောင်းပြုတ်ထွက်ရချိမ့်မည်။ အမောဆို့ပြီး သေရချိမ့်မည်။

"လှော်လိုက်ကြစမ်းကွ အဖေ့သားတို့ရဲ့"

သည်းအူ တုန်နေသော ရင်ခေါင်း ကွဲသံကြီးနှင့် အဘက်ကြီး ကျုံး၍ အော်ပစ်လိုက်သည်။ တံငါသားအဖ သုံးယောက်သည် နောက်ဆုံး ကြိုးပမ်းချက်အဖြစ် တက်ကို တင်းတင်းဆုပ်လျက် အံကို ကြိတ်ခဲပစ်လိုက်ကြသည်။

ခွေးဘီလူးစုပ်ဝဲကြီး၏ မရဏစက်ဝိုင်းမှာ ပဲ့ပိုင်းမိနေသော စင်ရော်မသည် ပြင်းထန်ကြောက်မက်ဖွယ်ရာ အသေအလဲသော လှော်အားချက်တွေကြောင့် မချိမဆံ့ လျှပ်လူးရုန်းခါနေသည်။

ပကတိ ထရပ်တော့မတတ်ခေါင်းမော့ထောင်ကြွနေသည်။ ကြိုးတစ်ချောင်းသာဆိုလျှင် နှစ်ဖက်ဆွဲအားကြောင့် ထောင်းခနဲ ပြတ်ထွက်သွားပေတော့မည်။ သို့သော် သူတို့ကား ယခုထိ တင်းခံထားနိုင်ဆဲမှာ ရှိနေသည်။

"တို့မသေဖို့အတွက် ကြိတ်လိုက်ကြစမ်းပါကွ သားတို့ရဲ့"

တင်းတင်းခဲခဲကြီး အော်ဟစ်လိုက်သော တံငါအဘိုးအိုကြီး၏ အသံနှင့်အတူ မျက်လုံးစုံမှိတ်ပြီး ကြိတ်ကြိတ်ထန်ထန် ဆွဲငင်ပစ်လိုက်ကြသော တက်ချက်များကြောင့် စင်ရော်မသည် မသိမသာ တစ်ချက်တိုးဝှေ့လိုက်နိုင်ခဲ့သည်။

"တို့ဘက် ပါလာပြီ၊ လှော်ပေးလိုက်စမ်းပါဦးကွ သားတို့ရဲ့"

အဘက်ကြီးသည် စိတ်အားပြင်းပြစွာ အော်ဟစ်လိုက်ပြန်သည်။ သူတို့တစ်တွေမှာ တစ်ကိုယ်လုံး ဆိုးဆိုးဆတ်ဆတ် တုန်နေကြပြီ။ သက်ပြန်မရှူအားကြ။ အသက်ရှူမှားနေရပြီ။ သို့သော် သေရေး သေဘေး။

စင်ရော်မသည် သေမင်းအာခံတွင်းမှ တစ်လက်မချင်း ရုန်းနုတ်လာနေပြီကို သိသည်။ သို့တိုင် လှော်ယက်အားကို အနည်းအကျဉ်းလေးမျှပင် ယောင်မှား၍ လျှော့ကျမခံဝံ့ကြ။ လှေဝန်းကျင်ရှေ့နောက်ဝဲယာတွင် ဝဲချာလှည့်ရစ်နေသော ဗေဒါဖောင်၊ ဒိုက်ဖောင်ကြီးတို့သည် လွန်မင်းသော အန္တရာယ်ကြီးများအဖြစ် အချိန်းအခြောက်တွေ ခံနေရသည်။

လှေဦးရှေ့တွင် ဗေဒါဖောင်ကြီးတစ်ခု၏ ရစ်ဝဲဖြတ်သန်းနေခြင်းခံရသော အခါ ဝဲ၏ဆွဲအား ပြင်းစွာခံနေရဆဲဖြစ်သဖြင့် ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်၊ ရှေ့မှာလည်းအန္တရာယ်၊နောက်မှာလည်းအန္တရာယ်၊ ဘေးမှာလည်း အန္တရာယ်ကြီးတွေသည် ဝဲထဲဆွဲခေါ်၍သာနေတော့၏။

ဗေဒါဖောင်ကြီးသည် လွတ်မည်မထင်ရလောက်အောင်ပင် လှေဦးမှ ပွတ်သီကာထွက်သွားသည်။

"အဖေရေ ဒိုက်ဖောင်ကြီး လာနေတယ်ဗျို့"

ကတုန်ကယင် ကချောက်ကချားအော်လိုက်သော ကိုရွှေလူ၏ အသံကြီးက ထွက်ပေါ်လာပြန်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇန်နဝါရီလ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

လှေနှင့် တည့်တည့်ကြီးတွင်လာနေသော ဒိုက်ဖောင်ကြီးကို လှမ်းမြင်လိုက်ရသည်နှင့် အဘကံကြီး၏ နားထဲမှာ . . .

"သေဖို့သာ ပြင်လိုက်ကြတော့ဗျို့" ဟု ကြားလိုက်မိသည်။

ဒီဒိုက်ဖောင်ကြီးကို သေမင်း၏ မကောင်းဆိုးဝါး အာဏာပါးကွက်သားအဖြစ် နားလည်လိုက်သည်။ အကပ်ခံလိုက်ရသည်နှင့် သေမင်းဆီ ဒရောသောပါး ရောက်ရှိသွားရမှာက အသေအချာ။

ဝဲ၏ ဆွဲထားသော အားကြီးကြောင့် လှေတိုးရွေ့နိုင်မှုနှုန်းနှင့် ဒီဒိုက်ဖောင်ကြီးကို လွတ်အောင် ရှောင်ဖို့ မဖြစ်နိုင်တော့။ အလွန်ဆုံး ရှောင်နိုင်လျှင် လှေလယ် ဒါမှမဟုတ် ပဲ့ကို ငြိကိုငြိတော့မည်မှာမလွဲ။ အဘကံကြီး တက်ကိုသာ ချလိုက်ချင်တော့သည်။လူလည်း အသက်ထွက်တော့မည်။

ဘယ်ဘက်တွင် တက်ချပြီး လှော်ယက်နေသော လှေဦးပေါ်က် ကောင်းကြီး ကိုရွှေလူသည် ညာခြေထောက်ကို ရေမှာပစ်ချလိုက်သည်။ လက်က အင်ကုန်အားကုန် လှော်နေသလို ခြေထောက်ကလည်း ရေကို တအားပေါက်သည်။

အဘကံကြီးလည်း ကိုရွှေလူ၏ လုပ်ဆောင်ချက်ကိုတွေ့ပြီး သတိရသွားသည်။

သူ့ညာခြေထောက်ကိုလည်း ရေမှာ ပစ်ချလိုက်သည်။ မသေခင်အထိ အဖြစ်နိုင်ဆုံး အတတ်နိုင်ဆုံးတွေနှင့် သေမင်းကို ရင်ဆိုင်သွားဖို့ပင်။

ခြေထောက်နှစ်ချောင်း၏ ကန်ကျောက်ယက်ပေါက်အားသည် လူတစ်ယောက်၏ လှော်အားအဖြစ် ဖြည့်ဖို့ ဝင်ရောက်လာသည်။

နောက်ဆုံး၏နောက်ဆုံးအဖြစ် သေဘေးနှင့် လက်တစ်လုံးကြားအကွာမှ ရုန်းထွက်သော သူတို့၏လုံးပန်းမှုသည် ပြောင်··ာန်ပြီး ဝုန်းဒိုင်းကြဲနေ၏။

လှေဦးဘက်ကိုသာ အဘကံကြီး လှမ်းကြည့်သည်။ ဒိုက်ဖောင်ကြီးလာရာ ညာဘက်ဆီ ကြည့်ကိုမကြည့်။ သေမင်းကို တည့်တည့်ကြည့်ပြီး အသေမခံလို။ သေသူအဖြစ်သာ သဘောထားသည်။

ခြေထောက်၏ အတွေ့အထိအရ ဒိုက်ဖတ်တချို့ကို ကန်ကျောက်မိမှန်း သိသည်။ ဒိုက်ဖောင်ကြီး လှေဆီ ရောက်လာပြီ။ ကိုင်းမြက်ဖျားလေးတချို့ ထိရှခြင်းခံရသည်။

ဝေဝါးနေပြီဖြစ်သော မျက်လုံးများနှင့် လှေဦးကို စူးစိုက်ပြီးကြည့်လိုက်သည်။ စင်ရော်မသည် တိုးရွေ့နေနိုင်သေးသည်။ ဒိုက်ဖောင်ကြီးကား နောက်မှာ ကျန်ခဲ့လေပြီ။

ကိုရွှေလူပါးစပ်မှ လေနှင့်အစာတွေ ပွက်ခနဲ တစ်ချက်အန်ထွက်သွားသည်။ ခွေးညို၏ပါးစပ်မှ ဟောဟဲထနေသော အသံများမှာ စုပ်ဝဲကြီး၏အော်မြည်သံနှင့် အပြိုင်ရှိနေသည်။ အဘကံကြီးမှာတော့ ခန္ဓာကိုယ် အစိတ်အပိုင်းတို့ ပြုတ်ထွက်ကျန်တော့မလို ကိုက်ခဲနာကျင်နေသည်။

စင်ရော်မ၏ ရွေ့လျားနိုင်မှုနှုန်းကြောင့် ကိုရွှေလူနှင့် အဘကံကြီးတို့ ခြေထောက်တွေပြန်တင်လိုက်ကြသည်။ အသက်မရှုနိုင်အားခဲ့ကြသော သူတို့သည် မပေါ့လျော့ဝံ့သေး။ အသက်ရှူသာနိုင်အောင် တက်လေးနှစ်၍ ဆွဲကြသည်။

တံငါသားအဖ သုံးယောက်သည် ဝဲကတော့ကြီးနှင့် အကွာအဝေးကို လည်ပြန်လှည့်၍ပင် မကြည့်ဖြစ်ကြသေး။ အကြောက်လွန်စွာ ဝေးသည်ထက်ဝေးအောင်သာ ဇောဖိစီးနေသည်။

ခွေးဘီလူးစုပ်ဝဲကြီးသည် သူ့အာခံတွင်းဝမှ ရုန်းထွက်သွားကြသော တံငါသားအဖသုံးယောက်ကို မချင့်မရဲကြီးနှင့် ကြိမ်းဝါးကျိန်ဆဲနေသလိုသာ အော်မြည်နေသည်။

စုပ်ဝဲကြီး၏ ဆွဲအား ပျော့လာလေလေ စင်ရော်မသည် ပြေးလွှားလာလေလေ။ သေတွင်းနယ်နိမိတ်ကို ဖြတ်ကျော်နိုင်ခဲ့သည်အထိ စင်ရော်မသည် ထိတ်လန့်တကြား ပြေးလွှားနေဆဲ။

*

ခွေးဘီလူးစုပ်ဝဲကြီးကြောင့် စိတ်လှုပ်ရှားမှုအရှိန်တွေ မသေချင်သေးသော်လည်း အဘကံကြီးအနေဖြင့် အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက် ဖြစ်နေပါလျက် ဒီလိုသော သေဘေးအန္တရာယ်ဆိုးကြီးကို ရင်ဆိုင်ရုန်းကန်ကျော်လွှား လွတ်မြောက်နိုင်ခဲ့သည့်အဖြစ်အားအကျေနပ်ကြီးသဘောအကျကြီးကျလျက် ရှိနေသည်။

သားတို့နှင့်အပြိုင် ပြန်လည်၍ ငယ်ရွယ်သန်စွမ်းလာသလိုလိုနှင့် မျက်နှာတွင် ပြုံးယောင်တွေ သန်းတက်လာသည်။

ထို့အတူ နာရီပိုင်းလေးတင် ကြောက်လန့်တကြီး ရုန်းကန်ခဲ့ကြရသော အဖြစ်များကို တွေးမိကာ စိတ်တွေ မချုပ်တည်းနိုင်ဘဲ တဟားဟားရယ်ပစ်လိုက်တော့သည်။

သား နှစ်ယောက်တို့ကလည်း အဖေရယ်သံတွေကို ကြားပြီးနောက် သူတို့ပါ အော်ဟစ်ရယ်မောကြတော့သည်။

သားတို့သည် သေဘေးဆိုးကြီးကို မေ့၍ရနိုင်တော့မည်မဟုတ်။ စကားစပ်မိတိုင်း ပြောဖြစ်ကြပေတော့မည်။ အသက်နှင့် ရင်းယူခဲ့ရသည့် အတွေ့အကြုံကြီး မဟုတ်ပါလား။ ယခုကျပြန်တော့လည်း စင်ရော်မလှေကလေးကဘာမှမဖြစ်ခဲ့သည့်အတိုင်း ကြော့ကြော့မော့မော့ဟန်ကလေးနှင့် ပြေးလွှားနေပေသည်။

[ကွယ်လွန်သွားသူ သူငယ်··
မောင်မှိုင်းလွင်သို့]



www.burmeseclassic.com

www.burmeseclassic.com



# မင်းရဲ့ကျော

## အရိုးသားဆုံး အပြုံးပိတိနှင့် ဒေါက်တာထိလာစ

ကျွန်တော့်ဆရာ ထီလာစစ်သူကား ရိုးသား၏။ ဒေါက်တာဘွဲ့ရသော်လည်း အလွန်ရိုးသားမြဲ ပြောင်းလဲမှုမရှိ ပကတိပုံစံ မှန်မှန်ကန်ကန်ဖြင့် ဆရာ၏ ရိုးသားမှုတွေအား ပြန်လည်သတိရမှု အစိတ်အပိုင်းလေးတွေ စုစည်းဖော်ပြလိုစိတ် တရိပ်ရိပ်ဖြစ်လာသည့်အတွက် ရေသားခဲ့ရပါပြီ။

ဆရာနှင့်အတူ ကျွန်တော် ၉၂၉ ကားရှေ့ခန်းတွင် ထိုင်ရ၏။ ဆရာကား ကားနောက်ခန်းမှာ ထိုင်ပြီး ကားထွက်သည်နှင့် . . .

"ဆရာကျော် . . . သူ့ဆီ ဖုန်းဆက် ငါ ပြောမယ်"

"ဟုတ်ကဲ့ . . ."

ဆရာ ကားပေါ်ရောက်သည်နှင့် ပုတီးထုတ်ကာ စိပ်ပါပြီ။ ဂါထာတွေ ရွတ်ဖတ်သရဇ္ဈာယ်သည်မှာ အမြဲတစေ ဝတ်မပျက်သော ဆရာ၏ အလုပ်ပင် ဖြစ်ပါသည်။

"ရပါပြီ"

". . ."

ဆရာသည် ဖုန်းပြောပြီး နောက်တစ်ယောက်ဆက်ခိုင်းပြန်၏။ ဆက်ရပြန်သည်။ တစ်ယောက်ပြီးတစ်ယောက် အလုပ်ကိစ္စများ၊ လူမှုရေးကိစ္စ၊ စာပေကိစ္စ၊ စာအုပ်ကိစ္စအဝဝ ကျွန်တော်သည် ဆရာနှင့်မလိုက်ချင်ပါ။ ကားပေါ်ရောက်သည်နှင့် ဖုန်းဆက်ရခြင်း၊ ဖုန်းခေါ်ပေးရခြင်း အလုပ်ကိစ္စတွေ ညွှန်



www.burmeseclassic.com

www.burmeseclassic.com

ကြားစရာတွေက တသီကြီး ဖုန်းလည်းကိုင်ရ ဆက်ရ၊ မှတ်တမ်းစာအုပ်မှာလည်း ရေးရ မှတ်ရ တစ်ချက်မျှမနားရ၊ ကြားထဲ ကားက လမ်းဘေးမှာထိုးရပ်လိုက်၏။ လမ်းဘေးကြည့်လိုက်တော့ ပါပြီ။

"မောင်စိုးလွင် . . . ရှေ့ရှေ့"

ကျွန်တော် ငါးရာတန်တစ်ရွက် ထုတ်သွားလေပြီ။ ယဉ်မောင်း မောင်စိုးလွင်(ကွယ်လွန်) ကားပေါ်မှ အပြေးလေးဆင်းကာ လမ်းဘေးဗယာကြော်သားထံမှ ဗယာကြော် ဝယ်ရ၏။ ဒုတိယဝန်ကြီးဖြစ်လင့်ကစား စာရေးဆရာကြီးပီပီ လွတ်လွတ်လပ်လပ် မိတ္ထီလာ အညာသားကြီး ဗယာကြော် ဝယ်စား၏။

သူ့အကြိုက်ကို ရိုးသားစွာ ပုံဖော်လေ၏။

မီးပွိုင့်ရောက်တော့ ပိုက်ဆံဆောင်းသူနှင့်တွေ့ပါပြီ။ ရောက်လာပါပြီ ကျွန်တော် မှတ်တမ်းရေးနေစဉ် . .

"ဆရာကျော် ပေးလိုက်လေကွာ"

"ဟုတ်ကဲ့"

ကျွန်တော်လည်း တစ်ခွန်းမခံ "ဟုတ်ကဲ့" ဆိုကာ ငွေနှစ်ရာတန်တစ်ရွက် ခုန်ထွက်သွားပြန်၏။ ဆရာသည် တိုင်ကျကျ လှလှပပ ရွှေဖလားရောင်ပုဆိုး၊ ချိတ်ပုဆိုးတွေ ဝတ်တတ်၏။ ရွှေဖလားရောင်တိုက်ပုံ ဆွတ်ဆွတ်ဖြူတိုက်ပုံတွေ ဝတ်ထားပါသော်လည်း ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မပါပါသော်လည်း ပါလာသည့် ကိုယ်ရေးအရာရှိ တာဝန်ပင်။

ကျွန်တော် မှန်ကန်သော သစ္စာစကားပြောဆိုခြင်းသာ ဖြစ်ပါသည်။

ကြေးမုံ သတင်းစာတိုက်တွင် တာဝန်ယူစဉ်က ကဗျာစာမူခ တိုက်ထဲတိုက်မှ ကဗျာသုံးပုဒ်အတွက် ငွေကို ထုတ်ခဲ့ရာ ကျွန်တော့်အစ်ကိုကြီး၊ ကျွန်တော့်ဆရာ၊ ကျွန်တော့်တပ်မှူး၊ ကျွန်တော့်အယ်ဒီတာချုပ်သည် ဘယ်အချိန်အကြား စာအုပ်ထဲမှ ထွက်လာသည် မသိ၊ ငွေနှစ်ဆယ်ကျပ်တစ်ရွက် ကျွန်တော့်ကို ပေးပြီး . .

"ဆရာကျော် ရော့ မင်းရလာတဲ့ ခုနစ်ဆယ့်ငါးကျပ်နဲ့ပေါင်းပြီး ရာတန်လဲပေးကွာ၊ လိုတဲ့ငါးဆယ်ကျပ်နောက်မှ ပြန်ဆပ်တာပေါ့တဲ့" ဗျာ။

ဆရာသည် ငွေကိုစု၏။ စု၍ရသောငွေဖြင့် သူ၏ စာအုပ်တွေထုတ်ရာတွင် အသုံးပြုသူ ကျွန်တော်သည် ကျွန်တော့်ဆရာကို မီအောင် မလိုက်နိုင် ကျွန်တော် လူညံ့ပါ။ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်ဆို ဝေလားဝေး ရသမျှစု၏။ စု၍ရသမျှ သူ့စာအုပ်အတွက် ရိုးရိုးသားသားရှာဖွေစုဆောင်းတတ်သူ။ တစ်ခါတစ်ရံ စာအုပ်အတွက် ငွေအနည်းငယ် လိုအပ်ပါက ချစ်ခင်ရင်းနှီး သူထံ အကူအညီတောင်း၏။ ကူညီသူတွေက ပြန်မတောင်း၊ ပြန်ဆပ်တော့ မယူ၊ ဆရာ့အပေါ် စေတနာအပြည့်အဝ၊ လိုသောငွေ အနည်းငယ် စိုက်ကြ၏။ ဆရာ၏ ရိုးသားဖြူစင်မှုအပေါ် ချစ်ခင်ကြ၏။ ဆရာမှလည်း မည်သူ့ကိုမဆို အမြဲကူညီတတ်သူ ဖြစ်နေ၍လား မသိတော့။

ကျွန်တော်တို့ ပြန်ကြားရေးတွင် တာဝန်ထမ်းဆောင်စဉ်ကာလ ဆရာသည် ဒုတိယဝန်ကြီး၊ ကျွန်တော် ရုံးရောက်တော့ ဆရာ မရောက်သေး။ မကြာမီ ဆရာရောက်လာပြီး ကျွန်တော့်အားပြုံးပြုံးကြီးကြည့်၍ ပြောလာ၏။

"ဆရာကျော်ရေ မင်းတူမ ဆရာ့သမီး(ချောစု)ခင်ပန်းရိုးရိုးညွန့် မွေးပြီကွ၊ ယောကျ်ားလေး၊ စစ်သားတစ်ယောက်တိုးပြီ၊ ငါ့မြေးက ငါနဲ့တူတယ်၊ နခေါင်း (နှာခေါင်း) ပြားပြားနဲ့ကွ"တဲ့။

ဆရာ၏ ရိုးသားပွင့်လင်းမှုပါတကား။ ကျွန်တော်တို့ မိတ္ထီလာ ရောက်သွားသည်။ ဆရာ၏ ရွှေစစ်သည် ကျေးရွာ မူလတန်းကျောင်းလေးအား အလယ်တန်းကျောင်းအဖြစ် ဆရာမှ ငွေအား လူအား စိုက်ထုတ် အသစ်ဆောက်လုပ်လှူဒါန်းသည့် ကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးများ တန်းလုံးကျွတ် အောင်မြင်ကြ၏။ ဆရာသည် ကျောင်းသား၊ ကျောင်းသူလေးများအတွက် ကျောင်းစိမ်း၊ အင်္ကျီပိတ်အဖြူစအပြင် ပထမ၊ ဒုတိယ၊ တတိယရသူနှင့် မြို့နယ်ပြိုင်ပွဲများတွင် စာတော်သူ အားကစား ထူးချွန်သူများအား ငွေသားဆုပေးရန် မြို့နယ်အကူအညီဖြင့် မိတ္ထီလာမြို့နယ်ခန်းမတွင် ဂုဏ်ပြုပွဲဖြင့် စည်စည်ကားကား ဆင်နွှဲရန် ကျွန်တော်နှင့် ရုံးအဖွဲ့ခွဲမှူး ဦးအောင်ကြည်မြင့် (ယခုအငြိမ်းစား)တို့မှ အများအယွင်း မရှိစေရန် ကျွန်တော်မှ ဆုငွေရေတွက်ပြီး စာအိတ်မှာထည့်၊ ဆရာအောင်ကြည်မြင့်မှ ဆုရကျောင်းသားအမည်နှင့် တိုက်ဆိုင်စစ်ဆေး အလုပ်များနေသည်။

"ဆရာကျော်"

"ဗျာ"

"ငါ့ရွာသားလေးတွေ ချစ်စရာကောင်းလိုက်တာ၊ မည်းမည်းပြောင်ပြောင်လေးတွေက သန်လည်းသန်မာကြတယ်ကွာ"

ဆရာ့စကား ကျွန်တော်ကြားပြီး ဆရာ့ကို ကြည့်လိုက်တော့ ပီတိတွေ ဝေနေလေသော ဆရာ့အပြုံး ဆရာ့ရိုးသားဖြူစင်ပွင့်လင်းမှု၊ မိမိဒေသကို ချစ်နေလေသော ဆရာ၏ ပုံရိပ်များသည်ကား ကျွန်တော့်ဘဝအတွက် မေ့မရသလို။

"ဒေါက်တာ ထီလာစစ်သူ ဆိုတာ ရိုးသားသော၊ ကြိုးစားသော တောသားတစ်ယောက်၊ အရှိန်အဝါမထား အမျိုးဘာသာတရားကို လက်ကိုင်ထားသည့် မျိုးချစ်စာဆိုကြီးပါကလား" ဟု တွေးရင်း ငေးရင်း၊ ဆွေးရင်း ချစ်သော ဆရာ ကောင်းရာဘုံဘဝမှ သိနိုင်၊ ကြားနိုင်ပါစေသောလို့ လက်ဆယ်ဖြာထိပ်မှာ မိုးလျက်။

❒ မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှအဆက်)

နုမယ် ကိုထွန်းမြင့်တို့ အိမ်က ပြန်လာပြီး ကိုစံနိုင် တို့အိမ်ကို ပြန်ရောက်ခဲ့လေပြီ။ ကိုစံနိုင်တို့ မိသားစုက လိုက်လိုက်လှဲလှဲ ကြိုဆိုနေကြ၏။ နေ့ခင်းကတည်းက မျှော်နေ ကြတာဖြစ်ကြောင်း ပြောဆိုရင်း အေးအေးဆေးဆေး အနား ယူရန် စီစဉ်ပေးကြ၏။

ကိုမောင်မောင်နှင့် ကိုဘုန်းကြွယ်တို့လည်း နားနေ ကြ၏။ သူတို့နှစ်ဦးကိုပါ ညစာစားရန် စီစဉ်ထားကြော သိရ၍ သူတို့နှစ်ဦးလည်း ဖောက်ချပြီး နားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤအိမ်ကား ကိုစံနိုင်တို့ အတွက် မကြာမီက ဝယ်ခဲ့သော အိမ်သစ် ဖြစ်၍ ယခုမှ ကျွန်ုပ်လည်း ရောက်ဖူး၏။ နေရာအနှံ့ လိုက်ပြ၏။ အိမ်ပေါ် အိမ်အောက် တစ်ခန်းဝင် တစ်ခန်းထွက် နှစ်ခေါက်အောင် လိုက်ပြ၏။

ဤကဲ့သို့ အလှူမင်္ဂလာဖြင့် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် အိမ်တက် မင်္ဂလာပါ ဖြစ်သွား၏။ အကောင်းဆုံးသော အစီအစဉ်ပင်တည်း။ ကိုစံနိုင်တို့ အတော်ဉာဏ်သွားကြ၏။ ဘုရားသားတော်များ၏ ဓမ္မစက်တော်တန်ခိုးကြောင့် သံသယ တင်းရှင်း၍ ဘေးဥပဒ် မရှိနိုင်တော့ချေ။ ဤအိမ်သည် မင်္ဂလာ အိမ်ကြီးပင် ဖြစ်လေတော့၏။ ဤကဲ့သို့ အကြံပိုင်ပိုင်လုပ်လိုက်ခြင်းအတွက် ကျွန်ုပ်ပင် အတုယူလိုက်ရပေသည်။

ထို့အတူ ကျွန်ုပ်၏ စိတ်ထဲ မှာလည်း ဘာရယ်မသိ ရွှင်လန်းနေ၏။ "ကောင်းလေစွ၊ ကောင်းလေစွ"ဟု စိတ်ထဲကပင် ကြည်နူးနေမိ၏။ မနေ့ကလည်း ရေမချိုးရ၊ မနက်ကလည်း ရေချိုးဖို့ မေ့ဆိုတော့ နွမ်းဖတ်နေသဖြင့် ရေချိုးဖို့ရန် အစီအစဉ် ဆွဲခိုင်းရလေ၏။

ရေချိုး၊ အနားယူ၊ ညစာ ကောင်းစွာ စားသုံးလိုက်ကြ၏။ ကိုမောင်မောင်တို့ နှစ်ယောက်ပါ ပါ၏။ ယခုမှ ကျွန်ုပ်လည်း ပြည့်ပြည့်ဝဝ နားရမှန်းသိ၏။ အားသစ်အင်သစ်တွေလည်း တိုးသလိုထင်ရ၏။ အလှူကို လာတဲ့ ဧည့်သည် အချို့ မပြန်သေး။ သက်ကြီးဝါရ ဘကြီးများ၊ ကျွန်ုပ်နှင့် သက်တူရွယ်တူများ စုစုပေါင်း(၈)ယောက်လောက် ရှိမည် ထင်၏။ ကိုစံနိုင်တို့ကလည်း တစ်လှူပြီး တစ်လှူ လှူနေရသလို သဘောကျနေကြ၏။

ထမင်းစားသောက်ပြီးသော အခါကျမှ ကိုစံနိုင်တို့ အလှည့်။ ကျွန်ုပ်နှင့် စကားပြောရမယ့် အလှည့်ကြုံလေတော့သည်။ သို့ဖြစ်၍ လူများများမရှိသော နေရာတစ်ခုကို ရွေးချယ်၍ ဆွေးနွေးရန် စီစဉ်လိုက်၏။ မစပ်စုတတ်သော ဘကြီးအရွယ်တစ်ဦးနှင့် ဦးလေးကြီးအရွယ် တစ်ဦးတို့သာ ကျွန်ုပ်တို့ စကားဝိုင်းတွင်ရှိ၏။ ကိုမောင်မောင်နှင့် ကိုဘုန်းကြွယ်ကတော့ ကျွန်ုပ်အနားက ခွာတယ် မရှိ။ ကိုစံနိုင်ကတော့ အမိက မရှိမဖြစ်။ ဒီလူစုသာ ရှိ၏။ ကိုစံနိုင်ကပဲ ရှိရှိသေသေ စကားစလိုက်၏။

"နိုင်နိုင် နေ့ခင်းက အိမ်လာပြီး အကြောင်းစုံ ပြောပြတော့မှ ကျွန်တော်တို့အံ့ဩသွားကြပါတယ်၊ ကျွန်တော့် အလှူကြီး အောင်မြင်ဖို့ ဆရာတို့က စေတနာပါပါနဲ့ ပံ့ပိုးတဲ့အတွက် ဝမ်းသာလို့ မဆုံးတော့ပါဘူး ဆရာရယ်"

"အားနာစရာ မလိုပါဘူး ကိုစံနိုင်ရယ်၊ မိသားစုလို သဘောထားပါ၊ တတ်နိုင်တဲ့ဘက်က ကူညီရတာပဲဗျာ၊ ဒီလို ကူညီလိုက်လို့ အောင်မြင်သွားတာရယ်၊ ကာယကံရှင်က သိလို့ ကျေးဇူးတင်ကြောင်း ပြောတဲ့အခါ များမှာဆိုရင်ဗျာ ကျုပ်ရင်ထဲ ပီတိပွားများရပါတယ်၊ တကယ်ပြောတာပါ၊ ကဲ . . . ကဲ ခင်ဗျား လုပ်တဲ့ကိစ္စတွေ လွတ်လွတ်လပ်လပ်ပြော၊ တိုင်ပင်ပေတော့ဗျာ"

ကိုစံနိုင်သည် သူ၏မွေးသက္ကရာဇ်၊ လုပ်မည့်လုပ်ငန်း စသည်တို့ကို အသေအချာ ပြောပြ၏။ ကျွန်ုပ်လည်း ဘက်စုံထောင့်စုံ စစ်ဆေးပြီး ကျေနပ်လောက်သည်အထိ အပြန်ပြန် အလှန်လှန် လေ့လာသုံးသပ်လိုက်၏။ အားလုံးထမြောက် အောင်မြင်မည့်သဘော ရှိနေ၏။

ကိုစံနိုင်လုပ်မှာက တခြားမဟုတ်ပေ။ လက်ရှိအိမ်သစ် အောက်ခန်းမှာပဲ သူကျွမ်းကျင်တဲ့ အိမ်ဆောက်ပစ္စည်း၊ ရေသွယ်ပိုက်လုံး၊ တိုက်သုတ်ဆေး၊ သွပ် စသည်တို့ ဖြစ်ပေသည်။

ဒီလုပ်ငန်းနဲ့ပဲ ယခုအခြေအနေအထိ ရောက်လာသည်ဆိုတော့ ဒီလုပ်ငန်းအပေါ် ကျွမ်းကျင်ပိုင်နိုင်ပေသည်။ ကံဇာတာအနေကလည်း အထူးပြောစရာမရှိ၊ အခက်အခဲ တွေ့လျှင်လည်း ရင်ဆိုင်နိုင်တဲ့ ကံဇာတာရှိ၏။ လူ့အရည်အသွေးကလည်း ရှိပြီးသား မဟုတ်လား။ ဒါကြောင့် ဆုတ်ယုတ်စရာ မရှိနိုင်ပေ။ ရဲရဲဝံ့ဝံ့ လုပ်ပေတော့လို့သာ ပြောရမှာ ဖြစ်ပေသည်။

သို့သော် ကျွန်ုပ် စိတ်ထဲ နည်းနည်း မသင်္ကာတာ တစ်ချက်တော့ ရှိနေသည်။ ဒီအတွက်တော့ နည်းနည်း စူးစမ်းရတော့မှာ ဖြစ်၏။ တွေ့တာ မပြောလျှင် ကျွန်ုပ်တွင် တာဝန်ကင်းမည် မဟုတ်ချေ။ "ကျွန်ုပ် မသင်္ကာသလို သံသယ ရှိသလို မဖြစ်ပါစေနဲ့"ဟုလည်း ဆုတောင်းထား၏။

"ကိုစံနိုင် ရဲရဲတင်းတင်းသာ သတိရှိရှိလုပ်ပါ၊ အောင်မြင်ရမှာ မလွဲပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ အချိုးညီညီ ရှိပါစေ။ အခက်အခဲဆိုတာက လုပ်ငန်းကြီး လုပ်သူတိုင်း ရှိကြတာပဲ၊ အနည်းနဲ့အများပါပဲ၊ တကယ်လို့ ရှိလာရင်တောင်မှ ကိုစံနိုင် ကျော်ဖြတ်နိုင်မယ်ဗျာ"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ အားကို ရှိသွားတာပဲ"

ကိုမောင်မောင်တို့ အပါအဝင် အားလုံးကလည်း စိတ်ဝင်တစား နားထောင်နေကြ၏။ ကျွန်ုပ်တို့ ပြောသံ ဆိုသံ ကြားရ၍ ကိုဘုန်းကြွယ်နဲ့ ကိုမောင်မောင်ပင်လျှင် "ကျွန်တော်တို့လဲ မေ့မသွားနဲ့နော်" စသည်ဖြင့် ကျီစယ်နောက်ပြောင် အားပေးနေကြ၏။ ကိုမောင်မောင်နှင့် ကိုစံနိုင်က မယားညီအစ်ကို ဖြစ်တော့ ပိုပြီး ကိုဘုန်းကြွယ်ထက် စာလျှင် ရင်းနှီးကြ၏။

"ကိုစံနိုင်ရေ ခင်ဗျားကို တစ်ခုလေး မေးချင်တယ်ဗျာ"

"မေးပါ ဆရာရယ်၊ တပည့်တွေဟာပဲ မေးချင်တာ မေးပါ"

"ဒီအိမ်ဝယ်မယ်ဆိုတာ ခင်ဗျား ကျွန်တော်နဲ့ လာပြီး မတိုင်ပင် ဖြစ်ခဲ့ဘူးနော်၊ ခေတ္တရာ အိမ်သစ်အတွက်ပဲ ရောင်းထွက်ဖို့ စီစဉ်တာပဲ မှတ်မိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် [illegible] အနေရောင်းအမယ်မဟာညှိရော၊ ဖြုန်းစားပဲ ဒီနေရာက အချောင် လိုလိုတော့ မဟုတ်ဘဲ အဆင်ချောချောနဲ့ ရလိုက်တဲ့ သဘော ပါပဲ၊ ဒါကြောင့် ကျွန်တော်လဲ ဆရာထံ လာတွေ့ချိန် မရ တော့ဘဲ အလှူဖိတ်ရင်းနဲ့ပဲ ပြောမယ်လို့ သန္နိဋ္ဌာန်ချခဲ့တာပါ"

"ဘယ်လိုဗျ ကိုစံနိုင်၊ အချောင်လိုလိုတော့ မဟုတ် ပေမယ့် အဆင် ချောချောဆိုတာ ဘာပြောတာလဲဗျာ"

"ဒါလား ဆရာ၊ ပထမ အိမ်ရှင်က 'ဗိုက်နာ'တာနဲ့ ကြုံတယ်လို့ ဆိုတာပါ ဆရာ"

"ဘယ်လိုများ 'ဗိုက်နာ' တာလဲဗျာ"

"ဆရာလဲ ဒီအိမ်ပုံ အနေအထား မြင်မှာပါ၊ သူတို့ အိမ်သစ် တိုက်သစ်ဆောက်ပြီးတော့ တစ်နှစ်လောက်ပဲ ကြာ မယ်၊ အလွန် အကျပ်အတည်းတစ်ခုနဲ့ ရင်ဆိုင်လိုက်ရတယ်၊ ဘာအကျပ်အတည်းလဲ ဆိုတော့ ငွေကလေးက ရှိလာ၊ လုပ် ငန်းတွေကလဲ ကြီးထွားလာ၊ မိသားစု အတွင်းရေး ပြန်မကြည့် နိုင်၊ မကြည့်နိုင်တော့ အလိုလိုက်သလို ဖြစ်လာပြီး တစ်စထက် တစ်စ ဆိုးလာ၊ ဆိုးတာက သူ့သားနှစ်ယောက် ဆိုပါတော့၊ အောက်ခြေလွတ်တာပဲ ဆိုပါတော့ဗျာ။

သုံးဖြုန်း အောက်ခြေ လွတ်ရာကနေ မိဘက မနိုင် တော့၊ ဘယ်တုန်းကမှ အဲဒီကလေးတွေ ဒီလို မဖြစ်ဘူးလို့ ပတ်ဝန်းကျင်ကလဲ ပြောကြတယ်၊ ခုတော့ ဆိုးသည်ထက် ဆိုးလာပြီး အိမ်က ရှိတာတွေ ခိုး၊ အမှုအခင်းတွေ ဖြစ်လာ၊ နောက်ဆုံး ဥပဒေနဲ့ ရင်ဆိုင်ရပြီး အချုပ်ထဲရောက်၊ လွတ်နိုင် မလားလို့ အကုန်အကျ ခံလိုက်၊ အပြစ်က ကြီးတော့ အချည်း အနှီးဖြစ်၊ အခုတော့ အဲဒီကလေး နှစ်ယောက် ရဲဘက်စခန်းကို ရောက်နေပြီလေ။

အဲဒီအချိန်လည်းကျရော ကလေးတွေရဲ့ အဖေ၊ အမေ ဟာ ဖြူခါပြာခါ ကျသွားရတာပေါ့၊ အဲဒီလို ဗိုက်နာတုန်း ကျွန်တော်နဲ့ ပက်ပင်းသွားတိုးတာ၊ ကံပါပဲ ဆိုပါတော့၊ ဒီတော့ ဒီလို ဖြစ်စဉ်ရှိရင် တစ်ခုခုတော့ တစ်ခုခုပဲ ဆိုပြီး သံသယ မကင်းတာနဲ့ အခုလို အိမ်တက်နဲ့အတူ အလှူ မင်္ဂလာပွဲကြီး လုပ်လိုက်တာပါပဲ ဆရာ၊ ကျွန်တော့်ဘက်က အကြံဦးသွား သလား မသိဘူးနော် ဆရာ"

ကိုစံနိုင်သည် အားပါးတရ ပြောနေခြင်းဖြစ်၏။

တကယ်တော့ ကိုစံနိုင် အကင်းပါး၏။ ကျွန်ုပ် တွေ့ဖူး သူများထဲတွင် အကင်းပါးသည်ဟု ပြောရပေမည်။ သူပြော တဲ့စကား နားထောင်ကြည့်ရုံဖြင့် အဖွင့်အပိတ်ညီ၏။

သူလည်း ရိပ်မိသလို၊ သိသလိုလို။ ဒါကြောင့် ဒီလို လုပ်တယ်ဆိုတာကို ရိုးရိုးလေးနဲ့ ကျွန်ုပ်ကို မပြောဘဲ ဖော်ပြ နေခြင်း ဖြစ်၏။

"ကိုစံနိုင်၊ ခင်ဗျား အကြံဦးတာ မှန်သော်လဲ ခင်ဗျား မသိနိုင်တာက ပုန်းနေတယ်၊ အနာတစ်ခုရဲ့ ပြည်ပုပ်ကို [illegible] ပေမယ့် [illegible]ခဲမှာရှိတဲ့ ဆူးကို ခင်ဗျား မမြင် ခဲ့ဘူး၊ ဒါပေမယ့် ခင်ဗျား ကံကောင်းလို့ ကျွန်တော်က အဲဒီ ဆူးကို တွေ့ရတာ၊ ခင်ဗျား တော်တော် ကံကောင်းတယ်ဗျာ"

"ဗျာ. . ဆရာ၊ ဘာပါလဲ ဆရာ"

နားထောင်နေသူများ အားလုံး လှုပ်လှုပ်ရှရှ ဖြစ်လာ ၏။ ကိုစံနိုင်လည်း ပြူးတူးကြောင်တောင် ဖြစ်လာ၏။

ကျွန်ုပ်စကားကို အားလုံးနားစိုက်နေကြ၏။

"အေးအေး၊ ပြောတာပေါ့ဗျာ၊ ချက်ချင်း မပြောသေး ဘူး၊ အကြောင်းယုတ္တိတွေနဲ့ ပြောပြီးမှ ဒါပဲဆိုတာ လက်ညှိုး ထိုးပြမယ်"

"ဟုတ်ကဲ့ပါ. . . ဟုတ်ကဲ့ပါ"

အားလုံးက ထောက်ခံသောအသံတွေ ဖြစ်၏။

အသက်ကြီးကြီး ဘကြီးက ပိုပြီး ဂရုစိုက်နေ၏။

"ကျွန်တော့်ကို လေ့ရှည်တယ်လို့တော့ မထင်ဖို့ ပထမ ပြောချင်တယ်၊ တစ်ချက်က ဘယ်သူမှ ဖိနပ်ကို ခေါင်းပေါ် မတင်ဘူး၊ ဦးထုပ်ကို ဖင်ခု မထိုင်ဘူး၊ အနိမ့်ပစ္စည်းကို အနိမ့် မှာပဲ သုံးပြီး၊ အမြင့်ပစ္စည်းကို အမြင့်မှာပဲ ထားကြတယ်၊ ဒါကိုမှီးပြီး တစ်ဆင့်တက်မယ်ဆိုရင် အားလုံး မြင်သာတာကို ပြောပြမယ်၊ လူတိုင်း ဘာသာရေး ဘုရားကျောင်းကန်၊ ဓမ္မာရုံ တွေမှာ ရောက်ဖူးသူများတယ်၊ အဲဒီကို ရောက်တဲ့အခါ ကြည့်ရှု လေ့လာလိုက်ရင်. . .

နတ်လမ်းအလှူရှင် ဆိုလည်း အလှူရှင်အမည်ကို အထက်မှာ အမြင့်မှာချိတ်ဆွဲလို့၊ ကျောင်းအလှူရှင်ဆိုရင်လဲ မြင်သာတဲ့ အထက်နေရာမှာ ချိတ်ဆွဲ ကမ္ပည်းထိုးလို့၊ သွပ် အမိုးလှူသူ မျက်နှာကြက်လှူသူ ဆိုရင်လဲ အမြင့်အထက် နေရာမှာ ထင်ထင်ရှားရှားရေးလို့၊ အုတ်တံတိုင်းအလှူရှင် ဆိုလဲ အုတ်တံတိုင်းမှာ ဖြစ်ပြီး၊ ပလ္လင်အလှူရှင် ဆိုရင်လဲ ပလ္လင်မှာ စာတန်းတွေ အသီးသီး တွေ့ရမှာဖြစ်တယ်။ တွေ့ရခဲ တာတစ်ခုက ဘာလဲဆိုတော့ အခင်းကျောက်ပြားစတဲ့ အလှူရှင်များအတွက်ကတော့ လူတကာနင်းတဲ့ မျက်နှာ ပြင်ပေါ်မှာ တွေ့ရခဲတယ်၊ အတွေ့နည်းတယ်၊ မသိလို့ ရေး တာကလွဲလို့ သိတဲ့လူတွေက ရှောင်ကြတယ်။

ဘာပြုလို့လဲ ဆိုတော့ 'စာစာစ်လုံး ဘုရားတစ်ဆူ' ဆိုတဲ့အတိုင်း ကျွန်တော်တို့ရဲ့ အမွန်အမြတ် စာတွေကို လူ တကာခြေချတဲ့ နေရာမှာ ခုအထိ ရေးသားနေတာ တွေ့ရ ဆဲပါ၊ ဒါပေမယ့် အကဲခတ်ကြည့်ရင် အဲဒီကုန်တံဆိပ် အမှတ် အသားတွေကို စီရင်ကြတဲ့အခါ မြန်မာလူမျိုးကိုရဲ့ အထွတ် အမြတ်လက္ခဏာ တံဆိပ်မပါဘဲ တိရစ္ဆာန်၊ အကောင်ပစ္စည်း တစ်ခုခုပုံနဲ့သာ ဖော်ပြပြီး မလွှဲသာမှသာ မြန်မာစာလုံး ပါလာတတ်တယ်။

သာဓကဆိုရင် ဒုံးပျံ၊ ဘောလုံး၊ နဂါး၊ ဆင်တို့ပေါ့ဗျာ ဘယ်သူမှ ရွှေနန်းတော်တို့၊ နတ်သမီး၊ နတ်သားပုံတို့လို

www.burmeseclassic.com

ဘာဆိုပ်မခတ်ကြပါဘူး၊ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ရှေးလူကြီးတွေဟာ မြန်မာစာပေတွေကို အနိမ့်နေရာမှာ အထူးရှောင်တယ်၊ အတတ်နိုင်ဆုံးတော့ ရှောင်တယ်၊ ဒါပေမယ့် အမှတ်မထင် လုပ်ငန်းအမည်၊ ပိုင်ဆိုင်မှု၊ ဌာနအမည် တို့ကိုတော့ ရှားရှားပါးပါး တွေ့ရတယ်၊ ဒါလဲ မလွှဲသာလို့ လုပ်ရတဲ့ကိစ္စဖြစ်တယ်၊ ဘယ့်နှယ်လဲ ကျွန်တော် ပြောတာ တိုက်ဆိုင်ပါသလား"

"ဟုတ်ပါတယ်."

ကိုဘုန်းကြွယ်က ဖြေတယ်။

"အထူးသဖြင့် လူအမည်ကို အနိမ့်၊ လူတကာ ခြေနင်းခက်မှာရှိလို့ ဒုက္ခတွေ အလီလီဖြစ်နေတာ တွေ့ရပြီး ဖယ်ရှားလိုက်မှ သက်သာသွားတာ၊ ကျွန်တော့်အဖေ လက်ထက်က တစ်ခါပေ့ ရတယ်၊ ကျွန်တော့်အဖေက မြန်မာတိုင်းရင်းဆေးဆရာကြီး တစ်ဦးပါပဲ၊ လူနာအိမ်ကို ရောဂါဆေးကုသွားတယ်၊ ဆူးဆန်းတာက တစ်ယောက်ပြီး တစ်ယောက်ဖြစ်နေတယ်။

အထူးသဖြင့် သူတို့မိသားစုထဲက ကလေးမလေးတစ်ဦးဆိုရင် ပင်တိုင် ဖြစ်နေတယ်၊ ကျွန်တော့်အဖေကလဲကြာတော့ ကုသလို့ ငွေရပေမယ့် စိတ်လဲပျက်လာတယ်၊ စိတ်ပျက်လာတော့ အဖေရဲ့ထုံးစံအတိုင်း ချွတ်ယွင်းချက် ဟိုရှာဒီရှာပေါ့၊ တော်တော်နဲ့ မတွေ့ဘူး၊ နောက်တော့ တွေ့တယ်ဆိုပါတော့၊ လှေကားခုံခြေရင်း ဖိနပ်ချွတ်မှာ ပင်တိုင်နေမကောင်းတဲ့ အဲဒီကလေးမလေး စာသင်ခါစ သူ့အမည်ရယ်၊ သူ့မိဘ နာမည်ရယ် ရေးထားတာကိုး။

ဘယ်လောက်ကြာပြီလဲဆိုတော့ တော်တော်ကို ကြာပြီဆိုပဲ။ ဘာနဲ့ရေးထားသလဲဆိုတော့ ပျဉ်ကို သံနဲ့ အပေါက်အစက်ကလေးတွေပုံစံနဲ့ ရေးထားတာကိုး၊ တိုတိုပြောရရင် အဲဒီ သစ်သားလဲပြီး ဖယ်လိုက်တဲ့အခါကျမှ အဲဒီမိသားစုကျန်းမာရေးမှာ ဆေးချက်မိပြီး ဆေးတိုးလာတာ တွေ့ရဖူးတယ်"

အားလုံးပင် စိတ်ဝင်စားစွာ ငြိမ်သက်၍ နားထောင်နေကြ၏။

ဒါနဲ့ . . .

"ကဲ ကျွန်တော်နဲ့ လိုက်ခဲ့ကြပါ၊ ကျွန်တော် ပြမယ်၊ ဒါဟာ ကိုစံနိုင်တို့လဲ သတိထားမိမှာ မဟုတ်ဘူး၊ ကိုစံနိုင်တို့ လက်ထက်ကျမှ ပေါ်လာတာလဲ မဟုတ်ဘူး ဆိုတာကို ကျွန်တော် သဘောပေါက်ထားတယ်" ဆိုပြီး ကျွန်ုပ်က ဦးဆောင်ခေါ် သွားတယ်။

မြင်သာအောင် မာတ်မီး ယူခဲ့ဆိုပြီး ရေချိုးခန်းအဝင်မရောက်တရောက် အပြင်ဘက်နဲ့ အကူး သမံတလင်း မဟုတ်တဲ့ ပျဉ်အခင်းမှာ တွေ့ရတဲ့ အမှတ်အသားကို ပြလိုက်တယ်။ နေရာကတော့ ရေချိုးခန်း အဝင်ပေါက်တည့်တည့်မှာ ဖြစ်တယ်။ ပစ်တိုင်းထောင်ရုပ်ပုံ ပုံစံ၊ ရင်းပုံကို ကြက်ခြေခတ်ထားတဲ့ပုံက လျှပ်စစ်အန္တရာယ်ကို သတိပေးတဲ့ အထိမ်းအမှတ်ပုံ ဖြစ်တဲ့ အရိုးနှစ်ချောင်း ကြက်ခြေခတ်၊ အရိုးထိပ်လေးဖက်မှာ မထင်မရှားနဲ့ 'ဦ' လိုလို 'ဥ' လိုလိုနဲ့၊ ပြီးတော့ ပစ်တိုင်းထောင်ရဲ့ မျက်လုံးတစ်ဖက်က ပျက်နေသလို၊ ရေစပ်စပ် ပျဉ်ဆိုတော့ မြင်ဖို့ခဲယဉ်း၏။

ပျဉ်က ငါးလက်မလောက် ဖြက်ရှိတော့ ပုံကတော့ သေးသေးပဲ။ ဘာနဲ့ရေးဆွဲထားသလဲ ဆိုတော့ အချွန်အတက်တစ်ခုနဲ့ ဆွဲထားတာပဲဖြစ်၏။ အားလုံးက အံ့ဩစွာနဲ့ ကြည့်ရှုနေကြ၏။ ဒီအိမ်ရောက်တာ မကြာသေးတဲ့ ကိုစံနိုင်တို့မိသားစုပင် ဘယ်လိုလုပ်မှ မသိနိုင်သေးချေ၊ စောစောစီးစီး တွေ့ရတာပဲ ကံကောင်းလှ၏။

"ကျွန်တော်တို့လဲ ခုမှမြင်တာ၊ ကျွန်တော့် ကလေးတွေတော့ မဟုတ်ဘူး၊ ဒါဆို ဘယ်လိုဖြစ်နိုင်သလဲ ခင်ဗျာ"

ကိုစံနိုင်၏ မေးသော အသံ ဖြစ်၏။

"ခင်ဗျားတို့ လက်ထက် မဟုတ်ဘူးဆိုတာ သေချာတယ်၊ ဖြစ်ရပ်တွေကို ပြန်ကြည့်ရင် ယခင်လူတွေအတွက် ဒီပုံက ဒုက္ခပေးသွားတယ်လို့ပဲ ဆုံးဖြတ်ရမှာပဲ၊ ဘယ်လိုလုပ်သင့်သလဲဆိုတော့ အဲဒီပျဉ်ကို အစားထိုးလဲတာ အကောင်းဆုံးပဲ"

ကျွန်ုပ်တို့သည် ဧည့်ခန်းကို အသီးသီးပြန်သွားကြ၏။

ဧည့်ခန်းတွင် အသီးသီးနေရာ ပြန်ယူလိုက်ကြ၏။ ကျွန်ုပ်ကပင် စကားဝိုင်းကို ပြန်၍ စလိုက်၏။ အနားတွင်ရှိသက်ကြီးဝါရ ဘကြီးကို ဦးတည်လိုက်သည်။

"ဘကြီးရယ် ဒီလိုပါ၊ ကျွန်တော်က ဘကြီးထက်အများကြီး ငယ်သူ ဖြစ်ပါတယ်၊ ကျွန်တော့် တစ်သက်နဲ့ တစ်ကိုယ် အခုအထိ လေ့လာခွင့်ရတာက မြန်မာ့ဆန်းဗေဒင်ပညာပါပဲ၊ အဲဒီ ဆန်းပညာရှင် ဆရာ့ဆရာကြီးများက ဆန်းပညာခွင်မှာ အတော်ကလေး အလေးအနက် ဖော်ပြထားပါတယ်။

ဘာလဲဆိုတော့ အဓိက ကတော့ ဣဋ္ဌနဲ့ အနိဋ္ဌကို အဓိကထားပါတယ်။ ဣဋ္ဌဆိုတာ ကောင်းတာ၊ အနိဋ္ဌဆိုတာ မကောင်းတာ၊ အနိမ့် ဆိုတာတာ အနိဋ္ဌထဲ အကျုံးဝင်ပြီး၊ အမြင့်ဆိုတာ ဣဋ္ဌထဲမှာ ပါဝင်တယ်၊ လူပြိန်းနားလည်အောင် ပြောမယ်ဆိုရင် လူကို အမည်ပေးတဲ့ နေရာမှာ ဣဋ္ဌနာမည်၊ မြို့၊ ရွာ၊ ရပ်ကွက်၊ လမ်းတို့ကို ပေးတဲ့နေရာမှာ အနိဋ္ဌအမည်ပေးရမယ့် သဘောပေါ့။ ပြောင်းပြန်ဆိုရရင် မြို့၊ ရွာ၊ လမ်းစသည်တို့ကို ပညတ်သမုတ်အားဖြင့် မြင့်သောအမည်တွေပေးခဲ့ရင် မကောင်းသလို။ လူ၊ ရဟန်း၊ သာမဏေ စသည်များအတွက် အနိမ့်နာမည်ပေးရင် မကောင်းဘူးလို့ ဆိုလာပြန်တယ်၊ ဥပမာ ကိုခွေး၊ မဝက် ပေါ့ဗျာ။

ဒီလို တင်းတင်းကျပ်ကျပ် ပြောထားတော့ ကျွန်တော်တို့ ဆက်စပ်တွေးယူရမှာက ကျွန်တော်တို့ 'စာ'ကို ဣဋ္ဌလို့



www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ရမှာဖြစ်ပြီး ခုလို အသုံးနေရာမှာ အနိဋ္ဌဖြစ်သွားတယ်၊ မကောင်းဘူးလို့ ဆိုလိုတာပါပဲ၊ ကျွန်တော်တို့ မြင်ခဲ့ရတဲ့ ရုပ်ပုံဟာ 'ပစ်တိုင်းထောင်' အရုပ်မို့ မဆိုသာသော်လည်း ဘေးကရေးထားတဲ့ မသဲမကွဲ မြန်မာစာ လေးလုံးဟာ ဆိုးကျိုးဖြစ်စေတတ်တယ်။

ဒါဖြင့် ဘယ်လို သုံးသပ်ရမလဲဆိုတော့ ပေါင်းစပ်ပြီး သုံးသပ်တဲ့အခါမှာ အက္ခရာလေးလုံးဟာ မြန်မာစာလဲ ဖြစ်သလို ပစ်တိုင်းထောင် အရုပ်နဲ့ အရိုးနှစ်ချောင်း ကြက်ခြေခတ်ဟာ နိမိတ်မကောင်းဘူးလို့ပဲ သုံးသပ်ရမှာပါ၊ နိမိတ်မကောင်းတော့ နိမိတ်ဆိုးပြီပေါ့၊ ဒါကြောင့် ကိုစံနိုင်တို့ မတိုင်ခင် လူတွေဟာ အိမ်ဆောက်ပြီး မကြာမီ ပြဿနာတွေ အကုသိုလ်တွေ ဝင်လာပြီးတော့ ကိုစံနိုင်တို့ လက်ဝယ်ကို ထိုးအပ်လိုက်ရပြီ၊ ကိုစံနိုင်က အချောင်လိုလို ရလိုက်တာပဲ၊ ခုတော့ ကိုစံနိုင်က ယခင်လူနဲ့ မတူတဲ့ ကံရိပ်၊ ဘုန်းရိပ် ရှိတော့ အဲဒီအပြစ် အနာအဆာကို ကျွန်တော်တို့ တွေ့ရတာပါပဲ ခင်ဗျာ"

"ငါ့တူ ဆရာလေး ပြောတာ ဘကြီးလဲ အတွေ့အကြုံရှိဖူးလို့ သဘောပေါက်ပါတယ်ကွာ၊ ဆရာလေးကို ကျေးဇူးတင်လိုက်တာကွယ်၊ ဒါထက် ခုနက တော်တော် စောစောက ပြောတဲ့အထဲမှာ ဆရာလေးရဲ့အဖေက မြန်မာတိုင်းရင်းသမားတော်ဆို၊ ဖခင်ထံမှ ပညာအမွေတွေ ဘာတွေ၊ ထိုက်ထိုက်တန်တန် ဘာများ ရလိုက်သေးသလဲကွယ့်"

"ကျွန်တော့် အဖေက တောင်သာဆရာကြီးဦးမဲ့နဲ့ တွံတေးဆရာကြီး ဦးဘိုမင်းရဲ့ တပည့်ပါ၊ ကျွန်တော်ညံ့လို့ ဆေးပညာကို လုံးဝ မရလိုက်ပါဘူး၊ ဗေဒင်ပညာ၊ အတွေးအခေါ် ပညာကိုပဲ ရရှိခဲ့ပါတယ် ဘကြီးရယ် . . ဒါပေမယ့် ကျွန်တော့် အဖေပေးခဲ့တဲ့ ငွေတစ်မတ်ကိုတော့ ရခဲ့တယ်၊ ခုထိ သုံးမကုန်သေးဘူး ရှိသေးတယ်"

"ဟဲ့ဟဲ့ . . ဆရာလေး ဆရာလေး၊ ပြောရင်းဆိုရင်းနဲ့ စကားအဆန်း တစ်ခုပါလာပြန်ပြီ၊ အဖေပေးခဲ့တဲ့ 'ငွေတစ်မတ်' ခုအထိ မကုန်သေးဘူးဆိုတော့ တွေးရခက်နေတယ်၊ ငွေက သုံးကုန်တာပဲ၊ ခုတော့ မကုန်ဘူး မလျော့ဘူးဆိုတော့"

ကျွန်ုပ်တို့ စကားဝိုင်းသည် ညဉ့်နက်လာလေလေ စိတ်ဝင်စားဖွယ် ကောင်းလေလေ။ တစ်စုံတစ်ဦးမျှ မအိပ်ချင်ကြပေ။ တက်တက်ကြွကြွ ရှိနေကြပေသည်။

*"ကျွန်တော်တို့အဖေက အတော်ကလေး ဉာဏ်သွားတယ်ခင်ဗျ၊ အဖေက ကျွန်တော့်ကို ပုံပြင်ကလေးနဲ့ ပေးခဲ့တဲ့ ငွေတစ်မတ်ဗျ၊ သူ့ အဘိုးအဘွား လက်ထက်ကတည်းက တစ်ဆင့် သူ ရလာတဲ့ ငွေတစ်မတ်တဲ့၊ အဲဒီ ငွေတစ်မတ်ကို အမွေအဖြစ် ကျွန်တော့်ကို ပေးအပ်သတဲ့ခင်ဗျ၊ အဖေက အတော် အပြောကောင်းတယ်၊ ကျွန်တော် ပြောပြမယ်ဆိုရင် အဖေ့ကို မမီဘူး၊ နားထောင် ကောင်းချင်မှကောင်းမယ်၊ ကျွန်တော် မနည်း အဓိပ္ပာယ်နီးစပ်အောင် ပြောရတာ၊ လိုတာရှိလည်း ဖြည့်ပြီး ယူပါ။*

*ဟိုတုန်းက မိခင်မုဆိုးမကြီးမှာ သမီးကလေးတစ်ယောက် ထွန်းကားခဲ့ပြီး အတူနေတယ်၊ အချိန်တန် အရွယ်ရောက်တော့ သမီးကို နေရာချပေးတယ်ပေါ့၊ ဒါနဲ့ သားယောက်ျားကလေး မွေးလာတယ်၊ အဲဒီကလေး နို့စို့အရွယ် ကျော်ကျော်လေးမှာ သူ့အဖေနဲ့အမေဟာ ကပ်ရောဂါတစ်ခုကြောင့် ရှေ့ဆင့်နောက်ဆင့် ပျက်စီးခဲ့ကြတယ်။ အဲဒီတော့ ကလေးက ဘွားအေလက်ဝယ်ပဲ ကြီးပြင်းလာရတာပေါ့။*

*ကလေးသန္ဓေကာလတုန်းကတည်းက ကျောက်ပေါက်တယ် ဆိုလားဗျာ၊ မွေးလာတော့ ကျောက်ပေါက်တဲ့ အမာရွတ်ကလေးတွေ ပါလာသကိုး၊ ဒါနဲ့ပဲ ငကျောက် ငကျောက်နဲ့ လွယ်လွယ်ခေါ်ရာက ကြီးလာတော့လဲ 'ငကျောက်'ပဲ တွင်နေတယ်။ ဘွားအေကလဲ အသက်နည်းနည်းရလာတော့ ခါတိုင်းထက်စာရင် ပြည့်ပြည့်ဝဝတော့ မကျွေးနိုင်ပေမယ့် ရှာရှိ အမျိုးတွေက နည်းနည်းဝိုင်းပြီး ပံ့ပိုးလာသတဲ့။*

*သေစာ၊ ရှင်စာလေး ဖတ်တတ်ဖို့ ဆိုပြီး ရွာဦးကျောင်းက ဘုန်းတော်ကြီးထံ ထုံးစံအတိုင်းအပ်၊ နည်းနည်းပါးပါး သင်တော့ သင်ပုန်းကြီးစာတွေ ဘာတွေ ဖတ်တတ်လာတယ်၊ ငကျောက်မှာ အကျင့်တစ်ခု ရှိတယ်၊ ခိုင်းတာ လုပ်တယ်၊ ဒါလုပ်ဆို လုပ်တယ်၊ မလုပ်နဲ့ဆို မလုပ်ဘူး၊ မစားနဲ့ဆို မစား စားဆိုမှ စားတယ်၊ မိဘ၏ရင်ငွေ့ မရှိတော့လဲ ငူတူတူ ငိုင်တိုင်တိုင် လိုလိုကြီးပဲ၊ စကားလဲ နည်းတယ်။*

*ဘွားအေကြီးကလဲကြီးလာ၊ ဓမ္မတာအရ အိုမင်းမစွမ်းဖြစ်လာပြီး ခန္ဓာကြွေရတော့မယ့် အဆင့် နီးလာတယ်၊ ဒီအဘွားနဲ့ ဒီမြေးပဲ ဆိုတော့ စဉ်းစားကြည့်ပေါ့၊ ဘေးက အကူက ရံဖန်ရံခါသာ ရနိုင်ခဲတယ်၊ အသက်ကလေးကလဲ (၁၀)နှစ်ကျော်ကျော်ဖြစ်လာပြီ၊ အဘွားအိုက စဉ်းစားတယ် 'ငါသေရင် သူ့ဘကြီးဘထွေး ပတ်ဝန်းကျင်တွေက နေမှာမဟုတ်ဘူး၊ တစ်နည်းနည်းနဲ့တော့ ငါ့မြေးကို ကျွေးမှာပဲ၊ ဒါပေမယ့် ငါ့မှာ ပေးစရာအမွေကလဲ ဒီခြံမြေနဲ့ အိမ်သေးသေးကလေးပဲ ရှိတယ်၊ ထိုက်ထိုက်တန်တန် ဘာပေးရမလဲ'လို့ စဉ်းစားတယ်၊ ရှေ့လူကြီးများ အတော် အတုယူဖို့ ကောင်းတယ်။*

*ဒါနဲ့ တစ်နေ့တော့ သူ့မြေး ငကျောက်ကို ခေါ်ပြီး 'ငါ့မြေး ရော့ . . ဒီမှာ ငွေတစ်မတ်၊ မင်းအတွက် အမွေ ကုန်အောင်လဲ မသုံးနဲ့၊ ငါ့ကို သတိရရင် ငွေတစ်မတ်ကို ကြည့်ကြည့်ပြီး၊ မမိုက်နဲ့ဆိုတဲ့ ငါ့စကားကို ကြားယောင်၊ မင်း တစ်သက် မဆင်းရဲဘူး'ဆိုပြီး ပေးလိုက်တယ်။ မကြာခင်မှာပဲ အဘွားအိုလည်း ဘဝကူးသွားတယ်။*

*ငကျောက်ဟာ အဘွားသတိရတိုင်း ငွေတစ်မတ်ကို ထုတ်ကြည့်၊ 'မမိုက်နဲ့' ဆိုတဲ့စကား ကြားယောင်နေပဲ နေတယ်၊*



www.burmeseclassic.com

www.burmeseclassic.com

အို မရှိတော့ အဘွားအိုရဲ့မောင်ဝမ်းကွဲတွေက ခေါ် ပြီး သူနေတဲ့ ခြံဟောင်းနဲ့ နေရာကို အမွေထိန်းအဖြစ် ောက်နေတယ်၊ ငကျော်ကဲ့ဟာ အဘွားအိုရဲ့ မောင်ဝမ်း ဘကြီး' လို့ ခေါ်ပြီး နေလိုက်တာ တဖြည်းဖြည်း တယ်၊ အဘွားအိုနဲ့နေသလို မဟုတ်ဘဲ ဘကြီးဖြစ်တဲ့ တ်ဝယ်ရောက်တော့ ရင်းရင်းနှီးနှီး တတိုးတိုး ခေါ် တော့ ကလေးက တော်တော်လေး သွက်လာတယ်။

အဘွားသတိရရင် ငွေတစ်မတ်ကို ထုတ်ကြည့်လိုက်၊ နဲ့' ဆိုတဲ့စကား နားထဲမှာ ကြားယောင်လိုက်၊ ဒီလိုနဲ့ တော့. . ငွေတစ်မတ်ကို ကြည့်တာတော့ မြင်ပြီး နဲ့'ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ သဲသဲကွဲကွဲ မသိဘူးပေါ့၊ ူးစမ်းလိုတဲ့စိတ်နဲ့ ဘကြီး လုပ်သူကို မေးမြန်းပါတော့ ဘကြီးကလည်း မမိုက်နဲ့ဆိုတာ ဘယ်လိုဘယ်ပုံ ဖြစ် ဆိုတဲ့ အကြောင်း မဂ်လသုတ်နဲ့ ယှဉ်ပြီး ဆုံးမတယ်။ တော့ ငကျော်ကဲ့ဟာ ပိုပြီး သိလာတယ်။ အသက် တဖြည်းဖြည်း ရလာတာကိုး၊ စဉ်းစားဉာဏ်ကလဲ ရမယ့် အရွယ်ပေါ့၊ ဒါနဲ့ လူမှုရေးလုပ်ငန်းတွေ၊ သာရေး ရေးတွေ၊ အလှူအတန်းတွေ၊ ရွာလုပ်ငန်းတွေကို အများနဲ့ ပြီး လုပ်စေတယ်၊ လူမှုဆက်ဆံရေး သဘောတရားတွေ န်းကျင်နဲ့ ထိတွေ့မှုများလာတယ်၊ တစ်ဖက်ကလဲ ုန်းကြီးကစပြီး ဆရာတော်ထံမှ သင်အံလာတာက ကြီးတို့ ဘာတို့ အဆင့်ရောက်လာပြီ၊ အိမ်အလုပ်လဲ ပေါ့။

ဒီလိုနဲ့နေလာတော့ တစ်နေ့တော့ အသုဘအိမ်ကို ောက်သွားတယ်၊ ပျက်စီးခါစ ဆိုတော့ ထုံးစံအတိုင်း တို့ခ' ဆိုပြီး သေသူရဲ့ ပါးစပ်ထဲ ထည့်တာကို မြင်လိုက် ဒီတော့ သူက စဉ်းစားတယ်၊ 'သူ့မှာလဲ ငွေတစ်မတ် တယ်၊ ဟိုမှာလဲ သေသူရဲ့ပါးစပ်ထဲ ထည့်လိုက်တယ်၊ ခြားနားသလဲ၊ ဘာကွာသလဲ'လို့ အပြန်အလှန်စဉ်းစား ည့်တယ်ပေါ့။ အဖြေကတော့ ထွက်မလာဘူး၊ ကလေးပဲ သေးတာကိုး။

နောက်တော့ ငကျော်ကဲ့ဟာ **'မမိုက်နဲ့'** ခေါင်းစဉ်နဲ့ သက်ပြီး ထပ်ပြီး စူးစမ်းလာပြန်တယ်၊ 'ဘကြီးရယ်. . ကြီးပြောလို့ ကျွန်တော် သိပါပြီ၊ ဟိုဘက် နှစ်အိမ်ကျော်က ကြီးပေါက်ဟာ အရက်သောက်၊ ပေတေ၊ ဟိုဟာသတ် ဘာသတ်နဲ့ ဆိုတော့ မိုက်တယ်ဆိုတာ သိရပါပြီ၊ လိမ္မာ တာကတော့ ခေါင်းရင်းက အမေကြီး ဒေါ်ပု တို့လိုကျတော့ ရားရှိခိုး၊ ပုတီးစိပ်နဲ့ ဆိုတော့ လိမ္မာတာနော်၊ မမိုက်ဘူး၊ ွန်တော်လဲ မမိုက်ဘူးပေါ့၊ ဒါပေမယ့်ဗျာ ကျွန်တော်တို့ သားတွေက မလိမ္မာသေးဘူး ထင်တယ်၊ ဘုန်းကြီးတွေရင် ခရတယ်နော်”လို့ ပြောတယ်။

ဒီတော့ ဘကြီးလုပ်သူက . . .

'ဘုရားသားတော်ဖြစ်လို့ အရိုအသေပေး ဦးချရပြီး၊ ဦးချသူဟာ ကုသိုလ်ရကြောင်း၊ လူတွေဟာ လိမ္မာတယ် ဆိုပေမယ့် မိုက်တာတွေ ရှိနေကြောင်း၊ ရဟန်းဘုန်းကြီးများကျတော့ လူထက် အဆမတန် အပြစ်ကင်းစင် သန့်ရှင်းကြောင်း၊ သူတို့ဟာ ဘုရားဟောအရ နိဗ္ဗာန် အကျိုးငှာ ဆောင်ရွက်နေကြောင်း' စသည်ဖြင့် စီကာပတ်ကုံး ပြောပြတော့ ငကျော်ကဲ့ အလေးအနက်ထား စဉ်းစားလာတယ်။

လူတွေဟာ လိမ္မာတယ်ဆိုပေမယ့် မိုက်သေးတယ် ဆိုတဲ့ကိစ္စကို ခေါင်းထဲ ရောက်သွားပြန်တယ်၊ ဘကြီးပေါက်က လွဲရင် ကျန်လူတွေ လိမ္မာတယ် မမိုက်ဘူးလို့ထင်တာ ခုတော့ ကျန်တဲ့လူတွေ၊ မမိုက်တဲ့ လူတွေလဲ မိုက်နေသေးတယ် ဆိုတော့ ဘာများပါလိမ့်ဆိုပြီး သူ့အနီးကပ် ဘကြီးကိုပဲ ထပ်မေးပြန်တယ်။ 'ဘာပြုလို့ ကျွန်တော်တို့ဟာ မိုက်နေသေး တာလဲ'လို့ မေးတယ်၊ အဲဒီတော့ ဘကြီးလုပ်သူက. .

'တို့ လူသားတွေဟာ ရတနာသုံးပါး ဆည်းကပ် ရှိသေ နေကြပေမယ့် ဘုရားဟောတဲ့တရားအရ ကုသိုလ် အကုသိုလ် အလုပ်တွေနဲ့မကင်းကြသေးကြောင်း၊ မရှောင်နိုင်ကြသေး ကြောင်း၊ ဘုရားအဆုံးအမနဲ့အညီ တရားဓမ္မကို မမြင်သေး ကြောင်း၊ ဒါကြောင့် မိုက်နေဆဲလို့ ပြောတာဖြစ်ကြောင်း၊ ရဟန်းများကြတော့ ပိုင်ပိုင်နိုင်နိုင် တရားကျင့်နေလို့ တို့လူသား တွေထက် အဆတစ်ထောင်မက ပို၍ မြင့်မြတ်ကြောင်း' သေသေချာချာ မှတ်လောက်သားလောက် စိတ်ရှည်လက်ရှည် ရှင်းပြရတယ်တဲ့။

တိုတိုနဲ့ ပြောရရင် ငကျော်ကဲ့ဟာ အမြင်မှန်ရတယ် ခေါ် ရမလား၊ ပါရမီကြောင့်လား မသိဘူး၊ ဘယ်လိုတွေးသလဲ ဆိုတော့. . 'အဘွားပေးခဲ့တဲ့ ငွေတစ်မတ်နဲ့ တူတဲ့ ငွေတစ်မတ် ဟာလဲ ဟိုသေသူရဲ့ ပါးစပ်ထဲရောက်သွားပြီ၊ ငါ့ဆီမှာရှိတဲ့ ငွေတစ်မတ်ဟာလဲ တစ်နေ့ ငါ့ပါးစပ်ထဲ ရောက်မှာသေချာ တယ်၊ ပြီးတော့ အဘွား မှာခဲ့တဲ့အတိုင်း မမိုက်နဲ့ပြောတာဟာ တကယ်တော့ ဘုန်းကြီးဝတ်ရင် အမိုက်ပျောက်ပြီး အဘွား မှာတာနဲ့ သိပ်ကိုက်မှာပဲ'ဆိုပြီး အကြိမ်ကြိမ်တွေးတယ်၊ နောက် ကျတော့ ပါရမီအလျောက် ရွာဦးကျောင်းမှာပဲ ကိုရင်ဝတ်၊ ရဟန်းဖြစ် ဆရာတော်ကြီး မရှိတဲ့အခါ ကျောင်းထိုင်ဆရာ တော်ကြီး ဖြစ်သွားတယ်တဲ့။

အဖေ ပြောတဲ့ ပုံပြင်လေးအရ ငွေတစ်မတ်ကတော့ ဒါပါပဲဗျာ၊ ကျွန်တော့်လက်ထဲ အဲဒီ ငွေတစ်မတ်တော့ ရှိနေ တုန်းပဲ၊ 'မမိုက်နဲ့' ဆိုတဲ့ ဆောင်ပုဒ်အရ ရှေ့ဆက်လှမ်းရဦး မယ်ဆိုတဲ့ ရည်မှန်းချက်က ရှိနေဆဲပါ၊ အဲဒီ ပညာအမွေပဲ ရလိုက်ပါတယ် ဘကြီးရယ်"

"ဆရာလေး၊ ဒါဆို ဆရာလေး ရဟန်းဝတ်ဖို့ ကိစ္စ အထိ ရည်မှန်းထားပါသလား" ***(ဆက်ရန်)***

❐ **ဦးညွန့်လှိုင်(ကြို့ပင်ကောက်)**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့သမိုင်းတွင် ကုန်းဘောင်မင်းဆက် သက္ကရာဇ် ၁၁၄၃ ခုနှစ်၌ အင်းဝ ထီးနန်းအား ဖောင်းကားစား မောင်မောင်ထံမှ သိမ်းပိုက်၍ စိုးစံတော်မူသော ဘိုးတော် ဦးဝိုင်းခေါ် ဗဒုံမင်းခေါ် အမရပူရမြို့တည် နန်းတည် မင်းသီရိ ပဝရဝိဇယ နန္တယသ တြိဘဝနာဒိတျာ ဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာမင်း လက်ထက်၌ နေမျိုးလေခပျံ့ခြီ ဘွဲ့အမည်ဖြင့် အမှာတော်ရေး ခန့်အပ်ခြင်းခံရသည့် အယူတော် မင်္ဂလာဦးနိုး အကြောင်းအား တစေ့တစောင်း တင်ပြရေးသား လက်ဆင့်ကမ်း အသိပွားပေးလိုပါသည်။

# စံကောတု
# အယူတော်မင်္ဂလာ



လှသစ်အောင်၊ ဇင်းလှ



www.burmeseclassic.com

www.burmeseclassic.com

အယူတော်မင်္ဂလာဘွဲ့ရ၊ ဆား ဘောင်မြို့စား နေမျိုးလေခပျံချီဘွဲ့ရ ညာရှိကြီး တစ်ဦးဖြစ်သည့် ဦးနိုးသည် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ အဝေါတို့ကို ကောက်ယူရာတွင် သူ တူအောင် မှန်ကန် ကောင်းမွန်စွာ ကောက်ယူဟောပြောနိုင်သဖြင့် အယူ တော်မင်္ဂလာဘွဲ့တပ်၍ ချီးမြှောက်ခြင်း ခံရသူပင် ဖြစ်သည်။

ဦးနိုးအား အဘဦးရွှေညို၊ အမိ ဒေါ်မင်းလှတို့မှ သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့ နံနက် တစ်ချက်တီးကျော်အချိန်တွင် ဘယင်းမြို့နယ် စီရင်စု၊ ကိုးသန်းတိုက် နယ်၊ ကြခပ်ရွာ၌ မီးရှူးသန့်စင် ဖွားမြင် ခြင်း ဖြစ်ပေသည်။

ဦးနိုးသည် မဇ္ဈိမဒေသ၊ မောရိ ယတိုင်းသား၊ကောဏ္ဍညအနွယ်၊ ဗြာဟ္မ ဏပုဏ္ဏား ဝင်စားသူဟု ဆိုကြလေ သည်။ ဦးနိုး၏ ပဋိသန္ဓေယူပုံနိမိတ်ကား ထူးခြား ဆန်းပြားလှပေသည်။

မိခင်လောင်း ဒေါ်မင်းလှသည် တစ်နေ့သော ဥပုသ်နေ့တွင် သီလယူ ကာ ဥပုသ်စောင့်လျက် နေအိမ်၌ နေ့ သယ်ခင်း ၃ နာရီလောက်တွင် အိပ် ပျော်သွားခဲ့သည်။ အိပ်မက်ထဲတွင် တော်ဖြူစင်ကြယ်ဝတ်လျက် စလွယ်ကိုး ဆင့် တပ်ဆင်ထားသူ ဗြာဟ္မဏဆရာ တစ်ဦးသည် လက်ထဲမှာ ငွေခရု၊ မြေ စာပန်း၊ သပြေညွှန့်တို့ကို ကိုင်ဆောင်ပြီး အနောက်မျက်နှာအရပ်မှ ဒေါ်မင်းလှထံ သို့ ကြွလာရောက်ရှိသည်။ ထိုဗြာဟ္မဏ ဆရာမှ ဒေါ်မင်းလှအား. . .

"တစ်ညတာမျှ တည်းခိုမည်ကို ခွင့်ပြုပါလော့"

"အဘယ်သို့ အကြောင်းကိစ္စ ရှိလို့ပါလဲရှင်"

"ကျွန်ုပ်ကား အနောက်မဇ္ဈိမ ဒေသ၊ မောရိယတိုင်းသား၊ လေးပါး သော ပုဏ္ဏားမျိုးတွင် ဗြာဟ္မဏမျိုးစစ် ဖြစ်ပေသည်၊ အနွယ်ကား ကောဏ္ဍည အနွယ်တည်း၊ ယခု လာရောက်ရခြင်း သည်ကား ကျွန်ုပ်အသက်(၁၉)နှစ်တွင် နန်းစံသော ထိုမင်း၏ မြှောက်စား သူကောင်းပြုခံရန်တည်း၊ အမြန် လာ ရောက်ရမည်ဟု အမိန့်ဆင့်ခေါ် ချက် ကြောင့် လာရခြင်း ဖြစ်ပေသည်"

"အသင် ယခု အသက်မည်မျှ လောက်ရှိပါသနည်း"

"မြတ်စွာဘုရား ဖွားသည့်နေ့မှ ရေတွက်သော် ပလ္လင်တော် ပေါ်ထွက် သည့်နေ့တိုင်အောင်သာ ကျွန်ုပ်အသက် ဖြစ်သတည်း"

"သို့ဆိုလျှင် သင်၏ အသက် သည် (၃၅)နှစ်ပင် ဖြစ်လေမည်လား"

"မှန်ပေ၏"

"အသင်သည် အဘယ်သို့ သွား မှာပါလဲ" ဟု ဒေါ်မင်းလှက မေးမြန်း သည် ရှိသော် ဗြာဟ္မဏဆရာသည် လက်ယာရစ်ခရုသင်းကို ကိုင်ထားပြီး ဒေါ်မင်းလှဘက်သို့ လှည့်၍. . .

"အနာဂတေ ဇာနိဿမိ နောင် အနာဂတ်၌ သိကြလိမ့်မည်"ဟု သုံးကြိမ် ဟစ်ကြွေးကာ ဒေါ်မင်းလှ၏ လက်ယာ နံစောင်းကို သွင်းလှစ်၍ ဝင်သည်တွင် ဒေါ်မင်းလှလည်း ထိတ်လန့်တကြားဖြင့် အိပ်ရာမှ နိုးခဲ့ရလေသည်။

ထိုအိပ်မက်ကို ဆရာဘုန်းတော် ကြီးထံ သွားရောက်လျှောက်ထားရာ. .

"အိမ်း ဒါယိကာမကြီးရဲ့ အိပ် မက်အရ အလုံးစုံသော စကားအရာတို့ ကို ထောက်ချင့်ရသော် စလွယ်ကိုးဆင့် ဆင်ယင်၍လာသော အသက်(၃၅)နှစ် ခန့်ရှိသည့် ဗြာဟ္မဏမျိုးခြား မောရိယ တိုင်းသား ထိုပုဏ္ဏားသည် ယခုအိပ်မက် တွင် တွေ့မြင်ဆဲဖြစ်သော ထိုခဏ၌ပင် စုတေ၍ ဒါယိကာမကြီးထံတွင် သန္ဓေ အသစ်ကိန်းအောင်းနေတော့မည်ဟု ယူ ဆရပေသည်၊

ထိုသူငယ် အသက်(၁၉)နှစ်ပြည့် သည်တွင် နန်းတက် နန်းစံသည့် ဘုရင် မင်းသည် ထိုသူငယ်ကား မြှောက်စား သူကောင်းပြုလိမ့်မည် ဧကန်ပင် ဖြစ် တော့သည်"

ဟူ၍ ဆရာဘုန်းတော်ကြီးမှ နိမိတ်ဖတ်ဟောအပ်သည်ကို ဒေါ်မင်း လှမှ နာခံမှတ်သားခဲ့ရလေသည်။ ဦးနိုး အား အင်္ဂါသားဖြစ်သော်လည်း ဆရာ ဘုန်းတော်ကြီးမှ အမျိုးမျိုးသောနည်းတို့ ဖြင့် တွက်ချက်ကြည့်ပြီးလျှင် မောင်နိုး ဟု အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

ဦးနိုးအား မဖွားမြင်မီက ကြခပ် ရွာတွင် ကလေးများမှ တဘောင်သီဆို ကြရာ . . .

"ကြခပ်ရုံ၊ ချုပိတ်ပေါင်း၊ ကျေး သားခိုဝင်အောင်းပါလို့လေး" ဟူ၍ သီဆို နေကြလေသည်။

ကျေးရွာနေ သက်ကြီးရွယ်ရင့် တတ်သိသူတို့သည် ထိုတဘောင်သီချင်း ကို ကြားသိကြသည်တွင်. . .

"ငါတို့ ကြခပ်ရွာ၌ ကျေးသား နှင့်တူသော ပညာရှိယောကျ်ားတစ်ဦး ပေါ်ထွန်းလာပေလိမ့်မည်၊ ထိုပုဂ္ဂိုလ် သည် သာမညမဟုတ်မူ၍ တိုင်းပြည် တွင် ကျော်စောထင်ရှား တံခွန်လွှား မည့်သူ ဧကန်ဖြစ်လတ္တံ့"

ဟူ၍တဘောင်သီချင်းကို ကောက် ယူပြောဆိုနေကြပေသည်။ အယူတော် မင်္ဂလာ ဦးနိုး၏ သန္ဓေဝင်စားမှုသည် ဤသို့လျှင် အတိတ်၊ နိမိတ်၊ တဘောင် တို့ဖြင့် ရှေးဦးအစကပင် သာမည မဟုတ်ကြောင်း ထင်ရှားပြလာခဲ့ခြင်း ဖြစ်ပေသည်။

ဦးနိုးသည် ကလေးဘဝ (၅)နှစ် သားအရွယ်ကပင် ဗီဇပြခဲ့သည်။ သူငယ် ဘာသာဘာဝ ကစားကြရာ၌ အများ နည်းတူ မကစားဘဲ အသက်အရွယ်ကြီး ရင့်သူတို့ကဲ့သို့ ဝိုင်းဖွဲ့၍ စကားပြော တတ်ခြင်း၊ ရှေးရှေးနှောင်းနှောင်း စကား ဟောင်းများကို ပြောဆိုခြင်း၊ ဗေဒင် ဟောဟန် ပုဏ္ဏားသဏ္ဌာန်၊ မှူးမတ် သဏ္ဌာန်၊ ပညာရှိပုရောဟိတ်သဏ္ဌာန် စလွယ်များကိုလွယ်၍ ကစားတတ်လေ သည်။

အသက် (၇)နှစ်အရွယ်ရောက် သော် မိဘများမှ ဘုံသာတုလွတ်ဆရာ

www.burmeseclassic.com

တော်ထံ အပ်နှံ၍ ကျောင်းထားပေးရလေသည်။ (၁၃)နှစ်အရွယ်တွင် သဒ္ဒါ၊ သင်္ဂြိုဟ်ပြီးသည်အထိ တတ်မြောက်သည်။ အသက် (၁၄)နှစ်အရွယ်ကပင် ပေဒင်လက်ရိုးကုန်စင်အောင် သင်ကြားတတ်မြောက်တော့သည်။

အသက် (၁၅)နှစ်ရောက်သော် မိဘများမှ ရှင်သာမဏေအဖြစ် သွတ်သွင်း၍ ရှင်ဇာဂရောဘာသ ဘွဲ့အမည်ရသည့် ကိုရင်ဖြစ်လာသည်။ ရှင်သာမဏေအဖြစ် (၃)နှစ် နေခဲ့ပြီးနောက် အသက်(၁၈)နှစ်တွင် လူထွက်ခဲ့သည်။ အမိဖြစ်သည့် ဒေါ်မင်းလှသည် ဝန်ကြီးမင်းကြီးမဟာနန္ဒကျော်ထင်၏ နှမဖြစ်ပေသည်။

ဦးရီးတော်ဖြစ်သည့် အသည်ဝန်ကြီးက မောင်နိုးအား ရှင်လူထွက်ပြီးနောက် လွှတ်တော်ဆိုင်ရာ တရားဌာနချုပ်ဝန်ကြီး သတိုးမဟာသီဟသူထံ အပ်နှံပေးထားခဲ့သည်။

အသက် (၁၉)နှစ်အရွယ်ရောက်သော် စာစီစာကုံးအနှုန်းအဖွဲ့ သတ်ထုံး၊ သတ်ညွှန်းနှင့်တကွ ကျွမ်းကျင်တတ်မြောက်သည်ဖြစ်၍ သက္ကရာဇ် ၁၁၄၃ ခုနှစ်၊ အမရပြို့တည်၊ နန်းတည် ပဒုံမင်းတရားကြီးမှ နေမျိုးလေခပျံချီ ဟူသောဘွဲ့အမည်ဖြင့် အမှာတော်ရေး ခန့်အပ်တော်မူသည်။

အိပ်မက် နိမိတ်အတိုင်း ပင်ပြည့်ရှင်မင်း၏ မြောက်စား သူကောင်းပြုခြင်းကို ခံယူရပေသည်။ အသက်(၂၀) အရွယ်ရောက်သော် ဦးနိုး၏ အတိတ်၊ နိမိတ်၊ တဘောင်တို့အပေါ် ကောက်ယူ၍ အနုမာန ဟောချက်ချမှုများ၊ ကျော်ကြားထင်ပေါ် ဘုရင့်နားတော်ပေါက်သည်အထိ ထင်ပေါ်လာတော့သည်။

ဘိုးတော်ဘုရားသည် မောင်နိုး၏ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါတို့အား မှန်ကန်စွာ ကောက်ယူဟောပြောနိုင်သည့် ပညာဉာဏ်ကို ချီးကျူးတော်မူပြီးလျှင် အယူတော်မင်္ဂလာဘွဲ့တော်ကို ပေးအပ်၍ ဆားတောင်မြို့ကို စားစေပြီးလျှင် ဘုရင့်အနီးနန်းတော်ကြီးတွင် အတိုင်ပင်ခံအဖြစ် အမြဲခစား ထမ်းရွက်စေတော့သည်။

ဤတွင် ငယ်မည် မောင်ဝိုင်း၊ ဗဒုံမင်းခေါ် ဘိုးတော်မင်းတရားကြီး၏ အကြောင်း အလျဉ်းသင့်၍ တင်ပြလိုပါသည်။ ဗဒုံမင်း မွေးဖွားချိန် သက္ကရာဇ် ၁၁၀၆ ခုနှစ် တော်သလင်းလဆုတ် ၆ ရက်၊ တနင်္လာနေ့တွင် အင်းဝနေပြည်တော်ကြီးကို မွန်များ ဝိုင်းရံတိုက်ခိုက်နေချိန်ဖြစ်သည်။ ထို့ကြောင့် ခမည်းတော် အလောင်းဘုရား (ဦးအောင်ဇေယျ)နှင့် မယ်တော် မယ်ယွန်းစံတို့က မောင်ဝိုင်း ဟူ၍ နာမည်မှည့်ခဲ့ခြင်းဖြစ်လေသည်။

ငယ်ဘဝ ကျောင်းနေစဉ်ကာလက ပဌမံဘိုးဘိုးအောင်နှင့် ငယ်ပေါင်းကျောင်းနေဖက်ဖြစ်ခဲ့သည်။ ဘိုးတော်မင်းတရားကြီးအမည်မှာ ကုန်းဘောင်ဆက်မင်းတို့၏ ဘိုးတော်ဖြစ်၍ ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

ထိုမင်း၏ ထူးခြားချက်များကား

၁။ ကုန်းဘောင်ခေတ်တွင် နန်းသက်အရှည်ဆုံး နန်းစံသက် (၃၈) နှစ်ရှိသူ ဖြစ်သည်။

၂။ မိဖုရား မောင်းမမိသံ အများဆုံး စံချိန်ချိုးသူ ဖြစ်သည်။

(က) မိဖုရားကိုယ်လုပ်တော် ပေါင်း (၅၄)ဦး။

(ခ) သားတော်ပေါင်း (၇၀)ဦး။

(ဂ) သမီးတော်ပေါင်း (၆၇)ဦး။

(ဃ) မြေးတော်(ကျား) (၁၀၉) ဦး။

(င) မြေးတော်(မ) (၁၂၀)ဦး။

(စ) မြစ်တော် (ကျား) (၄၉)ဦး။

(ဆ) မြစ်တော် (မ) (၁၇)ဦး။

(ဇ) တီတော် (၄)ဦး။

***စုစုပေါင်း (၅၀၀)ဦး။***

၃။ ကုန်းဘောင်ခေတ်မင်းအပေါင်းတို့၌ အကျယ်ပြန့်ဆုံးသော မြန်မာနိုင်ငံကို ထူထောင်စိုးစံသူ။

၄။ မြန်မာပြည်၌ အကြီးဆုံးသော မင်းကွန်းပုထိုးတော်ကြီးကို တည်သူ။

၅။ အာရှတိုက်၌ အကြီးဆုံးသော မင်းကွန်း ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်လှူဒါန်းသူ။

၆။ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ရခိုင်မှ ပင့်ဆောင်လာစေပြီး မန္တလေး(ရတနာပုံ)တွင် ကိန်းဝပ်စံပယ်ကိုးကွယ်သူ။

၇။ နယ်ချဲ့အင်္ဂလိပ်တို့က ကျား... သို့ ကြမ်းကြုတ်ရက်စက်သူဟု ကြော... ရွံ့ခဲ့ရသူ။

၈။ သံဃာတော်တို့အား ဒဏ်... ၍ အတင်းနှင့် အရှုံ့ဂိုဏ်း ပဋိပက္ခ... ငြိမ်းစေခဲ့သူ။

၉။ ဆင်ဖြူတော် အများဆုံး ပို... ဆိုင်၍ ဆင်ဖြူများရှင် ဘွဲ့ခံယူခဲ့သူ။

၁၀။ မြန်မာဘုရင်များထဲတွင် အရှည်... လျားဆုံး ဗျည်း(၃၃)လုံးပါသော ဘွဲ့... တော်ဖြစ်သည့် သီရိပဝရဝိဇယနန္ဒ... သတြိဘဝနာဒိတျာဓိပတိမဏ္ဍိတ မဟာ... ဓမ္မရာဇာ ဟူသောဘွဲ့တော်ကို ခံယူသူ။

ဘိုးတော်မင်းတရားကြီး လက်... ထက်တွင် ပညာရှိအမတ်ကြီး ဦးပေါ်ဦး... ရာမရကန်ဦးတို့၊ အယူတော်မင်္ဂလာ... ဦးနိုးတို့သည် ဘုရင့်အသုံးတော်ခံပညာ... ရှင်များအဖြစ် ထင်ရှားခဲ့ပေသည်။ ဘိုး... တော်ဘုရားဟု နောက်ပိုင်းကုန်းဘောင်... မင်းတို့မှ ခေါ်ဆိုကြရာတွင် အမည်တွင်... သွားခြင်း ဖြစ်လေသည်။

မောင်နိုးအား အမှာတော်ရေး... ခန့်ထားစဉ်က အယူတော်မင်္ဂလာဘွဲ့... မရသေးပေ။ မောင်နိုး၏ အနုမာန များ... ရမ်းဆ ဟောပြချက်များ မှန်ကုန်လေ... တစ်ဆင့်နားမှ တစ်ဆင့်ဖြင့် ဝန်ကြီးမင်း... ကြီး မင်းကျော်ခေါင်နှင့် ဘိုးတော်ဘုရား... ၏ ပုရောဟိတ်ပုဏ္ဏားဝန်ကြီးရာမကျော်... နားတို့ ကြားသိလာကြသည်။ ပုဏ္ဏား... ကြီးနှင့် အတွင်းဝန်မင်းတို့ တိုင်ပင်ကြ... မောင်နိုး၏ပညာကို လက်တွေ့ စမ်း... ကြည့်ကြရန် ဆုံးဖြတ်လိုက်ကြပေ... 

တစ်နေ့တွင် ဝန်ကြီးမင်းပေးသည့်... ကြွက်တစ်ကောင်အား ဖမ်းဆီးစေ...





www.burmeseclassic.com

အစ်ဖုံးဖြင့် ဖုံးအုပ်ထားလိုက်ပြီး အမှာ တော်ရေးမောင်နိုးအား ခေါ်လိုက်ကြသည်။

ဝန်ကြီးမင်းကျော်ခေါင်က . . .

"မောင်နိုး မောင်မင်းဟာ အနုမာန မျက်ရမ်းဆပညာနဲ့ အလွန်မှန်အောင် ဟောပြောနိုင်စွမ်း ရှိကြောင်း ငါတို့ သတင်းကျော်ကြား သိထားကြတယ်"

"မှန်လှပါ ဘုရား"

"အေး အခုငါတို့ရှေ့မှာရှိနေတဲ့ ကွမ်းအစ်အဖုံးအောက်မှာ ဘာယ်အရာဝတ္ထုပစ္စည်းမျိုး ရှိနေသလဲ ဆိုတာကို မောင်မင်း ဖြေကြားပေးပါ"

မောင်နိုးမှာ အရာရာတွင် သတိဖြင့်ဆင်ခြင်မှတ်ယူလေ့ရှိသည့်အလျောက် ယနေ့ လွှတ်တော်သို့လာစဉ် အမတ်ကြီးဦးပေါ်ဦး အိမ်အနီး လမ်းပေါ်တွင် ကွက်မကြီးတစ်ကောင်နှင့် ဝက်ပေါက်ကလေး နှစ်ကောင်တို့ကို တွေ့မြင်ခဲ့သည်ကို ဆင်ခြင်မိလိုက်သည်။ ကြိုတင်အသိပေးထားခြင်းလည်း မရှိ၊ ကျွမ်းဝင်ခြင်းလည်း မရှိ၊ ဘုရင့်အပါး အမြဲခစားနေကြသည့် ဝန်ကြီးများလည်း ဖြစ်နေကြရာ မိမိပညာအား စမ်းသပ်လာခြင်းသာ ဖြစ်ရာသည်ဟု တွေးသိလိုက်ပြီး စိတ်ကို ရှာဖွေစဉ်းစားလိုက်ရာ တစ်ကောင်နှင့်ပင် ဝက်သားအုပ်မအား မြင်တွေ့ခဲ့ရသည်ကို ကောက်ယူ၍ အစ်ဖုံးအောက်တွင် ဝက်နှင့် အသွင်သဏ္ဌာန်တူရာသည် ကွက်သာ ဖြစ်ရမည်ဟု အဖြေထုတ်ကာ. . .

"မှန်လှပါ . . . ကွမ်းအစ်အဖုံးအောက်တွင် ရှိသည့်အရာမှာ ကွက်သတ္တဝါပါ ဘုရား"

ဝန်ကြီးနှစ်ပါး အံ့အားသင့်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ခြင်းဖြင့် မောင်နိုး၏ ဖြေဆိုမှုအပေါ်တွင် ကျေနပ်နေသော်လည်း သဘောတော် မကျနိုင်သေးသကဲ့သို့. . .

"အိမ်း မောင်မင်းပြောတာ မှန်ပါတယ်၊ တို့ကလဲ လွယ်လွယ်နဲ့ရတဲ့ ကွက်ကိုပဲ အုပ်ထားခဲ့တာ၊ ကဲ. . . ဘယ်နှကောင်ရှိသလဲ ပြောစမ်းပါဦး"

မောင်နိုးသည် ဝက်သားအုပ်မသုံးကောင်ကို နိမိတ်ကောက်၍ ကွက်ဖြစ်ကြောင်း အဖြေမှာ မှန်နေပြီဖြစ်၍ ဝက်သုံးကောင်အား အဖြေဆက်ယူလိုက်ကာ. . .

"မှန်လှပါ သုံးကောင်ပါဘုရား"

ဟု ဖြေလိုက်ရာ ဝန်ကြီးနှစ်ပါး စလုံး ပြုံးရယ်ကြလျက်. . .

"မောင်နိုး မင်းလျှောက်တာ မှားနေတယ် ပြန်ပြင်ဦး"

ဟု ဝန်ကြီး မင်းကျော်ခေါင်မှ သုံးကြိမ်တိုင် ပြင်ခိုင်းသော်လည်း မောင်နိုးမှမပြင်ဘဲ သုံးကောင်သာဖြစ်ကြောင်း အခိုင်အမာပင် လျှောက်တင်လေသည်။ နောက်ဆုံးတွင် ပြင်ခိုင်း၍ မရတော့သဖြင့် ဝန်ကြီးမင်းကျော်ခေါင်မှ အမှားကြီးဟုဆိုကာ "အနုမာန မျက်ရမ်းဆ၊ မှန်လှဆိုသူ တစ်ကောင်ယူ" ဟုပြောပြီး အစ်ဖုံးကို ဖွင့်လိုက်ရာ ကွက်မကြီးနှင့် မွေးကင်းစ ကွက်ပေါက်စ ကလေး နှစ်ကောင်တို့ကို မြင်လိုက်ကြရသည်။

ပုဏ္ဏားဝန်ကြီး ရာမကစ္စနားနှင့် အတွင်းဝန်ကြီးမင်းကြီး မင်းကျော်ခေါင်တို့သည် ကွက်သုံးကောင်ဖြစ်နေသည့် မြင်ကွင်းကိုကြည့်ပြီး လွန်စွာပင် အံ့ဩသွားကြလေသည်။ ၎င်းတို့ထည့်ဖုံးထားစဉ်က ကွက်တစ်ကောင်သာ ဖြစ်ပြီး အစ်ဖုံးအောက်ရောက်ပြီးမှ ကိုယ်ဝန်အရင့်အမာဖြစ်နေသည့် ကွက်မကြီးက ကွက်ကလေးနှစ်ကောင် မွေးဖွားခဲ့ခြင်းကို ၎င်းတို့ မသိမမြင်ကြသကဲ့သို့ မောင်နိုးမှာလည်း ကွက်ထည့်ဖုံးထားသည်ကိုပင် မသိမမြင်ပါဘဲလျက် မှန်ကန်စွာ ဟောချက်ထုတ်ပြနိုင်ခြင်း ဖြစ်ပေသည်။

ဝန်ကြီးနှစ်ပါးလည်း မောင်နိုးကို အလွန်ချီးမွမ်းကြလျက် ဆုလာဘ်များ ပေးကြပြီး အတွင်းဝန်ကြီးနှင့် ပုဏ္ဏားကြီးတို့မှ ဤပညာကို အထွတ်အထိပ်ရောက်အောင် ဆက်လက်အားထုတ်လိုက်စားရန်နှင့် ဘုရင့်နားတော်ရောက်အောင် လျှောက်တင်ပေးကြမည် ဖြစ်ကြောင်း အားပေးပြောဆိုကြလေသည်။

ဤသတင်းသည်လည်း နန်းတွင်း နန်းပြင် နှစ်ရပ်လုံးတွင် ဥက္ကောငွေ့ယှ ဖြစ်ပြီး မောင်နိုး အမည်မှာ



www.burmeseclassic.com

ဟိုးလေး တကျော့ကျော့ ဖြစ်သွားတော့သည်။ ဤဖြစ်စဉ်သည်ကား အတိတ်နိမိတ်ကို တိုက်ရိုက်ကောက်ယူ၍ ဟောချက်ထုတ်ခဲ့ခြင်း ဖြစ်လေသည်။

အတိတ်၊ နိမိတ်နှင့် ဘဝေါတို့သည် တစ်အုပ်စုတည်းဖြစ်၍ နိမိတ်အဖြစ်သာအယူတော်မင်္ဂလာကကောက်ယူပေသည်။ ၎င်း သုံးမည်လုံးပင် အကောင်အထည်၊ ဝတ္ထုပစ္စည်း ပုံသဏ္ဌာန်အားဖြင့် ဖြစ်ပေါ်ကြသည်။

ဝိသေသအားဖြင့် ခြားနားမှုမှာကား အတိတ်ကို အဖြေထုတ်ယူရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးနှင့် ညှိ၍ သုံးသပ်ရသည်။ သမိုင်းဖြစ်စဉ် အကိုးအကား၊ အထောက်အထားများကိုလည်း အားပြုရသည်။

အတိတ်မှာ လူနည်းစု၊ တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သော နိမိတ် ဖြစ်ပေသည်။

လောင်းကစား အတိတ်များနှင့် မသက်ဆိုင်ပါ။

သုံးပါးကာလ မျှတဆင်ခြင်ပမာတင်၍ ယူငင်ခြင်းသည် အတိတ်တည်း။

နိမိတ်ကို အဖြေထုတ်ရာတွင် ကာလသုံးပါးနှင့် ညှိရန်မလိုပေ။ သမိုင်းအကိုးအကားအထောက်အထားများကိုလည်း စဉ်းစားရန် မလိုအပ်ပါ။ မိမိအတွက်၊ သူတစ်ပါးအတွက် ချင့်ချိန်ရန်သာရှိ၍ အများစုနှင့် မပတ်သက်ပေ။ လူနည်းစုနှင့်သာ သက်ဆိုင်ပြီး သတိဖြင့် ဆင်ခြင်မှတ်သား အဖြေထုတ်ယူရပေသည်။

သို့သော်လည်း အထွေထွေဗဟုသုတ၊ သမိုင်း၊ ရှေးဟောင်းစကားများကို လေ့လာသိရှိထားပါက လွယ်ကူစွာပင် အဖြေထုတ်ယူနိုင်လေသည်။ တိုက်ရိုက်ကောက်ယူ ဖြေရှင်းနည်းဖြင့် ပြဿနာတစ်ခုကို နိမိတ်ကောက်ယူအဖြေထုတ်ခြင်း၊ နိမိတ်ကို ကောက်ယူမှတ်သားထားပြီးမှ ပေါ်လာ တွေ့လာသည့် ပြဿနာကို အဖြေထုတ်ယူခြင်းဟူ၍ နှစ်မျိုးသာ ရှိပေသည်။

ပထမ နိမိတ်ကိုယူကာ အဖြေဟောကိန်းမှာ အတိတ်မှ ဖြစ်စဉ်ဖြစ်ရပ်၊ သမိုင်းအထောက်အထားများ အပေါ် အခြေပြုကိုးကားရယူ၍ ပစ္စုပ္ပန် ဖြစ်ရပ်ပေါ်တွင် (နိမိတ်) အနာဂတ်ကို ဟောပြောခြင်းပြုသည့် နိမိတ်မျိုးကို အတိတ်ဟု ခေါ်ဆိုပေသည်။

နိမိတ် ဆိုသည်မှာ အနာဂတ်ကာလတွင် ဖြစ်ပျက်လာမည်ကို ပြဆိုသည့် အကြောင်းကို တွေ့မြင်သည့် အကြောင်းအရာပေါ်တွင် နှိုင်းဆ ဆင်ခြင် သိရှိလာရသည့် အကြောင်းကိစ္စကို နိမိတ်ဟု ခေါ်လေသည်။

တိုက်ရိုက်နည်းဖြင့် အဖြေမှန်ထုတ်ယူခြင်းနှင့် သွယ်ဝိုက်နှိုင်းယှဉ်၍ အဖြေမှန် ထုတ်ယူခြင်းဖြင့် နိမိတ်ကို အဖြေရှာရနိုင်ပေသည်။

စကုမင်းသား၏ ဦးသျှောင်ထုံးမင်္ဂလာ၊ နားထွင်းမင်္ဂလာပွဲပြုလုပ်ရာသို့ မောင်နိုး သွားရောက်ရသောနေ့တွင် ကျောက်ဆောင်မြင်းမှူး ဦးပြေက. . .

"အမှာတော်ရေး မောင်နိုးသည် လူပင်ငယ်သော်ငြားလဲ လူငယ်နှင့်မတူ တစ်မူကွဲပြား လူကြီးများကဲ့သို့ ဗဟုသုတပြည့်ဝလှပေသည်၊ ရှေးဆုတောင်းလဲ ကောင်းခဲ့ပေသည်၊ အမျိုးအားဖြင့်လဲ အသည်ဝန်ကြီး၏တူ ဖြစ်ပေသည်၊ အမှီသဟဲအားဖြင့်လဲ တရားဌာနချုပ်ဝန်ကြီး သတိုးသီဟသူဖြစ်ပေရာ ရှေ့အဖို့တက်လမ်းမှာ အလွန်ပင် ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ပေလိမ့်မည်၊ မောင်နိုး၏ ပညာသည် အံ့သြဖွယ်ပင် ဖြစ်ပေသည်"

ဟူ၍ ချီးမွမ်းပြောဆိုလေသည်။ ထိုအခါ ပြင်စည်မြင်းမှူး မင်းလှရွှေတောင်ကလည်း. . .

"အမှာတော်ရေးမင်းကို အထူးချီးမွမ်းဖို့လိုမယ် မထင်ပေဘူး၊ အတွင်းတော်ကပင် သိပြီးပဗျာ၊ ကျွန်တော်တို့ကသာ အဝေးရောက်နေလို့ အခုမှ ဆုံတွေ့ကြရတယ်၊ ဒီတော့ ကျုပ်တို့လဲ သွားလေရာမှာ ပြောစမှတ်အရာတစ်ခုခု ရလေအောင် အမှာတော်ရေးမင်းကို အမေးပြဿနာ တစ်ခုတော့ တင်ပါ စေဗျာ" ဟု ထောက်ခံပြောဆိုပြီး ခွ တောင်းလေသည်။

မောင်နိုးကလည်း သဘော မေးခွင့်ပြုလိုက်သည်။

ထိုအခါ ပြင်စည်မြင်းမှူးက. . .

"ယခု ဦးမင်းကိုင်ဆောင်ထား ကြေးနက်ထုံးဘူးကို မကိုင်မတွယ်၊ မ မတွေ့ဘဲ ဘယ်နှကျပ်သား အလေးချိ ရှိတယ်ဆိုတာကို မိန့်ကြားစေချင် တယ်" ဟူ၍ ၎င်း၏လက်တွင်းမှ ထုံးဘူး ကို ပြပြီး မေးလိုက်သည်။

မောင်နိုးလည်း မဏ္ဍပ်အတွင်း သို့ မျက်စိကစား၍ နိမိတ်ကို ရှာလိုက် သည်။ မဏ္ဍပ်၏ အမိုးဝါးကပ်တစ် ကျိုးနေသည်ကို ထင်ရှားစွာ တွေ့မြင် သဖြင့် ထိုကပ်ကျိုးနေမှုကို နိမိတ်အဖြ ကောက်ယူလိုက်တော့သည်။

မောင်နိုးသည် ကောက်ယူလို သည့် နိမိတ်ကပ်ကျိုးကို ပြောင်းပြ ကောက်သော် ကိုးကျပ် ဟု အဖြေ ရှေးစကား သမိုင်းဖြစ်စဉ်များဖြင့် နှိုင်း ချင့် ဝေဖန်လိုက်ရာ အရှင်မဟာသီ ဝံသဆရာတော်နှင့် အရှင်မဟာ ဆရာတော်နှစ်ပါးတို့ ပညာစမ်းဟန် တစ်ပင်၊ နှစ်ပင်ကို ပေးပါဟု တစ်ဦး တောင်းဆိုရာ၌ တစ်ဦးက စဉ်းစားသ မှာ တစ်ပင်နှင့် နှစ်ပင်ပေါင်းသော် ပင် ဖြစ်၏။ သုံးပင်ကို ပြောင်းပြ ကောက်သော် သင်ပုန်းရ၏ဟု အ ထုတ်၍ ကျောက်သင်ပုန်းကို ပေးလို သည်။

တစ်ကျောက် အိပ် ပေး တောင်းခံရာ၌ တစ်ဦးက တစ်ကျော အိပ်ကို ပြောင်းပြန်လှန်သော် တစ် အောက် ဖြစ်၏။ တစ်ကိုပ်အောက် ကိုးယောက်ကို ဆိုသည်။ ကိုးယော ပြန်သော် ကောက်ရိုးဖြစ်၏ဟု အ ထုတ်ကာ ကောက်ရိုးကို ပေးလိုက် ထုံးများကို မြင်သိပြန်လေသည်။

ထို့ကြောင့် ထုံးဘူး၏ အ ချိန်ကို ကိုးကျပ်သားရှိပါတ



www.burmeseclassic.com

www.burmeseclassic.com

အဖြေပေးလိုက်သည်။ ပြင်စည်မြင်းမှူးသည်း ဝမ်းမြောက်စွာဖြင့် "မှန်ပါပေဘယ်" ဟု ဝန်ခံကာ လွန်စွာ အံ့သြချီးမွမ်းထောမနာ ပြုကြလေသည်။

မိမိအတွက် ဝယ်ယူလာခဲ့သည့် ထိုကြေး ကွမ်းအစ်နှင့် ကြေးနက်ထုံးဘူးကို မောင်နိုးအား ဆုအဖြစ် ချီးမြှင့်လိုက်တော့သည်။

မောင်နိုး၏ ဉာဏ်ပညာအား လေးစားသောအားဖြင့် မဏ္ဍပ်အတွင်းရှိ ပရိသတ်များမှလည်း ချီးမွမ်းပြောဆိုကြရင်း ဆုများအသီးသီးပေးအပ်ကြလေသည်။

ဝက်နိမိတ်နှင့် ကြွက်အဟော သည်တား မပေါ်ပေါက် မတွေ့ကြုံရ သေးသော၊ မရှိသေးသော ပြဿနာ တစ်ရပ်ကိုအကောင်အထည်နှင့်ပြသော ...ရပ် နိမိတ်အား တိုက်ရိုက်တင်စား ၍ ပြဿနာနှင့် သဘာဝ၊ ပြဿနာ သဘာဝကို ကိုက်ညီစွာ အဟောထုတ် ...ပင် ဖြစ်ပေသည်။

ကပ်ကျိုးနှင့် ကိုးကျပ်အဟော သည်တား ပထမသိလိုသော မေးလာ သော ပြဿနာကို အကောင်အထည် ...ပြသော တွေ့မြင်ရသော နိမိတ်ကို ...၍ တွေ့မြင်သည့် ဖြစ်ပျက်မှုအတိုင်း ...လိုသော ပြဿနာအပေါ်တွင် တိုက် ...တင်စား၍ ပြဿနာ သဘာဝနှင့် ...ညီ ဟောပြော အဖြေထုတ်ယူခြင်း ...ဖြစ်ပေသည်။

"ဘဝေါ"ဆိုသည်မှာ အများနှင့် ...သော အတိတ်နိမိတ်ပင် ဖြစ်သည်။ ...ရေးပြည်မှု၊ နိုင်ငံအရေး၊ အဓိကရ ...ကြီးများနှင့်သာ ပတ်သက်ပေ ...ည်။ ဘုရားစေတီ၊ ဆင်းတုတော်တို့မှ ...ခြည်တော်လွှတ်ခြင်း၊ မျက်ရည် ...ခြင်း၊ ချွေးထွက်ခြင်း၊ သမိုင်းဝင် ...င်းကန် ဘုရား၊ တန်ဆောင်း၊ ...ကြီးများ၊ ဆည်ကြီးများ သဘာဝ ...ကြောင့် ပျက်စီးပြိုလဲခြင်း၊ နေဝင် ...တ် တိမ်တောက်ခြင်း၊ ငြိုဟ်၊ ...များခွပ်ခြင်း၊ ကြယ်တံခွန် လွှတ်ခြင်း၊ လကို ကြယ်ဖောက်ခြင်း စသည့် နိမိတ်တို့သည် ဘဝေါပင် ဖြစ်ပေသည်။

အဖြေကို ရှာရာတွင် သမိုင်းအထောက်အထားကိုရှာ၍ ဟောရပေသည်။ အယူတော်မင်္ဂလာလျှောက်ထုံးတွင်ကား ဘဝေါကို အကြောင်းပြု၍ ဟောထားသည့် အကြောင်းတစ်စုံတစ်ရာ မတွေ့ရှိရပါပေ။

သို့သော်လည်း အမေးပြဿနာ မရှိသော ဘဝေါကို ကောက်ယူ၍ လူအများအား ကယ်မခဲ့သည့် ဖြစ်ရပ်ကား ရှိခဲ့ပေသည်။

ဖြစ်စဉ်မှာ. . .

မောင်နိုး အကောက်စာရေးဘဝက ငါးရာဖျားရွာသို့ ရောက်သွားစဉ် ကသည်းလူမျိုး ဇော်တမော် အမည်ရှိ အရှုံးသည် လက်ယာဘက်လက်၌ ပျိုးစည်း၊ လက်ဝဲဘက်လက်၌ ပြောင်းစည်းတို့ကိုကိုင်ပြီး ရွာလယ်တွင် ကခုန်လျက်နေသည်ကို တွေ့မြင်လိုက်ရသည်။

(၁၄) နှစ်သား အရွယ်ကပင် ဗေဒင်လက်ရိုးကုန်စင်စွာ တတ်မြောက်ခဲ့ပြီး ဖြစ်သည့်အလျောက် မောင်နိုးက ထိုအရူး၏ပြုရပ်ကို နိမိတ်အဖြစ် သိမြင်လိုက်ပေသည်။

ဆင်ခြင်လိုက်ရာ ဤ ငါးရာဖျားရွာမှာ အနိမ့်ပိုင်းမြေပြင်တွင် တည်ထားသည့်ရွာ ဖြစ်နေသည်ကို လည်းကောင်း၊ ကသည်း၏ နာမ်မှာသောကြာ ဓာတ်အားဖြင့် ရေပုပ်၊ ရေနောက်၊ ရေနီ ဖြစ်သည်ကိုလည်းကောင်း၊ ဝဲဘက်လက်တွင်းမှာ ပြောင်းစည်းကိုင်ထားပြီးကခြင်းသည် တစ်စည်းတစ်လုံးတည်း ပြောင်းရွှေ့ကြရမည့် အတိတ်အဖြစ် လည်းကောင်း၊ လက်ယာလက်တွင်း ပျိုးစည်းကိုင်ထား၍ ကနေခြင်းမှာ ပြောင်းရွှေ့သည့် နေရာတွင် အသစ်တစ်ဖန် ပြုစုပျိုးထောင်ကြရန်ဟု လည်းကောင်း၊ ကသည်းအရူးမှ ရွာအလယ်တည့်တည့်တွင် ကနေခြင်းသည် ရေပုပ်၊ ရေနောက်၊ ရေနီတို့ လွှမ်းမိုးလာတော့မည်ကိုလည်း သိမြင်လိုက်သည်။

အရူး၏ အမည် ဇော်တမော် အက္ခရာနာမ်ကို သင်္ချာကောက်ယူပေါင်းလိုက်ရာ (၃+၇+၅=၁၅)ဖြစ်၍ အရူးမှာ (မမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ အိမ်ထောင်ပျက်၊ အသက်မရှည်ရာ) (အင်းဝ =၁×၄) အိမ်ထောင်ပျက်မည်ကို ပြနေသည် ဖြစ်သဖြင့် ရပ်ရွာလူကြီးများနှင့် ပြုဖွယ်ကိစ္စတို့ ပြုပြီးနောက် အာလာပ သလ္လာပ စကားများ ပြောဆိုနေကြစဉ်ပင် မောင်နိုးမှ . . .

"လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းတို့ရွာမှာ နိမ့်ရှိုင်းသောနေရာ ဖြစ်နေသည်၊ မိုးဦးလဲ ကျလာပါပြီ၊ သို့သော်အချိန်ကဖြင့် ရှိနေပါသေးသည်၊ ၁၅ရက်အတွင်း ဤနေရာကို စွန့်၍ အခြားမြင့်ရာ အရပ်သို့ အလျင်အမြန် ပြောင်းရွှေ့ကာ နေရာသစ်တွင် ပြုစုပျိုးထောင်ကြရန် ဖြစ်ပါသည်၊ သို့မဟုတ်ပါက လူကြီးမင်းတို့ရွာသည် (၁၅)ရက်က လွန်လျှင် ရေဘေးနှင့် ကြုံတွေ့ရင်ဆိုင်ရပါမည်၊ ဒုက္ခကြီးစွာ ဖြစ်ကြပါမည်"

ဟူ၍ ထိုနေရာမှ ပြောင်းရွှေ့ကြရန်ကို တရစပ် တိုက်တွန်းလေတော့သည်။

မောင်နိုး၏ အတိတ်နိမိတ် ပညာအရာ၌ ကျော်စောကိတ္တိ ရှိသည်ကို ယုံကြည်ပြီး ပြောင်းရွှေ့ကြသကဲ့သို့ အချို့မယုံကြည်သူများမှာ မပြောင်းမရွှေ့ဘဲ နေမြဲအတိုင်း ဆက်နေကြလေသည်။

မောင်နိုး တိုက်တွန်းပြောဆိုပြီးနောက် (၁၅)ရက်အကြာတွင် အထက်အညာအရပ်၌ မိုးဆက်တိုက်၊ အားကြီးစွာ ရွာသွန်းမှုကြောင့် ငါးရာဖျားရွာမှာ ရေပုပ်တို့ လွှမ်းမိုးခံရပြီး ရွာပျက်သွားလေတော့သည်။

"စနည်း" နှင့် "တဘောင်" မှာ ယေဘုယျအားဖြင့် အတူတူပင် ဖြစ်သည်။ စကား၊ အသံ၊ သီချင်းတို့ဖြင့် ပြဆိုပေသည်။ ခြားနားမှု ဝိသေသကား စနည်းမှာ တစ်ဦးတစ်ယောက်နှင့် လူနည်းစုဖြင့်သာ သက်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြားရသည့် စကား၊ အသံ၊ သီချင်းသည်လည်း တစ်ဦးတစ်ယောက်က ဖြစ်စေ၊ လူနည်းစုကဖြစ်စေ ဆိုပြောကြခြင်းသာ ဖြစ်ပေသည်။ တဘောင်မှာကား ကလေး လူကြီး အများစုတို့မှ ပြောဆိုကြသော စကား၊ သီဆိုကြသော သီချင်းဖြစ်သည်။ အများစုနှင့် သက်ဆိုင်၍ ပြည်ရွာ တိုင်းရေး၊ နိုင်ငံရေး၊ အဓိကရ ပုဂ္ဂိုလ်ကြီးတို့နှင့် သက်ဆိုင်လေသည်။

"ကာလ၊ အကာလ၊ နှစ်ဌာနတွင် မိမိကြိုက်ညီရာ အခါသမယ၌ လိုအင်ခပ်သိမ်းကို နှိုင်းချိန်သိကျွမ်းရစေခြင်း အကျိုးငှာ ဦးစွာပြောဆိုသည်ကို ကြားရသော ဇန၊ ဝါစက၊ မာဂဓဘာသာတို့၏ အသံကို မှတ်၊ နာ၍ ယူခဲ့ခြင်းသည် စနည်းနာသည် မည်၏။

တဘောင်ဆိုသည်ကား ရှေ့၌ ဖြစ်လတ္တံ့သော ဟိတ်ကိုဆောင်၍ ပေါ်လာသော သီချင်းမျိုးကို ခေါ် ဆိုခြင်း ဖြစ်ပေသည်။

ဘိုးတော်ဘုရားသည် သတိုးမင်းကြီး မင်းထင်ကျော်သူကို တိုင်းရေးပြည်မှုနှင့်တကွ တရားလွှတ်တော်ကိုပါ အပ်နှံခန့်ထားသည်။ မိုးတားကိုလည်း စားစေထားသည်။

သို့သော် ဝန်ကြီးမှာ အဂတိလိုက်စား၍ အမှားကို အမှန်၊ အမှန်ကို အမှား တရားတိမ်းယိမ်း၊ ကတိမ်းကပါး ပြုကျင့်ပါများသဖြင့် ပြည်သူအများတို့ နှစ်ခြိုက်မှု မရှိကြပေ။ ထိုတရားရေး ဝန်ကြီး၏ လုပ်ပုံကိုင်ပုံ၊ အမူအကျင့်တို့ကို အချင်းချင်း တီးတိုးစကားများ ပြောကြလေသည်။

ထိုသို့သော တီးတိုးစကား ပြောပါများလေသော် မင်းတရားကြီး နားသို့ ရောက်သွားတော့သည်။ဘိုးတော်ဘုရားလည်း စိတ်ဝမ်းမချမ်းမသာ ဖြစ်တော်မူနေရလေသည်။

အယူတော်မင်္ဂလာ မောင်နိုးသည် ဘုရင့်ထံပါး၊ ခစားရန်အလာ ရွှေနန်းတော် အနောက်မျက်နှာစည်ရှည်တံခါးကို ဝင်ပြီးနောက် သစ်တပ်အနီး ကင်းရုံကြီးတွင်း နေရှိန်ပူပြင်းသဖြင့် ခေတ္တဝင်ရောက်နားခိုစဉ် မြင်းမှုထမ်း အဖွဲ့ဝင် မိခင်နှင့်သမီးတို့၏ ပြောစကားကို "စနည်း"အဖြစ် နာကြားမှတ်ယူလာခဲ့သည်။

မင်းတရားကြီး ရှေ့တော်မှောက်သို့ ရောက်သည်တွင်. . .

"အယူတော်မင်္ဂလာ မောင်မင်း လွန်ခဲ့သည့် ကာလများက အမရပူရ နေပြည်တော်၌ လှူကြြ၊ တန်းကြနှင့် အိုးစည်ဗုံမောင်း ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ၊ တီးမှုတ်ကြနှင့် အလွန်ပင် စည်ကားပြီး သိုက်မြိုက်လှပေတယ်၊ ယခုမူကား ဤသို့မဟုတ် လေးမျက်နှာမည် မြို့ပတ်လည်မှာ ပြောစည်လည်း တိတ်၊ ကျိတ်လိပ်သေခွေ၊ ရှိလှချေသည်၊ အဘယ်ကြောင့် ထိုသို့ ဖြစ်ပေရသနည်း" ဟူ၍ မေးမြန်းတော်မူခြင်း ခံရသည်။

"မှန်လှပါ အရှင်မင်းတရားကြီးဘုရား၊ အရှင်မင်းကြီး အမေးတော်ရှိလာလျှင် လွယ်ကူစွာ ယှငင်ဖြေဆိုရန် ရွှေနန်းတော်သို့အလာ ခရီးတာတွင် ဘုရားကျွန်တော်မျိုး စနည်းနာခဲ့ပါသည် ဘုရား"

"အိမ်း မောင်မင်း နာယူခဲ့ရတဲ့ စနည်းသဘာဝကို ရှင်းပြလျှောက်ထား သံတော်ဦးတင်စေဗျား"

အယူတော်မင်္ဂလာ မောင်နိုး နာကြားမှတ်သားလာခဲ့သည် ဖြစ်ရပ်မှာ ထမင်းချက်ရန် ဆန်မရှိသဖြင့် မိခင်ဖြစ်သူမှ သမီးအား ဆန်သွားဝယ်ခိုင်းလေသည်။

သမီးဖြစ်သူသည် ချိန်ခွင်မရှိလေသဖြင့် ဆန်ဝယ်ရန် ငွေခွက်ကို လက်ဖြင့် မှန်းဆကာ ဖြတ်တောက်ယူငင်လိုက်ပြီး ထိုငွေစဖြင့် ဆန်သွားဝယ်လေသည်။

ဆန်ရောင်းသူမှ ချိန်ခွင်တွင် တင်၍ ငွေစကို ချိန်ကြည့်လိုက်ရာ နှစ်မူးတပ်လေးရွေးမျှသာရှိသဖြင့် ဆန်ကို အပေးရခက်သောကြောင့် ပြည်တောင်းအတွင်းသို့ လက်ဖြင့် မှန်းဆ၍ ဆန်များကို ထည့်ပေးလိုက်သည်။

ပြည်တောင်း၌ ဆန်မပြည့်လျှော့ နေသည်ကြောင့် မိခင်မှ သမီးအား မေးရာ သမီးဖြစ်သူက ဖြစ်ရပုံအကြောင်းကို မိခင်အား ပြန်ပြောပြလေသည်။

ထိုအခါ မိခင်ဖြစ်သူက သမီးအား ပြောသောစကားဖြစ်လေသည်၊

"မှန်လှပါ အရှင်မင်းမြတ်ဘုရား ဘုရား ကျွန်တော်မျိုး နာကြားမှတ်သား လာခဲ့သည့် စနည်းစကားသည်ကား မြင်းမှုထမ်း အဖွဲ့ဝင်မိခင်မှ သမီးအား-

'ဟယ် . . သမီးမိုက်၊ နင်သည် မသေမချင်း ပေါ့လျော့စွာဖြင့် မူးမဟုတ် မတ်မဟုတ် ပြုပြီးလျှင် တစ်မူးတပ် လေး ရွေး မချိန်မတွယ်ဘဲ သွား၍ ပေးရာ သလော၊နင်ပြုခြင်းသည် မူးမဟုတ်မတ် မဟုတ် လုပ်၍ သွားခြင်းကြောင့် (ဆန် ရောင်းသူက) ပြည်ကို စောင်းပေးလိုက် ဟန်ရှိသည်၊ နောက်နောင် ဤကဲ့သို့ မသေမချာ မူးမဟုတ် မတ်မဟုတ် လုပ် ပြန်လျှင် (ဆန်ရောင်းသူ)က ပြည်ကို မှောက်၍ပင် ပေးလေဦးမည်' ဟု ပြော ဆိုသော စကားများပင် ဖြစ်ပါသည် ဘုရား" ဟု လျှောက်တင်လေသည်။

မင်းတရားကြီးသည် အယူတော် မင်္ဂလာ၏ လျှောက်တင်ချက်ကို ကြားပြီး သည်နှင့် . . .

"မောင်မင်း လျှောက်တင်သည့် စနည်းစကားကား အထူးကြံစည် တွေး တောကောက်ယူဖွယ်မရှိ၊ တိုက်ရိုက်ပင် ပေါ်လွင်နေပေသည်"

ဟု မိန့်တော်မူပြီးလျှင် စိတ်နှလုံး မသာမယာနှင့် မိုးတားစား ဝန်ကြီး သတိုးမင်းထင်ကျော်သူကို တစ်မဟုတ်ချင်း ဓမ္မဝိနိစ္ဆယအဖြစ်ဖြင့် လွှတ်တော် ကို လွှဲအပ်ထားခြင်းမှ အမိန့်တော်ပြန်၍ ရာထူးမှ ရွှတ်ချ နုတ်သိမ်းတော်မူခဲ့လေ သည်။

ဘိုးတော်မင်းတရားကြီး လက် ထက်တွင်ပင် ပုသိမ်မြို့ သင်္ဘော ကမ်း၌ ဝင်ထွက်နေကြသည့် အင်္ဂလိ

www.burmeseclassic.com

တို့သည် အကောက်အခွန်များကို မပေးသဖြင့် မြန်မာအရာရှိများနှင့် အချင်းဖြစ်ပွားကြလေသည်။

ထိုအရေးကိစ္စနှင့် ပတ်သက်ပြီး အင်္ဂလိပ်တို့သည် နေပြည်တော်သို့ အထောက်တော်စေလွှတ်ကာ (မွန်ည) ဟုခေါ်သော ပုသိမ်မြို့ကို ပေးအပ်ရမည်၊ မပေးအပ်သော် စစ်တိုက်၍ သိမ်းယူမည်ဟု (မွန်ပြည်နယ်ကို ပေးတော်မူ၊ သို့မဟုတ် စစ်ဖက်တော်မူ) ရာဇသံ ပေးပို့ခဲ့လေသည်။

ယင်းကာလ၌ ကလေးသူငယ်များသည် နေပြည်တော်တွင် အောက်ပါသီချင်းကို သီဆိုကခုန် နေကြပေသည်။

"ဥက္ကာယူမျှော်၊
ရန်သူတော် ပေါ်ထွက်
ကတော်ဆက်သည့် မဟာစံ၊
ကြံဖန်ကာ ချင့်တွေး။
ငါးပူစီ၊ ငါးပူစီ၊
ဝမ်းဗိုက်ကယ်စူစူနှင့်
သိုင်းဘွဲ့ဖြူဒဏ်ထိမှ
ပြန်ချည့် မောင်ဒွေး"

မင်းတရားကြီးသည် ရွှေစိတ်တော် မအေးသည်နှင့် အယူတော်မင်္ဂလာအား ခေါ်ယူတိုင်ပင်လေသည်။ အယူတော်မင်္ဂလာက. . .

"ဘုရားကျွန်တော်မျိုးသည် နန်းတော်သို့ တောင်မျက်နှာ အလယ်ကုန်းမော် မာတ်တံခါးမှ ဝင်လာခဲ့ရာတွင် ကလေးသူငယ်များစွာတို့သည် သီချင်းဆို၍ ကခုန်နေကြသည်ကို ကြားနာမြင်တွေ့ခဲ့ရပါသည် ဘုရား"

ဟုဆို၍ အထက်ပါသီချင်းကို ရွတ်ပြလေသည်။ မင်းကြီးက. . .

"မောင်မင်း သီချင်းရဲ့အနက်သဘောကို စောကြောလျှောက်တင်ပေဦးကွဲ့"

"မှန်လှပါ ဤသီချင်းသည် တိုင်းပြည်နှင့် သက်ဆိုင်သည့် တဘောင်စကားပင် ဖြစ်ပါသည်ဘုရား၊ ငါးပူစီဆိုသည်ကား ရေနေလူမျိုး၊ ရေလမ်းကလာသူပင် ဖြစ်ပါသည် ဘုရား၊ ဝမ်းဗိုက်ကယ်စူစူနှင့် ဆိုသည်မှာ ၎င်းအင်္ဂလိပ်တို့သည် အခြားတစ်ပါးနိုင်ငံကို တိုက်ခိုက် သိမ်းပိုက်ယူရာ၌ အားရရောင့်ရဲခြင်း မရှိ ငါးပူစီကဲ့သို့ ဝမ်း၌ပြည့်အောင် ပြည်တကာကို ဝါးမျိုသိမ်းပိုက်ထားသော်လည်း ဝမ်းဗိုက်သာစူ၍ တင်းတိမ်ခြင်း မရှိဟု ဆိုလိုပါသည်ဘုရား၊ သိုင်းဘွဲ့ဖြူဒဏ်ထိမှ ပြန်ချည့်မောင်ဒွေး ဆိုရာတွင် ဥက္ကာယူမျှော်ရန် ရန်သူတော်ပေါ်ထွက် ကတော်ဆက်သည့် မဟာစံ ကြံဖန်ကာ ချင့်တွေးနှင့် ဆက်စပ်လျှင် ရန်သူအဖြစ် ပေါ်ထွက်လာသော်ငြားလည်း စစ်ဖက်တော်မမူဘဲ ဘွဲ့ဖြူလက်နက်နှင့် ပစ်တော်မူရမည်ဟု တဘောင်စာသားအထွက်ကို ချင့်တွက်၍ ရပါသည် ဘုရား"

မင်းတရားကြီးလည်း အယူတော် မင်္ဂလာ၏ တဘောင်အဖြေကို နှစ်ခြိုက်လေသဖြင့် လျော်ကြေးငွေတော် တစ်သိန်းအား စစ်စရိတ်ပြု၍ ပေးလိုက်ရာ အင်္ဂလိပ်တို့ ကျေအေးသွားကြလေသည်။

"ကောင်းမှန်းသိ သာအိတစိုစို" ဟူသကဲ့သို့ အတန်ကာလကြာသော အခါတွင် အင်္ဂလိပ်များ အမရပူရမြို့တော်သို့ ရောက်လာကြပြန်လျက် မဟာမိတ်ဖွဲ့ကာ တွဲဖက်သံရုံး ဆောက်လိုသောကြောင့် သားရေတစ်ချပ်စာ မြေနေရာ အပိုင်စားပေးသနားတော် မူပါမည့်အကြောင်းတောင်းလာကြပြန်သည်။ မင်းကြီးလည်း အယူတော် မင်္ဂလာမောင်နိုးနှင့် တိုင်ပင်တော်မူပြန်သည်။

"မှန်လှပါ၊ ယနေ့ နံနက် နန်းတော်သို့လာရာတွင် ဦးပေါ်ဦးနှင့် လမ်း၌ ဆုံမိကြပါသည် ဘုရား၊ ဆွမ်းခံကျောင်းသားနှစ်ဦး သီချင်းဆိုကာ ဖြတ်သွားကြရာ ဦးပေါ်ဦးက ဒီသီချင်းဟာ အတွင်းတော်နှင့်ဆိုင်တယ်၊ သေချာစွာ မှတ်သွားပါ ဟုမှာကြား၍ မှတ်သားလာခဲ့ပါသည် ဘုရား. . .

ထိုတဘောင်သီချင်းမှာ . . .
ပြုံးပြုံး ပြုံးပြုံးနှင့်
ပါးမုန်းမွေးနှင့် ပျို့သခင်
ဆေးတံနှင့် ချော့လာက
ပျော့ပါနှင့်ရှင်
ဖြစ်ပါသည် ဘုရား"
ဟူ၍ လျှောက်ထားလေသည်။
ထိုအခါ ဘိုးတော်ဘုရားက . .

"မောင်မင်းရရှိခဲ့သည့် တဘောင်အရ ထူးထူးထွေထွေ စဉ်းစားဖွယ်မရှိ၊ တိုက် ဆိုင်လျက်သား ဖြစ်သောကြောင့် အင်္ဂလိပ်တို့အား အပိုင်စား မြေပေးသနားတော်မူခြင်းငှာ မသင့်" ဟု မိန့်တော်မူလေသည်။

အင်္ဂလိပ်တို့သည်လည်း တွဲဖက်သံရုံးဆောက်ရန် မြေမရသည်နှင့် နေပြည်တော်မှ ပြန်သွားကြလေသည်။

အင်္ဂလိပ်တို့နှင့် ပတ်သက်သော တဘောင်သီချင်း နှစ်ပုဒ်စလုံးပင် ထိထိမိမိ ရှိလှပေသည်။ ငါးစီပူကဲ့သို့ ဘီယာသောက်ကာ ဗိုက်ဖောင်းနေခြင်းသည်လည်းကောင်း၊ ပါးမုန်းမွေးနှင့် ဆေးတံကိုင်ဆောင်လာသော နယ်ချဲ့ဧည့်သည်၏ အပေါ်ယံ အပြုံးပန်းသည်လည်းကောင်း မရိုး မကောင်းသော သိုးဆောင်းတို့၏ အသွင်သဏ္ဌာန်ကို အမြင်မှန်အတိုင်း ပီပြင်ထင်ရှားစေပေသည်။

ဘိုးတော်မင်းတရားလက်ထက် အမရပူရရွှေမြို့တော်တွင် စူဠဂဏ္ဍိဂိုဏ်းဝင်အတုလဆရာတော်သည် သာသနာပိုင်ဖြစ်၏။

နှစ်၊ လ၊ ရက်စုံသတ်၍ ဝါငယ်ဝါထပ်သင့်သည်ဟု အတုလဆရာတော်နှင့် စူဠဂဏ္ဍိဂိုဏ်းဝင် သံឃာများက အဆိုပြုသည်ကို သုဓမ္မာဂိုဏ်းဝင်သံឃာများက လက်မခံကြ။ လေးလ ရက်စုံသတ်၍ ဝါကြီးထပ်သင့်သည်ဟု အဆိုပြုကြသည်။

ဤသို့ဖြင့် ဝါငယ်ထပ်သင့်သည်၊ ဝါကြီးထပ်သင့်သည် ဟူသည့် အရေးအခင်းသည် ဆရာတော်၊ သမားတော်များအတွင်း ဝိဝါဒကွဲပြားပြီး ငြင်းကြ၊ ခုံကြနှင့် မငြိမ်မသက် ဂယက်ရိုက်ကာ ပြဿနာကြီးတစ်ရပ်ဖြစ်လာတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုပြဿနာကို ဖြေရှင်းရန် အတွက် ဘုရင်မင်းမြတ်က ရဟန်းပညာရှိ၊ လူပညာရှိများအား ခိုင်မာသည့် ကျမ်းအကိုးအကားနှင့် တင်ပြကြရန် မြို့တော်၏ လေးပြင်လေးရပ်၌ မောင်းစည်လှည့်ကာ ကြေညာစေလေသည်။

နောက်တစ်နေ့ ညီလာခံတွင် ဘုရင်မင်းမြတ်က အယူတော်မင်္ဂလာ အမတ်အား ခေါ်တော်မူ၍. . .

"မောင်မင်း အယူတော်မင်္ဂလာ ယခု ငါတို့ တိုင်းပြည်မှာ ဝါကြီးထပ်၊ ဝါငယ်ထပ် ပြဿနာကြောင့် ဆူဆူညံညံငြင်းကြ ခုံကြနဲ့ ရှုပ်ပွနေကြတယ်၊ ဘုရားသားတော်များဖြစ်ကြပါလျက် စူဠဂိုဏ်း၊ သုဓမ္မာဂိုဏ်းဝင်တို့သည်လည်း အခင်းရှုပ်ထွေး၊ မငြိမ်းမအေးဖြစ်နေကြပြန်တယ်၊ လက်ရှိ သာသနာပိုင်ကလဲ ရှေးသာသနာပိုင်အတုလနှင့် ရောယှက်ပြီး စိတ်ထင်တိုင်း သာသနာတော်ကို ကလိမ်ကလက် ပြုနေပေတယ်။

ထို့ကြောင့် သာသနာပိုင်ကိုလဲ ရာထူးမှ နုတ်သိမ်းတော် မူလိုတယ်၊ သာသနာပိုင်အသစ် ခန့်ထားရန် သာသနာတော်ကို ကောင်းစွာ ကြည့်ရှု ထိန်းသိမ်းစောင့် ရှောက်နိုင်မည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ဝိနယဓရအကျော် ဆရာတော်တို့တွင် အဘယ်ဆရာတော်ကို သာသနာပိုင် လွှဲအပ်ခန့်ထားရမည်ဟု ငါတွင် ဆင်ခြင်တွေးတော၍မရနိုင်အောင် ဖြစ်နေပေသည်။

အရာခပ်သိမ်း၌ပင် ဤဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် ဖြစ်လျှင်လည်း တဘောင် စနည်းနှင့် ပျက်လျှင်လည်း တဘောင်စနည်းနှင့်ချည်း ဖြစ်ကြပျက်ကြသောကြောင့် ခေတ်သဘောကို ယူဆောင်၍ တဘောင်၊ စနည်းများကို ကြားနာကာ အယူတော် မင်္ဂလာ ပညာဖြင့် တင်လျှောက်တော်မူစေဗျား"

ထိုအခါ အယူတော်မင်္ဂလာ အမတ်က. . .

"အရှင်ဘုရား၏ အလိုတော်ကို ပြည့်စုံစေရန် စီမံ၍ ထားဘိသကဲ့သို့ ထင်ရှားသော စနည်း တဘောင်များ ပေါ်ထွက်လျက် ရှိနေပါသည်ဘုရား"

"ထင်ရှားအောင် လျှောက်တင်စမ်းကွယ်"

"မှန်လှပါ၊ ယနေ့ နံနက်က အမတ်ကြီး ဦးပေါ်ဦးနှင့်အတူ ဖြတိုက်တော်သို့ လာရာတွင် ကလေးသူငယ်များ သီဆိုနေကြသည့် သီချင်းကို တဘောင်စနည်းအဖြစ် မှတ်သားဆောင်ယူခဲ့ပါသည် ဘုရား၊ ယင်းတဘောင်မှာ . . .

ပရံနဝါ မစုံသေး၍
မောင်းထောင်ခွက်ကလေးနှင့်
နို့ရည်ပေးပါ့ မခွေးရယ်၊
ဖွန်ပန်းကို ပန်ဆင်ရမှ
နို့ဝတော့ မယ်၊
နို့ချိုအေးကိုတဲ့
တိုက်ကျွေး ကွယ်၊
နို့မျက်ငယ်တို့ မာစေကြောင်း
ညွှတ်ခဆုတောင်း
ဖြစ်ပါသည် ဘုရား"

"မောင်မင်းရဲ့ တဘောင်သီချင်း အဖြေကို ရှင်းလင်းလျှောက်တင်ပါဦးကွဲ့"

"မှန်လှပါ အရှင်မင်းကြီး ဘုရား

၁။ ပရံနဝါမစုံသေး၍ ဆိုသည်မှာ ပရံ = တစ်ပါးသောသူတို့သည်၊ နဝါ= နဝင်္ဂသုပိဋကတ်သုံးပုံ၌ မစုံသေး၍ (ဝါ) မပြည့်စုံ၍(ဝါ) မတတ်သေး၍

၂။ မောင်းထောင်ခွက်ကလေးနှင့် ဆိုသည်မှာ မောင်းထောင်ဆရာတော် တည်းဟူသော ခွက်၊

၃။ နို့ချိုပေးပါ ဆိုသည်မှာ တရားနို့ရည်ကို ပေးပါ၊

၄။ မခွေးရယ် ဆိုသည်မှာ အရှင်မင်းတရား၏ နာမ်တော် တနင်္လာ (ခ) အက္ခရာပါ၊ ပေါင်း၍ ဆိုရသော် မောင်းထောင်ဆရာတော်မှတစ်ပါး အခြားသူများမှာ ပိဋကတ်သုံးပုံ မလုံခြုံကြသေးသည်ကြောင့် မောင်းထောင်ဆရာတော်တည်းဟူသော ခွက်ကလေးနှင့် တရားနို့ရည်ကို အရှင်မင်းကြီးမှ ပေးတော်မူပါဟု ဖြစ်ပါသည်ဘုရား၊

၅။ ဖွန်ပန်းကို ပန်ဆင်ရမှ နို့ဝတော့ မယ်ဆိုသည်မှာ အင်္ဂါသားဖြစ်သည့် မောင်းထောင်ဆရာတော်ကို သာသ[နာ] ပိုင်ခန့်ပြီး တရားနို့ချို တိုက်ကျွေး[စေ] ပြဿနာ ငြိမ်းအေးတော့မည် ဖြစ်[ပါ] သည် ဘုရား၊

၆။ နို့ချိုအေးကိုတဲ့ တိုက်ကျွေး ကွယ်၊ နို့မျက်ငယ်တို့ မာစေကြောင်း ညွှတ်ခဆုတောင်းမှာ ပိဋကတ်အ[...] ချို့ငဲ့ရှာပေသူတို့ တရားပြည့်စုံအောင် နို့ချိုအေးနှင့်တူပေသော တရားဒေသ[နာ] တော်ကို မောင်းထောင်ဆရာတော်[...] တိုက်ကျွေးစေရန် အနူးအညွတ် [...] တောင်းနေကြကြောင်းပါ ဘုရား၊

ဤ တဘောင်နိမိတ် စ[...] ဟိတ်အရ မောင်းထောင်ဆရာတော်[...] သာသနာပိုင် ခန့်ထား၍ ပြဿနာ[...] ဖြေရှင်းစေရမည် ဖြစ်ကြောင်းပါ ဘု[ရား] ဟု လျှောက်ထားလေသည်။

ဘုရင်မင်းမြတ်လည်း သ[...] တော်ကျလှ၍ လက်ရှိ သာသနာပိုင်[...] ရာထူးမှ နုတ်ပယ်ပြီး မောင်းထော[င်] ဆရာတော်အား သာသနာပိုင်ခန့်အပ်[...] သာသနာပြုတာဝန်ကို အပ်နှင်းတော်[...] မူလေသည်။

မောင်းထောင်ဆရာတော်ဘု[...] ၏အဆုံးအဖြတ်ကို အားလုံးသောရဟ[န်း] ပညာရှိ၊ လူပညာရှိများမှ သဘော[...] ကြည်ဖြူစွာ လက်ခံကြသဖြင့် ဝါ[...] ဝါငယ်ထပ် ဝိဝါဒကွဲပြားမှုများလည်[း] ငြိမ်းအေးသွားပေတော့သည်။

ဘိုးတော်ဘုရား လက်ထ[...] သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် ရခိုင်ပြ[ည်] ၌ နန်းတက်သည့် မဟာသမ္မတ[...] သည် တိုင်းပြည်ကို ထိရောက်စွာ [...] ထိန်းနိုင်သော အရည်အချင်းမရှိသ[...] တိုင်းပြည်မှာ ဆူပူလျက်ပင် ရှိနေ[...] သည်။

ရဟန်းရှင်လူ ပြည်သူများ[...] စိတ်မချမ်းမြေ့ကြချေ။ သာသ[နာ]ရေး ပညာရေး၊ စီးပွားရေးမှစ၍ အ[...]





www.burmeseclassic.com

www.burmeseclassic.com

ဘက်၌ ဆုတ်ယုတ်လာခဲ့ရာ တိုင်းပြည်မှာ ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ကွဲနေတော့သည်။ ဘိုးတော်မင်းတရားထံသို့ ရခိုင်ပြည်ကို လာရောက်သိမ်းပိုက်ရန် ရခိုင်သားများမှ စစ်ပန်ကြားလာကြသည်။

ဘိုးတော်မင်းတရားကြီးလည်း ရခိုင်ပြည်၏ အခြေအနေကို စုံစမ်းရန် သူလျှိုများ လွှတ်၍ စုံစမ်းစေသည်။ သူလျှိုများ၏ စုံစမ်းလျှောက်တင်ချက်အရ ရခိုင်ပြည်ကို သိမ်းယူသင့်ကြောင်း တွေ့မြင်သိရှိရပြီးသည့်အခါ သားတော်အိမ်ရှေ့မင်းနှင့် စကုမင်း၊ ကာမမင်းတို့ကို ခေါ်တော်မူပြီး ဓညဝတီမြို့ကို သိမ်းယူ၍ မဟာမုနိရှင်တော်မြတ်ကိုပါ တစ်ပါတည်း ပင့်ဆောင်လာရန် အမိန့်ပေး စေလွှတ်တော်မူသည်။

ဘိုးတော်မင်းတရားကြီးသည် သားတော် ရခိုင်ပြည်သို့ စစ်ချီစဉ်အတွင်း အမရပူရနေပြည်တော်တွင် စံမြန်းနေရစ်သော်လည်း စစ်နိုင်မည် မနိုင်မည်ကို များစွာ စိုးရိမ်မကင်း ဖြစ်နေလေသည်။ ထို့ကြောင့် အယူတော်မင်္ဂလာအမတ်ကြီးကိုပင် ခေါ်ယူတော်မူ၍. . .

"မောင်မင်း၊ ငါ၏သားတော်ကြီး ချီတက်တော်မူသည်မှာလဲ ကြာချေပြီ၊ ရှေးယခင် တဘောင်အရ ရခိုင်စိုးခြင်း၊ အနောက်မင်းလဲ ရောက်လတ္တံ့ ဟူသည့်အတိုင်း မှန်သော်ကောင်း၏၊ သင်၏ အနုမာနဉာဏ်မျက်စိဖြင့် ဤအရေးကို ဆင်ခြင်လျှောက်တင်လေဦးလော့"

"မှန်လှပါ ဘုန်းတော်ကြီးမြတ်တော်မူသော ရေမြေ့အရှင်သခင်ဘုရင်မင်းမြတ်ကြီးဘုရား၊ သူငယ်တို့ နှုတ်ဖျားသယ် အဆန်းတကြယ် တဖွဖွဖြင့် ရွတ်ဆိုနေကြသည့် စနည်း တဘောင်သည်ကား. . .

ကေတုမတီ၊ ညာချီရင်သား
လွန်ကြီးပွားသည်
ဘုရားကိုယ်တိုင် ကြွလတ္တံ့၊
မုဆိုးဆတ်သား စားလတ္တံ့ ဖြစ်

ပါသည်ဘုရား၊ ညာချီရင်သားဆိုသည်မှာ အရှင်မင်းတရားကြီး၏ လက်ယာရင်သားနှင့်တူတော်မူသော သားတော်အိမ်ရှေ့မင်းကို ဆိုပါသည်ဘုရား၊ လွန်ကြီးပွားသည်ဆိုရာ၌ ထိုသားတော်ချစ်သည် သီရိဓမ္မသောကမင်းကဲ့သို့ အာဏာစက္ကဝတ္တိရာဇာ ဖြစ်ပါသည်ဘုရား၊ ဘုရားကိုယ်တိုင် ကြွလတ္တံ့ ဆိုသည်မှာ သားတော်ကြီးသည် သာသနာ့ဒါယကာ မဟာဉပရာဇ် ဖြစ်သဖြင့် ဝိသုဒ္ဓါ နတ်ကိုယ်တော်များ၊ သရီရဓာတ်တော်ရှင်များသော်လည်းကောင်း၊ နိမိတ္တ ကိုယ်တော်စား ရုပ်ပွားဆင်းတုတော်များသော်လည်းကောင်း သားတော်ကြီးပင့်ဆောင်ရာသို့ ကြွလာတော်မူလတ်ပါမည်ဘုရား။

မုဆိုးဆတ်သား စားလတ္တံ့ ဆိုရာ၌ အရှင်မင်းတရားကြီးသည် မုဆိုးမင်းဆက် ဖြစ်ပါသည်၊ ယခုစစ်တံခွန်ဖြန့်တော်မူသော သားတော်ကြီးကိုလဲ မုဆိုးဟု ဆိုပါသည်၊ ဓညဝတီပြည်ကို တည်ထောင်သော မင်းတို့မှာ ဆတ်မျိုးဖြစ်ပါသည်၊ ထိုဆတ်မျိုးတို့ကို လွယ်လင့်တကူ အာဏာပြရုံနှင့် ကြီးစွာသော အောင်ခြင်းဖြစ်၍ မုဆိုးဆတ်သားစားလတ္တံ့ဟု ဆိုပါကြောင်းပါ ဘုရား"

"ဆတ်မျိုးမင်းဆက်တို့က ဓညဝတီပြည်ကိုတည်ထောင်ကြောင်းအကျယ်ရှင်းပြပါဦး မောင်မင်း"

"မှန်လှပါဘုရား၊ ဝေသာလီပြည်ကို ဘီလူးဖျက်သည်ဖြစ်၍ ဓညဝတီမြို့ကို ဆတ်မသား မာရာရုမင်းက စတည်ထောင်မင်းပြုကြောင်းကို မဟာမိတ်ိကတိုင်းရာဇဝင်နှင့် ရာဇလင်္ကာရကျမ်းတို့၌ လာရှိကြောင်းပါ ဘုရား။

မြတ်စွာဗုဒ္ဓ ပွင့်တော်မမူမီကာလ၊ ဝေသာလီပြည်တွင် သရဗဒ္ဓမင်းဆက်အဆုံး၌ မင်းနှင့်တကွ ပြည်သူများပါ ဘီလူးစား၍ သေကုန်ကြရာ မိဖုရားကြီးနှင့် သမီးတော် ရုစိတမာလာတို့သာ ရှင်ကျန်စစ်ပါသည် ဘုရား၊ ထိုအချိန်က ကစ္ဆပါနဒီမြစ်အတွင်း ရေကြီးသဖြင့် ဆတ်မတစ်ကောင် မျောပါလာပါသည်၊ ထိုဆတ်မသည် မြစ်ညာ၌ မျောက်ဖိုနှင့် သင့်မြတ်ရာမှ ပဋိသန္ဓေအရင့်အမာပါလာရာ သေလာဂီရိကျောက်တောင်ခြေရင်း၌တင်ပြီး လူနှင့် ဘီလူးစပ်သည့်သားများ မွေးဖွားခဲ့ပါသည် ဘုရား၊ ယင်းဆတ်မမှ မွေးဖွားခဲ့သော သားငရက္ခိုင်နှင့် သမီး ယက္ခနီတို့ကြောင့် ဝေသာလီပြည် ပျက်စီးရခြင်းပါ ဘုရား။

မြစ်ညာတွင်ပင် အခြားဆတ်မတစ်ကောင်သည်လဲ ကပ္ပိလဝတ်ပြည်မှ တောထွက်လာသော ရသေ့ အာဂျုနနှင့် ရှေးရေစက်မကင်းသဖြင့် ညားကြရာ လူသားတစ်ယောက် ဖွားမြင်ပါသည်ဘုရား၊ ထိုလူသားငယ်ကို မုဆိုးသင်ကြီးအောင်ဆိုသူမှ မွေးစားကာ သူ့သမီးနှင့် ပေးစားပါသည် ဘုရား၊ ဝေသာလီမြို့၌ ကြီးစိုးနေသော ငရက္ခိုင်မိသားစု ဘီလူးတို့ကို ထိုသူငယ်မှ သတ်ဖြတ်သုတ်သင်ကာ မာရာရု အမည်ဖြင့် မင်းပြုပါသည် ဘုရား၊ ဝေသာလီမြို့၌ မသေကျန်ရစ်သော မိဖုရားနှင့် သမီးတော် ရုစီတမာလာ တို့ကို မိဖုရားမြှောက်ကာ ဆက်လက် စိုးစံ၍ ရခိုင်ပြည်၌ ဆတ်မျိုးဆက်မင်းများ ဖြစ်ပေါ်ခဲ့ရခြင်းပါ ဘုရား"

ထိုသို့ အယူတော်မင်္ဂလာအမတ်ကြီး၏ ရခိုင်ရာဇဝင်အကြောင်း ရှင်းလင်းလျှောက်ထားနေစဉ်တွင်ပင် ၁၁၄၅ ခု၊ ပြာသိုလပြည့်ကျော် ၁ ရက်တွင် ရခိုင်ပြည်ကို အလိုတော်ပြည့်ကြောင်းနှင့် မဟာမုနိရုပ်ရှင်တော်ကို နေပြည်တော်သို့ ပင့်ရန် စီစဉ်နေကြောင်း အိမ်ရှေ့မင်း၏ သဝဏ်လွှာကို အမတ်ရွှေတောင်သိခ်ကျော်ထင်မှ ဝင်ရောက်ခစားဆက်သလာလေသည်။

ဘိုးတော်မင်းတရားလည်း. .

"အို အယူတော်မင်္ဂလာ၊ ထူးခြားပါဘိတကား၊ မောင်မင်း ရရှိခဲ့သော တဘောင်ကို အနက်ပြန်၍ ပြီးချိန်မှာပင် ဓညဝတီပြည်ကြီးကို အောင်မြင်ခြင်းနှင့် မဟာမုနိရုပ်ရှင်တော်လဲ ကြွတော်မူလာမည်ဟု သံတော်ဦးတင်လွှာ ရောက်လာပေသည်တကား၊ မောင်မင်း၏ ပြော





www.burmeseclassic.com

www.burmeseclassic.com

ချက်သည်ကား မြေကြီးလက်ခတ်ပင်ဖြစ်လေသည်" ဟူ၍ ဝမ်းမြောက်ဝမ်းသာ ချီးကျူးကာလျှင် အယူတော်မင်္ဂလာအမတ်ကြီးအား ငွေ သုံးပိဿာနှင့် ခါသာပိတ်အုပ် နှစ်အုပ်တို့ကို ဆုချတော်မူလေသည်။

ဘိုးတော်ဘုရားသည် ယိုးဒယားနိုင်ငံသို့လည်း ချီတက်တိုက်ခိုက် သိမ်းပိုက်တော်မူမည်ဟု ကြံစည်တော်မူသည်။

ထိုစစ်ကို ချီသင့် မသင့် သိလိုသဖြင့် အယူတော်မင်္ဂလာအမတ်ကိုပင်ခေါ်တော်မူ၍ နိမိတ်၊ စနည်း၊ တဘောင်တို့က မည်သို့ဆိုသည်ကို မေးမြန်းစုံစမ်းတော်မူသည်။ အယူတော်မင်္ဂလာသည် ရွှေနန်းတော်သို့အလာ အမရပူရမြို့တော် ယိုးဒယားဈေးအတွင်း ဖြတ်သန်းစဉ် ကလေးသူငယ်များ သီဆိုနေကြသည့် သီချင်းကို တဘောင်သီချင်းအဖြစ် မှတ်ယူလာခဲ့ပေသည်။

ထိုသီချင်းမှာ . . .

"ဘာမထိ မချီလျှင် နေမျိုးညွှန့်စိုးရခေါင်က၊ တကာသီ ဇာမရီ ချီထွက်လျှင် ရတက်တော် ပူဗျာငွေ့ တွေ့ရနောင်တ"

"မှန်လှပါ ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းတရားကြီးဘုရား၊ ဘုရားကျွန်တော်မျိုး နန်းတော်သို့ ယိုးဒယားဈေးအတွင်းမှ ဖြတ်၍အလာတွင် ကလေးသူငယ်များ သီဆိုနေကြသည့် (အထက်ပါ)တဘောင်သီချင်းကို နှလုံးသွင်းလာခဲ့ပါသည် ဘုရား၊

ထိုတဘောင်အရ ယိုးဒယားကိုစစ် မတိုက်လျှင် ယိုးဒယားမင်းသည်နှစ်စဉ် ဆက်သမြဲဖြစ်သော ရွှေပန်းခက်၊ ငွေပန်းခက်၊ ပဏ္ဏာလက်ဆောင်များဆက်၍နေမည်ဖြစ်သည်ကြောင့်(ခေါင်)က (အထက်)ကပင် နေရလိမ့်မည်၊ ယိုးဒယားကို စစ်တိုက်လျှင် အရေးတော်မပြီးစီး၍ (ဝါ)စစ်ရှုံး၍ နောင်တနှင့်တွေ့စရာအကြောင်း ရှိကြောင်းပါဘုရား၊ သို့ဖြစ်သည်ကြောင့် မချီလျှင်ခေါင်က၊ ချီလျှင်နောင်တ ဟု ဆိုလိုရင်းဖြစ်ပါသည်ဘုရား"ဟု တင်လျှောက်လေသည်။

ဘုရင်မင်းကြီးသည် မင်းမာန်တက်နေသည်ဖြစ်၍ အယူတော်မင်္ဂလာ၏ လျှောက်တင်ချက်ကို နှစ်ခြိုက်တော်မမူဘဲ . . .

"ငါကြံလျှင် ယိုးဒယားမင်းငယ်မျှကို မဆိုထားနဲ့ သိကြားမင်းပင်လျှင် ငါ့ကို ဘက်ပြိုင် အန်တုနိုင်စရာသောအကြောင်းသည်မရှိ၊ ယခု မောင်မင်းလျှောက်သည့် တဘောင်စနည်းကိန်းသည် အမှန်ပင်ရှိနေလျှင်လည်း သင်းတို့ပညာရှိများက ထိုကိန်းကို ကျေရန်ဓာတ်ဆင် ဓာတ်ရိုက် ယတြာများဖြင့်ချေကြရမည်၊ ယိုးဒယားကို စစ်ချီတိုက်ခိုက်ရန် စစ်ပြင်ကြရမည်"

ဟု မိန့်ဆိုတော်မူပြီး ယိုးဒယားသို့ ကုန်းကြောင်း၊ ရေကြောင်းဖြင့်ချီတက် တိုက်ခိုက်စေလေသည်။

ဘိုးတော်မင်းတရားကြီး၏ တပ်တော်များသည် ယိုးဒယားအား အောင်မြင်တော်မမူသည့်အပြင် မုတ္တမကြောင်း၊ ထားဝယ်ကြောင်းများမှနေ၍ ပြန်လည်ဆုတ်ခွာကာ အမရပူရမြို့သို့ စစ်ရှုံးပြီးပြန်လာကြရတော့သည်။ ထိုအခါ ဘိုးတော်မင်းကြီးသည် . . .

"ယိုးဒယားကို စစ်ချီမည်ဟု ကြံရွယ်စဉ် အယူတော်မင်္ဂလာက မချီလျှင်ခေါင်က၊ ချီလျှင်နောင်တဟူ၍ လျှောက်တင်ခဲ့သည်၊ ငါက အရေးမထား ဂရုမပြုဘဲ စစ်ချီခဲ့တယ်၊ မအောင်မြင်ခဲ့ဘူး၊ နောက်ထပ်တစ်ဖန် တိုက်ရန်မှာလဲရာသီဥတုက မကောင်း၊ ဗိုလ်ခြေကလဲနွမ်း၊ ရိက္ခာလဲ ပန်းခဲ့ပြီမို့ စိတ်မှန်းတိုင်းပေါက်တော့မည် မဟုတ်ပေ၊ အယူတော် မင်္ဂလာရဲ့ တင်လျှောက်သည့်တဘောင်ကိန်းခန်းကို ကျေလည်အောင်ချေရန်၊ သင်းတို့ ပညာရှိ အခေါ်ခံတဲ့အမတ်တွေကို ယတြာ၊ ဓာတ်ဆင်၊ ဓာတ်ရိုက် ပြုစေသော်လည်း မကျေ၊ ယတြာကိန်းခန်း၊ လောကီကျမ်းတွေကိုတတ်စွမ်းသည့်ဆရာဟု အမည်တပ်ထားသော်လဲ စင်စစ်အားဖြင့် ဖြစ်ဖြစ်မြောက်မြောက်အားကိုးလောက်အောင်ပေါ်ထွက်လာခြင်းမရှိ မစွမ်းဆောင်နိုင်ကြတကား"

ဟူ၍ ညည်းတွားပြစ်တင်လေတော့သည်။ အမတ်ကြီး ဦးပေါ်ဦးမှ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း နိမိတ်ထွန်းဆိုသည့် ရှေးပညာရှိစကားများနှင့် မင်းရဲကျော်စွာသည် စစ်နိမိတ် အရိပ်တံခွန်ကို ကျွမ်းကျင်သည့် ဗိုလ်မှူး၊ တပ်မင်းတို့၏ အကြံပေးချက်ကို အရေးမထား၍ မင်းမာန်ပွားသဖြင့် ရန်သူလက်တွင်း ကျဆင်းသေကျေခဲ့ရသည်ကိုလည်းကောင်း၊ ဘေးတော် အနော်ရထာမင်းစောသည်လည်း ရှေ့နောက်မြင်သိ ပညာရှိပုရောဟိတ်တို့ တားမြစ်သည်ကို မင်းမာန်ဖြင့် ကြွချီလေသဖြင့် ကျွဲခတ်ခံရပြီး ပျက်စီးခဲ့ရသည်ကိုလည်းကောင်း၊ ရာဇာဓိရာဇ်သည် စစ်အင်အားနည်းသော်လည်း ရှေ့နောက်မြင်သိပညာရှိ ဖွဲ့ကန့်လူထွက်နှင့် သခင်မင်းကံစီတို့ စကားကို အရေးပေး နာယူသောသောကြောင့် မရေမတွက်နိုင်သောစစ်သည်ဗိုလ်ပါနှင့် ပြည့်စုံသည့် ဟံသာဝတီပြည်ကြီးကို အလိုတော်ပြည့်ခဲ့ရကြောင်းများဖြင့် သာဓကများထုတ်ဆော်လျှောက်တင်လေမှ မင်းတရားကြီးလည်း အမျက်တော် ပြေသွားလေတော့သည်။

အယူတော်မင်္ဂလာ အမတ်ပညာရှိ ဆားတောင်မြို့စား ဦးနိုးသည်အသက်(၅၆)နှစ်အရွယ်၌ ဘိုးတော်မင်းတရားနှင့် အတူ အညာသီဟတော်ဘုရားမှ ပြန်၍ အမရပူရမြို့တော်သို့ရောက်သည့်တွင် အသည်းအသန်ဖျားနာတော့သည်။ ဘုရင့်လက်သုံး သမားအကျော်တို့နှင့်ကုသသော်လည်း ရောဂါမှာ မသက်သာ၊ တစ်နေ့တခြား ဆိုးရွားလာကာ အစာအာဟာရပင် စား[illegible]တော့သော အခြေအနေသို့ ရောက်[illegible]တော့သည်။





www.burmeseclassic.com

www.burmeseclassic.com

သတိသမ္ပဇဉ် ဉာဏ်ယှဉ်သော ဂ္ဂိုလ်ဖြစ်သဖြင့် သားမယားနှင့် ဆွေမျိုး ပေါင်းအဖော်တို့ကို အနားသို့ ခေါ် တာ . . .

"သတ္တလောက၌ ရှိကြကုန်သော တ္တဝါအပေါင်းသည် ရူပက္ခန္ဓာဟုဆို သော ဤရုပ်တရားကြီးကို ရနေကြ သည်၊ ရူပက္ခန္ဓာ၌ ဘူတရုပ်လေးပါး သည် အဓိကဖြစ်၍ အမှီရုပ်နှစ်ဆယ့် လေးပါး ရှိသည်၊ ဘူတရုပ်လေးပါးဖြစ် သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါ ယောဓာတ်တို့သည် တစ်ပါးပါး လွန်ကဲ သော် ကျန်သုံးပါးလည်း မညီမညွတ် ဖြစ်ကြ၍ ဤရုပ်ကြီးသည် ပြောင်းလဲ ဖောက်ပြန်နေရသည်၊ ရေသောက်မြစ် ပြတ်သော သစ်ပင်ကဲ့သို့ ရှင်သန်ရန် အလွန်ခဲယဉ်းလှပေသည်၊ ယခု ငါ့မှာ သမားအကျော်များနှင့် ကုစားသော် ဖောက်ပြန်နေသော ဓာတ်လေးပါး ကြောင့် အစားမဝင်ဖြစ်ပြီး ကုစား၍ နိုင်တော့မည် မထင်ပါ။

သို့သော် လောကသင်္ကေတ၊ နကမ္မပုဗ္ဗကရဏအရ တဘောင် နည်းယူခြင်းသာလျှင် ရှိတော့သည်၊ တဘောင် စနည်းတို့က မည်သို့ဆို သည်ကို သိရှိရန် စနည်းတဘောင် ဆောင်ပေးကြပါ" ဟု တရားပြပြော လေသည်။

အယူတော် မင်္ဂလာ၏ ဖခင် ရွှေညို၏ညီ ဦးရွှေချိုသည် အမရပူရ အတွင်းရှိ ယိုးဒယားဈေး၊ တရုတ် ဈေးတို့တွင် စနည်းကောက်ယူရာ နေသော အသံများကြောင့်စနည်း တ် ယူ၍မရ ဖြစ်နေသည်။ လူသံ သည့် ကလေးအိပ်ချိန်တွင် ထပ်မံ ရာ. . .

သက်ကြီးရွယ်အို တစ်ဦးမှ ဉာန်းပွားနေသည့်အသံ "မရဏ- ဝံပဝိဿတိ" ဟူသော စကားကို ကောင်း၊

ပုဏ္ဏား ဗေဒင်ဆရာမှ တပည့် သင်ကြားပေးနေသည့် အသံ "စန်း-ခမ်း-သုဘကို သတိထား၍ တွက် ရမည်" တိုလည်းကောင်း၊

(၃) မိခင်က ကလေးကို ချော့သိပ် နေသော "နီးပါနဲ့ကွယ်၊ သားငယ်ရွှေ သွေး၊ မိခင်ကို ဒုက္ခပေးတယ်၊ အိပ်ပါ မောင်ဖွေး"တို့ကို မှတ်သားလာပြီး အယူ တော်မင်္ဂလာဦးနီးအား ပြန်ပြောပြလေ သည်။

ဦးနီးသည် စနည်းစကားများကို အသေအချာ ကြားနာပြီးနောက် သား မယား ဆွေမျိုးညာတိတို့အား. .

"သုံးဆယ့်တစ်ဘုံတွင် ကျင် လည်ရသော သတ္တဝါ မှန်သမျှသည် နေထွက်ခြင်းနှင့် နေဝင်ခြင်း အဆုံးရှိ သကဲ့သို့ လူနတ်ပြဟ္မာကိုပင် မဆိုထား နှင့် ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် ပင်လျှင် ပရိနိဗ္ဗာန်စံဝင်ရသည်ဖြစ်၍ သေခြင်းသာ အဆုံးရှိပေသည်၊

ဤသဘောအရ ငါသည်လည်း ဤရောဂါမှထမြောက်တော့မည် မဟုတ် ပေ၊ မကြာမီ ဤခန္ဓာ အကောင်ပုပ်ကို မသာလုပ်၍ မြှုပ်ကြရလေတော့မည်"

ပထမ စနည်း၏ ပါဠိစကားကို မြန်မာပြန်လျှင် မေ-ငါ့အား မရဏံ= သေခြင်းသည်၊ ဓုဝံ= မြဲ၏။ မေ= ငါ့အား ဇီဝိတံ= အသက်သည်၊ အဓုဝံ= မမြဲ ပဝိဿတိ= သေရလတ္တံ့။

ဒုတိယစနည်း၏ အဓိပ္ပာယ်ကား (စန်း၊ ခန်း၊ သုည) ဆိုသည်မှာ ဗေဒင်စကားဖြစ်၍ ပျက်စီးတတ်ခြင်းကို ဆိုသည်။

သုည၏ ဗေဒင်အလိုမှာ ကြင်း သုဉ်း၊ နဝင်းသုဉ်း၊ အာယုစန်းသုဉ်း ဝါယောဓာတ်သုဉ်း စသောအလိုဖြစ် သည်။

၎င်းတို့ကို ပါဠ်ပြု၍ မြန်မာပြန် သော် (စ) အင်္ဂါသား (မောင်နီး)သည် (ခ) ခဏောယော၀ ခဏခြင်း၌သာလျှင် သုည ဆိတ်သုဉ်းလတ္တံ့ (ဝါ) သေလတ္တံ့ ဟုဖြစ်သည်။

တတိယစနည်းစကားကား. . မောင်ဖွေးဆိုရာ၌ စနေနံ "ဖွေး" နေရာတွင် စနေနံ "နီး" ကိုနာမ်တူနည်း ဖြင့် ထည့်လျှင် မောင်ဖွေး နေရာ၌ မောင်နီးဖြစ်လာသည်။

အိပ်ပမောင်ဖွေး နေရာတွင် အိပ်ပမောင်နီး ဖြစ်လာသည်။ နီးပါနဲ့ ကွယ်ဆိုခြင်းမှာ မနီးသောအိပ်ခြင်း တည်း(ဝါ)သေခြင်းတည်း။ သေပါတော့ ဟု အဓိပ္ပာယ်ရှိသည်။

"ငါဘထွေးဆောင်ယူလာသည့် စနည်း သုံးပုဒ်လုံးပင် တူညီသော အလို အရ အမှန်စင်စစ်ပင် ငါသေရတော့မည် ဖြစ်သည်၊ ငါမရှိသည့်နောက်၌ ကချေ သဘင်သည် သူရူးတို့ ပြောဆိုကြသော စကား၊ သီချင်း၊ အမူအရာများကို နိမိတ်စနည်း၊ တဘောင်အဖြစ် ယူဆကြ လေ" ဟု မှာကြားခဲ့လေသည်။

နေမျိုးလေခပျံ့ချီဘွဲ့ရ ဆား တောင်မြို့စား အယူတော်မင်္ဂလာ ပညာ ရှိ ဦးနီးသည် ၎င်း၏ပညာဖြင့်ပင် စနည်း နာ အဖြေထုတ်၍ အကောင်ပုပ်ကို မသာလုပ်၍ မြှုပ်ကြရတော့မည် ဆို သည့်အတိုင်း အနာရောဂါမှ မထွက် မြောက်တော့ဘဲ သက္ကရာဇ် ၁၁၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် ညဉ့် သန်းခေါင်ကျော် တစ်ချက်တီး ၉ ရက် နေ့အကူး မိုးသောက်ယံ၌ အသက် (၅၆)နှစ်၊ (၁၁)လ၊ (၂၄)ရက်အရွယ်တွင် ဘုရား ရဟန္တာတို့ပင်မလွန်ဆန်နိုင်သော သေခြင်းသဘောဖြင့် အနိစ္စတေသို့ ဝင်သွားရပေတော့သည်။

ပညာပြည့်ဝ နှလုံးလှကြပါစေ။

❒ **စံ-ကေတု**

**စာကိုး**


၁။ ဝဏ္ဏကျော်ထင်သီရိပျံချီ ဦးဘ သိန်း ပြုစုသည့် ကိုယ်တွေ့ အယူတော် မင်္ဂလာကျမ်းစာအုပ်။

၂။ ဆရာညိုမြ၏ ကုန်းဘောင်ရှာပုံ တော်။



www.burmeseclassic.com

www.burmeseclassic.com



ယောနတတိုးထောင်

# နောင်တော်ကြီးမင်းသိခ် ပေးသွားဖူးသော မနောမယသမ္မုဒ္ဒေ

တစ်ခုသော မြန်မာရက်မြတ် တစ်နေ့တွင် အကျွန်ုပ်အား စာပေနောင်တော်ကြီး ကိုအောင်ထွန်းခေါ် ဒေါက်တာမင်းသိခ်က နှစ်သစ် မနောမယသမ္မုဒ္ဒေ အစီအရင် ဂါထာတစ်ခု ပေးအပ် ချီးမြှင့်သွားခဲ့ဖူးပါသည်။

သမ္မုဒ္ဒေဂါထာတော်ကြီးမှာ ထူးခြားလှပါသည်။ သိသူဖော်စား၍ မသိသူကျော်သွားကြသော ဂါထာတစ်ခုဟု ဆိုပါသည်။ ရှေးပညာရှင် သမားစဉ်ဆက် သမ္မုဒ္ဒေကို လက်စွဲပြုခဲ့ကြသည်။ လက်သုံးပြုသော ထက်မြက်သော စွမ်းအင်ကြီးသော၊ သိဒ္ဓိပြီးသော၊ မဟိဒ္ဓိပြည့်သော၊ မွန်မြတ်သော၊ သန့်ရှင်းစင်ကြယ်သော၊ အကျိုးထူးပေးသော ဂါထာတော်မြတ် ဖြစ်ပါသည်။

သထုံဟုခေါ်တွင်သော သုဝဏ္ဏဘူမိ ရွှေနိုင်ငံတော်ကြီး ကောင်းစားစဉ်အခါကာလမှာ လူဆယ်ယောက် ထွက်ရပ်လမ်းကို လေ့လာ လိုက်စားခဲ့ကြသည်။ ဆယ်ယောက်စလုံးပင် ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ကြီးများ ဖြစ်သွားလေ၏။ ဤသို့ စွမ်းအားသတ္တိ ကြီးခြင်းမှာ တခြားမဟုတ်ပေ။ သမ္မုဒ္ဒေ ဂါထာစွမ်းရည်ကြောင့် ဖြစ်တော့သည်။ သမ္မုဒ္ဒေကို မနက်၊ ည မှန်မှန်ရွတ်ဖတ် သရဇ္ဈာယ်တာနှင့် ထွက်ရပ်လမ်း တဖြည်းဖြည်း နီးကပ်ကာ နောက်ဆုံး တကယ်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများ ဖြစ်သွားကြကုန်၏။ သို့ဖြစ်ရာ နတ်တို့က မနေသာတော့ဘဲ သမ္မုဒ္ဒေဂါထာတော်ကြီးကို တချို့အပိုဒ်များ ဝှက်ထားလိုက်တော့သည်။

ထို့ကြောင့် သမ္မုဒ္ဒေဂါထာတော်ကြီးကို တချို့နတ်ဝှက်ဂါထာတော်လို့ ဆိုရိုးရှိကြလေသည်။ သမ္မုဒ္ဒေကို ရွတ်ဖတ်အဓိဋ္ဌာန်ဝင်ပြီး လူတွေအားလုံးလိုလို ထွက်ရပ်လမ်းကို လိုက်စားလာကြသည်။ ထွက်ရပ်ပေါက် လူဦးရေများပြား တိုးပွားလာတော့၏။ ထိုအခါတွင် အရှင် အရဟံ ရဟန်းမြတ်က ကြာရင် မြတ်စွာဘုရားအလိုရှိတော်မူသော လောကုတ္တရာ ထွက်ရပ်လမ်းစခန်းကြောင့် နိဗ္ဗာန် ရောက်ကြောင်းတရား ကွယ်ပျောက်သွားမည်ကို စိုးရိမ်တော်မူလေသည်။ သို့ဖြစ်ရာ သမ္မုဒ္ဒေဂါထာ သုံးပိုဒ်တွင် တစ်ပိုဒ် ကွယ်ပစ်လိုက်သည်ဟု သိ[illegible] မှတ်သားရ၏။

သို့သော် ပါရမီရှင် ထွက်ရ[illegible] ပေါက် မဟာဝိဇ္ဇာကြီးများက ဖွင့်ထု[illegible] ဖော်ကျူးရှာဖွေဖော်ထုတ်၍ မိမိထွက်ရ[illegible] လမ်းကို အောင်မြင် ရရှိသွားကြသ[illegible] သာ ဖြစ်ပါသည်။

မဟာသမ္မုဒ္ဒေဂါထာစစ်ကို [illegible] သိမြင်သော်လည်း သန့်ရှင်းစင်ကြ[illegible] မွန်မြတ်ခြင်းငါးပါးနှင့် ရွတ်ဖတ်အဓိ[illegible] ဝင်ပါမှ ထူးခြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာ၊ မေတ္တာ၊ သမာဓိ၊ ကတိစသော မဏ္ဍိုင်ကြီးကို ဗဟိုပြုလျက် အောက်ပါအချက်များအတိုင်း ရွတ်ဖတ်ခြင်း၊ အသုံးပြုခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်းများကို ပြုရပါသည်။

စောင့်စည်းရမည့် လုပ်ဆောင်ချက် ငါးပါးမှာ အောက်ပါတိုင်း ဖြစ်ပါသည်။

(၁) မိမိခန္ဓာကိုယ်ကြီးကို ချေးညှော်ကင်းစင်အောင် ရေမိုးချိုးသန့်စင်ရပါမည်။ ဦးခေါင်းတွင် အညစ်အကြေးများရှိလျှင်လည်း မြန်မာ့ရိုးရာ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ထားရပါမည်။ တစ်ကိုယ်လုံး၊ တစ်ခေါင်းလုံး သန့်ရှင်းစင်ကြယ်နေရပါသည်။ မိမိရုပ် သန့်ရှင်းရေး လုပ်ဆောင်ထားရပါမည်။

(၂) မိမိခန္ဓာကိုယ်ကြီး တစ်ခုလုံးကို အမွှေးနံ့သာများ လိမ်းကျံထားရပါမည်။ မြန်မာဟန်ပန်သနပ်ခါး၊ နံ့သာဖြူ အကျော်ကရမက်များကို သွေး၍ လူးလိမ်းခြင်းက ပိုမိုထိရောက် ပေါက်မြောက်ပါသည်။

(၃) ဝတ်ဖြူစင်ကြယ် ဝတ်ရပါမည်။ ဖြစ်နိုင်လျှင်မူ ပိတ်ဖြူစရှည်ရှည်ကို လက်ကတော့ထိုးထားရပါမည်။

(၄) မဟာသမ္ဗုဒ္ဓေ ရွတ်ဆို အဓိဋ္ဌာန်ဝင် ပုတီးစိပ်လျှင် အရက်သေစာဖြစ်သော မူးယစ်ဆေးဝါး မမှီဝဲရ။ အမြဲရှောင်ကြဉ်ထားရမည်။ သားကြီးငါးကြီး သူတစ်ပါး အသက်သွေးများကို မစားရပါ။

(၅) ကာမေသုမိစ္ဆာရကင်းရှင်းရပါမည်။ သူတစ်ပါး သားသမီးကို ကာယကံ၊ ဝစီကံ၊ မနောကံ ဖြင့်ပင် မကျူးလွန်အောင် သီလစောင့်သိ ရိုသေရပါမည်။

ဤကဲ့သို့သော စင်ကြယ် သန့်ရှင်းမှု ငါးပါးနှင့်ပြည့်စုံပြီးလျှင် နောင်တော်ကြီး ဒေါက်တာမင်းသိမ်း အနှစ်နှစ်အလလက သိမ်းထုပ်သေချာ ရတနာအဖိုးထိုက် သုဝဏ္ဏဘုမ္မိခေတ် သမ္ဗုဒ္ဓေကို ယနေ့ ခုနစ်ရက် သားသမီးများအတွက် အကျိုးကျေးဇူးများရန်ပေးအပ်ရေးသားခဲ့ပါသည်။

သမ္ဗုဒ္ဓေ အစီအရင် ဂါထာ အဓိဋ္ဌာန်မဝင်မီ စင်ကြယ်သန့်ရှင်းခြင်း ငါးပါး အထူးပြည့်စုံကြွယ်ဝရမည်။ ပြီးလျှင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို ရှိခိုးကန်တော့ရပါမည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ အမျှပေးဝေရပါမည်။ သိဒ္ဓိရှင် မဟိဒ္ဓိရှင်တို့အား သစ္စာပြု တိုင်တည်ရပါမည်။ ပြီးလျှင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်ထွန်းကာ မိမိတတ်အားသမျှ ဒါနအလှူ ကုသိုလ်ပြုပေးရပါမည်။

**နောင်တော်ကြီး ဒေါက်တာမင်းသိမ်းပေးသွားဖူးသောမနောမယသမ္ဗုဒ္ဓေ**

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ
ဂင်္ဂါယံ ဝါဠုကာ စုဒ္ဓေ

(၂) ပရောဇေတွာ ဗဟုဖုလ္လေ
နမာမိ သိရသာမဟံ
တေသံ ဓမ္မဉ္စ၊ သံဃဉ္စ
အာဒရေန နမာမဟံ

(၃) နမက္ကာ ရာနုဘာဝေန
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေကာ အန္တရာယာပိ
ဝိနဿန္တု အသေသတော။

ပါဠိနှင့် မြန်မာလို အနက်အဓိပ္ပာယ် တွဲဖက်ရွတ်ဆို အဓိဋ္ဌာန်ဝင်လျှင် ပိုမိုအစွမ်းထက် ထူးခြားဆန်းပြားမှုဖြစ်စေပါသည်။

အဋ္ဌဝီသံ = နှစ်ကျိပ်ရှစ်ဆူ
သမ္ဗုဒ္ဓေ = ဘုရား
ဒွါဒသဉ္စ သဟဿကေ = တစ်သိန်းနှစ်ထောင်
ပဉ္စသတ သဟဿာနိ = ငါးသိန်း
ဂင်္ဂါယံ = ဂင်္ဂါမြစ်
ဝါဠုကာစုဒ္ဓေ= သဲလုံးတို့ကို
ပရောဇေတွာ = ရှုံးစေပြီးလျှင်
ဗဟုဖုလ္လေ = ဂင်္ဂါမြစ်သဲလုံးတို့ထက် အလွန်များစွာ ပွင့်ကြကုန်ပြီးသော
အဟံ = တပည့်တော်သည်
သိရသာ = ဦးခေါင်းရတနာ မြတ်သော အင်္ဂါဖြင့်
နမာမိ = လက်စုံမိုး၍ ရှိခိုးပါ၏
တေသံ = ထိုငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်တို့၏
ဓမ္မဉ္စ = တရားတော်မြတ်ကိုလည်းကောင်း
သံဃဉ္စ = ရှစ်ယောက်သော အရိယ သံဃာတို့ကို လည်းကောင်း
အဟံ = တပည့်တော်သည်
နမာမိ = လက်စုံမိုး၍ရှိခိုးပါ၏
နမက္ကာရာ = လက်စုံအုပ်မိုး ရှိခိုး
နုဘာဝေန ပူဇော်ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်
သဗ္ဗေ = ခပ်သိမ်းကုန်သော
ဥပဒ္ဒဝေ = ဥပဒ္ဒဝေါအပေါင်းတို့ကို
ဟိတွာ = စွန့်ခွာ ပယ်ဖျောက်ပြီးလျှင်
သဗ္ဗေ = အလုံးစုံသော
အန္တရာယာပိ= အန္တရာယ်အပေါင်းတို့သည်လည်းကောင်း
အသေသတော = အကြွင်းအကျန် မရှိကုန်သောအားဖြင့်
ဝိနဿန္တု = ပျောက်ကွယ် လွင့်ပျောက်စေသတည်း။

ဤ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို ခေတ်အဆက်ဆက် အရှင်အရဟံသမ္ဗုဒ္ဓေ၊ နတ်ဝှက်သမ္ဗုဒ္ဓေ၊ ပထမံဆရာအောင်သမ္ဗုဒ္ဓေ၊ ဘိုးဘိုးအောင်သမ္ဗုဒ္ဓေ၊ အဘဘိုးမင်းခေါင်သမ္ဗုဒ္ဓေ ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသည်။ ယခုကား အစွမ်းထက် သိဒ္ဓိပေါက် မဟိဒ္ဓိမြောက်သော ဤသမ္ဗုဒ္ဓေဂါထာတော်မြတ်ကို "မနောမယမဟာသမ္ဗုဒ္ဓေ"ဟူ၍ ကမ္ပည်းတပ်ခဲ့ပါသည်။ ဤဂါထာတော်အား လပြည့်ဝန်း မဂ္ဂဇင်းကြီးမှတစ်ဆင့် လက်ဆင့်ကမ်းရပါတော့သတည်း။

❐ ယောနတိုးထောင်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ထီးရိုးစေတီနဲ့ ပတ်သက်ပြီး ဖြစ်ရပ်ဆန်းကြယ် ...တော်များများနဲ့ တွေ့ကြုံခဲ့ဖူးသူဟာ ကျွန်တော်ပါ။ ကျွန် ...တော်ဟာ ကျိုက်ထီးရိုးစေတီတော်ကို စတင်ရောက်ခဲ့ဖူးတာ ...ခဲ့တဲ့ အနှစ်ငါးဆယ်ကျော်ကပါ။ အဲဒီတုန်းက ကျွန်တော် ... ဆယ်တန်းကျောင်းသား၊ ဆယ်တန်းစာမေးပွဲ ဖြေအပြီး ...လကုန်ခါနီးမှာ ကျွန်တော့်တို့အတန်းက ပထဝီသင်တဲ့ ...ဆရာ ဦးမြင့်နိုင်ဟာ ကျောင်းသားတွေစုပြီး ကျိုက်ထီးရိုးစေတီ ... ဘုရားဖူးပို့ပေးခဲ့တယ်။ စာမေးပွဲဖြေအပြီး ဘာအလုပ် ...ကိုင်မှ မရှိတာမို့ ဆရာက စရိတ်ခံပြီး ခေါ်မယ်ဆိုတော့ ...ကျွန်တော်တို့ သူငယ်ချင်း ဆယ်ယောက်ဟာ ဆရာနဲ့အတူ ...လိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ဆရာက ပုတီးသမား၊ နှစ်တိုင်း နှစ်တိုင်း တစ်နှစ် ...တစ်ခါ ကျိုက်ထီးရိုးစေတီဆီကို သွားလေ့ရှိတယ်။ အဲဒီမှာ ...ပေါင်းအသင်းရှိတာမို့ တစ်ခါတလေ တစ်လလောက် နေ ...တတ်တယ်။ ဒီတစ်ခါတော့ သူတစ်ယောက်တည်း မသွားဘဲ ...ကျောင်းသားအုပ်စုကို ကုသိုလ်ဖြစ် ပို့ပေးခြင်းဖြစ်တယ်။ ...ကျွန်တော်တို့ကလည်း လူငယ်ဘာဝဆိုတော့ ခရီးသွားရမယ်၊ ...တောင်တက်ရမယ်ဆိုကတည်းက အတော့်ကို ပျော်နေကြ ...တာ။ ဆရာက ခရီးထွက်တော့မယ်ဆိုတော့ . . .

"ကျိုက်ထီးရိုးစေတီတော်ဟာ အလွန်တန်ခိုးကြီးတယ်၊ ...မှာ ပုတီးစိပ်ပြီး အဓိဋ္ဌာန်ရင် အဓိဋ္ဌာန်ပြည့်တယ်၊ ဒါပေမဲ့ ...ကြီးတယ်၊ အမှားမခံဘူး၊ တစ်ယောက်နဲ့တစ်ယောက် မစ ...နောက်ကြနဲ့၊ ဆဲဆိုတဲ့စကား၊ ကြမ်းတမ်းတဲ့စကား မပြော ... တောစောင့်နတ် တောင်စောင့်နတ်တွေ မကြိုက်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒါ မင်းတို့အားလုံး ဆင်ခြင်ရမယ်၊ မဆင်ခြင်ရင် ...တွေ့တတ်တယ်၊ အဲဒီလိုဖြစ်ရင် တာဝန်ခံပြီး ခေါ်သွား ...ဆရာအတွက် ကောင်းပါဦးမလား"

"မကောင်းပါဘူး ဆရာ"

"အေး. . . ဒီတော့ သွားလဲ ဆရာနဲ့အတူတူသွား၊ စား ...ဆရာနဲ့အတူတူစား၊ စကားများများမပြောနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာက မိန့်မှာတမ်းခြွေပြီးနောက် ကျွန်တော်တို့ ... ဘူတာကြီးဆီကို လိုင်းကားစီးပြီး လာခဲ့ပါတယ်။ ဘူတာ ...ရောက်တော့ ကျိုက်ထိုဘူတာအထိ လက်မှတ်ဖြတ်လိုက်ပါတယ်။ အဲဒီတုန်းက လက်မှတ်ကြိုဝယ်တာတို့ ဘာတို့ မရှိဘူး။ စီးခါနီးမှ ရထားလက်မှတ် ဝယ်ခဲ့ကြတယ်။ ဒါနဲ့ ကျွန်တော်တို့အုပ်စုဟာ ညရထားစီးပြီး သွားခဲ့ကြပါတယ်။ မိုးမလင်းမီ ကျိုက်ထိုဘူတာကို ရောက်ခဲ့တယ်။ ဘူတာကနေ ကင်ပွန်းစခန်းကို ခြေကျင်လျှောက်လာခဲ့တာ မိုးလည်းစင်စင်လင်းရော ကျွန်တော်တို့အုပ်စုလည်း ကင်ပွန်းစခန်းကိုရောက်ခဲ့တယ်။

အဲဒီတုန်းက ကင်ပွန်းစခန်းမှာ ဆိုင်တွေ များများစားစား မရှိသေးဘူး။ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာဝင်ပြီး မျက်နှာသစ်၊ သွားတိုက်ခဲ့ကြတယ်။ အဲဒီဆိုင်မှာပဲ လက်ဖက်ရည်နဲ့ ကောက်ညှင်းပေါင်း အဆာပြေစားခဲ့ကြတယ်။ အားလုံးစားသောက်ပြီးတော့ ဆရာက တောင်ဝှေးတစ်ယောက်တစ်ချောင်း ဝယ်ပေးတယ်။ ကျွန်တော်တို့က အားကောင်းမောင်းသန် အရွယ်မို့ တောင်ဝှေးကိုင်ရမှာ ရှက်စရာလို့ထင်ပြီး . . .

"ဆရာ ကျွန်တော်တို့အတွက် တောင်ဝှေးမလိုပါဘူး" လို့ ပြန်ပြောမိတယ်။ ဒီတော့ ဆရာက . . .

"မင်းတို့က တောင်ဝှေးကိုင်ရမှာ ရှက်လို့လား"

"ဖာုတ်ပါတယ်ဆရာ၊ တောင်ဝှေးကိုင်တယ်ဆိုတာ အဘိုးကြီး အဘွားကြီးမှ ကိုင်တာ"

"ဒီမှာတော့ တောင်တက်တဲ့လူတိုင်း ဦးထုပ်တစ်လုံးစီ တောင်ဝှေးတစ်ချောင်းစီ ပါရတယ်၊ ဒါမှ တောင်တက်တဲ့အခါမှာ မမောတာကွဲ့၊ မင်းတို့လဲ ဦးထုပ်တစ်လုံးစီ ယူကြဦး"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာက စရိတ်ငြိမ်းဝယ်ပေးတဲ့အတွက် ကျွန်တော်တို့လည်း မငြင်းသာဘဲ လက်ခံလိုက်ကြတယ်။ အားလုံးက တောင်ဝှေးကိုယ်စီ ဦးထုပ်ကိုယ်စီနဲ့ တောင်တက်ဖို့ အဆင်သင့်ဖြစ်နေခဲ့ကြတယ်။ ကျွန်တော်က ကင်ပွန်းစခန်းက လှမ်းကြည့်လိုက်တော့ မှိုင်းမှိုင်းညိုနေတဲ့ တောင်တန်းကြီးကို လှမ်းတွေ့လိုက်ရတယ်။ အပြာရောင် မိုးကောင်းကင်ကြီးရဲ့အောက်မှာ သစ်တောအုပ်တွေဟာ စိမ်းညိုနေတဲ့ သဘာဝအလှကို တွေ့လိုက်ရတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ပီတိတွေ ဖြစ်ပေါ်လာခဲ့တယ်။

"ဒီတောင်ကြီးပေါ်ကို ငါတက်ရပါတော့မယ်" ဆိုတဲ့ အတွေးနဲ့တင် တော်တော်ပျော်ခဲ့တယ်။ အဝတ်အစား ထည့်ထားတဲ့ လွယ်အိတ်ကို တစောင်းလွယ်လိုက်ပြီး သွက်လက်ဖျတ်လတ်တဲ့ ခြေလှမ်းနဲ့ ဒီခရီးကို စတင်ခဲ့ပါတယ်။ ခရီးစကတည်းက အတက်ခရီးမို့ သိပ်မကြာခင်မှာ မောပန်းလာကြပါတယ်။ လမ်းနဘေးမှာတော့ မောရင်ထိုင်ဖို့ ဝါးတန်းလျားလေးတွေရှိတယ်။ အဲဒီနံဘေးမှာ ရေအိုးစင်ရှိတယ်။ ရေအိုးစင်ရဲ့နံဘေးမှာတော့ အလှူခံခွက်ကလေးတွေကို ဝါးလုံးတိုင်ပေါ်မှာ ဝါးဖြာပြီး တင်ထားကြတယ်။ နားတဲ့လူတွေက လမ်းခင်းဖို့ အလှူခံထားတဲ့ ခွက်ထဲကို ပိုက်ဆံငါးမူးစေ့၊ မတ်စေ့၊





www.burmeseclassic.com

www.burmeseclassic.com

ဆယ်ပြားစေ့တွေထည့်ပြီး လှူကြတယ်။ အဲဒီတုန်းက လူတွေဟာ အတော်သစ္စာရှိကြတယ်။ အလှူခံခွက်ထဲက ပိုက်ဆံတွေကို ဘယ်သူမှ မယူကြဘူး။

ဒီလိုနဲ့ တက်သွားလိုက်တာ ရေမြောင်ကြီးကို ရောက်သွားခဲ့တယ်။ အဲဒီမှာ တစ်ထောက်နားပြီး ထမင်းစားကြတယ်။ တချို့ကလည်း အဲဒီမှာ ရေချိုးခဲ့ကြတယ်။ အဲဒီကနေ ဆက်တက်ရင်း ခင်မောင်ညိုက . . .

"ဒီတောကြီးက တော်တော်နက်တာပဲ၊ အဲဒီအထဲမှာ အကောင်ရှုပ်တွေလဲ ရှိမှာပဲနော်"

သူက ကျွန်တော့်ကို လှမ်းပြောလိုက်တယ်။ ကျွန်တော်ကလည်း . . .

"အေးကွာ၊ ဒီလောက်တောနက်တာ အကောင်ရှုပ်ရှိရင်လဲ အကြီးကြီးနေမှာ" လို့ ပြောလိုက်မိတယ်။ အဲဒီလိုပြောပြီး မကြာမီမှာ . . .

"ဟုန်း"

ဆိုတဲ့အသံနဲ့အတူ စပါးကြီးမြွေကြီးတစ်ကောင် သစ်ကိုင်းကျိုးနဲ့အတူ လမ်းပေါ်ကို ပြုတ်ကျလာတယ်။ မြွေကြီးက နည်းတဲ့မြွေကြီး မဟုတ်ဘူး။ ကျွန်တော့်ရဲ့ခေါင်းပေါ်က သီသီလေး ပြုတ်ကျလာတာဖြစ်လို့ လန့်သွားပြီး . . .

"အောင်မယ်လေး. . . မြွေကြီးဗျ၊ လုပ်ကြပါဦး" လို့ ဆူညံစွာ အော်လိုက်မိတယ်။ အဲဒီတော့ သူငယ်ချင်းတွေက အားလုံးပြေးလာပြီး လက်ထဲမှာ အဆင်သင့်ရှိတဲ့ တုတ်နဲ့ ဝိုင်းရိုက်မယ်အလုပ်မှာ ဆရာက . . .

"ဟေ့ကောင်တွေ မရိုက်နဲ့ မရိုက်နဲ့"

အော်ပြောပြီး အဲဒီနားကို ပြေးလာတယ်။ ကျွန်တော်တို့လည်း ဆရာလာတော့ အနောက်ကို ရှဲသွားခဲ့တယ်။

"မြွေကြီးရယ်၊ မင်းကို ငါတို့ မေတ္တာပို့ပါတယ်၊ ကျန်းမာပါစေ၊ ကဲ ကဲ မင်းလမ်း မင်းသွားပါ၊ ငါတို့ မင်းကို အနှောင့်အယှက် မလုပ်ပါဘူး"

ဆရာက အဲဒီလို ပြောလိုက်တဲ့အခါမှာ စောစောက သစ်ပင်ပေါ်က ပြုတ်ကျပြီး နာလို့လားမသိ လူသွားလမ်းမှာ စန့်စန့်ကြီး မလှုပ်မယှက် နေရာကနေ တဖြည်းဖြည်း ခေါင်းထောင်လာပြီး တရွေ့ရွေ့သွားပါတော့တယ်။ မကြာမီမှာ ဘေးက သစ်ပင်အုပ်တွေထဲ တိုးဝင်သွားခဲ့တယ်။ အဲဒီအခါမှာ ဆရာက ကျွန်တော့်ကို ဆူပါတော့တယ်။

"မင်းတို့ကို စကားမပြောနဲ့လို့ မှာထားတာ မေ့သွားပြီလား၊ တောထဲပဲ အကောင်ရှုပ်ရှိလား၊ အကြီးကြီးလား ဆိုပြီး လျှောက်ပြောတော့ မင်းတို့ကို အကောင်ရှုပ်ကြီးကြီး ရှိကြောင်း ပြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"မနေ့က နဂါးပတ်တောင်မှာ ကလေးတစ်ယောက် တောင်အောက်ကို ပြုတ်ကျသွားတယ်လို့ ကြားတယ်၊ အဲဒီကလေးက ဘုရားဆီလာရတာ ပင်ပန်းလွန်းလို့ ဘုရားမ
တော့ဘူးလို့ ပြောတာတဲ့၊ အဲဒါ ဘုရားရောက်ခါနီး နဂါး
တောင် လမ်းကျဉ်းကလေးလဲ ရောက်ရော ခြေချော်
တောင်အောက်ကို လိမ့်ကျသွားတာ ခြေကျိုးသွားလို့
ခြေကို ပြန်ထမ်းခေါ်လာရတယ်တဲ့"

"ဟုတ်ပါတယ် ဆရာ၊ တောင်ပေါ်က ဆင်းလာ
တွေပြောလို့ ကျွန်တော်တို့လဲ သိပါတယ်ဆရာ"

ကျွန်တော်တို့အုပ်စုမှာ စကားမှားမှာစိုးလို့ ဘာစ
မပြောဘဲ ဆက်လက်တောင်တက်ခဲ့ကြပါတယ်။ ည
နာရီခန့်မှာ ကျိုက်ထီးရိုးရင်ပြင်ကို ရောက်ခဲ့ပါတယ်။
ဖူးတွေ့ရပါပြီ။ ကျိုက်ထီးရိုး ဆံတော်ရှင်မြတ် စေတီတော်

တစ်ခါမှ မရောက်ဖူး မတွေ့ဖူး၍ စေတီတော်
တည်နေပုံကိုကြည့်ပြီး အံ့သြဘနန်း ဖြစ်ရပါတယ်။ ဘု
ကို ရောက်တဲ့အခါမှာ မိုးသားတွေအုံ့ပြီး မှောင်မည်း
တယ်။ အထူးသဖြင့် ဘုရားကြီးရဲ့ အပေါ်မှာ . . .

"ဆရာ၊ ဘုရားကြီးရဲ့အပေါ်နဲ့ အနီးတစ်ဝိုက်မှာ
ဖြစ်လို့ မိုးအုံ့နေတာလဲ"

"အေး . . . ငါလဲမသိဘူး၊ ဟိုနားမှာ လူစုပြီး
ပြောနေကြတယ်၊ သွားမေးကြည့်မှပဲ"

အဲဒီလိုပြောပြီး ဆရာထွက်သွားခဲ့တယ်။ မကြာ
ဆရာပြန်ရောက်လာပြီးတော့ . . .

"နေ့လယ်က မယ်သီလရှင်တစ်ပါးက တံတား
ကျော်ဖို့လုပ်လို့ ချက်ချင်းမိုးတွေမှောင်မည်းလာတယ်၊ ဘု
စောင့် ဝန်ထမ်းတွေက မနည်းဆွဲလိုက်ရတယ်တဲ့"

"ဘုရားဆီကို ကူးတဲ့လှေကားမှာ မိန်းမ မတက်
ရေးထားတာပဲ၊ အဲဒီသီလရှင်က စာမဖတ်တတ်ဘူးလား
ဘူး ဆရာ"

"အေး. . . အစောင့်ဝန်ထမ်းတွေကလဲ မင်းမေး
မေးတယ်၊ သီလရှင်က သူစာဖတ်တတ်ပါတယ်တဲ့၊
သီလရှိလို့ ဒီတံတားကို ကူးကြည့်ရင် ဘယ်လိုနေမ
သိချင်လို့တဲ့၊ လှေကားပေါ်ရောက်တာနဲ့ မိုးတွေချက်ချ
အုံ့လာလို့ သူလဲကြောက်သွားတယ်လို့ ပြောတယ်"

"ဘုရားလာဖူးတာပဲ၊ ရိုးရိုးဖူးပေါ့၊ ဒီကလဲ လှမ်း
တာပဲဟာ"

ကျွန်တော်တို့လည်း တစ်ယောက်တစ်မျိုးပြော
ဘုရားကြီးရဲ့ တန်ခိုးကြီးပုံကို လက်တွေ့ တွေ့ခဲ့ရပါတ
ဒီနောက် ဘုရားရှေ့မှာထိုင်ပြီး ရှိခိုးကန်တော့ခဲ့ကြပါတ
အဲဒီအချိန်မှာ ဓာတ်ပုံဆရာတစ်ယောက်က . . .

"အမှတ်တရဓာတ်ပုံ ရိုက်ဦးမလား" လို့ လှမ်းမေး
ကျွန်တော်တို့အုပ်စုက . . .

"ရိုက်မယ် ရိုက်မယ်" လို့ပြောပြီး ဦးခေါင်းပုံ
တုံးကြီးရှေ့မှာ ဓာတ်ပုံရိုက်ခဲ့ကြပါတယ်။ အဲဒီဓာတ်ပုံဆ



www.burmeseclassic.com

ရှားမှာ ခာတ်ပုံကန်ထရိုက် ဆွဲထားသူပါ။ နောက်တစ်နေ့ ဓာတ်ပုံရမယ်လို့ ပြောပါတယ်။ နောက်တစ်နေ့ ဓာတ်ပုံ သွားယူတော့ ဦးခေါင်းပုံကျောက်တုံးကြီးမှာ ဒေါက်ချာဆောင်း ထားတဲ့ ရသေ့ကြီးပုံသဏ္ဍာန် ပေါ်နေတာ တွေ့ရပါတယ်။ ဆန်းလွန်းလို့ ဆရာတောင် အတော်အံ့ဩသွားခဲ့တယ်။ တုန်းက ဘုရားဖူးတဲ့လူတွေက အခုဘုရားဖူး၊ အခုပြန် ဘာ မဟုတ်ဘူး။ အနည်းဆုံး ငါးရက် တစ်ပတ်လောက် ကြတာ။

ကျွန်တော်တို့ အုပ်စုလည်း နောက်တစ်နေ့ကစပြီး တောင်ဘုရား၊ ကျိုးကန်းပါးစပ်၊ နတ်ရေကန်၊ ကျောက် ကျောက်ထပ်ကြီး၊ နဂါးဘုရား၊ ဖားဘုရား စတဲ့ဘုရား တွေကို လှည့်ပြီး ဖူးမြော်ခဲ့ပါတယ်။ အဲဒီမှာတော့ ထူးခြားဖြစ် ဘာမှမတွေ့ရပါဘူး။ နောက်နေ့မှာ ဆရာက . . .

"ငါတို့ ရသေ့တောင်ဘက်က ဘုရားတွေ သွားဖူးကြ မယ်" လို့ ပြောတယ်။

ရသေ့တောင်ဆိုတော့ တောင်အောက်ကို တစ်မိုင် လောက် ပြန်ဆင်းရမှာဖြစ်ပါတယ်။ အဆင်းဆိုတော့ ပါတယ်။ ကျွန်တော်တို့အုပ်စုဟာ နံနက် ၈ နာရီလောက် ဆင်းလာခဲ့တာ နံနက် ၉ နာရီလောက်မှာ ရသေ့တောင် ရောက်ခဲ့ပါတယ်။ ရသေ့တောင်ခြေသို့အရောက်တွင် ဆရာ ဦးမြတ်နိုင်က . . .

"ရသေ့တောင်ရဲ့ ပတ်ဝန်းကျင်မှာ ရှမ်းအိတ်တောင်၊ မြစိမ်းတောင်၊ ဝိဇ္ဇာတောင်တို့ ရှိကြတယ်၊ မြစိမ်းတောင်မှာ တော့ အပြင်မြစိမ်းတောင်နဲ့ အတွင်းမြစိမ်းတောင်ဆိုပြီး တောင်နှစ်တောင်ရှိတယ်၊ အဲဒီမှာ အပြင်မြစိမ်းဘုရားနဲ့ အတွင်းမြစိမ်းဘုရားဆိုပြီး ဘုရားနှစ်ဆူရှိတယ်၊ ရသေ့တောင် ကနေ သွားရင် အပြင်မြစိမ်းတောင်ကို အရင်ရောက်တယ်။ အဲဒီကမှ အတွင်းမြစိမ်းတောင်ကို ဆက်သွားရတယ်၊ အဲဒါက အပြင် လမ်းလို့ ခေါ်တယ်၊ လမ်းကောင်း တယ်၊ အခု ဆရာတို့ သွားမှာက အတွင်းလမ်းလို့ခေါ်တယ်၊ ရသေ့ တောင်ကနေ ဗုဒ္ဓေါဂူကိုသွားရမယ်၊



အဲဒီက ဆက်သွားရင် အတွင်းမြစိမ်း တောင်ကို ရောက်မယ်၊ ဒါပေမဲ့ ဆရာတို့ အခုသွားမှာက ဗုဒ္ဓေါဂူကို အရင်သွားမယ်"

"ဗုဒ္ဓေါဂူကို ဘာကြောင့်သွားမှာလဲ ဆရာ"

"အဲဒီမှာ ဟိုတစ်ခေါက် ကျိုက်ထီးရိုးဘုရားကို လာ တုန်းက ဘုရားမှာခင်မင်ခဲ့တဲ့ ရသေ့ကြီးတစ်ပါးရှိတယ်၊ သူက ဗုဒ္ဓေါဂူမှာ သီတင်းသုံးတယ်လို့ပြောတယ်၊ အဲဒါ နောက်တစ်ခါ ဝင်လာရင် ဗုဒ္ဓေါဂူကို ရောက်အောင်လာပါဆိုလို့ သွားမှာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ ရသေ့တောင်ကစပြီး တက်ကြစို့"

မတ်စောက်သော ရသေ့တောင်ကို တစ်ထစ်ပြီး တစ်ထစ် တက်ခဲ့ကြသည်။ လမ်းခုလတ်မှာ မောရှိ နားတဲ့သူ ကနား၊ ရေသောက်သူသောက်နှင့် ကြိုးစားပမ်းစား တက်ခဲ့ရာ မှားမကြာမီ ရသေ့တောင်ပေါ် သို့ ရောက်သွားခဲ့တယ်။ ရသေ့ တောင်ပေါ်ရှိ ဘုရားအား ရှိခိုးကန်တော့ပြီး ခေတ္တနားခဲ့ကြ တယ်။ ထို့မှ ကစ္ဆာသယရသေ့ကြီး ရုပ်တုကို ဖူးမြော်ပြီး အတွင်းလမ်းမှ ဗုဒ္ဓေါဂူရှိရာသို့ ခရီးဆက်ခဲ့တယ်။ တောင်တက် လမ်းမှာ တဖြည်းဖြည်း မတ်စောက်လာတဲ့အတွက် လမ်းတစ် ဖက်တစ်ချက်ရှိ နွယ်ပင်များကို ဆွဲခိုကာ သွားခဲ့ရတယ်။ အချို့ နေရာမှာ နွယ်ကြိုးမရှိတဲ့အတွက် အနီးရှိ ချုံပုတ်ပင်မှ အကိုင်း များကိုဆွဲကာ တက်ခဲ့ကြတယ်။ တစ်နေရာအရောက်တွင် ချောက်များရှိပြီး လူသွားလမ်းမှာ ကျဉ်းလွန်းတဲ့အတွက် မနည်း အားတင်းကာ တက်ခဲ့ကြတယ်။ အသွားမတော်ပါက ခြေချော်ပြီး ချောက်ထဲကို ကျသွားနိုင်တဲ့ အန္တရာယ်ရှိတာ ကြောင့် ဆရာက . . .

"လောမကြီးနဲ့ ဖြည်းဖြည်းတက်၊ နွယ်ပင်တွေကို ဆွဲ တက်၊ သတိကြီးကြီးထား"

အဲဒီလို ဂရုတစိုက်နဲ့ တက်သွားလိုက်တာ နောက်ဆုံး တော့ ဗုဒ္ဓေါဂူကို ရောက်သွားခဲ့တယ်။ ဗုဒ္ဓေါဂူရဲ့ ရှေ့မှာတော့ ကွပ်ပျစ်ပေါ်မှာ ထိုင်နေတဲ့ ရသေ့ကြီးတစ်ပါးကို တွေ့လိုက် ရပါတယ်။ ရသေ့ကြီးကို တွေ့တယ်ဆိုရင်ပဲ ဆရာက လက် အုပ်ချီပြီး . . .

"အရှင်ဘုရား၊ တပည့်တော်ကို မှတ်မိသေးလားဘုရား" လို့ လျှောက်ထားလိုက်တယ်။ အဲဒီအခါမှာ ရသေ့ကြီးက. .

"ရန်ကုန်က ကျောင်းဆရာ ဦးမြတ်နိုင်မဟုတ်လား၊ အာရုံထဲမှာ ပေါ်လာလို့ တမင်စောင့်နေတာ"

"အရှင်ဘုရား အခုလို မှတ်မိတာ ဝမ်းသာပါတယ် ဘုရား" လို့ပြောပြီး ကျွန်တော်တို့ ယူဆောင်လာတဲ့ ကိတ်မုန့်၊ ပေါင်မုန့်တွေ၊ နို့ဆီ၊ သကြားတွေကို ရသေ့ကြီးထံမှာ လှူဒါန်း လိုက်ပါတယ်။ ရသေ့ကြီးက . . .

"သာဓု သာဓု သာဓု"

သာဓုခေါ်ပြီး ကျွန်တော်တို့အုပ်စုကို ငှက်ပျောသီးနဲ့ ထန်းလျက်ခဲတွေ ကျွေးခဲ့တယ်။ ကျွန်တော်တို့ အုပ်စုကလည်း



www.burmeseclassic.com

www.burmeseclassic.com

ဆားဆားနဲ့ ရသေ့ကြီး ကျွေးတာတွေစားပြီး ရေအဝသောက်ခဲ့တယ်။

ရသေ့ကြီးနဲ့ ဆရာကတော့ ဂန္ဓာရီဝိဇ္ဇာတွေအကြောင်း ပြောနေကြတယ်။ အချိန်ကြာလာတာနဲ့အမျှ ကျွန်တော်တို့လည်း ထမင်းဆာလာကြတယ်။ အဲဒီအချိန်မှာ ရသေ့ကြီးက တောလမ်းကလေးအတိုင်း ကျွန်တော်တို့ကို ခေါ်ဆောင်သွားလို့ ဆရာအပါအဝင် ကျွန်တော်တို့အားလုံး တောထဲကို လိုက်သွားခဲ့တယ်။

တစ်နာရီကျော်ကျော်ခန့် သွားတော့ ဘုရားပျက်ကုန်းကြီးကို ရောက်သွားတယ်။

"ဒါဟာ ရှေးဟောင်းဘုရားပျက်ကုန်းကြီးပဲ၊ ဟောဟိုမှာ ဇရပ်ကြီး၊ အဲဒီရှေးဟောင်းဇရပ်ကြီးကိုတော့ ရသေ့ကြီးပဲ ပြန်ပြုပြင်ထားတာ"

အဲဒီလိုပြောပြီး ဇရပ်ကြီးပေါ်ကို တက်လိုက်တယ်ဆိုရင်ပဲ . . .

"ဟာ ထမင်းတွေပါလား"

စိုးအောင်က အဲဒီလိုအော်ပြောလိုက်လို့ ကြည့်လိုက်တော့ ငှက်ပျောဖက်နဲ့ ထည့်ထားတဲ့ ထမင်းတွေဟာ အငွေ့တထောင်းထောင်းနဲ့။ အဲဒီထမင်းကို သစ်သီးမျိုးစုံနဲ့ ချက်ထားတဲ့ ပဲဟင်းဆမ်းထားတာ တွေ့လိုက်ရတယ်။ ပဲဟင်းအနံ့ကလေးကလည်း မွှေးနေတာပဲ။

"ကဲ ကဲ ဆရာနဲ့ ကလေးတွေ ထမင်းစားကြပါ" လို့ ရသေ့ကြီးကပြောလိုက်တော့ ဆရာဦးမြတ်နိုင်က . . .

"အရှင်ဘုရား၊ ဒီထမင်းဟင်းတွေ ဘယ်သူ့ကို ချက်ခိုင်းလိုက်တာလဲ ဘုရား"

"ကျုပ်မှာက ဘာကျောင်းသားမှမရှိတော့ ဘယ်သူ့ကိုမှ ချက်ခိုင်းလို့မရပါဘူး၊ ဆရာတို့ဟာ ပါရမီရှင်တွေမို့ ဒီဘုရားမှာ စောင့်တဲ့ သိုက်နန်းရှင်က ကျွေးမွေးဧည့်ခံတာပါ"

"ဒါဆို ဥစ္စာစောင့်က ကျွေးတဲ့ထမင်းပေါ့၊ ဟုတ်လား အရှင်ဘုရား"

"ဟုတ်ပါတယ်၊ စားရခဲပါတယ်၊ အလွန်ကြုံကြိုက်လို့ စားရတာပါ"

ရသေ့ကြီးနဲ့ ဆရာတို့ အပြန်အလှန်ပြောတဲ့စကားကြောင့် ကျွန်တော်တို့အုပ်စုမှာ အလွန်အံ့သြရပါတယ်။ ဆရာက စကားများတာ မကြိုက်လို့ ကျွန်တော်တို့လည်း ဘာစကားမှမပြောဘဲ ထမင်းစားခဲ့ကြတယ်။ ထမင်းရနံ့၊ ဟင်းရနံ့ သင်းသင်းကလေးနဲ့ စားရတဲ့ထမင်းဟာ ကောင်းလွန်းလို့ ကျွန်တော်တို့တစ်သက် မမေ့နိုင်ပါဘူး။

ထမင်းစားပြီးတော့ ကျွန်တော်တို့အုပ်စုကို လှိုဏ်ကြီးတစ်ခုဆီကို ခေါ်ဆောင်သွားခဲ့တယ်။ အကွေ့အကောက် အတက်အဆင်းတွေကို ကျော်ဖြတ်ရင်း လှိုဏ်ကြီးထဲရောက်သွားခဲ့တယ်။ လှိုဏ်ကြီးရဲ့အဆုံးမှာ ဂူကြီးတစ်ဂူကို တွေ့လိုက်ရတယ်။ အဲဒီဂူကြီးရဲ့ အပေါက်ဝမှာ ကျောက်တုံးကြီးတစ်တုံးနဲ့ ပိတ်ထားတယ်။

အဲဒါကို ကျွန်တော်တို့ လူအင်အားနဲ့တွန်းပြီး ဖွင့်လိုက်တယ်။ ဂူကြီး ပွင့်သွားပါပြီ။ ဂူဝမှာလင်းပေမယ့် အတွင်းမှာ မှောင်နေတာမို့ ဂူကြီးအတွင်းမှာထားတဲ့ မီးတုတ်ကိုယူပြီး မီးညှိလိုက်တယ်။ ရသေ့ကြီးက မီးတုတ်ကြီးကိုကိုင်ပြီး ရှေ့ကသွားတယ်။ ဆရာက ရသေ့ကြီးရဲ့နောက်က၊ ဆရာ့ရဲ့နောက်က ကျွန်တော်တို့ အုပ်စု။

ဆက်သွားရင်းနဲ့ ဂူကြီးရဲ့အလယ်လောက်ရောက်တော့ ကျောက်ခုတင်ကြီးတစ်ခုမှာ လူတစ်ယောက် လဲလျောင်းနေတယ်။ လူတစ်ယောက်ဆိုပေမယ့် အဲဒီလူဝတ်ထားတာက ဇာတ်ထဲက ဇော်ဂျီတစ်ယောက်ရဲ့ ပုံသဏ္ဍာန်၊ အဲဒီအချိန်မှာ ရသေ့ကြီးက . . .

"ဆရာ၊ အဲဒီဇော်ဂျီဖိုဝင်သားကို သေသေချာချာကြည့်ပါ၊ ဘယ်သူနဲ့တူသလဲလို့"

ဆရာရော ကျွန်တော်တို့အားလုံးပါ အဲဒီဇော်ဂျီဖိုဝင်သားကို စူးစိုက်ကြည့်လိုက်တော့ . . .

"ဟာ . . . ဆရာဦးမြတ်နိုင်နဲ့ ချွတ်စွပ်ပါလား" လို့ တပည့်အုပ်စုက တစ်ပြိုင်နက် အော်ပြောမိခဲ့တယ်။ ဟုတ်တယ်။ အဲဒီလူနဲ့ ဆရာနဲ့ဟာ တကယ့်ကို ရုပ်ချင်းအတူတူပဲ။ ဆရာက မျက်မှန်တပ်ထားတယ်။ အဲဒီလူက မျက်မှန်မတပ်ထားတာဘဲ ကွာတယ်။ ဆရာဦးမြတ်နိုင်က ထိတ်ထိတ်လန့်လန့်နဲ့ ရသေ့ကြီးကို "အရှင်ဘုရား၊ အဲဒါ ဘယ်လိုဖြစ်တာလဲ ဘုရား" လို့ မေးလိုက်တော့ . . .

"ကျုပ် အစအဆုံး ရှင်းပြပါ့မယ်၊ ဒါပေမဲ့ ဂူအပြင်ကို ထွက်ကြမယ်" လို့ပြောပြီး အားလုံး ဂူအပြင်ကို ထွက်လာကြတယ်။ ဂူပေါက်ကိုလည်း ကျောက်တုံးနဲ့ ပြန်ပိတ်ထားတယ်။ လှိုဏ်ကြီးအတွင်းက တစ်နေရာမှာ ထိုင်လိုက်ကြတယ်။

"ဆရာ၊ အဲဒီဇော်ဂျီဖိုဝင်သားကိုမြင်တော့ ဘယ်လို ခံစားရပါသလဲ"

"တစ်မျိုးကြီးပဲ၊ အထူးသဖြင့် ဝမ်းနည်းသလိုလို ခံစားရတယ်"

"ခံစားရမှာပေါ့၊ အဲဒီဇော်ဂျီဖိုဝင်သားဟာ ဆရာကိုယ်တိုင်ပါပဲ"

"အရှင်ဘုရား၊ ဘယ်လိုမိန့်လိုက်တာလဲ ဘုရား၊ တပည့်တော် နားမရှင်းဘူး ဘုရား"

"အိမ်း. . . ရှင်းအောင်ပြောရတာပေါ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ့်ငါးနှစ်က ကျုပ်အသက် နှစ်ဆယ်အရွယ်လောက်မှာ ဒီတောကြီးထဲမှာ ဆေးပင်တွေခူးပြီးဆေးဖော်တဲ့ အလုပ်ကို လုပ်ခဲ့တယ်၊ တစ်နေ့မှာတော့ အဲဒီဇော်ဂျီနဲ့တွေ့ခဲ့တယ်၊ ဇော်ဂျီက ဖိုဝင်ခါနီးအချိန်ဖြစ်လို့ အကူအညီပေးမယ့်လူကို ရှာရင်း ကျုပ်နဲ့တွေ့တာပဲ"

www.burmeseclassic.com

"လူလေး၊ ကျုပ်ဖိုဝင်ဖို့ အချိန်ကျနေပြီဖြစ်လို့ လူလေး ကျုပ်ကို ကူညီပါ" လို့ ပြောတယ်။ ကျုပ်က နားမလည်လို့ ကြောင်အအလုပ်နေတော့ ဇော်ဂျီက . . .

"ကျုပ်ကို ကူညီရင် လူလေး အကျိုးမယုတ်စေရပါဘူး၊ ဒီရွှေတုံးသုံးတုံးကို ပေးမယ်" လို့ပြောပြီး ရွှေတုံးသုံးတုံးကို ပြလိုက်တော့ ကျုပ်လည်း ရွှေတုံးကို လိုချင်တာနဲ့ . . .

"ကျွန်တော် ကူညီပါ့မယ်" လို့ ပြောလိုက်တယ်။

ဒီတော့ ဆေးသုံးလုံးပေးပြီး. . .

"ကျုပ် မီးဖိုကြီးထဲ ဝင်သွားတဲ့အချိန်မှာ တစ်နာရီခြား တစ်ခါ ဒီဆေးလုံးကို မီးပုံကြီးထဲ ပစ်ထည့်ပေးပါ။ အဲဒီအချိန်မှာ ကြောက်စရာကောင်းတဲ့ ကျားတို့၊ ဘီလူးတို့ ရောက်လာရင်လဲ မကြောက်နဲ့၊ လူလေးကို ကြောက်လန့်အောင်သာ ခြောက်ခိုင်းတာ၊ ဘာမှ မလုပ်နိုင်ဘူး၊ လူလေးထွက်ပြေးသွားရင် ကျုပ် ဖိုဝင်တာ မအောင်ဘဲ ပျက်သွားမယ်၊ နောက် လေးဆယ့်ငါးနှစ်ကြာမှ မင်းနဲ့ ပြန်တွေ့လိမ့်မယ်"

"ကောင်းပါပြီ၊ စိတ်ချပါ။ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

အဲဒီအခါမှာ ဇော်ဂျီဟာ မီးပုံကြီး အတော်ကြီးကြီး တစ်ခုဖြစ်အောင် မီးဖိုလိုက်တယ်။

"ကဲ ကျုပ် မီးပုံထဲ ခုန်ဆင်းတော့မယ်၊ ကျုပ်ဆင်းတာနဲ့ ဆေးလုံးနဲ့ပစ်ပေတော့" လို့ မှာခဲ့တယ်။ ကျုပ်လည်း ဇော်ဂျီ မီးပုံကြီးထဲ ခုန်ဝင်လိုက်ရော ဆေးလုံးတစ်လုံးနဲ့ ပစ်လိုက်တာ "ဝုန်း" ဆိုတဲ့ အသံကြီးနဲ့အတူ တောထဲက ဘီလူးတွေထွက်လာလိုက်တာ သူတို့လက်ထဲမှာလည်း ဆူးတွေစိုက်ထားတဲ့ တုတ်တံရှည်ကြီးတွေကို ကိုင်ထားတယ်။ ကျုပ်လည်း ဘာပြောကောင်းမလဲ ကြောက်ဒူးတွေတုန်ပြီး ပြေးမိပြေးရာ ပြေးလိုက်တာ အိမ်ကိုပြန်ရောက်လာတယ်။ တစ်ညလုံးလည်း ကြောက်လွန်းလို့ အိပ်လို့မရတော့ဘူး။ မနက်ရောက်တော့ ကြောက်ကြောက်နဲ့ ဇော်ဂျီရဲ့အခြေအနေကို သွားကြည့်လိုက်တော့ ပြာပုံပေါ်မှာ အခုမြင်ရတဲ့အတိုင်း သေနေတာ တွေ့ရတယ်။ ကျုပ်လည်း. . .

"ဇော်ဂျီဖိုဝင်တာ မအောင်မြင်ဘဲ သေရတာ ငါ့ကြောင့်" ဆိုပြီး အတော်စိတ်မကောင်း ဖြစ်သွားခဲ့တယ်။ အဲဒီအချိန်မှာ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ရောက်လာပြီး . . .

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒီဇော်ဂျီဖိုဝင်သားဟာ အလွန်သိဒ္ဓိရှိပါတယ်၊ လူတွေ တွေ့သွားရင် ဒီဖိုဝင်သားကို မီးဖုတ်ပြီး စားလိမ့်မယ်၊ စားတဲ့လူဟာ ဓား လှံလက်နက်နဲ့ ထိုးရင်တောင် မသေဘူး၊ ကာယသိဒ္ဓိပြီးတယ်၊ ဒါကြောင့် ဒီအလောင်းကို ဟောဟိုက ကျောက်တုံးကြီးထဲမှာ သေသေချာချာ ဝှက်ထားပါ၊ နောက် လေးဆယ့်ငါးနှစ်အကြာမှာ သူ ပြန်လာလိမ့်မယ်၊ သူ့ရဲ့ကျင့်စဉ်တွေကို ပြန်ကျင့်ရင် အောင်မြင်ပါလိမ့်မယ်" လို့ ပြောတယ်။

"အဲဒီကတည်းက ရသေ့ဝတ်ပြီး ဇော်ဂျီဖိုဝင်သားထားတဲ့ ကျောက်ဂူကို စောင့်ရှောက်လာလိုက်တာ မနှစ်က လေးဆယ့်လေးနှစ် ပြည့်တယ်၊ အဲဒီမှာ ဆရာနဲ့ တွေ့ကတည်းက ရုပ်ချင်းတူလွန်းလို့ ဆရာ့ရဲ့အတိတ်ဘဝကို သိလိုက်တယ်၊ ဒါကြောင့် နောက်နှစ်မှာ ကျုပ်ဆီကို ရောက်အောင်လာပါ လို့ ပြောခဲ့တာပဲ၊ ယုံတာ မယုံတာကတော့ ဆရာ့အပိုင်းပါ။ ဆရာ ရောက်လာရင်တော့ ကျုပ် ဒီဂူကနေ ထွက်သွားတော့မယ်၊ ကျုပ်တာဝန် ကျေပြီလို့ မှတ်လိုက်မယ်"

"အရှင်ဘုရား ပြောတာရော ပြတာရော အထူးအဆန်းတွေချည်းပါပဲ၊ ချက်ချင်းတော့ လာလို့ မရသေးဘူး၊ ကျွန်တော်ဟာ အစိုးရဝန်ထမ်း ဖြစ်နေလို့ပါပဲ၊ ဒါပေမဲ့ အဓိဋ္ဌာန်တစ်ခု လုပ်ကြည့်ပါ့မယ်၊ အဓိဋ္ဌာန်အတိုင်း ဖြစ်ခဲ့ရင်တော့ ဒီဂူကို ထပ်လာခဲ့ပါ့မယ်"

"ကောင်းပါပြီ၊ မောင်ကျောင်းသားတို့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့၊ အထူးသဖြင့် မင်းတို့ဆရာ ဒီကိုမလာခင်အထိ မပြောပါနဲ့"

"ကောင်းပါပြီ အရှင်ဘုရား"

ထိုသို့ပြောပြီး ကျွန်တော်တို့အုပ်စု ပြန်လာခဲ့ကြတယ်။ ကျွန်တော်လည်း ထူးဆန်းစွာ တွေ့ခဲ့ရတဲ့ ဇော်ဂျီဖိုဝင်သားကို မမေ့နိုင်အောင် သတိရနေမိတယ်။ နောက် တစ်နှစ်မှာတော့ ဆရာဟာ ဆေးပင်စင်ယူပြီး အလုပ်က ထွက်သွားခဲ့တယ်။ ကျွန်တော့်အထင်တော့ အဲဒီဇော်ဂျီဖိုဝင်သား ထားတဲ့ဂူကြီးဆီကို သွားတာပဲဖြစ်မယ်။ ဆရာ့ကို ရသေ့ဝတ်နဲ့ ကျိုက်ထီးရိုးမှာ တွေ့တယ်လို့ ပြောတဲ့လူကလည်း ပြောတယ်။

ဒါနဲ့ ကျွန်တော်တို့လည်း ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်တော့ အရပ်တကာ နယ်တကာကို အစိုးရဝန်ထမ်းအဖြစ်နဲ့ ရောက်သွားလို့ ကျိုက်ထီးရိုးဘုရားဆီ မရောက်ဖြစ်ခဲ့ဘူး။ ဒါပေမယ့် အခုအခါမှာ အသက်ခြောက်ဆယ်ပြည့်လို့ ပင်စင်ယူခဲ့ပါပြီ။ ဆရာ့ကို သတိရလို့ ကျိုက်ထီးရိုးဘုရားကို တစ်ခေါက်ထပ်သွားခဲ့တယ်။ ဆရာနဲ့အတူသွားခဲ့တဲ့ လျှိုမြောင်ကြီးနဲ့ ဂူကြီးရှိတဲ့နေရာကို လိုက်ရှာခဲ့တယ်။

ထူးဆန်းတာက အဲဒီ လျှိုမြောင်ကြီးရော ဂူကြီးပါ မတွေ့ရတော့ဘူး။ ဘယ်လိုဖြစ်တာပါလိမ့်။ ကျွန်တော် မရောက်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်အတွင်းမှာ ဆရာဟာ ဂန္ဓာရီပညာရပ်တွေကို လေ့ကျင့်ပြီး ပေါက်မြောက်သွားပြီလားဆိုတာ မပြောတတ်ပါဘူး။ ဒါပေမယ့် ကျောက်ဂူကြီးထဲက ဇော်ဂျီဖိုဝင်သားကို တွေ့ခဲ့ရတာကတော့ အမှန်တရားပါပဲ။ ဆရာနဲ့ ဘဝဆက်ဖြစ်ခဲ့တဲ့ ဇော်ဂျီဖိုဝင်သားကိုတော့ ဆရာ့ကို သတိရတိုင်း ရင်ထဲမှာ စွဲစွဲလမ်းလမ်းနဲ့ အမှတ်တရ ဖြစ်နေဆဲပါ။

□ နီနီထွေး



www.burmeseclassic.com

www.burmeseclassic.com



# ငွေနှင်းဝေစို လပြာသို

## အောင်မိုးဝင်း (ဟံသာဝတီ)

*သာစွလေ၊ ရွက်ဝေမြညို၊*
*ခါကိုကြိုလင့်၊ ပင်တိုင်းတင့်၍၊*
*နှင်းနှင့်မြူငွေ့၊ ပြိုင်××××*
*မကာရဟု၊ ဆောင်းလရာသီ၊*
*အညီပေါ်မြန်း၊ ကြိုင်ပျံ့မွှန်းသည်*
*နွယ်ပန်းပွင့်ညို၊ လပြာသိုကား . . .*

(စာဆိုပညာရှင်တစ်ဦး)

အချိန်နာရီစက်၏ အချက်ပေးသံနှင့်အတူ ဥတုတွေ ပြောင်းခဲ့ပြန်ပါပြီ။ ယခုဆိုလျှင် မြောက်ပြန်လေ ပြန်ညောင်း၍ ဆောင်းဥတုသို့ ဝင်ခဲ့သည်မှာ လပင် စွန်းခဲ့ပါပြီ။ မြန်မာ ဆယ့်နှစ်လတို့၌ ဒသမမြောက်လဖြစ်ပါသည်။ သဘာဝတရား ကြီးသည် ကမ္ဘာလောကကြီးအား သူ့ရာသီနှင့်သူ လိုက်ဖက် အောင် စာပန်းချီ ခြယ်သ၍ အလှဆင်နေပါ၏။ အကျိုးပြု နေပါ၏။

ဆောင်းရာသီ၏ အလှသည် နွေနှင့်မတူ၊ မိုးနှင့်ကွဲပြား တစ်မူခြား၏။ နွေ၏အလှက သာမန်လူမဆိုထားနှင့် ရသေ့ သူတော်စင်များကိုပင် ဉာဏ်မခိုင်လျှင် စျာန်ယိုင်လျှောကျ ရအောင် ဖမ်းစားနိုင်ခဲ့ပါသည်။ မိုးရာသီကား နွေအပူကို ဖယ်ရှားကာ မြန်မာလူမျိုးတို့၏ အသက်သွေးကြောဖြစ်သည့် ဆန်စပါးကို ဖြစ်ထွန်းစေပါသည်။ ဆောင်းရာသီကား ဤကမ္ဘာ မြေပြင်သည် ဆောင်းနှင်းမြူတို့ လွှမ်းခြုံထားသဖြင့် မှုန်မှုန် ဝါးဝါး မထင်ရှားသော်လည်း အေးချမ်းမှုအသွင်ကိုဆောင်၏။ မြေပြင်ကိုကြည့်လျှင် မြေပြင်၏အလှကို မြင်နိုင်သလို ကမ်းကို ကြည့်လျှင်လည်း ကမ်းခြေ၏ အလှကို ရှိဝေစွာ ငေးမော နိုင်ပါသည်။ ပြာသိုလသည် အခြားသောလများထက် အအေး ပိုသောလ ဖြစ်ပါသည်။ ခိုက်ခိုက်တုန်အောင် ချမ်းတတ်ပါ သည်။ လရောင်ဆမ်းသည့် ညချမ်းချိန်ဝယ် ဆောင်းသခင်က ကလူကျီစယ်မှုကို မခံနိုင်ဘဲ ညည်းညူလိုက်သော အသံ တစ်သံကို ကြားယောင်မိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့ မန်းတုန်အောင် လမ်းဆုံက ဟစ်ချင်ပေါ့" ဟူ၍တည်း။

အသံရှင်မှာ တောင်သမန်လယ်စား မောင်ဖေငယ်ဖြစ်ပါသည်။ ပြာသိုလသည် မြေပြင်ကျယ်ဝင်း လယ်ယာခင်းနှင့် အင်းအိုင်မြစ်ချောင်း ရှုမညောင်းအောင် သာယာလှပါသည်။

လေပြန်လောင်းသည် ဟေမန်ဆောင်းဝယ်ငွေနှင်းမှုန်ကလေးများသည် လအလိုက် ဖူးပွင့်ကြသော ခဝဲ၊ သဇင်၊ ပေါက်၊ ဂမုန်း စသော ပန်းကလေးများပေါ်သို့ တဖွဲဖွဲသက်ဆင်းနေပြီး ဆီးနှင်းများဖြင့် မှုန်မှိုင်းအုံ့ဆိုင်းနေသော မြန်မာ့တောတောင် အရပ်ရပ်တို့၏ မြင်ကွင်းသည် မြင်ရသူအဖို့ လွမ်းမောဖွယ် ကောင်းလှပါတော့၏။

စာရေးသူသည် ငွေနှင်းဝေစို လပြာသို၏ ရှုခင်းကို ငေးမျှော်ရင်း မင်းဒဏ်သင့်၍ မဲဇာသို့လွင့်ရရှာသည့် လက်ဝဲသုန္ဒရ အမတ်ကြီးကို မြင်ယောင်မိပါ၏။ အမတ်ကြီးသည် ခိုက်ခိုက်တုန်အောင် ချမ်းလှသည့် အအေးဒဏ်ကို အန်တုရ၍ "မဲဇာတောင်ခြေ" ရတုကို လှပသောစကားလုံးများဖြင့် ဤသို့ ဖွဲ့ဆိုခဲ့ပါသည်။

"ယုဂန်ထင်ရှား၊ တောင်တော်ဖျားမှ
ရထားယာဉ်သာ၊ နေစကြာလည်း
ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍
တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု
စေ့ရည်လှည့်လည်၊ တလျက်နေမည်
နေဖြည်ဖြာမှ၊ နွေးသောကြောင့်"

နေဖြည်ဖြာမှ နွေးခွင့်ရရှာသော အမတ်ကြီးအား ရာဇမာန်ရှခဲ့သော ဘုရင်မင်းမြတ်သည် ကရုဏာစိတ် ပေါ်လာပြီး နေပြည်တော်သို့ ပြန်ခေါ်တော်မူခဲ့ပါသည်။

ဆောင်းနတ်မယ်၏ အလှကို ရှေးစာဆိုတော်ကြီးများသာမက မျက်မှောက်စာပေ ပညာရှင်ကြီးများကလည်း မိမိတို့၏ ရင်တွင်းမှ ခံစားရသမျှကို ကလောင်စွမ်းပြခဲ့ကြပါသည်။ ဆောင်း၏ရင်ခွင်သို့ ခိုဝင်၍ သဇင်၊ ဂမုန်း၊ ခဝဲ၊ ခွာညိုပန်း စသော ပန်းကလေးများ အပြိုင်ပွင့်ကြပုံ၊ မြောက်ပြန်လေနှင့် အတူပါလာသော ပန်းမျိုးစုံတို့၏ ရနံ့ကလည်း ဆောင်းအလှတို့ ပို၍ အသက်ဝင်နေပုံတို့ကို . . .

"ပြာမှုန်ရီ သီဝေသွယ်နှင်း
မင်းလွင်ကျင်း၍၊ ပျံ့သင်းသဇင်
ဂမုန်းအင်တို့၊ ဆောင်းတွင်စက်ခို
ငွေလိုပုလဲ၊ ပွင့်ကြဆဲလျှင်
ကြေကွဲဖန်လှ၊ လွမ်းရတုကို
နွမ်းမှုမချိ၊ ရှုမိဖန်ခါ"

စသည်ဖြင့် ပါမောက္ခဆရာကြီး ဦးဧမောင်က ဖွဲ့ဆိုခဲ့ပါသည်။ ပြာသိုလ၏ ရာသီမှာ မကာရ၊ ရာသီရုပ်က မကာန်း၊ နက္ခတ်က ဖုသျှ၊ ရာသီပန်းက ခွာညိုပန်း၊ ပွဲတော်ကား မြင်းခင်းသဘင်ပွဲ ဖြစ်ပါသည်။

ရှေးမြန်မာ ဘုရင်များလက်ထက်က နှင်းမှုန်နှင်းပုလဲတို့ တဖွဲဖွဲကျဆင်းနေသော နံနက်ခင်းတွင် မြင်းခင်းသဘင်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပပါသည်။ ဘုရင်မင်းမြတ်၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်ဗိုလ်ပါ၊ နန်းတွင်းသူ နန်းတွင်းသား မကျန် ကြွရောက်အားပေးကြ၏။

စစ်သည်တော်တို့သည် မိမိတို့၏ ရဲစွမ်းသတ္တိကို ပြအံ့သောငှာ မား၊ လေး၊ မြား၊ ဒိုင်း တို့ကို ကိုင်ဆောင်ကာ နန်းရင်ပြင်သို့ ရောက်လာကြကုန်၏။ တူရိယာမျိုးစုံတို့၏ တီးမှုတ်သံများ၊ မင်းပရိသတ်တို့၏ လက်ခုပ်ဩဘာသံများသည် ဘဝင်သို့တိုင်အောင် လွင့်ပျံ့လျက်ရှိ၏။ ထူးချွန်သော သူရဲကောင်းများကို မိဖုရားကြီးများက မိမိတို့လွှမ်းခြုံထားသော ရွှေကျင်ခတ်ပဝါများကို ဆုတော်လာဘ်တော်အဖြစ်ချီးမြှောက်တော်မူကြပါသည်။ သူရဲကောင်းတို့သည် ပဝါကို ရင်တွင်စီး၍ ကွင်းကိုပတ်ပြီးလျှင် မင်းမိဖုရားရှေ့တော်မှောက်သို့ ခစားကြရသည်။ ရှေးခေတ် မြင်းခင်းပွဲတော်မှာ နန်းမလေ့ပွဲတော်များတွင် ဂုဏ်ထင်ဝင့်ကြွားခဲ့ပါသည်။

"မေမြို့က ပန်းခွာညို
စာဆိုနှင့်ပေး။
စာဆိုနှင့် ခွာညိုပန်းရယ်
နန်းမြေထိမွှေး"

ခွာညိုပန်းသည် သဇင်ကဲ့သို့ တော်ဝင်ပန်း မဟုတ်ပါ။ အညိုမှာအပြာဖောက်၍ ရွှေဝါပိတောက်ကဲ့သို့ တစ်နှစ်မှ တစ်ကြိမ်သာ တွေ့ခွင့်ရသည့် အညတရတောပန်းကလေးများသာ ဖြစ်ပါသည်။ စာဆိုပညာရှင်တို့၏ ကျေးဇူးကြောင့် ရွှေမြို့တော်အထိ ဂုဏ်သတင်းမွှေးခဲ့ပါသည်။ ကောင်းကင်ကို ကြည့်လိုက်လျှင် မြူလိုလို နှင်းလိုလို တွေ့မြင်နေရသည်။ မကြာမီ ဥဩငှက်ကလေးတို့၏ ဟေမန္တဆောင်းမှ ငွေနှင်းဖြူနှင့် မြခွာညိုတို့သည် ကျွန်တော်တို့အား နှုတ်ဆက်၍ ခွဲခွာကြပေဦးတော့မည်။

ကမ္ဘာမြေပြင်သည် ယခုလို ငွေနှင်းဝေစိုလပြာသိုသို့ ရောက်သည့်အခါတိုင်း အေးမြသော၊ ပျော်ရွှင်သော၊ လွမ်းဆွတ်ဖွယ်ကောင်းသော ရသမျိုးစုံတို့ကို ဝေငှပေးပါလိမ့်ဦးမည်။ တကယ်တော့ ကမ္ဘာမြေပြင်နှင့် သဘာဝအလှတရားတို့သည် အစဉ်အမြဲ လက်တွဲလျက် တည်တံ့ခိုင်မြဲနေမည်မှာ မလွဲဧကန်ပင် ဖြစ်ပါတော့သတည်း။

**❒ အောင်ရဲဝင်း(ဟံသာမြေ)**

**မှီငြမ်း**

ရွှေမြင်းမိုရ် စာစီစာကုံးများ။



www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ကြားမှ ဖလကန်ရွာ စာပေဟောပြောပွဲ

ရေကျော်ဦးအောင်


ဆရာ ပုသိမ်မောင်သောင်းယဉ်

အမှန်စင်စစ် မိုးအကုန် ဆောင်းအကူးဟု ဆိုရမည် ဖြစ်၏။ ဆောင်းရနံ့လေပြည်တို့ သင်းပျံ့ရမည်ဆိုငြားလည်း ဆောင်းသို့ ကူးစမှာပင် မိုးက ရှာသွန်းနေဆဲဖြစ်၏။အညာဒေသ၏ ခရီးစဉ်မှာ ထိုနည်းနှင်နှင်ပင်။ မိုး၏သဘာဝကား ပြောရလောက်အောင်ပင် တဖြောက်ဖြောက် စွေလျက် ရှိ၏။


ဆရာ မော်ဝန်းကြည်မြတ်


ဆရာ နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ မရောက်ဖူးသည့် ဒေသ ခရီးစဉ် တစ်ခုလည်းဖြစ်၏။

ဦးဆောင်သူတား ကာတွန်းကြည်ဝင်းဖြစ်ပြီး သူ၏မွေးရာဒေသဝန်းကျင်မှာ ပထမအကြိမ် စာပေဟောပြောပွဲကျင်းပကာ အမိမြေအတွက် ကျေးဇူးဆပ်လိုခြင်းပင်တည်း။ ရွှေဘုံသာဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲနှင့် တန်ဆောင်းရာစက်ချပွဲ၊ စာပေဟောပြောပွဲကို တရစပ်တည်း ကျင်းပခဲ့ခြင်းပင်ဖြစ်၏။

ဤဒေသ၏ ခရီးစဉ်မှာ ကာတွန်းကြည်ဝင်း၏ ဒုတိယခရီးစဉ်လည်းဖြစ်၏။ ပထမအကြိမ်မှာ စာရေးဆရာ အပါအဝင် အလှူာစုံမှ စုံစီနဖာ နှစ်ဆယ့်ငါးဦးခန့် ပါဝင်သည်ဟုသိရသည်။ ဒုတိယခရီးစဉ်ဖြစ်သည့် အညာဒေသ၏ စာပေဟောပြောပွဲခရီးစဉ်မှာ မိုးအေးအေးနှင့် လွမ်းမောဖွယ်ရာသည်း ကြုံခဲ့ရသည်။

တိတိပပ ဆိုရလျှင် ဆရာနန္ဒာမိုးကြယ်က . . .

"ဆရာကိုစိုးအောင်၊ ကာတွန်းကြည်ဝင်းရဲ့ မွေးရပ်မြေမှာ ကျင်းပမယ့် စာပေဟောပြောပွဲကို အစ်ကိုလိုက်ရမယ်၊ မယ်ဒလင်နဲ့ အစ်ကို့ရဲ့ ပလွေလေး. . မဖြစ်မနေ ပါရမယ်၊ ပြီးတော့ မယ်ဒလင်ကြိုးအပိုပါ ထည့်လာခဲ့" ဟု တိတိပပဆိုလာပါသည်။

စာရေးသူကလည်း အညာဒေသနှင့် ပုဂံဘုရားစုံ ဖူးရမှာဖြစ်တော့ ဒီခရီးစဉ်ကို လိုက်ဖို့စီစဉ်ရတာက အမှန်ပါ။ ၂၃. ၁၀. ၂၀၁၃ နေ့ ညနေမှာ ပုဂံခရီးစဉ်အတွက် ညနေ ၄ နာရီထွက်မည့် မီးရထားလက်မှတ်ကိုလည်း စာရေးဆရာမ တင်မိခိုင်၏ ကြိုးစားမှုကြောင့် လက်မှတ်ရလာခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူအထင်က ရန်ကုန်ဘူတာကြီးကနေ ပုဇွန်တောင်ဘူတာဘက်သို့ ထင်မိသည်။ အမှန်က နောက်ကြောင်းခရီးစဉ်ဖြစ်သည့် ပြည်ခရီးစဉ်ဖြစ်သည်။ တစ်ညလုံး တရွေ့ရွေ့ ခုတ်မောင်းလာသည့် မီးရထားမှာ ကျောက်ပန်းတောင်းဘူတာသို့ နံနက် ၁၀ နာရီမှာ ဆိုက်ကပ်ခဲ့ခြင်း ဖြစ်သည်။

ခရီးစဉ်မှာ ပါလာသူတွေက ဆရာမော်ဝန်းကြည်မြတ်၊ ပုသိမ်မောင်သောင်းယဉ်၊ ဆရာနန္ဒာမိုးကြယ်၊ ဆရာစောင်းကောင်းမြတ် (ခရာတော)၊ ကာတွန်းကြည်ဝင်း၊ အောက်တိုဘာ အောင်ကြီး၊ ဆရာမောင်ရည်မွန် (ဒွန်မှူး)၊ ဆရာဦးသန်းထွန်း (ဂျေဂျေ)နှင့် စာရေးသူတို့ ဖြစ်၏။

အထူးသဖြင့် အစ်ကိုလေး တင်လှဝင်းထင်မှာ မန္တလေးခရီးစဉ်မှာ ကျောက်ပန်းတောင်းဘူတာတွင် စောင့်နေမည်ဖြစ်၏။

ကျောက်ပန်းတောင်းဘူတာ အရောက်မှာ အစ်ကိုလေး တင်လှဝင်းထင်ကို တွေ့ရ၏။ လမ်းဘူတာမှာ ကိုကြည်ဝင်းတို့ရွာမှ အကြိုကားဖြင့် လိုက်ပါခဲ့ကြရသည်။

ခရီးလမ်းမှာ ပုပ္ပါးလမ်းဖြစ်သည်။ ဗျတ္တပန်းဆက်လမ်းခွဲဟုလည်း သိရသည်။ မိုင်အတော်များများမောင်းပြီး



ဆရာ တင်လှဝင်းထင်



ဆရာ အောက်တိုဘာအောင်ကြီး

မြေနီလမ်းအတိုင်း လူစုံတက်စုံဖြင့် လိုက်ပါခဲ့ကြသည်။ လမ်းတွင် မော်တော်ကား၏ ဂီယာဆိုမလား၊ ကလပ်ဆိုမလား နှစ်ကြိမ်မက ကွဲသည်ဖြစ်၏။

ကာတွန်းကြည်ဝင်းတို့ရွာသို့ ၂၄. ၁၀. ၂၀၁၃ ညနေပိုင်းတွင် ရောက်သည်။ မန္တလေးတိုင်းဒေသကြီး ပုဂံသောင်ဦးခရိုင် ငါးသရောက်မြို့နယ်ခွဲ ဖလှန်ကန်ကျေးရွာဟုလည်းသိရသည်။ အမှန်စင်စစ် ယင်းကျေးရွာတွင် ရွှေဘုံသာမုနိဘုန်းတော်ကြီး ဦးတေဇိန္ဒ ကျောင်းထိုင်သည်ကိုလည်း ဖူးရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းမှာ မန်ကျည်းပင်နှင့် သက်အိုအပင်များကလည်း လွမ်းမောဖွယ်အတိပင် ဖြစ်သည်။ တန်ဆောင်းပြာသာဒ်များကလည်း စီရရီတည်ဆောက်ထားသည်မှာလည်း သာခုခေါ် ဆိုဖွယ်ဖြစ်သည်။

ကာတွန်းကြည်ဝင်း၏ အိမ်ဝင်းမှ ဆရာတော်ကျောင်းသို့အသွားမှာ ဖိုးရာဇာစာကြည့်တိုက် တည်နေရာကိုလည်း တွေ့ရသည်။

နောက်ပိုင်းမှာ စာကြည့်တိုက်ကို အသစ်မွမ်းမံမည်ဟုလည်း သိရသည်။ ၂၄. ၁၀. ၂၀၁၃ နေ့ တစ်ရက်နားပြီး ၂၅. ၁၀. ၂၀၁၃ နေ့ညဉ့်မှာ စာပေဟောပြောပွဲကို ကျင်းပမှာဖြစ်သည်။

ပထမအကြိမ် စာပေဟောပြောပွဲဖြစ်သည်။ ရွှေဘုံသာ ဘုရားဝင်းအတွင်းမှာ ဇာတ်စင်ဆောက်သည်။ ယင်းညဉ့်၏ အခမ်းအနားမှူးမှာ ပုသိမ်မောင်သောင်းယဉ်ဖြစ်၏။ အစီအစဉ်မှာ စာရေးဆရာတစ်ယောက် ဟောအပြီး တေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေရမည့် အစီအစဉ်ဖြစ်သည်။

ဟောပြောပွဲကို ညဉ့် ၇ နာရီတိတိ စမည်ဖြစ်၏။ ကျေးရွာ၏ ရပ်မိရပ်ဖ ဦးအောင်နိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရှေးဦးစွာ ရှင်းလင်းတင်ပြကြသည်။ ပထမအကြိမ်ဖြစ်ငြားလည်း ပရိသတ်အားပေးမှုက ကြက်ပျံမကျ စည်ကားလှပေသည်။

ရှေးဦးစွာ ဆရာမျှော်ဝန်းကြည်မြတ်၏ မယ်ဒလင်လက်သံ၊ ပုသိမ်မောင်သောင်းယဉ်၏ တယော၊ ဆရာနန္ဒာမိုးကြယ်၊ ဆရာမောင်ရည်မွန်၊ စာရေးသူတို့ရဲ့ "နှလုံးသားကို အလှဆင်ပါ" တေးစာသားတွေက သာယာနာပျော်ဖွယ် လွင့်ပျံ့နေသည်မှာ အားရကြည်နူးဖွယ်အတိ ဖြစ်ပါသည်။

ရှေးဦးစွာ ပုသိမ်မောင်သောင်းယဉ်၏ ဟောပြောပွဲအပြီးမှာ စာရေးသူရဲ့ တစ်ကိုယ်တော် ၁၉၄၃-၄၄ ခုနှစ် ဒုတိယ ကမ္ဘာစစ်အပြီးမှာ ဆရာရွှေတိုင်ညွန့် စပ်ဆိုခဲ့သည့် ပြန်လည်ထူထောင်ရေးတေး (ပြည်တော်ဝင်တေး) ကို မယ်ဒလင် တီးခတ်သီဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့မိန့်ခွန်း မှတ်မိသမျှ သီဆိုဖျော်ဖြေမှုကလည်း လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားပေးမှု ကြုံခဲ့ရတာကလည်း အံ့ဩဘနန်းဖြစ်ပါသည်။

တစ်ယောက်ပြီးတစ်ယောက် ဟောကြ၊ ပြောကြ၊ သီဆိုခဲ့ကြမှုမှာ ဆောင်းညွန့်ရိပ်ကို အနံတုနေသယောင်ရှိနေခဲ့သည်ကိုလည်း မေ့မရခဲ့ပါ။ ဆရာမျှော်ဝန်းကြည်မြတ်၊ ဆရာအောက်တိုဘာအောင်ကြီး၊ ဆရာနန္ဒာမိုးကြယ်တို့ရဲ့ စာပေဟောပြောချက်တွေကလည်း ရွာပရိသတ်အဖို့ အကြိုက်တွေဖြစ်ခဲ့သည်။

အစ်ကိုလေး ပန်းချီတင်လှဝင်းထင်၏ ပန်းချီကိုယ်ဟန်ပြရေးဆွဲခြင်းနှင့် အနုပညာတေး သီဆိုမှုတွေကလည်း ကျေးရွာပရိသတ်ကို စွဲဆောင်မှုရှိခဲ့တာကလည်း အမှန်ဖြစ်ခဲ့ပါသည်။

ကျေးရွာဝယ် ချစ်စဖွယ်ဓလေ့က သီတင်းကျွတ်ပွဲတော်မှာ လူကြီးမိဘများကို ရှိသေစွာ ဦးခိုက်ကန်တော့ကြခြင်းပင်ဖြစ်၏။ အိမ်တိုင်း အိမ်တိုင်း ပဲကြော်များကြော်ပြီး စတုဒိသာ ကျွေးမွေးကြခြင်းကလည်း ချစ်စဖွယ်ဓလေ့ပင်တည်း။ အိမ်တိုင်းမှာ ဩဇာသီးပင်များရှိ၏။ ဖီးကြမ်းငှက်ပျောသီးများကလည်း ရန်ကုန်မြို့နှင့်လုံးဝမဆိုင်၊ မွှေးကြိုင်လှပြီး ဘယ်လော... စားစား ချောင်းမဆိုးခြင်းပင် ဖြစ်၏။

အထူးသဖြင့် ဆရာဒွန်မှူးက နံနက်တိုင်း ဩဇာသီး... မှည့်တစ်လုံး စား၏။ ဩဇာသီးကား အောချရလောက်အောင်... ပေါ၏။ ရပ်ဝေးရပ်နီးမှ ပရိသတ်များက ရွှေဘုံသာဘုရား... လာကြ၏။ ဆရာတော် ဦးတေဇိန္ဒအား ဖူးကြ၏။ မုန့်ဟင်း... ကျွေးမွေးလှူဒါန်းကြ၏။

ချစ်စဖွယ် တောရွာဓလေ့ပင်ဖြစ်၏။

မိုးအကုန် ဆောင်းအကူး ဆိုငြားလည်း ရွှေမိုးတို့... မစဲအောင် တဖြောက်ဖြောက်ရွာနေသည်က အမှန်ပင်၊ ... တဖြောက်ဖြောက် ရွာနေငြား ဆိုင်းသံ ဗုံသံက မစဲ။ လူအများ... ကလည်း တဖွဲဖွဲတွေ့နေရသည်။

၂၈. ၁၀. ၂၀၁၃ နေ့ နံနက် မှာ ဖလကန်ကျေးရွာ... နှုတ်ဆက်ကြပြီး ဂျစ်ကားနှင့် ငြောင် ဦးသို့ ခရီးဆက်ခဲ့... သည်။ ပုဂံမီးရထားသည် မထွက်ပေ။ မူလက မီးရထားခရီး... ဖြစ်ငြားလည်း မော်တော်ကားဖြင့် အပြန်ခရီးနှင်ခဲ့ကြရသည်...

တစ်နေကုန် အားလပ်နေကြသည်မို့ ပုဂံဘုရား... ဖူးခဲ့ကြသည်။ ကျေနပ်နှစ်လိုဖွယ်အတိ ဖြစ်သည်။ ခရီး... တစ်လျှောက်မှာ ကာတွန်းကြည်ဝင်းနှင့် ဖခင်အိုကြီးအသ... (၉၀)စွန်းနှင့် ညီအစ်မများ၊ မိတ်ဆွေ စိန်အောင်မင်းနှင့် မာ... သန်းတို့၏ ဧည့်ဝတ်ကျေပွန်မှုတို့ကို တွေးရင်း တွေးရင်း... ရန်ကုန်ကားဂိတ်သို့ ၂၉. ၁၀. ၂၀၁၃ နေ့နံနက် ပြန်ရော... ခဲ့ကြတော့သည်။


အမှန်စင်စစ် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်... ဦးသရောက်မြို့နယ် ဖလန်ကန်ကျေးရွာ၏ ရွှေဘုံသာဘု... ဗုဒ္ဓပူဇနီယပွဲနှင့် တန်ဆောင်းရေစက်ချပွဲ၊ စာပေဟော... ပွဲကား မိုးတဖြောက်ဖြောက်ကြားမှ အောင်မြင်ခဲ့သည်... ဆိုရပေတော့မည်။

❒ ရေကျော်မိုးအော...



www.burmeseclassic.com

www.burmeseclassic.com



ရွှေနိုကျော်ဦး

# အချစ်၏အနက်အဓိပ္ပာယ်

ခင်စန်းရီက လှသည်၊ ယဉ်သည်၊ ချောသည်။ ပြီးတော့ သဘောထား ပြည့်ဝသူ။ အမြဲတမ်း အပြုံးစစနှင့် တွေ့ရသူ။

သည်တော့ ကျွန်တော် ခင်စန်းရီကို တိတ်တခိုး ချစ်မိသည်က မဆန်းပါ။ ဒါက ကျွန်တော့်နှလုံးသားတွင် ပထမဆုံး ထင်ဟပ်လာသည့် အချစ်ပင် ဖြစ်သည်။

သို့တိုင် ခင်စန်းရီ ဘဝပုံရိပ်နှင့် ကျွန်တော့်ဘဝပုံရိပ်က အလွန်ခြားနားခဲ့သည်။ ကြည့်လေ။ ခင်စန်းရီ မိဘများက မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသူများဖြစ်သည်။ ကျွန်တော်က ဆင်းရဲသား မိဘများက မွေးဖွားလာသူ။

ဆိုတော့ ကျွန်တော် ခင်စန်းရီကို တိတ်တခိုးအချစ်ပင် ပျိုးမိသော်လည်း စိတ်ကူးသာ ယဉ်ခဲ့မိသည်။ သည်အချစ်စိတ်ကြောင့်လားမသိ ခင်စန်းရီကို တွေ့တိုင်း ကျွန်တော့်စိတ် မလုံမလဲ ဖြစ်ခဲ့မိသည်က အခါခါ။ ကျွန်တော့်အဖြစ်ကို ခင်စန်းရီက ရိပ်စားမိဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုဦး နင် ဘာဖြစ်နေတာလဲ ငါ့ကို ပြောစမ်း"

ခင်စန်းရီ မေးတိုင်း ကျွန်တော့် အဖြစ်က နေမြင့်လေ အရှုးရင့်လေ ဖြစ်နေသည်။ ကျွန်တော် ခင်စန်းရီ အမေးကို "ဘာမှမဖြစ်ဖူးဟာ"ဟူသော စကားတစ်ခွန်းက လွဲ၍ အခြားဘာစကားမှ အတွန့်မတက်ရဲခဲ့။

တကယ်တော့ ကျွန်တော်နှင့် ခင်စန်းရီက ခုမှတွေ့ကြရသည်မဟုတ်။ မူလတန်းမှစ၍ အလယ်တန်းအထိ ကျောင်းအတူတက်ပြီး ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းအရင်းအချာတွေ ဖြစ်ခဲ့သည်။ ကျွန်တော်က နေရာတကာ ရိုးရိုးရှင်းရှင်းနှင့် ပွင့်လင်းတတ်သူ။ ခင်စန်းရီက အရာရာကို ချင့်ချင့်ချိန်ချိန်နှင့် စဉ်းစားတတ်သူ။

ခုတော့ ခင်စန်းရီ ကို တိတ်တခိုး ချစ်စိတ်ဝင်မိမှ ကျွန်တော့်နှလုံးသားတို့သည် မရိုးမရှင်းနှင့် မပွင့်လင်းတော့။ သည်အဖြစ်ကို ခင်စန်းရီက အားမရ။

"ကိုဦး ငါမေးတိုင်း နင်ဘာမှ မပြောပါလား၊ ငါသိပါတယ်ဟာ နင့်စိတ်တွေ ကစားနေတယ် မဟုတ်လား"

"ဒါ ဒါဆို နင် နင်က ငါ့အဖြစ်ကို သိ သိနေတယ်ပေါ့"

ကျွန်တော် ခင်စန်းရီ စကားကို ကြားလိုက်ရ၍ အံ့အားသင့်စွာ မေးလိုက်မိသည်။ ခင်စန်းရီက ကျွန်တော့် မျက်နှာကို ငေး၍ကြည့်ပြီး မျက်နှာလွှဲကာ စကားဆက်သည်။

"ငါတို့က ပညာသင်နေတဲ့အချိန်ပါဟာ၊ ပညာတတ်အောင် ကြိုးစားပြီး ဘဝတက်လမ်း ရှာရဦးမှာ မဟုတ်လား၊ ဒီတော့ နင်ပညာတတ်အောင် ကြိုးစားပါဟာ၊ နင် ပညာတတ်မှ ဘဝ အဆင်ပြေမှာ မဟုတ်လား"

ခင်စန်းရီက ကျွန်တော့်ဘဝကို သိပြီး စေတနာထား၍ ပြောသည်ကို ကျွန်တော် နားလည်ခဲ့သည်။ ခက်နေသည်က ကျွန်တော့် နှလုံးသားတွင် ခင်စန်းရီအပေါ် တိတ်တခိုးချစ်မိခဲ့သည့် စိတ်က ပြေလျော့မသွားခဲ့။ တိုး၍ပင် ပေါ်လာနေဆဲ ဖြစ်သည်။ ကြာတော့ ကျွန်တော် မျိုသိပ်ပြီး မထားနိုင်တော့။

"ငါ နင့်ကို မညာတော့ဘူး ခင်စန်းရီ၊ ငါ နင့်ကို နင့်ကို . . ."

ကျွန်တော့် စကားသံက ရှေ့မဆက်နိုင်ဘဲ ပြတ်တောက်သွားသည်။ ခင်စန်းရီက တုန်လှုပ်ဟန်မပြဘဲ ကျွန်တော့်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေဟန်တူသည်။

"အေးလေ၊ နင် ငါ့ကို မညာဘဲ ပြောတဲ့စကားကို ငါနားလည်ပါတယ်ဟာ၊ ဒါဆို နင့်စကားကို ငါဆက်ပြောမယ် နင် နင် ငါ့ကို စိတ်ဝင်စားနေတယ် ဆိုပါတော့"

ကျွန်တော် ခင်စန်းရီစကားကို ကြားလိုက်ရ၍ ဝမ်းသာသွားမိသည်။ ကျွန်တော့်ရင်ထဲက အဖြစ်ကို ခင်စန်းရီ သိနေပါလား။ ခင်စန်းရီက အသံကို နှိမ့်ချပြောပြီး ရှက်ရွံ့ဟန်ဖြင့် ခေါင်းလေးငုံ့ပြီးနေ၍ ကျွန်တော်လိုချင်သည့် ချစ်အဖြေရပြီး ဟူသော အတွေးနှင့် ရင်ထဲတွင် ပျော်သွားမိသည်။

"နင် ငါ့အဖြေကိုရရင် လူတစ်လုံး သူတစ်လုံးဖြစ်အောင် ဘာအလုပ်နဲ့ လုပ်ကျွေးမှာလဲ"

ခင်စန်းရီထံမှ နောက်ဆက်တွဲ ပေါ်လာသည့် စကားကို ကျွန်တော် ချက်ချင်းမဖြေနိုင်တော့။ ခင်စန်းရီ ပြောလည်း ပြောစရာ။ အချစ်တစ်ခုတည်းနှင့် ဘဝတည်ဆောက်၍ မရမှန်း ကျွန်တော်အတွေးဝင်သွားမိသည်။ တကယ်ဆို ခင်စန်းရီက ကျွန်တော့်ဘဝနှင့် အတူနေပါပြီဆိုလျှင် ကျွန်တော် ပထမဆုံး ခင်စန်းရီကို တင့်တောင့်တင့်တယ်ထားနိုင်ဖို့ ဝေးစွ။ ခင်စန်းရီ မိဘများက ကျွန်တော်နှင့် လုံးဝ သဘောမတူမည်မှာ အသေချာဆုံး ဖြစ်သည်။

ခုလည်း ကျွန်တော်နှင့် ခင်စန်းရီက ဘယ်လိုပဲ ခင်ခင်မင်မင်။ ခင်စန်းရီ မိဘဆွေမျိုးများက ကျွန်တော့်ကို မလိုလားသည့် အကြည့်။ မနှစ်မြို့သည့် မျက်နှာများက ကျွန်တော့် အတွက် အဆီးအတား ဖြစ်နေသည်။ သို့တိုင် ကျွန်တော် ဘယ်လိုပဲ ရှေ့ရေးတွေးတွေး ခဏသာခံသည်။ ကျွန်တော် ခင်စန်းရီ အပေါ် ချစ်သည်။ သည်အချစ်ကိုတော့ လျော့ပါးလို့မရ။

ကျွန်တော့် ခံစားမှုအဖြစ်ကို ခင်စန်းရီ မသိ၍ မဟုတ်။ သိသည်။ ကြည့်လေ။ ကျွန်တော် ခင်စန်းရီ အပေါ်တိတ်တခိုး မြတ်နိုးစိတ်ကြောင့် ကျောင်းစာကိုပင် လုံးဝစိတ်ဝင် မစား တော့။ လစဉ် အတန်းထဲတွင် ပထမ ရနေသည့် ကျွန်တော် ခုတော့ အောင် မှတ်ရရုံအဆင့်က မကျော်တော့။

"ငါတော့ ဘာပဲဖြစ်ဖြစ်ဟာ နင့် ကို ချစ်တယ်၊ အဲဒါ ငါ့ကို အဖြေပေး"

ကျွန်တော် တာရှည်မမျိုသိပ်နိုင် တော့။ ခင်စန်းရီထံမှ ချစ် အဖြေရရန် အပြတ်ပြောလိုက်မိသည်။ ခင်စန်းရီက ကျွန်တော့် တစ်ဖွတ်ထိုးစကားကြောင့် အံ့ဩသွားသည်။

"နင် သိပ်ခက်ပါလား ကိုဦး နင် ငါ့ကို ချစ်တယ်ဆိုတာ ငါသိပါတယ် ဒါပေမယ့် နင် ငါ့ကို ဘယ်လိုပဲချစ်ချစ် ငါ နင့်အချစ်ကို အဖြေမပေးနိုင်ဘူး နင် ငါ့ကို ချစ်လဲချစ်တာပဲရှိမယ်၊ ငါက မိန်း ကလေးဆိုတော့ စဉ်းစားနိုင်မှ တော် ကြမယ်"

"ဘာလဲ နင်က ငါ့အချစ်ကို မယုံလို့ ပြောတာလား၊ အေး နင်သိ အောင် ငါပြောမယ်၊ ငါ့ဘဝမှာ ပထမ ဆုံး ချစ်တဲ့အချစ်က နင်ပဲ ခင်စန်းရီ ဘယ်ဘဝရောက်ရောက် ငါမမေ့ဘူး နင်က ငါ့ဆင်းရဲလို့ မချစ်ဘူးဆိုတာ ငါ သိတယ် ခင်စန်းရီ"

"ကိုဦး နင် ငါ့ကို ဒီလိုစကား မပြောနဲ့"

ကျွန်တော့်စကားကို ကြား ခင်စန်းရီ မျက်ရည်လေးဝဲနေရှာသည် ကျွန်တော့်ကို ကျောခိုင်းပြီး အခန်း ကလေး ထွက်သွားသည်။ ကျွန်တော် ခင်စန်းရီကို ငေးကြည့်ပြီး အလို





www.burmeseclassic.com

www.burmeseclassic.com

နာကြည်းသွားမိသည်။ ထိုနာကြည်းချက်နှင့်အတူ ကျွန်တော် ခင်စန်းရီကို ချစ်မိသည့် အချစ်ထက် ကျွန်တော့်အပေါ် ခင်စန်းရီ ပြောခဲ့ ဆိုခဲ့သည့် စကားကို ကျွန်တော် မေ့လို့မရခဲ့။

အိမ်ရှေ့ဆီမှ လေအဝှေ့တွင် ဖွာ့ခနဲပါလာသည့် ပိတောက်ရနံ့သင်းသင်း။ ကျွန်တော်မည်မျှ အတွေးဝင်နေမိသည်မသိ။ ကျွန်တော့် အတွေးပုံရိပ်ထဲတွင် အမှတ်ထင်ထင်ရှိနေဆဲ ဖြစ်သည့် ခင်စန်းရီ။ ခင်စန်းရီ၏ အပြုံးမြမြလေးကို ပြန်မြင်ယောင်မိရင်း ကျွန်တော် ပင့်သက်ချလိုက်မိသည်။

ကျွန်တော် ပင့်သက် မချလို့ မဖြစ်။ ကျွန်တော် ခင်စန်းရီနှင့် ဝေးကွာရာသို့ ရောက်ခဲ့သည်က နှစ်ပေါင်းလေးဆယ်ကျော်ကာလ တိုင်ခဲ့ပြီ ဖြစ်သည်။ ခင်စန်းရီနေထိုင်သည့် မြို့ကလေးသို့ လုံးဝပြန်မရောက်ခဲ့။ ခင်စန်းရီ လူ့လောကတွင် ရှိနေသေးလား၊ ဒါမှမဟုတ် အိမ်ထောင်ကျနေပြီလား။

“အဖေကြီး လကုန်ရက် ရွာပြန်ဦးမယ်ဆို”

“ဟုတ်တယ် ရွှေကြည်၊ ကိုယ့်မြို့ကိုယ့်ရွာကို ပြန်မရောက်တာ နှစ်ကြာနေပြီ၊ အဲဒါ အဖေနဲ့ အမေ့အတွက် ရည်စူးပြီး လှူဒါန်းရင်း ဘုရားဖူးချင်လို့ ရွှေကြည်ပါ လိုက်ခဲ့လေ”

“လိုက်ချင်တာပေါ့ အဖေကြီးရယ်၊ ဒီမှာက အဖေကြီးမြေးတွေနဲ့ဆိုတော့ လိုက်လို့မလွယ်ဘူး၊ အဖေကြီးပဲ သွားပေါ့၊ သွားမယ့်နေ့ကို ပြော၊ ရွှေကြည် အသင့်ပြင်ထားမယ်”

ကျွန်တော့်ဇနီးသည် ရွှေကြည်က ပြောရင်း မြေးများကျောင်းသွားရန် ထမင်းချိုင့်အတွက် မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသည်။ တကယ်တော့ ကျွန်တော်နှင့် ရွှေကြည်အိမ်ထောင်ကျခဲ့သည်က ဆန်းသည်။ ကျွန်တော် ဌာနဆိုင်ရာတစ်ခုတွင် တာဝန်ထမ်းဆောင်ရင်း ကျွန်တော့်အပေါ်က ရွှေကြည်ကို သဘောကျပြီး ပေးစားခဲ့ခြင်းဖြစ်သည်။

ကျွန်တော် မငြင်းသာခဲ့။ ရွှေကြည်ကို ကျွန်တော့်နှလုံးသားတွင် စွဲစွဲလမ်းလမ်းမရှိခဲ့။ ရွှေကြည်က အိမ်တွင်းကိစ္စနိုင်နင်းသည်။ အပြောအဆို ရိုးသားသည်။ ပွင့်လင်းသည်။ ရုပ်ရည်က ရွက်ကြမ်းရေကျို အဆင့်မျှသာ။

ကျွန်တော့် သူငယ်ချင်းများက ကျွန်တော့်ကို မိန်းမရ ကံကောင်းသည်ဟု ပြောဆိုလည်း ကျွန်တော့်ရင်ထဲတွင် အမြစ်တွယ်နေဆဲရှိသည်က ခင်စန်းရီ။ ခင်စန်းရီကို ကျွန်တော် လုံးဝမေ့မရခဲ့။ ကျွန်တော် ခင်စန်းရီကို ချစ်လျက်နှင့် ဘဝ ဆုံဆည်းခွင့် မရခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် ခင်စန်းရီကို တွေးမိရင်း ရင်အလိုလို ခုန်သွားမိသည်။

လှိုက်လှဲစွာ ကြိုဆိုပါ၏။ မြို့ဝင်ဆိုင်းဘုတ်လေးကို လှမ်းတွေ့လိုက်ရမှ ကျွန်တော့်အတွေးစတို့က ပြယ်လွင့်သွားသည်။ ကြည့်လေ။ နှစ်ပေါင်းလေးဆယ်နီးပါး စိမ်းပြတ်မေ့လျော့ထားခဲ့မိသည့် မြို့ကလေး။

ကျွန်တော်ရှိစဉ်ကလို မဟုတ်တော့။ အစစ အရာရာ အသွင်သစ်၊ အမြင်သစ်ပြောင်းလဲနေသည်က မယုံနိုင်စရာ။ ဘယ်နေရာကြည့်ကြည့် တိုက်တာအိုးအိမ်များနှင့် စည်စည်ကားကား ဖြစ်နေသည်။ ကျွန်တော် ကားပြတင်းပေါက်မှ မြို့ကလေး ဝဲယာနှစ်ဖက်ဆီမှ မြင်ကွင်းကို ကြည့်ရင်း ခင်စန်းရီအမည်လေးကို အလိုလိုရေရွတ်နေမိလျက်သား ဖြစ်နေသည်။

“ဦးလေး ဘယ်သွားမှာလဲ”

“ဘုရား ဖူးချင်လို့ပါကွယ်”

“ကျွန်တော် လိုက်ပို့ပေးပါ့မယ်”

ကျွန်တော် ကားဆိုက်ပြီး ကားဂိတ်အတွက် ဆိုက်ကားဆရာလေးဖိတ်ခေါ်မှုကြောင့် ဘုရားဆီသို့ ဆိုက်ကားစီးပြီး ထွက်လာမိသည်။ ရုတ်တရက် တွေ့လိုက်ရသည့် ခံ့ထည်စွာ တည်ရှိနေသည့် အ.ထ.က ကျောင်းတော်ကြီး။ ကျွန်တော် အလယ်တန်းအထိ ပညာသင်ပြီး ကျောင်းတစ်ပိုင်းတစ်စဖြင့် ထွက်ခဲ့သည့်အဖြစ်နှင့်အတူ ခင်စန်းရီ မျက်နှာလေးကို မြင်ယောင်သွားမိပြန်သည်။

ကျွန်တော် ဘုရားဖူးပြီး ကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေမိသည်။ ကျွန်တော် နှစ်ပေါင်းများစွာ ဝေးကွာခဲ့သည့် မြို့ကလေး။ မြို့ကလေးက ကျွန်တော့်ကို ဧည့်သည်အဖြစ် ကြိုဆိုနေသည်။ ခင်စန်းရီကကော။ ကျွန်တော့်ကိုတွေ့လျှင် မှတ်မှမှတ်မိပါလေစ။ ကျွန်တော့်အတွေးတို့က ဆွေးဆွေးမြည့်မြည့် ဖြစ်နေသည်။

“မင်း မင်း ကိုဦး မဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ၊ ခင်ဗျားက ဘယ်သူလဲ”

ကျွန်တော် လက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး အတွေးဝင်နေမိစဉ် ရုတ်တရက် အမေးစကားကြောင့် ကြည့်လိုက်မိသည်။ ဆံပင်များဖြူ သွားကျိုးပြီး ဇရာထောင်းနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရ၍ ကျွန်တော် အံ့အားသင့်သွားမိသည်။ ကြည့်လေ။ အဝတ်အစားနွမ်းနွမ်းကို ဝတ်ဆင်ထားသူက ကျွန်တော့်မျက်နှာကို အံ့သြတကြီးကြည့်ပြီး မေးနေခြင်းဖြစ်သည်။ ကျွန်တော့်ကို သိနေ၍ နှုတ်ဆက်ပြီး မေးသူကို ကျွန်တော်လုံးဝမသိ။ ကြောင်အမ်းအမ်း ဖြစ်နေမိသည်။

“ငါ မင်းနဲ့ ကျောင်းနေဖက် သိန်းတင်လေကွာ၊ မင်း မမှတ်မိတော့ဘူးလား”

“ဟာ ငါ ငါမှတ်မိပြီ သိန်းတင်၊ ငါ့ကို ဘယ်လိုမှ သဘောမထားပါနဲ့ကွာ၊ ငါ မြို့ကနေ ထွက်သွားတာ နှစ်တွေကြာတော့ မင်းကို မမှတ်မိတာ ခွင့်လွှတ်ပါကွာ”

“ငါ ခွင့်လွှတ်ပါတယ် ကိုဦးရာ၊ အင်း မင်းကတော့ ငယ်ရုပ်အတိုင်းပဲ ဘာမှ မပြောင်းလဲဘူး၊ မင်း ဆံပင်လဲ မဖြူ သွားလဲ မကျိုးသေးပါလားကွာ၊



www.burmeseclassic.com

www.burmeseclassic.com

ငါကတော့ မင်းမြင်တဲ့အတိုင်း အဘိုးကြီး အိုပေါက်စ ဖြစ်နေပြီကွ"

သိန်းတင်ပြောလည်း ပြောစရာ။ သိန်းတင်က အဘိုးကြီးအိုရုပ်ပေါက်နေသည်က မယုံနိုင်စရာ ဖြစ်နေသည်။

"အေး ဇရာကိုတော့ ဘယ်လိုမှ တားလို့မရဘူး သူငယ်ချင်း၊ ရင်ထဲမှာ အမြဲတမ်း ရတနာသုံးပါးကို နှလုံးသွင်းနေရတာ"

"မင်းစကား ကြားရတာ ငါ သာဓုခေါ်ပါတယ်ကွာ၊ မင်းအိမ်ထောင်ကျပြီလား"

သိန်းတင်၏ ရုတ်တရက် အမေးစကားကြောင့် ကျွန်တော်အံ့အားသင့်သွားမိသည်။

"သိန်းတင်ရာ ငါ အိမ်ထောင်ကျလို့ မြေးတွေတောင် ရနေပြီကွ၊ ငါ့အိမ်သူက မြေးတွေ တာဝန်ထမ်းနေရလို့ ဘုရားဖူး မလိုက်နိုင်တာ"

"အေးလေ၊ မင်း မြို့ကနေ ထွက်သွားတာကြာပြီ၊ ခုမှပဲ ပြန်တွေ့ရတာ၊ အင်း မင်းခုလို ပြန်လာတာကို ခင်စန်းရီ သိရင် ဝမ်းသာရှာမှာ"

"ဘယ်လို သိန်းတင်၊ ခင် . . ခင်စန်းရီ ဟုတ်လား"

"ဟုတ်တယ်လေကွာ၊ မင်းက ခင်စန်းရီအပေါ် တစ်မျိုးမြင်ပြီး ဒီမြို့ကနေ အပြီးထွက်သွားတော့ ခင်စန်းရီက မင်းခုလို ကျောင်းထွက်သွားရတာ သူ့ကြောင့်လို့ စိတ်ထဲမှာစွဲပြီး မင်းကို တောင်းပန်ချင်တယ်လို့ တဖွဖွ ပြောနေရှာတာကွ"

သိန်းတင် ပြောပြမှ ကျွန်တော် ခင်စန်းရီ အဖြစ်ကို သိခွင့်ရခဲ့၍ စိတ်မကောင်းဖြစ်သွားမိသည်။

"ဒါဆို ခင်စန်းရီ ခု ဘယ်မှာလဲ သိန်းတင်၊ ငါ့ကို ပြောစမ်းပါဦး"

ကျွန်တော် သိန်းတင်ကို ကမန်းကတန်း မေးလိုက်မိသည်။ ကျွန်တော် မမေးလို့ မဖြစ်။ ကျွန်တော် ခင်စန်းရီနှင့် တွေ့လျှင် ကျွန်တော့်အဖြစ်ကို ရှင်းပြချင်သည်။ ကျွန်တော် လမ်းမကြီးကို ကြည့်လိုက်မိသည်။ ဝဲယာ နှစ်ဖက်သစ်ပင်မျိုးစုံနှင့် စိမ်းလန်းဝေဆာနေသည့် မြင်ကွင်း။ ဟို ငယ်စဉ်က ကျွန်တော်နှင့် ခင်စန်းရီ ကျောင်းအတူ သွားခဲ့သည့် မြင်ကွင်းက အလိုလို ပေါ်လာသည်။

ᯅ

"မင်းကို ခင်စန်းရီက တစ်နေ့နေ့ ပြန်လာနိုးနဲ့ မျှော်ရှာပါတယ်ကွာ၊ ဒါပေမဲ့ မင်းမလာတဲ့အဆုံး သူ့မိဘတွေ ပေးစားခဲ့တဲ့သူနဲ့ အိမ်ထောင်ပြုခဲ့ရတာ၊ ခင်စန်းရီ ဘဝကံက ဆိုးပါတယ်ကွာ၊ သူ့ရဲ့ ယောကျ်ားက မိဘအမွေတွေ အားလုံးကို သုံးဖြုန်းပြီး နောက်မိန်းမ ယူသွားတယ်၊ ခင်စန်းရီလဲ မိဘတွေ ဆုံးပါးကုန်တော့ အထီးကျန်ဘဝနဲ့ နေခဲ့ရတယ်"

သိန်းတင်က ခင်စန်းရီ ဘဝအကြောင်းကို ဆွေးမြည့်စွာ ပြောဆိုနေ၍ ကျွန်တော် ရင်နှင့်သွားမိသည်။ သို့တိုင် သိန်းတင်က ခင်စန်းရီ ဘယ်မှာ နေသည်ကို ပြောမပြသေး၍ ကျွန်တော် ခင်စန်းရီဘဝကို သိပြီး တွေ့ချင်မြင်ချင်စိတ်က ပိုလာသည်။

"ခင်စန်းရီက မင်းကို သတိတရရှိနေတုန်းပဲကွ၊ မင်းသူ့ကို ချစ်ရေးဆိုခဲ့တုန်းက သူ့အဖြေပေးခဲ့ရင် ချစ်ရသူရဲ့ ရင်ခွင်မှာ ခိုနားရင်း လောကစံကို ရင်ဆိုင်ရမှာ သူလုံးဝ ကြောက်မှာမဟုတ်ဘူးတဲ့၊ ခု သူမချစ်မနှစ်သက်တဲ့ ရင်ခွင်ဟာ သူ့ဘဝကို အမြဲတမ်းပူလောင်ခဲ့တာ၊ သူ့ဘဝရဲ့ ဝဋ်ကြွေးလို့ပြောပြီး ငိုရှာတယ်၊ အဲဒီနောက်ပိုင်း ခင်စန်းရီ မြို့ကနေ ပျောက်သွားတာပဲ ကိုဦး၊ ငါ သတင်းသဲ့သဲ့ကြားရတာက သူ ယောဂီဝတ်ဘဝနဲ့ တရားအားထုတ်ပြီး ဆုံးပါးခဲ့တယ်လို့ သိခဲ့ရတယ် သူငယ်ချင်း"

သိန်းတင်က ပြောရင်း အသံကတိမ်ဝင်သွားပြီး ဆို့နင့်နေရှာသည်။ ကျွန်တော်သိန်းတင်ကို စကားမပြောနိုင်ဘဲ အလိုလို ဆွံ့အနေမိသည်။

တကယ်တော့ ခင်စန်းရီဘဝက ပြည့်ပြည့်စုံစုံ။

ကျွန်တော့်ဘဝက မပြည့်စုံသူ။

အချစ်၏ အနက်အဓိပ္ပာယ်ကို တွေးဆကြည့်မိသည်။

ကျွန်တော်နှင့် ခင်စန်းရီက ငယ်စဉ်ကတည်းက အနေနီးစပ်၍ ချစ်ခဲ့မိ[illegible] တာလား။

သို့တိုင် ကျွန်တော် ခင်စန်းရီကို[illegible] ကျေးဇူးတင်နေမိသည်။ ကျွန်တော် ငယ်ရွယ်စဉ်က နှလုံးသားအလိုလိုက်၍ ခင်စန်းရီအပေါ် စွဲစွဲလမ်းလမ်းချစ်ခဲ့[illegible] သည်။ ခင်စန်းရီထံမှ ချစ်အဖြေ[illegible] တောင်းခံခဲ့သည်။ သည်တုန်းက အ[illegible] တစ်ခုတ လွဲ၍ ကျွန်တော့်ရင်ထဲတွ[illegible] ဘာမှ မရှိခဲ့။

ထိုစဉ်က ခင်စန်းရီက ကျွန်တော်[illegible] ကို ချစ်အဖြေမပေးခဲ့။ ကျွန်တော့်ဘဝ[illegible] ဆင်းရဲ၍ ခင်စန်းရီက ဘဝမတူ၍ ငြ[illegible] ပယ်ခဲ့သည်ဟု အထင်မှားကာ နာကြည်[illegible] ခဲ့ခြင်း ဖြစ်သည်။

ဒါကြောင့်လည်း နာကြည်း[illegible] တစ်လျှောက်ကြီးနှင့် ကျွန်တော် ခင်စန်း[illegible] ဝေးရာ အရပ်တွင် ဇာတ်မြှုပ်ခဲ့သ[illegible] ကျွန်တော် ခင်စန်းရီ မရှိမှ ခင်စန်း[illegible] စေတနာကို သိရှိလာမိသည်။

"အေးကွာ ဟိုတုန်းက ငါ [illegible] ဖက်သတ်အမြင်နဲ့ ကိုယ်လိုချင်တာ [illegible] လို့ ခင်စန်းရီကို အသည်းပေါက်အော[illegible] စိတ်နာကြည်းခဲ့မိတာ အမှန်ပဲ သိန်း[illegible] ဟိုတုန်းက ခင်စန်းရီ ငါ့အပေါ် ချ[illegible] မယ့် ချစ်အဖြေမပေးဘဲ သူ့ရင်[illegible] မျိုသိပ်ထားခဲ့တာ ငါ့ဘဝ မပြည့်[illegible] မဟုတ်မှန်း ငါသိပါပြီ သိန်းတ[illegible] ငါ့ဘဝကို တိုးတက်စေချင်လို့ အချ[illegible] ကို ဦးစားမပေးခဲ့တဲ့ သူ့စေတ[illegible] ငါနားလည်ပါပြီ၊ ခင်စန်းရီသာရှိ[illegible] ဘယ်လောက်ဝမ်းသာရှာမလဲ သိ[illegible] ရာ"

"ကဲ ပြီးခဲ့တာတွေလဲ ပြီး[illegible] ကွာ၊ မင်း ဘယ်တော့ ရန်ကုန်[illegible] လဲ"





www.burmeseclassic.com

www.burmeseclassic.com

"ငါ သုံးလေးရက်နေပြီး ပြန်မယ် သိန်းတင်၊ မင်းခု ဘာလုပ်နေလဲ"

"ငါ မင်းကျောင်းက ထွက်သွားပြီးနောက်နှစ်မှာ ငါ မြနှင်းနဲ့ အိမ်ထောင်ပြုခဲ့တာ"

"မြနှင်း ဟုတ်လား သိန်းတင်"

သိန်းတင် စကားကို ကြားလိုက်ရ၍ ကျွန်တော်အံ့အားသင့်သွားမိသည်။ မြနှင်းက ကျွန်တော်တို့နှင့် အတန်းတူသော်လည်း အခန်းကွဲသည်။ သိန်းတင်နှင့် အိမ်နီးချင်းဖြစ်၍ ကျောင်းအတူတက်သည်။

"ငါလဲ မြနှင်းနဲ့ အိမ်ထောင်ကျတော့ ကျောင်းဆက်မတက်တော့ဘဲ ရှာအလုပ်ကို ထမင်းစားဖို့ လုပ်ရတာပေါ့ကွာ၊ မင်းလိုပဲ ငါလဲ အချစ်ကို ဦးစားပေးပြီး အိမ်ထောင်ပြုတော့ ပညာရေးကို လမ်းခွဲပြီး ဘဝအတွက်ရုန်းကန်ခဲ့ရတာ၊ ခုမှ ငါလဲ ငါ့ဘဝကို မှားမှန်းသိခဲ့တာကွ၊ ခု ငါဆိုက်ကားနင်းနေရတာ၊ အဲဒါ မင်းကို တွေ့လို့ လာမေးကြည့်တာ"

သိန်းတင်က သူ့အဖြစ်ကို နောင်တကြီးစွာရပြီး ဆို့နင့်စွာ ပြောနေသည်။ ကျွန်တော် သိန်းတင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိသည်။ ကျောင်းနေဖက် သူငယ်ချင်းတွေ။ အရွယ်ရောက်လာမှ ဘဝကိုယ်စီဖြင့် ရုန်းကန်လှုပ်ရှားနေရသည့် မြင်ကွင်း။

"အေးကွာ မင်းခုလို ငါ့ကို လာတွေ့တာ ဝမ်းသာတယ် သိန်းတင်၊ မင်းအတွက် ငါ လက်ဆောင်ပေးမယ်"

ကျွန်တော် လွယ်အိတ်ထဲမှ ပိုက်ဆံကိုထုတ်ပြီး သိန်းတင်လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကျွန်တော့် အပြုအမူကို ကြည့်ပြီး သိန်းတင် မျက်နှာပေါ်တွင် အံ့ဩနေရှာသည်။

"ငါ မင်းနဲ့တွေ့တုန်း ကြုံတုန်း ကူညီတာကွ၊ မင်းနဲ့ ငါက သူငယ်ချင်းတွေလေ၊ တစ်ဦး အခက်အခဲတွေ့ရင် ကူညီဖေးမရမှာ မဟုတ်လား၊ မင်း မငြင်းနဲ့ သိန်းတင်"

သိန်းတင်က ကျွန်တော့်ကို တစ်လှည့်၊ ကျွန်တော်ပေးသည့် ပိုက်ဆံကို တစ်လှည့်ကြည့်ပြီးမျက်ရည်ဝဲနေရှာသည်။

"ဘဝကို တွေးပြီး ဝမ်းနည်းမနေပါနဲ့ သူငယ်ချင်းရာ၊ လောကဓံဆိုတာ လူတိုင်း ကြုံဆုံရတာ ဓမ္မတာပဲ မဟုတ်လား၊ ဘယ်လိုဘဝမျိုးရောက်ရောက် သတ္တိရှိရှိ ရင်ဆိုင်လိုက်စမ်းပါကွာ"

"မင်းခုလို ငါ့ဘဝအတွက် အားပေးတာ ငါဝမ်းသာတယ် သူငယ်ချင်း၊ ကဲ သူငယ်ချင်း ငါပြန်တော့မယ်"

သိန်းတင်က ကျွန်တော့်ကို နှုတ်ဆက်ပြီး တဖြည်းဖြည်းဝေးသွားသည်။ ကျွန်တော် သိန်းတင်အဖြစ်ကို တွေးမိရင်း ခင်စန်းရီကို သတိရသွားမိသည်။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးပါတကားဟု ဓမ္မသံဝေဂ ပွားမိရင်း သူငယ်ချင်းကောင်း ခင်စန်းရီ ရောက်ရာဘုံဘဝက ကြားနိုင် သိနိုင်ရန် ကျွန်တော်ရည်စူး အလှူဒါနပြုကာ ဆုတောင်း အမျှဝေရဦးမည်။ ကျွန်တော် ဆုတောင်း အမျှဝေသံကို ခင်စန်းရီ ကြားသိနိုင်ပါစေ။ သိနိုင်ပါစေ။

❑ ဇလွန်ကျော်ဦး




အင်းဂလိုင်ဘိုးဘိုးကြီးနန်း

အကြားအမြင်ဆရာမကြီး

ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောကျ်ား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ◎ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း

လမ်းညွှန် ◎ ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

◎ (ပိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ◎

ရွှေဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။

လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၀၀၅၅၈၆၀




www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ရှင် မှတ်ကြိုးနှင့် တစ္ဆေမီးမှတ်အမြည်း

"ထန်းရည် အရက်၊ တစ်ချက်ကိုကင်း၊ ဘိန်းဘင်းကစော်၊ လှော်စာသောက်စား၊ ပြုသူများ၊ စီးပွားပျက်မည်သိ" ဆိုတာက ရှေးပညာရှိတွေ ရေးထားခဲ့တဲ့ ဆုံးမလင်္ကာလေး၊ ထန်းရည်၊ အရက်၊ ဘိန်း၊ ဆေးခြောက်စတဲ့ မူးယစ်စေတတ်တဲ့အရာတွေကို မှီဝဲသောက်စားရင် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးဘက်ပေါင်းစုံက ကျဆင်းပြိုလဲလာမယ်ဆိုပြီး ဆုံးမထားတာ၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့နေ့စဉ်ကျင့်သုံးရမယ့် ငါးပါးသီလတော်မြတ်မှာလည်း သုရာမေရယကံကို မဖောက်ဖျက် မကျူးလွန်ဖို့ အဓိကထားမြစ်ထားတာ၊ အရက်သောက်ရင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံးအတွက် မကောင်းမှုတွေသာ ဖြစ်ပေါ်လာစေတယ်ဆိုတာ ဘာသာတရား အသီးသီးကလည်း ဆုံးမ တားမြစ်ထားတယ်၊ လက်ရှိ လူမှုဘဝမှာလည်း အရက်ကြောင့် ဘဝပျက်၊ အလှပျက်၊ မိသားစုသားစဉ်မြေးဆက်အထိ ဒုက္ခပင်လယ်ဝေကြရတာတွေ၊ အရက်သောက်စားမူးယစ်ပြီး စဉ်းစားဝေဖန် ဆင်ခြင်နိုင်စွမ်းတွေ ပျောက်ဆုံးလို့ မကောင်းမှုဒုစရိုက်တွေ ကျူးလွန်မိတာတွေကတော့ လူတိုင်းလိုလို ကိုယ့်ပတ်ဝန်းကျင်များ မြင်တွေ့ကြားသိနေကြတာပဲလေ။

အဲဒီ အရက်တို့၊ ထန်းရည်တို့ဆိုတာကလည်း ဘယ်လိုပဲဆုံးမ ပွဲပြင်ထားတယ် ဆိုပေမယ့် လူ့အဖွဲ့အစည်း ရှိနေသမျှ အရက်ဆိုတာ ရှိနေတာပဲ။ အရက်ရဲ့ဆွဲဆောင်နိုင်မှုဟာ ဘယ်အရာနဲ့မှ မတူဘူးလို့ ပြောရမယ်။

လူတစ်ယောက် အရက်စွဲလာပြီဆိုရင် မသောက်ရ မနေနိုင် ဖြစ်လာတော့တာပဲ။ ထမင်းစားဖို့ထက် အရက်သောက်ဖို့က ပိုအရေးကြီးလာတယ်။ အဲဒီအရက်ဆိုတာကလည်းတစ်ယောက်

တည်း သောက်တာထက်စာရင် အ…
အပေါင်းလေးနဲ့အမြည်းကောင်းကော…
လေးနဲ့မှ ဝိုင်းဖွဲ့လို့ကောင်းတာမျိုး…

အမြည်းဆိုလို့ အမြည်းတ…
နေရာမှာ တစ်ဦးနဲ့တစ်ဦး အကြိုက်…
ဘူး။ တချို့က ကြက်သားနဲ့ခွေးတော…
ရှက်ကြိုက်တယ်၊ တချို့က ဆိတ်…
ကြိုက်တယ်၊ တချို့က ဝက်ရိုးနဲ့ က…
ချဉ်ရှက် ကြိုက်တယ်၊ တချို့က ငါး…
ကြိုက်တယ်၊ တချို့က ငါးကြော် …
တယ်၊ ကိုယ်ကြိုက်ရာ ကြိုက်ရာနဲ့ …
လိုက်ရမှ အရသာပိုရှိတာမျိုး။

အဲဒီမှာ ထန်းရည်ကျတော့ …
မျိုး။ ထန်းရည်ကျတော့ စော…
ပြောတဲ့ အရက်သမားအကြိုက် …
ကြက်ခွေးတောက်၊ ဆိတ်ပဲ၊ …
ကင်ပွန်းတို့နဲ့ မလိုက်ဖက်ပြန်ဘူး…
ရည်သမားတစ်ယောက်ကျတော့…
ဘယ်လောက်ကောင်းကောင်းမ…





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ထန်းရည်မှထန်းရည်၊ အရက်က အဝင်ဆိုးတယ်။ ထန်းရည်က အဝင်ကောင်းတယ်။ ဆီးရွှင် ဝမ်းမှန်တယ်၊ အဲသလိုပြောပြီး ထန်းရည်ကိုမှ စွဲစွဲလမ်းလမ်း သောက်ကြသူလည်းရှိတယ်။

ထန်းရည်ကျတော့ ပဲကြီးလှော်တို့၊ ကြွက်ကြော်တို့၊ ပုတတ်ကင်တို့၊ ကြောင်သားတို့၊ ငုံးကြော်တို့၊ ချိုးကြော်တို့နဲ့ လိုက်ဖက်တယ်။ တောင်ငူဘုရင် တပင်ရွှေထီးဆို ထန်းရည်အလွန်ကြိုက်တယ်ဆိုပဲ။ တပင်ရွှေထီး ထန်းတောဆိုတာ တောင်ငူမှာ အခုထိ အထင်အရှား ရှိနေတာသာကြည့်တော့။ ထန်းရည်သမားက ထန်းရည်စစ်စစ်ကို ကြွက်ကြော် ပူပူနွေးနွေးလေးနဲ့ မြည်းရမယ်ဆိုရင် မြို့ကြီးပေါ်က စည်ဘီယာကို ဘယ်သောက်လိမ့်မတုံး၊ အရသာ မတူဘူးဆိုပဲ။

ကဲ၊ ပြောချင်တာက ထန်းရည်အကြောင်း မဟုတ်ဘူး။ ထန်းရည်တို့ အရက်တို့နဲ့ မြည်းလေ့ မြည်းထရှိတဲ့ အမြည်းတွေအကြောင်း၊ အညာဘက်မှာတော့ တွင်းပိုးဆိုတာ ရှိတယ်၊ တွင်းကောင်ကထွက်တာ။ တွင်းပိုးကြော်လေး ထန်းရည်က သိပ်လိုက်တာ၊ တောင်ပေါ်ဒေသတွေမှာတော့ တောကောင်သားတွေ ရတတ်တော့ ချေသား၊ ဆတ်သား တောဝက်သား စသည့်ဖြင့် ပေါ့။ သူ့ဒေသနှင့် သူ့ဓလေ့ အမြည်းဆိုတာမျိုးက အရက်နဲ့ တွဲဖက်ပါလေ့ရှိတဲ့ မရှိမဖြစ်တွေပေါ့။

အဲဒီလို အမြည်းတွေအကြောင်း လျှောက်တွေးရင်းနဲ့ ဘာသွားသတိရသလဲဆိုရင် ထူးထူးဆန်းဆန်း ကိုမှတ်ကြီးဆိုတဲ့ လူတစ်ယောက် တစ္ဆေ တစ်ကောင်ကို မီးဖုတ်ပြီး ထန်းရည်နဲ့ မြည်းလိုက်တယ်ဆိုတဲ့ အကြောင်းပဲ။

စိတ်ဝင်စားသွားပြီ မဟုတ်လား၊ တစ္ဆေကို မီးဖုတ်ပြီး ထန်းရည်နဲ့ မြည်းလိုက်တယ်ဆိုတော့လည်း ထူးထူးဆန်းဆန်း ကိစ္စပေါ့။ ကိုမှတ်ကြီးဆိုတဲ့လူအကြောင်း နည်းနည်းပြောဦးမယ်။

ကိုမှတ်ကြီးက မင်းရွာဇာတိသား၊ မင်းရွာကနေပြီး လက်ပံကုန်းမှာ မိန်းမရပြီး လက်ပံကုန်းရွာ သားဖြစ်နေတာ၊ သူက မုဆိုးလုပ်တယ်၊ သူ့အဖေကလည်း ရာသက်ပန် မုဆိုးလုပ်သွားတယ်၊

ကိုမှတ်ကြီးက ဖအေတူသား၊ သူများတွေလို ယာအလုပ်၊ ကိုင်းအလုပ်၊ လယ်အလုပ် သူဘာမှမလုပ်တတ်ဘူး။ စိတ်လည်း မဝင်စားဘူး။ သူ့ခြံထဲမှာသူ့အိမ်စားဖို့ ဟိုပင်ဒီပင်နည်းနည်းဆီ စိုက်ထားတာကလွဲပြီး ဘယ်ယာဘယ်ကိုင်းမှ မလုပ်ဘူး။ ဝါသနာလည်း မပါဘူး။သူ့ဘဝတစ်လျှောက် ဝါသနာပါတဲ့အလုပ်၊ သူ့အသက်မွေးဝမ်းကျောင်း အလုပ်က မုဆိုးအလုပ်ပဲ။

မုဆိုးမှာလည်း အမျိုးမျိုး ရှိကြတယ်။ ကိုမှတ်ကြီးတို့လို မုဆိုးကျတော့ ဘယ်သေနတ်မှ ကိုင်တာ မဟုတ်ဘူး။ သားကောင်ကြီး တောကောင်ကြီးတွေ လိုက်တဲ့ မုဆိုးအကြီးအစားမဟုတ်ဘူး။ သူက ယုန်၊ကြောင်၊ ဖွတ်၊ လိပ်၊ ပုတတ်၊ ချေ၊ တောင်ဆိတ်၊ တောဝက်၊ ဆတ် စတဲ့ အကောင်ပလောင်တွေကို ခွေးနဲ့လိုက်တဲ့ မုဆိုး၊ သူ့လက်နက်က ခွေးတွေပဲ။ ခွေးဆိုလို့ ဒီလို သာမန်ရိုးရိုး ခွေးတွေလို့ မထင်လိုက်နဲ့၊ ကိုမှတ်ကြီးတို့ ကိုင်တဲ့ ခွေးတစ်ကောင်ကို အကောင်းဆုံးဆိုတဲ့ နွားတစ်ရှဉ်းနဲ့တောင် မလဲနိုင်တဲ့ခွေးတွေ။ ဘာသတ္တိ ကောင်းသလဲဆိုတာတော့ မမေးနဲ့။ သခင်က အမိန့်ပေးလိုက်တာနဲ့ ကျားသတ္တဝါကိုတောင် အသေခံကိုက်မယ့်အာဂခွေးစွမ်းကောင်းတွေ။ ငယ်စဉ်ကတည်းက သေသေချာချာ လေ့ကျင့်ပေးထားတဲ့ ခွေးတွေ။

အဲသလိုခွေးတွေ မွေးပြီး အမဲလိုက်စားနေရတာကြောင့် ကိုမှတ်ကြီးတို့ ခွေးကိုချစ်တဲ့နေရာ၊ ဂရုစိုက် တန်ဖိုးထားတဲ့ နေရာတော့ သူများမြင်ရင် အမြင်ကတ်လောက်တယ်။

ကြည့်လေ၊ သူ့မိန်းမကိုတောင် သူ့ခွေးတွေလောက် မချစ်ဘူးလို့ ထန်းရည်မူးတိုင်း အော်ကျယ် အော်ကျယ် ပြောလေ့ရှိတယ်။ သူ့သားနှစ်ယောက် ရှိတာကလည်း ငပျင်းတွေ၊ အရွယ်ရောက်လာတဲ့အထိ ဘယ်နေရာမှ သုံးမရဘူး။ ဖအေနဲ့ တောလိုက်လည်း မပါဘူး။ အိမ်မှာလည်း သုံးမရဘူး။ ဝေလေလေကောင်တွေ။ အဲဒီသားနှစ်ယောက်က ကိုမှတ်ကြီး ထန်းရည်မူးလာပြီဆိုရင် ဝေးဝေးက ရှောင်နေတော့တာပဲ။

"ခွေးမသား ငပျင်းတွေ လူစင်စစ်ကနေ ခွေးတွေရဲ့လုပ်စာ ထိုင်စားနေတဲ့ ကောင်တွေ၊ ငါ့ခွေးတွေက မင်းတို့ရဲ့ ကျေးဇူးရှင်တွေ၊ ထမင်းရှင်တွေ၊ လာဒီမှာထိုင်၊ မင်းတို့ကို ထမင်းရှာကျွေးနေတဲ့ ကျေးဇူးရှင်တွေကို ကန်တော့ကြ"

ဆိုပြီး သူ့ခွေးတွေကို ထိုင်ပြီး ကန်တော့ခိုင်းတော့တာပဲ။ ဒါကြောင့် သူ့အဖေ ထန်းရည်မူးလာပြီဆို ရင် သူ့သားနှစ်ကောင် ပြေးတော့တာပဲ။

မှတ်ကြီးကလည်း သူ့ခွေးတွေကို တုန်နေအောင် ချစ်တယ်။ သူ့သာ သူ့မိန်းမ ချက်တဲ့ထမင်းကို စားနေပေမယ့် သူ့ခွေးတွေစားဖို့ ထမင်းတော့ သူကိုယ်တိုင် ချက်တယ်။ သူကိုယ်တိုင် အစာကျွေးတယ်။ ရေချိုးပေးတယ်။

ခွေးအုပ်ကလည်း ကြည့်လေ၊ ရှစ်ကောင်ရှိတယ်။ အဲဒီခွေးရှစ်ကောင်စလုံးမှာ အရည်အချင်း ကိုယ်စီရှိကြတယ်။ ယုန်လိုက်ကောင်းတဲ့ကောင်၊ ဖွတ်ရှာကောင်းတဲ့ကောင်၊ လိပ်ရှာကောင်းတဲ့ကောင်၊ ချေလိုက်ကောင်းတဲ့ကောင် စသည်ဖြင့် သီးခြားထူးချွန်တဲ့ စွမ်းရည်ကိုယ်စီရှိကြတယ်။ အုပ်ဖွဲ့ပြီးတော့လည်း ကောင်းတယ်။ သူ့ခွေးအုပ်နဲ့တွေ့ပြီဆိုရင် အဲဒီသားကောင် ပြေးလွတ်ရိုး ထုံးစံမရှိဘူး။ ဒီနယ်တစ်ကြောမှာတော့ မှတ်ကြီးရဲ့ ခွေးတွေဟာ နာမည်ကြီးတယ်။ သူ့ခွေးတစ်ကောင်ကို နွားတစ်ရှဉ်းနဲ့ မှတ်ကြီးက မလဲဘူး။ မှတ်ကြီး တောလည်သွားပြီဆို ရင် အနည်းဆုံး ခွေး လေးကောင်ပါတယ်။ ဒီတစ်ပတ် လေးကောင် တောလည်ပြီးရင် နောက်တစ်ပတ်ကျရင် နောက်

www.burmeseclassic.com

လေးကောင်ပေါ့။ ခွေးတွေကို အနားပေးတဲ့ သဘောနဲ့ အလှည့်ကျတော့ လုပ်လေ့ရှိတယ်။ မုတ်ကြီး တောသွားဖို့ ရေဘူး၊ လွယ်အိတ်၊ ဒူးလေး၊ ဓား စသည်ဖြင့် ပစ္စည်းတွေ ပြင်ဆင်နေပြီဆိုရင် သူနဲ့အတူ တောလိုက်ရမယ့် ခွေးတွေက အဆင်သင့်ဖြစ်နေပြီ။

မုတ်ကြီးက သူ့ခွေးတွေကိုအရိပ်တကြည့်ကြည့်နဲ့ သိပ် ဂရုစိုက်တယ်။ ရွာထဲက ခွေးတွေနဲ့လည်း သူ့ခွေးတွေက ဘယ်တော့မှ မရောဘူး။ သူ့ခွေးအုပ်ကို ရွာထဲက ခွေးတွေက ကြောက်တယ်။ မုတ်ကြီး မနက် ၈ နာရီလောက် စားသောက်ပြီး ခွေးတစ်အုပ်နဲ့ တောလည်ထွက်သွားပြီဆိုရင် ညနေ ပြန်လာလို့ကတော့ ဖွတ်ဆိုရင်လည်း အနည်းဆုံး ဆယ်ကောင်လောက်တော့ ပါလာပြီးသားပဲ။ တစ်ခါတလေ ယုန်၊ တစ်ခါတလေ လိပ်၊ တစ်ခါတလေကျရင် ချေလိုကောင်မျိုး၊ တောင်ဆိတ်လိုကောင်မျိုး၊ ဘာကောင်ပါလာပါလာ ဝယ်သူက အမြဲရှိနေတော့ ပြိုက်ခနဲကုန်၊ ပိုက်ဆံ ချက်ချင်းဖြစ်ရော။

ဒါပေမယ့် မုတ်ကြီးက ပါလာသမျှ သားကောင် ဘယ်တော့မှ အကုန်ရောင်းမပစ်ဘူး။ သူ့အိမ်စားဖို့ထက် သူ့ခွေးတွေစားဖို့က အရေးကြီးတယ်။ တကယ့်လူစားသလို ပါလာတဲ့အကောင်ပလောင်တွေထဲက သူ့ခွေးတွေစားဖို့ သူကိုယ်တိုင် ခုတ်ထစ်ချက်တော့တာပဲ။

အဲ့သလို ကောင်းကောင်းစားနေရမှန်းသိတော့ သူ့ခွေးတွေကလည်း တောလည်သွားရမယ်ဆိုရင် အမြီးတနန့်နန့်နဲ့ အမြဲတမ်း တက်ကြွလန်းဆန်းနေကြတယ်။ ပြန်လာရင် ကောင်းကောင်း စားရမယ်ဆိုတာ သိနေကြတာကိုး။ တစ်ခါတလေ သူ့ခွေးတွေစားဖို့ သူကိုယ်တိုင် ချက်ထားတဲ့ ဖွတ်သားဟင်းအိုးထဲက ဟင်းတွေကို သူ့သားအကြီးကောင်က သူ့သူငယ်ချင်းတွေနဲ့ ထန်းရည်သောက်ရင်း မြည်းဖို့ဆိုပြီး မုတ်ကြီး မသိအောင် ခိုးခပ်သွားတာ။ မုတ်ကြီး သိသွားတော့ ဘာပြောကောင်းမလဲ၊ ငှက်ကြီးတောင် ဆွဲပြီး ထန်းတောထဲ သူ့သားကို လိုက်ခုတ်တာ တစ်ချိုးတည်း ထွက်ပြေးပြီး ခုနစ်ရက်လောက် အိမ်ပြန်မလာရဲဘူး။ ပြောစမှတ်ကိုဖြစ်ရော။

အဲ့သလောက် သူ့အမဲလိုက်ခွေးတွေကို ချစ်တာ။ မုတ်ကြီးက စကားလည်းနည်းတယ်၊ လူပုစိတ်တို ပြောပြတ်ပြတ် လုပ်ပြတ်ပြတ်သမား။ မဟုတ်တာလည်း မပြောဘူး။ မမှန်တာလည်း ဘယ်တော့မှမလုပ်ဘူး။ မုတ်ကြီးရဲ့ မျိုးဂုဏ်နဲ့ သတ္တိ ဇွတ္တိကို တစ်ရွာလုံးက လေးစားကြတယ်။ ကြောက်လည်း ကြောက်တယ်။ မုတ်ကြီးက ဘယ်အရာကိုမှလည်း ကြောက်တတ်တဲ့လူမဟုတ်ဘူး။

တစ်လောကလုံးမှာ မုတ်ကြီး အကြောက်ဆုံးက ဘာလဲဆိုရင် သူ့ခွေးတွေ နေမကောင်းဖြစ်မှာနဲ့ သူ့ခွေးတွေ လေသွားမှာကိုပဲ။ အဲဒါကလွဲပြီး မုတ်ကြီး ဘာမှမကြောက်ဘူး။

မကြောက်တတ်ဘူးဆိုလို့ ပြောရဦးမယ်။ မုတ်ကြီးတို့ အကြောက်အလန့် ကင်းပုံများ၊ ဒီလို၊ တစ်နေ့ ထုံးစံအတိုင်း မုတ်ကြီး တောလည်သွားတယ်၊ ခွေးက လေးကောင်ပါတယ်။

အဲဒီနေ့က မုတ်ကြီး မနက် ၈ နာရီလောက် ရွာက ထွက်သွားတယ်။ သူက တောလည်တဲ့နေရာ ဘယ်နေရာ သတ်မှတ်ချက် မရှိဘူး။ ဘယ်အပင်မှာ ဘာအသီးသီးပြီဆိုရင် ဘာသားကောင် ရောက်လာတော့မယ် စသည်ဖြင့် တောတောင် ရေမြေနဲ့ ရာသီဥတုအခြေအနေကို မုတ်ကြီးက သိတယ်။ ဒါကြောင့်လည်း မုတ်ကြီးတို့ တောလည်သွားပြီဆိုရင် လက်ချည်းပဲ ပြန်လာခဲ့ရတယ်ဆိုတာ ဘယ်တုံးကမှ မရှိခဲ့ဘူး။

သူများတွေက တောလည်သွားရင် အဖော်ခေါ်ခေါ် သွားတတ်ကြတယ်။

မုတ်ကြီးက တောလည်သွားပြီဆိုရင် ဘယ်သူ့ကိုမှ အဖော်မခေါ်ဘူး။ သူ့အဖော်ကတော့ သူ့ခွေးတွေပဲ။ တော

ခြောက်တာတို့ သရဲခြောက်မှာတို့ ဘယ်
တော့မှ မုတ်ကြီး မကြောက်ဘူး။ ဘာ
အယုံအကြည်မှ မရှိဘူး။ တောလည်
သွားပြီဆိုရင် အချို့မုဆိုးတွေလို တော
ခြောက်တာတို့၊ ဟိုအပင် ဒီအပင် ကို
ကွယ်ဆုတောင်းတာတို့ ဘယ်တုံးက
လုပ်လေ့လုပ်ထ မရှိဘူး။

သူက မုဆိုးဘဝ ဝမ်းရေးအ
လုပ်နေရပေမယ့် ရတနာသုံးပါး အ
ကိုးကွယ်ဆည်းကပ်တယ်။ သရေ
လည်း တည်တယ်။ သောက်တာ
တာတော့ ရှိတာပေါ့။ ဒါပေမယ့် ဘ
လောက်သောက်သောက် အလွန်အ
မူးတယ်တော့မရှိဘူး။

ပြီးတော့ မုတ်ကြီးက အမ
မကြိုက်ဘူး။ ထန်းရည်ပဲ သောက်တ
နေ့တိုင်းလိုလို သောက်တယ်။ သော
ပေမယ့်လည်း စီးပွားရေး၊ လူမှုရေး
ဘာသာရေး ဘယ်နေရာမှ မလစ်
ဘူး။ အဲသလို စည်းကမ်းရှိတယ်။

စောစောကကိစ္စ ပြန်ဆက်
အဲ့ဒီနေ့က ထုံးစံအတိုင်း ခွေး
ကောင်နဲ့ တောထဲသွားတယ်။ အဲ့ဒီ
ကတော့ သူက မြောက်ဘက်တော
ယုန်လိုက်မယ်လို့ သူ့မိန်းမကို ပြော
တယ်။

အဲဒီမြောက်ဘက်တောက
နည်းနည်း လှမ်းတယ်။ တောနဲ့ရွာ
မှာ ဖုန်းဆိုးရွာပျက်ရှိတယ်။ ထန်း
ကြီးတွေလည်း ခြားနေတယ်။ တော
က ဖုန်းဆိုးရွာပျက်က သရဲခြောက်
လို့လည်း နာမည်ကြီးတယ်။ တော
အဖော်မပါရင် သွားလေ့သွားထ

အဲဒီနေ့က မုတ်ကြီး တော
ပြန်လာတော့ ညနေ ၄ နာရီကျော်
တောရိပ်တောင်ရိပ်ကြောင့် အ
ရောင် ရှိနေပေမယ့် နည်းနည်း
တယ်။ ယုန်ကလည်း ထမ်းပိုးနဲ့
တာ ရှစ်ကောင်။ လွယ်ထားတဲ့လွ
ထဲမှာ လိပ် တစ်ကောင်ပါလာ

ယုန်ရှစ်ကောင် အလေ
လည်း မနည်းဘူး။ အဲဒါနဲ့ မုတ်





www.burmeseclassic.com

www.burmeseclassic.com

ခွေးတစ်အုပ် တောထဲက ထွက်လာပြီး သိပ်မကြာခင် တောဝက်က ဖုန်းဆိုးတောကို ရောက်လာတယ်။

အဲဒီဖုန်းဆိုးရွာပျက်က တစ္ဆေခြောက်တယ်လို့ နာမည်ကြီးတဲ့နေရာ။ အဲဒီနေရာက ဖြတ်လမ်း၊ တခြားနေရာကသွားတာထက်စာရင် နာရီဝက်၊ တစ်နာရီလောက်ခရီးပိုမြန်တယ်။ ဒါကြောင့် အဲဒီနေရာက ဖြတ်ပြန်လာတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း ဖုန်းဆိုးတောလည်း ရောက်လာတော့ ညနေ ၅ နာရီလောက် ရှိနေပြီ။ ခွေးတွေက တစ်နေရာကို ရုတ်တရက် စူးစူးဝါးဝါး ဟောင်တော့ မှုတ်ကြီးလည်း တုန်ခနဲ ဖြစ်သွားတယ်။ ပခုံးပေါ် ပါလာတဲ့ ယုန်ထမ်းရဲ့ အလေးချိန်ကလည်း နင့်နေတော့ နားတဲ့အနေနဲ့ရော၊ ခွေးဟောင်တာကို စူးစမ်းတဲ့အနေနဲ့ရော ထမ်းပိုးကို အောက်ချလိုက်တယ်။ ခွေးတွေကလည်း ရှေ့ဆက်မသွားဘဲ တစ်နေရာကို ရပ်ပြီး ဟောင်နေတယ်။

ဒါနဲ့ မှုတ်ကြီးခါးက ဓားမြှောင်ကိုထုတ်ကိုင်ပြီး ဘာပါလိမ့်ဆိုတဲ့အတွေးနဲ့ ခွေးဟောင်တဲ့ဘက်ကို ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရဘူး။ နောက် အဲ့ ညှီစို့တဲ့အနံ့ဆိုးကြီး ရုတ်တရက် ထိုက်ခနဲ ရလာတယ်။

မှုတ်ကြီး ပျို့အန်မလို ဖြစ်သွားတယ်။ ခွေးတွေကလည်း စူးစူးဝါးဝါး ဟောင်နေတယ်။ အနံ့ဆိုးကြီး ပျောက်သွားပြီးသစ်ရွက်ခြောက်တွေကို သတ္တဝါကြီးတစ်ကောင် ပြေးပြီး နင်းလာသလို ဘွဲ့ဘွဲ့ အသံကြီးကြားရပြီး မြေကြီးကို ဆောင့်နင်းတဲ့ ဖုန်း-ဖုန်း-ဖုန်း ဆိုတဲ့ အသံကြီး ကြားရတယ်။ ဘာမှတော့ မမြင်ရဘူး။

သူ့ရှေ့ ဝါးတစ်ပြန်လောက်က သစ်ကိုင်းကြီးတစ်ကိုင်း ရုတ်တရက် သွက်သွက်ခါသွားတာ မြင်လိုက်ရတော့ ဒါ တစ္ဆေခြောက်တာပဲ နေမှာဆိုပြီး မောလည်းမော စိတ်လည်းတိုတာနဲ့ . .

"ဟေ့ ဘယ်ခွေးမသားလဲကွ၊ ငါ့ကိုခြောက်နေတာ၊ မသာထပ်ပေါ်ချင်လို့လား၊ သတ္တိရှိရင် အကောင်လိုက်ပြကွာ၊ သရဲမ ဆိုရင်တော့ မုတ်ဆိတ်ပျားစွဲတာပဲဟေ့"

လို့ အော်လည်းပြောလိုက်ရော ဖြန်းဆို သူ့ရှေ့ ဝါးတစ်ပြန်လောက်အကွာမှာ လူ့အရပ်နှစ်ပြန်လောက်ရှိတဲ့ တစ္ဆေကြီး အမွေးတွေတစ်ထွာလောက်ရှည်တယ်။ အကောင်ကလည်း ကျွဲလောက်ကြီး၊ မျက်နှာတော့ ပီပီပြင်ပြင် မမြင်ရဘူး။ တစ်ကိုယ်လုံး ယိမ်းထိုးနေတယ်။ ခွေးတွေကလည်း တအား ထိုးဟောင်နေတယ်။ မှုတ်ကြီးတောင် ရုတ်တရက် မှင်တက်သလို ရှိသွားရာကနေ ဒေါသထွက်ပြီး. . .

"ခွေးမသားတစ္ဆေ သေပေတော့"

ဆိုပြီး သူ့လက်ထဲက အမဲလိုက်ဓားမြှောင်နဲ့ ပြေးထိုးတော့တာပဲ။

ချက်ဆို နားခွက်က မီးတောက်တဲ့ သူ့ခွေးတွေကလည်း သူ့သခင်ရှေ့ကနေ စုပြုံပြီး ပြေးထွက်သွားတယ်။

ဒါနဲ့ မှုတ်ကြီးလည်း ဆဲဆိုအော်ဟစ်ပြီး သူ့ခွေးအုပ်နဲ့ ပြေးလိုက်တော့ အဲ့ဒီတစ္ဆေကြီးဟာ ချုံပုတ်တစ်ခုအောက်ကို အကောင်လိုက်ကြီး ရုတ်တရက် ပြေးဝင်သွားတာ မြင်လိုက်ရပြီး ဖြန်းခနဲ မြင်ကွင်းက ပျောက်သွားတယ်။ အဲ့ဒီချုံပုတ်က လူတစ်ရပ်သာသာ ခပ်သေးသေးရယ်။ ဝင်သွားတဲ့ တစ္ဆေက လူနှစ်ရပ်လောက်ရှည်ပြီး ကျွဲပေါက်လောက် အကောင်မည်းမည်းကြီး။ဘယ်လိုလုပ် ပျောက်သွားပါလိမ့်ပေါ့။ မှုတ်ကြီးနဲ့ ခွေးတွေဟာ ချုံပုတ်ကို ဖြိုပြီး ရှာလည်း ဘာမှမတွေ့ရဘူး။

မှုတ်ကြီးလည်း မကျေနပ်ဘူး။ ဒါနဲ့ချုံပုတ်ကို ဓားနဲ့ခုတ်ပစ်လိုက်တယ်။ သေသေချာချာကြည့်တော့ ချုံအောက်မှာ နို့ဆီဘူးဝိုင်းလောက်ရှိတဲ့ ကြွက်တွင်းလို တွင်းတစ်တွင်းတွေ့ရတယ်။ တွင်းကိုလည်း တွေ့ရော ခွေးလေးကောင်က တွင်းပေါက်မှာစုပြုံပြီး တွင်းထဲကို လက်နဲ့ကုတ်ပြီး တအီအီနဲ့ ဝိုင်းဟောင် ဝိုင်းအော်ကြတော့တာပဲ။ မှုတ်ကြီးလည်း ခွေးမသားတစ္ဆေ ဒီတွင်းထဲဝင်သွားတာ ဖြစ်မယ်ဆိုပြီး ဒေါသဖြစ်ဖြစ်နဲ့ လက်ထဲက အမဲလိုက်ဓားနဲ့ အဲဒီတွင်းကို တူးဆွပစ်လိုက်တော့ တစ်တောင်ရှည်ရှည်လောက်လည်းတူးပြီးရော တွင်းထဲမှာ မျက်လုံးကြီးပြူးပြီး ကြောက်လန့်တုန်လှုပ်နေတဲ့ တစ်ပေနီးပါးလောက်ရှိတဲ့ ပုတ်သင်ကြီးတစ်ကောင်ကို တွေ့လိုက်ရတော့တာပဲ။

ဒါနဲ့ မှုတ်ကြီးလည်း ကဲကွာ သေပေတော့ဆိုပြီး အဲဒီ ပုတ်သင်ကြီးကို ဓားပြားနဲ့ ရိုက်ထည့်လိုက်ပြီး သူ့လွယ်အိတ်ထဲ ကောက်ထည့်လိုက်တယ်။ ဒါနဲ့ သူ့ယုန်တွေ ထားခဲ့တဲ့နေရာ ရောက်တော့ မောမောနဲ့ ခဏနားနေတုန်း မှုတ်ကြီး စဉ်းစားတယ်။

မှုတ်ကြီးက စာလေးပေလေးလည်း ဖတ်တယ်။ ငယ်ငယ်က ရွာဦးကျောင်းမှာနေတုန်း သူ့ဦးလေး ဘုန်းကြီးဆီမှာ အတော်အသင့် စာသင်ဖူးတော့ သူက ဘာကို သွားသတိရသလဲဆိုရင် မိလိန္ဒမင်းနဲ့ ရှင်နာဂသိန် အမေးအဖြေကျမ်းမှာ သရဲတစ္ဆေတွေ ဘဝပြောင်းရင် သူတို့မှာ အကောင်အထည် ဒြပ်ထုမရှိတော့ ဖွတ်၊ ပုတတ်၊ ကင်းလိပ်၊ ပုတ်သင် စသည်တို့ရဲ့ အကောင်သဏ္ဍာန် ဖန်ဆင်းပြီး ဘဝပြောင်းရတယ်ဆိုတာ သွားတွေးမိတယ်။

ဒါနဲ့ ဒီပုတ်သင်ကြီးဟာ သူ့ကိုခြောက်တဲ့ တစ္ဆေကောင်ကြီး ဖြစ်မှာပဲ၊ တွေ့ကြရောပေါ့ကွာ။ ခွေးမသားတစ္ဆေလို့ စိတ်ထဲက ကြုံးဝါးပြီး ယုန်တွေထမ်းပြီးရွာကို ခပ်သုတ်သုတ် ပြန်လာတယ်။ ရွာမရောက်ခင် ကြားက ထန်းတောမှာ သူထန်းရည်သောက်နေကျ။ မောလည်း မောလာတယ်။ ထန်းရည်သောက်ဖို့က ပိုက်ဆံမလိုဘူး။ ပါလာတဲ့ ယုန် တစ်ကောင် ပေးလိုက်ရင် အကြိုက်သောက်သွား။ ဒါ သူတို့ဓလေ့လိုဖြစ်နေတာ။

ဒါနဲ့ မှုတ်ကြီးလည်း ယုန် တစ်ကောင် ဖြုတ်ပြီး ကိုဖိုးနီကို ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပြီးတော့ လွယ်အိတ်ထဲက ပုတ်သင်ကြီးကို ထုတ်ပြီး. . .

"ဟော့ ဖိုးနီ ဒါကြီး အရေခွာပြီး မီးဖုတ်ပေးစမ်းကွာ ခပ်မြန်မြန်လေး" လို့ ပြောလိုက်တယ်။

ဒီတော့ ဖိုးနီက . . .

"ဟာ ကိုမှတ်ကြီးကလဲ ဒီမှာ မြွေပွေးသား ချက်ထားတာ ကောင်းမှ ကောင်း" လို့ ပြောလိုက်တော့ မှတ်ကြီးက . . .

"အဲ့ဒီကောင်သာ မီးဖုတ်လိုက်စမ်းပါကွာ၊ ဒီနေ့ ငါဘာနဲ့မှ မမြည်းဘူး၊ အဲဒီကောင်က ငါ့ကို ခြောက်လိုက်တဲ့ တစ္ဆေကွ၊ ဒါကြောင့် ဒီကောင်ကို မီးဖုတ်ပြီး ငါမြည်းပစ်မလို့"

လို့ဆိုတော့ ဖိုးနီလည်း ကြောင်တောင်တောင်ဖြစ်သွားတယ်။ ဒါပေမယ့် မှတ်ကြီးကို ဘာမှထပ်မပြောတော့ဘူး။ မှတ်ကြီးပေးတဲ့ ပုတ်သင်ကို အရေခွာပြီး ဆား၊ ဆနွင်းနယ်ပြီး မီးဖုတ်ပေးလိုက်တယ်။ မီးလည်းဖုတ်လိုက်ရော ပုတ်သင်မီးဖုတ်က မွှေးပြီး စားချင်စရာဖြစ်လာတယ်။ အဲဒီအမြည်းနဲ့ မှတ်ကြီး ထန်းရည်သုံးလုံး သောက်ပစ်လိုက်တာ သူ့စိတ်ထဲ တော်တော်ကျေနပ်သွားတယ်။

"မှတ်ကရောကွာ" ဆိုပြီး စိတ်ချမ်းသာသွားတယ်။

အဲ့ဒီအဖြစ်အပျက်တွေ ဖြစ်ပွားပြီး တစ်နှစ်လောက်ကြာတော့ အဲဒီထန်းတောထဲက ဖိုးနီရဲ့မိန်းမ မတင်မှာ တတိယကလေး ယောကျ်ားလေး မွေးတယ်။ ကလေးက မည်းမည်းလုံးလုံး ကောင်လေး၊ ထွားထွားကျိုင်းကျိုင်းနဲ့ ချစ်စရာ ကောင်းတယ်။

နို့စို့အရွယ်တုန်းက တစ်ခါတလေ အဲဒီဘက် မှတ်ကြီး ရောက်သွားလို့ ဖိုးနီရဲ့ကလေးကို ကောက်ချီလိုက်ရင် ဒီကလေး ငိုတော့တာပဲ။ ဘယ်လိုမှ မှတ်ကြီး ချီမရဘူး။ နောက်တော်တော်လေးကြာတော့ အဲဒီကလေး လမ်းစမ်းလျှောက်တတ်လာပြီး စကားမပီကလာ ပြောတတ်တဲ့အရွယ် ရောက်လာတော့ မှတ်ကြီးလာတာ မြင်တာနဲ့ တစ်ချိုးတည်း သူ့အမေ မတင် ရင်ခွင်ထဲကို ငိုပြီး ပြေးဝင်တော့တာပဲ။ သူ့အမေရင်ခွင်ထဲမှာ တစ်ကိုယ်လုံးတုန်ပြီး မအေကို အတင်းဖက်ထားတယ်။ ပါးစပ်ကလည်း. . .

"အမေ အမေ အဲ့ဒီလူကြီး သား ကြောက်တယ်၊ သား ကြောက်တယ် အမေ၊ အဲဒီလူကြီး သား အရင်တစ္ဆေဘဝက သားကိုရိုက်သတ်ပြီး မီးဖုတ်ပြီးတော့ ထန်းရည်နဲ့ မြည်းပစ်လိုက်တာ သား ကြောက်တယ်၊ ဟီး . . . ဟီး" ဆိုပြီး ငိုတော့တာပဲ။

မှတ်ကြီး မြင်တာနဲ့ ဒီအတိုင်းချည်းပဲ ဖြစ်နေတော့ ဖိုးနီတို့ လင်မယားရော၊ မှတ်ကြီးရော၊ တခြားလူတွေပါ ဟုတ်လောက်မယ်၊ ဘာညာပေါ့၊ ပြောစမှတ်ဖြစ်လာတယ်။

တကယ်ပဲ တစ္ဆေဘဝနဲ့ မှတ်ကြီး ရိုက်သတ်တာခံရပြီး မီးဖုတ်ပြီးတော့ ထန်းရည်နဲ့ မြည်းပစ်လိုက်တာနေမှာလို့ မကြာမကြာ ပြောနေကြသေးရဲ့။

❒ မောင်လှ...




ဦး အရဟံ မေတ္တာ လာဘ်

**နှတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | |
|---|---|
| ဟောခန်းတည်နေရာ ➻ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ |
| လမ်းညွှန် ➻ | အမိပမိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် ➻ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း ➻ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် ➻ | ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ထချာဗေဒ ၊ ဝိစေတုဗျူဒ္တရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

၀၁၁၁–ဂု၆ဂုဂု

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျွမ်းကျင်သူ

ဟောခန်း(ရုံးခန်း)နှင့် မြန်မာ့ရိုးရာပိုက်စ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉–၅၁၃၉၈၂၄၀

နေအိမ် — ၇၂(၇–က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ



www.burmeseclassic.com

www.burmeseclassic.com




# ရှက်ခြောက်ကိုနှင်းမိတော့ ပြင်းသည့်အာသံ

**ကိုချစ်(စေး--၂)**

ကျွန်မတို့၊ ဖူးတို့ရဲ့ Sriracha Tiger Zoo ဝင်းကြီးထဲမှာ ကြည့်ချင်စရာ ပြကွက်တွေက စုံလို့။ ကင်းမြီးကောက်ဘုရင်မ (Scorpion Queen)တို့၊ ကျားပြပွဲ (Tiger Show)၊ မိကျောင်းပြပွဲ (Crocodile Show)တို့၊ ဆင်လိမ္မာပြပွဲ (Elephant Show) တို့ အများကြီးမှ အများကြီးပါပဲ။ တစ်နေ့တစ်နေ့ ကမ္ဘာတစ်ဝန်းက လာလိုက်ကြတဲ့ လူတွေကလည်း မနည်းမနော။

ဝက်မကြီးနဲ့အတူတူနေတဲ့ ကျားကလေးတွေလည်း ရှိတယ်။ အဲဒီမှာ ဓာတ်ပုံတွေ ရိုက်နိုင်တယ်။ ဝက်တွေကန်တဲ့ဘောလုံးပွဲလည်းရှိတယ်။ ပြကွက်တစ်ခုမှာတော့ လူမည်းစုံတွဲ တစ်တွဲကလည်း ကျားတွေနဲ့ အတူနေထိုင်လို့။ သူတို့က ကျားသစ်ရေနဲ့ ချုပ်ထားတဲ့ အာဖရိကတောရိုင်းသားအင်္ကျီကိုဝတ်ထားကြတယ်။ မိန်းမက ခပ်ဖော်ဖော်ဝတ်ရတယ်။ ပခုံးတစ်ဖက် ဖော်ပြီးတော့ပေါ့။ သူတို့က လူမည်းအစစ်တွေနော်။

ဆင်တွေဆို ဒီနေ့ခေတ်စားနေတဲ့ အိုပါဂန်းနမ်းစတိုင် ကိုရီးယားသီချင်းနဲ့တောင် ခပ်မြူးမြူးကတတ်ကြတယ်။ ကျွန်မတို့နိုင်ငံက ဆင်ချစ်တော့ ဆင်ကလေးတွေကလည်း ခန္ဓာကိုယ်သာကြီးတာ ချစ်ဖို့ကောင်းအောင် အမျိုးမျိုးလုပ်တတ်ကြတော့ လူတွေမှ ကြိတ်ကြိတ်တိုးပဲ။ အံမယ် ဆင်တွေက ပန်းခိုဆွဲတာများ ကျွန်မတို့ထက်တော်တယ်။ တီရှပ်မှာတောင် (LOVE) စာလုံးတွေဘာတွေ ရေးပြတတ်တယ်။

ကင်းမြီးကောက်ဘုရင်မ လုပ်တာလည်း ကျွန်မ သူငယ်ချင်းပါပဲ။ သူက လှလည်းအတော်လှတယ်။ မိတ်ကပ်လိမ်းပြီး ဇာနဲ့ပိုးစပ်ထားတဲ့ဝတ်စုံကိုဝတ်ထားရင် မင်းသမီးလေးလိုပါပဲ။ သူ့ရင်ဘတ်မှာတော့ ကင်းမြီးကောက်အကောင်တစ်ရာလောက်ဟာ ရှုစိတက်နေရဲ့။ သူနဲ့အတူ ဓာတ်ပုံတွဲရိုက်ချင်တဲ့သူတွေ၊ သူ့လိုပဲ ကင်းမြီးကောက်တွေကိုယ်ပေါ် တရွရွအတင်ခံချင်သူတွေကို သူက ကူညီပေးတယ်။ ပြီးတော့ ဝန်ဆောင်ခအဖြစ် ဘတ်ငွေနည်းနည်းယူတယ်။ သိတယ်မဟုတ်လား၊ ကျွန်မတို့ထိုင်းမှာက ဝန်ဆောင်ခပေးရလည်း တန်အောင် ပြန်ပေးတာလေ။

ကျွန်မက ဒီဝင်းကြီးထဲမှာ လှည့်ပြီး ဈေးရောင်းရတဲ့ဝန်ထမ်း။ ကျွန်မလက်ထဲမှာ အကောင်ဗလောင် အရုပ်လေးတွေပါတဲ့ ကလေးဆောင်း ဦးထုပ်တွေ၊ အမှတ်တရတီရှပ်တွေ၊ ဆင်ရုပ်၊ ကျားရုပ်၊ မိကျောင်းရုပ်လေးတွေ စုံလို့။ တစ်ဝင်းလုံး လှည့်ရောင်းရင်း ကွင်းကြီးက ကျယ်တော့ လမ်းမှားတဲ့သူတွေကိုလည်း မကြာခဏ လမ်းပြပေးရရဲ့။

ကျွန်မတို့ ထိုင်းတွေက အင်္ဂလိပ်လိုလည်း သိပ်မတတ်ကြတော့ လက်ပြခြေပြ စကားပါ ညှပ်သုံးရတာပေါ့။

တစ်ဝင်းလုံး လှည့်ရောင်းရတယ်ဆိုပေမယ့် ကျွန်မခြေထောက်တွေက



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းရှိုးနားပဲ ရစ်သီ ရစ်သီလေ။ သီဆို ကျွန်မယောက်ျား 'ဖူး'က အဲဒီမှာ မိကျောင်းတွေနဲ့ သရုပ်ပြရတဲ့သူကိုး။

သိတယ် မဟုတ်လား၊ ကျွန်မတို့ မိကျောင်းတွေက ဒီပြင်သတ္တဝါတွေလို ခုန်ပျံကျော်လွှား လုပ်တတ်တာမျိုး မရှိဘဲ ရေစပ်မှာတင် လဲလျောင်းပြီး ငြိမ်နေတတ်တာမျိုးလေ။ ဒီတော့ သူတို့ကို အပေါ်က ဆီးကြည့်ရင်တောင် မြင်နိုင်အောင် ရင်ခေါင်းလောက်ကျော်ကျော်အထိ မှန်လုံတံတိုင်း ခတ်ထားရတယ်။ ပြကွက်ကို ရေကန်လိုလုပ်ပြီး အလယ်မှာ အင်တေပြင်ကို ခပ်လျှောလျှောနဲ့ ကုန်းမို့မို့လေးလိုလုပ်ထားတယ်။ ပြီးတော့ မိကျောင်းတွေက ပြကွက်ပတ်ပတ်လည်က ရေစပ်စပ်မှာ အသေလို အိပ်နေတတ်ကြတာလေ။

ကျွန်မယောက်ျားကလည်း သူ့မိကျောင်းတွေလိုပဲ မထုံတက်တေး။ အားမလို အားမရ ထုရိုက်ပစ်ချင်လောက်ရအောင် အေးတဲ့သူ။ သစ်တုံးလိုလူ။ မိကျောင်းတွေငြိမ်နေရင် ရုတ်တရက်က မမြင်နိုင်ဘူး။ သူတို့ကို ရေနဲ့ ပက်ပက်ပေးမှ ယက်ကန်ယက်ကန်နဲ့ လှုပ်လာပြီး ဟောတစ်ကောင်၊ ဟောတစ်ကောင်ဆို မြင်ကြရတာ။

ကွင်းအလယ်ကောင်က သမံတလင်း တစ်နေရာမှာ မိကျောင်းတွေနဲ့အတူ အနီရောင်ဖဲသားနဲ့ ချုပ်ထားတဲ့ ထိုင်းရိုးရာဝတ်စုံတွေဝတ်ပြီး၊ ကျွန်မတို့ သရုပ်ပြသူတွေက ဟန်ရေးပြကြရတယ်။ ဓားရေး၊ လှံရေးတွေ ပြကြတယ်။ အဲဒီလို ပြနေရင်းလည်း မိကျောင်းတွေကို ရေနဲ့ ပက်ပက်ပေးကြရသေးရဲ့။ မိကျောင်းတွေက ကိုယ်ကို ရေစိုနေမှ နေသာထိုင်သာရှိတာလေ။ ရေကြိုက်သူတွေပေါ့။

ပြီးမှ ရေထဲက မိကျောင်းတွေကို လက်ထဲကိုင်ထားတဲ့ တုတ်နဲ့ဆွ၊ အမြီးဆွဲနဲ့ အသက်ဝင်လာအောင် လုပ်ကြရတာ။ မိကျောင်းတွေက ယဉ်နေတော့၊ သေသေချာချာလည်း သင်ထားတော့ တုတ်ကလေးပြတာနဲ့လည်း ပါးစပ်ဟပေးတတ်၊ ပြန်ပိတ်ပေးတတ်ကြပါတယ်။

ပြကွက်တစ်ခုမှာတော့ ဖူးက အိပ်နေတဲ့မိကျောင်းရဲ့အမြီးကို ဆွဲလှန်ရတယ်။ မြွေတစ်ကောင်လို ကန့်လန့်စင်းတွေက မိကျောင်းအမြီးရဲ့အောက်ဘက်မှာ ရှိနေရဲ့။ အဲဒါတွေ ဖွေးခနဲပေါ်တဲ့ အထိကို ဆွဲလှန်ရတာ။ ပြီးတော့ ဘုတ်ခနဲ ပစ်ချလိုက်ရတယ်။

အဲဒီလို မိကျောင်းရေတွေကို သွားဆွပေးတဲ့အခါ တေးဂီတ အကူအညီအနေနဲ့ ပတ်မသံ၊ လင်းကွင်းသံ၊ ဗုံသံတွေနဲ့ နောက်ကနေ အခြောက်အလှန့်တွေကိုလည်း လုပ်ပေးနေသေးရဲ့။ ဒီလို အသံနဲ့ပံ့ပိုးပေးလိုက်မှလည်း ပြကွက်က အသက်ဝင်မှာလေ။

မိကျောင်းပါးစပ်ထဲကို လက်နှိုက်ကြည့်တဲ့အခါ ဖူးက လန့်သွားဟန်လုပ်၊ လင်းကွင်းက ဂျမ်းခနဲ တီးပေး။ ကြည့်တဲ့လူတွေပါ တုန်ခနဲဖြစ်သွား ဆိုတာမျိုးပေါ့။ ကွင်းထဲမှာ တပ်ဆင်ထားတဲ့ အသံချဲ့စက်တွေကလည်း ကောင်းတယ်လေ။

သိတယ်မဟုတ်လား၊ မိကျောင်းဆိုတာမျိုးတွေက ဒီလိုပဲ နေနေရင် အသေလို၊ အဲ- သစ်တုံးကြီးတွေ ချထားသလို စင်းစင်းကြီးနေကြတာလေ။ သူတို့ကို ပါးစပ်ဖြဲထားလိုက်ရင်လည်း ထားတဲ့အတိုင်း ဟပြဲကြီးနဲ့ကိုအကြာကြီးနေနေတာ။ ဖူးလည်း တစ်ခါတစ်ခါ (ကျွန်မ စိတ်လိုလက်ရ လှလှပပ ဝတ်ထားတဲ့အခါ) သူ့မိကျောင်းတွေလိုပဲ ပါးစပ်ဟောင်းလောင်းကြီးနဲ့ ကျွန်မကိုငေးပြီး ကြည့်နေတတ်ရဲ့။

မိကွန်နက်ဖာများ အဲဒီလို အကြည့်ခံချင်လို့ ရှိုးတွေအမျိုးမျိုးထုတ်တာ။ သြော် . . . ကွန်နက်ဖာ ဆိုတာ ကျွန်မယောက်ျားဖူးနဲ့အတူ မိကျောင်းပြပွဲမှာ ပူးတွဲသရုပ်ဆောင်ပြနေသူလေ။ သူက ကျွန်မရဲ့သူငယ်ချင်းပေါ့။

အင်း . . . ကျွန်မယောက်ျား ဖူးနဲ့လည်း သူငယ်ချင်းတွေပါပဲ။ ဟိုလေ ကျွန်မတို့အားလုံးက ဒီဝင်းထဲမှာပဲ လူဖြစ်လာရသူတွေ မဟုတ်လား။

သူနဲ့ ကျွန်မနဲ့က ညီအစ်မလို ချစ်ခဲ့ကြတာပါ။ အတူတူပါပဲလေ၊ ဖူးရောပဲပေါ့။ ကျွန်မတို့ သုံးယောက်က ဘယ်သွားသွား အတူတူပါပဲ။ လူကြီးတွေကတောင် တစ်ခါ တစ်ခါ စကြနောက်ကြတယ်။

"ဒုက္ခပဲဟေ့၊ ဖူးက ကွန့်ကိုများ ရွေးလိုက်ရင် ငါ့သမီးတော့ ဒုက္ခပဲ၊ ဟေ့ ဖူး၊ မင်းက နှစ်ယောက်လုံးတော့ ယူလို့ မဖြစ်ဘူးနော်၊ အဲ ငါ့သမီးလည်း ထားခဲ့လို့ မဖြစ်ဘူး၊ ဒီကောင်မက မိကျောင်းရှိုးဝင်ပြပါ၊ ငါကိုယ်တိုင် သင်ပေးပါ့မယ်ဆိုတာမျိုးသာ မလုပ်ချင်တာ၊ မင်း မယူရင်တော့ ကျားလှောင်အိမ်ထဲတောင် ဝင်ချင်ဝင်လိုက်မယ့်ကောင်မ" လို့ ခဏ ခဏ မူးမူးနဲ့ ပြောတတ်ရဲ့။

အဖေကလည်း ဖူးကို သားလို ချစ်တာ။

ဒါ့ကြောင့်လည်း သူ့မိကျောင်းထိန်းပညာ အကုန်ကို သင်ပေးခဲ့တယ်။

မိကွန်နက ပြောဖူးတယ်။ (ကျွန်မတို့ ခုလို တစ်ဦးနဲ့တစ်ဦး ခပ်စောင်စောင် မနေခင်က) အင်း၊ ဖူးကလည်း ကျွန်မကို ချစ်တယ်လို့ တရားဝင်မပြော ခင်တုန်းကပေါ့။ အင်းပါ၊ ပြောပါ့မယ်။ စကားချော်မသွားပါဘူး။ ခုနက ကျွန်မ ပြောနေတာ ဘာတဲ့။ သြော် ဖူးနဲ့ပတ်သက်လို့ ကွန်ပြောတဲ့စကား။

"ငါလေ ဖူးများ ငါ့ကို ငေးကြည့်မယ်ဆိုရင် ဘာလုပ်ပြရ ပြရ"တဲ့။

ကွန်နက်ဖာက အဲဒီလို မိန်းကလေးမျိုး။ သိတယ်မို့လား။

အဲဒါကြောင့်လည်း ဖူးက ကျွန်မကို ပိုချစ်သွားတာ။ ဖူးက တကယ်တော့ လူရှေ့သူရှေ့မှာ နေ့တိုင်း ရှိုးပြနေရတယ်ဆိုပေမယ့် သိပ်အရှက်အကြောက်ကြီးတယ်။ အဟင်း . . . ကျွန်မကို ချစ်တယ်လို့ ပြောတဲ့နေ့ကများ သူကပဲ ပြောပြီးတာနဲ့ ရှက်ပြီး ခေါင်းငုံ့နေလိုက်တာ ကျွန်မ ခေါင်းညိတ်ပြလိုက်တာ

www.burmeseclassic.com

တောင် မမြင်ဘူးတဲ့။ ကျွန်မမှာလေ ခေါင်းညိတ် အဖြေပေးပြီးတာတောင် ဒီကောင် ဘာတွေထပ်တောင်းနေတာလဲလို့ အံ့ဩရသေးတယ်။

နောက်မှ နတ်က . . .

“အင်းပါဟယ်၊ ငါလဲ နင့်ကို ချစ်တာပါပဲ ဖူးရယ်” လို့ အသံထွက် ပြောမှ သူသိတော့တယ်။

အဲဒီတုန်းကများ သူပျော်လို့ ကျွမ်းထိုးလိုက်ပုံဟာ သူ့မိကျောင်းကြီးတွေ ရေထဲမှာ လိမ့်နေသလိုပဲ။ သူက မိကျောင်းတွေနဲ့ အနေများပြီး အမူအရာကအစ အဲဒီလိုဖြစ်နေတာ။

မိကျောင်းတွေနဲ့ ကစားပြရတဲ့အခါ ဖူးက ရယ်စရာလိုလိုနဲ့ ကြည့်တဲ့သူတွေ စိတ်ထဲမှာ လန့်လန့်သွားအောင် လုပ်ရတာတွေလည်း ရှိတယ်။ ဥပမာ ပြောရရင် သမံတလင်းမှာ ခြေချော်လဲကျပြီး ဟနေတဲ့ မိကျောင်းပါးစပ်ထဲ လျှောခနဲဝင်သွားတာမျိုးပေါ့။ လူတွေ ဟာခနဲ ဖြစ်သွားကြတုန်းမှာ ဖူးက သူလည်း မိကျောင်းပါးစပ် ပြပြကြီး အဝကနေ လန့်သွားပုံမျိုး လုပ်ပြတယ်။ လင်းကွင်းကြီးကလည်း ဂျမ်းခနဲဆို အကျယ်ကြီး အချိန်ကိုက်ပြီး တီးပေးလိုက်တယ်။ တကယ်က သူ သရုပ်ဆောင်နေတာပါ။ ကျွန်မတို့ချင်းတော့ သိနေတာပေါ့။

ပြီးမှ ပြပြကြီးဟနေတဲ့မိကျောင်းရဲ့မေးဖျားကို ကိုင်လိုက်၊ သွားကျဲကျဲကြီးတွေနဲ့ အပေါ်နှုတ်ခမ်းကြီးကိုနမ်းလိုက် ပြန်ဖြေပေးရတယ်။ ပြပွဲလာကြည့်တဲ့ထဲမှာ ကလေးတွေလည်း အများကြီးပါတော့ တိရစ္ဆာန်တွေကို ကြောက်စရာချည်းပဲဖြစ်နေအောင်လည်း မပြရဘူးလေ။ အဲဒီလို ဖြေလိုက်တော့မှ လူတွေက “တော်လိုက်တာ၊ သူမို့မကြောက်မရွံ့ လုပ်ရဲတယ်” ပေါ့။ လက်ခုပ်တီးပြီး သြဘာတွေပေးကြပေါ့။

ဖူးက ဒါကို သူ့အလုပ်တစ်ခုလို လုပ်ပြတာပေမယ့် ကွန်ကတော့ လက်ခုပ်သံတွေကို သဘောကျတယ်။ သူလည်း ဒီပြကွက်မျိုးကို အမြဲလိုလို လုပ်ပြတတ်တယ်။

ကွန်ကတော့ မိကျောင်းပါးစပ်ထဲ လျှောတိုက်ဝင်တာမျိုး မလုပ်ဘဲ မိကျောင်းရှေ့မှာ ကုန်းကုန်းကွကွ (သူ့အထင်တော့ လှလှပပ ဟန်ရေးပြနေတာ ဖြစ်မှာပေါ့) ချော့ရင်း မြှူရင်း ခေါင်းဝင်ပြတာမျိုးပေါ့။ မိန်းမက မူရာမာယာခပ်များများဆိုတော့ မင်းသမီးတစ်ယောက်လိုကို သရုပ်ဆောင်တတ်တာ။ ဒါပေမယ့် သူက ကျွန်မလောက်လည်း မလှဘူး။ ပြီးတော့ သူ့ဘောင်းဘီကလည်း နည်းနည်းတိုလွန်းတယ်လေ။

မိကျောင်းရှေ့မှာ လှလှပပ အသာရပ်၊ တုတ်ကလေးနဲ့ မိကျောင်းအပေါ်မေးရိုးကို ပင့်တင်၊ မိကျောင်းပါးစပ်ကြီး ပြဲသွားတဲ့အခါ သူက ပရိသတ်ဘက် လှည့်ပြီး ပြုံးပြ၊ အဲဒီအချိန်မှာ မိကျောင်းက ပါးစပ်ကြီး ပြန်ပိတ်သွား။ မိကွန်က စိတ်ပျက်သွားဟန်နဲ့ ပခုံးလေးတွန့်ပြီး မိကျောင်းပါးစပ်ကို ပြန်ဟသွားအောင်ထပ်လုပ်၊ ပြန်မပိတ်အောင်လည်း တုတ်လေးနဲ့ သတိပေးသလို ခပ်ဆဆလုပ်ပြ၊ ဒီတစ်ခါတော့ မိကျောင်းက နားလည်သွားပြီး ပါးစပ်ပြန်မစေ့တော့ဘူး။

အဲဒီမှာ ကွန်က သူ့တုတ်လေး မိကျောင်းပါးစပ်ထဲ အသာထည့်ပြီး ဟိုယမ်းဒီယမ်းနဲ့ရှင်း၊ ပါးစပ်ခံတွင်းထဲကို ကုန်းကုန်းကွကွနဲ့ ချောင်းကြည့်၊ မိကျောင်း ပါးစပ်ထဲလက်နှိုက်ပြီး သွားတွေကြားကနေ တစ်ခုခုညှပ်နေတာကို ဆွဲထုတ်ပြတာမျိုးလုပ်၊ လူတွေက တဝါးဝါးရယ်။ သူက မိကျောင်း အာခေါင်ထဲအထိ လက်ကိုတစ်ဆုံးနှိုက်ကြည့်၊ ဆိုင်းက ချွတ်နင်းပြီး တီးပေး၊ လူတွေက လန့်ပြီး ငြိမ်နေကြ၊ နောက်ဆုံးတော့မှ မိကျောင်း ပါးစပ်ထဲကို ခေါင်းထိုးဝင်လိုက်တယ်။

လူတွေ အံ့ဩမှင်သက်နေတုန်းမှာ မိကွန်က ခေါင်းပြန်မထုတ်သေးဘဲ လက်ကိုနောက်ပြန်မြှောက်ပြီး ပရိသတ်ကို ‘တာ့တာ’တွေ လုပ်နေသေးတာ။ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ အများကြီးထွက်လာတော့မှ ကွန်က မိကျောင်း ပါးစပ်ပြကြီးထဲက အသာပြန်ထွက်လာတတ်တာမျိုး။

သူ့ခေါင်းအထွက်နဲ့ ချိန်ကိုက်ပြီးလည်း မိကျောင်းက ပါးစပ်ကြီးကို ပြတ်ခနဲပြန်ပိတ်၊ လင်းကွင်းက ဂျမ်းခနဲ အကျယ်ကြီးတီးအချ၊ ပွဲကြည့်တွေဆီက အာမေဋိတ်သံတွေ ဟာခနဲထွက်။ ပွဲက လှလှပပကြီး ပြီးသွားပေမယ့် ကျွန်မမြင် သူ့လိုမနေနိုင်ပါဘူး။ သိတယ် မဟုတ်လား၊ မိကျောင်းက အသားစားတာလေ၊ အဲဒီတော့ ပါးစပ်က နံတယ်။ အဲ ဆင်ပါးစပ်ကြီးတွေကတော့ အသီးအ စားထားလို့ မွှေးတယ်။ အဟုတ်ပြောတာ၊ တစ်ခါတလေများ ငှက်ပျောသီးနံ့လေးတောင် သင်းလို့။

ဩော် . . . ဆင်တွေကိုလည်း သိတာပေါ့။ ကျွန်မတို့လား၊ မအံ့ဩပါနဲ့ရှင်၊ ဒီဝင်းထဲမှာပဲ တစ်နေကုန် နေ ရတော့ တိရစ္ဆာန်အကုန်လုံးနဲ့က ကိုယ့်တစ်ရပ်ကွက်တည်းသားတွေလိုပါ ထိတွေ့နေကျလေ။ တစ်ကောင်ကောင် သေသွားရင်တောင် ကျွန်မတို့က ကိုယ့်အမျိုးထဲက ဆုံးပါးသွားသလို ဝမ်းန နေမိကြတာ။ ပြီးတော့ သူတို့ကိုမှီ ကျွန်မတို့က လုပ်ကိုင်စားသော အသက်မွေးနေရတာ မဟုတ်လား။

ပွဲပြီးရင်တော့ အဲဒီပြကွင်း အထိ ဝင်နိုင်တဲ့ တံတားလေးကို ဖွ ပေးတယ်။ ပွဲကြည့် ပရိသတ်တွေ အထဲအထိဝင်သွားပြီး မိကျောင်းပေါ် တက်စီးကြ၊ မိကျောင်းနဲ့ ဓာတ်ပုံရို ကြလုပ်နိုင်အောင်လည်း စီစဉ်ပေး တယ်။ ငွေကြေးလည်းထောပြီး သဘော လည်းကောင်းတဲ့ ပရိသတ်တွေကတော့ ကွန်တို့၊ ဖူးတို့ကို ဆုငွေတွေချကြ

ဩော် သူတို့ကိုချတဲ့ဆုငွေ ပြန်မအပ်ရပါဘူး။ ဒါပေမယ့် ဆုငွေ သူများများရတယ်၊ ငါများများရတာ ဖြစ်မှာစိုးလို့တဲ့ မိကွန်က ဖူးနဲ့ န



www.burmeseclassic.com

www.burmeseclassic.com

နှုယ့်ပြီး ဘယ်သူ ဘယ်လောက်ရရ တစ်ရက်ကို တစ်ယောက်ကသာ ယူကြ လုပ်ကြတယ်။

"နင်တို့ဟာကလည်း တစ်ဝက်ခွဲတာလည်း မဟုတ်ဘူး ရှုပ်ရှုပ်ယှက်ယှက်" လို့ ကျွန်မက ဝင်ပြောတော့. . .

"ဒါက ပိုပျော်စရာကောင်းတယ်၊ ကံပေါ့ဟာ"လို့ မိကွန်က ပြောတယ်။

သူက အဲဒီလို မိန်းမ။ ဒါမျိုးကျတော့ ကျွန်မယောက်ျားဖူးက စိတ်ချရတယ်။ သူရတဲ့အလှည့် နေ့တိုင်း တစ်ပြားမကျန် ကျွန်မကို ပြန်အပ်တယ်။

ပြီးတော့ . . .

"စုထားနော် မိန်းမ၊ တို့တစ်သက်လုံး နင့်အဖေလို မိကျောင်းကန်ထဲမှာပဲ နေချင်ဘူး၊ စုမိဆောင်းမိလို့ အရင်းအနှီးရရင် လမ်းဘေးဈေးသည်ဖြစ်ဖြစ် ပြောင်းလုပ်ရအောင်"တဲ့။

ဒီစကားတော့ ကျွန်မ ကြိုက်တယ်။ ကျွန်မ မိကျောင်းတွေနဲ့ ရှိုးမပြရဲသလို သူ့ကိုလည်း ဒီအလုပ်မျိုးကို တစ်သက်လုံး လုပ်မစားစေချင်ဘူးလေ။ ဒါကြောင့်လည်း ကျွန်မ ခု သူလုပ်နေသမျှကို မျက်နှာလွှဲနေရတာပေါ့ရှင်။

စကားမစပ်ရှင်။ ခုနက ပြောသလို မိကျောင်းခံတွင်းထဲက မိကွန်ထွက်လာတဲ့ပြကွက်ဟာ လှလှပပပြီးခဲ့ပေမယ့် ကျွန်မရင်ထဲမှာ မတင်မကျဖြစ်နေတာလေး တစ်ခုလည်းရှိရဲ့။

အင်း နှလုံးသားထဲမှာ ခိုးလိုးခုလုဖြစ်တယ်ဆိုရင် ပိုမှန်လိမ့်မယ်နော်။ မိကွန် အဲဒီလို ထွက်လာချိန်မှာ ဘေးကရပ်ကြည့်နေတဲ့ ကျွန်မ ယောက်ျားဖူးက သူ့ကို လက်လေး အသာကမ်းပေးရတယ်။ ကွန်က ဖူးလက်ကို အားယူဆွဲထွက်လာရင်း ပရိသတ်ကို ခေါင်းညွှတ် နှုတ်ဆက်ကြတယ်။ ကွင်းကတဲပတ်လည်မို့ သူတို့ကလည်း အရှေ့၊ အနောက်၊ ဝဲယာ လှည့်ပြီး ဦးညွှတ်ရတယ်။

အဲဒီမှာ မိကွန်လက်က ဖူးလက်ကို မဖြုတ်တော့ဘူး။ ပွဲကြည့်တွေရဲ့ လက်ခုပ်သံ မစဲမချင်းပါပဲ။ ဘာလဲရှင်၊ ဒါဟာ ရေခဲပြင်ထက်က ဘဲလေးကကွက်လည်း မဟုတ်ပါဘဲနဲ့။

ဖူးက ကျွန်မကို . . .

"မင်းမကြိုက်ရင် ငါပဲ ခပ်မြန်မြန် လက်တွဲထားတာ ဖြုတ်လိုက်ပါ့မယ်ကွာ" လို့ ပြောရှာရဲ့။

ပြီးတော့ . . .

"မိန်းမရယ်၊ ငါဒီလို မိကျောင်းနဲ့ ပြကွက်တွေ လုပ်ပြနေရတာ ပျော်နေတယ်လို့ မင်း ထင်သလား"တဲ့။

ဒါတော့ ဟုတ်တယ်။ ဖူးက ပရိသတ်ရှေ့မှာ ရယ်မောသရုပ်ဆောင်ပြနေရပေမယ့် မိကွန်လို မြူးပြီး မတက်ကြွလှဘူး။ ခက်တာက ကျွန်မအဖေ။

"သမီးကလဲ ဒါ လူရှေ့ သူရှေ့ သရုပ်ဆောင်နေကြတာပဲကွာ၊ လက်တွဲထားပြီး ပရိသတ်ကို ဆလုတ်ရိုက်မှ ပိုလှတာဟ"တဲ့။

အဖေက ဖူးတို့၊ မိကွန်တို့ရဲ့ မိကျောင်းရှိုးနည်းပြဆရာလေ။ အဖေငယ်ငယ်က ဒီပြကွက်ကို သူကိုယ်တိုင် လုပ်ခဲ့ရတာပေါ့။ ကဲ, ကျွန်မ ဘာပြောရမလဲ၊ပြီးတော့ အဖေကပြောသေးတယ်။

"ဒီအခွင့်အရေးကို နင့်အရင်ပေးတာနော်၊ နင်မလုပ်ချင်ဘူးဆိုမှ မိကွန်က လုပ်ရရှာတာ"တဲ့။

အဲဒါလည်း ဟုတ်တော့ ဟုတ်ပါရဲ့။ ကျွန်မကမှ မလုပ်ချင်တာ။ အင်း မလုပ်ရဲတာလည်း ပါမှာပေါ့။ လူတွေထင်သလောက် အန္တရာယ် သိပ်မရှိလှဘူးလို့ သိနေပေမယ့် ကျွန်မမှ မလုပ်ချင်တာလေ။

ဒါကြောင့် ချစ်သူဘဝနဲ့၊ လင်အဖြစ်နဲ့ ဖူးကို ကျွန်မလက်တွဲခဲ့ရပေမယ့် ဖူးအချစ်ကို မရခဲ့တဲ့ မိကွန်က လူရှေ့သူရှေ့မှာ ပြပွဲဝင်ဝတ်စုံလှလှကို ဆင်တူဝတ်ရင်း နေ့တိုင်း တစ်နေ့လေးပွဲ သူချစ်ခဲ့တဲ့သူနဲ့ အတူသရုပ်ဆောင်နေရတာပေါ့။

ဒီလိုသတ္တိမရှိလို့လည်း ချစ်သူနဲ့ အတူတူ ပြကွက်တစ်ခုထဲမှာ လှလှပပ သရုပ်ဆောင်ရမှာကို ကျွန်မ စွန့်လွှတ်ပြီး ဒီဝင်းထဲမှာပဲ ဈေးလိုက်ရောင်းနေရတာပေါ့။ စဉ်းစားကြည့်လိုက်တိုင်း ဖူးအချစ်ကို ကျွန်မက ရခဲ့ပေမယ့် မိကွန်ကို မနာလိုဖြစ်မိရဲ့။

ဒါကလည်း ကျွန်မသဘောထားမကြီးရုံသက်သက်နဲ့ မဟုတ်ပါဘူး။ မိကွန်ကိုယ်တိုင်က ကျွန်မယောက်ျားကို ကျွန်မလိုပဲ ချစ်ခဲ့တာ ကျွန်မ သိနေလို့ပေါ့။ ဒီဝင်းထဲက သတ္တဝါတွေ အားလုံးနဲ့၊ အထူးသဖြင့် မိကျောင်းတွေနဲ့ အဲဒီလို ရင်းနှီးနေတယ်ဆိုပေမယ့်လည်း တကယ်တော့ သူတို့က တိရစ္ဆာန်တွေပဲလေ။ လူလောက်တော့ ဘယ်စဉ်းစားချင့်ချိန်နိုင်စွမ်းရှိပါ့မလဲ။ ပွဲပေါင်းများစွာ တင်ဆက်ခဲ့ပြီး ဘာမှလည်း မဖြစ်ခဲ့ပါဘူးဆိုပေမယ့် ဒီပွဲကျမှ ဖြစ်ရတယ်ဆိုတာမျိုးလည်း ဖြစ်နိုင်တာပဲ မဟုတ်လားရှင်။ ပွဲစဉ်တစ်သောင်းအထိ အန္တရာယ်ကင်းခဲ့ပေမယ့် ပွဲစဉ်တစ်သောင်းနဲ့တစ်မှာမှ တစ်ခုခု ဖြစ်ခဲ့ရင်။

အို. . . ကျွန်မ ဖူးကို အဆုံးရှုံးမခံနိုင်ပါဘူးရှင်။ ကျွန်မ သူ့ကိုချစ်တယ်။ သူက ရိုးသားတယ်။

အဲဒါကြောင့် ကျွန်မ ဖူးကို အမြဲစိတ်ပူနေရတာပေါ့။ သာမန်အချိန်မှာ အပြင်လူတွေ မိကျောင်းတွေကိုကြောက်သလိုတော့ ကျွန်မတို့က မကြောက်ကြပါဘူး။ ဒါပေမယ့် ပြကွက်တိုင်းဟာ ပွဲစဉ်တိုင်းမှာ အဆင်ချောနေမယ်လို့ ကျွန်မတို့ ဘယ်မျှော်လင့်လို့ ရမှာလဲ။

ဖူးက သမ်တလင်း ရေစိုစိုမှာ သူတို့နဲ့ကစားပြနေရင်း လဲကျတာမျိုး၊ ဒဏ်ရာရသွားတာမျိုး၊ သွေးထွက်သံယိုဖြစ်သွားတာမျိုး ရှိခဲ့ပါပြီတဲ့။ အသားစားသတ္တဝါတွေနော်။ စိတ်မပြောင်းဘူး ဘယ်ပြောနိုင်ပါ့မလဲ။ သွေးနံ့ရပြီးမှ စားချင် ဝါးချင်စိတ်တွေ ပေါက်လာရင် အမယ်လေး . . . ဖူးမှာ အန္တရာယ်ကျရောက်နိုင်ပြီပေါ့။ ကျွန်မ အဲဒီလိုတွေးတိုင်း မတော်တဆဆိုတာကြီးကိုကြောက်နေရဲ့။





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ကျွန်မတို့က ဗုဒ္ဓဘာသာဝင်တွေလေ။ ကံ ကံ၏အကျိုးကိုလည်း ယုံတယ်။ အတိတ်ကံဆိုတာကိုလည်း နားလည်တယ်။ အတိတ်က ဘယ်လိုကံပါလာသလဲဆိုတာ ကျွန်မတို့ မသိနိုင်ဘူးလေ။ ဒါ့ကြောင့်လည်း ဖူးနဲ့ ကျွန်မ အလုပ်ထဲ မဝင်လာခင်တိုင်း ဘုရား အတူရှိခိုးကြတယ်။ အမေက သွန်သင်ထားလို့ အိမ်ရှေ့က နတ်ကွန်းလေးမှာ နတ်တွေကိုလည်း တိုင်တည်ပသတယ်။ အားကိုးတကြီးလည်း အိမ်က မထွက်ခင်မှာ ပူဇော်ခဲ့တယ်။

ဒီနေ့လည်း ဝင်းထဲမှာ ဈေးလှည့်ရောင်းရင်း တူညီဝတ်စုံလေးတွေ မျိုးစုံနဲ့ လှေလာရေလာနေကြတဲ့ ကျောင်းသားလေးတွေကို အများကြီးတွေ့ရတယ်။

ကျွန်မတို့အစိုးရက ကလေးတွေ ဗဟုသုတရအောင်၊ ပျော်ရွှင်အောင်၊ အလှည့်ကျ ပို့ပေးစေတယ်လေ။

ကျွန်မတို့ အဆင်ပြေရင် သားသမီးယူချင်တယ်။ ဖူးကလည်း ကလေးချစ်တယ်လေ။ ကျွန်မရောင်းတဲ့ သတ္တဝါမျိုးစုံနဲ့ ဦးထုပ်လေးတွေကိုများ ကလေးတွေ ငေးနေရင် ကျွန်မဖြင့် အလကားသာ ပေးလိုက်ချင်ရဲ့။

ကျွန်မ ကလေးတွေကို ငေးကောင်းတုန်း အရေးပေါ်လူနာတင်ယာဉ်ဖြတ်သွားတာ တွေ့လိုက်တယ်။

"ဘာဖြစ်တာလဲဟင်" လို့ နီးစပ်ရာ သတင်းဖြန့်ချိရေးရုံလေးမှာ မေးလိုက်တော့ . . .

"မိကျောင်းရှိုးမှာ တစ်ခုခုဖြစ်လို့" တဲ့။ ဘုရားရေ. . . ကျွန်မ မျက်စိ တွေ ပြာဝေသွားတယ်။ ကျွန်မရောက် နေတဲ့ ဆင်လိမ္မာကွင်းကဆို အတော်ပြေးရဦးမှာ။ ကျွန်မ တာဝန်ယူထားတဲ့ ရောင်းကုန်တွေကို အင်ဖော်မေးရှင်းက အစ်မကြီးရှေ့မှာ ပစ်ချထားခဲ့ပြီးတော့ မိကျောင်းရုံအရောက် ကျွန်မ အမြန်ပြေးတယ်။

ဘုရား ဘုရား. . . ဖူး ဘာမှ မဖြစ်ပါစေနဲ့။ ကိုယ့်ဝင်းထဲမို့ ဒီလောက် ဧည့်သည်ရှုပ်ပေမယ့် ကျွန်မ ရှောင်တတ် တိမ်းတတ်လို့၊ ဖြတ်လမ်းတွေလည်း သိလို့ မကြာခင်မှာ ရောက်သွားပါတယ်။

နောက်ဆုံးရှိုးပြအပြီးမှာ ဖြစ်တာမို့ လူလည်း ရှင်းသွားပါပြီ။ ပရိသတ် အချို့ကတော့ စပ်စုတဲ့အနေနဲ့ အဝမှာ ပြူတစ်တစ်လုပ်နေကြရဲ့။

ကျွန်မကို မြင်တော့ ဝန်ထမ်း တစ်ယောက်က . . .

"ဟဲ့ နင့်ယောကျ်ားက ကံသီလို့ နော်၊ မိကွန်းသာ. . ." လို့ ပြောတယ်။

သူ ပြောပုံက မရှင်းမလင်းမို့ အထဲရောက်အောင်ပဲ ကျွန်မ အရင်ဆုံး ဝင်လိုက်တယ်။ တာဝန်ကျဆရာဝန်ရဲ့ လက်ထဲကနေ မိကွန်းက သူ့ကိုပြုံးကြည့်နေရဲ့။ သူ့ဘယ်ဘက်လက်ကောက်ဝတ်မှာ ပတ်တီးဖြူနဲ့။

ဖူးက မိကွန်းဘေးကနေ ထလာပြီး ကျွန်မနား လာရပ်တယ်။ လိမ္မော်ရောင်ဝတ်စုံနဲ့ ပြပွဲအကူဝန်ထမ်း မောင်လေးက . . .

"ဧည့်သည် ဂျပန်အမျိုးသမီးက မိကျောင်းကိုခွစီးပြီး ဓာတ်ပုံအရိုက်ခံတာ၊ ပြန်အထမှာ သူ့ဘာသာသူ မိကျောင်းအမြီးကိုနင်းမိပြီး လန့်ခုန်လိုက်တယ်၊ အဲဒါ အစ်ကိုဖူးကို တိုက်မိပြီး ဟထားတဲ့ မိကျောင်းကြီးပါးစပ်ထဲကို အစ်ကို့ခေါင်းက တန်းဝင်သွားရော၊ အစ်မ မိကွန်းက အစ်ကို့ကို ရုတ်တရက် လှမ်းဆွဲလိုက်တော့ အစ်ကိုက လွတ်သွားပြီး လက်ထောက်ကျသွားတဲ့ အစ်မ မိကွန်းသာ လက်ကိုက်သွားတာ"

ကျွန်မ မိကွန်းကိုလှမ်းကြည့်လိုက်တော့ "ဟဲ့ . . . နင့်လင် မိကျောင်းစာ မမိတော့ဘူးနော်၊ စိတ်မပူနဲ့" လို့ ရယ်ရင်း ခပ်နောက်နောက်ပြောတယ်။

ဖူးက . . .

"ခါတိုင်းက ကိုယ့်တိုင်ပင်နဲ့ကိုယ် လျှောစီးနေကျ သမံတလင်းပါဟာ၊ သူက ရုတ်တရက် တိုက်လိုက်တော့ ငါဘာလုပ်ရမှန်းမသိ ဖြစ်သွားလို့"

"ဟော့ ဟော့ မင်းတို့ ဟန်ချက်ပျက်တာနဲ့ ငါ့ကလေးတွေတောင် ကြောင်ပြီး ပါးစပ်ဟောင်းလောင်း ဖြစ်နေတယ်" လို့ တိရစ္ဆာန်ဆရာဝန်က မိကျောင်းတွေကို လှမ်းကြည့်ရင်း ရယ်စရာ ပြောပြန်တယ်။

"ဟုတ်ပ၊ ကိုက်ဖို့နေနေသာသာ မာယာတောင် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"လို့ ဘယ်တုန်းက ရောက်နေမှန်းမသိတဲ့ အဖေကလည်း ဝင်ပြောတယ်။

အဖေက သူ့မိကျောင်းတွေကို နာမည်ပေးထားတော့ မာယာဆိုတဲ့ မိကျောင်းမကြီးကို ကျွန်မ ပြေးမြင်လိုက်ရဲ့။ ဟုတ်ပ၊ ခုထိ ပါးစပ်ကြီးဟပြီး အံ့အားသင့်နေတဲ့ပုံလိုလို။

ဧည့်သည်ဂျပန်မရဲ့ ခင်ပွန်းက ဘတ်ငွေတစ်ထပ်ကို မိကွန်းလက်ထဲ ထည့်ပြီး 'ဆဝါဒီခ' ဆိုရင်း ဆုချတယ်။ မိကွန်းက ကောင်းနေတဲ့လက်တစ်ဖက်နဲ့ယူရင်း 'ဆဝါဒီခ' ပြန်လုပ်တယ်။

ဒီလောက် ထိထားတာတောင် သူ့မျက်နှာကအပြုံးမပျက်ဘူး။ ပြီးတော့ ကျွန်မရဲ့ ဖူးကို ကမ်းပေးရင်း . . .

"ဟော့ ဖူး၊ ဒီနေ့နင်ယူတဲ့အလှည့် လေဟာ"လို့ ပြောလိုက်တယ်။

ကျွန်မ မိကွန်းဘေးမှာ ထိုင်[illegible] လိုက်ရင်း. . .

"နင်ပဲယူထားပါ မိကွန်းရာ၊ [illegible] ကြာ နင်ဆေးခန်းသွားရင် ငါလိုက်[illegible] မယ်" လို့ ပြောတော့ မိကွန်းက . . .

"ဟော့အေး မရပါဘူး၊ ဒီနေ့[illegible] ဟိုကောင်ယူတဲ့နေ့" လို့ ပြန်ပြော[illegible] ကျွန်မခေါင်းကို သူ့နဖူးနဲ့ တိုက်[illegible] တယ်။

ဒါ ကျွန်မတို့ ငယ်ငယ်က[illegible] က အချင်းချင်းရန်ဖြစ်ပြီးတိုင်း ပြန်[illegible] နေကျ အကျင့်။

(ကျောက်မျက်သူငယ်ချင်း[illegible] နဲ့ ထိုင်းနိုင်ငံခရီးစဉ် အမှတ်တရ)

❒ ကိုချမ်း([illegible]





www.burmeseclassic.com

www.burmeseclassic.com




၃၈ ကြိမ်မြောက် ဆရာမြတ်ကြီး ပူဇော်ပွဲတော် 18/10/2013

မင်းဂုဏ်





www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာ သန္တိသုခကျောင်း အဝင်လမ်း



နံနက်ပိုင်း ဆိတ်ငြိမ်အေးချမ်းလျက်ရှိသော ဝင်ပေါက်အနီး ကျောင်းတွင်း တစ်စိတ်တစ်ဒေသမြင်ကွင်း



ဆရာမြတ်ကြီး ဦးရေဝတ သီတင်းသုံးတော်မူခဲ့သည့် တဲကျောင်းနေရာတွင် မွမ်းမံပြုပြင်တည်ဆောက်ထားသည့် သန္တိသုခကျောင်းဆောင်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နန်းတော်ရာကွက်သစ်ရပ်ရှိ ဝိပဿနာ သန္တိသုခကျောင်းတော်ကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဆရာမြတ်ကြီး ဦးရေဝတအား ပူဇော်ပွဲတော်ကို သီတင်းကျွတ်လတွင် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၃၈ ကြိမ်မြောက် အခါသမယသို့ ရောက်ရှိခဲ့ပေပြီ။

ယခုနှစ် ပူဇော်ပွဲတွင်လည်း ယမန်နှစ်များနည်းတူ ပါဝင်ဆင်နွှဲရင်း ကုသိုလ်ပြုရန် စာရေးသူတို့ ရည်ရွယ်ထားပြီး ဖြစ်သည်။

ဤသို့ဖြင့် သီတင်းကျွတ်လသို့ ရောက်သည်နှင့် ဝိပဿနာသန္တိသုခကျောင်းတော်ကြီးသို့ သွားရမည့်ရက်ကို ပြက္ခဒိန်ကြည့်ကာ စောင့်ဆိုင်းရင်း ခရီးသွားရန် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်နေခဲ့ကြသည်။

ထိုစဉ် ယခုနှစ်ကျင်းပမည့် ၃၈ ကြိမ်မြောက် ဆရာတော်ကြီး ပူဇော်ပွဲတော်သို့ ၁၇. ၁၀. ၂၀၁၃ ရက်နေ့ အရောက်လာရန် Tiger Dance Group မှ ကိုနိုင်ဝင်း ဖုန်းဆက်ကြောင်း ဇနီးဖြစ်သူက ပြောကြားလာသည်။ ဤသို့ဆိုလျှင် ၁၆ ရက်နေ့ ညနေ ရထားစီးပါက ၁၇ ရက် နေ့တွင် ကျောင်းသို့ ရောက်မည်ဖြစ်၍ ၁၆ ရက်နေ့ ညနေ ၃ နာရီ ရထားဖြင့် လိုက်ပါရန် ဆုံးဖြတ်လိုက်ကြသည်။

ဝိပဿနာ သန္တိသုခကျောင်းသို့ သွားရောက်ရတော့မည်ဟူသော အသိဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ရင်တွင်း၌ အေးငြိမ်းချမ်းသာကာ ပေါ့ပါးကြည်လင် လန်းဆန်းလာသည်ကို ခံစားမိလိုက်သည်။

တစ်ဆက်တည်းပင် ပြီးခဲ့သည့်နှစ်များက သွားရောက်ခဲ့ကာ ပူဇော်ပွဲတော်တွင် ပါဝင်ပူဇော် ဆင်နွှဲဖြစ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



မွမ်းမံထားသည့် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်



သင်္ဃိသုခ ကျောင်းဆောင်ရှေ့မြင်ကွင်း



တောင်ဘက်ခြမ်းရှိ နားနေဆောင်

ပုံရိပ်များက မနောအာရုံတွင် အစီအရီ ပေါ်လာခဲ့သည်။ မြို့ပြ၏ မွန်းကျပ်မှုများကို ခေတ္တကျောခိုင်းကာ ကုသိုလ်ဇောဖြင့် ဘဝအမောများ ပြေခဲ့ပုံများကို ပြန်လည်တွေးတောမိလေတိုင်း ပီတိအဟုန် လွှမ်းခြုံကြည်နူးနေဆဲပင်။

ဝိပဿနာ သင်္ဃိသုခ ကျောင်းတော်ကြီး တည်ရှိရာ နေရာသည်ပင် တစ်ချိန်က မင်းနေပြည်တော်ဖြစ်ခဲ့သော အမရပူရ နန်းမြို့တော်၏ အရှေ့မြောက်အရပ် တနင်္ဂနွေထောင့် အောင်မြေဖြစ်သည်။

"အမရပူရ" ဟူသော ဝေါဟာရသည် ပါဠိဝေါဟာရဖြစ်ပြီး "သေခြင်းကင်းသောပြည်" ဟု အဓိပ္ပာယ်ရသည်။ အင်းဝမြို့မှ မြောက်ဘက် ခြောက်မိုင်ကွာ၊ မန္တလေးမြို့မှ တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး တောင်သမန်၊ တောင်ပြုံး၊ တောင်ကျည်း၊ တောင်မြင့် ဟူသော တောင်လေးလုံးခြံရံ၍ တောင်သမန်အင်း၊ ဒုဋ္ဌဝတီ (မြစ်ငယ်)မြစ်၊ တက်သေးအင်း၊ အောင်ပင်လယ်ကန်၊ ဇောင်းကလောကန်၊ ကြူဝန်းဆည်၊ ဧရာဝတီမြစ်တို့ ဝန်းရံထားသည့် ထီးပေါင်းကား (ထီးပေါင်းခ)ရွာအား အခြေပြုလျက် ခရစ်နှစ် ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် နန်းတက်ခဲ့သည့် ဗဒုံမင်း (ဘိုးတော်ဘုရား)က ကောဇာသက္ကရာဇ် ၁၁၄၄ ခုနှစ်၊ ခရစ်နှစ် ၁၇၈၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် အမရပူရ ဟူသော အမည်ဖြင့် စတင်တည်ထောင်ခဲ့သည်။ တည်ထောင်သည့်ကာလ ခုနစ်လပြည့်ပြီးနောက် ခရစ်နှစ် ၁၇၈၃ ခုနှစ် မေလ ၁၂ ရက်နေ့တွင် နန်းစိုက်ခဲ့သည်။

မြို့တည် နန်းတည်နှစ်ဖြစ်သော ကောဇာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို "ဦးအောင်လူလှ" အမရတည်ထ မြို့နှင့်နန်း ဟူ၍လည်းကောင်း၊ "အင်းအိုင်ဝိုင်းလည်" မြို့တော်တည် ရွှေပြည်အမရ ဟူ၍လည်းကောင်း၊ "အင်းအိုင်လိုဏ်ဝ" အမရတည်ထ နန်းမြို့တော် ဟူ၍လည်း





www.burmeseclassic.com

www.burmeseclassic.com



နိကြောဓာရုံကျောင်းဆောင်အတွင်း၌ ဆွမ်းတော်ကပ်လှူထားသည့် ကြည်နူးဖွယ်မြင်ကွင်း





အရုဏ်ဆွမ်း၊ နေ့ဆွမ်း အလှူရှင်များ ဆွမ်းဆက်ကပ်နေကြစဉ်

ကောင်း နေ့နံသင့်ဂဏန်းဖြင့် မှတ်သားခဲ့ကြသည်။ နန်းမြို့တော်ကို အုတ်မြို့ရိုး၊ ကျုံးများနှင့်တကွ လေးထောင့်ပုံ ခိုင်မာစွာတည်ဆောက်ထားပြီး မြို့ရိုး တစ်မျက်နှာလျှင် တံခါးသုံးပေါက် ထားရှိသဖြင့် စုစုပေါင်း တံခါး ၁၂ ပေါက်ရှိသည်။ မြို့ထောင့် လေးနေရာတွင် ရွှေစံကားစေတီ၊ ရွှေကွန်ချာစေတီ၊ ကပ်ကျော်စေတီနှင့် ရွှေလင်းပင်စေတီ ဟူသော စေတီတော် လေးဆူ တည်ထားကိုးကွယ်ခဲ့သည်။

သို့ဖြစ်၍ပင် ဗဒုံမင်း (ဘိုးတော်ဘုရား)သည် အမရပူရ ပထမ မြို့တည်မင်းဟူ၍ ထင်ရှားခဲ့ပြီး ငယ်မည်မှာ မောင်ဝိုင်းဖြစ်သဖြင့် ဘိုးတော် ဦးဝိုင်းဟုလည်း လူသိများသည်။

မြို့သစ် တည်ဆောက်ပြီးနောက် မြို့တော်ကို "အမရပူရ"၊ နန်းမြို့ကို "မြနန်းဘုံစံ"၊ နန်းတော်ကို "အောင်နန်းစံရာ" ဟူ၍ အမည်များပေးခဲ့သည်။ မြို့တော်သစ် တည်ပြီးသည်နှင့် ပိဋကတ်တော်များနှင့်တကွ ဆရာတော်ကြီးများအား တိုးရုပ်ရွှေဖောင်တော်ဖြင့် နန်းမြို့တော်သို့ ပင့်ဆောင်ကာ ပူဇော်ခဲ့သည်။ ဗဒုံမင်း (ဘိုးတော်ဘုရား)သည် ၁၈၁၉ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကံတော်ကုန်ခဲ့သဖြင့် အမရပူရ နန်းမြို့တော်တွင် ၃၇ နှစ်ကြာမျှ ထီးနန်းစိုးစံခဲ့သည်။

ဗဒုံမင်း နတ်ရွာစံပြီးနောက် မြေးတော် စစ်ကိုင်းမင်း (ဘကြီးတော်) နန်းတက်လာသည်တွင် မင်းနေပြည်တော်ကို အင်းဝသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၈၃၇ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် စစ်ကိုင်းမင်း၏ညီတော် သာယာဝတီမင်းသားက စစ်ကိုင်းမင်းကို နန်းချကာ အင်းဝနေပြည်တော်ကို သိမ်းမြန်း စိုးစံခဲ့ပြီး ၁၈၃၉ ခုနှစ် ဖေဖော်ဝါရီလ ... ရက်နေ့တွင် အမရပူရ နန်းမြို့တော်သစ်ကို စတင်ပန္နက်ရိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com




သစ်ပင်ပန်းမန် မျိုးစုံစွာဖြင့် သာတောင့်သာယာ ဥယျာဉ်ကြီးတစ်ခုပမာ ဖွံ့ဖြိုးစည်ပင်လျက်ရှိသော ကျောင်းတွင်းတစ်နေရာ



ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းနေကြစဉ်

၁၈၄၀ ပြည့်နှစ် ဇူလိုင်လ ၉ ...နေ့တွင် သာယာဝတီမင်းသည် ...နေပြည်တော်မှ အမရပူရ နန်း...တော်သို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ ...ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့ ... သာယာဝတီမင်း ကံတော်ကုန်ခဲ့ ... သားတော်ပုဂံမင်း ထီးနန်းဆက်ခံ ...သည်။

၁၈၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ...နေ့တွင် မင်းတုန်းမင်းသည် ပုဂံမင်း ...ထီးနန်းလွှဲပြောင်းရယူခဲ့ပြီး ၁၈၅၉ ... အထိသာ အမရပူရ၌ စိုးစံခဲ့သည်။ နောက်ပိုင်းတွင် မင်းတုန်းမင်းသည် ရတနာပုံ မန္တလေးမြို့တော်သစ်ကို တည်ထောင်ခဲ့ရာ အမရပူရ နန်းတော်ဆောင်များအားလည်း ပြောင်းရွှေ့သယ်ယူသွားခဲ့သည်။

နောက်ပိုင်းကာလ မီးရထားလမ်းများ ဖောက်လုပ်ကြရာတွင်လည်း အုတ်မြို့ရိုးမှ အုတ်များကို ယူငင်အသုံးပြုခဲ့ကြသဖြင့် အမရပူရ မြို့ဟောင်းကို အလွယ်တကူ မတွေ့ရတော့ပေ။


ဗဒုံမင်း (ဘိုးတော်ဘုရား)သည်လည်းကောင်း၊ သာယာဝတီမင်းသည်လည်းကောင်း မြတ်မြတ်နိုးနိုး ရွေးချယ်တည်ဆောက်ခဲ့သည့် အမရပူရ နန်းမြို့တော်သည် ထိုခေတ် ထိုအခါက အုတ်နန်းမြို့ရိုးနှင့်တကွ ကျုံးပတ်ရံလျက် အောင်လံတလူလူလွင့်ကာ ခမ်းနားထည်ဝါစွာ ရှိခဲ့ရာမှ ထီးကျိုးစည်ပေါက်ကာ ကိုလိုနီနယ်ချဲ့ လက်အောက်သို့ ရောက်ခဲ့သည်တွင်မူ အုတ်နန်းမြို့ရိုးပင် ရှာမတွေ့နိုင်တော့သည်အထိ ပျက်စီးခဲ့ရသည်မှာ သံဝေဂရဖွယ်ပင်။

ထိုကဲ့သို့ ဗဒုံမင်း (ဘိုးတော်ဘုရား) ရွေးချယ်တည်ထောင်ခဲ့သည့်




www.burmeseclassic.com

www.burmeseclassic.com







ညပိုင်းတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောပြောပို့ချနေစဉ်

အမရပူရ နန်းမြို့တော်၏ ဘူမိနက်
အောင်မြေနေရာမှန်ဖြစ်သော
ချာ စေတီတော်အနီးတွင် ဝိပ
သန္တိသုခကျောင်းတော်ကို ဆရာ
ကြီး ဦးရေဝတ အမြော်အမြင်
ရွေးချယ်တည်ထောင်တော်မူခဲ့
ထူးခြားသော ဝိသေသ လက္ခ
ရပ်ပင်။

ဆရာမြတ်ကြီးဦးရေဝတ
ဘဝသို့ မရောက်မီက ဦးလှဘူး
မိုးကုတ်ဆရာတော်ဘုရားကြီး
ထံတော်ပါးတွင် အနီးနေ
တပည့်အဖြစ် ခိုလှုံကာ ပညာ
နှလုံးလှသည်အထိ လေ့လာ
သင်ယူခဲ့သည်။

ထိုသို့ သင်ယူခဲ့ရာမှ
တိုင် အေးငြိမ်းချမ်းသာ လွတ်မြောက်
ကို သိရှိခံစားခဲ့ရသဖြင့် သံသရာ
သည် သတ္တဝါဝေနေယျတို့အား
ကယ်တင်နိုင်သည့် မြင့်မြတ်သော
ဘဝသို့ ကူးပြောင်းပြီး ကြီးစွာ
လုံ့လ၊ ဝီရိယတို့ကို အရင်း
ခက်ခဲ ပင်ပန်းသည့်
အကျင့်မြတ်တို့ကို အဓိဋ္ဌာန်ပြု




www.burmeseclassic.com

www.burmeseclassic.com

ကြီးကုတ် အားထုတ်တော်မူခဲ့သည်။
သို့ ကျင့်ကြံကြိုးကုတ် အားထုတ်
ရရှိအပ်သည့် အမြိုက်ရတနာ
နာ နည်းပညာတို့ဖြင့် သံသရာ
သည် သတ္တဝါ ဝေနေယျတို့အား
တင်ရင်း ထိုဝိပဿနာ နည်းပညာ
တ်ရတနာတို့ကို လက်ဆင့်ကမ်း
အမွေဖြန့်ဝေပေးနိုင်ရန်ဤအောင်
နေရာဌာနတွင် ဝိပဿနာ သန္တိသုခ
င်းတော်ကို စတင် တည်ထောင်
မူခဲ့ကြောင်း နောင်တွင်မှ တပည့်
မီးများ သိရှိခဲ့ကြသည်။


ဆရာမြတ်ကြီး တည်ထောင်
မူခဲ့သည့် ဝိပဿနာ သန္တိသုခ
င်းတော်ကြီးသည် ဆရာမြတ်ကြီး



စာရေးသူတို့ တည်းခိုသည့် ကျောင်းဆောင်

မူလဆုံးဖြတ်ချက် ချထားသည့်အတိုင်း ပင် ၁၆ ရက်နေ့ ညနေ ၃နာရီ ရထား အထက်တန်းလက်မှတ်နှစ်စောင် ဝယ်ယူရန် စီစဉ်ခဲ့ကြသည်။

ထိုစဉ် သီတင်းကျွတ်လရောက် လေတိုင်း ဆရာမြတ်ကြီး ပူဇော်ပွဲတော်သို့ စာရေးသူတို့ သွားရောက်လေ့ရှိသည်ကို သိနေသည့် ညီမတစ်ယောက် စာရေးသူတို့ထံ ရောက်လာပြီး အိပ်စင်ဖြင့် လက်မှတ်နှစ်စောင် ဒါနပြုမည်ဖြစ်ကြောင်း ပြောကာ မှတ်ပုံတင်နံပါတ်များ ယူသွားခဲ့သည်။ အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကြောင့် ရရှိသည့် ပထမဇော ကုသိုလ်အကျိုးပေးဟူ၍ စာရေးသူ ခံယူ



သာမောဖွယ် စင်္ကြံလမ်းလေး

ဆန္ဒတော်အတိုင်းပင် ယခုအခါ
ရာဝင်္ဒုက္ခသည် ဝေနေယျများ၏
အားထားရာအဖြစ် အခိုင်အမာ
ိုးတက်စည်ပင်စွာ တည်ရှိနေပေ
ဆရာမြတ်ကြီး ဦးရေဝတ၏ကျေးဇူး
တ်ကား ကြီးမားလှပေစွ။

ထိုကဲ့သို့ ကျေးဇူးကြီးမားလှစွာ
ဆရာမြတ်ကြီး တည်ထောင်
မူခဲ့သည့် ကျောင်းတော်ကြီးသို့
ရာ ဝဋ်ဒုက္ခသည်များတွင် အပါ
င်ဖြစ်သော စာရေးသူတို့လည်း ယခု
ခေါက် ထပ်မံ သွားရောက်ကြရ
မည်ကိုတွေးရင်း ကုသိုလ်ဇောတို့
သည့် ပီတိအဟုန်များနှင့်အတူ





ပြန်လည်ပြုပြင် မွမ်းမံထားသည့် တစ်ထပ်ကျောင်းဆောင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



Tiger Dance Group ၏ နေ့ဘက်ဖြေဖျော်မှုများ

ကာ ညီမဖြစ်သူ၏ ဒါနကုသိုလ်ကို
မြောက်ဝမ်းသာ သာဓုခေါ်ဖြစ်ခဲ့သ

ထို့ပြင် စာရေးသူတို့ ခရီး
မည်ကို မသိသော်လည်း ခရီးမ
ရောက်ရှိလာကာ သူ၏ချွေးနှဲ
လာရောက်ထောက်ပံ့သွားသည့်
အငယ်ဆုံး၏ ကုသိုလ်ကိုလည်း
ရကာ သာဓုခေါ်ဖြစ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က ဆရာမြ
ပူဇော်ပွဲတော်သို့ လပြည့်ဝန်းမ
စီစဉ်သူ ဉာဏ်ပွင့်(စက်မှု)လည်း
ဖြစ်ခဲ့သည်။ ယခုနှစ်တွင်မူအလုပ်အ
များနေသဖြင့် သူ လိုက်နိုင်မည်
ရေးသူ မထင်မိပေ။

သို့ရာတွင် ၁၆ ရက်နေ့တွ
စာရေးသူတို့ လက်မှတ်ဝယ်ခိုင်း
ဖြစ်ကြောင်းနှင့် လိုက်နိုင် မနိုင်
အား မေးမြန်းခဲ့ရာ သူလည်းလို
ဖြစ်၍ သူ့အတွက်ပါ လက်မှတ်ဝ
ပါရန် အဆောတလျင်ပင် ဖုန်းပြ
လာသည်။

သို့ဖြစ်၍ သူ့အတွက်ပါ
တည်း ရထားလက်မှတ် ဝယ်
ညီမဖြစ်သူအား စီစဉ်စေခဲ့ရသည်

ဤသို့ဖြင့် ၃၈ ကြိမ်မြ
ဆရာမြတ်ကြီး ပူဇော်ပွဲတော်သို့
သူတို့သုံးဦးအဖွဲ့ သွားရောက်ရန်
သင့်ဖြစ်၍ နေပေပြီ။

ဤသို့ဖြင့် ၁၆. ၁၀.
ရက်နေ့ ညနေ ၃ နာရီတွင် မန္တ
သို့ ထွက်ခွာသည့် အမှတ် ၅
ရထား လေးယောက်ခန်း အိပ်
စာရေးသူတို့ လိုက်ပါရန် ရထား
သို့ တက်ရောက်ခဲ့ကြသည်။

ရထားတွဲ အခန်းတံခါး
သည်နှင့် အောက်သိုးသိုးအနံ့ကြ
ထွက်လာသည်။

"ဟင်, ဘာနံ့ကြီးလဲ
ဟူသော ကပ်လျက်အခန်းရှိ
တစ်ဦးထံမှ ထွက်ပေါ်လာသ
မေဒိုတ်သံ တစ်သံကိုလည်း
မိသည်။



www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းများကို ဆောလျှင်စွာပင် နေရာချထားလိုက်ပြီးဘေးပြတင်းပေါက်များကို အမြန်ဖွင့်လိုက်မှပင် ထိုအနံ့ဆိုးခက်မှ အထိုက်အလျောက် သက်သာခွင့်ရတော့သည်။

လျှော်ဖွပ်ပြီးသား ဖြူဖြူဖွေးဖွေး အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်များ ထားပေးသော်လည်း မွေ့ရာများနှင့် ခေါင်းအုံးများမှာမူ ဟောင်းနွမ်းညစ်ထေးကာ အောက်သိုးသိုးအနံ့များ ထွက်လျက်ရှိသည်။ မျက်နှာကြက် ဆုံလည်ပန်ကာလေသည်ပင် ထိုအနံ့ဆိုးကြီးကို ပယ်ဖျောက်နိုင်စွမ်း မရှိပေ။

ယမန်နှစ် အထက်တန်းတွဲထိုင်ခုံဖြင့် လိုက်ပါခဲ့စဉ်တွင် အခွင့်သင့်သလို ရထားတွဲအတွင်းသို့ ဝင်ရောက်၍ ဈေးရောင်းသည့် ဈေးသည်များ၏ ဆူညံသံများ၊ ထမင်းနံ့၊ ဟင်းနံ့များ၊ ဆေးလိပ်သောက်ရန် တားမြစ်သည့် သင်္ကေတဆိုင်းဘုတ်အောက်တွင်ထိုင်ကာ ဆေးလိပ်သောက်နေကြသူများ၏ ဆေးလိပ်ငွေ့များကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ပြီး ရထားတွဲ၏ခုန်ပေါက်ခါယမ်းမငြိမ်သက် လှုပ်ခတ်ချက်များ ခံစားခဲ့ရသည်မှာ လွန်လှပြီဟု ထင်ခဲ့သည်။

ယခုအခါ ရထားလမ်းများပြုပြင်ထားပြီးဖြစ်ကြောင်း သတင်းစာတွင်ဖတ်ရှုရသဖြင့် ယခုနှစ်တွင် အိပ်စင်ဖြင့်လိုက်ရပါက ပို၍အဆင်ပြေမည်ဟု ထင်ခဲ့သည်။ သီးသန့်အခန်းဖြစ်၍ ဈေးသည်များ၏ ဆူညံသံများ၊ ဟင်းနံ့၊ ဆေးလိပ်နံ့များမှ ကင်းလွတ်ခဲ့သော်ငြားလည်း ရထားတွဲမှာမူကား ခုန်ပေါက်ခါယမ်းမငြိမ်မသက် လှုပ်ခတ်ချက်များထက်ပင်ပိုကာ ရထားတွဲကြီးသည်ပင် သံလမ်းပေါ်မှ ခုန်ထွက်လျက် ဘေးသို့လွင့်စဉ်ကျတော့မယောင် ခံစားရသည်။

လဲလျောင်းအိပ်စက်၍ လိုက်ပါရာတွင် ဆန်ကောတွင်း၌ ဆီးဖြူသီးထည့်ကာ လှိမ့်သကဲ့သို့ ခံစားရသဖြင့် အကြိမ်ကြိမ်ပင် ထထိုင်ကာ တရားရှုရင်းလိုက်ဖြစ်ခဲ့သည်။



Tiger Dance Group ၏ ညပိုင်း စင်တင်ဖြေဖျော်မှုများ



www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့သော . . အချိန်အခါ အခြေအနေမျိုးတွင် တရားရှုပွားရသည့် အခွင့်အရေးကောင်းတစ်ခုကိုမှု ရလိုက်သည်။

မည်သို့ပင်ဖြစ်စေ စာရေးသူတို့အား သက်သောင့်သက်သာ ဖြစ်စေလိုသဖြင့် အိပ်စင်လက်မှတ် ဝယ်ပေးခဲ့သော ညီမ၏ဒါနကုသိုလ်မှာမူ စေတနာ ပြဋ္ဌာန်းပြီးဖြစ်၍ အဟောသိကံ မဖြစ်ခဲ့ပါပေ။ ဤသို့ဖြင့် နံနက် ၆ နာရီတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိခဲ့ပြီး ဧည့်ကြိုယာဉ်မောင်းတစ်ဦးနှင့်တွေ့ကာ သွားလိုသည့်နေရာကို ပြောပြခဲ့သည်။

တမ္ပဝတီရပ်ကွက် အတွင်းမှ ဖြတ်ကာ မန္တလေး-မြစ်ကြီးနား ရထားလမ်းအကျော်တွင် ရွှေကွန်ချာအုတ်ဘုရား [စကားချပ်-သမိုင်းစာအုပ်များတွင် ရွှေကွန်ချာဘုရားဟူ၍သာ ပါရှိသည်။] ရှိသည်။ ထိုဘုရားဘေးတွင် ရှိသော ဝိပဿနာသန္တိသုခကျောင်းသို့ သွားလိုကြောင်းပြောရာ အငှားယာဉ်မောင်းက သိသည်ဟုဆိုကာ ကားခမှာလည်း သင့်တော်သဖြင့် ကားပေါ်သို့ ပစ္စည်းများတင်ကာ ဘူတာမှ ထွက်ခွာခဲ့ကြသည်။

ယခင်က ဝါးကပ်မိုး၊ ဝါးထရံကာ၊ ဝါးကပ်ဝင်းခတ်သည့်အညာခလေ့ အိမ်ဝိုင်းကလေးများမှသည် ယခုအခါ ခေတ်မီပုံစံ တိုက်တာများအဖြစ်သို့ တိုးတက်ပြောင်းလဲနေပြီဖြစ်သော တမ္ပဝတီကို ဖြတ်ကျော်ခဲ့သည်။ စံပြကွက်သစ်ဘက်ရောက်သည်တွင်လည်း ဤအတိုင်းပင်။


ထို့နောက် ပွဲဈေးတန်းကြီးကို တွေ့လိုက်ရသည်။ ရွှေကွန်ချာအုတ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆရာမြတ်ကြီး ဦးရေဝတ ပူဇော်ပွဲတော်မှာ တိုက်ဆိုင်၍နေသည်။

မန္တလေး-မြစ်ကြီးနား ရထားသံလမ်းကို ကျော်ပြီးနောက် ဝဲယာတစ်ဖက်တစ်ချက်တွင် သာသနာ့အလံများ ညီညာစွာ စီတန်းစိုက်ထူထားသည့် ဖြူးဖြောင့်နေသော လက်ဝဲဘက် နိုင်လွန်ကတ္တရာလမ်းအတိုင်း ဝင်ရောက်ရန် ယာဉ်မောင်းအား ပြောလိုက်သဖြင့် ထို လမ်းကြောအတိုင်း ဝင်ရောက်ခဲ့ကြ သည်။

မကြာမီပင် "၃၈ ကြိမ်မြောက် ဆရာမြတ်ကြီး ပူဇော်ပွဲတော်"ဟူသော ကျောင်းဝင်းတံခါး ဝင်ပေါက်မုခ်ဦး စ တန်းကြီးကို မြင်တွေ့လိုက်ရသည်။

ကျောင်းဝင်းအတွင်း ဝင်လိုက် သည်နှင့် ငြိမ်းအေးမှု အရိပ်အငွေ့မျာ ခံစားလိုက်ရသည်။ နံနက် အရုဏ်ဆွမ်း စားပြီးချိန်ဖြစ်၍ ကျောင်းဝင်းအတွင်း ဝယ် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

သန္တိသုခကျောင်းဆောင်ဘေး ကျောင်းဝင်းအတွင်း၌ ကိုယ်တိုင် သန့်ရှင်းရေးလုပ်ကာ ကုသိုလ်ယူနေသော သီလရှင်ဆရာကြီး ဒေါ်မမွနိမ္မိတအား တွေ့လိုက်ကြသဖြင့် စာရေးသူ၏ဇနီး သွားရောက် ဂါရဝပြု နှုတ်ဆက်နေ ကျောင်းအကျိုးဆောင်များ ရောက်



သီလရှင်ဆရာကြီး ဒေါ်မမွနိမ္မိတ



Tiger Dance Group ၏ ညပိုင်း စင်တင်ဖြေဖျော်မှုမျာ



www.burmeseclassic.com

www.burmeseclassic.com

သာကြကာ ပစ္စည်းများကို စာရေးသူတို့ တည်းခိုမည့် ကျောင်းဆောင်များသို့ ကူညီပို့ဆောင်ပေးခဲ့ကြသည်။

ပစ္စည်းများ နေရာချပြီးသည်နှင့် အလှူရှင်များ ကျွေးမွေးလှူဒါန်းသည့် နံနက်စာ မုန့်ဟင်းခါးကို သွားရောက်သုံးဆောင်ခဲ့ကြသည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ညပိုင်းအချိုရည် အလှူရှင်များမှာ သီတင်းကျွတ် လဆန်းပိုင်းမှပင် စတင်ကာ ကြိုတင်စာရင်းပေးပြီး ဒါနပြုခဲ့ကြရာ သီတင်းကျွတ်လပြည့်ကျော်ရက်များအထိပင်ရှိကြောင်း သိရသည်။

နံနက်စာ စားခဲ့ကြပြီးနောက် ဆရာကြီးဒေါက်တာချစ်ငယ် (ဒဿန)အား သွားရောက်ဂါရဝပြုခဲ့ကြသည်။ စာရေးသူတို့အား ၁၇. ၁၀. ၂၀၁၃ ရက်နေ့အရောက်လာရန် အကြောင်းကြားခဲ့သည့် ကိုနိုင်ဝင်းတို့ Tiger Dance Group မှာလည်း ယနေ့နံနက်စောစောကပင် ပုဂံမှ ရောက်လာခဲ့ကြသည်ဟု ဆိုသည်။

ဝိပဿနာ သန္တိသုခ ကျောင်းတော်ကြီးအား တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် စည်ပင်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။ ပွဲတော်အခမ်းအနား အခင်းအကျင်း စီစဉ်မှုများမှာလည်း ပိုမိုခမ်းနားကာ လှပဆန်းသစ်လာသည်။

ထိုနည်းတူစွာ Tiger Dance Group ၏ နေ့လယ်ပိုင်း နိဗ္ဗာန်ဓာတ်ရုံ ကျောင်းရှေ့ မြေဝိုင်းတင်ဆက်မှုများသည်ပင် ဝတ်စုံပြည့်ဖြင့် တခမ်းတနား ပိုမိုဆန်းသစ် လှပလာပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုသရုပ်ဖော်ကကွက်များ၊ ဆင်က၊ ကျားက ကကွက်ဆန်းများ၊ ခေတ်ပေါ်ကိုရီးယားကကွက်၊ အနောက်တိုင်းကကွက်များဖြင့် ပီပြင်စွာ ဖြေဖျော်သွားခဲ့ကြသည်။

ထိုဖြေဖျော်မှု အစီအစဉ် ပြီးသည့်နောက်ပိုင်းတွင်မူ ကိုယ်ပိုင်အချိန်များဖြစ်၍ လွတ်လပ်စွာအသုံးချနိုင်ကြသည်။ ကုသိုလ်တရားပွားစီးမည်လား၊ ဗဟုသုတရှာမှီးမည်လား၊ ကြိုက်ရာရွေးရန်သာ။

ယခုနှစ်တွင် စာရေးသူတို့ တည်းခိုသည့် ဇရာဝတီ ကျောင်းဆောင်၌ အခန်းဖော်တစ်ဦး တိုးလာသည်။ ထိုသူသည်လည်း ဝိပဿနာသန္တိသုခကျောင်းတော်ကြီး၏ ယောဂီဟောင်းတစ်ဦးဖြစ်၍ ကိုယ်ပိုင်အချိန်များတွင် စာရေးသူတို့ကဲ့သို့ပင် ဝိပဿနာတရား ရှုပွားအားထုတ်ရင်း အချိန်ကို အကျိုးရှိစွာအသုံးချလေ့ရှိသည်ကို တွေ့ရသည်။

ညပိုင်း ၇နာရီအချိန်တွင် နိဗ္ဗာန်ဓာတ်ရုံ ကျောင်းဆောင်အတွင်း၌ ဘုရားဝတ်ပြု ပူဇော်ကြပြီးနောက် စုပေါင်းကာ နာရီဝက်ခန့် ဝိပဿနာ တရားရှုပွားအားထုတ်ကြသည်။

ထို့နောက် ဆရာတော်အရှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)ဘဝတွင် ဆရာမြတ်ကြီး ဦးရေဝတ ထံတော်ပါး၌ မိမိဘဝကို အပ်နှံကာ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်မှုအရ ဆရာမြတ်ကြီး



Tiger Dance Group ၏ ညပိုင်း စင်တင်ဖြေဖျော်မှုများ




www.burmeseclassic.com

www.burmeseclassic.com



ပင့်သံဃာ ဆရာတော်ကြီးများ ကြွရောက်တော်မူလာကြစဉ်



နဝကမ္မဆုမဲများ ဆက်ကပ်နေကြပုံ

ချီးမြှင့်တော်မူခဲ့သည့် လောကုတ်လောကီ နှစ်လီသော အမွေအနှစ်တို့ကို ရရှိခဲ့သော ဗုဒ္ဓစာပေဆုရ ဆရာကြီး ဒေါက်တာ ချစ်ငယ်(ဒဿန) M.A., Ph.D Philo sophy in Religious Sciences)London က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားသည်။

ထိုတရားပွဲပြီးသည်တွင် မြောက်ဘက်ရှိ မြေကွက်လပ်ဇာတ်စင်ပေါ်၌ တင်ဆက်ကပြသည့် Tiger Dance Group ၏ ဖြေဖျော်တင်ဆက်မှုများကို အားပါးတရ ကြည့်ရှုနိုင်ကြသည်။ ဆရာမြတ်ကြီးဦးရေဝတအား ပူဇော်သည့် ပူဇော်ပွဲတွင် ပါဝင်ပူဇော်ကုသိုလ်ပြုကြသည်ဖြစ်၍ တီးခတ်မှုများမှာ အထူးပင် ပြောင်မြောက်သကဲ့သို့ ပရိသတ်၏ ဆုတော်ငွေများဖြင့် အားပေးချီးမြှောက်မှုများမှာလည်း အံ့မခန်းပင်။

ယခုနှစ်တွင် "လွတ်မြောက်ရိပ်သာ၊ မော်လမြိုင်" မှ ယောဂီအဖွဲ့လည်း ရောက်ရှိလာသဖြင့် ဧည့်ပရိသတ်များ ပိုမိုစည်ကားမြိုင်ဆိုင်လာသည်။

ကျောင်းတော်ကြီးတွင် ကုသိုလ်ရှင်များ၏ ကောင်းမှုကြောင့် ကျောင်းဆောင်သစ်များ တိုးပွားစည်ပင်လာသကဲ့သို့ တစ်ဖက်တွင်လည်း ယောဂီသစ်များ တိုးပွားလာခြင်းမှာ မင်္ဂလာရှိသော လက္ခဏာများပင်။

စာရေးသူတို့ ရောက်ရှိခဲ့သည့် ၁၇. ၁၀. ၂၀၁၃ ရက်နေ့တွင် နေပူသဖြင့် အိုက်စပ်စပ် ရှိခဲ့သော်လည်း နောက်ပိုင်းရက်များတွင် မိုးအုံ့လာကာ ‌ေနသာထိုင်သာ ရှိခဲ့သည်။ ထိုရက်များအတွင်း ရန်ကုန်၌ မိုးဆက်တိုက်ရွာသွန်းနေသည်ဟု သတင်းရသဖြင့် ကျောင်းတွင်လည်း မိုးများရွာလေမလား ဟူ၍ စိတ်ထင့်နေခဲ့ကြသည်။ သို့ရာတွင် ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန) က ပွဲတော်ရက်အတွင်း မိုးမရွာစေရန် သစ္စာ အဓိဋ္ဌာန်ပြုထားသဖြင့် မိုးရွာမည်မဟုတ် ဟု ပြောဆိုနေကြသည်ကိုလည်း ကြားမိသည်။

ဤသို့ဖြင့် အောက်တိုဘာလ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်း ပင့်သံဃာတော် ၅၅ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး နဝကမ္မ ဝတ္ထုငွေများ မဲဖောက် ဆက်ကပ်ပြီးနောက် ဧည့်ပရိသတ်များအား နေ့လယ်စာကျွေး ဧည့်ခံပြီးသည်အထိ မိုးရွာမည့်အရိပ် အယောင်ပင် မပြဘဲ ရာသီဥတုမှာ သာယာနေဆဲပင်။

နောက်ပိုင်းတွင် ကျောင်း သံဃာတော်များ၊ သီလရှင်များ



"လွတ်မြောက်ရိပ်သာ မော်လမြိုင်" ယောဂီအဖွဲ့ အမှတ်တရ



မိုးဖွဲရွာနေစဉ် ဆက်လက်ပြုလုပ်သည့် နဝကမ္မဆုမဲအ



www.burmeseclassic.com

www.burmeseclassic.com

ဆရာမြတ်ကြီး ဦးရေဝတ၏ အနွယ်တော်များအား နဝကမ္မဝတ္တုဆုမဲများ လှူဒါန်းနေစဉ် မိုးဖွဲကလေးများ ရုတ်တရက်ကျလာသည်။

သို့ရာတွင် ပွဲပျက်လောက်သည်အထိ ရွာသွန်းခြင်းမဟုတ်ဘဲ ကလူကျီစယ် ပြုသည့်အလား ထိကပါးရိကပါး ရွာသည်ဆိုရုံမျှသာ ရွာခြင်းဖြစ်ပြီး ကြာမီပင် ရာသီဥတုပြန်လည်သာယာလာခဲ့သည်။

ရုတ်တရက်အားဖြင့် ဧည့်ပရိသတ်အချို့တွင် မိုးဖျက်တော့မည်လောဟု စိုးထိတ်မှုအရိပ်အငွေ့များ ထင်ဟပ်ခဲ့သော်လည်း ဆရာကြီးဒေါက်တာချစ်ငယ်(ဒသာန)နှင့် တပည့်ယောဂီများမှာမူ ယုံကြည်မှုအပြည့်ဖြင့် ပြုဖွယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားခဲ့သည်။

နေ့လယ်ပိုင်း ဖြေဖျော်ရေးအစီအစဉ်ကိုလည်း နိဂြောဓာရုံကျောင်းရှေ့ မြေကွက်လပ်တွင်ပင် အောင်မြင်ပျော်ရွှင်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အထိမ်း အမှတ်အနေဖြင့် ဆရာမြတ်ကြီး ဦးရေဝတ အမိဋ္ဌာန်ဝင်ကာ တရားအားထုတ်ရင်း သီတင်းသုံးတော်မူခဲ့သည့် ဓမ္မသိဒ္ဓိ လိုဏ်ဂူတော်နှင့် ထိုလိုဏ်ဂူမှဆက်၍ ခိုနန်းရေယာဉ်လိုဏ်ဂူသို့ ဆရာမြတ်ကြီး ကြွတော်မူရာ ခရီးလမ်းတွင် တည်ရှိသော အနော်ရထာမင်းကြီး၏ မိဖုရား စောမွန်လှ တည်ထား ကိုးကွယ်ခဲ့သည့် ရွှေစာရံဘုရားတို့သို့ဆရာကြီးဒေါက်တာချစ်ငယ် (ဒသာန) ဦးဆောင်ကာ တပည့်ယောဂီအပေါင်းတို့ကို လိုက်ပို့ပေးခဲ့သည်။

ရွှေစာရံဘုရားတွင် ဆရာကြီး ဒေါက်တာချစ်ငယ်(ဒသာန)ဦးဆောင်ကာ တပည့်ယောဂီများ စုပေါင်း၍ စေတီတော် ဘက်စုံပြုပြင် မွမ်းမံရေးအတွက် ဂေါပကအဖွဲ့သို့ အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ယခုအခါ ဓမ္မသိဒ္ဓိလိုဏ်ဂူသို့ သွားရောက်သည့် လမ်းမှာ ကောင်းမွန်



ဆရာမြတ်ကြီး ဦးရေဝတ တည်တော်မူခဲ့သည့် စေတီတော်အား ဖူးတွေ့ရပုံ



ဓမ္မသိဒ္ဓိ လိုဏ်ဂူတော်အား မလှမ်းမကမ်းမှ တွေ့ရပုံ




ဓမ္မသိဒ္ဓိ လိုဏ်ဂူတော် ဝင်ပေါက်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဒေါက်တာချစ်ငယ် (ဒသသန) ဦးဆောင်ကာ တပည့်ယောဂီများ စုပေါင်း၍ ရွှေစာရံစေတီဂေါပကအဖွဲ့သို့ အလှူငွေ ပေးအပ်စဉ်

နေပြီ ဖြစ်သော်လည်း ဆရာမြတ်ကြီး အမိဌာန်ဝင်ကာ အားထုတ်ခဲ့စဉ်က ထိုနေရာသို့ရောက်ရန် ခက်ခဲပင်ပန်းစွာ ကြွရောက်တော်မူခဲ့ရပြီး ထိုဂူဝန်းကျင်တွင် သားရဲတိရစ္ဆာန်များ ကျင်လည်ကျက်စားလျက် ရှိသည်ဟု ဆိုသည်။

ဆရာမြတ်ကြီး အမိဌာန်အောင်မြင်တော်မူပြီးနောက် ထိုဂူနှင့် မလှမ်းမကမ်းတွင် စေတီတော်ငယ်တစ်ဆူကို တည်တော်မူခဲ့ရာ ဝိပဿနာသန္တိသုခကျောင်းအကျိုးတော်ဆောင် အဖွဲ့မှ စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားချက်အရ ထိုစေတီတော်မှာ ရွှေရောင်ဝင်းဝါလျက် တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက် ရှိသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ကုသိုလ်ဇောအဟုန်တို့ လွှမ်းခြုံထုံမွမ်းလျက် ပျော်ရွှင်ဖွယ်ခရီးစဉ် ပြီးဆုံးကာ ကျောင်းသို့ပြန်ရောက်သည့်တိုင် ရာသီဥတုမှာ သာယာနေဆဲပင်။

အလုပ်ကိုယ်စီရှိကာ အချိန်မီလုပ်ငန်းခွင်ဝင်ရမည့် နောက်ကြောင်း



မအေးသူများအဖို့ အချိန်တန်ပြီဖြစ်၍ အိမ်ပြန်ရန် စီစဉ်ကြရတော့သည်။ ထိုအထဲတွင်စာရေးသူတို့လည်းအပါအဝင် ဖြစ်သည်။

အိမ်ပြန်ရန် စီစဉ်ရာတွင်လည်း မော်တော်ယာဉ်လက်မှတ် ဝယ်သည်မှစကာ ကားဂိတ်သို့ လိုက်ပို့သည်အထိ စီစဉ်ပေးခဲ့ကြသဖြင့် အထူးပင်ကျေးဇူးတင်နေမိသည်။

သို့ဖြစ်၍ ပူဇော်ပွဲတော်ကာ အတွင်း စာရေးသူတို့အား အစစအ ရာ ကူညီစီစဉ် စောင့်ရှောက်ပေးခဲ့ ဓမ္မဆွေတော်မျိုးတော်များအား န နံနက်တွင် ပြန်တော့မည်ဖြစ်ကြေ ကြိုတင်နှုတ်ဆက်ထားခဲ့သည်။


ရာသီဥတုမှာ တောက် ပင် ကောင်းမွန်သာယာနေ တင်းကျွတ် လပြည့်နေ့ညတွင်



www.burmeseclassic.com

www.burmeseclassic.com





လပြည့်နေ့ညှ ရှမငြိမ်းဖွယ် မီးရောင်စုံများ ပူဇော်ထားပုံ

ပူဇော်ပွဲတော်ကို ယခင်နှစ်များနည်းတူ လုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင်စွာ ဆင်ဖြစ်ခဲ့ကြသည်။

ထိုနေ့ညတွင် လျှပ်စစ်မီးရောင်စုံများအပြင် ရှိုးရာဓလေ့ဖြစ်သော ဆီမီးချက်ပေါ်တွင် ဖယောင်းတိုင်ထွန်းညှိကာ မြင်ဆိုင်စွာ ပူဇော်ကြသဖြင့် အထူးပင်ကြည်နူးဖွယ် ကောင်းလှသည်။

Tiger Dance Group မှာလည်း ထိုနေ့ညတွင် ညဉ့်နက်သည်အထိ အားပါးတရ ဖြေဖျော်ခဲ့ပြီး ပရိသတ်များကလည်း အားပါးတရပင် ဆုတော်ငွေများဖြင့် ချီးမြှင့်အားပေးခဲ့ကြသည်။

ထိုဖြေဖျော်ရေးအစီအစဉ် ပြီးဆုံးသည်တွင် ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန)အား သွားရောက်ဂါရဝပြုနှုတ်ဆက်ကာ မနက်ဖြန် ပြန်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တည်းခိုရာကျောင်းဆောင်သို့ ပြန်ခဲ့ကြသည်တွင် မိုးဖွဲလေးများ စတင်ရွာသွန်းလာခဲ့သည်။

ကျောင်းဆောင်သို့ ရောက်သည်နှင့် ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးခဲ့ကြပြီးနောက် အိပ်ရာမဝင်မီ တရားရှုပွားဖြစ်ခဲ့ကြသည်။ ထိုအချိန်တွင် မိုးဖွဲလေးများ တဖွဲဖွဲကျနေဆဲပင်။

စာရေးသူတို့ တရားရှုပြီးနောက် အိပ်ရာဝင်ပြီးသည်တွင်မှ ပွဲတော်ကာလတစ်လျှောက်လုံး ချုပ်တည်းထားရဟန်ရှိသော မိုးအမှုန်မှာ မာန်ဟုန်ပြင်းစွာ ရွာချလေတော့သည်။

တစ်ညလုံးလည်း မိုးကရွာသည်၊ နံနက်ပိုင်းတွင်လည်း ဆက်၍ရွာသည်။ ယခုနှစ် "၃၈ ကြိမ်မြောက် ဆရာမြတ်ကြီး ဦးရေဝတ ပူဇော်ပွဲတော်" အောင်မြင်စွာ ပြီးဆုံးကြောင်းကို မိုးကပင် သက်သေပြုသကဲ့သို့ ရှိချေတော့သည်။

ထိုမိုးက စဲမည့်ပုံ မပေါ်သဖြင့် မိုးထဲရေထဲတွင်ပင် ဆွမ်းစားဆောင်သို့ သွားကာ ထိုနေ့နံနက် အရုဏ်ဆွမ်း




စကြံလမ်းလေးတွင် ဆလိုက်မီးများပါ ပူဇော်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com



နိုကြောဓာရုံကျောင်းရှေ့ မြင်ကွင်း



ပြန်ခါနီး ထီးဆောင်းခဲ့ရသည့် မန္တလာမိုး





ဝဲမှယာ [ကိုနိုင်ဝင်း၊ ကြည်လင်းထွန်း၊ ဘိုးတော်(အမရပူရ)၊ ဝဏ္ဏ(မန်းတက္ကသိုလ်

အလှူရှင် Tiger Woom လှူဒါန်းသည့် ရှမ်းခေါက်ဆွဲကို အားပါးတရသုံးဆောင်ခဲ့ကြပြီးနောက် တစိမ့်စိမ့်ရွာနေသော မန္တလာမိုးနှင့်အတူ အဝေးပြေးကားဂိတ်သို့ ထွက်ခွာခဲ့ကြသည်။

အဝေးပြေးကားဂိတ်တွင် လုမ္ဗိနီအဖွဲ့၏ ၂၇ ယောက်စီး Scania ကားသစ်ကြီးက စာရေးသူတို့အား အခံ့သားစောင့်ကြိုလျက်ရှိသည်။ ကားဂိတ်အရောက် လိုက်ပို့သူများ နှုတ်ဆက်ပြီး ပြန်သွားကြသည်တွင်မူ ဝိပဿနာသန္တိသုခ ကျောင်းတော်ကြီးကို လွမ်းသလိုလို ခံစားမိသည်။ လေအိတ်ကားကြီးက တစ်ဘီးချင်းလိမ့်ကာ တငြိမ့်ငြိမ့်ထွက်စပြုသည့်တိုင် စာရေးသူ၏စိတ်အစဉ်က ဝိပဿနာသန္တိသုခ ကျောင်းတော်ကြီးတွင် ရစ်ဝဲနေဆဲ။

ပူဇော်ပွဲတော် မှတ်တမ်းဓာတ်ပုံများကို ဤဆောင်းပါးတွင် အချိန်မီထည့်သွင်း အသုံးပြုနိုင်ရန် ကူညီစီစဉ်ပေးခဲ့သော ဝဏ္ဏ(မန်းတက္ကသိုလ်) Di... tal Photo Studio & Video အ... ကောင်း၊ ဓမ္မသီဒ္ဓိလိုဏ်ဂူတော်နှင့် ... တော်ကြီး တည်ထားခဲ့သည့် ... တော်တို့ကို အင်တာနက်ပေါ် ... တင်ပေးခဲ့သည့် ဆုရဓာတ်ပုံ... ဘိုးတော်(အမရပူရ)အားလည်း ... အထူးပင် ကျေးဇူးတင်ရှိပါကြော...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ကိုကြီးဇော(အာလော်ဒ်း)


## ငွေ့ကမျှ အိပ်မက်ကမ္ဘာထဲက ဇော်ငွေရောင် ဖုလဲပန်းများ

(ယခင်လမှအဆက်)

(၂၆)

ပြောနေရင်းမှ စောလွင်က ရပ်နားလိုက်ပြီး ရေနွေးတစ်ခွက်ကို ငုံ့ကာ သောက်လိုက်သည်။ လက်ဖက်ချိုင့်ဆီ လက်အလှမ်းမှာ . . .

"ဆက်ပြောပြလေ ကိုစောလွင်ရဲ့"





www.burmeseclassic.com

www.burmeseclassic.com

နားထောင်နေသူများ အားမလို အားမရ ဖြစ်သွားကြသည်။

"အေးလေ၊ မင်းကလဲ ကောင်းခန်းရောက်နေခါမှ"

ဇော်ဝင်းကပါ ဖြည့်တွန်းသည်။

"ပြောပါ့မယ်၊ အာတွေခြောက်အားကြီးလို့ ရေနွေးယူသောက်တာပါ"

"မင်း ရေနွေးသောက်ပြီးပြီလေ"

ဇော်ဝင်းက ဝင်ထောက်သည်။

"လက်ဖက်လေးလဲ တစ်ဇွန်းလောက် စားပါရစေဦး၊ ကုန်သွားမှာစိုးလို့ ဟား ဟား ဟား. . ."

"ဟုတ်ပါတယ် ဆရာလေးရယ်၊ ကိုစောလွင် ပြောနေရတာအကြာကြီးပဲ၊ နားပါစေဦး၊ စားလဲ စားပါစေဦး"

သဲကုန်းသူများက သိပ်မရင်းနှီးသေးသည်မို့ အားနာစကား ဝင်ပြောပေးရှာသည်။

"အဟင်း ကျွန်တော်လဲ အားမလိုအားမရ ဖြစ်သွားလို့ပါ၊ ရေနွေးငှဲ့ပေးထားပေးမယ်နော်၊ ကိုစောလွင် စား"

ရွှေမန်းသူဖြစ်သူ မြင့်မြင့်အေးက လောဆော်မိသူမို့ အားနာစွာဝင်ပြောသည်။

"ဆရာမတို့ကသာ အားနာနေတာ၊ ကျွန်တော်ကတော့ မနာဘူး၊ ဒီကောင်က ကျပန်းစကားပြောနေကျ"

"မောင်စောရေ၊ ဒီကသမီးတို့ပြောနဲ့၊ ဦးလေးတောင် ငန့်တန့်တန့်ဖြစ်သွားသကွ၊ မြန်မြန်စားကွာ ဟား ဟား ဟား. . . ."

"အု အု. . . အင့် အဟွတ်"

"နင်ပြီ ဦးလေးရေ၊ ကျွန်တော့်သူငယ်ချင်း နင်နေပြီ ဟား ဟား ဟား"

ဇော်ဝင်းက ဝင်ဖောက်သည်။

"ဒီ ဒီမှာ ဆရာ၊ ရေ ရေနွေးသောက်လိုက်"

သဲကုန်းသူ ယဉ်ယဉ်ဦးမြင့်က ကမ်းပေးသည်။

"ဟား ဟား ဟား ငါပြောလိုက်တာနဲ့ ငါ့တူကြီး နင်တောင်သွားသကွာ၊ ဆောရီး မောင်စောရေ ဟား ဟား ဟား"

"ရ ရပါတယ် ဦးလေးရယ်၊ ကျွန်တော် နောက်တစ်ဇွန်း မစားတော့ပါဘူး"

"လုပ်ပြီ၊ ပြောရှာမယ်၊ စားပါဗျာ၊ ဒါပေမယ့် ဇာတ်လမ်းပြီးမှစား. . ပေါ့. . . ပေါ့"

"ဟား ဟား ဟား. . ."

တောင်ညိုတောင်ပေါ်တွင် ရယ်မောသံများဖြင့် စီစီဝေနေတော့သည်။

"ဒီလိုခင်ဗျာ ဗိုလ်စောနောင်ကတော့ သေသွားရှာတယ်"

"ဟင်. . . အဆိပ်သောက်တာက မင်းသမီးလေ၊ ဗိုလ်စောနောင်က ဘာလို့ သေရတာလဲလို့"

"ဟုတ်ကဲ့ မင်းသမီးက မသေဘူးခင်ဗျ"

"ဟင်. . . မင်းဟာက ရှုပ်ကုန်ပြီ၊ အဆိပ်သောက်တာက မင်းသမီး၊ သေတာက ဗိုလ်စောနောင်"

ဇော်ဝင်းက ပြောရင်း စိတ်ရှုပ်ဟန်ဖြင့် လက်ဖက်တစ်ဇွန်း ခပ်စားလိုက်သည်။

"မင်း စိတ်ရှုပ်တာကလဲ လက်ဖက်စားရင် ပြေတယ်ပေါ့ ဟား ဟား"

ကိုဌေးမြင့်က ဝင်ခွပ်သည်။

"အင်းလေ ကိုဇော်ဝင်း စိတ်ရှုပ်သလို ကျွန်တော်လဲ ရှုပ်လိုက်ဦးမယ်"

မြင့်မြင့်အေးက စသည်။

"ဒီလိုခင်ဗျ၊ သမားတော်ကြီးရောက်လာပြီး ကုသပေးလို့ မင်းသမီးကပြန်သတိရလာတယ်၊ ဗိုလ်စောနောင်က သေတာက ဒီလို၊ မင်းသမီးကို ခေါ်မရတော့ မင်းသမီးလက်ထဲက ကြုတ်ကလေးကိုယူပြီး မော့သောက်ချလိုက်တယ်တဲ့၊ အဲဒါကြောင့် ဗိုလ်စောနောင် သေရရှာတာပါ"

"ဟင်. . . အရင်သောက်တဲ့ မင်းသမီးကျတော့ မသေဘဲနဲ့"

"အဲဒါကလဲ ဒီလိုဖြစ်နိုင်ပါတယ်၊ ကြုတ်ထဲမှာထည့်ပြီး လည်ပင်းဆွဲထားတာဆိုတော့ လှုပ်ရှားမှုတွေကြောင့် သိပ်ထားသလို ဖြစ်နေပါလိမ့်မယ်၊ အဲဒါကို မင်းသမီးသောက်တုန်းက အပေါ်ယံဆေးမှုန့် အနည်းငယ်ပဲ ပါသွားတာဖြစ်ပါလိမ့်မယ်၊ ဗိုလ်စောနောင်အလှည့်ကျတော့ ကျန်တဲ့ သိပ်ထားသလိုဖြစ်နေတဲ့ ဆေးမှုန့်တွေကို ခါချပြီး အကုန်အစင်သောက်ချလိုက်တာဖြစ်မယ်၊ သူသောက်တာ ပမာဏ ပိုများသွားတာပေါ့"

"အင်းလေ၊ ဖြစ်မှဖြစ်ရလေ"

"ဟုတ်ပါရဲ့ ချစ်သူချင်းတွေ သေကွဲ ကွဲရတာ သနားစရာ"

"အဲဒီမှာ ပိုပြီး စိတ်ထိခိုက်စရာကောင်းတာက တောင်ပေါ်နဲ့ တောင်အောက်ကို ပြေးလိုက်၊တက်လိုက်လုပ်ရင်း မောဟိုက်နေရှာတဲ့ ညီမတော် နန်းခင်မွေးလေးဟာ အစ်ကိုတော်ပါအဲဒီလိုအဆိပ်သောက်လိုက်လို့ဆိုတဲ့ အဖြစ်လဲမြင်ရော အဲဒီကျောက်ပုံဘုရားလေးနားမှာပဲ နှလုံးသွေးရပ်ပြီး လဲကျသွားလိုက်တာ၊ သတိပြန်လည်မလာတော့ရှာဘူးတဲ့၊ မင်းသမီးထိပ်တင်နွဲ့ မသေဘူးဆိုတာတောင် ခမျာ သိမသွားရရှာဘူး"

"အို. . . သနားစရာ"

"အေးလေ ဖြစ်မှဖြစ်ရလေ"

"ဟုတ်ပါရဲ့၊ သူ့ခမျာ အရွယ်နဲ့မမျှ ခံစားလိုက်ရတာကိုး"

"အဲဒါကြောင့် ဒီတောင်ပေါ်မှာ တောင်ညိုပိုင် နတ်မောင်နှမဆိုတာ ဗိုလ်မင်းစောရန်နောင် ခေါ် ဗိုလ်စောနောင်နဲ့ ညီမတော် နန်းခင်မွေးတို့ပဲ ဖြစ်နိုင်လောက်တယ်လို့ အစဉ်အဆက် ယုံကြည်လာခဲ့ကြတယ်"

"အဲဒါနဲ့ တော်လှန်ရေးကကော ဆက်လုပ်ဖြစ်သေးလား"

"ဟုတ်ကဲ့၊ ဆက်ပြောရမယ်ဆိုရင် မင်းသမီးထိပ်တင်နွဲ့ ပြန်လည်ကျန်းမာလာတော့ တောင်ညိုတောင်ပေါ်မှာ ဗိုလ်မင်းအပေါင်းတို့ကို စုဝေးစေပြီး မင်းသမီးက တောင်းဆိုတယ်၊ ဒီတောင်ပေါ်မှာ ဗိုလ်စောနောင်နဲ့ နန်းခင်မွေးတို့မောင်နှမအတွက် ရည်စူးပြီး လွမ်းစေတီလေးတစ်ဆူ တည်ပေးစေချင်တယ်ပေါ့၊ ဘယ်သူများ ဝန်ခံနိုင်မလဲ မေးတော့ ဒုတိယအကြီးဆုံး ဗိုလ်မင်းထိန် ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ရွှေလုံဗိုလ်က ဝန်ခံတယ်၊ အဲဒီမှာ မင်းသမီးက သူရဲ့ပတ္တမြား လက်စွပ်နဲ့ ပတ္တမြား လက်ကောက်တွေကို ချွတ်ပေးပြီး ထုခွဲသုံးစွဲပါလို့ မှာခဲ့တယ်၊ စေတီလေး တည်ပြီးရင် ဒီတောင်ညိုကို ဘယ်လို နည်းနဲ့ဖြစ်ဖြစ် ပြန်လာမယ်၊ ကုန်ကုန် ပြောရရင် သူ့အပေါ်မှာ အသက်နဲ့ထပ်တူ ချစ်သွားတဲ့ ဗိုလ်စောနောင်ရှိရာ ဒီတောင်ညိုက လွမ်းစေတီကို ဘယ်ဘဝ ရောက်ရောက် သူရောက်အောင် ပြန်လာဖူးမယ်လို့ မှာခဲ့တယ်”

“မှာခဲ့တယ်ဆိုတော့ မင်းသမီးက သေမှုမသေဘဲဟာ”

ရွှေဘိုသူက ဝင်ထောက်သည်။

“ဒီလိုခင်ဗျ၊ အန္တယ်တော် မင်းသမီးတစ်ပါး. . တောင်ညိုဒေသမှာ ဦးဆောင်နေတာကို အင်္ဂလိပ်အာဏာပိုင်တွေ သတင်းရနဲ့ ရသွားပုံရတယ်၊ သာပေါင်းဂါတ်မှာလဲ အင်အားတိုးချဲ့တယ်၊ ဂွမြို့နယ်ဘက်က သာပေါင်းမြို့နယ် နယ်စပ်နဲ့ ထိစပ်နေတဲ့ ကမ်းသာယာ၊ ဂွချောင်းဘက်တွေမှာ ပုလိပ်စခန်းတွေဖွင့်ပြီး ချောင်းသာဘက်ကနေလဲ ပိတ်ဆို့ရေးတွေလုပ်ဖို့ စီမံစိုင်းပြင်းနေတာတွေ၊ တိုင်းရင်းသားလူယုံ လက်နက်ကိုင်တွေနဲ့ ထိုးစစ်တွေဆင်ဖို့ ပြင်ဆင်နေတာတွေကို ဒေသခံ သတင်းပေးတွေက တစ်ဆင့် ကျားဗိုလ်တို့က ရထား၊ အဲဒီအခါမှာ မင်းသမီးထိပ်တင်နွဲ့နဲ့ အပျိုဖော်ဝင်စ နန်းခင်ထွေးတို့ဟာ ရှောင်ရ တိမ်းရ ပိုခက်ခဲသွားမယ်၊ အဲဒါကြောင့် သမားတော်ကြီးက မန္တလေး ရန်ကင်းတောင်ကို ပြန်ပို့ဖို့ဆုံးဖြတ်ပြီး သမားတော်ကြီးနဲ့ သံတိုင်ဗိုလ်တို့ နှစ်ယောက်က အညာကို ပြန်လိုက်ပို့ကြတယ်၊ သမားတော်ကြီးတို့ ပြန်လာရင် စခန်းကို ရိုးမအစပ် ငါးကန်ရေကြည်ချောင်းဖျားပိုင်းအထိ ရွှေ့ပြောင်းသင့်ရင် ပြောင်းမယ်လို့ တိုင်ပင်ထားခဲ့ကြတယ်တဲ့”

စောလွင်က ခေတ္တရပ်နားလိုက်ရင်း သဲကုန်းသူ ယဉ်ယဉ်မြင့် ကမ်းပေးသော ရေနွေးခွက်ကို ယူသောက်လိုက်သည်။ ရွှေမန်းသူ မြင့်မြင့်အေးက လက်ဖက်သုပ်ချိုင့်ကို ကမ်းပေးလေသည်။

“ဦးလေးစံ၊ သူတို့ အတင်းကမ်းပေးလို့ ယူစားတာနော်၊ ကျွန်တော်က ယူစားတာမဟုတ်ဘူး”

“စားပါ မောင်ရယ်၊ တော်ကြာ ဇာတ်လမ်းက ကောင်းခန်းရောက်ခါမှ ဆက်မပြောဘဲ စိတ်လုပ်မနေပါနဲ့”

“နောက်ပိုင်း ဘာဆက်ဖြစ်ကြသေးလဲဟင် ဆရာလေး”

ယဉ်ယဉ်ဦးမြင့်က မနေနိုင်စွာ ဝင်မေးသည်။

“အေးဗျာ၊ နောက်ပိုင်းအဖြစ်အပျက်တွေကတော့ စိတ်မကောင်းစရာတွေပေါ့ဗျာ”

(၂၃)

တောင်ညိုတွင် ကျန်ခဲ့သည့် အရေးတော်ပုံ အင်အားစုမှာ စစ်ရေးလေ့ကျင့်မှုများကို မပြတ်ပြုလုပ်နေရသလို ရိက္ခာအတွက်လည်း တောင်ညိုတောင်ခြေရှိ မြေပြန့်များတွင် လယ်စိုက်ကြသည်။ မိုးကျလာပြီမို့ စခန်းကို ပြုပြင်စီစဉ်သင့်သည်များကို ဆောင်ရွက်ကြသည်။ စုဆောင်းရရှိထားသည့် လက်နက်ခဲယမ်း အနည်းငယ်ကိုလည်း အလုံခြုံဆုံး သိုဝှက်ထားပြီး အင်္ဂလိပ်အစိုးရဘက်မှ ရုတ်တရက် ရောက်ရှိလာလျှင်လည်း သာမန် ရွာသူရွာသားများအသွင်သာ မြင်တွေ့ရစေရန် စီမံလေ့ကျင့်ထားကြသည်။

မန္တလေးမှ ဆင်းလာကတည်းက အိမ်ထောင်ရှိပြီးသူများကို တောင်ညိုတောင်ခြေတွင် ဖြန့်ခွဲနေရာချပေးထားပြီး ရွာငယ်လေးတစ်ရွာအသွင် ဖန်တီးထားသည်။ ကျန်သည့် အရေးတော်ပုံ ရဲမက်များကို လုံခြုံသော လျှိုများနှင့် တောင်ကမ်းပါးယံများတွင် လိုဏ်ခေါင်းဖောက်လုပ်နေစေသည်။ အချို့ကိုလည်း မြောက်ဖြူရွာ၊ ဝါယာရွာများတွင် သာမန် သစ်ခုတ်လုပ်သားများ၊ ဆင်သမားများအသွင်အလုပ်လုပ်နေစေလေသည်။

မိုးဖြိုင်ဖြိုင်ကျပြီမို့ သွားရေး ရေး မလွယ်ကူပြီ။ အင်္ဂလိပ်အစိုးရ ဝိုင်းပတ်စစ်ဆင်ရေးမှာ ရပ်ဆိုင်းနား ခိုက် သူတို့အမည်များကို အသုံးချ မားပြတကယ်တိုက် လူတကယ်သ သော၊ အင်္ဂလိပ်အစိုးရမှာ လက် မွေး လက်နပ်တပ်ဆင်ထားသော ရင်းသား ရွာများအား ဝင်စီးကာ အစစ်များကို ဖော်ထုတ်ဖမ်းဆီး မျက်ပစ်သည်။ လက်နက်ခဲယမ်းများ သိမ်းယူသည်။ ဒေသခံ ပြည်သူများ ယုံကြည်မှုကို ယုံမှားသံသယဖြစ် များကို တစ်ရွာချင်း လိုက်ရှင်းသည်။ ဆီးသည်။ ကွပ်မျက်သည်။

အရေးတော်ပုံ ရဲမက်များ တကယ့်ရန်သူစစ်စစ် အင်္ဂလိပ်အ အား မတိုက်ရပါဘဲ အိမ်ကြက်ချင်း မဲသုတ်ခွပ်ရသလို ဖြစ်နေသည်။ တစ်ဖန် နာမည်ကျော် ရိုးမငှက် ဒဏ်ကို အလူးအလဲ ခံစားရပြီး အပျောက်တွေ များလာသည်။ ဝင်ရင်း သေရသည်မရှိဘဲ အဖျား နှင့် ဆေးဝါးချို့တဲ့မှုဒုက္ခကို ခံစား သည်။ တစ်လခန့်ကြာတော့မှ သ ဗိုလ်ပြန်ရောက်လာပြီးအကျိုးအကြ သိရသည်။

သမားတော်ကြီး ကွယ်လွန် ပြီ ဆိုသည့်သတင်းကြောင့် အရေး ပုံတပ်သားများ စိတ်ထိခိုက်ကြ အရေးတော်ပုံ တပ်ဖွဲ့ဝင်များမှာ ကာလတစ်ခုလုံး ဆင်းရဲဒုက္ခအ နပန်းလုံးနေကြရသည်။

မိုးရာသီကာလကို လွန် လျှင် အင်္ဂလိပ်အစိုးရမှ ထိုးစစ် နွဲလာမည်ကို ကြိုတင်ခန့်မှန်း သော်လည်း ပြည့်စုံသော ခံစ ကို မတည်ဆောက်နိုင်ကြ။ အ တော် သတင်းပေးများ၊ ကျေးရွာ ဆင့် လမ်းခရီးအဆင့်ဆင့်တွင် အင်္ဂလိပ်ဂေါ်ရာတပ်များ ထိုး လျှင် ကြိုတင်သိရှိနိုင်စေရန် ထားရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းရာသီသို့ ရောက်သောအခါ အင်္ဂလိပ် ဂေါ်ရာတပ်များက တောင်ညိုဒေသသို့ ထိုးစစ်ဆင်လာသောအခါ ရင်ဆိုင်တိုက်ပွဲ မဆင်နွှဲဘဲ ပြောက်ကျားတိုက်ပွဲများ ဆင်နွှဲလျက် အခွင့်ရလျှင် ရသလို ခုခံတိုက်ခိုက်ကြသည်။ လက်နက်အင်အား၊ လူအင်အား ကွာခြားလွန်းသောကြောင့် တစ်နေရာတည်းတွင် ခံစစ်အဖြစ် ရပ်တည်မနေဘဲ ရွှေ့ပြောင်းခံစစ်အသွင်ဖြင့် ခုခံတိုက်ခိုက်ရင်း မြောက်ဖြူရွာအနီး သစ်တောကြီးထဲတွင် ဆင်စီးချင်းတိုက်ပွဲများပင် ဖြစ်ပွားခဲ့ကြသည်။

တောင်ညိုဒေသမှ ဆုတ်ပေးရသော အရေးတော်ပုံအင်အားစုသည် ယာရွာတစ်ဝိုက်၊ ပြာတိုက်ရွာတစ်ဝိုက်တွင် တောတွင်း ချုံခိုတိုက်ပွဲများကို ဆင်နွှဲကြသည်။ ချောင်းသာဘက်မှ ဝိုင်းပတ်လာသော ထိုးစစ်ကြောင်းတွင် အင်္ဂလိပ်ဗိုလ်၏ လူယုံ "ဆင်ပါးသခင်" ဆိုသူအား ချောင်းမြောင်းပစ်သတ် လုပ်ကြံလိုက်၍ အင်္ဂလိပ်များ မျက်လုံးပြူးသွားကြသည်။ သာမန် ဓားပြ တောပုန်းများ ထတ်ကြသည်ကို အင်္ဂလိပ်အစိုးရ ပိုမိုသတိထားလာကြရသည်။

သို့သော်လည်း ဒေသခံ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို ရရှိနေသော မျိုးချစ်တော်လှန်ရေးအဖွဲ့ကြီးအား သူပုန်ဟူ၍ပင် အမည်သညာ မမှတ်ဘဲ တောပုန်းဓားပြကြီးများဟူ၍သာ ကြေညာခေါ်တွင်လျက် ရှိသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရက ဓားပြများကို ထောက်ခံသူဟု စွပ်စွဲ၍ လူ၊ ရွာများကို ရက်ရက်စက်စက် ဖမ်းဆီးဖြိုဖျက်သဖြင့် အရေးတော်ပုံ အဖွဲ့သားများမှာ ကျေးရွာများ၏ အထောက်အပံ့ကို မရကြတော့ပေ။

ဒီနောက်ပိုင်း ကျပ်တည်းကျဉ်းမြောင်းလာသော အခြေအနေများကြောင့် အရေးတော်ပုံ တပ်ဗိုလ်များသည် တိုက်ကိုက ဒီတစ်ရွာများတွင် ရုပ်ဖျက်နေထိုင်ကြရသည်။ ဒေသခံ သာပေါင်းသားဖြစ်သူ ကိုရင်ငနှောင်း ခေါ် ကျားဗိုလ်မှာ နောက်ပါအနည်းငယ်နှင့် လှုပ်ရှားနေရသလို တစ်ကိုယ်တော်လည်းလှုပ်ရှားလာရသည်။ နောက်လိုက်များ ကျဆုံးကုန်သဖြင့် တစ်ကိုယ်တည်းဖြစ်နေသော ကျားဗိုလ်မှာ ကျည်လွဲအဆောင်ရှိသဖြင့် ပုလိပ်တပ်ဖွဲ့ဝင် အနည်းငယ်မျှလောက်ဖြင့် ထိပ်တိုက်ရင်ဆိုင်မိသော်လည်း မိအောင် မဖမ်းနိုင်ကြချေ။

တစ်ဦးတည်း ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်တိုက်ခိုက်တတ်သောကြောင့် ထိုးစစ်ဆင် ဂေါ်ရာပုလိပ်တစ်ဖွဲ့မှာ ခေါင်းဖြတ်ခံလိုက်ရသည်။ ကျားဗိုလ်၏ လက်ချက်ကြောင့် ဂေါ်ရာပုလိပ်များမှာ အင်အားနည်းနည်းဖြင့် မသွားဝံ့ မလာဝံ့သည်အထိ ဖြစ်လာရသည်။ သာပေါင်းမြို့ ပုလိပ်ဂါတ်ဌာနမှ ဆုတော်ငွေ ထုတ်ဆင့်ရသည်အထိ ကျားဗိုလ်မှာ နာမည်ဂုဏ်သတင်း ကြီးလေသည်။

ဗိုလ်သူရိန် ခေါ် ဖျိုင်းဗိုလ်မှာ ထန်းဗူးရွာသူနှင့်ပင် အိမ်ထောင်ကျနေပေပြီ။ သာမန်အရပ်သားအသွင်နှင့် မထင်မရှား နေထိုင်ရင်း အင်္ဂလိပ်တို့၏ ထိုးစစ်လွတ်ကင်းရာ ငဝန်မြစ် အရှေ့ဘက်ကမ်းသို့ တိမ်းရှောင်လာနေရင်း အိမ်ထောင်ကျနေခြင်းဖြစ်သည်။

တစ်နေ့ ဖျိုင်းဗိုလ်၏ ဇနီးက. .

"ကျားဗိုလ်ဆိုတဲ့ ဓားပြကြီးက ကျည်လွဲတယ်လို့ နာမည်ကြီးတယ်နော်၊ သူနဲ့ထိပ်တိုက် ရင်ဆိုင်လိုက်ရတဲ့ပုလိပ်ငါးယောက် ခေါင်းပြတ်သွားတယ်တဲ့၊ ဆုတော်ငွေတောင် ထုတ်ထားရတယ်ဆိုပဲ"

"ဓားပြဗိုလ်လို့ မခေါ်စမ်းပါနဲ့ မိန်းမရာ၊ သူတို့ဟာ သူရဲကောင်းမျိုးချစ်တွေပါ"

မခံချင်စွာ ပြန်ပြောမိ၏။

"ဟိုရွာ ဓားပြတိုက်၊ ဒီရွာ ဓားပြတိုက်နဲ့ လူလဲသတ်တယ်လို့ နာမည်ကြီးနေတာလေ တော်ရဲ့၊ ဒီလိုမျိုး လူသတ်ဓားပြတိုက်နေတဲ့ လူမျိုးကိုမှ ကျည်မခံတဲ့ အစီအရင်ကောင်းတွေ ရှိနေရတယ်လို့"

"ရော် တယ်ခက်တဲ့မိန်းမပါလား၊ နင်မသိဘဲ ရမ်းပြောမနေနဲ့၊ ဒီလိုအစီအရင်ကောင်းတွေကို ရှေးမြန်မာ ဆရာ့ဆရာကြီးတွေက မျိုးချစ်သူရဲကောင်းတွေကိုမှ စီရင်ပေးတာ၊ သူတို့ကို ထိစေချင်လို့ ချိန်ပစ်ရင် ဘယ်တော့မှ ကျည်မခဘူး မှတ်ထား"

ဟု မခံချင်စိတ်ဖြင့် ပြောလိုက်လေတော့သည်။

ဖျိုင်းဗိုလ်၏ဇနီး မအုန်းမေက နှုတ်ဖွာသည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် သူကြီးနားသို့ ပေါက်ကြားသွားရသည်။ သူကြီးကလည်း ရှေးလူကြီးမို့ ထိုစကားစု၏ အဓိပ္ပာယ်ကို စဉ်းစားကြည့်သည်။

"လူကို ချိန်ပစ်ရင် မထိဘူး" ဆိုသည့် အဓိပ္ပာယ်ထွက်လာသည်။

အစီအရင်ကောင်း ဆိုသည်မှာ လူတစ်ယောက်လျှင် တစ်မျိုးစီသာ ရှိတတ်ကြသည်။ အချို့ကကျည်လွဲသည်။ သေနတ်ပြီးသည်။ အချို့က တုတ်ပြီးသည်။ အချို့က ဓားပြီးသည်။ အချို့က အချုပ်အနှောင် လွတ်တတ်သည်။ ဒီတော့ ကျားဗိုလ်သည် အခြားကိစ္စများတွင် မစွမ်းတန်ရာ။

သူကြီးကလည်း ဆုတော်ငွေနှင့် နာမည်ကောင်းလက်မှတ် လိုချင်သည်။ နှစ်လုံးပြူး ကိုင်ချင်သည်။ ကျားဗိုလ်ကို ဖမ်းမိနိုင်ရေးအတွက် သာပေါင်းဂါတ်မှ ဌာနအုပ်အား သူ၏ထင်မြင်ချက်ကိုပေးသည်။ သာပေါင်းဂါတ်ကလည်း ကျားဗိုလ်ကို ဖမ်းမိနိုင်ရေးအတွက် သတင်းကွင်းဆက်များ ထောက်လှမ်းသည်။

နောက်ဆုံး သောင်ပုံရွာဖျားမှ တစ်ဖက်ကမ်းသို့ ကျားဗိုလ်ဟု ယူဆရသော လူတစ်ယောက် လှေတစ်စင်းနှင့် ကူးသွားကြောင်း သတင်းရလေသည်။ နောက်ထပ် သတင်းတစ်ခုက ထန်းဗူးချောင်းဝအနားတွင် မသက်ာဖွယ်ရာ





www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦး၊ ဆောင်ဓားဟု ယူဆရသော အရာတစ်ခုအား ပုဆိုးနှင့်ပတ်ပြီး ကျော တွင် လွယ်ပိုးထားကြောင်း စသည့် သတင်းတစ်ခုက ထပ်မံရလာပြန်သည်။ ပုလိပ်ဌာနက လေ့မြန်တော်များဖြင့် လိုက်ရာ ထိုမသင်္ကာဖွယ်ရာလူသည် ထန်းပူးဝရွာဖျား ဘုရားဝင်းထဲတွင် တစ် ယောက်တည်းရှိနေကြောင်း ရွာခံသူကြီး နှင့် အဖွဲ့က လမ်းမှကြိုဆီးပြီး သတင်း ပေးသည်။

အမှန်တကယ်လည်း ကျားဗိုလ် မှ ထန်းပူးရွာရှိ ဖျိုင်းဗိုလ်နှင့် ဆက်သွယ် ရန်လာခြင်းဖြစ်သည်။ မြင်မြင်ထင်ထင် ရွာထဲ မဝင်လိုသဖြင့် ညအမှောင်ကို စောင့်ရင်း ဘုရားဝင်းထဲတွင် ခိုနေခြင်း ဖြစ်သည်။ ကျားဗိုလ်ကလည်း အချိန် စောင့်နေခိုက် နေဝင်ဖျိုးဖျအချိန်တွင် မသင်္ကာဖွယ်ရာ လူတစ်စု၏ ပုန်းလျှိုး ကွယ်လျှိုး လှုပ်ရှားနေမှုကို သတိပြုမိပြီး ကမ်းနားပြေးဆင်းကာ ဝှက်ထားသော လှေဖြင့် အနောက်ဘက်ကမ်းသို့ ဖြတ် ကူးပြေးလေသည်။

ပုလိပ်တပ်ဖွဲ့ကလည်း ဖြတ်ကူး ပြေးသော ကျားဗိုလ်အား လူကို ချိန် ရွယ်မပစ်ဘဲ လှေကိုသာ ချိန်ရွယ်ပြီး ပစ်ခတ်ကြသဖြင့် ရေနစ်ပြီး လက်လွတ် ကူးသော်လည်း နောက်ဆုံး ခြေကုန် လက်ပန်းကျကာ ပုလိပ်တပ်ဖွဲ့၏ ဖမ်း ဆီးခြင်းကို ခံလိုက်ရလေသည်။

ဖမ်းဆီးရမိလာသော ကျားဗိုလ် အား သာပေါင်းမြို့ မြစ်ကမ်းပါးရှိ မြို့ ပိုင်ရုံးကြီးရှေ့ သပြေပင်ကြီးအောက်တွင် လက်ပြန်ကြိုးတုပ်နှောင်ထားလေသည်။ ကျားဗိုလ်အစစ်မှန်း သေချာစေရန် ကျားဗိုလ်တို့နှင့် အနီးကပ် တိုက်ပွဲဝင် ရင်း မသေဘဲ လွတ်လာခဲ့သူ ပုလိပ် နှစ် ယောက်နှင့် ရွာမှ ဒေသခံတိုင်းရင်းသား လူယုံခေါင်းဆောင်များအား ခေါ်ယူ ကြည့်ရှုစေသည်။

ထို့အပြင် ကျားဗိုလ် ၏ရင်ဘတ် တွင် ရင်ဘတ်နှင့်အပြည့်ထိုးထားသော ကျားခေါင်းပုံ ဆေးမင်ရည်လည်း ပါ သေးသည်မို့ ကျားဗိုလ်အစစ် ဖြစ်မှန်း အတည်ပြုလေသည်။

ထို့ထက်ပိုပြီး သေချာစေသည့် ဖြစ်ရပ်က ကျားဗိုလ်က ဦးခေါင်းကို ဆတ်ခနဲခါလိုက်ရာ သျှောင်ထုံး ပြေကျ လာသည်။ ဆံနွယ်ဖြင့်ချည်ထားသော အဆိပ်ကြုတ်လေးအား ပါးစပ်အတွင်း သို့ လွှဲယမ်းသွင်းလိုက်ကာ ကိုက်မျိုဝါးချ လိုက်ပြီး ဘာသာစီရင်လိုက်လေ၏။

[အဆိုပါ မြို့ပိုင်ရုံး (သစ်သား နှစ်ထပ်ရုံး) ကြီးမှာ ၁၂၈၆ ခုနှစ် သာ ပေါင်းမြို့၏ ပထမဆုံး မြို့လုံးကျွတ်နီး ပါး မီးဘေးအသင့်ခံရစဉ်က ပါဝင်သွား ခဲ့ရပြီး ရုံးမြေနေရာမှာလည်း ငဝန်မြစ် ရေ တိုက်စားသဖြင့် ရေနောက်ပါသွား ခဲ့လေပြီ။ ယခုသော်ကား သာပေါင်းမြို့ ၏ ကမ်းနား မေတ္တာဦးတံတားရှေ့ ဝါး တစ်ရိုက်ခန့်အကွာ မြစ်ရေပြင်သည် မြို့ပိုင်ရုံးဟောင်းနေရာပင် ဖြစ်တော့ သည်။]

## (၂၈)

ကိုရင်ငနှောင်း ခေါ် ကျားဗိုလ် သတင်းကြောင့် အရေးတော်ပုံတပ်ဗိုလ် များ တောင်ညိုတောင်ခြေရှိ လျှို့ဝှက် စခန်းတွင် ချိန်းဆက်ပြီး စုဝေးကြသည်။

ရွှေလှံ့ဗိုလ်၊ ဖျိုင်းဗိုလ်၊ ဇော်ဂျီ ဗိုလ်၊ သံတိုင်ဗိုလ်၊ ရွှေဒေါင်းဗိုလ်၊ ခွေး ဗိုလ်တို့ ခြောက်ဦးသည် ခေါင်းချင်းဆိုင် ကြပြီး. . .

"ကိုရင်ငနှောင်းကို လှေပစ်မြှုပ် ပြီး အရှင်ဖမ်းမိတယ်ဆိုကတည်းက ကျုပ်တို့ကျန်တဲ့တပ်ဗိုလ် ခြောက်ဦးထဲ က တစ်ဦးဦးတော့ စည်းဖောက်ပြီလို့ ယူဆရတယ်"

ရွှေလှံ့ဗိုလ်က စကားစလိုက် သည်။

"ဟုတ်တယ်၊ သပြေတန်းခံမြို့က နေ အတူတူလာကြတဲ့ ကျုပ်တို့တပ်ဗိုလ် ခုနစ်ဦးထဲမှာ တစ်ဦးချင်းရဲ့ အားသာ ချက် အားနည်းချက်တွေကို ကျုပ်တို့ အချင်းချင်းပဲ သိတာပ၊ ကျုပ်ကတော့ စည်းမဖောက်ဘူး၊ သစ္စာဆိုရဲတယ်၊ ပြီး တော့ ကိုရင်ငနှောင်း ကျုပ်ဆီကိုအလာ မှာ ကျုပ်နဲ့မတွေ့လိုက်ရဘဲ ခုလိုဖြစ်ရ တာကို ကျုပ်ရင်နာလို့မဆုံးဘူး၊သေနတ် သံတွေကြားလို့ ကျုပ် ရွာထဲက ပြေး ထွက်ကြည့်တော့ ကိုရင်နှောင်းကို မိနေ ပြီဗျာ"

ဖျိုင်းဗိုလ်က မချိတင်ကဲသံကြီး ဖြင့် အံကြိတ်ပြောရှာသည်။ သူတင် ကိုယ်တင် တိုက်ပွဲဆင်ရင်း သေရသည် ကမှ ဖြေသာဦးမည်။ အခုတော့ ဂေါ်ရာ ပုလိပ် တစ်ယောက်မျှကိုသော်ကို မသုတ်သင်လိုက်ရဘဲ အရှင်အဖမ်းခံ ရသည်။ အားလုံး ခံပြင်းလွန်းစွာရှိနေ ကျန်သောတပ်ဗိုလ်အသီးသီးတို့ကလည် သူတို့တစ်တွေ စည်းမဖောက် သစ္စာ မပျက်ခဲ့ကြကြောင်း ဝန်ခံရင်း ထပ် သစ္စာဆိုကြသည်။

"ဒါဆိုရင် ကိုရင်ငနှောင်းကို မိ တဲ့အားနည်းချက်ကို ပုလိပ်တွေ ဘယ် လို သိနိုင်မလဲ"

ရွှေလှံ့ဗိုလ်က မေးခွန်းထော လိုက်သည်။ အားလုံး တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ ဖျိုင်းဗိုလ်က . . .

"အင်း. . . ကျုပ် သတိရ ကိုရင်ငနှောင်းအဖမ်းခံရတာ ကျုပ်မိန်း ကြောင့်ပဲ ဖြစ်ရမယ်"

"ဘယ်လို ဗိုလ်မင်း"

အားလုံး စိတ်ဝင်တစား ဝိုင်း ကြသည်။

"ကျုပ် ကိုရင်ငနှောင်းအပေါ် သစ္စာမဖောက်ခဲ့ဘူး၊ တော်လှန်ရေ အပေါ်မှာလဲ သစ္စာမဖောက်ခဲ့ဘူ ဒါပေမယ့် ကျုပ် သစ္စာပျက်သလို ဖြစ် မိပြီထင်တယ်"

"ဘယ်လိုကြောင့်လဲ ဗိုလ်မင်း"

ဖျိုင်းဗိုလ်က သူ့မိန်းမ မအုန်း အား မခံချင်စိတ်ဖြင့် တုံ့ပြန်ပြောဆို သည်များကို ပြန်ပြောပြလိုက်သည်။

"အင်း. . . ဒါဆို ဟုတ်လော ပါတယ်လေ၊ ခင်ပျှားနေနေတဲ့ ထန်းပူး ရွာက အိမ်ခြေလေးဆယ်လောက်ပဲရှိ





www.burmeseclassic.com

www.burmeseclassic.com

သူကြီးမိသားစုနဲ့ ဆွေရိပ်မျိုးရိပ် ...င်းကြတာတွေချည်းပါပဲ၊ သူကြီး ...ည်ကောင်းလက်မှတ်ရဖို့အတွက် ...သွားတာပလေ၊ ထန်းဗူးသူကြီး သာ ...ါင်းဂါတ်ဌာနထဲကို အဝင်အထွက် ...ခဲ့တယ်လို့လဲ အထောက်တော်တွေ ...က သတင်းရထားတယ်ပ"

ဗျိုင်းဗိုလ်က တင်ပျဉ်ခွေထိုင်နေ ...မှ ဒူးထောက်ထိုင်လိုက်ပြီး ဆောင် ...ကို ဓားအိမ်ဖျားမှကိုင်ကာ ဓားရိုး ...က်ကို ရွှေလုံ့ဗိုလ်ဘက်သို့ ကမ်းပေး ...င်း. . .

"ဒီလိုဆိုရင်ဖြင့် ကိုရင်ငနှောင်း ...ပေါ်မှာ ကျုပ်သစ္စာပျက်ခဲ့မိတာ သေ ...ပါပြီ၊ ကျုပ်အသက်နဲ့ ပြန်ပြီးပေးဆပ် ...မယ်၊ ဗိုလ်မင်းတို့ ကျုပ်ကို စီရင်လိုက် ...တော့"

ကျန်သောဗိုလ်မင်းများ အားလုံး ...က်နှာမကောင်းနိုင်တော့ပြီ။

"အင်း ကျုပ်တို့ သွေးသောက် ...စ္စာပြုထားကြတဲ့ ရဲဘော်အချင်းချင်း ...သွေးမစွန်းစေလိုဘူး"

ရွှေလုံ့ဗိုလ်က ရှေ့ဆက်ပြောရ ...ည့်စကား စီရင်ချက်ကို အားယူနေရ ...သည်။ အားလုံးကလည်း ရွှေလုံ့ဗိုလ်၏ ...က်နှာဆီသို့ အကြည့်ပို့ထားကြသည်။ ...တန်ကြာမှ ရွှေလုံ့ဗိုလ်၏ နှုတ်ဖျားမှ ...စ်ဆို့အက်ကွဲသော လေသံဖြင့် ဖြည်း ...းစွာ ပြောလိုက်သည်က . . .

"ဗိုလ်မင်းအပြစ်လို့ ဗိုလ်မင်း သိ ...ယ်ဆိုရင် ကိုယ့်ဘာသာပဲ စီရင်ပါလေ ...ာ့"

ကိုယ်တိုင် သစ္စာမပျက်ခဲ့ရပါဘဲ ...ခံချင်စိတ်ဖြင့် တုံ့ပြန်လိုက်မိသော ...ားတစ်ခွန်းကြောင့် ကျားဗိုလ် ခေါ် ...ိုရင်ငနှောင်း လက်ရအဖမ်းခံခဲ့ရမှု အတွက် ဗျိုင်းဗိုလ်မှာ ယူကျုံးမရရှာ ...ည့်။

အကြီးအကဲဖြစ်သူ ရွှေလုံ့ဗိုလ် ...၏ သွေးသောက် ရဲမက်အချင်းချင်း သွေးမစွန်းစေလိုသော စိတ်ဓာတ်ကို ...ည်း ဦးညွှတ်လေးစားမိရပါလေ၏။

သို့ပေမယ့်လည်း ယောက်ျားကောင်းတို့ မည်သည် ဆိုသည့်စကားမပယ်ရှား၊ ပြုမိကတိ တည်မြဲရှိ၏။ ထားသည့်သစ္စာ ဆယ်ကမ္ဘာတည့်။

သူမရှိသော် ကျန်သည့် သွေးသောက်ဗိုလ်မင်းများ ပင်ပန်း ခက်ခဲစွာ တိုက်ပွဲ ဆက်ဝင်နေကြရမည်ကိုသာ နောက်ဆံငင်မိရတော့၏။

"ဤခန္ဓာနှင့် ဤဝိညာဉ် ပြတ်စဲခွဲခွာရပြီးသည့်နောက် ငါ့ဝိညာဉ်သည် သွေးသောက်ဗိုလ်မင်းအပေါင်းတို့အား ကူညီနိုင်ခွင့် ရရပါစေသား"

ဗျိုင်းဗိုလ်၏ သစ္စာဆိုဆုတောင်းသံကို ကျောခိုင်းနေကြသော ဗိုလ်မင်းများအားလုံး ရင်နင့်စွာ ကြားလိုက်ရပါလေတော့သည်။ အတန်ကြာ အားလုံး ငြိမ်သက်နေကြပြီးတော့မှ ပြန်လှည့်လာကြပြီး ဗျိုင်းဗိုလ်၏ သက်မဲ့ခန္ဓာကိုယ် အပါးတွင် မုဆိုးဒူးထောက် ထိုင်လိုက်ကြကာ ဆောင်ဓားများကို ထိပ်မှဆွဲချွတ်၍ မြေပေါ်စိုက်လိုက်ရင်း သစ္စာတရားကို အသက်နှင့်ရင်း၍ ပြဆိုခဲ့သူ ဗျိုင်းဗိုလ်အား ဦးညွှတ်လိုက်ကြပါလေတော့သည်။

(၂၉)

စောလွင်၏စကားသံ တိတ်သွားတော့ အားလုံးထံမှာလည်း အသံတွေ တိတ်နေကြသည်။ ရုတ်ခြည်း မည်သူ့ထံမှ အသံထွက်မလာ။ အားလုံးသော နားထောင်နေသူအပေါင်းတို့၏ မျက်နှာများမှာ စိတ်မကောင်းစွာရှိနေကြဘိသို့။

စောလွင် ရေနွေးတစ်ခွက် ငှဲ့သောက်ရန်လှုပ်ရှားလိုက်တော့မှအားလုံး အသံ တိတ်သွားသလို ဖြစ်သွားကြရပြီး-

"ကြားရတာ စိတ်မကောင်းလိုက်တာဗျာ"

ရွှေဘိုသူ မငွေးမြင့်ထံမှ အသံထွက်လာသည်။

"အေးကွ၊ ဗိုလ်စောနောင်တို့ မောင်နှမအကြောင်းမှာ ငါ ဒီလောက်မခံစားရဘူး၊ ကျားဗိုလ်နဲ့ ဗျိုင်းဗိုလ် အကြောင်းကိုကြားရတာ ငါတော်တော်ထိခိုက်တယ်ကွာ"

တစ်ချိန်လုံး နှုတ်ဆိတ်နေသူ ကိုငွေးမြင့်ကလည်း ဒီလို။

"နောက်ပိုင်း ဘာတွေဆက်ဖြစ်သေးလဲဟင်"

သဲကုန်းသူများက စိတ်ဝင်တစားဆက်မေးလာသည်။

စောလွင်က လက်ဖက်စားနေရာမှ ကပျာကယာ ရေနွေးသောက်ချလိုက်ပြီး. . .

"ဟုတ်ကဲ့ဗျာ၊ နောက်ပိုင်းတော့ ပြောက်ကျားနည်းနဲ့ ဆက်လက်တိုက်ပွဲဝင်ကြရင်း အင်အားပြန်စုပြီး မထင်မှတ်တဲ့အချိန်မှာ သာပေါင်းဂါတ်ကို ဝင်စီးဖို့အထိ ကြံကြသေးတယ်"

"ကျားဗိုလ်အတွက် လက်စားချေသလိုပေါ့"

ဇော်ဝင်းက ဝင်ထောက်သည်။

"အဲဒါလဲ ပါတာပေါ့၊ သူတို့ကို ဝိုင်းပတ်ပိတ်ဆို့ စစ်ဆင်ရေးလုပ်နေကြတော့ ပုလိပ်အင်အား တော်တော်များများက တောင်လေး၊ ဆောင်ပုံ၊ ဘုရားကုန်း၊ ပျဉ်းမထုံး စတဲ့ရွာတွေမှာ ပြန့်ခွဲနေရာချထားရတယ်လေ၊ ပြီးတော့ လက်နက်ခဲယမ်းအတွက်လဲ ပါတယ်၊ သူတို့မှာရှိတဲ့သေနတ်တွေက ကျည်ဆန်မရှိကြတော့ဘူး"

"ဒါနဲ့ ဝင်စီးတော့ နိုင်လား"

ဦးမောင်စံ၏ သားကြီးဖြစ်သူ လှည်းဆရာက ဝင်မေးသည်။

"မစီးဖြစ်ဘူး၊ ကညင်ချောင်း ဆရာတော်ကိုဝင်လျှောက်တော့ မလုပ်ပါနဲ့တဲ့ တားတယ်၊ အင်္ဂလိပ် အိန္ဒိယ ကပြားမြို့ပိုင်က ဆိုးတယ်၊ မြို့သူ မြို့သားတွေကိုပဲ မဲပြီးရမယ်ရှာခံရမယ်ပေါ့၊ မြို့နာမှာစိုးလို့ တားတာပါ"

"ဪ. . . ဒါလဲ ဟုတ်တာပဲနော်"

"နောက်တော့ တစ်ယောက်တစ်နေရာဆီ လွင့်ပါးရှောင်တိမ်း၊ တချို့တပ်ဖျောက်အုပ်စုတွေက ဘူမိချောင်း





www.burmeseclassic.com

www.burmeseclassic.com

အထိရောက်အောင် ရိုးမကိုကျော်ဆင်းပြီး ရွာတည်နေထိုင်ကြတယ်၊ ဘူမိရွာပေါ့၊ ကာလရွေ့လျောလာတော့ ဘောမိရွာ၊ ဘောမိချောင်းရယ်လို့ ဖြစ်လာရတယ်၊ ရွှေလှံ့ဗိုလ်ဦးဆောင်တဲ့ အုပ်စုကတော့ ဘောမိချောင်းရိုး၏အလယ်ပိုင်း ယခု သဲဖြူရွာ၏ အထက်နေရာမှာ ရွာတည်နေထိုင်ကြရင်း ကျားခေါင်းရွာရယ်လို့ ဖြစ်လာရပါတယ်"

"ဘာဖြစ်လို့ ကျားခေါင်းရွာလို့ ခေါ်တာလဲဟင်"

မြင့်မြင့်အေးက ဝင်မေးသည်။

"ဟိုတုန်းက အဲဒီဒေသတွေ မဆိုထားနဲ့ ကျွန်တော့်အမေတို့ အပျိုအရွယ်လောက်ထိကို ဒီတောင်ညိုဒေသမှာ ကျားဟိန်းသံတွေ ကြားရတတ်တယ်လေ၊ ကျားတွေရန်ကိုကြောက်လို့ ပြန်လည်ခုခံရင်း ရှာဖွေသတ်ဖြတ် အမဲလိုက်ရင်းနဲ့ ရလာတဲ့ ကျားခေါင်းတွေကို ရွာဖျားမှာ တိုင်ငုတ်ကြီးတွေနဲ့ ချိတ်ချိတ်ထားလို့ ကျားခေါင်းရွာလို့ အလွယ်မှည့်ခေါ်ခဲ့တယ်လို့ ယူဆရပါတယ်"

"ဩော်. . ကျားတွေပေါတယ်လား၊ အခုကောဟင်၊ ဒီကိုရောက်လာနိုင်သေးလား"

ရွှေမန်းသူများ ကြောက်ရွံ့ဟန်ဖြင့် မေးမြန်းလာလေသည်။ သဲကုန်းသူများကလည်း ဟိုကြည့် ဒီကြည့်။

"ဟုတ်ကဲ့၊ တခြားရာသီတွေဆိုရင်တော့ ကျားတွေက သူတို့ဘာသာသူတို့ တောထဲနေကြပါတယ်တဲ့၊ အခုလို ပူတဲ့ရာသီဆိုရင်တော့ တောင်ညိုတောင်ပေါ်ကို ရောက်ရောက်လာတတ်တယ်၊ လေညင်းခံဖို့"

"ဟင်. . . ဒီ ဒီအပေါ်ကို တက်လာတတ်တယ်၊ ဟုတ်လား"

ရွှေမန်းသူများ တကယ်ထင်မှတ်နေကြပြီ။

"ရောက်လာလဲ ကြောက်စရာမလိုပါဘူး၊ ဦးလေးစံမှာ လောက်လေးခွပါတာပဲဟာ"

ဇော်ဝင်းက ရှပ်တည်ဖြင့်. . .

"လောက်လေးခွနဲ့ ကျားက သေမလား ဆရာရဲ့"

သဲကုန်းသူများကလည်း ဖင်တကြွကြွ။

"ပြန် ပြန်မှဖြစ်မယ် ထင်တယ်"

ရွှေမန်းသူများကလည်း မျက်နှာတွေပျက်ချင်နေပြီ။

"ဦးလေးစံက လက်ဖြောင့်ပါတယ်၊ ကျားရဲ့မျက်လုံးကို ပစ်မှာပါ၊ မျက်လုံးထိရင် ဘယ်ခံနိုင်မလဲ၊ ပြေးပြီပေါ့"

"စောလွင်ကလဲ ပြောရေ့မယ်၊ တစ်ကောင်တည်းဆို ဟုတ်တာပေါ့၊ ကျားထီး ကျားမ စုံတွဲဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"ဇော်ဝင်းရယ် ဒါလဲ ပူစရာမလိုပါဘူး၊ ကျားသုံးကောင်လောက် ယှဉ်ရပ်နေရင်တောင် ရတယ်၊ မျက်လုံးချည်းပဲ ရွေးပစ်ပြလိမ့်မယ်"

စောလွင်နှင့် ဇော်ဝင်းတို့က အတည်ပေါက်နှင့် အတိုင်အဖောက်လုပ်နေကြသည်။ ကိုငွေးမြင့်က . . .

"စက္ကူကျားလား ဟား ဟား"

"အလကားပါ တူမကြီးတို့ရယ်၊ ကျားနဲ့တူတာဆိုလို့ မူးလို့တောင် ရှူစရာမရှိတော့ဘူး၊ မျိုးပြုတ်ကုန်ပါပြီ"

"တကယ်လားဟင်၊ ဦးလေး"

မငွေးကြည်က ဦးလေးစံကို အတည်ပြုဟန် မေးသည်။

"တကယ်ပါ တူမကြီးတို့ရယ်၊ မကြောက်ကြပါနဲ့၊ မောင်စောတို့က သက်သက်စနေကြတာ ဟား ဟား"

ထိုတော့မှ ရွှေမန်းသူနှင့်သဲကုန်းသူများ အကြောက်ပြေသွားကြဟန်ရှိလေသည်။

"ဒါဆို ဆက်ပါဦးဆရာရဲ့၊ ကျန်တဲ့ ဗိုလ်မင်းတွေကော ဘယ်လိုဖြစ်သွားကြသေးလဲ"

ယဉ်ယဉ်ဦးမြင့်က မေးလာလေသည်။ ထိုတော့မှ ကျန်လူများကလည်း ရေနွေးသောက်သူသောက် လက်ဖက်စားသူစားနှင့် ပုံမှန်ပြန်ဖြစ်ရှာ၏။

"ဟုတ်ကဲ့ခင်ဗျ၊ ဗိုလ်မင်းတွေအကြောင်းကို အစုံအလင်တော့ မတွေ့ရဘူးဗျ၊ အချို့ဗိုလ်မင်းတွေလဲ တိုက်ရင်းခိုက်ရင်း ဖျားရင်း နာရင်း သေကုန်ကြမှာပေါ့၊ ဗိုလ်မင်းတွေထဲက ကိုရင်ပြေည့်ခေါ် ဇော်ဂျီဗိုလ်ရဲ့အဖြစ်ကလဲ ရင်နာစရာ ကောင်းလှတယ်ဗျာ"

"ဆက်ပါဦး၊ ကျားတွေဝင်ရှုပ်တာနဲ့ ဇာတ်လမ်းက ပြတ်သွားရတယ်"

ကိုငွေးမြင့်က အပြုံးစစဖြင့် ထောက်ပေးသည်။

"ဇော်ဂျီဗိုလ်နဲ့ နောက်ပါအဖွဲ့တချို့က ဂွမြို့နယ်ထဲအထိ ကျော်ဝင်သွားပြီး ကမ်းသာယာရွာဘက်အထိ ရောက်သွားတယ်၊ အဲဒီမှာ ချေမှုန်းရေးအဖွဲ့တွေ ပုလိပ်တွေနဲ့ ရင်ဆိုင်တိုက်ပွဲဖြစ်ရင်း တကွဲတပြားစီဖြစ်သွားကြတယ်၊ ဇော်ဂျီဗိုလ်တစ်ယောက်တည်း ရွှေဥကွင်းကျေးရွာအနားရောက်သွားတယ်၊ အဲဒီတုန်းက ကမ်းသာယာဘက်အထိ သူတို့ရဲ့ နာမည်ဂုဏ်သတင်းက ကျော်ကြားနေပြီ၊ ပုလိပ်တွေ ဆုတွေထုတ်တဲ့အထဲမှာ ဇော်ဂျီဗိုလ်ရဲ့ ရုပ်ပုံပန်းချီလဲ ရှိခဲ့တယ်"

"ဟိုတုန်းက ဓာတ်ပုံမရှိဘဲ ဘယ်လိုလုပ် ရုပ်ပုံကို ကြော်ငြာကပ်သလဲလို့"

"အဲဒါကလဲ ရင်ဆိုင်တိုက်ပွဲတွေမှာ မြင်လိုက်ရတဲ့ ပုလိပ်တွေရှိသလို ဖမ်းမိတဲ့ သူပုန်းတွေလဲ ရှိတယ်လေ၊ သူတို့တစ်တွေကို မေးစမ်းပြီး ပုံတူမှန်းဆွဲကြတာပေါ့၊ အတည်ပြုချက်ရယူတာပေါ့ဗျာ၊ ပြီးတော့ သပြေတန်းကလာတဲ့ ဗိုလ်မင်းတွေက အားလုံးသျှောင်တစောင်းတွေနဲ့ချည်းပဲဗျ၊ ပြီးတော့ တောထဲတောင်ထဲမှာ တိုက်ခိုက်ပြေးလွှားနေကြရတာဆိုတော့ မြို့ထဲ ရွာထဲမှာ နေနေရတဲ့ သာမန်လူတွေနဲ့ ဘယ်တူပါ့မလဲ၊ ပေရေစုတ်ပြတ်နေကြမှာပေါ့၊ ခုခေတ် ရွှေတန်းကပြန်လာတဲ့ စစ်သားတွေကိုပဲ ကြည့်ဗျာ၊ ဟုတ်တယ် မဟုတ်လား"

(ဆက်ရန်)

❐ ကိုကြီးစော(သာပေါင်း)




www.burmeseclassic.com

www.burmeseclassic.com

# ငှက်တို့ ဝေါ် အန္တရာယ်

## လှမိုး (ပညာရေး)




ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

"နီပေါလေယာဉ် ပျက်ကျမှု အကြောင်းရင်းမှာ လင်းတငှက်ဖြင့် ဝင်တိုက်မိခြင်းကြောင့် ဖြစ်နိုင်"

နယူးယောက်

စက်တင်ဘာ ၂၉ ရက်။

နီပေါနိုင်ငံ ခတ္တမန္ဒူ လေဆိပ်အနီး စက်တင်ဘာလ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သော လေယာဉ်ပျက်ကျရမှု၏ အကြောင်းရင်းမှာ လင်းတငှက် တစ်ကောင်နှင့် ဝင်တိုက်မိခြင်းကြောင့် ဖြစ်နိုင်သည်ဟု ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

အင်ဂျင်နှစ်လုံးတပ် လေယာဉ်ငယ်တစ်စင်းသည် ဧဝရက်တောင်ဒေသလပ်ကလာမြို့သို့ သွားရောက်ရန် ခတ္တမန္ဒူလေဆိပ်မှ ပျံတက်ပြီး မိနစ်အနည်းငယ်အကြာတွင် ပျက်ကျခဲ့ရာ ခရီးသည် ၁၉ ဦး သေဆုံးခဲ့ရသည်။

ယင်း လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို မသိရသေးသော်လည်း လေယာဉ်ပျံသန်းစဉ် လင်းတငှက်တစ်ကောင်နှင့် ဝင်ရောက်တိုက်မိကြောင်း လေကြောင်းထိန်းသိမ်းရေးမျှော်စင်သို့ လေယာဉ်မှူးက အကြောင်းကြားသည်ဟု ဘီဘီစီ သတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ်နှင့်ငှက်တို့ ဝင်တိုက်သည့် ဖြစ်စဉ်များသည် ယနေ့ကာလခေတ်အမီဆုံး လေယာဉ်များအတွက်ပင်လျှင် အန္တရာယ်ကြီးတစ်ရပ်အဖြစ် ရှိနေသည်ဟု သိရှိရသည်။

အမေရိကန်ပြည်ထောင်စု၌ ၂၀၁၀ ပြည့်နှစ်အတွင်း လေယာဉ်နှင့် သားငှက်တိရစ္ဆာန်များ ဝင်တိုက်မှုဖြစ်စဉ်များသည် နေ့စဉ်ပျမ်းမျှအားဖြင့် ၂၈





www.burmeseclassic.com

www.burmeseclassic.com

ကြိမ်နီးပါး ဖြစ်ပွားတတ်ပြီး ယင်းဖြစ်စဉ်များ၏ ၉၇ ရာခိုင်နှုန်းမှာ ငှက်သတ္တဝါများကြောင့် ပေါ်ပေါက်ရကြောင်း သိရသည်။

ကျန်ဖြစ်စဉ်အများစုမှာ လေယာဉ်ပြေးလမ်းပေါ်၌ ကုန်းနေသတ္တဝါများနှင့် တိုက်မိသည့်ဖြစ်စဉ်များ ဖြစ်ကြသည်။

၁၉၈၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် အကြားကာလများအတွင်း သားငှက်၊ သတ္တဝါများနှင့် လေယာဉ်ဝင်တိုက်မှု ဖြစ်စဉ်များအကြောင်း တစ်ကမ္ဘာလုံး အတိုင်းအတာဒ္ဓအားဖြင့် လူပေါင်း ၂၃၀ ကျော် သေဆုံးခဲ့ရပြီး လေယာဉ်စင်းရေ ၂၂၀ ကျော် ပျက်စီးခဲ့ရကြောင်းကို အမေရိကန်ပြည်ထောင်စု မြို့ပြလေကြောင်း စီမံခန့်ခွဲမှု အေဂျင်စီ၏ အစီရင်ခံစာများတွင် ဖော်ပြထားသည်။

အင်တာနက်

ဤလေယာဉ်ပျက်ကျရသည့် သတင်းကိုပင် ဘီဘီစီရုပ်သံလွှင့် အစီအစဉ်နှင့် စီအင်အင်ရုပ်သံလွှင့် အစီအစဉ်များက အကျယ်တဝင့် ထုတ်လွှင့်သွားခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဩဇာအကြီးမားဆုံးနှင့် စောင်ရေအများဆုံး ထုတ်ဝေရသော အပရစ်ဆာဘဇာပက်ထရီကာ သတင်းစာကြီးကလည်း နီပေါနိုင်ငံမှ ဒေသခံသတင်းထောက်များနှင့် ပြောရေးဆိုခွင့်ရှိသူများ၏ ပြောပြချက်များကို ကိုးကား၍ ထိုလေယာဉ်ပျက်ကျရမှုသည် သားငှက်သတ္တဝါတို့၏ အန္တရာယ်ကြောင့်ဖြစ်နိုင်သည်ဟုအထောက်အထား ခိုင်ခိုင်မာမာနှင့် ရေးသားဖော်ပြခဲ့၏။

အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော နယူးဝိစ်သတင်းမဂ္ဂဇင်းနှင့် တိုင်းမ်သတင်းမဂ္ဂဇင်းကြီးတို့ကလည်း ထိုသတင်းကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် နီပေါနိုင်ငံမှ လေယာဉ်ပျက်ကျမှု သတင်းမှာ နိုင်ငံတကာက စိတ်ဝင်စားခဲ့ရသော သတင်းတစ်ပုဒ်ဖြစ်ခဲ့ရ၏။

မှန်ပါသည်။ ဤကဲ့သို့ ကျေးငှက်တို့ဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကမ္ဘာ့လေကြောင်းသွားလာရေးသမိုင်းတွင် အန္တရာယ်ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်များ ဒုနှင့်ဒေးရှိခဲ့ပါသည်။ အင်္ဂလန်နိုင်ငံ ဘုရင်မကြီး၏ လေတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ထုတ်ဖော်ပြောချက်အရ ဗြိတိသျှဘုရင်မကြီး၏ လေတပ်မတော်မှ လေကျင့်ပျံသန်းရသော တိုက်လေယာဉ်ငယ်အချို့မှာ ပျံလွှားငှက်အုပ်များနှင့် မကြာခဏ တိုက်မိသဖြင့် စက်ချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့ရာ တစ်နှစ် တစ်နှစ်လျှင် ပျံလွှားငှက်များကြောင့် စတာလင်ပေါင် တစ်သန်းနီးပါး ကုန်ခဲ့သည်ဟု ဆိုသည်။ အချို့လေ့ကျင့်ပျံသန်းသည့် လေယာဉ်ငယ်များမှာ ယင်းပျံလွှားငှက်အုပ်များနှင့် တိုက်မိပြီး ပျက်ကျခဲ့သဖြင့် အမောင်းသင် လေသူရဲအချို့ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု လေတပ်မတော်နှင့် အမေရိကန်ပြည်ထောင်စု လေကြောင်းသွားလာရေးကုမ္ပဏီ ၃၀၀ ကျော်တို့သည် လေယာဉ်ပျံများအား ငှက်များမကြာခဏ ဝင်ရောက်တိုက်ခိုက်သဖြင့် တစ်နှစ် တစ်နှစ်လျှင် လေယာဉ်အစင်းပေါင်း ၅၃၀ ကျော်ခန့် ပျက်စီးခဲ့ရသည်ဟု ဆိုကြ၏။

၁၉၆၀ ပြည့်နှစ်ကပင် အမေရိကန်ပြည်ထောင်စု ဘော်စတုန်း လေကြောင်းကုမ္ပဏီမှ ခရီးသည်တင် လေယာဉ်တစ်စင်း စာကလေးငှက်အုပ်နှင့် တိုက်မိရာမှ ပျက်ကျခဲ့ရာ ခရီးသည် ၆၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရ၏။ အီရန်နိုင်ငံတွင် သိမ်းငှက်နှင့် စွန်တို့မှ လူသားတို့အား မကြာခဏ အန္တရာယ်ပေးလေ့ရှိပြီး လေယာဉ်ပျံများနှင့်လည်း မကြာခဏ တိုက်မှုဖြစ်ပွားခဲ့သည်ဟု သိရ၏။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လေဆိပ်ကြီးများအဖို့ ငှက်အုပ်များ၏ အန္တရာယ်မှ လေယာဉ်ပျံများ ထိခိုက်မိခြင်းမရှိအောင် အထူးသတိထား၍ ဆောင်ရွက်ကြရပြီး လေဆိပ်များအနီးရှိ တောအုပ်များ၊ အခံဆောက်အအုံများတွင် ခိုများ၊ စာကလေးငှက်အုပ်များ၊ ပျံလွှားငှက်အုပ်များ၊ လင်းနို့ငှက်အုပ်များ မှီခိုနေထိုင်ခြင်းမပြုနိုင်ရန် ထာဝစဉ်ဂရုပြု၍ သ... ထားကြရသည်ဟု သိရ၏။

နိုင်ငံတကာ လေကြောင်းသွား... လာရေး သမိုင်းမှတ်တမ်းများတွင် ကျေး... ငှက်များနှင့် တိုက်မိသဖြင့် ပျက်စီး... သော လေယာဉ်များအကြောင်း ဒုနှင့်... ဒေး ဖော်ပြခဲ့ကြပါသည်။

၁၉၇၆ ခု နှစ်ဆန်း ၁ ရက်... တွင် ကိုပေဟောဂင်မြို့တော် ကာစထ... လေဆိပ်မှ ပျံသန်းလာသော ... အယ်လ်အမ် လေကြောင်းခရီးသွား... ရေးကုမ္ပဏီပိုင် ခရီးသည်တင် လေယာ... ကြီးမှာ ပင်လယ်စင်ရော်အုပ်နှင့် ရင်... တွေ့ရှိခဲ့ရာမှ စက်ချို့ယွင်း၍ အရေး... သက်ဆင်းခဲ့ရသည်။

လေယာဉ်မှူးများ၏ ကျွမ်း... မှုနှင့် ခရီးသည်များ၏ ကံကောင်း... ကြောင့် ခရီးသည်အချို့သာ ထိ... ဒဏ်ရာ ရခဲ့ကြသည်ဟု သက်ဆိုင်... တာဝန်ရှိသူများက သတင်းမီဒီယာ... အား သတင်းထုတ် ဖြန့်ဝေခဲ့သည်... သိရ၏။

၁၉၇၆ ဇန်နဝါရီလ ၃ရက်... တွင် လစ်ဘန္ဒန်နိုင်ငံ ဘီရွတ်မြို့ ... ဆိပ်မှ ဆော်ဒီအာရေဗျနိုင်ငံသို့ ... ခွာလာသည့် အရှေ့အလယ်ပိုင်း ... ကြောင်းသွားလာရေးကုမ္ပဏီပိုင် ဘိ... ၇၂၀ ခရီးသည်တင် လေယာဉ်ကြီ... ပါရှင်ပင်လယ်ကွေ့ပေါ် သို့ဖြတ်... ပျံသန်းနေစဉ် စင်ရော်ငှက်အုပ်မျာ... တိုက်မိသဖြင့် ပင်လယ်အတွင်း ... ကျခဲ့ရာ ခရီးသည် ၈၁ ဦးအပါ... လေယာဉ်အမှုထမ်းအားလုံး အ... ဆုံးရှုံးခဲ့ရသည်ဟု သတင်းများက ... ပြခဲ့၏။

၁၉၇၆ ခု ဇူလိုင်လ ၂၂... ကလည်း ကိုလံဘီယာနိုင်ငံ...





www.burmeseclassic.com

www.burmeseclassic.com

...တော် လေဆိပ်မှ ဒါကိုတာအမှတ် ...ခရီးသည်တင် လေယာဉ်ကြီးသည် ...ဘွားငှက်အုပ်တစ်အုပ်နှင့် တိုက်မိ ...ဖြင့် မြေပြင်သို့ အရေးပေါ်သက်ဆင်း ...ရာ ခရီးသည်အမျိုးသား ထိခိုက်ဒဏ် ...ရခဲ့သည်ဟု သတင်းများက ဖော်ပြ ...သည်။

မှန်ပါသည်။ ဤကဲ့သို့ ငှက်အုပ် ...များနှင့် တိုက်မိခြင်းကြောင့် မြေပြင် ...သို့ အရေးပေါ် သက်ဆင်းခဲ့ရသော ...လေယာဉ်များ၊ သဲကန္တာရနှင့် ရေပြင် ...ပေါ်သို့ ပျက်ကျခဲ့ရသောလေယာဉ်များ ...လက်ဆစ်ချိုး၍ ရေတွက်မရအောင် ...များပြားခဲ့သည်။

ယနေ့ ခေတ်အမီဆုံး ခရီးသည် ...တင်လေယာဉ်များ၊ လေတပ်မတော်များ ...တိုက်လေယာဉ်များသည်ပင်လျှင် ...ငှက်အုပ်များကြောင့် စက်ချို့ယွင်းသဖြင့် အရေးပေါ် မြေပြင်သို့ ဆင်းသက်ရမှုများ ...တရက် ပျက်ကျမှုများဖြစ်ခဲ့သည်ဟု သတင်းမှတ်တမ်းများအရ သိရ၏။

သတင်းမီဒီယာများ၏ မှတ်တမ်း များအရ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဟီ သရိုးလေဆိပ်သည် ၂၀ ရာစုနှစ်များ အတွင်း ခရီးသည်အများဆုံးလာရောက် သည့် နိုင်ငံတကာ လေဆိပ်ကြီးတစ်ခု ဖြစ်သည်ဟု ဆိုသည်။ နှစ်စဉ် ခရီးသည် ...သန်းနှင့် သန်း ၃၀ အတွင်း လာ ရောက်ခဲ့သော လေဆိပ်ကြီး ဖြစ်၏။ နှစ်စဉ် ကမ္ဘာ့နိုင်ငံအသီးသီးမှ လေ ကြောင်းသွားလာရေး ကုမ္ပဏီ ၆၀ကျော် ...၏ လေယာဉ်များသည် မိနစ်တိုင်း ...စ်တိုင်း ဆင်းသက်ခြင်း၊ ထွက်ခွာခြင်း ...လုပ်လျက်ရှိပြီး နှစ်စဉ် လေယာဉ် အဆင်းအတက် သုံးသိန်းကျော်ရှိသည်။ ဤလေဆိပ်ကြီးတွင် အချိန်ပြည့် အမှု ထမ်းပေါင်း ခြောက်သောင်းကျော်ရှိခဲ့ သည်ဟု သိရ၏။

ဤမျှ ဆူဆူညံညံအသံများရှိ သော ကမ္ဘာ့လေဆိပ်ကြီးမှ တာဝန်ရှိသူ များမှာ ထာဝစဉ် ပျံလွှားငှက်အုပ် များ စာကလေးငှက်အုပ်များ၊ ကျီးငှက် နှင့် ခိုအုပ်များ၏ ဘေးအန္တရာယ်ကို စိုးရိမ်နေကြရသည်။ တစ်ခါတစ်ရံ ရာသီ ဥတု အပြောင်းအလဲကြောင့် တစ်နေရာ မှတစ်နေရာ ရွှေ့ပြောင်းကြသော ငှက် အုပ်ကြီးများ၏ ဘေးအန္တရာယ်ကိုလည်း တွေ့တတ်သဖြင့် စိတ်သောကရောက် ကြရသည်။

အချို့ ခိုအုပ်ကြီးများသည် လေ ယာဉ်ပြေး အဆင်းအတက်လမ်းများ တွင် စုရုံးရောက်ရှိလာလေ့ ရှိရကား အဆင်းအတက်ပြုကြသော လေယာဉ် များ ဘေးအန္တရာယ် တွေ့ကြလေ့ရှိသ ဖြင့် လေဆိပ်ရှိ လေယာဉ် အဆင်း အတက်လမ်းများတွင် ငှက်များ၏ဘေး အန္တရာယ်မှ ကင်းဝေးရန် ငှက်ခြောက် သည့်အဖွဲ့ဝင်များအားခန့်ထားခဲ့ရသည်။ ထိုအဖွဲ့ဝင်များသည် ဟီသရိုး လေဆိပ် ကြီးပတ်ဝန်းကျင်တွင် မည်သည့်ငှက် အုပ်ကြီးမှ ဝင်ရောက်အန္တရာယ်မပြုရန် ဂျစ်ကားများ၊ လင့်ရိုဘာကားများဖြင့် အသင့် နေ့စဉ်စောင့်နေကြရပြီး ဗျောက် အိုးများ နေ့စဉ်ဖောက်၍ ငှက်များမလာ စေရန် ခြောက်လှန့်ခဲ့ကြရ၏။

ထိုအဖွဲ့သည် နေ့စဉ် ဗြောက် အိုးပေါင်း ၁၀၀ ကျော် ဖောက်ကြရ သည်ဟု ဆိုသည်။ ဤအဖွဲ့နှင့်အတူ ကျေးငှက်ပါရဂူများလည်း ခန့်ထားရပြီး ငှက်တို့၏ အပြောင်းအရွှေ့များကို စောင့်ကြည့်စေခဲ့ရ၏။

ထို့အတူ ဥရောပတိုက် မြောက် ပိုင်းနိုင်ငံများနှင့် ကနေဒါနိုင်ငံ လေဆိပ် များတွင် စင်ရော်ငှက်အုပ်များသည် လေယာဉ်များကို ဒုက္ခပေးခဲ့ကြသဖြင့် ငှက်အုပ်များ၏ ဘေးအန္တရာယ် ကာ ကွယ်ရေးကို ဦးစားပေးဆောင်ရွက်ကြ ရ၏။

အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ် တစ်နှစ်လျှင် ငှက်အုပ်ကြီးများ နှင့် လေယာဉ်ပျံများ တိုက်မိသည့်အမှု ပေါင်း ၂၀၀၀ ရှိခဲ့သည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူများက သတင်းထုတ်ပြန် ကြေညာခဲ့သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု ဘို စတုန်းမြို့မှ ထွက်ခွာလာသော မိလက် တရာလေကြောင်းသွားလာရေး ကုမ္ပဏီ ပိုင် ဘိုးရင်း ၇၉၇ လေယာဉ်ကြီးမှာ ပျံလွှားငှက်အုပ်နှင့် တိုက်မိသဖြင့် ပျက် ကျခဲ့ရာ ခရီးသည် ၈၁ ဦးနှင့် လေယာဉ် အမှုထမ်းအားလုံး အသက်ဆုံးရှုံးခဲ့ကြ ရသည်။

၁၉၈၀ ပြည့်နှစ်အတွင်းကလည်း အမေရိကန်ပြည်ထောင်စု ယူနိုက်တက် လေကြောင်းသွားလာရေး ကုမ္ပဏီပိုင် လေယာဉ်ကြီးတစ်စင်းမှာ အမေရိကန် ပြည်ထောင်စု မေရီလင်းပြည်နယ် ထက် ကောင်းကင် ပေ ၆၅၀၀ အမြင့်တွင် တောဘဲအုပ်နှင့် တိုက်မိသဖြင့် မြေပြင် သို့ အရေးပေါ် ဆင်းသက်ခဲ့ရာမှ ပျက်စီး ခဲ့ရပြီး လေယာဉ်ပေါ်ပါ ခရီးသည်အား လုံးနှင့် လေယာဉ်အမှုထမ်းအားလုံး အသက်ဆုံးရှုံးခဲ့ရ၏။

မှတ်တမ်းများအရ လေယာဉ်ပျံ များနှင့် ငှက်အုပ်များသည် ပေ ၁၅၀၀ အမြင့်ခန့်တွင်သာ မတော်တဆ တိုက် ခိုက်မှုမျိုး ဖြစ်ပွားခဲ့သည်ဟု သိရ၏။ လန်ဒန် ဟီသရိုးလေဆိပ်မှ ပြောရေးဆို ခွင့်ရှိသူ တစ်ဦးကမူ လေဆိပ်အဆင်း အတက် လေယာဉ်ပျံကြီးများ၏ အသံ တုန်ခါမှုကြောင့် သစ်ပင်များတွင် လျှို့ ဝှက် ပုန်းအောင်းနေသော ပိုးမွှားများ သည် အပြင်သို့ အုပ်စုလိုက်ထွက်လေ့ ရှိရာ ကျေးငှက်တို့အဖို့ ထိုပိုးမွှားများကို စားသောက်ရန် လေဆိပ်ကြီးများအနီး သို့ ပျံသန်းလာရောက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ငှက်တို့၏ အန္တရာယ်သည် ဤ ကဲ့သို့ ပျံသန်းနေသော လေယာဉ်ပျံများ၊ လေဆိပ်အဆင်းအတက် လေယာဉ်များ ကိုသာ ဒုက္ခအန္တရာယ် ပေးခဲ့ကြသည် မဟုတ်ပါ။

တစ်ခါတစ်ရံ ငှက်အုပ်ကြီးများ သည် လူသားတို့၏ လယ်ယာများကို ဝင်ရောက်စားသောက် ဖျက်ဆီးကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုရေးသားသည့် ဖြစ်ရပ်များမှာမူ သပိတ်လွယ်ငှက်အုပ်ကြီးက အင်္ဂလန်နိုင်ငံ လန်လက်စတာရှိုင်းယားပြည်နယ် ဘေးစတုန်းကျေးရွာတွင် နေထိုင်ကြသော လူများအား ဝင်ရောက်တိုက်ခိုက်သည့် ဖြစ်ရပ်ဖြစ်၏။

ထိုဖြစ်ရပ်ဆန်းကို အင်္ဂလန်နိုင်ငံမှ ၁၉၆၀ ပြည့်နှစ် မေလ ၁၇ ရက်နေ့တွင် ထုတ်ဝေသော ဒေးလီတယ်လီဂရပ်ဖ် သတင်းစာကြီး၏ မျက်နှာဖုံးတွင် စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဓာတ်ပုံအထောက်အထားများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့သဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားသော သတင်းတစ်ပုဒ် ဖြစ်ခဲ့ပြီး ထိုသတင်းကို အသံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ခဲ့ကြသည်။

ထိုသတင်းကို ဒေးလီတယ်လီဂရပ်ဖ် သတင်းစာကြီးက သုံးကော်လံတိတိ ရေးသားဖော်ပြခဲ့သည်။

ထိုဖြစ်စဉ်မှာ ဤသို့ဖြစ်ပါသည်။

ဘေးစတုန်းကျေးရွာ ကျေးရွာသားများသည် ခေတ်အဆက်ဆက် မည်သည့် ပြဿနာမျှ ဖြစ်ပွားခြင်းမရှိဘဲ ရိုးရိုးသားသား လယ်ယာလုပ်ကိုင်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းဖြင့် ကြောင့်ကြမဲ့ ကင်းစွာနေထိုင်ခဲ့သူများဖြစ်၏။

ထိုကျေးရွာကလေးတွင် မုဆိုးမ မစ္စက်ဟင်နရီဂုဒ် ဆိုသူ အဘွားကြီးတစ်ဦးသည် ကိုယ်ပိုင်အလွတ်ပညာသင်ကျောင်း ဖွင့်လှစ်၍ ကျေးရွာရှိ ကလေးများအား စာသင်ကြားပေးခဲ့သည်။

ထူးဆန်းသော ဖြစ်ရပ်ဖြစ်သည်။ ညနေပိုင်းကမူ အထက်ဖော်ပြပါ မစ္စက်ဟင်နရီဂုဒ်၏အလွတ်ပညာသင်ကျောင်းမှ ကျောင်းဆင်းလာသော ကလေးငယ်များကို ရွာအစွန်ရှိ သစ်အယ်ပင်အုပ်များ၊ ဝက်သစ်ချပင်အုပ်များတွင် အေးအေးဆေးဆေး အသိုက်ဖွဲ့ခဲ့ကြသော သပိတ်လွယ်ငှက်များသည် ဆူဆူညံညံ အသံပေးကာ ဝိုင်းဝန်းထိုးဆိတ်ကြလေသည်။ သို့ဖြစ်၍ လမ်းသွားလမ်းလာများနှင့် ကျေးရွာမှ လူကြီး လူငယ်များက သပိတ်လွယ်ငှက်များကို ဝင်ရောက်ခြောက်လှန့်ကြရာ ငှက်များသည် ထိုလူကြီး လူငယ်များကိုပါ ပြန်လည်ထိုးဆိတ်ကြသဖြင့် ကျေးရွာတစ်ရွာလုံးမှာ ကယ်ပါ ယူပါ တစာစာဖြင့် ဆူဆူညံညံ အော်ဟစ်၍ အိမ်များနှင့် စျေးဆိုင်များအတွင်း ဝင်ရောက်ပုန်းအောင်းနေကြရ၏။

ကျေးရွာရှိ ရဲသားကြီးများကလည်း သေနတ်ပစ်ဖောက်၍ ခြောက်လှန့်သော်လည်း သပိတ်လွယ်ငှက်များမှာ ကြောက်လန့်ပျံသန်းသွားခြင်းမရှိဘဲ ကျေးရွာသူ ကျေးရွာသားများကို တိုက်ခိုက်ကြလေ၏။

အမှန်အားဖြင့် သပိတ်လွယ်ငှက်သည် မည်သည့်သတ္တဝါကိုမျှ အန္တရာယ်ပေးလေ့ မရှိပေ။ နောက်ဆုံးတွင် သပိတ်လွယ်ငှက်များသည် သူတို့အသိုက်များရှိရာသို့ ပြန်သွားခဲ့ကြသည်။ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့ကြသော ကလေးငယ်အချို့နှင့် လူကြီးများကိုမူ နီးစပ်ရာ ကျေးရွာများရှိ ဆေးပေးခန်းများသို့ ပို့ဆောင်ပေးခဲ့ကြရသည်။

ထိုကျေးရွာသို့ အစိုးရဌာနမှ တာဝန်ရှိသူများ၊ လန်ဒန်မြို့မှ ငှက်များအား စောင့်ကြည့်လေ့လာသည့် ငှက်ဝါသနာရှင်များ၊ သုတေသီများက လာရောက်၍ စနစ်တကျ စူးစမ်းသုတေသနပြုခဲ့ကြသော်လည်း ဖြစ်ရပ်အကြောင်းရင်းကို သဘာဝကျကျ လူအများလက်ခံလာနိုင်ရန် ရှင်းပြနိုင်ခြင်း မရှိသဖြင့် "Unsolved" မဖြေရှင်းနိုင်သော ထူးခြားဖြစ်စဉ်အဖြစ် မှတ်တမ်းတင်ထားသည်ဟု သိရှိရပါကြောင်း။

❒ ရှမိုး (ပညာရေး)

**ကျမ်းကိုး**

(1) Man is the prey.

(2) Plane crasines.

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူ... မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း... တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်... မရွေးချယ်သော စာမူများကို ပြန်လည်ပေး... ပို့မည်မဟုတ်ပါ။

## အထူးသတိပြုချက်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်... ပြိုင်တည်း ပေးပို့ခြင်းမျိုး တစ်နှစ်အတွင်း... တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြု... သော စာမူများကို ထပ်မံပေးပို့ခြင်းများ... မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း... လက်ရေးလှရမည်ဟု မဆိုလိုပါ။ သို့သော်... အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှု... မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက... မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ... မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည်... မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါ... သည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလ...
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com

# လင်းပိုင်တို့နှင့် ကူးခတ်ခြင်း

ခိုင်ဇော်(ဒသသန)



ရေလှိုင်းများအောက်တွင် ရေသူမတစ်ဖြစ်လဲ သိပ္ပံပညာရှင် ကက်သလင်းဒူဇင်စကီး
သူမချစ်သော သတ္တဝါတို့နှင့်အတူ ချာချာလည်စဉ်

(သူတို့အကြောင်း သင်သိသရွေ့ သွားတော့ကြည့်လိုက်စမ်းပါ။ မျှော်လင့်ထားသော အရှိန်လောကအတွင်းသို့ ဝင် ရောက်ရှိသွားပေလိမ့်မည်)

လင်းပိုင်နှင့် ကျွန်ုပ် ပထမဦးဆုံး ဆုံစည်းမိ ညဘက်တွင် ကျွန်ုပ်မှာ အိပ်မရလောက်အောင်ပင် ဒုက္ခကြုံခဲ့ရသည်။ ကြာသေးမီက ၁၉၉၉ ခုနှစ်ထုတ် The New York Times နယူးယောက်တိုင်းမ် သတင်းစာမှ ဆောင်းပါးပါ ခေါင်းစီးများဖြစ်သည့် New Light နယူးလိုက်ဒေသတွင် သက်သေအထောက်အထားများက လင်းပိုင်တို့ကို လူသတ်သမားများအဖြစ် ထည့်သွင်းဖော်ပြခြင်း" နှင့် "ပြုံးရယ်တတ်သော နှိုတိုက်သတ္တဝါတို့ ရှင်းလင်းမပြနိုင်သော မိုက်မဲမှုတွေဘက် ရောက်ကုန်ကြပြီလော" တို့မှာ ကျွန်ုပ်ကို ငြီးငွေ့သွားစေတော့သည်။

ဖော်ပြပါဆောင်းပါးမှ အကြံပြုချက်အရ လင်းပိုင်များကို ချစ်ခင်တတ်ကြသောလူတွေမှာ ယုံလွယ်တတ်သော ပျော့စိပျော့နဲ့ အတွေးပိုင်ရှင် တစ်သိုက်သာဟူသတည်း။ ကျွန်ုပ်မှာ ရေကူးခတ်ပြီးနောက် တစ်နေ့တွင်မူ အောက်ပါခေါင်းစီးအတိုင်းပင် တွေ့မြင်နိုင်တော့ပေမည်။

"စာရေးသူကိုယ်တိုင်ပင် ရေကူးခပ်၍ ပျော့အိပျော့တွဲ အတွေးများကို ခြေမွ ဖျက်ပစ်လိုက်ခြင်း"

ကျွန်ုပ်မှာ ကက်သလင်းဒူဇင်စကီး Kathleen Dudzinski ရှိသော ဂျပန်ပြည်မှ မီးတောင်ကျွန်းဖြစ်သည့် မီရာခဲဂျီးမားသို့ မလွဲမရှောင်သာ သွားရပေဦးတော့မည်။ အဆိုပါ ကျွန်းသည် တိုကျိုမြို့တောင်ဘက် ကီလိုမီတာ (၁၆၀) အကွာတွင် တည်ရှိပြီး စိမ်းလန်းစိုပြည်လှပေသည်။

ကက်သလင်းမှာ ငယ်ရွယ်ပျိုမျစ်သော အဏ္ဏဝါဗေဒဆိုင်ရာ သိပ္ပံပညာရပ်ဖြင့် ပါရဂူဘွဲ့ Ph.D ရရှိခဲ့သူ တစ်ဦးဖြစ်ကာ လင်းပိုင်တို့၏ အပြုအမူအလေ့အထနှင့် စကားသံတို့ကို သုတေသနပြုလုပ်နေသူ ဖြစ်သည်။ မက်ဂေးလ်လစ်ဗ်ရေးဖရီးမင်းန်ရုပ်ရှင်ထုတ်လုပ်ရေး Mac Gillivray Freeman Filmsမှ လင်းပိုင်ရိုင်းတို့အကြောင်း အိုင်မက်စ် IMAX ရုပ်ရှင်ကားအတွက် ကက်သလင်းမှာ ဖိတ်ခေါ်ခံရလေသည်။ ကျွန်ုပ်မှာမူ ထိုရုပ်ရှင်ကားတွင် စာရေးဆရာအနေဖြင့် တာဝန်ယူပေးရန် ဖြစ်သည်။

*

ကက်သလင်းနှင့် ကျွန်ုပ်တို့မှာ အရှေ့ဗျာမတက်မီ ဆူဘိုတာဆိပ်ကမ်းရှိ ငါးဖမ်းသင်္ဘောတစ်စင်းပေါ်သို့ တက်ရောက်ကြပြီးနောက် ၄၅ မိနစ်သာသာ သွားရသည့် မီကူရာကျွန်းဆီသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ ရေထုအတွင်းရှိ





www.burmeseclassic.com

www.burmeseclassic.com



"အခြားသက်ရှိသတ္တဝါများ၏ စိတ်ကူးစိတ်သန်းတွေအပေါ် ကြံစည်တွေးတောရသည့် ခရီးသည်တစ်ဦးအဖြစ် ကျွန်မကို အာရုံကပ်ငြိစေပါတယ်" ဟု ဒူဇင်စကီးက ဆိုသည်။

အပူချိန်မှာ (၁၅)ဒီဂရီခန့် ရှိလေသည်။ လေထုမှာလည်း အနည်းငယ် အေးမြသည်။ မိုးသက်မုန်တိုင်း အသေးစားများ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာခဲ့သည်။ ပြင်းထန်လှသော မိုးရေစက်တို့က ကျွန်ုပ်တို့ မျက်နှာများကို နာကြင်စေတော့သည်။

ဂျပန်သင်္ဘောကပ္ပတိန်က ကျွန်ုပ်တို့ကို ကမ်းခြေနှင့်မီတာ(၅၀)အကွာထိ သယ်ဆောင်သွားခဲ့သည်။ ချက်ချင်းဆိုသလိုပင် အသက်ရှူရန် ရေမျက်နှာပြင်ထက်တွင် လူးလှိမ့်နေသော လင်းပိုင်တို့ကို ကျွန်ုပ်တို့တွေ့မြင်လိုက်ကြရသည်။ ကပ္ပတိန်က သင်္ဘောကို တိရစ္ဆာန်တွေ ရှိရာဆီသို့လှည့်ကာ သင်္ဘောစက်ရှိန်ကို လျှော့ချလိုက်သည်။

တဒင်္ဂအတွင်းမှာပင် လင်းပိုင်များ ကွယ်ပျောက်သွားပြီး သူတို့ကို မတွေ့ရတော့ပေ။ ယင်းသည့်နောက် ရုတ်တရက်ဆိုသလိုပင် သူတို့အားလုံး ကျွန်ုပ်တို့ သင်္ဘောပတ်ပတ်လည်အနီး ပြန်လည် ရောက်ရှိနေကြတော့သည်။ အမြှုပ်ထအောင်ပင် အပြင်းအထန် လှုပ်ရှားနေသော မှောင်မည်းမည်း ပင်လယ်ရေပြင်အတွင်းသို့ ကျွန်ုပ်နှင့် ကက်သလင်းတို့ ချက်ချင်းထိုးနှစ်လိုက်ကြတော့သည်။

သိပ္ပံပညာရှင် ကဗျာဆရာမလို ရင်းအီစလ်လေကမူ လွှမ်းမောတမ်းတသော အတွေးများဖြင့် ရေးသားဖော်ပြရာတွင် "တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လင်းပိုင်တို့အနေဖြင့် ကျွန်မတို့ကို စကားပြောနိုင်လာကြမှာ ဖြစ်သလိုပင် ကျွန်မတို့ကလဲ သူတို့ကို ပြောဆိုနိုင်ကြပေတော့မယ်၊ အချိန်ကြာမြင့်စွာ တစ်ကိုယ်တည်း အထီးကျန်မှုများက လူတွေကို မကြာခဏ ထိတ်လန့်စရာဖြစ်စေခဲ့ပြီး စိတ်မကောင်းစရာကိစ္စများကမူ လူတွေကိုယ်တိုင်ကြောင့်သာလျှင် ဖြစ်ပေလိမ့်မယ်"

ကျွန်ုပ်အထင်တော့ ယင်းဖော်ပြချက်သည် ကက်သလင်းဒူဇင်စကီး၏ လုပ်ငန်းရပ်များနောက်ကွယ်တွင်ရှိသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်များသာပင်။ သူမမှာ မည်သို့သောအခါမျှ ယင်းကဲ့သို့သောနည်းလမ်းဖြင့် ဆောင်ရွက်မည် မဟုတ်ပေ။ သိပ္ပံပညာရှင်တစ်ဦးဖြစ်သော်လည်းကဗျာများအပေါ်တွင် တိကျမှန်ကန်စွာ နားလည်နိုင်သူတစ်ဦးသာပင်။ သူမ၏ မူရင်းလုပ်ငန်းရပ်များဖော်ပြရာ၌ပင် အနိမ့်ဆုံးအာ... တိကျလှပေသည်။ သို့သော် တစ်... တစ်ရုံတွင်မူ လင်းပိုင်တို့နှင့် ရေကူး... ရာ၌ အိပ်မက်ကမ္ဘာမှ နိုးထလာ... ကလေးငယ်တစ်ဦးပမာ ခံစားရကြော... သူမက ဝန်ခံထားသည်။

ကက်သလင်းမှာ တိရိစ္ဆာန်... များအပေါ် အစဉ်အမြဲ ချစ်ခင်တတ်... တစ်ဦးဖြစ်သည်။ ဆယ်ကျော်သက်... ကမူ သူမမှာ တိရစ္ဆာန်ဆေးကုဆရာ... တစ်ဦးနှင့်အတူ အချိန်ပိုင်း အလုပ်... ကိုင်ခဲ့သည်။ လူထူထပ်သော မြို့... ကောင်တွင် ကလေးငယ်များ ... အခါက လုံးဝမမြင်ဖူးသော ကြီး... (သို့) ဆိတ်နှင့် ကြက်ကလေးများ... တယုတယ ပွတ်သပ်ကိုင်တွယ်... သော တိရစ္ဆာန်ရုံလေးတစ်ခု ပြင်... ပေးခဲ့ရသည်။

၁၉၈၇ ခု နှစ်လယ်လောက်... သူမသည် မိန်းစ်ပင်လယ်ကွေ့ G... Maine သို့ ထွက်ခွာကာ ရေအော... နို့တိုက်သတ္တဝါတို့အကြောင်း ကွင်း... သုတေသနပြုလုပ်ခဲ့သည်။ ဘွဲ့ရပြီး... အခါ သူမသည် တက္ကဆပ်ပြည်နယ်... AFM တက္ကသိုလ်တွင် ပါရဂူဘွဲ့ ... တန်းသို့စာရင်းပေးသွင်းကာ ဘဟား... (Bahamas) ကျွန်းစု၌ ငါးလ ... လတာမျှ လင်းပိုင်များ အကြော... လေ့လာ ဆည်းပူးခဲ့လေသည်။ ... ကပင် သူမသည် သုတေသနပြု... အများအားဖြင့် ခြံမလှောင်... လင်းပိုင်မွေးမြူရေးကိုသာ ... စီစဉ်ခဲ့လေသည်။

ပုံပန်းအားဖြင့် အရပ်ရှည်... သွယ်လျလျ သူမ၏ အဆင့်မြင့်... ဝတ်စုံမှာ ဖျဲ့တစ်ကောင်အလား ... မွေ့တောက်ပြောင်နေတော့သည်။

အသက် (၃၁) နှစ်ရှိ ... သလင်းမှာ ကျွန်ုပ်နံဘေး၌ ... နေစဉ် ဒါဇင်ဝက်ခန့်ရှိသော ... တို လင်းပိုင်တို့မှာလည်း ... ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကက်သလင်းမှာ သူမကိုယ်တိုင် ဒီဇိုင်းဆွဲပြုလုပ်ထားသော ရုပ်မြင်သံဖမ်း ကိရိယာတစ်ခုဖြင့် လင်းပိုင်တို့ကို မှတ်တမ်းတင် ရိုက်ကူးနေလေသည်။ ထို ကိရိယာတွင် ဟိုက်ဒြိုဖုန်းတစ်စုံ (ရေအောက်သုံး မက်ကရိုဖုန်း)ကို ဘားတန်း၏ တစ်ဖက်တစ်ချက်စီတွင် တပ်ဆင်ထားကာ အလယ်၌ ဗွီဒီယိုကင်မရာ ရှိလေသည်။ ရေအောက်ရှိအသံများမှာ လေထုအတွင်းမှ အသံများထက် ရွေ့လျားမှုမြန်ဆန်ပြီး မည်သည့်နေရာမှဆို တစ်ပြိုင်တည်း ဖမ်းယူရရှိနိုင်လေသည်။

ကက်သလင်းက ကျွန်ုပ်ကိုပြောပြရာတွင် သူမအနေဖြင့် လင်းပိုင်များ၌ ကျွန်ုပ်တို့ လူသားများကဲ့သို့ ဘာသာစကားရှိသည်ဟု သူမ မယုံကြည်ပေ။ လင်းပိုင်တို့မှာ အသံသဲ့သဲ့ပြုခြင်း၊ မြူးထူးပြီး မပီမသအသံပြုခြင်း၊ လေချွန်သံပြုလုပ်ခြင်းနှင့် တစ်ကောင်နှင့် တစ်ကောင် စူးစူးရှရှမြည်သံပြုကာ အချက်ပြခြင်း သို့တည်းမဟုတ် သက်ရှိ သက်မဲ့ အရာဝတ္ထုတို့ အနေအထားကို ယင်းတို့၏ သန့်စွမ်းသော အသံပြုချက်လှိုင်းများမှတစ်ဆင့် အထင်အရှားခွဲခြားနိုင်လေသည်။ ရေငုပ်သင်္ဘောများ ရေအောက်ရှိ အရာဝတ္ထုတို့၏ တည်နေရာကို ရှာဖွေသည့် ဆိုနာကိရိယာ (Sonar) အသုံးပြုသကဲ့သို့ပင်တည်း။

ကျွန်ုပ်တို့အနီးသို့ လင်းပိုင်တို့က တဖြည်းဖြည်းကူးခပ်လာကြကာ သူတို့ခေါင်းများကို လှုပ်ယိမ်းနေတော့သည်။ သူတို့ပြုလုပ်နေသော အသံများအား ကျွန်ုပ်ကြားနေရခြင်းပင် မဟုတ်ပါလား။ သူတို့က နားကြားပြင်းကတ်လောက်အောင် ဖျစ်ညှစ်ဟစ်အော်ခြင်း၊ လေချွန်သံပြုခြင်း၊ နားမချမ်းသာဖွယ် စူးစူးရှရှ မြည်သံပြုကြရာ ကျွန်ုပ်ကို သူတို့ စူးစမ်းအကဲခတ်နေကြကြောင်း ကျွန်ုပ်သိလေသည်။


ကက်သလင်းမှာ အသက်ပြင်းပြင်း ရှိုက်သွင်းပြီး ခြောက်မီတာခန့် အထိပင် တည့်မတ်စွာ အောက်ဘက်သို့ ထိုးဆင်းသွားလေသည်။ လင်းပိုင်ကလေးများကို ကြည့်မြင်ရသရွေ့မူ အောက်ဖက်ထိုးဆင်းမှုသည် သူတို့အားကပြ အသုံးခံရန် ဖိတ်ခေါ်ချက်ဖြစ်ကြောင်း နားလည်ပုံရလေသည်။ ကျွန်ုပ်တို့ရှိရာသို့ သူတို့ စုပြုံဝင်ရောက်လာရာတွင် ကွေ့ကွေ့ကောက်ကောက် ပုံစံပြုလုပ်ကာ ဖြည်းညင်းတင့်တယ်စွာ ကူးခပ်လာကြခြင်းဖြစ်၏။ ယခုအခါတွင် သူတို့မှာ တစ်ဒါဇင်ကျော်မျှပင် ရှိပေလိမ့်မည်။

ဗွီဒီယိုမှန်ဘီလူးအတွင်းရှိ လင်းပိုင်တစ်ကောင် နောက်ပြန်ရစ်ပတ်ထွက်သွားတိုင်း ကက်သလင်းမှာ ကြီးမားသည့် ဗွီဒီယိုရုပ်သံဖမ်းစက်ကို အားနှင့်အင်နှင့်ရိုက်ကူးနေဆဲပင်။ လင်းပိုင်သည် အချင်းခြောက်မီတာခန့်ရှိ ဒေါင်လိုက်စက်ဝိုင်းပုံအတွင်း ဖြည်းညင်းစွာ ကူးခပ်လာနေပုံဖြစ်သည်။

မနုဿလူသားနှင့် လင်းပိုင်တို့ အတူတကွ ကူးခပ်ကြရာ ဝမ်းဗိုက်ချင်းထိကပ်သွားရာ စင်တီမီတာမျှသာ ကွာလှမ်းတော့သည်။

ကက်သလင်းမှာ လင်းပိုင်ထံမှ အနည်းငယ်ကွာဝေးရာဆီသို့ ရောက်အောင် ကြိုးစားလိုက်သည်။ သို့သော်လည်း သူမအနေဖြင့် ဖြည်းညင်းနီးကပ်စွာ ကခုန်ချင်ပြန်သည်။ သူတို့နှစ်ဦးစလုံးပင် ရေမျက်နှာပြင်ထက်ပေါ် တက်လိုက်ကြပြီး ကက်သလင်းက သူမ၏ ရေငုပ်ဝတ်စုံအတွင်းမှလည်းကောင်း၊ လင်းပိုင်ကမူ ယင်း၏ နှာရောင်တို ထိပ်ဖျားရှိ အသက်ရှူပေါက်မှလည်းကောင်း နှစ်ဦးသား တစ်ပြိုင်တည်း အသက်ရှူရှိုက်လိုက်ကြရာ ကျွန်ုပ်၏ လတ်တလောအတွေးကား. . .

"ဟေး. . . ငါတို့ အားလုံးဟာ နို့တိုက်သတ္တဝါတွေချည်းပဲလေ၊ ဟောဒီ



ဒူဇင်စကီးတစ်ယောက် သူမကိုယ်တိုင် ဒီဇိုင်းဆွဲထားသည့် ရေအောက်သုံး ရုပ်မြင်သံဖမ်းကိရိယာ အသုံးပြုနေပုံ။



www.burmeseclassic.com

www.burmeseclassic.com

မှာ လေကို ရှူရှိုက်ကြသူတွေ မဟုတ်လား။

*

လင်းပိုင်များကို စောင့်ကြည့်တတ်ခြင်း၊ ၎င်းတို့နှင့်အတူ ရေကူးခပ်ခြင်းများက တိရစ္ဆာန်တို့အား အစာကျွေးမွေးသည့် ပုံစံများကို အနှောင့်အယှက်ဖြစ်စေကာ ၎င်းတို့ နားနေသောအခါများနှင့် တစ်ခါတစ်ရံ သားငယ်က မိခင်ထံပါးမှ ခွဲခွာနေစဉ် အခါများတွင် တိရစ္ဆာန်လေးများကို သောကဖြစ်စေကြောင်း အချို့သော သိပ္ပံပညာရှင်တို့က ခံစားနားလည်တတ်ကြသည်။

ကမ္ဘာနှင့်အဝန်း လင်းပိုင်များအပေါ် စိတ်ပါဝင်စားစေရန် အတွက်မူ ပညာပေးအစီအစဉ်များ ချမှတ်မှုမှ တစ်ဆင့် ကွပ်ကဲလုပ်ကိုင်သွားနိုင်မည်ဖြစ်ကြောင်း ကက်သလင်းယုံကြည်နေမိသည်။ လူတို့အနေဖြင့် တိရစ္ဆာန်များနှင့်အတူ ရေကူးခပ်နိုင်ရန် သူမမှာ ခက်ခဲပြင်းထန်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရလေသည်။

ယခုအခါ ကက်သလင်း ရေမျက်နှာပြင်ထက် ပေါ်လာသည်နှင့် ကျွန်ုပ် ငုပ်လျှိုးသွားခဲ့သည်။ အနီးအပါးမှ ဖြတ်သန်းသွားသော လင်းပိုင်တစ်ကောင်ကြောင့် ချာချာလည်သွားပြီးနောက် ၎င်း၏နံပါးဆီသို့ ကြိုးစားကူးခပ်နေမိတော့သည်။ တက္ကသိုလ်ရေကူးသမားတစ်ဦးအနေဖြင့် ကျွန်ုပ်မှာ လိပ်ပြာကူးတွင် စံချိန်တင်နိုင်ခဲ့သလို တာတိုအလွတ်ကူးရာ၌လည်း အတူတူပင်။

သို့သော်လည်း လင်းပိုင်တို့မှာ ပန်ကာတစ်လုံးတပ် နှစ်ထပ်လေယာဉ်ပျံ တစ်စင်းကို ဂျက်လေယာဉ်တို့ ဖြတ်သန်းသွားသည့်ပမာ ကျွန်ုပ်ကို ပွတ်တိုက်ထွက်သွားကြသည်။ ကျွန်ုပ်အထင်တော့ သူတို့ တစ်နာရီကို ၃၀ ကီလိုမီတာနှုန်းထက်ကျော်လွန်သော အရှိန်ဖြင့် ဖြတ်သန်းသွားခြင်းသာပင်။

လင်းပိုင်တစ်ကောင် ကျွန်ုပ်အနီးသို့ ဖြည်းညင်းစွာ မျောလွင့်လာရာ သူ့ကိုယ်ထိတွေ့ကိုင်တွယ်၍ ရနိုင်အောင်ပင် နီးကပ်လာသည်။ သူက အောက်ဘက်သို့ ငုပ်လျှိုးလိုက်ပြီးနောက် ကျွန်ုပ်ကို မော်ကြည့်ကာ သူ့ခေါင်းကို ဘယ်ညာယိမ်းထိုး လှုပ်ရှားနေသည်။

ကျွန်ုပ်မှာ အသက်ရှူရှိုက်ရန် လိုအပ်သည်မို့ ရေမျက်နှာပြင်ထက်ဆီသို့ ဖြေးညင်းစွာတက်လာခဲ့သည်။ ထိုကဲ့သို့ တက်လာစဉ် လင်းပိုင်တစ်ကောင်မှာ ကျွန်ုပ်အောက်ဘက်ဆီမှ ထိုးတက်လာခဲ့သည်။ လင်းပိုင်အမတစ်ကောင်သာပင်။ ကျွန်ုပ်နှင့် လင်းပိုင်မှာ ရေအောက်တွင် ဝမ်းဗိုက်ချင်းတည့်မတ်စွာ ထိကပ်နေကြသည်။ ကျွန်ုပ်မှာ သူ၏ လုံးဝန်းနက်မှောင်သော မျက်လုံးနှင့် အစဉ်သဖြင့် ပြုံးရယ်နေတတ်သော သူ့မေးရိုးကို တွေ့မြင်ရလေသည်။

ကျွန်ုပ်မှာ ကက်သလင်း သင်ကြားပြသထားသည့်အတိုင်းပင် အရာခပ်သိမ်းကို မှန်ကန်စွာ လုပ်ဆောင်နေရသည်။ သူ့ကို မထိနှင့်၊ ခေါင်းချင်းဆိုင်တဲ့ အနေအထား မရောက်စေနှင့်။ လင်းပိုင်ကစပြီး ခြိမ်းခြောက်တတ်သော ရုပ်လုံးဖော်မှုများ လုပ်လာမှာစိုးသောကြောင့်ပင်။ သူတို့ နောက်က မလိုက်ပါနှင့်။ လင်းပိုင်မှာ ကျွန်ုပ်နှင့်အတူ လှုပ်ရှားနေရာမှ ကျွန်ုပ်ရေမျက်နှာပြင်ပေါ် အထက်တွင် ကြိုးတန်းတစ်ခုအပေါ်မှ ဘောလုံးတစ်လုံးပမာ ကျွန်ုပ်ကိုယ်ခန္ဓာကို အရှိန်ဖြင့် လှည့်ပတ်နေတော့သည်။ နှစ်မီတာ (သို့)သုံးမီတာရှိသော လှိုင်းလုံးများ ဖြစ်ပေါ်လာရာက ကျွန်ုပ်၏ ရေငုပ်ဝတ်စုံ မျက်နှာဖုံးကို ကျော်ဖြတ်တိုက်ချသွားရာ ကျွန်ုပ်မှာ ပင်လယ်ရေများ ပါးစပ်အပြည့် မျိုချလိုက်ရသည်။

ကျွန်ုပ်မှာ ရေမျက်နှာပြင်ပေါ်တက်ကာ ချောင်းဆိုးပြီး တံတွေးတပျစ်ပျစ် ဖြစ်နေစဉ် လင်းပိုင်မှာ အောက်ဘက်သို့ ငုပ်လျှိုးထွက်ခွာသွားပြီး ပို၍ မြူးထူးကာ တစ်ကောင်နှင့်တစ်ကောင် မီအောင်လိုက်ဖမ်းနေကြတော့သည်။

ကက်သလင်းမှာ ကျွန်ုပ်နံဘေးသို့ ပေါ်ထွက်လာပြီးနောက်. . .

“သူတို့သွားပြီ” ဟု ဆိုလာသည်။ သူမ၏ နှုတ်ခမ်းများမှာ ပြာနှမ်းပြီး ရေထဲတွင် အချိန်အတန်ကြာညောင်းစွာ ကစားနေသော ကလေးငယ်တစ်ဦးပမာ ခိုက်ခိုက်တုန်နေတော့သည်။

“ခုလို အချိန်ကြာကြာ ဆုံစည်းတွေကြုံရမှုအပေါ် အားရရဲ့လား”

ကျွန်ုပ်က မေးမြန်းလိုက်သည်။

သူမက ရယ်မောလိုက်သည်။ သူမ၏ လေ့လာဆည်းပူးခြင်းများတွင် ကက်သလင်းက လင်းပိုင်နှင့် တွေ့ကြုံဆုံစည်းမှုမှာ သုံးမိနစ်(သို့) ယင်းထက်ပို၍ ကြာညောင်းတတ်ကြောင်း ရှင်းပြထားသည်။

“ဆယ့်ငါးမိနစ် နီးပါးတောင် ကြာတတ်တယ်” သူမက ဆိုလေသည်။

“အင်း”

xxx

လင်းပိုင်တို့သည် မုချအမှန်ပင် ပျော်ရွှင် နှစ်သက်စရာကောင်းသည့် သတ္တဝါလေးများအနေဖြင့် မနုဿ လူသားတို့၏ နှလုံးသားတွင်းမှ စိတ်ခံစား များကို မလွဲဧကန်ပင် ခံစားနိုင်ကြ သည်။ ယင်းကို ကရုဏာသက်စွာ သုံးသပ်သည့်အခါ ကမ္ဘာမြေကြီး တွင် လူသားတို့ဦးရေ တိုးပွားနေသ လင်းပိုင်တို့သည်လည်း ပင်လယ် အတွင်း မြူးထူးဆော့ကစားနေကြ မည်သာပင်။

ကျွန်ုပ်တို့ အနေဖြင့် အ သတ္တဝါလေးများအပေါ် ပို၍ လေ့ သင်ကြားမှုပေးနိုင်လေ သူတို့အ ကျွန်ုပ်တို့၏စိတ်ကူးစိတ်သန်းများအ ပို၍ ချင်းနင်းဝင်ရောက်လာနိုင်ပြီး ကျွ တို့၏ စောင့်ထိန်းမှုတရားအပေါ် အား စိုက်လာနိုင်ပေလိမ့်မည်။

❒ ခိုင်ဇော်(ဒဂုံ

Ref: 2001 Feb လထုတ် R.D မဂ္ဂဇင်း Tim Cahill ၏ Dances With Dol ကို ပြန်ဆိုပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# ကျီးငှက်၏အော်မြည်သံနိမိတ်အကြောင်း

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)



ရှေးမြန်မာမင်းများသည် အတိတ်နိမိတ် တဘောင်သည့် ငှက်နှင့် တိရစ္ဆာန်များ၊ အော်မြည်သံမှ နိမိတ်၏ရလဒ်ကို ကျွမ်းကျင်စွာ ဖတ်ကြား ကြည့်ရှု ဆင်ခြင်၍ အဓိပ္ပာယ်ကောက်ယူလေ့ရှိကြပါသည်။

(၁) ကျီးငှက်သည် မြင်း၏ကျောကုန်းပေါ်တွင် နားနေ၍ ကျီးသာခဲ့လျှင် ယာဉ်စီးသူ ရောက်ရှိပါမည်။ ခရီးသွားသူနောက်မှလိုက်၍ ကျီးသာနေလျှင် ထိုသူ သွေးထွက်သံယို ဖြစ်တတ်သည်။ အခြားငှက်များသည်လည်း ခရီးသွားသူ၏ နောက်မှလိုက်၍ အော်မြည်နေခဲ့လျှင် သွေးထွက်လိမ့်မည်။

(၂) လယ်ကွက်တစ်ခုအတွင်းမှ တည်ငြိမ်ခြင်းအရပ်တွင် နေ၍ ကျီးသာခဲ့လျှင် ကောက်ပဲသီးနှံပါသော လယ်မြေများ ရရှိလိမ့်မည်။ ရွာ၏အစပ်တွင် အစီအစဉ်တကျမဟုတ်ဘဲ ရှုပ်ယှက်ခတ်သော အမူအရာနှင့် အော်မြည်ခဲ့လျှင် ခရီးသွားသူသည် ဆင်းရဲဒုက္ခရောက်မည်။

(၃) ကျီးငှက်သည် သူ၏နှုတ်သီးဖြင့် အတောင်များကို နေကိုကြည့်လျက် ခြေတစ်ချောင်းဖြင့် ရှေ့တွင်ရပ်ကာ ကုတ်ခြစ်နေလျှင် လူအများအပြား သတ်ဖြတ်သေဆုံးလိမ့်မည်။

(၄) ကျီးငှက်သည် သူ၏နှုတ်သီးဖြင့် အတောင်များကို နေကိုကြည့်လျက် ခြေတစ်ချောင်းတည်းဖြင့်သာ နားနေခဲ့လျှင် ထိုသူသည် မကြာမီ သွေးထွက်သံယိုဖြစ်ပွားလိမ့်မည်။

(၅) ကျီးငှက်၏ အသိုက်အမြုံသည် သစ်ပင်၏အရှေ့ဘက်သို့ထွက်သော ကိုင်းပေါ်တွင် ဆောက်လုပ်ထားလျှင် ထိုနှစ်အတွက် ပထမဦးဆုံး ရွာသွန်းမည့် မိုးသည် မိုးဦးရာသီအဖြစ်စ၍ ရွာသောမိုး (ပထမဆုံး) ရွာသွန်းမည်။

(၆) ကျီးငှက်၏အသိုက်အမြုံသည် အနောက်ဘက်ကိုင်းတွင် ဆောက်လုပ်ခဲ့မူ မိုးရာသီအတွင်းမှာပင် ရွာသွန်းမည်။

(၇) အသိုက်အမြုံသည် သစ်ပင်၏ထိပ်ဖျားတွင် ဆောက်လုပ်လျှင် မိုးဥတု လေးလပတ်လုံး မိုးကောင်းလိမ့်မည်။

(၈) အသိုက်အမြုံသည် အရှေ့တောင်အရပ်မှ ကိုင်းပေါ်တွင် ဆောက်လုပ်လျှင် ကွက်ကျားမိုးရွာလိမ့်မည်။

(၉) အသိုက်အမြုံသည် အနောက်တောင်အရပ်တိုင်းဖြစ်လျှင် မိုးဦးရာသီ သီးနှံများဖြစ်ထွန်းလိမ့်မည်။

(၁၀) တောင်အရပ်မှ ကိုင်းတွင်း အသိုက်အမြုံ ဖြစ်ထွန်းတည်ဆောက်ပါက ကောက်ပဲသီးနှံများ ပေါများလိမ့်မည်။

(၁၁) အသိုက်အမြုံသည် အနောက်ဘက်အရပ်ရှိ သစ်ကိုင်းအား ဆောက်လုပ်ထားခဲ့သော် ကြွက်များ ပေါများမည်။

(၁၂) ကျီးငှက်များသည် မိမိတို့၏ အသိုက်အမြုံကို ကျူပင်၊ မြက်ပင်၊ ချုံနွယ်ပိတ်ပေါင်း၊ ပြောင်းနှံများဖြင့် ကျောင်း၊ သိမ်၊ ဘုရား၊ တွင်းများတွင် ဆောက်လုပ်ပါက သူခိုး၊ ဓားပြဘေး၊ မိုးခေါင်ရေရှားဘေးနှင့် အနာရောဂါ ကပ်ဘေးများ ကျရောက်နိုင်ပါမည်။

(၁၃) ကျီးငှက်၏ပါးစပ်တွင် သီးနှံများ၊ ပန်းများ၊ စားစရာများနှင့် ပြည့်နှက်နေလျှင် စည်းစိမ်ဥစ္စာ တိုးတက်မည်။

(၁၄) ကျီးငှက်၏ မစင်စွန့်ပစ်ခြင်း ခံရသူသည် အစားရေစာကိုလည်းကောင်း၊ လာဘ်လာဘကိုလည်းကောင်း ရရှိလိမ့်မည်။

(၁၅) တည်ငြိမ်သောအသံဖြင့် ကျီးသာလျှင် မင်းစိုးရာဇာများနှင့် မိတ်ဆွေဖြစ်ခွင့်ကြုံမည်။ လုပ်ငန်းလိုင်စင်ပြိုင်လျှောက်လျှင် မိမိရမည်။

(၁၆) ခရီးသွားနေသူ၏ အနီးအနားကို ကျီးငှက်ဖြတ်သန်းသွားလျှင် ခရီးသွားသူသည် ကျန်းမာရေး ကောင်းမွန်သော်လည်း လုပ်ငန်းအောင်မြင်မည် မဟုတ်ပေ။

(၁၇) ကျီးငှက်နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် အစာခွံ့ကျွေးနေလျှင် ခရီးသွားသူသည် အောင်မြင်မှုအလီလီ ရရှိလိမ့်မည် ဖြစ်ပါသည်။

❒ ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကျကမ္ဘာ

## အကျိုးပြု အာဟာရများ



ခရမ်းချဉ်သီး၊ ပဲ၊ ပြောင်း စတဲ့ ဟင်းသီးဟင်းရွက်တွေကို သေသေသပ်သပ် ချာပါတီနဲ့ ရစ်ပတ်ပြီး နံနံပင်၊ သံပုရာစိတ်နဲ့ စည်းနှောင်ထားတဲ့ အသွင်သဏ္ဍာန်လေးဟာ စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။ တကယ်တော့ အဲဒီပုံထဲမှာပါတဲ့ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံဟာ လူသားတွေအတွက် သဘာဝကပေးခဲ့တဲ့ အကျိုးပြုအာဟာရတွေ ဖြစ်ပါတယ်။ ရှေးပဝေသဏီ ကာလများကတည်းက အဲဒီလို ဂျုံနဲ့လုပ်တဲ့ မုန့်အပါအဝင် သီးနှံတွေကို စားခဲ့ကြသူတွေဟာ ရောဂါဘယ ကင်းဝေးပြီး ကျန်းမာခဲ့ကြပါတယ်။ ဒါပေမယ့် ပစ္စုပ္ပန်ကာလမှာ အသားတွေ၊ အဆီတွေ၊ ဓာတုပစ္စည်းတွေရဲ့ အန္တရာယ်ကြောင့် အစာအိမ်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါတွေဖြစ်ပြီး အသက်ဆုံးရှုံးနေကြပါသတဲ့။ ဒါကြောင့် သီးနှံတွေကိုသာ သဘာဝအတိုင်း စားသုံးခြင်းအားဖြင့် ဖြစ်နေတဲ့ ကင်ဆာစတဲ့ရောဂါတွေကို ဟန့်တားနိုင်စွမ်းရှိပြီး မဖြစ်သေးတဲ့ ရောဂါတွေကိုလည်း ကြိုတင်တားဆီးနိုင်ပါတယ်ဆိုတာ ပြသထားခြင်းဖြစ်ပါသတဲ့။





## မော်ဒယ်ငယ်ငယ်ရွယ်ရွယ်

မကြာသေးမီက ကျင်းပခဲ့တဲ့ နိုင်ငံတကာ မော်ဒယ်ယှဉ်ပြိုင်ရွေးချယ်ပွဲတစ်ခုကို စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ အဲဒီယှဉ်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲသူပေါင်း ၁၁၉၉ ဦး ဖြစ်ပါတယ်။ အဲဒီမော်ဒယ်ပြိုင်ပွဲ ယှဉ်ပြိုင်သူတွေထဲက ထူးထူးခြားခြား ပထမဆုရရှိသွားပြီး ကမ္ဘာ့စူပါမော်ဒယ်ပြိုင်ပွဲကို တက်ရောက်ဖို့ ရွေးချယ်ခံရသူကတော့ ပူးတွဲပါဖော်ပြထားတဲ့ FIONA FUSSI ဆိုတဲ့ မိန်းမချောလေး ဖြစ်ပါတယ်။ ဖီယိုနာဟာ အသက်(၁၆)နှစ်သာရှိပြီး ဟိုက်စကူးကျောင်းသူဘဝမှာပဲရှိနေပါသေးတယ်။ သူမရဲ့ အမျိုးအနွယ်က ဩစတေးလျနဲ့ တရုတ်ကပြား ဖြစ်ပါတယ်။ ဒါကြောင့် အလှနှစ်မျိုးပေါင်းစပ်ထားတဲ့ စွဲမက်ဖွယ်ရာ အလှပိုင်ရှင်လေးလို့ မော်ဒယ်ရွေးချယ်ရေးအဖွဲ့က မှတ်ချက်ချလိုက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အဖြေညှိဖို့တဲ့

သူမ နာမည်ကတော့ ခရစ်စတင်းဘာရှန်း ဖြစ်ပါတယ်။ ရုပ်ရည်နဲ့ ကိုယ်ခန္ဓာအချိုးအစားကအင်မတန် ဆွဲဆောင်နိုင်တဲ့ ညို့ချက်ပြင်းပြင်း ဖြစ်စေနိုင်ပါတယ်။ ခရစ်စတင်းဟာ ဒိန်းမတ်နိုင်ငံသူ မော်ဒယ်တစ်ဦး ဖြစ်ပါသတဲ့။ နောက်ဘက်မှာ ငါးဖမ်းပိုက်တစ်ခု ဖြန့်ကြက်ထားတာကို တွေ့နိုင်ပါလိမ့်မယ်။ တကယ်လို့ သူမအနေနဲ့ အဲဒီငါးဖမ်းပိုက်ကြီး အသုံးပြုပြီး သင့်ကိုဖမ်းမယ်ဆိုရင် "သင် ရှောင်ပြေးမလား၊ အဖမ်းခံမလား" ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး သင် ဘယ်လိုဖြေမလဲတဲ့။ အဲဒီမေးခွန်းကို အလွယ်တကူ မဖြေလိုက်ပါနဲ့။ စဉ်းစဉ်းစားစား အချိန်ယူပြီးမှ ဖြေပါ။ နောက်တော့ သင့်မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ အဖြေချင်း တိုက်ကြည့်ပါတဲ့။

## ဂိုးသွင်းကောင်းလို့လား



စုံတွဲတွေ့မြင်ရတဲ့ ရုပ်ဆိုးဆိုး အမျိုးသားဟာ ဘောလုံးလောကမှာသာ အောင်မြင်ကျော်ကြားသူ တစ်ယောက် မဖြစ်ခဲ့ရင် အဲဒီလို ချောချောလှလှ မော်ဒယ်မျိုးဆက်သစ်ဖြစ်သူ ခရစ်စတီမက်ကလာရင်နဲ့ တွဲနိုင်စရာ အကြောင်းရှိမယ် မထင်ပါဘူး။ ဒါပေမယ့် သူဟာ အင်္ဂလန် ဘောလုံးအသင်းရဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဒါရင်းဘန့် ဖြစ်နေပါတယ်။ သူ့ရဲ့ တစ်လစာ လစာဟာ စတာလင်ပေါင် နှစ်သိန်းရှစ်သောင်း ဖြစ်ပါတယ်။ သူ့ကို ဟယ်စီးတီးဘောလုံးအသင်းနဲ့ နယူးကာဆယ် ဘောလုံးအသင်းကလည်း အပြိုင်အဆိုင် ဈေးကြီးပေးပြီးခေါ်ဖို့ ကြိုးစားနေကြပါတယ်။ လောလောဆယ်အချိန်မှာ တိုက်စစ်မှူး ဒါရင်းဘန့်ဟာ မိန်းမချောလေး ခရစ်စတီကို ကိန်းဘရစ်ချ်မြို့ရဲ့ ကြီးကျယ်ခမ်းနား ထည်ဝါလှတဲ့ ELY CATHEDRAL ဘုရားကျောင်းကြီးမှာ လွန်ခဲ့တဲ့ ဘနဂ်နွေနေ့က လက်ထပ်ပွဲကျင်းပခဲ့ပြီး ဘယ်ဒေသကို ဟန်းနီးမွန်းထွက်ရရင် ကောင်းမလဲလို့ ဇနီးချောလေးနဲ့ တိုင်ပင်ညှိနှိုင်းနေပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်ရဲ့အင်အား



လွန်ခဲ့တဲ့ လအနည်းငယ်က တောင်ကိုရီးယားနိုင်ငံရဲ့ စတားဟော့စ် အင်တာတိန်းမင့်ရဲ့ ဆိုရှယ်မီဒီယာတွေ အပေါ်မှာ စစ်တမ်းကောက်ယူခဲ့ပါတယ်။ အဲဒီစာရင်းအရ ကိုရီးယားရုပ်ရှင် မင်းသားချောလေး လီမင်ဟိုရဲ့ အွန်လိုင်း ပရိသတ်ဟာ ဆယ်သန်းကျော် အခိုင်အမာ ရရှိထားကြောင်း ကြေညာခဲ့ပါတယ်။ တိတိကျကျ တရားဝင်ကြေညာချက်အရ လီမင်ဟိုဟာ ကိုရီးယားရုပ်ရှင်ချစ်သူ ပရိသတ် စုစုပေါင်း ၁၀ ဒသမ ၄ ဖြစ်တဲ့အတွက် ပရိသတ်အများဆုံး ရုပ်ရှင် မင်းသား ဖြစ်နေပါပြီ။ သူဟာ "အက်ဖိုးချစ်သူ" ရုပ်ရှင်ဇာတ်ကားမှ ပီပီပြင်ပြင်နဲ့ သရုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ကိုရီးယားရုပ်ရှင် ကြည့်ပရိသတ်တွေအတွက် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တာ ဖြစ်ပါတယ်။ လီမင်ဟိုရဲ့ ပရိသတ်ဟာ ဖေ့စ်ဘုတ်ပေါ်မှာ LIKE ပေါင်း ၅ ဒသမ ၄ သန်း၊ ဝေဘို တရုတ် ဝက်ဘ်ဆိုက်ပေါ်မှာ ပရိသတ် ၄ သန်း၊ တွစ်တာပေါ်မှာ ပရိသတ်ပေါင်း ၆၆၇၀၀၀၊ ME 2 DAY ဆိုက်ပေါ်မှာ ပရိသတ် ၂၃၀၀၀ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီစာရင်းတွေ အရ ပရိသတ်ရဲ့ လေးဆယ်ရာခိုင်နှုန်းဟာ တရုတ်လူမျိုးတွေ ဖြစ်ပါသတဲ့။ တကယ်တော့ မင်းသားလီမင်ဟိုဟာ သူ့ပရိသတ်တွေကို လေးလေး စားစား ဆက်ဆံပြီး ရိုးရိုးသားသား ပြောဆိုလေ့ရှိလို့ ယခုလို ပရိသတ် အားပေး ခြင်း ခံရတာ ဖြစ်ပါတယ်။



# ထွက်ချင်လို့ ထွက်တာပေါ့

တောင်ကိုရီးယားနိုင်ငံဟာ ရုပ်ရှင်နဲ့တေးဂီတ အနုပညာလောက မှာ တစ်ချိန်တုန်းက ဂျပန်နိုင်ငံကို အသည်းအသန်အမီလိုက်နိုင်ဖို့ ကြိုး စားနေရတဲ့ အဆင့်မှာ ရှိခဲ့ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ၈၀ ခုနှစ်ဝန်းကျင် များအတွင်းကစပြီး နိုင်ငံတကာ ရုပ်ရှင်ဂီတကို ထဲထဲဝင်ဝင် တိုးလျှိုးဝင်ရောက်နိုင်ပါတယ်။ အာရှနိုင်ငံတွေမှာလည်း ဟောင်ကောင်ရုပ်ရှင်လောကကို ပခုံးချင်းယှဉ်နိုင်အောင် ကြိုးစားမှုရလဒ်တွေ ဖြစ်ထွန်းခဲ့ပါပြီ။ ဒါပေမယ့် အဲဒီလို အောင်မြင်ကျော်ကြားမှုနဲ့အမျှ ရုပ်ရှင်ဂီတလောကရဲ့ အနုပညာသည်တွေဟာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ရပ်တွေနဲ့ စိတ်ဖိစီးမှုတွေကြောင့် အမျိုးသား၊ အမျိုးသမီး တချို့ကတော့ ဘဝကို စွန့်လွှတ်တဲ့အထိ ဖြစ်ခဲ့ကြပါတယ်။ F(X) ဂီတအဖွဲ့ရဲ့ အကျော်ကြားဆုံး အဆိုတော် LUNA က ရုတ်တရက် အနုပညာလောကထဲက နုတ်ထွက်သွားတဲ့ကိစ္စဟာ ပဟေဠိတစ်ခုလို ဖြစ်နေကြပါသတဲ့။




www.burmeseclassic.com

www.burmeseclassic.com

## ကံကောင်းကြသူများ



နိုင်ငံတကာမှာ ထီနဲ့ပတ်သက်လို့ အစိုးရအနေနဲ့ရော ပုဂ္ဂလိကအနေနဲ့ရော ပုံစံမျိုးစုံ ဆုမဲတွေပေးခဲ့ကြတယ်။ တချို့ဆုက ငွေ၊ တချို့က ကံစမ်းမဲ၊ မော်တော်ကား၊ ရွှေထည် လက်ဝတ်လက်စားစသဖြင့် ကွဲပြားခြားနားပေမယ့် တကယ်တမ်းတော့ ထီကို ပုံစံအမျိုးမျိုးနဲ့ မြူဆွယ်ရောင်းချနေကြတာပါ။ လူပေါင်း သိန်းသန်းကုဋေမှာ တစ်သက်တစ်ခါ ထီပေါက်ဖို့ရာ အင်မတန် ခဲယဉ်းပါတယ်။ ဒါပေမယ့် နော်ဝေနိုင်ငံ မြောက်ပိုင်းမှာ နေထိုင်ကြတဲ့ ဟဖ်ဂျင်နက်တီ မိသားစုကတော့ တကယ့်ကိုရှာမှရှားတဲ့ ကံထူးရှင်မိသားစုပါပဲ။ ခြောက်နှစ်အတွင်း ထီပေါက်တဲ့အကြိမ် သုံးကြိမ်ဖြစ်ပြီး ယူအက်စ်ဒေါ်လာ ၄ သန်းနီးပါး များများစားစား ရရှိခဲ့ကြပါတယ်။ ဆင်းရဲတဲ့ဘဝမှာ အဲဒီလို ထီပေါက်လို့ရတဲ့ငွေနဲ့ အိမ်သစ်တစ်လုံး၊ ကားသစ်တစ်စီးဝယ်ပြီး နောက်ထပ်မဆင်းရဲရအောင် ပိုတဲ့ငွေကို နော်ဝေဘဏ်မှာ အပ်ထားနှံကာ စနစ်တကျ စုဆောင်းသုံးစွဲ နေထိုင်ကြပါသတဲ့။



## ရေအောက်မှာ ပိုမြင့်သတဲ့

ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်ဟာ ဧဝရက်တောင်လို့ ရုတ်တရက် ဖြေကြမယ့်သူ များပါတယ်။ ဒါပေမယ့် အဲဒီတောင်ထက် ၃၀၄ မီတာ ပိုမြင့်မားတဲ့ တောင်တစ်တောင် ရှိပါသေးတယ်။ အဲဒီတောင်ရဲ့အမည်က မော်နာလိုအာဖြစ်ပါတယ်။ ဟာဝိုင်ယီဘာသာအရ MAUNA LOA ရဲ့ အဓိပ္ပာယ်က အလွန်တရာ ရှည်လျားသောတောင် ဖြစ်ပါတယ်။ မော်နာလိုအာတောင်ဟာ မြေမျက်နှာပြင်ရဲ့အထက်မှာ မီတာ ၄၁၇၀ မြင့်ပြီး ရေမျက်နှာပြင်ရဲ့အောက်မှာ မီတာ ၅၀၀၀ ခန့် တည်ရှိပါတယ်။ အဲဒီ မော်နာလိုအာတောင်ဟာ ၁၀၄၃ ခုနှစ်ကစပြီး အကြိမ်ပေါင်း ၃၀ ကျော် ချော်ရည်များထွက်ခဲ့ပြီး အခုနောက်ပိုင်းမှာ နောက်ထပ်တစ်ကြိမ် ထပ်မံဖြစ်ပွားဖို့ အချိန်ကာလ နီးကပ်နေပြီလို့ မီးတောင်ကျွမ်းကျင်သူ ပညာရှင်များက ကြိုတင်ကောက်ချက်ချနေကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ကောင်းသွားမှာပါ



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဟာ သူ့ဖခင် ကင်ဂျုံအန် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ ကွယ်လွန်ပြီးတဲ့နောက်ပိုင်းမှာ မြောက်ကိုရီးယားခေါင်းဆောင်အဖြစ် ရောက်ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကင်ဂျုံအန်ဟာ နိုင်ငံတကာ အသိုင်းအဝိုင်းက ကန့်ကွက်မှုများကြားမှာပင် တာဝေးပစ်ဒုံးပျံတစ်စင်းကို အာကာသအတွင်းသို့ ပစ်လွှတ်နိုင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုက အဲဒီဒုံးပျံ ပစ်လွှတ်နိုင်မှုနဲ့ ပတ်သက်ပြီး ပြစ်တင်ရှုတ်ချခဲ့ပါတယ်။ ဒါပေမယ့် မြောက်ကိုရီးယားအနေနဲ့ နျူကလီးယားစမ်းသပ်မှု သုံးကြိမ် ပြုလုပ်ခဲ့ပြီး အမေရိကန်နဲ့ တောင်ကိုရီးယားကို နျူကလီးယားလက်နက်တွေနဲ့ တိုက်ခိုက်မယ်လို့ ပြုံယမ်းမှု ခြိမ်းခြောက်ခဲ့ပါသေးတယ်။ အခုချိန်မှာတော့ အမေရိကန်နှင့် အဆင့်မြင့် အစည်းအဝေး ပြုလုပ်ဆွေးနွေးလိုကြောင်း မြောက်ကိုရီးယားနိုင်ငံရဲ့ အမျိုးသားကာကွယ်ရေး ကော်မရှင်က ဇွန် ၁၆ ရက်နေ့မှာ ကမ်းလှမ်းလိုက်ပါတယ်။ အမေရိကန်ကလည်း မြောက်ကိုရီးယားနဲ့ ထူးထူးခြားခြား ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ရန် ဆန္ဒရှိကြောင်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။

## နည်းပြကိုအာကျယ်



ရီးယဲလ်မက်ဒရစ်တွင် နည်းပြအဖြစ်နှင့် လေလုံးထွားခဲ့သော မော်ရင်ညိုသည် ပြိုင်ဘက် အသင်းဖြစ်သော ဘာစီလိုနာကိုအနိုင်ရရန် လုံး မျှော်လင့်စိတ် မရှိတော့သောကြောင့် အင်္ဂလန်သို့ တစ်ကျော့ပြန်လည် ခြေဦးလှည့်ကာ ချယ်လ်ဆီး အသင်း၏ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက် ခဲ့သည်။ ထိုအခါ ချယ်လ်ဆီး ဘောလုံးသမား များနှင့် ချယ်လ်ဆီး ပရိသတ်သည် မော်ရင်ညိုကို အားရပါးရ လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ သူ ရောက်လာလျှင် ချယ်လ်ဆီးအနေနှင့် အောင်မြင်မှု များ မုချရရှိနိုင်မည်ဟူ၍ ယုံကြည်ထားခဲ့ကြ သည်။ သို့ရာတွင် မျှော်လင့်ထားသလို ဖြစ်မလာ တော့ဘဲ ဘေဆယ်၊ အယ်ဗာတန်တို့နှင့် ယှဉ်ပြိုင် ခဲ့သော နှစ်ပွဲစလုံး အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ချယ်လ်ဆီးပရိသတ်၏ ယုံကြည်မှု လျော့နည်းလာသည် လွန်ခဲ့သော ဆယ်နှစ်အတွင်း အဆိုးရွားဆုံးအဆင့် ဖြစ်နေသည်။ ထိုအခါ မော်ရင်ညိုက ချယ်လ်ဆီးအသင်း ကစားကွက်ကို ပိုမိုကောင်းမွန်စေရန် ပြောင်းလဲကစားစေခဲ့သော်လည်း ချယ်လ်ဆီးအသင်းသားများ အနေနှင့် ဂိုးမသွင်းနိုင်ခဲ့ခြင်းကို အပြစ်တင်ခဲ့သည်။ ယင်းသို့ ဘောလုံးသမားများကို အပြစ်ဆိုခြင်းအားဖြင့် မော်ရင်ညိုသည် သူ့ကိုယ်သူ အကာအကွယ်ယူလိုက်ခြင်း ဖြစ်တန်ရာသည်ဟူ၍ အားကစားမီဒီယာအချို့က သုံးသပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အထူးကျွန်ဘဝလား

ဟောလိဝုဒ် ရုပ်ရှင်လောကမှာ ပရိဂျူဆာ အက်တာ တစ်ယောက်အဖြစ်နဲ့ အတော်ကြာ ရပ်တည်နိုင်စွမ်း ရှိသူကတော့ မီဂါစတား တွမ်ခရုစ် "TOM CRUISE" ဖြစ်ပါတယ်။ သူကိုယ်တိုင် ထုတ်လုပ်သူအဖြစ်နဲ့ရော သရုပ်ဆောင်အဖြစ်နဲ့ပါ ဆောင်ရွက်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတိုင်းဟာလည်း ထူးထူးခြားခြား ပေါက်ခဲ့ပါတယ်။ သူ့ဇာတ်ကားတိုင်းစွံခဲ့လို့ ထပ်ဆင့် မီလျံနာ သန်းကြွယ်သူဌေး အဆင့်ကနေပြီး ဘီလျံနာ ကုဋေကြွယ် သူဌေးဘဝကို ရောက်နေပါပြီ။ ဒါပေမယ့် သူ့အိမ်ထောင်ရေးကတော့ အခုထက်ထိ မခိုင်မြဲသေးပါဘူး။ တစ်ယောက်ပြီး တစ်ယောက် ပေါင်းလိုက်၊ ကွာရှင်းလိုက်၊ မယားစရိတ်နဲ့ ကလေးစရိတ်တွေ လျော်ကြေးပေးလိုက်နဲ့ သံသရာလည်နေပါတယ်။ အဲဒီလို အခြေအနေမျိုးမှာတောင်မှ တွမ်ခရုစ်ဟာ အာကာသခရီးသည်အဖြစ်နဲ့ သွားခါနီးပါပြီ။ ဘယ်သူ့ကို အဖော်ခေါ်သွားမှာလဲလို့ စာနယ်ဇင်းသမားရဲ့ မေးခွန်းကို "ဒီတစ်ခါတော့ တစ်ယောက်တည်းပဲ သွားလိုက်ပါဦးမယ်" လို့ ဖြေလိုက်ပါသတဲ့။



## သူ့အကြောင်းနှင့်သူ

ဂီတကမ္ဘာမှာ အမေရိကန်ဆယ်ကျော်သက် မီဂါစတား ဖြစ်နေသူ ဂျပ်စတင်ဘီဘာရဲ့ ချစ်သူအဖြစ်နဲ့ ကမ္ဘာ့ဂီတ (ေတးချစ်သူ) ပရိသတ်ကို ညှို့ငင်ဖမ်းစားနေသူဟာ ဆယ်လီနာဂိုမက်ဇ် ဖြစ်ပါတယ်။ သူမဟာ ဆယ်ကျော်သက် အမျိုးသမီး တေးသံရှင်ဘဝမှာ လျှမ်းလျှမ်းတောက် အောင်မြင်နေသူပါ။ ရုရှားနိုင်ငံမှာ လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းက မော်စကိုမြို့တော်ရှိ အိုလင်မ်ပီစကီ အားကစားရုံတွင် (စက်တင်ဘာ ၁၈)၊ စိန့်ပီတာစဘတ်မြို့ အိုက်စ်ပဲလေ့စ်တွင် (စက်တင်ဘာ ၁၆)နေ့များတွင် ဂီတဖျော်ဖြေပွဲကျင်းပဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် ရုရှားနိုင်ငံမှ ဖျော်ဖြေပွဲဆိုင်ရာ တာဝန်ရှိသူများက အဲဒီဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ကြောင်း စက်တင်ဘာ ၂၀ ရက်နေ့က သတင်းထုတ်ပြန် ကြေညာလိုက်ပါတယ်။ အဲဒီလို ဖျက်သိမ်းလိုက်ရတဲ့ အကြောင်းရင်းက လွန်ခဲ့တဲ့အချိန်က အဆိုတော် မက်ဒေါနားနဲ့ လေဒီဂါဂါတို့ရဲ့ ဂီတဖျော်ဖြေပွဲတွေမှာ ဗီဇာကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ ပြဿနာများ ကြုံတွေ့ခဲ့ရလို့ ရုရှားအစိုးရအနေနဲ့ ပြည်ပနိုင်ငံမှ ဂီတအနုပညာရှင်များရဲ့ ဂီတဖျော်ဖြေပွဲတွေနဲ့ ပတ်သက်ပြီး အာမ မခံနိုင်စရာတွေ ဖြစ်လာလို့ ယခုလို ဆယ်လီနာဂိုမက်ဇ်နဲ့ ဂီတဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ရတာ ဖြစ်ပါသတဲ့။

❒ ဗိုးရွှေလမင်း

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လက်တွေ့အသုံးချ မြန်မာ့ဆေးမြီးတိုများ

**သုတေသီ ဆရာငြိမ်း**

**ကွမ်းရွက်က ဘယ်လိုအစွမ်းထက်သလဲ**

ကွမ်းရွက်သည် အနာပေါက်၊ ချောင်းဆိုး၊ ပန်းနာ၊ နှလုံးရောဂါ၊ မျက်စိရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။ အနာများပေါ်၌ ကွမ်းရွက်ကပ်ပေးပါက အနာသည် အသားနုတက်၍ လျင်မြန်စွာ ပျောက်ကင်းပါ၏။

ကွမ်းရွက်သည် အညှော်အသင်းများအတွက် အလွန်ကောင်း၏။ ရှူပေးရုံဖြင့် အညှော်များ ထွက်၏။ ကွမ်းရွက်စိမ်း သတ္တုရည်မှာ ကလေးသူငယ်များအတွက် လိမ်းခြင်း၊ သောက်ခြင်း၊ ရှုခြင်းဖြင့် ဆေးဖြစ်၏။ ကွမ်းရွက်စိမ်းရည်ကို ပျားရည်နှင့်ရော၍ တိုက်ပေးပါက ကလေးများ လေပွခြင်း၊ အစာမကြေခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းများ ပျောက်၏။ ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့် သောက်က မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါ ပျောက်၏။ ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆား အနည်းငယ်ထည့်သောက်က ပန်းနာရင်ကျပ်၊ ရင်အောင့်၊ ရင်ကယ် ပျောက်၏။

ကွမ်းရွက်ရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်မျက်သင့်နာ၊ မျက်စိနာ၊ မျက်စိရောင်ခြင်း၊ ကိုက်ခြင်း စသည် မျက်စိနှင့်ဆိုင်သော ရောဂါများပျောက်ကင်း၏။ ကွမ်းရွက်ကို နနွင်းနှင့်ကျိုပြီး ဆားအနည်းငယ်ခတ်သောက်က ဖျားနာရောဂါပျောက်၏။ ကွမ်းရွက်ကို ထန်းလျက်၊ ချင်း၊ ဆားတို့ထည့်ပြီး ပြုတ်သောက်သော် အပူလွန်၍ ဖျားသောရောဂါ ပျောက်၏။ ကွမ်းရွက်ကို မီးကင်၍ ကလေးငယ်များ ငယ်ထိပ်တွင် အုန်းဆီနှင့်ဆွတ်ပြီး ကပ်ပေးထားပါက နှာစေး ရောဂါပျောက်ကင်း၏။

ကွမ်းရွက်ကား မြန်မာ့ဆေးဖက်ဝင်စစ်စစ် ဖြစ်ပါ၏။

*

**ချိုင်းနံ့ပျောက်အောင် ဘယ်လိုလုပ်မလဲ**

ချိုင်းနံ့ထွက်နေသူနားသို့ မည်သူမျှ မကပ်ချင်ကြပါ။ နှစ်သက်ဖွယ်မကောင်းသည့် ချိုင်းနံ့ကား အော်ဂလီဆန်ဖွယ်ကောင်းလှပါ၏။

ချိုင်းနံ့ဟူသည် ချိုင်းတွင်ရှိသော Apocrine gla ခေါ် အကျိတ်ငယ်ကလေးများမှ နံသောအဆီ ထွက်ခြ ကြောင့် ဖြစ်၏။ ထိုအဆီများ ကုန်သွားစေရန် ရေမှန် ချိုးပေးရပါမည်။ လျှော်ဖွပ်သန့်စင်ပြီး ခြောက်သွေ့သေ အဝတ်များကို လဲလှယ်ဝတ်ဆင်ရပါမည်။ ရေမှန်မှန် ချိုးမ ပါက ချိုင်းနံ့မှာ ပိုဆိုးလာတတ်ပါသည်။ အကောင်းဆုံး နံနက်စောစော အိပ်ရာထ ရေချိုးသည့်အခါ ချိုင်းကို ဆပ် နှင့်တိုက်ပြီး သေချာစွာ ဆေးကြောသုတ်သင်ရပါမည်။ နောက် မျက်နှာသုတ်ပဝါနှင့် စင်ကြယ်အောင် သုတ်ပြီး ထုံးရည်ကြည်အား ချိုင်းတွင် သုတ်လိမ်းပေးပါ။ ခြောက် အောင် ယပ်ခပ်ပေးပါ။ ခြောက်သွေ့သွားသည့်အခါ ချိုင် ဇင့်အောက်ဆိုဒ်ပါသော ကိုယ်လိမ်းပေါင်ဒါ လိမ်းပေ ညအိပ်ရာဝင်ခါနီးတွင်လည်း ၎င်းအတိုင်းပင် ပြုလုပ်

(ထုံးရည်ကြည်ဆိုသည်မှာ ထုံးကို ခွက်တစ်ခွ ထည့်ပြီး ရေနွေးလောင်းထည့်၍ရသော အပေါ်ယံရေ ဖြစ်ပါသည်။) ချိုင်းချွေးနံ့ထွက်သူများအဖို့ ကြက်သွ အစိမ်းစားခြင်းမှ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံး ဖြ သည်။

*

**ဆေးလိပ် ဘယ်လိုဖြတ်မလဲ**

'ဘိန်းဖြူအစ ဆေးလိပ်က' ဟု ဆိုကြသည်။

ဆေးလိပ်ဆိုရာ၌ သနပ်ဖက်ဆေးပေါ့လိပ်၊ ဖူးဖက်ဆေးလိပ်၊ ကွမ်းသီးဖက်ဆေးလိပ်၊ ဆေးပြ သတင်းစာပတ်ဆေးလိပ်၊ ပွတ်ချွန်း၊ စီးကရက် စ ဖြစ်ကြ၏။ ဆေးလိပ်ကို ရှူရှိုက်သောက်သုံးခြင်းဖြင့် အ ကို ထိခိုက်စေ၏။ သွေးကြော ပိတ်စေသည်။ အ ကင်ဆာဖြစ်စေ၍ အသက်တိုတတ်၏။

ထိုသို့ ကျန်းမာရေးကို ဆိုးဝါးစေသည့် ဆေး စွဲနေသူတို့အဖို့ ပြတ်သွားရလေအောင် မည်သို့ နည်း။





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

နည်းသိလျှင် မခက်ပါ။

မြင်းခွာရွက် တစ်ဆယ်သား၊

ငရုတ်ကောင်း သုံးကျပ်ရှစ်ပဲသား၊

ပိတ်ချင်း သုံးကျပ်သား၊

ပျားရည် ဆယ့်ငါးကျပ်သား၊

မြင်းခွာရွက် ပဥ္စင်းပါးကို အရိပ်တွင် ခြောက်အောင် လှန်းပါ။ (မြင်းခွာရွက် အနီရလျှင် ပိုကောင်း၏။)

ဆေးဖော်ခါနီးလျှင် နေပူတွင် ပြန်လှန်း၍ အမှုန့်ပြု ပါ။ ထို့နောက် ငရုတ်ကောင်း၊ ပိတ်ချင်းတို့ကိုလှော်၍ အမှုန့် ပြုပါ။ ထို့နောက် ၎င်းအမှုန့်နှင့် မြင်းခွာရွက်မှုန့်တို့အား ပျား ရည်နှင့် ရောစပ်ပါ။ အဆိုပါဆေးအား ထမင်းစားပြီးတိုင်း ဇွန်းကျည်းစေ့ခန့် နေ့စဉ် စားသုံးပေးလျှင် ဆေးလိပ်သောက် ချင်စိတ် ကုန်ခန်းသွားပါလိမ့်မည်။ အာနိသင်အနေဖြင့် ထမင်းစား၍ကောင်းကာ အမြင်ကြည်လင်ပြီး၊ အကြားအာရုံ လည်း ကောင်းလာပါလိမ့်မည်။ ဆီးဝမ်းသွေးလေတို့လည်း ချောင်လာပါလိမ့်မည်။ ဤနည်းဖြင့် ဆေးလိပ်ဖြတ်ကြည့်နိုင်၏။

*

## ဇက်ကြောတွေ တက်နေသလား

အညောင်းထိုင်ပါများလျှင်ဖြစ်စေ၊ အာရုံစူးစိုက်မှုများ လျှင်ဖြစ်စေ ဇက်ကြောတွေ တက်တတ်ပါသည်။ အသက် အန္တရာယ်မရှိဟု ဆိုနိုင်သော်လည်း နေရထိုင်ရ ခက်ခဲပါ သည်။ ဒီအတွက် ဇက်ကြောတွေ မခံမရပ်နိုင်အောင် တက် နေက မည်သို့ ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ရှောက်သီးတစ်လုံးကို အလယ်တည့်တည့်ခွဲ၍ အရည်ညှစ်ယူပါ။ ၎င်းနောက် အစေ့၊ အခွံ၊ အရည် သုံးမျိုး လုံးကို ကြွေကရား၊ သို့မဟုတ် ကြွေရည်သုတ် ဇလုံတွင်းသို့ ထည့်ပါ။ ဆားသင့်ရုံနှင့် ပွက်ပွက်ဆူနေသော ရေနွေးဖြင့် ကြွေကရားတစ်လုံးခန့်ထည့်ပါ။ အေးသောအခါ နံနက် တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် သင့်ရုံသောက်ပေးပါက တစ်ပတ်အတွင်း သိသိသာသာ ပျောက်ကင်းပါ၏။

အဝလွန်သူများ အမြဲသောက်ပေးပါက နောက် ကြော ဇက်ကြော မတက်ခြင်း၊ အမောခံနိုင်ခြင်း၊ ထိခိုက်ရှနာ များ အကျက်မြန်ကာ ပျောက်ကင်းလွယ်ခြင်း၊ ကိုယ်ခန္ဓာ ပေါ့ပါးသွက်လက်ခြင်းတို့ ဖြစ်စေပါသည်။

*

## ထိကရုံးအစွမ်း ဘယ်လိုရှိသလဲ

ထိကရုံးသည် ဆေးဖက်ဝင် အပင်တစ်မျိုး ဖြစ်ပါ သည်။ ထိကရုံး၏ အရွက်၊ အမြစ် ပဥ္စင်းပါးလုံးကို အသုံးပြု နိုင်သည်။ ထိကရုံးသည် ဖန်ခါးသော အရသာရှိ၏။ အေး သော သတ္တိရှိ၏။ သလိပ်၊ သည်းခြေ တို့ကို ငြိမ်းစေ၏။ အရွက်ကိုကြိတ်၍ ဆီးခုံ၌ အုံပေးလျှင် ဆီးလွန်ရောဂါ ပျောက်၏။ မြင်းသရိုက် လိပ်ခေါင်းရောဂါအတွက် အရွက် ကို အမှုန့်ပြု၍ နို့နှင့်သောက်ပေးလျှင်ပျောက်။ အမြစ်ကို သွေး၍ လိမ်းပေးလျှင် အနာမှ အမြစ်များ ထွက်လာစေ၏။ အမြစ်ကို ပြုတ်သောက်ပါက ဆီးအိမ်၌တည်သောကျောက် ကို ပျော်၍ ကွဲကြေစေ၏။

ပဥ္စင်းပါးကို ကြိတ်၍ ရေနှင့်ဖျော်လူးပါက ဖော ရောင်ခြင်းကို လျော့ကျစေ၏။ ရောင်အမ်းသောနေရာတွင် ကြက်တောင်နှင့် သုတ်လိမ်းပေးပါက ရောင်အမ်းခြင်း ကင်းပျောက်၏။ သွေးအန်ခြင်း၊ သွေးကျခြင်း၊ ဝမ်းရောဂါ၊ ပန်းနာတို့ ပျောက်ကင်းစေ၏။ အားတိုးဆေးအဖြစ်လည်း ဖော်စပ်အသုံးပြုနိုင်၏။

ထိကရုံးဟုဆိုရာ၌ ကုန်းထိကရုံးနှင့် ရေထိကရုံးဟူ၍ ရှိ၏။ ကုန်းထိကရုံးပဥ္စင်းပါးကို ကျို၍ သကြားနှင့်သောက် ပါက သွေးအန်ရောဂါ၊ သွေးကျရောဂါ၊ ဝမ်းသက်ရောဂါ တို့ကို ပျောက်ကင်းစေ၏။ ထိကရုံးအမြစ်ကို ပြုတ်သောက်ခဲ့ သော် သည်းခြေဒေါသလွန်၍ဖြစ်သော ကျောက်တည် ရောဂါကို ပျော်၍ ကွဲကျစေ၏။ ဆီးပူ၊ ဆီးအောင့်ရောဂါ ဖြစ်လျှင် ထိကရုံး ပဥ္စင်းပါးလုံးကို အခြောက်ပြု၍ လက်ဖက် ခြောက်ကဲ့သို့ ပြုလုပ်ပြီး သောက်ရ၏။

ထိကရုံးကား ဆေးဖက်ဝင် အဖိုးတန်လှပါသတည်း။

*

## ရေဖျဉ်းရောဂါ ပျောက်ဖို့ရာ

ရေဖျဉ်းရောဂါသည် အဆမတန် ပူတင်းရောင်ကား ကာ စူထွက်နေသည့်ရောဂါ ဖြစ်ပါသည်။ ထို့အတူ ခြေ ထောက်များလည်း ဖောရောင်၍လက်မှာလည်း အဆမတန် ကြီးလာသည့် သဘောရှိပါသည်။ ရောဂါကို ပျောက်ကင်း အောင် မကုသလျှင် အသက်ဘေးအန္တရာယ်ရှိပါသည်။

သို့ဆိုပါက ရေဖျဉ်းရောဂါ ကင်းပျောက်ဖို့ရာတွက် မည်သို့ လုပ်ဆောင်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

(၁) မြေဇူခေါ် လေးနာရီပန်း၏ အမြစ်(ဥ)ကို ရှာပါ။ ၎င်းပန်းသည် အဖြူ၊ အနီ၊ အဝါ ဟူ၍ သုံးရောင်ရှိ၏။ အရွက်ဝိုင်း၍ ပန်းပွင့်မှာ လော်စပီကာနှင့် တစ်ထေရာတည်း တူပါသည်။ ထိုအပင်၏အမြစ်မှာ ကန်စွန်းဥကဲ့သို့ ဖြစ်၏။

၎င်းဥကိုယူ၍ အခွံခွာ၊ ရေစင်အောင်ဆေးပြီး ပြာဖြင့် တစ်ညအိပ်သိပ်ပါ။ နောက်ရက်သို့ရောက်လျှင် ပြာကို ရေစင်အောင်ဆေး၍ ဥကိုခုတ်ထစ်ပါ။ ထို့နောက် ရေသုံးပိဿာဖြင့် သုံးခွက်တစ်ခွက်တင် ကျိုပါ။ ရလာသော ပြုတ်ရည်ကို အအေးခံပြီး မြေအိုးထဲသို့ထည့်ပါ။ ရေဆာလာသည့်အခါတိုင်း နေ့စဉ်မပြတ် (၁၇)ရက် ဆက်သောက်ပါ။ အငန်နှင့် အဆီကို တစ်လရှောင်ပြီး သံပရာ၊ ရှောက်၊ လိမ္မော်များကို စားသောက်ပေးပါ။ ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ ပျောက်ကင်းပါ၏။

(၂) ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများအတွက် နောက်ထပ် ဆေးနည်းတစ်ခု ရှိပါသေး၏။ ဖားဖက်ရွက် (ခေါ်) နုဝါရွက် ၂၅ ကျပ်သား၊ သက်ရင်းကြီးရွက် ၂၅ ကျပ်သား၊ မန်ကျည်းသီးမှည့် ၂၅ ကျပ်သား၊ ထန်းလျက်စစ်စစ် ၂၅ ကျပ်သား၊ ဖားဖက်ရွက် (ခေါ်) ငုဝါရွက်၊ သဘော်မဲဇလီ (ခေါ်)ပွေးကိုင်းရွက်၊ သက်ရင်း၊ သက်ရင်းကြီးရွက် တို့ကို ဆေးအချိန်မှန်အောင် ၂၅ ကျပ်သားဆီ ခူးသောအခါ မနက်ခူးလျှင် တစ်မနက်တည်း၊ ညနေခူးလျှင် တစ်ညနေတည်း အပြီးခူးရမည်။

ထို့နောက် ရေစင်အောင်ဆေး၊ မြေအိုးထဲထည့်ပြီး ရေသုံးပိဿာနှင့်ကျိုပါ။ သုံးခွက်တစ်ခွက်တင်ကျန်လျှင် ချ၍ အရည်စစ်ပြီး အအေးခံပါ။ စကျိုသည့်အချိန်တွင် ထန်းလျက်နှင့် မန်ကျည်းမှည့်ကို ရေနစ်ရုံ ထည့်စိမ်ထားပါ။သုံးခွက်တစ်ခွက်တင်ကျန်လျှင် ချ၍ အရည်စစ်ပြီး အအေးခံပါ။ အေးလျှင် ထန်းလျက်နှင့် မန်ကျည်းစိမ်သည့်ရေကို မစစ်ဘဲ ထည့်မွှေပါ။

သုံးရက်အတွင်း တတ်နိုင်သလောက် သောက်ပေးပါ။ မဲဇလီရွက်သည် အဆိပ်ဖြစ်တတ်သဖြင့် သုံးရက်ကျော်လျှင် အသစ်ကျိုချက်သောက်ပါ။ ဆေးသောက်နေစဉ်အတွင်း ဆီးဆေးကို နှစ်ရက်တစ်ကြိမ် ထိုးပေးပါ။ မကြာခင် ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

❒ သုတေသီဆရာငြိမ်း

ဖန်ခါးသီးခြောက် နှစ်လုံးကို
ဝါးစားပြီး
နို့တစ်ခွက် သောက်ရမယ်၊
နေ့တိုင်း တစ်နေ့ တစ်ခွက်ပေါ့...
မြင်းခွာရွက် ပဲ့ငါးပါးကို
အရိပ်ထဲ ခြောက်စေပြီး
အမှုန့်လုပ်ရမယ်၊
နေ့တိုင်းစား ...

တစ်နေ့သ၌ ကျွန်ုပ်အိမ်နှင့် ဗေဒင်ဆိုင်ခန်းတည်[illegible]
(သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်ကြီးရှိ[illegible]
လည်းဖြစ်သော ရွှေရင်အေးမြကန်တော်မင်္ဂလာအနီး [illegible]
ရွာ၊ နတ်စင်လမ်းအိမ်) သို့ အကြိမ်များစွာထဲမှ တစ်[illegible]
အဖြစ် ရောက်လာပြန်သောသူကား ရာသက်ပန် သက်[illegible]
လွတ်စားသော စာရေးဆရာ ဘက်ထရီမောင်သော[illegible]
ဖြစ်လေတော့သည်။

"ဟာ မောင်သောင်း ဒီတစ်ခါတော့ လွယ်[illegible]
မပါပါလားဟ"

"အာ ဆရာဆန်းနှယ် စာရွက်ဖိုင်ပါတယ်လေ [illegible]

"ကဲ ရေနွေးသောက် အမောဖြေ၊ ဒီတစ်ပတ်[illegible]
ဘာတွေမေးဖို့ စီစဉ်လာသလဲ၊ ကဲ လုပ်စမ်းပါဦးဟ"

"အင်းဒီတစ်ပတ်တော့ 'အသက်ရှည်ဆေးနည်[illegible]
တစ်ခုခု ဖော်စားရတဲ့ ဆေးနည်းလေးများ သိချင်[illegible]
ဆရာဆန်းရေ့"

"မင်းလုပ်တာနဲ့ ငါလဲဆေးဆရာ ဖြစ်တော့[illegible]
ပါရဲ့၊ ကဲ ဒါဆို ရေးဖို့သာပြင်ပေတော့ဟေ့၊ [illegible]
အသက်ရှည်ဆေးတစ်မျိုး အရင်မှတ်ကြစို့၊ လော[illegible]





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## သက်ရှည်ဆေးနည်းများ

### ဆန်းဝင်း (အောင်မြေ)

ရွက်၊ ဥနှဲရွက်၊ သဘော်မဲဇလီရွက်၊ ဆင်တုံးမနွယ်ခေါက်၊ နှန်းထိတရုံး၊ လက်ဖက် ခြောက်မျိုးကို အညီအမျှ အလေး ချိန်ရအောင် ယူလိုက်"

"ရပြီဆရာဆန်း၊ အဲဒါဘယ်လို လုပ်ရမလဲ"

"ရေနဲ့ ကျိုရမယ်လို့ ဆေးကျမ်းဂ ဆိုတယ်၊ နေ့စဉ် နက်၊ ည ရေနွေးပန်းကန် တစ်လုံးသောက်ရမယ်၊ ဒါလဲ အသက်ရှည်ဆေးပဲကွ"

"ဟုတ်ကဲ့ နောက်တစ်မျိုးကကော"

"နောက်တစ်မျိုးက ဥနှဲရွက်၊ ကသစ်ပွင့်၊ ထနောင်း ပင်က ကျီးပေါင်းကို အမှုန့်ထောင်းပါတဲ့၊ ပြီး အဲဒီ သုံးမျိုးကို ရောပြီး လက်ဖက်ခြောက်ခတ်သလို ရေနွေးမှာ ခတ်သောက် မယ်ဆိုရင်လဲ အသက်ရှည်ခြင်းအကြောင်းပါပဲ တဲ့ဗျား"

"နောက်တစ်နည်းကော ဆရာ"

"နောက်တစ်နည်းက ဖန်ခါးသီးခြောက် နှစ်လုံးကို ကြေးစားပြီး နို့တစ်ခွက် သောက်ရမယ်၊ နေ့တိုင်း တစ်နေ့ တစ်ခွက်ပေါ့၊ ဒါလဲ အသက်ရှည်တယ်လို့ ရှေးဆရာတို့ ညွှန်ခဲ့သဗျား"

"ကောင်းဗျာ၊ နောက်တစ်မျိုး အမိန့်ရှိပါဦး"

"နောက်တစ်မျိုးက သူငယ်စာ ငှက်ပျောသီးမှည့်ကို ပျားရည်နဲ့ ပုလင်း၊ ဖန်ဘူးထဲ စိမ်ထားရမယ်၊ နံနက် တစ်ဇွန်း ည တစ်ဇွန်းစားရမယ်၊ ဒါလဲ အသက်ရှည်ဆေးပဲဟေ့"

"နောက်တစ်မျိုး ဆရာ"

"မြင်းခွာရွက် ပဥ္စင်းပါးကို အရိပ်ထဲ ခြောက်စေပြီး၊ အမှုန့်လုပ်ရမယ်၊ နေ့တိုင်းစား၊ ဒါလဲ အသက်ရှည်ဆေးပဲဗျာ"

"ကောင်းဗျာ၊ ကဲ နောက်တစ်နည်းဗျာ"

"နောက်တစ်နည်းကတော့ ကြိတ်မှန်ရွက်တစ်ပိဿာ သားနဲ့ကြိတ်၊ လုံမှာထည့် မီးထဲထည့်ထိုး ဆားသတ္တု ကျလာ မယ်၊ အဲဒီဆားကို ပျားရည်နဲ့စိမ်ပြီး နံနက် ည စားမယ်ဆိုရင် မယ်၊ ဆံပင်နက်မယ်၊ ပြီးတော့ အသက်ရှည်မယ်လို့ ညွှန် ပြထားတယ်"

"ဟာ သူက ပိုတောင်ကောင်းသေးဗျား နော်"

"နောက်ဆုံးတစ်နည်းက မြင်းခွာရွက် လေးကျပ်သား၊ ဂေါ်တ်ကောင်း တစ်ကျပ်သား အမှုန့်ပြုလုပ်၊ ပျားရည်နဲ့ ရော စပ်သောက်မယ်၊ စားမယ်ဆိုရင် 'သက်တော်ရှည်ငြား ရာ ကျော်သွားမည်၊ ဆေးများအဆီ မှတ်အပ်သည် အရှည် သိစေသား' လို့တောင် ကစင်ရွာက ဆရာကြီး ဦးမြအေးက ကဗျာစပ်ဆိုထားသေးဗျာ"

"ဟုတ်ကဲ့ ကောင်းဗျာ၊ ကဲ ကျွန်တော်တို့ အသက် ရှည်ဆေးနည်းပေါင်း ဘယ်နှမျိုးပါလိမ့်"

"လိုက်ရေးတဲ့လူက ငါ့ပြန်မေး ကောင်းတယ်၊ အင်း လောက်သေအစ ရှိတဲ့ဆေးနည်း(၁)၊ ကသစ်ပွင့်အစရှိတဲ့ ဆေးနည်း(၂)၊ ဖန်ခါးသီးခြောက်ဆေးနည်း(၃)၊ ငှက်ပျော သူငယ်ဆေးနည်း(၄)၊ မြင်းခွာရွက်ဆေးနည်း(၅)၊ ကြိတ်မှန် ရွက်ဆေးနည်း(၆)၊ မြင်းခွာ ဂေါ်တ်ကောင်းဆေးနည်း(၇)၊ စုစုပေါင်း(၇) မျိုးပဲကွ၊ အဲဒါကို နည်းနာနိဿယ သေချာ မှတ်ပြီး အရင်ဆုံး အဆင်ပြေရာ ဖော်စားကြမယ်ဆိုရင် ဒါ အသက်ရှည်တဲ့ ဆေးစွမ်းကောင်းတွေချည်းပဲဆိုတာ သေချာတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ ဆန်းရယ်၊ ကျွန်တော်က လာရေးမှတ်လိုက်၊ ပြီးတော့ ဆရာက လပြည့်ဝန်း မဂ္ဂဇင်း ထည့်လိုက်နဲ့ ဟန်ကျနေတာပဲဗျာ"

"ဟ အဲဒါဆို မင်း အရင်ရောက်အောင်ပို့လေကွာ၊ မင်း မသွားနိုင်ဘူးမဟုတ်လား၊ တော်ကြာမမွှာရုံက အလှူခံ ထွက်ဖို့ ခေါ်တော့မှာ မဟုတ်လား . . . ဟား ဟား ဟား"

"အေးဗျာ အဲဒါကတော့ . . . အင်း"

"ငါပဲ သွားလိုက်ပါ့မယ် မောင်သောင်းရယ် ကဲ"

❐ ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# နနွင်းနက်ပြာ

# အတွေ့တွေ့ရောဂါ ကုသနည်းအဖြာဖြာ

ဦးမြင့်ရင်(ရွှေနှင့်ငွေမင်း)

ယခင်လက နနွင်းနက်ပြာ ခေါ် ဂမုန်းတိမ်ပြာအစွမ်းဖြင့် ကလေးသူငယ်နာ ရောဂါအမျိုးမျိုးတို့ကို လက်တွေ့အသုံးပြု ကုသနိုင်သည့် လွယ်ကူ ထိရောက်လှသော နည်းကောင်းများကို ရေးသားတင်ပြခဲ့ပြီး ဖြစ်၍ ယခုလတွင် ဂမုန်းတိမ်ပြာပင် အစွမ်းသတ္တိထူးများဖြင့် အခြားရောဂါများကို ထိရောက်စွာ ကုသနိုင်သည့် နည်းကောင်းများကိုလည်း အများပြည်သူ အကျိုးရှိစေရန် ဆက်လက်၍ တင်ပြပေးပါတော့မည်။

## ဂမုန်းတိမ်ပြာနှင့် မျက်စိထိခိုက်ဒဏ်ရာ ကုသနည်း

လောကတွင် မျက်စိအဆုံး နားအရှုံးဟု ဆိုရိုးရှိပါသည်။ မျက်စိထိခိုက်မိ၍ မျက်စိကွယ်ပြီး အမြင်အာရုံ ချို့တဲ့သွားလျှင် လောကတွင် ကြီးစွာသော ဆုံးရှုံးမှုကြီးတစ်ခုပင် ဖြစ်ပါတော့သည်။

ထိုကဲ့သို့ မျက်စိကို မတော်တဆ ထိခိုက်မိ၍ မျက်စိအမြင်အာရုံ မဆုံးရှုံးရအောင် ဂမုန်းတိမ်ပြာပင်၏ ဂမုန်းဥက လွန်စွာ အစွမ်းထက်လှပေသည်။

ဤနေရာတွင် ကျွန်ုပ်တို့ငယ်စဉ်က လက်တွေ့တွေ့ကြုံခဲ့ရသော ဖြစ်စဉ်လေးတစ်ခုကို သာဓကတင်ပြရလျှင်. .

ကျွန်တော်တို့ငယ်စဉ်က အိမ်တွင် ခြံလုံအဖော်ရအောင် အင်းခွေးကြီးများ သုံးလေးကောင်ကို မျိုးဆက်မပြတ်အောင် စောင့်ရှောက်၍ မွေးမြူထားကြပါသည်။ ထိုအင်းခွေးကြီးများသည် အကောင်ကိုယ်ခန္ဓာက ကြီးမားသန်စွမ်းသလို ခြံထဲသို့ ကျူးကျော်ဝင်ရောက်လာသော လူစိမ်းနှင့် အခြားကြက်ဝက်စသော သတ္တဝါများကိုလည်း တွေ့သမျှ အလွတ်မပေးတမ်း ကိုက်တတ်ပါသည်။

အခြားဧည့်သည်များကတော့ ခွေးရှိသည်ကို သိထားသဖြင့် ခြံထဲသို့ ဝင်လာလိုလျှင် အိမ်သားတစ်ဦးဦးကို ခေါ်ပြီး ခွေးကြည့်ခိုင်းပြီးမှ ဝင်ကြသဖြင့် ပြဿနာမရှိလှပါ။ သို့သော် အခြားအိမ်များမှ မွေးမြူထားသော ကြက် ဝက်စသည့်သတ္တဝါများကတော့ ခြံစည်းရိုးပေါက်မှလစ်လျှင် လစ်သလို ဝင်လာတတ်ပေသည်။ ထိုဝင်လာသမျှသော အကောင်မျိုးစုံတို့ကိုလည်း အင်းခွေးကြီးများမှ မလွှတ်တမ်း ကိုက်တတ်ကြသဖြင့် သေကြေဒဏ်ရာ အနာတ... ဖြစ်၍ သူတို့၏ကြက်ဝက်များ ဆုံး... ကြရသဖြင့် ကျွန်တော်တို့ခြံစော... အင်းခွေးကြီးများကို အခဲမကြေ... အညိုးအတေးထားကြပြီး အင်း... ခွေးများ ခြံပြင်သို့ထွက်လာသ... နှင့် လေးခွ၊ ကျောက်ခဲ စသ... တွေ့ရာ မြင်ရာ လက်နက်... ဖြင့် ကျွန်တော်တို့ မသိခ... ပစ်ခတ်ကြလေသည်။

တစ်နေ့တွင် အင်းခွေးကြ... တစ်ကောင်မှာ မချိမဆံ့အော်... အိမ်ထဲသို့ ပြေးဝင်လာသဖြင့် အိမ်... သားများက စိုးရိမ်တကြီး ကြည့်... စစ်ဆေးလိုက်သောအခါ စိတ်မချမ်း... စရာ အင်းခွေးကြီး၏ မျက်လုံးတစ်... မှာ နီရဲရောင်ကိုင်း၍ မျက်စိတစ်ခု... သွေးရောင်လွှမ်းနေသည်ကို အိမ်သာ... များ စိတ်မကောင်းခြင်းကြီးစွာ တွေ့မြ... လိုက်ရပါသည်။

ဘာလုပ်ရလျှင် ကောင်းမလဲ... မိသားတစ်စုဝိုင်း၍စဉ်းစားကြလေသ... တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ပြသ... မှာလည်း တောရပ် တောရွာဖြစ်သ... ဘယ်လိုမှ အလှမ်းမမီနိုင်ပါ။

ဒီတော့ ကျွန်တော်တို့အဘိုး... ခြံစည်းရိုးအစပ်မှ ပေါက်နေသည့် အ... တစ်ပင်မှ ဥကိုတူးပြီး ရေစင်ကြယ်... ဆေးကြော၍ဆန်ဆေးရည်နှင့်ကျော... ပျဉ်တွင် ၎င်းဥကို များများသွေး... ဆားအနည်းငယ် (ဇရုတ်ကောင်း ... စေ့ သုံးစေ့ခန့်) ခတ်၍ ဆေးရည်... ရော၍ မွှေလိုက်ပြီး အင်းခွေးကြီး... မျက်စိဒဏ်ရာပေါ်သို့ သေချာစွာ ... ထူထူလိမ်းပေးလိုက်ပါသည်။

ထိုသို့ လိမ်းပေးလိုက်သည်... အင်းခွေးကြီး၏ မျက်စိဒဏ်ရာတ... တွင် လက်နှင့်အသာခံကြည့်လျှင် ... သာသာကြီးကို အပူရှိန်များ ထွက်... သည်ကို ထင်ရှားစွာ တွေ့မြင်ရပါ... ဤကဲ့သို့ နာရီဝက်ခြား တစ်ကြိ...



www.burmeseclassic.com

www.burmeseclassic.com

အင်းခွေးကြီး၏ မျက်စိဒဏ်နာပေါ်သို့ ဆေးသွေးထားသည့်အရည် ခုနစ်ကြိမ်ခန့် ဆက်တိုက်ဂရုတစိုက် လိမ်းပေးလိုက်သောအခါ မျက်စိတစ်ခုလုံး သွေးရောင်ရှမ်းနေသည်မှာ ဆေးတစ်ကြိမ်နှင့်တစ်ကြိမ် လိမ်းနေစဉ် အတွင်းမှာပင် သွေးရောင်လျော့ပါးလာပြီး တဖြည်းဖြည်း မျက်သားအဖြူသည် သိသာစွာ ပေါ်လာပြီး ဒဏ်နာမှာလည်း သိသိသာသာ အရောင်လျော့လာသည်ကို တွေ့မြင်လာရသဖြင့် အိမ်သားများ ဝမ်းသာသွားကြရပါသည်။ ထိုသို့ ဂမုန်းတိမ်ပြာဥသွေးပြီး သုံးရက်ခန့် ဆေးလိမ်းပေးလိုက်သောအခါ အင်းခွေးကြီး၏ မျက်စိဒဏ်နာမှာ လုံးဝအကောင်းပကတိ ဖြစ်သွားလေသည်။ အဲဒါ ဂမုန်းတိမ်ပြာဥ၏ အစွမ်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့အဘိုး ခြံစပ်က ထူးယူလာသည့်ဆေးဥမှာ ဂမုန်းတိမ်ပြာဥ ဖြစ်ပါသည်။ အဘိုးပြောပြသည်မှာ ထိုဂမုန်းတိမ်ပြာဥသည် လူနှင့် အခြားသတ္တဝါတို့တွင် ထိခိုက်ဒဏ်ရာရ၍ မျက်စိသူငယ်အိမ် ပေါက်ကွဲပျက်စီးသွားခြင်း မရှိခဲ့လျှင် မည်မျှပင် ဒဏ်နာဖြစ်ပါစေ ဂမုန်းတိမ်ပြာဥဖြင့် အထက်ဖော်ပြပါနည်းအတိုင်း ဂရုတစိုက်ဖြင့် ပြုလုပ်ပေးလျှင် မျက်စိအမြင်အာရုံ ဆုံးရှုံးမှုကို ထိရောက်အောင် ဂမုန်းတိမ်ပြာဥက စွမ်းဆောင် ကာကွယ်ပေးနိုင်ပါသည်။

[အကယ်၍ ထိခိုက်ဒဏ်ရာကြောင့် မျက်စိသူငယ်အိမ်သည် ပေါက်ကွဲပျက်စီးသွားလျှင်တော့ ဆေးရုံကို အမြန်ဆုံးသွားရမည်သာ ဖြစ်ပါသည်။ အခြားမည်သည့်ဆေးနှင့်မျှ လုပ်၍မရပါဟု သတိပေးလိုက်ပါသည်။]

## ဂမုန်းတိမ်ပြာနှင့် သွေးမှင် လေမှင် ခေါ်သည့် သွေးပြန်ကြောရောင် သွေးယားသည့်ရောဂါ ကုသနည်း

သွေးမှင် လေမှင်ဟု ခေါ်ဆိုသည့် ရောဂါတစ်မျိုးမှာ အထူးသဖြင့် မိုးများပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် အရပ်ဒေသများတွင် နေထိုင်ကြသော လူများတွင် အဖြစ်များသည်ကို တွေ့ရပါသည်။ ၎င်းရောဂါသည် ရာသီဥတု အပူအအေး အပြောင်းအလဲကြောင့်ဖြစ်စေ၊ အစားအသောက် ဓာတ်မတည့်သည်ကြောင့်ဖြစ်စေ ဖြစ်ပွားတတ်ကြပါသည်။

သွေးမှင် လေမှင် စဖြစ်လျှင် ပထမဦးဆုံး ပင့်ကူရှုပ်သကဲ့သို့ ယားကျိကျိ စပ်ဖျင်းဖျင်းဖြစ်လာပြီး တဖြည်းဖြည်းနှင့် စတင်ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတစ်ဝိုက်တွင် ရောင်တင်း၍ ပူလာပြီး တစ်ရက် နှစ်ရက်ခန့် ပူစပ်ပူလောင်ဖြင့် အနေရခက်လှပါသည်။

ထိုရောဂါမှာ ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်အစိတ်အပိုင်း နေရာတစ်ဝိုက်မှ သွေးပြန်ကြောလေးများရောင်ပြီး သွေးပြန်သယ်ဆောင်ခြင်းအား နှေးကွေးခြင်းကို ဖြစ်ပေါ်စေပါသည်။

အဖြစ်များသည့် နေရာများမှာ ကြွက်သားမြောင်းများ အများဆုံးရှိကြသည့် လက်မောင်း၊ လက်ဖျံ၊ ခြေသလုံး၊ ပေါင်လို နေရာမျိုးများတွင် အဖြစ်များကြပါသည်။

အချို့က တစ်နေရာ အရောင်လျော့သွားပြီး တခြားတစ်နေရာပြန်ပြီး ရောင်လိုက်နှင့် နေရာရွှေ့ပြောင်းပြီး ဆက်တိုက်ဖြစ်နေတတ်ကြပါသည်။

၎င်းရောဂါသည် အပူ၊ အစပ်၊ အပုပ်စာ၊ တက်စာများဖြစ်သော-မှို၊ မျှစ်၊ တညင်းသီး၊ အုန်းနို့၊ ဒူးရင်းသီး၊ ဖား၊ ကြွက်၊ လိပ်၊ စည်သွတ်ဘူးစာများ၊ ငါးချဉ်၊ ပုစွန်စွန်၊ ငါးပိကောင်၊ ငါးပိ၊ ငံပြာရည် စသည်တို့ အစားများလျှင် ပို၍ ရောဂါဖြစ်တတ်သည်။ ၎င်းအစာများကို ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ထိုသွေးမှင် လေမှင်ရောဂါကို ထိရောက်စွာ ပျောက်ကင်းစေသည့် ဆေးနည်းမှာ . . .

(က) ဂမုန်းတိမ်ပြာဥကို အမှုန့်ပြု၍ ပျားရည်နှင့်ရောစေပြီး ဆီးကင်ခန့်လုံးထားပါ။ နေ့စဉ် နံနက် ည ဆေးနှစ်လုံး၊ သုံးလုံးခန့် ရေအေးဖြင့် သောက်ပေးပါ။

(ခ) ဂမုန်းတိမ်ပြာဥအစိုကို လက်တစ်ဆစ်ခန့် နေ့စဉ် တစ်ပတ် နှစ်ပတ်ခန့်ကြာ ဝါးစားပေးခဲ့လျှင် ထိုရောဂါကို ထိရောက်စွာ ပျောက်ကင်းစေပါသည်။

## ဂမုန်းတိမ်ပြာနှင့် သန်ရှင်လွတ်သည့်ရောဂါ (သို့) အနာတိမ်တောင် ရောဂါဆန်း ကုသနည်း

သန်ကောင်ဟု အမည်သမုတ်ထားသော ကပ်ပါးရောဂါပိုးကောင်တစ်မျိုးသည် ကမ္ဘာဦးခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် လူနှင့်အခြားသတ္တဝါများကို ထူးခြားထွေပြားသည့် ရောဂါများဖြစ်စေ၍ စဉ်ဆက်မပြတ် ဒုက္ခပေးတတ်ပါသည်။ ပိုမှန်ဆိုလျှင် ထိုသန်ကောင်သားလောင်း သန္တေဥလေးများသည် သာမန်မျက်စိဖြင့် မမြင်နိုင်ကြသဖြင့် လူနှင့် သတ္တဝါတို့က စားလိုက်သောက်လိုက်ကြသော ရေနှင့် အစာအာဟာရတို့မှတစ်ဆင့် အစာအိမ်နှင့် အူလမ်းကြောင်းထဲသို့ ဝင်ရောက်၍ အဆင့်ဆင့်မျိုးပွားကာ ခန္ဓာကိုယ်တွင်း လှည့်ပတ်ခိုအောင်း၍ နေထိုင်ကြပြီး သူတို့ခိုအောင်းနေထိုင်ရာ ခန္ဓာကိုယ်တွင်း အင်္ဂါရပ်များကို ရောဂါဝေဒနာ ဖြစ်ပေါ်စေတတ်ကြပါသည်။

ထိုသို့ သန်ကောင်များ လူ၏ ခန္ဓာကိုယ်တွင် လှည့်ပတ်သွားလာကြရာတွင် အကြောင်းအမျိုးမျိုးကြောင့် လူ၏ခန္ဓာကိုယ် အရေပြားနှင့် အသားကြားထဲသို့ ဝင်ရောက်လာပြီး လှည့်ပတ်သွားလာ လှုပ်ရှားနေခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါဆန်းတစ်မျိုးကို သန်ရှင်လွတ်ရောဂါ သို့မဟုတ် အနာတိမ်တောင်ရောဂါဟု ခေါ်ပါသည်။ ထိုရောဂါဆန်းမျိုးသည် ကလေးငယ်များတွင် ဖြစ်တတ်လေ့ရှိပါသည်။

www.burmeseclassic.com

ပထမဦးဆုံး ကလေးငယ်၏ ခြေသလုံးလို နေရာမျိုးမှာ ခေါင်လိုက် ခြောက်လက်မ၊ ခုနစ်လက်မခန့် အရှည်ရှိသည့် အနီစင်းကြီး အရေပြားတွင် ပေါ်လာပါသည်။

ထိုအနီစင်းကြီးမှာ သန်ကောင်တစ်ကောင်ကဲ့သို့ပင် ခေါင်းပိုင်းနှင့် အမြီးပိုင်းပါရှိပြီး အလယ်ပိုင်းသည် ပို၍သိသာစွာ ခဲတံလုံး၊ ဘောပင်လုံးခန့် တုတ်ခိုင်ပါသည်။

၎င်းရောဂါ၏ ထူးခြားချက်မှာ စတင်ဖြစ်ပေါ်ရာ နေရာမှာ အထက်ဘက်သို့ တစ်နေ့ကို တစ်လက်မခန့် တက်၍သွားပြီး အောက်ပိုင်းမှ ပထမနေရာမှာ တစ်လက်မခန့် ညှိမည်းပြီး ကျန်နေခဲ့ပါသည်။ ထိုသို့ တဖြည်းဖြည်း နေ့စဉ် တစ်လက်မခန့် အထက်သို့တက်လာပြီး အောက်ဘက်ပိုင်းမှာလည်း အမည်းစင်းကြီးမှာပို၍ရှည်လာပါသည်။

၎င်းရောဂါသည် နိုင်နင်းသည့် ဆေး မတွေ့သေးလျှင် တဖြည်းဖြည်းနှင့် လူ၏ဦးခေါင်းပိုင်း၊ နားရွက်အပေါ်ပိုင်း နားကွင်းအထိရောက်လာတတ်ပါသည်။ လနှင့်ချီ၍ ရောဂါခံစားရတတ်ပါသည်။ ဤကဲ့သို့သော သန်ကောင်ဒုက္ခပေးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အနာတိမ်တောင် ခေါ်သည့် ရောဂါဆန်းကို အမြန်ဆုံး ထိရောက်စွာ ပျောက်ကင်းအောင် စွမ်းဆောင်ပေးသည့် ဆေးနည်းမှာ . . .

(၁) ဂမုန်းတိမ်ပြာဥ

(၂) ကြက်မအုပ်မြစ် (သို့) ဘုမ္မရာဇာအမြစ်

(၃) ကြေးပိုက်ဆံပြား (သို့) ဒုတ္တာခဲကောင်းကောင်းတစ်ခဲ

(နှစ်မျိုးတွဲသော ဆေးအမယ်များတွင် ရရာတစ်မျိုးကိုသာ သုံးပါ၊) စသည်တို့ကို ဆန်ဆေးရည်ဖြင့်သွေးပြီး ၎င်းဆေးရည်ကို အနာရောက်ရှိရာ နေရာမှ အောက်ဘက်အနာစတင်ရာ နေရာအထိ ဆေးရည်ကို သေချာစွာ သပ်ချ၍ လိမ်းပေးပါ။

ဆေးရည်ကို အထက်ပါနည်းအတိုင်း ခြောက်လိုက် လိမ်းလိုက်ဖြင့် တစ်နေ့ကို ဆယ်ကြိမ်ခန့် လိမ်းပေးလိုက်လျှင် ထိုဖြစ်ပေါ်နေသော အမည်းစင်းနှင့် အနီရောင်အစင်းကြီးများ လုံးဝပျောက်ကင်းသွားမည်ကို တွေ့မြင်ရပါမည်။

ထိုရောဂါ ပျောက်ကင်းသွားပြီဆိုလျှင် ကလေးများကို နှစ်စဉ် သန်ချဆေးကောင်းကောင်းကို ပုံမှန်ဂရုစိုက်၍ တိုက်ကျွေးပေးသွားပါက ထိုရောဂါ နောက်ထပ်တစ်ဖန် မဖြစ်ပေါ်တော့ပါ။

## ဂမုန်းတိမ်ပြာနှင့် အဖုအကျိတ် သက်တန့်နာ ကုသနည်း

လူ၏ခန္ဓာကိုယ်တွင် အပူကို အကြောင်းခံ၍ ဖြစ်ပေါ်လာတတ်ကြသည့် အဖုအကျိတ် ပေါင်ရင်းသက်တန့်နာ စသည့်အနာမှန်သမျှကို ဂမုန်းတိမ်ပြာဥက ပျောက်ကင်းအောင်စွမ်းဆောင်နိုင်ပါသည်။ ထိုရောဂါများကို . . .

(က) အဖုအကျိတ်ဖြစ်လျှင် ဂမုန်းတိမ်ပြာဥကို ဆန်ဆေးရည်ဖြင့်သွေး၍ ဆားအနည်းငယ်ခတ်ပြီး ခြောက်သွားလိုက် ပြန်လိမ်းလိုက်နှင့် မကြာခဏ လိမ်းပေးလျှင် လျင်မြန်စွာ ပျောက်ကင်းစေပါသည်။

(ခ) အကယ်၍ အနာအညှော်ဝင် အညှော်မိပြီး ဖျားချင်လျှင် ၎င်းဆေးသွေးရည် ဟင်းစားဇွန်း တစ်ဇွန်းခန့်ကို ရေနွေးပူပူဖြင့် တစ်နေ့ နှစ်ကြိမ်ခန့် သောက်ပေးပါက လျင်မြန်စွာရောဂါ ပျောက်ကင်းသွားပါမည်။

## ဂမုန်းတိမ်ပြာဥနှင့် အစာမကြေ ဝမ်းမီးအားနည်း၊ ခြေဖျားလက်ဖျားအေး၊ ညောင်းကိုက်ရောဂါ ကုသနည်း

ဝမ်းမီးအားနည်း၍ အစာချက်အားနည်းပြီး အစာမကြေ အစားအသောက်နည်းခြင်း၊ ကိုယ်ငွေ့ဓာတ်အားနည်းပြီး ခြေဖျား လက်ဖျားအေး[illegible] အနိုးမပွင့်ဘဲ ဒူလာညောင်းကိုက်စသည့် ရောဂါများတွင် . . .

(က) ဂမုန်းတိမ်ပြာဥကို အစာစား[illegible] တိုင်း လက်တစ်ဆစ်ခန့်ဝါးစား၍ ရေနွေး[illegible] ပူပူလေး သောက်ပေးပါ။

(ခ) ဂမုန်းတိမ်ပြာဥကို နေလှန်း[illegible] အမှုန့်ထောင်းပြီး ပျားရည်နှင့်တော[illegible] ဆီးကင်းခန့်လုံးထားပြီး နံနက်၊ ည [illegible] လုံးခန့် ရေနွေးဖြင့်သောက်ပါ။

(ဂ) အစာခြေအားနည်းပြီး အ[illegible] မဝင် အိပ်မပျော်ဖြစ်လျှင် . . .

(၁) ဂမုန်းတိမ်ပြာဥ အမှုန့် ၁၀ ကျ[illegible] သား

(၂) ပျားရည် ၅၀ ကျပ်သား

(၃) ဆားမီးဖုတ်ကောင်းကောင်း [illegible] ကျပ်သား

၎င်းတို့ကို သမအောင်ရော[illegible] ပြီး ဖန်ပုလင်းအဝကျယ်တွင်ထည့်[illegible] နေပူမှာ သုံးရက်လှန်းပြီး နေ့စဉ်စာ[illegible] ဇွန်း တစ်ဇွန်း၊ နံနက် ည ထမင်းစာ[illegible] ရေနွေးနှင့်ပုံမှန် သောက်ပေးသွား[illegible] စားဝင် အိပ်ပျော်၍ အသားအရေ[illegible] စိုပြည်ပြီး ကျန်းမာဝဖြိုး အင်အား[illegible] လာပါသည်။

အထက်ဖော်ပြပါတို့သည် ဂမုန်း[illegible] တိမ်ပြာပင်၏ ထူးခြားစွာ စွမ်းဆော[illegible] နိုင်သည့်ရောဂါ ပျောက်ကင်းစေသော ဆေးနည်းကောင်းများကို အများပြည်[illegible] စာဖတ်သူ အပေါင်းတို့ မိမိတို့ အနီး[illegible] ကျင် လက်လှမ်းတစ်မီတွင် တွေ့မြ[illegible] ပေါက်ရောက်နေကြသည့် ဤကဗ္ဘာ[illegible] ကြီး၏လက်ဆောင် ဆေးဖက်ဝင်အ[illegible] များ၏ အာနိသင်အစွမ်းများကို [illegible] တွေ့ လွယ်ကူထိရောက်စွာ အသုံး[illegible] မိမိတို့၏ မိသားစု လူ့အဖွဲ့အစည်း[illegible] အကျိုးပြုစေနိုင်ရန် ရည်သန်၍ စာရေး[illegible] သူ ကြိုးစားကာ အကောင်းဆုံး [illegible] ရေးသားလိုက်ရပါသည်။

❒ ဦးမင်းဇေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# သတ္တုရှိခဲ့သမားတော်ကြီး ဦးပို

## မောင်မြင့်နွယ် (မြေလတ်)



မြန်မာ့ဆေးရုံများအစ မင်းတုန်းမင်းကဟု ဆိုရလိမ့်မည် ထင်ပါသည်။ မင်းတုန်းမင်းသည် ၁၂၁၈ ခုနှစ်တွင် မန္တလေးမြို့တော်တည်ရန် နေရာကို သတ်မှတ်သန့်ရှင်းစေခဲ့ပြီး ၁၂၂၀ ပြည့်နှစ်တွင် စတင် တည်ဆောက်ခဲ့လေသည်။ နန်းတွင်းဆေးရုံများသည် စတင်တည်ဆောက်စဉ် ခုနစ်ဌာနတွင် မပါရှိခဲ့သော်လည်း မင်းတရားကြီး မန္တလေးသို့ ပြောင်းရွှေ့စံတော်မူပြီးမှ တည်ဆောက်ခဲ့ဟန်ရှိပါသည်။

ယင်းဆေးရုံများတွင် ဘိသက္ကရာဇာဘွဲ့ရ သမားတော်ကြီး (၁၁)ဦးက အမှုတော်ထမ်းခဲ့လေသည်။ ယင်းသမားတော်ကြီးတို့မှာ . . .

(၁) ဦးပို (၂) ဦးဘဲ (၃) ဦးစံဝင်း (၄) ဦးနှောင်း (၅) ဦးစာ (၆) ဦးနက် (၇) ဦးမှိုင်း (၈) ဦးမိတ် (၉) ဦးတူ (၁၀) ဦးခဲ (၁၁) ဦးပေါတို့ ဖြစ်ကြလေသည်။

ထိုသမားတော်ကြီးများထဲမှ ဦးမှိုင်းသည် မီးယပ်နာ ကုသရာ၌ အလွန်ထင်ရှားကျော်စောသူ ဖြစ်လေသည်။ သမားတော်ကြီး ဦးခဲသည် ကလေးသူငယ်နာ ကုသရာ၌ သူ့ခေတ်သူ့အခါက ဇီဝကဟု တင်စားခေါ်တွင်လောက်အောင် ထင်ရှားသူ ဖြစ်လေသည်။ သမားတော်ကြီးဦးပိုကား သမားတော်ချုပ်ပင် ဖြစ်လေသည်။ ဓာတ်ကို အခြေခံ၍ ကုသသည်ဖြစ်ရာ "ဓာတ်ဆရာကြီး ဦးပို" ဟူ၍ နှစ်ယောက်မရှိ ထင်ရှားခဲ့လေသည်။ ဦးပိုမှာ ပုဂံမင်းလက်ထက်ကပင် ပရမတ်ဆရာပိုကြီးအဖြစ် သူကောင်းပြုခံရသည်ဟု အဆိုရှိလေသည်။

ဆင်ဖြူရှင် မြေဒူးမင်းလက်ထက် သာသနာပိုင် တောင်တွင်းဆရာတော်ခင်ကြီးပျော်သည် သက္ကတဘာသာ ဆေးကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ဘိုးတော် ဗဒုံမင်းလက်ထက် မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ ဆရာတော်သည်လည်း ဆေးကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့လေသည်။

အိန္ဒိယ ဆေးပညာ အာယုဗ္ဗေဒမှ ဖြစ်ဖျားခဲ့လာသည့် ဆေးကျမ်းများကို ဓာတ်ဆရာကြီး ဦးပို အမှူးပြုသော နန်းတွင်းသမားတော်အဖွဲ့မှ သုတေသနပြု၍ ဘာသာပြန်ဆိုခဲ့လေသည်။ ဦးပိုသည် အာယုဗ္ဗေဒ ဆေးပညာရပ်ကို မြန်မာ့လူနေမှုစရိုက်နှင့် ကိုက်ညီသည့် ဆေးပညာတစ်ရပ်ကို တီထွင်ဆန်းသစ်ခဲ့သူဟုပင် ဆိုရမည်ဖြစ်လေသည်။ ဓာတ်ဗိန္ဓောကို အခြေခံ၍ အဘိဓမ္မာက သဘာဝကျစွာ အာယုဗ္ဗေဒ ဆေးပညာရပ်ကို ဖန်တီး၍ ကုသရာ အောင်မြင်ကျော်ကြားသော ဆရာတစ်ဆူ ဖြစ်ခဲ့ပေသည်။

အသားမည်းသူကို ဖြူအောင်၊ ဝသူကို ပိန်အောင်၊ ပိန်သူကို ဝအောင် ဓာတ်ပညာဖြင့် ပြုပြင်ကုသစေနိုင်သော အစွမ်းများမှာ သစ္စပကိဏ္ဏက ဓာတုကျမ်း၊ မဟာဓာတုကျမ်းနှင့် အာယုပါလ ဓာတ်ကျမ်းများအပြင် ပုံနှိပ်စက်မတင်လိုက်ရသောဓာတ်ကျမ်းများစွာကိုလည်း ပြုစုခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းတရားကြီး မန္တလေးသို့ ပြောင်းရွှေ့စံတော်မူရာ ဦးပိုသည်လည်း အမရပူရမှ မန္တလေးမြို့ အနောက်ပြင် သမီးတော်ဈေးအနီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ ဦးပိုတွင် သားရတနာ ဆေးဆရာ ဆရာတုတ်နှင့် ဦးစန္ဒဟူသော ရဟန်း သားနှစ်ယောက် ထွန်းကားခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဗျာဒိတ်ပေးတော်မူသော မင်းတစ်ပါးဖြစ်သည်နှင့်အညီ သာသနာပြုမင်းတစ်ပါး ဖြစ်ခဲ့လေသည်။ စေတီပုထိုးများကို အနည်းငယ်မျှသာတည်ဆောက်ခဲ့သော်လည်းကျောင်းတိုက်ကြီးများကို မန္တလေးမြို့ လေးပြင်လေးရပ်၌ များစွာတည်ဆောက်ခဲ့လေသည်။

ထိုစဉ်က မန္တလေးမြို့တွင် ဥဩတွန်သံသာ မန်းမြို့မြတ်သံဃာ ဆိုသော မှတ်တမ်းအရ ရဟန်းသာမဏေပေါင်း ၁၁၇၆၆ ပါးရှိလေသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီမည်သော ဋီကာမော်ပါဠိကျမ်းကြီး၏ နိဒါန်း၌ ဥဩတွန်သံသာအား ပဋိလောမနည်းဖြင့် ကောက်ယူ၍ သံဃာတော်ပေါင်း ၆၆၇၁၁ ပါးအဖြစ် ဖော်ပြထားလေသည်။

"ထို ခြောက်သောင်းကျော်မျှလောက်သော သံဃာတော်တို့ဖြင့် မန္တလေးမြို့တော်ကြီးသည် ကမ္ဘာမြေအပြင်ဝယ် အလွန်ထင်ရှားကျော်စောခြင်းသို့ ရောက်လေ၏။ ရွှေအဆင်းရှိသော ဟင်္သာပေါင်းတို့ ပျော်နေရာ စိတ္တကူဋ်တောင်ခြေတွင်ရှိသော ဟင်္သာကန်ကြီးကဲ့သို့ မန္တလေးရွှေမြို့တော်သည် ရဟန်းတော်များ၏ သင်္ကန်းရောင်တို့ဖြင့် တပြောင်ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပ၍နေ၏" စသည်ဖြင့် ယင်းဋီကာမော် ပါဠိကျမ်းကြီး၏ နိဒါန်း၌ ဖော်ပြထားလေသည်။ လယ်တီဆရာတော်ဘုရားကြီးသည် အမရပူရမြို့ရှိ သံဃာတော်များကိုပါ ရေတွက်ထားဟန် ရှိလေသည်။ မင်းတရားကြီး လက်ထက်တော်အခါက သုဓမ္မာ သာသနာပြုအဖွဲ့ သာရှိခဲ့သေးသည်။ သာသနာရေး၊ သာသနာ မှုခင်းများကို သုဓမ္မာ သာသနာပြု ဆရာတော် ရှစ်ပါးအဖွဲ့မှ စီစစ်ဆုံးဖြတ်ကြလေသည်။ သုဓမ္မာ သာသနာပြုဆရာတော် ရှစ်ပါးတို့မှာ -

(၁) ပြည်ဆရာတော် (၂) မတ္တရာဆရာတော် (၃) မောင်းထောင်ဆရာတော် (၄) သက်ပန်းဆရာတော် (၅) စလင်းဆရာတော် (၆) စံကျောင်းဆရာတော် (၇) ပခန်းဆရာတော် (၈) သင်္ဂဇာဆရာတော် တို့ဖြစ်ကြလေသည်။

သာသနာ မှုခင်းဆိုင်ရာတို့ကို မန္တလေးတောင်ခြေ သုဓမ္မာသဘင်၌ ဆင့်ခေါ်လျက် သာသနာပိုင်ဖြစ်သော မောင်းထောင်ဆရာတော် ဦးဥေယျမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ဆုံးဖြတ်တော်မူလေသည်။ လှထွေဆရာတော်သည် အတွင်းရေးမှူးဖြစ်လေသည်။

သင်္ဂဇာဆရာတော်ကား စကားအရာ၌ ဥပမာ ဥပမေယျများဖြင့် ခိုင်းနှိုင်းဟောကြားရာ၌ နှစ်ယောက်မရှိပေ။ စကားအရာ သင်္ဂဇာဟုပင် ဥဒါန်းရှိပေသည်။ ပိဋကစာ စစ်ပွဲသဘင် စစ်မြေပြင်၌ ရဲရင့်တော်မူသည်ဖြစ်၍လည်း သင်္ဂါမေဇယတိ ပဝတ္တတီတိ သင်္ဂဇာ ဟူသော အနွတ္ထအမည်သညာနှင့်လည်း လိုက်ဖက်တော်မူသည်။

ဆရာကြီးဦးပိုသည် ထိုခေတ် ထိုအခါက သံဃာတော်များအား ကြည်ညိုခြင်း မရှိခဲ့ပေ။ ဦးပိုကား ဉာဏ်ထက်၏။ မဟုတ်မခံစိတ်ရှိ၏။ ထို့ပြင် စွဲမြဲယူဆချက်လည်း ပြင်းထန်လွန်းလှပေ၏။ ယခုခေတ်အခါတွင် ပရမတ္ထအရိယာ အစစ်အမှန် သံဃာမရှိတော့ဟု ယူဆလေသည်။ ဥတ္တိ စတုတ္ထ ကမ္မဝါစာ၌တည်သော သမုတိသံဃာသည် သံဃာအစစ်အမှန် မဟုတ်၍ သံဃာရတနာဟူ၍ မရှိတော့။ ဘုရားရတနာနှင့် တရားရတနာ ရတနာနှစ်ပါးသာ ရှိတော့သည်ဟု ယူဆ ပြောဆိုလေသည်။ သူ့အယူအဆကိုလည်း ပျံ့နှံ့
အောင် ဝါဒဖြန့်ခဲ့လေသည်။

ထို့အပြင် အဋ္ဌကထာ၌ ဖွင့်
သော သာသနာတော် အနှစ်ငါးထော
ဆိုသည်မှာလည်း ပါဠိတော်၌ မပါရှိ
ယုံကြည်ဖွယ်မရှိပေ။ အဋ္ဌကထာကျမ်း
ပုဂ္ဂိုလ် အရှင်ဗုဒ္ဓဃောသ၏ အာဘော
သာဖြစ်သည်။ သာသနာတော်ဟူသည်
အရေအတွက်အားဖြင့် ပိုင်းခြားသ
မှတ်ချက် မရှိဟု ဆိုလေသည်။ ဦး
သည် ကျမ်းတတ်ပုဂ္ဂိုလ် ဖြစ်သည်
မှန်၏။ သို့သော် သူ၏ ယူဆချက်
မှာကား အလွန်အစွန်းရောက်နေသည်

ဆင်ဖြူရှင် ၁၁၂၅ လက်ထ
ဇောတိဆိုသူ ဦးဆောင်သော ဇော
ဝါဒဂိုဏ်း ဟူ၍ စတင်ပေါ်ပေါက်ခဲ့
လေသည်။ မင်းတုန်းမင်းတရား
လက် ထက်တွင် ဇောတိဂိုဏ်း၏ဦး
ဦးဆောင်မှာ ငပေါ်အိဆိုသူဖြစ်၍ အ
ဝင်များမှ ငသိုင်းနှင့် ငမိတ်ဆိုသူ
ဖြစ်လေသည်။ ဦးပိုသည်လည်း
ဇောတိဝါဒဂိုဏ်း၏ အငွေ့အသက်
ရိုက်ခတ်မိလေပြီဟု ဆိုရပေမည်။

သက်ဦး ဆံပိုင် ဘုရင်စနစ်
ယင်းဝါဒဂိုဏ်းမျိုး ပေါ်ပေါက်ခဲ့
သည်မှာ တွေးတော အံ့သြစရာ

ယင်း ငသိုင်းနှင့် ငမိတ်တို့
မန္တလေးတောင်ခြေရှိ သုဓမ္မာသ
မဏ္ဍလာရာမ၊ စလင်း၊ သက်ပန်း
ထွေ၊ ပခန်း၊ တပရင်း စသော
တော်ကြီးများ၏ ရှေ့မှောက်၌ ...

"တပည့်တော်တို့သည် ယ
အစပြု၍ မြတ်စွာဘုရားသခင်သာ
တော်မြတ် ညှိုးနွမ်း ယုတ်လျော့
ကြောင်း မကောင်းသော အမှု
ဖြစ်သော မတီးမရာ မိစ္ဆာဝါဒကို
၏အလေ့ဟု စကားများကို အခြား
ဟောပြောဆုံးမရာ မလိုက်မနာ
မိမိတို့ကိုလည်း မပြောမဆို မ
ပါ။ ချုပ်ဆိုဝန်ခံပါသည်ဘုရား"
ကတိခံဝန်ပြုရကြောင်း နန်းတွင်း
တစ်ဆူတွင် ဖော်ပြထားလေသ



www.burmeseclassic.com

www.burmeseclassic.com

ထိုခံဝန်ကတိ ပြုကြသည့်အထဲတွင် ဦးပို မပါခဲ့ပေ။ သင်္ဂဇာကျောင်းတိုက်မှ ပထမစာချဆရာတော် ဦးပဏ္ဏဝ [စတုဘုမ္မိက (ငှက်တွင်း)ဆရာတော်လောင်းလျာ]ကိုကား ဆရာဒကာအဖြစ် ဦးပို ရင်းနှီးကျွမ်းဝင်လေသည်။ ဆရာတော်သည် ဒကာရင်းဦးပိုအား အယူအဆ တက်တက်စင်လွဲမှားနေကြောင်း၊ ရမတ်တရား မှောက်မှားနေကြောင်း ချမ်းဂန်အကိုးအကားနှင့် ထောက်ပြဟောပြော၏။ ဆွေးနွေး၏။ သို့သော် ဦးပိုကား ရတနာနှစ်ပါးသာ ရှိသည်ဟူသော ခံယူချက်ကို မပြောင်းလဲခဲ့ပေ။ မင်းတုန်းမင်းတရားကြီးသည် ဦးပိုအား သခုအခါ သံဃာအစစ်အမှန်မရှိ' ဆိုသော စကားအား ပြင်ဆင်ရန်အမိန့်တော် ထုတ်ပြန်လေတော့သည်။

ဦးပိုကား နကမ္ဘတိ "အာဂသူရဲကောင်းပေတည်း၊ ဘုရားအယူတော်နှင့်သေရလျှင် မြတ်သည်၊ သတ်လျှင် သေသည်၊ မိမိအယူကိုတော့ မည်သည့်နည်းနှင့်မျှ မစွန့်လွှတ်" ဟူ၍ ပြောဆိုတင်းမာလျက်ရှိရာ မင်းတရားကြီးသည် ကင်းစဉ်ဝန်ထောက် ဦးကောင်းအား စစ်ဆေးစေခဲ့သည်။ သို့သော် ဦးပိုကား သူ၏ခံယူချက်ကို မစွန့်လွှတ်နိုင်သည့်အပြင် လွှတ်တော်အရာရှိတစ်ဦး ဖြစ်သော ဝန်ထောက်ဦးကောင်းအား "မင်းတို့"ဟူသော စသည့်စကားများဖြင့် မချေမငံ ပြောဆိုသုံးနှုန်းခဲ့ရာ ဝန်ထောက်မင်း ဦးကောင်းသည် သည်းမခံနိုင်တော့ပေ။ အာဏာသားတို့အား အမိန့်ပေးသည်။ အာဏာသားတို့သည် အရှည်လေးတောင်၊ အချင်း တစ်လက်မခန့်ရှည်သော ကြိမ်ဖြင့် ဦးပို၏လည်မျိုအား အချက်ပေါင်းများစွာ ရိုက်နှက်ကြလေတော့သည်။ ဦးပိုသည် ထိုဒဏ်ရာများဖြင့် လွှတ်တော်ရှေ့တွင်ပင် အသက်ကုန်ရှာလေတော့သည်။

ဦးပို၏ အလောင်းအား မန္တလေးမြို့အနောက်ပြင် ပုဏ္ဏားကုန်းသင်္ချိုင်းအနောက်ရေကြည်တံခါးအနီး၌ တောင်ဘက်သို့ မျက်နှာမူ၍ သံတံကျင်အထိုးခံအဖြစ် ထားရှိလေသည်။

အခြားလူတို့လည်း သံဃာတော်များကို မရိုမသေစော်ကားလျှင်ကြောက်ရွံ့ထိတ်လန့်စေရန် ဖြစ်လေသည်။ ဦးပို၏ ဘက်တော်သား တပည့်များလည်း ဖမ်းဆီးအရေးယူခြင်း ခံရလေသည်။ သူရဲကောင်းကြီး ဦးပိုသည် မင်းတရားကြီး၏ သေဆုကို ရဲဝံ့စွာခံယူသွားပေသည်။ သမားတော်ကြီးဦးပိုသည် ထိုခေတ် ထိုအခါက သံဃာတော်များကို မကြည်ညိုခဲ့သော်လည်း သူ၏ ဇာတိချက်မြှုပ် ဘုတလင်မြို့နယ် မြို့ပေါ်ရွာတွင် ရွှေမောမောစေတီတော်တစ်ဆူတည်ထားကိုးကွယ်၍ ဘုရားဒကာအဖြစ် ခံယူခဲ့ပေသည်။

❐ မောင်မြင့်နွယ်(မြေလတ်)

စာကိုး

လယ်တီဦးလှပိုင်ရေး စတုဘုမ္မိကမဟ္ဂင် သာသနာဝင်သမိုင်းမှ ထုတ်နုတ်ထားပါသည်။


# ဆရာဦးအောင်ကြည်သန်း

B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့်အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက်အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၄၉၂၇၅၀၁၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com

# တော်မြင့်(ငှက်ဖျား)

## ငှက်ဖျားရောဂါနှင့် လွဲမှားသော အယူအဆများ



စာရေးသူတို့ နေထိုင်ရာ မြန်မာနိုင်ငံမှာ ရေမြေတောတောင်နှင့် စိမ့်စိမ်းပေါများလှပါသဖြင့် ငှက်ဖျားရောဂါမှာ အဓိက ကိုင်တွယ်ဖြေရှင်းနေရသည့် ကျန်းမာရေး ပြဿနာတစ်ရပ် ဖြစ်ပါသည်။

ထိုရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ရံဖန်ရံခါ ကပ်ရောဂါအသွင် ဖြစ်ပွားတတ်ပါသည်။

ရောဂါ ပြင်းထန်မှုတွင်လည်း ဦးနှောက်ငှက်ဖျား (CEREBRAL MALARIA) ဖြစ်ပွားလျှင် အသက်ပင် ဆုံးရှုံးနိုင်ပါသည်။

အခြားအမျိုးအစား ငှက်ဖျားသည်လည်း မကြာခဏ ဖြစ်ပေါ်တတ်သဖြင့် လုပ်အားနှင့် ဝင်ငွေကို ဆုံးရှုံးစေပါသည်။

ထို့ကြောင့် ငှက်ဖျားရောဂါကို တိုက်ဖျက်ရန် အရေးတကြီးလိုအပ်နေသော်လည်း ပြည်သူအများ၏ လွဲမှားသော အယူအဆများက လုပ်ငန်းစဉ်ကို အဟန့်အတား ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ဤဆောင်းပါးတွင် ထိုအယူအဆအလွဲများကို ဝေဖန်ဆွေးနွေးသွားပါမည်။

### ရောဂါ၏မူလဇာစ်မြစ်

ရှေးယခင်အခါက ဥရောပတိုက်သားများသည် မသန့်ရှင်းသော လေကြောင့် ငှက်ဖျားရောဂါ ဖြစ်ရသည်ဟု ယူဆခဲ့ပါသည်။

ငှက်ဖျားရောဂါ (MALARIA) ဟူသော ဝေါဟာရတွင် လက်တင်ဘာသာစကား (NAL) သည် (BAD) မကောင်းသောဟု အဓိပ္ပာယ်ရပါသ[...] (ARIA) မှာ အင်္ဂလိပ်ဘာသာအ[...] (AIR) ခေါ် လေ ဖြစ်ပါသည်။

မြန်မာလူမျိုးများသည် တော[...] တောင်ထဲ ခရီးသွားသူများ ငှက်[...] ရောဂါဖြစ်တတ်သည်ကို သတိပြု[...] ပါသည်။ တောတောင်ထဲရှိ ငှက်[...] တစ်ဆင့် ရောဂါရသည်ဟု ယူဆ[...] ကြောင့် ငှက်ဖျားရောဂါဟု အမည်[...] ခဲ့ပါသည်။ ယနေ့ ဆေးသိပ္ပံပညာ[...] မျောက်၊ ကြွက်နှင့် ငှက်များတွင်[...] ထိုရောဂါဖြစ်သည်ဟု သိရှိလက်ခံ[...] ပြီး ဖြစ်ပါသည်။

ငှက်ဖျားရောဂါမှာ က[...] စည်း (CELL) တစ်ခုတည်းရှိ[...] ပလပ်စမိုဒီးယား (PLASMODIA[...] စဉ်တွင် ပါဝင်သော ကပ်ပါးပိုး[...] ဖြစ်ရပါသည်။

www.burmeseclassic.com

လူသားတွင် ဖြစ်ပွားတတ်သော ...ပိုး မျိုးစိတ်လေးခုမှာ . . .

(၁) ပယ်ဆီပါရမ် (FALCIPARUM)
(၂) ဗိုင်းဗက် (VIVAX)
(၃) မလေးရီးယေ (MALARIAE)
(၄) အိုဗေးလီ (OVALE)

တို့ ဖြစ်ပါသည်။ ယခုအခါ ...တ်များတွင် တွေ့ရသော . . .

(၅) နိုလယ်စီ (KNOWLESI)

ကိုပါ ပဥ္စမမြောက်အဖြစ် ပညာ...များက ထည့်သွင်းထားပါသည်။

## ရောဂါကူးစက်ပုံ

ရောဂါကူးစက်ခြင်းနှင့် ပတ်...တ်၍ လွဲမှားသော အယူအဆများစွာ ...သည်။ လူများက ငှက်စာပုခေါ်ကြ...သော ငှက်ပျောသီး၊ သင်္ဘောသီးနှင့် မျှစ်...စားခြင်းကြောင့် ဖြစ်ပွားသည်ဟု ထင်...ပါသည်။ ပကတိနေကောင်းနေသူ...သည် ထိုအစာများ စားပြီးနာရီပိုင်း...တွင်း အဖျားတက်လာသည်ကို တွေ့...တ်ပါသည်။ အမှန်မှာ သွေးထဲတွင် ...ဖျားရောဂါပိုးများ ရောက်ရှိပြီးဖြစ်...သော်လည်း ရောဂါပျိုးချိန် (INCUBA-...ON PERIOD) တွင် ပိုးအကောင်ရေ ...သဖြင့် ရောဂါလက္ခဏာ မပြသေး... အဆိုပါ အစာများတွင် ပါရာအမိုင်...င်ရိုအစ်အက်ဆစ် (PARA AMI-...O BENZOICACD ACID) ဓာတ် ...ယ်ဝစွာ ပါဝင်ပါသည်။ ထိုဓာတ်...ည်းများသည် အစာအိမ်အတွင်း ...တ်သောအခါ ပေါလစ်အက်ဆစ် (...OLIC ACID) အဖြစ်ပြောင်းလဲသွား...သည်။ ထိုဓာတ်ပစ္စည်းသည် ရောဂါ...များကို အထူးအားပေးသဖြင့် ရောဂါ ...ခြင်း ဖြစ်စေပါသည်။ မွန်ပြည်နယ် ... ကရင်ပြည်နယ်တွင် စွန်ဘရပ် ခေါ် ...သီးတစ်မျိုးသည်လည်း အဖျားတတ်...ယ်ပါသည်။

အချို့ကလည်း စမ်းရေသောက်...ခြင်း ချိုးခြင်းကြောင့် ငှက်ဖျားဖြစ်သည် ...ထင်မြင်ယူဆကြပါသည်။ ထို့ကြောင့် ရေစိမ်းမသောက်ဘဲ ရေကို ကျိုချက်သောက်ခြင်း၊ ရေသန့်သုံးစွဲခြင်း ပြုလုပ်ကြပါသည်။ ထိုအလေ့အကျင့် ပြုလုပ်ခြင်းအားဖြင့် ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါနှင့် အသည်းရောင် အသားဝါရောဂါ စသော ရေမှတစ်ဆင့် ကူးစက်သောရောဂါများကို ကာကွယ်နိုင်ပါသည်။ သို့ရာတွင် ငှက်ဖျားရောဂါကိုမူ မကာကွယ်နိုင်ပါ။

စမ်းရေချိုးခြင်းနှင့် ပတ်သက်၍ ထူးဆန်းမှုတစ်ခု ရှိပါသည်။ ဥပမာအားဖြင့် ခရီးသွားအဖွဲ့တစ်ဖွဲ့သည် ငှက်ဖျားဒေသသို့ရောက်သောအခါ တစ်နေကုန် ညစ်ပတ်ပေရေသည်ဆို၍ အချို့က စမ်းချောင်းထဲတွင် ရေဆင်းချိုးကြပါသည်။ အချို့လူများမှာ ရေပြောင်း မြေပြောင်းတွင် ဖျားနာတတ်သည်ဆို၍ ရေမချိုးပါ။ နေရပ်ပြန်ရောက်သောအခါ စမ်းရေချိုးသူများ ငှက်ဖျားဖြစ်၍ စမ်းရေမချိုးသူများမှာ ငှက်ဖျား မဖြစ်ကြပါ။ ထိုသို့သော သာဓကများကြောင့် မှားယွင်းသော အယူအစွဲတစ်ရပ် ဖြစ်လာရပါသည်။

ငှက်ဖျားရောဂါပိုး သယ်ဆောင်သော ခြင်များသည် ရေကြည်ရေသန့်တွင်သာ ပေါက်ပွားပါသည်။ ညင်သာစွာ စီးဆင်းသော စမ်းချောင်းများသည် ရေအလွန်ကြည်လင်သဖြင့် ပေါက်ပွားနှုန်း များပါသည်။ ထိုခြင်များသည် ချောင်းထဲဆင်းလာသူများအား ဦးစွာကိုက်ခြင်းကြောင့် ရောဂါဖြစ်ရခြင်း အကြောင်းရင်း ဖြစ်ပါသည်။ ငှက်ဖျားခြင်တို့သည် မှောင်ရီပျိုးမှ စတင်ကိုက်တတ်သဖြင့် စမ်းချောင်းရေ ချိုးလိုလျှင် နေရောင်ရှိတုန်း ချိုးရန် လိုအပ်ပါသည်။

ငှက်ဖျားရောဂါ ကူးစက်ခံရခြင်း အကြောင်းတရား လေးမျိုးမှာ . . .

(၁) ငှက်ဖျားရောဂါပိုး သယ်ဆောင်ထားသော အနော့ဖလိ (ANOPHELE) ခြင်မ၏ ကိုက်ခဲမှုခံရခြင်း။
(၂) သွေးသွင်းခြင်း။
(၃) မိခင်မှ သန္ဓေသားသို့ ချက်ကြိုးမှတစ်ဆင့် ကူးစက်ခြင်း။
(၄) ဆေးထိုးအပ်များမှတစ်ဆင့် ကူးစက်ခြင်း (အထူးသဖြင့် မူးယစ်ဆေးသုံးသူများတွင် ဆေးထိုးအပ်ကို တစ်လှည့်စီ သုံးခြင်းဖြင့် ကူးစက်ပါသည်။)

အထက်ဖော်ပြပါ အကြောင်းရင်း လေးရပ်တွင် အမှတ်စဉ်(၁)တွင် ဖော်ပြထားသော ခြင်ကိုက်ခံခြင်းသည် အဓိကကျ၍ အများဆုံးကူးစက်ပါသည်။ ကျန် သုံးမျိုးမှာ ရာခိုင်နှုန်းအားဖြင့် အနည်းအကျဉ်းသာ ဖြစ်ပါသည်။ ရောဂါကူးစက်မှုမခံရလိုလျှင် ခြင်မကိုက်အောင် ဂရုစိုက်ကာကွယ်ရန်မှာ အရေးကြီးဆုံး ဖြစ်ပါသည်။

## ရောဂါစစ်ဆေးခြင်း

မည်သည့်ရောဂါမျိုးတွင်မဆို ရောဂါရှာဖွေဖော်ထုတ်ရာတွင် . . .

(၁) ရောဂါလက္ခဏာ စစ်ဆေးခြင်း
(၂) ဓာတ်ခွဲစစ်ဆေးခြင်း

ဟူ၍ နှစ်မျိုးရှိပါသည်။

ငှက်ဖျားရောဂါ၏ လက္ခဏာများမှာ အခြားရောဂါများနှင့် ကွဲပြားခြားနားမှု မရှိပါ။ ဝေဒနာရှင်များတွင်လည်း တစ်ဦးနှင့်တစ်ဦး ခံစားရပုံမတူပါ။ ထို့ကြောင့် ဓာတ်ခွဲစစ်ဆေးခြင်းသာလျှင် အားကိုးထိုက်သော နည်းလမ်းဖြစ်ပါသည်။ ငှက်ဖျားရောဂါကို သိပ္ပံနည်းဖြင့် စမ်းသပ်စစ်ဆေးနည်း များစွာရှိပါသည်။ သို့ရာတွင် အဓိကသုံးစွဲနေသော နည်းနှစ်နည်းမှာ . . .

(၁) မှန်ဘီလူးဖြင့် ကြည့်ရှုစစ်ဆေးခြင်း
(၂) အင်တီဂျင် (ANTIGEN) စမ်းသပ်ခြင်း ဖြစ်ပါသည်။ ယခုအခါ အသုံးတွင်ကျယ်နေသောအမြန်စစ်ဆေးနည်း (RAPID TEST) များသည် အင်တီဂျင်ကို စမ်းသပ်သောနည်း ဖြစ်ပါသည်။

ရောဂါစစ်ဆေးမှုကို ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com

သူများက ဆောင်ရွက်သောကြောင့် ပြဿနာမရှိသော်လည်း လူနာများ လာရောက်၍ စစ်ဆေးသောအချိန်နှင့် ပတ်သက်၍ လွဲမှားမှုတစ်ရပ် ရှိပါသည်။ လူအများသည် ငှက်ဖျားရောဂါ ရှိ၊ မရှိ စမ်းသပ်လျှင် အဖျားတက်နေချိန် စစ်ဆေးမှ မှန်ကန်သည်ဟု ယူဆကြပါသည်။ ဤအယူအဆအား သာမန်လူများသာမကဘဲ ကျန်းမာရေးဝန်ထမ်းများကပင် လက်ခံနေပါသည်။

အကြောင်းမှာ ရေးကျသော ဖတ်စာအုပ် (TEXT BOOK) များတွင် အဖျားတက်နေချိန်တွင် ပိုးစစ်သင့်ကြောင်း ရေးထားပါသည်။

လူနာအများတွင် အဖျားတက်ချိန်ကို တမင်တကာစောင့်ဆိုင်းနေခြင်းသည် ရောဂါပြင်းထန်မှု အန္တရာယ်ကို ဖိတ်ခေါ်နေသလို ရှိပါသည်။ လက်တွေ့စမ်းသပ်ချက်များအရ အဖျားတက်နေချိန်သည် ပိုးများပေါက်ပွားချိန် ဖြစ်ပါသည်။ ပိုးများသည် သွေးထဲတွင် လိင်မဲ့နည်းဖြင့် ကွဲထွက်သောစနစ်ဖြင့် ပွားများပါသည်။ ကွဲထွက်ခါစ ရောဂါပိုး (MEROZOITE) များသည် အလွန်သေးငယ်သဖြင့် မှန်ဘီလူးဖြင့်ကြည့်၍ စစ်ဆေးသောအခါ တစ်ခါတစ်ရံ ပိုးမတွေ့ဘဲ ရှိတတ်ပါသည်။ ထို့ကြောင့် လွဲမှားစွာ ရောဂါသတ်မှတ်မိတတ်ပါသည်။ အင်တီဂျင်စမ်းသပ်လျှင် အချိန်မရွေး အခြေအနေအတူတူပင် ဖြစ်ပါသည်။ ခွြင်းချက်တစ်ရပ်မှာ ပိုးအကောင်ရေ အလွန်နည်းနေလျှင် စမ်းသပ်၍ မပေါ်ပါ။ သံသယ ရှိနေသေးပါက အချိန်ကာလခြား၍ ထပ်မံစမ်းသပ်နိုင်ပါသည်။ စမ်းသပ်ကိရိယာများသည် ရောဂါလက္ခဏာ ဖြစ်ပေါ်စေနိုင်သော ပိုးပမာဏကို စမ်းသပ်ဖော်ထုတ်နိုင်အောင် ထုတ်လုပ်ထားကြပါသည်။

## ရောဂါကာကွယ်ခြင်း

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟူသောစကားကို လူတိုင်းနီးပါး ကြားဖူးကြတတ်သည်။ တကယ်တမ်း ကာကွယ်ခြင်းကို စိတ်မဝင်စားကြပါ။ ရောဂါကူးစက်ပုံသိလျှင် ခြင်ကိုက်မခံရအောင် ကာကွယ်ရမည် ဖြစ်ပါသည်။

ငှက်ဖျားခြင်များသည် မှောင်မှကိုက်သဖြင့် ထိုကာလတွင် တတ်နိုင်သမျှ အပြင်မထွက်သင့်ပါ။ ထွက်ဖို့ လိုအပ်လျှင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။ အဝတ်အစားနှင့် ဖုံးကွယ်မထားသော လက်များ၊ လည်ပင်းနှင့် မျက်နှာများတွင် ခြင်မကိုက် လူးဆေးလူးပါ။ ဆီတစ်မျိုးမျိုး သို့မဟုတ် ရေမွှေးကိုလည်း သုံးနိုင်ပါသည်။ ရာသီဥတု ပူအိုက်လျှင် ယပ်တောင်ခတ်နေပါ။ ခြင်မကိုက်အောင်လည်း ကာကွယ်ပေးပါသည်။ ညအိပ်လျှင် ခြင်ထောင်နှင့်အိပ်ပါ။ ဂေါ်ဇီလာနှင့် မအိပ်ပါနှင့်။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင် သုံးပါ။

ဤနေရာတွင် ခြင်ထောင်အကြောင်း ရေးပြလိုပါသည်။ စာရေးသူ၏ အတွေ့အကြုံအရ ငှက်ဖျားရောဂါ အဖြစ်များသော ဒေသများတွင် ခြင်ထောင်အသုံးနည်းပါသည်။ ခြင်ထောင်နှင့်အိပ်လျှင် မွန်းကျပ်သည်ဟု ထင်ကြပါသည်။ သူတို့အရပ်တွင် ခြင်မရှိပါဟုလည်း ပြောတတ်ကြပါသည်။

စာရေးသူတို့က နေအိမ်ကြမ်းခင်းပေါ်တွင် အဝတ်ဖြူခင်း၍ တံခါးအားလုံးပိတ်ကာ ခြင်ဆေးမှုတ်ပြရပါသည်။ အဝတ်ဖြူပေါ် ကျလာသော ခြင်ကောင်များကိုမြင်မှ လက်ခံသွားကြပါသည်။

ဆိုလိုသည်မှာ ငှက်ဖျားခြင်များသည် အကောင်ရေ နည်းတတ်ပါသည်။ တဝီဝီနှင့် အိပ်မရအောင် အနှောင့်အယှက် မပေးကြပါ။ ကိုက်လျှင်လည်း မနာပါ။ ထို့ကြောင့် ပြဿနာ၏ အရင်းအမြစ်ကို လူတို့ မသိကြခြင်း ဖြစ်ပါသည်။

ခြင်မကိုက်အောင် ကာကွယ်သော အခြားနည်းမှာ ပိုးသတ်ဆေး (INSECTICIDE) အသုံးပြုခြင်းဖြစ်[...] သည်။ ငှက်ဖျားရောဂါ ကူးစက်မှုရှိ[...] ဒေသများတွင် နေအိမ်နံရံများကို [...] ရှည်ခံ ပိုးသတ်ဆေး (RESIDU[...] SPRAY) ဖျန်းပေးရပါသည်။ ဤနည်း[...] ဖြင့် လူနှင့်ခြင်ထိတွေ့မှုကို ဖြတ်တော[...] နိုင်ပါသည်။

ဆေးစိမ်ခြင်ထောင်သည် ခြ[...] မကိုက်အောင် ကာကွယ်ယုံမျှမက [...] ကောင်ဦးရေကိုလည်း လျှော့ချနိုင်[...] သည်။ ကပ်ရောဂါဖြစ်ပွားသော ဒေ[...] များတွင် ခြင်ကောင်ဦးရေ လျှော့[...] အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်[...] သက်ကြီးကောင်ခြင်များသေကြေအော[...] ပိုးသတ်ဆေးဖျန်းခြင်း၊ မှုတ်ခြင်းမျ[...] ပြုလုပ်ရပါသည်။

လူကြိုက်များသော ကာကွ[...] နည်းတစ်မျိုးမှာ ကာကွယ်ဆေးသော[...] ခြင်း ဖြစ်ပါသည်။ ခြင်မကိုက်ရန် [...] တစိုက် ဆင်ခြင်ရန်မလိုဘဲ ရက်သ[...] တစ်ပတ်လျှင် တစ်ကြိမ်ခန့် ဆေးတ[...] နှစ်လုံး မျိုချရုံသာဖြစ်သဖြင့် နှစ်သ[...] ကြပါသည်။

ရောဂါဖြစ်ပွားသောအခါ [...] ကွယ်ဆေး သောက်ထားသူမျ[...] မသောက်ထားသူထက်စာလျှင် ရော[...] ပြင်းထန်မှု နည်းပါးသည်ကို တော[...] ကြပါသည်။

သို့ရာတွင် ငှက်ဖျားရောဂါ[...] သော ဆေးဝါးများတွင် ဘေးထွက်[...] ကျိုး (SIDE EFFECT) များရှိပါသ[...] အသည်းကိုလည်း အဆိပ်အတော[...] ဖြစ်စေပါသည်။ မူးဝေခြင်း၊ အော့အ[...] ခြင်း၊ နှလုံးခုန်နှေးခြင်း စသော ပြ[...] များအပြင် မျက်စိကိုပါ ထိခိုက်စေ[...] သည်။ ထို့ကြောင့် ကာကွယ်ဆေး[...] ကို လေးလထက်ပို၍ မသုံးစွဲသင့်[...]

ကာကွယ်ဆေးဟု ဆိုရာ၌[...] သီးခြားမဟုတ်ပါ။ ကုသသောဆေး[...] ကိုပင် ပမာဏအနည်းငယ် (PR[...] PHYLACTIC DOSE) သာ [...] သုံးခြင်း ဖြစ်ပါသည်။ မည်သည့်ဆေး[...]





www.burmeseclassic.com

www.burmeseclassic.com

ခ ကာကွယ်မှုကို ရာနှုန်းပြည့် အာမခံနိုင်ပါ။ ထိုသို့ ဆေးပမာဏ အနည်းငယ် သောက်ထားသူများ၏သွေးထဲသို့ ရောဂါပိုး ဝင်ရောက်လာလျှင် ရောဂါပိုးသည် ထိုဆေးအား ခံနိုင်ရည်ရှိလာပါသည်။ ထိုအခါတွင် ကုသရန်ခက်ခဲလာပါသည်။ ထိုလူနာမှတစ်ဆင့်အခြားလူများသို့ ကူးစက်လျှင် ကူးစက်ခံရသူများကိုလည်း ကုသရန် ခက်ခဲလာပါသည်။ ထိုရောဂါပိုး၏မျိုးဆက်များသည်လည်း ဆေးဒဏ်ကို ခံနိုင်ရည်ရှိလာမည်ဖြစ်ပါသည်။ ထိုသို့ ဆေးယဉ်ပါးမှုမှာ ကမ္ဘာ့ပြဿနာ ဖြစ်ပါသည်။

ငှက်ဖျားဒေသများတွင် တစ်ဆက်တည်း သို့မဟုတ် မကြာခဏသွားလိုက် ပြန်လိုက် ပြုလုပ်သော ခရီးသည်များသည် ကာလအတန်ကြာသောအခါ ဒေသခံများကဲ့သို့ပင် ငှက်ဖျားရောဂါကို ခံနိုင်ရည် ရှိလာနိုင်ပါသည်။ ကာကွယ်ဆေးသုံးသူမည်သည် မည်သည့်အခါတွင်မျှ ခံနိုင်ရည်သတ္တိများ ပေါ်လာခြင်းမရှိပါ။ အချုပ်ဆိုရာတွင် ရေရှည်တွင် ကာကွယ်ဆေးမှာ ကောင်းကျိုးမပေးပါ။

ဒေသခံများသည် အမိဝမ်းတွင်းမှစ၍ ငှက်ဖျားပိုးနှင့် ထိတွေ့မှုရှိသဖြင့် ခံနိုင်ရည်သတ္တိများ ရှိနေပါသည်။ ခံနိုင်ရည်သတ္တိ ဆိုရာမှာ လုံးဝရောဂါမဖြစ်နိုင်ဟု မဆိုလိုပါ။ ရောဂါပြင်းထန်မှု နည်းပါသည်။ သေဆုံးမှုလည်း နည်းပါသည်။ ထိုအချက်ကို သတိပြုမိသူများက ဒေသခံ ဖြစ်လိုကြသည်။

ထို့ကြောင့် ရေခံ မြေခံဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ထိုအရပ်မှ ရေကို သောက်ခြင်းနှင့် မြေကြီးကို စတိစားခြင်း ပြုလုပ်ကြပါသည်။ ရေသောက်ခြင်းမှာ ရေသန့်ရှင်းလျှင် ပြဿနာမရှိပါ။ မြေကြီး စားခြင်းမှာ ကျန်းမာရေးအရ သင့်လျော်ပါ။ အချိန်တန်မှ ထိုသတ္တိ ရပါမည်။ ချက်ချင်းလုပ်၍ မရပါ။ စာရေးသူကတော ဒေသခံဖြစ်ချင်လျှင် ဒီမှာ အိမ်ထောင်ပြုလိုက်ပါလားဟု ရယ်မောအကြံပေးခဲ့ပါသည်။

အချို့လူများက အရက်သောက်ခြင်းဖြင့် ငှက်ဖျားရောဂါ ကာကွယ်သည်ဟု ယူဆကြပါသည်။ ငှက်ဖျားရောဂါ ကာကွယ်နိုင်သည်ဟု ကြော်ငြာ၍ ရောင်းချသော အရက်တစ်မျိုး တွေ့ခဲ့ဖူးပါသည်။ လက်တွေ့ဘဝတွင် အရက်သောက်သုံးသူများ ငှက်ဖျားမဖြစ်ဘဲ မသောက်သူများတွင် ဖြစ်ပွားမှုမျိုးမှာ အမှတ်မထင် ကြုံတတ်ပါသည်။ စင်စစ် အရက်တွင်ရှိသော အယ်လ်ကိုဟောဓာတ်ကြောင့် သွေးပူပြီး သရီးသရီ အဖျားအနာမျိုး ခံနိုင်ရည်ရှိလာပါသည်။ ထိုသို့ ဖြစ်နိုင်သကဲ့သို့ အရက်သုံးစွဲသူများသည် စင်စစ် ခံနိုင်ရည်ရှိနေသူများလည်း ဖြစ်နိုင်ပါသည်။ တကယ်တမ်း ရောဂါဝင်လျှင် အရက်သည် ခန္ဓာကိုယ်ကြံ့ခိုင်ရေးနှင့် ခုခံမှုစနစ်ကို အားနည်းစေပါသည်။

ယနေ့တိုင် ရှင်းမရသေးသည့် အယူအဆတစ်ရပ်မှာ တပ်မတော်သုံး ရမ်အရက် (ARMY RUM) တွင် ငှက်ဖျားဆေးပါဝင်သည်ဟု ထင်မြင်ကြခြင်း ဖြစ်ပါသည်။ အသည်းကို အဆိပ်ဖြစ်စေသော ပစ္စည်းနှစ်မျိုး (အရက်နှင့်ငှက်ဖျားဆေး) တွဲဖက်၍ မသုံးစွဲသင့်ပါ။ ထို့ပြင် အရက်သောက်ရာတွင် တစ်ဦးနှင့်တစ်ဦး သောက်နိုင်သည့်ပမာဏ (LIMIT) မတူကြပါ။ ထိုအရက်သည် ဆေးပါဝင်မည်ဆိုလျှင် သောက်သုံးမိသော ဆေးပမာဏမှာ အမျိုးမျိုးအဖုံဖုံ ဖြစ်နေပေတော့မည်။

## ကုသခြင်း

မည်သည့်ရောဂါမဆို ဖြစ်ပွားခဲ့လျှင် အမြစ်ပြတ်ကင်းရှင်းအောင် ကုသဖို့ အရေးကြီးပါသည်။ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေသော အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပြည့်စုံသော ဆေးပမာဏ (CURATIVE DOSE) ကို သိရှိရပါသည်။ ငှက်ဖျားပိုးကင်းစင်ပြီး လူနာခံနိုင်ရည်ရှိသော ဆေးပမာဏကို သုတေသနပြုပြီးမှ သတ်မှတ်ရပါသည်။

လွဲမှားသော အယူအဆတစ်ရပ်မှာ ငှက်ဖျားဆိုလျှင် အမြစ်ပြတ်မကုသရပါ။ အမြစ်ပြတ်ကုသပြီးလျှင် ကူးစက်ခဲ့သောဒေသကို သုံးနှစ်မသွားဘဲ ရှောင်ရမည်။ မရှောင်ဘဲ ဆက်သွားလျှင် ငှက်ဖျား ထပ်ဖြစ်ပါက သေတတ်သည်ဟု စွဲလမ်းယုံကြည်နေကြပါသည်။

အမှန်စင်စစ် ကင်းရှင်းအောင် မကုပါမှ ပို၍ဒုက္ခများပေမည်။ မထိတထိ ကုသလျှင် လက်ကျန်ပိုးများမှာ ဆေးယဉ်ပါးသွားသဖြင့် ကုသရန် ပို၍ ခက်ခဲပါသည်။ ခရီးသွားတိုင်း ငှက်ဖျားမဖြစ်ပါ။ ငှက်ဖျားပိုး လက်ကျန်ရှိသူများမှာမူ အလုပ်ပင်ပန်းခြင်း၊ အိပ်ရေးပျက်ခြင်းနှင့် ရာသီဖျား စသော ခန္ဓာကိုယ်အားနည်းမှုနှင့် ကြုံတိုင်း ထပ်ကာထပ်ကာ ဖြစ်ပွားပေမည်။

ထိုအခါ ရောဂါ၏ နောက်ဆက်တွဲဖြစ်သော သွေးအားနည်းခြင်း၊ ဘေလုံးကြီးခြင်းနှင့် အသည်းရောင်ခြင်း စသောဝေဒနာများ ခံစားရပေမည်။ ကံဆိုး၍ ငှက်ဖျားထပ်ဖြစ်လျှင် ကိုယ်တွင်းရှိ ရောဂါပိုးနှင့် ပြင်ပမှ အသစ်ရောက်လာသော ရောဂါပိုးနှစ်မျိုးပေါင်း၍ ပြင်းထန်ပေမည်။ ရောဂါပိုးသည် တော်ရုံတန်ရုံဆေးကို ခံနိုင်ရည်ရှိနေပြီး ခန္ဓာကိုယ်မှာ ခုခံစွမ်းအား လျော့နည်းနေသဖြင့် အန္တရာယ်ကြီးပေတော့မည်။

ထို့ကြောင့် ငှက်ဖျားရောဂါဖြစ်ပွားပြီဆိုပါက ထိရောက်သော ကုသမှုတို့ကို အလျင်အမြန် (၂၄ နာရီအတွင်း) ခံယူရန်အရေးကြီးပါသည်။

❒ တော်မြင့်(ငှက်ဖျား)



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသားနှင့် အမျိုးသမီးများအတွက် အလိုအပ်ဆုံး အစားအစာ ငါးမျိုး

လှတိုး(စိတ်ပညာ)



အမျိုးသမီးငါးဦးမှ တစ်ဦးသည် ဆီးလမ်းကြောင်းရောဂါ သင့်လေ့ရှိကြသည်။ "ကျွန်မ တစ်နှစ်တည်းမှာ သုံးကြိမ် အဲဒီဝေဒနာ ခံစားခဲ့ရတယ်" ဟု ကိုလိုရာဒိုပြည်နယ်မှ အလယ်တန်းကျောင်းဆရာမ ပက်တီဘက်တွန်က ဆိုသည်။ ဆီးဖျော်ရည် (Cranberry Juice) က ဤရောဂါကို ကာကွယ်နိုင်ကောင်းသည်ဟု ဖတ်ရှုရပြီး သူမသည် တစ်နှစ်လုံးလုံးပင် ထိုဆီးသီးဖျော်ရည်ကို တစိုက်မတ်မတ် သောက်ခဲ့သည်။ ယခု ထိုဝေဒနာသင့်ခြင်း မရှိတော့ချေ။

ဆီးသီး ဖျော်ရည်က သူမ၏ ရောဂါကို ယူပစ်လိုက်သလို သက်သာသွားသည်ဟု သူမ ထင်သည်။

ရောဂါဝေဒနာ တစ်မျိုး မဟုတ် တစ်မျိုးကို အတိအကျ ကာကွယ်ပေးနေသောအစာမှာ ဆီးဖျော်ရည် (Cranberry) သာမကချေ။အခြားအစားအစာများလည်း များစွာရှိသည်။ အမျိုးသားများ သို့မဟုတ် အမျိုးသမီးများ သင့်တတ်သည့် ဥပဒ်အချို့ကို ကာကွယ်ပေးသည့် အစားအစာ အချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

## အမျိုးသားများအတွက် အစားအစာ

### ၁။ ခရမ်းချဉ်သီးဆော့ (Tomato Sauce)

ခရမ်းချဉ်သီးများ၊ ခရမ်းချဉ်သီးဖျော်ရည် သို့မဟုတ် ခရမ်းချဉ်သီးဆော့နှစ်ထားသော ပီဇာ (Pizza) မုန့်ကို များများစားစား စားသုံးသူတို့သည် ဆီးကျိတ်ကင်ဆာရောဂါကို ကာကွယ်နိုင်သူတို့ ဖြစ်နိုင်သည်ဟု ကိုယ်လက်လှုပ်ရှား ကျန်းမာရေးသမားတို့ ဖြစ်သော အမျိုးသား ၄၇၀၀၀ မက အစာစားသုံးမှု အကျင့်ကို လေ့လာခဲ့သော ဟားဗတ်တက္ကသိုလ်မှ သုတေသီတို့က ဆိုသည်။ သီတင်းတစ်ပတ်တွင် ခရမ်းချဉ်သီးဆော့နှစ်ကြိမ်မှ လေးကြိမ်အထိ စားသုံးသော အမျိုးသားများတွင် ခရမ်းချဉ်သီးဆော့ လုံးဝမစားသူတို့ထက် ဆီးကျိတ်ကင်ဆာဖြစ်ရန် အလားအလာ ၃၅ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရသည်။ ခရမ်းချဉ်သီးများတွင် အလျှံပယ်ပါရှိသော Lycopene ဟု ခေါ်ဆိုသော Carotenoid တစ်ခုက ထိုသို့ ကာကွယ်ပေးသည်ဟု ယူဆရသည်။

သို့တိုင်အောင် ခရမ်းချဉ်သီးဆော့တွင် ထိုကာကွယ်စွမ်းမဲ့နေ၍ သိပ္ပံပညာရှင်တို့ နားမလည်နိုင်အောင် ဖြစ်မိသည့် အခြားသုတေသန ပြုချက်များကမည်သည့် အတွက်ကြောင့်ဟု ဖော်ပြခဲ့သည်။ ခန္ဓာကိုယ်တွင်းသို့ ခံယူသွင်းရန် အကောင်းဆုံး အနေမှာကား အဆီတစ်မျိုးမျိုးဖြင့် ချက်ပြုတ်ထားသော Lycopene ပင်ဖြစ်သည်။ ထို့ကြောင့် ပီဇာသည် တွဲဖက်စားရန် အသင့်ဆုံး အစားအစာ ဖြစ်ကောင်း ဖြစ်...

### ၂။ ကနုကမာကောင် (Oys...

ကနုကမာကောင်သည် ... သုခဆေးတစ်ပါးဖြစ်သည်ဟု ... များက ဆိုညွှန်းသည်။ ထိုအဆို... ပညာက သဘောတူကောင်းတူ... ကနုကမာကောင်နှစ်ကောင်၊ သုံး... မှု စားသုံးခြင်းဖြင့် တစ်နေ့တာ... လိုအပ်သည့် သွပ်ဓာတ် အပြည့်... ရရှိသည်။ သွပ်ဓာတ်သည် အခိုး... ပွားစနစ် ပုံမှန် လည်ပတ်ရန်... အလွန်အရေးကြီးသောဓာတ် ဖြစ်... လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်... လျှောက်တွင် သုက်ပိုးအရေအ... ကျဆင်းလာခဲ့ပြီး ထိုသို့ လျော့... ခြင်းမှာ ပတ်ဝန်းကျင်ဆိုင်ရာ ...





www.burmeseclassic.com

www.burmeseclassic.com

တို့ ပျက်ပြားခြင်းကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်အချို့က ယုံကြည်သည်။

အချို့ လူနာတို့တွင် တက်စတိုစတီးရုန်း (Testosterone) ဓာတ် နည်းပါးခြင်းမှာ အာဟာရချို့တဲ့ခြင်းကြောင့် ဖြစ်ပုံရသည်။ သွပ်ဓာတ်လုံလုံလောက်လောက်ရလျှင် ဤအချက်ကိုကာကွယ်၍ရသည်။ (အမျိုးသားများအတွက် တစ်နေ့လျှင် ၁၅ မီလီဂရမ်မှာ အသင့်လျော်ဆုံးဖြစ်သည်ဟု ဆိုသည်။ မီလီဂရမ် ၄၀ ကျော်ခဲ့လျှင် အန္တရာယ်ရှိနိုင်သည်။) စမ်းသပ်မှုတစ်ခုတွင် testosterone အဆင့်နှင့် သုက်ပိုးအရေအတွက် လျော့နည်းသော အမျိုးသား ၂၂ ဦးအား ၄၅ ရက်မှ ရက်ပေါင်း ၅၀ အထိ နေ့စဉ် သွပ်ဓာတ်ကျွေးခဲ့သည်။ Testosterone အဆင့်နှင့် သုက်ပိုးအရေအတွက် မြင့်တက်လာခဲ့သည်။

၃။ ပန်းဂေါ်ဖီစိမ်း **(Broccoli)**

များမကြာခင်ကာလက ဟားဗတ်တက္ကသိုလ်မှ လေ့လာမှုတစ်ရပ်မှာ Broccoli ကဲ့သို့သော ပွင့်ဖတ်လေးဖက် ကန့်လန့်ထပ်သော ဟင်းသီးဟင်းရွက်တို့သည် အာရှအမျိုးသားတို့တွင် အဖြစ်များသော ဆီးအိမ်ကင်ဆာကို ကာကွယ်နိုင်သည်ဟု ယူဆရသည်။ သိပ္ပံပညာရှင်တို့သည် လူ ၅၀၀၀၀ နီးပါး၏ နေ့စဉ်စားသုံးမှုတို့ကို ဆန်းစစ်ရာ သီတင်းပတ်တစ်ပတ်ကာလအတွင်း၌ ထိုပွင့်ဖတ်လေးဖက် ကန့်လန့်ထပ် သီးနှံမျိုး ငါးကြိမ် သို့မဟုတ် ငါးကြိမ်မက စားသုံးသူတို့၏ ဆယ်နှစ်တာကာလအတွင်း၌ မစားသုံးသူထက် ဆီးအိမ်ကင်ဆာဖြစ်ရန်အလားအလာ ထက်ဝက်မျှ လျော့သွားသည်ကို တွေ့ခဲ့ရသည်။ အကာအကွယ်အပြုနိုင်ဆုံးသော အစားအစာမှာ Broccoli ပန်းဂေါ်ဖီစိမ်းနှင့် ဂေါ်ဖီထုပ်ပင်ဖြစ်သည်။

၄။ မြေပဲ ထောပတ်
**(Peanut Butter)**

ကျန်းမာကြံ့ခိုင်သော နှလုံးကို အလိုရှိပါက သင်၏နံနက်တွင် ပေါင်မုန့်မီးကင်ကို မြေပဲထောပတ်နှင့်နှံ၍ သုတ်စားပါ။ နှလုံးရောဂါသည် အမျိုးသားအမျိုးသမီးများအတွက် အန္တရာယ်ရှိသော ရောဂါတစ်ခု ဖြစ်ပါသည်။ အမျိုးသားများမှာမူ ထို့ထက်စောစော ရောဂါဖြစ်တတ်သည်။ ပင်ဆီလ်ဗေးနီးယား ပြည်နယ်တက္ကသိုလ်မှ သုတေသီများကမူ အမေရိကန်နှလုံးအဖွဲ့အစည်း (American Heart Association - AHA) မှ ပြဋ္ဌာန်းသော Step II Diet ၏ ကိုလက်စထရောလ် လျှော့ချစွမ်းကို မြေပေါ်အခြေခံသော အဆီ ပို၍ မြင့်မားသော Dietနှင့် နှိုင်းယှဉ်သည်။AHA အစီအစဉ်တွင် ကာဗိုဟိုက်ဒရိတ် ပို၍ပါဝင်သည်။

မြေပဲစားသုံးခြင်းတွင် အဆီ ၃၅ ရာခိုင်နှုန်းရှိသည်။ ၂၄ ရက်ကျော်လွန်သောအခါ diet နှစ်ခုစလုံးသည် ဆိုးရွားသော LDL ကိုလက်စထရောကောင်းများကို မလျော့ပါးစေချေ။ AHA diet အစီအစဉ်ကမူ triglycerides ၏အဆင့်များကို မြင့်ပေးပြီး HDL အဆင့်များကို နှိမ့်ချပေးသည်။

“မြေပဲထောပတ်က အဆီဓာတ်နည်းနည်းမြင့်တယ်၊ ဒါပေမယ့် ခင်ဗျားအတွက် သင့်တော်တဲ့ အမျိုးအစား၊ အဆီဓာတ်လွန်ကဲမှု မရှိဘူး” ဟု သုတေသနပြုသူ ဦးဆောင်ပုဂ္ဂိုလ် ပင်နီခရစ်အီသာတွန် (Penny Kris Etherton) ကဆိုသည်။

မြေပဲ diet သည် AHA diet ထက် ပို၍ပင် နှလုံးရောဂါသင့်နိုင်ခြေကို လျော့ပါးစေနိုင်သည်ဟု သုတေသီတို့က ဟောကိန်းထုတ်ဝေခဲ့ပြီးဖြစ်သည်။ သို့သော် မြေပဲထောပတ်တွင် Kilojoules မြင့်မားသောကြောင့် အလျှံပယ် ထောပတ်သုတ် စားသုံးမှု မပြုသင့်ချေ။

၅။ ဖရဲသီး **(Watermelon)**

အသက် ၅၅ နှစ်အရွယ်အထိ မိန်းမများထက် ယောကျာ်းများ ပို၍ သွေးတိုးရောဂါ သင့်တတ်ကြသည်။ ပိုတက်စီယမ်ကြွယ်ဝသော အစားအစာများက သွေးတိုးရောဂါနှင့် လေငန်းဖြတ်မှုတို့ သင့်နှုန်းကို လျှော့ချနိုင်သည်ဟု သုတေသီတို့ကဆိုသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အထောက်အထားတို့ ခိုင်လုံလှသောကြောင့် အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့သည် ပိုတက်စီယမ်ကြွယ်ဝသော အစားအစာသည် သွေးတိုးရောဂါသင့်မှုကို လျှော့ချကြောင်း အတိအလင်း ကြေညာခွင့်ကို မကြာသေးခင်ကပေးခဲ့သည်။

“တစ်နေ့လျှင် . . ပိုတက်စီယမ် ၂၀၀၀ မီလီဂရမ် ဒါမှမဟုတ် အဲဒါထက် ပိုမိုဝဖို့လိုတယ်” ဟု ဩစတြေးလျနိုင်ငံ မဲလဘုန်းမြို့မှ အာရှပစိဖိတ်ကျန်းမာရေးနှင့် အာဟာရဌာနမှ နည်းပြဆရာ အန်တီဂွန်ဘလာဇိုစ် (Antigone Blazos) က ပြောကြားသည်။

ဖရဲသီးသည် ပိုတက်စီယမ် ကြွယ်ဝသောအသီး ဖြစ်သည်။ ဖရဲသီးစိတ်ကြီးတစ်ခုမှာပင် ၆၆၄ မီလီဂရမ်ရှိပြီး ထိုပမာဏသည် ငှက်ပျောသီး သို့မဟုတ် လိမ္မော်သီးဖျော်ရည်တစ်ခွက်တွင် ပါရှိသော ပိုတက်စီယမ်ပမာဏထက် များပြားသည်။

ထို့ကြောင့် သင့်အတွက် သင်၏ ဖရဲသီးကို တစ်စိတ် ထပ်လှီးလိုက်ပြီး ယင်း၏ချိုဆိမ့်အေးမြသော အရသာကို ခံစားလိုက်ပါဦးဟု ပြောလိုက်ချင်ပါသည်။

### အမျိုးသမီးများအတွက် အစားအစာ

၁။ သင်္ဘောသီး **(Papaya)**

ဤအသီးသည် လိမ္မော်သီးတစ်လုံးတွင် ပါရှိသော ဗီတာမင်စီပမာဏ၏ နှစ်ဆခန့်ရှိသည်။ ယင်းသည် အမျိုးသားရေးအတွက်ထက် နှစ်ဆမျှသင့်သော ကျောက်ကပ်ရောဂါအတွက် ကောင်းသော ခုခံဆေးအဆင့်ဝင် သစ်သီးပင်ဖြစ်သည်။

ဆန်ဖရန်စစ္စကိုမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်တို့သည် လူပေါင်း ၁၃၀၀၀ ကျော်၏ သွေးကို



www.burmeseclassic.com

www.burmeseclassic.com

ဆန်းစစ်ရာတွင် ဗီတာမင်စီပမာဏနည်းပါးသော အမျိုးသမီးများသည် ကျောက်ကပ်ရောဂါသင့်ရန် အလားအလာများကြောင်း တွေ့ရှိရသည်။

ဗီတာမင်စီ ၁၈၈ မီလီဂရမ်နှင့် ကီလိုဂျိုးလ် ၅၀၀ မျှသာရှိသော (၂၈၀ ဂရမ်ခန့်ရှိ)အလတ်စားသင်္ဘောသီးသည် ဗီတာမင်ကြွယ်ဝသော လန်းဆန်းစေသည့် အသီးတစ်ခုပင်ဖြစ်သည်။ ထို အသီးနှင့် ပတ်သက်၍ အကောင်းဆုံး အချက်ကား ယင်းသည် သင့်ခြံတွင်းမှာပင် အလွယ်တကူဖြစ်ထွန်းနေနိုင်သည်။

**၂။ လျှော်စေ့ (Flaxseed)**

မုန့်ဖုတ်သမားများသည် အရသာနှင့် စေးပျစ်မှုရှိစေရန် အဓိကထား၍ မုန့်လုပ်ရာတွင် ဤအစေ့များကို အသုံးပြုသည်။ သို့သော် သိပ္ပံပညာရှင်များကမူ Lignans များဟု ခေါ်ဆိုသော Oestrogen ကဲ့သို့သော ဓာတ်ပေါင်းများ ကြွယ်ဝသော ဤအနီရောင် အစေ့လေးများအား ရင်သားကင်ဆာကာကွယ်ရေး လက်နက်ကောင်း တစ်ခုအဖြစ် ရှုမြင်ထားကြသည်။ ရင်သားကင်ဆာရှိသော အမျိုးသမီး၏ Diet တွင် Flaxseed ဖြည့်စွက်ပေးခြင်းဖြင့် ကင်ဆာနာပွားမှုကို ထိရောက်စွာဟန့်တားနိုင်ကြောင်း သုတေသီများ တွေ့ရှိခဲ့သည်ဟု လွန်ခဲ့သောနှစ်က ကျင်းပခဲ့သော ဆန်အန်တိုနီယို (San Antonio Breast Cancer Symposium) ရင်သားကင်ဆာညီလာခံတွင် တင်ပြသော အစီရင်ခံစာ တစ်စောင်က ဖော်ပြခဲ့သည်။

သင်သည် Flaxseed ဖြင့် သင့်ပေါင်မုန့်လုံးကို အရသာဖြည့်ပေးနိုင်သည်။ ထိုနည်းဖြင့် လိုအပ်သော Oestrogen ကဲ့သို့သော ဓာတ်ပေါင်းကို ရနိုင်သည်။ သို့သော် ထို Lignan များ ရရှိရန် အလွယ်ဆုံးနည်းကား နံနက်သောက်သုံးသော ပြောင်းဆန်ပြုတ်တွင် Flaxseed မှုန့် နှစ်ဇွန်းခန့် ဖြူးထည့်ခြင်းပင်ဖြစ်သည်။ အစေ့များကို အမှုန့်ခြေရန် မခဲယဉ်းပါချေ။ သို့သော် အစေ့ ရရှိရန် အရေးကြီးသည်။ Flaxseed ဆီတွင် Lignan များ မရှိချေ။

**၃။ တို့ဟူး (Tofu)**

ပဲပိစပ် ပရိုတင်းမြင့်မားသော အစားအစာတို့သည် ကိုလက်စထရောကို နှိမ့်ချပေးပြီး ဓမ္မတာလာချိန် အဖြုဆင်းမှု နည်းပါးစေနိုင်သလို အရိုးများလည်း သန်မာစေနိုင်သည်။ ဤသို့ဖြစ်ခြင်းမှာ ပဲပိစပ်တွင် ပါရှိသော Oestrogen နှင့် အသွင်တူသည့် Isoflavones ဟုခေါ်ဆိုသော ဓာတုသဘာဝကြောင့် ဖြစ်နိုင်သည်။

အဓိကအားဖြင့် တိရစ္ဆာန်များအပေါ် သုတေသနပြုခဲ့သော်လည်း ၉၀ မီလီဂရမ်သည် အရိုး (အထူးသဖြင့် ကျောရိုး)ကို အကျိုးပြုကြောင်း လူပေါ် သုတေသနပြုချက်တစ်ခုက ဖော်ပြခဲ့သည်။ ထို့ပြင် တစ်နေ့လျှင် isoflavones ၂၅ မှ ၃၅ မီလီဂရမ်မျှ ပါဝင်သည်။

**၄။ ဝက်သား (Pork)**

အမျိုးသမီးများသည် အဓိကအားဖြင့် သူတို့၏ ဓမ္မတာရာသီဥပဒ်သင့်မှုဖြင့် လေးလံထိုင်းမှိုင်းတတ်သည်ဟု ဆိုသည်။ သွေးတွင် သံဓာတ်နည်းပါးခြင်းကြောင့် ပြင်းထန်စွာ ပင်ပန်းနွမ်းလျတတ်သည်။ သံဓာတ်အပြည့်အဝ ရရှိစေရန် ဝက်သား စားကြည့်ပါ။ ဝက်သားတွင် အစာစည်းစောင့်သည့် မိန်းမတို့အကြိုက် လက္ခဏာများ အပြည့်အဝပါသည်။ သံဓာတ်များစွာ ပါရှိသည်။ အလွယ်တကူ ဖယ်ရှား၍ရသော အဆီများ ပါသည်။

စင်ကာပူနိုင်ငံရှိ အာရှ အစားအစာ ပြန်ကြားရေးဌာန အဆိုအရမူ လက်တစ်ဝါးခန့်ရှိသော ဝက်သားတုံး တစ်တုံးတွင် သံဓာတ် ၁ ဒသမ ၄ မီလီဂရမ်မျှ ပါဝင်သည်။ ပို၍ကောင်းသော အချက်ကား စားပွဲတွင် ဝက်သား အနည်းငယ်မျှ စားသုံးခြင်းသည် ဒွန်တွဲပါရာ ဟင်းသီးဟင်းရွက်နှင့် ဆန်၊ ဂျုံစသည်တို့မှ သံဓာတ်ရရှိမှုပါ တိုးပွားစေသည်ဟု နိုင်ငံတကာဆိုင်ရာ အာဟာရ သိပ္ပံအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမတ်ပေါလ်ကွစ်ခ်က ဆိုသည်။

**၅။ ဂေါ်ဖီထုပ် (Cabbage)**

ဤဟင်းရွက်သည် အမျိုးသမီးအများအပြား အသက်ကြီးသည့်အခါတွင် ဖြစ်တတ်သော သွေးဆုံး အရိုးအဆစ်နာရောဂါအား တိုက်ဖျက်ရာတွင် အထောက်အကူပြုနိုင်သည်။ ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီ လုံလောက်စွာ ရရှိသည့်အပြင် ဗီတာမင်ကေသည် အရိုးကိုကာကွယ်နိုင်သည့် အစွမ်းလည်း ရှိနိုင်သည်ဟု သုတေသနပြုချက် အချို့က ဖော်ပြသည်။

အမျိုးသမီးတို့၌ အရေအတွက် အများဆုံးပေါ် လေ့လာသုတေသနပြုမှု ဖြစ်သော သူနာပြုဆရာမ ကျန်းမာရေး လေ့လာမှု သုတေသနပြုချက်တွင် အခြေခံ၍ သုတေသီတို့၏ ဗီတာမင်ကေကြွယ်ဝသော အစားအစာ (အနည်းဆုံး နေ့စဉ် ဗီတာမင် ၁၀၉ မိုက်ခရိုဂရမ်မျှ) စားသုံးသော အမျိုးသမီးများသည် မစားသုံးသည့် အမျိုးသမီးများထက် နောက် ၁၀ နှစ်တာ ကာလအတွင်းတွင် ခါးဆစ်ရိုးကျိုးသည့် ဝေဒနာသင့်ရန် အလားအလာနည်းပါးသည်။

Brussels sprouts, Spinach, Broccoli ကဲ့သို့သော ညိုမှောင်သော ရွက်စိမ်းနှင့် ဟင်းသီးဟင်းရွက်များသည် ဗီတာမင်အားကောင်းသော ဟင်းသီးဟင်းရွက်များ ဖြစ်သည်ဟု သုတေသီတို့က ဆိုသည်။ သို့သော် ဂေါ်ဖီထုပ်သည်ကား ဗီတာမင်အားအကောင်းဆုံး ဟင်းသီးဟင်းရွက် ဖြစ်သည်။

အထက်ပါ အစာငါးမျိုးစီသည်ကား မိန်းမ၊ ယောကျ်ား နှစ်မျိုးစလုံးသော လူတို့အား ကျန်းမာရေးလည်း ပြည့်ဝ ဝမ်းလည်း ဝစေသော အစားအစာကောင်းများပင် ဖြစ်သည်။

❒ လှတိုး (စိတ်ပညာ)

Ref : 5 Foods Men Most Women Need Most by Maureen Callahan

www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသမီးများနှင့် မီးတွင်းကာလ ရောဂါများ

## အောင်ဘုန်းမြင့် (ကချင်မြေ)

### မိန်းမမီးနေ

အစားမတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်း ရှေးလူကြီးသူမများ၏ ဆိုဆုံးမစကား ရှိခဲ့၏။

အမျိုးသမီးများအဖို့ မီးတွင်းကာလတွင် အစားအသောက်၊ အသွားအလာ၊ အနေအထိုင် အထူးသတိထားရမည် ဖြစ်၏။

တစ်သားမွေးသော် တစ်သွေးလှဆိုသော်လည်း သားသမီးဖွားမြင်ပြီး သွေးသားပြောင်းလဲတတ်သည့် မီးတွင်းကာလတွင် အဝတ်အစား နွေးနွေးထွေးထွေး ရှိရမည်။ အစားအသောက် လတ်ဆတ် ကောင်းမွန်ပြီး အာဟာရပြည့်စုံရမည်။ စိတ်ပိုင်းဆိုင်ရာ လုံခြုံပြီး သက်သောင့်သက်သာရှိရန် လိုအပ်ပါသည်။

မီးတွင်း ၄၅ ရက်အတွင်း လေစိမ်းအတိုက်ခံခြင်း၊ မိုးရေချိုးမိ ထိမိခြင်း၊ အအေးခန်း၌ အကျင့်မရှိဘဲ ကြာကြာနေထိုင်ခြင်း၊ အစားအစာ အာဟာရချို့တဲ့ခြင်း၊ စိတ်ပူ စိတ်သောကပွားများခြင်း၊ ဆေးစားဆေးသောက်မှားခြင်း၊ မှားယွင်းသော ကုသမှုခံယူခြင်းများ မဖြစ်အောင် အစဉ်သတိနှင့် ဆင်ခြင်ပြီး ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သို့မဟုတ်က အမျိုးသမီးများနှင့် ဆိုင်သော မီးယပ်ရောဂါ ကြီးငယ် ဝင်ရောက်နှိပ်စက်ခြင်းကို လည်စင်းခံရပေလိမ့်မည်။

အမျိုးသမီးများသည် မိခင်လောင်းများအဖြစ် ကိုယ်ဝန်ဆောင်ထားရစဉ်ကာလ၌ သချိုင်းကို တစ်နေ့ မျက်စောင်း သုံးကြိမ်ထိုးသည်ဟု ဆို၏။

သို့ဖြစ်၍ ကိုယ်ဝန်ကို ကိုးလလွယ်၍ ဆယ်လတွင် ဖွားသည့်အချိန်၌လည်းကောင်း၊ ကလေး မွေးဖွားပြီး မီးတွင်းကာလ ၄၅ ရက်အတွင်း၌လည်းကောင်း အစားအသောက်အစ အနေအထိုင်၊ အသွားအလာ၊ လှုပ်ရှားမှုများအဆုံး အထူးသတိနှင့် ဆင်ခြင်ကြရမည်ဖြစ်၏။ သို့မှသာ မိခင် ကျန်းမာပြီး ကလေးလည်း ကျန်းမာနိုင်မည် ဖြစ်၏။ ကျန်းမာဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်သော အနာဂတ် သားသမီးများကို ရရှိနိုင်မည် ဖြစ်သည်။

### မီးဖွားပြီးစ

နန္ဒင်းမှုန့်စစ်စစ်ကို ရေကျက်အေးနှင့် သမအောင်နယ်ပြီး အသားထဲ စိမ့်ဝင်သွားအောင် တစ်ကိုယ်လုံးပါးပါးလေး လိမ်းကျံပွတ်သပ်ပေးရမည်။ ထို့နောက် အဝတ်သန့်သန့်ကို တစ်ကိုယ်လုံး နွေးထွေးလုံခြုံအောင် ဝတ်ဆင်ထားရမည်။ နေပူ၊ မိုးရွာ၊ ဝမ်းနူးစာ၊ တက်စာ များကို အထူးရှောင်ကြဉ်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com

**အမျိုးသမီးများသည် မိခင်လောင်းများအဖြစ် ကိုယ်ဝန်ဆောင်ထားရစဉ် ကာလ၌ သချိုင်းကို တစ်နေ့ မျက်စောင်းသုံးကြိမ် ထိုးသည်ဟု**

ပင်စိမ်းဖြူ သို့မဟုတ် ပင်စိမ်းနက် နှစ်မျိုးစလုံး သို့မဟုတ် ရရာကို ကြော်စားပေးခြင်းဖြင့် မီးဖွားစ သွေးပုပ်ကျန်ခြင်းကို ဆင်းစေ ကင်းစင်စေနိုင်သည်။

စိန်နဘော်မြစ်ပြုတ်ရည်ဖြင့် ချွေးထုတ်ပေးက မီးယပ်ချည့်နာ ကင်းစေနိုင်သည်။

## မီးဖွားပြီး သွေးပုပ်ကျန်လျှင်

နနွင်းစိမ်း နှစ်ကျပ်သား၊ ဒန့်သလွန်ရွက်နု နှစ်ကျပ်သား၊ ကင်ပွန်းသီးစေ့ မီးဖုတ် နှစ်ကျပ်သား ဆေးသုံးမျိုးပေါင်းခြောက်ကျပ်သားကိုပြုတ်သောက်ပေးပါက မီးတွင်းသွေးပုပ်ကျန်ခြင်း၊ အပုပ်အထက်ဆန်ခြင်း၊ တစ်ကိုယ်လုံးအဖုအပိမ့်ထွက်ခြင်း၊ ရင်အထက် ချွေးမထွက်ခြင်း သို့မဟုတ် တစ်ကိုယ်လုံးချွေးမထွက်ခြင်း၊ ဝမ်းတွင်း၌ ပူလောင်ခြင်း စသော ဝေဒနာများကို ပျောက်ကင်းစေနိုင်ပါသည်။

ခရာရွက်နုကို ရေနွေးဖျော၍ ခပ်များများသုပ်စားပေးလျှင် သွေးကျန်၍ တကျည်းကိုက်ခဲခြင်း ဝေဒနာကို သက်သာကောင်းမွန်စေနိုင်သည်။

ကနဖော့ကိုဖြစ်စေ သို့မဟုတ် ကနဖော့နှင့် ဆူးပန်းတောင်းရွက် နှစ်မျိုးပေါင်းကိုဖြစ်စေ ပြုတ်၍ ရေနွေးနွေးလေးနှင့် ချိုးပေးသော် သွေးပုပ်ကျန်ဖောရောင်ခြင်းကို ပျောက်ကင်းစေနိုင်ပါသည်။

ကြိတ်မှန်ရွက်ကို ဟင်းခါးချက်၍ ပူပူလေး အဝသောက်ပေးလျှင် သို့မဟုတ် ကြိတ်မှန်ရွက်ကို ရေနွေးဖျောပြီး အဝသုပ်စား၊ တို့စားပေးလျှင် မီးပွားပြီး သွေးပုပ်ကျန်ခြင်းကို ကင်းရှင်းစေကာ ကျန်းမာစေနိုင်သည်။

## နို့ထွက်ကောင်းစေရန်

ဒန့်သလွန်ရွက်နု သို့မဟုတ် မြင်းခွာရွက်နုကို ကြက်သွန်ဖြူ ခုနစ်မြွှာင့်၊ ငရုတ်ကောင်း ခုနစ်စေ့တို့နှင့် ဟင်းခါးရည် ချက်သောက်ပေးခြင်းဖြင့် မိခင်နို့ထွက် ကောင်းစေနိုင်သည်။

ကလေးမီးဖွားပြီးစ ပထမနေ့၌ တောင်မရိုးခေါက်ကို အမှုန့်ပြုလုပ်၍ ချင်းအနည်းငယ်နှင့်ရောစပ်ပြီး သင့်ရုံစားသုံးပေးပါက နို့ထွက်ကောင်းစေသည်။

မီးဖွားပြီးစ အကြောင်းအမျိုးမျိုးကြောင့် စိတ်ထိခိုက်ခံရ၍ နို့လည်သွားသဖြင့် နို့အုံတင်းမာပြီး ကိုက်ခဲနာကျင်နေလျှင် စံပယ်ပန်းပွင့်များကို နို့အုံပေါ်တင်ထားပေးလျှင် နို့အုံမှ အရည်ကြည်များ စိမ့်ထွက်လာပြီး ပျော့ပျောင်းသက်သာသွားနိုင်သည်။ မိခင်က စံပယ်ပန်းကို ရှူလည်း ရှူပေးနိုင်သည်။

ကြိတ်မှန်ရွက်ကို ငါးကြင်းသားနှင့် ချက်စားလျှင် သို့မဟုတ် ခရာရွက်နုကို ငါးကျည်းကင်နှင့် ဟင်းခါးချက်သောက်ပေးလျှင် သို့မဟုတ် ကျွန်းပင်မှ အသီး ကျွန်းသီးဆန်ကို ရေနှင့်သွေးလိမ်းပေးလျှင် သို့မဟုတ် ဇရစ်အရိုးနှင့် အရွက်နုကို ဟင်းခါးချက်သောက်ပေးလျှင် နို့ကြောပိတ်ခြင်းကို ကောင်းစေနိုင်ပြီး စမ်းရေပမာ နို့ထွက်ကောင်းစေနိုင်သည်။

## အချင်းမကျလျှင်

ပဲပုစွန်သီးကို ရေစင်စင် ဆေးကြော၍ အရည်ညှစ်ယူပြီး တိုက်ပေးပါက အချင်းကို လွယ်လွယ်ကူကူ ကျစေနိုင်သည်။

ကင်ပွန်းရွက်နှင့် ငရုတ်ကောင်း ယင်းဆေးနှစ်ပါး အညီအမျှကို ရောကြိတ်ယူပြီး တောအရက် ကောင်းကောင်း အနည်းငယ်နှင့် စပ်သောက်ပေးလျှင် သို့မဟုတ် အရက်နံ့ မခံနိုင်ပါက ရေနွေးနှင့် သောက်ပေးလျှင် အချင်းကိုကျစေနိုင်ပြီး လူကို သန့်ရှင်းကျန်းမာ လန်းဆန်းစေနိုင်ပါသည်။

## မီးယပ်ဖောရောင်လျှင်

မီးတွင်းမှထွက်လျှင် ရောင်ရမ်းခြင်း၊ ဖောသွပ်ခြင်း၊ ပိန်းပြကိုယ်ရောင်ခြင်း၊ ဖောလိုက်ကျလိုက်ဖြစ်ခြင်းများဖြစ်နေပါက ကနဖော့နှင့်ဆူးပန်းတောင်းရွက် နှစ်မျိုးကို ပြုတ်ပြီး ရေနွေးခပ်နွေးနွေးနှင့် ရေချိုးပေးပါ။

မန်ကျည်းရွက်နု၊ ကင်းပုံရွက်နု ပုံးရည် ယင်းသုံးမျိုးကို ငရုတ်ကောင်း၊ မိဿလင်၊ ကြက်သွန်ဖြူနှင့် ဟင်းခါးချက်သောက်ပေးခြင်းဖြင့် မီးတွင်းဖောသွပ်ရောင်နာ၊ ပိန်းပြကိုယ်ရောင်ရောဂါများ ပျောက်ကင်းစေနိုင်သည်။

## မီးယပ်ဝမ်းပျက်

နနွင်းမှုန့်စစ်စစ်ကို ရေဖျော်ပြီး သောက်ပေးလျှင် မီးယပ်ဝမ်းပျက်ရောဂါ ပျောက်စေနိုင်သည်။

ကန့်အိတ်ကိုပါးပါးလှီး ဟင်းခါးချက်သောက်လျှင်လည်း ပျောက်နိုင်ပါသည်။

တစ်နည်း ကြိတ်မှန်ရွက်၊ ဥသျှစ်ရွက်၊ ကြောင်ပန်းရွက်၊ မိဿလင်၊ ကြက်သွန်ဖြူ၊ စမုန်နက် အမျှစီကို ညက်အောင် ထုထောင်း၍ နှမ်းဆီဖြင့်နယ်ပြီး နံနက်ည တစ်နေ့ နှစ်ကြိမ် ဆေး[illegible] စားပေးပါက မီးတွင်းဝမ်းရောဂါ[illegible]ကင်း



www.burmeseclassic.com

www.burmeseclassic.com

စင်စေပြီး ဓာတ်မှန် ကျန်းမာစေနိုင်သည်။

ခရာပင်၏ ပဥ္စငါးပါး၊ စမုန်မျိုးငါးပါး တစ်မျိုး တစ်မတ်သားစီကို ရေသုံးခွက်တစ်ခွက်တင်ကျိုပြီး ဒိုဗာလာသကြားနှင့်ဖျော်၍ နံနက် ည အကြမ်းပန်းကန်နှင့် သောက်ပေးပါက မီးယပ်သွေးဝမ်း ပျောက်စေနိုင်သည်။

တစ်နည်း ဆီးဖြူသီးခြောက်တစ်လုံး၊ လက်ဖက် အကြမ်းခြောက်၊ ဆန်လွတ်နနွင်းမှုန့် ဆတူအမှုန့်ပြုလုပ်၍ သုံးပုံခွဲထားပြီး နှစ်နာရီခြား တစ်ပုံ ရေနွေးနှင့်သောက်ပေးနိုင်သည်။

ကောက်ညှင်းဆန်၊ ထန်းလျက်၊ ဆီ ကျိုစားပေးပါက မီးယပ်ဝမ်း ပျောက်စေနိုင်သည်။

## မီးတွင်းလန့်လျှင်

ဆီးယိုစားပေးလျှင် သို့မဟုတ် ဆီးမြစ်ကိုသွေး၍ ရေနှင့်သောက်ပေးလျှင် မီးတွင်းကာလ သွေးလန့်ခြင်းကို ကင်းပျောက်စေနိုင်သည်။

ကြိတ်မှန်ရွက် သို့မဟုတ် နနွင်းမှိုင်းရှူပေးလျှင် မီးတွင်း သွေးတက်ရောဂါ ပျောက်စေနိုင်သည်။

ဇဝက်သာ၊ သိန္ဓောဆားပုပ် တစ်ကျပ်သားစီအမှုန့်ကို ငရုတ်ကောင်းမှုန့် ငါးမူးသားထည့်၍ ကွမ်းရွက်ပြုတ်ရည်နှင့် တိုက်ပေးသော် တုန်ခြင်း၊ မောခြင်းကို သက်သာစေပြီး မီးတွင်းလန့်ခြင်းကို ပျောက်စေနိုင်သည်။

ရှဉ့်မတက်ဥကို အရည်ကြိတ်၍ ပျားရည်နှင့်စပ်သောက်ပေးပါက ကြေးနီရောင်အဆင်းရှိသော မီးယပ်သွေးပျက်များကို ကင်းပျောက်စေနိုင်သည်။

## မီးယပ်သွေးလွန်

ထမင်းခြောက်အမှုန့်ပြု၍ တစ်ဇွန်း၊ သကြားတစ်ဇွန်း ရောစပ်သောက်ပေးလျှင် သို့မဟုတ် ရေအေးတစ်ခွက်တွင် ရှားစေး လက်ဖက်ရည်ဇွန်းသေးတစ်ဇွန်းစာ သကြားသင့်ရုံနှင့် ချိုချိုလေး ဖျော်သောက်ပေးသည်ရှိသော် မီးယပ်သွေးလွန်ရောဂါ ပျောက်ကင်းစေနိုင်သည်။

ညောင်ခြေထောက်ပင်မှ နို့စေးခေါ် အစေးရည်ကို ငါးစက် သို့မဟုတ် ခုနစ်စက် ခံယူ၍ တစ်နေ့ သုံးကြိမ် သောက်သုံးပေးလျှင် သို့မဟုတ် ရေကန်စွန်းရွက် သတ္တုရည်ကို သောက်ပေးလျှင် သို့မဟုတ် မုရားကြီးရွက်ပြုတ်ရည်ကို သောက်ပေးလျှင် မီးယပ်သွေးလွန်ရောဂါ ပျောက်စေနိုင်သည်။

## မီးတွင်းဖျားလျှင်

ကြောင်ပန်းပင်၏ ပဥ္စငါးပါး သတ္တုရည် သို့မဟုတ် ကြောင်ပန်းရွက်ပြုတ်ရည်ကို သောက်သုံးပေးလျှင် မီးတွင်းဖျား ကင်းစေနိုင်ပြီး ကိုယ်နှံ့မကောင်းခြင်းကို ကောင်းစေနိုင်သည်။ ဆီးများများသွားစေကာ အဖျားကျစေနိုင်ပါသည်။

ကြောင်ပန်းရွက်အမှုန့်ကို ရေနွေးနှင့်သောက်ပေးလျှင် သို့မဟုတ် ကြောင်ပန်းရွက်ကို တို့စားပေးလျှင် မီးတွင်းအဖျား ပျောက်စေနိုင်သည်။ သွေးပုပ်သွေးကျန် ဆင်းစေနိုင်သည်။ သားအိမ်ကို ပကတိကောင်းစေပြီး ရောင်ရမ်းခြင်းကင်းစေနိုင်သည်။

## မီးယပ်ခေါင်းကိုက်ရောဂါ

ကုန်းထိကရုံးပင်၏ ပဥ္စငါးပါးကို အခြောက်ပြု အမှုန့်ကြိတ်ပြီး ပျားရည်နှင့် တေစားပါက မီးယပ်ခေါင်းကိုက်၊ ဝမ်းကိုက်၊ သွေးငုပ်ပျောက်စေနိုင်သည်။

ခြေအေး၊ စိတ်ညစ်၊ မျက်ရည်ကျမခံသင့် နွေးနွေးထွေးထွေး နေထိုင်ကြရမည်။

ခုံညင်းဒိုး တစ်လုံးကို မီးဖုတ်၊ အတွင်းအဆန် ညက်အောင်ထောင်းပါ။ ခုံညင်းမှုန့် မန်ကျည်းစေ့ခန့်ကို ထန်းလျက် သုံးခဲ ရေနွေးပူပူလေးနှင့် မှုတ်သောက်ပေးသည်ရှိသော် မီးယပ်ထိမ်ခြင်း၊ ငုပ်ခြင်းကို ပျောက်ကင်းစေ၍ သွေးပုပ်ကျန်များ ဆင်းစေကာ မီးယပ်ချမ်း၊ မီးယပ်ဖျား၊ မီးယပ်ခေါင်းကိုက်ဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်သည်။

## ရိုးရာဆေးနည်းများ

ကြိတ်မှန်ရွက်ကို ငရုတ်ကောင်းနိုင်နိုင် ကြက်သွန်ဖြူနှင့် ဟင်းခါးပူပူချက်သောက်ပေးပါက သားအိမ်ကိုက်ခဲခြင်းကို ပျောက်စေနိုင်သည်။ သွေးသားကို စင်ကြယ်စေနိုင်သည်။

တစ်နည်း အိမ်ကြက်ကို ချင်း၊ ကြက်သွန်ဖြူနိုင်နိုင်နှင့် ချက်စားနိုင်သည်။ တောင်မရိုးခေါက်ကို ချင်းနှင့် ရောစပ်ပြီး စားကောင်းအောင် ပြုလုပ်စားသုံးနိုင်သည်။

ကြိတ်မှန်ရွက် [illegible] ပျားရည် [illegible] သောက်ပေးပါက မီးယပ်ပူ[illegible] ပျောက်သည်။

ညောင်ဗောဓိပင်၏ အစေးကို အခြောက်ခံ အမှုန့်ပြုလုပ်၍ ပျားရည်နှင့် လျက်ပေးပါက မီးယပ်သွေးကို သန့်စေနိုင်သည်။

ကြိတ်မှန်ရွက်ဆေးကို အစားနှင့် တစ်နာရီခြား၍ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ သုံးကြိမ် စားသုံးပေးပါလျှင် မီးယပ်ထုံကျဉ်နာ၊ မီးယပ်ကွက်နာ၊ မီးယပ်မျက်စိမှုန်နာနှင့် မီးတွင်းကာလ၌ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ရတတ်သော မီးတွင်းနာဝေဒနာများကို သက်သာပျောက်ကင်း ချမ်းသာရစေနိုင်ပါသည်။

မီးနေသည်များသည် အမြဲလိုလို ချွေးတစိုစိုနှင့် ကျန်းမာသန့်ရှင်းနေရမည်ဖြစ်သည်။ ယောက်ျားဖောင်စီး မိန်းမမီးနေ ဆိုသည့် ရှေးဆိုရိုးစကားနှင့်အညီ မီးနေသည်များသည် မီးဖွားပြီး ၄၅ ရက်အတွင်း မိခင်ရော ကလေးပါ ကျန်းမာအောင် သတိနှင့် ဆင်ခြင်ကြရမည်ဖြစ်ပါသည်။

❒ အောင်တိုန်းမြင့်(ကျောက်မြေ)

www.burmeseclassic.com

**ရွှေဒုံးဒေါင်းဝါ**



ဝန်းချိုအောင်နိုင်လတ်

နေ့စဉ် နံနက် ၄ နာရီအချိန်အား မိုးကောင်းကင်ကို ကျောပေးထားသော ကြက်သတ္တဝါစောင့်၏။ နံနက်မိုးသောက် အလင်းရောက်တော့မည်ဖြစ်ကြောင်း အောက်အီးအီးအွတ်ဟု အော်ဟစ်ကာ လောကကြီးအား ဆက်သွယ်သတင်းပေးလေ၏။

သို့ရာတွင် ထိုကြက်သတ္တဝါတို့အား ကြက်သည်ဒေါ်တုတ်၏ လက်တွင် ကိုင်ထားသော ဝါးရင်းတုတ် စောင့်၏။ ဗုန်း. . ဗုန်း ဗုန်း . . . ဟူသော

အသံတို့ကို ကြားရပြီးနောက် ထို
သတ္တဝါတို့၏ ဝိညာဉ်များ ဘဝ
သို့ ဗီဇာမလိုဘဲ ပြောင်းရွှေ့ကြ
ကြွင်းကျန်ရစ်သော ကြက်သတ္တ
သက်မဲ့ရုပ်အလောင်းကို ဆေး
ထဲမှ ရေစောင့်၏။ ထိုရေနှင့်
မိတ်ဆက်ပေါင်းဖက်သော
တို့၏ ရုပ်အလောင်းစောင်သည်



www.burmeseclassic.com

www.burmeseclassic.com

သော်ခြောက်ကပ်နေရာမှ အံ့ဩဖွယ်ရာ ချက်ချင်းလက်ငင်း ဆူဖြိုးလာလေ၏။

ထိုမှလွန်၍ နံနက် ၅ နာရီအချိန်ကို ပဲပြုတ်သည် စောင့်၏။ ပဲပြုတ်၊ ဗဟိုပြုတ်၊ ပဂုတ် ပဂုတ် ဟူ၍ သံစဉ် ဂီတကွဲပြားသော်လည်း မူရင်းအနက်မှာ ပဲပြုတ်သာ ဖြစ်၏။ ထိုအချိန်အခါကား ပစ္စည်းမဲ့ လူတန်းစား အိမ်ရှင်မများအတွက် အချိန်အခါကောင်းဖြစ်၏။ အကြောင်းမှာ ထိုပဲပြုတ်ငါးကျပ်သားအား အောင့်အည်းဖျစ်ညှစ်ဝယ်ယူပြီး စားအုန်းဆီကို နဖာကလော်နှင့် နှစ်ခွန်းထည့်ကာ ဆားငန်အောင်ထည့်ပြီး သကာလ ညက ချန်ထားခဲ့သော ငစိန်ဆန်ထမင်းကြမ်း မာတောင့်တောင့်အေးစက်စက်နှင့် ရောသမမွှေကာ မကြာမီနိုးထလာလတ္တံ့သော လင်တော်မောင်ကိုသမားနှင့် ဘောင်းဘီဗလာ နှပ်ချေးပေကျံစွာရှိသော ကျေးဇူးရှင်သားသမီးအပေါင်းတို့အား နံနက်စာ ဘရိတ်ဖတ်ကျွေးမွေးနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။

ထိုမှလွန်၍ နံနက် ၆ နာရီအချိန်ကိုကား မနသိဒ္ဓိနက္ခတ် စိုးမိုးချိန်ဖြစ်လေ၏။ ထိုအချိန် ထိုကာလ ထိုရပ်ကွက်ထဲသို့ စက်ဘီးတစ်စီးနှင့် တိုင်းခန်းလှည့်လည်လာတော်မူသည့် ချိုင်းကိုယ်တော်စောင့်ရှောက်လေ၏။ အဆိုပါ ချိုင်းကိုယ်တော်သည် အထက်ပုဂ္ဂိုလ်ကြီးများမှ ဆင်းသက်တော်မူလာသည့် နိမိတ်၊ အတိတ်၊ စနည်း၊ တဘောင် တို့ကို သယ်ဆောင်လျက် အောင်နိမိတ်၊ ဘမူးလဲ၊ ကိုရင်လေး၊ လျှာဖြတ်၊ ဘရသေ့၊ အောင်ပါစေ၊ ဝစီပိတ်၊ လက်ခတ်တောင်၊ ဝါခိုကျွာ၊ ဘိုးတော်ဘဲလူး၊ စွမ်းအင်သီ စသည်ဖြင့် လူသာမန်တို့ နားလည်ရန် ခက်ခဲသော ဂမ္ဘီရသံစဉ်များကို ကျူးရင့်ကာ ကြွချီတော်မူလာလေ၏။

ထိုအခါ အိမ်ရှင်မတို့သည် နံစော်လှစွာသော ချွေးခံအင်္ကျီကြားထဲတွင် ညက လိပ်ထည့်ထားသည့် ဖွတ်ကလိဒင်္ဂါးကို ထုတ်ယူလိုက်ပြီးသကာလ မိမိတို့နှင့် ဘဝသံသရာ အဆက်ဆက်က ရေစက် ပဌာန်းပါလာသည့်အတိုင်း မိမိတို့အာရုံကျရာ ဂမ္ဘီရသိုက်စာများကို အဆိုပါ ချိုင်းကိုယ်တော်ထံမှ ရယူပြီး မိမိ၏ ဖွတ်ကလိဒင်္ဂါးကို ဆက်ကပ်ပူဇော်ကာ ဒီမနက် ဘာတစ်လုံးကောင်းလဲဟု မေးမြန်းလျှောက်ထားရလေ၏။

ထိုအခါ အဆိုပါ ချိုင်းကိုယ်တော်မှ ရှေ့သို့ အချိန်မီ ဂမ္ဘီရလှည့်ရမည်ဖြစ်၍ အချိန်မရစွာဖြင့် (၃)တစ်လုံးဟု တိုတိုတုတ်တုတ် သွက်သွက်လက်လက် မိန့်ကြားကာ စက်ဘီးကိုနင်းပြီး ဂန္ဓာရီခရီးဆက်လက်ထွက်ခွာလေတော့၏။

ထိုအချိန်၌ အိပ်ရာမှနိုးထတော်မူလာသည့်အိမ်ဦးသခင်အရှင်ယောက်ျားကိုရွှေဖိုးသမားတို့သည် အိပ်ရာမှ နိုးနိုးချင်း မျက်နှာ ကမန်းကတန်း သစ်ကာ ညက မိန်းမကို ငွေအသပြာကုန်အောင် မအပ်ဘဲ လျှို့ဝှက်ထားသည့် ဘတ်ငွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရပ်ကွက်ထဲတွင် တည်ရှိသည့် သေတင်းကုပ်နတ်ကွန်းသို့ သွားရောက် သတင်းပို့ရချိန် ဖြစ်လေ၏။

အဆိုပါ သေတင်းကုပ်နတ်ကွန်းကို အသားမည်းမည်း၊ ဗိုက်ပူပူ၊ ဝတုတ်ပြ၊ အရုပ်ဆိုး၊ အကျည်းတန်၊ အာပြဲလန်သည့် ဒေါ်အာကျယ်အမည်ရှိ မိန်းမကြမ်းကြီး စောင့်ရှောက်၏။ ထိုရွှေဖိုးသမားတို့သည် မိမိတွင် ပါလာသော ဘတ်ငွေကို အဆိုပါ ဒေါ်အာကျယ်အား လှူဒါန်းလိုက်သောအခါ ဒေါ်အာကျယ်မှ သနားကရုဏာ ကြီးလှစွာဖြင့် သက်ရှည်ကျန်းမာလန်းဖြာသည်ဆိုသည့် ဒေဝဩသဓ နတ်ဆေးရည် တစ်ဖန်ခွက်ကို ပြန်လည်စွန့်ကြဲလေ၏။

ကိုရွှေဖိုးသမားတို့သည် ထိုဒေဝဩသဓ နတ်ဆေးရည်အား မိမိ၏ပါးစပ်ကို ကျယ်စွာဖွင့်ပြီး နှစ်ခြိုက်စွာ သောက်မျိုလိုက်ပြီး သကာလ အလွန်တရာမြိန်ရှက်လှစွာဖြင့် ပါးစပ်ကို လျှာနှင့်သပ်ကာ နေအိမ်သို့ ခပ်သုတ်သုတ်ပြန်လာလေ၏။

ထို့နောက် အိမ်သူသက်ထားမှ နားဖာကလော် နှစ်ဇွန်းစာမျှသော ဆီနှင့် ပဲပြုတ်ငါးကျပ်သား ရောစပ်ကာ စီရင်ဖန်တီးအပ်သော ထမင်းကြမ်း မာမာခြောက်ခြောက်ကို ဝါးမျိုစားသောက်ပြီးသကာလ တစ်နေ့စာအတွက် ပရိယေသန ဝမ်းစာရှာဖွေရန်အလို့ငှာ ဆိုက်ကားနင်း၊ ဂါလီနင်း၊ ပန်းရန်လက်သမား၊ သဲထမ်း၊ ကျောက်ထမ်း ကြုံရာကျပန်းပြုလုပ်ရန် ကားဂိတ်သို့ ခပ်သုတ်သုတ်ခြေကျင်ကြွချီရလေ၏။

ထိုအချိန် ထိုကာလကို စပယ်ယာမည်သော ပုဂ္ဂိုလ်စောင့်၍ ထိုပုဂ္ဂိုလ်စောင့်သော ယာဉ်ကို စီးနင်းလိုက်ပါခွင့်ရရေးအတွက် ထိုပုဂ္ဂိုလ်၏ ဆူပူအော်ဟစ်ကြိမ်းမောင်း ငေါက်ငမ်းခြင်းကို ခံရလေ၏။ လူအရှင်လတ်လတ်တို့ကို ထင်းချောင်းများသဖွယ် ဒေါင်လိုက်မတ်တတ်ပြည့်ကျပ်အောင် စီထပ်ထားသော ဘတ်စ်ကားကို သက်စွန့်ဆံဖျားခဲရာခဲဆစ် စီးနင်းကာ မြတ်စွာဘုရားကို သတိရအားကိုးစွာဖြင့် ဘုရား ဘုရားဟု မပြတ်ရွတ်ဆိုရင်း မိမိလိုရာကို ရောက်ရလေ၏။

ထိုကဲ့သို့ ဘုရားကို သတိရစေသဖြင့် ကွမ်းတံတွေးကို တစ်လမ်းလုံး တပျစ်ပျစ်ထွေးကာ မော်တော်ကားကို ဂျက်လေယာဉ်အမြန်နှုန်းဖြင့် မောင်းနှင်နိုင်စွမ်းရှိသည့် ကိုရွှေဒရိုင်ဘာဟူသော ပုဂ္ဂိုလ်ထူးနှင့် လူပေါင်းများစွာကို သူတစ်ဦးတည်းမှ မြည်တွန် တောက်တီး အော်ဟစ်ဆူပူ ငေါက်ငမ်းနိုင်စွမ်းရှိသည့် ကိုရွှေစပယ်ယာတည်း ဟူသော ပုဂ္ဂိုလ်ထူးတို့ကို အထူးကျေးဇူးတင်ထိုက်သော အခါကာလ သမယပေတည်း။

ဤသို့ဖြင့် နံနက် ၈ နာရီအချိန်ကာလ ရောက်သည့်အခါကိုကား ရပ်ကွက်ထိပ် ကုန်စုံဆိုင်မှ ဆန်၊ ဆီ၊ ဆား စသည့် မီးဖိုချောင်သုံးပစ္စည်း ရောင်းချသည့် ဒေါ်ဂျမ်းစိန်မည်သော ပုဂ္ဂိုလ်

www.burmeseclassic.com

စောင့်၏။ အိမ်တွင်ကျန်ခဲ့သော အိမ်ရှင်မ၊ အိမ်ငှားမတို့သည် ညနေ လင်တော်မောင် အလုပ်ကပြန်လာလျှင် ပေးမည် ဟူသော နေ့စဉ်ပြုနေကျ ကတိကဝတ်ဖြင့် ကုန်စုံဆိုင်ရှိ ဆန်အမျိုးအမည်များစွာထဲမှ တန်ဖိုးနည်း၍ အိုးတက်ကာ မာကျောပြီး အစားခံနိုင်သည်ဆိုသည့် ပစ္စည်းမဲ့လူတန်းစားသုံး ဆန်ကို ရွေးချယ်ပြီး ကြွပ်ကြွပ်အိတ်ဖြင့် ဆန်လေးဘူး၊ တစ်ပြည် စသည်ဖြင့် လိုသလို အကြွေးဆွဲယူကာ နေအိမ်သို့ ပြန်လာပြီး ကျေးဇူးရှင်များဖြစ်သည့် နှပ်ချေးတွဲလောင်း ဖင်ပောင်းလောင်း ခေါင်းပြောင်ပြောင် နံစော်ညစ်ပေနေသော ရင်သွေးငယ်များ အချိန်မီ စားသောက်နိုင်ရန်အတွက် မီးခိုးတလူလူဖြင့် စီမံချက်ပြုတ်ရလေ၏။

ထမင်းနှင့် တွဲဖက် စားသုံးရန် ဟင်းလျာမှာ နေ့စဉ်ရက်ဆက်ဆိုသလို ငါးပိရေကျို၊ ကန်စွန်းရွက် ရေလုံပြုတ်၊ ရုံဖန်ရံခါ ငါးအရိုးဟင်း ချဉ်ရည်ဟင်း စသည်တို့ ဖြစ်ကြလေ၏။

ဤသို့ဖြင့် နံနက်စာ ချက်ပြုတ်စားသောက်ပြီးသည့်အခါ ကျေးဇူးရှင် ရင်သွေးငယ်များသည် ရပ်ကွက်လမ်းမများပေါ်သို့ ဆော့ကစားရန် ထွက်ခွာသွားကြသဖြင့် အဆိုပါ အမျိုးကောင်းသမီးတို့သည် ဘယ်သူ့ထံက ဘာဂဏန်း ရမည်နည်း ဟူသော မျှော်လင့်ချက်ဖြင့် ရပ်ကွက်တစ်ပတ် စနည်းနာထွက်ကြရလေ၏။

ဘယ်သူက ဘာဂဏန်းကောင်းတယ်၊ ဘယ်သူက ဘာအိပ်မက် မက်တယ်၊ဘယ်သူ့သေတာက အသက်ဘယ်လောက်၊ မနက်က လမ်းထိပ်မှာ ခွေးနှစ်ကောင် ကိုက်တာက ဘာနိမိတ် စသည်ဖြင့် အတိတ်နိမိတ်တို့ကိုကောက်ယူမှတ်သားပြီး နေအိမ်သို့ ချက်ချင်းပြန်လာကာ မနက်စောစော ချိုင်းကိုယ်တော်ထံမှ ဝယ်ထားသည့် အောင်နိမိတ်၊ ဘရသေ့၊ ကိုရင်လေး၊ လျှာဖြတ်၊ ဘမူးလဲ၊ အောင်ပါစေ၊ ဝစီပိတ်၊ လက်ခတ်တောင်၊ ဝါခိဏ္ဍာ၊ ဘိုးတော်ဘဲလူး စသည်ဖြင့် ဂမ္ဘီရသိုက်စာတို့ကို ရှေ့တွင်ချလျက် မိမိတို့ရရှိလာသည့် အတိတ်နိမိတ် စနည်းတဘောင်တို့ကို မိမိတို့ဉာဏ်နှင့် ပူးတွဲတွက်ချက် ခန့်မှန်းကာ လိပ်သတ္တဝါ၏ ပြောင်နေသော ကျောကုန်းပေါ်တွင် အမွေးတစ်ပင် ရှာဖွေတွေ့ရှိရမည် ဟူသော မဟာပညာရှိစတိုင်ဖြင့် ယနေ့နံနက် နှစ်လုံးဂဏန်းရှာဖွေခြင်းအမှုကို စိတ်ပါဝင်စားစွာ ပြုလုပ်ရလေတော့၏။

ထို့နောက် မိမိရှာဖွေရရှိထားသော ဂဏန်းသချ်ာတို့ကို ရေးမှတ်လျက် ရပ်ကွက်ချဲဒိုင်သို့ အချိန်မီပြေးရလေ၏။

ထိုချဲဒိုင်ဟူသော ပုဂ္ဂိုလ်တို့ကားနှယ်နှယ်ရရမဟုတ်။ သူတို့ကို ပုဂ္ဂိုလ်ထူးများ စောင့်ရှောက်သည်ဆို၏။

အမျိုးကောင်း သမီးတို့သည် အဆိုပါချဲဒိုင်ထံတွင် မိမိတို့လိုရာ ဂဏန်းများကိုထိုးပြီးနောက် နေအိမ်သို့ ပြန်လာကာ မနက်ဘက် ချဲမထွက်မချင်း နေမထိထိုင်မသာ ဂနာမငြိမ်စွာဖြင့် မကြာမီထွက်ပေါ်လာမည့်နှစ်လုံးဂဏန်းကို ရင်တဖိုဖိုဖြင့် စောင့်စားခြင်း၊ နားစွင့်ခြင်းအမှုကို ပြုရလေ၏။

နေ့လယ် ၁၂ နာရီထိုးသည်နှင့် ဘာဂဏန်းတဲ့ဟေ့ ဟူသော ဂဏန်းနှစ်လုံးသည် ထွက်ပေါ်လာလေ၏။ ထိုအခါ မိမိထိုးထားသည်နှင့် ပွတ်ကာသီကာ လွဲချော်သွားသဖြင့် မကျေမနပ်မချင့်မရဲ နှမြောတသစွာဖြင့် အဆိုပါ အမျိုးကောင်းသမီးတို့သည် နေ့ခင်းဘက် စိတ်ပျက်လက်ပျက် ပက်လက်မှောက်ခုံ ဖင်ပေါ် ခေါင်းပေါ်အိပ်စက်နားနေကြလေ၏။

အိပ်ရာမှ တစ်ရေးနိုးလတ်သော် နေ့ခင်းဘက် အိပ်ထား၍ ကယောင်ချောက်ချား ပေါက်တတ်ကရ မက်ထားသော အိပ်မက်များကို အချင်းချင်း သန်းတုတ်ရင်း၊ အတင်းပြောရင်း ပြန်လှန်ပြောဆို အတိတ်ကောက်ကြလျက် ညနေအတွက် နှစ်လုံးဂဏန်းကို တတ်အားသလောက် ကံစမ်းကြပြန်လေ၏။

ပြီးနောက် ညနေ ၄ နာရီ မခွဲမချင်း ပေါက်ဂဏန်းကို မျှော်လင့်စောင့်စားကြပြန်လေ၏။ ညနေ ၄ နာရီခွဲသည့်အခါ မိမိမျှော်လင့်မထားသော အခြားဂဏန်း နှစ်လုံးသည် လွဲမှားစွာ ထွက်ပေါ်လာတော့၏။ ဒီနေ့တော့ မနက်ရောညပါလွဲပြီး မနက်ဖြန် သော ပေါက် ဘယ်ဂဏန်းထွက်ရမည် စသည် ဖြင့် မိမိကိုယ်မိမိ ပြန်လည်အားတင် ကာ ညနေစာအတွက် မီးခိုးတလူလူဖြ စီမံချက်ပြုတ်ရပြန်လေ၏။

အဆိုပါ အမျိုးကောင်းသမီး တို့၏ လှူဒါန်းထောက်ပံ့ငွေများဖြ ချဲဒိုင်ဟူသော ပုဂ္ဂိုလ်များသည် ချမ်းသာ ကြွယ်ဝလာကြပြီး ရွှေတွဲလောင်း ငွေ တွဲလောင်း၊ မယားငယ်တွဲလောင်း၊ ယ ငယ်တွဲလောင်း၊ ဟန်းဖုန်းတွဲလော ဆိုင်ကယ်တဝီဝီဖြင့် ကြီးပွားတိုးတ လာကြလေ၏။ ချဲထိုးသူ အိမ်ရှင်မ အိ ငှားမတို့မှုကား တစ်နေ့ထက်တစ် ဖွတ်ကျောပြာစု ခရုဆန်ကျွတ်ဖြစ် မိမိအရှက်လုံရန် ဝတ်ရသော ထဘီမျ ပင် မကြာခဏ လမ်းထိပ်အပေါင်ဆိုင် နှင့် မိတ်ဆက်ရလေ၏။

စဉ်းစားကာ ချင့်ချိန်ကြပါ အမျိုးကောင်းသမီး အပေါင်းတို့။

ဤသို့ဖြင့် ညနေ ၅ နာရီ တွင် လင်တော်မောင်သည် တစ်နေ ထမ်းပိုး ရှန်းကန်လှုပ်ရှားလာရ ပင်ပန်းနွမ်းနယ်စွာ ပြန်လာပြီးသ မိမိတစ်နေ့စာ ရှာဖွေရရှိလာသည့် ကလိဒင်္ဂါးများထဲမှ မိမိအတွက် ငွေ အနည်းငယ်ကိုချန်ကာ အိ ဇနီးအား ကျန်ငွေကို အပ်နှံလေ၏ နောက် ရေချိုးကာ ညနေဘက် နေကျ ဇိုးသမားများ မျက်နှာစုံညီ လာခံတက်ရောက်ရန် ဘုံဆိုင်သေ ကုပ်သို့ ချီတက်ရလေ၏။

ဘုံဆိုင် သေတင်းကုပ် တူ ယမကာလုလင် အပေါ





www.burmeseclassic.com

www.burmeseclassic.com

လောကကြီးကို ခေတ္တ မေ့လျော့ကာ ရောက်တတ်ရာရာ အာပေါင်အာရင်း ခံတွင်းတွေ့သမျှ ပေါက်ကရလေးဆယ်များ လေပန်းပြီးသကာလ မူးယစ်ရီဝေစွာဖြင့် မိမိတို့ ခိုလှုံနေထိုင်ရာ တဲသာသာ အိမ်စုတ်များဆီသို့ ပြန်လာလေတော့၏။

ထို့နောက် ဖြစ်သလို စီမံချက်ပြုတ်ထားသော မည်ကာမတ္တ မသေထမင်း မသေဟင်းတို့ကို မြိန်ရှက်စွာစားသောက်ပြီးသကာလ မောပန်းနွမ်းနယ် ရီဝေ မူးနောက်စွာဖြင့် တုံးလုံးပက်ခါက် စက်တော်ခေါ်လေတော့၏။ ထိုအချိန်တွင် အိမ်ရှင်မသည် မနက်က ယူထားသော ဆန်ကြွေး၊ ဆီကြွေး၊ ဟင်းရံကြွေးများကို ပေးဆပ်ရန် ကုန်စုံဆိုင်သို့ သွားပြီးနောက် စာရင်းရှင်းလင်းကာ ရပ်ကွက် ဗွီဒီယိုရုံသို့ဝင်ပြီး နေထက်လင်း၊ ပြေတီဦး၊ မြင့်မြတ်၊ ရဲတိုက်၊ နေတိုး၊ ကျော်ရဲအောင် စသော ပုဂ္ဂိုလ်ထူးများကို ဂါရဝပြုရလေ၏။

ထိုအချိန်တွင် အထူးအရေးပါသော ပုဂ္ဂိုလ်ထီးနှင့် ပုဂ္ဂိုလ်မ စုံတွဲသည် လက်ထဲတွင် ဘောပင်နှင့် စာအုပ်ကိုကိုင်ပြီး ကြွေးရရန်ရှိသော လူများကို ရှာဖွေရန် ဟိုဝင် ဒီထွက် ဟိုလျှောက်ဒီလျှောက်ပြုလုပ်လျက်ရှိ၏။ ထိုပုဂ္ဂိုလ်ထီး ပုဂ္ဂိုလ်မတို့ကား နေ့ပြန်တိုးချေးကာစီးပွားဖြစ်နေသော ခေတ်သစ်ချစ်တီးစုံတွဲပေတည်း။ ထိုပုဂ္ဂိုလ်တို့၏ အရှိန်အဝါကလည်း မသေးလှပေ။ ဆင်းရဲသား ကျောမွဲနင်းပြားတို့သည် ငွေစကြေးစများ ချေးငှားရန်အလို့ငှာ သူတို့ထံမှောက်သွားပြီး ရှေ့မျက်နှာနောက်ထား မျက်နှာငယ်ငယ်ဖြင့် တောင်းပန်တိုးလျှိုးပြီး ငွေချေးရလေ၏။ ထိုအခါ မျက်နှာကြောတင်းမာစွာဖြင့် မတန်တဆ အမျိုးမျိုးသော အတိုးနှုန်းဖြင့် သူတို့လိုသလိုသတ်မှတ်ပြီး ငွေချေးခြင်းအမှုကို ပြုနိုင်စွမ်းရှိသူဖြစ်၏။

ငွေချေးရာတွင်လည်း နားလည့် ပါးရိုက်စာချုပ်စာတန်းအလွတ်ပေါ်တွင် ငွေချေးသူမှ လက်ဗွေနှိပ် လက်မှတ်ရေးထိုးရလေ၏။ အတိုးပေါ် အတိုးတက်ပြီး မဆပ်နိုင်တော့သည့်အခါ လက်ဗွေနှိပ်ထားသည့် စာချုပ်စာတန်းအလွတ်ပေါ်တွင် သူတို့လိုသလို ရေးသွင်းဖြည့်စွက်ပြီး သက်သေများ ဖန်တီးစီရင်ကာ နားလည်သူများနှင့် တိုင်ပင်ပြီးသကာလ ပုဒ်မ (၄၀၆/၄၂၀) ဘာညာကွိကွ စသည်ဖြင့် တရားစွဲဆို ငွေတောင်းခြင်းကို ပြုနိုင်လေ၏။ အရင်းပေါ် အတိုးတက်၊ အတိုးပေါ် အတိုးတက်၍ မဆပ်နိုင်တော့သည့်အခါ ပြဿနာမျိုးစုံကို ရှာဖွေနိုင်သဖြင့် ကျေးဇူးရှင်စာရင်းဝင်သော ပုဂ္ဂိုလ်မျိုး ဖြစ်လေ၏။

ဤသို့ဖြင့် ည ၁၀ နာရီခန့်တွင် လူသံ၊ ခွေးသံ၊ ရန်ဖြစ်ဆဲဆိုသံ၊ မူးရူးအော်ဟစ်သံ၊ စောင်းမြောင်းပြောဆိုသံ၊ ကလော်တုတ်သံ၊ ဗွီဒီယိုသံများ တစ်စစမှုန်ဝါးလာပြီး လူအပေါင်းတို့သည် မောပန်းနွမ်းလျစွာ အိပ်မောကျလေတော့၏။ ထိုသို့ အများသူငါ အိပ်မောကျနေချိန်အား ဝမ်းသာအားရ စောင့်မျှော်နေသူများလည်း ရှိလေ၏။

စောစောက ငွေတိုးချေးသော ခေတ်သစ်ချစ်တီးသည် သူ၏ အဖော်အား အိမ်ပြန်ပို့ပြီးနောက် ကျန်သည့် ကြွေးသမားများ ရှောင်တိမ်းနေသူများအား အလစ်အငိုက် ရယူတွေ့ဆုံ ကြွေးတောင်းရန် အကြောင်းပြကာ ရပ်ကွက်ထဲသို့ ထွက်ခဲ့လေ၏။ အများသူငါ အိပ်နေချိန်တွင် သူ မအိပ်သေးခြင်းမှာ အကြောင်းရှိ၏။ သူ့ထံမှ ငွေချေးထားကာ ပြန်မဆပ်နိုင်သော ခပ်တောင့်တောင့် အမျိုးသမီးသည် လင်တော်မောင် ဖိုးသမား အိပ်မောကျသွားပြီဖြစ်၍ ခြေကိုဖော့နင်းကာ နောက်ဖေးဘက်သို့ တိတ်တဆိတ်ထွက်ခဲ့လေ၏။ နောက်ဖေးလမ်းကြား မှောင်ရိပ်တွင် ကြွေးတောင်းရန် စောင့်ဆိုင်းနေသော ခေတ်သစ်ချစ်တီး ပုဂ္ဂိုလ်သည် အဆိုပါ ခပ်တောင့်တောင့် အမျိုးသမီးရောက်ရှိလာသည်နှင့် မလွတ်တမ်း သိုင်းဖက်ဖမ်းဆီးလိုက်ကာ သူ ရစရာရှိသော အကြွေးကို တောင်းယူလေတော့၏။

ထိုကဲ့သို့သော ညဥ့်နက် သန်းခေါင် အခါသမယကိုကား ကင်းတဲစောင့်၏။ အဆိုပါ ကင်းတဲအား ရပ်ကွက်မှ ငှားထားသော ကင်းသမား ဆိုသည့် ပုဂ္ဂိုလ်စောင့်၏။ အဆိုပါ ကင်းသမားဆိုသည့် ပုဂ္ဂိုလ်သည် ကင်းတဲပေါ်သို့တက်ကာ စောင်ခေါင်းမြီးခြုံ၍ တရှုးရှုးတခေါခေါဖြင့် အင်္ဂါဂြိုဟ်နှင့် ဆက်သွယ်သမှု ပြုလေတော့၏။

ညဥ့် ၁ နာရီကျော်သည့်အခါ ဗဟိုစိပြင်ါးဈေး၊ သီရိမင်္ဂလာကုန်စိမ်းဈေး စသည့် ညဘက်ဖွင့်သည့် ဈေးကြီးများတွင် ကုန်ထမ်းရန် ထွက်ခွာလာသည့် ရပ်ကွက်ထဲမှ လူငယ်အချို့သည် ကင်းတဲပေါ်သို့ တက်၍ ကင်းစောင့်ပုဂ္ဂိုလ်၏ ခေါင်းရင်းမှ လက်နှိပ်ဓာတ်မီးကို တိတ်တဆိတ် ယူဆောင်သွားကြလေ၏။

ထိုအချိန်တွင် ကင်းစောင့်ပုဂ္ဂိုလ်သည် အိပ်မက်ထဲတွင် မိုးဟေကို၊ သက်မွန်မြင့်၊ ချစ်စနိုးဦး စသော နတ်မိမယ်များနှင့် တွေ့ဆုံလျက်ရှိလေ၏။

ထို့နောက်မကြာမီ အောက်အီးအီးအွတ် ဟူသော ရောင်နီကို ကြိုလင့်သည့် ကြက်မင်းတွန်သံ ထွက်ပေါ်လာလေတော့၏။

မကြာမီ ရောင်နီလာ၍ နေ့သစ်သို့ ရောက်ပြန်ချေတော့မည် တမုံ့။

❒ ရွှေဒုံးဒေါင်းဝီ



www.burmeseclassic.com

www.burmeseclassic.com

ပူလောင်အိုက်စပ်သော နွေဥတု၏ တစ်နေ့သားမှာတော့ ဂျမ်းစိန်တို့၏ ကုမ္ပဏီပိုင်ရှင်သူဌေးသည် ဒါဘာတစ်ပွဲပြုလုပ်ပြီး ထူးဆန်းသောစကားတစ်ခွန်းကို ပြောလေ၏။ ဟိုဟိုဒီဒီ ဩဝါဒခြွေပြီး သကာလ . . .

"ဒီတစ်ခါ ကုမ္ပဏီနှစ်ပတ်လည်နေ့မှာ ဆုပေးပွဲလုပ်မယ်၊ ဒီဆုပေးပွဲကတော့ အရင်နဲ့ လုံးဝမတူသော ထူးခြားသော ဆုပေးပွဲမျိုးဖြစ်တယ်၊ ဘာထူးမလဲဆိုတာတော့ မင်းတို့ကို ကြိုပြောမထားဘူး၊ ငွေရောင်ပိတ်ကားပေါ်မှာ စောင့်မျှော်ကြည့်ရှုပါလို့ပဲ ပြောချင်ပါတယ်"

ဂျမ်းစိန်လည်း ကိုယ့်အနီးကလူကို ဘာအကြောင်းလဲ သိလားဟူသောသဘောဖြင့် မေးဆတ်၍ အသံတိတ်စပ်စုရာခေါင်းခါပြသည်။ ဘယ်ဟိုတယ်၊ ဘယ်ခန်းမ စသည်ဖြင့် ပြောကြားလေသောအခါ ဘာဆုတွေမှန်းမသိသော်လည်း ဂျမ်းစိန်တို့မှာ အလုပ်ရှုပ်ရပါတော့သည်။

*

သူများအလုပ်တွေတော့ ဘယ်ပုံရှိသည် မသိ။ ဂျမ်းစိန်တို့အလုပ်မှာတော့ ပွဲတစ်ပွဲရှိလျှင် တကယ့်ကို ချဲ့ကြသည်။ သူ့ထက်သူ လန်းအောင် လန်းအောင် အသားကုန်ပြင်ဆင်ကြသည်။ အလုပ်မှာ ဂျမ်းစိန်တို့လို ချိုးမကပ်တကပ်တွေလည်း အားကျမခံ၊ ဂျမ်းစိန်တို့ရှေ့က ချိုးတူးတွေလည်း အလျှော့မပေး၊ ဂျမ်းစိန်တို့နောက်က ဂျူနီယာမလေးတို့ကတော့ ဆိုဖွယ်ရာမရှိတော့။

စိတ်ကုန်လှစွာသော ယူနီဖောင်းကြီးတွေကို မျက်ကွယ်ပြုပြီး တိုသထက်တို၊ ပြတ်သထက်ပြတ်၊ ပြောင်သထက်ပြောင် အဲလေ လှသထက်လှအောင် ပြင်ဆင်တတ်ကြပါသည်။ ခြေသလုံးမှာရှိတဲ့ အနာရွတ်တွေကိုမှ အားမနာ။ တချို့တွေက အကူကိရိယာတွေသုံးပြီး ပစ္စည်းရှိ လူတန်းစားယောင် ဆောင်ကတ်ကြသေးသည်။

ဆံပင်ဆိုလည်း ကောက်သူက ဖြောင့်သည်။ ဖြောင့်သူက ကောက်သည်။ ဆံပင်ကို ညှိရွှေဝါ ကာလာတင်သူက အပြေးတင်သည်။

သူများတွေ ဂါဝန်ဝတ်တော့ ဂျမ်းစိန်လည်းဝတ်ချင်သည်။ ထို့ကြောင့် လိုက်ရှာသည်။

"ဒီထက်ကြီးတဲ့ဆိုက် မလာဘူး အစ်မ"

"ဟယ်"

နောက်တစ်ဆိုင် ရောက်ပြန်တော့ . . .

"အစ်မတို့ဆိုက်တော့ မရှိဘူး"

"ဟင်"

စိတ်ဓာတ်တို့ အဝီစိကိုထိုးဆင်းသွားသော်လည်း အားတင်းရပါသည်။

"ဖိုက်တင်း"

သုံးရက်ကြီးများတောင် အချိန်ရသေးတာပဲလေ။ မိန်းမတို့ဗွဲ့ သေခါမှ လျှော့မယ်။

ဒီလိုနှင့် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ရှာလိုက်တာ ဖိနပ်အတန်ငယ်ပါးသောအခါ ဂျမ်းစိန်ဆိုက်နှင့် ဂါဝန်တစ်ထည် ရပါသည်။ ကံကောင်းလွန်းပေစွ။

*

မျှော်တဲ့နေ့တော့ ရောက်ခဲ့ရလေပြီ။ ညနေစောင်းသည်နှင့် ရှိသမျှအလုပ်တွေပစ်ပြီး အလှပြင်ဖို့အရေးကိုသာ အာရုံစိုက်ကြပါတော့သည်။ ထိုအချိန် ဂျမ်းစိန်သူငယ်ချင်း သက်ချိုပြုံးမှာ အလွန်မျက်နှာပန်းပွင့်လေသည်။

"မသက်ချိုပြုံး၊ ညီမတို့ဆီ လာပါဦး"

"မကြီးသက်ချိုပြုံး၊ သမီးတို့ဆီလဲ လာဦးလေ"

ကုန်ထုတ်ဘက်က ခေါ်လိုက်၊ စီမံဘက်က ခေါ်လိုက်၊ Audit အဖွဲ့ကလည်း မနေပါ။

"သက်ချိုပြုံး၊ သယ်ရင်းတို့ဆီလဲ လာဦးလေ"

သက်ချိုပြုံးခမျာ ဟိုဘက်ပြေးပြီး ဖရီးပြင်ပေးလိုက်၊ ဒီဘက်ပြေးပြီး



အလကားပြင်ပေးလိုက်နှင့် လက်မလည်ကြက်သည် ဖြစ်နေပါလေတော့သည်။ နောင်အခါတွင် အလှပြင်ဆိုင်လေးဖွင့်ရန် ရည်ရွယ်ချက်လေးကလည်းရှိ အလှပြင်သင်တန်းဆင်းလည်းဖြစ်၊ ကိုယ်တိုင်ဝါသနာပါပြီး လက်စလက်နရှိသော သက်ချိုပြုံးသည် ပေါင် ၁၇၀ ကျော် ခန္ဓာကိုယ်လေးကို လှိမ့်ကာ လှိမ့်ကာ မမောနိုင် မပန်းနိုင် မညည်းမညူ ပြ... ပေးနေရှာသည်။

ဂျမ်းစိန်သည်လည်း နံ့ချာ... သော ရုပ်ရည်ကြီးကို ပြုပြင်ရန်အလို့ငှာ သက်ချိုပြုံးကို ဖားရပါသည်။

"သက်ရေ ကော်ဖီလေးသော... ပါဦးကွယ်၊ မောနေမှာပေါ့"

"ကျေးဇူးပဲ မဂျမ်း၊ မဂျမ်း... သက်အလှဆုံးပြင်ပေးမယ်"

ထိုစကားကြောင့် ဂျမ်းစိန်... နားရွက်တက်ချိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

# သဲသဲမဲမဲ ထူးလည်းထူးတဲ့ ဆုပေးပွဲ



ဆိုတာလည်း ရုပ်ဆိုးသလောက် လှချင်သူကိုးလေ။

"ဆံပင်လေးကို တစ်ပွဲထိုးလိမ်လိုက် မဂျမ်း"

အပူချောင်းဖြင့် ဂျမ်းစိန်ဆံပင်ကို လိမ်ပြီး စပရေးတွေ တဖြီးဖြီး တရှီးရှီး ဖျန်းပါလေတော့သည်။ နှုတ်ခမ်းနီ၊ မိတ်ကပ်၊ ပေါင်ဒါ၊ ရှဲဒိုး၊ လိုင်နာ၊ မက်ကာလာ၊ မျက်တောင်တုပါ တပ်လိုက်တော့ ဂျမ်းစိန်တောင် အတော်အတန် ကြည့်ပျော် ရှုပျော် ဖြစ်သွားသည်။

"မဂျမ်း ဗိုက်ချပ်ဘောင်းဘီပါရဲ့လား"

"ဟယ် . . . တကယ်အရေးကြီးတာမှ မေ့နေတယ်၊ ထွက်ဝယ်ဖို့ အချိန်လဲ မရတော့ဘူး၊ မာတပ်ပုံရိုက်ခါနီးရင် မဂျမ်း အသက်အောင့်ပြီး ဗိုက်ချပ်ထားမယ်"

"ဖြစ်ပါ့မလား မဂျမ်းရယ်၊ ဒီလိုမှန်းသိ စောစောကတည်းက သက်လဲ သတိပေးပါတယ်"

ဂျမ်းစိန်နှင့် သက်ချိုပြုံးမှာ ခန္ဓာကိုယ်ဆိုက်ချင်းက သူမသာ ကိုယ်အသုဘဆိုတော့ အချင်းချင်း ရိုင်းပင်းစိတ်ရှိကြသည်။ ဒီလိုနှင့် အကုန်လုံးပြင်ဆင်ပြီး ဟိုတယ်သို့ ထွက်ခဲ့ကြတော့သည်။

ဘာဆုတွေများ ပေးလေမည်မသိ၊ တွေးရင်းနှင့်ပင် ရင်တွေဘာတွေခုန်လာသည်။

"Marketing အဖွဲ့ ရမလားမသိဘူး၊ ဈေးကွက်အသစ်တွေ ထိုးဖောက်ပြီး Customer အသစ်တွေ ရထားတယ်ဆိုတော့"

ထင်ကြေးတွေ အမျိုးမျိုးပေးနေကြသော်လည်း တကယ်တမ်း ဆုပေးသည့်အခါ . . .

"ဒီနှစ်ရဲ့ ရက်ပျက်အများဆုံးဆုကို ပြုံးစိန်က ရရှိပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

သူများလက်ခုပ်တီးတော့ ဂျမ်းစိန်လည်း ဘုမသိ ဘမသိ တီးရပါသည်။ ဟုတ်သားပဲ၊ ပြုံးစိန်က တစ်လကို ဆယ်ရက်လောက်တော့ အကြောင်းအမျိုးမျိုးပြပြီး နားတတ်သည်။

"နောက်တစ်ဆုပေါ့နော်၊ ရေသာခိုဆု ဖြစ်ပါတယ်၊ ရသလောက်ကို ခိုကပ်နေတတ်လို့ ရေသာခိုဆုကို ပြစိန်က ရရှိပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

အကြောင်းသိချင်းဆိုတော့ အားပေးရပါသည်။

"နောက်တစ်ဆုကိုတော့ . . ."

ဘောစိက ဝန်ထမ်းတွေဘက် မျက်စိဝေ့ကြည့်လိုက်သည်။

"အချိန် အခိုးဆုံးဆုကို တော့ ယောင်စိန်က ရရှိသွားပါတယ်"

"တစ်နှစ်ပတ်လုံး ဟိုသင်တန်း ဒီသင်တန်းနဲ့ နေ့ဝက်ကျိုးမှဝင်၊ လစာတန်းတူယူနဲ့ ကိုယ့်အတွက်ကိုယ် ကြည့်တတ်လွန်းလို့ ထိုက်ထိုက်တန်တန် ချီးမြှင့်တာပါ"

"ဟေး ဖြောင်း ဖြောင်း ဖြောင်း"

"ပြီးတော့ တစ်နှစ်ပတ်လုံး လမ်းအများဆုံးဆုကိုလဲ ယောင်စိန်ကပဲ ပူးတွဲရရှိသွားပါတယ်"

"ထိုက်တန်လိုက်တာဟယ်"

ဘယ်သူ့ဆီက အားပေးသံလဲတော့ မသိပါ။

"နောက်ဆုံးဆုကိုတော့ ကုမ္ပဏီကို တစ်နှစ်ပတ်လုံး နောက်ဆုံးမှရောက်တတ်တဲ့ နောက်အကျဆုံးဆုကို ဂျေက်ျာင်စိန်က ရရှိသွားပါတယ်"

"ရှီး"

"ဖြောင်း ဖြောင်း ဖြောင်း"

ထူးဆန်းထွေလာ ဂျမ်းစိန်တို့ရဲ့ ကုမ္ပဏီဆုပေးပွဲကြီးပါ။


❒ သဲသိမ့်သိမ့်





www.burmeseclassic.com

www.burmeseclassic.com



# ချိန်းဆိုလေတဲ့ည

ပန်းချီအောင်ခိုင်လတ်

## ကိုရွှေတောသား

သုံးရက်လ ခုံးမျက်စ လကွေး ကွေးမျှင်မျှင်ကလေးသည် ည၏ကောင်း ပင်ပြင်၌ ငွေတာရာ စိန်မှုန်ကြဲသည့် အလား ကြယ်ကလေးများ ဝန်းရံလျက် ရွှေပန်းပေါ်ရွာကလေးကို စိုက်ကြည့်နေ လေ၏။

ရွာလမ်းနံဘေးမို့ ရေသဖန်းပင် ကြီးအောက်မှာတော့ သေရွာပြန် ဖိုးညွန့် တင်နှင့် သူကြီးဦးဘုတ်ပေါ်၏ သမီး ဘုတ်ဆုံမတို့ ချိန်းဆိုတွေ့ဆုံကြလေပြီ။

"ဘုတ်ဆုံမတော့လေ ကိုညွန့် တင် ဝမ်းသွားပြီး ဆုံးသွားတယ်ကြားလို့ ဝမ်းနည်းကြေကွဲလိုက်ရတာ မပြောပါ နဲ့တော့ သိလား"

"အခုလို မသေဘဲ ပြန်ရှင်လာ တယ်ဆိုတော့ကော"

"ဘယ့်နှယ် ပြောလိုက်တာပါ လိမ့် ကိုညွန့်တင်ရယ်၊ ဘုတ်ဆုံမ ပျော် တာပေါ့၊ ပျော်တာမှလေ ပြောမပြနိုင် လောက်အောင်ကို ပျော်တာရှင့်"

"အဲဒါ ကိုညွန့်တင်ကို ...

ပေါ့နော်၊ ဟုတ်တယ်မဟုတ်လား ...

ဆုံမရယ်"

"အို၊ ဘယ့်နှယ်ပြောလို ...

လဲ ကိုညွန့်တင်ရယ်"

"ဒါနဲ့များ ဘုတ်ဆုံမနဲ့ ...

ကပ် တွေ့ဆုံရအောင် ဘုတ်ဆုံ ...

ညဘက် လာတက်ပါရစေ ...





www.burmeseclassic.com

www.burmeseclassic.com

...တစ်ခါမှကို အခွင့်အခါ မပေးသေးဘူး"

"ကိုညွှန့်တင်ရယ်၊ ဘုတ်ဆုံမတို့ ... လက်ထပ်ထိမ်းမြား ပြီးသေးတာ ...တ်သေးဘဲနဲ့ အဲဒီလို နီးနီးကပ်ကပ် ...ရင် ဖက်ပေါ်ကျ ဖက်ပေါက်၊ ဆူး ...ကျ ဖက်ပေါက်ဘဝ မရောက်ပါ ...လို့၊ ဘုတ်ဆုံမက မိန်းမသားပါ ကို ...န့်တင်"

"ဘာပဲဖြစ်ဖြစ်လေ . . . တစ် ...ယောက်နဲ့တစ်ယောက် ချစ်သူတွေဘဝ ...ရောက်နေကြပြီဆိုတော့ နီးနီးကပ်ကပ် ...လေးတော့ နေချင်တာပေါ့ ဘုတ်ဆုံမ ...ရယ်၊ ဒီလိုချည်း နေသွားရမယ်ဆိုရင် ...တော့ ဒီရွှေပန်းပေါ်ရွာကို ကျောခိုင်းပြီး ...အီဂျစ်ရောက်ရောက်၊ အင်္ဂလန်ရောက် ...ရောက် ခြေဦးတည့်ရာ ထွက်သွားချင် ...တော့တာပဲ"

"အို . . . ဒီလိုတော့ မပြောပါနဲ့ ...ဘူး၊ စိမ်းကားတဲ့စကားကို မဆိုပါနဲ့ ...ဘူး ကိုညွှန့်တင်ရယ် အဟင့်"

ဖိုးညွှန့်တင်၏ စကားက ဘုတ်...ဆုံမ၏ နှလုံးသားကို နင့်နင့်နဲနဲ အဖျား ...ခတ်သွားပုံ ရချေ၏။

ဘုတ်ဆုံမအဖို့ ဖိုးညွှန့်တင်နှင့် ...အိမ်းရည်းစားဖြစ်သည့်တိုင် နီးနီးကပ် ...ကပ် နေဖို့အရေးကျတော့ မူယာမာယာ ...တွေသုံးလျက် နေ့ရှေ့၊ ညရှေ့၊ လုပ်ခဲ့ ...သည်မှာ သေချာ၏။

ဒီအတွက် ဖိုးညွှန့်တင်မှ သူမ ...အပေါ် စိတ်ပျက်သွားရှာပြီတဲ့လား။

အကယ်တန္တ အကြီးအကျယ် ...စိတ်ပျက်သွားပြီးသကာလ အီဂျစ်နှင့် ...အင်္ဂလန် နိုင်ငံခြားကို ထွက်သွားတော့ ...မည်ဆိုပါလျှင် ရွှေပန်းပေါ်တစ်ရွာလုံး ...ဘယ်သူမျှ စောင်းချိတ်ခြင်းမရှိသည့် ...ကိုယ်ခန္ဓာပိုင်ရှင် သူမအဖို့ ကျန်ရစ်သူ ...ဖြစ်ရရုံမက အပျိုဟိုင်းကြီး စာရင်းဝင် ...မှာ သေချာလှပေ၏။

"ကိုညွှန့်တင်ရယ် ရှင်သာ ဘုတ်...ဆုံမကို သဘောအရိုင်းနဲ့ ကျောခိုင်း ...ထွက်သွားမယ်ဆိုရင်ဖြင့် ဘုတ်ဆုံမရဲ့ ...ရင်ဘတ်ကြီးတစ်ခုလုံး ဟာလာဟင်း လင်း ဖြစ်သွားမှာ အသေအချာပါပဲရှင်၊ ဒီမှာ ဒီမှာ မျက်နှာကို ဘုတ်ဆုံမဘက် လှည့်လိုက်စမ်းပါဦး၊ အို . . . မျက်နှာကြီးကလဲ မှုန်တေနေလိုက်တာ"

အမှန်တကယ်တော့ ဒီလိုမျိုး သုံးရက်လနှင့် ကြယ်ပြောက်ကလေးများ၏ အားနည်းသော အလင်းက အဘယ်မှာလျှင် ဖိုးညွှန့်တင်၏ မျက်နှာ သွင်ပြင် အနေအထားကို ပုံဖော်ပေးနိုင်မှာတဲ့နည်း။

သို့သော် ဘုတ်ဆုံမ၏ မနောဓာတ်က ဖိုးညွှန့်တင်၏ခံစားမှုကို ပုံဖော်တတ်နိုင်ခဲ့သည်။

"ဒီတော့ ကိုညွှန့်တင်ရဲ့ ဆန္ဒကို ဘုတ်ဆုံမ လိုက်လျောပါ့မယ်"

"တကယ်"

"တကယ်ပေါ့"

"မလိမ်နဲ့နော်"

"မညာပါဘူး"

"ကျိန်းသေတယ်နော်"

"အသေအချာပေါ့ရှင်"

"ကတိပေးတယ်နော်"

"စာချုပ်ပါ ချုပ်ပြီးသား"

"ဘယ်ကနေ့ည လာရမလဲ"

"သန်ဘက်ခါရဲ့ မနေ့ည"

"ဒါဆို မနက်ဖြန်ညပေါ့၊ အားဟား . . . ဝမ်းသာလိုက်တာ ဘုတ်ဆုံမရယ်"

"ဒါပဲနော်၊ ကိုညွှန့်တင် လာတဲ့အခါ ဘုတ်ဆုံမရဲ့ အခန်းတံခါးကို လက်သည်းနဲ့ အသာကလေးခြစ်ပြီး အချက်ပေး၊ ဟုတ်ပြီလား"

"စိတ်ချ၊ ဒါထက် သူကြီးနဲ့ ဘုတ်ဆုံမတို့အမေ မအိပ်သေးရင်ကော"

"ညသန်းခေါင်ယံလောက်ဆို အဘနဲ့အမေတို့အိပ်မောကျနေလောက်ပါပြီ၊ အိပ်မပျော် ပျော်အောင်လဲ ပဲပုပ်ထောင်းဟင်းရယ်၊ မဲဇလီဖူးပြုတ် တို့စရာရယ် စီမံကျွေးထားတာပေါ့၊ ဒါ့ပြင် ခေါင်းမထောင်နိုင်လောက်အောင် ဖန့်ကျွဲရွက်ရေနွေးဖျော်ပြီး အသုပ်သုပ်ကျွေးလိုက်ဦးမှာ၊ ကဲ . . . မပိုင်လား"

"ပိုင်ပါပေ့ ဘုတ်ဆုံရေယ် ဒါကြောင့် ကိုညွှန့်တင်ရဲ့ အသည်းကလေးက မခိုင့်တခိုင် ဖြစ်နေရတာ"

"ဟွန်း . . . ပိုပြီ၊ ကဲ သွားကြရအောင်၊ အိမ်မှာ အဘတို့ကိုလှည့်ပြီး ထွက်လာခဲ့ရတာလေ၊ မိုးချုပ်သွားရင် မကောင်းဘူး"

ဒီနောက်မှာတော့ ဖိုးညွှန့်တင်လည်း ကျေနပ်အားရခြင်းကြီးစွာဖြင့် ချစ်သူဘုတ်ဆုံမအား နှုတ်ဆက်ထွက်ခွာလာခဲ့လေတော့၏။

❁

"သုံးရက်လ" ကိုတော့ ခုံးမျက်စ ဟု တင်စားပြောဆိုကြသည်။ "လေးရက်ည" ကိုတော့ ဘယ်လိုတင်စားပြောဆိုကြမည်နည်း။ "ပွေးကွက်ထ" ဒါ လုံးဝ မကောင်း။ "ခွေးဖက်ခွ"၊ ဟာ ဒါလည်း မသင့်လျော်။

အဲအဲ . . . "ထွေးဖက်ည"၊ အဲ "ထွေးဖက်ည"။ ဒါဆိုလျှင်ဖြင့် တော်တော်ကလေးကောင်းမွန်သည့်အဓိပ္ပာယ်ပါတည်း။ ဒီအဓိပ္ပာယ်နှင့် ကိုက်ညီပါက ဘယ့်ကလောက် အနှစ်သာရ ပြည့်ဝပါလေမလဲ။

"ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်၊ လူပျိုမောင်မောင် ရောက်မည့်အချိန်ပဲ" ဆိုသကဲ့သို့ ဘုတ်ဆုံမလည်း အဘနှင့်အမေတို့ သိုးနေအောင်အိပ်ပျော်နေချိန်ဝယ် ချစ်ရသူ ဖိုးညွှန့်တင် အလာကို မီးကလေးမှိတ်၍ ကြိုလင့်နေပါသည်။

အမှန်မှာတော့ . . ညဦးပိုင်းကတည်းကပင် ဘုတ်ဆုံမတို့ အိမ်ရိပ်နားသို့ ဖိုးညွှန့်တင် ချဉ်းကပ်ဖို့ရာ အကြံအစည်ရှိပြီးသား။

သို့ရာတွင် ညီမဖြစ်သူ ဂွက်ထော်မ ချက်သည့် ပဲကြီးဟင်းကို မတန်တဆ စားကောင်းတောင်းနှင့် စားခဲ့မိလေသည့်အတွက် ဝမ်းသုံးလေးခါမက သွားနေရသည်မို့ ညဥ့်အတော်နက်မှပင် ဘုတ်ဆုံမတို့ အိမ်ဝိုင်းသို့ ချဉ်းကပ်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"သုံးရက်လ"
ကိုတော့
ခုံးမျက်စပာ ...
"လေးရက်ည"
ကိုတော့
ဘယ်လိုတင်စား
ပြောဆိုကြမည်နည်း။

ဟူး... တော်ပါသေး။

ဘုတ်ဆုံမတို့အိမ်မှာ ခွေးမမွေးထားပေလို့။

ဘာကြောင့်ဆို ဘုတ်ဆုံမတို့ ခြံစည်းရိုးအစပ်တွင်ပင် ဝမ်းကြာတိုက် တစ်ခုလုံး ဆိုင်ကလုံးမုန်တိုင်းမွှေသလို လှုပ်ယမ်းသွားသည့်အတွက် လုံချည်ကို အသာမလျက် ဆောင့်ကြောင့်ထိုင်ကာ "ဝူး ဝရော့... ဗျစ် ဗျစ် ဗွမ်း" ဆိုပြီး ဖိုးညွန့်တင်လူပျိုကြီး ဗိုက်နာ၍ပါ ဆို သည့်ကိန်း ဆိုက်ခဲ့လေသည် မဟုတ်လား။

ဝမ်းထဲမှ အစာဟောင်းများ အတန်အသင့် ကုန်စင်ပြီး ခြံစည်းရိုးမှ နှီးစကိုဖြေလျက် သုတ်သင်ရှင်းလင်းပြီးမှပဲ ခြံဝင်းထဲဝင်ရောက်ကာ ဘုတ်ဆုံမတို့ အိမ်ခြေသို့ ကပ်နိုင်တော့သည်။

ဘုတ်ဆုံမ အိပ်သည့်အခန်းက မီးဖိုချောင်နှင့် ကပ်လျက်ရှိအခန်း။ အိမ်က ဘုတ်တိုင်ခံထားသည့် ခြေတံရှည် တစ်ထပ်အိမ်။ လေးပင် သုံးခန်းဆောက်ထားသည်မို့ သားအမိ သားအဖ သုံးယောက်အဖို့ ကျယ်ကျယ်ဝန်းဝန်းရှိလှသည်ဟု ဆိုရမည်။ အိမ်က သွပ်မိုး ထရံကာ၊ ထရံအထူကြီးကိုရေနံချေးဝအောင် သုတ်လိမ်းထားသည်။

မှိန်ဖျော့သောအလင်းရောင်က ဖိုးညွန့်တင် အတွက်တော့ အတော်ကလေးကို အထောက်အကူ ပေးနေသည်ဟု ဆိုရပါချိမ့်။

မီးဖိုခန်းနှင့် ကပ်လျက်ရှိ ဘုတ်ဆုံမအခန်းနားရောက်တော့ ဘုတ်ဆုံမ မှာထားသည့်အတိုင်း ထရံကို လက်သည်းနှင့် အသာခြစ်လိုက်သည်။

"ဂျစ်... ဂျစ် ဂျစ်... ဂျစ်"

"ဂျစ်... ဂျစ် ဂျစ်... ဂျစ်"

အထဲမှ မည်သည့်တုံ့ပြန်သံမျှ ထွက်ပေါ်မလာ။

"ဂျစ်... ဂျစ် ဂျစ်... ဂျစ်"

ဒီတစ်ခါလည်း အကြောင်းမထူး၊ ဘာများဖြစ်လို့ပါလိမ့်။ ဘုတ်ဆုံမ တစ်ယောက် ကိုယ်ဖော်သည့်ဆေး ကိုယ်ပြန်သောက်မိဆိုသလို သူကြီးနှင့် သူကြီးကတော်တို့ ခေါင်းပြားအောင် အိပ်သွားစေရန် အလို့ငှာ ပဲပုပ်ထောင်းဟင်းလျာကိုစား၊ မဲဇလီဖူးပြုတ် တို့ရုံမက အာသာငမ်းငမ်းဖြင့် ဒန့်ကျွဲရွက်တွေကိုပါ အားပါးတရ တွယ်မိသွားလေပြီလား မသိ။

ထရံအနားကို နားကပ်၍ထောင်လိုက်သည်။ အရာရာက တိတ်ဆိတ်ငြိမ်သက်လျက်။

တစ်ချက် တစ်ချက်မှာတော့ဖြင့် အိမ်ရှေ့ခေါင်းရင်းခန်းမှ သူကြီးဦးတုတ်ပေါ်၏ ဟောက်သံသဲ့သဲ့က ထွက်ပေါ်လာချေ၏။

မတတ်သာသည့်အဆုံး နှီးစကလေးတစ်စကိုယူကာ အိမ်အောက်မှနေ၍ ဘုတ်ဆုံမရှိမည့်နေရာကို အသာလှမ်းထိုးလိုက်လေသည်။

"အင်... အင်း"

ဘုတ်ဆုံမ၏ အသံ။

ဒီတော့ အိမ်အောက်မှ ပြန်ထွက်ကာ အိမ်ဘေးထရံကို လက်သည်းဖြင့် ခြစ်ရ အချက်ပေးရပြန်လေပြီ။

"ဂျစ် ဂျစ်... ဂျစ် ဂျစ်"

"ရှူး..."

အနေအထားက အတော်လေး ကိုယ့်ဘက် အလေးသာသွားပြီဆိုသည့် သဘော။

ဟော... ပြတင်းပေါက်က ဖျတ်ခနဲဆိုသလိုပွင့်သွားခဲ့ပေပြီ။ ပြတင်းနှင့်ကပ်လျက်မှာတော့ မာလကာပင်ကြီး တစ်ပင်။

ဘာမျှ စဉ်းစားမနေတော့ပါ။ မာလကာပင်ကြီးကို တွယ်ကပ်လျက် ပြတင်းပေါက်ဘောင်ကို ခြေလှမ်းကာ ဘုတ်ဆုံမ၏ အခန်းအတွင်းသို့ အသာ ကလေးလှမ်းဝင်လိုက်လေသည်။ ပြတင်း ပေါက်မှ ဝင်လာသော မှုန်တိမှုန်မွှား အလင်းရောင်ဝယ် ချစ်သူနှစ်ဦးတို့မှာ သဲသဲကွဲကွဲ မမြင်ရရှာ။ စကားပြောရာ တွင်လည်း လေတိုးသံအလား။ ခပ်သဲ့သဲ့ ခပ်ယဲ့ယဲ့။

"ဘုတ်ဆုံမက ဒီအချိန်လော ရောက်မှတော့ ကိုညွန့်တင် ရော မလာတော့ဘူးလို့ မှတ်နေတာ"

"ဘယ်မလာဘဲ နေမှာတဲ့ ဘုတ်ဆုံမရယ်၊ ဒီလိုမျိုး အခွင့်အရေး ကာလအတန်ကြာကတည်းက စော မျှော်နေခဲ့ရတဲ့ဥစ္စာ၊ အခုလိုမျိုး အခွ သာ အခါပေးတုန်း ကိုညွန့်တင် ရော မလာခဲ့ရင် ဘုတ်ဆုံမအပေါ် ကတိဖျ ရာ ကျတော့မှာပေါ့"

ဘုတ်ဆုံမ၏ ပခုံးသားအိအိ အား လှမ်းဖက်မည်အလုပ် ၎င်း၏လ အား တွန်းဖယ်လျက် နှာခေါင်းတ ရှုပ်လုပ်နေသော ဘုတ်ဆုံမကြော ဖိုးတင်ညွန့်ခမျာ လက်လှမ်းလို့မမီ ဖြစ်သွားခဲ့ရလေသည်။

"ဟွန်း... ဘာအနံ့ကြီးလဲ ဘူး၊ ကိုညွန့်တင်ကိုယ်က ချဉ်စုတ်စု လမ်းမှာ ချေးပုံများတက်နင်းလာသ မသိဘူး"

"အယ်..."

ဟုတ်ပါရဲ့။ အခုမှ သူကိုယ် လည်း နှာခေါင်းတရှုပ်ရှုပ် လုပ်ကြ သည်။ ချဲ့စော်နီး၍ ချေးစော်နံ တတား။

ဒါ ဘုတ်ဆုံမတို့ ခြံစည်း ချေးထိုင်ပါစဉ် ပုဆိုးစက ချေးပုံနှင့် ခဲ့စရာအကြောင်းရှိလေသည်။ဒီအ ပုဆိုးအောက်အစအနားတွေကို အ စမ်းကြည့်မိ၏။





www.burmeseclassic.com

www.burmeseclassic.com

ဟင် . . . နှာခေါင်းနား ကပ်ကြည့်တော့ ဟာ သေချာလှပါကော။

"ပြောတော့ ဘုတ်ဆုံမရေ၊ ကိုညွန့်တင် နမော်နမဲ့နိုင်ပုံများကွယ် ပုဆိုးကို တိုတိုဝတ်မိတော့ မှောင်ရိပ်တစ်နေရာရာမှာ ထောင်ထားတဲ့ ချေးဗုံးမိုင်းနဲ့မိသွားပြီ"

"အင်း. . . ကိုကိုညွန့်တို့များ လုပ်လာလိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းဆိုသလိုပါပဲလား"

"ပြောပေတော့ ဆုံဆုံရယ်၊ ပြောပေတော့၊ ကိုကိုညွန့်အဖြစ်ကလဲ ဆုံဆုံပြောမယ်ဆို ပြောလောက်တာတွေချည်းပါပဲ"

တကယ့်မေတ္တာစစ်နှင့် ချစ်မိကြလေသည့် ချစ်သူနှစ်ဦးမို့ အခေါ်အပြောလေးတွေက သမုဒယနွယ်လာသည်။ သို့သော် ထိုသမုဒယအား ရှေ့တက်မလာစေရန် ချေးနံ့က အဟန့်အတားသဖွယ် ဖြစ်စေခဲ့လေသည်။

"ဒီအနံ့ဆိုးကြီးနဲ့တော့ မဖြစ်ဘူးထင်တယ် ကိုကိုညွန့်၊ ကြာရင် ဆုံဆုံဖို့တက်ပြီး ဝေါခနဲအန်မိလိမ့်မယ်"

"သေချာတာပေါ့ ဆုံဆုံရယ်၊ ကိုကိုညွန့်လေ ဆုံဆုံ့ကို အားနာလိုက်တာကွယ်၊ ကိုကိုညွန့် ဘာလုပ်ရမလဲဟင်"

"အင်း. . အနံ့အသက်ပျောက်အောင် ရေဆေးရမှာပေါ့။ ဟောဟိုခြေရင်းခန်း မီးဖိုချောင်မှာ လက်တိုလက်တောင်းသုံးဖို့ ထည့်ထားတဲ့ ရေအိုးရှိတယ်၊ အဲဒီအိုးထဲက ရေကိုခပ်ပြီး အသံမထွက်အောင် သွားဆေးချေ၊ ဟုတ်ပြီလား"

"အိုကေ ဆုံဆုံ"

"မျက်နှာကို အရင်သစ်ပြီးမှ ပုဆိုးကို ရေပြောင်အောင်ဆေးခဲ့"

"စိတ်ချ ဆုံဆုံ"

ဖိုးညွန့်တင်လည်း ချစ်သူဘုတ်ဆုံမ စေစားသည့် မီးဖိုခန်းသို့ဝင်ကာ တိုစမ်းမီးစမ်း စမ်းလိုက်သည်။

ဟော. . . တွေ့ပါပြီ။

စမ်းမိပါပြီ။ အိုးတစ်လုံး၊ ဒီအိုးကား ဘာလီပုံး နှစ်ပုံးလောက် ရေဝင်မည့်အိုးအရွယ်ဖြစ်ပေသည်။ အိုးအပေါ်၌ သစ်သားအဖုံးဖုံးထား၏။ ပန်းအပေါ်၌ ပလတ်စတစ် ရေခွက်ငယ်တစ်ခွက်သည် မှောက်လျက်။

ဖိုးညွန့်တင်လည်း ဘာမျှပြောဆိုမနေတော့ဘဲ ရေခွက်ကိုကိုင်ကာ အဖုံးကိုဖွင့်လှပ်လျက် အိုးအတွင်း လှမ်းခပ်လိုက်ပြီးသည့်သကာလချစ်သူဘုတ်ဆုံမ မှာကြားသည့်အတိုင်း ဦးစွာ မျက်နှာသစ်လိုက်လေတော့၏။

"အယ်. . . ရေမှ မဟုတ်ဘဲ၊ ရေနံချေးအိုးကြီးပဲ"

ရေနံချေးတွေက ဖိုးညွန့်တင်၏ မျက်နှာတစ်ပြင်လုံးအား ဖုံးလွှမ်းသွားကာ ရေနံချေးများသည် လည်ပင်းသို့စီးကျလာလေတော့သည်။

"လုပ် လုပ်ပါဦး ဆုံဆုံ၊ ကိုကိုညွန့် ရေအစား ရေနံချေးတွေနဲ့မှားပြီးမျက်နှာသစ်မိလို့"

"အယ်. . . အဲဒါမှ ပြဿနာပဲ၊ ရေအိုးက ဟိုဘက်ထောင့်မှာ၊ ရေနံချေးအိုးက မနက်ဖြန် အိမ်တိုင်တွေသုတ်ဖို့ အဘလာထားသွားတာ၊ ဆုံဆုံ မေ့နေလို့ သတိမပေးလိုက်မိတာ"

"ဒါ. . . ဒါဖြင့် ကိုကိုညွန့် ဘာလုပ်ရမလဲဟင်"

"ဘာမှ မလုပ်နဲ့၊ အဲဒီအတိုင်းနေ မျက်နှာကို သုတ်ဖို့ ဆုံဆုံ အဝတ်လာပေးမယ်"

မကြာခင်မှာပင် တစ်နေရာမှနေ၍ ဘုတ်ဆုံမက ပုဆိုးဟု ယူဆရသည့် အဝတ်တစ်ထည်ကို လှမ်းပစ်ပေးသည့်သမယ ဖိုးညွန့်တင်လည်းကမန်းကတန်းဆိုသလို ရေနံချေးပေသည့် မျက်နှာပြင်နှင့် လည်ပင်းတစ်ဝိုက်အား ပြောင်စင်သွားစေရန် သုတ်ပစ်လိုက်သည်။

"ပြောင်သွားပြီလား"

"အင်း. . . ဒါဆို မျက်နှာသစ်လိုက်၊ ညာဘက်ထောင့်မှာ ရေအိုးနဲ့ ဆပ်ပြာရှိတယ်"

ဒီတစ်ခါတော့ ကံတရားက ဖိုးညွန့်တင်အပေါ် မျက်နှာသာပေးရှာပါ၏။ ရေအိုးအသင့် ဆပ်ပြာအသင့်။

ဒီတော့ မသံမထွက်နိုင်သမျှ မထွက်အောင် ရေခပ်ပြီး မျက်နှာသစ်သည်။ စင်ကြယ်ပြီး ရေနံချေးပျောက်အောင် ဆပ်ပြာကိုသုံးသည်။ ပြီးတော့ မစင်ပေကျံနေသော ပုဆိုးစကို ထိုနည်းလည်းကောင်း၊ ဒီနောက် ရေနံချေးပေနေသည်ကို သုတ်ခဲ့သော အဝတ်စ၊ အခြားတစ်ဖက်မှ နေရာဖြင့် မျက်နှာကိုလည်းကောင်း၊ ပုဆိုးအနားစကိုလည်းကောင်း သုတ်သင်ရှင်းလင်းလိုက်လေ၏။

"ရွှတ် . . . ရွှတ်"

ဒီတစ်ခါ နှာခေါင်းအနံ့ခံကြည့်တော့ ရေနံချေးနံ့လည်း မထွက်တော့။ ချေးနံ့လည်း လုံးဝဆို လုံးဝမရှိတော့။ ဆန်းလိုက်ဆပ်ပြာနံ့သာလျှင် စွဲကျန်နေရစ်တော့သည်။ ကောင်းပါလေစွ။ ကောင်းပါလေစွ။

"ပေး ပေး ဆုံဆုံကို၊ ကိုကိုညွန့်သုတ်ထားတဲ့ အဝတ်ကိုပေး၊ မနက်ကျမှ ဆုံဆုံ လျှော်ပစ်လိုက်မယ်"

"ရော့ . . . ရော့"

"ကဲ. . . ဆုံဆုံ့အခန်းထဲကို ခြေဖော့ပြီး ဝင်နှင့်ပေတော့၊ ဆုံဆုံအပေါ့သွားချင်လို့"

ဘုတ်ဆုံမက သူ့အိမ် ဘယ်နေရာ ဘာရှိသည်ကို သိထား ကျွမ်းထားလေသည်မို့ အမှောင်ထုထဲမှာပင် သေးပေါက်ခန်းသို့ တန်းဝင်သွားခဲ့လေသည်။

ဖိုးညွန့်တင်လည်း စားရက်ကြံ၍ မုတ်ဆိတ်ကို ပျားစွဲသည့်ကိန်း ကြုံလာခဲ့လေရာ ရင်အစုံလည်း "ဆုံဆုံ ဆုံဆုံ" ဟု တဒုံဒုံမြည်ရင်း ဘုတ်ဆုံမ၏ အခန်းထဲသို့ ချွတ်နင်းဝင်ရောက်လေတော့၏။

လွဲချော်မှုတွေကား ကြိုတင်စီမံမှုမရှိပါဘဲနှင့် ဖြစ်ချင်ဖြစ်၊ ပျက်ချင်ပျက်တတ်လေရာ သူကြီးကတော်သည်ညက အိပ်ချင်မူးတူးဖြင့် အပေါ့အပါး



www.burmeseclassic.com

www.burmeseclassic.com

သွားပြီးသကာလ သူမအခန်းသို့ရောက်အောင် မလှမ်းနိုင်တော့ဘဲ သမီးဖြစ်သူ ဘုတ်ဆုံမ၏ အခန်းအတွင်းရှိ ထောင့်တစ်နေရာ၌ ခေါင်းချအိပ်ပျော်နေခဲ့လေသည်။

ဒါကို သမီးဖြစ်သူ ဘုတ်ဆုံမက လည်း သတိမထားမိခဲ့။

အမှုမဲ့ အမှတ်မဲ့ရယ်မို့ ၎င်း၏ အိပ်ခန်းအတွင်း ထောင့်တစ်နေရာ၌ မိခင်ဖြစ်သူ ခွေခွေကလေး အိပ်ပျော်နေသည်ကို သတိမထားမိပါခဲ့။ ဘုတ်ဆုံမတောင်မှ သတိမထားမိလျှင် ဖိုးညွန့်တင်အဖို့ရာမှာမူ ဆိုဖွယ်ရာမရှိတော့။

ဘယ်မြောက်ကာ ညာလှမ်း၍ ညာမြောက်ကာ ဘယ်လှမ်း၍လာသော ဖိုးညွန့်တင်၏ခြေတစ်ဖက်က အမှတ်မထင် ဆိုသလိုပင် ဘုတ်ဆုံမ၏ မိခင်အား မိမိရရကြီး နင်းမိလေတော့သည်။

"အား. . . အောင်မယ်လေး . . . အောင်မယ်လေးတော့၊ သေပါပြီ၊ ဘယ်သူတုံး၊ လာကြပါဦး၊ ခြေသလုံး မွေးတွေနဲ့၊ သူခိုး သူခိုးတော့်၊ ကိုတုတ်ပေါ် တော့် ကိုတုတ်ပေါ် ထပါဦး၊ အခန်းထဲကို သူခိုးဝင်နေတယ်"

ဘုတ်ဆုံမ၏ မိခင် ဒေါ်အာကျယ်က 'ပညတ်သွားရာ ဓာတ်သက်ပါ'ဆိုသကဲ့သို့ လင်ဖြစ်သူကို အော်ဟစ်နိုးလိုက်သည်။ ဒီအတွက် ခေါင်းနားပန်းကြီးရသူမှာ ဖိုးညွန့်တင်။ ထို့အတူ ဘုတ်ဆုံမသည်လည်း ထပ်တူထပ်မျှ။

အသံ. . ကျယ်ကျယ်လောင်လောင်နှင့် အာခေါင်ခြစ်၍ အော်ဟစ်လှုပ်နိုးမှုကြောင့် အိမ်ရှေ့ခန်း၌ တခေါခေါဟောက်လျက် အိပ်မောကျနေသော သူကြီးဦးတုတ်ပေါ်လည်း ဆတ်ခနဲဆိုသလို နိုးလာခဲ့ပါချေပြီ။

"တော့်. . ကိုတုတ်ပေါ်၊ အခန်းထဲမှာ သူခိုးဝင်နေသတော့၊ တော် ဘာလုပ်နေလဲ၊ ဘာလုပ်နေလဲ"

"နှစ်လုံးပြူး ရှာနေတာဟော့၊ နှစ်လုံးပြူး ရှာနေတာ၊ ဒီလိုမျိုး ငါလို အာဏာရ သူကြီးအိမ်ထဲကို မလေးမစား ဝင်လာတဲ့ သူခိုးတော့ ငါ့နှစ်လုံးပြူးစာ ကောင်းကောင်းမိသွားစေရမယ်"

အခြေအနေ မဟန်တော့ပြီမို့ ဘုတ်ဆုံမ ပြန်အရောက်တွင် ဖိုးညွန့်တင် အသာရုန်းထွက်လိုက်သည်။

"အမေ အမေ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ သူခိုးပေါ့၊ ငါ့ ပေါင်ခြံတည့်တည့်ကို လာနင်းလို့၊ တော့် ကိုတုတ်ပေါ် တော့်နှစ်လုံးပြူး ရှာမတွေ့ရင်လဲ ရှင့်ကိုယ်ပိုင်တုတ်နဲ့ လာပစ်စမ်းပါတော့"

"အေး. . . အဲဒီသူခိုးကို နှစ်လုံးပြူးနဲ့ မပစ်ရရင် တုတ်နဲ့တော့ ကောင်းကောင်းကြီး ပစ်ရမယ်၊ လာပြီဟေ့ လာပြီ"

ဒီအခိုက်မှာပင် ဘုတ်ဆုံမ၏ လက်ဖြင့်ကုတ်၍ သတိပေးမှုကြောင့် ချက်ဆို နားခွက်က မီးတောက်လာပြီဖြစ်သည့် ဖိုးညွန့်တင်လည်း ပွင့်နေသော ပြတင်းပေါက်ကို ခွကျော်လျက် မြေပြင်သို့ ဖုတ်ခနဲခုန်ချကာ ဖဝါးနှင့် တင်ပါး တစ်သားတည်းကျအောင် သုတ်ချသွားလေတော့သည်။

မီးမှန်အိမ်ကိုညှိပြီးပြီမို့ ဘုတ်ဆုံမ၏အခန်းမှာ အလင်းရောင်လုံလောက်စွာ ရရှိနေလေသည်။

"အမေ သတိရှိပေလို့ပေါ့၊ နို့မဟုတ်ရင် သမီးအခန်းထဲက ရှိတာတွေ ပါသွားပြီ၊ သမီးလဲ ခပ်အိုက်အိုက်ရှိတာနဲ့ ပြတင်းပေါက် ဖွင့်ထားမိတာအမေရဲ့၊ နောက် ဆီးအောင့်တာနဲ့ သေးပေါက်ခန်းထဲသွားတုန်း သူခိုးဝင်လာတာဖြစ်မှာ"

"သေချာတာပေါ့အေ၊ ဟဲ့ ဟိုမှာ လုံးထွေးပြီးပုံကျနေတာ ငါ့ထဘီပါလား၊ ပေးစမ်း ပေးစမ်း သူခိုးယုတ်၊ သင်းက ငါ့ထဘီကို လာခိုးတာကိုး၊ ဟွန်း ရွာအလယ်က အာကျယ်ကို ဘာဂျလယ် လာကျလို့ ရမတဲ့တုံး"

"ဟင် ငါ့ထဘီမှာ ရေနံချေးတွေ ပြီးတော့ ရေတွေ၊ ဘယ်လိုဖြစ်ရတာတဲ့တုံး"

"ဒါတော့ ဘုတ်ဆုံမ ဘယ်သိ
တဲ့လဲ အမေရဲ့"

"တောက် . . တော်တော်
ညစ်တီးညစ်ပတ် စုတ်တီးစုတ်ဖတ်
ထဘီတောင်မှ အလွတ်မပေးဘဲ
တဲ့သူခိုး၊ တုတ်ပေါ်သူကြီး၊ သူကြီး
ပေါ် အိပ်ပျော်နေလို့ပေါ့ကွာ၊ ခါတိုင်း
ကြက်အိပ် ကြက်နိုး ဖြစ်နေလို့က
ဒီသူခိုး ဘယ်ပြေးပေါက်ရှိပ့ါမတုံး
ရာ၊ ငါ့နှစ်လုံးအတော်ပြူး. . . အဲ
နှစ်လုံးပြူးအကြောင်း ပစ်မလွဲ
တည့်တဲ့အကြောင်း မင်းလဲ
မဟုတ်လား၊ အင်း. . . အခုတော့
အပြေးမြန်သွားလို့သာပ၊ နို့မဟုတ်
ကတော့ လတ်တလော ငါ့ရဲ့တုတ်
မှာ အသေအချာပဲ၊ ငါ တုတ်ပစ်
တာလဲ မင်းအသိသားပဲ မဟုတ်

"တော်စမ်းပါ ကိုတုတ်ပေါ်
တော်ဟာလေ သူခိုးပြေးမှ ထိုးတွင်
တတ်တဲ့ လူစား၊ ဒီသူခိုးက ဘာ
မသွားဘဲ သူ့သဘောသူဆောင်ပြီး
ပြေးသွားပေလို့သာပေါ့၊ နို့မဟုတ်
ကျုပ်ဘဝတော့ တွေးရဲစရာမရှိဘူး"

ဘုတ်ဆုံမအဖို့ အကြောင်း
ဖွင့်ပြောလိုသော်ငြား ဖွင့်ပြော
တော့။ အခြေအနေအရ ချော်လဲ
ထိုင်လုပ်ဖို့သာ ရှိတော့၏။

ရှိဆို ငှက်မသိတော့ ဆတ်
ချိုးထင် ဆိုသလို အချက်မသိ
လည်း သမက်သူခိုးထင်ဆိုသည့်
သို့ ဆိုက်ရောက်နေခဲ့ပါပြီ မဟုတ်
လား။

❒ တိုရွှေ



www.burmeseclassic.com

www.burmeseclassic.com

# မီးသတ်ထရိန်နင်

ဝင်းသီဟ(သန်လျင်)



မောင်သီဟတို့ အလုပ်လုပ်နေတဲ့ စက်ရုံကြီးမှာ အခုတစ်လော မီးခဏခဏ လောင်တယ်။ ဝန်ထမ်းတွေပေါ့ဆလို့ လောင်တဲ့မီးရှိသလို စက်ကိရိယာတွေ ချို့ယွင်းမှုကြောင့်လောင်တာလည်း ရှိတယ်။ တမြန်နှစ်က လောင်တဲ့မီးဆို တော်တော်ကြီးပါတယ်။ တန်ဆောင်မုန်းလကြီး ဘယ်အရပ် ဘယ်ဒေသက ဘယ်သကောင့်သားတွေ လွှတ်တင်လိုက်တဲ့ လက်လုပ်မီးပုံးပျံလည်းမသိဘူး၊ စက်ရုံက ဆီကန်ထဲ ပြုတ်ကျလို့ လောင်လိုက်တဲ့မီး၊ ကိုသီဟတို့ တစ်မြို့လုံး ထိန်ထိန်ညီးပဲ။

စက်ရုံ မီးခဏခဏလောင်တော့ အထက်လူကြီးတွေလည်း ခေါင်းမီးတောက်ပြီ။ မီးလောင်မှုဖြစ်ပြီး နောက်တစ်နေ့မှာပဲ စက်ရုံကို ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်တိုင် ဆင်းလာပြီး ဝန်ထမ်းတွေနဲ့ တွေ့ဆုံအမှာစကား မိန့်ကြားပါတယ်။ အမှာစကားလို့သာ ဆိုတာပါ။ ဆူပူကြိမ်းမောင်းတဲ့ စကားလုံးတွေနဲ့ မောင်သီဟတို့ ဝန်ထမ်းတွေရဲ့ စိတ်နှလုံးကို ညှိုးချုံးစေခဲ့တာပါပဲ။

MD မိန့်ခွန်းပြောရာ စကားပြောတဲ့စင်ဘေး မောင်သီဟတို့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ စက်ရုံမှူး ဦးမဲလုံး (မည်းမည်းပုပုမို့လို့ ဝန်ထမ်းတွေက နောက်ကွယ်မှာ ခေါ်တဲ့ နာမည်ပါ) မျက်နှာလေးက အခုတော့လည်း သနားစရာ။ ဝန်ထမ်းဘဝဆိုတာ ဒီလိုပဲ အထက်နဲ့အောက် ဖိဟောက်ကြစတမ်းပဲလား မသိ။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ စက်ရုံမှူးအသစ်တစ်ယောက် စက်ရုံကို ရောက်လာပါတယ်။ ဦးမောင်မောင်ရွှေတဲ့။ အခု စက်ရုံမှူးအသစ် ဦးမောင်မောင်ရွှေဟာ ဒီစက်ရုံရဲ့ ငယ်မွေးဖြုံပေါက်တစ်ယောက်ပါ။

ဒီစက်ရုံဟာ သူ့ရဲ့ ဘူမိနက်သန်ဆိုလည်း မမှားဘူး။ စက်မှုတက္ကသိုလ်ကျောင်းဆင်းပြီးကတည်းက ဒီစက်ရုံမှာ အင်ဂျင်နီယာပေါက်စဘဝနဲ့ အလုပ်စတင်ခဲ့တဲ့သူ။ စက်ရုံရဲ့ ဌာနအတော်များများမှာ တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့ပြီး ရာထူးအဆင့်ဆင့်ကိုလည်း ဒီစက်ရုံမှာပဲ တက်ခဲ့သူပါ။ လွန်ခဲ့သောငါးနှစ်ခန့်က နယ်စက်ရုံရဲ့ လိုအပ်ချက်အရ ဒုစက်ရုံမှူး တာဝန်ထမ်းဆောင်နေစဉ် အခုတော့ မောင်သီဟတို့ စက်ရုံကြီးမှာ စက်ရုံမှူးအဖြစ်နဲ့ ပြန်လည်ရောက်ရှိလာပါပြီ။ မောင်သီဟတို့လည်း ပျော်မိပါတယ်။

ကိုယ့်ဆရာသမား တစ်ယောက် ကိုယ့်အစ်ကိုကြီး တစ်ယောက် ကိုယ့်အိမ် ပြန်ရောက်လာသလို ခံစားမိပါရဲ့။

*

စက်ရုံမှူး ဦးမောင်မောင်ရွှေ ရောက်ပြီး ရက်ပိုင်းအတွင်းမှာပဲ ဌာနခွဲပေါင်း (၃၀)မှာရှိတဲ့ ဌာနမှူးအပါအဝင် ဝန်ထမ်းတွေနဲ့ ဌာနတိုင်းကို သွားရောက်တွေ့ဆုံပြီး လုပ်သားတွေရဲ့ လိုအပ်ချက်၊ စက်ရုံရဲ့လိုအပ်ချက်၊ ကုန်ထုတ်လုပ်မှု တိုးတက်ဖို့ အလေအလွင့် အဆုံးအရှုံး နည်းဖို့ အဓိကကတော့ စက်ရုံရဲ့မီးဘေး ကြိုတင်ကာကွယ်ရေး ကိစ္စပဲ။

မီးသတ်ဌာနကို ရောက်တော့ မီးသတ်ဌာနမှူး ဦးသောင်းမြင့်က စက်ရုံရဲ့ မီးဘေးအန္တရာယ်အတွက် ခေတ်မီ





www.burmeseclassic.com

www.burmeseclassic.com

မီးသတ်ကားတစ်စီးရှိဖို့ လိုအပ်ကြောင်း တောင်းဆိုပါတယ်။

အခု အသုံးပြုနေတဲ့ မီးသတ်ကားက အင်္ဂလိပ်လက်ကျန် ဗွက်သိန်းဆိုတဲ့ ကားအိုကြီးပါ။ စက်ရုံမှာမီးလောင်မှုဖြစ်လို့ မီးသတ်ဌာနကို အကြောင်းကြားလိုက်တာနဲ့ မီးသတ်ကားဗွက်သိန်းကြီး မီးလောင်ရာနေရာကို ရောက်လာလျှင် မီးငြိမ်းနေပါပြီ။ သူငြိမ်းလို့မဟုတ်ပါဘူး၊ လောင်စရာမရှိတော့လို့ ငြိမ်းသွားတာပါ။ စက်ရုံရဲ့လမ်းမဟုတ်တဲ့ ကြိုကြိုကြားကြား မဖြစ်စလောက် ဗွက်အိုင်ထဲလည်း စလစ်ဖြစ်လို့ ဝိုင်းတွန်းလား တွန်းရရဲ့။ တာယာလေးလုံးက ပန်းကတုံးလေ၊ ဟိုက်ဝေးထွက်မယ့် ကားတာယာမကောင်းရင် မီးသတ်ကားက တာယာကိုဖြုတ်ပြီးလဲပေးရပါတယ်။ မီးက လောင်ချင်မှလောင်မှာ ဟိုက်ဝေးကတော့ အခုထွက်ရမှာ၊ အဆင်ပြေသလို ကြည့်လုပ်ရတဲ့ စက်ရုံကြီးပါပေ။

စက်ရုံမှူး ဦးမောင်မောင်ရွှေလည်း ဌာနမှူး ဦးသောင်းမြင့် တင်ပြချက်ကို လက်ခံလိုက်ပါတယ်။

"ဟုတ်တယ်၊ တို့စက်ရုံမှာ ခေတ်မီ မီးသတ်ကားတစ်စီးရှိသင့်တယ်၊ မင်းလိုချင်တဲ့ မီးသတ်ကား ရရစေ့မယ် ကွာ၊ ဒီတစ်ပတ် ရုံးချုပ်စက်ရုံပေါင်းစုံ အစည်းအဝေးမှာ တင်ပြပြီး ရအောင် တောင်းမယ်"

*

တနင်္လာနေ့ အလုပ်ထဲဝင်တော့ ဌာနမှူးဦးစိန်ဝင်း မောင်သီဟကို ခေါ်တွေ့ပါတယ်။

"မောင်သီဟ၊ မင်း မီးသတ်သင်တန်း တစ်လတက်ရမယ်"

"ဗျာ . . . မီးသတ်သင်တန်း၊ မေမြို့က ဆီးပင်ကြီးမှာလား၊ ဖောင်ကြီး ဗဟိုဝန်ထမ်းကျောင်းမှာလား ဆရာ"

မောင်သီဟ ဒီလိုအလန့်တကြား မေးလိုက်တော့ ဦးစိန်ဝင်းက . . .

"မဟုတ်ပါဘူး၊ တို့စက်ရုံသင်တန်းကျောင်းမှာပါ"

"တော်သေးတာပေါ့ ဆရာရယ်"

"ဆီးပင်ကြီးလွှတ်တော့ ပိုပြီး မကောင်းဘူးလားကွာ"

"ဆီးပင်ကြီး လွှတ်မယ်ဆိုရင် အပေါင်ဆိုင်မပိတ်ခင်ကျွန်တော့်စက်ဘီးလေး သွားပေါင်မလို့ပါ"

သင်တန်းဆိုလျှင် တက်ဖူးတဲ့ ဝန်ထမ်းတိုင်း သိကြသည်။ နီးလျှင်နီးသလို၊ ဝေးလျှင်ဝေးသလို ကြာလျှင်ကြာသလောက် အိမ်မှာစုဆောင်းထားတာလေးတွေ အပေါင်ဆိုင်ရောက်တတ်ကြသည်။ ဒီလိုနဲ့ မောင်သီဟလည်းအခြားဝန်ထမ်းများနဲ့အတူ စက်ရုံသင်တန်းကျောင်းမှာ သင်တန်းသား ဖြစ်နေပါပြီ။

"သတိ၊ ရှေ့ကြည့်၊ ဘယ်လှည့်၊ ညာလှည့်၊ သက်သာ၊ အေးစေ၊ အမှတ်စဉ်မှတ် ၁ ၂ ၃ ၄ တိတ်"

ဒါကတော့ စက်ရုံသင်တန်းကျောင်းကွင်းပြင်မှာ မောင်သီဟတို့ သင်တန်းသားတွေကို မီးသတ်တပ်စုမှူး ဦးထွန်းတင် သင်တန်းပေးနေတာပါ။ အခြေခံစစ်သင်တန်းပြီးတော့ မီးသတ်ပိုက်လိပ်နည်း၊ မီးသတ်ပိုက်ခေါင်းကိုင်နည်း၊ သင်တန်းချိန် မနက်ပိုင်းမှာ ကွင်းပြင်ထဲ လက်တွေ့သင်ယူပြီး ထမင်းစားပြီး နေ့လယ်ပိုင်းမှာ စာတွေ့လက်ချာသင်ယူရပါတယ်။

မနက်ပိုင်း နေပူထဲမှာ ပင်ပန်းထားတဲ့ ဒဏ်တွေက စာသင်ခန်းထဲရောက်တော့ မျက်လုံးများက အစွမ်းပြလာသည်။ ဆရာဦးညွန့်မောင် သင်ကြားနေတဲ့ မီးငြိမ်းသတ်နည်းသင်ခန်းစာများကို နားမှာကြားနေရပေမယ့် Black-board မှာ ရေးဆွဲပြတဲ့ ပုံများကိုတော့ ကြည့်ရင်း ကြည့်ရင်း မျက်တောင်ဖျားတို့ မှေးစင်းလာသည်။

ခေါင်းပေါ်မှာ တစ်ပတ်ချင်းလည်နေတဲ့ မျက်နှာကြက် ပန်ကာကမည်တဲ့ တကျီကျီမြည်သံက အိပ်ရာဝင်သားချော့တေးတစ်ပုဒ်အလား စည်းချက် ဝါးချက် ကျလှပေသည်။ ကိုယ်တင်လားဆိုတော့ မဟုတ်၊ ဘေးနားက သင်တန်းသားများလည်း ကိုယ့်လိုပင်။

"ယောဂီတို့ . . . ယောဂီတို့"

ဆရာဦးညွန့်မောင်ရဲ့ အသံကျယ်ကျယ်နဲ့ ယောဂီတို့ ယောဂီတို့ဆိုတဲ့ အသံကြောင့် မောင်သီဟတို့လည်း ကြောင်သွားသည်။ နောက် ဆရာက . . .

"ခင်ဗျားတို့က သင်တန်းကျောင်းမှာ သင်တန်းတက်နေတာနဲ့ မတူဘဲ တရားစခန်းမှာ တရားမှတ်တဲ့ ယော[…] တွေနဲ့ တူနေပြီ"

ဆရာ့ရဲ့ ဟာသကွက်လေး[…] သင်တန်းသားအားလုံးကို ရယ်မော[…] တယ်။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ ဆိုတဲ့ ဒုက္ခနှစ်မျိုးကို တစ်လှည့်စီခံစား[…] တစ်လတာ ကုန်ဆုံးခဲ့ပါပြီ။ သင်တ[…] ဆင်းပြီး ဌာနကိုပြန်ရောက်တော့ ဌာ[…] မှူးဆီ သတင်းပို့ကာ ဂျူတီရပို့ ရေးရ[…] တယ်။ စာရွက်လေးကိုင်ပြီး ဌာန[…] ရုံးခန်းထဲ ဝင်လိုက်တယ်ဆိုရင်ပဲ . . .

"ဟာ . . . အတော်ပဲ မော[…] သီဟပြန်ရောက်လာတာ ရန်ကုန်ရုံး[…] မှာ မီးသတ်ကားတစ်စီး သွားထုတ်[…] မယ်၊ မီးသတ်ဌာနက တပ်စုမှူးထွန်း[…] ပါ ခေါ်သွား၊ အင်ဂျင်ပိုင်းဆိုင်ရာ[…] မောင်သီဟ စစ်ဆေးပြီး မီးသတ်[…] ဆိုင်ရာ ထွန်းတင်စစ်ဆေးလိမ့်[…] ဒရိုင်ဘာသိန်းညွန့်ကို ခေါ်သွား"

ဌာနမှူး ဦးစိန်ဝင်းဆီက […] ကြားချက် ရပြီးတာနဲ့ စာရွက်စာ[…] များယူကာ သုံးဦးသား ရန်ကုန်မြို့[…] ရုံးချုပ်ဆီ ခရီးနှင်ခဲ့ကြသည်။ […] ရောက်တော့ စီမံရေးဌာန ဒုညွှန်[…] ဝင်တွေ့၍ စာရွက်စာတမ်းများပြ[…] သည်။ မကြာမီ ဝန်ထမ်းတစ်ယော[…] ရောက်လာပြီး ကျွန်တော်တို့သုံး[…] ရုံးချုပ်နောက်ဘက်ကွင်းပြင်သို့ […] ဆောင်သွားသည်။

သူခေါ်ဆောင်ရာ လိုက်[…] စိတ်ကူးထဲမှာ အနီရောင်ခြယ်ထား[…] ခေတ်မီမီးသတ်ကားကြီးကို မြင်[…] လာသည်။ မစ်ဆူဘီရှိ ဖူဆိုမီးသ[…] ကြီးလား၊ နိုင်ငံခြားရုပ်ရှင်[…]



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဖူးတဲ့ အဆင့်မြင့်အဆောက်အအုံတွေပေါ် ဟိုက်ဒရောလစ်လှေကားနဲ့တက်ပြီး မီးငြိမ်းသတ်တဲ့ မီးသတ်ကားများလား၊ စက်ရုံမှူး ဆရာရွှေရောက်မှပဲ စက်ရုံမှာ မီးသတ်ကား ကောင်းကောင်း ရတော့မှာ။

*

"ဒီကားပဲ ခင်ဗျားတို့ စက်ရုံက ထုတ်ရမှာ"

အဲဒီလူ ညွှန်ပြတဲ့ကားကိုကြည့်လိုက်တော့ တစ်ကိုယ်လုံး အစိမ်းရောင်ခြယ်ထားတဲ့ TE 21 ရေဘောက်ဆာကား။

"ဒီကားလား ကျွန်တော်တို့ ယူရမှာ"

"ဟုတ်တယ်၊ ဒီကားပဲ"

"ကျွန်တော်တို့ကို မီးသတ်ကား ယူခိုင်းလိုက်တာ၊ ဒီကားက ရေဘောက်ဆာကြီးလေဗျာ"

မောင်သီဟ အဲသလိုပြောတော့ အဲဒီဝန်ထမ်းက . . .

"ခင်ဗျားတို့ စက်ရုံက လာထုတ်ရင် အဲဒီကားပေးလိုက်ဖို့ MD က မှာထားတာ၊ မယူချင်လည်းထားခဲ့"

ရုံးချုပ်က ဆရာများက အပြောအဆို ညက်ညောပါပေတယ်။

မောင်သီဟ ဌာနမှူးဦးစိန်ဝင်းဆီ ဖုန်းလှမ်းဆက်လိုက်သည်။

"ဆံရာထုတ်ခိုင်းတာ မီးသတ်ကားဆိုပြီး အခုပေးတာက TE 21 ရေဘောက်ဆာကြီး"

မောင်သီဟ စကားဆုံးတော့ ဦးစိန်ဝင်းက . . .

"သူတို့ပေးတာ ယူလာခဲ့၊ တို့က ဘာတတ်နိုင်မှာမို့လဲ"

ကိုယ့်ဘက်က ကြိုကန်ထားရသည်။ ဝန်ထမ်းဘဝဆိုတာ ဆယ်ခါလောက်ကောင်းခဲ့လို့ သူကောင်းပြုမခံရရင်နေမယ်၊ တစ်ခါမှားရင် တစ်သက်စာ ဖူလုံသွားမည်။

နောက်တစ်နေ့ မနက်မိုးလင်း အလုပ်ဆင်းတော့ စက်ရုံမှူးနှင့် ဌာနမှူး TE 21 ရေဘောက်ဆာကို လှည့်ပတ်ကြည့်နေသည်။ သူတို့နှစ်ဦးနား မောင်သီဟ ရောက်သွားတော့ စက်ရုံမှူးက-

"ကိုစိန်ဝင်း စတိုက အေးမြင့်ဂိုထောင်ထဲမှာအရင်အင်္ဂလိပ်လက်ကျန် မီးသတ်စက်တစ်လုံး ရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီစက်က နောက်တွဲနဲ့ဆွဲပြီး ပတ်တဲ့စက်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီစက်ကို ဒီကားနောက်မြီးမှာ ဖရိတ်ခွေပြီးတင်လိုက်ရင် မီးသတ်ကား ဖြစ်တာပေါ့၊ ဖြစ်မလား"

"ဖြစ်ပါတယ် ဆရာ"

ဌာနမှူး ဦးစိန်ဝင်း စက်ရုံမှူးပြောလေသမျှ "ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ရပါတယ်" ဆိုတာကလွဲပြီး ဘာမှကွန်ပလိန်းမလုပ်။ အခုလည်း ရပါတယ်၊ ဖြစ်ပါတယ်ဆိုပြီး အာမခံချွေခံလိုက်ပြီ။ အခု TE ကားနောက်မြီးမှာ တပ်ဆင်မယ့် အင်္ဂလိပ်လက်ကျန် မီးသတ်စက်ဆိုတာ နောက်တွဲနဲ့ဆွဲပြီး ပက်ရတဲ့စက်၊ နှစ်ပေါင်းအတော်ကြာ စတိုဂိုဒေါင်ထဲမှာ ပစ်ထားတဲ့စက်၊ ဆိုးလား ကောင်းလား သူမသိ၊ ရမ်းပြီး ရပါတယ်လို့ လုပ်လိုက်သည်။

စက်ရုံမှူး ညွှန်ကြားချက်ရပြီး တစ်ပြိုင်နက် စတိုဂိုဒေါင်မှာ စက်သွားထုတ်ရသည်။ စတိုဂိုဒေါင်ထဲကအင်္ဂလိပ်လက်ကျန် မီးသတ်စက်အဟောင်းကြီးကို မော်တော်ယာဉ်ဌာနရောက်တော့ စက်ပြင်ဆရာကြီး ဦးတင်အောင်အားနှိုင်းစေသည်။ ဓာတ်ဆီထည့်၊ အင်ဂျင်ဝိုင်ထည့်၊ ဘက်ထရီအိုးတပ်ပြီး Start ဆွဲတော့ တစ်ချက်တည်းနဲ့ နိုးသည်။ ကာဘရိုက်တာဆီ နည်းနည်းယိုတာကလွဲပြီး ကျန်တအကောင်း။ မောင်သီဟ အံ့ဩမိသည်။ အင်္ဂလန်၊ ဂျာမနီစက်တွေက နှစ်ပေါင်း ၅၀ လောက်ကြာတာတောင် အသုံးပြုလို့ရနေဆဲ။ အခုခေတ် တရုတ်စက် တစ်ရက်ဆုတ်များနဲ့တော့ ကွာပါ့။

မောင်သီဟတို့ အင်ဂျင်စက်နိုးရာသို့ ဌာနမှူး ရောက်လာသည်။

"နိုးသွားပြီလား ကိုသီဟ၊ နိုးရင်ကားပေါ်တင်ဖို့ လုပ်ဗျာ၊ စက်ရုံမှူးက ဒီတစ်ပတ်သောကြာ မီးသတ်ဇာတ်တိုက်အမီ လိုချင်တယ်တဲ့"

ဒီတော့ ကိုသီဟက . . .

"ဆရာ၊ နှစ်ရက်လောက်တော့ အသားကျအောင် စမ်းမောင်းကြည့်ချင်သေးတယ်"

"စမ်းမနေနဲ့၊ မြန်မြန်သာ ဆင်ပေးလိုက်၊ ဒီသောကြာမပြီးရင် မင်းအဘက ငါ့ကို ထုလိမ့်မယ်"

မောင်သီဟလည်း ဦးစိန်ဝင်း ညွှန်ကြားချက်အတိုင်း စက်အထိုင်ချရန် ရေဘောက်ဆာနှင့် မီးသတ်စက်အား workshop ဌာနသို့ လွှဲပြောင်းအပ်နှံလိုက်သည်။

စက်ရုံမှူးဆရာရွှေ ရောက်လာပြီးကတည်းက ကိုသီဟတို့ စက်ရုံမှာ သောကြာနေ့တိုင်း မီးငြိမ်းသတ်မှု ကြိုတင်ဇာတ်တိုက် လေ့ကျင့်ရသည်။

ဒီဇာတ်လမ်းကိုတော့ စက်ရုံမှူးကိုယ်တိုင် ဇာတ်လမ်း ဇာတ်ညွှန်း ဒါရိုက်တာလုပ်သည်။ ဌာနခွဲအားလုံးရှိ အသက်(၂၀)ဝန်းကျင် ယောက်ျားလေးဝန်ထမ်းများကိုလည်း မီးသတ်သင်တန်းတက်စေသည်။ (မောင်သီဟ အမှတ်စဉ် ၁ မှာ တက်ပြီးပြီ)။ ဧကတစ်ထောင်ကျော် ကျယ်ဝန်းတဲ့ စက်ရုံဧရိယာထဲမှာ စက်ရုံမှူး လျှို့ဝှက်သတ်မှတ်တဲ့နေရာကို သတ်မှတ်လိုက်ချိန်အတွင်းမှာ ရောက်အောင် မောင်းရပါတယ်။

ဗွက်သိန်းဆိုတဲ့ မီးသတ်ကားကြီး ဥဩသံရှည် ဆွဲထွက်သွားရင် မီးရာကား၊ ဆိုင်ကယ်၊ စက်ဘီးတို့နှင့် နောက်ကလိုက်ရသည်။ ဘာမှမရှိရင် ကုန်းကြောင်းပြေးလိုက်ရသည်။ နီးလျှင် အကြောင်းမဟုတ်၊ ဝေးလျှင် လျှာထွက်လုမတတ်။ စက်ရုံမှူး၊ ဒုစက်ရုံမှူးနှင့် အခြားတာဝန်ရှိသူများက ထိုနေရာတွင် ရောက်နှင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့ နေ့လယ် ထမင်းစားချိန်ပြီးရင် မီးသတ်ဥသြသံကို နားစွင့်နေရသည်။ ဘာပဲပြောပြော သောကြာနေ့ နေ့ခင်းပိုင်းလေးဟာ မောင်သီဟအတွက်တော့ ပျော်စရာပါ။ သောကြာနေ့ နေ့လယ်မီးသတ်ဇာတ်တိုက်ပြီးရင် ဌာနပြန်မဝင်ဘဲ အမှတ် ၈ ဂိတ်ပေါက်မှထွက်ကာ အိမ်ပြန်ရသည့် အခွင့်အရေးတစ်ခုတော့ရသည်။

ဒီနေ့ သောကြာနေ့ မနက်ပိုင်းကတည်းက စက်ရုံမှာ ဧည့်သည်တော်တော်များများ ရောက်နေကြသည်။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်မှူး၊ ရုံးအဖွဲ့မှူးနဲ့ အခြားနယ်စက်ရုံမှ စက်ရုံမှူးများ၊ ဒုစက်ရုံမှူးများ၊ စီမံကိန်းမန်နေဂျာများပါ စက်ရုံအထူးရိပ်သာမှာ ရောက်နှင့်နေကြပြီ။

နေ့လယ်စာ စားပြီးရင် နေ့ခင်း မီးသတ်ဇာတ်တိုက်တာကို ကြည့်ရှုကာ ညနေပိုင်းမှာစုပေါင်းဂေါက်ရိုက်ကြမည်။ ဟောဒီစက်ရုံကြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို အခြားစက်ရုံမှူးတွေ မြင်စေချင်တာလည်း ပါတယ်။ TE ရေဘောက်ဆာကို မီးသတ်ကားဖြစ်အောင် ဘယ်လိုလုပ်ထားတယ်ဆိုတာ MD နှင့်တကွ အခြားနယ်စက်ရုံမှူးတွေကို ကြွားချင်တာလည်း ပါတယ်။ စက်ရုံမာတ်ပုံဆရာကိုကျော်ဝင်း (မှုန်ဝါးဝါး) ကလည်း ကင်မရာတစ်လုံးလွယ်လို့ တဖျပ်ဖျပ်နဲ့ ရိုက်နေလေရဲ့။ တို့စက်ရုံ မီးသတ်ဇာတ်တိုက်တာ မနက်ဖြန်ခါ သတင်းစာထဲ ပါဦးမယ်ထင်မယ်။

မောင်သီဟလည်း နေ့လယ်ထမင်းစားပြီးတာနဲ့ မီးငြိမ်းသတ်မယ့်နေရာဆီ ကြိုတင်ရောက်အောင် သွားခဲ့သည်။ မီးသတ်ကားနောက်မှ စက်ဘီးနှင့်လိုက်လျှင် အမောတကော နင်းရလိမ့်မည်။ စက်ရုံလမ်းများကလည်း ဆိုးလိုက်ပုံမှာ ကျောက်ပေါက်မာဗရပွနှင့် လူမျက်နှာ ဖြန့်ခင်းထားသလားအောက်မေ့ရသည်။ ဒီနေ့ မီးငြိမ်းသတ်ပြရမယ့်နေရာက အမှတ် ၈ ဂိတ်ဘေး ဂါလန်နှစ်သန်းဝင် ဆီတိုင်ကီကြီးကို သတ်မှတ်ထားသည်။ MD နှင့်တကွ စက်ရုံမှူးများ၊ ဒုစက်ရုံမှူးများ၊ ဧည့်သည်အပေါင်းလည်း ရှုရပ်ကနေ ကြည့်ရှုနေကြပြီ။

*

မီးသတ်ကားထားရာ ကားဂိုဒေါင်နှင့် မီးငြိမ်းသတ်ပြမည့်နေရာသည် သုံးမိုင်ခန့်ဝေးသည်။ ချိုင့်ကျင်းထူသော လမ်းကြမ်းမှာ မီးသတ်ကားနောက်က ခြေကျင်ပြေးလိုက်ဖို့ကမလွယ်။ နေ့လယ် ၁ နာရီထိုးတော့ ကားဟွန်းသံ တပွမ်ပွမ်တီးကာ အပြင်းမောင်းနှင်လာသော TE ရေဘောက်ဆာတစ်ဖြစ်လဲ မီးသတ်ကားကြီး စက်ရုံရဲ့ ချိုင့်ကျင်းထူတဲ့လမ်းမှာ ခုန်ကာ ပေါက်ကာ မောင်းလာပြီ။ ရှေ့ခေါင်းမှာ မီးသတ်ဝတ်စုံအပြည့်နှင့် ထိုင်လာသူကတော့ မီးသတ်ဌာနမှူး ဦးသောင်းမြင့်၊ သူ့ဘေးက တပ်စုမှူးထွန်းတင်၊ ဘေးတစ်ဖက်စီမှာ မီးသတ်ရဲဘော်တစ်ယောက်စီ တွယ်စီးစေလျက် ဒရိုင်ဘာသိန်းညွှန့် တရကြမ်းမောင်းချလာသည်။

မီးငြိမ်းသတ်မည့် သတ်မှတ်နေရာကိုရောက်လျှင် တပ်စုမှူးထွန်းတင်နှင့် ရဲဘော်နှစ်ယောက် ပြေးဆင်းကာ မီးသတ်ပိုက်ကြီးအား မီးငြိမ်းသတ်မည့် တိုင်ကီဆီ ပြေးယူသွားသည်။ မရှေးမနှောင်းမှာပဲ မောင်သီဟနှင့်တကွ မီးသတ်သင်တန်းဆင်းဝန်ထမ်း ၁၀ ယောက်ခန့် နောက်မှပြေးလိုက်ကာ ၎င်းရေပိုက်အား မ,ထားလိုက်သည်။ ရှေ့ဆုံးမှ မီးသတ်နော်ကယ်ခေါင်းကိုင် တပ်စုမှူးထွန်းတင်မှ မောင်း ဟူသည့် အသံပေးလိုက်သည်နှင့် သူ့နောက်မှလူက မောင်း မောင်း မောင်း ဆိုပြီး လက်ဆင့်ကမ်းကာ နောက်မြီးရှိ စက်မောင်း မီးသတ်ရဲဘော်အား မောင်းခိုင်းလိုက်သည်။

၁ ၂ ၃ ၄ တိတ်၊ ၁ ၂ ၃ ၄ တိတ်၊ ၁ ၂ ၃ ၄ တိတ် ဆိုပြီး မီးသတ်ပိုက်ကိုင်ဝန်ထမ်းနှင့် ရဲဘော်များ သင်တန်းတက်စဉ်ကအတိုင်း ၁ ၂ ၃ ၄ တိတ်သာ အော်နေသည်။ မီးသတ်ပိုက်ထဲ ရေက ရောက်မလာ။ မီးသတ်စက်နှိုးသံလည်း မကြားရ။ မီးသတ်ပိုက်ကိုင်ကာ မတ်တတ်ရပ်နေသည်မှာ ၁၀ မိနစ်လောက်ရှိပြီ။ ပိုက်ထဲက ရေထွက်မလာသေး။ မီးသတ်စက် မောင်းသံလည်း မကြားရသေး။ ဆီတိုင်ကီဘောင်နှုတ်ခမ်းပေါ် မတ်တတ်ရပ်ကာ ဟန်ရေးပြနေသော မီးသတ်ဗိုလ်ဦးသောင်းမြင့် မနေသာတော့။ သူ့အသံပြကြီးနှင့် လှမ်းအော်နေသည်။

"ဟေ့ကောင် ဇော်ဝင်း၊ မောင်းလေကွာ၊ မောင်း"

သူကသာ မောင်ခိုင်းနေတာ စက်မောင်းဇော်ဝင်းတစ်ယောက် ဘာလုပ်လို့ လုပ်ရမှန်းမသိ။ စက်နှိုးသော့တံကို လက်ကကိုင်လျက် တောင်စမ်းမြောက်စမ်း တောင်ကြည့်မြောက်ကြည့်လုပ်နေသည်။ နဂိုက စိတ်မြန်လက်မြန်ရှိတဲ့ ဦးသောင်းမြင့် တိုင်ကီဘောင်နှုတ်ခမ်းမှနေပြီး ပြေးလာကာ မီးသတ်စက်မောင်း ဇော်ဝင်းအား ကားနောက်မြီးမှ ဆွဲချပြီး သူကိုယ်တိုင် စက်ကိုနှိုးလေသည်။

"ချောက် ချောက် ချောက်"

"ဘာသံမှလဲ မကြားဘူး"

"ဘယ်ကြားမလဲ ဆရာရဲ့၊ ဘက်ထရီအိုးမှ မပါလာခဲ့တာ"

"ဟေ . . . ဘက်ထရီအိုးက ဘယ်ရောက်သွားလို့တုံး၊ မနက်က တောင် ငါကိုယ်တိုင် စက်နှိုးစမ်းလာတာ ဘက်ထရီအိုးရှိလို့ပေါ့၊ ဟေ့ကောင် ဇော်ဝင်း၊ ကားထွက်တုန်းက ပါတာ မပါတာ မင်း မသိဘူးလား"

"ကားထွက်တုန်းက ပါလာပါ တယ် ဆရာ"

"ကားထွက်တုန်းက ပါလာရင် အခု ဘယ်မှာလဲ"

"ဟို ခတ်ခွဲခန်းရှေ့က ချိုင့်ထဲ ကားဆောင့်တော့ နောက်က တစ်ခုခု ပြုတ်ကျပြီး လိမ့်သွားတာတော့ တွေ့ လိုက်ရတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ကျကတည်းက ပြောပါလား"

"ကားက အရမ်းမောင်းနေတော့ [illegible]ပြောလို့မရဘူး၊ ကျွန်တော်တောင် ပြုတ်[illegible]အောင် မနည်းထိန်းထားရတာ"

"ကောင်းကွာ ကောင်းကွာ၊ မင်း[illegible]လဲ သောက်ရမ်းမောင်းတာပဲကွာ၊ [illegible]သောက်လမ်းတွေ ဆိုးနေတာကို"

ဦးသောင်းမြင့်က ဒရိုင်ဘာသိန်း[illegible]ကို လှည့်မာန်သည်။

"ဆရာပဲ လီဘာကို ကြမ်းကပ်[illegible]ဆောင့်နင်းဆို၊ အချိန်မီမရောက်ရင် ငါ[illegible]ထုလိမ့်မယ်ဆိုလို့ ကျွန်တော်မောင်း[illegible]တာ"

ဦးသောင်းမြင့်တို့ အခြေအတင် [illegible]ပြောနေစဉ်မှာ စက်ရုံမှူးဦးရွှေ မီးသတ်[illegible]ကားဆီ ရောက်လာသည်။

"[illegible]

[illegible]စက်ရုံလုံးကုန်မှ ရေထွက်မှာလား"

စက်ရုံမှူး အနားရောက်တော့ [illegible]သောင်းမြင့် ကားနောက်မြီးမှဆင်းကာ သတိဆွဲ၍ အလေးပြုလိုက်သည်။

ပြီးတော့ . . .

"စက်ရုံမှူးကြီး ပေးချင်တဲ့အပြစ်ပေးပါ၊ ခံယူဖို့ အသင့်ပါပဲ၊ အခုကိစ္စ ကျွန်တော်လဲ ဘာမှမတတ်နိုင်ဘူး၊ TE ကား နောက်မြီးက အရမ်းခုန်တယ်၊ မောင်းရတဲ့လမ်းက ချိုင့်တွေချည်းပဲဆိုတော့ ဘက်ထရီအိုး ခါပြီးပြုတ်ကျသွားတာ ဆရာ"

စက်ရုံမှူးနှင့် ဦးသောင်းမြင့်တို့ စကားပြောနေစဉ် MD တို့အဖွဲ့ ပြန်ကြပြီ။ MD ကားနောက်မှ နယ်စက်ရုံက စက်ရုံမှူးများက မောင်သီဟတို့ စက်ရုံမှူး ဦးရွှေအား ဝိုင်းနောက်ကြသည်။

"ဗျို့ ကိုရွှေ သွားပြီဗျို့၊ ခင်ဗျား မီးသတ်ကားကို ဒီနှစ် နိုင်ငံတကာ ကား

[illegible]

ဆရာရွှေမျက်နှာကြီး ဖြူရာက နီရဲလာသည်။

"ဟော့ကောင်တွေ သိမ်းတော့"

ဆရာရွှေ ဦးသောင်းမြင့်ကို အမိန့်ပေးကာကားပေါ် တက်သွားသည်။ မီးသတ်ဗိုလ်ဦးသောင်းမြင့် မီးသတ်ပိုက်ကိုင်ထားသော တပ်စုမှူးထွန်းတင်အား ပိုက်တွေသိမ်းဖို့ လှမ်းအော်လိုက်သည်။

ချိုင့်ကျင်းထူတဲ့လမ်းမှာ ခုန်ကာပေါက်ကာ မောင်းနှင်သွားတဲ့ မီးသတ်ကားတစ်ဖြစ်လဲ TE ရေဘောက်ဆာ နောက်မြီးကိုကြည့်ရင်း တို့စက်ရုံကြီးမှာ ခေတ်မီမီးသတ်ကားတွေ တစ်စီးမက ရှိသင့်သည်။

မီးလောင်မှု တစ်ကြိမ်ဖြစ်တိုင်း ဆုံးရှုံးမှု တန်ဖိုးတွေက မီးသတ်ကား ဆယ်စီးဖိုးမက ရှိလိမ့်မည်ထင်သည်။ တစ်ကျပ်တန်ဆားကို နှမြောလို့ တစ်ရာတန် ငါးပိတွေ အိုးပေါင်းများစွာ ပုပ်ခဲ့ဖူးပြီ။ မီးသတ်ကားတစ်စီးရဲ့ တန်ဖိုးက

[illegible]

ထက် ဈေးတော်တော်ကြီးနေလို့ မဝယ်နိုင်တာလား၊ မတန်မရာ အတွေးများက မောင်သီဟ ခေါင်းထဲ ဝင်လာသည်။

❑ ဝင်းသီဟ(သန်လျင်)


# ဝန်ထမ်းအားလုံး စိတ်ချမ်းသာစေရမည်

❁ လက်ရှိအလုပ်အကိုင် နေရာ၊ မြို့တို့မှ မပြောင်းရွှေ့ရဘဲ ဆက်လက်ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့ ❁ ပိုကောင်းသော အလုပ်အကိုင်၊ နေရာ၊ မြို့သို့ အမြန်ဆုံးပြောင်းရွှေ့ရဖို့ ❁ အဆင့်၊ ရာထူး အမြန်ဆုံး တိုးတက်ဖို့ ❁ လုပ်ငန်းခွင်မှာ ကြုံတွေ့နေရတဲ့ အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲ၊ အကျပ်အတည်းများ အမြန်ဆုံး အဆင်ပြေ ကင်းရှင်းသွားစေဖို့ ❁ အတိုင်အတော၊ အစွပ်အစွဲ၊ အစစ်အဆေး၊ အမှုအခင်း ပြဿနာများ ဂုဏ်သိက္ခာမထိခိုက်စေဘဲ အမြန်ဆုံး ပြေအေးရုပ်သိမ်း ပြီးပြတ်သွားစေဖို့ (ဂမ္ဘီရပညာ ယတြာအစီအရင်နည်းလမ်းကောင်းများ ရှိပါတယ်။)

## ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

ပိတ်ရက် မရှိပါ။

### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၃၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁




www.burmeseclassic.com

www.burmeseclassic.com

## ကြုံဖူးတဲ့ အဖြစ်တွေရှိရဲ့




# မောင်မြင့်မား(ဗိုလ်ကလေး)

လောကကြီးတွင် တစ်ခါတစ်ရံ၌ ဆန်းကြယ်သော လူအမျိုးမျိုး စိတ်အထွေထွေကို မြင်ဖူး ကြားဖူးကြပေလိမ့်မည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော် တင်ပြချင်သော လူများသည် ထိုလူများထဲတွင် ပါကောင်းပါနိုင်ပါလိမ့်မည်။ ကျွန်တော့်အဖို့ ထိုလူများသည် ဆန်းကြယ်နေ၍ ဖြစ်ပါသည်။

ကျွန်တော့်တွင် အမေဘက်မှ အမေ၏ အစ်ကိုကြီး ကျွန်တော့်ဘကြီးတစ်ယောက်ရှိသည်။ ဘကြီးသည် မြစ်ဝကျွန်းပေါ် ဒေသရှိ တောမကျမြို့မကျ မြို့တစ်မြို့တွင် နေသည်။ ဘကြီးသည် ကျောင်းဆရာဘဝမှ အငြိမ်းစားယူပြီး အိမ်တွင် အိမ်ဆိုင်ကလေးဖွင့်ကာ သူ့ဇနီးနှင့် အေးအေးချမ်းချမ်းနေထိုင် စားသောက်နေသည်။ သမီးတစ်ယောက်သာ ထွန်းကားသည်။ ထိုသမီးတစ်ယောက်ကလည်း သူတို့မြို့တွင် တပ်ရင်းလာချထားသော တပ်မှ စစ်ဗိုလ်တစ်ယောက်နှင့် အိမ်ထောင်ကျကာ စစ်ဗိုလ်ပြောင်းရွှေ့ရာ မြန်မာပြည်အနှံ့သို့ လိုက်ပါသွားခဲ့သည်။

ကျွန်တော် ပြောပြချင်သည်မှာ ထိုစစ်ဗိုလ်ကတော်အကြောင်း မဟုတ်ပါ။ ကျွန်တော့် ဘကြီးအကြောင်းသာ ဖြစ်ပါသည်။ ဘကြီးသည် ကျောင်းဆရာတစ်ယောက် ဖြစ်ခဲ့၍လားမသိ အင်မတန် စိတ်ရှည်သည်။ သည်းခံတတ်သည်။

ကျွန်တော့်အမေ ပြောဖူးသည်။ ဘကြီးသည် ငယ်စဉ်ကတည်းက စိတ်ဆိုးတာ စိတ်တိုတာမျိုး တစ်ခါဖူးမျှ မရှိခဲ့ဟုဆိုသည်။ တခြား တစ်ဦးတစ်ယောက်နှင့်လည်း စကားများ ရန်ဖြစ်တာမျိုး တစ်ခါမျှ မတွေ့ဖူးခဲ့ဟု ပြောပြသည်။

ဘကြီးသည် အိမ်ထောင်ကျသွားသော်လည်း ဇနီးသည်နှင့် စကားများ ရန်ဖြစ်တာတို့ကတော့ ဝေးလာဝေး ဟုဆိုရမည်။

ဘကြီးနှင့် အတူ မနေ... ဘကြီးအကြောင်း ကျွန်တော့်အ... ပြော၍ သိရသော်လည်း ကျွန်တော်... ရံဖန်ရံခါ ဘကြီးတို့မြို့ကို အလည်သွ... ၍ ဘကြီးတို့အိမ်တွင် တည်းခိုတ... ဘကြီးအကြောင်းကို ပတ်ဝန်းကျင်... လည်း မေးကြည့်သည်။ ဘကြီး၏ ... အားလည်း မေးကြည့်သည်။ တစ်... သူတို့နှစ်ယောက် ရန်မဖြစ်ဖူးကြော... သိရသည်။

ဘကြီးသည် ၁၉၈၀ ပြည့်... ဇန်နဝါရီလတွင် အသက်(၇၀) အ... ဆုံးသည်။ ဘကြီးဆုံး၍ ဘကြီး... ကိစ္စအတွက် ကျွန်တော်တို့ မိသ... ဘကြီးတို့မြို့ကို သွားကြသည်။ ... ကို မြေသို့မချမီ ဘကြီး၏ ဇနီးသ... ဘကြီးကို တမ်းတ၍ ငိုလည်းငို၊ ... လည်းပြော၊ အသံကို ကြားရသော... ကျွန်တော်တို့ ပြုံးမိကြသည်။

"အောင်မယ်လေး ကို... ရယ်. . . သေသာသေသွားရော ... ကျွန်မနဲ့ ရန်ဖြစ်ဖို့ မပြောနဲ့ စကား... တာကလေးတောင် တစ်ခါမျှ မ... ပါလားတော့" ဟူ၍ ဖြစ်သည်။

*

ကျွန်တော်သည် အစိုး... တစ်ခုတွင် အလုပ်ရ၍ ဌာနက ... သော အိမ်တွင် နေထိုင်ခဲ့သည်။

ကျွန်တော်တို့အိမ်နှင့် ... ချင်းဆိုင်တွင် ကာယလုပ်သ... အတွက် အိမ်ခန်းများရှိသည်။ ... ခန်းများ၏ တစ်ခုသော မီးဖိုဆော... လင်မယားနှစ်ယောက် မှီခိုနေ... သည်။ ထိုစုံတွဲသည် ငယ်ငယ်ရွ... နှင့် အိမ်ထောင်ပြုကြ၍ လော... အတွေ့အကြုံကို စောစီးစွာ ရင်... ကြသူများ ဖြစ်သည်။

ယောက်ျားက ကာယလု... တစ်ဦးဖြစ်၍ ကလေးတစ်ယော... စားဝတ်နေရေး မပြည့်စုံသော... မကြာခဏ စကားများရန်ဖြစ်... စားဝတ်နေရေးကိစ္စများကြောင့်...





www.burmeseclassic.com

www.burmeseclassic.com

သည်။ ပထမ ခွန်းကြီး ခွန်းငယ် စကား များကြသည်။ နောက် အော်ကြီးဟစ် ကျယ်ဖြစ်လာကြသည်။ ထိုမှ တစ်ဆင့် ရိုက်မောင်း ပုတ်မောင်း ဖြစ်လာကြ သည်။ ယောကျ်ားက ဇနီးဖြစ်သူကို ရိုက်ခြင်းဖြစ်သည်။

ဇနီးဖြစ်သူက လွန်သည်ဖြစ်စေ လွန်သည်ဖြစ်စေ ရန်ဖြစ်ကြတိုင်း ယောကျ်ားက ရိုက်လေသောအခါ ပတ်ဝန်းကျင်က ထိုကောင်လေးကို မုန်းကြ သည်။

သို့သော်လည်း ရန်ဖြစ်ပြီး မကြာ မီပင် ပြန်ပေါင်းထုပ်သွားကြသည်သာ ဖြစ်သောကြောင့် ပတ်ဝန်းကျင်က လျစ်လျူရှုထားကြသည်။

ထိုကဲ့သို့ ရန်ဖြစ်တိုင်း တဗုန်း ဗုန်း တဒိုင်းဒိုင်း ရိုက်နေသည့်ကြားက ယောကျ်ားက အထုပ်ဆွဲ၍ ဆင်းသွား သောအခါ မိန်းမက မဆင်းရဘူးဟု ဆိုကာ လိုက်ဆွဲသည်။

ဤသို့ဖြင့် ရန်ဖြစ်ကြလေတိုင်း ယောကျ်ားက ဆင်း၊ မိန်းမက ဆွဲ၊ တစ်ခါတစ်ရံ ဆွဲမရ၍ "ရှင်ဆင်းရင် ရှင့်အိမ်ကို လိုက်မှာပဲ" ဆိုသောအခါ ယောကျ်ားက မဆင်းတော့ဘဲ ပြန်ပါ လာ၍ ဤသို့ဖြင့် ပြန်ပေါင်းထုပ်ကြ။

(ယောကျ်ားက သူ့မိဘအိမ်သို့ ဆင်းမသွားရဲခြင်းမှာ သူ့မိဘအိမ်တွင် ညီ အစ်ကို မောင်နှမများ စုံပြုံပြီး နေကြ သောကြောင့် နေမဖြစ်၍ ဖြစ်သည်)

ကောင်မလေး၏ ညီအစ်ကို မောင်နှမများက သူတို့ညီမဖြစ်သူကို ဤကဲ့သို့ မကြာခဏရိုက်နှက်နေသည် တွေ့ဖန်များလာသောအခါ သူ့ ယောကျ်ားကို ကွာလိုက်ရန် ပြောကြ သည်။

ထိုအခါ ကောင်မလေးက. . .

"သူ ရိုက်စမ်းပါစေ၊ သူ့ကို မကွာ ဘူး။ သူ ငါ့ကို ဘယ်လောက်ချစ် သလဲဆိုတာ ငါပဲသိတယ်"

ဟု ပြန်ပြောသည်။

*

ကျွန်တော်ငယ်ငယ်က အိမ်နီး ချင်းဖြစ်ခဲ့ဖူးသော မိန်းကလေးမိတ်ဆွေ တစ်ယောက်သည်လည်း ငယ်ငယ်ရွယ် ရွယ်နှင့် စောစီးစွာ အိမ်ထောင်ကျသွား သူဖြစ်သည်။ သူတို့နှစ်ယောက်၏ အိမ် ထောင်ရေးကျတော့လည်း တစ်မျိုး။

သူ့အမည်က မခင်ကြည်။

သူ့ယောကျ်ားက ကိုလှသောင်း။

သူတို့ လင်မယားသည် လင်နှင့် မယား လျှာနှင့်သွားဆိုသလို မကြာခဏ ခွန်းကြီးခွန်းငယ် စကားများကြသည်။

ကိုလှသောင်းက သူ့ဝသီအတိုင်း စကားများလျှင် လေအေးကလေးနှင့် သာ ပြောသည်။ နောက် အော်ကြီး ဟစ်ကျယ် ဖြစ်ကြသည်။ အော်ကြီး ဟစ်ကျယ် ဆိုသည်မှာ မခင်ကြည်၏ အသံသာဖြစ်သည်။ ရန်ဖြစ်ပြီပေဟု ဆို လျှင် မခင်ကြည်က စတင်၍. .

"ကိုလှသောင်း၊ ရှင် ကျွန်မကို ရိုက်လိုက်စမ်းပါ၊ ရှင် မရိုက်ဘူးလား ရိုက်မလား"

"ကျွန်မ ဒေါသထွက်လာပြီနော်၊ ရှင် ကျွန်မကို ရိုက်စမ်းပါဆို"

ရန်ဖြစ်တိုင်း သူ့ယောကျ်ားကို ရိုက်ခိုင်းနေသည်။ တော်တော်နှင့် စိတ် ဆိုးမပြေ။ အော်ကြီး ဟစ်ကျယ်ပြော ကာ မဖွယ်မရာစကားတွေ ထွက်နေ တတ်သည်။ ကြာလာတော့လည်း ကို လှသောင်းက တစ်ချက်နှစ်ချက် ဗုန်း ဒိုင်းနှင့် ထရိုက်လိုက်မှ ငြိမ်သွားသည်။ ရန်ဖြစ်တိုင်း မခင်ကြည်က ရိုက်ခိုင်း လိုက် ကိုလှသောင်းက ထရိုက်လိုက်နှင့် ယခုဆိုလျှင် သားကြီး သမီးကြီးတွေနှင့် ရတနာတွေ ခြောက်ယောက်၊ ခုနစ် ယောက်လောက် တိုးပွားနေကာ မြေး များပင် ရနေပြီ။ သူတို့အချစ်ကလည်း တစ်မျိုး။

*

ကျွန်တော့် ဇနီးသည်၏ အမေ၊ ကျွန်တော့် ယောက္ခမနှင့် မောင်နှမဝမ်း ကွဲတော်သော ဦးရီးဦးထွန်းခင်၏ အိမ် ထောင်ရေးကျတော့လည်း တစ်မျိုး။

ဦးထွန်းခင်သည် ရန်ကုန်ထဲတွင် ပွဲရုံတစ်ခု တည်ထောင်ပြီး မိသားစု ချောင်ချောင်လည်လည်နှင့်စားသောက် နေထိုင်နိုင်သူ တစ်ယောက်ဖြစ်သည်။

ဦးထွန်းခင်တွင် . . သားသမီး ခြောက်ယောက်ရှိသည့်အနက် အကြီး ဆုံးပင်လျှင် ကျွန်တော့်ထက် ငါးနှစ်ခန့် ကြီးသေးသည်။ ဦးရီး ဦးထွန်းခင်၏ အိမ်ထောင်ရေးသည် စာတင်လောက် သော အိမ်ထောင်ရေး ဖြစ်သည်။ ဦးထွန်းခင်သည် သူ့ဇနီး မလှကြည်ကို အလွန်ချစ်သည်။ သူ့ဇနီးကို ခေါ်လျှင် နာမည်အပြည့်အစုံမခေါ်။ "ကြည်" ဟု တစ်လုံးတည်းသာ ခေါ်သည်။ "ကြည်" ဟု ခေါ်ရာတွင် ကြာလာတော့ "ကြည်" က "ကြည်"သံ ပျောက်၍ "ဂျီ" ဟုသာ ကြားနေရသည်။ တစ်နေ့ တစ်နေ့ ဦး ထွန်းခင်၏ ပါးစပ်ထဲတွင် "တဂျီဂျီ" အသံ သာကြားနေရသည်။

ကျွန်တော့်သား အကြီးကောင် နှစ်နှစ်သားအရွယ်လောက်တွင် ဦးထွန်း ခင်တို့လင်မယား ကွဲသောအကြောင်း ကို ကြားရသည်။ ယခု ကျွန်တော့်သား ဆယ့်ငါးနှစ်ရောက်ပြီ ဖြစ်သည်။ သူတို့ လင်မယားလည်း ယခုအချိန်ထိ ပြန် ပေါင်းတာ မတွေ့ရ။ စုံစမ်းကြည့်တော့ ကြီးကြီးကျယ်ကျယ် ရန်ဖြစ်သည်ဟု မကြားမိ။ အိမ်ထောင်ရေး သက်တမ်း တစ်လျှောက် တစ်ခါဖူးမျှ ရန်ဖြစ်ကြ သည် ဟူ၍လည်း မကြားရတဲ့။ ယခု တော့ တစ်ခါပဲစကားများ၊ တစ်ခါပဲ ကွဲ ကြလေသတည်း ဖြစ်သည်။

*

ကျွန်တော့် ဇနီးသည်ဘက်မှ အမျိုး လင်မယားနှစ်ယောက်ကျတော့ လည်း တစ်မျိုးပါပေ။ လင်မယား အိမ် ထောင်ပြုကတည်းက နှစ်ဦးသဘောတူ ချစ်ကြ ကြိုက်ကြ၍ ယူကြရခြင်းမဟုတ်။ မိဘများက တစ်ရွာသားနှင့် တစ်ရွာ သား မတွေ့ မမြင်ဖူးကြဘဲ လူကြီးချင်း သဘောတူ စေ့စပ်၍ အိမ်ထောင်ပြု ပေးထားခြင်း ဖြစ်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လည်း ညားကတည်းက တစ်ယောက်နှင့် တစ်ယောက် ကြင်ကြင်နာနာမရှိကြ။ မကြာခဏလည်း စကားများရန်ဖြစ်ကြသည်။

အသက်(၂၀)ခန့်က အိမ်ထောင်ပြုကြပြီး ငါးနှစ်ခန့်အကြာ တစ်နေ့တွင် အကြောင်းကိစ္စတစ်ခုကြောင့် ကြီးကြီးကျယ်ကျယ် ရန်ဖြစ်ကြသည်။ ထိုနေ့ကစပြီး တစ်အိမ်တည်း အတူနေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် စကားလုံးဝမပြောကြတော့ပေ။ တစ်ယောက်က ခေါင်းရင်းမှာ ထိုင်လျှင် တစ်ယောက်က နောက်ဖေးမှာ နေသည်။ အရေးတကြီး ပြောစရာရှိလျှင် သားသမီးများကတစ်ဆင့် ပြောသည်။

"နင့်အဖေကို ပြောလိုက်ဟဲ့၊ မနက်ဖြန် ဝါးသွားခုတ်ဖို့ မောင်တင်ငြိမ်းတို့ လာခေါ်မယ်လို့"

ယောက်ျားဖြစ်သူကလည်း. .

"နင်တို့ အမေကို ပြောလိုက်၊ ရွာက ကထိန်အတွက် သင်္ကန်းတစ်စုံ လှူလိုက်လို့"

စသည်ဖြင့် သားသမီးများက တစ်ဆင့် ပြောကြသည်။ အသက် (၆၀) ကျော်တွင် ယောက်ျားဖြစ်သူ အလျှင်ဆုံးသွားသည်။ ထိုအချိန်အထိ လုံးဝစကားမပြောကြ။ ယောက်ျားကွယ်လွန်သွားချိန်တွင် သားသမီး ရှစ်ယောက်တိတိ ကျန်ခဲ့သည်။

*

ထိုကဲ့သို့ ဆန်းဆန်းပြားပြား လူအမျိုးမျိုး စိတ်အထွေထွေကို တင်ပြပြီး ကျွန်တော်တို့ လင်မယားနှစ်ယောက်၏ အိမ်ထောင်ရေးကိုလည်း တင်ပြချင်သေးသည်။ ကျွန်တော်တို့ စာပေသမားဆိုတာက အတွေ့အကြုံအင်မတန်လိုချင်ကြသည်။ အထူးသဖြင့် နောက်ပိုင်းအေးသည်။ ပူစရာမလို စားဝတ်နေရေးပြည့်စုံသည်ဆိုလျှင် ခရီးထွက်ချင်ကြသည်။

ခရီးထွက်သည်ဟု ဆိုရာတွင် တစ်ခါတစ်ရံ အပေါင်းအသင်းများနှင့် အစီအစဉ်ဆွဲ၍ အချိန်ယူ ငွေရှာကာ ထွက်တတ်သည်။ တစ်ခါတလေကျတော့လည်း မိတ်ဆွေများနှင့် စာပေဟောပြောပွဲလိုက်သွားရင်း သွားတုန်းက ဘယ်မြို့ ဘယ်ရွာ ဘယ်နှရက်လောက်ကြာမည် စသည်ဖြင့် ပြောသွားသော်လည်း တစ်မြို့ပြီး တစ်မြို့ ပွဲဆက်သွားသောကြောင့် ရက်ကြာသွားတတ်သည်။ ထိုအခါ အိမ်ရောက်လျှင် မိန်းမက စိတ်ကောက်ပါလေတော့သည်။

ပြန်လာရောက်သည်နှင့် ဆီးဟောက်ပါလေတော့သည်။

ဟောက်သည်ဆိုရာတွင် ခရီးလွန်သွားသောကြောင့် ထိုနိုင်ကွက်ကို အခွင့်အရေးယူကာ သူက ဟောက်ခြင်းမဟုတ်။

"တော်ကတော့ သွားချင်ရာသွား နေရာချင်ရာနေ၊ ဒီမှာကတော့ ဖြစ်သလို စားနေရတယ်၊ အကြီးကောင် နေမကောင်းလို့ ဆေးခန်းပို့ရတယ်၊ နားကပ်ဖြုတ်ပြီး မကြည်မြင့်တို့အိမ် ပို့ပြီးမှ ဆေးခန်းပို့ရတာ"

"တော့် အဖေ အိမ်လာသွားတယ်၊ စာမလာတာရော၊ လူမလာတာရော ကြာလို့ လိုက်လာတာတဲ့၊ သားကို မတွေ့တာနဲ့ မြေးတွေကြည့်ပြီး ပြန်သွားတယ်"

စသည်ဖြင့် ပြောတတ်ခြင်းဖြစ်သည်။ ကိုယ်က လွန်နေတော့လည်း အကျိုးသင့်အကြောင်းသင့်ရှင်းပြပြီး သူ့အပြောကို ငြိမ်ခံနေလိုက်ရသည်။ သို့သော်လည်း စာဖတ်သူများသိပြီးသည့်အတိုင်း မိန်းမများက လျှာရှည်တတ်ကြသည်။

စိတ်ဆိုးလည်း တော်တော်နှင့် မပြေကြ။ ခရီးထွက် ပြန်လာပြီး အိမ်ရောက် ပြန်ချော့သော်လည်း တော်တော်နှင့် မကြည်။ ကျွန်တော့်ဇနီးသည် ထိုကဲ့သို့သော မိန်းမမျိုးတွင် ပါသည်။

တစ်ခါက ကျွန်တော့်အိမ်ကို လိုက်ပို့ရင်း ကျွန်တော်တို့ လင်မယား အကြောင်းကို သိသွားသော စာရေးဆရာသူငယ်ချင်းတစ်ယောက်က ကျွ
တော့်ကို အကြံပေးသည်။

"ကိုရင့်ကို အကြံတစ်ခုပေးမယ်
ကိုရင့်မိန်းမက အိမ်ကနေ စူပုပ်ပြီး ဆီး
ဟောက်ပုံမျိုးနဲ့ ကိုယ်သာဆိုရင် ထ
မိမှာပဲ၊ ကိုရင်က စိတ်ရှည်လို့ တော်သေး
တာပေါ့၊ ဒါပေမယ့် နောက် ကိုရင် ဒီလို
မဖြစ်ရအောင် အကြံတစ်ခုပေးမယ်"

"ဆိုပါဦးဗျာ"

"ခရီးလွန်ပြီး ပြန်လာရင် ဒီလို
ဆီးဟောက်နေတာပဲ မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"နောက်ကို ကိုယ်ပေးတဲ့အ
အတိုင်းလုပ်၊ ပြန်လာလို့ ဆီးဟော
ရင် သူမဟောက်ခင် ကိုယ်က အိမ်
မရောက်မီကတည်းက မျက်နှာကို
ထက်ပိုပြီး စူပုပ်ထား၊ ကြံဖန်ပြီး
အပြစ်ရှာ၊ ဟောက်ဖို့အကြောင်း
စောကတည်းက ကြိုစဉ်းစားထား
ဆို နောက် ကိုရင့်ကို မဟောက်ရဲ
ဘူး"

"ဟုတ်ပါ့မလားဗျာ"

"သိပ်ဟုတ်တာပေါ့၊ မယုံ
စမ်းကြည့်"

ခရီးတစ်ခုထွက်ပြီး ပြန်အ
သူ့အကြံအတိုင်း ကျွန်တော် စမ်း
ကြည့်သည်။ ကိုယ်က အမှား
လုပ်လာပြီဆိုလျှင် အိမ်ရောက်သည်
သူ့ပျော့ကွက်ကို ရှာပြီး မျက်နှာ
တင်းတင်းနှင့် ဟောက်တော့သည်
ထိုအခါကျတော့လည်း ဇနီးသည်
ကျွန်တော့်ကို ဟောက်ဖို့ကိစ္စ မေ
ဟန်တူသည်။ သူ့အားနည်းချက်
ကာ ငြိမ်ကျသွားသည်။

ဥပမာ တစ်ခါက အ
အသင်းများနှင့် ဆုံကြရင်း စည်
ဆိုင်တစ်ခုကို ဝင်ကြသည်။ စ
တော့ ဘီယာ၊ နောက်တော့ အ
ရောလာသောကြောင့် များသွား
ညဉ့်လည်းနက်ပြီ။

ဇနီးသည်၏ စူပုပ်
မျက်နှာကို အိမ်ရှေ့ရောက်



www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသည်။ သူငယ်ချင်း၏ သီအိုရီ အတိုင်း လမ်းမှာဟောက်ဖို့ စဉ်းစားလာသည်။ စဉ်းစားမရ။ အိမ်ရောက်မှပဲ အခြေအနေကြည့်ပြီး ဟောက်တော့မည်ဟု ဟောက်စရာ အကြောင်းရှာသည်။ တွေ့ပြီ။

လေးနှစ်သား အရွယ်ရှိ ကျွန်တော့်သား အငယ်ကောင်က အိမ်ရှေ့မှာ ရေချိုးနေသည်။ ဒီကောင်က ငယ်ငယ်ကတည်းက ချူချာသည်။ နည်းနည်းကြီးလာလို့ အဖျားအနာနည်းသွားခြင်း ဖြစ်သည်။

"ဟော့ နု မင်းတော်တော် အသုံးမကျတာပဲ၊ ဟိုမှာကြည့်စမ်း အငယ်ကောင်ရေချိုးနေလိုက်တာ၊ ဒီအချိန်ကြီးရေချိုးနေတာ မင်းမို့လို့ ကြည့်နေရက်တယ်၊ လခထုတ်ဖို့က အဝေးကြီး လိုသေးတယ်ကွ၊ ဆေးခန်းသွားပြစရာ မင်းမှာ ပိုက်ဆံရှိလို့လား၊ ဒီကောင့်အကြောင်းလဲ မင်းသိသားနဲ့၊ ရေချိုးမှားတာနဲ့ဖျားတတ်တာကို မင်းမသိဘူးလား၊ တော်တော်. . အသုံးမကျတဲ့ မိန်းမတောက်"

ထိုအခါကျမှ ဇနီးသည်မှာ မျက်နှာကလေးငယ်ငယ်နှင့် အငယ်ကောင်ကို ရေမချိုးရန် ထဆွဲသည်။

*

စာဆိုတော်ရာသီ တစ်ခုတွင် မိတ်ဆွေစာပေအပေါင်းအသင်းများနှင့် အထက်အညာဘက်သို့ ခရီးထွက်ခဲ့သည်။ နောက်ပိုင်းအေးအောင်လည်း ငွေကြေးပြည့်စုံအောင် ရှာဖွေပေးထားခဲ့သည်။ ပြီး အိမ်မှာ အဖော်ရအောင် ကျွန်တော့်ညီမ အငယ်ဆုံး ကောင်မလေးကို အဖေနှင့် အမေထံမှ ခဏခေါ်ကာ ဇနီးသည်နှင့် အတူ ထားခဲ့သည်။

ညီမလေးကို ညအိပ်လာလည်ဖို့ ခေါ်တိုင်း တစ်ခါဖူးမျှ မထည့်သော အဖေနှင့်အမေသည် သည်တစ်ခါ တော့ ရှောရှောရှူရှူပင် ထည့်လိုက်၍ ဇနီးသည်နှင့်အဖော်ရသောကြောင့်စိတ်အေးစွာနှင့် ခရီးထွက်ခဲ့သည်။

ပြောခဲ့ပြီးသည့်အတိုင်း တစ်မြို့မှ တစ်မြို့၊ တစ်ရွာက တစ်ရွာ ဟိုဝင်သည်ထွက်နှင့် ဟောပြောပွဲကို ဟိုကလာဖိတ်၊ သည်ကလာဖိတ်နှင့် ခန့်မှန်းခြေ (၁၅)ရက်လောက်ကြာမယ်ဟု ဇနီးသည်အား ပြောထားခဲ့သော်လည်း ခြေရှည်လှသော ကျွန်တော်တို့ အဖွဲ့သည် တစ်လကျော်ကြာသွားသည်။ သည်ပုံအတိုင်းဆို အိမ်အပြန် ဇနီးသည်၏ အဟောက်ကို ခံရဦးမှာပါလားဟု တွေးကာ ပြန်လာခဲ့သည်။

သူငယ်ချင်း စာရေးဆရာ၏ သီအိုရီအတိုင်း သည်တစ်ခါလည်း သူမဟောက်ခင် ကိုယ်က အလျင် ကြိုဟောက်မည်ဟု မျက်နှာထားခပ်တင်းတင်းနှင့် ဝင်လာခဲ့သည်။ ထုံးစံအတိုင်း ဇနီးသည်က မျက်နှာစူပုပ်အောက်သိုးကာ ဟောက်ရန် ပြင်နေပြီလားဟု အိမ်ထဲကို လှမ်းကြည့်လိုက်သည်။

အောင်မယ် ဒီတစ်ခါ အတော်ထူးသည်။ မျက်နှာထားမတင်း၊ စူပုပ်မနေ၊ မျက်နှာငယ်ကလေးနှင့် တစ်ခုခုကို ပြောချင်နေသလို ဘာလိုလို။ သို့သော်လည်း မိမိစိတ်ကူးအတိုင်း. . .

"မင်းကွာ အညာက သနပ်ခါးတုံးတွေ သယ်လာရတာ ဘယ်လောက်လေးသလဲ၊ ဒါတောင် ဝိုင်းသယ်ပေးဖို့ စိတ်မကူးဘူး၊ အရင်က အဖေပြန်လာရင် ပြေးကြိုနေတဲ့ အကြီးကောင်တို့၊ အကြီးမတို့ ဘယ်ရောက်ကုန်ကြလဲ၊ လျှောက်ဆော့နေကြတယ် မဟုတ်လား၊ မင်းကတော့ကွာ ငါမရှိရင် မရှိသလိုဘဲ၊ အပြောရသက်သာပြီးရောဆိုပြီး လွှတ်ထားတယ် မဟုတ်လား၊ မင်းတို့ သားသမီး အုပ်ထိန်းတာ မဟုတ်သေးပါဘူး"

ဟောက်လိုက်သော်လည်း အရင်တုန်းကလို ဟောက်ပြီးသည်နှင့် မျက်နှာသေကလေးနှင့် ဖြစ်မနေ။

သည်တစ်ခါတော့ သူလည်း သူ့သီအိုရီ ပြောင်းများ ပြောင်းလိုက်ပြီလားဟု တွေးကြည့်လိုက်မိသည်။

"ကလေးတွေက လျှောက်လည်လျှောက်ဆော့နေလဲ ထမင်းဆာရင် အချိန်တန်ပြန်လာမှာပဲ၊ သိပ် ဟောက်မနေနဲ့ ကလေးတွေက ဘာမှမဖြစ်ဘူး"

"ဟေ ကလေးတွေက ဘာမှမဖြစ်တော့ ဘာကဘာဖြစ်နေလို့တုံး"

"ကျွန်မနဲ့ အဖော်ရအောင်ဆိုပြီး ထားခဲ့တဲ့ တော့်နှမအကြောင်းတော့ မဟောက်တော့ဘူးလား"

"ဟေ မဝင်းကြည်လား၊ ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲ လင်နောက်လိုက်သွားပြီ"

"ဟေ"

"သဘောပေါက်ပြီလား"

"ဘယ်ကလူနဲ့လဲ"

"သူတို့မြို့က ကောင်လေးနဲ့ပေါ့၊ စာရေးထားခဲ့တယ်"

"သူတို့မြို့က ဆိုတော့ ဟိုကဒီကို ဘယ့်နှယ် ဘယ့်နှယ်"

"တော့်ညီမက ဟိုမှာ ရည်းစားတွေ ဘာတွေနဲ့ ဖြစ်နေတော့ တော့်အဖေနဲ့ အမေက သဘောမတူလို့ ဒီမှာ လာထားပြီး ဝေးနေရင်တော့ အဆက်ပြတ်မှာပဲဆိုပြီး ဒီကိုထည့်လိုက်တာလေ၊ အခုတော့ ကောင်လေးက လိုက်လာပြီး ဘယ်တုံးက ဘယ်လို အချိန်းအဆက်လုပ်ပြီး ကြံထားကြသလဲ တော့ မသိဘူး၊ ခိုးပြေးသွားကြတာပဲ၊ သူ့အစ်ကိုကြီးဆီ သွားထားရင်တော့ မဖြစ်တန်ဘူးထင်ပြီး ထည့်လိုက်တာ၊ ခုတော့ တော့်အဖေနဲ့ အမေကို ဘယ်လို မျက်နှာပြမလဲ ဆရာရေ"

အင်း ဒီတစ်ခါတော့ ဇနီးသည်ရဲ့ အဟောက်မခံရဘဲ အဖေနဲ့ အမေရဲ့ အဟောက်ကို ခံရတော့မှာပါလားဟု တွေးကာ ကျွန်တော် ခေါင်းကိုက်နေမိပါတော့သည်။

❒ မောင်မြင့်မြား (ဗိုလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com

# အလှူနဲ့ အောင်သွယ်တော်ကြီး

မင်းတိုင်ပင်
(မြရောင်မြေ)




ဒီနေ့ ဦးထွန်းဆိုင်နှင့် ဒေါ်စောညွန့်တို့ ဦးဆောင်သော သာသနာဟိတ ပုညကာရီ အမျိုးသမီးအဖွဲ့မှ ကျောင်းဆောက်လုပ်ရန် အလှူခံထွက်သည့်နေ့ပင် ဖြစ်၏။

အမျိုးသမီး(၂၀)ကျော် အမြဲတမ်း ဝတ်လှည့်အလှူခံရသည့် အဖွဲ့ကို ဦးထွန်းဆိုင်က နိဗ္ဗာန်ဆော်ကြီး ဒေါ်စောညွန့်က အမျိုးသမီးခေါင်းဆောင်။

"သပ္ပုရိသနွယ်ဝင် သူတော်စင် အပေါင်းတို့ ခင်ဗျား"

"နောင် ဝေ ဝေ ဝေ ဒူ ဒူ"

"ကျောင်းသစ်ကျောင်း . . . ဆောက်လုပ် လှူဒါန်းရန်အတွက် လူငယ် အမျိုးသမီးသာသနာဟိတ ပုညကာရီအဖွဲ့မှ အလှူခံများအား စေတနာတတ်အား နည်းများမဟူ လှူဒါန်းကြပါခင်ဗျာ"

"သာဓု သာဓု သာဓု ဇောတိက၊ ဇဋိလ ဟာ စောညွန့် ဟိုသူဌေးက ဘာတုံး ငါမေ့လိုက်တာ၊ ဟိုဟာ ဟို သေနာကျ သူဌေး . . . ဟာ"

"ရှင်ကလဲ ဆုလဲ ပေးချင်သေးတယ်၊ နောက်တစ်ဦးကျန်သေးတယ်"

"ဟို ကာကွဏ္ဏ"

"ဘာကွာ၊ ဟို . . ကွာကွန်န အဲဒီ သူဌေးကြီး လေးဦးတို့လို ပေး၍မကုန် လှူ၍မခန်း ပဒုမ္မာ ရွှေကြာပန်းလို ပွင့်လန်းတော်မူနိုင်ကြပါစေ၊ မေ့တယ် မေ့မှမေ့တယ်"

"နောင် ဝေ ဝေ ဝေ ဝေ"

"ဟဲ့ ခင်ဦး တူမ ခင်ဦး လာဦး"

"ဒီမှာ ဒီမှာ စာ စာ ငါဆူးစူးသွားလို့ဟ"

"ဘကြီး ဘာလဲရှင့် ဘယ်သူပေးတာလဲ"

"နင့် စောညွန့် သိမယ်၊ ဖတ်ကြည့် စန်းအောင်ပေးတာ၊ မသိစေနဲ့ သိလို့ကတော့ ငါ ထိပ်စူသွားမယ်"

"ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့ပါ"

"ဟေ ဟိုရှေ့က ကလေးမတွေ ငါ ဒီညောင်ပင်အောက်မှာရှိမယ်၊ ဒီမှာ ဆူးစူးသွားလို့ ကဲ ခင်ဦး ဘကြီးကို ဆူးထွင် ချင်ယောင်ဆောင် ကြားလား စန်းအောင်က လူရိုးလေးပါဟယ်၊ သမီး အထင်မလွဲနဲ့၊ ဘကြီးက သင့်တော်တယ်လို့ ထင်တယ်၊ သမီးအဖေက အားကိုးရတာ မဟုတ်ဘူး၊ အဲဒီတော့ စန်းအောင်ကို ယူလိုက်ပေါ့"

"အို ဘကြီးကလဲ သမီးငယ်ပါသေးတယ်"

"ဟဲ့ ငယ်တယ်၊ ကြီးတယ် မဟုတ်ဘူးလေ၊ အိမ်ထောင်တစ်ခု တည်ဆောက်တာပဲ"

"စဉ်းစားဦးမယ်နော် ဘကြီး ဒေါ်ကြီးနဲ့ တိုင်ပင်လိုက်ဦးမယ်"

"အမယ်လေး ဒီကလေးမ ငါ့ကို ချိုကျိုးအောင် လုပ်နေပုံရတယ်၊ ထ သွားတော့ သွား"

ညနေ ရောက်သော်။

"ဟော့ လူလေး . . အုန်းသန်း အဖေတို့ ပြန်လာပြီကွ"

"ဟာ အဖေ ကျွန်တော် အမေ မိန်းမ ခိုးလာတယ်"

"ဟာ ငါ့မိန်းမ ခိုးရအောင် အဲဒါ မင်း အမေလေ၊ မိုးကြိုးပစ်ထော မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး အဖေရဲ့၊ ကျွန်တော် မိန်းမ ခိုးလာတာကို ပြောတာ၊ ဒီမှာဗျ"

"မင်းနဲ့ကွာ ငါ့လဲ မခေါ်ဘူး"

"အမေ ပြန်လာပြီလား၊ လာပါဦး အမေ့ ချွေးမ ခေါ်ခဲ့ပြီဗျ"

"ဟာ. . သား၊ လူလေး မင်းက စောလှချေလားကွယ့်"

"အမေရယ် ဒီမှာလေ၊ အနုရေ အနု လာပါဦး"

"မို့မို့မြင့်အောင်လိုပဲကွ၊ စေညွှန့်၊ မင်းငယ်ငယ်တုန်းကလိုပဲ ချောမှ ချော"

"ရှင်ကလဲ တိုးတိုးလုပ်စမ်းပါ"

"ကဲ သမီး၊ အဖေတို့နဲ့ မရှိအတူ ရှိအတူပေါ့ကွာ၊ မရှိတော့လဲ မစားနဲ့ပေါ့ ဟုတ်လား"

"ဟာ ရှင်ဟာက ကလေးတွေ စိတ်ညစ်အောင်"

"သမီး၊ ညည်းအဖေက အဲဒီလို နောက်မှ ပြောင်မှ နေတတ်တာ၊ လူပြောင်"

"ဟုတ်ကဲ့ပါ. . ဖထီးနဲ့ အမိုး နသဘာယာ လုပ်ပြီးကြပါပြီရှင်"

"ဟာ ငါက ကရင်မဟုတ်ဘူး၊ ဗမာ ကလတစ်"

"ဟား ဟား . . . ဟား ဟား"

"ကဲ. . လူလေး၊ မင်္ဂလာကိစ္စ အတွက် ဘာမှမပူနဲ့၊ အဖေ ကြည့်စီစဉ်မယ်၊ ငါကိုယ်တိုင် ဘိသိက်မြှောက်မယ်၊ နောက်ပြီး အဖေက မြားနတ်မောင် ဘိသိက်ဆရာ ဆိုတော့ ထွန်းဆိုင်က ဘိသိက်ဆရာ အောင်သွယ် မြားနတ်မောင် . . . ဟေး"

ဦးထွန်းဆိုင် ဘုရားကျောင်းမှ စာအုပ် တစ်အုပ်ယူ၍ စာရွက်တွေ လှန်ပြီး ကြည့်ကာ ရွှေကိုင်းမျက်မှန်ကို ကောက်တပ်ပြီး ဟန်ပါပါဖြင့် . . .

"ဘာဟိန္ဒြိ၊ မဟိန္ဒြိ၊ မကျုံန္ဒြိ၊ ဟိုဟာကျန်ဒြိ၊ ဒီဟာကျန်ဒြိ၊ ဟာ ငါ့စာတွေ ဘာတွေ ဖျက်ပြန်ထားတာလဲ၊ ဒါ ရွှေဖူးလက်ချက်ပဲ ဖြစ်မယ်၊ ဒီကောင်က (၁၀)ချောင်းမပြည့်လို့သာ၊ နို့မို့ တစ်ရွာလုံးမွှေမယ့် ရာဟုဂြိုဟ်ကောင်"

ဦးထွန်းဆိုင်က အသံနေ အသံထားဖြင့် ဘိသိက်စာများကို ရွတ်နေ၏။

"မင်္ဂလာ အခါတော်ကျပြီမို့ ချီးမြှောက်တဲ့ ပရိတ်သတ်တွေ ဟေ ဟေ ဟေ"

"ဗျို့ ဘကြီး ထွန်းဆိုင်"

"ဟေ့ စန်းအောင်၊ မင်းလဲကွာ ပျောက်နေလိုက်တာ၊ ငါ့ ဘိသိက်စာတွေ ကျက်နေရတယ်၊ လာလေကွာ၊ လာ ထိုင် ဟန်ကျသွားပြီ မင်းနဲ့ ငါလေ"

"ကိုထွန်းဆိုင် ရှင် စကားပြောတာ၊ ဘာစကားလဲ အရင်းမရှိ အဖျားမရှိ"

"အိုကွာ အတွင်းရေးမှူး၊ အပြင်ရေးမှူး ဆိုတာပေါ့"

"အေး ရှင်က ဘာ အတွင်းရေးမှူးလဲ"

"စန်းအောင်က အတွင်းရေးမှူး ရွေးမလို့ပေါ့ ကောင်စီမှာလေ"

"ဩော်ဒါလား၊ ဒေါ်ကြီးတို့လဲ ဧည့်စာရင်းလွှတ်ပါ၊ ပြန်ကြည့်ပါကွယ်"

"စိတ်ချပါ ဒေါ်ကြီးရဲ့၊ ကျွန်တော်က အမျိုးလို စောင့်ရှောက်မှာပါ"

"ဘာ ဘာ မင်းက"

"ဒီမှာ စေညွှန့်၊ ဘဝသံသရာကြီးဟာ ဒယ်အိုးထဲ မြွေကျသွားသလို ဘယ်တော့မှ ပြန်မတက်တတ်ဘူး၊ အဲဒီလိုပဲ ဆွေမျိုးတွေ ဆိုတာ မကင်းကျဘူးလေ၊ မဟုတ်လား"

"ကိုထွန်းဆိုင်၊ ကျပ်ကျပ်သတိထားပါ"

"မိန်းမ ပြောတော့လဲ မှန်တာပဲလေ အေးပါ"

ဒီနေ့ ဦးထွန်းဆိုင် ကန်ထဲမှာ ရွှားရေသွားတိုက်နေစဉ် စန်းအောင် ရောက်လာပြီ။

"ဘကြီး ဘကြီး၊ ဘယ်လိုလဲ အဆင်ပြေပြီလား"

"မင်းကလဲ မင်းနဲ့ ငါလေကွာ၊ ဆိုထဲက မင်း အတွင်းရေးသိရမှာပေါ့ကွ၊ ငါ့ဘက်ကတော့ တာဝန်ကျေပြီကွ၊ မင်းတို့ ကောင်းစားဖို့ ဖန်ပေးရတာနော်၊ သူ့အဖေ မရှိခင် ဝင်သွားပြီး အိုကွာ မင်းပြောပေါ့ကွ"

"ဟာ ဘကြီး၊ ကျွန်တော် တစ်ယောက်တည်းသွားရမှာကြောက်တယ်"

"ဩော် မင်းက အဖော်လိုချင်လို့လား၊ မင်းနဲ့ကွာ အပဲ့၊ တော်း လူပျိုလက် ဝက်မြီး ဒါမှမဟုတ် ချွေးမြီး၊ ရေခွက်ဆိုတာ မင်းကြားဘူးလား၊ သွားမှာသာ သွားစမ်းပါကွာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ"

စန်းအောင်တစ်ယောက် လယ်ကွင်းထဲမှ ခင်ဦးတို့ နောက်ဖေးဘက်သို့ သွားကာ အရိပ်အခြေည် ကြည့်နေ၏။ ခင်ဦး အိမ်အနားတွင် ထင်းပုံထဲ ခဏ စောင့်ပြီး ဘာသံမှ မကြားသဖြင့် . . .

"ခင်ဦး ခင်ဦး . . . ခင်ဦး"

"ဘယ်သူလဲ"

"ငါပါ စန်းအောင်ပါ"

"အစ်ကိုကြီး ဟာ၊ လူတွေ သိကုန်တော့မယ် မလာပါနဲ့"

"ငါပေးတဲ့စာ ရလား၊ အဲဒါ"

"ရတယ် အစ်ကိုကြီး ရတယ်"

"အဲဒီတော့ အဖြေပေးပါဦး"

"အဖြေက ဒေါ်ကြီး မေးရဦးမယ်"

"ဟေ သေဟ၊ ဘာလို့ မေးရမှာလဲ"

"ကျွန်မက အဖေ မရှိတော့ ဒေါ်ကြီးကို တိုင်ပင်ရတယ်၊ ဒေါ်ကြီး သဘောကျမှပေါ့"

"ငါနဲ့ဟာ ဒုက္ခပဲ ဘယ်လောက်ကြာဦးမှာလဲ"

"ဟောဒီ မင်္ဂလာဆောင်ရက် ကျမှပဲ သိရမယ်"

"ဟေ့ သမီး ခင်ဦးရေ၊ သမီးလေး အဖေ ပြန်လာပြီကွ၊ အိပ်ပြီလား"

"ဟုတ်ကဲ့ အဖေ လာပါပြီ၊ အစ်ကို ပြန်တော့ ပြန်တော့ သွား သွား"

"သမီးရဲ့ ဒေါ်ကြီး မလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ကြီး . . မလာသေးဘူး အဖေရဲ့၊ အဖေ ထမင်းစားပြီးပြီလား"

"အေး၊ စားပြီးပြီ သမီး၊ အဖေ အိပ်ချင်လို့ အိပ်တော့မယ်"

"ဟုတ်ကဲ့ပါ အဖေ၊ ဒေါ်ကြီး သွားတွေ့လိုက်ဦးမယ်၊ ခဏလေးနော် အဖေ"

ခင်ဦး ဒေါ်စောညွန့်အိမ်ဘက် ထွက်လာပြီး . .

"ဒေါ်ကြီးရေ . . . ဒေါ်ကြီး"

"ဟဲ့ ခင်ဦး၊ ဘာတုံး နင့် အဖေ ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့ ဒေါ်ကြီး၊ သမီး ပြော စရာရှိလို့"

"ဘာလဲ ပြောလေ ညည်းဟာ က"

"ဒေါ်ကြီး . . သမီးလေ၊ စာရ တယ်၊ အဲဒါ"

"အဲဒီစာက ဘယ်သူက ပေး တာလဲ"

"ဘကြီး ဘကြီး အဲ . . . ဟုတ် ပေါ်ဝ ကိုစန်းအောင်"

"ဟော့ ကိုထွန်းဆိုင်၊ ရှင်က စာပို့ တိုက် လုပ်နေတယ်ပေါ့လေ၊ စာတိုက် မှူးကြီးရဲ့"

"ဟဲ့ စောညွန့် ဘာလဲ"

"လာခဲ့၊ ကလေးကို မသွန်သင် ဘဲ ရှင်က အောင်သွယ်လုပ်တယ်ပေါ့"

"တိုးတိုးလုပ်ပါကွာ၊ မင်းကလဲ ဒီလို ဒီကလေးမနဲ့ စန်းအောင်နဲ့ လူငယ် ဘာဝပေါ့၊ အဲဒါ ရည်ငံကြတယ်၊ မင်း ကို မတိုင်ပင်ရလို့ မပြောရသေးတာ၊ ခု တိုင်ပြီ၊ ငါ ပြောတော့မယ်"

"အောင်မယ် ရှင်က အလှူ ထွက်ရင်း အောင်သွယ်တယ်ပေါ့"

"အေး ကုသိုလ်နှစ်မျိုး ဆွေမျိုး ကိုးကဲ့၊ အလှူခံရှင်း အောင်သွယ်ဟာ၊ ဘာဖြစ်လဲ"

"အောင်သွယ်ဦးဟာ သွယ်ဦး"

"ဟား ဟား . . . ဟား ဟား"

❒ မင်းထိုက်ပင်မြရောင်ခြေ

# ရန်ပြုသူတွေ များနေသလား

**ဆရာ ဇီဝအောင်ထွန်း**

လောက၌ "ချစ်ခင်သူတစ်ရာရှိ ပါက နည်းသေး၏။ ရန်လိုသူတစ်ဦး ရှိပါက များလှ၏" ဆိုသော စကားရပ် ကလေး ရှိပါသည်။

ဆိုလိုသည်မှာ ရန်များခြင်း၏ မကောင်းသော အလေ့ပင် ဖြစ်ပါလိမ့် မည်။ မိမိတို့ပတ်ဝန်းကျင်ဝယ် ကိုယ့် အပေါ် လိုလား ချစ်ခင်သူတွေ ရှိကြ သလို မလိုလားဘဲ ရန်သတ္တုရုပြုလိုသူ တွေလည်း ရှိနေကြသည်မှာ လောက နိယာမပင် ဖြစ်ပါသည်။

မိမိ၏ ပတ်ဝန်းကျင်၌၊ မိမိ၏ လုပ်ငန်းခွင်၌၊ မိမိ၏ စီးပွားရေး ဈေး ကွက်၌ ရန်သတ္တုရုပြုသူ၊ ရန်လိုသူ၊ မိမိ အတွက် အကျိုးမပေးသူ မကောင်းကြံသူ တွေများနေလျှင် မိမိအတွက် အကျိုး မဲ့ရာမဲ့ကြောင်းတွေသာ ဖြစ်ထွန်းနေပါ လိမ့်မည်။

ဒီအတွက် ရန်ဘေးအသွယ် သွယ်မှ ကင်းပခြင်းသည်သာ လောကီ အတွက် ကောင်းကျိုးမင်္ဂလာ ပြည့်ဝလိမ့် မည်ဟု ယူဆပါသည်။

ဤ၌ ရေဒီယိုမှ နံနက်ခင်း ကာလ ရံဖန်ရံခါ ထုတ်လွှင့်လေ့ရှိသော သီချင်းကလေးတစ်ပုဒ်မှ တေးစာသား ကလေးတစ်ပိုဒ်ကို အမှတ်မထင် သတိ ရမိပါသည်။

"လောကမှာကွယ်××× စာဆို ရှိဖူးတယ်××× သူ့ကိုမုန်းရင် ကိုယ့်ကို မုန်းမယ်" ဟူ၍ ဖြစ်သည်။

ဒီအတွက် ကြေးမုံမှန်ရှေ့ရောက် နေဘိသည့်အလား သူတစ်ပါးမှ အမုန်း မပွားရလေအောင်၊ ရန်ပြုခြင်းများ မခံရ လေအောင် မိမိကိုယ်၌ကလည်း တစ်ပါး သူအပေါ် အမုန်းမပွားသင့်သလို ရန် သတ္တုရုပြုခြင်းကိုလည်း ရှောင်ရှားသင့်ပါ သည်။

မေတ္တာတွေ လွှမ်းခြုံဖို့ လိုအပ် ပါသည်။ စောင်ဖြူ စောင်ကျား ခြုံသော် ငြားလည်းလုံလိမ့်မည်မဟုတ်ပါ။ မေတ္တာ စောင်ခြုံပါမှ လုံပါလိမ့်မည်။

ဤ၌ ရန်ပြုသူတွေ များနေပါက ရန်အပေါင်း ကင်းဝေးစေခြင်း အလို့ငှာ လောကီယတြာလေးတစ်ခုကို လေ့လာ တင်ပြချင်ပါသည်။

ထိုယတြာမှာ လေးညှင်းပွင့် ခြောက်ပွင့်အား ပိတ်ဖြူစသန့်သန့်နှင့် ထုပ်ကာ ဘုရားရှေ့၌ ငါးပါးသီလကို ခံယူဆောက်တည်ရပါမည်။

ဘုရား၏ ဂုဏ်တော်ကိုးပါး "အနုတ္တရော ပုရိသ ဒမ္မသာရထိ" ဟူ သည့် ဂုဏ်တော်ကို မိမိသက်စေ့ ရွတ် ပွားရပါမည်။ ပြီးလျှင် ထိုပိတ်စထုပ် ကလေးအား ကိုယ်နှင့်မကွာ သွားလေ လာရာ လုပ်ငန်းဆောင်တာတို့တွင် ယူ ဆောင်သွားပါ။

အထူး သတိချပ်ရန် အနေဖြင့် အမဲသား စားခြင်းကို ရှောင်ရှားရပါ မည်။

အဆိုပါ ယတြာအရ အဆောင် ကို ကိုယ်နှင့်မကွာ ထားရှိခြင်း၊ မေတ္တာ ထုံလွှမ်းပြီး ဂုဏ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ပွားများခြင်းတို့ဖြင့် အံ့ဩဖွယ် ကောင်းလောက်အောင် မိမိ၌ ဘေးရန် အန္တရာယ်များ သူ့အလိုလိုကင်းရှင်းကာ လူချစ်လူခင် များလာပါလိမ့်မည်။ မျက် နှာပွင့်လန်းလာပါလိမ့်မည်။ လုပ်ငန်း ဆောင်တာများ အဆင်ပြေချောမွေ့ သွားပါလိမ့်မည် ဖြစ်ကြောင်း အကျိုး မျှော် နှိုးဆော်တင်ပြလိုက်ရပါသည်။

❒ ဆရာ ဇီဝအောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ဦးတင်အောင်(ဘော်ဆိုင်း)



## ချစ်တဲ့သူ လင်မယားနှစ်ဦး ဘဝဆက်တိုင်း ဆုံတွေ့ပေါင်းဖက်လိုသော်

မြတ်စွာဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠဝတော၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သော နံနက်ခင်းအချိန် မြတ်စွာဘုရားသည် နကုလပိတာ သူကြွယ်အိမ်သို့ကြွရောက်တော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလေ၏။ ထိုအခါ နကုလပိတာ သူကြွယ်က မြတ်စွာဘုရားအား ရှိခိုးလျက် ဤသို့ လျှောက်ထားလေသည်။

"အရှင်မြတ်ဘုရား တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတာ အမည်ရှိ သူကြွယ်မကို ထိမ်းမြား လက်ထပ် ယူဆောင်ခဲ့ပါသည်၊ ၎င်းအချိန်မှစ၍ နကုလမာတာ သူကြွယ်မကလွဲပြီး အခြားအခြားသော အမျိုးသမီးများကို စိတ်ဖြင့်ပင် ပစ်မှားမှု မရှိခဲ့စဖူးပါ၊ ကိုယ်ဖြင့် လွန်ကျူးမှုဆိုတာ ဝေလာဝေးခဲ့ပါသည်၊

တပည့်တော်တို့ ချစ်သူ လင်မယားနှစ်ဦးသည် ယခု မျက်မှောက်ဘဝ၌လည်း အတူတကွ အချင်းချင်း မခွဲမကွာ ရှုမြင်ပေါင်းဖက်လိုကြကုန်၏၊ နောင်တမလွန် ဘဝအဆက်ဆက်မှာလည်း တပည့်တော်တို့ ချစ်သူ လင်မယား နှစ်ဦးတို့မှာ မခွဲမကွာ ရှုမြင်ဆုံတွေ့ ပေါင်းဖက်လိုက်ကြပါကုန်၏ အရှင်မြတ်ဘုရား"

နကုလပိတာ သူကြွယ်၏မယား နကုလမာတာ သူကြွယ်မကလည်း ထို့အတူ လျှောက်ထားလေသည်။

မြတ်စွာဘုရားက ပြန်လည်ဟောကြားသည်မှာ . . .

"ဒါယကာတို့ ချစ်သူလင်မယားနှစ်ဦး ယခု မျက်မှောက်ဘဝ၌ အတူတကွ အချင်းချင်း ရှုမြင်တွေ့ဆုံ မခွဲမခွာ ပေါင်းဖက်ရပြီး နောင်တမလွန် ဘဝ၌လည်း ပြန်လည်တွေ့ဆုံ ရှုမြင်ပေါင်းဖက်လိုကြတယ်ဆိုပါက . . .

(၁) တူမျှသော သဒ္ဓါတရားရှိခြင်း

(၂) တူမျှသော သီလရှိခြင်း

(၃) တူမျှသော စွန့်ကြဲမှုရှိခြင်း

(၄) တူမျှသော ပညာရှိခြင်းတည်း

ဟူသော အချက်လေးချက်နှင့် ပြည့်စုံမှုရှိကြပါလျှင် ချစ်သူလင်မယား နှစ်ဦး ယခုမျက်မှောက်ဘဝမှာလည်း မခွဲမခွာ ရာသက်ပန် ရှုမြင်ပေါင်းဖက်ရပြီး နောင်တမလွန် ဘဝဆက်တိုင်းမှာလည်း အချင်းချင်း ဘဝအဖော်မွန်တွေဖြစ်၍ မခွဲမခွာ ရှုမြင်ဆုံတွေ့ ပေါင်းဖက်ကြရကုန်လတ္တံ့" ဟု ဟောကြားတော်မူခဲ့ပါသည်။

ချစ်သူ လင်မယားနှစ်ဦးစလုံး သဒ္ဓါတရားနှင့်ပြည့်စုံပြီး အလှူခံပုဂ္ဂိုလ်တို့၏ ဆိုစကားအဓိပ္ပာယ်ကို နားလည်သဘောပေါက်၍ ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းကြလျက် ချစ်ဖွယ်သော စကားကိုသာ ပြောဆိုခြင်းဖြင့် တရားမျှတစွာ အသက်မွေးကြကုန်၏။ တူမျှသော အကျင့်သီလ ရှိကုန်သော လင်မယားနှစ်ဦးသည် အကျိုးစီးပွား များကြကုန်၏။ ချမ်းသာစွာ နေထိုင်ကြရလေကုန်၏။ ရန်သူများက မနာလို မရှုဆိတ်ထား၍ နှလုံးမသာယာဖွယ် ဖြစ်ရာသည်။

တူမျှသော အကျင့်သီလ ရှိကြကုန်သော ချစ်သူလင်မယားစုံတွဲသည် ဤလူ့ဘဝ၌ တရားကိုကျင့်၍ နတ်ပြည်လောက၌ အလုံးစုံသော စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို လိုတိုင်းရ ခံစားရလေ၏။


နှစ်သက်ရွှန်လန်း ချမ်းမြေ့စွာ ဘဝတိုင်း ဆုံစည်း မွေ့လျော်ကြရလေ၏။ ချစ်သူလင်မယား နှစ်ဦးတို့သည် ဤဘဝမှာသည် နောင်ဘဝဆက်တိုင်းမှာ မခွဲမခွာ ဆုံတွေ့ရှုမြင်ပေါင်းဖက်လိုကြတယ်ဆိုပါက ဖော်ပြပါ အချက်လေးများနှင့် ပြည့်စုံအောင် တစ်သဝေမတိမ်း လိုက်နာကျင့်သုံးကြမည်ဆိုလျှင် ဘဝတိုင်းမှာ ချစ်သူလင်မယားနှစ်ဦး ဆုံစည်းရှုမြင် ပေါင်းဖက်ရနိုင်သည်ကို မြတ်စွာဘုရား အထင်အရှား ဟောကြားတော်မူခဲ့ပါသည်ဆိုတာ ပုညာဘိသန္ဒဇာတ် ပထမ သမဇီဝသုတ်၊ ဒုတိယ သမဇီဝသုတ်တော်လာ မှတ်စရာ အဖြာဖြာတို့အား ချစ်သူလင်မယားနှစ်ဦး ဘဝတိုင်း ဆုံစည်းလိုသူအတွက် ရေးသားရှာဖွေ တင်ပြလိုက်ရပေသတည်း။

❒ ဦးတင်အောင်(ဘော်ဆိုင်း)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## သူ့ထက်သူ



တစ်ခါက ကွမ်းမပြတ်စားသူ၊ အရက်အမြဲတမ်းသောက်သူနှင့် ဆေးလိပ်လက်ကမချသူ သူငယ်ချင်းသုံးဦး ဆုံတွေ့ကြသည်။

အရက်သမားက သူ အရက်စတင်သောက်ခဲ့သည့်ကာလမှ ယနေ့အထိ သူသောက်သုံးခဲ့သော အရက်ကို တိုင်းတာပြသည်။

"ငါ ဆယ့်ငါးနှစ်သားက စသောက်တာ၊ တစ်နေ့ တစ်လုံးနဲ့တွက်၊ တစ်လကို အရက် အလုံး ၃၀၊ တစ်နှစ်ကို ပုလင်းပေါင်း ၁၀၉၅၀ သောက်ခဲ့တယ်၊ ပြောရရင် တစ်နှစ်ကို ဂါလန် ၁၈၂၅ ဂါလန် သောက်ခဲ့ပြီးပြီ၊ အခု အသက် ၅၅ နှစ်ဆိုတော့ နှစ် ၄၀ ငါသောက်ခဲ့တဲ့ အရက်ဂါလန်ဟာ ဂါလန်ပေါင်း ၇၃၀၀၀ ဂါလန်ရှိပြီလေ၊ ဒီတော့ ၁၆၀၀ ဂါလန်ဆံ့တဲ့ ဆီဘောက်စ်ကားနဲ့ဆိုရင် အခေါက်ရေပေါင်း ၄၅ ခေါက်နဲ့ ဂါလန် ၅၀၀ ငါ့ဗိုက်ထဲကို ဝင်သွားခဲ့ပြီးပြီ" ဟု ပြောလိုက်လေသည်။

ထိုအခါ ဆေးလိပ်သောက်သူက . . .



"ငါလည်း ၁၀ နှစ်သားလောက်ကစပြီး သောက်တာ စီးကရက် တစ်နေ့ တစ်ဘူးကုန်တယ်၊ စီးကရက်တစ်လိပ် သုံးလက်မနဲ့တွက်ရင် တစ်ဘူးကို အလိပ် ၂၀ ဆိုတော့ လက်မ ၆၀၊ တစ်လကို ဘူး ၃၀ နဲ့တွက် လက်မ ၁၈၀၀ ရှည်သွားပြီ၊ တစ်နှစ်ဆိုတော့ ၁၈၀၀ × ၁၂ = ၂၁၆၀၀ လက်မကို ပေဖွဲ့ ၁၂ လက်မနဲ့စားရင် ၁၄၁၂ ပေ ရှည်သွားပြီ၊ ငါ ဆေးလိပ်သောက်ခဲ့တဲ့နှစ်ပေါင်း ၄၀နဲ့ မြှောက်လိုက်ရင် ၅၆၄၈၀ ပေရှည်သွားပြီ၊ မိုင်နဲ့ ပြန်တွက်ရင် ငါသောက်ခဲ့တဲ့ ဆေးလိပ်အရှည်ဟာ တစ်မိုင်နဲ့ ပေပေါင်း ၄၄၀၀ ကိုက် ရှည်တယ်" ဟုပြောလေသည်။

ထိုအခါ . . . "မင်းတို့လိုတော့ တွက်မပြတတ်ဘူး၊ ငါစားခဲ့တဲ့ ကွမ်းရွက်ကို သုတ်တဲ့ထုံးကို ကြည့်ချင်ရင် မင်းဘူးမြို့က နဂါးပွက်တောင် တစ်လုံးစာလောက် ကုန်သွားလို့ နောက်ထပ်တောင်အသစ်က ထပ်ယူသုတ်နေရတယ်" ဟု ကွမ်းစားသူက ပြော လိုက်လေသတည်း။

❒ ထပ္ပိယမောင်ပိုင်း

## နားထောင်ချင်ရင်



တစ်ခါက ပိတ်စွယ်ကျေးရွာတွင် ဒေါ်ဝင်းဟူသော အသက် (၈၀) နီးပါးရှိ အပျိုကြီးတစ်ဦးရှိသည်။ သူသည် အိမ်ထောင်သားမွေးကိစ္စကို ငယ်စဉ်ကပင် ရှောင်တိမ်းလာခဲ့သော်လည်း သူ့အစ်မအကြီးဆုံး သားသမီးများက သူ့အိမ်မှနေရင်း ကျောင်းတက်ကြသဖြင့် နောက်ဆုံး အိမ်ထောင်ကျသူကျ၊ ကလေးမွေးသူမွေးနှင့် အပျိုကြီးဒေါ်ဝင်းအိမ်တွင် ဆူသံ ဆဲသံ ငိုသံတို့ဖြင့် ဆူညံနေတော့သည်။

အပျိုကြီးဒေါ်ဝင်း အသက်(၈၀)ထဲ ဝင်ခါနီးအရွယ်တွင် တူမတွေကမွေးသော မြေးများပင် အိမ်ထောင်ကျသူကျ၊ ကလေးမွေးသူမွေး ဖြစ်လာပြန်သောအခါ မြေးအပြင် မြစ်အထိ အဆစ်ပါလာပြီး ပြုစုစောင့်ရှောက်ရပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ငယ်စဉ်က သူမြေးများအား အော်ဟစ်ဆဲဆို ဆုံးမသည့်အခါ မည်သူကမှ ပြန်မပြောကြသော်လည်း မြစ်များ ရရှိလာသည့်အခါ ခေတ်ကလည်းပြောင်း ရွာမှာလည်း တီဗွီ၊ ဗီဒီယို၊ အရက်ဆိုင်၊ ဘောလုံးပွဲနှင့် တယ်လီဖုန်းတို့ တိုးတက်လာသော်လည်း ဒေါ်ဝင်းအတွေးအခေါ်တို့က မပြောင်းလဲခဲ့ပေ။ ထို့ကြောင့် ခေတ်နှင့်အညီ တိုးတက်လာသော မြေးမြစ်တို့ကို ဆုံးမသောအခါ အံမဝင်သောကြောင့် သူ့အဆုံးအမကို မနာခံကြပေ။ ထိုအခါ ဒေါ်ဝင်းက ညည်းလေ၏။

"အင်း. . . ငယ်ငယ်တုန်းက ငါပြောသမျှ အားလုံးနားထောင်ကြတယ်၊ အသက်ကြီးလာတော့ ငါ့စကား ဘယ်သူမှ နားမထောင်ကြတော့ဘူး၊ ဩဇာလဲ မညောင်းတော့ဘူး၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ" ဟု ညည်းသောအခါ မြစ်တစ်ယောက်က . . .

"အဘွားစကား နားထောင်စေချင်ရင် တရားစခန်းသွားပြီး ဝိပဿနာလေ့ ကျင့်ပြီး ပြန်လာခဲ့၊ ဒါဆို အဘွားစကား နားထောင်မှာ သေချာတယ်" ဟု ပြောလိုက်လေသတည်း။

❐ ကဗွီယမောင်ဝိုင်း



## ဟင်း

ရွာတစ်ရွာတွင် သနပ်ခါးအလွန်ကြိုက်သော ဇနီးသည်နှင့် လှေထိုးလိုက်သော ယောကျ်ား လင်မယားနှစ်ယောက်ရှိသည်။ ယောကျ်ားအမည်က ကိုဖိုးမှင်ဖြစ်ပြီး ဇနီးဖြစ်သူက မသီခင် ဖြစ်သည်။ ကိုဖိုးမှင်သည် ရွာမှ ကနစိုထင်းများ တင်သည့်လှေဖြင့် မြို့များသို့ ထင်းပို့လိုက်ရသဖြင့် မြို့သို့ တစ်လ နှစ်ခါ သုံးခါ သွားရသည်။ ခရီးသွားတိုင်း ဇနီးဖြစ်သူက သနပ်ခါးကြိုက်သူပီပီ သနပ်ခါးတုံး ကောင်းကောင်း အမြဲမှာသည်။ ကိုဖိုးမှင်ကလည်း သနပ်ခါးကို အမြဲလိုလို မေ့တတ်ပြီး တခြားအဝတ်အစားနှင့် စားကောင်းသောက်ဖွယ်တို့ကို ဝယ်လာသဖြင့် ဇနီးဖြစ်သူမှာ သနပ်ခါးမပါသော်လည်း အခြားအရာတွေ ပါလာသဖြင့် မပြောရက်ဖြစ်နေသည်။

ဒီတစ်ခေါက် ကိုဖိုးမှင် ခရီးကပြန်လာမည့်အချိန်တွင် ဇနီးဖြစ်သူက ရွာထဲမှ သနပ်ခါးတုံးဝယ်၍ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးလိမ်းပြီး ယောကျ်ားဖြစ်သူကို ပြုံး၍ကြိုသည်။ ထိုအခါ ခရီးဝေးက ပြန်လာသော ကိုဖိုးမှင်က သနပ်ခါးအဖွေးသားနှင့် ပြုံး၍ကြိုနေသော ဇနီးဖြစ်သူအား တွေ့လျှင်တွေ့ချင်း . . .

"အမယ်လေး . . . သနပ်ခါးအဖွေးသားနဲ့ ငါ့မိန်းမ မြင်လိုက်ရတာ အမောကိုပြေသွားတာပဲ" ဟုပြော၍ တအားဖက်ကာ နမ်းလေသည်။

ထိုအခါ ဇနီးဖြစ်သူက သနပ်ခါးပါမလာသော ကိုဖိုးမှင်အား မျက်စောင်းချိတ်၍ ပြောလိုက်သည့်စကားကြောင့် နောင်အခါ ခရီးသွားတိုင်း ကိုဖိုးမှင် တစ်ယောက် သနပ်ခါးတုံးကို ဦးစားပေး၍ ဝယ်ဖြစ်လေတော့သည်။



မသီခင်ရဲ့ စကားကတော့ . . .

"သူ့ဖို့မှန်းမသိ ကိုယ့်ဖို့မှန်းမသိ. . ဟင်း" ဟူသတည်း။

❐ ကဗွီယမောင်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟားဟား ဟာသများ

## ပျင်းနေမှာစိုးလို့



သတင်းစာတိုက်တစ်တိုက်သို့ သတင်းထောက်နှစ်ယောက် သတင်းများရေး၍ လာပို့စဉ် စာပြင်ဆရာနှင့် တွေ့ဆုံခိုက်. . .

"မင်းတို့တွေကလဲ သတင်းထောက်လုပ်ပြီး သတင်းရေးတာ အဆီအငေါ် မတည့်ကြဘူး၊ သတ်ပုံကလဲ မှားလိုက်တာ အရမ်းပဲ"

"ကျွန်တော်က အခုမှ သတင်းထောက် စလုပ်တာဆိုတော့ ကျွမ်းကျွမ်းကျင်ကျင် မရှိသေးလို့ပါ"

စာပြင်ဆရာက နောက်တစ်ယောက်ဘက်လှည့်၍. .

"မင်းက လုပ်သက်ကြာပြီ သမ္မာလဲရှိတယ်၊ အဲဒါ ဘာဖြစ်လို့မှားနေရတာလဲ"

"ကျွန်တော်က စနစ်တကျ မှန်မှန်ကန်ကန်ရေးရင် စာပြင်ဆရာကြီး အလုပ်မရှိဘဲ ပျင်းနေမှာစိုးလို့ပါ"

❒ ချစ်ငြွေမိုး

## လိုအပ်တာလေး ပြင်ထားပါ



ရွှေဘုံသာလမ်းရှိ ဆိုင်းဘုတ် လုပ်ငန်းလုပ်နေသူထံသို့ လူနှစ်ယောက် တစ်ပြိုင်နက်ရောက်လာကြသည်။

ဆိုင်းဘုတ်ရေးသူ - ဆိုင်းဘုတ်အပ်ကြမလို့လား ခင်ဗျာ။

နှစ်ယောက် - ဟုတ်တယ်၊ ဆိုင်းဘုတ်အပ်မလို့။

ဆိုင်းဘုတ်ရေးသူ - ဘာဆိုင်းဘုတ် ရေးပေးရပါ့မလဲ။

လူတစ်ဦး - ကျွန်တော်တို့ ဆင်ခြေဖုံးမြို့နယ်မှာ ကားတွေက ပြိုင်ပြီး လုမောင်းနေကြတော့ ရပ်ကွက်နေသူတွေအတွက် ကားအန္တရာယ်ရှိတယ်။ အဲဒါကြောင့် ထင်သာမြင်သာ ရှိတဲ့နေရာမှာ ထောင်ထားချင်လို့ ယာဉ်တိုက်မှုကင်းမဲ့ဇုန်လို့ ရေးပေးပါ။



ဆိုင်းဘုတ်ရေးသူ - ကောင်းပါတယ်၊ ရေးပေးပါ့မယ်။ ဒီလိုဆိုင်းဘုတ် ရေးထားတော့ ကားသမားတွေ ဆိုင်းဘုတ်ဖတ်ပြီး အရှိန်လျှော့မောင်းကြမှာပါ။ ဒီဘက်က ဆရာကြီးကကော ကျွန်တော် ဘာများ ရေးပေးရပါ့မလဲ။

နောက်တစ်ဦး - ကျွန်တော်တို့မြို့သစ်မှာ ခြင်အရမ်းကိုက်လို့ ခြင်ကိုက်မှုကင်းမဲ့ဇုန်လို့ ရေးပေးစမ်းပါ။

ဆိုင်းဘုတ်ရေးသူ - ဟုတ်ကဲ့ရေး ပေးပါ့မယ်။ တစ်ခုတော့ရှိတယ်၊ ဆရာကြီးက ခြင်တွေ ဆိုင်းဘုတ်ဖတ်တတ်အောင် စာသင်ပေးထားဖို့တော့ လိုပါတယ်။

❒ ချစ်ငြွေမိုး



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




ခေတ်ပေါ်မော်ဒန်လွန် ကဗျာဆရာ "ဝနေစော" နှင့် အချစ်ကဗျာဆရာ ပေါင်ပေါက်(ဥက္ကလာ) တို့ လမ်း၌ဆုံတွေ့ကြသည်။

"ခင်ဗျားတို့ အချစ်ကဗျာဆရာတွေက အလကားလူတွေပဲ၊ တစ်ခါလာလည်း အချစ်ကို ပန်းသီးနဲ့တင်စား၊ တစ်ခါလာလည်း ပန်းသီးရင်ခုန်သံ၊ ဖီလင်နဲ့ အဓိပ္ပာယ်မရှိ တင်စားနေကြတာပဲ"

မော်ဒန်ကဗျာဆရာ ဝနေစောက ဒေါသဖြင့် ဝေဖန်လိုက်တော့ အချစ်ကဗျာဆရာကလေး ပေါင်ပေါက် ဆွေ့ဆွေ့ခုန်သွားသည်။

"ခင်ဗျားက ဘာလိုင်းအသားလွတ်ကြီး ချဲနေပါလား၊ ဘာလို့ ပန်းသီးနဲ့အချစ်ကို မျက်မုန်းကျိုးနေရတာလဲ"

"ဟ . . . ဟော့လူရ၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ပန်းသီးဆိုတာ ဈေးအကြီးဆုံးအရာ၊ ဒီသစ်သီးကို ခင်ဗျား ဝယ်စားနိုင်လို့လား၊ ကိုယ်လဲ ဝယ်မစားနိုင်မှတော့ သူများကျွေးဖို့ ဝေလာဝေးပေါ့"

"အမ် . . . ဟုတ်သားဟ"



နှစ်ကူးပွဲတော်၌ တရုတ်နဂါးလှည့်သော အဖွဲ့သည် သူဌေးတစ်ဦး၏အိမ်သို့ တီးဝိုင်းနှင့်အတူ ရောက်လာကာ ကပြလေသည်။

သူဌေးမှာ ကပ်စေးနှဲသော်လည်း ရိုးရာမပျက် မကောင်းတတ်၍ ပေးကမ်းစွန့်ကြဲလိုက်သည်။ ထိုအခါ တရုတ်နဂါးအတွင်းမှ ကပြသူက . . .

"သူဌေး ပေးတာ နည်းတယ်ဗျာ၊ ထပ်ပေးပါဦးခင်ဗျာ"

"တော်ပြီပေါ့ကွာ၊ ဒါပဲတတ်နိုင်တယ်"

"ကျွန်တော်တို့အတွက် တောင်းတာ မဟုတ်ရပါဘူး ခင်ဗျာ၊ ကုန်ဈေးနှုန်းတွေ မြင့်လာလို့ နဂါးအစာတွေလဲ ဈေးတက်လာလို့ပါ"

❐ ဇော်နိုင်ထူး

www.burmeseclassic.com



# သုဝဏ္ဏဘူမိသို့ ရှင်အရဟံ ကြွရောက်လာစဉ် ချီးမြှင့်ခဲ့သည့် ပုတီးစိပ်နည်း

## မောင်မောင်မိုးအောင်

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ပုတီးစိပ်နည်းအမျိုးမျိုး ရှိသည့်အနက် ရှင်အရဟံ မထေရ်မြတ် ချီးမြှင့်ခဲ့သော ပုတီးစိပ်နည်းသည်လည်း တစ်နည်းအပါအဝင်ဖြစ်သည်။ အပိုဒ်ငါးပိုဒ်သာရှိသော ပုတီးစိပ်နည်းဖြစ်သည်။ ရှင်အရဟံပုတီးစိပ်နည်းဟု လူသိများသောနည်း ဖြစ်သည်။ ပုတီးစိပ်နည်းကိုသာ လူသိများသော်လည်း ထိုရှင်အရဟံပုတီးစိပ်နည်း ပေါ်ပေါက်လာပုံကို လူသိနည်းလှသည်။

ထိုရှင်အရဟံ ပုတီးစိပ်နည်းသည် ရှေးရှေး သုဝဏ္ဏရွှေဘုံမြို့ သထုံနေပြည်တော်သို့ ရဟန္တာသခင် အရှင်အရဟံ ကြွလာတော်မူစဉ် ချီးမြှင့်ပေးသနားတော်မူခဲ့သော ပုတီးစိပ်နည်းဖြစ်သည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုး တိုးပွားရန် အမှန်ကိုရည်သန်၍ ချီးမြှင့်ပေးသနားခဲ့သော ပုတီးစိပ်နည်းဖြစ်သည်။

ရှေးရှေးက စစ်ကိုင်းမြို့တောင်ခြေ တစ်ခုသောချောင်၌ အမည်အားဖြင့် မကျော်ကြားလိုသော ဆရာတော်တစ်ပါး တရားအားထုတ်နေစဉ်ကာလ ဖြစ်သည်။

တစ်နေ့ ညနေ ၅ နာရီခန့်အချိန်တွင်တော့ အသက်အရွယ်အားဖြင့် (၃၀)နှစ်အရွယ်ရှိ ရုပ်ရည်ရူပကာ တင့်တယ်လှပ သော မိန်းကလေးတစ်ဦးသည် ကျောင်းတိုက်သို့ ဝင်လာသည်။

ထိုသို့ ဝင်လာသည်ကို ဆရာတော်က အဝေးမှတွေ့မြင်ခဲ့ရာ ဝိသဘာဂ အာရုံဖြစ်၍ စကားမပြော လိုသောကြောင့် ကျော ခိုင်း မျက်နှာလွှဲပြီးနေတော်မူ သည်။ ထိုမိန်းကလေးလည်း သုံးမိနစ်ခန့်မျှ နေပြီးနောက် ဦးချ ကန်တော့ကာ ပြန်သွား သည်။

ထိုနည်းတူစွာ ခုနစ်ရက်ခန့်မျှ အချိန်မှန်စွာ ရောက်လာလေ့ရှိသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဆရာတော်က အကြံဖြစ်သည်မှာ ဤသူငယ်မသည် အရေးကြီးသည့် အကြောင်းကိစ္စရှိ၍သာ လာခြင်းဖြစ်ပေမည်ဟု သဘောပိုက်တော် မူပြီး လာရောက်ခြင်းအကြောင်းရင်းကို မေးမြန်းလေသည်။

ထိုသို့မေးမြန်းရာတွင် အရှင်ဘုရားကို ဖူးမြော်လို၍ လာပါသည်ဟု လျှောက်ထားပြီး ဆရာတော်ဘုရားသည် သက်တော် ဝါတော်များ ဘယ်လောက်ရှိပါပြီလဲဟု လျှောက် ထားမေးမြန်းသည်။

ဆရာတော်ဘုရားကလည်း အသက်၊ သိက္ခာဝါများကို ပြန်ကြားအမိန့်ရှိပြီးနောက် ဒါယိကာမလေး၏အသက်ကို မေး မြန်းခဲ့သည်။

"တပည့်တော်သည် သထုံပြည်မနူဟာမင်းကို ပေါ် ရာဇာ အနော်ရထာမင်း သိမ်းယူသောနေ့ဟာ တပည့်တော် မ အိမ်ထောင်ကျတဲ့နေ့ပါပဲ ဘုရား" ဟုလျှောက်ထား သည်။ ထိုအခါ ဆရာတော်ဘုရားက . . .

"ဒီလိုဆိုလျှင် ဒါယိကာမလေး၏အသက် တော် ကြီးပြီပေါ့၊ ဘယ်လိုဆေးကောင်း ဝါးကောင်းများကို မှီဝဲ သလဲ" လို့ အမိန့်ရှိသောအခါ မိန်းကလေးက . . .

"ဆေးကောင်း ဝါးကောင်းရယ်လို့တော့ အထူး ရပါဘူးဘုရား၊ သထုံပြည်နှင့် ပေါက္ကံပြည်ကို ရဟန္တာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်အရဟံကြွလာစဉ်အခါက ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့ ပုတီးစိပ်နည်းကိုပဲ နေ့စဉ် ယုံကြည်စွာ စွဲမြဲပြီး စိပ်တာပါပဲ ဘုရား" ဟု လျှောက်ထားလေသည်။

ပြီးနောက် "ထိုပုတီးစိပ်နည်း နိဿရည်းကို ဆရာတော်အား လှူလို့ရမည်လား"ဟု ဆရာတော်က အမိန့်ရှိပြန်ရာ . . .

"ဆရာတော်ဘုရားကို ပုတီးစိပ်နည်းလှူလို၍ လာရောက်သည်မှာ ဤနေ့ပါဆိုလျှင် ခုနစ်ကြိမ်ရှိပါပြီ ဘုရား" ဟု လျှောက်ထားပြီးနောက် အောက်ဖော်ပြပါ ပုတီးစိပ်နည်းကို လှူဒါန်းလေတော့သည်။

## ရှင်အရဟံ ပုတီးစိပ်နည်း နိဿရည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။

၅။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။

"ဤ ငါးပုဒ်ဆုံးမှ ပုတီးတစ်လုံးချ၍ သက်စေ့စိပ်ရပါမည်၊ ယုံကြည်စွာ နေ့စဉ်စွဲပြီး အမြဲစိပ်ပါက အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော် ကြီးမြတ်ခြင်း၊ ကျက်သရေမင်္ဂလာတိုးတက်ခြင်း၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းပြီးမြောက်ခြင်း အစရှိသော လောကီအကျိုးတရားတို့နှင့်တကွ လောကုတ္တရာအကျိုးထူးတို့ကို ရရှိနိုင်၍ ယုံကြည်စွာစိပ်တော်မူပါဘုရား၊ ဘုရားတပည့်တော်၏ ခင်ပွန်းသည်ပင်လျှင် မယုံတစ်ယုံစိပ်ခါမျှဖြင့် အသက်(၁၀၀)နေသွားရပါသေးသည် ဘုရား" ဟုလျှောက်ထားပြီး အထက်ပါ ပုတီးစိပ်နည်းကို လှူဒါန်းလေ၏။

လှူဒါန်းပြီးသည့်အခါ ဆရာတော်က . . .

"သင်ဒါယိကာမလေးမှာ ယခုအခါ ဘယ်ပညာဖြင့် အသက်မွေးမြူပါသလဲ" ဟု မိန့်ကြားပြန်ရာ . . .

"တပည့်တော်မမှာ ဆန်ရောင်းပြီး အသက်မွေးပါသည်" ဟုလျှောက်ထားလေလျှင် ဆရာတော်က တစ်ဖန် . .

"ဆန်တစ်မျိုးရောင်းရုံမျှဖြင့် အလုံးစုံပြည့်စုံရဲ့လား" ဟု မိန့်ကြားပြန်ရာ . . .

"ဆန်ဟာ ရှေးဦးတစ်ကြိမ်ပင် ဝယ်ယူရပါသည် ဘုရား၊ ဆန်သည် လျော့သွားခြင်းမရှိသည့်အပြင် ဆန်ဝယ်သူတို့က လဲ တောင်းသည့်ရွှေ ပေးကြပါတယ်ဘုရား" ဟု လျှောက်ထားပြီး ဦးချကာ ပြန်သွားလေတော့၏။

ထို့ကြောင့် ဤပုတီးစိပ်နည်းကို ယုံကြည်စွာ စိပ်ကြပါလျှင် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်းသည်မည်ခြင်း၊ သရဏဂုံသုံးပါးနှင့် အရဟံဂုဏ်များကို ပွားများအားထုတ်သည်မည်ခြင်း၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသည့် လက္ခဏာရေးသုံးပါး ဝိပဿနာတရားများကို ပွားများသည် မည်သောကြောင့် ကပ်ဆိုး ဘေးဆိုးနှင့် ရင်ဆိုင်တွေ့လျှင် ကြီးသည် ငယ်သည်ဟု သဘောမထားကြဘဲ ဘုရားဖက်က အသက်ရှည်၊ တရားဖက်က အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေသည် ဆိုသည့်အတိုင်း နိဗ္ဗာန်ကို ရည်ရွယ်စိတ်ထား နှလုံးပွား၍ အမြဲစိပ်သင့်သော ပုတီးစိပ်နည်း ဖြစ်ပေသည်။

ရှင်အရဟံ၏ ပုတီးစိပ်နည်း နိဿရည်း အနက်အဓိပ္ပာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏၊ နာမရူပံ - နာမ်ရုပ်သည်၊ အနိစ္စံ - အမြဲမရှိ၊ ဒုက္ခံ - ဆင်းရဲ၏၊ အနတ္တာ - အစိုးမရ ကိုယ်မဟုတ်။

၂။ ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏၊ နာမရူပံ - နာမ်ရုပ်သည်၊ အနိစ္စံ - အမြဲမရှိ၊ ဒုက္ခံ - ဆင်းရဲ၏၊ အနတ္တာ - အစိုးမရ ကိုယ်မဟုတ်။

၃။ သံဃံ - သံဃာတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏၊ နာမရူပံ - နာမ်ရုပ်သည်၊ အနိစ္စံ - အမြဲမရှိ၊ ဒုက္ခံ - ဆင်းရဲ၏၊ အနတ္တာ - အစိုးမရ ကိုယ်မဟုတ်။

၄။ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။
ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။
သံဃံ - သံဃာတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။
နာမရူပံ - နာမ်ရုပ်သည်၊ အနိစ္စံ - အမြဲမရှိ၊ ဒုက္ခံ - ဆင်းရဲ၏၊ အနတ္တာ - အစိုးမရ ကိုယ်မဟုတ်။

၅။ ဗလဝံ - အားတော်နှင့်ပြည့်စုံသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားသည်၊ အနန္တံ - အနန္တတန်ခိုးတော်တည်း။ ဂေါစရံ - မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော၊ ဓမ္မံ - တရားတော်မြတ်သည်၊ အနန္တံ - အတိုင်းမသိ တန်ခိုးတော်တည်း။ အရိယံ - အရိယာဖြစ်သော၊ သံဃံ - သံဃာတော်သည်၊ အနန္တံ - အတိုင်းမသိ တန်ခိုးတော်တည်း။ ဗောဓိမုတ္တမံ - မြတ်သော ဗောဓိပက္ခိယ တရားတော်သည်၊ အနန္တံ - အတိုင်းမသိ တန်ခိုးတော်တည်း။

❒ မောင်မောင်မိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

# အခုတော့ အခွင့်အလမ်းတွေရပြီ မဟုတ်လား




## နတ်မျက်စိ ဆရာအောင်စိုး

မိုးနှောင်းကာလ ညနေခင်းအချိန် စာရေးသူမှ အဟောအပြော ခေတ္တအနားယူကာ ဆက်လက်ဟောပြောဖို့ အင်အားဖြည့်ရန် ရွှေကရင်ကြက်သားသုပ်ဆိုင်မှာ အေးအေးဆေးဆေး စားသောက်နေမိသည်။

ဆိုင်ရှင်ဖြစ်သူ မွန်မလေးရဲ့လက်ရာ၊ ဆိုင်ရှင်ဖထီးတို့၏ အစပ်အဟပ်တည့်စွာ ဖန်တီးထားသော ကြက်သားသုပ်မှာ လူမပြတ်ဘဲ ရောင်းဝယ်ကောင်းနေတော့သည်။ တစ်ခါတစ်ရံ အကြောင်းကြောင်းကြောင့် အရောင်းအဝယ်အေးနေပြန်လျှင် မွန်မလေး ပုတိုက်တိုက် ဆရာ့ဟောခန်းဆီရောက်လာတတ်သည်။ စာရေးသူရေးပေးသော ကျင့်စဉ်ကိုရိုသေလေးစားစွာ ဆောင်ရွက်လေ့ရှိသည်။

ကြက်သားသုပ် အရသာခံ စားနေရင်း မိမိရဲ့အနောက်မှာ လူရိပ်တစ်ခုရှိနေမှန်း သိရသည်။ စားသောက်ပြီး နောက်လှည့်ကြည့်တော့ လားလား. . . ကျွန်တော့်ဇာတ်လိုက်ကျော် ကိုရွှေမောင်မောင်ပင် ဖြစ်တော့သည်။

လက်ထဲမှာ တစ်ထောင်တန်ကိုင်ရင်း. . .

"ဆရာ့အတွက် ဒါနပြုပါရစေ"ဟု ဆို၏။

ထိုအခါ ဆိုင်ရှင်မွန်မလေးမှ. . .

"တို့ဆရာအတွက် အမြဲလှူပြီးသား၊ နင်လဲ မလိုဘူး၊ ဆရာလဲ ပေးစရာမလိုပါဘူး၊ ဆရာ့အတွက် တယ်" ဟု ကိုရွှေမောင်မောင်ကို မျက်စောင်းခဲ၍ မွန်သံ ပြောချလေသည်။

ကိုရွှေမောင်မောင်မှ . . .

"ဆရာ့ကို လာကန်တော့တာပါ၊ ဟောခန်းမှာ ရှိနေတာနဲ့ ဆရာမက ဒီအချိန်ဆို အသုပ်ဆိုင်မှာရှိ တယ်ဆိုပြီး လာတွေ့တာပါ၊ ရှိင်းတယ်လို့ မထင်ပါနဲ့

စာရေးသူသည် ဗုဒ္ဓဟူးညနေတိုင်း ကမ္ဘာအေး သို့ အမိဌာန်ဝင်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာလာ နှင့်အမျှ အရှေ့စောင်းတန်း သစ္စာမွန်စာအုပ်ဆိုင်မှ မြင့်၊ ကြေးပစ္စည်းနှင့် ကြေးရုပ်ပွားတော်များ


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မှ မဘုတ်ဘုတ်၊ ဓညဝတီပန်းပုဆိုင်မှ ကိုစံရွှေမောင်တို့နှင့် သိက္ခမ်းရင်းနှီးခွင့် ကြုံလာသည်။

ကြေးပစ္စည်း ရောင်းကောင်းစေရန် အမြဲပူဆာတတ်သော မဘုတ်ကိုလည်းကောင်း၊ သစ္စာမွန်စာအုပ်ဆိုင်ရဲ့ အပွင့်အလန်းဖြစ်ဖို့ ရိုးသားကြိုးစားသော မိတ်ဆွေ ကိုကျော်မြင့်ကိုလည်းကောင်း၊ ဖော်ရွေတတ်သော ရခိုင်အမျိုးသား ကိုစံရွှေမောင်ရဲ့ ပန်းပုအနုပညာလုပ်ငန်း အောင်မြင်ဖို့၊ နဂိုလက်ရာကောင်းလှသည့် စာရေးသူရဲ့မိတ်ဆွေ လုပ်ငန်းထွန်းကားဖို့အတွက်ကိုလည်းကောင်း ပဋ္ဌာန်းကျင့်စဉ်ကို ဆောင်ရွက်စေပါသည်။ နည်းမှာ မခက်သော်လည်း နေ့စဉ်ရက်ဆက် ရွတ်ဖတ်သရဇ္ဈာယ်ရန် လိုပါသည်။

ရှေးဦးစွာ ဘုရားမှာ နမော တဿကို ကိုးကြိမ်ရွတ်ပါ။ ငါးပါးသီလခံယူပြီး သရဏဂုံသုံးပါးကို ကိုးကြိမ်ဆောက်တည်ပါ။ ဘုရားဂုဏ်တော်ကို ကိုးကြိမ်ရွတ်ဆိုရမည်။ လူနတ်သတ္တဝါများကို မိမိကြိုက်နှစ်သက်ရာ မေတ္တာပို့ဖြင့် မေတ္တာပို့ပါ။ ပြီးလျှင် မေတ္တာသုတ်ကို သုံးခေါက် ရွတ်ဆိုပွားများပါ။

## ပဋ္ဌာန်းကွန်ချာ ရွတ်ပွားနည်း

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
(၄။) အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
(၈။) နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
(၁၂) အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
(၁၆) ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
(၂၀) ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
(၂၄) အဝိဂတပစ္စယော

ပထမရွတ်ဆိုရန် - ပဋ္ဌာန်း ၂၄ ပစ္စည်းကို အစမှအဆုံး တစ်ခေါက် အရင်ရွတ်ဆိုပါ။

ဒုတိယ - ဟေတုပစ္စယောမှစ၍ လေးခုမြောက်ဖြစ်သော အနန္တရပစ္စယောထိ တစ်ခေါက် ရွတ်ပါ။

တတိယ - ဟေတုပစ္စယောမှစ၍ ရှစ်ခုမြောက်ဖြစ်သော နိဿယပစ္စယောထိရွတ်ပါ။

စတုတ္ထ - ဟေတုပစ္စယောမှစ၍ ၁၂ ခုမြောက်ဖြစ်သော အာသေဝနပစ္စယောထိ ရွတ်ပါ။

ပဉ္စမ - ဟေတုပစ္စယောမှစ၍ ၁၆ ခုမြောက်ဖြစ်သော ဣန္ဒြိယပစ္စယောထိ ရွတ်ပါ။

ဆဋ္ဌမ - ဟေတုပစ္စယောမှစ၍ ၂၀ ခုမြောက်ဖြစ်သော ဝိပ္ပယုတ္တပစ္စယောထိ ရွတ်ပါ။

သတ္တမ - ဟေတုပစ္စယောမှစ၍ ၂၄ ခုမြောက်ဖြစ်သော အဝိဂတပစ္စယောထိ ရွတ်ပါ။

ရင်းသတ္တမအဆင့်ပြီးလျှင် တစ်ကဏ္ဍ တစ်ကြိမ်ဟူ၍ သတ်မှတ်ပြီး တစ်နေ့ ကိုးကြိမ်ရွတ်ဆိုရန် ဖြစ်သည်။

ထူးခြားချက်မှာ . . .

| | |
|---|---|
| ပထမအဆင့်မှာ ပဋ္ဌာန်းအစအဆုံး | ၂၄ လုံး |
| ဒုတိယအဆင့်မှာ | ၄ လုံး |
| တတိယအဆင့်မှာ | ၈ လုံး |
| စတုတ္ထအဆင့်မှာ | ၁၂ လုံး |
| ပဉ္စမအဆင့်မှာ | ၁၆ လုံး |
| ဆဋ္ဌမအဆင့်မှာ | ၂၀ လုံး |
| သတ္တမအဆင့်မှာ | ၂၄ လုံး |
| စုစုပေါင်း | ၁၀၈ လုံး |

ဖြစ်နေကြောင်း တွေ့ရပါမည်။

တောရပ်နေ ရဟန်းတစ်ပါးအား ဦးထိပ်တင်လျက်

❐ နတ်မျက်စိ ဆရာအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မွေ့ချပညာဖြင့် တန်ခိုးသိဒ္ဓိ ရရှိခြင်း

အောင်ဘုန်းမြင့်(ကချင်မြေ)

## ကိုယ်ရောင်ကိုယ်ဝါ တည်ဆောက်ခြင်း

လူတစ်ဦးချင်း၌ မိမိတို့၏သမာဓိ၊ ကိုယ်ကျင့်တရားနှင့် အသိတရား ဉာဏ်ပညာပေါ် မူတည်ပြီး ထိုက်သင့်သောကိုယ်ရောင်ကိုယ်ဝါ အနည်းနှင့်အများ ရှိကြသူချည်း ဖြစ်ကြ၏။ သမာဓိ ကိုယ်ကျင့်တရားကောင်းမွန်၍ ဉာဏ်ပညာ ကျန်းမာခွန်အား ပြည့်စုံသူများဖြစ်လျှင် ကိုယ်ရောင်ကိုယ်ဝါ လင်းလက်ကြည်လင် တောက်ပနေတတ်ပြီး အကျင့်စာရိတ္တ ယုတ်ည့် တိမ်းစောင်းနေသူများနှင့် စိတ်မရွှင် မလန်း ကျန်းမာရေး ညံ့ဖျင်း၍ စိတ် ဓာတ်ရော ရုပ်ဓာတ်ပါ ကျဆင်းနေသူ များ ဖြစ်ပါက ကိုယ်ရောင်ကိုယ်ဝါ တန်ခိုးပါဝါ မလင်းတလင်း လွန်စွာအား နည်းနေတတ်၏။

ဘာသာတရားဆိုင်ရာ ပုဂ္ဂိုလ် မြတ်များ၊ မေတ္တာရှင်သူတော်စင်ပုဂ္ဂိုလ် ကြီးများ၌ ကိုယ်ရောင်ကိုယ်ဝါ လင်း လက်တောက်ပနေတတ်ပြီး ထိုပုဂ္ဂိုလ် မြတ်များ၏ ပုံတော်များ၌လည်း တန်ခိုး ရှိန်ဝါအလင်းတောက်ပနေပုံကို အလင်း ရောင် ပူဇော်ပေးရ၏။

မေတ္တာဓာတ်ကြောင့် ကြည်လင် ဝင်းပနေသူ၏ မျက်နှာမှ ဖြာထွက်လာ သော ရောင်ရှိန်တန်ခိုးနှင့် ဒေါသ မစ္ဆရိယကြောင့် ညှိုးပုပ်နေသူ၏ မျက်နှာ မှ ထွက်လာသော ရောင်စဉ်များသည် အဖြူအမည်းပမာ မယှဉ်နိုင်အောင် လွန်စွာခြားနားလှပေ၏။

ကီအာယီယံ လျှပ်စစ်ဓာတ် ပညာသည် နှစ်ပေါင်း ၅၀ ကျော် သ... တမ်းရှိခဲ့ပြီဖြစ်ပြီး လူသတ္တဝါနှင့် သစ်ပင် ပန်းမန်တို့၏ ရုပ်ခန္ဓာကိုယ်ပွားမိတ္တူ... ဖြာထွက်နေသောအလင်းအား အနည်း အများကို တိုင်းတာဖော်ပြနိုင်သော ဓာတ်ပုံပညာဖြစ်သည်။ လူသတ္တဝါများ ကိုဖြစ်စေ၊ သစ်ပင်ပန်းမန်များကိုဖြ... ရိုက်ကူးပုံဖော်ပြလိုက်သည့်အခါ ... ခြည်အလင်းစွမ်းအားကို သိနိုင်သည်... ဆိုသည်။

တရားဘာဝနာစီးဖြန်း မေ... ဓာတ် ပို့လွှတ်နေသူများ၏ ရောင်... အလင်းဓာတ်သည် ဖြူစင်သန့်ရှင်း... ဒေါသ၊ မောဟပွားများပြီး အမှုကျ... အဘိဇ္ဈာများနေသူများ၏ ကိုယ်... ကိုယ်ဝါသည် ပူလောင်ပြီး အညိုအ... စွန်းထင်းနေသည်ကို တွေ့ရမည်... သည်။

ရှေးက ဂန္ဓာရီပညာရှင်... သည် လူပုဂ္ဂိုလ်၏ အရောင်...



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ အကောင်းအဆိုးကို ဟောကိန်းထုတ်နိုင်သည်ဟူ၏။ သို့ဖြစ်၍ စိတ်ညှို့အိပ်မွေ့ချ ပညာဖြင့် အများအကျိုးသယ်ပိုးဆောင်ရွက်လိုသော ပုဂ္ဂိုလ်များသည် ကိုယ်ရောင်ကိုယ်ဝါ ရအောင် ကျင့်ကြံအားထုတ်ထားရန် လိုအပ်ပါသည်။

မေတ္တာဓာတ်၊ ပညာဓာတ်၊ ပရမတ္ထဓာတ် အပေါင်းတို့မည်သည်မှာ ဆိုင်ရာဆိုင်ရာ ဂုဏ်သတ္တိသျှတ္တိ တန်ခိုးအသီးသီးကို ဆောင်၍ လိုရာတန်ခိုးဣဒ္ဓိပါဒ်များကို ဖြစ်စေ ရရှိစေနိုင်စမြဲဖြစ်လေ၏။

ကျင့်ကြံ အားထုတ်သူသည် ကိုယ်ရောင်ကိုယ်ဝါအလင်းဓာတ်ရရှိစေရန် ညအိပ်ရာဝင်ချိန်နှင့် နံနက်အိပ်ရာထချိန်များတွင် အကြောအခြင်များကို လျှော့၍ စိတ်မလွင့်စေဘဲ စိတ်ကိုတည်ငြိမ်အောင် ထားရမည်။

စိတ်တည်ငြိမ်မှု ရရှိသည့်အခါ မိမိနှင့်အနီးဆုံးမိတ်ဆွေရော ရန်သူများပါမကျန် မေတ္တာပို့ပေးရမည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းဝေး၍ဝေး၍ မေတ္တာပို့လွှတ်ပေးရမည်။

၃၁ ဘုံ၌ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့ကိုဆက်၍ မေတ္တာပို့ပေးရမည်ဖြစ်သည်။

ဤသို့ မေတ္တာပွားများ မေတ္တာပို့သနေစဉ် စိတ်စေတနာ ထက်သန်စွာဖြင့် ပြုလုပ်ကြ၍ မေတ္တာသမာဓိ တည်ဆောက်ရမည်ဖြစ်သည်။ မေတ္တာပို့၍ စိတ်ထားဖြူစင် သမာဓိခိုင်လာလျှင် စိတ်ဓာတ်၊ ရုပ်ဓာတ် ထက်သန်စွမ်းအားပြည့်လာပြီး ကိုယ်ရောင်ကိုယ်ဝါ တောက်ပလာပါလိမ့်မည်။

**ကိုယ်ရောင်တန်ခိုး**

လူ သတ္တဝါ မှန်သမျှ၌ ကိုယ်ရောင်ကိုယ်ဝါ အလင်းရောင်ခြည်အမျိုးမျိုးရှိလေ၏။ မိမိတို့၏ ကိုယ်ခန္ဓာ ပတ်ဝန်းကျင်အတွင်း ကိုယ်ရောင်ကိုယ်ဝါ အမျိုးမျိုးကိုလည်း ဖြစ်စေနိုင်၏။ ကျန်းမာရွှင်လန်းနေသော ကိုယ်ရောင်၊ သီလ၊ သမာဓိဆမ်းသောကိုယ်ရောင်၊ ဘုန်းကံတန်ခိုးကိုယ်ရောင်၊ အသိဉာဏ်ပညာပြည့်စုံသောကိုယ်ရောင်၊ ဗြဟ္မစိုရ်မေတ္တာတရားအလင်းကိုယ်ရောင်၊ ဣန္ဒြေ အလှသိက္ခာ ကွန့်မြူးနေသော ကိုယ်ရောင်၊ ရာထူးတန်ခိုးဂုဏ်သိမ် ကိုယ်ရောင်စသည်ဖြင့် သက်ဆိုင်ရာကိုယ်ရောင်ကိုယ်ဝါကို ဖြစ်စေနိုင်သည်။

လူပုဂ္ဂိုလ်တစ်ဦး၌ ကိုယ်ရောင်ကိုယ်ဝါ မြဲမြဲခိုင်မြဲ သိပ်သည်းစွာရရှိထားလျှင် မသမာသူတို့၏ အမျိုးမျိုးသောသညာဖြင့် ကြံစည်ခြင်းမှ လွတ်ကင်းနိုင်၏။ မကောင်းသောဓာတ်များကို ပယ်ဖျောက်စေ၍ ကောင်းသောဓာတ်သဘာဝများကို ဆွဲငင်ယူနိုင်၏။ ကျရှုံးမှု၊ မအောင်မြင်မှုများကို အောင်မြင်မှုအဖြစ်သို့ ပြောင်းလဲယူနိုင်၏။ အတိဒုက္ခအပေါင်းကို ကျော်လွှားနိုင်၍ စိတ်ဆင်းရဲမှုများကို ကင်းပစေနိုင်၏။

ငြိုးငွေ့ဖွယ်ရာ မတိုးတက်နိုင်သော ဘဝမျိုးကို အဓိပ္ပာယ်ရှိသော လှုပ်ရှားမှုစွမ်းအားအပြည့်နှင့် တိုးတက်သော ဘဝသစ်အဖြစ် ပြောင်းလဲယူနိုင်၏ အစရှိသော စွမ်းပကားရှင်များ ဖြစ်လာနိုင်ပါသည်။

အတွင်းကျကျ ပညာပိုင်းကို ပိုင်ဆိုင်ထားသူများ၌ကား မှတ်ဉာဏ်ဖွံ့ဖြိုးကောင်းစေခြင်း၊ သည်းခံခွင့်လွှတ် စိတ်ရှည်ခြင်း၊ ရဲရင့်ခြင်း၊ လိမ္မာတတ်ကျွမ်း ခံနိုင်ရည်ရှိခြင်း၊ ဖန်တီးနိုင်သည့် တီထွင်မှုစွမ်းအားရှိခြင်းများကို ဖြစ်စေနိုင်ပါသည်။

ကိုယ်ရောင်ကိုယ်ဝါ အလင်းတန်ခိုး မြဲမြဲခိုင်မြဲအောင် ကျင့်ယူနည်းမှာ လူခြေတိတ်၍ ပတ်ဝန်းကျင် အနှောင့်အယှက်ကင်းသော နေရာမျိုးကို ရွေးချယ်ရမည်။ ကုလားထိုင်တစ်လုံးပေါ် သက်သောင့်သက်သာ ထိုင်၍ဖြစ်စေ၊ အိပ်ရာပေါ် တွင်ပက်လက်အနေအထားဖြင့် နှစ်သိမ့်စွာ အိပ်လျက်ဖြစ်စေ၊

**ရှေးက ဂန္ဓာရီပညာရှင်များသည်**
**လူပုဂ္ဂိုလ်၏**
**အရောင်အဆင်းကို ကြည့်၍**
**အကောင်းအဆိုးကို**
**ဟောကိန်းထုတ်နိုင်သည် ...**

တင်ပျဉ်ခွေထိုင်၍ဖြစ်စေ စိတ်ကိုကြည်လင်စွာထားပြီး အနီးအနားရှိ အသံဗလံ အရာဝတ္ထုအားလုံးကို လျစ်လျူရှုထားပြီးလျှင် မိမိ၏ကိုယ်ခန္ဓာသည် အပိတ်အပင် အတွယ်အတာ လွတ်ကင်းလျက် လေဟာပြင်အလယ်၌ လွတ်လွတ်လပ်လပ် ပေါ်နေသည်ဟု တွေးထင်နေရမည်။

မိမိ၏ ခန္ဓာကိုယ်ပတ်ဝန်းကျင် အဝန်းအဝိုင်းထဲတွင် ကိုယ်ခန္ဓာမှ ဖြာထွက်လာသော တောက်ပကြည်လင်သည့် ကိုယ်ရောင်ကိုယ်ဝါများ ကွန့်မြူးနေသည်ဟု ယုံကြည်တွေးထင်လျက် ကျင့်ကြံအားထုတ်သွားရမည်။

စိတ်ပညာအမြင် ရှုထောင့်မှ သုံးသပ်သည့်အခါ အရာရာ၌ ပြင်းပြင်းပြပြ အလိုရှိသော ဆန္ဒရှိသည့်အခါ အလိုဆန္ဒများ ပြည့်ဝရရှိလာအောင် ကံ၊ ဉာဏ်၊ ဝီရိယ ကြိုးစားမှုမှတစ်ဆင့် အတွင်းစိတ်စွမ်းအားဖြင့် အောင်မြင်ရရှိနိုင်သည်ဟူ၍ ဖြစ်၏။

သို့ဖြစ်၍ . . .

၁။ မိမိဖြစ်လိုသော အလိုဆန္ဒတစ်ခုကို စိတ်ကူးထဲမှ ယုံယုံကြည်ကြည်နှင့် ပီပီပြင်ပြင် မြင်အောင် တွေးထင် ပုံဖော်ကြည့်ခြင်း၊

၂။ မသိစိတ်ထဲ ဝင်ရောက်သွားသည်ထိ စိတ်ကူးတိုက်တွန်း အကြံပြုခြင်း၊

၃။ စိတ်ကူးဖြင့် ပုံဖော်ရာ၌ စိတ်မလွင့်စေဘဲ အာရုံ စူးစူးစိုက်စိုက် ရှိခြင်းတို့ဖြင့် အလိုရှိရာ


www.burmeseclassic.com

www.burmeseclassic.com

• • • • • • • • • • • • • • • • •

**သမာဓိ ကိုယ်ကျင့်တရား**

**ကောင်းမွန်၍**

**ဉာဏ်ပညာ ကျန်းမာ ခွန်အား**

**ပြည့်စုံသူများဖြစ်လျှင်**

**ကိုယ်ရောင်ကိုယ်ဝါ**

**လင်းလက်ကြည်လင် တောက်ပ**

• • • • • • • • • • • • • • • • •

ပြီးမြောက်အောင်မြင် စေနိုင်ပါလိမ့်မည်။

## အဘိညာဉ်တန်ခိုးရစေခြင်း

စိတ်စွမ်းအား သမာဓိ ရရှိပြီးနောက် ညို့ခာတ်နှင့် ကိုယ်ရောင်ကိုယ်ဝါခိုင်မြဲသွားလျှင် ပညာအလင်းပွင့်သွားပြီး ပညာအဆင့်မြင့်သွားသောအခါ လောကီအဘိညာဉ်တန်ခိုးများကို ဖြစ်စေနိုင်ပါသည်။

အထက်တန်းပညာ အဆင့်၌ တပည့်ကောင်းများကို ရွေးချယ်သင်ယူ၍ ဆရာတပည့်ပညာအဆင့် တိုးတက်လာအောင် မှန်မှန်ကျင့်ရမည်။ ပညာအဆင့်ရလာလျှင် ပညာအပေါ် မယုံမကြည်ဖြစ်ခြင်း၊ အထင်အမြင်သေးခြင်း၊ ရယ်ရွှင်ဖွယ်ပြုခြင်းများကို ရှောင်ကြဉ်ရမည်။

ပညာရပ်ပေါ် ပြက်ရယ် မလေးမစားစိတ်မျိုး ဝင်တတ်သူများ၌ အထက်တန်းသို့ ပညာခရီးဆက်ရန် ခဲယဉ်းတတ်သည်။ စိတ်ညို့ အိပ်မွေ့ချပညာအဆင့် အထက်တန်းသို့ အမျိုးသားရော, အမျိုးသမီးများပါ ပညာစခန်းဆက်နိုင် ကျင့်နိုင်မည်။ ပညာအဆင့် ပဌမအဆင့် ရောက်သွားသည့်အခါ အထက်တန်း အဆင့်သို့ရောက်သည်ဟု လက်ခံကြ၏။ ပဌမအဆင့်မှ ဆဋ္ဌမအဆင့်သို့ ရောက်လာသည့်အခါ အဘိညာဉ်တန်ခိုးရပြီး အကြားအမြင်ပေါက်လာစေနိုင်သည်။ ခာတ်ဖန်လုံးကို ကြည့်၍ အမြင်ရစေနိုင်သည်။

အမြင်ပေါက်စေနိုင်သော နည်းကို ကျင့်ကြံနေစဉ်၌ အကြားကိုပါ တစ်ပြိုင်နက်တည်း ရစေနိုင်သည်။ တစ်ပါးသူများ၏ စိတ်ထဲက စကားအတွေးများကို ဖတ်နိုင် သိကြားမြင်နိုင်သည်။ ရောဂါဝေဒနာအမျိုးမျိုးကို ညို့၍ဖြစ်စေ၊ အိပ်မွေ့ချ၍ဖြစ်စေ၊ အမိန့်ပေး၍ဖြစ်စေ၊ ထိတွေ့သုံးသပ်၍ဖြစ်စေ ကုသပျောက်ကင်းစေနိုင်၏။

ခန္ဓာကိုယ်ကို မြေမြှုပ်ခြင်း၊ လေပေါ်တွင် ရပ်တည်ခြင်း၊ Telepathy ခေါ် မိုင်ပေါင်းမြောက်မြားစွာ ဝေးသူနှင့် အပြန်အလှန်စိတ်ဖြင့် စကားပြော ဆက်သွယ်နိုင်ခြင်း၊ Telekinesis တယ်လီကိုင်းနစ်ဆစ်ခေါ် ရုပ်ဝတ္ထုပစ္စည်းများကို မနေရာအရှုံဖြင့် ရွှေ့လျားပုံသဏ္ဍာန်ပြောင်းလဲစေခြင်း၊ Astral Projection ခေါ် ရုပ်နာမ်ခွာစေခြင်း၊ နတ်များနှင့် စကားပြောခြင်း၊ ပရလောကမှ ဝိညာဉ်များနှင့်ဆက်သွယ်ခြင်း၊ ဝိဇ္ဇာမဟိဒ္ဓိဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်ပညာရပ်နှင့် ဂန္ဓာရီအထက်လမ်းပညာများကို တတ်ကျွမ်းနိုင်ခြင်း အစရှိသောသျှတ္တိတန်ခိုးများကို ရရှိလာစေနိုင်ပါသည်။

## သိဒ္ဓိတန်ခိုးဣဒ္ဓိပါဒ်ပေါက်ခြင်း

စိတ်ညို့ အိပ်မွေ့ချပညာသည် ကမ္ဘာ့အရပ်ရပ်၌ သူနည်းသူဟန် ကျယ်ဝန်းလှပါ၏။

ပညာစခန်း ကျယ်ဝန်းနက်ရှိုင်းသလောက် လျှို့ဝှက်ချက်၊ လျှို့ဝှက်တံခါးများလည်း လွန်ကဲစွာရှိလေ၏။ အယူသည်းသူများ၏ ယုံတမ်းပြောသော ပညာရပ်အဖြစ် မမှတ်ယူကြဘဲ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားနိုင်အောင် လေ့လာစူးစမ်း၍ လောကီပညာအဖြစ် သုတေသန ပြုသင့်ပြီဖြစ်၏။

မြန်မာ့ဝိဇ္ဇာအတတ်ပညာရပ်နှင့် ကမ္ဘာ့ဝိဇ္ဇာပညာ ကျမ်းများကို ဆက်စပ်လေ့လာသင့်ပေ၏။ သို့မှသာလျှင် ကမ္ဘာကို မြန်မာက ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါသည်။

သိဒ္ဓိတန်ခိုးရပြီး ဣဒ္ဓိပါဒ်ပေါက်ရန် မလွယ်ပါ။ ဘဝပေါင်းများစွာ ဝါသနာထုံပြီး လေ့ကျင့်အားထုတ်ခဲ့သူများအဖို့ ရလွယ်မည်ဖြစ်သော်လည်း သာမန်ပုဂ္ဂိုလ်များဖြစ်ပါက ခဲယဉ်းနက်နဲပေလိမ့်မည်။ ပါရမီအနုအရင့်လိုက်၍ အကျိုးသက်ရောက်စေနိုင်ပါသည်။

သိဒ္ဓိတန်ခိုး ဣဒ္ဓိပါဒ်ပေါက်မြောက်ရာ၌ ပကတိ မြေလျှောက်ကိုယ်ခန္ဓာဖြင့် မဟုတ်ဘဲ မိမိတို့၏ ကိုယ်ခန္ဓာနှင့်မခြား တစ်ထေရာတည်းဖြစ်သော အာကာသကိုယ်ခန္ဓာဖြင့် ဆက်သွယ်ပေါက်မြောက်နိုင်ခြင်း ဖြစ်သည်ဟူ[illegible]

အထက်တန်းပညာကို ဝါသနာပါ လိုက်စားသည့်အခါ စိတ်နှင့် ကိုယ်ကျင့်တရား စင်ကြယ်သန့်ရှင်းပြီး သမာ[illegible] အားရှိရန် လိုအပ်ပါသည်။ သို့မှသာ အာကာသကိုယ်ဖြင့် ဖန်တီးနိုင်ခြ[illegible] အာကာသနယ်နှင့် ပရလောကနယ်[illegible] ဝင်ဆံ့နိုင်ခြင်း၊ အမိန့်အာဏာ[illegible] စေလိုရာ စေနိုင်ခြင်း စသည်တို့[illegible] အတားအဆီးမရှိ ပြုလုပ်နိုင်မည် [illegible]သည်။

သိဒ္ဓိပေါက် ဆရာကြီးများ[illegible] ဆုံစည်းနိုင်ရန်မှာ မိမိတို့၌ သီလ[illegible] ကြယ်ပြီး ပညာခရီး ပြည့်စုံလာ[illegible] အခါ ပဋ္ဌာန်းဆက် ပါရမီထိုက်သ[illegible] အားလျော်စွာ တွေ့ဆုံနိုင်မည်ဖြစ်[illegible]

စိတ်ညို့အိပ်မွေ့ချ ပညာ[illegible] ရလာလျှင် ပညာအထင်ကြီးပြီး [illegible] လားအပ်သော လမ်းမှားသို့ [illegible] သွားတတ်သဖြင့် ဘူးဆီးနုနု [illegible] အောင် အထူးဆင်ခြင်၍ သစ္စာ[illegible] နှင့် နေထိုင်သွားရမည် ဖြစ်ပါသ[illegible]

ပန်းလို စမ်းလို လ[illegible] သာယာချမ်းမြေ့ကြပါစေ. . .


❐ အောင်ဘုန်းမြင့် (ထ[illegible]





www.burmeseclassic.com

www.burmeseclassic.com



# သုံးကြွင်း သားဦးနှင့် ဝိဇ္ဇာနည်းကျ မြန်မာမဟာဘုတ် ဗေဒင်ပညာအကြောင်း

**ဆရာကြည်မင်းစံ (အောင်မြေသာယာ)**

နည်းပညာရပ်များ တိုးတက်ပြောင်းလဲလာသောခေတ်တွင် ကျွန်ုပ်တို့ မြန်မာမဟာဘုတ်ပညာသည်လည်း အံ့မခန်းပင် တိုးတက်ပြောင်းလဲလာပါပြီ။ ကျယ်ဝန်းနက်ရှိုင်းလှစွာသော မဟာဘုတ်ဗေဒင် သမုဒ္ဒရာကြီးထဲမှ တစ်စိတ်တစ်ဒေသကို လူတို့၏ အဖြစ်သနစ်များ၊ ဖြစ်လေ့ဖြစ်ထရှိပုံများနှင့် ထင်ရှားစွာ သက်သေပြ၍ ပညာခန်းတစ်ခုအဖြစ် ဖော်ပြပါမည်။

ယခု ဖော်ပြလတ့်သော ပညာခန်းသည် သားသမီးမွေးဖွားရာမှ အဆိုးအကောင်း သိလိုကြသော မိဘများအတွက် သီးသန့်အခန်းကဏ္ဍ ဖြစ်ပါသည်။

မဟာဘုတ်ဗေဒင် သမုဒ္ဒရာကြီးထဲမှ လူတို့အတွက် အသုံးဝင်သော ပညာခန်းများအား ယူငင်သုံးစွဲ၍ဖော်ပြန်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ကောင်းပါဟု ဖြစ်တော့၏။ ကျွန်ုပ်တို့၏ မဟာဘုတ်ပညာရပ်သည် မစားရ ဝခမန်း ပညာရပ်မဟုတ်သည်ကိုလည်းကောင်း၊ ကားဝယ်၊ ထီပေါက်၊ တိုက်ဆောက်နိုင်မည့်ပညာခန်းလည်းမဟုတ်။ ဒုက္ခမရောက်သင့်တာမရောက်ရအောင်တော့ ပြတ်သားစွာဖြင့် သတိပေးတတ်သော ပညာဖြစ်၏။

(မယုံလို့ စမ်းကြည့်ရင်တော့ အမြည်းက ပိုလို့အရသာရှိတတ်ကြောင်း သိစေလို၏)

ရှေးလူကြီးများ ဆိုရိုးစကားတစ်ခုတွင် "သားဦးစနေ မီးလိုမွှေ" ဟူ၍ ရှိ၏။ ယခု ကျွန်ုပ်တင်ပြမည့်အကြောင်းမှာ သုံးကြွင်းသောနှစ်တွင် သားဦးယူကြသော မိဘများကို ပို၍ ရည်ရွယ်ပါသည်။ မြန်မာသက္ကရာဇ်တစ်ခုကို ခုနစ်ဖြင့်စားသော် အကြွင်းသုံးဂဏန်းရသောနှစ်ကို ဆိုလိုပါသည်။ ၎င်းအကြွင်းသည် မဟာဘုတ်အကြွင်းဖြစ်၏။ သားသမီးယူ၍မကောင်းသောနှစ်ဟူ၍ မရှိပါ။ ထိုကလေး၏ မိဘနှစ်ပါးသည်သာ မူလကံရင်းဖြစ်၏။ သားဦးများကိုသာ သီးခြားဖော်ပြခြင်း ဖြစ်ပါသည်။

မဟာဘုတ်ပညာအရ သုံးကြွင်းသောနှစ်တွင် သားဦးယူမိသောမိဘများ ခိုက်တတ်ပါသည်။ ဤသို့ရှိသည်ကို ကျွန်ုပ်တို့၏ ဆရာ့ ဆရာကြီးများမှ လက်ဆင့်ကမ်းပညာအမွေ ပေးခဲ့၍သာ သိခဲ့ရပါသည်။ လက်တွေ့ သာဓကများစွာရှိပါသည်။ အနိဋ္ဌာရုံများသာဖြစ်၍ မဖော်ပြလိုတော့ပါ။

ထိုကလေးများသည် မိဘများကိုသာ ခိုက်တတ်ခြင်းမဟုတ်ကြ။ သူတို့ကိုယ်တိုင်လည်း ခိုက်တတ်၏။ တချို့သော ကလေးများ မွေးဖွားသည်မှာပင် အပြစ်အနာအဆာ ပါလာတတ်၏။ စကားထစ်တတ်၏။ အခိုက်အညံ့ကြုံမည့်အချိန်သည် ကလေးအသက် သုံးနှစ်အတွင်း ဖြစ်၏။ ထိုကလေးသည် မည်သို့မျှ အပြစ်အနာအဆာ မရှိခဲ့ပါမူ မိဘများ အသက်အန္တရာယ် ကြုံရမည်ဖြစ်၏။

လူမသေသော်လည်း ဘဝသေတတ်၏။ မိဘများ တကွဲတပြား ဖြစ်တတ်၏။ မည်သည့်အလုပ်မျှ အဆင်မပြေပါ။ အကြွေးပတ်လည်ဝိုင်း၍ ထိုကလေးသုံးနှစ်ကျော်သည်အထိအကြွေးမကြေသေးပါ။ အရှက်ကွဲခြင်း၊ မျက်နှာပျက်ရခြင်းကား အသေးအဖွဲလောက်သာရှိ၏။ မိဘများ၏ ကံကြမ္မာသည်လည်း ဂြိုဟ်ဆိုးများကို ကျော်ဖြတ်နေရသည့်ကာလ ဖြစ်တတ်၏။ အမှုဖြစ်ပွားလျှင် ရှုံးမည်၊ ထောင်ကျတတ်၏။ ဥပဒေနှင့် မလွတ်ကင်းသော အလုပ်များ မလုပ်သင့်။ စာရိတ္တပျက်ပြားပါက ဆန်ခိုးမမိ ဖွဲခိုးမိ ဆိုသကဲ့သို့ဖြစ်တတ်၏။

အဘယ်ကြောင့် ဤသို့ဖြစ်ရပါသနည်းဟုဆိုသော် သုံးကို သုံးနှင့်စားသော် ပြတ်၏။ အကြွင်းမရှိလျှင် သုဉ်းသည်ဟု ခေါ်၏။ မူလသက္ကရာဇ်ကိုတည်၍ ခုနစ်ဖြင့်စား၍ရသော သုံးနှင့် မိဘနှစ်ပါးနှင့် သားသမီးပေါင်း၍ရသော သုံးတို့ကို စား၍ ပြတ်ခြင်းကို ဆို၏။ ဤကား ဆရာကြီးတစ်ပါး၏ အဆိုဖြစ်၏။ မည်သို့ဆိုစေ ကျွန်ုပ်အဖို့မှာ ၎င်းသုံးကြွင်းသောနှစ်တွင် သားဦးယူမိသောကြောင့် ပြဿနာမျိုးစုံ ကြုံတွေ့ကြရသော လူများကို များစွာတွေ့ကြုံခဲ့ဖူးပြီဖြစ်၏။ စာရှုသူအား ဤသို့မဖြစ်စေလို၍ တင်ပြရခြင်းဖြစ်၏။

ယခုအခါတွင် လူအတော်များများသည် သားသမီးမွေးခါနီးမှသာ မွေးရက်၊ မွေးချိန်ကို ရွေးနေကြ၏။ (မှတ်ချက်= ဗိုက်ခွဲမွေးသူများသာ)

ကျွန်ုပ်ထံသို့ ဤသို့သော သုံးကြွင်းသောနှစ်တွင် သားဦးမွေးဖွားရန်အတွက် မွေးရက်၊ မွေးချိန် လာမေးသူများရှိခဲ့၏။

အမှန်တော့ ဤသို့ မဖြစ်သင့်။

ယခု ရေးနေသော ဆောင်းပါးသည် ဤသို့မဖြစ်စေလို၍ ရေးရခြင်းဖြစ်၏။ ပြဿနာတစ်ခုအား မဖြစ်မီမှပင်

**သားသမီး**
**ဟူသည်ကား**
**ရတနာ ဖြစ်၏။**
**သို့သော်**
**မယူတတ်**
**မမွေးတတ်ပါက**
**ရတနာ မဖြစ်မူ၍**
**ဝေဒနာ ဖြစ်တတ်၏။**

တင်ကြို၍ ရှောင်ရှားခြင်းက ပို၍သင့်တော်ပါလေ၏။

သို့သော်လည်း ကိုယ်ဝန်ရပြီးမှ သာ ဖျက်ချခြင်း ပြုခဲ့ပါမူ ပို၍ပင် အန္တရာယ်ကြီးမားတတ်ကြောင်း ထပ် လောင်း၍ သတိပေးလိုက်ပါ၏။ အရပ် ထဲ၌ လူပြောသူပြောများနေသည်က တော့ သားဦးစနေ မီးလိုမွှေဟူ၍ ဖြစ် ၏။ အမှန်တော့ ဤသို့မဟုတ်ဟု ကျွန်ုပ် ယူဆ၏။ ဖြစ်သင့်တာကတော့ သုံး ကြွင်းသောနှစ်တွင် သားဦးမွေးပါက မီးလိုမွှေတတ်သည်ဟု ဆိုလိုရင်းသာ ဖြစ်မည်ဟု ယူဆပါသည်။

ဆေးဆရာတို့သည် ရှေးက ဆရာကြီးများ ထားခဲ့သော နည်းပညာ တို့ကို သုတေသနပြုကြ၏။ ထိုကဲ့သို့ပင် ဗေဒင်ဆရာသည်လည်း ရှေးက ဆရာ ကြီးများ အဆိုအမိန့်တို့အား သုတေသန ပြုရမည်သာ။ ကျွန်ုပ်သည် ပညာရပ် တစ်ခုအား လျှောနံ့ဓားထစ် မှတ်သား ပြောဆိုနေကြ၊ မှတ်သားနေကြသော မြန်မာစလေ့ကို ကောင်းစွာသတိပြုမိ ဖြစ်၏။ ခါးတောင်းကျိုက်တလွဲ ဖင်တ ဖြစ်နေကြသော မှတ်သားထားပုံများ များစွာရှိပါသေး၏။

ဥပမာတစ်ခုကို ဖော်ပြရသော်





www.burmeseclassic.com

www.burmeseclassic.com

သောကြာရေကြောင်း မသွားကောင်းဟု ဆိုရိုးတစ်ခုရှိ၏။ အကယ်၍ ထိုစကား မှန်ခဲ့သော်လည်းကောင်း၊ သောကြာနေ့၌ ရေလမ်းခရီးမသွားကောင်းဟု ယူဆပုံမှန်ခဲ့သော်လည်းကောင်း၊ သောကြာနေ့၌ ရန်ကုန်သင်္ဘောဆိပ်သည် လူအများကြိတ်ကြိတ်တိုးစရာ မရှိနိုင်ပါ။ ဤကဲ့သို့ လွဲနေကြပုံများကို သတိပြုကြသင့်၏။

ယခုဖော်ပြနေသော သုံးကြွင်းသားဦးသည် မီးလိုမွေ့ မမွေ့ကို သုတေသန ပြုကြည့်သောအခါ မိဘများ၏ ဇာတာအနိမ့်အမြင့်ပေါ် မူတည်၍ သေကွဲရှင်ကွဲကွာခြားသည်ကိုလည်းကောင်း၊ မိခင်နှင့် ဖခင် နှစ်ဦးရှိရာ မည်သူ့ကို ဥပဒ်ပေးမည်ကို ခွဲခြား၍ ရလာသည်ကို တွေ့ရ၏။

သားသမီးဟူသည်ကား ရတနာဖြစ်၏။ သို့သော် မယူတတ် မမွေးတတ်ပါက ရတနာမဖြစ်မူ၍ ဝေဒနာဖြစ်တတ်၏။ ဤနေရာ၌ အချိန်ကာလကိုလည်းကောင်း၊ ပုဂ္ဂလကိုလည်းကောင်း နိုင်းဆတတ်ရန်နှင့် ကံကိုကြီးသာ ပုံမချသင့်ကြောင်း မန်လည်ဆရာတော်ကြီး၏ လက်ာပိုဒ်ကို သတိရသင့်၏။

"ကာလ ဒေသ ပုဂ္ဂလကို နှိုင်းဆ အပ်တုံ၍ လူ့ဘုံ၌ ကံကိုယုံ၍ မီးပုံအတွင်း မဆင်းထိုက်စွာ ကျားရဲရာလည်း ကြမ္မာအကြောင်း မရိုးကောင်းဟု သူဟောင်းရှေးက ဆိုဖူးလှ၏။ လုံ့လမကူ ဉာဏ်မကူဘဲ အယူတစောင်း ရွဲ့စောင်းကြီးဖြင့် မကောင်းလည်းကံ ကောင်းလည်းကံဟု ကံကိုချည်းသာ မကိုးရာတည်း"

ထိုလက်ာ၌ သူဟောင်းရှေးက ဟူ၍ ပါရှိ၏။ ထိုဆရာတော်ကြီးပင် သူဟောင်းမဟုတ်မူပါ။ ထိုဆရာတော်ကြီး ထက် ရှေးကျသော ပညာရှိများ အဆိုအမိန့်ဖြစ်ကြောင်း ဖော်ပြပါရှိ၏။

စာရှုသူများအဖို့မှာ မိမိတို့ပတ်ဝန်းကျင်၌ မိသားစုများများစွာရှိပါမည်။ ၎င်းမိသားစုများတွင် သားဦးသည် သုံးကြွင်းသောနှစ်တွင် မွေးဖွားခဲ့သော မိသားစုများ ရှိပါလိမ့်မည်။ တွေ့ရှိပါက သားဦးမွေးပြီး မည်ကဲ့သို့ရှိကြောင်း စုံစမ်းပါက အဖြေမှန်ကို သိရပါလိမ့်မည်။

ဤသို့ ရှိသောအခါ မိမိတို့၏ ဆွေမျိုး မိတ်ဆွေများအား သားဦးယူခဲ့ပါက သုံးကြွင်းသောနှစ်တွင် မယူမိဖို့ရာ သတိပေးတတ်မည် ဖြစ်၏။ ထိုအခါ ဤဆောင်းပါး၏လိုရင်းကို ရောက်ပြီဖြစ်၏။ ဤပညာသည် မြန်မာ့ရိုးရာ မဟာဘုတ်ပညာ ဖြစ်၏။

သုံးကြွင်းသောနှစ်တွင် သားဦးမွေးခဲ့ကြသောလူများသည်ထိုအကြောင်းကို လေသံမျှပင် မကြားလိုကြတော့ပါ။ ဘဝ၏ ခါးသီးမှုများကို ခါးစည်းကာခံခဲ့ကြရသော ကာလများဖြစ်၏။ ထိုအခါ ဤပညာရပ်သည် မြေကြီးလက်ခတ်မလွဲသကဲ့သို့လည်းကောင်း၊ နဖူးကို လက်ဝါးဖြင့်ရိုက်ပြီး မှန်လိုက်လေခြင်းဟု ဆိုလိမ့်မည်ဖြစ်၏။ မြန်မာလူမျိုးများ ဘိုးစဉ်ဘောင်ဆက် သုံးစွဲလာသော ပညာရပ်ဖြစ်၏။ အတ္တနောမတိ အတွေးအခေါ် မရှိသူများ၏ ပါးစပ်ဖျား၌ မဟာဘုတ် မဟုတ်ပါဟု အဆုံးသတ်နေချိန် မဟုတ်တော့ကြောင်း ဤနေရာ၌ သက်သေခံလိမ့်မည်ဖြစ်၏။ ထိုထက်မက လျှို့ဝှက်နက်နဲသော ပညာခန်းများ များစွာရှိပေသေး၏။

ခေတ်ကာလသည် ပြည်တွင်းဖြစ်ကို အထင်သေးနေကြပေ၏။ ဤမြေတွင်မွေး၍ ဤမြေတွင် လူဖြစ်လာကြ၊ ဤမြေမှထွက်သော အာဟာရတို့ကို စားသုံးခဲ့ကြပြီး ကိုယ့်အမျိုး ကိုယ့်ပညာကို အထင်သေးကြ၏။ မြန်မာမှန်လျှင် မြန်မာလို တွေးရမည်ဖြစ်၏။ သို့မဟုတ်ခဲ့ပါက ကပြားဖြစ်ဖို့သာ ရှိ၏။ ကပြားဖြစ်ပါက ကျွန်အဖြစ်တောင်မသုံးဟု စာဆိုရှိခဲ့၏။ "ရေလက်ကြား၊ အိမ်တန်းလျား၊ ကျွန်ကပြား" ဟုဆိုခဲ့၏။

ယခုဖော်ပြနေသော အကြောင်းအရာသည် မွေးလာသောကလေးအား အပြစ်ပုံနေခြင်း မဟုတ်ပါ။ မူလ မိဘနှစ်ပါး၏ ကံရင်းသာဖြစ်၏။ ဥပမာအားဖြင့် ဆိုသော် ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်မင်းသားတို့၏ ဇာတ်လမ်းကို ပြရမည်ဖြစ်၏။

ကျွန်ုပ်၏အနီး၌ သုံးကြွင်းသားဦး မွေးခဲ့သူနှစ်ဦး ရှိ၏။ တစ်ယောက်သောသူက မုဆိုးမ ဖြစ်သွားခဲ့၏။ တစ်ယောက်သောသူမှာ မုဆိုးဖိုဖြစ်ရန် နာရီပိုင်းမျှအလိုတွင် လွတ်မြောက်ခဲ့၏။ စာရှုသူတို့အနီးတွင်လည်း ရှိပါလိမ့်မည်။ ယခုတော့ အနာသိဆေးရှိရမည်ဖြစ်၏။ သို့သော် ရောဂါမဖြစ်မီ ကြိုတင်၍ ကာကွယ်ထားသင့်၏။

ယတြာ - ယောကျ်ားကလေးမွေးလျှင် အမိဘက်မှ အကြီးအကဲကို ရောင်းလိုက်ပါ။ မိန်းကလေးဖြစ်လျှင် အဖဘက်မှ အကြီးအကဲကို ရောင်းလိုက်ပါ။ ရောင်းရသောငွေကို မိဘများက ဆောင်ထားပါ။ ကလေး၏ဓာတ်ပုံကို ရောင်းလိုက်သောအိမ်မှာ ထားပေးပါ။ ၎င်းအိမ်တွင် မကြာခဏ ညအိပ်ပေးပါ။ မိဘများ ဘုရား တရားမြဲပါစေ။ အကုသိုလ်ဟူသမျှ ရှောင်ပါ။ ကျွမ်းကျင်သော ဆရာသမားများထံ၌ အကာအကွယ် ယတြာပြုလုပ်ပါလေ။

[စာကြွင်း - ယခုလာမည့် ၁၃၇၅ ခုနှစ်သည် သုံးကြွင်းသောနှစ် ဖြစ်ပါသည်။ ထိုနှစ်တွင် သားဦးမွေးကြသော မိဘများ၊ ဇနီးမောင်နှံများကို သတိထားကြစေရန်လည်းကောင်း၊ ၎င်းနှစ်တွင် မွေးလာကြသော သားဦး၊ သမီးဦးများကိုလည်းကောင်း သတိထား၍ စောင့်ကြည့်ကြပါ။ ယခုဖော်ပြသော ဆောင်းပါးပါ အချက်အလက်များကို တွေ့ရပါလိမ့်မည်။]

❒ ဆရာကြည်မင်းစံ
(အောင်မြေသာယာ)

**ကျမ်းကိုး**

မဟာဘုတ်ပါရဂူ ဦးကြာမြင့်




www.burmeseclassic.com

www.burmeseclassic.com






## Criminal Propensities

### ရာဇဝတ်မှု ကျူးလွန်ခြင်းအပေါ် အထုံဝါသနာပါခြင်း

ဉာဏ်လမ်းကြောင်းသည် လက်ဖဝါးပြင်ပေါ်တွင် အနေအထား ကောင်းစွာ တည်ရှိပြီး တစ်ခါတစ်ရံ မေတ္တာလမ်းကြောင်းပေါ်တွင် ဖြတ်ကာ ကျော်လွန်၍ ပင်သွား၏။

ထိုကဲ့သို့သော လူမျိုးများ လူသတ်မှု ကျူးလွန်တတ်ကြသည်မှာ အံ့ဩစရာ

---

တမ်းမရှိုင်းယား စစ်သဘော်ကြီးနှင့်အတူ ပင်လယ်အတွင်း နစ်မြုပ်ပျောက်ဆုံးသွားခဲ့သော အင်္ဂလန်ပြည် စစ်ဦးစီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီး လော့ဒ်ကစ်ချနား၏ လက္ခဏာ

---



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ချေ။ အကြောင်းမှာ သူတို့သည် ရာဇဝတ်ကျူးလွန်ခြင်းကို ဝါသနာစရိုက်အရ ပြုနေကြ၍ဖြစ်သည်။ သူတို့သည် စရိုက်ဝါသနာကို မစွန့်လွှတ်တတ်ကြချေ။

ကိုင်ရို (Cheiro)



ကမ္ဘာကျော် လူသတ်သမား
ဒေါက်တာမေယာ၏ လက္ခဏာ

## Criminal Qualities
## ရာဇဝတ်မှုကျူးလွန်သူ၏ အရည်အချင်းများ

စနေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံ အားကောင်းသူများသည် ကမ္ဘာတွင် ရာဇဝတ်မှု အများဆုံး ကျူးလွန်သူများဖြစ်သည်။ သူတို့နှစ်ဦးစလုံးသည် ပင်ကိုအသိတရားအရကိုက လူသားတို့ကို ရန်ပြုကြသူများ ဖြစ်ကြ၏။

စနေသည် သူ၏စိတ်တွေဝေမှုများအရ ကျူးလွန်တတ်ကြပြီး ဗုဒ္ဓဟူးကမူ ငွေကိုအဓိကထားမှုကြောင့် ဖြစ်သည်။ ကြင်နာပြင်းကင်းသည့် စိတ်ထားအရှိုးစွဲနေကြသဖြင့် သူတို့ကို ပြုပြင်၍ မရနိုင်ပေ။ ဤစိတ်ပညာရပ်ဆိုင်ရာ အဆိပ်သင့်မှုသည် အရာရာတိုင်းကို သွေဖည်၍ မကောင်းမှုအသွင်သို့ ပြောင်းလဲနေတော့သည်။

## Critical Faculty
## ဝေဖန်နိုင်စွမ်းရည်ရှိသူ

တို့၍ အနေအထားကောင်းစွာရှိကြသည့် လက်သည်းများမှာကား ဝေဖန်နိုင်စွမ်းရည် ကြီးမားခြင်းကို ပြ၏။ ထိုသို့သော လူစားမျိုးသည် ဆင်ခြေဆင်လက် များတတ်ခြင်းကို နှစ်သက်တတ်ကြသည်။

အခြားအမှတ်အသားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အင်္ဂါလွင်ပြင်တွင် ကြက်ခြေရှိခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံ မို့မောက်နေခြင်း၊
(၃) လက်ချောင်းအားလုံး၏ ဒုတိယအဆစ်များက သာမန်ထက် ရှည်နေခြင်း၊
(၄) ပထမအဆစ်က အားကောင်းသည့် လက်ချောင်းများဖြစ်ခြင်း၊
(၅) လက်ဖဝါးပြင် နူးညံ့ခြင်း၊
(၆) လက်သည်းများ တိုခြင်း။

## Critical Illness
## သေလုမတတ်အောင် နာမကျန်းဖြစ်ခြင်း

လူနာသည် နာလန်ထနိုင်လောက်သည့် အခြေအနေ မပေးတော့သည့်အခါ လက်မသည် နောက်သို့ လန်နေကာ လက်ဖဝါးပြင်သည် လုံးလုံးအားပျော့နေတော့သည်။ ၎င်းအခြေအနေမျိုးကို လူနာ အသည်းအသန်ဖြစ်ချိန်ဟု အဆိုရှိ၏။

## Critical Intellect
## ပိုင်းခြားဝေဖန်တတ်သည့်ဉာဏ်

(၁) လက်ချောင်းများ၏ ဒုတိယအဆစ်များ သာမန်အရွယ်အစားထက် ကြီးနေခြင်း၊
(၂) လက်များ ကြီးမားခြင်း၊
(၃) လက်ချောင်း အဆစ်များ ရှည်ခြင်း၊
(၄) လက်မ မာကျော၍ အဆစ်အားကောင်းခြင်း၊
(၅) လက်မ၏ ဒုတိယအဆစ် အားကောင်းခြင်း။

## Cross
## ကြက်ခြေလမ်းကြောင်း

ကြက်ခြေလမ်းကြောင်းသည် ဘဝ၏ အခက်အခဲကို ဖော်ညွှန်းသည်။ ထို့ပြင် ၎င်းသည် ကျန်းမာရေးညှို့ဖျင်းမှုကိုလည်း ဖော်ပြနေသည်။

## Cross - Bar
## အဖျက်ကြက်ခြေလမ်းကြောင်းတို

ဤအရေးအကြောင်းများသည် မျဉ်းပြိုင်အရေးအကြောင်းများ ဖြစ်ကြပြီး ကောင်းသောအမှတ်လက္ခဏာ တစ်ရပ် မဟုတ်ချေ။


www.burmeseclassic.com

www.burmeseclassic.com

## Cross of Mental Suffering
## စိတ်ပိုင်းဝေဒနာခံစားရမှုကိုပြသည့် ကြက်ခြေ

၎င်းတို့ လက်ညှိုးနှင့် လက်ခလယ်တို့ကြား အောက်ခြေတွင် တွေ့ရ၏။ ၎င်းသည် မိမိ၏ဥပါဒါန်ကြောင့် စိတ်ဝေဒနာကို နက်ရှိုင်းစွာ ခံစားနေရခြင်းကို ပြလေသည်။

ဤကြက်ခြေကို နာမည်ကျော် ရုရှားစာရေးဆရာနှင့် ပြန်လည်ပြင်ဆင်ရေးသမား အမတ်တစ်ဦးဖြစ်သူ လီယိုတောလ်စတွိုင်း (LeoTolstoy) ၏လက်တွင် တွေ့ရသည်။

## Crosses, Signs from
## နေရာအလိုက် ကြက်ခြေများ၏ သင်္ကေတများ

ကြက်ခြေများသည် အရေးအကြောင်းများကို အမှီပြုနေကြသည့် အမှတ်အသားများ ဖြစ်ကြရသည်။ ၎င်းတို့သည် တစ်သီးတခြား ဖွဲ့တည်နေခြင်း မဟုတ်ချေ။

ညီညာမှုမရှိသည့် ကြက်ခြေသည် ဆိုးရွားသည့် အမှတ်အသားတစ်ခုဖြစ်ပြီး အနေအထားကောင်းပြီး ရှင်းရှင်းလင်းလင်းရှိလျှင်ကား ဆိုးကျိုးပေးမည့် အမှတ်လက္ခဏာ မဟုတ်ချေ။

ကြက်ခြေများသည် အောက်ပါ ညွှန်ပြမှုများကို ဖော်ပြကြလေသည်။

(၁) ကြိုက်နယ်မြေပေါ်တွင် ရှိပါက ဘဝတွင် အပြောင်းအလဲဖြစ်ခြင်း၊

(၂) လေးထောင့်လွင်ပြင်ပေါ်တွင် ရှိပါက နက္ခတ်ဗေဒင်၊ လက္ခဏာစသည့် လျှို့ဝှက်နက်နဲသော ပညာများကို စိတ်ဝင်စားခြင်း၊

(၃) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ရှိပါက အိမ်ထောင်ရေး အဆင်ပြေခြင်း၊

(၄) စနေဂြိုဟ်ခုံပေါ်တွင် ရှိပါက ကျန်းမာရေး မကောင်းခြင်း၊

(၅) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ရှိပါက ငွေကြေးကိစ္စအဆင်မပြေဖြစ်ခြင်း၊

(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ရှိပါက မရိုးသားသော လူလိမ်ဖြစ်ပြီး မတော်လောဘဖြင့် အကျိုးရှိအောင် လုပ်ကိုင်တတ်သူဖြစ်ခြင်း၊

(၇) အင်္ဂါဂြိုဟ်ခုံ(အမ)အပေါ် ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်တွင် ရှိပါက ခိုးဝှက်တတ်ခြင်း၊

(၈) အင်္ဂါ(အဖို) ဂြိုဟ်ခုံပေါ်တွင် ရှိပါက မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) လုပ်ကြံခံရ၍ သေတတ်ခြင်း၊

(၉) တနင်္လာဂြိုဟ်ခုံပေါ်တွင် ရှိပါက ရေကြောင့် ဘေးတွေ့တတ်ခြင်း၊

(၁၀) သောကြာဂြိုဟ်ခုံပေါ်တွင် ရှိပါက အချစ်ရေးကိစ္စများ အဆင်မပြေဖြစ်ခြင်း၊

(၁၁) အောင်မြင်ရေးလမ်းကြောင်းပေါ်တွင် ရှိပါက မမျှော်လင့်ဘဲ ရုတ်တရက် ငွေကြေးအခိုးခံရခြင်း၊

(၁၂) Hepatica ခေါ် ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ရှိပါက နာမကျန်းဖြစ်ခြင်း၊

(၁၃) မေတ္တာလမ်းကြောင်းပေါ်တွင်ရှိပါက အချစ်ရေးကိစ္စနှင့်ပတ်သက်ပြီး ဒုက္ခတွေ့ခြင်း၊

(၁၄) ဉာဏ်လမ်းကြောင်းပေါ်တွင် ရှိပါက ဦးခေါင်း၌ ဒဏ်ရာ အနာတရဖြစ်ခြင်း၊

(၁၅) ကံလမ်းကြောင်းပေါ်တွင် ရှိပါက စတင် ကံဆိုးဖြစ်လာခြင်း။

## Cruelty, Instinctive
## ပင်ကိုစိတ်အရ ရက်စက်တတ်ခြင်း

(၁) လေးထောင့်လွင်ပြင် ကျဉ်းမြောင်းခြင်း၊

(၂) ကျန်းမာရေးလမ်းကြောင်း အနေအထား အလွန်ဆိုးခြင်း၊

(၃) ဉာဏ်လမ်းကြောင်း အောက်သို့ စိုက်ဆင်းနေခြင်း

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံတို့ ကျယ်ပြန့်ခြင်း သို့မဟုတ် မကောင်းသော အမှတ်အသားများ ရှိနေခြင်း၊

(၅) အင်္ဂါဂြိုဟ်ခုံ လုံးဝမပေါ်လွင်ခြင်း၊

(၆) လက်ဝါးပြင် သေးငယ်ခြင်း၊

(၇) လက်ချောင်းများရှည်၍ သေးသွယ်ခြင်း၊

(၈) လက်များ အလွန်သေးငယ်ခြင်း၊

(၉) အမျိုးသမီးများဖြစ်ပါက လက်များတွင် အမွှေးအမှင်များ ပေါက်နေခြင်း။

## Cunning
## ကောက်ကျစ်ခြင်း

လက်သည်းများတို့၏ လေးထောင့်သဏ္ဌာန်ဖြစ်ပြီး အရောင်များ ဖျော့နေလျှင် ထိုလူသည် မသမာစိတ်ရှိပြီး ကောက်ကျစ်သည်ကို ပြဆိုနေခြင်းဖြစ်၏။

## Curiosity
## စပ်စုခြင်း

(၁) ဉာဏ်လမ်းကြောင်းနှင့် အသက်လမ်းကြောင်း ပိုင်းတွင် အနည်းငယ် ကွာဟနေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၂) သောကလမ်းကြောင်းများ များစွာရှိခြင်း၊
(၃) တနင်္ဂနွေဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံများ ကျယ်ပြန့်မို့မောက်နေခြင်း၊
(၄) လက်သည်းများ တိုခြင်း၊
(၅) လက်ဝါးကို ဖြန့်၍ထောင်ကြည့်လျှင် လက်ချောင်းများကွာဟနေသဖြင့် အလင်းရောင်များ ဖောက်ထွင်းဝင်နိုင်ခြင်း။

**D**

## Danger Signal

### ဘေးအန္တရာယ်ပြ အမှတ်အသား

အကယ်၍ လမ်းကြောင်းတစ်ခုသည် ကျိုးပျက်ပြီးနောက် ချိတ်သင်္ကေတန်ကဲ့သို့ မူလပြတ်သည့်နေရာသို့ ပြန်၍ဦးတည်နေခြင်းသည် အန္တရာယ်ဆိုးကို ညွှန်ပြနေခြင်းဖြစ်၏။

ၚင်းသည် ဆိုးရွားလှသည့် ဘေးဒုက္ခကိုပြ၏။ ၚင်းသည် ဘေးဆိုးကြီးပင်ဖြစ်နိုင်၏။ သို့ရာတွင် အရံလမ်းကြောင်းတစ်ခု သို့မဟုတ် လေးထောင့်ကွက်တစ်ခုနှင့် ဆက်စပ်နေလျှင် ဘေးဆိုးကြီးတွေ့ရသည့်အဖြစ်မှ လွတ်ကင်းသွားပေမည်။

## Deafness

### နားထိုင်းခြင်း၊ နားမကြားခြင်း

(၁) စနေဂြိုဟ်ခုံ ကျယ်ပြန့်ကြီးမားခြင်း၊
(၂) စနေဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများ ရှုပ်ထွေးနေခြင်း၊
(၃) သောကြာဂြိုဟ်ခုံ ပြည့်ဖြိုးမို့မောက်နေခြင်း၊
(၄) ဉာဏ်လမ်းကြောင်းပေါ်တွင် အစက်များရှိခြင်း၊
(၅) စနေဂြိုဟ်ခုံအောက်တွင် ကျွန်းခံနေခြင်း။

## Death by Execution

### အသတ်ခံရခြင်း

(၁) စနေဂြိုဟ်ခုံအောက်တည့်တည့် ဉာဏ်လမ်းကြောင်းပေါ်တွင် ကျိုးပျက်နေခြင်း၊
(၂) အင်္ဂါလွင်ပြင်၌ ကြက်ခြေရှိခြင်း၊
(၃) လက်ခလယ် လက်ချောင်းပေါ်တွင် ကြယ်သင်္ကေတန်ရှိခြင်း၊
(၄) အသက်လမ်းကြောင်းတွင် ကျိုးပျက်၍ အဆုံးသတ်နေခြင်းက အသတ်ခံရမည့်နေ့ကို ပြ၏။

## Death, Early

### အသက်တိုခြင်း

(၁) ဉာဏ်လမ်းကြောင်းနှင့် မေတ္တာလမ်းကြောင်းတို့သည် ကံလမ်းကြောင်းသို့ မရောက်မီ တိုတိုနှင့်ရပ်နေခြင်း၊
(၂) လက်နှစ်ဖက်စလုံးရှိ အသက်လမ်းကြောင်းများ တိုနေခြင်း၊
(၃) ဉာဏ်လမ်းကြောင်းတွင် လှိုင်းထနေခြင်း။

## Death in War

### စစ်ကြောင့်သေဆုံးရခြင်း

(၁) ကြာသပတေးဂြိုဟ်ခုံ ကောင်းမွန်ခြင်း၊
(၂) အင်္ဂါလွင်ပြင် အထူးကောင်းမွန်ခြင်း၊
(၃) အင်္ဂါအဖိုဂြိုဟ်ခုံတွင် ကြယ်သင်္ကေတန်ရှိခြင်း၊
(၄) အင်္ဂါအဖိုဂြိုဟ်ခုံမှ အရေးအကြောင်း တစ်ခုသည် စနေဂြိုဟ်ခုံသို့ တက်သွားခြင်း။

## Death, Prediction of

### သေဘေးကို ကြို၍ဟောခြင်း

သေတော့မည်ဟူ၍ သေမည့်အချိန်ကို ကြိုဟောခြင်းမျိုးကို သိသိသာသာ မပြုလုပ်သင့်ချေ။ အကြောင်းမှာ လူတစ်ယောက်သည် သေဘေးကိုကြိုမြင်ပြီး 'ငါမသေနိုင်ဟု စိတ်အင်အားကို တင်းထားပါက' သေဘေးမှ လွတ်မြောက်နိုင်၍ဖြစ်၏။

ဝီလျံ၊ ဂျီ၊ ဘင်ဟမ်း (Willim G. Benham)

## Death Signals

### သေမည့် နိမိတ်လက္ခဏာများ (သေဆုံးမည့် အမှတ်အသား)

(၁) အသက်လမ်းကြောင်းသည် ရုတ်တရက်ရပ်သွားပါက မမျှော်လင့်ဘဲ သေဆုံးရမည့်အဖြစ်ကို ညွှန်ပြ၏။
(၂) အဖြတ်သင်္ကေတန်များ၊ အစက်အပြောက်များ၊ ကျိုးပြတ်ခြင်းများ သို့မဟုတ် အသက်လမ်းကြောင်းပေါ်တွင် ဖြတ်တောက်နေခြင်းများက ကျန်းမာရေးအတွက် အလွန်စိုးရိမ်ရသည့် အရိပ်လက္ခဏာကို ပြ၏။
(၃) အသက်လမ်းကြောင်းနည်းတူ ဉာဏ်လမ်းကြောင်းနှင့် မေတ္တာလမ်းကြောင်းများပေါ်တွင် စိုးရိမ်ရလောက်သည့် အမှတ်လက္ခဏာများ ပြနေလျှင် သေဆုံးရန် သေချာသလောက်ဖြစ်သည်ကို ပြ၏။



www.burmeseclassic.com

www.burmeseclassic.com

(၄) စနေဂြိုဟ်ခုံမှ အရေးအကြောင်းများ အသက်လမ်းကြောင်းကို ဖြတ်၍သွားခြင်းသည် ရုတ်တရက် ဘေးတွေ့ပြီး သို့မဟုတ် ခွဲစိတ်ကုသခံရပြီး သေဆုံးမည်ကိုပြဆိုနေခြင်းဖြစ်၏၊

(၅) အသက်လမ်းကြောင်းပေါ်တွင် အဖျက်လမ်းကြောင်းများ သို့မဟုတ် ကန့်လန့်ဖြတ် အရေးအကြောင်းများက သေဆုံးမည်ကိုပြ၏၊

(၆) ကျိုးပျက်မှုနှင့် ပြိုင်၍ပေါ်နေသည့် အရံလမ်းကြောင်းတစ်ခုက သေအံ့ဆဲဆဲ အခြေအနေဆိုးမှ အသက်မသေဘဲ ရှိနိုင်ခြင်းကို ပြ၏။

## Death, Sudden and Violent

## မမျှော်လင့်ဘဲသော်လည်းကောင်း၊ ရုတ်တရက် ထိခိုက်ပေါက်ကွဲပြီးသော်လည်းကောင်း အသေဆိုးနှင့် သေဆုံးရခြင်း

(၁) အင်္ဂါ(အဖို)ဂြိုဟ်ခုံပေါ်တွင် ဆန်ခါကွက်ရှိခြင်း၊

(၂) ဉာဏ်လမ်းကြောင်းအလယ်တွင် ကြက်ခြေအမှတ်အသားရှိခြင်း၊

(၃) လက်ချောင်းအားလုံး၏ အဆစ်များပေါ်တွင် အောက်သို့စိုက်၍ဆင်းနေသည့် အရေးအကြောင်းတို တစ်ခုစီရှိခြင်း၊

(၄) လက်နှစ်ဖက်စလုံးမှ အသက်လမ်းကြောင်း ဉာဏ်လမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းများသည် အတူတကွ အစပြုနေခြင်း၊ တစ်နည်းအားဖြင့် အစပြုရာတွင် ပေါင်းဆုံနေခြင်း၊

(၅) အသက်လမ်းကြောင်း၏အဆုံးတွင် ဒဏ်ရာရထားသကဲ့သို့ နက်ရှိုင်းသည့် အမှတ်အသားပါရှိခြင်း။

## Deceitful Disposition

## လိမ်လည်လှည့်ဖြားတတ်ခြင်း

(၁) ဉာဏ်လမ်းကြောင်း ငိုက်စိုက်ကျနေခြင်း၊

(၂) ဉာဏ်လမ်းကြောင်း ဖြက်ကျယ်စွာ ဖြာထွက်နေခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံ မို့မောက်နေခြင်း၊

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဖျက်လမ်းကြောင်းများရှိခြင်း၊

(၅) လက်သန်းလက်ချောင်းသည် ရှည်၍ကွေးကောက်နေခြင်း၊

(၆) လက်ချောင်းများရှည်၍ သေးသွယ်ခြင်း၊

(၇) လက်သည်းများတို၍ အရောင်ဖျော့ခြင်း။

## Definition

## ဆိုလိုချက် (အဓိပ္ပာယ်)

လက္ခဏာပညာရပ်၏ ဦးတည်ချက်မှာ ရှေးအနုပညာရပ်ကို ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လိုက်နာလုပ်ဆောင်ခြင်းဖြင့် မည်သို့ ပိုင်ဆိုင်အောင်မြင်မှု ရနိုင်သည်ကို သင်ကြားပြသခြင်းပင် ဖြစ်သည်။ အလိုလိုသိမြင်မှုဖြင့် ရရှိခြင်း မဟုတ်ပါ။

ကောင့် စီ.ဒီ စိန့်-ဂျာမိန်း
(Comte C. de Saint-Germain)
THE STUDY OF PALMISTRY

## Details, Love of

## စေ့စေ့စပ်စပ်လုပ်ကိုင်မှုကို နှစ်သက်ခြင်း

(၁) တနင်္လာဂြိုဟ်ခုံ ကျဉ်းမြောင်းလွန်းခြင်း၊

(၂) ဉာဏ်လမ်းကြောင်းရှည်၍ ဖြောင့်တန်းခြင်း၊

(၃) ကြာသပတေးဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပေါ်လွင်ကြခြင်း၊

(၄) လက်မ၏ ဒုတိယအဆစ်ရှည်ခြင်း၊

(၅) လက်ချောင်းများရှည်၍ အဆစ်ကြီးခြင်း။

## Detective Method

## ထောက်လှမ်း၊ စုံစမ်းသည့်နည်း

လူ့ဘဝကို မီးမောင်းထိုးပြနိုင်သည့် (အတွေးအခေါ်) အခြေအနေတိုင်းကို လေ့လာရန် ကျွန်ုပ် ကြိုးပမ်းရပေသည်။ အကျိုးသက်ရောက်မှုမှာ အရေးအကြောင်း အခြေအနေနှင့် လက်များပေါ်တွင် တွေ့ရသည့် အမွေးအမှင်များ အားလုံးသည် စုပေါင်းအထောက်အထားရရှိရန်အတွက် ထောက်လှမ်းစရာ သဲလွန်စတစ်ခုအဖြစ် အသုံးချရပေလိမ့်မည်။

ကိုင်ရို (Cheiro)

## Devoted Love

## အချစ်ကို ကိုးကွယ်တတ်သည့်စိတ်

(၁) လက်များ ခိုင်ခိုင်ခံ့ခံ့ရှိပြီး လက်မအနေအထား ကြံ့ခိုင်မားခြင်း၊

(၂) မေတ္တာလမ်းကြောင်း နှစ်ကြောင်း ပါရှိခြင်း။





www.burmeseclassic.com

www.burmeseclassic.com

## Diabetes

### ဆီးချိုရောဂါ

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြက်ခြေသင်္ကေတန်ရှိခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံအောက်ခြေတွင် အရေးအကြောင်းများ ရှုပ်ထွေးနေခြင်း။

## Dimensions of Lines

### အရေးအကြောင်းများ၏ အတိုင်းအတာများ

ခြုံ၍ပြောရလျှင် ရှည်သော အရေးအကြောင်းများသည် တိုသောအရေးအကြောင်းများထက် ကောင်းမွန်၏။

အရေးအကြောင်းကောင်းတစ်ခုသည် ရှည်၍ စောက်နက်သော်လည်း ဖြက်အလွန်မကျယ်ချေ။

အရေးအကြောင်းတိုင်းကို အထူးဂရုတစိုက် သုံးသပ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ဦးနှောက်၏လှုပ်ရှားမှု၊ တုန်ခါမှုများသည် လက်ဖျားတွင်လာ၍ အရေးအကြောင်းအဖြစ်ထင်ဟပ်၏ဟူ၍ မစ်ချီလက် (Michelet) က အဆိုပြုခဲ့၏။ အရေးအကြောင်းနက်ရှိုင်းလေ ထိုအရေးအကြောင်းက ညွှန်ပြသည့် အရည်အချင်းသည် နက်နဲလေဖြစ်၏။

အရေးအကြောင်း တစ်ခုသည် သူ့လမ်းကြောင်းတစ်လျှောက် အလွန်မပြန့်ကားရချေ။ သို့မဟုတ်ပါက ၎င်း၏ စွမ်းရည်များသည် အာရုံကြောမှ ပို့လွှတ်သည့် ကျွန်ုပ်တို့ဖြစ်စေချင်သော ရည်ရွယ်ချက်များ ဆုံးပါးပျက်စီးရလေသည်။ မြစ်တစ်ခုကဲ့သို့ ၎င်း၏ကမ်းပါးများကို ဖြတ်ကျော် တိုက်စားသွားပေမည်။ အရေးအကြောင်းသည် သယ်ဆောင်ရာ လမ်းကြောင်းတစ်ခုအဖြစ် အသုံးကျမှုကို ပျက်ပြားစေပြီး အရေးအကြောင်း တိမ်ခြင်းကမူ ၎င်း၏ပြည့်ဝမှုကို ဖျက်ဆီးပေသည်။

## Diphtheria

### လည်ချောင်းနှင့် အသက်ရှူလမ်းကြောင်းဝေဒနာ

ကြာသပတေးဂြိုဟ်ခုံအောက်ရှိ ဉာဏ်လမ်းကြောင်းပေါ်တွင် အစက်အပြောက်များရှိခြင်း။

## Diplomat, Successful

### ပြဿနာရပ်များကို ပြေလည်အောင် ကိုင်တွယ်ဖြေရှင်းတတ်သူ၊ သံတမန်ရေးရာကိစ္စတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သူ

လက်သန်းလက်ချောင်းသည် ခပ်ချွန်းချွန်းရှိပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် တြိဂံတစ်ခု ပါရှိခြင်း။

## Disappointment in Ambition

### ရည်မှန်းချက်အပေါ် စိတ်ဓာတ်ကျခြင်း (ရည်မှန်းချက် ပျက်ခြင်း)

(၁) အသက်လမ်းကြောင်း၊ ကံလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းတို့မှ ခွဲထွက်သည့်လမ်းကြောင်းများ အောက်ဘက်သို့ စိုက်ဆင်းနေခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ပေါ်တွင် ကြက်ခြေအမှတ်အသားများ ရှိနေခြင်း၊
(၃) အသက်လမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံသို့ နက်ရှိုင်းစွာဝင်နေပြီး ယင်းကို အဖြတ်လမ်းကြောင်းများက ဖြတ်ထားခြင်း။

## Disappointment in Love

### အချစ်ရေးကိစ္စတွင် စိတ်ဓာတ်ကျနေခြင်း

(၁) အသက်လမ်းကြောင်းမှတစ်ဆင့် အဖျက်(ပရောဂ) လမ်းကြောင်းများသည် မေတ္တာလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၂) သောကြာဂြိုဟ်ခုံမှ အဖျက်လမ်းကြောင်းများသည် မေတ္တာလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၃) အသက်လမ်းကြောင်းမှခွဲထွက်သော လမ်းကြောင်းများသည် မေတ္တာလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၄) မေတ္တာလမ်းကြောင်းပေါ်တွင် အောက်သို့ ဆင်းနေသည့် ခွဲထွက်လမ်းကြောင်း များစွာရှိခြင်း၊
(၅) မေတ္တာလမ်းကြောင်း၏ အစပိုင်းတွင် အဖြတ်လမ်းကြောင်း သို့မဟုတ် ကြယ်သင်္ကေတန်ရှိနေခြင်း။

## Disappointments, Life full of

### ဘဝတွင်စိတ်ဓာတ်ကျစရာများနှင့် ပြည့်နှက်နေခြင်း

အသက်လမ်းကြောင်းမှ လက်ကောက်ဝတ်ဆီသို့ ဦးတည်၍ ခွဲထွက်လမ်းကြောင်းငယ်များ ထွက်နေခြင်း။

(ဆက်ရန်)

❒ ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# ရှားပါးသော စကားလုံးဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)



အင်မတန်ရှားပါးသော ဗေဒင်အမျိုးအစားထဲတွင် စကားလုံးဗေဒင်လည်း ပါဝင်ပါသည်။

ဤဗေဒင်ဟောနည်း စနစ်သည် ဖြုန်းခနဲ မေးလာလျှင် ဖြုန်းခနဲ ဟောပြောရသည့် အတတ်ပညာ ဖြစ်ပါသည်။ အခါတိုင်လည်း ထူစရာမလိုပါ။ ဘယ်ဂြိုဟ်ကိုမျှ မှတ်ထားစရာ မလိုအပ်ပါ။

မေးသည့်မေးခွန်းပါ စကားလုံး အရေအတွက်ကို ရေတွက်ပါ။ ထိုစကားလုံး အရေအတွက်ကို (၇)ဖြင့် စားရပါမည်။ ရသောအကြွင်းပေါ် မူတည်၍ ဟောပြောရပါမည်။

နေရာမရွေး၊ အခါမရွေး ဖြုန်းခနဲ မေးသည့်အခါ လျှပ်တစ်ပြက်ဟောပြောနိုင်သည့်နည်း ဖြစ်သောကြောင့် တန်ဖိုးရှိပါသည်။ ပျောက်ကွယ်လုနီးနီး ဖြစ်နေသဖြင့် ရှာဖွေတင်ပြလိုက်ရပါသည်။

ဥပမာ "ကျွန်တော် ဆယ်တန်းဖြေထားတယ်၊ အောင်မလား" ဆိုလျှင် စကားလုံး (၁၀)လုံးရှိသည်။ (၇)နှင့်စားလျှင် အကြွင်း(၃)ရမည်။ အကြွင်း(၃) ဟောကိန်းကို ဟောရပါမည်။

ဥပမာ "ဒီနှစ်ထဲမှာ နိုင်ငံခြားကို သွားရမလား" ဟု မေးလာလျှင် (၁၂)လုံးရမည်။ (၇)နှင့်စားလျှင် (၅) ကြွင်းမည်။ (၅)ကြွင်းဟောကိန်းကို ဟောပြောရပါမည်။

**၁ ကြွင်း ဟောကိန်း**

**(ရုပ်ပုံအားဖြင့် မြတ်စွာဘုရား တေဇောဓာတ်လောင်ကျွမ်း နေသောပုံ ဖြစ်ပါသည်။)**

မင်္ဂလာကိစ္စ၊ လက်ထပ်မင်္ဂလာ၊ ကျောင်းကန်ဇရပ်၊ အိမ်ရာတည်ဆောက်မှု အားလုံးခဏရပ်ထားပါ။ လုပ်မိခဲ့လျှင် ရန်ရှိသည်။ ကိစ္စက တစ်ပိုင်းတစ်စဖြစ်မည်။လူကြီးမိဘအတွက် စိတ်ညစ်ရမည်။ လူကြီးများ၏ ကျန်းမာရေးမကောင်းပါ။

အင်္ဂါနံ့ပစ္စည်း အရောင်းအဝယ် မလုပ်သင့်။ မရောင်းသင့်။ ကုန်မသွယ်သင့်။ ရှုံးလိမ့်မည်။ စကားများမည်။ အရှေ့တောင်အရပ်က လူတစ်ယောက်နှင့် စကားများရမည်။ အင်္ဂါနံ့ စိန်၊ လက်စွပ်၊ စက်ပျောက်လျှင် ပြန်မရတတ်ပါ။

နားကပ်၊ ပုတီး၊ ကျောက်နီ၊ နွားနီ၊ နွားနက် ပျောက်လျှင် သတင်းရပြီး ပြန်မရတတ်ပါ။ ရွှေပျောက်လျှင် ပြန်မရပါ။

ခရီးသွားနေသောသူသည် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ အင်္ဂါ သားသမီးဖြစ်လျှင် ရောက်နေသောအရပ်မှာ ရန်ရှိသည်။ ပြန်မရောက်သေးပါ။ နှေးလျှင် တစ်လ၊ မြန်လျှင် ၁၀ ရက်အတွင်း ပြန်ရောက်မည်။

မေးသည့်လူမမာသည် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသားသမီး ဖြစ်လျှင် ရောဂါ နာတာရှည်မည်။ ချက်ချင်း မကောင်းသေးပါ။ အင်္ဂါသားသမီး၏ ရောဂါမှာ သွေးရိုးသားရိုး မဟုတ်ပါ။ အရှေ့တောင်နှင့် အနောက်တောင်အရပ်က မုဆိုးမနှင့် စကားပြော မပြေလည်၍ မကျေမနပ်ဖြစ်ပြီး ပြုလုပ်ခံထားရတာပါ။ ရောဂါတခြား ဆေးတခြားဖြစ်နေပါသည်။

ဗုဒ္ဓဟူးနံ့သင့်ပစ္စည်း အရောင်းအဝယ်လုပ်လျှင် ဇာတ် လမ်းက မပြတ်မသားဖြစ်နေမည်။ ဗုဒ္ဓဟူးနံ့လူကို လက် ရပါ။ အကြွေးတောင်းစရာရှိလျှင် သွားတောင်းပါ။ ရှေ့

www.burmeseclassic.com

ကျွဲ၊ ကြောင်၊ ခွေး ပျောက်လျှင် ပြန်ရလိမ့်မည်။ နှစ်ရက်သို့မဟုတ် ငါးရက်အတွင်း ပြန်ရမည်။ ကြာသပတေးနံ့ပျောက်လျှင် မကြာခင် ပြန်ရမည်။

တနင်္လာနံ၊ ကြာသပတေးနံ့နှင့် သောကြာနံ့ပစ္စည်းများ လှောင်ရန် ဝယ်ချင်လျှင် ဝယ်ပါ။ မြတ်မည်။

ခရီးသွားချင်လျှင် ကောင်းသည်။ အိမ်ပြောင်းချင်လျှင် ကောင်းသည်။ ပြောင်းလို့ရသည်။ ခရီးသွားလို့ရသည်။ လူကြီးသူမ၏ အကူအညီရမည်။ စောင့်ရှောက်မည်။ မိန်းမဆိုလျှင် အိမ်ထောင်ကျနိုင်သည်။ ယောကျ်ားဆိုလျှင် စန်းပွင့်နိုင်သည်။ သတိပြုပါ။

တနင်္ဂနွေသားသမီး ချူချာလျှင် ရောဂါများနေသည်။ ချက်ချင်း မသက်သာပါ။ ဆိတ်သား၊ အမဲသား၊ ဝက်သား စားမိ၍ ရောဂါဖြစ်ရသည်။ နာတာရှည်လိမ့်မည်။ သတိပြုပါ။

## ၂ ကြွင်း ဟောကိန်း
## (သိဒ္ဓတ္ထမင်းသား တောထွက်သည့် ရုပ်ပုံဖြစ်သည်။)

ခရီးလည်း များမည်။ မိသားစုနှင့် ခွဲခွာနေရမည်။ စိတထဲ မတင်မကျဖြစ်နေမည်။ မိမိမင်္ဂလာကိစ္စနှင့်ပတ်သက်၍ ဆွေမျိုးများက မိမိအတွက် စိတ်ပူပင်နေရလိမ့်မည်။ အိမ်ထောင်ရေး ပြဿနာ ဝင်လိမ့်မည်။

သားသမီးအတွက်ဖြစ်စေ၊ ကိုယ်အထင်ကြီးသောလူကြီးမိဘအတွက်ဖြစ်စေ စိတ်ဆင်းရဲနေရမည်။ ပူပင်နေရမည်။ မိတ်ဆွေများက ဒုက္ခပေးလိမ့်မည်။ ကျွဲ၊ နွား၊ ဝက်၊ ရွှေ၊ ကျောက်၊ မြေ တို့နှင့်ပတ်သက်၍ အမှုအခင်း ကြုံနိုင်သည်။ စကားပြောရလိမ့်မည်။

ဗုဒ္ဓဟူးနံ့နှင့် ကြာသပတေးနံ့ပျောက်လျှင် အမြန်ဆုံး ၄ ရက်၊ အကြာဆုံး ၁၀ ရက်အတွင်း ပြန်ရလိမ့်မည်။

ဗုဒ္ဓဟူးနံ၊ တနင်္ဂနွေနံ၊ ကြာသပတေးနံ ပစ္စည်းများ ဝယ်လျှင်ဖြစ်စေ၊ ရမည်ဆိုလျှင်ဖြစ်စေ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ သားသမီးဖြစ်လျှင် ကောင်းသည်။ ဝယ်ပါ။

လူနာအတွက် မေးလာလျှင် လူနာသည် ပယောဂ မဟုတ်ပါ။ သွေးရိုးသားရိုး ဖြစ်သည်။ မသေပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သားသမီးဖြစ်လျှင် တစ်လကျော်လျှင် ကောင်းသွားမည်။ ကျန်နေ့သားသမီးဆိုလျှင် တစ်ပတ်အတွင်း ကောင်းသွားပါလိမ့်မည်။

အင်္ဂါနံ့ပစ္စည်း ပျောက်လျှင် ကိုးရက်အတွင်း ပြန်တွေ့ပါလိမ့်မည်။ မဝယ်ပါနှင့်။ စနေနံ့နှင့် သောကြာနံ့ပျောက်လျှင် တစ်ပတ်အတွင်း ပြန်ရပါမည်။ အကြွေးမတောင်းပါနှင့်ဦး။ စကားများပြီး ရန်ဖြစ်၍ မရဘဲ ပြန်လာရမည်။

ခရီးသွားချင် သွားလို့ရသည်။ အသားဖြူဖြူ ချောမောသည့် မိန်းကလေးက ကူညီမစလိမ့်မည်။ (ကိုယ်နှင့်လည်းနီးစပ်သွားနိုင်သည်။ သတိပြုပါ။) မိန်းမယူလျှင် ယူလို့ရပါသည်။ မိန်းမက ထက်မြက်မည်။ စကားတတ်မည်။ အသားဖြူမည်။ လင်ကို နိုင်မည်။ ဩဇာပေးမည်။ ထိုမိန်းမနှင့်ပတ်သက်ပြီးလျှင် သားဦး မိန်းကလေးသည် အင်္ဂါနှင့် သောကြာသမီး တစ်ယောက်ယောက် ဖြစ်လိမ့်မည်။

အမှုအခင်း ဖြေရှင်းရမည်ဆိုလျှင် ဗေဒင်မေးသူသည် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သားသမီးဖြစ်ပါက ရှုံးမည်။ ကျန်နေ့သားသမီးဆိုလျှင် နိုင်မည်ဟု ဟောရပါမည်။

## ၃ ကြွင်း ဟောကိန်း
## (မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့် ရုပ်ပုံဖြစ်သည်။)

ဆရာသမား၊ လူကြီးသူမ၊ မိဘ၊ အစ်ကိုကြီး၊ အစ်မကြီး၊ ကြီးဒေါ်၊ ဘကြီးတွေအတွက် စိတ်ပူပင်ရလိမ့်မည်။ ဆေးကုပေးရမည်။ လူမမာ ပြုစုရမည်။ သူတို့ကိုယ်ရေးကိုယ်တာအတွက် ကိုယ်ကဝင်ပြီး ဖြေရှင်းပေးရမည်။ အိုးအိမ် ခွဲနေရမည်။ လူကြီးများနှင့်မိမိ စိတ်အခန့်မသင့် ဖြစ်နေမည်။ လူကြီးမိဘတွေအတွက် သောကများပြီး မျက်ရည်ကျရလိမ့်မည်။

အပေါင်းအသင်းနှင့် စကားများရမည်။ မိမိရင်ထဲတွင် လျှို့ဝှက်ထားသော စကားကြောင့် အထင်မှားခံရမည်။

ကြာသပတေးနံ့သင့်ပစ္စည်း အရောင်းအဝယ်များမည်။ အမှုအခင်း ကြုံမည်။ စကားတွေ အများကြီးပြောရမည်။ အရှေ့အရပ်နှင့် အနောက်အရပ်က ဆွေမျိုးတွေနှင့် ကြာသပတေးနံ၊ တနင်္လာနံ တစ်ခုခုကြောင့် အမှုအခင်းကြုံမည်။ ငြင်းခုံ ပြောဆိုရမည်။ အမှုအခင်းဖြစ်လျှင် အချိန်တွေ၊ ငွေတွေ အများကြီးကုန်ပြီးမှ နိုင်မည်။

ပစ္စည်းပျောက်လျှင် မိတ်ဆွေတွေထဲက အတွင်းလူ ယူထားတာ ဖြစ်သည်။ ပြန်မရတော့ပါ။ အနောက်အရပ်က လူကို သတိပြုပါ။ မယုံရပါ။

## ၄ ကြွင်း ဟောကိန်း
## (မြတ်စွာဘုရားစင်စစ်ဖြစ်တော်မူသည့် ရုပ်ပုံဖြစ်သည်။)

အမှုအခင်းဖြစ်လျှင် မိမိက နိုင်မည်။ ကံကောင်းနေသည်။ ဩဇာရှိမည်။ စာမေးပွဲအောင်မြင်မည်။ ရည်မှန်းချက်များ အောင်မြင်မည်။

မိမိကို ငြိုငြင်နေသည့် အထက်လူကြီးများ အမြင်မှန်ရလိမ့်မည်။ လက်အောက်ငယ်သားများကလည်း မိမိကို တောင်းပန်ရလိမ့်မည်။ ရာထူးတိုးမည်။ အခွင့်အရေးတွေရမည်။ သိက္ခာရှိမည်။ အများလေးစားမည်။

မယားကြောင့်ဖြစ်စေ၊ မိန်းမတစ်ဦးဦးကြောင့်ဖြစ်စေ စိတ်ဆင်းရဲရမည်။ ပြဿနာရှင်းရမည်။ ခရီးဝေးသွားချင်လျှင်





www.burmeseclassic.com

www.burmeseclassic.com

သွားလို့ရပါသည်။ သိပ်တော့ မအောင်မြင်သေးပါ။ လက်အောက်ငယ်သားကို မယုံပါနှင့်။ ဆွေမျိုးတွေက မိမိကို ဒုက္ခပေးမည်။

ပစ္စည်းပျောက်လျှင် ပျောက်တဲ့ပစ္စည်းက အချင်းချင်းနောက်ထားတာဖြစ်သည်။ လေးရက်ကျော်လျှင် ပြန်ရလိမ့်မည်။ အင်္ဂါနံပစ္စည်း ပျောက်ခဲ့လျှင် ဗုဒ္ဓဟူးသားသမီးနှင့် သောကြာသားသမီးက ယူထားတာဖြစ်သည်။ သူတို့သည် အလွန်စွာသည်။ အင်မတန်လိုက်မှသာ ပြန်ရလိမ့်မည်။ သို့ရာတွင် ဆုံးရှုံးဖို့များသည်။ သတိပြုပါ။

အင်္ဂါနံ၊ သောကြာနံ၊ စနေနံပစ္စည်းများ ရောင်းဝယ်လျှင် ရှုံးမည်။ ပျောက်လျှင် ဆုံးမည်။ ဗုဒ္ဓဟူးနံ လုံးဝမလုပ်ပါနှင့်။ ဝယ်မိလျှင် စကားများပြီး ငွေကုန်၍ ကိစ္စကြီးသွားမည်။ အကြွေးတောင်းစရာရှိလျှင် သွားတောင်းပါ။ ရမည်။

စနေနံနှင့် ကြာသပတေးနံ အရောင်းအဝယ်လုပ်ပါ။ လေးငါးလအတွင်း အထူးဖြစ်ထွန်းမည်။

မိမိရည်ရွယ်ကြံစည်သော မိန်းမရှိလျှင် မိမိကရမည်။ ယူလို့ရသည်။ အရည်အချင်း ရှိပါသည်။ အသားဖြူမည်။ နှာခေါင်းကောက်မည်။ စကားပြောလျှင် အင်မတန်နှုတ်ချိုမည်။ သားဦးယောက်ျားလေး မွေးလိမ့်မည်။

## ၅ ကြွင်း ဟောကိန်း
### (ဘုရားလောင်း မိခင်ဝမ်းကြာတိုက်တွင် သန္ဓေယူတော်မူသည့် ရုပ်ပုံအဟောဖြစ်သည်။)

ရာထူးတက်မည်။ ငွေဝင်မည်။ ချမ်းသာမည်။ လာဘ်ရမည်။ ထီပေါက်မည်။ ငွေအပုံလိုက် ရမည်။ ကံကောင်းနေပြီ။ လုပ်စရာရှိသည်တို့ကို ကြံစည်လုပ်ကိုင်ပါ။ အောင်မြင်ပါလိမ့်မည်။ ကူညီမစမည့်သူကလည်း အဆင်သင့်ဖြစ်သည်။ ကံကောင်းလာပြီဖြစ်၍ ကံနှင့်စပ်လျဉ်းသည့် အလုပ်များကို လုပ်ပါ။

စနေနံပစ္စည်းများကြောင့် ဖြစ်စေ၊ ဆွေမျိုးတွေကြောင့် ဖြစ်စေ စိတ်ဆင်းရဲစရာ စကားပြောရလိမ့်မည်။ ဗုဒ္ဓဟူးနံ လုပ်ငန်းအားလုံး သတိထားပါ။ လုပ်သည့်အခါ ကန့်လန့်ဖြစ်မည်။ စိတ်ညစ်ရလိမ့်မည်။

တနင်္လာနှင့် သောကြာနေ့သား လူကြီးတွေက ကိုယ့်ကို ကူညီလိမ့်မည်။ ထောက်ပံ့လိမ့်မည်။ ဗုဒ္ဓဟူးနှင့် စနေနံ သားသမီးများကို လက်မခံရပါ။ ခြေနှစ်ချောင်း အဝင်မတော်ပါ။

အိမ်ထောင်ကျနိုင်သည်။ မိဘက မပေးစားလျှင် ဖွတ်ပြေးလိမ့်မည်။ အရှေ့တောင်နှင့် အရှေ့မြောက်အရပ်က ပုပြတ်ပြတ်လူနှင့် ခိုးရာလိုက်ပြေးလိမ့်မည်။ သတိထားပြီး ထိန်းပါ။ အချစ်သစ် တွေ့မည်။ သတိထားပါ။

ကျန်းမာရေးကိစ္စ လာမေးလျှင် လူမမာသည် ကြာသပတေးသားသမီး ဖြစ်ပါက မသေပါ။ မပူပါနှင့်။ ခဏဖြစ်တာမို့ အရမ်းဆေးကုမနေပါနှင့်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေသားဖြစ်လျှင်တော့ ချက်ချင်းမကောင်းတတ်ပါ။ နည်းနည်း ဆေးကုရလိမ့်မည်။ အဆင်မသင့်လျှင် အသက်ဘေးအထိ သတိပြုရမည်။ တနင်္လာ၊ အင်္ဂါ၊ သောကြာသားဖြစ်လျှင် တစ်ပတ်အတွင်း နေကောင်းသွားလိမ့်မည်။ စိတ်ထဲ မပူပါနှင့်။ တနင်္လာသားဖြစ်လျှင် အရှေ့အရပ်က အနှောင့်အယှက် အတိုက်အခိုက်ရှိသည်။ သတိထားပါ။

ပစ္စည်းပျောက်က စနေနံနှင့် ဗုဒ္ဓဟူးနံ ပျောက်လျှင် ပြန်မရတော့ပါ။ တနင်္လာနံ၊ သောကြာနံ ပျောက်လျှင် ခြောက်ရက်အတွင်း ပြန်ရမည်။ အင်္ဂါနံ ပျောက်လျှင် အချင်းချင်း ယူထားမည်။ ငါးရက်ကျော်လျှင် သူက ပြန်ပေးလိမ့်မည်။ ကြာသပတေးနံပျောက်လျှင် ငါးရက်ကျော်လျှင် ရနိုင်ပါသေးသည်။

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနံပစ္စည်းများ ရောင်းဝယ်လျှင် ရှုံးမည်။ တခြားနံသင့်ပစ္စည်းများ ရောင်းဝယ်လျှင် မြတ်မည်။

## ၆ ကြွင်း ဟောကိန်း
### (မြတ်စွာဘုရား ဖွားမြင်တော်မူသည့် ရုပ်ပုံအဟော ဖြစ်သည်။)

ကံကောင်းနေပါသည်။ လူကြီးသူမ၊ ဆရာသမားတွေ ကူညီစောင့်ရှောက်ကြပါလိမ့်မည်။ အခွင့်အရေးများ ရမည်။ ရာထူးတိုးမည်။ ကံပွင့်လာပြီ ဖြစ်သည်။ ရန်သူတွေက မိမိကို အရှုံးပေးလာလိမ့်မည်။ သြဇာရှိပါမည်။ ဂုဏ်သိက္ခာ ကြီးမား လာမည်။

ဆန့်ကျင်ဘက်လိင်ကြောင့် စိတ်ညစ်မည်။ မိန်းမ အတွက် စိတ်ညစ်မည်။ မိန်းမကြောင့် ငွေကြေး၊ မြေ ကိစ္စ စကားများမည်။ တရားတဘောင် ရင်ဆိုင်ရမည်။ ဒါ နိုင်မည်။ ပူစရာမရှိပါ။ လူကြီးသူမကိစ္စနှင့် ခရီးဝေးသွားရမည်။ သွားပြီး လုပ်ပေးရသည့် ကိစ္စအားလုံး အောင်မြင်လိမ့်မည်။

အင်္ဂါနံ၊ စနေနံ၊ ဗုဒ္ဓဟူးနံ ပစ္စည်းများ အရောင်းအဝယ် လုပ်လျှင် အမြတ်ရှိမည်။ အမြန် လုပ်ဆောင်ပါ။ အကျိုးလည်း ရှိမည်။

အင်္ဂါနံပစ္စည်း ပျောက်၍ လာမေးလျှင် အိမ်တွင်း ယူ ထားတာဖြစ်သည်။ အသားဖြူဖြူပါးပါး အရပ် ပုဂ္ဂိုလ် ယူထားတာ ဖြစ်မည်။ သုံးရက်ကြာလျှင် သ မည်။ ပစ္စည်းလည်း ရမည်။ စိတ်ချနေပါလို့ ပြောပါ။ ပျောက်လျှင်တော့ ပြန်မရတော့ပါ။ ကိုယ့်သားသမီး ယူတာဖြစ်သည်။ ပစ္စည်းမဆုံးနိုင်ပါ။ သေသေချာချာ ကြည့်ပါ။ ပြန်ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရည်းစားဟောင်းနှင့် ပြန်တွေ့မည်။ ကိုယ်ကလည်း စိတ်ဝင်စားမည်။ သူကလည်း ကိုယ့်ကိုပြန်ပြီး ကြိုက်လိမ့်မည်။ အိမ်ထောင်ကျသွားနိုင်သည်။

အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ သားသမီးတို့ နေထိုင်မကောင်းလျှင် သွေးရိုးသားရိုး ဖြစ်သည်။ တစ်ပတ်အတွင်း ပြန်ကောင်းမည်ဟု ဟောပါ။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး သားသမီးဖြစ်လျှင် ရောဂါထူမည်။ ထင်သည်ထက် ပိုပြီး ဆေးကုရမည်။ အနှောင့်အယှက် ရှိနေသည်။ တတ်သိပညာရှင်များနှင့် ပြသသင့်ပါသည်။

**၈ ကြွင်း ဗေဒကိန်း**

(ပဥ္စဝဂ္ဂီငါးပါးကို မမွေစကြာတရားဟောသည့် ရုပ်ပုံအဟော ဖြစ်ပါသည်။)

ကံဇာတာ တက်လာပြီဖြစ်သည်။ လူကြီးတွေက ကူညီစောင့်ရှောက်လိမ့်မည်။ အခွင့်အရေး ရမည်။ စိတ်ချမ်းသာစရာ သတင်းစကား ကြားမည်။ ရာထူးတိုးမည်။ ရည်မှန်းချက် အောင်မြင်မည်။ ကြိုးစားမှုများ အောင်မြင်မည်။

အချစ်ရေးကိစ္စ မေးမြန်းလျှင် တနင်္ဂနွေသားသမီး၊ ဗုဒ္ဓဟူးသားသမီးဆိုလျှင် အချစ်ရေး အဆင်ပြေနေပြီဟု ဟောရပါမည်။ မကြာမီ ခိုးရာလိုက်လိမ့်မည်။

အချစ်ရေးမှာ စန်းပွင့်နေပါသည်။

မိဘအတွက် စိတ်ပူရမည်။ မိန်းမတွေနှင့် စကားများရမည်။ အမှုအခင်း ကြုံလာလိမ့်မည်။ ခရီးသွားဖြစ်လိမ့်မည်။ ဗုဒ္ဓဟူးနံ့ ဝင်လာလိမ့်မည်။ အမှုအခင်းဖြစ်လျှင် ကိုယ်က နိုင်လိမ့်မည်။

ဗုဒ္ဓဟူးနံ့နှင့် တနင်္ဂနွေနံ့ ပစ္စည်းပျောက်လျှင် ပြန်ရလိမ့်မည်။ ကြာသပတေးနံ့ ပျောက်လျှင် ငွေကုန်ပြီးမှ ပြန်ရမည်။ စနေနံ့ပျောက်လျှင် ပြန်မရတတ်ပါ။ တနင်္လာနံ့ ပျောက်လျှင်တော့ လုံးဝဆုံးပြီမှတ်ပါ။ ပြန်မရတတ်ပါ။

တနင်္လာ၊ အင်္ဂါ၊ သောကြာ သားသမီးတို့ အကြံအစည်အတွက် လာမေးလျှင် ခက်ခဲမည်လို့ ဟောပြောရပါမည်။ နေထိုင်မကောင်း၍ မေးလျှင် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးများ တစ်ပတ်အတွင်း နေထိုင်ကောင်းလိမ့်မည်။ ဘေးဥပဒ်အန္တရာယ်ကြီး မရှိပါ။ ကျန်နေ့သားသမီးဆိုလျှင် နေထိုင်မကောင်းပါက နာတာရှည်လိမ့်မည်ဟု ဟောဆိုရပါမည်။

**(မေးသော မေးခွန်း၏ စကားလုံးကို ရေတွက်ပြီး ၇ နှင့်စားကာ အကြွင်းကို အခြေပြု၍ ဟောပြောနိုင်သလို ဗေဒင်လာမေးသူ မေးသည့်အချိန်တွင် အခါတိုင်ကို မှတည်ပြီးလည်း ဟောနိုင်ပါသည်။ နှစ်မျိုးစလုံးကို သုံး၍ ရပါသည်။)**

အသင့်တွက်ပြီး အခါတိုင်ဇယားကို ဖော်ပြပါမည်။

| အချိန်၊ နာရီ / နေ့ | မနက် ၆း၀၀ မှ ၇း၃၀ | မနက် ၇း၃၀ မှ ၉း၀၀ | မနက် ၉း၀၀ မှ ၁၀း၃၀ | မနက် ၁၀း၃၀ မှ ၁၂း၀၀ | နေ့ ၁၂း၀၀ မှ ၁း၃၀ | နေ့ ၁း၃၀ မှ ၃း၀၀ | ညနေ ၇း၀၀ မှ ၄း၃၀ | ညနေ ၄း၃၀ မှ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| တနင်္လာနေ့ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| အင်္ဂါနေ့ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ဗုဒ္ဓဟူးနေ့ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ကြာသပတေးနေ့ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| သောကြာနေ့ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| စနေနေ့ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |

အထက်ပါ အချိန်ဇယားကိုကြည့်၍ ဗေဒင်မေးသည့်နေ့၊ အချိန်တို့ကို ဇယားတွင်ကြည့်ပြီး အကြွင်းကို သိနိုင်ပါသည်။ ဆိုင်ရာအကြွင်း၏ ဟောကိန်းကို ဟောပြောနိုင်ပါသည်။

❐ ညွန့်ဆွေ (စက်မှုတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# အလှမွေးငါး နှင့် ဂမ္ဘီရရှုထောင့်

ဆရာကြီး ဦးအောင်မြင့်



BURMESE CLASSIC .com

အလှမွေး ဖန်ငါးကန်နှင့် အလှမွေးငါးအချို့

ခေတ်မီသော နေအိမ်များနှင့် အချို့သောဆိုင်များ၊ ရုံးခန်းများတွင် ဖန်ကန်ငယ်များနှင့် အလှမွေးငါးများ မွေးထားလေ့ရှိပါသည်။

မျက်စိပသာဒဖြစ်အောင် သက်ရှိပန်းချီကားအဖြစ် ငါးအလှမွေးသူများ ရှိသလို ငွေဝင်လာဘ်ခေါ် အစီအရင်မျိုးအဖြစ် ငါးအလှမွေးသူများလည်း ရှိပါသည်။

အချို့မှာ ငါးအလှမွေးသော ဖန်ရေကန်ငယ်အတွင်း ကျောက်စရစ်အဖြူရောင် သို့မဟုတ် ကျောက်စရစ်ရောင်စုံများလည်း ထည့်ထားလေ့ရှိသည်။ အချို့မှာ ရေတံခွန်ငယ်များ ဖန်တီးထားသည်။

ဂမ္ဘီရရှုထောင့်မှ ကြည့်လျှင် . . .

ငါးအလှ = တနင်္လာ + ဗုဒ္ဓဟူး

ရေကန် = ဗုဒ္ဓဟူး + တနင်္လာ

ကျောက်စရစ် = တနင်္လာ + ဗုဒ္ဓဟူး

ရေတံခွန် = ဗုဒ္ဓဟူး + တနင်္လာ

ငွေလာ/ငွေဝင် = တနင်္လာ + ဗုဒ္ဓဟူး

လာဘ်ခေါ်/လူခေါ် = ဗုဒ္ဓဟူး + တနင်္လာ

ကက်ကင်း အဆင့်ဆင့် မိနေသည်။

ငါးအလှမွေးခြင်းမှာ အပြင်မှကြည့်လျှင် လွယ်ကူ သလောက် တကယ်မွေးကြည့်မှ အတော်အလုပ်များကြောင်း သိရတော့သည်။ အကျိုးမရှိဘဲ အပိုလုပ်ပြမည် မဟုတ်ပေ အကျိုးရှိ၍သာ အပင်ပန်းခံကြ၊ အလုပ်ရှုပ်ခံကြခြင်း ဖြစ်မည် ဟု ယူဆရန် ရှိပါသည်။

အခုလုပ် အခုဖြစ်ဟု မျှော်လင့်နိုင်မည် မဟုတ်ပါ အချိန်နည်းနည်းတော့ ပေးဖို့လိုပါသည်။

ထိုငါးတွေ ရှင်သန်အောင်၊ ရာသီဥတုဒဏ် ခံနိုင် အောင်၊ အစာကျွေးစနစ် မှန်ကန်အောင် တော်တော်လုပ် ရပါသေးသည်။

ငါးအလှကလေးများ အားလုံး ရှင်သန်မြူးထူး ဆိုလျှင်တော့ အကျိုးပေးကောင်းလာတာ သေချာပါသည်။

ဤဆောင်းပါးမှာ ကျွန်ုပ်ကိုယ်တိုင် ငါးအလှ အ ကြာကြာ မွေးပြီးမှ ရေးသားခြင်း ဖြစ်ပါသည်။ စာဖတ်သူ လက်တွေ့ ဆောင်ရွက်ကြည့်ပါ။ အကျိုးရှိပါမည်။

❐ ဆရာကြီးဦးအောင်




www.burmeseclassic.com


www.burmeseclassic.com


# အိမ်ထောင်ရေး သာယာပျော်ရွှင် နိုင်ပြီမလား

ဆရာကြီးဦးအောင်မြိုင်

အသက် လေးဆယ် ကျော် အရွယ် စီးပွားရေးလုပ်ငန်းရှင် အမျိုးသားကြီးတစ်ဦးက အိမ်ထောင်ရေးကိစ္စ သီးသန့် အဟောကိုသာ သိချင်သည်ဟု အမေးရှိသဖြင့် ကျွန်ုပ်ကလည်း အရေးကြီးသော ဇာကန်မလွဲမှန်ကြောင်း အာမခံနိုင်သော အဟောမျိုး ထုတ်ပေးလိုက်ရသည်။




လက်ခလယ်လက်ချောင်းအောက် စနေဂြိုဟ်ခုံတွင် ကျွန်းသင်္ကေတလိုလို၊ ခက်ရင်းနှစ်ခွလိုလို သင်္ကေတနှင့် ကြက်ခြေသင်္ကေတကြီးတစ်ခု ထင်ရှားရှိနေသည်။ "က" အက္ခရာ

ထိုသင်္ကေတရှိသူ လက္ခဏာရှင်တိုင်း အိမ်ထောင်ရေး ကွဲကွာကြမြဲဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

လက်ခလယ်အောက်တည့်တည့် စနေဂြိုဟ်ခုံအောက်ပိုင်းတွင် နှလုံးလမ်းအဖျားမှ ခက်ရင်းနှစ်ခွပုံ လမ်းခွဲငယ်တစ်ခု ဦးခေါင်းလမ်းဘက်သို့ ခွဲဆင်းနေသည်။ "ခ" အကွက်ရာ

ထိုသင်္ကေတမှာ အိမ်ထောင်ရေး အရှုပ်အထွေးပြဿနာကြောင့် ခိုက်ရန်ကြီးစွာဖြစ်ပွားပြီး ကွဲကွာပျက်ပြားမြဲဖြစ်သည်။




နှလုံးလမ်းကြောင်းမှာ ကျွန်းသင်္ကေတများ စီနေပြီး အရင်းပိုင်းမှာ မြားဖင်မြီးသဏ္ဍာန် လမ်းခွဲငယ်များရှိခြင်း၊ နှလုံးလမ်းအောက်ဘက်မှာ လမ်းမြှာမျှင်ကလေး များစွာရှိခြင်း၊ နှလုံးလမ်းတိမ်၍ ကျယ်ခြင်းတို့ တွေ့ရသည်။ "ဂ" အကွက်ရာ

နှလုံးလမ်းမှ အောက်ထိုးဆင်းသော လမ်းခွဲတစ်ခုက ဦးခေါင်းလမ်းကို ကျော်ဖြတ်နေသည်။ ဤလက္ခဏာရှင်မှာ အချစ်ရေး၊ အိမ်ထောင်ရေးတွင် နောက်ကွယ်မှာ ခြေများတတ်သော ပင်ကိုဗီဇရှိမည်။

အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲလိုပါက အထက်ပါ လက္ခဏာလမ်းကြောင်းရှိ အဖျက်သင်္ကေတများ မှေးမှိန်ပျောက်ကွယ်သွားအောင် (သို့မဟုတ်) အညံ့အပျက်ကာကွယ်ပေးသော "စတုဂံ" သင်္ကေတမျိုး ထိုအညံ့အပျက်သင်္ကေတပေါ်မှာ ဖုံးအုပ်ပေါ်ပေါက်လာစေအောင် မိမိ၏ ပင်ကိုဗီဇ အကျင့်ဆိုးကို ပြုပြင်ပေးနိုင်မည့် အကျင့်ကောင်း အမိဋ္ဌာန်ကောင်း၊ ဘာသာရေးကိုင်းရှိုင်းမှု စသည်တို့ ပိုမိုဆောင်ရွက်ပေးရမည် ဖြစ်သည်။

အိမ်ထောင်ရေး ဒုက္ခ၊ သောက ကင်းဝေးကြပါစေ။

❐ ဆရာကြီးဦးအောင်မြိုင်

BURMESE CLASSIC .com


# ဆရာကြီးဦးအောင်မြိုင်

## ( ဥပဒေဘွဲ့ )

## လက္ခဏာဗေဒင်ပညာသုတေသီ

❀ မိမိသားသမီး ဆရာမိဘ လူကြီးတို့၏ ပြောဆိုဆုံးမစကားကို နားထောင်ဖို့ ❀ လိမ္မာကျိုးကျွံ ယဉ်ကျေးဖို့ ❀ မိဘသဘောမကျဘဲ ချစ်ခင်ပေါင်းသင်နေသူနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်ဖို့ ❀ မိဘသဘောကျသူနဲ့သာ စေ့စပ်လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး သဘောတူ လက်ခံစေဖို့ ❀ အင်တာနက်စွဲ၊ ဂိမ်းစွဲ၊ လောင်းကစားစွဲ၊ အရက် ဘီယာစွဲ မူးယစ်ဆေးစွဲ စသော အစွဲမျိုး အမြန်ဆုံးပြတ်သွားစေဖို့ (နည်းလမ်းကောင်း ရှိပါတယ်။)

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☎ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၇၃၀၀၅၉၂၄

❂ ယုံကြည်ခြင်းကိုးမှသာ လာခဲ့ပါ ❂




www.burmeseclassic.com

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့် ပဝတ္တိ နှစ်ဌာန စလုံးတွင် ကောင်းအားများရှိသဖြင့် ကံဇာတာသင့်တင့် လျောက်ပတ်၏။ မိတ်သစ် ဆွေသစ်များကြောင့်လည်း ကောင်း၊ မိတ်ဟောင်းဆွေဟောင်းများ၏ အကြံဉာဏ် အကူအညီကြောင့်လည်းကောင်း ဖြောင့်ဖြူးသော အကြံအစည်များ ဖြစ်ထွန်းမည်။ မြေသစ်ဝင်ကိန်းရှိ၏။ အကျိုးပေး၏။ အမွေကိစ္စ အကျိုးခံစားခွင့်ရှိမည်။ သို့သော် ဆွေမျိုးဉာတကာအတွက် သောကနှင့် ငယ်သူများ၊ အခြေအရံများကြောင့် စိတ်ဒုက္ခရှိ၏။ တနင်္ဂနွေနံ ထွက်ကိန်းရှိပြီး ကြာသပတေးနံ ဝင်ကိန်းရှိ၏။ ဝန်ထမ်းများ အတွင်းလူကြောင့် သောကရှိ၏။ ပညာရေးအခြေအနေ ကောင်း၏။

ယတြာ - တနင်္ဂနွေနေ့တိုင်း စွဲစွဲမြဲမြဲ အမိဌာန် တစ်ခုခုလုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်၏။ ဗုဒ္ဓဟူးသားသမီးများအတွက် ပြဿနာဖြေရှင်းရတတ်၏။

(ဂ) **ကျန်းမာရေး** - နှလုံးအင်အားကောင်းခြင်း၊ ခါတ်လိုက်ခြင်း ဖြစ်တတ်၏။

ယတြာ - စနေနံပစ္စည်း စွန့်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့သည် ညံ့၏။

*မှတ်ချက်။* ဖွဲလုံးဝ မလျှော့ပါနှင့်။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနတွင် ကောင်းအားများ အသင့်အတင့်ရှိ၏။ ဩဇာအာဏာရှိသော အခန်းကဏ္ဍ တစ်ခုခုနှင့်တွေ့မည်။ မင်းစိုးရာဇာ အကြီးအကဲများ မ,စကူညီမည်။ ငွေကုန်ကျမှု များမည်။ ကောင်းသတင်းတစ်ဝက်၊ မကောင်းသတင်းတစ်ဝက် ပေါ်ပေါက်တတ်၏။ နှစ်ဦးပိုင်ပစ္စည်း၊ မြေ ဥစ္စာတို့အတွက် အငြင်းပွားတတ်၏။ နှစ်ဦးပိုင် စပ်တူလုပ်ငန်း အကျိုးမပေးပါ။ ရွှေ ဗုဒ္ဓဟူးနံပစ္စည်း ထွက်ကိန်းရှိပြီး အညံ့စားစက်ပစ္စည်း ဝင်မည်။ အင်္ဂါနံသားသမီးအတွက် သောကရှိ၏။ ဝန်ထမ်းများ အကြီးအကဲများ၏ ငြိုငြင်မှုခံရတတ်၏။ ပြည်ပခရီးလုပ်ငန်း ညံ့၏။ ပညာရေးတွင် လုံ့လနည်းနေတတ်၏။

ယတြာ - ကျောင်းသင်္ခမ်းအတွက် ပဒေသာပင် စိုက်ထူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ရှုပ်ထွေးသော အိမ်ထောင်ရေးနှင့် ကြုံရတတ်ပြီး သားသမီးများအတွက် သောကရှိ၏။

(ဂ) **ကျန်းမာရေး** - လေရောဂါ၊ လေငန်း၊ ဖျဉ်းရောဂါ ကပ်ငြိတတ်၏။

ယတြာ - ကြာသပတေးနံပစ္စည်း လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

*မှတ်ချက်။* စိတ်မငြိမ်မှုကို ထိန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက လွှမ်းမိုးနိုင်သဖြင့် ယခုလအဖို့ အဆိုး တစ်ဝက် အကောင်းတစ်ဝက် ဖြစ်နေတတ်၏။ လုပ်ငန်း အကြံအစည်များ မပြတ်သားခြင်း၊ တိတိကျကျ ဆုံး ဖြတ်နိုင်မှု အားနည်းခြင်း ဖြစ်တတ်၏။ ဗုဒ္ဓဟူးနံ ဝင် ကိန်းရှိ၏။ အားနာမှုကြောင့် သောကဖြစ်တတ်၏။ တနင်္လာနံ ညှဲ့သဖြင့် ပျောက်တတ်၏။ ပျက်စီးတတ်၏။ မိသားစုအတွင်း၊ လုပ်ငန်းအတွင်း အမှုကိစ္စပေါ်ပေါက် တတ်၏။ ဝန်ထမ်းများ မှားယွင်းချက်ကြောင့် အရေး ယူခံရတတ်၏။ ပညာရေး အချိန်အဟုန်မကောင်းလှပါ။

**ယတြာ** - တနင်္လာနံ ပုံသကူ စွန့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - လင်မယား မသင့် မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - အရက်သေစာကြောင့် ဥပဒ်ကပ်ငြိ မည်။

**ယတြာ** - ဗုဒ္ဓဟူးနံပစ္စည်း စွန့်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်း ပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညှဲ့၏။

***မှတ်ချက်။*** မိမိ၏အစွမ်းအစကို အားကိုးပါ။



## ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ဆိုး အားများဖြစ်ထွန်းနေရာ လုပ်ငန်းအကြံအစည်များတွင် အမှားအယွင်းများ၊ ဆုံးဖြတ်ချက်အမှားများ ဖြစ်တတ် ၏။ အမှတ်မထင် အမှုအခင်းများ ကြုံရတတ်သလို နာမည်ပျက်ခံရတတ်၏။ ကြာသပတေးနံ ကောင်းအား ရှိပြီး အင်္ဂါနံနှင့် စနေနံတို့ ဆိုးအားများ၏။ သွားလာ ရေးလုပ်ငန်းတွင် ဥပဒ်ရှိ၏။ ဆုံးရှုံးတတ်၏။ ဝန်ထမ်း များ ဌာနတွင်း အစစ်ဆေးခံရတတ်၏။ ကျောင်းသား များ ကျောင်းထုတ်ခံရတတ်၏။

**ယတြာ** - စနေနံပစ္စည်း စွန့်ပါ၊ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။


(ဂ) **ကျန်းမာရေး** - အသည်း၊ သွား၊ အဆုတ်တွင် ဥပဒ် ရှိ၏။

**ယတြာ** - လူသွားလမ်း သဲခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၇၊ ၃) ဂဏန်းနှင့် စနေနေ့၊ အင်္ဂါနေ့ ညှဲ့၏။

***မှတ်ချက်။*** ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်မဖြစ် စေရန် ကြိုးစားပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိ ဌာန၏ ကောင်းအားက ချေဖျက်သော်လည်း အဆိုး ကြားက အကောင်းဖြစ်မည်။ မဟုတ်သတင်း၊ မမှန် သတင်း အလွှင့်ခံရတတ်၏။ အနီးကပ်ရန် ရှိ၏။ မင်း ရာဇ အကြီးအကဲကြောင့် ဆောက်တည်ရာရမည်။ စနေနံ ဝင်မည်။ သို့သော် အလုပ်အပြောင်းအလဲရှိ အိမ် ထွက်/ရောင်းရတတ်၏။ ဝန်ထမ်းများ အလုပ် တာဝန်များပြားတတ်ပြီး ပင်ပန်းသည့်အကျိုး နာမည် ကောင်းရတတ်၏။ ပညာရေးတွင် အချိန်မဖြုန်းသင့်ပါ။

**ယတြာ** - ပြုသမျှကောင်းမှု အဖို့ဘာဂကို ခေါင်း လောင်းထိုး အမျှဝေပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ခန္ဓာအောက်ပိုင်း ခွဲစိတ်ခံရတတ်၏။ ကား(ယာဉ်)သတိပြုပါ။

**ယတြာ** - တနင်္လာနံ စွန့်ပါ၊ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်း ပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညှဲ့၏။


***မှတ်ချက်။*** တစ်ဦးနှင့်တစ်ဦး အကောင်းမြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိတတ်ရာက ပဝတ္တိဌာန၏ ကောင်းအားကြောင့် မမျှော်လင့်ဘဲ ထောက်တည်ရာရမည်။ သောကြာသားသမီး တစ်စုံတစ်ရာကြောင့် လည်းကောင်း၊ သတင်းမှားတစ်ခုကြောင့် လည်းကောင်း၊ အနုပညာလုပ်ငန်းကြောင့် လည်းကောင်း အရှုပ်အရှင်း ဖြေရှင်းရတတ်၏။ ကြာသပတေးနံ ကောင်း၏။ မိတ်ကောင်းဆွေကောင်းနှင့် ကြုံမည်။ အစွပ်စွဲခံရတတ်၏။ ဝန်ထမ်းများ နယ်ဝေးရပ်ခြားသို့ ပြောင်းရွှေ့ခံရတတ်၏။

**ယတြာ** - သင်္ကန်းနှင့် အဝတ်အထည် လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မတည့်အတူနေ ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - လေ၊ လေငန်းရောဂါနှင့် ရေချိုးမှား တတ်၏။ ဆေးမှားတတ်၏။

**ယတြာ** - ဗုဒ္ဓဟူးနံသင့်ပစ္စည်း စွန့်ပါ၊ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

**မှတ်ချက်။** ဘုရားရောင်တော်ဖွင့်ပါ။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကြောင့် ဘုန်းကံတက်မည်။ သို့သော် ပဝတ္တိဌာန၏ နှောင့်ယှက်မှုကြောင့် မိမိကိုယ်မိမိ အားငယ်နေတတ်၏။ မရေမရာသော စိတ်ကူးအတွေးများ ဖြစ်တတ်၏။ မိဘ ဆရာနှင့် မင်းစိုးရာဇာတို့၏ အကူအညီကြောင့် ကံကောင်းမည်။ သို့သော် မင်းခစား ကမ်းနားသစ်ပင် ဆိုရိုးစကားအရ အရိပ်အကဲ သိပါလေ။ ထီပေါက်တတ်၏။ စနေနံ ဝင်ကိန်းရှိ၏။ အပူဂဏန်းများဖြင့် ထီကံစမ်းပါ။ ဗုဒ္ဓဟူးနံ ညံ့သဖြင့် ၎င်းနံ မဝယ်သင့်၊ လက်မခံသင့်ပါ။ မှားယွင်းတတ်၏။ ဝန်ထမ်းများ ရာထူးရာခံ အဆင့်တက်တတ်၏။

**ယတြာ** - နံတူ (စနေနံ)ပစ္စည်း စွန့်ပါ၊ လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။ ဆေးထိုးမှားတတ်၏။

**ယတြာ** - ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့တို့ အကျိုးပြု၍ (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ ညံ့၏။

**မှတ်ချက်။** စိတ်တည်ငြိမ်စေတတ်သည့် အကျင့်တစ်ခုခု ထူထောင်ပါ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင်** (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဇန်နဝါရီလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ဤကာလအတွင်း ခရီးတို၊ ခရီးရှည်များ သွားရတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ မထင်မှတ်သော အပြောင်းအလဲများ ဖြစ်တတ်မည်။ စာပေ၊ အနုပညာ၊ အချုပ်အလုပ်၊ အချက်အပြုတ်လုပ်ငန်း လုပ်ကိုင်သူများဖြစ်ပါက စီးပွားဝင်ငွေ ကောင်းမည်။ အတွေးအခေါ်ကောင်းများ၊ စိတ်ကူးစိတ်သန်းကောင်းများကို ဖော်ထုတ်နိုင်ပြီး အခြားသူများကိုလည်း အကြံဉာဏ်ကောင်းများ ပေးနိုင်သဖြင့် ချစ်သူခင်သူ ပေါများနေမည်။ မိတ်ဆွေသစ်များတိုးပွားမည်။ ထီထိုးမည်ဆိုပါက (၈၊ ၅၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏ အေးတိအေးစက်နိုင်သော အပြုအမူကို ဖျောက်ပစ်ပြီး တစ်ခါတစ်ရံ အိမ်ထောင်ဖက်၏ သဘောဆန္ဒကို လိုက်လျောပေးပါ။ မိသားစု ဘုရားဖူးခရီးသွားခြင်းဖြင့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကိုယ်လက်ကိုက်ခဲခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများအတွက် အထူးသတိထားသင့်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးနှင့်ပတ်သက်သော အကူအညီ အထောက်အပံ့ကောင်းများ ရရှိမည်။ ငယ်ရွယ်သူများ အချစ်ကိစ္စအတွက် ဗျာများရလိမ့်မည်။



## AQUARIUS
## ကုံ့ရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း ရွှေ့ပြောင်း၍မလွယ်ကူသော အိုးအိမ်ခြံမြေလုပ်ငန်းတို့နှင့် ပတ်သက်၍ ဝယ်ယူရခြင်း၊ ပိုင်ဆိုင်ရခြင်း၊ အမွေအနှစ်အဖြစ် ရရှိခြင်းများ ရှိမည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ စာပေပုံနှိပ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေကောင်းမည်။ ငွေကြေးကိစ္စများ အဆင်ပြေမည်။ ရင်းနှီးမြှုပ်နှံထားသော စီးပွားရေးလုပ်ငန်းမှလည်း အကျိုးအမြတ်များ ပေါ်လိမ့်မည်။ ကုမ်ရာသီဖွားများအနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းပြုမည်ဆိုပါက (၇၊ ၃၊ ၀၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးပြဿနာကင်းသော်လည်း အိမ်ထောင်ဖက်၏ ကျန်းမာရေးချူချာမှုကြောင့် ငွေကုန်ကြေးကျများရခြင်း၊ စိုးရိမ်သောကရောက်ရတတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ မိမိမျှော်လင့်နေသော သတင်းများ ကြားရမည်။ ဤကာလအတွင်း ဥဿဖရားကျောက်ကလေးကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားပေးခြင်းဖြင့် သင့်အတွက် အစစအရာရာအဆင်ပြေစေမည့်အပြင် ကျန်းမာရေးအတွက်လည်း ထိရောက်သောအကာအကွယ် ဖြစ်စေနိုင်သည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူဖြစ်ပါက စေ့စပ်ကြောင်းလမ်းရန်၊ လက်ထပ်ရန် သတင်းစကားကောင်းများ ကြားရတတ်မည်။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ဤကာလအတွင်း အစုစပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်လုပ်ကိုင်ထားသောလုပ်ငန်းများအတွက် စိတ်ညစ်ရတတ်မည်။ ရှေ့နေ၊ ပွဲစား၊ ကျောင်းဆရာအလုပ် လုပ်ကိုင်သူများ အနေဖြင့် ဝင်ငွေကောင်းလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးအဆင်ပြေမည်။ စီးပွားဝင်ငွေကောင်းမည်။ ... ကိုယ်တိုင်ဖြစ်စေ၊ မိမိအိမ်ထောင်ဖက်မှဖြစ်စေ အမွေအနှစ် များ ရရှိတတ်မည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများလည်း ပြုနိုင် သလောက် ကောင်းမည်။ ထီထိုးမည်ဆိုပါက (၅၊ ၇၊ ၀ ...) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်ရောင်၊ အဆုတ်ပွ၊ အဆုတ်အားနည်းခြင်း ဖြစ်တတ်မည်။ နား၊ နှာခေါင်း၊ လည်ချောင်းတို့ ခွဲစိတ်ကုသ... ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက အစားအသောက် ... အထိုင် သတိထားသင့်သည်။ မိမိအပေါ် မနာလိုသူ ... ပွားသူများ ရှိနေကတတ်၍ သူတစ်ပါး ကျေးသည်၊ ...



www.burmeseclassic.com

www.burmeseclassic.com

များကို ယုံကြည်စွာ လက်ခံစားသောက်ခြင်းမျိုး မပြုသင့်ပါ။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ မိမိရည်ရွယ်ထားချက်များ အောင်မြင်ရလိမ့်မည်။ အချစ်ရေးကိစ္စများတွင် လူပျိုကြီး၊ အပျိုကြီးများဖြစ်ပါက အမြန်ဆုံး စွံလိမ့်မည်။ ငယ်ရည်းစားနှင့် ပြန်လည်ဆုံတွေ့ရတတ်မည်။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း လက်ရှိလုပ်ငန်းတွင် အဆင်ပြေမှု ရရှိနိုင်သည့်အပြင် ဝင်ငွေကောင်းသော အလုပ်သစ်များ ထပ်မံတွေ့ရှိနိုင်ပြီး ကာယကံမြောက်လည်း လုပ်ဖြစ်လိမ့်မည်။ ထိုသို့ဝင်ငွေကောင်းသော်လည်း မိမိလက်ထဲတွင် ငွေကြေး အဖတ်မတင်ဖြစ်ရတတ်သည်။ အတူနေ လူကြီးမိဘတစ်ဦးဦး၏ ကျန်းမာရေးအတွက် စိုးရိမ်ရမှုများရှိမည်။ ငွေကြေးအကုန်အကျများစရာများ ပေါ်ပေါက်တတ်မည်။ ထီထိုးမည်ဆိုပါက (၃၊ ၄၊ ၀၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ စားချိန်၊ အိပ်ချိန်မမှန်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဝေဒနာများ ခံစားရတတ်မည်။ ထို့အပြင် သွားကိုက်ခြင်း၊ မျက်စိအားနည်းခြင်းများလည်း ဖြစ်တတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေမည်။ တစ်ခါတစ်ရံ အလွန်ပျော်ရွှင်ရသကဲ့သို့ တစ်ခါတစ်ရံ စိတ်အလွန်ညစ်ရမှုများလည်း ရှိမည်။ ပညာရေးလိုက်စားသူများအနေဖြင့် ပညာရေး တစ်ပိုင်းတစ်စ ဖြစ်ရတတ်ခြင်း၊ မိမိရည်ရွယ်ထားချက်များ တစ်ဝက်တစ်ပျက် ဖြစ်သွားရတတ်ခြင်းများရှိမည်။ အထူးသဖြင့် ပညာရေးတွင် အချစ်ရေးကိစ္စများ ဝင်ရောက်လာခြင်းမျိုး မရှိပါစေနှင့်။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သွင်းကုန် ထုတ်ကုန်လုပ်ငန်း အဓိကလုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေကောင်းမည်။ ငွေပိုငွေလျှံများ စုဆောင်းနိုင်မည်။ သို့သော် အလောင်းအစားနှင့် အပျော်အပါးကိစ္စများကို အထူးရှောင်သ င့်သည်။ သို့မဟုတ်ပါက ပြဿနာကြီးကြီးကျယ်ကျယ် ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအပြောင်းအလဲ ဖြစ်တတ်ခြင်း၊ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများ ရှိမည်။ ဤလအတွင်း ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ရောက်လာတတ်မည်။ ဘုရားဖူးခရီးများ ထွက်ရခြင်း၊ အပျော်ခရီးထွက်ရခြင်းများလည်း ရှိနိုင်မည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၈၊ ၂) ဂဏန်းများပါသော ထီကို ထိုးပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ဝေခွဲရခက်နေလိမ့်မည်။ ဤကာလအတွင်း မိမိပိုင်ဆိုင်သည့်ပစ္စည်း(သို့) မိမိတာဝန်ယူထားရသောပစ္စည်းမှ မေ့ကျန်၊ ကျပျောက်၊ အနိုက်ခံ၊ အလုခံရမှုများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်းများ ဖြစ်တတ်သည်ကို အထူးသတိထားပါ။ ပညာရေး လိုက်စားသူဖြစ်ပါက မိမိ၏ ရည်ရွယ်ချက် ပြည့်မြောက်ရတတ်မည်။ ဆရာသမားများထံမှလည်း ပညာအမွေအနှစ်များ ရရှိတတ်မည်။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများသည် ဤကာလအတွင်း အတိုက်အခိုက်နှင့် အပြိုင်အဆိုင်လုပ်ကိုင်ရသော လုပ်ငန်းများဖြင့် အကျိုးပေးထက်သန်မည်။ မိမိကျွမ်းကျင်သော လုပ်ငန်းမျိုးကို လုပ်ကိုင်ရသည်ဖြစ်၍လည်း လုပ်ငန်းများအားလုံး အဆင်ပြေအောင်မြင်လိမ့်မည်။ သို့သော် အချို့ကိစ္စများတွင် အကြိမ်ကြိမ်ပြန်လည်သုံးသပ်မှုကြောင့် မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်တတ်သည်ကို အထူးသတိထားရန်လိုမည်။ မိမိ၏အကြံအစည်နှင့် စိတ်ကူးများကို အခြားသူများနှင့် ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း မပြုသင့်၊ လုပ်ငန်းအထမမြောက် ဖြစ်တတ်သည်။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၉၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ပါက ကိုယ့်အိမ်ထောင်ဖက်အတွက် စိတ်မအေးရခြင်းများရှိမည်။ အချို့ကိစ္စများကို လျစ်လျူရှုလိုက်ပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်းတွင် မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ အရေပြားဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများတွင် ကံမကောင်းဖြစ်တတ်မည်။ ချစ်သူနှင့် အထင်လွဲစရာ ပြဿနာများ ပေါ်ပေါက်နေတတ်မည်။ ဤကာလအတွင်း ဘာသာရေးအလုပ်များကို အချိန်ပေး လုပ်ကိုင်ခြင်းဖြင့် အစစအရာရာ အဆင်ပြေမှုများ ရရှိနိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းသစ်တစ်ခုခုကို လုပ်ဖူးသောလုပ်ငန်းဖြစ်စေ၊ မလုပ်ဖူးသောလုပ်ငန်းဖြစ်စေ စတင်အကောင်အထည်ဖော် လုပ်ကိုင်သင့်သည်။ ဇွဲရှိရှိနှင့် တစိုက်မတ်မတ်လုပ်ကိုင်ခြင်းဖြင့် ရေရှည်တွင် အကျိုးပေးမည်။ လူအများနှင့် ဆက်နွယ်ပတ်သက် လုပ်ကိုင်ရသည့်လုပ်ငန်း၊ အများ၏အားပေးမှုကို ခံယူရရှိသည့်လုပ်ငန်းများဖြင့် အထူးအကျိုးပေးမည်။ ကရကဋ်ရာသီဖွားများအနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ဂရုတစိုက်လုပ်ပေးသင့်သည်။ အတိတ်မှ ကံကုသိုလ်ကောင်းမှုများ အကျိုးပေးမည့် အချိန်အခါဖြစ်၍ ထီပေါက်ခြင်း၊ ငွေကြေး အလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၆၊ ၅၊ ၀၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောက်ကပ်တွင် လည်းကောင်း၊ သားအိမ်တွင်လည်းကောင်း၊ စအိုတွင်လည်း ကောင်း ဝေဒနာတစ်ခုခု ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ တကွဲတပြားစီ နေရသော မိမိချစ်သူနှင့် အနေနီးရတော့မည်။ စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်ရခြင်းကိစ္စများလည်း ပေါ်ပေါက်တတ်မည်။ ပညာရေးလိုက်စားသူ ဖြစ်ပါက မိမိကြိုးစားမှုအပေါ် မူတည်ပြီး ခံစားရတတ်မည်။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

ဤကာလအတွင်း စွန့်စားလုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းကြောင့် ငွေကြေးဆုံးရှုံးမှု ဖြစ်တတ်သည်ကို သတိထားပါ။ အရာရာကို မြန်မြန်ဆုံးဖြတ်၊ မြန်မြန်လုပ်ကိုင်တတ်ခြင်းကြောင့် အများများနှင့် ရင်ဆိုင်ရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး ပူညံပူညံရှိမည်။ သားသမီးရှိပါက ၎င်းတို့အတွက် စိုးရိမ်သောက စိတ်မအေးရစရာများ ရှိတတ်မည်။ ပြဿနာများကို လိုက်လံ ဖြေရှင်းပေးရတတ်သည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၇၊ ၂) ဂဏန်းများပါသော ထီကိုထိုးပါ။ ဤကာလအတွင်း အိုးအိမ် ပြောင်းရွှေ့ရခြင်း၊ အိုးသစ်၊ အိမ်သစ်ဝင်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲ၊ အပြောင်းအရွှေ့တစ်ခုခု လုပ်လိုသောဆန္ဒများ ဖြစ်ပေါ်နေမည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအတွက်လည်း လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာလိမ့်မည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရန် ရည်ရွယ်ထားခြင်းရှိပါက ခေတ္တရပ်ဆိုင်းထားသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာမကြေဖြစ်တတ်ခြင်း၊ အထက်လှန်အောက်လျှော ဖြစ်တတ်ခြင်းတို့အတွက် အထူးသတိထားပါ။ သင့်အိမ်တွင် မကောင်းသော၊ ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းများရှိပါက အမြန်ဆုံး စွန့်ပစ်လိုက်ပါ။ ထို့အပြင် ပြတင်းပေါက်လိုက်ကာ (သို့) ခန်းဆီး (သို့) သင့်ခေါင်းအုံးစွပ်၏ အရောင်သည် ပန်းရောင်ဖြစ်ပါစေ။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ကန်ရာသီဖွားများအနေဖြင့် အနှစ်နှစ်အလလမှ စိတ်ကူးရည်ရွယ်ထားမှုများကို ဤလအတွင်း အကောင်အထည်ဖော်လျှင်ကောင်းမည်လားဟု စဉ်းစားနေပါက အချိန်မဆိုင်းပါနှင့်။ အမြန်ဆုံး ဆောင်ရွက်သင့်သည်။ တစ်ခါတစ်ရံ မိမိ၏ စိတ်နှစ်မျိုးနှစ်ခွ ဖြစ်တတ်သည်ကို ချိုးနှိမ်ထားရန် လိုမည်။ အိုး၊ အိမ်၊ ခြံ၊ မြေနှင့် ပတ်သက်သောလုပ်ငန်းများလည်း လုပ်ကိုင်သင့်သည်။ အကျိုးအမြတ်များ ထူးထူးခြားခြား ရရှိနိုင်လိမ့်မည်။ စိုက်ပျိုး, မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်မည်။ သို့သော် အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးသားချင်းများ၏ကိစ္စကြောင့် လင်မယားချင်း အဆင်မပြေဖြစ်တတ်မည်။ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ရောင်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဝါသနာပါပါက ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၉၊ ၁)ဂဏန်းများပါသော ထီကို ထိုးပါ။ ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ လုပ်ငန်းခွင်စာမေးပွဲ ဖြေဆိုရခြင်းများ ရှိမည်။ အဆင်ပြေအောင်မြင်မှုများ တွေ့ရတတ်သည်။ ငယ်ရွယ်သူများ ချစ်သူ၏ နားပူနားဆာ လုပ်မှုကြောင့် စိတ်ညစ်ရတတ်မည်။

www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ အချုပ်အလုပ်နှင့် အလှအပဆိုင်ရာ စီမံခြယ်သ၊ ဖန်တီးမှုလုပ်ငန်း ပြုလုပ်သူများ ဤကာလအတွင်း စီးပွားဝင်ငွေ ကောင်းနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း ပျော်ရွှင်ရမှုများရှိမည်။ အလှူအတန်း ကုသိုလ်များလည်း ပြုရမည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များလည်း သင့်အိမ်သို့ ကြွရောက်လာခြင်း (သို့) ဖူးတွေ့ရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်နေမည်။ ချစ်သူ တစ်ယောက်ထက်မက၊ နှစ်ယောက်ထက်မက၊ သုံးယောက်ထက်မက တွေ့ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးများ၏ သဘောကျ ချစ်ခင်မှုကို ခံရတတ်မည်။ ဌာနဆိုင်ရာ ပြည်ပခရီးများလည်း အကြိမ်ကြိမ်သွားရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးက အားနည်းနေချိန်ဖြစ်၍ ယခင်ကထက် နှစ်ဆလောက် ပိုမိုအားထုတ်ကြိုးစားပေးနိုင်မှ တော်ရုံကျမည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မိမိအတွက် အစစအရာရာ အကာအကွယ်ဖြစ်စေရန် အနီရောင် သန္တာကျောက်လေးတစ်လုံးကို ဆောင်ထားပေးသင့်သည်။ သင်သည် ထီထိုးမည်ဆိုပါက (၂ ၉၊ ၀၊ ၆)ဂဏန်းများပါသော ထီကိုထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဗြိစ္ဆာရာသီဖွားများအနေဖြင့် ဤကာလအတွင်း စီးပွားရေးတွင် လုပ်ငန်းနှစ်မျိုး၊ သုံးမျိုး တစ်ပြိုင်တည်းလုပ်ကိုင်ရခြင်း၊ ဝင်ငွေနှစ်မျိုး၊ သုံးမျိုးဝင်ခြင်းများ ရှိမည်။ သို့သော် ဝင်ငွေကောင်းသလို၊ ထွက်ငွေလည်းကောင်းတတ်မည်။ သူတစ်ပါးအပေါ် ယုံကြည်စိတ်လွန်ကဲခြင်းကြောင့် အလိမ်ခံရတတ်မည်။ ငွေကြေးဆုံးရှုံးရမှုများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အထင်အမြင်လွဲမှားခြင်း ခံရတတ်မည်။ မိမိကိုယ်တိုင်လ[illegible] လိင်မတူသူများ၊ ငယ်ရွယ်သူများနှင့် ဆက်ဆံရေးတွင် အထူးသတိထား ဆက်ဆံသင့်သည်။ ငယ်ရွယ်သူ၊ အချစ်မရှိသေးသူများ အနေဖြင့် အချစ်ရေးကိစ္စများကို ခေတ္တရပ်ထားသင့်သည်။ ဤသို့မဟုတ်ပါက မမျှော်လင့်သော ပြဿနာများနှင့် တွေ့ကြုံရင်ဆိုင်ရတတ်သည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက မိမိအား အကူအညီပေးမည့်သူနှင့် တွေ့ရတတ်မည်။ အဆင်ပြေသော အလုပ်အကိုင်တစ်ခုလည်း ရနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဗြိစ္ဆာရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၉၊ ၀၊ ၅) ဂဏန်းများပါသော ထီကိုထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများသည် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ စားသောက်တည်းခိုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ပိုမိုရရှိနိုင်မည်။ သင့်အနေဖြင့် ပြည်တွင်းပြည်ပခရီးများ ရှိမည်။ အထူးသဖြင့် ပင်လယ်ရေကြောင်းခရီးများ သွားရတတ်မည်။ မိမိအတွက် အခြေအနေကောင်းများကို ဖြစ်စေမည့် ခရီးဖြစ်မည်။ ဤကာလအတွင်း ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးများ အစုလိုက်အပြုံလိုက် ဝင်တတ်မည်။ သို့သော် အစုလိုက်၊ အပြုံလိုက် ပြန်လည်ကုန်သွားတတ်မည်ကို အထူးသတိထားပါ။ ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၀၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးအခြေအနေမှာ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့် ဖြစ်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်စိတ်လွန်ကဲခြင်းကြောင့် စိတ်နှင့်ပတ်သက်သောဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် နောက်ပြောင် ကျီစယ်ရာမှ မထင်မှတ်ဘဲ စကားများ၊ အမုန်းပွားရတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးတွင်သာ အာရုံနှစ်ထားသင့်သည်။ အပေါင်းအသင်းများနှင့် အပြင်ထွက်လည်ရာမှ ပြဿနာနှင့် ရင်ဆိုင်ရတတ်သည်။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၂၄၀၊ ၀၉-၄၂၁၀၇၅၅၇၆၅။



www.burmeseclassic.com